၁၉၀၉၉

သုဓမ္မာဘိ သိရိဓဇ မဟာဓမ္မ ရာဇဂုရု

တန်ဆိပ်တော်ရ

ပြာသာဒ်ကျောင်း ဆရာတော်

အရှင်သာရဒဿီ

စီရင်တော်မူအပ်သော

# ဓမ္မပဒအဋ္ဌကထာနိဿယ

(ဒုတိယတွဲ)

☆

ပါဠိဆရာ-ဦးထွန်းရည် နှင့်
ပိဋကတ်တော်ပြန့်ပွားရေး စာတည်းအဖွဲ့။

ပိဋကတ်တော်ပြန့်ပွားရေးပုံနှိပ်တိုက်
အောင်ဆန်းလမ်း-မန္တလေးမြို့

၁၃၄၃ 1982 ပေါင်းလ။

တတိယအကြိမ်

စာကြည့်ခန်း

ဘာသာရေးဆိုင်ရာ စာမူထုတ်ဝေခွင့် အမှတ် (၁၉၃)

ပုံနှိပ်ခြင်း ....

တတိယအကြိမ်
၁၉၇၂ ခု၊ မတ်လ။
စာအုပ်ရေ (၁၀၀၀)

ပုံနှိပ်သူ ....

ဒေါ်လှမြင့်
မှတ်ပုံတင်အမှတ်(မြဲ-၀၂၀၉၀)
ကာယသုခပုံနှိပ်တိုက်
အမှတ် ၁၂၉၊ ၃၁ လမ်း၊
ရန်ကုန်မြို့။

ထုတ်ဝေသူ ....

ဦးကိုကို
မှတ်ပုံတင်အမှတ် (မြဲ-၀၁၀၆၆)
မိုးကိုကိုစာပေ
အမှတ် ၁၀၂၊ ၃၇ လမ်း၊
ရန်ကုန်မြို့။

ပါဠိဆရာ ....

ဦးထွန်းရည် နှင့်
ပိဋကတ်တော်ပြန့်ပွားရေး စာတည်းအဖွဲ့။

အဖိုး-၂၀ ကျပ်

# နိဒါန်း

"မပေါ်လွင် မထင်ရှားသောကာလ (ခေတ်), ဒေသ, ပုဂ္ဂိုလ်များ ပေါ်လွင်ထင်ရှားစိမ့်သောငှါ ထိုကာလ, ဒေသ, ပုဂ္ဂိုလ်များကိုညွှန်ပြသော နိဒါန်းရှိရမည်" ဟု အဋ္ဌသာလိနီ မူလဋီကာဆရာ မိန့်မှာတော်မူခဲ့၏။

(အပါကဋ္ဌာနံ ကာလ, ဒေသ, ဒေသက ပရိသာနံ ပါကဋဘာဝ ကရဏတ္ထံ တဒုပဒေသ သဟိတေန နိဒါနေန ဘဝိတဗ္ဗံ)

မူလဋီကာဆရာ၏ မိန့်မှာတော်မူချက်အတိုင်း ဓမ္မပဒ အဋ္ဌကထာနိဿယ နိဒါန်းကို—

(၁) ကာလ,

(၂) ဒေသ,

(၃) ပုဂ္ဂိုလ်အားဖြင့်(၃)ပိုင်းခွဲခြားညွှန်ပြ၍ရေးသားအပ်၏။

(၁) ဓမ္မပဒအဋ္ဌကထာနိဿယကို ရေးသားသောခေတ်မှာ **ကုန်းဘောင်ခေတ် မွန်းတည့်ချိန်**ဟု ခေါ်သင့်သော ဘိုးတော်ဘုရား လက်ထက်ဖြစ်လေသည်၊ ထိုအကြောင်းကို နိဿယကျမ်းပြီးနိဂုံးနှင့် ကျမ်းဦးပဏာမတို့မှ သိရသည်။ ကျမ်းပြီးနိဂုံး၌ ဓမ္မပဒအဋ္ဌကထာ နိဿယကို သကရာဇ် ၁၁၅၅-ခု၊ နယုန်လပြည့်၊ သောကြာနေ့ ရေးသားပြီးစီးကြောင်း-ပါဠိမြန်မာ နှစ်ဘာသာဖြင့် သကရာဇ်ကန်ခဲ့၏၊ ကျမ်းဦးပဏာမ၌ "ဆင်ဖြူစီးရ၊ ဘဝသခင်၊ အသျှင်ကေရာဇ်မင်းမြတ် ကြည့်ရှုတော်မူရန် အကျိုးငှါ **ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိ ရာဇဂုရု** တန်ဆိပ်နာမံတော်ရှိသော သာသနာပြု ဆရာတော်ကြီးက ဘောင်းပန်စေခိုင်းတော် မူပေသောကြောင့် သာသနာပြု သာသနာပိုင် ဆရာတော်မြတ်၏အစွမ်း အာနုဘော် ဘုန်းတော်ကို အမှီပြု၍ ရေးသားစီရင်ကြောင်း" နိဿယ ဆရာတော်က ဖော်ပြခဲ့၏။

(၂) ဓမ္မပဒအဋ္ဌကထာနိဿယ ရေးသားသောဒေသမှာ အမရပူရမြို့ မြောက်၊ မဟာမုနိ (ဘုရားကြီး) ရုပ်ရှင်တော်အရှေ့ (အရှေ့မြောက်) "ဗိမာန်ဘုံကျော်" ပြာသာဒ်ကျောင်းတော်ဖြစ်လေသည်၊ ထိုအကြောင်းကို ကျမ်းပြီးနိဂုံးမှ သိရ၏။

(၂) ပုဂ္ဂလ ကဏ္ဍဝယ် နှစ်ပိုင်း ခွဲခြားအပ်၏။

(က) ဒေသက သို့မဟုတ် **ကာရက**၊

(ခ) ပရိသတ်၊

(က) ဓမ္မပဒအဋ္ဌကထာ နိဿယရေးသားသော ကာရကပုဂ္ဂိုလ်မှာ-အဆိုပါ ဗိမာန်ဘုံကျော် ပြာသာဒ်ကျောင်းတော်၌ သီတင်းသုံးစံပျော်တော်မူသော ရှင်မည်,ရဟန်းမည် **ရှင်သာရဒဿီ**, တန်ဆိပ်မည် သုဓမ္မာဘိ သင်္ခ မဟာဓမ္မ ရာဇဂုရု ဆရာတော်ဖြစ်သည်၊ ထိုအကြောင်းကို နိဂုံးနှင့် ပိဋကတ်သမိုင်းမှ သိရသည်၊ ၎င်းဆရာတော်၏ ဖွားသက္ကရာဇ် ၁၁၀၇-ခု ဖြစ်သည်၊ ၁၁၅၄-

ခုနှစ်တွင် ဥဘတော ဝိဘင်းကို ပြန်ဆိုသည်၊ ထိုအခါ သက်တော် ၄၇၊ ဝါတော် (သိက္ခာတော်) ၁၁-ဝါ ရပြီ၊ ထိုအကြောင်းကို ဘိုးတော်အမေး သာသနာပိုင် အဖြေဖြစ်သော "အမေးတော်ဖြေ" ကျမ်းကြီးမှ သိရသည်။

ဗုဒ္ဓဝင်ပါဠိတော် နိဿယသစ်နှင့် သဒ္ဒါရှစ်စောင် နိဿယများကိုလည်း ရေးသားစီရင်ခဲ့၏။ ထိုအကြောင်းကို "ပိဋကတ်သမိုင်း" မှ သိရ၏၊

(ခ) ဓမ္မပဒအဋ္ဌကထာနိဿယ၏ ဆိုင်ရာပရိသတ်မှာ အခြားသာမန် ပုဂ္ဂိုလ်မဟုတ်၊ အမရပူရမြို့တည်နန်းတည် ဖြစ်တော်မူသော ဘိုးတော်မင်းတရားကြီးဖြစ်သည်။

ဘိုးတော် မင်းတရားကြီးသည် ကိုယ်တိုင်လည်း အရည်အချင်း အနှစ်သာရပြည့်ဝ၍ အရည်အချင်းအနှစ်သာရပြည့်ဝသော ပုဂ္ဂိုလ်များ၏ ခြံရံခြင်းကိုလည်း ခံယူရရှိသော သာရ-သာရပရိဝါရ ပုဂ္ဂိုလ်ဖြစ်လေသည်။

"အင်း၊ နှင့်၊ သာ၊ နေ၊ မင်းစနေ" ဟူသော မုံရွေးရာဇဝင်သိတ်အရ သကရာဇ် ၁၀၆၀-ခုနှစ်၊ နန်းတက်သော စနေမင်း လက်ထက်မှစ၍ ကွဲပြားခဲ့သော တုံဂိုဏ်း ရုံဂိုဏ်း၊ သို့မဟုတ် အတင်ဂိုဏ်း အရုံဂိုဏ်း ပြဿနာသည် စဉ့်ကူးမင်း လက်ထက်တွင် အရှိန်ကုန်၍ ဘိုးတော်ဘုရား လက်ထက်ရောက်မှ အပြီးတိုင်ပြေငြိမ်းခဲ့၏။

အလောင်းမင်းတရားလက်ထက်မှစ၍ ၂၉-နှစ်လုံးလုံး ပြတ်စဲသွားခဲ့ရသော အရုံဂိုဏ်းကြီးသည် စဉ့်ကူးမင်းလက်ထက်ရောက်မှ ပြန်လည်ဆက်လက် လာခဲ့၏၊ ထို့ကြောင့် ဆိုထားဆရာတော်ဘုရားကြီး ရေးသားအပ်သော အာစရိယဝံသပါဠိ၌ ဤသို့မှတ်တမ်းတင်တော်မူခဲ့၏။

> (ပါရမ္ပရ ဂဏဝံသဒီပနဝသေန ပန ဂဏောတမ္ဗာနိ၊ ရူပ, ရူပ, ရူပ ဘူမိ ၁၁၁၄ ဝသေ ရတနာပုရဿ ဟိ ရာမညရာဇုန် ဟတ္ထဂတ ကာလတော ပရံ ရောဝတီ နဒျုတ္တရေ ကုန်းဘောင်ဣတိ မဟာနဂရံ မာပေတွာ တတ္ထသေတစ္ဆတ္တံ ဓာရေန္တော အာဒိမဟာရာဇာ (အလောင်းမင်းတရား) အင္ဂဝဿာနိ ရဇ္ဇံ ကာရေသိ၊ တဿ ဇေဋ္ဌပုတ္တော (နောင်တော်ကြီး) စတ္တာရိ ဝဿာနိ ရဇ္ဇံ ကာရေသိ၊ အာဒိရာဇဿ ဒုတိယ ပုတ္တဘူတော, ဒုတိယမဟာရာဇဿ ကနိဋ္ဌဘူတော, မဟာသေနော, သေတိဘိန္ဒ မဟာရာဇာ (ဆင်ဖြူရှင်) စုဒ္ဒသ ဝဿာနိ ရဇ္ဇံ ကာရေသိ၊ တဿ မဟာရညော ပုတ္တဘူတ နရိန္ဒဿ (စဉ့်ကူး) ရာဇဘာဝံ ပတ္တကာလတော ယာဝ ပါရမ္ပရ ဂဏော အနုသန္ဓာတိ၊ တာဝ တိဏိ ဝဿာနိ၊ ဝေဠဒါ ကျေနတ္တိသတိ ဝဿာနိ ဝိနယာစာရ သမ္ပန္နော သိက္ခာကာမော လဇ္ဇီကုက္ကုစ္စကော ပါရမ္ပရဂဏဝံသော သာမဏေရေဟိ ယထာပညတ္တ သေခိယဝတ္တ ခန္ဓကဝတ္တံ အပါရမ္ပပနဝသေန ပဋ္ဌိန္နော

ထိုမှတပါး ဘိုးတော်ဘုရားလက်ထက်တော်တွင်....

( က ) နိုင်ငံခြားပညာတော်သင်များ စေလွှတ်ခြင်း,
( ခ ) ဘာသာပြန်လုပ်ငန်း အကြီးအကျယ် လုပ်ဆောင်ခြင်း,
( ဂ ) သုတေသန လုပ်ငန်းကို ကျောက်စာများနှင့်ညှိနှိုင်း၍ ကျယ်ပြန့်စွာ ဆောင်ရွက်ခြင်း(တွင်းသင်းမင်းကြီးကို ကျောက်စာဝန်ခန့်သည်။)
( ဃ ) ရာဇဝင်သစ် ရေးခြင်းနှင့်,
( င ) မြို့ပေါင်း ၅၆-မြို့သို့ သာသနာပြုသံဃာတော်များ စေလွှတ်ခြင်း စသော ဘာသာရေး,ပညာရေးများ အထူးတိုးတက် အောင်မြင်ခဲ့လေသည်။

ဓမ္မပဒအဋ္ဌကထာ၌လာရှိသော ဝတ္ထုများကို မြန်မာ(နိဿယ)ဖြင့် ဖတ်ရှုလိုသောကြောင့် ဘိုးတော်ဘုရားက သာသနာပိုင် ဆရာတော်ဘုရားကြီးအား လျှောက်ထားရာ သာသနာပိုင် ဆရာတော်ဘုရားကြီးက ပြာသာဒ်ကျောင်း ဆရာတော်အား နိဿယပြန်ဆိုရေးသားရန် တောင်းပန်စေခိုင်းတော်မူသောကြောင့် ဤဓမ္မပဒအဋ္ဌကထာနိဿယထွက်ပေါ်လာခြင်း ဖြစ်ပေသည်၊

ဤနေရာ၌ စကားအလျဉ်းသင့်၍ ဘိုးတော်ဘုရား လက်ထက် ဓမ္မပဒ ခေတ်စားပုံကို အနည်းငယ် ရေးသားလိုပေသည်။

ဘိုးတော်ဘုရားလက်ထက်ကိုဓမ္မပဒခေတ်ဟု ခေါ်သော်ခေါ်သင့်ပေသည်။ ဘိုးတော်ဘုရားကိုယ်တိုင်လည်း ဓမ္မပဒကို အလွန်လေ့လာ ကြည့်ရှုတော်မူသည်၊ မင်းတရားကြီး ကိုးကွယ်တော်မူသော ဆရာတော်ကြီးများလည်း တာဝန်တရပ် အနေအားဖြင့်ဓမ္မပဒကျမ်းကိုလေ့လာရန် ဝန်ခံတော်မူကြလေသည်၊

ဉာဏ်တော ဝိဘင်းကျမ်းကို ပြန်ဆိုပြီးလျှင် နောင်လေ့လာရန်စာပေ
များကို ဝန်ခံသည့် ဆရာတော် သံဃာတော်တို့ စာရင်းဘုရား ...
အစချီသော ၁၁၅၄-ခုနှစ် သွင်း စာရင်း မှတ်တမ်းတခု၌-

၁-ဉာဏာဘိဝံသ ဓမ္မသေနာပတိ မဟာဓမ္မ ရာဇာဓိရာဇဂုရု (သာသနာပြု ဆရာတော်)အသက် ၃၉၊သိက္ခာ ၁၉၊နောက်လေ့လာရန်စာ ဓမ္မပဒကျမ်း၊(ပ) ၄၉-ရှင်သဒ္ဓမ္မရံသီ(ဗဒုံအောက်တိုက်ညောင်ကန်) အသက် ၄၂၊ သိက္ခာ ၂၁၊ ရှင်း ဓမ္မပဒကျမ်း။

အထက်ပါစာရင်းဇယားကိုလေ့လာသောအခါ အမှတ်စဉ် ၁၊ ၄။ ၇။ ၈၊ ၁၀။ ၁၁၊ ၁၃။ ၁၄၊ ၁၅၊ ၁၆။ ၁၇။ ၁၈၊ ၁၉။ ၂၀။ ၂၂။ ၂၃။ ၂၆။ ၂၇။ ၂၉။ ၃၃။ ၃၅။ ၃၆၊ ၃၇။ ၃၈။ ၃၉။ ၄၀။ ၄၁။ ၄၃။ ၄၄။ ၄၅။ ၄၆။ ၄၇၊ ၄၈။ နှင့် အမှတ်စဉ် ၄၉ ကျသော ဆရာတော်(၃၄)ပါးက ဓမ္မပဒ

ကျမ်းကို လေ့လာရန် ဝန်ခံတော်မူကြ၍ကျန်သောဆရာတော်(၁၅)ပါးကသာ အခြားကျမ်းစာများကို လေ့လာရန် ဝန်ခံတော်မူကြသည်ကို တွေ့ရ၏၊

အမှတ်စဉ် ၁၀၊ ရှင်သာရဒဿီ(ပြာသာဒ်ကျောင်းတော်)
အသက် ၄၇၊သိက္ခာ ၁၁၊ ၎င်းဓမ္မပဒကျမ်း။

အမှတ် ၁၀။ ရှင်သာရဒဿီမှာ အခြားသူမဟုတ်၊ဤ ဓမ္မပဒ အဋ္ဌကထာ နိဿယကိုရေးသားစီရင်ခဲ့သောပုဂ္ဂိုလ်ဖြစ်သည်၊ ထိုဆရာတော်၏အဋ္ဌုပ္ပတ္တိတွင် စိတ်ဝင်စားဘွယ် လေ့လာဘွယ် တခုရှိ၏။၎င်းမှာ အခြားမဟုတ်၊ ဆရာတော် သည်'ငယ်ဖြူဟုတ်မှ ဟုတ်ပါလေအံ့လော' ဟူသော ပြဿနာပင် ဖြစ်လေသည်။ အကယ်၍ ငယ်ဖြူမဟုတ်လျှင် ဆရာတော်အား ပိုမို လေးစား သင့်၏။ အဘယ် ကြောင့် ဆိုသော် ငယ်ဖြူမဟုတ်သော ရဟန်းတော်များစွာတို့သည်စာပေတတ် မြောက်ကျွမ်းကျင်ခြင်း နည်းပါး၍ လောကီ'သန်'နေတတ်ကြသောကြောင့်ပင် ဖြစ်ပေသည်။ **အသက် ၄၇၊သိက္ခာ-၁၁၊**ဤအချက်ကိုထောက်ထား၍အသက် ၃၆-နှစ်လောက်ရှိမှ ရဟန်းပြုသည် ဆိုနိုင်လျှင် ပြာသာဒ်ကျောင်းဆရာတော် အား ဒုတိယ **ဦးကျည်မွှေ့** သို့မဟုတ် **ကုန်းဘောင်ခေတ် ဦးကျည်မွှေ့** ဟု မော်ကွန်း တင့်သင့်ပေသည်။

အကယ်၍ အကြောင်းအားလျော်စွာ ပရိသုဒ္ဓ(လူထွက်ခြင်း)ပြုပြီးမှ တဖန် ရဟန်းဘောင်သို့ ပြန်လည် တက်ရောက်သည် ဆိုနိုင်လျှင်လည်း'တမောဇောတိ-ပရာယန' (အမှောင်ခွင်း၍ အလင်းသို့ လာနိုင်သော)ပုဂ္ဂိုလ်အဖြစ် လေးစား သင့်ပေသည်။

ဆရာတော် ရေးသားစီစင်အပ်သော ဓမ္မပဒ အဋ္ဌကထာ နိဿယ၏ အခန့် ပမာဏကို ခန့်မှန်းလိုသော ပုဂ္ဂိုလ်များအတွက် စက္ကူပမာဏ အခန့်အမှန်းကို ဆိုရသော် ...ဆိုက်ကြီးအားဖြင့်—

ပထမတွဲ စာမျက်နှာ ၅၀၀-ခန့်၊ဒုတိယတွဲ စာမျက်နှာ ၆၀၀-ကျော်၊ တတိယတွဲ စာမျက်နှာ ၆၀၀-ကျော်၊စတုတ္ထတွဲ စာမျက်နှာ၅၀၀-ခန့်၊ ၄-တွဲ၊ စာမျက်နှာ ၂၂၀၀-ခန့် အရေအတွက်ရှိပေသည်။

ပုရပိုက်-ကန့်ကူ၊ပေ-ကညစ်ခေတ်က ဤမျှများပြားလှသော စာလုံးအက္ခရာ များကို တလုံးစီလီ၍ ရေးသားတော်မူရသော ဆရာတော်ဘုရား၏ လုံ့လဝီရိယ နှင့် သဒ္ဓါတရားကို အဘယ်သူသည် မလေးစား မကြည်ညိုနိုင်ဘဲရှိပါအံ့နည်း။

ဆန်းထွန်း
၂၅-၆-၅၆

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ၁·စိတ္တဝဂ္ဂ | |
| ၁ | မေဃိယတ္ထေရ ဝတ္ထု | ၁ |
| ၂ | အညတရ ဘိက္ခု ဝတ္ထု | ၆ |
| ၃ | အညတရ ဥက္ကဏ္ဌိတဘိက္ခု ဝတ္ထု | ၂၁ |
| ၄ | သံဃရက္ခိတ ဘာဂိနေယျတ္ထေရ ဝတ္ထု | ၂၇ |
| ၅ | စိတ္တဟတ္ထတ္ထေရ ဝတ္ထု | ၃၄ |
| ၆ | ပဉ္စသတ ဘိက္ခု ဝတ္ထု | ၄၇ |
| ၇ | ပူတိဂတ္တ တိဿတ္ထေရ ဝတ္ထု | ၅၆ |
| ၈ | နန္ဒဂေါပါလက ဝတ္ထု | ၆၃ |
| ၉ | သောရေယျတ္ထေရ ဝတ္ထု | ~~၅၀~~ ၆၈ |
| | ၄·ပုပ္ဖဝဂ္ဂ | |
| ၁ | ပထဝီကထာ ပသုတ ပဉ္စသတ ဘိက္ခု ဝတ္ထု | ၈၂ |
| ၂ | မရီစိကမ္မဋ္ဌာနိကတ္ထေရ ဝတ္ထု | ၈၅ |
| ၃ | ဝိဋဋူဘ ဝတ္ထု | ၈၈ |
| ၄ | ပတိပူဇိက ကုမာရီ ဝတ္ထု | ၁၂၀ |
| ၅ | မစ္ဆရိယ ကောသိယသေဋ္ဌိ ဝတ္ထု | ၁၃၅ |
| ၆ | ပါဝေယျကာ ဇီဝက ဝတ္ထု | ၁၅၁ |
| ၇ | ဆတ္တပါဏိ ဥပါသက ဝတ္ထု၊ | ၁၅၈ |
| ၈ | ဝိသာခါ ဝတ္ထု | ၁၆၆ |
| ၉ | အာနန္ဒတ္ထေရပဉှ ဝတ္ထု | ၂၃၂ |
| ၁၀ | မဟာကဿပတ္ထေရ ပိဏ္ဍပါတဒိန္န ဝတ္ထု | ၂၃၇ |
| ၁၁ | ဂေါဓိကတ္ထေရ ပရိနိဗ္ဗာန ဝတ္ထု | ၂၄၉ |
| ၁၂ | ဂရဟဒိန္န ဝတ္ထု | ၂၅၄ |
| | ၅ ဗာလဝဂ္ဂ | |
| ၁ | အညတရ ပုရိသ ဝတ္ထု | ၂၇၄ |
| ၂ | မဟာကဿပတ္ထေရ သဒ္ဓိဝိဟာရိက ဝတ္ထု | ၃၀၃ |
| ၃ | အာနန္ဒသေဋ္ဌိ ဝတ္ထု | ၃၁၄ |
| ၄ | ဂဏ္ဌိဘေဒက စောရ ဝတ္ထု | ၃၂၁ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅ | ဥဒါယိတ္ထေရ ဝတ္ထု | ၃၂၄ |
| ၆ | တိံသမတ္တ ပါဝေယျက ဝတ္ထု | ၃၂၆ |
| ၇ | သုပ္ပဗုဒ္ဓ ကုဋ္ဌိ ဝတ္ထု | ၃၂၈ |
| ၈ | ကဿက ဝတ္ထု | ၃၃၄ |
| ၉ | သုမန မာလာကာရ ဝတ္ထု | ၃၄၁ |
| ၁၀ | ဥပ္ပလဝဏ္ဏာထေရီ ဝတ္ထု | ၃၅၂ |
| ၁၁ | ဇမ္ဗုကတ္ထေရ ဝတ္ထု | ၃၅၉ |
| ၁၂ | အဟိပေတ ဝတ္ထု | ၃၈၁ |
| ၁၃ | သဋ္ဌိ ကူဋပေတ ဝတ္ထု | ၃၈၉ |
| ၁၄ | စိတ္တဂဟပတိ ဝတ္ထု | ၃၉၈ |
| ၁၅ | ဝနဝါသီတိဿ သာမဏေရ ဝတ္ထု | ၄၁၅ |
| | **၆-ပဏ္ဍိတဝဂ္ဂ** | |
| ၁ | ရာဓတ္ထေရဝတ္ထု | ၄၄၉ |
| ၂ | အဿဇိပုနဗ္ဗသုက ဝတ္ထု | ၄၅၆ |
| ၃ | ဆန္နတ္ထေရ ဝတ္ထု | ၄၆၀ |
| ၄ | မဟာကပ္ပိနတ္ထေရ ဝတ္ထု | ၄၆၃ |
| ၅ | ပဏ္ဍိတသာမဏေရ ဝတ္ထု | ၄၈၇ |
| ၆ | လကုဏ္ဍိက ဘဒ္ဒိယတ္ထေရ ဝတ္ထု | ၅၂၁ |
| ၇ | ကာဏမာတာ ဝတ္ထု | ၅၂၃ |
| ၈ | ပဉ္စသတ ဘိက္ခု ဝတ္ထု | ၅၃၀ |
| ၉ | ဓမ္မိကတ္ထေရ ဝတ္ထု | ၅၃၇ |
| ၁၀ | ဓမ္မဿဝန ဝတ္ထု | ၅၄၁ |
| ၁၁ | ပဉ္စသတ အာဂန္တုက ဘိက္ခု ဝတ္ထု | ၅၄၄ |
| | **၇-အရဟန္တဝဂ္ဂ** | |
| ၁ | ဇီဝကပဉှဝတ္ထု | ၅၄၇ |
| ၂ | မဟာကဿပတ္ထေရ ဝတ္ထု | ၅၅၂ |
| ၃ | ဗေလဋ္ဌသီသတ္ထေရ ဝတ္ထု | ၅၅၈ |
| ၄ | အနုရုဒ္ဓတ္ထေရ ဝတ္ထု | ၅၆၁ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅ | မဟာကစ္စာယနတ္ထေရ ဝတ္ထု | ၅၆၆ |
| ၆ | သာရိပုတ္တတ္ထေရ ဝတ္ထု | ၅၆၉ |
| ၇ | ကောသမ္ဗိဝါသီ တိဿတ္ထေရ သာမဏေရ ဝတ္ထု | ၅၇၆ |
| ၈ | သာရိပုတ္တတ္ထေရ ဝတ္ထု | ၅၈၃ |
| ၉ | ခဒိရဝနိယ ရေဝတတ္ထေရ ဝတ္ထု | ၅၈၆ |
| ၁၀ | အညတရ ဣတ္ထိ ဝတ္ထု | ၆၀၄ |

## ၈-သဟဿဝဂ္ဂ

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | တမ္ဗဒါဌိကစောရ ဃာတက ဝတ္ထု | ၆၀၇ |
| ၂ | ဗာဟိယ ဒါရုစီရိယတ္ထေရ ဝတ္ထု | ၆၁၇ |
| ၃ | ကုဏ္ဍလ ကေသိတ္ထေရီ ဝတ္ထု | ၆၂၉ |
| ၄ | အနတ္ထ ပုစ္ဆက ဗြာဟ္မဏ ဝတ္ထု | ၆၄၄ |
| ၅ | သာရိပုတ္တတ္ထေရဿ မာတုလ ဗြာဟ္မဏ ဝတ္ထု | ၆၄၈ |
| ၆ | သာရိပုတ္တတ္ထေရဿ ဘာဂိနေယျ ဝတ္ထု | ၆၅၂ |
| ၇ | သာရိပုတ္တတ္ထေရဿ သဟာယက ဗြာဟ္မဏ ဝတ္ထု | ၆၅၄ |
| ၈ | အာယုဝဍ္ဎန ကုမာရ ဝတ္ထု | ၆၅၇ |
| ၉ | သံကိစ္စသာမဏေရ ဝတ္ထု | ၆၆၄ |
| ၁၀ | ခါဏုကောဏ္ဍညတ္ထေရ ဝတ္ထု | ၆၈၆ |
| ၁၁ | သပ္ပဒါသတ္ထေရ ဝတ္ထု | ၆၈၉ |
| ၁၂ | ပဋာစာရီ ထေရီ ဝတ္ထု | ၆၉၇ |
| ၁၃ | ကိသာဂေါတမီထေရီ ဝတ္ထု | ၇၁၂ |
| ၁၄ | ဗဟုပုတ္တိကတ္ထေရီ ဝတ္ထု | ၇၁၃ |


မာတိကာ ပြီးပြီ။



# ဓမ္မပဒအဋ္ဌကထာနိဿယ

(ဒုတိယတွဲ)

---

## ၃-စိတ္တဝဂ္ဂ

### ၁-မေဃိယတ္ထေရ ဝတ္ထု

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အနုသန္ဓေ.... ကိုးဝတ္ထုတို့ဖြင့် စုပေါင်းအပ်သော အပ္ပမာဒ ဝဂ်၌ ဟောအပ်သော ဒေသနာ ဂါထာတို့၏ အနက်ကို အသီးသီး ဖွင့်ပြီး၍ ယခုအခါ ကိုးဝတ္ထုတို့၏ အစုအပေါင်းဖြစ်သော စိတ္တဝဂ်၌ ဟောအပ်သော ဒေသနာဂါထာတို့၏ အနက်တို့တွင် မေဃိယတ္ထေရဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ဖန္ဒနံ စပလံ စိတ္တန္တိ-စသည်ကို မိန့်အပ်၏။

ဖန္ဒနံ စပလံ စိတ္တန္တိ ဣမံ ဓမ္မဒေသနံ၊ ဖန္ဒနံ စပလံ စိတ္တံ-စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ စာလိကာယ ပဗ္ဗတေ၊ စာလိကတောင်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ အာယသ္မန္တံ၊ ရှည်သော အသက်ရှိသော။ မေဃိယံ၊ မေဃိယထေရ်ကို။ အာရဗ္ဘ၊ ၍။ ကထေသိ၊ ၏။

တဿ ဝတ္ထုံ၊ ထိုမေဃိယထေရ်၏ ဝတ္ထုကို။ ဝိဘာဝနတ္ထံ၊ ထင်ရှားပြခြင်းငှါ။ သဗ္ဗံ၊သော။ မေဃိယသုတ္တန္တံ၊ မေဃိယသုတ်ကို။ ဝိတ္ထာရေ တဗ္ဗံ၊ ချဲ့အပ်၏။ သတ္ထာပန၊ ဘုရားရှင်သည်ကား။ တီဟိ စိတ္တ ဝိတက္ကေဟိ၊

သုံးပါးသော စိတ်အကြံတို့ဖြင့်။ အန္တရာသတ္တတာယ၊ ဇုံ၍ နှိပ်စက်ခြင်းကြောင့်။ တသ္မိံ အမ္ဗဝနေ၊ ထိုသရက်ဥယျာဉ်၌။ ပမာနံ၊ ကမ္မဋ္ဌာန်းကို။ အနုယုဉ္ဇိတုံ၊ ယှဉ်ခြင်း စီးဖြန်းခြင်းငှါ။ အသက္ကုဏိတွာ၊ မတတ်နိုင်ခြင်းကြောင့်။ အာဂတံ၊ လာသော။ မေဃိယတ္ထေရံ၊ မေဃိယမထေရ်ကို။ အာမန္တေတွာ၊ ခေါ်တော်မူ၍။ မေဃိယ၊ မေဃိယရဟန်း။ တေ၊ သင်သည်။ ကတံ၊ ပြုအပ်သော အမှုသည်။ အတိဘာရိယံ၊ အလွန်ဝန်လေး၏။ မေဃိယ၊ ရဟန်းမေဃိယ။ ကေကောမှိ၊ ငါတယောက်ထီးတည်း ဖြစ်၏။ ယာဝ၊ အကြင်ရွေ့လောက်။ အညောပိ၊ တပါးလည်း ဖြစ်သော။ ကောစိ-ဘိက္ခု၊ တစုံတယောက်သော ရဟန်းသည်။ ဒိဿတိ၊ ထင်၏။ တာဝ၊ ထိုရွေ့လောက်။ အာဂမေဟိ၊ ငံ့ဦးလော့။ ဣတိ၊ ဤသို့။ ယာစန္တံ၊ တောင်းပန်သော။ မံ၊ ငါ့ကို။ ဧကကံ၊ ကိုယ်တော်ထီးတည်း။ ပဟာယ၊ ပယ်စွန့်၍။ ဂစ္ဆန္တေန၊ သွားသော။ ဘိက္ခုနာ နာမ၊ ရဟန်းမည်သည်။ ဧဝံ၊ ဤသို့။ စိတ္တဝသိကေန၊ စိတ်၏ အလိုဖြင့်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဧတံစိတ္တံနာမ၊ ဤစိတ်မည်သည်ကား။ လဟုကံ၊ လျင်သော အပြန်ရှိ၏။ တံ၊ ထိုစိတ်ကို။ အတ္တနော၊ မိမိ၏။ ဝသေ၊ အလို၌။ ဝတ္တေတုံ၊ ဖြစ်စေခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ ဣတိဝတွာ၊ ဤသို့ ဟောတော်မူ၍။ ဣမာ ဒွေဂါထာ၊ ဤနှစ်ဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

(၃၃) ဖန္ဒနံ၊ တုန်လှုပ်ခြင်း ရှိထသော။ စပလံ၊ လျှပ်ပေါ်ခြင်း ရှိထသော။ ဒူရက္ခံ၊ စောင့်နိုင်ခဲထသော။ ဒုန္နိဝါရယံ၊ မြစ်နိုင်ခဲထသော။ စိတ္တံ၊ စိတ်ကို။ မေဓာဝီ၊ ပညာရှိသည်။ ဥဇုံ၊ ဖြောင့်သည်ကို။ ကရောတိ၊ ပြု၏။ ယထာ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဥသုကာရော၊ မြားသမားသည်။ တေဇနံ၊ မြားကို။ ဥဇုံ၊ ဖြောင့်သည်ကို။ ကရောတိဣဝ၊ ပြုသကဲ့သို့တည်း။

(၃၄) ဩကမောကတ ဥဗ္ဘတော၊ ရေဟူသော တည်ရာမှ ထုတ်အပ်ပြီးသည် ဖြစ်၍။ ထလေ၊ ကြည်းကုန်းအရပ်၌။ ခိတ္တော၊ ပစ်အပ်သော။ ဝါရိဇော၊ ငါးသည်။ ပရိဖန္ဒတိဣဝ၊ လွန့်လျက် တုန်လှုပ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဣဒံစိတ္တံ၊ ဤစိတ်သည်။ မာရဓေယျံ၊ မာရ်၏အရာတည်းဟူသော ကိလေသဝဋ်ကို။ ပဟာတဝေ၊ ပယ်သည်ရှိသော်။ ပရိဖန္ဒတိ၊ လွန့်လျက် တုန်လှုပ်၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ဖန္ဒနန္တိ၊ ဖန္ဒနံဟူသည်ကား။ ရူပါဒိသု အာရမ္မဏေသု၊ ရူပါရုံအစရှိကုန်သော အာရုံတို့၌။ ဝိပ္ဖန္ဒမာနံ၊ တုန်လှုပ်ခြင်း ရှိထသော။ စပလန္တိ၊ စပလံဟူသည်ကား။ ကေဠိရိယာပထေန၊ တခုသော ဣရိယာပုတ်ဖြင့်။ အသဏ္ဌဟနတော၊ မတည်တံ့သည်၏ အဖြစ်ကြောင့်။ ဂါမဒါရကော ဝိယ၊ ရွာသူသားငယ်ကဲ့သို့။ ကေသ္မိံ အာရမ္မဏေ၊ တခုသော အာရုံ၌။ အသဏ္ဌဟနတော၊ မတည်ကြည်ခြင်းကြောင့်။ စပလံ၊ လျှပ်ပေါ် လော်လည်ထသော။ စိတ္တန္တိ၊ စိတ္တံဟူသည်ကား။ ဘူမိ ဝတ္ထု အာရမ္မဏ ကိရိယာဒိ ဝိစိတ္တတာယပန၊ ဘုံ, ဝတ္ထု, အာရုံ, ကိရိယာ အစရှိသည်ဖြင့် အလွန်ဆန်းကြယ်ခြင်းရှိသော။ ဝေံဝိညာဏံ၊ ထိုဝိညာဉ်ကို။ စိတ္တန္တိ၊ စိတ္တ ဟူ၍။ ဝုစ္စတိ၊ ၏။

ဒူရက္ခန္တိ၊ ဒူရက္ခံဟူသည်ကား။ + ကိလိဋ္ဌသမ္မာခေ၊ ပြည့်ပြင်သဖြင့် ကျဉ်း မြောင်းသော။ ဌာနေ၊ အရပ်၌။ ကိလိဋ္ဌ ခါဒက ဂေါဏံဝိယ၊ ညစ်ညမ်း သဖြင့် စားလိုသော နွားကဲ့သို့။ ကေကသ္မိံ၊ တခုခုသော။ သပ္ပါယာ ရမ္မဏေယေဝ၊ သင့်တင့်လျောက်ပတ်သော အာရုံ၌လျှင်။ ဒုဋ္ဌပနတော၊ ထားနိုင်ခဲသောကြောင့်။ ဒူရက္ခံ၊ စောင့်နိုင်ခဲထသော။ ဒုန္နိဝါရယန္တိ၊ ဟူသည်ကား။ ဝိသဘာဂါရမ္မဏံ၊ ဝိသဘာဂအာရုံသို့။ ဂစ္ဆန္တံ၊ သွားသော စိတ်ကို။ ပဋိသေခေတုံ၊ တားမြစ်ခြင်းငှါ။ ဒုရက္ခတ္တာ၊ စောင့်နိုင်ခဲသည် ၏ အဖြစ်ကြောင့်။ ဒုန္နိဝါရယံ၊ မြစ်နိုင်ခဲထသော။

ဥသုကာရောဝ တေဇနန္တိ၊ ဟူသည်ကား။ ယထာနာမ၊ ဥပမာမည်သည် ကား။ ဥသုကာရော၊ မြားသွားသည်။ အရညတော၊ တောမှ။ ကေံ ဝင် ဒဏ္ဍကံ၊ တခုသော ကောက်သော လှံကန်ကို။ အာဟရိတွာ၊ ဆောင်ခဲ့ ၍။ နိတ္တစံ ကတွာ၊ အခွံအကြေး မရှိသည်ကိုပြု၍။ ကဉ္ဇိယ တေလေန၊ ပုံးရည်ဆီဖြင့်။ မက္ခိတွာ၊ စိမ်၍။ အင်္ဂါရကပ္ပလေ၊ မီးအိုးကင်း၌။ တာပေ- တွာ၊ မီးကင်၍။ ရုက္ခာလကေ၊ မြားရိုးကို။ ဥပ္ပီဠိတွာ၊ နှိပ်၍။ နိဝင်္က၊ မကောက်သည်ကို။ ဥဇုံ၊ ဖြောင့်သည်ကို။ ဝါဠဝိဇ္ဈနယောဂ္ဂံ၊ သားကောင်၌ စူးဝင်ခြင်းငှါ သင့်သောမြားကို။ ကရောတိ၊ ပြု၏။ ကတွာစပန၊ ပြုပြီး၍ ကား။ ရာဇ ရာဇမဟာမတ္တာနံ၊ ပြည့်ရှင်မင်း, မင်းမှူးမတ်တို့အား။ သိပ္ပံ ကို။ ဒဿေတွာ၊ ပြ၍။ မဟန္တံ၊ များစွာသော။ သက္ကာရသမ္မာနံ၊ မြတ်နိုး

တနာ ပူဇော်ခြင်းကို။ လာဘတိယထာ၊ ရသကဲ့သို့။ ဝေမေဝ၊ ဤအတူလျှင်။ မေဓာဝီ ပဏ္ဍိတော ဝိညူပုရိသော၊ ပညာရှိသော ယောကျ်ားသည်။ ဖန္ဒနာဒိ သဘာဝံ၊ တုန်လှုပ်ခြင်းစသည် သဘောရှိသော။ တေံစိတ္တံ၊ ဤစိတ်သည်။ ဓုတင်္ဂါရညောဝါသ ဝသေန၊ ဓုတင် ဆောက်တည်ခြင်း, တောကျောင်းနေခြင်း၏ အစွမ်းဖြင့်။ နိတ္တစံ၊ အရေအသား ပြည့်ဖြိုးခြင်းကို ပယ်၍။ သြဠာရိက ကိလေသံ၊ ရုန့်ရင်းသော ကိလေသာကို။ အပဂတံ ကတွာ၊ ပယ်ခြင်းကိုပြု၍။ သဒ္ဓါသိနေဟေန၊ သဒ္ဓါတည်းဟူသော အစေးဖြင့်။ တေမေတွာ၊ ဆွတ်၍။ ကာယိက စေတသိက ဝီရိယေန၊ ကိုယ်၌ဖြစ်သော လုံ့လပြုခြင်း, စိတ်၌ဖြစ်သော လုံ့လပြုခြင်းဖြင့်။ တာပေတွာ၊ ပူပန်စေ၍။ သမထဝိပဿနာ နာလကေ၊ သမထဝိပဿနာ တည်းဟူသော မြားရိုးကို။ ဥပ္ပီဠိတွာ၊ နှိပ်၍။ ဥဇုံ၊ ဖြောင့်စွာ။ အကုဋိလံ၊ ကောက်ကျစ်ခြင်း မရှိသည်ကို။ နိဗ္ဗိသေဝနံ၊ အမြဲ မှိဝဲခြင်းကို။ ဝါ၊ အဆိပ် မရှိသည်ကို။ ကရောတိ၊ ပြု၏။ ကတွာစပန၊ ပြုပြီး၍ကား။ သင်္ခါရေ၊ သင်္ခါရတို့ကို။ သမ္မသိတွာ၊ သုံးသပ်၍။ မဟန္တံ၊ကြီးစွာသော။ အဝိဇ္ဇက္ခန္ဓံ၊ အဝိဇ္ဇာဟူသော အမိုက်တိုက်ကို။ ပဒါလေတွာ၊ ဖေါက်ခွဲ၍။ တိဿောဝိဇ္ဇာ၊ ဝိဇ္ဇာ သုံးပါးတို့ကို။ ဆအဘိညာ၊ အဘိညာဉ်ခြောက်ပါးတို့ကို။ နဝလောကုတ္တရဓမ္မေ၊ လောကုတ္တရာတရား ကိုးပါးတို့ကို။ ဣတိ၊ ဤသို့။ ဣမံဝိသေသံ၊ ဤအထူးကို။ ဟတ္ထဂတမေဝ၊ လက်သို့ရောက်သည်ကိုသာလျှင်။ ကတွာ၊ ပြု၍။ အဂ္ဂဒက္ခိဏေယျဘာဝံ၊ မြတ်သောအလှူခံပုဂ္ဂိုလ်၏ အဖြစ်ကို။ လဘတိ၊ ရ၏။

ဝါရိဇောဝါတိ၊ ဟူသည်ကား။ မစ္ဆောဝိယ၊ ငါးကဲ့သို့။ ထလေ ခိတ္တောတိ၊ ဟူသည်ကား။ ဟတ္ထေနဝါ၊ လက်ဖြင့်ရင်း။ ပါဒေနဝါ၊ ခြေဖြင့်ရင်း။ ဇာလာဒီနံ၊ ကွန်စသည်တို့တွင်။ အညတရေနဝါ၊ တပါးပါးဖြင့်ရင်း။ ထလေ၊ ကြည်းကုန်း၌။ ဆဍ္ဍိတော၊ အပ်၏။ ဩကမောကတ ဥဗ္ဘတောတိ၊ ဟူသည်ကား။ ဩကပုဏ္ဏေဟိ စီဝရေဟီတိ ဧတ္ထ၊ စီဝရေဟိ ဟူသော ဤပုဒ်၌။ ဥဒကံ၊ ရေကို။ ဩကံ၊ ဩကဟူ၍။ ဝုစ္စတိ၊ ၏။ ဩကံ ပဟာယ အနိကေတ သာရီတိ ဧတ္ထ၊ သာရီဟူသော ဤပုဒ်၌။ အာလယော၊ တည်ရာဟူသော အနက်တည်း။ ဧတ္ထပိ၊ ဤအရာ၌လည်း။ ဥဘယံ၊ ဥဒကအနက်, အာလယအနက် နှစ်ပါးလုံးကို။ လဗ္ဘတိ၊ ရအပ်၏။ ဩကမောကတ ဥဗ္ဘတောတိ ဧတ္ထ၊ ဤပုဒ်၌။ ဩကမောကတောတိ၊ ဟူသည်ကား။ ဥဒကသင်္ခါတာ၊ ရေဟုဆိုအပ်သော။ အာလယာ၊ တည်ရာတည်း။ ဣတိ

အယံ၊ ဤသည်လျှင်။ အတ္ထော၊ တည်း။ ဥဗ္ဗတောတိ၊ ဟူသည်ကား။ ဥဒ္ဒရှော၊ ထုတ်အပ်ပြီးသော။ ပရိဖန္ဒတီဒံ စိတ္တန္တိ၊ ဟူသည်ကား။ ဥဒကာလယတော၊ ရေဟူသော တည်ရာမှ။ ဥဗ္ဗတော၊ ထုတ်အပ်သော။ ထလေ၊ ကြည်းကုန်း၌။ခိတ္တော၊ ပစ်အပ်သော။ သောမစ္ဆော၊ ထိုငါးသည်။ဥဒကံ၊ ကို။ အလာဘန္တော၊ မရခြင်းကြောင့်။ ပရိဖန္ဒတိယထာ၊ တုန်လှုပ်သကဲ့သို့၊ ဧဝံ၊ ဤအတူ။ ဣဒံ ပဉ္စကာမဂုဏာလယာဘိရတံ စိတ္တံ၊ ဤ ကာမဂုဏ်ငါးပါး၌တည်၍ အလွန်မွေ့လျော်ခြင်း ရှိသော စိတ်ကို။ တတော၊ ထိုကာမဂုဏ်ငါးပါးမှ။ ဥဒ္ဓရိတွာ၊ ၍။ မာရဓေယျ သင်္ခါတံ၊ ကိလေသမာရ်ဟု ဆိုအပ်သော။ ဝဋ္ဋံ၊ ဝဋ်ကို။ ပဟာတုံ၊ ပယ်ခြင်းငှါ။ ဝိပဿနာကမ္မဋ္ဌာနေ၊ ဝိပဿနာ ကမ္မဋ္ဌာန်း၌။ စိတ္တံ၊ ကို။ ကာယိက စေတသိက ဝီရိယေန၊ ကိုယ်, စိတ်နှင့်ယှဉ်သော လုံ့လဖြင့်။ သန္တာဝိယမာနံ၊ ပူပန်စေအပ်သည်ရှိသော်။ ပရိဖန္ဒတိ၊ တုန်လှုပ်၏။

သဏ္ဌာတုံ၊ တည်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ ဧဝံသန္တေပိ၊ ဤသို့ ဖြစ်သည် ရှိသော်လည်း။ ဓုရံ၊ လုံ့လဟူသော ဝန်ကို။ အနိက္ခိပိတွာ၊ မချမူ၍။ မေဓာဝီပုဂ္ဂလော၊ ပညာရှိသောပုဂ္ဂိုလ်သည်။ တံ၊ ထိုဝိပဿနာစိတ်ကို။ ပုဗ္ဗာနယေနေဝ၊ ဆိုအပ်ပြီးသောနည်းဖြင့်လျှင်။ ဥဇုံ၊ ဖြောင့်စွာ။ ကမ္မနိယံ၊ ခံ့သည်ကို။ ကရောတိ၊ ပြု၏။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။

အပရော နယော၊နည်းတပါးကိုဆိုဦးအံ့။ ဣဒံ မာရဓေယျံ ကိလေသဝဋ္ဋံ၊ ဤမာရ်၏ တည်ရာဟူသော ကိလေသဝဋ္ဋကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ ဌိတံ၊ တည်သော။ စိတ္တံ၊ စိတ်သည်။ သော ဝါရိဇောဝိယ၊ ထိုငါးကဲ့သို့။ ပရိဖန္ဒတိ၊ တုန်လှုပ်၏၊ တသ္မာ၊ ထိုကြောင့်။ မာရဓေယျံ၊ ကိလေသမာရ်၏ တည်ရာဟူသောဝဋ္ဋကို၊ ပဟာတဝေ၊ ပယ်ခြင်းငှါ။ ကိလေသဝဋ္ဋ သင်္ခါတေန၊ ကိလေသဝဋ္ဋ-ဟု ဆိုအပ်သော။ ယေန မာရဓေယျေန၊ အကြင်ကိလေသမာရ်၏ တည်ရာဝဋ္ဋဖြင့်သာလျှင်။ ပရိဖန္ဒတိ၊ တုန်လှုပ်၏။ တံ၊ ထိုသို့တုန်လှုပ်ခြင်းကို။ ပဟာတဗ္ဗံ၊ ပယ်အပ်၏။ ဣတိ၊ ဤကား အနက်တည်း။

ဂါထာပရိယောသာနေ၊ ဂါထာကို ဟောတော်မူသော အဆုံး၌။ မေဃိယတ္ထေရော၊ မေဃိယမထေရ်သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌိတော၊ တည်၏။ အညေပိ၊ တပါးလည်းဖြစ်ကုန်သော။

ဗဟူ၊ များစွာကုန်သော သူတို့သည်၊ သောတာပန္နာဒယော၊ သောတာပန် အစရှိသည်တို့သည်။ ဇာတာ၊ ဖြစ်ကုန်၏။

ပဌမံ၊ စွာသော။ မေဃိယတ္ထေရဝတ္ထု၊ သည်။
ဝဏ္ဏနာ၊ ပြီး၏။ နိဋ္ဌိတံ၊ ပြီးပြီ။

---

## ၃-စိတ္တဝဂ္ဂ၊ ၂-အညတရဘိက္ခုဝတ္ထု

အနုသန္ဓေ .. ....မေဃိယဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ အညတရ ဘိက္ခု ဝတ္ထု၌ ဟောကြောင်း ဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ဒုန္နိဂ္ဂဟဿ- စသည်ကို မိန့်အပ်၏။

ဒုန္နိဂ္ဂဟဿ လဟုနောတိ ဣမံ ဓမ္မဒေသနံ၊ ဒုန္နိဂ္ဂဟဿ လဟုနော စသော ဤတရားဟောခြင်းကို။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူသော။ သတ္ထာ၊ ဘုရားရှင်သည်။ အညတရံ၊ အမှတ်မရှိသော။ ဘိက္ခုံ၊ ရဟန်းကို။ အာ-ရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကောသလရညော၊ ကောသလမင်း၏။ ဝိဇိတေ၊ နိုင်ငံ၌။ ပဗ္ဗတပါဒေ၊ တောင်ခြေရင်း၌၊ မာတိကဂါမော နာမ၊ မာတိကဂါမ အမည်ရှိသော။ ဃနဝါသော၊ တခဲနက်ပြည့်သော အိမ်ခြေလူနေရှိသော။ ဧကော ဂါမော၊ ရွာတခုသည်။ အဟောသိကိရ၊ ဖြစ်သတတ်။ အထ၊ ထိုအခါ၌။ ဧကဒိဝ-သံ၊ တနေ့သ၌။ သဋ္ဌိမတ္တာဘိက္ခူ၊ ခြောက်ကျိပ် အတိုင်းအရှည် ရှိကုန် သော ရဟန်းတို့သည်။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ယာဝ အရဟတ္တာ၊ အရဟတ္တဖိုလ် တိုင်အောင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကထာပေတွာ၊ ဟောစေ၍။ တံဂါမံ၊ ထိုရွာသို့။ ဂန္တွာ၊ သွား၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ ငှါ။ ပဝိသိံသု၊ ဝင်ကုန်၏။ အထ၊ ထိုအခါ၌။ နေ၊ ထိုရဟန်းတို့ကို။ တဿ ဂါမဿ၊ ထိုရွာ၏။ သာမိကော၊ အကြီးဖြစ်သော၊ ယော၊ အကြင် ဒါယကာသည်။ မာတိကောနာမ၊ မာတိကမည်၏။ တဿ၊ ထိုရွာသူကြီး ၏။ မာတာ၊ အမိသည်။ ဒိသွာ၊ မြင်၍။ ဂေဟေ၊ အိမ်၌။ နိသီဒါပေတွာ၊ နေစေ၍။ နာနာဂ္ဂရသေန၊ အထူးထူးသော အရသာရှိသော။ ယာဂု ဘတ္တေန၊ ယာဂုဆွမ်းဖြင့်။ ပရိဝိသိတွာ၊ လုပ်ကျွေး၍။ ဘန္တေ၊ အရှင်ဘုရား

တို့။ ကတ္ထ၊ အဘယ်အရပ်သို့။ ဂန္တုကာမာ၊ သွားလိုကုန်သနည်း။ ဣတိ-
ပုစ္ဆိ၊ ဤသို့မေး၏။ မဟာဥပါသိကေ၊ ဒါယိကာမကြီး။ ယထာဖာသုက
ဋ္ဌာနံ၊ ချမ်းသာစွာနေခြင်းရှိသော အရပ်သို့ သွားပါကုန်အံ့။ ဣတိ၊ ဤသို့
ဆိုကုန်သည်ရှိသော်။ သာ၊ ထိုရွာသူကြီး အမိသည်။ ဝဿာဝါသိကဋ္ဌာနံ၊
ဝါဆိုကျောင်းကို။ အယျာ၊ အရှင်ကောင်းဟွိသည်။ ပရိယေသန္တိမညေ၊
ရှာယောင်ရှိသည်ထင်၏တကား။ ဣတိ ဥတွာ၊ ဤသို့သိ၍။ ပါဒမူလေ၊
ခြေရင်း၌။ နိပစ္စိတွာ၊ ဝပ်၍။ အယျာ၊ အရှင်ကောင်းတို့သည်။ ဣမံတေ-
မာသံ၊ ဤ ဝါတွင်းသုံးလပတ်လုံး။ ဣဓ၊ ဤရွာ၌။ သစေ ဝသိဿန္တိ၊
အကယ်၍နေကုန်သည် ဖြစ်အံ့။ အဟံ၊ သည်။ တီဏိ သရဏာနိ၊ သရဏဂုံ
သုံးပါးတို့ကိုရင်း။ ပဉ္စသီလာနိ၊ ငါးပါးသော သီလတို့ကိုရင်း။ ဂဟေတွာ၊
ယူ၍။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးသောအမှုကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ-
အာဟ၊ ဤသို့ဆို၏။ ဘိက္ခူ၊ တို့သည်။ မယံ၊ ငါတို့သည်။ ဣမံ၊ ဤ ဒါယိ
ကာမကို။ နိဿာယ၊ မှီ၍။ ဘိက္ခာယ၊ ဆွမ်းဖြင့်။ အကိလမန္တာ၊ မပင်ပန်း
ကုန်ဘဲ။ ဘဝနိဿရဏံ၊ ဝဋ်မှထွက်မြောက်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။
သက္ခိဿာမ၊ တတ်နိုင်ကုန်အံ့။ ဣတိ၊ ဤသို့။ အဓိဝါသယိံသု၊ သည်းခံ
ကုန်၏။ သာ၊ ထိုဒါယိကာမသည်။ တေသံ၊ထိုသူတို့၏။ ဝသနဋ္ဌာနဝိဟာရံ၊
နေရာကျောင်းကို။ ပဋိဇဂ္ဂိတွာ၊ သုတ်သင်ပြုစု၍။ အဒါသိ၊ လှူ၏။

တေ၊ ထိုရဟန်းတို့သည်။ တတ္ထေဝ၊ ထိုကျောင်း၌သာလျှင်။ ဝသန္တာ၊
နေကုန်သည်ရှိသော်။ ဧကဒိဝသံ၊ တနေ့သ၌။ သန္နိပတိတွာ၊ စည်းဝေး၍။
အညမညံ၊ အချင်းချင်း။ ဩဝဒိံသု၊ ဆုံးမကုန်၏။ အာဝုသော၊ငါ့ရှင်တို့။
အမှေဟိ၊တို့သည်။ ပမာဒစာရံ၊ မေ့လျော့သောအကျင့်ကို။ စရိတုံ၊ ကျင့်
ခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဟိ၊ ထိုစကားသင့်စွ။ အမှာကံ၊ ငါတို့၏။
သကဂေဟံဝိယ၊ မိမိနေရာကျောင်းကဲ့သို့။ အဋ္ဌမဟာနိရယာ၊ ငရဲကြီး
ရှစ်ထပ်တို့သည်။ ဝိဝဋ္ဋဒွါရာယေဝ၊ တံခါးဟင်းလင်းရှိသည် သာလျှင်
တည်း။ ခေါ ပန၊ ငင်စစ်အားဖြင့်ကား။ ဧဝံ၊ ဤသို့ ဓရမာနက ဗုဒ္ဓဿ၊
သက်တော်ထင်ရှားရှိသော ဘုရား၏။ သန္တိကေ၊ အထံ၌။ ကမ္မဋ္ဌာနံ၊
ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ မယံ၊ ငါတို့သည်။ အာဂတာ၊ လာ
ကုန်၏။ ဗုဒ္ဓါစနာမ၊ ဘုရားတို့ မည်သည်ကား။ ပဒါနုပဒိကာ၊ ဘဝါး
အဆင့်ဆင့်။ ဝိစရန္တေနာပိ၊ လှည့်လည်သော်လည်း။ သဌေန၊ စဉ်းလဲ
ခြင်းဖြင့်။ အာရာဓေတုံ၊ နှစ်သက်စေခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။

ယထာဇ္ဈာသယေနေဝ၊ မြတ်သောအလိုအားဖြင့်သာလျှင်။ အာရောစေတုံ၊ နှစ်သက်စေခြင်းငှါ။ သက္ကာ၊တတ်ကောင်း၏။ အပ္ပမတ္တာ၊ မမေ့မလျော့။ ဟောထ၊ ဖြစ်ကုန်လော့။ ဒ္ဒိဟိ၊ နှစ်ယောက်သောသူတို့သည်။ ဧကဋ္ဌာနေ၊ တခုသောနေရာ၌။ န ဌာတဗ္ဗံ၊ မရပ်အပ်။ န နိသီဒိတဗ္ဗံ၊မနေအပ်။ သာယံ ခေါပန၊ ညအခါ၌ကား။ ထေရူပဋ္ဌာနကာလေ၊ မထေရ်အား ဆည်းကပ်သော အခါ၌လည်းကောင်း။ ပါတော၀၊စောစောကလျှင်။ ဘိက္ခာစာရ-ကာလေ၊ ဆွမ်းခံသွားသောအခါ၌ လည်းကောင်း။ ဧကတော၊ တပေါင်းတည်း။ ဘဝိဿာမ၊ ဖြစ်ကုန်အံ့။ သေသကာလေ၊ ကြွင်းသောအခါ၌။ ဒွေ၊ နှစ်ပါးသောရဟန်းတို့သည်။ ဧကတော၊ အတူတကွတပေါင်းတည်း။ န ဘဝိဿာမ၊ မဖြစ်ကုန်အံ့။ အပိစခေါပန၊ စင်စစ်မူကား။ အဖါသုကေန ဘိက္ခုနာ၊ နာဖျားမကျန်း ရှိသော ရဟန်းသည်။ အာဂန္တွာ၊ လာ၍။ ဝိဟာရမဇ္ဈေ၊ ကျောင်းအလယ်၌။ ဃဏ္ဍိယာ၊ ခေါင်းလောင်း ကျောက်စည်ကို။ ပဟတာယ၊ ထိုးခြင်း, ခေါက်ခြင်းရှိလတ်သော်။ ဃဏ္ဍိသညာယ၊ ခေါင်းလောင်း, ကျောက်စည်အမှတ်ဖြင့်။ အာဂန္တွာ၊ ၍။ တဿ၊ ထို သူနာရဟန်းအား။ ဘေသဇ္ဇံ၊ ဆေးကို။ ကရိဿာမ၊ ကုစားကုန်အံ့။ ဣတိ၊ ဤသို့ ဆိုဆုံးမကုန်လျက်။

တေသု၊ ထို ရဟန်းတို့သည်။ ဧဝံ၊ သို့။ ကတိကံ၊ ကတိကဝတ်ကို။ ကတွာ၊ ၍။ ဝိဟရန္တေသု၊ နေကုန်သည်ရှိသော်။ ဧကဒိဝသံ၊ တနေ့သ၌။ သာဥပါသိကာ၊ ထိုဒါယိကာမသည်။ သပ္ပိတေလဖါဏိတာဒီနိ၊ ထောပတ်, ဆီ, တင်လဲ အစရှိသည်တို့ကို။ ဂါဟာပေတွာ၊ ယူစေ၍။ ဒါသ ဒါသိ ကမ္မကရာဒိဟိ၊ ကျွန်ယောကျ်ား, ကျွန်မိန်းမ အမှုလုပ် စသည်တို့ဖြင့်။ ပရိဝုတာ၊ ခြံရံကုန်လျက်။ သာယန္ဟသမယေ၊ ညချမ်းသောအခါ၌။ တံ-ဝိဟာရံ၊ ထိုကျောင်းသို့။ ဂန္တွာ၊ ၍။ ဝိဟာရမဇ္ဈေ၊ ကျောင်းလယ်၌။ ဘိက္ခူ၊ တို့ကို။ အဒိသွာ၊ မမြင်ခြင်းကြောင့်။ ကဟံနုခေါ၊ အဘယ်အရပ် သို့လျှင်။ အယျာ၊ အရှင်ကောင်းတို့သည်။ ဂတာ၊ သွားလေကုန်သနည်း။ ဣတိ၊ သို့။ ပုရိသေ၊ ကျွန်အမှုလုပ်တို့ကို။ ပုစ္ဆိတွာ၊ မေးသည်ရှိသော်။ အယျေ၊ အရှင်မ။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ရတ္တိဋ္ဌာနဒိဝါ-ဋ္ဌာနေသု၊ ညည့်သန့်စရာ နေ့သန့်စရာ အရပ်တို့၌။ နိသိန္နာ၊ နေကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ ကိံ နုခေါ-ကတွာ၊ အဘယ်သို့ပြု၍။ ဒဋ္ဌုံ၊ ဖူးမြင်ခြင်းငှါ။ သက္ခိဿာမိ၊ တတ်နိုင်အံ့

နည်း။ ဣတိအာဟ၊ ဤသို့ ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုဒါယိကာမကို။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာ၏။ ကတိကဝတ္တံ၊ ဝတ်ကို။ ဇာနနမနုဿာ၊ သိသောလူတို့သည်။ အာဟံသု၊ ဆိုကုန်၏။ အယျေ၊ မ။ ဃဏ္ဍိယာ၊ ကျောက်စည်ကို။ ပဟတာယ၊ ခတ်ခြင်းဖြင့်။ သန္နိပတိဿန္တိ၊ စည်းဝေးကုန်လတ္တံ့။ ဣတိ၊ ဤသို့ဆိုကုန်၏။ သာစ၊ ထိုဒါယိကာမသည်လည်း။ ဃဏ္ဍိံ၊ ကျောက်စည်ကို။ ပဟရာပေသိ၊ ခတ်စေ၏။ ဘိက္ခူ၊ တို့သည်။ ဃဏ္ဍိသဒ္ဒံ၊ ကျောက်စည်သံကို။ သုတွာ၊ ကြား၍။ ကဿစိ၊ တစုံတယောက်သော ရဟန်းအား။ အဖါသုကံ၊ မချမ်းသာခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ သို့။ သကသကဋ္ဌာနေဟိ၊ မိမိ မိမိတို့နေရာ အရပ်တို့မှ။ နိက္ခမိတွာ၊ ထွက်၍။ ဝိဟာရမဇ္ဈေ၊ ကျောင်းအလယ်၌။ သန္နိပတိံသု၊ စည်းဝေးကုန်၏။

ဒွေပိ ဇနာ၊ နှစ်ယောက်သော သူတို့သည်လည်း။ ကေမဂ္ဂေန၊ တခုတည်းသော လမ်းခရီးဖြင့်။ အာဂတာနာမ၊ လာသောရဟန်း မည်သည်။ နတ္ထိ၊ မရှိ။ ဥပါသိကာ၊ ဒါယိကာမသည်။ ဧကေကဋ္ဌာနတော၊ တခု တခုသောအရပ်မှ။ ဧကေကမေဝ၊ တပါး တပါး စီသာလျှင်။ အာဂစ္ဆန္တံ၊ လာသည်ကို။ ဒိသွာ၊ မြင်၍။ မမပုတ္တောဟိ၊ ငါ့သားတို့သည်။ အညမညံ၊ အချင်းချင်း။ ကလဟော၊ ငြင်းခုံခြင်း ခိုက်ရန်ကို။ ကတော၊ ပြုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံ၍။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပုစ္ဆိ၊ ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ ကလဟံ၊ ငြင်းခုံခြင်းခိုက်ရန်ကို။ ကရိတ္ထနုခေါ၊ ပြုကုန်သလော။ ဣတိ၊ ဤသို့ မေး၏။ မဟာဥပါသိကေ၊ ဒါယိကာမကြီး။ နကရောမ၊ မပြုကုန်။ ဣတိ၊ ဤသို့ဆိုကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ ဝေါ၊ အရှင်ဘုရားတို့၏။ ကလဟော၊ ငြင်းခုံခြင်း ခိုက်ရန်သည်။ သစေ နတ္ထိ၊ အကယ်၍ မရှိသည် ဖြစ်အံ့။ အထ၊ ထိုသို့မရှိဘဲလျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ အမှာကံ၊ ငါတို့၏။ ဂေဟံ၊ အိမ်သို့။ အာဂစ္ဆန္တာ၊ ကြွလာကုန်သည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံသောရဟန်းတို့သည်။ ဧကတော၊ တပေါင်းတည်း။ အာဂစ္ဆထယထာ၊ ကြွလာကုန်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အနာဂန္တွာ၊ မလာမူ၍။ ဧကေကဋ္ဌာနတော၊ တခုတခုသောအရပ်မှ။ ဧကကာဝ၊ တပါး တပါးစီ သာလျှင်။ အာဂတာ၊ လာကုန်သနည်း။ ဣတိ၊ ဤသို့ လျှောက်သည် ရှိသော်။ မဟာဥပါသိကေ၊ ဒါယိကာမကြီး။ ဧကေကသ္မိံ ဌာနေ၊ တခု

တခုသော အရပ်၌။ နိသီဒိတွာ၊ နေ၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရိမှာ၊ ပြုကုန်၏။ ဣတိ၊ ဤသို့မိန့်ကုန်၏။

ဘန္တေ၊ အရှင်ဘုရားတို့။ သောမဏဓမ္မောနာမ၊ ဤ ရဟန်းတရား မည်သည်ကား။ ကော၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေး၏။ မဟာဥပါသိကေ၊ ဒါယိကာမကြီး။ ဒွတ္တိံသာ ကာရေ၊ ကေသာ, လောမာ အစရှိသော သုံးဆယ့်နှစ်ပါးသော အခြင်းအရာတို့ကို။ သဇ္ဈာယံ၊ ရွတ်အံ သရဇ္ဈာယ်ခြင်းကို။ ကရောမ၊ ပြုကုန်၏။ အတ္တဘာဝေ၊ ကိုယ်၏အဖြစ်၌။ ခယဝယံ၊ ကုန်ခြင်း, ပျက်ခြင်းကို။ ပဋ္ဌပေမ၊ အသင့် နှလုံးထားကုန်၏။ ဣတိ၊ ဤသို့ဆိုကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ ကိံပန၊ အသို့နည်း။ ဒွတ္တိံသာကာရေ၊ ဒွတ္တိံသာကာရတို့ကို။ သဇ္ဈာယံ၊ စီးဖြန်းခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ အတ္တဘာဝေ၊ ကိုယ်၏အဖြစ်၌။ ခယ ဝယံ၊ ကုန်ခြင်း, ပျက်ခြင်းကို။ ပဋ္ဌပေတုံ၊ အသင့် နှလုံးထား၍ ဆောက်တည်ခြင်းငှါ။ တုမှာကမေဝ၊ အရှင်ဘုရားတို့အားသာလျှင်။ ဝဋ္ဋတိ၊ အပ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ အမှာကံပိ၊ အကျွန်ုပ်တို့အားလည်း။ ဝဋ္ဋတိ၊ အပ်ပါမည်လော။ ဣတိ၊ ဤသို့မေး၏။ မဟာဥပါသိကေ၊ ဒါယိကာမကြီး။ ဧသဓမ္မော၊ ဤဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို။ ကဿစိ၊ တစုံတယောက်သောသူအား။ အဝါရိတော၊ မြစ်တော်မမူ။ ဣတိ၊ ဤသို့ ဆိုကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ တေနဟိ၊ ထိုသို့အပ်ပါမူကား။ မယှံပိ၊ အကျွန်ုပ်အားလည်း။ ဒွတ္တိံသာကာရံ၊ ဒွတ္တိံသာရကမ္မဋ္ဌာန်းကို။ ဒေထ၊ ပေးပါကုန်လော့။ အတ္တဘာဝေ၊ ကိုယ်၏အဖြစ်၌။ ခယဝယံ၊ ကုန်ခြင်း,ပျက်ခြင်းကို။ ပဋ္ဌပနံ၊ ဆောက်တည်ရာအစီအရင်ကို။ အာစိက္ခထ၊ ကြားကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ ဥပါသိကေ၊ ဒါယိကာမကြီး။ တေနဟိ၊ ထိုသို့ စီးဖြန်းလိုမူကား။ ဥဂ္ဂဏှ၊ သင်လော့။ ဣတိ၊ သို့။ သဗ္ဗံ၊ အလုံးစုံကို။ ဥဂ္ဂဏှာပေသုံ၊ သင်စေကုန်၏။

သာ၊ ထိုဒါယိကာမသည်။ တတောပဋ္ဌာယ၊ ထိုအခါမှစ၍။ ဒွတ္တိံသာကာရေ၊ ဒွတ္တိံသာ ကာရကို။ သဇ္ဈာယံ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းကို။ ကတွာ၊ ၍။ အတ္တနိ၊ မိမိ၌။ ခယဝယံ၊ ကုန်ခြင်း, ပျက်ခြင်းကို။ ပဋ္ဌပေတွာ၊ အသင့်အားဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေလျက်။ တေဟိဘိက္ခူဟိ၊ ထိုရဟန်းတို့မှ။ ပုရေတရမေဝ၊ ရှေးဦးစွာသာလျှင်။ တယောမဂ္ဂေ၊ သုံးပါးသော မဂ်တို့သို့ရင်း။ တီဏိဖလာနိစ၊ သုံးပါးသောဖိုလ်တို့သို့ရင်း။ ပါပုဏိ၊ ရောက်

၏။ အဿာ၊ ထိုဒါယိကာမ၏။ မဂ္ဂေနေဝ၊ မဂ်စိတ်ဖြစ်သည်နှင့် သာလျှင်။ သဟ၊ တကွ။ စတဿော ပဋိသမ္ဘိဒါ၊ လေးပါးသော ပဋိသမ္ဘိဒါတို့သည်ရင်း။ လောကိယ အဘိညာစ၊ လောကီအဘိညာဉ် တို့သည်ရင်း။ အာဂမိံသု၊ ရောက်လာကုန်၏။ သာ၊ ထို အနာဂါမ်တည်မသည်။ မဂ္ဂဖလသုခတော၊ မဂ်,ဖိုလ်ချမ်းသာမှ။ ဝုဋ္ဌာယ၊ ထ၍။ ဒိဗ္ဗစက္ခုနာ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်။ ဩလောကေတွာ၊ ကြည့်၍။ ကဒါ နုခေါ၊ အဘယ်အခါ၌လျှင်။ မမပုတ္တေဟိ၊ ငါ့သားတို့သည်။ အယံမမ္မော၊ ဤ မဂ်, ဖိုလ်တရားကို။ အဓိဂတော၊ ရသနည်း။ ဣတိ၊ ဤသို့။ ဥပဓာရေန္တီ စူးစမ်းသည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဣမေ၊ ဤခြောက်ကျိပ်သော ရဟန်းတို့သည်။ သရာဂါ၊ ရာဂရှိကုန်၏။ သဒေါသာ၊ အမျက်ထွက်ခြင်း ရှိကုန်၏။ သမောဟာ၊ တွေဝေခြင်းရှိကုန်၏။ ဈာနဝိပဿနာမတ္တမ္ပိ၊ ဈာန်, ဝိပဿနာမျှကိုလည်း။ တေသံ၊ ထိုရဟန်းတို့အား။ နတ္ထိ၊ မရှိ။

ကိံ နုခေါ၊ အဘယ်သို့လျှင်။ မယှံ၊ ငါ၏။ ပုတ္တာနံ၊ သားတို့အား။ အရဟတ္တဿ၊ အရဟတ္တဖိုလ်၏။ ဥပနိဿယော၊ အားကြီးသော အကြောင်းသည်။ အတ္ထိ၊ ရှိလေ သလော။ နတ္ထိ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ အတ္ထီတိ၊ ရှိ၏ဟု။ ဒိသွာ၊ မြင်၍။ သေနာသန သပ္ပါယံ၊ ကျောင်းအိပ်ရာနေရာ အရိပ်သင်္ခမ်း၏ လျောက်ပတ်ခြင်းသည်။ အတ္ထိနုခေါ၊ ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ အာဝဇ္ဇေတွာ၊ ဆင်ခြင် လတ်သော်။ သေနာသနသပ္ပါယံ၊ သေနာသနသပ္ပါယကို။ ဒိသွာ၊ မြင်၍။ ပုဂ္ဂလသပ္ပါယံ၊ ပုဂ္ဂိုလ်၏ တင့်တယ် လျောက်ပတ်ခြင်းကို။ လဘန္တိနုခေါ၊ ရလေကုန်အံ့လော၊ နလဘန္တိနုခေါ၊ မရလေကုန်အံ့လော။ဣတိ၊ ဤသို့။ အာဝဇ္ဇေသိ၊ ဆင်ခြင်၏။ ပုဂ္ဂလသပ္ပါယံ၊ ပုဂ္ဂလသပ္ပါယကို။ ဒိသွာ၊ မြင်၍။ အာဟာရသပ္ပါယံ၊ ဆွမ်းစသောအာဟာရ၏ သပ္ပါယကို။ လဘန္တိနုခေါ၊ ရလေကုန်အံ့လော။ နလဘန္တိနုခေါ၊ လော။ ဣတိ၊ ဤသို့။ ဥပဓာရေန္တီ၊ စူးစမ်းသည်ရှိသော်။ အာဟာရသပ္ပါယံ၊ အာဟာရသပ္ပါယ၏ ပြည့်စုံခြင်းသည်။ နေသံ၊ ထိုရဟန်းတို့အား။ နတ္ထီတိ၊ မရှိဟု။ ဒိသွာ၊ ၍။တဒတော ပဋ္ဌာယ၊ ထိုအခါမှစ၍။ နာနာဝိဓံ၊ အထူးထူးအပြားပြားရှိသော။ ယာဂုဉ္စ၊ ယာဂုကိုလည်းကောင်း။ အနေကပ္ပကာရံ၊ များသောအပြားရှိသော။ ခဇ္ဇကဉ္စ၊ ခဲဘွယ်ကိုရင်း။ နာနဂ္ဂရသံ၊ အထူးထူး အရသာရှိသော။ ဘော-

ဇနဉ္စ၊ ဘောဇဉ်ကိုလည်းကောင်း သမ္မာဒေတွာ ပြည့်စုံစေ၍။ ဂဟေ၊ အိမ်၌။ ဘိက္ခူ၊ ရဟန်းတို့ကို။ နိသီဒါပေတွာ၊ နေစေ၍။ ဒက္ခိဏော-ဒကံ၊ မြတ်သောအလှူရေစက်ကို။ ဒတွာ၊ ပေး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ယံယံ၊ အကြင်အကြင် ခဲဘွယ်ဘောဇဉ်ကို။ ရုစ္စတိ၊ နှစ်သက်၏။ တံတံ၊ ထိုထိုခဲဘွယ်ဘောဇဉ်ကို။ ဂဟေတွာ၊ ကြိုက်ရာယူ၍။ ပရိဘုဉ္စထ၊ အလိုရှိတိုင်း ဘုန်းပေးကုန်လော့။ ဣတိ၊ ဤသို့။ နိယျာဒေသိ၊ ဆောက်နှင်း၏။ တေ၊ ထိုရဟန်းတို့သည်။ ယထာရုစိံ၊ အလိုအားလျော်စွာ။ ယာဂုအာဒီနိ၊ ယာဂု အစရှိသည်တို့ကို။ ဂဟေတွာ၊ ယူ၍။ ပရိဘုဉ္စန္တိ၊ ဘုန်းပေးကုန်၏။ သပ္ပါယာဟာရံ၊ လျောက်ပတ်သော ခဲဘွယ်ဘောဇဉ်ကို။ လဘန္တာနံ၊ ရကုန်သော။ တေသံ၊ ထိုရဟန်းတို့၏။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ၊ တည်ကြည်သည်။ အဟောသိ၊ ဖြစ်၏။

တေ၊ ထိုရဟန်းတို့သည်။ ဧကဂ္ဂေန စိတ္တေန၊ တခုတည်းသော အာရုံသို့ ပြေးဝင်သောစိတ်ဖြင့်။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာ၊ ပွားစေ၍။ နစိရဿေဝ၊ မကြာမြင့်မီလျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတွာ၊ ရောက်၍။ စိန္တယိံသု၊ ကြံကြကုန်၏။

မဟာဥပါသိကာ၊ ဒါယိကာမ အမယ်ကြီးသည်။ အဟော၊ အံ့ဘွယ်ရှိပေ၏။ အမှာကံ၊ ငါတို့၏။ ပတိဋ္ဌာ၊ မှီရာကိုးကွယ်ရာသည်။ ဇာတာ၊ ဖြစ်ပေ၏။ မယံ၊ ငါတို့သည်။ သပ္ပါယာဟာရံ၊ လျောက်ပတ်သော ဆွမ်းကို သစေ နလဘိမှ၊ အကယ်၍ မရကုန်သည် ဖြစ်ငြားအံ့။ နော၊ ငါတို့၏။ မဂ္ဂဖလ ပဋိဝေဓော၊ မဂ်,ဖိုလ်ကို ထိုးထွင်း၍ သိခြင်းသည်။ နအဘဝိဿ၊ မဖြစ်ရာ။ ဣဒါနိ၊ ယခုအခါ၌။ ဝုဋ္ဌဝဿာ၊ ဝါကျွတ်ကုန်ပြီးသည် ရှိသော်။ ပဝါရေတွာ၊ ပဝါရဏာပြု၍။ သတ္ထုသန္တိကံ၊ ဘုရားအထံတော်သို့။ ဂမိဂမိဿာမာတိ၊ သွားကုန်အံ့ဟူ၍။ တေ၊ ထိုရဟန်းတို့သည်။ သတ္ထာရံ၊ ဘုရားရှင်ကို။ ဒဋ္ဌုကာမမှာတိ၊ ဖူးမြင်လိုကုန်၏ ဟူ၍။ မဟာဥပါသိကံ၊ သိတင်းဘသည် အမယ်ကြီးကို။ အာပုစ္ဆိံသု၊ ပန်ကြားကုန်၏။ မဟာဥပါသိကာ၊ သိတင်းသည် အမယ်ကြီးသည်။ အယျာ၊ အရှင်ကောင်းတို့။ သာဓု၊ ၏။ ဣတိ၊ ဤသို့ ဆိုပြီးသော်။ တေ၊ ထိုရဟန်းတို့ကို။ အနုဂန္တွာ၊ အစဉ်ပို့လိုက်၍။ ပုနပိ၊ တဖန်လည်း ဘန္တေ၊ အရှင်ဘုရားတို့။ အမှေ၊ အကျွန်ုပ် တို့ကို။ ဩလောကေယျာထ၊ ကြည့်ပါကုန်လော့။ ဣတိ၊ ဤသို့ အစရှိကုန်သော။ ဗဟူနိ၊ များစွာကုန်သော။ ပိယဝစနာနိ၊ ချစ်ဘွယ်

သနားဘွယ်ရှိသော စကားတို့ကို။ ဝတွာ၊ ၍။ ပဋိနိဝတ္တိ၊ ပြန်နစ်လေ၏။

တေပိခေါ ဘိက္ခူ၊ ထိုရဟန်းတို့သည်လည်း။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဂန္တွာ၊ ရောက်၍။ သတ္ထာရံ၊ ဘုရားသဗ္ဗညုကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ကေမန္တံ၊ တင့်အပ်သောအရပ်၌။ နိသိန္နာ၊ နေကုန်သည်ရှိသော်။ ဘိက္ခဝေ၊ တို့။ ကစ္စိ၊ အသို့နည်း။ ယာပနီယံ၊ မျှတကုန်၏လော။ ပိဏ္ဍကေန၊ ဆွမ်းဖြင့်။ နစ ကိလမိတ္ထ၊ မပင်မပန်းဘဲ ရှိကြကုန်၏လော။ ဣတိဝုတ္တေ၊ ဤသို့မိန့်တော်မူလတ်သော်။ ဘန္တေ၊ အရှင်ဘုရား ခမနီယံ၊ မေတ္တာတော်ကြောင့် အနာရောဂါမရှိမူ၍ နေရပါကုန်၏ဘုရား။ ဘန္တေ၊ ဘုရား။ ယာပနီယံ၊ ကိုယ်တော်မြတ် ဘုန်းတော်ကြောင့် မျှတပါ၏ဘုရား။ ဘန္တေ၊ ရား။ ပိဏ္ဍကေနပန၊ ဆွမ်းဖြင့်လည်း။ နေဝ ကိလမိမှ၊ ဘုန်းတော်ကိုအမှီပြု၍ ရလွယ်သဖြင့် ပင်ပန်းခြင်းမရှိပါဘုရား။ ဟိ၊ ထိုလျှောက်ချက်စကားမှန်၏။ အမှာကံ၊ တပည့်တော်တို့၏။ မာတိကမာတာနာမ၊ မာတိကဟူသော ရွာသူကြီး၏ အမိဖြစ်သော။ ကော ဥပါသိကာ၊ ဒါယိကာမ တယောက်သည်။ စိတ္တာစာရံ၊ စိတ်၏ကျက်စားရာ အာရုံကို။ ဥ တွာ၊ သိ၍။ နော၊ ငါတို့အား။ ဝေရူပံ၊ ဤသို့သဘောရှိသော။ အာဟာရံနာမ၊ ဆွမ်းမည်သည်ကို။ ပဋိယာဒေယျ၊ စီရင်ပါမူကား။ အဟောဝတ၊ ဩော် ကောင်းပါလေစွ။ ဣတိ၊ ဤသို့။ စိန္တိတေ၊ ကြံသည်ရှိသော်။ ယထာစိန္တိတံ၊ ကြံတိုင်းသော။ အာဟာရံ၊ ဆွမ်းကို။ ပဋိယာဒေတွာ၊ စီရင်၍။ အဒါသိ၊ လှူ၏။ ဣတိ၊ သို့။ တဿာ၊ ထိုအနာဂါမ်တည် အမယ်ကြီး၏။ ဂုဏကထံ၊ ကျေးဇူးနှင့်စပ်သော စကားကို။ ကထယိံသု၊ လျှောက်ကုန်၏။

အညတရော ဘိက္ခု၊ အမှတ်မရှိသော ရဟန်းသည်။ တဿာ၊ ထိုသီတင်းသည် အမယ်ကြီး၏။ ဂုဏကထံ၊ ကျေးဇူးနှင့် စပ်သောစကားကို။ သုတွာ၊ ၍။ တတ္ထ၊ ထိုအမယ်ကြီးရှိရာ ရွာသို့။ ဂန္တုကာမော၊ သွားလိုသည်။ ဟုတွာ၊ ဖြစ်၍။ သတ္ထုသန္တိကေ၊ ဘုရားအထံတော်၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ ဘန္တေ၊ အရှင်ဘုရား။ တံဂါမံ၊ ထိုရွာသို့။ ဂမိဿာမိတိ သွားပါအံ့ဟု။ သတ္ထာရံ၊ ဘုရားရှင်ကို။ အာပုစ္ဆိတွာ၊ ပန်ကြား၍။ ဇေတဝနာ၊ ဇေတဝန်ကျောင်းတော်မှ။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ တံဂါမံ၊ ထိုရွာသို့။ ပတွာ၊ ရောက်၍။ ဝိဟာရံ၊ ကျောင်းသို့။ ပဝိသန ဒိဝသေယေဝ၊ ဝင်သောနေ့၌လျှင်။ စိန္တေသိ၊ ကြံ၏။ အယံ ဥပါသိကာ၊ ဤဒါယိကာမ သီတင်းသည် သည်။ စိန္တိတ စိန္တိတံ၊ ငါတို့က

ကြံတိုင်း ကြံတိုင်းကို။ ဇာနာတိကိရ၊ သိသတတ်။ အဟဥ္စ၊ ငါသည်လည်း။ မင်္ဂလကိလန္တော၊ ခရီးပန်းခဲ့၍။ ဝိဟာရံ၊ ကို။ ပဋိဇဂ္ဂိတုံ၊ သုတ်သင်ခြင်းငှါ။ န သက္ခိဿာမိ၊ မတတ်နိုင်။ ဝိဟာရံ၊ ကျောင်းကို။ ပဋိဇဂ္ဂိတုံ၊ သုတ်သင်တတ်သော။ မနုဿံ၊ လူကို။ ပေသေယျ၊ စေပါမူကား။ အဟောဝတ၊ ကြော်ကောင်းလေစွ။ ဣတိ၊ ဤသို့ ကြံ၏။ ဥပါသိကာ၊ ဒါယိကာမကြီးသည်။ ဂေဟေ၊ အိမ်၌။ နိသိန္နာဝ၊ နေလျက်လျှင်။ အာဝဇ္ဇန္တီ၊ ဆင်ခြင်သည်ရှိသော်။ တမတ္ထံ၊ ထိုအကြောင်းကို။ ဉတွာ၊ ၍။ ဂစ္ဆ၊ ချေ။ ဝိဟာရံ၊ ကျောင်းကို။ ပဋိဇဂ္ဂိတွာ၊ သုတ်သင်၍။ ဧဟိ၊ လာလော့။ ဣတိ၊ ဤသို့ဆို၍။ မနုဿံ၊ ကို။ ပေသေသိ၊ စေ၏။ ဣတရောပိ၊ ရဟန်းသည်လည်း။ ပါနကံ၊ အဖျော်ကို။ ပိဝိတုကာမော၊ သောက်လိုသည်ဖြစ်၍။ မေ၊ အား။ သက္ခရပါနကံ၊ သကာအဖျော်ကို။ ကတွာ၊ ပြု၍။ ပေသေယျ၊ လှူချေစေလွှတ်ပါမူကား။ အဟောဝတ၊ ကောင်းပါလေစွ။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ၏။ ဥပါသိကာ၊ ဒါယိကာမကြီးသည်။ တမ္ပိ၊ ထိုအဖျော်ကိုလည်း။ ပေသေသိ၊ လှူပါချေဟု စေလွှတ်၏။ သော၊ ထိုရဟန်းသည်။ ပုနဒိဝသေ၊ မိုးသောက်သော နေ့၌။ ပါတောဝ၊ စောစောကလျှင်။ မေ၊ ငါ့အား။ သိနိဒ္ဓ ယာဂုံ၊ သိမ်မွေ့သော ယာဂုကိုရင်း။ သဉတ္တရိ ဘင်္ဂံ၊ လက်သုပ်ဟင်းလျာနှင့် တကွသော ဆွမ်းကိုရင်း။ ပေသေတု၊ ပို့လာစေသတည်း။ ဣတိစိန္တေသိ၊ ဤသို့ ကြံ၏။ ဥပါသိကာ၊ ဒါယိကာမသည်။ တထာ၊ ထိုအကြံရှိတိုင်း။ အကာသိ၊ လှူချေစေ၏။ သော၊ ထိုရဟန်းသည်။ ယာဂုံ၊ ယာဂုကို။ ပိဝိတွာ၊ သောက်ပြီး၍။ မေ၊ ငါ့အား။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ ခဇ္ဇကံ၊ ခဲဘွယ်ဖြစ်သော သစ်သီးဝလံကို။ ပေသေယျ၊ ပို့လာစေပါမူကား။ အဟောဝတ၊ ကောင်းလေစွ။ ဣတိစိန္တေသိ၊ ဤသို့ ကြံ၏။ ဥပါသိကာ၊ ဒါယိကာမသည်။ တံပိ၊ ထိုခဲဘွယ်ကိုလည်း။ ပေသေသိ၊ စေလွှတ်၏။

သော၊ ထိုရဟန်းသည်။ စိန္တေသိ၊ ကြံ၏။ အယံဥပါသိကာ၊ ဤဒါယိကာမသည်။ မယာ၊ ငါသည်။ စိန္တိတ စိန္တိတံ၊ ကြံတိုင်းကြံတိုင်းသော။ သဗ္ဗံ၊ အလုံးစုံကို။ ပေသေသိ၊ ပို့လာစေသည်မှန်၏။ အဟံ၊ သည်။ ဧတံ၊ ဤဒါယိကာမကို။ ဒဋ္ဌုကာမော၊ ကြည့်ရှုခြင်းငှါ အလိုရှိ၏။ မေ၊ အား။ နာနဂ္ဂရသ ဘောဇနံ၊ အထူးထူး အရသာရှိသော ဘောဇဉ်ကို။ ဂါဟာပေတွာ၊ ယူခဲ့စေ၍။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ အာဂစ္ဆေယျ၊ ရောက်လာပါမူကား။ အဟောဝတ၊ ကောင်းပါလေစွ။ ဣတိ၊ ဤသို့ ကြံ၏။

ဥပါသိကာပိ၊ ဒါယိကာမကြီးသည်လည်း။ မမပုတ္တော၊ ငါ့သားသည်။
မံ၊ ငါ့ကို။ ဒဋ္ဌုကာမော၊ မြင်ခြင်းငှါ အလိုရှိ၏။ မေ၊ ငါ၏။ အာဂမနံ၊
လာခြင်းကို။ ပစ္စာသီသတိ၊ တောင့်တ၏ဟု။ ဘောဇနံ၊ ဘောဇဉ်ကို။
ဂါဟာပေတွာ၊ ယူစေ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ တဿ၊
ထိုရဟန်းအား။ အဒါသိ၊ လှူ၏။ သော၊ ထိုရဟန်းသည်။ ကတဘတ္တကိစ္စော၊
ဆွမ်းဘုန်းပေးပြီးလတ်သော်။ မဟာဥပါသိကေ၊ ဒါယိကာမကြီး။ တွံ၊
သည်။ မာတိကမာတာနာမ၊မာတိကရွာသူကြီး၏ အမိဖြစ်သော ဒါယိကာမ
ဆိုသူမှန်၏လော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ တာတ၊ ငါ့သား။ အာမ၊
ဩော်မှန်၏။ ဣတိ၊ ဤသို့လျှောက်၏။ တွံ၊ သင်သည်။ ပရစိတ္တံ၊ သူတပါး
စိတ်အကြံကို။ ဇာနာသိ၊ သိသလော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ တာတ၊
ငါ့သား။ မံ၊ ကို။ ကိမတ္ထံ၊ အဘယ်အကျိုးငှါ။ ပုစ္ဆသိ၊ မေးလေဘိသနည်း။
ဣတိ၊ ဤသို့ ဆိုလတ်သော်။ မယာ၊ ငါသည်။ စိန္တိတ စိန္တိတံ၊ ကြံတိုင်း
ကြံတိုင်းသော။ သဗ္ဗံ၊ အလုံးစုံကို။ အကာသိ၊ ပြု၏။ တေန၊ ထိုကြောင့်။
တံ၊ သင့်ကို။ ပုစ္ဆာမိ၊ မေး၏။ ဣတိ၊ ဤသို့ဆို၏။ တာတ၊ ငါ့သား။
ပရစိတ္တံ၊ သူတပါးစိတ်ကို။ ဇာနနက ဘိက္ခူ၊ သိသော ရဟန်းတို့သည်။
ဗဟူ၊ များစွာ ရှိကုန်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဥပါသိကေ၊
ဒါယိကာမကြီး။ အဟံ၊ ငါသည်။ အညံ၊ တပါးသူကို။ နပုစ္ဆာမိ၊ မမေး။
တုဝံ၊ ဒါယိကာမကြီးကို။ ပုစ္ဆာမိ၊ ၏။ ဣတိ၊ ဤသို့ ဆို၏။

ဧဝံသန္တေပိ၊ ဤသို့ မလွဲသာအောင် မေးသော်လည်း။ ဥပါသိကာ၊
ဒါယိကာမကြီးသည်။ ပရစိတ္တံ၊ သူတပါးစိတ်ကို။ ဇာနာမိ၊ သိ၏ ဟူ၍။
အဝတွာ၊ မဆိုမူ၍။ ပုတ္တ၊ ငါ့သား မောင်ပဉ္စင်း။ ပရစိတ္တံ၊ သူတပါးစိတ်ကို။
ဇာနန္တာနာမ၊သိသောသူတို့မည်သည်ကား။ဧဝံ၊ဤသို့။ ကရောန္တိ၊ပြုကုန်၏။
ဣတိအာဟ၊ ဤသို့ဆိုအပ်၏။ သော၊ ထိုရဟန်းသည်။ ဣဒံကမ္မံပန၊ ဤအမှု
သည်ကား။ဘာရိယံ၊ဝန်လေး၏။ပုထုဇ္ဇနာ နာမ၊ပုထုဇဉ်တို့ မည်သည်ကား။
သောဘဏံပိ၊ တင့်တယ်သော အာရုံကိုလည်း။ စိန္တေန္တိ၊ ကြံကုန်၏။ အဟံ၊
သည်။ အယုတ္တံ၊ မသင့်တင့် မလျောက်ပတ်သည်ကို။ သစေစိန္တယိဿာမိ၊
အကယ်၍ကြံမှားသည်ဖြစ်အံ့။သဟဘဏ္ဍကေန၊ ဥစ္စာထုပ်နှင့်တကွ မိသော။
စောရံ၊ ခိုးသူကို။ စူဠာယ၊ဆံပင်ရောင်ထုံး၍။ ဂဏှန္တိဝိယ၊ ဆွဲငင်ဘိ သကဲ့သို့။
မံ၊ ငါ့ကို။ ဝိပ္ပကာရံ၊ ဖရိုဖရဲပေါက်ပြန်ခြင်းသို့။ ပါပေယျ၊ ရောက်လေရာ၏။
မယာပန၊ ငါသည်ကား။ ဣတော၊ ဤကျောင်းမှ။ ပလာယိတုံ၊ ပြေးခြင်း

ငှါ။ ဝဋ္ဋတီတိ၊ သင့်၏ဟု။ စိန္တေတွာ၊ ကြံ၍။ ဥပါသိကေ၊ ဒါယိကာမအလှူရှင်။ အဟံ၊ ငါသည်။ ဂမိဿာမိ၊ သွားအံ့။ ဣတိအာဟ၊ ဤသို့ဆို၏။ အယျ၊ အရှင်ဘုရား။ ကဟံ၊ အဘယ်အရပ်သို့။ ဂမိဿသိ၊ သွားအံ့နည်း။ ဣတိ၊ ဤသို့မေးလတ်သော်။ ဥပါသိကေ ဒါယိကာမ။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့ သွားပါအံ့။ ဣတိ၊ ဤသို့ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ တာဝ၊ ရှေးဦးစွာ။ ဣဓ၊ ဤကျောင်း၌။ ဝသထ၊ နေပါဦးလော့။ ဣတိ၊ ဤသို့လျှောက်သည်ရှိသော်။ ဥပါသိကေ၊ ဒါယိကာမ။ နဝသိဿာမိ၊ မနေအံ့။ ဂမိဿာမေဝ၊ သွားအံ့သည်သာလျှင်တည်း။ ဣတိ၊ ဤသို့ဆို၍။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ အဂမာသိ၊ သွား၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းကို။ သတ္ထာ၊ ဘုရားရှင်သည်။ ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ကိံ၊ အဘယ့်ကြောင့်။ တတ္ထ၊ ထိုကျောင်း၌။ နဝသသိ၊ မနေလေဘိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မနေဝံ့သည်မှန်ပါ၏ အရှင်ဘုရား။ တတ္ထ၊ ထိုကျောင်း၌။ ဝသိတုံ၊ ပျော်ပျော်နေခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်။ ဣတိ၊ ဤသို့ လျှောက်ရာ၌။ ဘိက္ခု၊ ရဟန်း။ ကိံကာရဏာ၊ အဘယ့်ကြောင့် မပျော်နိုင်သနည်း။ ဣတိ၊ ဤသို့ မေးတော်မူလတ်သော်။ ဘန္တေ၊ ဘုရား။ သာဥပါသိကာ၊ ထို ဒါယိကာမကြီးသည်။ စိန္တိတ စိန္တိတံ၊ ကြံတိုင်း ကြံတိုင်းသော။ သဗ္ဗံ၊ အလုံးစုံကို။ ဇာနာတိ၊ ကြောက်ခမန်းလိလိ သိခဲ့၏။ ပုထုဇ္ဇနာစ နာမ၊ ပုထုဇဉ်တို့ မည်သည်ကား။ သောဘဏံပိ၊ တင့်တယ်သော အာရုံကိုလည်းကောင်း။ အသောဘဏံပိ၊ မတင့်တယ်သော အာရုံကိုလည်းကောင်း။ စိန္တေန္တိ၊ ကြံကြကုန်၏။ အဟံ၊ တပည့်တော်သည်။ ကိဉ္စိ၊ တစုံတခုသော။ အယုတ္တံ၊ မသင့်သော အာရုံကို။ သစေ စိန္တေဿာမိ၊ အကယ်၍ မတော်တဆ ကြံမိသည်ဖြစ်အံ့။ သဟဘဏ္ဍကေန၊ ဥစ္စာထုပ်နှင့်တကွ ဖမ်းမိခြင်းကြောင့်။ စောရံ၊ ခိုးသူကို။ စူဠာယ၊ ရောင်ထုံးဆံပင်၌။ ဂဏှန္တိ ဝိယ၊ ဆွဲငင်ဘိသကဲ့သို့။ မံ၊ တပည့်တော်ကို။ ဝိပ္ပကာရံ၊ ဖရိုဖရဲပျက်စီးခြင်းသို့။ ပါပေဿတိ၊ အပြစ်တင်သော အားဖြင့် ရောက်စေလတ္တံ့။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ အာဂတော၊ ရောက်လာသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ လျှောက်လတ်သော်။

ဘိက္ခု၊ ရဟန်း။ တတ္ထေဝ၊ ထိုကျောင်း၌ပင်လျှင်။ တယာ၊ သင်သည်။ ဝသိတုံ၊ နေခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊

အရှင်ဘုရား။ နသက္ကောမိ၊ နေခြင်းငှါ မတတ်နိုင်ပါ။ အဟံ၊ တပည့်တော်သည်။ တတ္ထ၊ ထိုဒါယိကာမ ကျောင်း၌။ နဝသိဿာမိ၊ မနေဝံ့။ ဣတိ၊ ဤသို့ လျှောက်၏။ ဘိက္ခု၊ ရဟန်း။ တေနဟိ၊ ထိုသို့တပြီးကား။ တွံ၊ သင်သည်။ ဧကမေဝ၊ တခုတည်းသော စိတ်ကိုသာလျှင်။ ရက္ခိတုံ၊ စောင့်ခြင်းငှါ။ သက္ခိဿတိ၊ တတ်နိုင်အံ့လော။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ၊ ဧကမေဝ ဟူသည် အဘယ်ပါနည်း။ ဣတိ၊ ဤသို့လျှောက်၏။ တဝ၊ သင်၏။ စိတ္တမေဝ၊ စိတ်ကိုသာလျှင်။ ရက္ခ၊ စောင့်လေလော့။ တေံစိတ္တံနာမ၊ ဤစိတ်မည်သည်ကို။ ဒုရက္ခံ၊ စောင့်နိုင်ခဲ၏။ တွံ၊ သင်သည်။ အတ္တနော၊ မိမိ၏။ စိတ္တမေဝ၊ စိတ်ကိုသာလျှင်။ နိဂ္ဂဏှ၊ နှိပ်နင်းလေလော့။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုကို။ မာစိန္တယိ၊ မကြံလင့်။ တေံ စိတ္တံနာမ၊ ဤစိတ်မည်သည်ကို။ ဒုန္နိဂ္ဂဟံ၊ နှိပ်နင်းနိုင်ခဲ၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၃၅) ဒုန္နိဂ္ဂဟဿ၊ အလွန်နှိပ်နင်းနိုင်ခဲသော။ လဟုနော၊ လျင်စွာဖြစ်ခြင်း, ချုပ်ခြင်းရှိသော။ ယတ္ထကာမ နိပါတိနော၊ အကြင်အကြင် အလိုရှိသော အာရုံ၌ ကျခြင်းရှိသော။ စိတ္တဿ၊ စိတ်ကို။ ဒမထော၊ ဆုံးမခြင်းသည်။ သာဓု၊ ကောင်း၏။ ဒန္တံ၊ ဆုံးမပြီးသည်ဖြစ်၍ ယဉ်ကျေးသော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ မဂ်, ဖိုလ်, နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ တေံ စိတ္တံနာမ၊ ဤစိတ်မည်သည်ကို။ ဒုက္ခေန၊ ဆင်းရဲငြိုငြင်စွာ။နိဂ္ဂယှတိ၊နှိပ်အပ်၏။ဣတိ၊ ထို့ကြောင့်။ ဒုန္နိဂ္ဂဟံ၊ ဒုန္နိဂ္ဂဟမည်၏။ လဟုံ၊ လျင်စွာ။ ဥပ္ပဇ္ဇတိစ၊ ဖြစ်လည်းဖြစ်၏။ နိရုဇ္ဈတိစ၊ ချုပ်လည်း ချုပ်၏။ ဣတိ၊ ထို့ကြောင့်။ လဟု၊ လဟုမည်၏။ ဒုန္နိဂ္ဂဟဿ၊ နှိပ်နင်းနိုင်ခဲသော။ တဿ လဟုနော၊ ထိုလျင်စွာ ဖြစ်ခြင်း, ချုပ်ခြင်းရှိသောစိတ်၏။ ယတ္ထကာမနိပါတိနောတိ၊ဟူသည်ကား။ ယတ္ထကဿစိဒေဝ၊ အကြင်အမှတ်မရှိသော အာရုံ၌လျှင်။ နိပါတနသီလဿ၊ ကျလေ့ရှိသော စိတ်၏။ ဟိ၊ ထိုစကားသင့်စွ။ တေံ၊ ဤစိတ်သည်။ လဘိတဗ္ဗဋ္ဌာနံ ဝါ၊ ရအပ်သောအကြောင်းကိုလည်းကောင်း။ အလဘိတဗ္ဗဋ္ဌာနံ ဝါ၊ မရအပ်သောအကြောင်းကိုလည်းကောင်း။ ယုတ္တဋ္ဌာနံ ဝါ၊ သင့်သောအကြောင်းကိုလည်းကောင်း။ အယုတ္တဋ္ဌာနံဝါ၊ မသင့်သော အကြောင်းကိုလည်း

ကောင်း။ နဇာနာတိ၊ မသိ။ ဇာတိံ၊ အမျိုးကို။ နေဝဩလောကေတိ၊ မကြည့်။ ဂေါတ္တံ၊ အနွယ်ကို။ နဩလောကေတိ၊ မကြည့်။ ဝယံ၊ အရွယ်ကို။ နဩလောကေတိ၊ မကြည့်။ ယတ္ထ ယတ္ထ၊ အကြင် အကြင် အာရုံ၌။ ဣစ္ဆတိ၊ အလိုရှိ၏။ တတ္ထတတ္ထေဝ၊ ထိုထိုအာရုံ၌လျှင်။ နိပတတိ၊ ကျ၏။ ဣတိ၊ ထို့ကြောင့်။ ယတ္ထကာမနိပါတိနောတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဧဝရူပဿ၊ ဤသို့ သဘောရှိသော။ တဿေဝ စိတ္တဿ၊ ထိုစိတ်ကိုလျှင်။ ဒမထော၊ ဆုံးမခြင်းသည်။ သာဓု၊ ကောင်း၏။ စတူဟိ အရိယမဂ္ဂေဟိ၊ လေးပါးသော အရိယမဂ်တို့ဖြင့်။ ဒန္တဘာဝေါ၊ ယဉ်ကျေးသော အဖြစ်သည်။ နိဗ္ဗိသေဝနံ၊ အဆိပ်မရှိခြင်းသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ကတဘာဝေါ၊ ကိလေသာဟူသော အဆိပ်မရှိအောင် ပြုခြင်းသည်။ သာဓု၊ ကောင်း၏။ ကိံကာရဏာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဟိ၊ ထိုစကားသင့်စွ။ ဒန္တံ၊ ယဉ်ကျေးအောင်။ နိဗ္ဗိသေဝနံ၊ အဆိပ်မရှိအောင်။ ကတံ၊ ပြုအပ်သော။ ဣဒံစိတ္တံ၊ သည်။ သုခါဝဟံ၊ ချမ်းသာကိုဆောင်တတ်၏။ မဂ္ဂဖလသုခဉ္စ၊ မဂ်, ဖိုလ် ချမ်းသာ ကိုလည်း ကောင်း။ပရမတ္ထနိဗ္ဗာနသုခဉ္စ၊မြတ်သောနိဗ္ဗာန်ချမ်းသာကို လည်းကောင်း။ အာဝဟတိ၊ ရွက်ဆောင်တတ်၏။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာ ပရိယောသာနေ၊ ဒေသနာ အဆုံး၌။ သမ္ပတ္တပရိသာယ၊ ရောက်လာသောပရိသတ်၌။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ သောတာပန္နာဒယော၊ သောတာပန်စသည် တို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ ဇာတာ၊ ဖြစ်၏။

သတ္ထာ၊ ဘုရားရှင်သည်။ တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ ဣမံဩဝါဒံ၊ ဤအဆုံးအမကို။ ဒတွာ၊ ပေး၍။ဘိက္ခု၊ ရဟန်း။ ဂစ္ဆ၊ သွားလေ။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုကို။ အစိန္တယိတွာ၊ မကြံမူ၍။ တတ္ထေဝ၊ ထိုကျောင်း၌သာလျှင်။ ဝသာဟိ၊ နေလေလော့။ ဣတိ၊ ဤသို့။ ပဟိဏိ၊ စေလွှတ်၏။ သော ဘိက္ခု၊ ထိုရဟန်းသည်။ သတ္ထုသန္တိကာ၊ ဘုရားအထံတော်မှ။ ဩဝါဒံ၊ အဆုံးအမကို။ လဘိတွာ၊ ရ၍။ တတ္ထ၊ ထိုကျောင်းသို့။ အဂမာသိ၊ သွားလေ၏။ ကိဉ္စိ၊ တစုံတခုသော။ ဗဟိဒ္ဓါ၊ အပဖြစ်သောအာရုံကို။ စိန္တနံနာမ၊ ကြံခြင်းမည်သည်ကို။ နစိန္တေသိ၊မကြံ။ မဟာဥပါသိကာပိ၊

ဒါယိကာမကြီးသည်လည်း။ ဒိဗ္ဗေန စက္ခုနာ၊ ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့်။
ဩလောကေန္တီ၊ ကြည့်သည်ရှိသော်။ ထေရံ၊ မထေရ်ကို။ ဒိသွာ၊ မြင်၍။
ဣဒါနိ၊ ယခုအခါ၌။ ဩဝါဒ ဒါယကံ၊ အဆုံးအမကို ပေးနိုင်သော။
အာစရိယံ၊ ဆရာကို။ လဘိတွာ၊ ရ၍။ ပုန၊ တဖန်။ မမပုတ္တော၊ ငါ့သား
သည်။ အာဂတော၊ လာ၏။ ဣတိ၊ ဤသို့။ အတ္တနော၊ မိမိ၏။ ဉာဏေနေဝ၊
ဉာဏ်ဖြင့်လျှင်။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ တဿ၊ ထိုရဟန်းအား။သပ္ပါယာ-
ဟာရံ၊ လျောက်ပတ်သော ဆွမ်းကို။ ပဋိယာဒေတွာ၊ စီရင်၍။ အဒါသိ၊
၏။

သော၊ ထိုရဟန်းသည်။ သပ္ပါယဘောဇနံ၊ လျောက်ပတ်သောဘောဇဉ်
ကို။ သေဝိတွာ၊ ၍။ ကတိပါဟေနေဝ၊ နှစ်ရက်, သုံးရက်ဖြင့် သာလျှင်။
အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာ၊ ရောက်၍။ မဂ္ဂဖလသုခေန၊ မဂ်ဖိုလ်
ချမ်းသာဖြင့်။ ဝီတိနာမေန္တော၊ လွန်စေလျက်။ မဟာ ဥပါသိကာ၊
အနာဂါမ်တည် အမယ်ကြီးသည်။ အဟော၊ အံ့ဘွယ်ရှိလှ၏။ မယှံ၊ ငါ၏။
ပတိဋ္ဌာ၊ တည်ရာသည်။ ဇာတာ၊ ဖြစ်ပေစွ။ အဟံ၊ ငါသည်။ ဣမံ၊ဤအဖွား
အေကို။နိဿာယ၊မှီ၍။ဘဝနိဿရဏံ၊ ဝဋ်မှထွက်မြောက်ခြင်းသို့။ ပတ္တောမှိ-
တိ၊ရောက်ပေပြီဟု။စိန္တေတွာ၊ကြံ၍။ တာဝ၊ရှေးဦးစွာ။ မေ၊ငါ၏။ ဣမသ္မိံ-
အတ္တဘာဝေ၊ ဤကိုယ်အဖြစ်၌။ ပတိဋ္ဌာ၊ တည်ရာသည်။ ဇာတာ၊ ဖြစ်၏။
သံသာရေ ပန၊ သံသရာ၌ကား။ မေ၊ ငါ၏။ သံသရန္တဿ၊ ကျင်လည်စဉ်။
မေ၊ ငါ၏။ အညေသုပိ၊ တပါးလည်း ဖြစ်ကုန်သော။ အတ္တဘာဝေသု၊
အတ္တဘောတို့၌။ အယံ၊ ဤဒါယိကာမကြီးသည်။ ပတိဋ္ဌာ၊ တည်ရာသည်။
ဘူတပုဗ္ဗာ၊ ဖြစ်ဘူးလေသလော။ နော၊ မဖြစ်ဘူးလေသလော။ ဣတိ၊ သို့။
ဥပဓာရေန္တော၊ စူးစမ်းသည်ရှိသော်။ ဧကူနအတ္တဘာဝသတံ၊ ကိုးဆယ့်ကိုး
ဘဝသောကိုယ်၏အဖြစ်ကို။အနုဿရိ၊အောက်မေ့၏။ သာပိ၊ ထိုဒါယိကာမ
ကြီးသည်လည်း။ ဧကူနအတ္တဘာဝသတေ၊ ကိုးဆယ့်ကိုးခုသော ကိုယ်၏
အဖြစ်၌။ တဿ၊ ထိုမထေရ်၏။ ပါဒပရိစာရိကာ၊ ခြေရင်းအလုပ်အကျွေး
ဖြစ်သော ခင်ပွန်းမသည်။ ဟုတွာ၊၍။ အညေသု၊ တပါးသူတို့၌။ပဋိဗဒ္ဓ-
စိတ္တာ၊ တပ်သောစိတ်ရှိသည်။ ဟုတွာ၊ ဖြစ်ခြင်းကြောင့်။ တံ၊ ထိုမထေရ်
ဖြစ်ဘူးသောယောကျ်ားကို။ ဇီဝိတာ၊ အသက်မှ၊ ဝေါရောပေသိ၊ ကျစေ
၏။ ထေရော၊ မထေရ်သည်။ တဿာ၊ ထိုဒါယိကာမ၏။ ဧတ္တကံ၊ ဤမျှ
လောက်သော။ အဂုဏရာသိံ၊ ကျေးဇူးမဲ့ အစုကို။ ဒိသွာ၊ မြင်၍။ အယံ·

မဟာဥပါသိကာ၊ ဤအမယ်ကြီးသည်။ အဟော၊ အံ့ဘွယ်ရှိစွ။ ဘာရိယံ၊ ဝန်လေးသော။ ကမ္မံ၊ အမှုကို။ အကာသိ၊ ပြုလေပြီ။ ဣတိစိန္တေသိ၊ ဤသို့ ကြံ၏။

မဟာဥပါသိကာပိ၊ ဒါယိကာမကြီးသည်လည်း။ ဂေဟေ၊ အိမ်၌။ နိသိန္နာဝ၊ နေလျက်လျှင်။ကိံ နုခေါ၊ အသို့နည်း။ မယှံ၊ ၏။ ပုတ္တဿ၊ သား အား။ ပဗ္ဗဇိတကိစ္စံ၊ရဟန်းကိစ္စသည်။ မတ္ထကံ၊ အပြီးသို့။ ပတ္တံ၊ ရောက်လေ ပြီလော။ နော၊ မရောက်လေသေးသလော။ ဣတိ၊ သို့။ ဥပဓာရိယမာနာ၊ စူးစမ်းသည်ရှိသော်။ တဿ၊ ထိုရဟန်း၏။ အရဟတ္တပ္ပတ္တိံ ၊ ရဟန္တာအဖြစ် သို့ရောက်ခြင်းကို။ ဉတွာ၊ ၍။ ဥတ္တရိ၊ အလွန်။ ဥပဓာရယမာနာ၊ စူးစမ်း ဆင်ခြင်ပြန်သည်ရှိသော်။ မမပုတ္တော၊ သည်။ အရဟတ္တံ၊ရဟန္တာအဖြစ်သို့။ ပတွာ၊ ရောက်၍။ အယံဥပါသိကာ၊ ဤဒါယိကာမကြီးသည်။ အဟော- ဝတ၊ အံ့ဘွယ်ရှိစွတကား။ မေ၊ ငါ့အား။ဝါ၊ ၏။ မဟတီ၊ ကြီးစွာသော။ ပတိဋ္ဌာ၊ တည်ရာသည်။ ဇာတံ၊ ဖြစ်၏။ ဣတိစိန္တေတွာ၊ ဤသို့ကြံပြီး၍။ အတီတေပိ၊အတိတ်ဘဝ၌လည်း။မေ၊ ငါ၏။ အယံ၊ ဤဒါယိကာမသည်။ ပတိဋ္ဌာ၊ တည်ရာသည်။ ဘူတပုဗ္ဗာ နုခေါ၊ ဖြစ်ဘူးလေပြီလော။ နော၊ မဖြစ်ဘူးလေသလော။ ဣတိ၊ သို့။ ဥပဓာရေန္တော၊ ဆင်ခြင်သည်ရှိသော်။ ဧကူန အတ္တဘာဝသတံ၊ ကိုးဆယ့်ကိုးဘဝသော ကိုယ်၏အဖြစ်ကို။ အနု- ဿရိ၊ အောက်မေ့၏။ အဟံခေါပန၊ ငါသည်ကား။ ဧကူနအတ္တဘာဝ- သတေ၊ ကိုးဆယ့်ကိုး ဘဝသော ကိုယ်၏ အဖြစ်၌။ အညေဟိ၊ သူတပါး တို့နှင့်။ သဒ္ဓိံ ၊ တကွ။ ကေတောဟုတွာ၊ တပေါင်းတည်းဖြစ်၍။ တေံ၊ ဤမထေရ် အလောင်းကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေသိံ ၊ ကျစေ ဘူးပြီ။ အယံ၊ ဤရဟန်းသည်။မေ၊ ငါ၏။ တွေကံ၊ ဤမျှလောက်သော။ အဂုဏံ၊ ကျေးဇူးမဲ့ကို။ ဒိသွာ၊ ၍။ ဥပါသိကာယ၊ ဒါယိကာမကြီးသည်။ ဘာရိယံကမ္မံ၊ ဝန်လေးသောအမှုကို။ ကတံ၊ ပြုခြင်းသည်။ အဟော၊ အံ့ဘွယ်ရှိလှ၏။ ဣတိစိန္တေသိ၊ ၏။

ဧဝံ၊ ဤသို့။ သံသာရေ၊ သံသရာ၌။ သံသရန္တိယာ၊ ကျင်လည်သည် ရှိသော်။ မမပုတ္တဿ၊ ငါ့သားအား။ ဥပကာရော၊ ကျေးဇူးကို။ ကတ- ပုဗ္ဗော၊ ပြုဘူးခြင်းသည်။ အတ္ထိနုခေါ၊ ရှိဘူးသလော။ ဣတိ၊ ဤသို့။ သာ၊ ထိုဒါယိကာမသည်။ (သာ, ကား ထည့်သည်) ဥပဓာရယမာနာ၊ ဆင်ခြင် သည်ရှိသော်။ တတော၊ ထို့ထက်။ ဥတ္တရိ၊ အလွန်။ သတမံ အတ္တဘာဝံ၊

တရာမြှောက်သော အတ္တဘောကို။အနုဿရိတွာ၊ အောက်မေ့၍။ သတမေ-အတ္တဘာဝေ၊ တရာမြှောက်သော အတ္တဘော၌။ မယာ၊ ငါသည်။ တေသ၊ ဤရဟန်း၏။ ပါဒပရိစာရိကာ၊ ခြေရင်းအလုပ်အကျွေး ခင်ပွန်းမသည်။ ဟုတွာ၊၍။ တေသံ၊ဤရဟန်းကို။ ဇီဝိတာ၊ အသက်မှ။ဝေါရောပနဋ္ဌာနေ၊ ချရာ၌။ ဇီဝိတဒါနံ၊ အသက်အလှူကို။ ဒိန္နံ၊ ပေးလှူဘူးပြီး။ မယာ၊ ငါ သည်။ မမပုတ္တဿ၊ ငါ့သားအား၊ မဟာဥပကာရော၊ ကျေးဇူးအများကို။ ကတပုဗ္ဗော၊ ပြုဘူးခြင်းသည်။ အဟော၊ အံ့ဘွယ်ရှိ၏။ ဣတိ၊သို့။ ဂေဟေ၊ အိမ်၌။ နိသိန္နာဝ၊ နေလျက်လျှင်။ ဥတ္တရိ၊ အလွန်။ ပီသောသေတွာ၊ အထူး ပြု၍။ ဥပမာရေထ၊ဆင်ခြင်တော်မူကုန်လော့။ ဣတိ၊ သို့။ အာဟ၊ ၏။ သော၊ တိုမထေရ်သည်။ ဒိဗ္ဗာယ သောတဓာတုယာ၊ ဒိဗ္ဗသောတအဘိညာဉ် ဖြင့်။ သဒ္ဒံ၊ ကို။ သုတွာ၊ ၍။ ပီသောသေတွာ၊ အထူးပြု၍။ သတမံ အတ္တ-ဘာဝံ၊ တရာမြှောက်သော အတ္တဘောကို။ အနုဿရိတွာ၊ အောက်မေ့၍။ တတ္ထ၊ ထိုကိုယ်အဖြစ်၌။ တာယ၊ ထိုဒါယိကာမသည်။ အတ္တနော၊ ၏။ ဇီဝိတဿ၊ အသက်ကို။ ဒိန္နဘာဝံ၊ ပေးလှူဘူးသည်၏ အဖြစ်ကို။ ဒိသွာ၊ မြင်၍။ မမ၊ ငါ့အား။ ဣမာယမဟာဥပါသိကာယ၊ ဤဒါယိကာမကြီး သည်။ဥပကာရော၊ကျေးဇူးကို။ကတပုဗ္ဗော၊ပြုဘူးခြင်းသည်ကား။အဟော အံ့ဘွယ်ရှိလှ၏။ ဣတိ၊ သို့။ အတ္တမနော၊ ဝမ်းမြှောက်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ တံ၊ ထိုဒါယိကာမကို။ (တံကား ထည့်သည်။) တတ္ထေဝ၊ ထိုကျောင်း၌ပင်လျှင်။ စတူသု မဂ္ဂဖလေသု၊ လေးပါးကုန်သော မဂ်ဖိုလ် တို့၌။ ပဉှံ၊ ပြဿနာကို။ ကထေတွာ၊ မေး၍။ အနုပါဒိသေသာယ၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော။ နိဗ္ဗာနဓာတုယာ၊ နိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြု၏။

ဒုတိယံ၊ သော။ အညတရဘိက္ခု ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၃-စိတ္တဝဂ္ဂ၊ အညတရ ဥက္ကဏ္ဌိတဘိက္ခု ဝတ္ထု

အနုသန္ဓေ .. အညတရဘိက္ခုဝတ္ထု၌ ဟောကြောင်းဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ အညတရဥက္ကဏ္ဌိတဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ သုဒုဒ္ဒသံ-စသည်ကို မိန့်အပ်၏။

၁၉၀၉၉-

သုဒ္ဒိဒ္ဒသန္တိ ဣမံ ဓမ္မဒေသနံ၊ သုဒ္ဒိဒ္ဒသံ-စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဇေတဝနေ၊ ၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ အညတရံ၊ အမှတ်မရှိသော။ ဥက္ကဏ္ဌိတ ဘိက္ခုံ၊ သာသနာတော်မှ ဆန့်ကျင်သော ရဟန်းကို။ အာရဗ္ဘ၊ ၍။ ကထေသိ၊ ဟောတော်မူ၏။

သတ္ထရိ၊ ဘုရားရှင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တေ၊ နေတော်မူသည် ရှိသော်။ ဧကော သေဋ္ဌိပုတ္တော၊ သူဌေးသားတယောက်သည်။အတ္တနော၊ မိမိ၏။ ကုလူပဂတ္ထေရံ၊ အိမ်သို့ကပ်တတ်သောမထေရ်သို့။ ဥပသင်္ကမိတွာ၊ ၍။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စိတုကာမော၊ လွတ်ခြင်းငှါအလိုရှိ၏။မေ၊ ငါ့အား။ဒုက္ခတော၊ ဝဋ်ဆင်းရဲမှ။ ဧကံ၊ တခုသော။မုစ္စနကာရဏံ၊ လွတ်အံ့သောအကြောင်းကို။ ကထေထ၊ ဟောတော်မူပါလော့။ ဣတိ၊ ဤသို့။ အာဟ၊ ကိရ၊ လျှောက်သတတ်။ အာဝုသော၊ ဒါယကာ၊ သာဓု၊ ကောင်း၏။ ဒုက္ခာ၊ ဆင်းရဲမှ။ သစေ မုစ္စိတုကာမော၊ အကယ်၍ လွတ်လိုသည်ဖြစ်အံ့။ သလာကဘတ္တံ၊ စာရေးတံဆွမ်းကို။ ဒေဟိ၊ လှူလော့။ ပက္ခိကဘတ္တံ၊ လဆန်းပက္ခ လဆုတ်ပက္ခ၌ လှူအပ်သောဆွမ်းကို။ ဒေဟိ၊ လှူလော့၊ ဝဿာဝါသိကံ၊ ဝါဆိုကျောင်းကို။ ဒေဟိ၊ လှူလော့၊ စီဝရာဒယော၊ သင်္ကန်းအစရှိကုန်သော။ ပစ္စယေ၊ ပစ္စည်းတို့ကို။ ဒေဟိ၊ လှူလော့။ အတ္တနော၊ မိမိ၏။ သာပတေယျံ၊ ဥစ္စာနှစ်ကို။ တယော ကောဋ္ဌာသေ၊ သုံးဘို့ သုံးစု တို့ကို။ ကတွာ၊ ပြု၍။ ဧကေန၊ တဘို့တစုဖြင့်။ ကမ္မန္တံ၊ အမှုလုပ်ကို။ ပယောဇေဟိ၊ ရောင်းဝယ်ခြင်း စသည်ဖြင့် ယှဉ်လေလော့။ ဧကေန၊ တဘို့တစုဖြင့်။ပုတ္တဒါရံ၊ သားမယားကို။ ပေါသေဟိ၊ ကျွေးမွေး စောင့်ရှောက် လေလော့။ဧကံ၊ တဘို့တစုကို။ ဗုဒ္ဓသာသနေ၊ ဘုရားသာသနာတော်၌။ ဒါနံ၊ အလှူကို။ ဒေဟိ၊ ပေးလေလော့၊ ဣတိ အာဟ၊ ဤသို့ဆို၏။

သော၊ ထိုသူဌေးသားသည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပြီ။ ဣတိ၊ သို့။ ဝုတ္တပဋိပါဋိယာ၊ ဆိုခဲ့ပြီးသော အစဉ်အတိုင်း။ သဗ္ဗံ၊ အလုံးစုံကို။ ကတွာ၊ ပြု၍။ ပုန၊ တဖန်။ ထေရံ၊ မထေရ်ကို။ ပုစ္ဆိ၊ မေး၏။ ဣတော၊ ဤဆိုခဲ့ပြီးသော အစီအရင်ထက်။ ဥတ္တရိ၊ အလွန်။ အညံ၊ တပါးကို။ ဘန္တေ၊ အချင်ဘုရား။ ကိံ၊ အဘယ်သို့။ ကရောမိ၊ ပြုရအံ့နည်း။ ဣတိ၊ ဤသို့လျှောက်သည်ရှိသော်။ အာဝုသော၊ ဒါယကာ။ တီဏိ သရဏာနိ၊ သုံးပါးသော သရဏဂုံတို့ကို။ ဂဏှ၊ ဆောက်တည်လော့။

ပဉ္စသီလာနိ၊ပဉ္စသီလတို့ကို။ဂဏှ၊ယူလော့၊ဣတိ၊ဤသို့ အမိန့်ရှိ၏။ တာနိပိ၊
ထိုသရဏဂုံ, ပဉ္စသီတို့ကိုလည်း။ ပဋိဂ္ဂဟေတွာ၊ ခံယူပြီး၍။ တတော၊ ထို့
ထက်။ ဥတ္တရိ။ အလွန်။ ပုစ္ဆိ၊ မေး၏။ တေနဟိ၊ ထိုသို့တပြီးကား။ ဒသ၊
သီလာနိ၊ ဒသသီလတို့ကို။ ဂဏှာဟိ၊ ယူလော့။ ဣတိ၊ ဤသို့ ဆို၏-
ဘန္တေ၊ အရှင်ဘုရား။ သာခု၊ ကောင်းပြီ။ ဣတိ၊ ဤသို့။ ဂဏှိ၊ ယူ၏။
သော၊ ထိုသူဌေးသားသည်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ပုညာကမ္မဿ။
ကုသိုလ်ကောင်းမှုကို။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ အနုပုဗ္ဗ-
သေဋ္ဌိပုတ္တောနာမ၊ အနုပုဗ္ဗသူဌေးသားမည်သည်။ ဇာတော၊ ဖြစ်၏။
တတော၊တို့ထက်။ဥတ္တရိပိ၊ အလွန်လည်း။ ကတ္တဗ္ဗံ၊ ပြုအပ်သောအမှုသည်။
ဘန္တေ၊ အရှင်ဘုရား။ အတ္ထိ၊ ရှိပါသလော။ ဣတိ၊ ဤသို့။ ပုန၊ တဘန်။
ပုစ္ဆိတွာ၊ မေး၍။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ ပဗ္ဗာဇေဟိ၊ ရဟန်းပြု
လေလော့။ ဣတိဝုတ္တော၊ ဤသို့ဆိုလတ်သော်။ နိက္ခမိတွာ၊ ထွက်၍။
ပဗ္ဗဇိ၊ ရဟန်းပြု၏။

တဿ၊ ထိုရဟန်း၏။ အာဇရိယော၊ ဆရာသည်။ ဧကော အာဘိဓမ္မိက-
ဘိက္ခု၊ အဘိဓမ္မာကို ဆောင်သော ရဟန်းတယောက်သည်။ အဟောသိ၊
ဖြစ်၏။ဧကော ဝိနယဓရော၊ဝိနည်းဓိုရ်တပါးသည်။ ဥပဇ္ဈာယော၊ဥပဇ္ဈာယ်
သည်။ အဟောသိ၊ ဖြစ်၏။ လဒ္ဓူပသမ္ပဒဿ၊ ပဉ္စင်းအဖြစ်ကို ရပြီးသော။
တဿ၊ ထိုရဟန်း၏။ အာစရိယော၊ ဆရာသည်။ အတ္တနော၊ ၏။ သန္တိကံ၊
အထံသို့။ အာဂတကာလေ၊ လာသောအခါ၌။ အဘိဓမ္မေ၊ အဘိဓမ္မာ၌။
ပဉှံ၊ ပြဿနာကို။ ကထေသိ၊ ပြောဟော၏။ ဗုဒ္ဓသာသနေနာမ၊ ဘုရား
သာသနာတော် မည်သည်ကား။ ဣဒံ၊ ဤမည်သောသဘောကို။ ကာတုံ၊
ပြုခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ဣဒံ၊ဤအမှုသည်။ န ဝဋ္ဋတိ၊မအပ်။ဣတိ၊ဤသို့
ပြောဟော၏။ အဿ၊ ထိုရဟန်း၏။ဥပဇ္ဈာယောပိ၊ဥပဇ္ဈာယ်သည်လည်း။
အတ္တနော၊မိမိ၏။ သန္တိကံ၊ အထံသို့။အာဂတကာလေ၊ လာသောအခါ၌။
ဝိနယေ၊ ဝိနည်း၌။ပဉှံ၊ပြဿနာကို။ကထေသိ၊ဟောပြော၏။ဗုဒ္ဓသာသနေ-
နာမ၊ ဘုရားသာသနာတော် မည်သည်ကား။ ဣဒံ၊ ဤမည်သော အမှုကို။
ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ဣဒံ၊ ဤအမှုသည်။ နဝဋ္ဋတိ၊ မအပ်။
ဣဒံ၊ဤအမှုသည်။ကပ္ပတိ၊အပ်၏။ဣဒံ၊ဤအမှုသည်။နကပ္ပတိ၊မအပ်။ဣတိ၊
ဤသို့ပြောဟော၏။ သော၊ ထိုသူဌေးသား ရဟန်းသည်။ စိန္တေသိ၊ ကြံ၏။
ဣဒံကမ္မံ၊ ဤရဟန်းကိစ္စသည်။ အဟောဘာရိယံ၊ အလွန်လျှင် ဝန်လေးစွ။

အဟံ၊ ငါသည်။ ဒုက္ခာ၊ ဆင်းရဲခြင်းမှ။ မုစ္စိတုကာမော၊ လွတ်လို၍။
ပဗ္ဗဇိတော၊ရဟန်းပြု၍။ဣမံ၊ဤသာသနာတော်၌။မမ၊ငါ၏။ ဟတ္ထပသာရ-
ဏဋ္ဌာနမေဝ၊ လက်ဆန့်ရာအရပ်မျှသည်လည်း။နပညာယတိ၊မထင်။ ဂေဟော၊
အိမ်၌။ဌတွာဝ၊ နေ၍လျှင်။ ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စိတုံ၊ လွတ်ခြင်းငှါ။သက္ကာ၊
တတ်နိုင်လောက်၏။ မယာ၊ ငါသည်။ ဂိဟိနာ၊ လူသည်။ ဘဝိတုံ၊ ဖြစ်ခြင်း
ငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ကြံ၏။ သော၊ ထိုရဟန်းသည်။ တတော-
ပဋ္ဌာယ၊ ထိုအခါမှစ၍။ ဥက္ကဏ္ဌိတော၊ ဆန့်ကျင်သည်ဖြစ်၍။ အနဘိရတော၊
မမွေ့လျော်သည်ဖြစ်၍။ ဒွတ္တိံသာကာရေ၊ ဒွတ္တိံသာကာရတို့ကို။ သဇ္ဈာယံ၊
စီးဖြန်းခြင်း,သရဇ္ဈာယ်ခြင်းကို။နကရောတိ၊မပြု။ဥဒ္ဒေသံ၊ပါဠိကို။ နဂဏှာ-
တိ၊ မသင်။ ကိသော၊ ကြုံသည်။ လူခေါ၊ ခေါင်းပါးသည်။ ဓမနိသန္ထတ-
ဂတ္တော၊ အကြော ပြိုင်းရှိုင်းထသည်။အာလသိယာဘိဘူတော၊ အပျင်းနှိပ်
စက်ခြင်း ရှိသည်။ ကစ္ဆုပရိကိဏ္ဏော၊ ဝမ်းပြည့်သည်။ အဟောသိ၊ ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းကို။ ဒဟရသာမဏေရာ၊ သာမဏေငယ်
တို့သည်။ အာဝုသော၊ အရှင်ဘုရားကြီး။ ကိံ၊ အဘယ်သို့နည်း။ တွံ၊ အရှင်ဘုရား
ကြီးသည်။ ဌိတဋ္ဌာနေ၊ ရပ်၍နေရာ၌။ ဌိတောဝ၊ ရပ်မြဲတိုင်းသာလျှင်။
နိသိန္နဋ္ဌာနေ၊ ထိုင်၍နေရာ၌။ နိသိန္နောဝ၊ ထိုင်မြဲတိုင်းသာလျှင်။ အဟောသိ၊
ဖြစ်၏။ပဏ္ဍုရောဂါဘိဘူတော၊ခယရောဂ်အနာ နှိပ်စက်ခြင်းကြောင့်။ကိသော၊
ကြုံလေသလော။ လူခေါ၊ ညစ်ညူးလေသလော။ ကစ္ဆုပရိကိဏ္ဏော၊ ဝမ်း
ပြည့်လေသလော။ တေ၊ သင်သည်။ ကိံ၊ အဘယ်အမှုကို။ ကတံ၊ ပြုမိ
သနည်း။ ဣတိပုစ္ဆိံသု၊ ဤသို့မေးကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဥက္ကဏ္ဌိ-
တော၊ ဆန့်ကျင်သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ဆို၏။ ကိံကာရဏာ၊
အဘယ့်ကြောင့် ဆန့်ကျင်ပါလေဘိသနည်း။ ဣတိ၊ ဤသို့မေးကုန်သည်
ရှိသော်။ သော၊ ထိုသူဌေးသား ရဟန်းသည်။ တံ ပဝတ္တိံ၊ ထိုအကြောင်း
ကို။ အာရောစေသိ၊ ကြား၏။ တေ၊ ထိုသာမဏေတို့သည်။ တဿ၊ထိုရဟန်း
၏။ အာစရိယုပဇ္ဈာယာနံ၊ဆရာဥပဇ္ဈာယ်တို့အား။ အာစိက္ခိံသု၊ ကြားကုန်
၏။ အာစရိယုပဇ္ဈာယာ၊ဆရာဥပဇ္ဈာယ်တို့သည်။တံ၊ ထိုရဟန်းကို။ အာဒါ-
ယ၊ ခေါ်ခဲ့၍။ သတ္ထုသန္တိကံ၊ ဘုရားအထံတော်သို့။ အဂမံသု၊ သွားကုန်၏။
သတ္ထာ၊ ဘုရားရှင်သည်။ ဘိက္ခဝေ၊ တို့။ ကိံ၊ အဘယ့်ကြောင့်။ အာဂတာ၊
လာကုန်သည်။ အတ္ထ၊ ဖြစ်ကုန်သနည်း။ ဣတိအာဟ၊ ဤသို့မေးတော်မူ၏။

ဘန္တေ၊ အရှင်ဘုရား။ အယံဘိက္ခု၊ ဤရဟန်းသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သာသနေ၊ အဆုံးအမ ပေးရာ၌။ ဥက္ကဏ္ဌိတော၊ ဆန့်ကျင်ခဲ့၏။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ ဘိက္ခု၊ ရဟန်း။ ဧဝံကိရ၊ ဤသို့ဆန့်ကျင်၏ ဟူသည် မှန်မည်လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဆန့်ကျင်သည် မှန်ပေ၏ဘုရား။ ဣတိ၊ ဤသို့လျှောက်၏။ ကိံကာရဏာ၊ အဘယ်ကြောင့် ဆန့်ကျင်ဘိသနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဒုက္ခာ၊ ဆင်းရဲခြင်းမှ။ မုစ္စိတုကာမော၊ လွတ်လို၍။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ တဿ မေ၊ ထိုအကျွန်ုပ်၏။ အာစရိယော၊ ဆရာသည်။ အဘိဓမ္မကထံ၊ အဘိဓမ္မာ တရားစကားကို။ ကထေသိ၊ ပြောဟော၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်သည်။ ဝိနယကထံ၊ ဝိနည်းတရားစကားကို။ ကထေသိ၊ ပြောဟော၏။ သွာဟံ၊ ထိုအကျွန်ုပ်သည်။ ဣဓ၊ ဤသာသနာတော်၌။ မေ၊ အကျွန်ုပ်၏။ ဟတ္ထပသာရဏဋ္ဌာနမေဝ၊ ကွေးသောလက်ကို ဆန့်ရာအကြောင်းမျှသည်လည်း။ နတ္ထိ၊ မရှိခဲ့။ ဘန္တေ၊ အရှင်ဘုရား။ ဂိဟိနာ၊ လူသည်။ ဟုတွာ၊ ဖြစ်၍။ ဒုက္ခာ၊ ဆင်းရဲခြင်းမှ။ မုစ္စိတုံ၊ လွတ်ခြင်းငှါ။ သက္ကာ၊ တတ်ကောင်း၏။ ဂိဟိ ဘဝိဿာမိ၊ လူထွက်အံ့။ ဣတိ၊ သို့။ သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်းကို။ အကာသိံ၊ ပြု၏။ ဣတိ၊ ဤသို့လျှောက်၏။

ဘိက္ခု၊ ရဟန်း။ တွံ၊ သင်သည်။ ဧကမေဝ၊ တခုတည်းသော တရားကို သာလျှင်။ ရက္ခိတုံ၊ စောင့်ခြင်းငှါ။ သစေ သက္ခိဿတိ၊ အကယ်၍ တတ်နိုင်သည်ဖြစ်အံ့။ အဝသေသာနံ၊ ကြွင်းသော အာရုံတို့ကို။ ရက္ခနကိစ္စံ၊ စောင့်ဘွယ် ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ ကိံ၊ အဘယ်ကို စောင့်ရအံ့နည်း။ ဣတိ၊ ဤသို့လျှောက်၏။ တဝ-စိတ္တမေဝ၊ သင့်စိတ်ကိုလျှင်။ ရက္ခိတုံ၊ စောင့်ခြင်းငှါ။ သက္ခိဿသိ၊ တတ်နိုင်အံ့လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ သက္ခိဿာမိ၊ တတ်နိုင်ပါအံ့။ ဣတိ၊ ဤသို့လျှောက်၏။ တေနဟိ၊ ထိုသို့တပြီးကား။ အတ္တနော၊ မိမိ၏။ စိတ္တမေဝ၊ စိတ်ကိုသာလျှင်။ ရက္ခာဟိ၊ စောင့်လေလော့။ ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စိတုံ၊ လွတ်ခြင်းငှါ။ သက္ကာ၊ တတ်နိုင်လောက်၏။ ဣတိ၊ ဤသို့။ ဣမံ ဩဝါဒံ၊ ဤအဆုံးအမကို။ ဒတွာ၊ ပေး၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၃၆) ဘိက္ခု၊ ရဟန်း။ သုဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲသော။ သုနိပုဏံ၊ အလွန်သိမ်မွေ့လှစွာသော။ ယတ္ထကာမနိပါတိနံ၊ အကြင်အမှတ်မရှိ အလိုရှိရာ အာရုံ၌ ကျလေ့ရှိသော။စိတ္တံ၊စိတ်ကို။မေဓာဝီ၊ ပညာရှိသည်။ရက္ခေထ၊ စောင့်ရာ၏။ ဂုတ္တံ၊ လုံခြုံစွာ စောင့်အပ်သော။ စိတ္တံ၊ စိတ်သည်။ သုခါဝဟံ၊ မဂ်,ဖိုလ်,နိဗ္ဗာန်ချမ်းသာကို ဆောင်တတ်၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ သုဒုဒ္ဒသန္တိ၊ သုဒုဒ္ဒသံ-ဟူသည်ကား။ သုဋ္ဌု ဒုဒ္ဒသံ၊ လွန်စွာ မြင်နိုင်ခဲသော။ သုနိပုဏန္တိ၊ ဟူသည်ကား။ သုဋ္ဌု နိပုဏံ ပရမသဏှံ၊ လွန်စွာ သိမ်မွေ့ခြင်းရှိသော။ ယတ္ထကာမ နိပါတိနန္တိ၊ ဟူသည်ကား။ ဇာတိ-အာဒီနိ၊ အမျိုးစသည်တို့ကို။ အနောလောကေတွာ၊ မငဲ့မူ၍။ လဘိတဗ္ဗာ-လဘိတဗ္ဗ ယုတ္တာယုတ္တဋ္ဌာနေသု၊ ရသင့်,မရသင့် ယှဉ်သင့် မယှဉ်သင့်သော ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့တွင်။ ယတ္ထကတ္ထစိ၊ အမှတ်မဲ့တပါးပါး၌။ နိပါတန-သီလံ၊ ကျလေ့ရှိသော။ စိတ္တံ ရက္ခေထ မေဓာဝီတိ၊ ဟူသည်ကား။ အန္ဓ-ဗာလော၊ အလွန်မိုက်သော။ ဒုမ္မေဓော၊ ပညာမရှိသောသူသည်။ အတ္တ-နော၊ မိမိ၏။ စိတ္တံ၊ စိတ်ကို။ ရက္ခိတုံ၊ စောင့်ခြင်းငှါ။ သမတ္ထောနာမ၊ စွမ်းနိုင်သော မည်သည်။ နတ္ထိ၊ မရှိ။ စိတ္တဝသိကော၊ စိတ်၏ အလိုသို့ လိုက်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ အနယဗျသနံ၊ အကျိုးမဲ့ပျက်စီးခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ ပန၊ စင်စစ်သော်ကား။ မေဓာဝီ၊ ထိုးထွင်းသော ဉာဏ်ရှိသော။ ပဏ္ဍိတောဝ၊ ပညာရှိသည်သာလျှင်။ စိတ္တံ၊ စိတ်ကို။ ရက္ခိတုံ၊ စောင့်ခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။ တသ္မာ၊ ထိုကြောင့်။ တုမှေပိ၊ သင်သည်လည်း။ စိတ္တမေဝ၊ စိတ်ကိုသာလျှင်။ ဂေါပေဟိ၊ လုံခြုံစေလော့။ ဟိ၊ ထိုစကားသင့်စွ။ ဣဒံ စိတ္တံ၊ ဤစိတ်သည်။ ဂုတ္တံ၊ လုံခြုံသည် ဖြစ်အံ့။ သုခါဝဟံ၊ ချမ်းသာကို ဆောင်နိုင်၏။ မဂ္ဂဖလ နိဗ္ဗာန သုခါနိ၊ မဂ်, ဖိုလ်, နိဗ္ဗာန် ချမ်းသာတို့ကို။ အာဝဟတိ၊ ရွက်ဆောင်နိုင်၏။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာပရိယောသာနေ၊ ဒေသနာအဆုံး၌။ သောဘိက္ခု၊ ထိုရဟန်းသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပန္နာဒယော၊ သောတာပန် အစရှိသည်တို့သည်။ အဟေသုံ၊

ကုန်၏။ ဒေသနာ၊ ဒေသနာသည်။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ၊ အကျိုးရှိသည်။ အဟောသိ၊ ဖြစ်၏။

တတိယံ၊ သော။ အညတရ ဥက္ကဏ္ဌိတဘိက္ခု ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ဤတွင် ပြီးပြီ။

---

၃-စိတ္တဝဂ္ဂ၊ ၄-သံဃရက္ခိတ ဘာဂိနေယျတ္ထေရ ဝတ္ထု

အနုသန္ဓေ.... အညတရ ဥက္ကဏ္ဌိတဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ သံဃရက္ခိတဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ ဒူရင်္ဂမန္တိ-စသည်ကို မိန့်အပ်၏။

ဒူရင်္ဂမန္တိ ဣမံ ဓမ္မဒေသနံ၊ ဒူရင်္ဂမံ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားရှင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူသည်ရှိသော်။ သံဃရက္ခိတံနာမ၊ သံဃရက္ခိတ မည်သော။ ဘိက္ခုံ၊ ရဟန်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဧကောကုလ-ပုတ္တော၊ အမျိုးသားတယောက်သည်။ သတ္ထု၊ ဘုရားရှင်၏။ ဓမ္မဒေသနံ၊ တရားဟောသံကို။ သုတွာ၊ ၍။ နိက္ခမိတွာ၊ တောထွက်၍။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ လဒ္ဓူပသမ္ပဒေါ၊ ပဉ္စင်းအဖြစ်ကို ရ၍။ သံဃရက္ခိတတ္ထေရော-နာမ၊ သံဃရက္ခိတမထေရ် အမည်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကတိပါဟေ-နေဝ၊ နှစ်ရက် သုံးရက်ဖြင့်သာလျှင်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ တဿ၊ ထိုမထေရ်၏။ ကနိဋ္ဌဘဂိနီ၊ နှမငယ်သည်။ ပုတ္တံ၊ သားကို။ လဘိတွာ၊ ရ၍။ ထေရဿ၊ မထေရ်၏။ နာမံ၊ သံဃရက္ခိတဟူသော အမည်ကို။ အကာသိ၊ မှည့်၏။ သော၊ ထိုသူငယ်သည်။ ဘာဂိနေယျ-သံဃရက္ခိတောနာမ၊ တူငယ် သံဃရက္ခိတမည်သည်။ ဟုတွာ၊ ဖြစ်၍။ ဝယပတ္တော၊ အရွယ်သို့ ရောက်လတ်သော်။ ထေရဿေဝ၊ မထေရ်၏လျှင်။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ လဒ္ဓူပသမ္ပဒေါ၊ ပဉ္စင်းအဖြစ်ကို ရပြီးသည်ရှိသော်။ အညတရသ္မိံ၊ အမှတ်မရှိသော။ ဂါမကာရာမေ၊ ဂါမက ရွာ၏ အာရာမ်ဥယျာဉ်၌။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာ၊ ကပ်၍။ ဧကံ သတ္တဟတ္ထံ၊ ခုနစ်တောင်ရှိသော တထည်သော သင်္ကန်းလျာ ပုဆိုးကိုရင်း။ ဧကံ အဋ္ဌ-ဟတ္ထံ၊ ရှစ်တောင်ရှိသော တခုသော သင်္ကန်းလျာ ပုဆိုးကိုရင်း။ ဣတိ၊

ဤသို့။ ဒွေ ဝဿာဝါသိကသာဋကေ၊ နှစ်ထည်သော ဝါဆိုသင်္ကန်းတို့ကို။ လဘိတွာ၊ ရ၍။ အဋ္ဌဟတ္ထံ၊ ရှစ်တောင်ရှိသော ပုဆိုးကို။ မေ၊ ငါ၏။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်အား။ ဘဝိဿတိ၊ လှူရသည်ဖြစ်လတ္တံ့။ ဣတိ၊ သို့။ သလ္လက္ခေတွာ၊ မှတ်၍။ သတ္တဟတ္ထံ၊ ခုနစ်တောင်ရှိသော ပုဆိုးသည်။ မယှံ၊ ငါ့ဘို့။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိစိန္တေတွာ၊ ဤသို့ ကြံ၍။ ဝုဋ္ဌဝဿော၊ ဝါကျွတ်ပြီးသည်ရှိသော်။ ဥပဇ္ဈာယံ၊ ဥပဇ္ဈာယ်ကို။ ပဿိဿာမိတိ၊ဖူးမြင်အံ့ဟူ၍။အာဂစ္ဆန္တော၊ လာလတ်သော်။ အန္တရာ မဂ္ဂေ၊ ခရီးအကြား၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တော၊ သွားစဉ်။ အာဂန္တွာ၊ ရောက်၍။ ထေရေ၊ မထေရ်သည်။ ဝိဟာရံ၊ ကျောင်းကို။ အနာဂတေယေဝ၊ မရောက်မီလျှင်။ ဝိဟာရံ၊ ကျောင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ထေရဿ၊ မထေရ်၏။ ဒိဝါဋ္ဌာနံ၊ နေ့သန့်စရာ အရပ်ကို။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍။ ပါဒေါဒကံ၊ ခြေဆေးရေကို။ ဥပဋ္ဌပေတွာ၊ တည်ထား၍။ အာသနံ၊ နေရာကို။ ပညပေတွာ၊ ခင်း၍။ အာဂမနံ မဂ္ဂံ၊ ကြွလာအံ့သော ခရီးကို။ ဩလောကေန္တော၊ ကြည့်လျက်။ နိသီဒိ၊ နေ၏။

အထ၊ ထိုအခါ၌။ အယံ၊ ထိုဥပဇ္ဈာယ်၏။ အာဂမနဘာဝံ၊ ကြွလာသည်၏ အဖြစ်ကို။ ဒိသွာ၊ မြင်၍။ ပစ္စုဂ္ဂမနံ၊ ခရီးဦးကြိုဆိုခြင်းကို။ ကတွာ၊ ပြု၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ ပဋိဂ္ဂဟေတွာ၊ လှမ်းယူ၍။ ဘန္တေ၊ ရှင်ဘုရား။ နိသီဒထ၊ နေတော်မူလော့။ ဣတိ၊ ဤသို့လျှောက်၏။ ထေရံ၊ မထေရ်ကို။ နိသီဒါပေတွာ၊ နေစေ၍။ တာလဝဏ္ဋံ၊ ထန်းရွက်ယပ်ကို။ အာဒါယ၊ ယူ၍။ ဗီဇိတွာ၊ ယပ်လေပေး၍။ ပါနီယံ၊ သောက်ရေကို။ ဒတွာ၊ ကပ်၍။ ပါဒေ၊ ခြေတို့ကို။ ဓောဝိတွာ၊ ဆေး၍။ တံ သာဋကံ၊ ထိုရှစ်တောင်သောပုဆိုးကို။ အာနေတွာ၊ ဆောင်ယူခဲ့၍။ ပါဒမူလေ၊ ခြေရင်း၌။ ဌပေတွာ၊ ထား၍။ ဘန္တေ၊ အရှင်ဘုရား။ ဣမံ၊ ဤသင်္ကန်းကို။ ပရိဘုဉ္ဇထ၊ သုံးဆောင်တော်မူပါလော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဗီဇယမာနော၊ ယပ်လေခတ်လျက်။ အဋ္ဌာသိ၊ နေ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုတိဿဒဟရသံဃရက္ခိတကို။ ထေရော၊ မထေရ်သည်။ အာဟ၊ ဆို၏။ သံဃရက္ခိတ၊ ငါ့တူသံဃရက္ခိတ။ မယှံ၊ ငါ့အား။ စီဝရံ၊ သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီ။ တွမေဝ၊ သင်သည်လျှင်။ ပရိဘုဉ္ဇ၊ သုံးဆောင်လေလော့။ ဣတိ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အကျွန်ုပ်သည်။ လဒ္ဓကာလတော၊ ရသောအခါမှ။ ပဋ္ဌာယ၊ စ၍။ အယံ၊

ဤသင်္ကန်းကို။ တုမှာကမေဝ၊ အရှင်ဘုရားဘို့ဟူ၍သာလျှင်။ သလ္လက္ခိတော၊ မှတ်အပ်၏။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ ကရောထ၊ ပြုကုန်လော့။ဣတိ၊ ဤသို့ လျှောက်၏။ ဟောတု၊ ထိုသို့မူလည်း ဖြစ်စေ။ သံဃရက္ခိတ၊ ငါ့ရှင် သံဃရက္ခိတ။ မေ၊ ငါ့အား။ စီဝရံ၊ သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံလေပြီ။ တွမေဝ၊ သင်သည်ပင်လျှင်။ ပရိဘုဉ္ဇ၊ သုံးဆောင်လော့။ ဣတိ၊ ဤသို့ဆို၏။ ဘန္တေ၊အရှင်ဘုရား။ ဧဝံ၊ ဤသို့။ မာကရောထ၊ အမိန့်မရှိပါလင့်။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ပရိဘုတ္တေ၊ သုံးဆောင်ကုန်သည် ရှိသော်။ မယှံ၊ အကျွန်ုပ်အား။ မဟပ္ဖလံ၊ များသောအကျိုးရှိသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသင်္ကန်းကို။ တဿ၊ ထိုတူ ရဟန်းသည်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ကထေန္တဿပိ၊ လျှောက်ပါသော် လည်း။ ထေရော၊ မထေရ်သည်။ န ဣစ္ဆိယေဝ၊ အလိုမရှိသည်သာလျှင် တည်း။

ဧဝံ၊ ဤသို့ အလိုမရှိသည်ရှိသော်။ သော၊ ထိုသံဃရက္ခိတသည်။ ဗီဇယ-မာနော၊ ယပ်လေခတ်လျက်။ဌိတောဝ၊ နေလျက်လျှင်။ စိန္တေသိ၊ ၏။ အဟံ၊ ငါသည်။ ထေရဿ၊ မထေရ်၏။ ဂိဟိကာလေ၊ လူ့လက်ထက်၌။ ဘာဂိနေ-ယျော၊ တူဖြစ်၏။ ပဗ္ဗဇိတကာလေ၊ ရဟန်းဖြစ်သောအခါ၌။ သဒ္ဓိဝိဟာရိ၊ ကော၊ အတူနေတပည့်ဖြစ်၏။ ဧဝံပိ၊ ဤသို့ဖြစ်လျက်လည်း။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊ တကွ။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်သည်။ပရိဘောဂံ၊သုံးဆောင်ခြင်းကို။ နကတ္တုကာမော၊ ပြုခြင်းငှါ အလိုမရှိ။ ဣမသ္မိံ၊ ဤဥပဇ္ဈာယ်သည်။ မယာ-ငါနှင့်။ သဒ္ဓိံ၊ တကွ။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ အကရောန္တေ၊ မပြု သည် ရှိသော်။ မေ၊ ငါ့အား။ သမဏဘာဝေန၊ ရဟန်းအဖြစ်ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဂိဟိ၊ လူသည်။ ဘဝိဿာမိ၊ ဖြစ်အံ့။ ဣတိ၊ ဤသို့ ကြံ၏။ အထ၊ ထိုနောင်မှ။ အဿ၊ ထိုရဟန်း၏။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ၏။ ဂိဟိဘူတော၊ လူဖြစ်သော ငါသည်။ ဒုသဏ္ဌာပိတော၊ ကောင်းစွာတည်နိုင်ခြင်းငှါခဲယဉ်း၏။ ဃရာဝါသော၊ သည်။ ကိံ၊ အဘယ် အမှုကို။ ကတွာ၊ ပြု၍။ ဇီဝိဿာမိနုခေါ၊ အသက်မွေးရအံ့နည်း။ ဣတိ၊ ဤသို့ ကြံ၏။

တတော၊ ထို့နောင်မှ။ စိန္တေသိ၊ ၏။ အဋ္ဌဟတ္ထသာဋကံ၊ ရှစ်တောင် သော ပုဆိုးကို။ ဝိက္ကိဏိတွာ၊ ရောင်း၍။ ဧကံ ဧဠိကံ၊ ဆိတ်မတခုကို။ ဂဏှိဿာမိ၊ ဝယ်အံ့။ ဧဠိကာနာမ၊ ဆိတ်မ မည်သည်ကား။ ခိပ္ပံ၊ လျင်စွာ။

ဝိဇာယတိ၊ သားမွေးလွယ်၏။ သွာဟံ၊ ထိုငါသည်။ ဝိဇာတံ ဝိဇာတံ၊ ဖွားတိုင်း ဖွားတိုင်းသော ဆိတ်ငယ်ကို။ ဝိက္ကိဏိတွာ၊ ရောင်း၍။ မူလံ၊ အရင်းငွေကို။ ကရိဿာမိ၊ ပြုအံ့။ မူလံကတွာ၊ အရင်းငွေပြု၍။ ဇေကံ-ပဇာပတိံ၊ မယားတယောက်ကို။ အာနေဿာမိ၊ ဆောင်ယူအံ့။ သာ၊ ထိုမယားသည်။ ဇေကံပုတ္တံ၊ သားတယောက်ကို။ ဝိဇာယိဿတိ၊ ဖွားမြင်လတ္တံ့။ အထ၊ ထိုအခါ၌။ တဿ၊ ထိုသူငယ်အား။ မမ မာတုလဿဝ၊ ငါ့ဝရီး၏လျှင်။ နာမံ၊ အမည်ကို။ ကတွာ၊ မှည့်၍။ စူဠယာနကေ၊ လှည်းငယ်၌။ နိသီဒါပေတွာ၊ နေစေ၍။ မမပုတ္တဥ္စ၊ ငါ့သားကိုရင်း။ ဘရိယဥ္စ၊ မယားကိုရင်း။ အာဒါယ၊ ခေါ်၍။ မာတုလံ၊ ဝရီးရဟန်းကို။ ဝန္ဒိတုံ၊ ရှိခိုးခြင်းငှါ။ အာဂမိဿာမိ၊ သွားအံ့။ အာဂစ္ဆန္တော၊ သွားသည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ မမဘရိယံ၊ ငါ့မယားကို။ ဝေါ၊ ဤသို့။ ဝက္ခာမိ၊ ဆိုအံ့။ မေ၊ ငါ၏။ ပုတ္တံ၊ သားကို။ တာဝ၊ ရှေးဦးစွာ။ အာနေဟိ၊ ဆောင်ယူခဲ့လော့။ နံ၊ ထိုသားငယ်ကို။ ဝဟိဿာမိ၊ ချီအံ့။ ဣတိ၊ ဤသို့ဆိုအံ့။ သာ၊ ထိုမယားသည်။ တော၊ ၏။ ပုတ္တေန၊ သားဖြင့်။ ကိံ၊ အဘယ် ပြုအံ့နည်း။ ဧဟိ၊ လာခဲ့။ ဣမံ ယာနကံ၊ ဤလှည်းကို။ ပါဇေဟိ၊ နှင်လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ပုတ္တံ၊ ကို။ ဂဟေတွာ၊ ၍။ နံ၊ ထိုသားကို။ အာနေဿာမိ၊ ဆောင်ယူအံ့။ ဣတိနေတွာ၊ ဤသို့ဆောင်ယူသည် ရှိသော်။ သန္ဓာရေတုံ၊ တည်တံ့စွာ ယူခြင်းငှါ။ အသက္ကောန္တီ၊ မတတ်နိုင်သည်ဖြစ်၍။ စက္ကမဂ္ဂေ၊ လှည်းကြောင်းခရီး၌။ ဆဍ္ဍေဿတိ၊ စွန့်ပစ်လတ္တံ့။အထ၊ထိုအခါ၌။ အဿ၊ ထိုသူငယ်၏။ သရီရံ၊ ကိုယ်ကို။ အဘိရုဟိတွာ၊ နင်း၍။ စက္ကံ၊ လှည်းဘီးသည်။ ဂမိဿတိ၊ သွားလတ္တံ့။ အထ၊ ထိုအခါ၌။ နံ၊ ထိုမယားကို။ တွံ၊ သည်။မမပုတ္တံ၊ ငါ့သားကို။ မယှံ၊ အား။ နေဝအဒါသိ၊ မပေး။သန္ဓာရေတုံ၊ ကောင်းစွာ တည်စေခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ တယာ၊ သင်သည်။ နာသိတော၊ ဖျက်ဆီးသည်။ အသ္မိ၊ ဖြစ်ပြီ။ ဣတိဝတွာ၊ ဤသို့ဆို၍။ ပတောဒယဋ္ဌိယာ၊ နှင်တံဖြင့်။ ပိဋ္ဌိယံ၊ ကျောက်ကုန်းကို။ ပဟရိဿာမိတိ၊ ပုတ်ခတ်အံ့ဟူ၍။

သော၊ ထိုရဟန်းငယ်သည်။ ဝေါ၊ ဤသို့။ စိန္တေန္တော၀၊ ကြံလျက်လျှင်။ ဌတွာ၊ ရပ်၍။ ဗီဇယမာနော၊ ယပ်လေခတ်သည် ရှိသော်။ ထေရဿ၊ မထေရ်၏။ သီသံ၊ ဦးခေါင်းကို။ တာလဝဏ္ဍေန၊ ထန်းရွက်ယပ်ဖြင့်။ ပဟရိ၊ ခတ်မိ၏။ ထေရော၊ မထေရ်သည်။ အဟံ၊ ငါ့ကို။ သံဃရက္ခိ-

တေန၊ သံဃရက္ခိတသည်။ သီသေ၊ ငါ၏ ဦးခေါင်း၌။ ပဟတော၊ ပုတ်ခတ်အပ်၏။ ကိံ နုခေါ၊ အကြောင်း အဘယ်သို့ ရှိသနည်း။ ဣတိ၊ ဤသို့။ ဥပဓာရေန္တော၊ စူးစမ်းသည်ရှိသော်။ တေန၊ ထိုသံဃရက္ခိတသည်။ စိန္တိတစိန္တိတံ၊ ကြံတိုင်း ကြံတိုင်းသော။ သဗ္ဗံ၊ အလုံးစုံကို။ ဉ တွာ၊ သိ၍။ သံဃရက္ခိတ၊ ငါ့ရှင်သံဃရက္ခိတ။ မာတုဂါမဿ၊ မာတုဂါမကို။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ ဒါတုံ၊ ပေးခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ ထွေ၊ ဤသို့ မတတ်နိုင်ရာ၌။ မဟလ္လက ထေရဿ၊ မထေရ်ကြီးအား။ ကောဒေါသော၊ အဘယ်အပြစ်ရှိသနည်း။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သော၊ ထိုဘုရဟန်းသည်။ အဟော၊ အံ့ဘွယ်သရဲ။ နဌော၊ ငါ၏ပျက်စီးခြင်းသည်။ အမှို၊ ဖြစ်ရချေပြီ။ မေ၊ ငါ၏။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်သည်။ စိန္တိတစိန္တိတံ၊ ကြံတိုင်းကြံတိုင်းကို။ ဉာတံကိရ၊ သိခဲ့ပြီတကား။ မေ၊ ငါ၏။ သမဏဘာဝေန၊ရဟန်းအဖြစ်ဖြင့်။ ကိံ၊ အကျိုးမရှိပြီ။ ဣတိ၊ သို့။ တာလဝဏ္ဋံ၊ ထန်းရွက်ယပ်ကို။ ဆဍ္ဍေတွာ၊ စွန့်ပစ်၍။ ပလာယိတုံ၊ ပြေးခြင်းငှါ။ အာရဒ္ဓေါ၊ အားထုတ်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုသံဃရက္ခိတကို။ ဒဟရာစ၊ ပဉ္စင်းငယ်တို့သည် ၎င်း။ သာမဏေရာစ၊ သာမဏေတို့သည်၎င်း။ အနုဗန္ဓိတွာ၊ လိုက်၍။ တံ၊ ထိုသံဃရက္ခိတကို။ အာဒါယ၊ ဆွဲငင်၍။ သတ္ထုသန္တိကံ၊ ဘုရားအထံတော်သို့။ အဂမံသု၊ သွားကုန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ ဒိသွာဝ၊ မြင်တော်မူလျှင်။ ဘိက္ခဝေ၊ တို့။ ကိံ၊ အဘယ်ကြောင့်။ အာဂတာ၊ လာကုန်သည်။ အတ္ထ၊ ဖြစ်ကုန်ဘိသနည်း။ တုမှေဟိ၊ သင်တို့သည်။ ဧကောဘိက္ခု၊ ရဟန်းတပါးကို။ လဒ္ဓေါ၊ အဘယ်က ဖမ်း၍ ရခဲ့သနည်း။ ဣတိပုစ္ဆိ၊ ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြေးရာ၌ လိုက်၍ ခေါ်ရသည်မှန်ပေ၏။ ဣမံ ဒဟရံ၊ ဤပဉ္စင်းငယ်ကို။ဥက္ကဏ္ဌိတွာ၊မမွေ့လျော်သဖြင့် လူထွက်လို၍ လည်တငေါငေါ အိမ်သို့ တစေသာ မျှော်လျက်။ ပလာယန္တံ၊ ပြေးသည်ကို။ ဂဟေတွာ၊ ဖမ်း၍။ တုမှာကံ၊ အရှင်ဘုရားတို့၏၊ သန္တိကံ၊ သို့။ အာဂတမှ၊ ရောက်လာသည်ဖြစ်၏။ ဣဘိ၊ ဤသို့ လျှောက်လတ်သော်။

ဘိက္ခု၊ ရဟန်း။ ဧဝံကိရ၊ ဤသို့ မှန်သလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မှန်ပေသည်ဘုရား။ ဣတိ၊ ဤသို့ လျှောက်၏။ ဘိက္ခု၊ ရဟန်း။ တေ၊ သင်အား။ ကိမတ္ထံ၊ အဘယ်အကျိုးငှါ။ ဘာရိယံကမ္မံ၊ ဝန်လေးစွာသောအမှုကို။ ဧဝံ၊ ဤသို့။ ကတံ၊ ပြုလေဘိ

သနည်း။ တုံ၊ သင်သည်။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော လုံ့လ ရှိသော။ ကေဿ၊ တဆူသော။ ဗုဒ္ဓဿ၊ ငါဘုရား၏။ ပုတ္တောနနု၊ သား မဟုတ်လေသလော။ မာဒိသဿနာမ၊ ငါကဲ့သို့ သဘောရှိသည် မည်သော။ ဗုဒ္ဓဿ၊ ငါဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ အတ္တာနံ၊ မိမိကိုယ်ကို။ သောတာပန္နောတိဝါ၊ သောတာပန် ဟူ၍လည်း ကောင်း။ သကဒါဂါမီတိ ဝါ၊ သကဒါဂါမ် ဟူ၍လည်းကောင်း။ အနာဂါမီတိ ဝါ၊ အနာဂါမ်ဟူ၍ လည်းကောင်း။ အရဟာတိဝါ၊ ရဟန္တာဟူ၍ လည်းကောင်း။ ဝဒါပေတုံ၊ ဆိုခြင်း ခေါ်ဝေါ်ခြင်းငှါ။ နာသက္ခိနနု၊ မတတ်နိုင်လေသလော။ (ဝတ္တာပေတုံ ဝါလည်းရှိ၏။ သူတပါးတို့မှတ်စေ ခြင်းငှါ-ဟု ပေးလေ။) ကိမတ္ထံ၊ အဘယ်အကျိုးငှါ သင်မြင်၍။ ဧဝံ၊ ဤသို့။ ဘာရိယံကမ္မံ၊ ဝန်လေးစွာသောအမှုကို။ အကာသိ၊ ပြုဘိသနည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဥက္ကဏ္ဌိတော၊ ဆန့်ကျင်သည်။ အသ္မိ၊ ဖြစ်ခဲ့၏။ ဣတိအာဟ၊ ဤသို့ လျှောက်၏။

ကိံကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဥက္ကဏ္ဌိတော၊ ဆန့်ကျင် သည်။ အသိ၊ ဖြစ်လေသနည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ သော၊ ထို လူထွက်လိုသော ရဟန်းသည်။ ဝဿာဝါသိကသာဋကာနံ၊ ဝါဆိုသင်္ကန်း တို့ကို။ လဒ္ဓ ဒိဝသတော၊ ရသောနေ့မှ။ ပဋ္ဌာယ၊ စ၍။ ထေရဿ၊ မထေရ် အား။ တာလဝဏ္ဋေန၊ ထန်းရွက်ယပ်ဖြင့်။ ယာဝပဟာရာ၊ ခတ်မိသည် တိုင်အောင်။ သဗ္ဗံ၊ အလုံးစုံသော။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောစေတွာ၊ ကြား၍။ ဣမိနာ ကာရဏေန၊ ဤအကြောင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ ပလာတော၊ ပြေးသည်။ အသ္မိ၊ ဖြစ်ပေ၏။ ဣတိအာဟ၊ ဤသို့ လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုပဥ္စင်းငယ်ကို။ သတ္ထာ၊ ဘုရားရှင်သည်။ ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာခဲ့လော့။ မာစိန္တယိ၊ အထူး အထွေ မကြံလင့်။ ဧတံ စိတ္တံနာမ၊ ဤစိတ်မည်သည်။ ဒူရေ၊ အဝေး၌။ ဟောန္တံ၊ ဖြစ်သော။ အာရမ္မဏံပိ၊ အာရုံကိုလည်း။ သမ္ပဋိစ္ဆနကဇာတိကံ၊ ခံလင့်တတ်သော သဘောရှိ၏။ ရာဂဒေါသ မောဟ ဗန္ဓနာ၊ ရာဂ, ဒေါသ, မောဟ-ဟူသော အနှောင်အဖွဲ့မှ။ မုစ္စနတ္ထာယ၊ လွတ်စေခြင်းငှါ။ ဝါယ- မိတုံ၊ လုံ့လပြုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ့ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၃၇) ဘိက္ခဝေ၊ ရဟန်းတို့။ ဒူရင်္ဂမံ၊ အဝေးသို့ ရောက်လေထသော။ ဧကစရံ၊ တခုတည်းသာဖြစ်ထသော။ အသရီရံ၊ ကိုယ်သဏ္ဌာန် မရှိထသော။ ဂုဟာသယံ၊ ဟဒယဝတ္ထုဟု ဆိုအပ်သော လိုဏ်ဥမင်ကို မှီထသော။ စိတ္တံ၊ စိတ်ကို။ ယေ၊ အကြင် ယောကျာ်း,မိန်းမ,လူ,ရဟန်းတို့သည်။ သံယမေဿန္တိ၊ မပြူးတူး မရှင်ပမူ၍ လုံခြုံစွာ စောက်ရှောက်ကုန်လတ္တံ့။ တေ၊ ထို ယောကျာ်း, မိန်းမ, လူ, ရဟန်းတို့သည်။ မာရဗန္ဓနာ၊ မာရ်၏ အနှောင်အဖွဲ့ဟူသော တေဘူမကဝဋ္ဋဒုက္ခမှ။ မောက္ခန္တိ၊ လွတ်ကုန်၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဒူရင်္ဂမန္တိ၊ ဟူသည်ကား။ စိတ္တဿဟိ၊ စိတ်၏ သာလျှင်။ မက္ကဋ္ဋသုတ္တမတ္တကံပိ၊ မျောက်မျဉ်းအိပ်ခြင်း ကာလမျှလည်း။ ပုရတ္ထိမာဒိ ဒိသာဘာဂေ၊ အရှေ့စသော အရပ်မျက်နှာအဘို့တို့သို့။ ဂမနာ ဂမနံနာမ၊ သွားခြင်း,လာခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဒူရေ၊ ဝေးသော အရပ်၌။ သန္တံပိ၊ ထင်ရှားသည်လည်း ဖြစ်သော။ အာရမ္မဏံပန၊ အာရုံကိုကား။ သမ္ပဋိစ္ဆတိ၊ ခံတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဒူရင်္ဂမံနာမ၊ ဒူရင်္ဂမ မည်သည်။ ဇာတံ၊ ၏။

သတ္တဋ္ဌစိတ္တာနိပန၊ ခုနစ်,ရှစ်ခုသော စိတ်တို့သည်ကား။ ဧကတော၊ တကွနက်။ ကဏ္ဏိက ဗဒ္ဓါနိ၊ အထွတ်အချက်ကဲ့သို့ ဖွဲ့အပ်ကုန်သည်ဖြစ်၍။ ဧကက္ခဏေ၊ တပြိုင်နက်တခုတည်းသော ခဏ၌။ ဥပ္ပဇ္ဇိတုံ၊ ဖြစ်ခြင်းငှါ။ သမတ္ထာနိနာမ၊ စွမ်းနိုင်ခြင်း မည်ကုန်သည်။ နတ္ထိ၊ မရှိကုန်။ ဥပ္ပတ္တိကာလေ၊ ဖြစ်သောအခါ၌။ ဧကမေဝ စိတ္တံ၊ တခုတည်းသော စိတ်သည်လျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တသ္မိံ၊ ထိုစိတ်သည်။ နိရုဒ္ဓေ၊ ချုပ်ပြီးသည် ရှိသော်။ ပုန၊ တဖန်။ ဧကမေဝ၊ တခုတည်းသော စိတ်သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ၏။ တသ္မာ၊ ထိုကြောင့်။ ဧကစရံနာမ၊ ဧကစရမည်သည်။ ဇာတံ၊ ဖြစ်၏။

စိတ္တဿ၊ ၏။ သရီရသဏ္ဌာနံဝါ၊ ကိုယ်သဏ္ဌာန်သည်လည်းကောင်း။ နီလာဒိပ္ပကာရော၊ အညိုစသည် အပြားရှိသော။ ဝဏ္ဏဘေဒေါဝါ၊ အဆင်းအပြားသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ထိုကြောင့်။ အသရီရံ နာမ၊ အသရီရမည်သည်။ ဇာတံ၊ ၏။

ဂုဟာနာမ၊ ဂုဟာ မည်သည်ကား။ စတုမဟာဘူတ ဂုဟာ၊ မဟာဘုတ်လေးပါးတည်းဟူသော တွင်းလိုဏ်တည်း။ ဣဓဒ္ဓ၊ ဤစိတ်သည်လည်း။

ဟဒယရုပံ၊ ဟဒယရုပ်ကို။ နိဿာယ၊ မှီ၍။ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ၊ ထို့ကြောင့်။ ဂုဟာသယံနာမ၊ ဂုဟာသယ မည်သည်။ ဇာတံ၊ ဖြစ်၏။

ယေစိတ္တန္တိ၊ ဟူသည်ကား။ ယေကေစိ၊ ခပ်သိမ်းကုန်သော။ ပုရိသာဝါ၊ ယောကျ်ားတို့သည်လည်းကောင်း။ ဣတ္ထိယောဝါ၊ မိန်းမတို့သည်လည်းကောင်း။ ဂဟဋ္ဌာဝါ၊ လူတို့သည်လည်းကောင်း။ ပဗ္ဗဇိတာဝါ၊ ရဟန်းတို့သည်လည်းကောင်း။ အနုပ္ပန္န ကိလေသဿ၊မဖြစ်သေးသော ကိလေသာကို။ ဥပ္ပဇ္ဇိတုံ၊ ဖြစ်စိမ့်သောငှါ။ အဒေန္တာ၊ မပေးမူ၍။ သတိသမ္မောသေန၊ သတိမေ့လျော့ခြင်းကြောင့်။ ဥပ္ပန္န ကိလေသံ၊ ဖြစ်လေပြီးသော ကိလေသာကို။ ပဇဟန္တာ၊ ပယ်ကုန်လျက်။ စိတ္တံ၊ စိတ်ကို။ သံယမေဿန္တိတိ၊ ဟူသည်ကား။ သံယတံ၊ စောင့်သည်ဖြစ်၍။ အဝိက္ခိတ္တံ၊ မပျံ့လွင့်သည်ကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ မောက္ခန္တိ မာရဗန္ဓနာတိ၊ဟူသည်ကား။ တေသဗ္ဗေ၊ထိုအလုံးစုံသောသူတို့သည်။ ကိလေသဗန္ဓနာ ဘာဝေန၊ ကိလေသာဟူသော အနှောင်အဖွဲ့မရှိခြင်းဖြင့်။ မာရဗန္ဓနသင်္ခါတာ၊ မာရဗန္ဓန-ဟု ဆိုအပ်သော။ တေဘူမကဝဋ္ဋမှာ၊ တေဘူမိကဝဋ်မှ။ မုစ္စိဿန္တိ၊ လွတ်ကုန်လတ္တံ့။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာပရိယောသာနေ၊ ဒေသနာအဆုံး၌။ ဘာဂိနေယျ သံဃရက္ခိတတ္ထေရော၊ ဘာဂိနေယျ သံဃရက္ခိတမထေရ်သည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ ဗဟူ၊ များစွာကုန်သော။ အညေပိ၊ တပါးသူတို့ သည်လည်း။ သောတာပန္နာဒယော၊ သောတာပန်စသည်တို့သည်။ ဇာတာ၊ ဖြစ်ကုန်၏။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဟော ခြင်းသည်။ အဟောသိ၊ ၏။

ဧတ္ထံ၊ သော။ သံဃရက္ခိတ ဘာဂိနေယျတ္ထေရဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၃-စိတ္တဝဂ္ဂ၊ ၅-စိတ္တဟတ္ထတ္ထေရ ဝတ္ထု

အနဝဋ္ဌိတ…သံဃရက္ခိတဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ စိတ္တဟတ္ထတ္ထေရဝတ္ထု၌ ဟောကြောင်းဖြစ်သော ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ အနဝဋ္ဌိတ စိတ္တဿ-စသည်ကို မိန့်အပ်၏။

အနဝဋ္ဌိတ စိတ္တဿာတိ ဣမံ ဓမ္မဒေသနံ၊အနဝဋ္ဌိတ စိတ္တဿ·စသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသခင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ စိတ္တဟတ္ထတ္ထေရံ၊ စိတ္တဟတ္ထထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဧကော၊ တယောက်သော။ သာဝတ္ထိဝါသီ၊ သာဝတ္ထိပြည်လျှင် နေရာရှိသော။ ကုလပုတ္တော၊အမျိုးသားသည်။ နဋ္ဌံ၊ ပျောက်လေသော။ ဂေါဏံ၊ နွားကို။ ပရိယေသန္တော၊ ရှာသည်ရှိသော်။ အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ မဇ္ဈန္ဟိကကာလေ၊ မွန်းတည့်အခါ၌။ ဂေါဏံ၊ နွားကို။ ဒိသွာ၊ မြင်၍။ ဂေါယူထေ၊ နွားအပေါင်း၌။ ဝိဿဇ္ဇေတွာ၊ လွှတ်ခဲ့၍။ အာသံ၊ မချွတ်။ အယျာနံ၊ အရှင်ဘုရားတို့၏။ သန္တိကေ၊ အထံ၌။ အာဟာရမတ္တံ၊ ဆွမ်းကြွင်း ထမင်းမျှကို။ လဘိဿာမိ ဣတိ၊ ရပါမည်ထင်၏။ ဣတိ၊ ဤသို့။ ခုပ္ပိပါသာ ပီဠိတော၊ငတ်မွတ်ခြင်းဖြင့်နှိပ်စက်သည်ဖြစ်၍။ ဝိဟာရံ၊ကျောင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တော်သင့်လျောက်ပတ်ရာအရပ်၌။ နိသီဒိ၊နေ၏။ တသ္မိံ ခေါ ပန သမယေ၊ ထိုအခါ၌။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အဝက္ကာရ ပါတိယံ၊ စားဦးဆဲဆဲသော ခွက်၌။ ဘုတ္တာဝသေသကံ၊ စား၍ကြွင်းသော။ ဘတ္တံ၊ထမင်းသည်။ ဟောတိ၊ဖြစ်၏။ တေ၊ထိုရဟန်းတို့သည်။ တံ ဆာတက ပီဠိတံ၊ ထိုငတ်မွတ်ခြင်းဖြင့် နှိပ်စက်သော နွားရှာယောကျ်ားကို။ဒိသွာ၊မြင်၍။ ဣတော၊ဤခွက်မှ။ ဘတ္တံ၊ထမင်းကို။ ဂဟေတွာ၊ ယူ၍။ ဘုဉ္ဇာဟီတိ၊ စားလော့ဟု။ ဝဒိံသု၊ ဆိုကုန်၏။

ဗုဒ္ဓကာလေစပန၊ ဘုရားဖြစ်သောအခါ မည်သည်ကား။ အနေကသူပဗျဉ္ဇနံ၊ များစွာသောဟင်းလျာရှိသော။ ဘတ္တံ၊ ဆွမ်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သော၊ ထိုနွားရှာယောကျ်ားသည်။ တတော၊ ထိုခွက်မှ။ ယာပနမတ္တံ၊ စားလောက်ရုံထမင်းကို။ ဂဟေတွာ၊ ယူ၍။ ဘုဉ္ဇိတွာ၊ စား၍။ ပါနီယံ၊ ရေကို။ ပိဝိတွာ၊ သောက်၍။ ဟတ္ထေ၊ လက်ဘို့ကို။ ဓောဝိတွာ၊ ဆေး၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ အဇ္ဇ၊ ယနေ့။ အယျာ၊ အရှင်ဘုရားတို့သည်။ နိမန္တနဋ္ဌာနံ၊ ဆွမ်းဖိတ်ရာအရပ်သို့။ အဂမံသုကိံ၊ ကြွကုန်သလော။ ဣတိပုစ္ဆိ၊ မေး၏။ ဥပါသက၊ ဒါယကာ။ နတ္ထိ၊မရှိ။ ဘိက္ခူ၊ တို့သည်။ ဣမိနာဝနီဟာရေန၊ ဤသို့သော နည်းဖြင့်လျှင်။ နိဗဒ္ဓံ၊ အမြဲသောဆွမ်းကို။ လဘန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့

ဆိုလတ်သော်။ သော၊ ထိုနွားရှာယောကျ်ားသည်။ စိန္တေသိ၊ ၏။ မယံ၊ ငါတို့သည်။ ဥဋ္ဌာယ၊ စောစောကြီးက ထ၍။ သမုဋ္ဌာယ၊ လွန်စွာ လုံ့လပြုခြင်းဖြင့်။ ရတ္တိန္ဒိဝံ၊ ညဉ့်နေ့ပတ်လုံး။ နိဗဒ္ဓံ၊ မပြတ်။ ကမ္မံ၊ ကို။ ကရောန္တာပိ၊ ကြိုးစား၍ လုပ်ဆောင်ပါကုန်သော်လည်း။ ဧဝံ၊ ဤအရှင်ကောင်းတို့၏ ဆွမ်းနှင့်အတူ။ မဓုရဗျဉ္ဇနံ၊ ကောင်းသောဟင်းလျာရှိသော။ ဘတ္တံ၊ ထမင်းကို။ န လဘာမ၊ မရပါကုန်။ ဣမေ၊ ဤရဟန်းတို့သည်။ ကိရ၊ စင်စစ်အားဖြင့်။ နိဗဒ္ဓံ၊ မပြတ်။ ဘုဉ္ဇန္တိ၊ ဘုန်းပေးရကုန်၏။ မေ၊ ငါ့အား။ ဂိဟိဘာဝေန၊ လူပြု၍နေသဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ဘိက္ခုဘာဝိဿာမိ၊ ရဟန်းပြုအံ့။ ဣတိစိန္တေတွာ၊ ၍။ ဘိက္ခူနံ၊ တို့၏။ သန္တိကံ၊သို့။ ဥပသင်္ကမိတွာ၊ ၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊ တောင်းပန်၏။ အထ၊ ထိုအခါ၌။ နံ၊ထိုနွားရှာသူလူကို။ ဘိက္ခူ၊တို့သည်။ ဥပါသက၊ ဒါယကာ။ သာဓု၊ ကောင်းပြီ။ ဣတိ၊ ဤသို့ဆိုလျက်။ ပဗ္ဗာဇေသုံ၊ ရဟန်းပြုကုန်၏။

သော၊ ထိုအမျိုးသားသည်။ လဒ္ဓူပသမ္ပဒေါ၊ ရဟန်းအဖြစ်ကို ရပြီးသော်။ သဗ္ဗပကာရံ၊ အလုံးစုံအပြားရှိသော။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီး,ဝတ်ငယ်ကို။ အကာသိ၊ ၏။ သော၊ထိုရဟန်းသည်။ ဗုဒ္ဓါနံ၊ဘုရားရှင်တို့အား။ ဥပ္ပန္နေန လာဘသက္ကာရေန၊ ဖြစ်သော လာဘ် ပူဇော် သက္ကာကြောင့်။ ကတိပါဟစ္စယေန၊ နှစ်ရက်သုံးရက်လွန်ကာမျှဖြင့်။ ထူလသရီရော၊ ဆူဖြိုးသော ကိုယ်ရှိသည်။ အဟောသိ၊၏။ တတော၊ ထို့နောင်မှ။ စိန္တေသိ၊၏။ မေ၊ငါ့အား။ ဘိက္ခာယ စရိတွာ၊ ဆွမ်းခံသွား၍။ ဇီဝိတေန၊ အသက်မွေးခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဂိဟီဘဝိဿာမိတိ၊ လူထွက်အံ့ဟူ၍။ သော၊ထိုရဟန်းသည်။ ဝိဗ္ဘမိတွာ၊ လူထွက်၍။ ဂေဟံ၊သို့။ ပါဝိသိ၊ ဝင်လေ၏။ ဂေဟေ၊ အိမ်၌။ ကမ္မံ၊ ကို။ ကရောန္တဿ၊ ပြုသော။ တဿ၊ ထိုလူထွက်၏။ ကတိပါဟေနေဝ၊ နှစ်ရက်,သုံးရက်ဖြင့်လျှင်။ သရီရံ၊ ကိုယ်သည်။ မိလာယိ၊ ညှိုး၏။ တတော၊ ထို့နောင်မှ။ မေ၊ ငါ့အား။ ဣမိနာ ဒုက္ခေန၊ ဤဆင်းရဲခြင်းဖြင့်။ ကိံ၊အဘယ်အကျိုးရှိအံ့နည်း။ သာမဏော--ဘဝိဿာမိ၊ ရဟန်းပြုအံ့။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ ပုန၊ တဘန်။ ဂန္တွာ၊၍။ ပဗ္ဗဇိ၊ရဟန်းပြု၏။ သော၊ထိုရဟန်းသည်။ ကတိပါဟံ၊ နှစ်ရက်, သုံးရက်ကို။ ဝီတိနာမေတွာ၊လွန်စေ၍။ ပုန၊တဘန်။ ဥက္ကဏ္ဍိတွာ၊ဆန့်ကျင်၍။ ဝိဗ္ဘမိ၊ လူထွက်၏။

ပဗ္ဗဇိတကာလေပန၊ ရဟန်းပြုသောအခါ၌ကား။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဥပကာရကော၊ ကျေးဇူးများသည်။ အဟောသိ၊ ၏။ သော၊ ရဟန်းလူထွက်သည်။ ကတိပါဟေနေဝ၊ နှစ်ရက်,သုံးရက်ဖြင့်လျှင်။ ပုနပိ၊ တဘန်လည်း။ ဥက္ကဏ္ဌိတွာ၊ မပျော်ပိုက် ငြီးငွေ့၍။ မေဒေါ့အား။ ဂိဟိဘာဝေန၊ လူအဖြစ်ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ပဗ္ဗဇိဿာမိတိ၊ ရဟန်းပြုအံ့ဟူ၍။ ဂန္တွာ၊ သွား၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊ တောင်းပန်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုလူထွက်ကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥပကာရဝသေန၊ ကျေးဇူးပြုသည်၏ အစွမ်းအားဖြင့်။ ပုန၊ တဘန်၊ ပဗ္ဗာဇယိံသု၊ ရဟန်းပြုကုန်၏။ ဧဝံ၊ ဤအတူ။ သော၊ ထိုအမျိုးသားသည်။ ဣမိနာ နိယာမေနေဝ၊ ဤဆိုသော နည်းဖြင့်လျှင်။ ဆက္ခတ္တုံ၊ ခြောက်ကြိမ်။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ဥပ္ပဗ္ဗဇိတော၊ လူထွက်၏။ ဘိက္ခူ၊ တို့သည်။ ဧသ၊ ဤရဟန်းသည်။ စိတ္တဝသိကော၊ စိတ်သွားရာအာရုံသို့လိုက်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိစရတိ၊ ကျင်လည်၏။ ဣတိ၊ ထို့ကြောင့်။ တဿ၊ အား။ စိတ္တဟတ္ထတ္ထေရောတိနာမံ၊ စိတ္တဟတ္ထမထေရ်ဟူသော အမည်ကို။ ကရိံသု၊ မှည့်ကုန်၏။

အပရာပရံ၊ အဖန်ဖန်။ ဝိစရန္တဿ၊ လူအဖြစ်,ရဟန်းအဖြစ်၌ ကျင်လည်သော။ တဿေဝ၊ ထိုရဟန်းလူထွက်၏လျှင်။ ဘရိယာ၊ မယားသည်။ ဂဗ္ဘိနီ၊ ကိုယ်ဝန်ရှိသည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုအမျိုးသားသည်။ သတ္တမေဝါရေ၊ ခုနစ်ကြိမ်မြောက်သောအခါ၌။ အရညတော၊ လယ်တောမှ။ ကသိဘဏ္ဍံ၊ ထွန်တုံးကို။ အာဒါယ၊ ယူ၍။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ ၍။ ဘဏ္ဍကံ၊ ထွန်တုံးကို။ ဌပေတွာ၊ ထား၍။ အတ္တနော၊ ၏။ ကာသာဝံ၊ သင်္ကန်းကို။ ဂဏှိဿာမိတိ၊ ယူအံ့ဟူ၍။ ဂဗ္ဘံ၊ တိုက်ခန်းသို့။ ပါဝိသိ၊ ဝင်လေ၏။ တသ္မိံ-ခဏေ၊ ထိုခဏ၌။ တဿ၊ ထိုကုလပုတ္တ၏။ ဘရိယာ၊ မယားသည်။ နိပ္ပဇ္ဇိတွာ၊ လျောင်း၍။ နိဒ္ဒါယတိ၊ အိပ်၏။ တဿာ၊ ထိုမယား၏။ နိဝတ္ထသာဋကော၊ ဝတ်သော ထမီသည်။ အပဂတော၊ ကျွတ်သည်။ ဟောတိ၊ ၏။ မုခတော စ၊ ခံတွင်းမှလည်း။ လာလာ၊ အရိအရွဲသည်။ ပဃ္ဃရတိ၊ ယိုဝီး၏။ နာသာ၊ နှာခေါင်းမှ။ ဃုရဃုရာယတိ၊ ရှုတ်ရှုတ်မည်၏။ မုခံ၊ ခံတွင်းသည်။ ဝိဝဋံ၊ ဟင်းလင်းဖြစ်၏။ ဒန္တေ၊ သွားကို။ ခါဒတိ၊ ကြိတ်၏။ သော၊ ထိုကုလပုတ္တသည်။ တဿာ၊ ထိုမိန်းမ၏။ ဥဒ္ဓုမာတက သရီရံဝိယ၊ ဖူးဖူးရောင်သော အကောင်ကဲ့သို့။ ဥပဋ္ဌာသိ၊ ထင်၏။ သော၊ ထိုကုလပုတ္တသည်။ ဣဒံ၊

ဤခန္ဓာကိုယ်သည်။ အနိစ္စံ၊ အမြဲမရှိ။ ဒုက္ခံ၊ဆင်းရဲခြင်းသဘောရှိ၏။ ဣတိ၊ ဤသို့။ သညံ၊ အမှတ်ကို။ လဘိတွာ၊ ရ၍။ အဟံ၊ငါသည်။ တွေ့ကံကာလံ၊ ဤမျှလောက်သောကာလပတ်လုံး။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ဣမံ၊ဤမိန်းမကို။ နိဿာယ၊မှီ၍။ ဘိက္ခုဘာဝေ၊ ရဟန်းအဖြစ်၌။ သဏ္ဌာတုံ၊ တည်ခြင်းငှါ။ နာသက္ခိံ၊မတတ်နိုင်။ ဣတိ၊ ဤသို့။ ကာသာယ ကောဋ္ဌိယံ၊ သက်န်းစွန်း၌။ ဂဟေတွာ၊ ဆွဲ၍။ ဥဒရေ၊ဝမ်း၌။ ဗန္ဓိတွာ၊ဖွဲ့စည်းလျက်။ ဂေဟာ၊ မှ။ နိက္ခမိတွာ၊ ထွက်၍။ ဂတော၊ သွားလေ၏။

အထ၊ ၌။ အဿ၊ ထိုကုလပုတ္တ၏။ အနန္တရဂေဟေ၊ အခြားမဲ့အိမ်၌။ ဌိတာ၊ နေသော။ သဿု၊ ယောက္ခမသည်။ တံ၊ထိုသားသမက်ကို။ တထာ၊ ထိုအခြင်းဖြင့်။ ဂစ္ဆန္တံ၊သွားသည်ကို။ ဒိသွာ၊မြင်၍။ အယံ၊ ဤသားမက်သည်။ ပဋိဥက္ကဏ္ဌိတော၊ဆန့်ကျင်၍သွားခြင်းသည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣဒါနေဝ၊ယခုသာလျှင်။ အရညတော၊ လယ်တောမှ။ အာဂန္တွာ၊ လာ၍။ ကာသာဝံ၊ဖန်ရည်စွန်းသောသင်္ကန်းကို။ ဥဒရေ၊ဝမ်းပိုက်၌။ ဗန္ဓိတွာ၊ဖွဲ့ချည်၍။ ဂေဟာ၊အိမ်မှ။ နိက္ခန္တော၊ ထွက်လျက်။ ဝိဟာရာဘိမုခေါ၊ကျောင်းတော်သို့ ရှေးရှု၍သာလျှင်။ ဂစ္ဆတိ၊သွား၏။ ကိံ နုခေါ၊အဘယ်အကြောင်း ရှိသနည်း။ ဣတိ၊ ဤသို့ဆိုပြီးလျှင်။ ဂေဟံ၊အိမ်သို့။ ပဝိသိတွာ၊၍။ နိဒ္ဒါ-ယမာနံ၊ အိပ်လျက်နေသော။ ဓီတရံ၊ သမီးကို။ ပဿိတွာ၊ ၍။ သော၊ ထိုသားမက်သည်။ ဣမံ၊ ဤမိန်းမကို။ ဒိသွာ၊ မြင်၍။ ဝိပ္ပဋိသာရီ၊ နှလုံးမသာယာရှိသည်။ ဟုတွာ၊ဖြစ်၍။ ဂတောတိ၊ သွားချေသည်ဟု။ ဉတွာ၊ သိ၍။ ဓီတရံ၊ သမီးကို။ ပဟရိတွာ၊ ပုတ်ခတ်၍။ ကာဠကဏ္ဏိ၊ သူယုတ်မ။ ဥဋ္ဌေဟိ၊ ထလော့။ တေ၊ သင်၏။ သာမိကော၊ လင်သည်။ နိဒ္ဒါယမာနံ၊ အိပ်ကြူးသော သင့်ကို။ ဒိသွာ၊ မြင်၍။ ဝိပ္ပဋိသာရီ၊ နှလုံးမသာယာရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဂတော၊ သွား၏။ သော၊ ထို လင်ယောကျ်ားသည်။ ဣတော ပဋ္ဌာယ၊ ဤနေ့မှစ၍။ တုယှံ၊ သင့်အား။ သံဝါသော၊ ပေါင်းသော်ခြင်းသည်။ နတ္ထိ၊ မရှိပြီ။ ဣတိ အာဟ၊ ဤသို့ ပြစ်တင်စကား ဆို၏။ အမ္မ၊ ဒအမိ။ အပေဟိ အပေဟိ၊ ဖဲသွားပါလေ, ဖဲသွားပါလေ။ တဿ၊ ထိုယောကျ်ား၏။ ဂမနံ၊ သွားခြင်းသည်။ ကုတောအတ္ထိ၊ အဘယ်မှာ ကြာခြင်းရှိအံ့နည်း။ ကတိပါဟေနေဝ၊ နှစ်ရက်, သုံးရက်ဖြင့်လျှင်။ ပုန၊ တဖန်။ အာဂမိဿတိ၊ လာလတ္တံ့။ ဣတိအာဟ၊ ဤသို့ဆို၏။ သောပိ၊ ထိုကုလပုတ္တသည်လည်း။ အနိစ္စံဒုက္ခန္တိ၊ အနိစ္စ ဒုက္ခံဟူ၍။ ဝတွာ၊ ဆို၍။ ဂစ္ဆ-

န္တော ဂစ္ဆန္တောဝ၊ သွားစဉ်, သွားစဉ်ပင်လျှင်။ သောတာပတ္တိဖလံ၊ သော-တာပတ္တိဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။

သော၊ ထို ကုလပုတ္တသည်။ ဂန္တွာ၊ သွား၍။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊ တောင်းပန်၏။ မယံ၊ ငါတို့သည်။ ပဗ္ဗာဇေတုံ၊ ငှါ။ နသက္ခိဿာမ၊ မတတ်နိုင်ကုန်။ တုယှံ၊ သင်၏။ သမဏဘာဝေါ၊ ရဟန်းအဖြစ်သည်။ ကုတော၊ အဘယ်မှာ ရှိအံ့နည်း။ တဝ၊ သင်၏။ သီသံ၊ ဦးခေါင်းသည်။ သတ္ထက နိသာန ပါ-သာဏသဒိသံ၊ ဓားသွေးကျောက်နှင့် တူ၏။ ဣတိ၊ ထို့ကြောင့်။ နယုတ္တံ၊ ရဟန်းပြုခြင်းငှါ မလျောက်ပတ်။ ဣတိ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရားတို့။ ဣဒါနိ၊ ယခုအခါ၌။ မံ၊ အကျွန်ုပ်ကို။ အနုကမ္ပာယ၊ အစဉ် သနားခြင်းငှါ။ ဧကဝါရံ၊ တကြိမ်မျှ။ ပဗ္ဗာဇေထ၊ ရဟန်းပြုပါကုန်လော့။ ဣတိ၊ ဤသို့ လျှောက်၏။ တေ၊ ထိုရဟန်းတို့သည်။ တဿ၊ ထိုကုလပုတ္တအား။ ဥပကာ-ရဝသေန၊ ကျေးဇူးပြုသည်၏ အစွမ်းဖြင့်။ ပဗ္ဗာဇယိံသု၊ ရဟန်းပြုကုန်၏။ သော၊ ထိုကုလပုတ္တသည်။ ကတိပါဟေနေဝ၊ နှစ်ရက်, သုံးရက်ဖြင့်လျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။

တေပိ၊ ထိုရဟန်းတို့သည်လည်း။ နံ၊ ထိုကုလပုတ္တကို။ အာဟံသု၊ ဆိုကြကုန်၏။ အာဝုသော စိတ္တဟတ္ထ၊ ငါ့ရှင်စိတ္တဟတ္ထ။ တဝ၊ သင်၏။ ဂမနသမယံ၊ သွားခြင်း၏ အကြောင်းကို။ တွမေဝ၊ သင်သည်သာလျှင်။ ဇာနေယျာသိ၊ သိသည်မူလော့။ တေ၊ သင်၏။ ဣမသ္မိံ ဝါရေ၊ ဤတကြိမ် ရဟန်းပြုရာ၌။ စိရာယိတံ၊ ကြာမြင့်စွာ၏။ ဣတိ၊ ဤသို့ဆိုကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သံသဂ္ဂဿ၊ ပေါင်းဘော် ဆက်ဆံလိုသောစိတ်၏။ အတ္ထိဘာဝကာလေ၊ ရှိသောကာလ၌။ ဂတမှာ၊ သွားရသည် မှန်၏။ သော သံသဂ္ဂေါ၊ ထိုသို့ ရောနှော ဆက်ဆံခြင်းသည်။ နော၊ ငါတို့အား။ ဆိန္နော၊ ပြတ်ပြီ။ ဣဒါနိ၊ ယခုအခါ၌။ အဂမန ဓမ္မာ၊ မသွားရအံ့သော သဘောတို့သည်။ ဇာတမှာ၊ ဖြစ်ကုန်ပြီ၊ ဣတိ၊ ဤသို့ လျှောက်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ သတ္ထု၊ မြတ်စွာဘုရား၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရား။ အယံဘိက္ခု၊ ဤရဟန်းသည်။ အမှေဟိ၊ တပည့်တော်တို့သည်။ ဝုတ္တော၊ ဤသို့ ဆိုကုန်သည်ရှိသော်။ ဝေနာမ၊ ဤသို့သောစကားကို။ ကထေသိ၊ ဆို၏။ အညံ၊ အရဟတ္တဖိုလ်ကို။ ဗျာကရောတိ၊ ကြားဘိ၏။ အဘူတံ၊ မဟုတ်

မမှန်သည်ကို။ ဝဒတိ၊ ဆို၏။ ဣတိအာဟသု၊ ဤသို့ လျှောက်ကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ထိုရဟန်းဆိုသည့် အချက် မှန်၏။ မမပုတ္တော၊ ငါ့သားသည်။ အတ္တနော၊ မိမိ၏။ အနဝဋ္ဌိတ-စိတ္တကာလေ၊ တစုံတခု၌ တည်တံ့သော စိတ်မရှိသော အခါ၌။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဇာနနကာလေ၊ မသိသောအခါ၌။ ဂမနာ-ဂမနံ၊ အိမ်နှင့် ကျောင်းသို့ လူးလာ လူးလာ သွားလာခြင်းကို။ အကာသိ၊ ပြု၏။ ဣဒါနိ၊ ယခုအခါ၌။ အဿ၊ ထို ကုလပုတ္တသည်။ ပုညဥ္စ၊ ကောင်းမှုကိုရင်း။ ပါပဥ္စ၊ မကောင်းမှုကိုရင်း။ ပဟီနံ၊ ပယ်အပ်ပြီ။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမာ ဒွေဂါထာ၊ ဤနှစ်ဂါထာတို့ကို။ အာဟ၊ ဟောတော်မူ၏။

(၃၈) အနဝဋ္ဌိတ စိတ္တဿ၊ တည်တံ့သော စိတ်မရှိသော။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတော၊ မသိခြင်းကြောင့်။ ပရိပ္လဝ-ပသာဒဿ၊ နည်းသော, ပေါ်သော ယုံကြည်ခြင်းရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ပညာ၊ကာမာဝစရ, ရူပါဝစရ-စသော ပညာသည်။နပရိပူရတိ၊ မပြည့်စုံ။

(၃၉) အနဝဿုတ စိတ္တဿ၊ ရာဂဖြင့် မစွတ်သော စိတ်ရှိသော။ အနန္ဝာဟတ စေတသော၊ ဒေါသဖြင့် မထိပါးသော စိတ်ရှိသော။ ပုညပါပ-ပဟီနဿ၊ ကောင်းမှု, မကောင်းမှုကို ပယ်ပြီးသော။ ဇာဂရတော၊ သဒ္ဓါ စသော ငါးပါးသော နိုးကြားခြင်းဂုဏ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်အား။ ဘယံ၊ ကိလေသာဟူသော ဘေးသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ အနဝဋ္ဌိတ စိတ္တဿာတိ၊ ဟူသည်ကား။ စေါ်စိတ္တံနာမ၊ ဤစိတ် မည်သည်ကား။ ကဿစိ၊ တစုံတယောက်သောသူအား။ နိဗဒ္ဓံဝါ၊အမြဲဖွဲ့ခြင်းသည်ရင်း။ ထာဝရံဝါ၊အမြဲတည်ခြင်းသည်ရင်း။ နတ္ထိ၊ မရှိ။ ယောပန ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အဿပိဋ္ဌေ၊ မြင်းကျောက်ကုန်း၌။ ဌပိတ ကုမ္ဘဏ္ဍံဝိယစ၊ ထားအပ်သော ဖရုံသီးကဲ့သို့ရင်း။ ထုသရာသိမှိ၊ ဖွဲပုံ၌။ ကောဋ္ဌိတ ခါဏုကော ဝိယစ၊ စိုက်ထားအပ်သော သစ်ငုတ်တံသင်း ကဲ့သို့ရင်း။ ခလ္လာဋသီသေ၊ မညီမညွတ်သောဦးခေါင်း၌။ ဌပိတံ၊ ပန်အပ်,ထားအပ်သော။ ကဒမ္ဗပုပ္ဖံဝိယစ၊ထိမ်ပွင့်ကဲ့သို့ရင်း။ ကတ္ထစိ၊ တစုံတယောက်သော သူ၌။ န သဏ္ဌာတိ၊ မတည်။ ကဒါစိ၊ ရံခါ။ ဗုဒ္ဓ-သာဝကော၊ ဘုရားတပည့်သည်။ ဟောတိ၊ ဖြစ်၏။ ကဒါစိ၊ရံခါ။ အာဇီ-

ငကော၊ တက္ကတွန်းအာဇီဝကတပည့်ဖြစ်၏။ ကဒါစိ၊ ရံခါ။ နိဂဏ္ဌော၊ ငါတို့ ကိလေသာ အထုံးအဖွဲ့မရှိပြီဟု ဆိုလေ့ရှိသော တိတ္ထိဖြစ်၏။ ကဒါစိ၊ ရံခါ၊ တာပသော၊ရသေ့ဖြစ်၏။ ဝေရူပေါ၊ဤသို့သဘောရှိသော။ပုဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ အနဝဋ္ဌိတ စိတ္တောနာမ၊ မတည်တံ့သောစိတ် ရှိသည်မည်၏။ တဿ အနဝဋ္ဌိတ စိတ္တဿ၊ ထိုမတည်တံ့သော စိတ်ရှိသော ရဟန်းအား။

သတ္တတိံသ ဗောဓိပက္ခိယဓမ္မဘေဒံ၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိ-ပက္ခိယ ဓမ္မအပြားရှိသော။ သဒ္ဓမ္မံ၊ သူတော်ကောင်း တရားကို။ အဇာ-နန္တဿ၊ ဟုတ်မှန်စွာ မသိသော။ ပရိတ္တ သဒ္ဓတာယဝါ၊ နည်းသော ယုံကြည်ခြင်းရှိသည်ဖြစ်၏ အဖြစ်ကြောင့်လည်းကောင်း။ ဥပ္လဝ သဒ္ဓတာ-ယဝါ၊ ပေါ်လွင်ပေါ့လျော့သော ယုံကြည်ခြင်းရှိသည်၏ အဖြစ်ကြောင့် လည်းကောင်း။ ပရိပ္လဝပသာဒဿ၊ နည်းသော ပေါ်လွင် ယုံကြည်ခြင်း ရှိသော။ ကာမာဝစရရူပါဝစရာဒိ ဘေဒါ၊ ကာမာဝစရ ရူပါဝစရစသည် အပြားရှိသော။ ပညာ၊ပညာသည်။နပရိပူရတိ၊မပြည့်စုံ။ ကာမာဝစရာယပိ၊ ကာမဘုံ၌ဖြစ်သော ပညာသည်လည်း။အပရိ ပူရယ မာနာယ၊မပြည့်စုံသည် ရှိသော်။ ရူပါဝစရာ ရူပါဝစရ လောကုတ္တရ ပညာ၊ ရူပါဝစရ အရူပါဝစရ လောကုတ္တရာဘုံ၌ ဖြစ်သော ပညာသည်။ ကုတော ပရိပူရိဿတိ၊ အဘယ်မှာ ပြည့်စုံနိုင်အံ့နည်း။ ဣတိ၊ ဤသို့။ ဒီပေတိ၊ ပြ၏။

အနဝဿုတ စိတ္တဿာတိ၊ ဟူသည်ကား။ ရာဂေန၊ တပ်ခြင်းဖြင့်။ အတိန္တ စိတ္တဿ၊ မစွတ်သော စိတ်ရှိသော။ အနန္ဝာဟတ စေတသောတိ၊ ဟူသည်ကား။ အာဟတစိတ္တော ခိလဇာတောတိ၊ခိလဇာတ ဟူ၍။ အာဂ-တဋ္ဌာနေ၊ လာရာပါဠိအရာ၌။ ဒေါသေန၊ ပြစ်မှားခြင်း ဒေါသဖြင့်။ စိတ္တဿ၊ ၏။ ပဟတဘာဝေါ၊ ထိပါးသောအဖြစ်ကို။ ဝုတ္တော၊ ဆိုအပ်၏။ ဣဓပန၊ဤပါဠိတော်၌ကား။ဒေါသေန၊ ဖြင့်။ အပ္ပဋိဟတစိတ္တဿ၊ ထိပါးခြင်းမရှိသော စိတ်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။

ပုညပါပပဟီနဿာတိ၊ ဟူသည်ကား။ စတုတ္ထမဂ္ဂေန၊ စတုတ္ထမဂ်ဖြင့်။ ပဟီနပုညဿစေဝ၊ ပယ်အပ်သောကုသိုလ် ရှိသည်လည်းဖြစ်သော။ ပဟီန-ပါပဿစ၊ ပယ်အပ်သောအကုသိုလ် ရှိသည်လည်းဖြစ်သော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်အား။နတ္ထိဇာဂရတောဘယန္တိ၊ဟူသည်ကား။ ဇာဂရန္တဿေဝ၊ နိုးကြားခြင်းရှိသည်သာလျှင် ဖြစ်သော။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ် အား။ အဘယဘာဝေါ၊ ဘေးမရှိခြင်းကို။ ကထိတော၊ ဆိုအပ်၏။ သော-

ပန၊ ထိုပုဂ္ဂိုလ်သည်ကား။ သဒ္ဓါဒိဟိ၊ ယုံကြည်ခြင်း အစရှိကုန်သော။ ပဉ္စဟိ၊ ငါးပါးကုန်သော။ ဇာဂရဓမ္မေဟိ၊ နိုးခြင်း ရှိကုန်သော ဂုဏ်ကျေးဇူးတို့နှင့်။ သမန္နာဂတတ္တာ၊ ပြည့်စုံသည်၏ အဖြစ်ကြောင့်။ ဇာဂရော နာမ၊ ဇာဂရမည်၏။

တသ္မာ၊ ကြောင့်။ ဇာဂရန္တဿပိ၊ နိုးသည်လည်းဖြစ်သော။ တဿ၊ ထိုရဟန်းအား။ ကိလေသဘယံ၊ ကိလေသာဟူသော ဘေးသည်။ နတ္ထိ၊ မရှိ။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ ကိလေသာနံ၊ ကိလေသာတို့၏။ အပစ္စာ ဝတ္တနတော၊ နောက်တဘန်မဖြစ်ခြင်းကြောင့်တည်း။ ဟိ၊ သင့်စွ။ တံ၊ ထိုရဟန္တာပုဂ္ဂိုလ်သို့။ ကိလေသာ၊ ကိလေသာတို့သည်။ နအနုဗန္ဓန္တိ၊ မလိုက်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်းဟူမူကား။ တေန တေန မဂ္ဂေန၊ ထိုထိုမဂ်ဖြင့်။ ပဟီနာနံ၊ ပယ်အပ်ကုန်သော။ ကိလေသာနံ၊ ကိလေသာတို့၏။ ပုန၊ တဘန်။ အနုပဂမနတော၊ မကပ်လာခြင်းကြောင့်တည်း။ တေနေဝ၊ ထို့ကြောင့်လျှင်။ သောတာပတ္တိ(လ)ဂစ္ဆတီတိ၊ ဟူ၍။ အာဟ၊ ဟော၏။ သောတာပတ္တိ မဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ ယေကိလေသာ၊ အကြင်ကိလေသာတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်ပြီ။ တေကိလေသာ၊ ထိုကိလေသာတို့သည်။ နပုနေန္တိ နပစ္စာဂစ္ဆန္တိ၊ တဘန်မလာကုန်။ သကဒါဂါမိ အနာဂါမိ အရဟတ္တမဂ္ဂေန၊ သကဒါဂါမိမဂ်, အနာဂါမိမဂ်,အရဟတ္တမဂ်ဖြင့်။ ယေကိလေသာ၊ အကြင်ကိလေသာတို့ကို။ ပဟီနာ၊ ပယ်အပ်ကုန်၏။ တေကိလေသာ၊ ထိုကိလေသာတို့သည်။ နပုနေန္တိ-နပစ္စာဂစ္ဆန္တိ၊ တဘန်မလာကုန်။ ဒေသနာ၊ ဒေသနာတော်သည်။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ သဖလာ၊ အကျိုးရှိသည်။ အဟောသိ၊ ၏။

အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ဘိက္ခူ၊ တို့သည်။ ဓမ္မသဘာယံ၊ ၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဆိုကုန်၏ အာဝုသော၊ ငါ့ရှင်တို့။ ဣမေ ဟိ ကိလေသာ နာမ၊ ဤကိလေသာတို့မည်သည်။ ဘာရိယာ ဝတ၊ ဝန်လေးကုန်ငှတကား။ ဧဝရူပေ၊ ဤသို့ သဘောရှိသော။ အရဟတ္တူပနိဿယ သမ္ပန္နေ၊ အရဟတ္တဖိုလ်၏ ဥပနိဿယည်းနှင့် ပြည့်စုံသော။ ကုလပုတ္တေ၊ အမျိုးကောင်းသားကို။ ကိလေသေဟိ၊ ကိလေသာတို့သည်။ အာလောဠိတော၊ လှုပ်ချောက်ချားအပ်၏။ သတ္တ ဝါရေ၊ ခုနစ်ကြိမ်။ ဂိဟီဟုတွာ၊ လူထွက်၍။ သတ္တဝါရေ၊ ခုနစ်ကြိမ်။ ပဗ္ဗဇိတော၊ ရဟန်းပြုရ၏။

ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ တေသံ၊ ထိုရဟန်းတို့၏။ တံ ကထာပဝတ္တိံ၊ ထိုစကားဖြစ်ကြောင်းကို။ သုတွာ၊ ကြား၍။ တင်္ခဏာနုရူပေန၊ ထိုခဏအား လျောက်ပတ်စွာသော။ ဂမနေန၊ ကြွတော်မူလာခြင်းဖြင့်။ ဓမ္မသဘံ၊ တရားသဘင်သို့။ ဂန္တွာ၊ ကြွတော်မူ၍။ ဗုဒ္ဓါ-သနေ၊ ဘုရားနေရာ၌။ နိသိန္နော၊ နေတော်မူလျက်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်မည်သော စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေးခြင်းကြောင့်။ ဣမာယ နာမာတိ၊ ဤမည်သော စကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ၊ ဤသို့ ပြောဆိုသည်နှင့် အတူလျှင်။ ကိလေသာနာမ၊ ကိလေသာတို့မည်သည်ကား။ ဘာရိယာ၊ ဝန်လေးကုန်၏။ ဧတေ ကိလေသာ၊ ဤကိလေသာတို့သည်။ ရူပိနောဟုတွာ၊ ရုပ်ဖြစ်၍။ ကတ္ထစိ၊ တချို့သော အရာ၌။ ပက္ခိပိတုံ၊ ထည့်သွင်းခြင်းငှါ။ သက္ကာ၊ တတ်ကောင်းသည်။ သစေ ဘဝေယျုံ၊ အကယ်၍ ဖြစ်ကုန်ငြားအံ့။ စက္က-ဝါဠံ၊ စကြဝဠာတိုက်သည်။ အတိသမ္ဗာဓံ၊ အလွန်ကျဉ်းမြောင်း၏။ ဗြဟ္မ-လောကော၊ ဗြဟ္မာ့ပြည်သည်။ အတိနီစကော၊ အလွန်နိမ့်၏။ ဣတိ၊ ဤသို့။ နေသံ၊ ထိုကိလေသာတို့၏။ ဩကာသော၊ နေရာအရပ်သည်။ နဘဝေယျ၊ ပြည့်စုံသည် မဖြစ်နိုင်ရာ။ မာဒိသံ၊ ငါကဲ့သို့သော။ ပညာသမ္ပန္နံ၊ ပညာနှင့်ပြည့်စုံသော။ ပုရိသာဇာနေယျံ၊ ယောကျ်ားအာဇာနည်ကို။ ဧတေ၊ ဤကိလေသာတို့သည်။ အာလောဠေန္တိ၊ လှုပ်ချောက်ချားကုန်သေး၏ရှင့်။ အဝသေသေသုပန၊ ငါဘုရားမှ ကြွင်းသော သူတို့၌ကား။ ကာ ကထာ၊ အဘယ်ဆိုရာရှိအံ့နည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ အဟံ၊ ငါသည်။ အဍ္ဍနာဠိမတ္တံ၊ ပြည်ဝက်မျှလောက်သော။ ဝရက ဓောရ-ကဋ္ဌံ၊ ပြောင်းဖူးမျိုးကိုရင်း။ ကုဏ္ဍကုဒါလဋ္ဌံ၊ တူးရှင်းပေါက်တူကိုရင်း။ နိဿာယ၊ မှီ၍။ ဆ ဝါရေ၊ ခြောက်ကြိမ်။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ဥပ္ပဗ္ဗ-ဇိတပုဗ္ဗော၊ လူထွက်ဘူး၏။ ဣတိ၊ ဤသို့ မိန့်တော်မူလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ ကဒါ၊ အဘယ်အခါ၌ ရဟန်းပြုဘူးသနည်း။ သုဂတ၊ ကောင်းသော စကားကို ဆိုတော်မူတတ်သောဘုရား။ ကဒါ၊ အဘယ်အခါ၌ လူထွက်ဘူးသနည်း။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သုဏိဿထ၊ နာကြကုန်လော့။ ဣတိ၊ ဤသို့ မိန့်တော်မူလတ်

သော်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ နာပါကုန်အံ့ဘုရား။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ တေနဟိ၊ ထိုသို့ တပြီးကား။ သုဏာထ၊ နာကုန်လော့။ ဣတိ၊ ဤသို့ မိန့်တော်မူပြီးသော်။ အတီတံ၊ အတိတ်ကို။ အာဟရိ၊ ဆောင်တော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မင်းသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေန္တေ၊ ပြုသည် ရှိသော်။ ကုဒါလ ပဏ္ဍိတောနာမ၊ ကုဒါလပဏ္ဍိတ အမည်ရှိသောသူသည်။ ဗာဟိရက ပဗ္ဗဇ္ဇံ၊ သာသနာတော်မှအပ ရဟန်းအဖြစ်ကို။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ အဋ္ဌမာသေ၊ ရှစ်လတို့ပတ်လုံး။ ဟိမဝန္တေ၊ ဟိမဝန္တာတော၌။ ဝသိတွာ၊ နေ၍။ ဝဿာရတ္တသမယေ၊ မိုးရွာသောအခါ၌။ ဘူမိယာ၊ မြေသည်။ တိန္တာယ၊ စိုစွတ်သည်ရှိသော်။ မေ၊ ငါ၏။ ဂေဟေ၊ အိမ်၌။ အဍ္ဎနာဠိမတ္တော၊ ပြည်ဝက်မျှသော။ ဝရက စောရကော၊ ပြောင်းဖူးမျိုး သည်၎င်း။ ကုဏ္ဍကုဒါလကောစ၊ တူးရွင်း ပေါက်တူးသည်၎င်း။ အတ္ထိ၊ ရှိ၏။ ဝရကစောရကဗီဇံ၊ ပြောင်းဖူးမျိုးသည်။ မာနဿိ၊ မပျက်စေလင့်။ ဣတိ၊ ဤသို့။ ဥပ္ပဗ္ဗဇိတွာ၊ လူထွက်၍။ ကော်ဌာနံ၊ တခုသောအရပ်ကို။ ကုဒါလေန၊ ပေါက်တူးဖြင့် ကသိတွာ၊ ပေါက်ခွဲ၍။ တံဗီဇံ၊ ထိုမျိုးစေ့ကို။ ဝပိတွာ၊ စိုက်ပျိုး၍။ ဝတိံ၊ စောင်ရန်းကို။ ကတွာ၊ ရံ၍။ ပက္ကကာလေ၊ ရင့်သောအခါ၌။ ဥဒ္ဓရိတွာ၊ ရိတ်၍။ နာဠိမတ္တဗီဇံ၊ တပြည်မျှလောက် သောမျိုးစေ့ကို။ ဌပေတွာ၊ ထား၍။ သေသံ၊ အကြွင်းကို။ ခါဒိ၊ စား၏။ သော၊ ထိုကုဒါလ ပဏ္ဍိတသည်။ မေ၊ အား။ ဒါနိ၊ ယခုအခါ၌။ ဂေ-ဟေန၊ အိမ်ဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ပုန၊ တဖန်။ အဋ္ဌ၊ မာသေ၊ ရှစ်လတို့ပတ်လုံး။ ပဗ္ဗဇိဿာမိတိ၊ ရဟန်းပြုအံ့ဟူ၍။ စိန္တေတွာ-ကြံ၍။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိ၊ ရဟန်းပြု၏။

ဣမိနာဝ နိယာမေန၊ ဤသို့သောနည်းဖြင့်လျှင်။ နာဠိမတ္တံ၊ တပြည် မျှသော။ ဝရက စောရကဉ္စ၊ ပြောင်းဖူးမျိုးကို၎င်း။ ကုဏ္ဍကုဒါလဉ္စ၊ တူးရွင်းပေါက်တူးကို၎င်း။ နိဿာယ၊ မှီ၍။ သတ္တဝါရေ၊ ခုနစ်ကြိမ်။ ဂိဟီဟုတွာ၊ လူထွက်၍။ သတ္တဝါရေ၊ ခုနစ်ကြိမ်။ ပဗ္ဗဇိတွာ၊ ပြု၍။ သတ္တမေ ပန ဝါရေ၊ ခုနစ်ကြိမ်မြောက်သော အခါ၌ကား။ စိန္တေသိ၊ ကြံ၏။ အဟံ၊ ငါသည်။ ဆဝါရေ၊ ခြောက်ကြိမ်။ ဣဒံ ကုဏ္ဍကုဒါလံ၊ ဤတူးရွင်းပေါက်တူးကို။ နိဿာယ၊ မှီ၍။ ဂိဟီဟုတွာ၊ လူထွက်၍။ ပဗ္ဗဇိ-

တော။ ရဟန်းပြု၏။ ကတ္တစိဒေဝ၊ တစုံတခုသောအရပ်၌သာလျှင်။ နံ၊ ထိုတူရွင်းပေါက်တူးကို။ ဆဠ္ဌေဿာမိတိ၊ စွန့်အံ့ဟူ၍။ သော၊ ထိုကုဒါလ-ပဏ္ဍိတသည်။ ဂင်္ဂါယ တီရံ၊ ဂင်္ဂါမြစ်နားသို့။ ဂန္တွာ၊ ၍။ ပတိတဋ္ဌာနံ-ကျရာအရပ်ကို။ ပဿန္တော၊မြင်သည်ရှိသော်။ ဩတရိတွာ၊ဆင်း၍။ ဂဏှေ၊ ယျ၊ ယူရာ၏။ ယထာ၊ အကြင်အခြင်းဖြင့်။ အဿ၊ ထို ပြောင်းဖူး, တူရွင်း ပေါက်တူး၏။ ပတိတဋ္ဌာနံ၊ ကျရာအရပ်ကို။ နပဿာမိ၊ မမြင်။ တထာ၊ ထိုအခြင်းအရာဖြင့်။ နံ၊ ထိုပြောင်းဖူး တူရွင်း,ပေါက်တူးကို။ ဆဠ္ဌေဿာ-မိတိ၊စွန့်အံ့ဟူ၍။ စိန္တေတွာ၊ကြံ၍။ နာင်္ဂမတ္ထံဗိဇံ၊ တပြည်မျှသောပြောင်းဖူး မျိုးကို။ ပိလောတိကာယ၊ ပုဆိုးနွမ်းဖြင့်။ ဗန္ဓိတွာ၊ ထုပ်၍။ ပိလောတိကံ၊ ပုဆိုးနွမ်းအထုပ်ကို။ ကုဒါလ ဖလကေ၊ ပေါက်တူးပျဉ်ချပ်၌။ ဗန္ဓိတွာ၊ ဖွဲ့၍။ ကုဒါလံ၊ ပေါက်တူးကို။ အဂ္ဂဒဏ္ဍကေ၊ အရိုးဖျား၌။ ဂဟေတွာ၊ ကိုင်ဆွဲ၍။ ဂင်္ဂါယ တီရေ၊ ဂင်္ဂါမြစ်နား၌။ ဌိတော၊ ရပ်လျက်။ အက္ခီနိ၊ မျက်စိတို့ကို။ နိမ္မိလေတွာ၊မှိတ်၍။ ဥပရိသီသေ၊ဦးခေါင်းထက်၌။တိက္ခတ္တုံ၊ သုံးကြိမ်။အာဝိဉ္ဆိတွာ၊လှည့်၍။ ဂင်္ဂါယ၊ဂင်္ဂါ၌။ခိပိတွာ၊ပစ်၍။နိဝတ္တေတွာ၊ ပြန်၍။ဩလောကေန္တော၊ကြည့်သည်ရှိသော်။ ပတိတဋ္ဌာနံ၊ကျရာအရပ်ကို။ အဒိသွာ၊ မမြင်မူ၍။ မေ၊ ငါသည်။ ဇိတံ၊ အောင်အပ်ပြီ။ မေ၊ ငါသည်။ ဇိတံ၊ အောင်အပ်ပြီ။ ဣတိ၊ ဤသို့။ တိက္ခတ္တုံ၊ သုံးကြိမ်။ သဒ္ဒံ၊ အသံကို။ အကာသိ၊ ပြု၏။

တသ္မိံ ခဏေ၊ ထိုခဏ၌။ ဗာရာဏသိရာဇာ၊ ဗာရာဏသီမင်းကြီးသည်။ ပစ္စန္တဂါမံ၊ ပစ္စန္တရစ်ရွာကို။ ဝူပသမေတွာ၊ရန်ငြိမ်းစေ၍။ အာဂန္တွာ၊လာ၍။ နဒီတီရေ၊ မြစ်နား၌။ ခန္ဓာဝါရံ၊ အောင်တပ်ကို။ နိဝါသေတွာ၊ ချ၍။ နှာနတ္ထာယ၊ ရေသဘင်ကစားခြင်းအကျိုးငှါ။ နဒိံ၊ မြစ်သို့။ ဩတိဏ္ဏော၊ ဆင်းစဉ်။ တံသဒ္ဒံ၊ ထိုအသံကို။ အဿောသိ၊ကြား၏။ ရာဇူနံနာမ၊ မင်းတို့ မည်သည်ကား။ ဇိတံ မေတိသဒ္ဒေါ၊ငါအောင်ပြီဟူသောအသံကို။ အမနာ-ပေါ၊ မနှစ်သက်သည်။ အဟောသိ၊ ၏။ သော၊ ထိုမင်းသည်။ တဿ၊ ထိုကုဒါလပဏ္ဍိတ၏။ သန္တိကံ၊သို့။ ဂန္တွာ၊သွား၍။ အဟံ၊ငါသည်။ ဣဒါနိ၊ ယခုအခါ၌။ အမိတ္တ ဒမနံ၊ ရန်သူအားဆုံးမခြင်းကို ကတွာ၊ ပြု၍။ မေ၊ ငါသည်။ ဇိတန္တိ၊ အောင်ပြီဟူ၍။ အာဂတော၊ လာ၏။ တွံပန၊သင်သည် ကား။ မေ၊ငါသည်။ ဇိတံ၊အောင်ပြီ။ မေ၊ငါသည်။ဇိတံ၊အောင်ပြီ။ဣတိ၊ သို့။ ဝိရဝသိ၊ ဆိုဘိ၏။ တေ၊ဤသို့အောင်ခြင်းသည်။ ကိံနာမ၊ အဘယ်သို့

အောင်သည်မည်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေးတော်မူ၏။ ကုဒ္ဒါလပဏ္ဍိတော၊ သည်။ အာဟ၊ လျှောက်၏။ တွံ၊ ရှင်မင်းကြီးသည်။ ဗာဟိရက-စောရေ၊ အပဖြစ်သော ခိုးသူတို့ကို။ ဇိနိ၊ အောင်တော်မူ၏။ တယာ၊ ရှင်မင်းကြီးသည်။ ဇိတံ၊ အောင်အပ်သောရန်သည်။ ပုန၊ တဖန်။ အဇိ-တမေဝ၊မအောင်အပ်သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ မယာပန၊အကျွန်ုပ်သည်ကား။ အဇ္ဈတ္တိကော၊ ကိုယ်တွင်း၌ ဖြစ်သော။ လောဘစောရော၊ လောဘဟူသော ခိုးသူကို။ ဇိတော၊ အောင်အပ်၏။ သော၊ ထိုလောဘ ခိုးသူသည်။ပုန၊တဖန်။မံ၊အကျွန်ုပ်ကို။ န ဇိနိဿတိ၊ မအောင်နိုင်လတ္တံ့။ တဿေဝ၊ ထိုအတွင်းရန်သူကိုလျှင်။ ဇယော၊ အောင်ခြင်းသည်။ သာဓု၊ ကောင်း၏။ဣတိဝတွာ၊ဤသို့ဆို၍။ဣမံဂါထံ၊ ဤဂါထာကို။အာဟ၊ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ယံဇိတံ၊ အကြင်အောင်ခြင်းသည်။ အဝဇီယတိ၊ ယုတ်သောအောင်ခြင်းရှိ၏။ တံဇိတံ၊ ထိုအောင်ခြင်းသည်။ နသာဓုဇိတံ၊ ကောင်းသောအားဖြင့် အောင်ခြင်းမမည်။ ယံဇိတံ၊ အကြင် အောင်ခြင်းသည်။ နာဝဇီယတိ၊ မယုတ်သောအားဖြင့် အောင်ခြင်းရှိ၏။ ခေါ၊ စင်စစ်။ တံဇိတံ၊ ထိုအောင်ခြင်းသည်။ သာဓုဇိတံ၊ ကောင်းသော အောင်ခြင်း မည်၏။

တင်္ခဏေယေဝ၊ ထိုခဏ၌လျှင်။ ဂင်္ဂံ၊ ဂင်္ဂါမြစ်ကို။ ဩလောကေန္တော၊ ကြည့်လျက်။ အာပေါကသိဏံ၊ အာပေါကသိုဏ်းကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ အဓိဂတ ဝိသေသော၊ ရအပ်သော ဈာန်အထူးရှိလျက်။ အာကာ-သေ၊ ကောင်းကင်၌။ ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခြင်းဖြင့်။ နိသီဒိ၊ နေ၏။ ရာဇာ၊ မင်းသည်။ မဟာပုရိသဿ၊ ဘုရားလောင်း၏။ ဓမ္မကထံ၊ တရား စကားကို။ သုတွာ၊ ကြား၍။ ဝန္ဒိတွာ၊ ၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိတွာ၊ တောင်းပန်၍။ ဗလကာယေန၊ ဗိုလ်ပါအပေါင်းနှင့်။ သဒ္ဓိံ၊ တကွ။ ပဗ္ဗဇိ၊ ရဟန်းပြု၏။ ယောဇနမတ္တာ၊ တယူဇနာ မျှလောက် သော။ ပရိသာ၊ ပရိသတ်သည်။ အဟောသိ၊ ဖြစ်၏။ အပရောပိ၊ တပါးလည်းဖြစ်သော။ သာမန္တရာဇာ၊ ဗာရာဏသီပြည်နှင့် နီးသော ပြည့်ရှင် မင်းသည်။ တဿ၊ ထို ဗာရာဏသီ မင်း၏။ ပဗ္ဗဇိတဘာဝံ၊ ရဟန်းပြုသည်၏ အဖြစ်ကို။ သုတွာ၊ ကြား၍။ တဿ၊ ထိုဗာရာဏသီ မင်း၏။ ရဇ္ဇံ၊ ပြည်ကို။ ဂဏှိဿာမိတိ၊ ယူအံ့ဟူ၍။ အာဂန္တွာ၊ လာ၍။ တထာ၊ ထိုသို့သော အခြင်းအရာဖြင့်။ သမိဒ္ဓံ၊ ပြည့်စုံ ကြွယ်ဝသော။

နဂရံ၊ ပြည်သည်။ သုညံ၊ ဆိတ်ဆိတ် ညံညံ ရှိသည်ကို။ ဒိသွာ၊ မြင်၍။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ နဂရံ၊ ပြည်ကို။ ဆဒ္ဒေတွာ၊ စွန့်၍။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ ဩရကေ ဌာနေ၊ ယုတ်သော နေရာ ဖြစ်မူကား။ န ပဗ္ဗဇိဿတိ၊ ရဟန်းမပြုလတ္တံ့။ မယာပိ၊ ငါသည်လည်း။ ပဗ္ဗဇိတုံ၊ ရဟန်းပြုခြင်းငှါ။ ဝဋ္ဋတီတိ၊ သင့်၏ဟု။ စိန္တေတွာ၊ ကြံ၍။ တတ္ထ၊ ထိုဘုရားလောင်းရှိရာသို့။ ဂန္တွာ၊ ၍။မဟာပုရိသံ၊ဘုရားလောင်းသို့။ ဥပသင်္ကမိတွာ၊ ၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိတွာ၊ ၍။ သပရိဝါရော၊ ပရိသတ်နှင့်တကွ။ ပဗ္ဗဇိ၊ ရဟန်းပြု၏။

ဧတေနေဝ နီဟာရေန၊ ဤသို့သော နည်းဖြင့်လျှင်။ သတ္တရာဇာနော၊ ခုနစ်ယောက်သော မင်းတို့သည်။ ပဗ္ဗဇိံသု၊ ရဟန်းပြုကုန်၏။ သတ္တယောဇနိကော၊ ခုနစ်ယူဇနာ ရှိသော။ အဿမော၊ သခ်မ်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တရာဇာနော၊ ခုနစ်ပြည်ထောင်သော မင်းတို့သည်။ ဘောဂေ၊ စည်းစိမ်တို့ကို။ ဆဒ္ဒေတွာ၊ စွန့်၍။ ဧတ္တကံ ဇနံ၊ ဤမျှလောက်သော လူကို။ ဂဟေတွာ၊ ခေါ်၍။ ပဗ္ဗဇိံသု၊ ရဟန်းပြုကုန်၏။ မဟာပုရိသော၊ ဘုရားလောင်းသည်။ ဗြဟ္မစရိယဝါသံ၊ ဈာန်ဖြင့်မွေလျော်၍ နေခြင်းကို။ ဝသိတွာ၊ နေ၍။ ဗြဟ္မလောကူပဂေါ၊ဗြဟ္မာ့ပြည်သို့လားသည်။ အဟောသိ၊ ဖြစ်၏။ သတ္ထာ၊ ဘုရားသည်။ ဣမံ ဓမ္မဒေသနံ၊ ဤတရားဒေသနာကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါသည်။ တဒါ၊ ထိုအခါ၌။ ကုဒ္ဒါလပဏ္ဍိတော၊ ကုဒ္ဒါလပဏ္ဍိတသည်။ အဟောသိံ၊ ဖြစ်၏။ ဧဝေ ကိလေသာနာမ၊ ဤကိလေသာတို့ မည်သည်ကား။ ဧဝံ၊ ဤသို့သော အခြင်းအရာဖြင့်။ ဘာရိယာ၊ ဝန်လေးကုန်သည်။ အဟေသုံ၊ ကုန်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောတော်မူ၏။

ပဥ္စမံ၊ သော။ စိတ္တဟတ္ထတ္ထေရ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ဤတွင် ပြီးပြီ။

---

## ၃-စိတ္တဝဂ္ဂ၊ ၆-ပဥ္စသတဘိက္ခု ဝတ္ထု

အနုသန္ဓေ...စိတ္တဟတ္ထတ္ထေရဝတ္ထု၌ ဟောကြောင်းဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ၌ ပဥ္စသတဘိက္ခု ဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကိုဖွင့်ခြင်းငှါ ကုမ္ဘူပမန္တိ·စသည်ကို မိန့်အပ်၏။

ကုမ္ဘူပမန္တိ ဣမံ ဓမ္မဒေသနံ၊ ကုမ္ဘူပမံ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ အာရဒ္ဓ ဝိပဿကေ၊ အားထုတ်အပ်သော ဝိပဿနာရှိကုန်သော ရဟန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ၏။

သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ပဉ္စသတာဘိက္ခူ၊ ငါးရာသော ရဟန်းတို့သည်။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ယာဝ အရဟတ္တာ ကမ္မဋ္ဌာနံ၊ အရဟတ္တဖိုလ်တိုင်အောင်သော ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရိဿာမာတိ၊ ပြုကုန်အံ့ ဟူ၍။ ယောဇနသတမဂ္ဂံ၊ ယူဇနာတရာ အတိုင်းအရှည်ရှိသော ခရီးသို့။ဂန္တွာ၊၍။ဧကံ၊သော။မဟာ-ဝါသဂါမံ၊ လူအများနေရာဖြစ်သောကြောင့် မဟာဝါသအမည်ရသောရွာသို့။ အဂမံသုကိရ၊ ရောက်ကုန်သတတ်။အထ၊၌။တေ၊ ထိုရဟန်းတို့ကို။ မနုဿာ၊ လူတို့သည်။ ဒိသွာ၊ ၍။ ပညတ္တာသနေ၊ ခင်းအပ်သော နေရာ၌။ နိသီဒါ-ပေတွာ၊ နေစေ၍။ ပဏီတေဟိ၊ မွန်မြတ်ကုန်သော။ ယာဂုဘတ္တာဒီဟိ၊ ယာဂုထမင်း စသည်တို့ဖြင့်။ ပရိဝိသိတွာ၊ လုပ်ကျွေး၍။ဘန္တေ၊ အရှင်ဘုရားတို့။ ကဟံ၊ အဘယ်အရပ်သို့။ ဂစ္ဆထ၊ ကြွကုန်အံ့နည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေး၍။ ယထာဖါသုကဋ္ဌာနံ၊ ချမ်းသာစွာနေရာ ဝါဆိုကျောင်း ရှိရာအရပ်သို့။ ဂစ္ဆာမ၊ သွားကုန်အံ့။ ဣတိဝုတ္တေ၊ ဤသို့ ဆိုကုန်သည် ရှိသော်။ ဘန္တေ၊ အရှင်ဘုရားတို့။ ဣမံ တေမာသံ၊ ဤဝါတွင်း သုံးလပတ်လုံး။ ဣဓေဝ၊ ဤရွာ၌လျှင်။ ဝသထ၊ နေပါကုန်လော့။ မယံပိ၊ အကျွန်ုပ်တို့သည်လည်း။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သန္တိကေ၊ အထံ၌။ သရဏေသု၊ သရဏဂုံတို့၌။ ပတိဋ္ဌာယ၊ တည်၍။ ပဉ္စသီလာနိ၊ ပဉ္စသီလတို့ကို။ ရက္ခိဿာမ၊စောင့်ကုန်အံ့။ ဣတိယာစိတွာ၊ ဤသို့ တောင်းပန်၍။ တေသံ၊ ထိုရဟန်းတို့၏။ အဓိဝါသနံ၊ သည်းခံခြင်းကို။ ဝိဒိတွာ၊ သိ၍။ အဝိဒူရေ ဌာနေ၊ ရွာနှင့် မနီး မဝေးသော အရပ်၌။ မဟန္တော ဝနသဏ္ဍော၊ တောအုပ်ကြီးသည်။ အတ္ထိ၊ ရှိ၏။ ဘန္တေ၊ အရှင်ဘုရားတို့။ ဧတ္ထ၊ ဤတောအုပ်၌။ ဝသထ၊ သီတင်း သုံးကုန်လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဥယျောဇေသုံ၊ လွှတ်လိုက်ကုန်၏။

ဘိက္ခူ၊ရဟန်းတို့သည်။တံ ဝနသဏ္ဍံ၊ထိုတောအုပ်သို့။ပဝိသိံသု၊ဝင်ကုန်-၏။တသ္မိံ ဝနသဏ္ဍေ၊ ထိုတောအုပ်၌။ အဓိဝတ္ထာဒေဝတာ၊ စောင့်ရှောက်ထိန်းသိမ်း၍ နေကုန်သော နတ်တို့သည်။ သီလဝန္တော၊ သီလရှိကုန်သော၊အယျာ၊ အရှင်ကောင်းတို့သည်။ ဣမံ ဝနသဏ္ဍံ၊ ဤတောအုပ်သို့။ အနုပ္ပတ္တာ၊ ရောက်

လာကုန်ပြီ။ အယျေသု၊ အရှင်ဘုရား တို့သည်။ ဣမ၊ ဤတောအုပ်၌။ ဝသန္တေသု၊ နေကုန်သည်ရှိသော်။ အမှာကံ၊ တို့အား။ ပုတ္တဒါရေ၊ သားမယားတို့ကို။ ဂဟေတွာ၊ ခေါ်၍။ ရုက္ခေ၊ သစ်ပင်တို့ကို။ အဘိရုယှ၊ တက်၍။ ဝသိတုံ၊နေခြင်းငှါ။ အယုတ္တံခေါပန၊ မသင့်သည်သာလျှင်တည်း။ ဣတိ၊ထို့ကြောင့်။ တေ၊ ထိုရုက္ခဇိုဝ်းနတ်တို့သည်။ ရုက္ခတော၊ သစ်ပင်မှ။ ဩတရိတွာ၊ ဆင်း၍။ ဘူမိယံ၊ မြေ၌။ နိသီဒိတွာ၊ နေ၍။ စိန္တယိံသု၊ ကြံကုန်၏။ အယျာ၊ အရှင်ကောင်းတို့သည်။ ဣမသ္မိံ ဌာနေ၊ဤအရပ်၌။ အဇ္ဇ၊ ယနေ့။ ကေရတ္တိံ၊ တညဉ့်မျှ။ ဝသိတွာ၊ နေ၍။ အဒ္ဓါ၊ မချွတ်။ သွေ၊ နက်ဖြန်။ ဂမိဿန္တိ၊ သွားကုန်လတ္တံ့။ ဣတိ၊ ဤသို့ကြံကုန်၏။ ဘိက္ခူပိ၊ တို့သည်လည်း။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ အန္တောဂါမေ၊ ရွာတွင်း၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ ၍။ ပုန၊ တဘန်။ တမေဝ-ဝနသဏ္ဍံ၊ ထိုတောအုပ်သို့သာလျှင်။ အာဂမိံသု၊ ပြန်လာကုန်၏။ ဒေဝတာ၊ တို့သည်။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ (အာဂစ္ဆတိမှာ စပ်၊ နိမန္တိတောမှာ စပ်။) သွာတနာယ၊နက်ဖြန်ကောင်းမှုအကျိုးငှါ။ ကေနစိ၊ တစုံတယောက်သော သူသည်။ နိမန္တိတော၊ ဖိတ်အပ်သည်။ ဘဝိဿတိ၊ ဖြစ်ဟန်ရှိ၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ပုန၊ ဘန်။ အာဂစ္ဆတိ၊ ဤနေရာသို့ လာပြန်၏။ အဇ္ဇ၊ ယနေ့။ ဂမနံ၊ သည်။ နဘဝိဿတိ၊ လတ္တံ့။ သွေ၊ နက်ဖြန်။ ဂမိဿတိမညေ၊ သွားလိမ့်မည်ထင်၏။ ဣတိဣမိနာ ဥပါယေန၊ ဤသို့သောအကြောင်းဖြင့်။ အဍ္ဍမာသမတ္တံ၊ လခွဲမျှ။ ဘူမိယမေဝ၊ မြေ၌သာလျှင်။ အစ္ဆိံသု၊ နေရကုန်၏။

တတော၊ ထို့နောင်မှ။ စိန္တယိံသု၊ ကုန်၏။ ဘဒ္ဒန္တာ၊ အရှင်ကောင်းတို့သည်။ ဣမံ တေမာသံ၊ ဤဝါတွင်းသုံးလပတ်လုံး။ ဣဓေဝ၊ ဤတော၌လျှင်။ ဝသိဿန္တိမညေ၊ နေကုန်လိမ့်မည်ထင်၏။ ခေါပန၊ စင်စစ် အားဖြင့်။ ဣဓေဝ၊ဤအရပ်၌လျှင်။ ဝသန္တေသု၊နေကုန်သည်ရှိသော်။ အမှာကံ၊ တို့အား။ ရုက္ခေ၊သစ်ပင်တို့ကို။ အဘိရုဟိတွာ၊တက်၍။ နိသီဒိတုံပိ၊ နေခြင်းငှါလည်း။ နယုတ္တံ၊မသင့်။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ ပုတ္တဒါရေ၊ သားမယားတို့ကို။ ဂဟေတွာ၊ ဆွဲငင်၍။ ဘူမိယံ၊ ၌။ နိသီဒနဋ္ဌာနာနိပိ၊ နေရာအရပ်တို့သည်လည်း။ ဒုက္ခာနိ၊ဆင်းရဲကုန်၏။ ကိဉ္စိကမ္မံ၊တစုံတခုသော အမှုကို။ ကတွာ၊ ပြု၍။ ဣမေ ဘိက္ခူ၊ ဤရဟန်းတို့ကို။ ပလာပေတုံ၊ ပြေးစေခြင်းငှါ။ ဝဋ္ဋတိတိ၊သင့်၏ဟု။ တာဒေဝတာ၊တို့သည်။ တေသု တေသု

ဌာနေသု၊ ထိုထိုအရပ်၌ဖြစ်ကုန်သော။ ရတ္တိဋ္ဌာန ဒိဝါဋ္ဌာနေသုစေဝ၊ ညဉ့် သန့်စရာ နေ့သန့်စရာ အရပ်တို့၌ငှင်း။ စင်္ကမန ကောဋ္ဌိသုစ၊ စင်္ကြံဦးတို့၌ ငှင်း။ ဆိန္နသီသာနိ၊ ပြတ်သောဦးခေါင်းရှိကုန်သော။ ကဗန္ဓာနိ၊ ကိုယ်တို့ ကိုငှင်း။ ဒသ္သေတုံ၊ ပြခြင်းငှါငှင်း။ အမနုဿံ သဒ္ဒဉ္စ၊ ဘီလူးသံကိုလည်း။ သာဝေတုံ၊ ကြားစေခြင်းငှါငှင်း။ အာရဘိံသု၊ အားထုတ်ကုန်၏။

ဘိက္ခူနံ၊ ရဟန်းတို့အား။ ခိပိတ ကာသာဒယော၊ ချေခြင်း ချောင်း ဆိုးခြင်း အစရှိကုန်သော။ ရောဂါ၊ ကျင်နာခြင်း တို့သည်။ ပဝတ္တိံသု၊ ဖြစ်ကုန်၏။ တေ၊ ထိုရဟန်းတို့သည်။ အညမညံ၊ အချင်းချင်း။ အာဝုသော၊ ငါ့ရှင်။ တုယှံ၊ သင်အား။ ကိံ ရုဇ္ဇတိ၊ အဘယ်အနာ နှိပ်စက်ခြင်း ရှိသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆန္တာ၊ မေးကုန်သည်ရှိသော်။ မယှံ၊ ငါ့ အား။ ခိပိတ ရောဂေါ၊ ချေဆတ်သော အနာရှိ၏။ မယှံ၊ အား။ ကာ-သော။ ချောင်းဆိုးနာရှိ၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ အဇ္ဇ၊ ယနေ့။ စင်္ကမနကောဋ္ဌိယံ၊ စင်္ကြံစွန်း၌။ ဆိန္န-သီသံ၊ ခေါင်းပြတ်ကို။ အဒ္ဒသံ၊ ၏။ အဟံ၊ ငါသည်။ ရတ္တိဋ္ဌာနေ၊ ညဉ့် သန့်ရာအရပ်၌။ ကဗန္ဓံ၊ ကိုယ်တခြမ်းကို။ အဒ္ဒသံ၊ မြင်၏။ အဟံ၊ ငါသည်။ ဒိဝါဋ္ဌာနေ၊ နေ့သန့်စရာအရပ်၌။ အမနုဿသဒ္ဒံ၊ ဘီလူးသံကို။ အဿော-သိံ၊ ကြား၏။ ဣဒံ ဌာနံ၊ ဤအရပ်သည်။ အမှာကံ၊ ငါတို့အား။ ပရိဝဇ္ဇေ-တဗ္ဗ ယုတ္တကံ၊ ကြဉ်အပ်သည်နှင့် ယှဉ်သောအရပ်တည်း။ ဣဓ၊ ဤအရပ်၌။ အဖါသုကံ၊ မချမ်းသာခြင်းသည်။ အဟောသိ၊ ၏။ သတ္ထုသန္တိကံ၊ ဘုရား အထံသို့။ ဂမိဿာမာတိ၊ သွားကုန်အံ့ဟူ၍။ တေ ဘိက္ခူ၊ တို့သည်။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ သတ္ထုသန္တိကံ၊ ဘုရား အထံသို့။ ဂန္တွာ၊ ရောက်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သော အရပ်၌။ နိသီဒိံသု၊ နေကုန်၏။

အထ၊ ထိုအခါ၌။ နေ၊ ထိုရဟန်းတို့ကို။ သတ္ထာ၊ ဘုရားရှင်သည်။ အာဟ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ တို့။ တသ္မိံ ဌာနေ၊ ထိုအရပ်၌။ ဝသိတုံ၊ နေခြင်းငှါ။ ကိံ နသက္ကိဿထ၊ အဘယ့်ကြောင့် မတတ်နိုင် ကုန်ဘိသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မနေငံ့၍ လာခဲ့သည် မှန်ပေ၏ ဘုရား။ တသ္မိံ ဌာနေ၊ ထိုအရပ်၌။ ဝသန္တာနံ၊ နေကုန်သော။ အမှာကံ၊ တပည့်တော်တို့အား။ ဧဝရူပါနိ၊ ဤသို့ သဘော ရှိကုန်သော။ ဘေရဝါရမ္မဏာနိ၊ ကြောက်ဘွယ်

လန့်ဘွယ် ရှိကုန်သော အဆင်း အာရုံတို့သည်။ ဥပဋ္ဌဟန္တိ၊ ထင်ကုန်၏။ တေန၊ ထိုကြောင့်။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ အဖါသုကံ၊ မချမ်းသာ ခြင်းသည်။ ဟောတိ၊ ၏။ တေန၊ ထို့ကြောင့်။ မယံ၊ အကျွန်ုပ်တို့သည်။ ဣဒံ ဌာနံ၊ ဤအရပ်ကို။ ဝဇ္ဇေတဗ္ဗ ယုတ္တကံဣတိ၊ ကြဉ်အပ်သည်နှင့်ယှဉ်သော အရပ်တည်းဟု။ တံ၊ ထိုအရပ်ကို။ ဆဍ္ဍေတွာ၊ စွန့်၍။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သန္တိကံ၊ သို့။ အာဂတာ၊ ကုန်၏။ ဣတိ၊ ဤသို့လျှောက်၏။ ဘိက္ခဝေ၊ တို့။ တတ္ထေဝ၊ ထိုအရပ်သို့လျှင်။ တုမှာကံ၊ သင်တို့အား။ ဂန္တုံ၊ သွားခြင်းငှါ။ ဝဋ္ဋတီတိ၊ အပ်၏ဟု မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ န သက္ကာ၊ သွားခြင်းငှါမဝံ့ပါကုန်။ ဣတိ၊ ဤသို့ လျှောက်သည် ရှိသော်။ ဘိက္ခဝေ၊ တို့။ တုမှေ၊ သင်တို့သည်။ အာဝုဓံ၊ လက်နက်ကို။ အဂ္ဂဟေတွာ၊ မယူမူ၍။ ဂတာ၊ သွားကုန်၏။ ဣဒါနိ၊ ယခု အခါ၌။ အာဝုဓံ၊ လက်နက်ကို။ ဂဟေတွာ၊ ဆောင်၍။ ဂစ္ဆထ၊ သွားလေကုန်လော့။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာဝုဓံ၊ လက်နက်ဟူသည်။ ကတရံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့လျှောက်ကုန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ အဟံ၊ ငါသည်။ ဝေါ၊ သင်တို့အား။ အာဝုဓံ၊ လက်နက်ကို။ ဒဿာမိ၊ ပေးအံ့။ မယာ၊ ငါသည်။ ဒိန္နံ၊ ပေးအပ်သော။ အာဝုဓံ၊ လက်နက်ကို။ ဂဟေတွာ၊ ယူ၍။ ဂစ္ဆထ၊ သွားလေကုန်။ ဣတိ-ဝတွာ၊ ဤသို့မိန့်တော်မူ၍ -

ကရဏီယ။လ။ အနတိမာနီတိ၊ အနတိမာနိ ဤသို့အစရှိသော။ သကလံ၊ အလုံးစုံသော။ မေတ္တသုတ္တံ၊ ကို။ ကထေသိ၊ ဟောတော်မူ၏။

(အနက်ကား)သန္တံ၊ ငြိမ်သက်သော။ယံပဒံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံပဒံ၊ ထိုနိဗ္ဗာန်သို့။ အဘိသမေစ္စ၊ အာရုံပြု၍။ အတ္ထကုသလေန၊ အကျိုးစီးပွား၌ လိမ္မာသောသူသည်။ မေတ္တံ၊ ကို။ ကရဏီယံ၊ ပြုအပ်၏။ သက္ကောစ၊ မေတ္တာစိတ်ကိုပြုခြင်းငှါ စွမ်းနိုင်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ ဥဇုစ၊ ဖြောင့်မတ်ခြင်းသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဟုဇုစ၊ လွန်စွာ ဖြောင့်မတ်ခြင်းသည်လည်း။ အဿ၊ ဖြစ်ရာ၏။ သုဝစောစ၊ ဆိုလွယ်သော စကားရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။ မုဒုစ၊ နူးညံ့သော စိတ်နှလုံးရှိသည် လည်း။ အဿ၊ ဖြစ်ရာ၏။ အနတိမာနီစ၊ အလွန်မာန်မရှိသည်လည်း။ အဿ၊ ဖြစ်ရာ၏။

ကထေတွာ၊ ဟောပြီး၍။ ဘိက္ခဝေ၊ တို့။ ဣမံ၊ ဤမေတ္တသုတ်ကို။ တုမှေ၊ သင်တို့သည်။ ဝိဟာရဿ၊ ကျောင်း၏။ ဗဟိ၊ အပ၌။ ဝနသဏ္ဍတော၊ တောအုပ်မှ။ ပဋ္ဌာယ၊ စ၍။ သဇ္ဈာယန္တော၊ သရဇ္ဈာယ်ကုန်လျက်။ အန္တော-ဝိဟာရံ၊ ကျောင်းတွင်းသို့။ ပဝိသေယျာထာတိ၊ ဝင်လေ ကုန်လော့ဟု။ ဥယျောဇေသိ၊ လွှတ်တော်မူ၏။ တေ၊ ထိုရဟန်း တို့သည်။ သတ္ထာရံ၊ ဘုရားသဗ္ဗညုကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ တံဌာနံ၊ ထိုအရပ်သို့။ ပတွာ၊ ရောက်၍။ ဗဟိ ဝိဟာရေ၊ ကျောင်းအပ၌။ ဂဏသဇ္ဈာယံ၊ အပေါင်း သရဇ္ဈာယ်ခြင်းကို။ ကတွာ၊ ပြု၍။ သဇ္ဈာယမာနာ၊ အသီးအသီး သရဇ္ဈာယ်ကုန်လျက်။ ဝနသဏ္ဍံ၊ တောအုပ်သို့။ ပဝိသိံသု၊ ဝင်ကုန်၏။ သကလဝနသဏ္ဍေ၊ အလုံးစုံသော တောအုပ်၌။ ဒေဝတာ၊ နတ်တို့သည်။ မေတ္တစိတ္တံ၊ မေတ္တာစိတ်ကို။ ပဋိ-လဘိတွာ၊ ရ၍။ တေသံ၊ ထိုရဟန်းတို့အား။ ပစ္စုဂ္ဂမနံ၊ ခရီးဦးကြိုဆိုခြင်းကို။ ကတွာ၊ ပြု၍။ ပတ္တစီဝရပဋိဂ္ဂဟဏံ၊ သပိတ်သင်္ကန်းကို လှမ်းယူခြင်းကို။ အာပုစ္ဆိံသု၊ ပန်ကုန်၏။ ဟတ္ထပါဒ သမ္ဗာဟနံ၊ ခြေလက် ဆုပ်နယ်ခြင်းကို။ အာပုစ္ဆိံသု၊ ပန်ကုန်၏။ တေသံ၊ ထိုရဟန်းတို့အား။ တတ္ထတတ္ထ၊ ထိုထို အရပ်၌။ အာရက္ခံ၊ အစောင့် အရှောက်ကို။ သံဝိဒဟိံသု၊ စီရင်ကုန်၏။ ပက္ကုဓူပန တေလံဝိယ၊ အခိုးအပွတ်မရှိ ငြိမ်းပြီး၍ ကျက်ပြီးသော ဆီကဲ့သို့။ သန္နိသိန္နာ၊ ညီညွတ်စွာ စည်းဝေးကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ကတ္ထစိ၊ တစုံတခုသောအရာ၌။ အမနုဿာနံ၊ ဘီလူးတို့၏။ သဒ္ဒေါနာမ၊ အသံမည်သည်။ နာဟောသိ၊ မဖြစ်။

တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့၏။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ၊ တည်ကြည်သည်။ အဟောသိ၊ ဖြစ်၏။ တေ၊ ထိုရဟန်း တို့သည်။ ရတ္တိဋ္ဌာ-န ဒိဝါဋ္ဌာနေသု၊ ညဉ့်သန့်ရာ နေ့သန့်ရာ အရပ်တို့၌။ နိသိန္နာ၊ နေကြကုန်လျက်။ ဝိပဿနာယ၊ ဝိပဿနာ ဉာဏ်၌။ စိတ္တံ၊ စိတ်ကို။ ဩတာ-ရေတွာ၊ ချသွင်း၍။ အတ္တနိ၊ မိမိ၌။ ခယ ဝယံ၊ ကုန်ခြင်း ပျက်ခြင်းကို။ ပဋ္ဌပေတွာ၊ အသင့်အားဖြင့် ဖြစ်စေ၍။ အယံ အတ္တဘာဝေါနာမ၊ ဤအတ္တဘော မည်သည်ကား။ ဘိဇ္ဇနကဋ္ဌေန၊ ပျက်စီးတတ်သော အနက်ကြောင့်ရင်း။ အထာဝရဋ္ဌေန၊ အမြဲမတည်တတ်သော အနက်ကြောင့်ရင်း။ ကုလာလ ဘာဇနသဒိသော၊ မဖုတ်သော အိုးစိမ်းနှင့်တူ၏။ ဣတိ၊ ဤသို့။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎယိံသု၊ ပွားစေကုန်၏။ သမ္မာသမ္ဗုဒ္ဓေါ၊ ဘုရား

သဗ္ဗညုသည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နောဝ၊ နေလျက်လျှင်။ တေသံ၊ ထိုရဟန်းတို့၏။ ဝိပဿနာယ၊ ဝိပဿနာဖြင့်။ အာရဒ္ဓဘာဝံ၊ အားထုတ်သည်၏အဖြစ်ကို။ဉတွာ၊ သိ၍။တေဘိက္ခူ၊ထိုရဟန်းတို့ကို။ အာမန္တေတွာ၊ ခေါ်တော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ဧဝမေဝ၊ ဤသို့ သင်တို့ အောက်မေ့သည်နှင့်တူစွာလျှင်။အယံအတ္တဘာဝေါနာမ၊ဤအတ္တဘောမည်သည်ကား။ ဘိဇ္ဇနကဋ္ဌေနစ၊ ပျက်စီးတတ်သောအနက်ကြောင့်ရင်း။ အထာဝရဋ္ဌေနစ၊ အမြဲကြာရှည် မတည်တတ်သော အနက်ကြောင့်ရင်း။ ကုလာလဘာဇန-သဒိသောဧဝ၊ မဖုတ်သောအိုးစိမ်းနှင့်တူသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဩဘာသံ၊ ကိုယ်တော်ရောင်ကို။ ဖရိတွာ၊ နှံ့စေ၍။ ယောဇနသတေ၊ ယူဇနာတရာထက်၌။ ဌိတောပိ၊ တည်သည်ပင် ဖြစ်ငြားသော်လည်း။ အဘိမုခေ၊မျက်မှောက်၌။ နိသိန္နောဝိယ၊နေတော်မူသကဲ့သို့။ ဆဗ္ဗဏ္ဏ ရံသိယော၊ ခြောက်သွယ်သောရောင်ခြည်တော်တို့ကို။ ဝိဿဇ္ဇေတွာ၊ လွှတ်တော်မူ၍။ ဒိဿမာနေန ရူပေန၊ ထင်ရှားသောကိုယ်တော်၏ အဟန်ဖြင့်။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၄၀) ဘိက္ခဝေ၊ ရဟန်းတို့။ ဣမံ ကာယံ၊ ဤ ဆံအစ သည်တို့၏ အပေါင်းဖြစ်သော ရူပကာယကို။ ကုမ္ဘူပမံ၊ အိုးဉပမာရှိ၏ဟု။ ဝိဒိတွာ၊ သိ၍။ ဣဒံစိတ္တံ၊ ဤမိမိ၏ ဝိပဿနာစိတ်ကို။ နဂရူပမံ၊ လုံခြုံစွာသောမြို့နှင့်တူသော ဉပမာရှိသည်ကို။ ဌပေတွာ၊ ဖြစ်စေ၍။ ပညာဝုဓေန၊ ဝိပဿနာ မဂ်ဖြင့်ပြီးသော ဉာဏ်တည်းဟူသော လက်နက်ဖြင့်။ မာရံ၊ ကိလေသာ တည်းဟူသော မာရ်ကို။ ယောဓေထ၊ ထိုးပစ်ကုန်ရာ၏။ ဇိတဉ္စ ဉပ္ပါဒိတံ၊ ဖြစ်စေအပ်ပြီးသော နုသော ဝိပဿနာဉာဏ်ကိုလည်း။ ရက္ခေ၊ စောင့်ရာ၏။ အနိဝေသနော၊ ငဲ့ခြင်းကင်းသည်။ သိယာ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ကုမ္ဘူပမန္တိ၊ ဟူသည်ကား။ ဒုဗ္ဗလဋ္ဌေန၊ အားနည်းသော သဘောဖြင့်။ အဗလံ၊အားမှကင်းသော။ တာဝကာလိကဋ္ဌေန၊ တသက်လျာမျှသာ တည်သော သဘောဖြင့်။ အနဒ္ဓနိယံ၊ အရှည်မခိုင်ခံ့သော။ ကေသာဒိ သမူဟ သင်္ခါတံ၊ဆံ အစရှိသော အပေါင်းဟု ဆိုအပ်သော။ ဣမံ ကာယံ၊ ဤကိုယ်ကို။ ကုမ္ဘူပမံ ကုလာလ ဘာဇနသဒိသံ၊ အိုးထိန်းသည်တို့၏ မဖုတ်သေးသော အိုးခွက်နှင့်တူသည်ကို။ ဝိဒိတွာ၊ ၍။

နဂရူပမံ စိတ္တမိဒံ ဌပေတွာတိ၊ ဟူသည်ကား။ နဂရံနာမ၊ မြို့ မည်သည်ကား။ ဗဟိဒ္ဓါ၊ အပ၌။ ထိရံ၊ ခိုင်ခံ့သည်။ ဟောတိ၊ ဖြစ်၏။ ဂမ္ဘီရ-ပရိခံ၊ နက်သောကျုံးရှိ၏။ ပါကာရ ပရိက္ခိတ္တံ၊ တံတိုင်းဖြင့် ခြံရံအပ်၏။ ဒွါရဋ္ဋာလကယုတ္တံ၊ တံခါးပြအိုးနှင့် ယှဉ်ခြင်းရှိ၏။ အန္တော၊ အတွင်း၌။ သုဝိဘတ္တ ဝီထိစတုက္ကသိင်္ဃာဋက သမ္ပန္နံ၊ ကောင်းစွာ ဝေဘန်အပ်သော ခရီးလေးဆုံနှင့် ပြည့်စုံ၏။ အန္တရာပဏံ၊ အိမ်ဈေးရှိ၏။ တံ၊ ထို အင်္ဂါနှင့် ပြည့်စုံသောပြည်ကို။ ဝိလုမ္ပိဿာမ၊ လုယက်ဖျက်ဆီးကုန်အံ့။ ဣတိ၊ ဤသို့။ ဗဟိဒ္ဓါ၊ အပမှ။ စောရာ၊ခိုးသူတို့သည်။ အာဂန္တွာ၊ ၍။ ပဝိသိတုံ၊ငှါ။ အသက္ကောန္တာ၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ ပဗ္ဗတံ၊ တောင်ကို။ အာသဇ္ဇ၊ ကပ်၍။ ပဋိဟတာဝိယ၊ညှဉ်းဆဲကုန်သကဲ့သို့။ ဂစ္ဆန္တိ၊သွားကုန်၏။ ဧဝမေဝ၊ ဤအတူသာလျှင်။ ပဏ္ဍိတော ကုလပုတ္တော၊ ပညာရှိသော အမျိုးကောင်းသားသည်။ အတ္တနော၊ ၏။ ဝိပဿနာစိတ္တံ၊ ဝိပဿနာစိတ်ကို။ ထိရံ၊ ခိုင်ခံ့စွာ။ နဂရသဒိသံ၊ ပြည်ကြီးနှင့် တူသည်ကို။ ကတွာ၊ ၍။ ဌပေတွာ၊ ၍။ နဂရေ၊ ၌။ ဌိတော၊ သော။ ဧကောပုရိသ ယောဓော၊ ယောကျာ်းသူရဲတယောက်သည်။ ဧကတောဓာရာဒိ နာနပ္ပကာရာဝုဓေန၊ တဘက်သွားအစရှိသော အထူးထူး အပြားပြားရှိသော လက်နက်ဖြင့်။ စောရဂဟဏံ-ဝိယ၊ ခိုးသူတို့ကို ဘမ်းယူခြင်း ကဲ့သို့။ ဝိပဿနာမယေန၊ ဝိပဿနာဖြင့်ပြီးသော။ အရိယမဂ္ဂမယေန၊ အရိယမဂ်ဖြင့်ပြီးသော။ ပညာဝုဓေန၊ပညာလက်နက်ဖြင့်။ တံတံမဂ္ဂဝဇ္ဈံ၊ ထိုထိုမဂ်ဖြင့် သတ်အပ်သော။ ကိလေသံ၊ ကိလေသာကို။ ပဋိဗာဟန္တော၊ တဘန်ငြိမ်းစေလျက်။ တံတံ ကိလေသမာရံ၊ ထိုထိုကိလေသာဟူသော မာရ်ကို။ ယောဓေထ ပဟရေယျာထ၊ ထိုးပစ်ကုန်ရာ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။

ဇိတဉ္စ ရက္ခေဟိ၊ ဟူသည်ကား။ ဇိတဉ္စ ဥပ္ပါဒိတံ တရုဏဝိပဿနံ၊ ဖြစ်စေအပ်သော နုသောဝိပဿနာကို။ အာဝါသသပ္ပါယ ဥတုသပ္ပါယ-ဘောဇနသပ္ပါယ ပုဂ္ဂလသပ္ပါယ ဓမ္မသဝန သပ္ပါယာဒီနိ၊ ကျောင်း၏ လျောက်ပတ်ခြင်း, ဥတု၏ လျောက်ပတ်ခြင်း, ဘောဇဉ်၏ လျောက်ပတ်ခြင်း, ပုဂ္ဂိုလ်၏ လျောက်ပတ်ခြင်း, တရားနာခြင်း၏ လျောက်ပတ်ခြင်း စသည်တို့ကို။ အာသေဝန္တော၊ အဘန်တလဲလဲ မှီဝဲသည်ဖြစ်၍။ အန္တရန္တရာ၊ အကြားအကြား၌။ သမာပတ္တိံ၊ သမာပတ်ကို။ သမာပဇ္ဇိတွာ၊ဝင်စား၍။ တတော၊ ထိုသမာပတ်မှ။ ဝုဋ္ဌာယ၊ ၍။ သုဒ္ဓစိတ္တေန၊ ဖြူစင်သောစိတ်ဖြင့်။

သင်္ခါရေ၊ သင်္ခါရတို့ကို။ သမ္မသန္တော၊ သုံးသပ်လျက်။ ရက္ခေယျ၊ စောင့်ရှောက်ရာ၏။

အနိဝေသနော သိယာတိ၊ ဟူသည်ကား။ အနာလယော၊ ငဲ့ခြင်း ကင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ယောခေါ၊ သူရဲကောင်းသည်။ သင်္ဂါမသီသေ၊ စစ်မြေဦး၌။ ဗလကောဋ္ဌကံ၊ ဗိုလ်စုကို။ ကရိတွာ၊ ပြု၍။ အမိတ္တေဟိ၊ ရန်သူတို့နှင့်။ သဒ္ဓိံ၊ တကွ။ ယုဇ္ဈန္တော၊ ထိုးပစ်သည်ရှိသော်။ ဆာတောဝါ၊ ငတ်မွတ်ခြင်း ရှိသည်။ ဟုတွာ ဝါ၊ ဖြစ်၍ရှင်း။ ဝိပါသိကောဝါ၊ မွတ်သိပ်ခြင်းရှိသည်။ ဟုတွာ ဝါ၊ ဖြစ်၍ရှင်း။ သန္နာဟော၊ ချပ်မိန်ညိုသည်။ သိထိလေဝါ၊ လျော့ချောင် သော်ရှင်း။ အာဝုဓေ၊ လက်နက်သည်။ ပတိတေဝါ၊ ကျသော်ရှင်း။ ဗလကောဋ္ဌကံ၊ ဗိုလ်စုသို့။ ပဝိသိတွာ၊ ဝင်၍။ ဝိဿမိတွာ၊ အပင်အပန်းဖြေ၍။ ဘုဉ္ဇိတွာ၊ ၍။ ပိဝိတွာ၊ သောက်၍။ သန္နဟိတွာ၊ ချပ်မိန်ညိုကိုဖွဲ့၍။ အာဝုဓံ၊ လက်နက်ကို။ ဂဟေတွာ၊ ယူ၍၊ ပုန၊ တဘန်။ နိက္ခမိတွာ၊ ထွက်၍။ ယုဇ္ဈန္တော၊ စစ်ထိုးသည်ရှိသော်။ ပရသေနံ၊ တပါးစစ်သည်ကို။ မဒ္ဒတိ၊ နှိပ်နင်းနိုင်၏။ အဇိတံ၊ မအောင်သေးသော ရန်သူကို။ ဇိနာတိ၊ အောင်၏။ ဇိတံ၊ အောင်ပြီးသောရန်ကို။ ရက္ခတိ၊ စောင့်၏။ ဟိ၊ ထိုစကားသင့်စွ။ သော၊ ထိုသူရဲကောင်းသည်။ ဗလကောဋ္ဌကေ၊ ဗိုလ်စု၌။ ဌိတော၊ တည်လျက်။ ဧဝံ၊ ဤသို့။ ဝိဿမန္တော၊ အပင်အပန်းဖြေလျက်။ တံ၊ ထိုရဲမက်ဗိုလ်ပါအပေါင်းကို။ အဿာဒေန္တော၊ နှစ်သိမ့်စေလျက်။ သစေ- အစ္ဆေယျ၊ အကယ်၍ နေငြားအံ့။ ပန၊ ထိုသို့နေသည်ရှိသော်။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ပရဟတ္ထဂတံ၊ သူတပါးလက်သို့ ရောက်သည်ကို။ ကရေယျ- ယထာနာမ၊ ပြုရာသကဲ့သို့။

ဧဝမေဝ၊ ဤအတူလျှင်။ ဘိက္ခု၊ သည်။ ပဋိလဒ္ဓံ၊ ရအပ်သော၊ တရုဏ- ဝိပဿနံ၊ နုသောဝိပဿနာကို။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ သမာပတ္တိံ၊ သမာပတ်ကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ တတော၊ မှ။ ဝုဋ္ဌာယ၊ ထ၍။ သုဒ္ဓေန- စိတ္တေန၊ စင်ကြယ်သောစိတ်ဖြင့်။ သင်္ခါရေ၊ သင်္ခါရတို့ကို။ သမ္မသန္တော၊ သုံးသပ်သည်ရှိသော်။ ရက္ခိတုံ၊ စောင့်ခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။ ဥတ္တရိ၊ အလွန်။ မဂ္ဂဖလ ပဋိလာဘေန၊ မဂ်ဖိုလ်ရခြင်းဖြင့်။ ကိလေသမာရံ၊ ကိလေသမာရ်ကို။ ဇိနာတိ၊ အောင်၏။ သော၊ ထိုရဟန်းသည်။ သမာပတ္တိ- မေဝ၊ သမာပတ်ကိုသာလျှင်။ သစေပန အဿာဒေတိ၊ အကယ်၍ သာယာ သည် ဖြစ်အံ့။ သုဒ္ဓေန စိတ္တေန၊ စင်ကြယ်သောစိတ်ဖြင့်။ ပုနပ္ပုနံ၊ အဘန်

တလဲလဲ။ သခါရေ၊ သင်္ခါရတို့ကို။ နသမ္မသတိ၊ မသုံးသပ်။ ဥတ္တရိမဂ္ဂဖလ-ပဋိဝေဓံ၊ အထက်ဖြစ်သော မဂ်ဖိုလ်ကို ထိုထွင်း၍ သိခြင်းကို။ ကာတုံ၊ ပြုခြင်းငါ။ န သက္ကောတိ၊ မတတ်နိုင်။ တသ္မာ၊ ထို့ကြောင့်။ ရက္ခိတဗ္ဗ-ယုတ္တကံ၊ စောင့်အပ်သည်နှင့် ယှဉ်သည်ကို။ ရက္ခန္တော၊ စောင့်လျက်။ အနိ-ဝေသနော၊ ငဲ့ခြင်းကင်းသည်။ သိယာ၊ ဖြစ်ရာ၏။ သမာပတ္တိနိဝေသနံ၊ သမာပတ်၌ နှလုံးသွင်းခြင်းကို။ ကတွာ၊ ပြု၍။ တတ္ထ၊ ထိုနှလုံးသွင်းသော သမာပတ်၌။ နနိဝေသေယျ၊ မနှစ်သက်ရာ။ အာလယံ နကရေယျ၊ တပ်ခြင်းကို မပြုရာ။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ တုမှေပိ၊ သင်တို့သည်လည်း။ အဒ္ဓါ၊ မချွတ်မလွဲ။ ဧဝံ၊ ဤသို့။ ကရောထ၊ ပြုကုန်လော့။ ဣတိဧဝံ၊ ဤသို့။ သတ္ထာ၊ ဘုရားသခင်သည်။ တေသံ ဘိက္ခူနံ၊ ထိုရဟန်းတို့အား။ ဓမ္မံ၊ တရားတော်ကို။ ဒေသေသိ၊ ဟောတော်မူ၏။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ပဥ္စသတာဘိက္ခူ၊ ငါးရာသော ရဟန်းတို့သည်။ နိသိန္နဋ္ဌာနေ၊ နေရာအရပ်၌။ နိသိန္နာယေဝ၊ နေကုန်လျက်သာလျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ အရဟတ္တ-ဖိုလ်သို့။ ပတွာ၊ ရောက်၍။ တထာဂတဿ၊ ဘုရားသခင်၏။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသောအဆင်းရှိသော။ သရီရံ၊ ကိုယ်တော်ကို။ ဝဏ္ဏယန္တာ၊ ချီးမွမ်းကုန်လျက်။ ထောမေန္တာ၊ ထောမနာကုန်လျက်။ ဝန္ဒန္တာဝ၊ ရှိခိုးကုန်လျက်လျှင်။ အာဂစ္ဆိံသု၊ လာကုန်၏။

ဆဋ္ဌံ၊ သော။ ပဥ္စသတာဘိက္ခုဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၇-စိတ္တဝဂ္ဂ၊ ၇-ပူတိဂတ္တတိဿတ္ထေရ ဝတ္ထု

အနုသန္ဓေ....ပဥ္စသတာဘိက္ခု ဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ပူတိဂတ္တတိဿတ္ထေရဝတ္ထု၌ ဟောကြောင်းဖြစ်သော ဂါထာ၏ အနက်ကိုဖွင့်ခြင်းငှါ အစိရံဝတ ယံကာယောတိ-စသည်ကိုမိန့်အပ်၏။

အစိရံဝတ ယံကာယောတိ ဣဒံ ဓမ္မဒေသနံ၊ အစိရံဝတ ယံကာယော စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသခင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိ ပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ပူတိဂတ္တ တိဿတ္ထေရံ၊ ပူတိဂတ္တ တိဿမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ သာဝတ္ထိဝါသီ၊ သာဝတ္ထိပြည်လျှင် နေရာ ရှိသော။ ဧကော ကုလပုတ္တော၊ အမျိုးသား တယောက်သည်။ သတ္ထု-သန္တိကေ၊ ၌။ဓမ္မံ၊ကို။သုတွာ၊၍။ သာသနေ၊သာသနာတော်၌။ဥရံ၊ရင်ကို။ ဒတွာ၊ ၍။ပဗ္ဗဇိတော၊ ရဟန်းပြု၍။ လဒ္ဓူပသမ္ပဒေါ၊ ပဉ္စင်းအဖြစ်ကို ရပြီးသော။ သော၊ ထိုကုလပုတ္တသည်။ တိဿတ္ထေရော နာမ၊ တိဿမထေရ် အမည်ရှိသည်၊ အဟောသိ၊ ဖြစ်၏။ ဂစ္ဆန္တေ ဂစ္ဆန္တေ ကာလေ၊ သွားတိုင်း သွားတိုင်းသောကာလ၌။ တဿ၊ ထိုတိဿ၏။ သရီရေ၊ ၌။ ရောဂေါ၊ အနာသည်။ ဥဒပါဒိ၊ ၏။ သာသပ မတ္တိယော၊ မုန်ညင်းစေ့ အတိုင်း အရှည် ရှိကုန်သော။ ပီဠကာ၊ အထွတ်နာတို့သည်။ ဥဋ္ဌဟိံသု၊ ပေါက် ကုန်၏။ တာ၊ ထိုအနာတို့သည်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ မုဂ္ဂမတ္တာ၊ ပဲနောက်စေ့ အတိုင်း အရှည် ရှိကုန်သည်။ ကဋ္ဌာယမတ္တာ၊ ပဲစင်းခုန်သီး အတိုင်းအရှည်ရှိကုန်သည်။ ကောလဋ္ဌိမတ္တာ၊ ဆီးသီးအတိုင်းအရှည် ရှိကုန် သည်။ အာမလကမတ္တာ၊ ဆီးဖြူသီး အတိုင်းအရှည်ရှိကုန်သည်။ ဗေဠုဝ-မတ္တာ၊ ဥသျှစ်သီး အတိုင်းအရှည် ရှိကုန်သည်။ ဟုတွာ၊ ၍။ ပဘိဇ္ဇိံသု၊ ပေါက်ကုန်၏။ သကလသရီရံ၊ ကိုယ်အလုံးသည်။ ဆိဒ္ဒါဝဆိဒ္ဒံ၊ အပေါက် အပေါက်။ အဟောသိ၊ ဖြစ်၏။ အဿ၊ ထိုမထေရ်အား။ ပူတိဂတ္တ-တိဿတ္ထေရောတွေဝ နာမံ၊ ကိုယ်လုံးပုပ်သော တိဿထေရ်ဟူသော အမည် သည်လျှင်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုမထေရ် ၏။ အပရဘာဂေ၊ နောက်အဘို့၌။ အဋ္ဌီနိ၊ အရိုးတို့သည်။ ဘိဇ္ဇိံသု၊ ကျိုး ကုန်၏။ သော၊သည်။ အပဋ္ဌိဇဂ္ဂိယော၊ မသုတ်သင်နိုင်သည်။ အဟောသိ၊ ဖြစ်၏။ နိဝါသ ပါရုပနံ၊ ဝတ်သော သင်္ကန်း, ရုံသော သင်္ကန်းသည်။ ပုဗ္ဗလောဟိတ မက္ခိတံ၊ ပြည်,သွေး အလိမ်းလိမ်း ကပ်ခြင်းရှိ၏။ ဇာလပူဝ-သဒိသံ၊ ကွန်ရက်ကဲ့သို့ အပေါက်အပေါက် ရှိသော မုံ့ခြောက်နှင့်တူသည်။ အဟောသိ၊ ၏။ သဒ္ဓိဝိဟာရိကာဒယော၊ သဒ္ဓိဝိဟာရိက စသောတပည့်တို့ သည်လည်း။ ပဋိဇဂ္ဂိတုံ၊သုတ်သင်ခြင်းငှါ။ အသက္ကောန္တာ၊ မတတ်နိုင်ကုန် သည်ဖြစ်၍။ ဆဍ္ဍယိံသု၊ စွန့်ပစ်ကုန်၏။ သော၊ ထို ကိုယ်လုံးပုပ်သော မထေရ်သည်။ အနာထော၊ ကိုးကွယ်ရာ မရှိသည်။ ဟုတွာ၊ ဖြစ်၍။ နိပဇ္ဇိ၊ အိပ်၏။

ဗုဒ္ဓါနဉ္စနာမ၊ ဘုရားတို့မည်သည်ကား။ ဒွေဝါရေ၊ နှစ်ကြိမ်။ လောကံ၊ ကို။ ဝေါလောကနံ၊ ကြည့်ခြင်းကို။ အဝိဇဟိတံ၊ မစွန့်သည်။ ဟောတိ၊

ကာသသုခ ႏ8 ၂ဒဘ္ဘဲ ၂င့်တတိသ အကြိခ

၏။ ပစ္ဆိမေ ကာလေ၊ မိုးသောက်ထအခါ၌။ လောကံ၊ လောကကို။ ဝေါ-လောကေန္တော၊ ကုန်သည်ရှိသော်။ စက္ကဝါဠေ မုခဝဋ္ဋိတော၊ စကြဝဠာအနားရေးမှ။ ပဋ္ဌာယ၊ စ၍။ ဂန္ဓကုဋိအဘိမုခံ၊ ဂန္ဓကုဋိသို့ရှေးရှု။ ဉာဏံ၊ ဉာဏ်ကို။ ကတွာ၊ ပြု၍။ ဗုဒ္ဓလောကေန္တိ၊ ကြည့်တော်မူကုန်၏။ သာယံ၊ ညအခါ၌။ ဗုဒ္ဓလောကေန္တော၊ ကြည့်တော်မူကုန်သည်ရှိသော်။ ဂန္ဓကုဋိတော၊ ဂန္ဓကုဋိမှ။ ပဋ္ဌာယ၊ စ၍။ ဗာဟိရာဘိမုခံ၊ စကြဝဠာသို့ရှေးရှု။ ဉာဏံ၊ ဉာဏ်ကို။ ကတွာ၊ ပြု၍။ ဗုဒ္ဓလောကေန္တိ၊ ကြည့်တော်မူကုန်၏။ တသ္မိံ ပန သမယေ၊ ထိုအခါ၌။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဉာဏဇာလဿ၊ ဉာဏ်တည်းဟူသော ကွန်ရက်၏။ အန္တော၊ အတွင်း၌။ ပူတိဂတ္တ တိဿတ္ထေရော၊ ပူတိဂတ္တတိဿ မထေရ်သည်။ ပညာယိ၊ ထင်၏။ သတ္ထာ၊ ဘုရားရှင်သည်။ တဿဘိက္ခု-နော၊ ထိုတိဿရဟန်း၏။ အရဟတ္တ ဉပနိဿယံ၊ အရဟတ္တဖိုလ်၏ ဉပနိဿယည်းကို။ ဒိသွာ၊ ၍။ အယံ၊ ဤရဟန်းကို။ သဒ္ဓိဝိဟာရိကာဒီဟိ၊ သဒ္ဓိဝိဟာရိက စသောတပည့်တို့သည်။ ဆဍ္ဍိတော၊ စွန့်အပ်လေပြီ။ ဣဒါနိ၊ ယခုအခါ၌။ မံ၊ ငါဘုရားကို။ ဌပေတွာ၊ ထား၍။ အညံ၊ တပါးသော။ အဿ၊ ထိုတိဿရဟန်း၏။ ပဋိသရဏံ၊ ကိုးကွယ်ရာသည်။ နတ္ထိတိ၊ မရှိဟူ၍။ ဂန္ဓကုဋိတော၊ ဂန္ဓကုဋိမှ။ နိက္ခမိတွာ၊ ထွက်၍။ ဝိဟာရစာရိကံ၊ ကျောင်းစဉ် ဒေသစာရီကို။ စရမာနော ဝိယ၊ ကြွတော်မူသကဲ့သို့။ အဂ္ဂိသာလံ၊ မီးတင်းကုပ်သို့။ ဂန္တွာ၊ ကြွတော်မူ၍။ ဉက္ခလိံ၊ ဆွမ်းအိုးကို။ ဓောဝိတွာ၊ ဆေး၍။ ဉဒကံ၊ ရေကို။ ဒတွာ၊ ထည့်၍။ ဉဒ္ဓနံ၊ ခုံလောက်သို့။ အာရော-ပေတွာ၊ တင်၍။ ဉဒကဿ၊ ရေ၏။ တတ္တဘာဝံ၊ ပူသည်၏အဖြစ်သို့ တိုင် အောင်။ အာဂမယမာနော၊ ငံ့တော်မူလျက်။ အဂ္ဂိသာလာယ မေဝ၊ မီး တင်းကုပ်၌သာလျှင်။ အဋ္ဌာသိ၊ နေတော်မူ၏။

တတ္တဘာဝံ၊ ပူသည်၏အဖြစ်ကို။ ဇာနိတွာ၊ သိ၍။ ဂန္တွာ၊ ကြွ၍။ တဿ-ဘိက္ခုနော၊ ထိုရဟန်း၏။ နိပန္နမဉ္စကောဋိယံ၊ အိပ်ရာဖြစ်သော ညောင် စောင်း၏ အစွန်းကို။ ဂဏှိ၊ ဆွဲတော်မူ၏။ တဒါ၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်း တို့သည်။ ဘန္တေ၊ အရှင်ဘုရား။ အပေထ၊ ဖဲတော်မူပါကုန်လော့။ မယံ၊ အကျွန်ုပ်တို့သည်။ ဂဏှိဿာမ၊ ဆွဲငင်ပါကုန်အံ့။ ဣတိ၊ ဤသို့လျှောက်၍။ မဉ္စကံ၊ ညောင်စောင်းကို။ ဂဟေတွာ၊ ဆွဲ၍။ အဂ္ဂိသာလံ၊ မီးတင်းကုပ်သို့။ အာနယိံသု၊ ဆောင်ယူကုန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ အမ္ဗဏံ၊ သံရက် ခေါက်ကို။ အာဟရာပေတွာ၊ စေ၍။ ဉဏှောဒကံ၊ ရေနွေးကို။ အာသိဉ္စိ-

တွာ၊ ၍။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်းတို့ကို။ တဿ၊ ထို ကိုယ်လုံး ပုပ်
အောင် အနာပေါက်သော ရဟန်း၏။ ပါရုပနံ၊ ကိုယ်ရုံကို။ ဂါဟာ-
ပေတွာ၊ ယူစေ၍။ ဥဏှောဒကေန၊ ရေနွေးဖြင့်။ မဒ္ဒါပေတွာ၊ နယ်စေ၍။
မန္ဒာတပေ၊ နုံ့သောနေပူ၌။ ပိဿဇ္ဇာပေသိ၊ လှန်းစေ၏။ အထ၊ ၌။
အဿ၊ ထိုရဟန်း၏။ သန္တိကေ၊ အနီး၌။ ဌတွာ၊ ၍။ သရီရံ၊ ကိုယ်ကို။
ဥဏှောဒကေန၊ ရေနွေးဖြင့်။ တေမေတွာ၊ ဆွတ်၍။ ဃံသိတွာ၊ ပွတ်၍။
နှာပေသိ၊ ရေချိုးစေ၏။ တဿ၊ ထိုရဟန်း၏။ နဟာန ပရိယောသာနေ၊
ရေချိုးပြီးသော အဆုံး၌။ ပါရုပနံ၊ ကိုယ်ရုံ သင်္ကန်းသည်။ သုက္ခိ၊
ခြောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထို ပူတိဂတ္တတိဿကို။ တံ၊ ထို
ကိုယ်ရုံ သင်္ကန်းကို။ နိဝါသာပေတွာ၊ ဝတ်စေ၍။ နိဝတ္ထကာသာဝံ၊
သင်းပိုင်ကို။ ဥဏှောဒကေန၊ ရေနွေးဖြင့်။ တေမေတွာ၊ ဆွတ်၍။ မဒ္ဒါပေ-
တွာ၊ နယ်စေ၍။ အာတပေ၊ နေပူ၌။ ဝိဿဇ္ဇာပေသိ၊ လှန်းစေ၏။ အထ၊
ထိုအခါ၌။ အဿ၊ ထိုတိဿရဟန်း၏။ ဂတ္တော၊ ကိုယ်၌။ ဥဒကေ၊ ရေသည်။
ဆိန္နမတ္တေ၊ ပြတ်ကာမျှဖြစ်သော်။ တံပိ၊ ထိုသင်းပိုင်သည်လည်း။ သုက္ခိ၊
ခြောက်၏။ သော၊ ထိုရဟန်းသည်။ ဧကံ ကာသာဝံ၊ သင်္ကန်းတထည်ကို။
နိဝါသေတွာ၊ ဝတ်၍။ ဧကံ၊ တထည်ကို။ ပါရုပိတွာ၊ ရုံ၍။ သလ္လဟုက သရီ-
ရော၊ ပေါ့သောကိုယ်ရှိသည်ဖြစ်၍။ ဧကဂ္ဂစိတ္တော၊ တည်ကြည်သောစိတ်
ရှိသည်ဖြစ်၍။ မဉ္စကေ၊ ညောင်စောင်း၌။ နိပဇ္ဇိ။ အိပ်၏။ သတ္ထာ၊ ဘုရား
ရှင်သည်။ တဿ၊ ထိုတိဿရဟန်း၏။ ဥဿီသကေ၊ ဦးခေါင်းရင်း၌။ ဌတွာ၊
ရပ်၍။ ဘိက္ခု၊ ရဟန်း။ တဝ၊ သင်၏။ အယံကာယော၊ ဤကိုယ်သည်။
အပေတ ဝိညာဏော၊ ကင်းသောဝိညာဉ်ရှိသည်။ နိရုပကာရော၊ ကျေးဇူး
မရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကလိင်္ဂရံပိယ၊ ဖွဲ့ထင်းကဲ့သို့။ ပထဝိယံ၊ မြေ၌။
အဓိသေဿတိ၊ အိပ်ရလတ္တံ့။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။ ဣမံ
ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၄၁) တိဿ၊ တိဿမည်သောရဟန်း။ အယံကာယော၊ ဤခန္ဓာကိုယ်
သည်။ အစိရံ၊ မကြာမြင့်ခင်။ ဝတ ဧကန္တေန၊ အကယ်မလွဲသဖြင့်။ အပေတ-
ဝိညာဏော၊ ကင်းသောဝိညာဉ် ရှိသည်ဖြစ်၍။ ဆုဒ္ဓေါ၊ စွန့်ပစ် အပ်သည်
ဖြစ်၍။ နိရတ္ထံ၊ အကျိုးကျေးဇူးမရှိသော။ ကလိင်္ဂရံဝ၊ ဖွဲ့ထင်းကဲ့သို့။ ပထ-
ဝိံ၊ မြေ၌။ အဓိသေဿတိ၊ ကိန်းရလတ္တံ့။ ဣတိအာဟ၊ ဤသို့မိန့်တော်
မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အစိရံဝတာတိ၊ ဟူသည်ကား။ ဘိက္ခု၊ ရဟန်း။ နစိရဿေဝ၊ မကြာမြင့်မီလျှင်။ အယံကာယော၊ ဤရူပကာယသည်။ ပထဝိံ၊ မြေ၌။ အဓိသေဿတိ၊ အထက်၌ အိပ်ရလတ္တံ့။ ဍမိနာ၊ ဤကိုယ်သည်။ ပကတိသယနေ၊ ပြကတေ့သောအိပ်ရာ၌။ သယိတာယ၊ အိပ်ခြင်းဖြင့်။ ပထဝိယာ၊ မြေ၏။ ဥပရိ၊ အထက်၌။ သယိဿတိ၊ အိပ်ရလတ္တံ့။ ဆုဒ္ဓေါတိ၊ ဟူသည်ကား။ အပဝိဒ္ဓေါ၊ စွန့်ပစ်အပ်သော။ အပဂတ ဝိညာဏတာယ၊ ကင်းသောဝိညာဉ်ရှိသည်၏အဖြစ်ဖြင့်။ တုစ္ဆော၊ အချည်းနှီးသည်။ ဟုတွာ၊ ဖြစ်၍။ သေဿတိ၊ အိပ်ရလတ္တံ့။ဍတိ၊ ဤသို့။ ဒဿေတိ၊ ပြ၏။ ယထာ-ကိံ၊ အဘယ်သို့နည်း ဟူမူကား။ နိရတ္ထံဝ ကလိင်္ဂရံ နိရုပကာရံ နိရတ္ထကံ ကဋ္ဌခဏ္ဍံဝိယ၊ ကျေးဇူးမရှိသော ထင်းတုံးကဲ့သို့။ ဟိ၊ ထိုစကားသင့်စွ။ ဒဗ္ဗသမ္ဘာရတ္ထိကာ၊ အဆောက်အဦကို အလိုရှိကုန်သော။ မနုဿာ၊ တို့သည် အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ ဥဇုကံ၊ ဖြောင့်သောသစ်ပင်ကို။ ဝင်္ကသဏ္ဌာနေန၊ ကောက်သောသဏ္ဌာန်ဖြင့်။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဒဗ္ဗသမ္ဘာရံ၊ အဆောက်အဦကို။ ဂဏှန္တိ၊ ယူကုန်၏။ အဝသေသံပန၊ ကြွင်းသော။ သုသိရဋ္ဌ၊ အခေါင်းကိုရင်း။ ပူတိကဋ္ဌ၊ အဆွေးကိုရင်း။ အသာရ-ကဋ္ဌ၊ အကာကိုရင်း။ ဂဏ္ဍိဇာတဋ္ဌ၊ အမျက်ကိုရင်း။ ဆိန္ဒိတွာ၊ ဖြတ်၍။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ ဆဍ္ဍေန္တိ၊ စွန့်ကုန်၏။

အညေ၊ တပါးကုန်သော ဒဗ္ဗသမ္ဘာရတ္ထိကာ၊ အဆောက်အဦကို အလိုရှိကုန်သော လူတို့သည်။ တံ၊ထိုစွန့်ပစ်ခဲ့သော အဆောက်အဦကို။ဂဟေတာ ရောနာမ၊ ယူသောမည်သည်။ နတ္ထိ၊ မရှိ။ ဩလောကေတွာ၊ ကြည့်၍။ အတ္တနော၊ မိမိအား။ ဥပကာရကမေဝ၊ ကျေးဇူးရှိသော သစ်သား စသည်ကိုသာလျှင်။ ဂဏှန္တိ၊ ယူကုန်၏။ ဍတရံ၊ကြွင်းသောအဆောက်အဦသည်။ ပထဝိဂတမေဝ၊ မြေနှင့်အလားတူသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တံပန၊ ထိုအဆောက်အဦသည်ကား။တေန တေန ဥပါယေန၊ထိုထိုအကြောင်းဖြင့်။ မဉ္စပဋိပါဒကံဝါ၊ ညောင်စောင်း ခြေကိုရင်း။ ပါဒ ကထလိကံဝါ၊ ခြေ ပွတ်စရာ သစ်သား ကိုရင်း။ ဖလက ပီဌံဝါ- ခြေဆေး အင်းပျဉ် ကိုရင်း။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာပိ၊ တတ်ကောင်းသည်လည်း။ ဘဝေယျ၊ ဖြစ်ရာ၏။ ယဿပန၊ အကြင်သူ၏ကား။ ဍမသ္မိံ အတ္တဘာဝေ၊ ဤအတ္တ-သော၌။ ဒွတ္တိံသာယ ကောဋ္ဌာသေသု၊ သုံးဆယ့်နှစ်ပါးသော အစုတို့တွင်။ ဧက ကောဋ္ဌာသောပိ၊ တခုသော အစုသည်လည်း။ မဉ္စ ပဋိပါဒကာဒိ-

ဝသေနဝါ၊ ညောင်စောင်းစသည်၏ အစွမ်းဖြင့်လည်းကောင်း။ အညေန၊ သော။ ဥပကာရ မုခေနဝါ၊ ကျေးဇူးပြုခြင်းကို ရှေးရှုသဖြင့် လည်းကောင်း။ ဂယှုပဂေါနာမ၊ ယူလောက်သော ကျေးဇူးရှိခြင်း မည်သည်။ နတ္ထိ၊ မရှိ။ ကေဝလံ၊ သက်သက်။ နိရတ္ထံဝ ကလိင်္ဂရံ၊ ကျေးဇူးမရှိသော ထင်းတုံးကဲ့သို့။ အယံ၊ ဤရူပကာယသည်။ အပဂတ ဝိညာဏော၊ ကင်းသောဝိညာဉ်ရှိသည်ဖြစ်၍လျှင်။ကတိပါဟေနေဝ၊နှစ်ရက်သုံးရက်ဖြင့်လျှင်။ ပထဝိယံ၊မြေ၌။သေဿတိ၊ နေရာပြု၍ အိပ်ရလတ္တံ့။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာပရိယောသာနေ၊ ဒေသနာအဆုံး၌။ ပူတိဂတ္တ တိဿတ္ထေရော၊ ပူတိဂတ္တ တိဿမထေရ်သည်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ ဗဟူ၊ များစွာကုန်သော။ အညေပိ၊ တပါးကုန်သော သူတို့သည်လည်း။ သောတာပန္နာဒယော၊ သောတာပန်စသည်တို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ထေရောပိ၊ မထေရ်သည်လည်း။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တော၊ ရောက်၍လျှင်။ ပရိ-နိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြု၏။ သတ္ထာ၊ ဘုရားရှင်သည်။ တဿ၊ ထိုရဟန္တာ၏။ သရီရကိစ္စံ၊ သင်္ဂြိုဟ်ခြင်းကိစ္စကို။ ကာရာပေတွာ၊ ပြုစေ၍။ ဓာတုယော၊ ဓာတ်တော်တို့ကို။ ဂဟေတွာ၊ ယူ၍။ စေတိယံ၊ စေတီကို။ ကာရာပေသိ၊ တည်စေ၏။ ဘိက္ခူ၊ တို့သည်။ သတ္ထာရံ၊ ဘုရားသခင်ကို။ ပုစ္ဆိံသု၊ မေးလျှောက်ကုန်၏။ ဘန္တေ၊ ဘုရား။ ပူတိဂတ္တ တိဿထေရော၊ ပူတိဂတ္တ တိဿမထေရ်သည်။ ကုဟိံ၊ အဘယ်အရပ်၌။ နိဗ္ဗတ္တော၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့ မေးလျှောက်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုလေပြီ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝရူပဿ၊ ဤသို့သဘောရှိသော။ အရဟတ္တူပနိဿယ သမ္ပန္နဿ၊ အရဟတ္တဖိုလ်၏ ဥပနိဿယနှင့် ပြည့်စုံသော။ ဘိက္ခုနော ပန၊ ရဟန်း အားကား။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဂတ္တံ၊ ကိုယ်သည်။ ပူတိကံ၊ ပုပ်ခြင်းရှိသည်။ ဇာတံ၊ ဖြစ်လေသနည်း။ ကိံ ကာရဏာ၊ အဘယ် အကြောင်း ကြောင့်။ အဋ္ဌိနိ၊ အရိုးတို့သည်။ ဘိန္နာနိ၊ ကျိုးလေကုန်ဘိသနည်း။ အဿ၊ ၏။ အရဟတ္တ-ဿ၊ အရဟတ္တဖိုလ်၏။ ဥပနိဿယဘာဝံ၊ အကြောင်းနှင့် ပြည့်စုံသည်၏ အဖြစ်သို့။ ပတ္တံ၊ ရောက်သော။ ကာရဏံ၊ အကြောင်းသည်။ ကိံ၊အဘယ်

နည်း။ ဣတိ၊ ဤသို့လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တံ သဗ္ဗံ၊ ဤအလုံးစုံသည်။ တေသ၊ ထိုရဟန်း၏။ အတ္တနာ၊ မိမိသည်။ ကတကမ္မေနေဝ၊ ပြုအပ်သောကံဖြင့်သာလျှင်။ နိဗ္ဗတ္တံ၊ ဖြစ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊အရှင်ဘုရား။တေန၊ ထိုရဟန်းသည်။ကိံ ပန၊အဘယ်သို့လျှင်။ ကတံ၊ ပြုဘူးလေသနည်း။ ဣတိ၊ ဤသို့လျှောက်၏။ တေနဟိ၊ ထိုသို့ ဆိုပြီးတကား။ ဘိက္ခဝေ၊ ရဟန်းတို့။ သုဏာထ၊ နာကုန်လော့။ ဣတိ၊ သို့။ အတီတံ၊ ကို။ အာဟရိ၊ ဆောင်တော်မူ၏။

အယံ၊ ဤရဟန်းသည်။ ကဿပ သမ္မာသမ္ဗုဒ္ဓကာလေ၊ ကဿပဘုရားလက်ထက်တော်၌။ သာကုဏိကော၊ ငှက်မုဆိုးသည်။ ဟုတွာ၊ ဖြစ်၍။ ဗဟူသကုဏေ၊ များစွာသောငှက်တို့ကို။ ဝဓိတွာ၊ သတ်၍။ ဣဿရဇနံ၊ ပြည့်ရှင်မင်းကို။ ဥပဋ္ဌဟိ၊ ခစား၏။ တေသံ၊ ထိုမင်းတို့အား။ ဒိန္နာဝသေသေ၊ ဆက်သပြီးမှ ကြွင်းသော ငှက်တို့ကို။ ဝိက္ကိဏာတိ၊ ရောင်း၏။ ဝိက္ကိတာဝသေသေ၊ ရောင်းသည်မှကြွင်းသော ငှက်တို့ကို။ မာရေတွာ၊ သတ်၍။ ဌပိတာ၊ ထားအပ်ကုန်သော်။ ပူတိကာဝ၊ ပုပ်ကုန်သည်လျှင်။ ဘဝိဿန္တိ၊ ကုန်အံ့။ ဣတိ၊ ဤသို့ကြံလျက်။ ယထာ၊ အကြင်အခြင်းဖြင့်။ ဥပ္ပတိတုံ၊ ပျံခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ တထာ၊ ထိုအခြင်းဖြင့်။ တေသံ၊ ထိုငှက်တို့၏။ ဇင်္ဃဋ္ဌိနိစ၊ ဒူးရိုးတို့ကိုရင်း။ ပက္ခဋ္ဌိနိစ၊ အတောင်အရိုးတို့ကိုရင်း။ ဘိန္ဒိတွာ၊ ချိုး၍။ ရာသိံ ကတွာ၊ အစုပြု၍။ ဌပေတိ၏။ တေ၊ ထိုငှက်ကောင်တို့ကို။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ ဝိက္ကိဏာတိ၊ ရောင်း၏။ အတိဗဟူနံပန၊ အလွန်များစွာသော ငှက်တို့ကိုကား။ လဒ္ဓကာလေ၊ ရသောအခါ၌။ အတ္တနောပိ၊ မိမိ၏လည်း။ အတ္ထာယ၊ အကျိုးငှါ။ ပစာပေတိ၊ ချက်စေ၏။ ဧကဒိဝသံ၊ တနေ့သ၌။ တဿ၊ ထိုငှက်မုဆိုး၏။ ရသဘောဇနေ၊ အရသာရှိသော ဘောဇဉ်သည်။ ပက္ကေ၊ ကျက်သည်ရှိသော်။ ဧကော ခီဏာသဝေါ၊ရဟန္တာတပါးသည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တော၊ သွားသည်ရှိသော်။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ အဋ္ဌာသိ၊ ရပ်၏။

သော၊ ထိုငှက်မုဆိုးသည်။ ထေရံ၊ ရဟန္တာမထေရ်ကို။ ဒိသွာ၊ မြင်၍။ စိတ္တံ၊ စိတ်ကို။ ပသာဒေတွာ၊ ကြည်ညိုစေ၍။ မယာ၊ သည်။ ဗဟူပါဏာ၊ များစွာသော ငှက်တို့ကို။ မာရေတွာ၊ သတ်၍။ ခါဒိတာ၊ စားအပ်၏။ အယျောစ၊ အရှင်ဘုရားသည်လည်း။ မေ၊ ၏။ ဂေဟဒွါရေ၊ အိမ်တံခါး

၌။ ဒိဋ္ဌေတာ၊ ရပ်တော်မူ၍။ အန္တောဂေဟေစ၊ အိမ်တွင်း၌လည်း။ ရသ-
ဘောဇနံ၊ အရသာရှိသော ဘောဇဉ်သည်။ သံဝိဇ္ဇတိ၊ ရှိ၏။ ပိဏ္ဍပါတံ၊
ဆွမ်းကို။ အဿ၊ ထိုမထေရ်အား။ ဥဿာမိ၊ လှူအံ့။ ဣတိ၊ ဤသို့။
တဿ၊ ထိုရဟန္တာ၏။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ ဘတ္တဿ၊
ဆွမ်းဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ ရသ ပိဏ္ဍပါတံ၊ အရသာရှိသောဆွမ်း
ကို။ ဒတွာ၊ လှူ၍။ ထေရံ၊ မထေရ်ကို။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော
တည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ တုမှေဟိ၊ အရှင်
ဘုရားတို့သည်။ ဒိဋ္ဌဓမ္မဿ၊ မြင်အပ်သောတရား၏။ မတ္ထကံ၊ ပြီးခြင်းသို့။
ပါပုဏေယျ၊ ရောက်လိုပါ၏။ ဣတိအာဟ၊ ဤသို့ ဆုတောင်း၍ ဆို၏။
ထေရော၊ မထေရ်သည်။ ဧဝံ၊ ဤသို့ တောင်းသည့်အတိုင်း။ ဟောတု၊
ပြည့်စုံစေလော့။ ဣတိ၊ သို့။ အနုမောဒနံ၊ အနုမောဒနာကို။ အကာသိ၊
ပြု၏။ ဘိက္ခဝေ၊ တို့။ တဒါ၊ ထိုအခါ၌။ တိဿဿ၊ တိဿ၏။ ကတကမ္မ-
ဝသေန၊ ပြုအပ်သောကံ၏ အစွမ်းဖြင့်။ ဧတံ၊ ထိုမကောင်းမှုသည်။ နိပ္ဖန္နံ၊
ဖြစ်ပြီ။သကုဏာနံ၊ငှက်တို့၏။အင်္ဂဘေဒန နိဿန္ဒေန၊အရိုးကိုချိုးခဲ့ဘူးသော
မကောင်းမှု ကံ၏ အကျိုးဆက်ဖြင့်။ တိဿဿ၊ ၏။ ဂတ္တဥ္စ၊ ကိုယ်သည်
လည်း။ ပူတိကံ၊ ပုပ်ခြင်းသို့။ ဇာတံ၊ ရောက်သော ဖြစ်ခြင်းရှိ၏။ အဋ္ဌီနိစ၊
အရိုးတို့သည်လည်း။ ဘိန္နာနိ၊ ကျိုးလေကုန်၏။ ခီဏာသဝဿ၊ ရဟန္တာ-
အား။ ရသပိဏ္ဍပါတ ဒါန နိဿန္ဒေန၊ အရသာရှိသော ဆွမ်းကို ပေးလှူခဲ့
ဘူးသော ကုသိုလ်ကံ၏ အကျိုးဆက်ဖြင့်၊ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။
ပတ္တော၊ ရောက်၏။

သတ္တမံ၊သော။ပူတိဂတ္တတိဿတ္ထေရဝတ္ထု၊ သည်။ဣတိသမတ္တံ၊ပြီးပြီ။

---

၃-စိတ္တဝဂ္ဂ၊ ၈-နန္ဒဂေါပါလက ဝတ္ထု

**အနုသန္ဓေ**...ပူတိဂတ္တ တိဿတ္ထေရဝတ္ထု၌ ဟောအပ်သော ဂါထာ၏
အနက်ကို ဖွင့်ပြီး၍ ယခုအခါ နန္ဒဂေါပါလက ဝတ္ထု၌ ဟောတုဖြစ်သော
ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ဒိသော ဒိသန္တိ-စသည်ကို မိန့်အပ်၏။

ဒိသောဒိသန္တိ ဣမံ ဓမ္မဒေသနံ၊ ဒိသောဒိသံ-စသော ဤတရားဒေသနာ
ကို။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ကောသလဇနပဒေ၊ ကောသလဇနပုဒ်၌။
နန္ဒဂေါပါလကံ၊ နန္ဒမည်သောနွားကျောင်းသားကို။ အာရဗ္ဘ၊ အကြောင်း
ပြု၍။ ကထေသိ၊ ဟောတော်မူ၏။

သဝေတ္တိယံ၊ ၌။ အနာထပိဏ္ဍိကဿ ဂဟပတိနော၊ အနာထပိဏ်သူဌေး၏။ နန္ဒောနာမ ဂေါပါလကော၊ နန္ဒမည်သော နွားကျောင်းသားသည်။ ယူဂေါထံ၊နွားအပေါင်းကို။ရက္ခတိကိရ၊ စောင့်ရှောက်ထိန်းသိမ်းသတတ်။ အစော၊ ကြွယ်ဝ၏။ မဟဒ္ဓနော၊ များသော ဥစ္စာရှိ၏။ မဟာဘောဂေါ၊ ပြန့်ပြောသောစည်းစိမ်ရှိ၏။ သော၊ထိုနန္ဒဂေါပါလကသည်။ ကေဏိယော၊ မည်သော။ ဇဋိလော၊ ရသေ့သည်။ ပဗ္ဗဇ္ဇာဝသေန၊ ရဟန်းအသွင်ဖြင့်။ ရက္ခတိကိရယထာ၊ စောင့်ရှောက်သကဲ့သို့။ ဧဝံ၊ ဤအတူ၊ ဂေါပါလကတ္တေန၊ နွားကျောင်းသား၏ အဖြစ်ဖြင့်။ ရာဇဗလိံ၊ မင်းအား အခွန် ပေးခြင်းကို။ ပရိဟရန္တော၊ ပယ်လျက်။ အတ္တနော၊ ၏။ကုဋုမ္ဗံ၊စည်းစိမ်ဥစ္စာရ။ကိုရက္ခတိ၊ စောင့်၏။ သော၊ ထိုဂေါပါလကသည်။ ကာလေန ကာလံ၊ ရံခါရံခါ။ ပဉ္စ ဂေါရသေ၊ ငါးပါးသော နွားနို့ အရသာတို့ကို။ အာဒါယ၊ ယူ၍။ အနာထပိဏ္ဍိကဿ၊ အနာထပိဏ်သူဌေး၏။ သန္တိကံ၊ သို့။ ဂန္တွာ၊ ၍။ သတ္ထာရံ၊ ဘုရားရှင်ကို။ ပဿတိ၊ ဖူးမြင်၏။ ဓမ္မံ၊ ကို။ သုဏာတိ၊ နာ၏။ သော၊ ထို ဂေါပါလကသည်။ အတ္တနော၊ ၏။ ဝသနဋ္ဌာနံ၊ နေရာအိမ်သို့။ အာဂမနတ္ထာယ၊ ကြွတော်မူစေခြင်းငှါ။ သတ္ထာရံ၊ ကို။ ယာစတိ၊တောင်းပန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ တဿ၊ ထိုဂေါပါလက၏။ ဉာဏပရိပါကံ၊ ဉာဏ်ရင့်ခြင်းကို။ အာဂမယမာနော၊ ငံ့တော်မူလိုသည်ဖြစ်၍။ အာဂန္တွာ၊ ကြွတော်မမူဦးဘဲ။ မဟာဘိက္ခု သံဃပရိဝုတော၊ခြံရံလျက်။ ဇေတဝနံ၊၌။ စာရိကံ၊ ကို။ စရန္တော၊ ကြွတော်မူစဉ်။ ပရိပက္ကဘာဝံ၊ ဉာဏ်ရင့်သည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။အာဂန္တွာ၊ ၍။မဂ္ဂါ၊ ခရီးမှ။ဩက္ကမ္မ၊ဖဲတော်မူ၍။ တဿ၊ ထိုဂေါပါလက၏။ဝသနဋ္ဌာနသန္တေ၊ နေရာအနီး၌။ အညတရသ္မိံ-ရုက္ခမူလေ၊ အမှတ်မရှိသော သစ်ပင်ရင်း၌။ နိသီဒိ၊ နေတော်မူ၏။

နန္ဒော၊ နန္ဒနွားကျောင်းသားသည်။ သတ္ထု သန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ဝန္ဒိတွာ၊ ရှိခိုး၍။ ပဋိသန္ထာရံ၊ စကားပြောဟောခြင်းကို။ ကတွာ၊ ပြု၍။ သတ္ထာရံ၊ ဘုရားရှင်ကို။ နိမန္တေတွာ၊ ဆွမ်းဖိတ်၍။ သတ္တာ-ဟံ- ခုနစ်ရက်ပတ်လုံး။ ဗုဒ္ဓပ္ပမုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ပဏီတံ၊ မွန်မြတ်သော။ ပဉ္စဂေါရသဒါနံ၊ ငါးပါး သော အရသာရှိသော နွားနို့အလှူကို။ အဒါသိ၊ ပေးလှူ၏။ သတ္တမေ ဒိဝသေ၊ခုနစ်ရက်မြောက်သောနေ့၌။သတ္ထာ၊ ဘုရားရှင်သည်။ အနုမောဒနံ ကတွာ၊ အနုမောဒနာပြု၍။ ဒါနကထာဒိဘေဒံ၊ ဒါနကထာ စသည်

အပြားရှိသော၊ အနုပုဗ္ဗိံကထံ၊ အစဉ်သော တရားစကားကို။ ကထေသိ၊ ဟောတော်မူ၏။ ကထာ ပရိယောသာနေ၊ တရားစကားအဆုံး၌။ နန္ဒဂေါပါလကော၊ နန္ဒ နွားကျောင်းသားသည်။ သောတာပတ္တိဖလေ၊သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာယ၊ တည်၍။ သတ္ထု၊ ဘုရား၏။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ သတ္ထာရံ၊ ဘုရားရှင်ကို။ အနုဂစ္ဆန္တော၊ ပို့လိုက်သည်ရှိသော်။ ဒူရံ၊ ဝေးသောအရပ်သို့။ ဂန္တွာ၊ ရောက်၍။ဥပါသကာ၊ဒါယကာ။ တိဋ္ဌ၊ နေရစ်ဦးလော့။ ဣတိဝုတ္တေ၊ ဤသို့အမိန့်ရှိ၍။ နိဝတ္တိယမာနော၊ ပြန်လိုသော်။ သတ္ထာရံ၊ ဘုရားရှင်ကို၊ ဝန္ဒိတွာ၊ ၍။ နိဝတ္တိ၊ ပြန်ခဲ့၏။အထ၊ ထိုအခါ၌။ နံ၊ထို နွားကျောင်းသားကို။ဧကောလုဒ္ဒကော၊မုဆိုးတယောက်သည်။ ဝိဇ္ဈိတွာ၊ ပစ်၍။ မာရေသိ၊ သတ်၏။ ပစ္ဆတော၊ နောက်မှ။ အာဂစ္ဆန္တာ၊ လိုက်လာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ နံ၊ ထိုဂေါပါလကကို။ ဒိသွာ၊ မြင်၍။ ဂန္တွာ၊ သွား၍။ သတ္ထာရံ၊ ဘုရားရှင်ကို။ အာဟံသု၊ လျှောက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ နန္ဒဂေါပါလကော၊ နန္ဒဂေါပါလကသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဣဓ၊ ဤအရပ်သို့။ အာဂတတ္တာ၊ ကြွတော်မူလာခြင်းကြောင့်။ မဟာဒါနံ၊ အလှူကြီးကို။ ဒတွာ၊ ပေး၍။ အနုဂန္တွာ၊ ပို့လိုက်၍။ နိဝတ္တန္တော၊ ပြန်လေသော်။ မာရိတော၊ သေလေ၏။တုမှေ၊အရှင်ဘုရားတို့သည်။ သစေ နာဂမိဿထ၊ အကယ်၍ မကြွလာကုန်သည် ဖြစ်အံ့။ အဿ၊ ထို နန္ဒဂေါပါလက၏။ မရဏံ၊ သေခြင်းသည်။ န အဘဝိဿ၊ မဖြစ်ရာပြီ။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ မယံ၊ ငါဘုရားသည်။ အာဂတေပိ၊ ကြွလာသော်ငြားး။ အနာဂတေပိ၊ မကြွလာသော်ငြား။ စတဿော ဒိသာစ၊ တူရူ အရပ်လေးမျက်နှာ တို့သို့ငြား။ စတဿော အနုဒိသာစ၊ အထောင့်ဖြစ်သော အရပ်လေးမျက်နှာတို့သို့ငြား။ ဂစ္ဆန္တဿ၊ သွားသော။ တဿပိ၊ ထိုဂေါပါလက အားလျှင်။ မရဏတော၊ သေးခြင်းမှ။ မုစ္စနူပါယောနာမ၊ လွတ်အံ့သော အကြောင်းမည်သည်။ နတ္ထိ၊ မရှိ။ ဟိ၊ ထိုစကားသင့်စွ။ စောရာ၊ ခိုးသူတို့သည်။ ယံ၊ အကြင်သတ်ခြင်း ဖျက်ဆီးခြင်းကို။ နေဝ ကရေန္တိ၊ မပြုကုန်။ ဝေရိနော၊ ရန်သူတို့သည်။ န ကရေန္တိ၊ မပြုကုန်။ နံ၊ ထိုသတ်ခြင်း ဖျက်ဆီးခြင်းကို။ ဣမေသံ သတ္တာနံ၊ဤသတ္တဝါတို့၏။အဗ္ဘန္တရေ၊ အတွင်း၌။ ပဝတ္တံ၊ဖြစ်သော။ မိစ္ဆာပဏိဟိတံ၊ မှားသောအားဖြင့် ဆောက်တည်ခြင်း ရှိသော။ စိတ္တ·မေဝ၊စိတ်သည်သာလျှင်။ကရောတိ၊ပြု၏။ ဣတိ၊ သို့။သတ္ထာ၊မြတ်စွာဘုရား

သည်။ ပတ္တာ၊ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ကို။ အာဟ၊ ဟောတော်မူ၏။

(၄၂) ဘိက္ခဝေ၊ တို့။ဒိသော စောရော၊ ခိုးသူတယောက်သည်။ဒိသံ-စောရံ၊ မိမိ၌ ပြစ်မှားလွန်ကျူးဘူးသောခိုးသူကို။ ဒိသွာ၊ မြင်၍။ ဝေရီ-ဝါပန၊ ရန်သူတယောက်သည်လည်း။ ဝေရိနံ၊ ရန်သူတယောက်ကို။ ဒိသွာ၊ မြင်သည်ရှိသော်။တဿ၊ ထိုသူအား။ယံတံ အနယဗျသနံ၊အကြောင် အကျိုးမဲ့ ပျက်စီးခြင်းကို။။ ကယိရာ၊ ပြုရာ၏။ မိစ္ဆာပဏိဟိတံ၊ မှားသဖြင့် ရန်ငြိုး ဖွဲ့ထားအပ်သော။ စိတ္တံ၊ စိတ်သည်။ နံ၊ ထိုယောကျာ်းကို။ တတော၊ ထို အကျိုးမဲ့ပျက်စီးခြင်းကို ပြုသောထက်။ ပါပိယော၊ ယုတ်မာစွာ ပျက်စီး ခြင်းကို။ ကရေ၊ ပြုရာ၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဒိသောဒိသန္တိ၊ ဟူသည်ကား။ စောရော၊ ခိုးသူ သည်။ စောရံ၊ ခိုးသူကို။ ဒိသွာ၊ မြင်၍။ ဣတိ၊ ဤသို့။ ပါဌသေသော၊ စောရော စောရံ ဒိသွာ-ဟူသောပါဌ်ထည့်အပ်၏။ ယံတံ ကယိရာတိ၊ဟူသည် ကား။ တဿ၊ ထိုခိုးသူအား။ယံတံ အနယဗျသနံ၊ အကြောင်အကျိုးမဲ့ ပျက်စီး ခြင်းကို။ ကရေယျ၊ ပြုရာ၏။ ဒုတိယ ပဒေပိ၊ ဒုတိယပုဒ်၌လည်း။ ဧသေဝ-နယော၊ ဤနည်းလျှင်နည်းရှိ၏။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ကော၊ ခိုးသူတယောက်သည်။ ကေဿ၊ ခိုးသူတယောက် အား။ မိတ္တဒုဗ္ဘိစောရော၊ အဆွေခင်ပွန်း၌ ပြစ်မှားခြင်းရှိသော ခိုးသူဖြစ် ၍။ ပုတ္တဒါရ ခေတ္တ ဝတ္ထု ဂေါမဟိံသာဒီသု၊ သားမယား လယ်ယာ နွားကျွဲစသည်တို့၌။ အပရဇ္ဈန္တော၊ပြစ်မှားလျက်။ ယဿ၊ အကြင်သူအား။ အပရဇ္ဈတိ၊ ပြစ်မှား၏။ တံပိ၊ ထိုသူကိုလည်း။ တထေဝ၊ ထိုအတူလျှင်။ အတ္တနိ၊ မိမိ၌။ အပရဇ္ဈန္တံ၊ ပြစ်မှားခြင်းရှိသော။ စောရံ၊ ခိုးသူကို။ ဒိသွာ၊ မြင်၍။ ဝေရီဝါပန၊ ရန်သူတယောက်သည် မူလည်း။ ကေနစိဒေဝ ကာရ-ဏေန၊ တစုံတခုသော အကြောင်းကြောင့်။ ဗဒ္ဓဝေရံ၊ ဖွဲ့အပ်သောရန်ငြိုး ရှိသော။ဝေရိံ ၊ရန်သူကို။ ဒိသွာ၊ မြင်၍။ အတ္တနော၊ မိမိ၏။ ကက္ခဠတာယ ဒါရုဏတာယ၊ ကြမ်းထမ်းခက်ထန်သည်၏ အဖြစ်ဖြင့်။တဿ၊ ထိုသူအား။ ယံတံအနယဗျသနံ၊ အကြောင်အကျိုးမဲ့ပျက်စီးခြင်းကို။ ကရေယျ၊ ပြုရာ၏။ ပုတ္တဒါရံဝါ၊ သားမယားကိုမူလည်း။ပီဠေယျ၊ နှိပ်စက်ရာ၏။ ခေတ္တာဒီနိဝါ၊ လယ်စသည် တို့ကိုမူလည်း။ နာသေယျ၊ဖျက်ဆီးရာ၏။ ဇီဝိတာဝါ၊အသက် မှမူလည်း။ နံ၊ ထိုသူကို။ ဝေါရောပေယျ၊ ချရာ၏။

ဒသသု အကုသလကမ္မပထေသု၊ ဆယ်ပါးသော အကုသိုလ် ကမ္မပထ တို့၌။ မိစ္ဆာ ဌပိတတ္တာ၊ မှားသော အားဖြင့် ထားအပ်သည်၏ အဖြစ် ကြောင့်။ မိစ္ဆာပဏိဟိတံ၊ အမှားဖြင့် နှလုံးသွင်း၍ ထားအပ်သော။ စိတ္တံ၊ စိတ်သည်။ ပါပိယော နံ တတော ကရေတိ၊ ဟူသည်ကား။ တံပုရိသံ၊ ထိုယောကျ်ားကို။ တတော ပါပတရံ၊ ထိုအကျိုးမဲ့ကို ပြုသောထက် အလွန် ယုတ်မာစွာ ပြစ်မှားခြင်းကို။ ကရေယျ၊ ပြုရာ၏။ ဟိ၊ ထိုစကားသင့်စွ။ ဝုတ္တပ္ပကာရော၊ ဆိုအပ်ပြီးသော အပြားရှိသော။ ဒိသော၊ ခိုးသူ တယောက် သည်။ ဒိသဿဝါ၊ ခိုးသူ တယောက်အားရင်း။ ဝေရီ၊ ရန်သူတယောက် သည်။ ဝေရိနောဝါ၊ ရန်သူတယောက်အားရင်း။ ဣမသ္မိံယေဝ အတ္တ- ဘာဝေ၊ ဤအတ္တဘော၌ လျှင်မူလည်း။ ဒုက္ခံဝါ၊ ကိုလည်း။ ဥပ္ပါဒေယျ၊ ဖြစ်ပေရာ၏။ ဇီဝိတက္ခယံဝါ၊ အသက်ကုန်ခြင်းကို မူလည်း။ ကရေယျ၊ ပြုရာ၏။ အကုသလ ကမ္မပထေသု၊ အကုသိုလ် ကမ္မပထတို့၌။ မိစ္ဆာ ဌပိတံ၊ အမှားဖြင့် ထားအပ်သော။ ဣဒံ ပန စိတ္တံ၊ ဤစိတ်သည်၊ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သောကိုယ်အဖြစ်၌။ အနယဗျသနံ၊ အကျိုးမဲ့ပျက်စီးခြင်းသို့။ ပါပေတိ၊ ရောက်စေ၏။ အတ္တဘာဝ သတသဟဿေသုပိ၊ ဘဝအရာ ဘဝ အထောင်တို့၌လည်း။ ဝါ၊ ဘဝအသိန်းတို့၌လည်း။ စတူသု အပါယေသု၊ အပါယ်လေးဘုံတို့၌။ ခိပိတွာ၊ ပစ်ချ၍။ သီသံ ဥက္ခိပိတုံ၊ ဦးခေါင်းပေါ် စေခြင်းငှါ။ နဒေတိ၊ မပေး။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာပရိယောသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပတ္တာ၊ ရောက်ကုန်၏။ ဒေသနာ၊ ဒေသနာသည်။ မဟာဇနဿ၊ လူ အပေါင်းအား။ သာတ္ထိကာ၊ အကျိုးနှင့်တကွ။ ဇာတာ၊ ဖြစ်၏။ ဥပါ- သကေနပန၊ ဒါယကာသည်ကား။ ဘဝန္တရေ၊ ဘဝတပါး၌။ ကတကမ္မံ၊ ပြုအပ်သောကံကို။ ဘိက္ခုူဟိ၊ ရဟန်းတို့သည်။ နပုစ္ဆိတံ၊မလျှောက်ထား။ တသ္မာ၊ ထိုသို့မလျှောက်ထားသောကြောင့်။ သတ္ထာရာ၊ဘုရားသခင်သည်။ နကထိတံ၊ ဟောတော်မမူ။

အဋ္ဌမံ၊သော။ နန္ဒဂေါပါလက ဝတ္ထု၊ သည်။
ဣဘိသမတ္တံ၊ ပြီးပြီ။

## ၃-စိတ္တဝဂ္ဂ၊ ၉-သောရေယျတ္ထေရ ဝတ္ထု

**အနုသန္ဓေ** .. နန္ဒဂေါပါလကဝတ္ထု၌ ဟောကြောင်းဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ သောရေယျတ္ထေရ ဝတ္ထု၌ ဟောကြောင်း ဖြစ်သော ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ န တံ မာတာပိတာ-စသည်ကို မိန့်အပ်၏။

န တံ မာတာပိတာ ကယိရာတိ ဣမံ ဓမ္မဒေသနံ၊ န တံ မာတာပိတာ ကယိရာ-စသော ဤ ဓမ္မဒေသနာကို။ သတ္ထာ၊ ဘုရား သဗ္ဗညုသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်ကို။ ဥပနိဿာယ၊ အမှီပြု၍။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူသည်ရှိသော်။ သောရေယျတ္ထေရံ၊ သောရေယျ မထေရ်ကို။ အာရဗ္ဘ၊ ၍။ ကထေသိ၊ ၏။

ဝတ္ထု၊ ဝတ္ထုသည်။ သောရေယျနဂရေ၊ သောရေယျပြည်၌။ သမ္မုဒ္ဓိတံ၊ ဟောအပ်၏။ သာဝတ္ထိယံ၊၌။ နိဋ္ဌာပေသိ၊ပြီးစေတော်မူ၏။ သမ္မာသမ္ဗုဒ္ဓေ၊ သဗ္ဗညုဘုရားရှင်သည်။ သာဝတ္ထိယံ၊ ၌။ ဝိဟရန္တေ၊နေတော်မူသည်ရှိသော်။ သောရေယျ နဂရေ၊သောရေယျပြည်၌။ သောရေယျ သေဋ္ဌိပုတ္တော၊သောရေယျ သူဌေးသားသည်။ ဧကေန သဟာယကေန၊ သူငယ်ချင်းတယောက်နှင့်။ သဒ္ဓိံ၊ တကွ။ သုခယာနကေ၊ ငြိမ်သက်သောယာဉ်၌။ နိသီဒိတွာ၊ နေ၍။ မဟန္တေန၊များစွာသော။ ပရိဝါရေန၊အခြံအရံဖြင့်။ နှာနတ္ထာယ၊ ရေချိုးခြင်းငှါ။ နဂရာ၊ ပြည်မှ။ နိက္ခမိ၊ ထွက်၏။ တသ္မိံ ခဏေ၊ထိုခဏ၌။ မဟာကစ္စာယနတ္ထေရော၊ ရှင်မဟာကစ္စည်း မထေရ်သည်။ သောရေယျ-နဂရံ၊ ပြည်သို့။ ပိဏ္ဍာယ၊ဆွမ်းအလို့ငှါ။ ပဝိသိတုကာမော၊ ဝင်လိုသည်။ ဟုတွာ၊ ၍။ ဗဟိနဂရေ၊ ပြည်ပ၌။ သင်္ဃာဋိံ၊ ဒုကုဋ်ကို။ ပါရုပတိ၊ ရုံ၏။ ထေရဿ၊ မထေရ်၏လည်း။ သရီရံ၊ ကိုယ်သည်။ သုဝဏ္ဏဝဏ္ဏံ၊ရွှေအဆင်းနှင့် တူသော အဆင်းရှိ၏။ သောရေယျသေဋ္ဌိပုတ္တော၊ သောရေယျ သူဌေး သားသည်။ တံ၊ ကိုကစ္စည်းမထေရ်ကို။ ဒိသွာ၊ ၍။ စိန္တေသိ၊၏။ အယံဝါ-ထေရော၊ ဤမထေရ်သည်လည်း။ မမ၊ ၏။ ဘရိယာ၊သည်။ ဘဝေယျ၊ ဖြစ်ပါမူကား။ အဟောဝတ၊ စွ။ မမ ဘရိယာယဝါ၊ ငါ့မယား၏လည်း။ သရီရဝဏ္ဏော၊ ကိုယ်အဆင်းသည်။ ဧတဿ၊ ဤကစ္စည်းမထေရ်၏။ သရီရ-ဝဏ္ဏောဝိယ၊ ကိုယ်အဆင်းကဲ့သို့။ ဘဝေယျ၊ ဖြစ်ပါမူကား။ အဟောဝတ၊ စွ။ ဣတိ၊ ဤသို့ကြံ၏။ တဿ၊ ထို သောရေယျ သူဌေးသား၏။ စိန္တိတ-မတ္တေယေဝ၊ ကြံကာမျှ၌ လျှင်။ ပုရိသလိင်္ဂံ၊ ယောကျ်ား အသွင်သည်။

အန္တရဓာယိ၊ ကွယ်၏။ ဣတ္ထိလိင်္ဂံ၊ မိန်းမအသွင်သည်။ ပါတုရဟောသိ၊ ထင်ရှားဖြစ်၏။

သော၊ ထိုသူဌေးသားသည်။ လဇ္ဇိတော၊ ရှက်ခြင်းကြောင့်။ ယာနကာ၊ ယာဉ်မှ။ ဩရုယှ၊ ဆင်း၍။ ပလာယိ၊ ပြေး၏။ ပရိဇနော၊ အခြံအရံ လူအပေါင်းသည်။ တံ၊ ထိုအကြောင်းကို။ အသလ္လက္ခန္တော၊ မသိခြင်းကြောင့်။ တော၊ ဤသူဌေးသားကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ သို့။ အာဟ၊ ၏။ သာပိ၊ ထိုမိန်းမသည်လည်း။ တက္ကသီလမဂ္ဂံ၊ တက္ကသိုလ်ပြည်သို့ သွားသော ခရီးသို့။ ပဋိပဇ္ဇိ၊ သွား၏။ အသ၊ ထို မိန်းမဖြစ်သော သူဌေးသား၏။ သဟာယကောပိ၊ အဆွေခင်ပွန်းသည်လည်း။ ဣတော စိတော၊ ထိုမှဤမှ လည်း။ ဝိစရိတ္ဘာပိ၊ ရှာဖွေပါသော်လည်း။ န အဒ္ဒသ၊ မမြင်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သူတို့သည်။ နှာယိတွာ၊ ရေချိုးပြီး၍။ ဂေဟံ၊ အိမ်သို့။ အဂမိံသု၊ ပြန်သွားကုန်၏။ သေဋ္ဌိပုတ္တော၊ သူဌေးသားသည်။ ကဟံ၊ အဘယ်မှာရှိသနည်း။ ဣတိဝုတ္တေ၊ ဤသို့မေးသည်ရှိသော်။ နှာယိတွာ၊ ရေချိုးပြီး၍။ အာဂတော၊ ပြန်လာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ မညိမှာတိ၊ ငါတို့ မှတ်ကုန်အောက်မေ့ကုန်၏ဟု။ ဝဒိံသု၊ ဆိုကုန်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသူဌေးသား၏။ မာတာပိတရော၊ မိဘတို့သည်။ တတ္ထတတ္ထပိ၊ ထိုထိုအရပ်၌လည်း။ ပရိယေသိတွာ၊ ရှာ၍။ အပဿန္တာ၊ မမြင်ကုန်သည်ရှိသော်။ ရောဒိတွာ၊ ငို၍။ ပရိဒေဝိတွာ၊ မြည်တမ်း၍။ မတော၊ သေသည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ သတည်းဟု။ မတကဘတ္တံ၊ သူသေတို့ စားရာထမင်းကို။ အဒံသု၊ ပေးကုန်၏။ သာ၊ ထို မိန်းမတို့သည်။ တက္ကသီလဂါမိံ၊ တက္ကသိုလ်ပြည်သို့ သွားသော။ ဧကံ သတ္ထဝါဟံ၊ လှည်းကုန်သည် တယောက်ကို။ ဒိသွာ၊ ၍။ ယာနကဿ၊ လှည်း၏။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ အနုဗန္ဓိ၊ လိုက်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုမိန်းမကို။ မနုဿာ၊ လူတို့သည်။ ဒိသွာ၊ ၍။ အမှာကံ၊ ငါတို့၏။ ယာနကဿ၊ လှည်း၏။ ပစ္ဆတော ပစ္ဆတော၊ နောက်မှ နောက်မှ။ အနုဂစ္ဆတိ၊ အစဉ်လိုက်၏။ သော၊ ထိုမိန်းမသည်။ ကဿ၊ အဘယ်သူ၏။ ဒါရိကာ၊ မယားနည်း။ ဣတိ၊ သို့။ တံ၊ သင့်ကို။ မယံ၊ ငါတို့သည်။ န ဇာနာမ၊ မသိကုန်။ ဣတိဝဒိံသု၊ ဤသို့ ဆိုကုန်၏။ သာမိ၊ အရှင်။ တုမ္ဟေ၊ တို့သည်။ မာအဝစုတ္ထ၊ မဆိုကုန်လင့်။ အတ္တနော၊ ၏။ ယာနကံ၊ လှည်းကို။ ပါဇေထ၊ မောင်းကုန်၊ နှင်ကုန်လော့။ အဟံ၊ ငါသည်။

ပဒသာ၊ ခြေဖြင့်။ ဂမိဿာမီတိ၊ လိုက်ပါအံ့ဟူ၍။ သာ၊ ထိုမိန်းမသည်။ ဂစ္ဆန္တီ၊ သွားသည်ရှိသော်။ ပါဒါ၊ ခြေတို့သည်။ ဘိဇ္ဇန္တိ၊ ပေါက်ကုန်၏။ အင်္ဂုလိမုဒ္ဒိကံ၊ လက်စွပ်ကို။ ဒတွာ၊ ပေး၍။ ကေသွိံ ယာနကေ၊ တခုသော လှည်း၌။ ဩကာသံ၊ စီးရအံ့သော အခွင့်ကို။ ကာရေသိ၊ ပြုစေ၏။ မနုဿာ၊ လူတို့သည်။ စိန္တယိံသု၊ ကြံကုန်၏။ တက္ကသိလနဂရေ၊ တက္ကသိုလ်ပြည်၌။ အမှာကံ၊ ငါတို့၏။ သေဋ္ဌိပုတ္တဿ၊ သူဌေးသားအား။ ဘရိယာ၊ မယားသည်။ နတ္ထိ၊ မရှိ။ တဿ၊ ထိုသူဌေးသားအား။ အာစိက္ခိဿာမ၊ ကြားကုန်အံ့။ မဟာပဏ္ဏာကာရောမျှားစွာသော လက်ဆောင်သည်။နော၊ ငါတို့အား။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ကြံကုန်၏။ တေ၊ ထိုသူတို့သည်။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ ၍။ သာမိ၊ ရှင်သူဌေး။ အမှေဟိ၊ ငါတို့သည်။ တုမှာကံ၊ သင်တို့အား။ ဧကံ၊ တယောက်သော။ ဣတ္ထိရတနံ၊ မိန်းမ ရတနာကို။ အာနီတံ၊ ဆောင်ခဲ့ပြီ။ ဣတိ၊ ဤသို့ ဆိုကုန်၏။

သော၊ ထိုသူဌေးသားသည်။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ တံ၊ ထိုသူဌေးသမီးကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အတ္တနော၊ ၏။ ဝယာနုရူပံ၊ အရွယ်နှင့် လျောက်ပတ်သော။ အဘိရူပံ၊ အလွန်အဆင်းလှသော။ ပါသာဒိကံ၊ ကြည်ညိုဘွယ်ရှိသော အဆင်းကို။ ဒိသွာ၊ မြင်၍လျှင်။ ဥပ္ပန္နသိနေဟော၊ ဖြစ်သော ချစ်ခြင်း ရှိသည်ဖြစ်၍။ ဂေဟေ၊ အိမ်၌။ အကာသိ၊ နေစေ၏။ ဟိ၊ ထိုစကားသင့်စွ။ ပုရိသာ၊ ယောကျ်ားတို့သည်။ ဣတ္ထိယော၊ မိန်းမတို့သည်။ အဘူတပုဗ္ဗာနာမ၊ မဖြစ်ဘူးသောမည်သည်။ နတ္ထိ၊ မရှိ။ ဣတ္ထိယော ဝါ၊ မိန်းမတို့ သည်လည်း။ ပုရိသာ၊ ယောကျ်ားတို့သည်။ အဘူတပုဗ္ဗာနာမ၊ မဖြစ်ဘူးသောမည်သည်။ နတ္ထိ၊ မရှိ။ ဟိ၊ ထိုစကား သင့်စွ။ ပုရိသာ၊ ယောကျ်ားတို့သည်။ ပရဿ၊ သူတပါး၏။ ဒါရေသု၊ မယားတို့၌။ အတိစရိတွာ၊ လွန်ကျူး ပြစ်မှား၍။ ကာလံကတွာ၊ သေခြင်းကိုပြု၍။ ဗဟူနိ ဝဿသတသဟဿာနိ၊ များသော အနှစ်အသိန်းတို့ပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်ပြီး၍။ မနုဿဇာတိံ၊ လူအဖြစ်သို့။ အာဂစ္ဆန္တာ၊ ရောက်လာသည်ရှိသော်။ အတ္တဘာဝသတေ၊ တရာသော ကိုယ်အဖြစ်၌။ ဣတ္ထိဘာဝံ၊ မိန်းမအဖြစ်သို့။ အာပဇ္ဇန္တိ၊ ရောက်ကုန်၏။

ဟိ၊ ထိုစကားသင့်စွ။ ကပ္ပသတသဟဿံ၊ ကမ္ဘာတသိန်းပတ်လုံး။ ပူရိတပါရမီ၊ ဖြည့်အပ်ပြီးသော ပါရမီ ရှိသော။ အရိယသာဝကော၊ မြတ်စွာ ဘုရား၏ တပည့်ဖြစ်သော။ အာနန္ဒတ္ထေရောပိ၊ အာနန္ဒာ မထေရ်သည်လျက်

လည်း။ သံသာရေ၊ ၌။ သံသရန္တော၊ ကျင်လည်သည် ရှိသော်။ ကေသိမ္ဗအတ္တဘာဝေ၊ တခုသော ကိုယ်အဖြစ်၌။ ကမ္မာရကုလေ၊ ပန်းထိမ်သည်အမျိုး၌။ နိဗ္ဗတ္တော၊ဖြစ်သည်ရှိသော်။ ပရဒါရိကမ္မံ၊ ပရဒါရိကံကို။ ကတွာ၊ ပြု၍။ နိရယေ၊ ငရဲ၌။ပစ္စိတွာ၊ ကျက်ပြီး၍။ ပက္ကာဝသေသေန၊ အကျိုးကြွင်းအားဖြင့်။ စုဒ္ဒသသု အတ္တဘာဝေသု၊ တဆယ့်လေးခုဖြစ်သော အတ္တဘောတို့၌။ ပုရိသဿ၊ ယောကျ်ား၏။ ပါဒပရိစာရိကာ၊ ခြေရင်း အလုပ် အကျွေးဖြစ်သော။ ဣတ္ထီ၊ မိန်းမသည်။ အဟောသိ၊ ဖြစ်ရလေ၏။ သတ္တသု အတ္တဘာဝေသု၊ ခုနစ်ကြိမ်သော ကိုယ်အဖြစ်တို့၌။ဗီဇုဒ္ဓရဏံ၊ ဝှေးစေ့ ထုတ်ခြင်းသို့။ ပါပုဏိ၊ ရောက်၏။ ဣတ္ထိယောပန၊ မိန်းမတို့သည်ကား။ ဒါနာဒီနိ၊ အလှူပေးခြင်း အစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကတွာ၊ ပြု၍။ ဣတ္ထိဘာဝေ၊ မိန်းမအဖြစ်၌။ ဆန္ဒံ၊ တပ်ခြင်းကို။ ဝိရာဇေတွာ၊ ပယ်စွန့်၍။ နော၊ ငါတို့၏။ ဣဒံပုညံ၊ ဤကောင်းမှုသည်။ ပုရိသတ္တဘာဝံ၊ ယောကျ်ားအဖြစ်ကို။ ပဋိလာဘာယ၊ ရခြင်းငှါ။ ပစ္စတ္တတုတိ၊ ဖြစ်စေသတည်းဟု။ စိတ္တံ၊ စိတ်ကို။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်၍။ ကာလံကတွာ၊ သေခြင်းကိုပြု၍။ ပုရိသတ္တဘာဝံ၊ ယောကျ်ားအဖြစ်ကို။ ပဋိလဘန္တိ၊ ရကုန်၏။ ပတိဒေဝတာ၊ အိမ်ဦးနတ်ကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ သာမိကေ၊ လင်၌။ သမ္မာပဋိပတ္တိဝသေနပိ၊ ကောင်းစွာကျင့်ခြင်း, ရိုသေစွာကျင့်ခြင်း၏ အစွမ်းဖြင့်လည်း။ ပုရိသတ္တဘာဝံ၊ ယောကျ်ားအဖြစ်ကို။ ပဋိလဘန္တေဝ၊ ရကုန်သည်သာလျှင်တည်း။

အယံပန သောရေယျတ္ထေရော၊ ဤသူဌေးသားသည်။ ထေရေ၊ မထေရ်၌။ အယောနိသော၊ မသင့်သောအားဖြင့်။ စိတ္တံ၊ စိတ်ကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ဣမသ္မိံ ယေဝ အတ္တဘာဝေ၊ဤကိုယ်၏ အဖြစ်၌သာလျှင်။ဣတ္ထိဘာဝံ၊ မိန်းမအဖြစ်ကို။ ပဋိလဘိ၊ ရ၏။ တက္ကသီလာယံ၊တက္ကသိုလ်ပြည်၌။ သောရေယျပုတ္တေန၊ သူဌေးသားနှင့်။ သဒ္ဓိံ၊ တကွ။ သံဝါသံ၊ ယှဉ်ပါး ပေါင်းဘော်ခြင်းကို။ အနွာယ၊ စွဲ၍။ အဿာပန၊ ထိုသူဌေးသမီး၏လျှင်။ ကုစ္ဆိယံ၊ ဝမ်း၌။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ပတိဋ္ဌာသိ၊ တည်၏။ သာ၊ထိုသူဌေးသမီးသည်။ ဒသမာသစ္စယေန၊ ဆယ်လလွန်သဖြင့်။ ပုတ္တံ၊ကို။ လဘိတွာ၊ ရ၍။ တဿ၊ ထိုသူငယ်၏။ ပဒသာ၊ ခြေဖြင့်။ ဂမနကာလေ၊ သွားနိုင်သော အခါ၌။ အပရံပိ၊ တယောက်လည်းဖြစ်သော။ ပုတ္တံ၊ သားကို။ ပဋိလဘိ၊ ရ၏။ ဝေံ၊ ဤသို့။ အဿာ၊ ထိုသူဌေးသမီး၏။ ကုစ္ဆိယံ၊ ဝမ်း၌။ ဝုဋ္ဌာ၊

မွေးကုန်သော။ ဒွေ ပုတ္တာ၊ သားနှစ်ယောက်တို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ သောရေယျနဂရေ၊ ပြည်၌။ တမ္ပိ၊ ထိုသူဌေးသမီးကိုပင်လျှင်။ ပဋိစ္စ၊ အကြောင်းပြု၍။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သောသားတို့သည်။ ဒွေ၊ နှစ်ယောက်တို့တည်း။ ဣတိ၊ ဤသို့။ စတ္တာရော၊ သားလေးယောက်တို့သည်။ အဟေ-သုံ၊ ဖြစ်ကုန်၏။

တသ္မိံ ကာလေ၊ ထိုအခါ၌။ သောရေယျနဂရတော၊ သောရေယျပြည်မှ။ တဿာ၊ ထိုသူဌေးသမီး၏။ သဟာယကော သေဋ္ဌိပုတ္တော၊ အဆွေခင်ပွန်းဖြစ်သော သူဌေးသားသည်။ ပဉ္စဟိ သကဋသတေဟိ၊ လှည်းငါးရာတို့ဖြင့်။ တက္ကသီလံ၊ တက္ကသိုလ်ပြည်သို့။ ဂန္တွာ၊ သွား၍။ သုခယာနကေ၊ ငြိမ်သက်သောယာဉ်၌။ နိသိန္နော၊ နေပြီးသော်။ နဂရံ၊ တက္ကသိုလ်ပြည်သို့။ ပါဝိသိ၊ ဝင်လေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသူဌေးသားကို။ သာ၊ ထိုသူဌေးသမီးသည်။ ဥပရိပါသာဒတလေ၊ အထက်ပြာသာဒ်အပြင်၌။ ဝါတ-ပါနံ၊ လေသာပြူတင်းကို။ ဝိဝရိတွာ၊ ဖွင့်၍။ အန္တရဝီထိံ၊ ခရီးမကို။ဌိတာ၊ ရပ်လျက်။ ဩလောကယမာနာ၊ ကြည့်သည်ရှိသော်။ ဒိသွာ၊ ၍။ တံ၊ ထိုသူဌေးသားကို။ သဥ္စာနိတွာ၊ သိ၍။ ဒါသိံ၊ ကျွန်မကို။ ပေသေတွာ၊ စေလွှတ်၍။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ မဟာတလေ၊ ပြာသာဒ်အပြင်၌။ နိသီဒါပေတွာ၊ နေစေ၍။ မဟန္တံ၊ များစွာသော။ သက္ကာရ-သမ္မာနံ၊ မြတ်နိုးတနာပူဇော်ခြင်းကို။ အကာသိပြု၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသူဌေးသမီးကို။ သော၊ ထိုသူဌေးသားသည်။ အာဟ၊ ဆို၏။ ဘဒ္ဒေ၊ နှမ။ တွံ၊ သင့်ကို။ ဣတော၊ ဤအခါမှ။ ပုဗ္ဗေ၊ ရှေး၌။ အမှေဟိ၊ ငါတို့သည်။ နဒိဋ္ဌပုဗ္ဗာ၊ မမြင်ဘူးကုန်။ ကထဉ္စပန၊ အဘယ်အကြောင်းကြောင့်လျှင်။ နော၊ ငါတို့အား။ မဟန္တံ၊ များစွာသော။ သက္ကာရံ၊ ပူဇော်သက္ကာကို။ ကရောသိပြုဘိသနည်း။ အမှေ၊ ငါတို့ကို။ တွံ၊ သင်သည်။ ဇာနာသိ၊ သိလေသလော။ ဣတိ၊ ဤသို့ဆို၏။

သာမိ၊ အရှင်သူဌေးသား။ အာမဇာနာမိ၊ ဩော် သိသည်မှန်၏။ တုမှေ၊ သင်တို့သည်။ သောရေယျနဂရဝါသိနောနနု၊ သောရေယျပြည်သား မဟုတ်ကုန်လော။ ဣတိ၊ဤသို့မေး၏။ဘဒ္ဒေ၊ နှမ။အာမ၊သောရေ-ယျ ပြည်သား မှန်၏။ ဣတိ၊ဤသို့ဆို၏။ သာ၊ထိုသူဌေးသမီးသည်။ မာတာ-ပိတူနဉ္စ၊ မိဘတို့၏ရင်း။ ဘရိယာယစ၊ မယား၏ရင်း။ ပုတ္တာနဉ္စ၊ သားတို့၏ရင်း။ အရောဂဘာဝံ၊ အနာမရှိသည်၏အဖြစ်ကို။ ပုစ္ဆိ၊ မေး၏။ ဣတရော၊

သောဏရေယျပြည်က လာသောသူဌေးသားသည်။ ဘန္တေ၊ နှမ။ အာမ အ-
ရောဂါ၊ ဩော် အနာမရှိကုန်သည် မှန်၏။ ဣတိဝတွာ၊ ဤသို့ ဆိုပြီး၍။
သော၊ ထိုသူဌေးသားသည်။ အာဟ၊ ဆို၏။ အမ္မ၊ အမိ။ ဧတေ၊ဤသူ
တို့ကို။ ဇာနာသိ၊ သိလေသလော။ ဣတိ၊ ဤသို့မေး၏။ သာမိ၊ အရှင်။
အာမ ဇာနာမိ၊ ဩော် သိသည်မှန်ပါ၏။ တေသံ၊ ထိုသူတို့တွင်။ ဧကော-
ပုတ္တော၊ သူဌေးသားတယောက်သည်။ အတ္ထိ၊ ရှိ၏။ သာမိ၊သခင်။ သော၊
ထိုသူဌေးသားသည်။ အဟံ၊ အကျွန်ုပ်လျှင်ဖြစ်၏။ ဘန္တေ၊ နှမ။ ဧဝံ၊သို့။
မာကထေဟိ၊ မဆိုလင့်။ မယံ၊ငါတို့သည်။ တေန၊ ထို သူဌေးသားနှင့်။
သဒ္ဓိံ၊ တကွ။ ဧကဒိဝသံ၊တနေ့သ၌။ သုခယာနကေ၊ ငြိမ်သက်သောလှည်း
၌။ နိသီဒိတွာ၊ နေ၍။ နှာယိတုံ၊ ရေချိုးခြင်းငှါ။ နိက္ခန္တာ၊ ထွက်ကုန်
သည် ရှိသော်။ အဿ၊ ထိုသူဌေးသား၏။ ဂတိံ၊ သွားလေရာကို။ နေဝ-
ဇာနာမ၊ မသိကြကုန်။ ဣတော စိတော စ၊ ထိုမှ ဤမှလည်း။ ဝိစရိတွာ၊
လှည့်ပတ်ရှာဖွေ၍။ တံ၊ ထိုသူဌေးသားကို။ အဒိသွာ၊ မမြင်ခြင်းကြောင့်။
မာတာပိတူနံ၊ မိဘတို့အား။ အာရောစယိမှာ၊ အကြောင်းကြားကုန်၏။

အဿ၊ ထိုသူဌေးသား၏။ တေပိ၊ ထိုမိဘတို့သည်လည်း။ ရောဒိတွာ၊
ငို၍။ ကန္ဒိတွာ၊ မြည်တမ်း၍။ ပေတကိစ္စံ၊ တမလွန်ဘဝသို့ ပြောင်းသွား
သောသူ၏ ကိစ္စကို။ ကရိံသုပြုကုန်၏။ ဣတိ၊လတ်သော်။ သာမိ၊ အရှင်။
သော၊ ထိုသူသည်။ အဟံ၊ ငါပင်မှန်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။
ဘန္တေ၊ နှမ။ အပေဟိ၊ ဖဲလေလော့။ ကိံကထေသိ၊ အဘယ်သို့ ဆိုဘိ
သနည်း။ မယှံ၊ ၏။ သဟာယော၊ အဆွေခင်ပွန်းကား။ ဒေဝကုမာ-
ရောဝိယ၊ နတ်လုလင် ကဲ့သို့။ ဧကော ပုရိသော၊ ယောကျ်ားတယောက်
ပင်တည်း။ ဣတိ၊ ဤသို့ ဆို၏။ သာမိ၊ အရှင်သူဌေးသား။ ဟောတု၊
ထိုသို့မူလည်း ဖြစ်စေ။ သော၊ ထိုလုလင်သည်။ အဟံ၊ ငါပင်တည်း။
ဣတိ၊ ဤသို့ ဆို၏။ အထ၊ ထိုသို့ ဆိုသည်ရှိသော်။ နံ၊ ထိုသူကို။ ဣဒံ၊
ဤသို့ ဖြစ်ရခြင်းသည်။ ကိံ နာမ၊ အဘယ့်ကြောင့် ဖြစ်လေသနည်း။
ဣတိ၊ ဤသို့ မေးလတ်သော်။ တံဒိဝသံ၊ ထိုနေ့၌။ တေ၊ သင်သည်။
အယျော မဟာကစ္စာယနတ္ထေရော၊ အရှင်မဟာကစ္စည်းမထေရ်ကို။ ဒိဋ္ဌော၊
မြင်၏လော။ ဣတိ၊ ဤသို့ မေး၏။ အာမ ဒိဋ္ဌော၊ ဩော် မြင်သည်
မှန်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ အဟံ၊ ငါသည်။ အယျံ မဟာကစ္စာ-
ယနတ္ထေရံ၊ ရှင်မဟာကစ္စည်း မထေရ်ကို။ ဩလောကေတွာ၊ ကြည့်၍။အယံ-

ထေရော၊ ဤမထေရ်သည်။ မမ ဘရိယာ၊ ငါ့မယားသည်။ ဘဝေယျ၊ ဖြစ်ပါမူကား။ အဟောဝတ၊ ကြော်ကောင်းပါလေစွ။ တေဿ၊ ဤမထေရ်၏။ သရီရဝဏ္ဏောဝိယ၊ ကိုယ်အဆင်းကဲ့သို့။ မမ ဘရိယာယ၊ ငါ့မယား၏။ သရီရဝဏ္ဏော၊ ကိုယ်အဆင်းသည်။ ဘဝေယျ၊ ဖြစ်ပါမူကား။အဟောဝတ၊ ကြော်ကောင်းပါလေစွ။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံမိ၏။ စိန္တိတက္ခဏေယေဝ၊ကြံသောခဏ၌ပင်လျှင်။မေ၊ငါ၏။ ပုရိသလိင်္ဂံ၊ယောကျ်ားအသွင်သည်။ အန္တရဓာယိ၊ ကွယ်လေ၏။ ဣတ္ထိလိင်္ဂံ၊ မိန်းမအသွင်သည်။ ပါတုဘဝိ၊ ထင်ရှားဖြစ်၏။ အထ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ လဇ္ဇမာနာ၊ ရှက်သည်ဖြစ်၍။ ကဿစိ၊ တစုံတယောက်သောသူအား။ ကိဉ္စိ၊ တစုံတခွန်းသောစကားကို။ ဝတ္တုံ၊ ဆိုခြင်းငှါ။ အသက္ကုဏိတွာ၊မတတ်နိုင်၍။ တတော၊ မှ။ ပလာယိတွာ၊ ထွက်ပြေးခဲ့၍။ သာမိ၊ အရှင်။ ဣမ၊ ဤတက္ကသိုလ်ပြည်သို့။ အာဂတာ၊ လာခဲ့၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။

တေ၊ သင်သည်။ ကတံ၊ ပြုအပ်သော။ ကမ္မံ၊ အမှုကား။ ဝတ၊စင်စစ်။ အဟောဘာရိယံ၊ အလွန်ဝန်လေးစွာ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ မယှံ၊ ငါ့အား။ နာစိက္ခိ၊ မကြားဘဲ နေရှာလေဘိသနည်း။ အပိစပန၊ စင်စစ်မူကား။ တေ၊ သင်သည်။ ထေရော၊ ရှင်ကစ္စည်းမထေရ်ကို။ ခမာပိတော၊ ကန်တော့အပ်ပြီလော။ ဣတိ၊ ဤသို့မေး၏။ သာမိ၊ အရှင်သူငွေးသား။ န ခမာပိတော၊ မကန်တော့အပ်လေသေး။ ဣတိ၊ ဤသို့ဆို၏။ ထေရော၊ ရှင်မဟာကစ္စည်းမထေရ်သည်။ ကဟံ၊ အဘယ်အရပ်၌ နေတော်မူသည်ကို။ တွံ၊ သင်သည်။ ဇာနာသိပန၊ သိပါသလော။ ဣတိ၊ ဤသို့ မေး၏။ ဣမမေဝ နဂရံ၊ ဤတက္ကသိုလ်ပြည်ကိုလျှင်။ ဥပနိဿာယ၊ အမှီပြု၍။ ဝိဟရတိ၊ နေတော်မူ၏။ ဣတိ၊ ဤသို့ဆို၏။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တော၊ သွားသည်ရှိသော်။ ဣမ၊ ဤအိမ်သို့။ သစေ အာဂစ္ဆေယျ၊ အကယ်၍ ကြွလာသည် ဖြစ်ငြားအံ့။ သာမိ၊ အရှင်။ အဟံ၊ အကျွန်ုပ်သည်။ မမ အယျဿ၊ ငါ့သခင်အား။ ဘိက္ခာဟာရံ၊ ဆွမ်းကို။ ဒဒေယျံ၊ လှူချင်ပါ၏။ ဣတိ၊ ဤသို့ဆို၏။တေနဟိ၊ထိုသို့ ဆိုတပြီးကား။ သီဃံ၊လျင်စွာ။သက္ကာရံ၊ ပူဇော်သက္ကာကို။ ကရောဟိ၊ ပြုလော့။ အမှာကံ၊ တို့သည်။ အယျံ၊ ဤအရှင်မဟာကစ္စည်း မထေရ်ကို။ ခမာပေဿာမ၊ သည်းခံစေအံ့။ဣတိ၊ဤသို့ဆိုလျက်။ သော၊ သည်။ထေရဿ၊ မထေရ်၏။ ဝသနဋ္ဌာနံ၊နေရာအရပ်သို့။ ဂန္တွာ၊၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။

နိသိန္နော၊ နေလျက်။ ဘန္တေ၊ အရှင်ဘုရား။ သေ့၊ နက်ဖြန်။ မယှံ၊ အကျွန်ုပ်၏။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံတော်မူပါကုန်လော့။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။

သေဋ္ဌိပုတ္တ၊ သူဌေးသား။ တွံ၊ သင်သည်။ အာဂန္တုကောနနု၊ ဧည့်သည် မဟုတ်လော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အမှာကံ၊ အကျွန်ုပ်တို့အား။ အာဂန္တုက ဘာဝံ၊ ဧည့်သည်အဖြစ်ကို။ မာပုစ္ဆထ၊ မေးတော်မမူပါလင့်လော့။ သေ့၊ နက်ဖြန်။ မယှံ၊ အကျွန်ုပ်၏။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံတော်မူပါလော့။ ဣတိ၊ ဤသို့ လျှောက်သည် ရှိသော်။ ထေရော၊ မထေရ်သည်။ အဓိဝါသေသိ၊ ဝန်ခံ၏။ ဂေဟေပိ၊ အိမ်၌လည်း။ ထေရဿ၊ မထေရ်အား။ မဟာသက္ကာရော၊ ကြီးစွာသော ပူဇော်ဘွယ်ကို။ ပဋိယတ္တော၊ စီရင်အပ်၏။ ထေရော၊ မထေရ်သည်။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ တံဂေဟဒွါရံ၊ ထိုအိမ်တခါးသို့။ အဂမာသိ၊ ကြွလာ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမထေရ်ကို။ နိသီဒါပေတွာ၊ နေစေ၍။ ပဏီတေန၊ မွန်မြတ်သော။ အာဟာရေန၊ ဆွမ်းဖြင့်။ ပရိဝိသိတွာ၊ လုပ်ကျွေး၍။ သေဋ္ဌိပုတ္တော၊ သူဌေးသားသည်။ တံဣတ္ထိံ၊ ထိုသူဌေးမကို။ ဂဟေတွာ၊ ခေါ်၍။ ထေရဿ၊ မထေရ်၏။ ပါဒမူလေ၊ ခြေရင်း၌။ နိပဇ္ဇာပေတွာ၊ ဝပ်စေ၍။ ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ အကျွန်ုပ်၏။ သဟာယိကာယ၊ အဆွေခင်ပွန်းမအား။ ခမထ၊ သည်းခံတော် မူပါလော့။ ဣတိအာဟ၊ ဤသို့ လျှောက်၏။

တေ၊ ဤသို့သည်းခံရခြင်း၏ အကြောင်းသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အယံ၊ ဤသူဌေးကတော်သည်။ ပုဗ္ဗေ၊ ရှေး၌။ မယှံ၊ အကျွန်ုပ်၏။ ပိယသဟာယကော၊ ချစ်ကျွမ်းဝင်သော သူဌေးသားသည်။ ဟုတွာ၊ ဖြစ်ပါလျက်။ တုမှေ၊ အရှင်ဘုရားတို့ကို။ ဩလောကေတွာ၊ ကြည့်၍။ ဧဝံနာမ၊ ဤသို့ ယုတ်မာသောအမူအရာ အကြောင်းကို။ စိန္တေသိ၊ မသင့်သောအားဖြင့် ကြံမိ၏။ အထ၊ ထိုသို့ကြံသောအခါ၌။ အဿ၊ ထိုသူငယ်ချင်း သူဌေးသား၏။ ပုရိသလိင်္ဂံ၊ ယောကျ်ားဧ၏ အသွင်သည်။ အန္တရဓာယိ၊ ကွယ်ပျောက်၏။ ဣတ္ထိလိင်္ဂံ၊ မိန်းမ၏အသွင်သည်။ ပါတုဘဝိ၊ ထင်ရှားဖြစ်၏။ ဘန္တေ၊ အရှင်ဘုရား။ ခမထ၊ သည်းခံတော်မူပါလော့။ ဣတိ၊ ဤသို့လျှောက်၏။ တေနဟိ၊ ထိုသို့ တပြီးကား။ ဥဋ္ဌဟထ၊ ထလော့။ တေ၊ အား။ အဟံ၊ ငါသည်။ ခမာမိ၊

သည်းခံ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ထေရေန၊ မထေရ်သည်။ အဿာ၊ ထိုသူဌေးမအား။ ခမာမီတိ၊ သည်းခံ၏ဟူ၍။ ဝုတ္တမတ္တေယေဝ၊ ဆိုကာမျှ ဖြစ်သော်သာလျှင်။ ဣတ္ထိလိင်္ဂံ၊ မိန်းမအသွင်သည်။ အန္တရဓာယိ၊ ကွယ် ပျောက်၏။ ပုရိသလိင်္ဂံ၊ ယောကျ်ားအသွင်သည်။ ပါတုဘဝိ၊ ထင်ရှား ဖြစ်၏။

ပုရိသလိင်္ဂေ၊ ယောကျ်ားအသွင်သည်။ ပါတုဘူတ မတ္တေဝ၊ ထင်ရှား ဖြင့်ကာမျှလျှင်။ တံ၊ ထိုသူဌေးသားကို။ တက္ကသီလာယ၊ တက္ကသိုလ်ပြည် သား ဖြစ်သော။ သေဋ္ဌိပုတ္တော၊ သူဌေးသားသည်။ အာဟ၊ ဆို၏။ သမ္မ- သဟာယက၊ ချစ်ကျွမ်းဝင်သော အဆွေခင်ပွန်း။ ဣမေ ဒွေဒါရကာ၊ ဤ သူငယ် နှစ်ယောက်တို့သည်။ တဝ၊ သင်၏။ ကုစ္ဆိယံ၊ ဝမ်း၌။ ဝုဋ္ဌပုတ္တာ၊ ဖွားမြင်သော သားတို့တည်း။ မံ၊ ငါ့ကို။ ပဋိစ္စ၊ ၍။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်၏။ ဥဘိန္နံပိ၊ နှစ်ပါးစုံလည်းဖြစ်ကုန်သော။ နော၊ ငါတို့၏။ ပုတ္တာဝေ၊သားတို့ သာလျှင်တည်း။ ဣမေဝ၊ ဤတက္ကသိုလ်ပြည်၌သာလျှင်။ ဝသိဿာမ၊ နေ ကုန်အံ့။ မာဥက္ကဏ္ဌိ၊ မဆန့်ကျင်လင့်။ ဣတိ၊ဤသို့ဆို၏။သမ္မ၊ သူငယ်ချင်း။ အဟံ၊ ငါသည်။ ဧကေနတ္တဘာဝေန၊ တခုသော ကိုယ်အဖြစ်ဖြင့်။ ပဌမံ၊ ရှေးဦးစွာ။ ပုရိသော၊ ယောကျ်ားသည်။ ဟုတွာ၊ ဖြစ်ပါလျက်။ ပုန၊ တဘန်။ ဣတ္ထိဘာဝံ၊ မိန်းမအဖြစ်သို့။ ပတွာ၊ ရောက်၍။ ပုန၊ တဘန်။ ပုရိသော၊ ယောကျ်ားသည်။ ဇာတော၊ ဖြစ်ပြန်ပေ၏။ ဣတိ၊ ဤသို့။ ဝိပ္ပကာရံ၊ ဘောက်ပြန်ခြင်းသို့။ ပတ္တော၊ ရောက်ရလေ၏။ ပဌမံ၊ ရှေးဦး စွာ။ မံ၊ ငါ့ကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဒွေပုတ္တာ၊ သားနှစ်ယောက်တို့ သည်။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်၏။ ဣဒါနိ၊ ယခုအခါ၌။ မေ၊ ငါ၏။ ကုစ္ဆိတော၊ ဝမ်းမှ။ ဒွေပုတ္တာ၊ သားနှစ်ယောက်တို့သည်။ နိက္ခန္တာ၊ ဖွားမြင်ကုန်၏။ သွာဟံ၊ သည်။ ဧကေနတ္တဘာဝေန၊ တခုတည်းသော ကိုယ်အဖြစ်ဖြင့်။ ဝိပ္ပကာရံ၊ ဘောက်ပြန်သော အခြင်းအရာသို့။ ပတွာ၊ ရောက်၍။ ပုန၊ တဘန်။ ဂေဟေ၊ အိမ်၌။ ဝသိဿာမိ၊ နေအံ့။ ဣတိသညံ၊ ဤသို့သော အမှတ်ကို။ မာကရိ၊ မပြုချင်ပြီ။ အဟံ၊ ငါသည်။ မမအယျဿ၊ ငါ၏ အရှင်ဖြစ်သော ရှင်ကစ္စည်း၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိဿာမိ၊ ရဟန်း ပြုပါအံ့။ ဣမေ ဒွေဒါရကာ၊ ဤသူငယ်နှစ်ယောက်တို့သည်။ တဝဘာရာ၊ သင့်ဝန်သာဖြစ်ကုန်၏။ ဣမေသု၊ ဤသူငယ်တို့၌။ မာပမဇ္ဇိ၊ မမေ့မလျော့ ပါစေလင့်။ ဣတိ၊ ဤသို့မေတ္တာစကားမှာထားခဲ့၍။ ပုတ္တေ၊ သားတို့ကို။

သီသေ၊ ဦးခေါင်း၌။ ပရိစုမ္ဗိတွာ၊ အဘန်ဘန်နမ်း၍။ ပရိမဇ္ဇိတွာ၊ အဘန်ဘန် ကိုယ်အလုံးကိုသပ်၍။ ဥရေ၊ ရင်ခွင်၌။ နိပဇ္ဇာပေတွာ၊ အိပ်စေ၍။ ပိတု၊အဘအား။ နိယျာဒေတွာ၊ အပ်နှင်းခဲ့၍။ နိက္ခမိတွာ၊ ၍။ ထေရဿ၊ မထေရ်၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊ တောင်းပန်၏။

ထေရောပိ၊ မထေရ်သည်လည်း။ နံ၊ ထိုသူဌေးသားကို။ ပဗ္ဗာဇေတွာ၊ ရှင်ပြု၍။ ဥပသမ္ပာဒေတွာ၊ ပဉ္စင်းခံစေ၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဏှိတွာဝ၊ သင်၍လျှင်။ စာရိကံ၊ ဒေသစာရီကို။ စရမာနော၊ ကြွသည်ရှိသော်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ အဂမာသိ၊ ရောက်လေ၏။ တဿ၊ ထိုသူဌေးသား၏။ သောရေယျတ္ထေရောတိ နာမံ၊ သောရေယျ မထေရ်ဟူသော အမည်သည်။ အဟောသိ၊ ဖြစ်၏။ ဇနပဒဝါသိနော၊ ဇနပုဒ်၌ နေကုန်သော သူတို့သည်။ တံပဝတ္တိံ၊ ထို အကြောင်းကို။ ဉတွာ၊ သိ၍။ သံခုဘိတွာ၊ ကြော်ငြာ ချောက်ချား၍။ ကောတူဟလာ၊ အုတ်အုတ်ကျက်ကျက်သည်။ ဇာတာ၊ ၏။ တံ၊ ထိုမထေရ် သို့။ ဥပသင်္ကမိတွာ၊ ၍။ ပုစ္ဆိံသု၊ ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံကိရ၊ ဤသို့ မဖွယ်မရာဖြစ်၏ဟု ဆိုကြသောစကားသည် မှန်ပင်မှန်လေသလော။ ဣတိ၊ ဤသို့ မေးကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ အာမ၊ သြော် ဆိုကြ သော စကား အမှန်ပင်ဖြစ်ပေ၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ ဧဝရူပံပိ၊ ဤသို့ သဘောရှိသည်လည်းဖြစ်သော။ ကာရဏံ-နာမ၊အကြောင်းမည်သည်။ ဟောတိ၊ဖြစ်၏။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ကုစ္ဆိယံ၊ ဝမ်း၌။ ဒွေပုတ္တာ၊ သားနှစ်ယောက်တို့သည်။ နိဗ္ဗတ္တာကိရ၊ ဖြစ် ကုန်သတတ်။ တုမ္ဟေ၊ အရှင်ဘုရားတို့ကို။ ပဋိစ္စ၊ အကြောင်းပြု၍။ ဒွေ၊ သားနှစ်ယောက် တို့သည်။ ဇာတာကိရ၊ ဖြစ်ကုန်သတတ်။ တေသံ၊ ထို သားငယ်တို့တွင်။ ကတရေသု၊ အဘယ်သားတို့၌။ ဝေါ၊ အရှင်ဘုရားတို့ ၏။ ဗလဝသိနေဟော၊ အားကြီးသော ချစ်ခြင်းရှိသနည်း။ ဣတိ၊ ဤသို့ လျှောက်၏။ အာဝုသော၊ ငါ့ရှင်တို့။ ကုစ္ဆိယံ၊ ဝမ်း၌။ ဝုဋ္ဌကေသု၊ မွေး ဖွားသော သားတို့၌။ ဗလဝသိနေဟော၊ အားကြီးသော ချစ်ခြင်းရှိ၏။ ဣတိ၊ ဤသို့ဆို၏။ အာဂတာဂတာ၊ ရောက်လာ ရောက်လာကုန်သော သူတို့သည်။ နိဗဒ္ဓံ၊ မပြတ်။ တထေဝ၊ ထို့အတူ သာလျှင်။ ပုစ္ဆိံသု၊ မေးကုန်၏။

ထေရော၊ ကြီးမှုရဟန်းပြုသော မထေရ်ကြီးသည်။ ကုစ္ဆိယံ၊ ဝမ်း၌။ ဝုဋ္ဌကေသုဝေ၊ ဖွားမြင်သော သားတို့၌ သာလျှင်။ သိနေဟော၊ ချစ်ခြင်းသည်။ ဗလဝါ၊ အားကြီးရိုးကေန် မှန်ပေ၏။ ဣတိ၊ ဤသို့သောနည်းဖြင့်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ မေးလာသော သူတို့ကို။ ကထေန္တော၊ ပြောရသည်ရှိသော်။ ဟဒယမာနော၊ ရှက်စနိုး၍။ ဧကောဝ၊တယောက်တည်းသာလျှင်။ နိသိဒတိ၊ နေ၏။ ဧကောဝ၊ တယောက်တည်းသာလျှင်။ တိဋ္ဌတိ၊ ရပ်၏။ သော၊ ထို တောထွက် မထေရ်ကြီးသည်။ ဧဝံ၊ ဤသို့။ ဧကတ္တူပဂတော၊ တယောက်တည်းသာ ထိုထို အရပ်သို့ ကပ်လျက်။ အတ္တဘာဝေ၊ ကိုယ်အဖြစ်၌။ ခယဝယံ၊ ကုန်ခြင်း,ပျက်ခြင်းကို။ သမ္မဋ္ဌာ-ပေတွာ၊ ကမ္မဋ္ဌာန်းအသင့်အားဖြင့် နှလုံးထား၍။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန္တာကို။ အာဂတာဂတာ၊ လာကုန်လာကုန်သောသူတို့သည်။ ပုစ္ဆန္တိ၊ မေးကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံဧဝံနာမ၊ ဤမည်ဤမည်သော အကြောင်းသည်။ အဟောသိကိရ၊ ဖြစ်သတတ်။ ဣတိ၊ဤသို့ဆိုသောစကား မှန်သလောဟု မေးကုန်၏။ အာဝုသော၊ ငါ့ရှင်။ အာမ၊ မှန်ပေ၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ ကတရေသု၊ အဘယ် သားတို့၌။ ဝေါ၊ အရှင်ဘုရားတို့အား။ သိနေဟော၊ ချစ်ခြင်းသည်။ ဗလဝါ၊အားကြီးသနည်း။ ဣတိ၊ ဤသို့မေးကုန်၏။ မယှံ၊ငါ့အား။ ကတ္ထစိ၊ တစုံတခုသော ဝတ္ထုအာရုံ၌။ သိနေဟောနာမ၊ ချစ်ခြင်းမည်သည်။ နတ္ထိ၊ မရှိပြီ။ ဣတိ၊ သို့။ ဝဒတိ၊ ဆို၏။ ဘိက္ခူ၊ရဟန်းတို့သည်။ အယံ၊ဤရဟန်းသည်။ အဘူ-တံ၊ မဟုတ်မမှန်သောစကားကို။ ကထေသိ၊ ပြောဆိုဘိ၏။ ဣတိ၊ ဤသို့ဆိုကုန်၏။ ပုရိမဒိဝသေသု၊ ရှေးဖြစ်သောနေ့ရက်တို့၌။ ကုစ္ဆိယံ၊ ဝမ်း၌။ ဝုဋ္ဌပုတ္တေသု၊ဖွားမြင်သောသားတို့၌။ သိနေဟော၊ ချစ်ခြင်းသည်။ ဗလဝါ၊ အားကြီး၏။ ဣတိဝတွာ၊ ဤသို့ပြောဆိုပြီး၍။ ဣဒါနိ၊ ယခုမူကား။ မယှံ၊ ၏။ ကတ္ထစိ၊ တစုံတယောက်သောအာရုံ၌။ သိနေဟော၊ ချစ်ခြင်းသည်။ နတ္ထီတိ၊ မရှိပြီဟု။ ဝဒတိ၊ ဆိုပြန်ဘိ၏။ ဘန္တေ၊ အရှင်ဘုရား။ အညံ၊ အရဟတ္တဖိုလ်ကို။ ဗျာကရောတိ၊ ကြား၏။ ဣတိ အာဟံသု၊ ဤသို့ လျှောက်ကုန်၏။

သတ္ထာ၊ သည်။ ဘိက္ခဝေ၊ တို့။ မမ ပုတ္တော၊ သားသည်။ အညံ၊ အရဟတ္တဖိုလ်ကို။ န ဗျာကရောတိ၊ မကြား။ မမ ပုတ္တဿ၊ ငါ့သား၏။

သမ္မပဏိဟိတေန၊ ကောင်းစွာဆောက်တည်အပ်သော။ စိတ္တေန၊ စိတ်ဖြင့်။ မဂ္ဂဿ၊ မင်္ဂတရားကို။ ဒိဋ္ဌကာလတော ပဋ္ဌာယ၊ မြင်သည်မှစ၍။ ကတ္ထစိ၊ တစုံတခုသောအာရုံ၌။ သိနေဟော၊ ချစ်ခြင်းသည်။ နဇာတော၊ မဖြစ်လေပြီ။ အယံသမ္ပတ္တိ ၊ ဤ မင်္ဂဖိုလ် ဟူသော စည်းစိမ်ချမ်းသာ၏ ပြည့်စုံခြင်းကို။ မာတာ၊ အမိသည်။ ကာတုံ၊ ပြုခြင်းငှါ။ နေဝ သက္ကောတိ၊ မတတ်နိုင်။ ပိတာ၊ အဘသည်။ ကာတုံ၊ ငှါ။ နသက္ကောတိ၊ နိုင်။ တံ၊ ထိုမင်္ဂဖိုလ်၏ ပြည့်စုံခြင်းကို။ လ္လမေသံ သဘ္တာနံ၊ ဤသတ္တဝါတို့၏။ အဗ္ဘန္တ-ရေ၊ ကိုယ်တွင်း၌။ သမ္မာ၊ ကောင်းစွာ။ ပဝတ္တံစိတ္တမေဝ၊ ဖြစ်သော စိတ်သည်သာလျှင်။ ဒေတိ၊ ပေး၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ-ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၄၃) ဘိက္ခဝေ၊ တို့။ တံ၊ထိုအကြောင်းကို။ မာတာ၊မွေးမိခင်သည်။ နကယိရာ၊ မပြုနိုင်ရာ။ ပိတာ၊ မွေးသခင်သည်။ နကယိရာ၊ မပြုနိုင်ရာ။ အညေဝါ၊ မိဘမှတပါးလည်းဖြစ်ကုန်သော။ ဉာတကာပိစ၊တို့သည်လည်း။ နကရေယျုံ၊ မပြုနိုင်ကုန်ရာ။ သမ္မာပဏိဟိတံ၊ ဆယ်ပါးသော ကုသိုလ်ကမ္မပထ၌ ကောင်းစွာ နှလုံးသွင်း၍ ထားအပ်သော။ ဝိတ္တံ၊ စိတ်သည်။ တတော၊ ထိုအကြောင်းထက်။ နံ၊ထိုပုဂ္ဂိုလ်ကို။ သေယျသော၊မြတ်သောအားဖြင့်။ ကရေ ကရေယျ၊ ပြုရာ၏။ ဣတိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ န တန္တိ၊ န တံ ဟူသည်ကား။ တံကာရဏံ၊ ထိုအကြောင်းကို။ မာတာ၊ အမိသည်။ နေဝ ကရေယျ၊ မပြုနိုင်ရာ။ ပိတာ၊ အဘသည်။ န ကရေယျ၊ မပြုရာ။ အညေ၊ တပါးကုန်သော။ ဉာတကာ၊ ဆွေမျိုးတို့သည်။ နကရေယျုံ၊ မပြုနိုင်ကုန်ရာ။ သမ္မာပဏိဟိတန္တိ၊ ဟူသည်ကား။ ဒသသု ကုသလ ကမ္မပထေသု၊ ဆယ်ပါးသော ကုသလ ကမ္မပထတို့၌။ သမ္မာဌပိတံ၊ ကောင်းစွာ ထားအပ်သော။ သေယျသော နံ-တတော ကရေတိ၊ ဟူသည်ကား။ တတော ကာရဏတော၊ထိုအကြောင်းထက်။ နံ၊ ထိုပုဂ္ဂိုလ်ကို။ သေယျသော ဝရတရံ ဥတ္တရိတရံ၊ လွန်စွာ မြတ်ခြင်းကို။ ကရေယျ ကရောတိ၊ ပြုတတ်၏။ ဣတိ အတ္ထော၊ ဤကား အနက်တည်း။ ဟိ၊ ထိုစကားသင့်စွ။ မာတာပိတရော၊ မိဘတို့သည်။ ပုတ္တာနံ၊ သား သမီး တို့အား။ ဓနံ၊ ကို။ ဒဒမာနာ၊ ပေးကုန်သည်ရှိသော်။ ဧကေသ္မိံ ယေဝအတ္တဘာဝေ၊ တခုသောကိုယ်အဖြစ်၌လျှင်။ ကမ္မံ၊ အမှုကို။ အကတွာ၊ မပြုဘဲ။ သုခေန၊ လွယ်စွာ။ ဇီဝိတ ကပ္ပနံ၊ အသက်

မွေးလောက်အောင်သော။ ခနံ၊ ကို။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောန္တိ၊ တတ်နိုင်ကုန်၏။ ဝိသာခါယ၊ ဝိသာခါ၏။ မာတာပိတရောပိ၊ မိဘတို့သည် လည်း။ တာဝ၊ ရှေးဦးစွာ။ မဟဒ္ဓနာ၊ များသောဥစ္စာရှိကုန်၏။ မဟာ-ဘောဂါ၊ များသောစည်းစိမ် ရှိကုန်၏။ တဿာ၊ ထိုဝိသာခါ၏။ ကေသိ°-ယေဝ အတ္တဘာဝေ၊ တခုသောကိုယ်အဖြစ်၌လျှင်။ သုခေန၊ ချမ်းသာစွာ။ ဇီဝိတကပ္ပနံ၊ အသက်မွေးလောက်သော။ ခနံ၊ ဥစ္စာကို။ အဒံသု၊ ပေးနိုင် ကုန်၏။ စတုသုပန ဒီပေသု၊ လေးကျွန်းလုံးတို့၌။ စက္ကဝတ္တိသိရိ°၊ စကြ-ဝတေးမင်း စည်းစိမ်ကို။ ပုတ္တာနံ၊ သားသမီးတို့အား။ ဒါတုံ၊ ပေးခြင်းငှါ။ သမတ္ထာ၊ စွမ်းနိုင်ကုန်သော။ မာတာပိတရောနာမ၊ မိဘတို့ မည်သည်။ နတ္ထိ၊ မရှိ။ သဂ္ဂေ၊ နတ်ပြည်၌။ ဒိဗ္ဗသမ္ပတ္တိ°ဝါ၊ နတ်စည်းစိမ် ကိုရင်း။ ပဌမဈာနာဒိ သမ္ပတ္တိ°ဝါ၊ ပဌမဈာန် စသည်နှင့် ပြည့်စုံခြင်း ကိုရင်း။ လောကုတ္တရသမ္ပတ္တိ°ဝါ၊ လောကုတ္တရာစည်းစိမ်ကိုရင်း။ ဒါနေ၊ ပေးရာ၌။ ပဂေဝ၊ အဘယ်ဆိုဘွယ် ရှိအံ့နည်း။ ကထာဝ နတ္ထိ၊ ပေးလိမ့်မည်ဟု ဆိုဘွယ် စကား မရှိသည်သာလျှင်တည်း။ သမ္မာပဏိဟိတံ၊ ကောင်းစွာ ထားအပ်သော။ စိတ္တံပန၊ စိတ်သည်ကား။ သဗ္ဗံ၊ အလုံးစုံသော။ တံ သမ္ပတ္တိ°၊ ဤစည်းစိမ်ကို။ ဒါတုံ၊ ပေးခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။ တေန၊ ထို့ကြောင့်။ သေယျသော နံ တတော ကရေတိ၊ ကရေ-ဟူ၍၊ ဝုတ္တံ၊ ဟော အပ်ပြီ။

ဒေသနာပရိယောသာနေ၊ ဒေသနာအဆုံး၌၊ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပတ္တာ၊ ရောက်ကုန်၏။ဒေသနာ၊ ဒေသနာသည်။ မဟာဇနဿ၊ လူအပေါင်း အား။ သာတ္ထိကာ၊ အကျိုးရှိသည်။ ဇာတာ၊ ဖြစ်၏။

နဝမံ၊ ကိုးခုမြောက်သော။ သောရေယျတ္ထေရ ဝတ္ထု၊ သောရေယျ မထေရ် ဝတ္ထုသည်။ ဋ္ဌတိသမတ္တံ၊ ပြီးပြီ။

စိတ္တဝဂ္ဂဝဏ္ဏနာ၊ စိတ္တဝဂ်အဖွင့်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။
တတိယော၊ သော။ ဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

# ၄-ပုပ္ဖ ဝဂ္ဂ၊

## ၁-ပထဝိကထာ ပသုတ ပဉ္စသတဘိက္ခု ဝတ္ထု

အနုသန္ဓေ...ကိုးဝတ္ထုတို့၏ အပေါင်းဖြင့် ထားအပ်သော စိတ္တဝဂ်၌ ဟောအပ်သော ဂါထာတို့၏ အနက်အဖွင့်ကို သိသာ ခြားနား သဒ္ဒနယ အတ္ထနယနှင့် ပြည့်စုံစွာ စီရင်ပြီး၍ ယခုအခါ၌ တဆယ့်နှစ်ဝတ္ထုရှိသော ပုပ္ဖဝဂ်၌ ဟောကြောင်းဖြစ်သော ဂါထာတို့တွင် ပဉ္စသတဘိက္ခု ဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ကော ဣမံ ပထဝိံ ဝိစေဿတိ-စသည်ကို မိန့်အပ်၏။

ကော ဣမံ ပထဝိံ ဝိစေဿတီတိ ဣမံ ဓမ္မဒေသနံ၊ ကော ဣမံ ပထဝိံ ဝိစေဿတိ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိ ပြည်၌။ ဝိဟရန္တော၊ နေတော်မူသည် ရှိသော်။ ပထဝိ ကထာ ပသုတေ၊ မြေကြီးကို ဆိုသောစကား၌ လေ့လာကုန်သော။ ပဉ္စသတေဘိက္ခူ၊ ငါးရာသော ရဟန်းတို့ကို။ အာရဗ္ဘ၊ ၍။ ကထေသိ၊ ၏။

ကိရ၊ ကြားဘူးသည်ကား။ တေ၊ ထိုငါးရာသော ရဟန်းတို့သည်။ ဘဂဝတာ၊ ဘုရားရှင်နှင့်ပင်။ သဒ္ဓိံ၊ တကွ။ ဇနပဒစာရိကံ၊ ဇနပုဒ်သို့ ဒေသစာရီ သွားခြင်းကို။ စရိတွာ၊ သွား၍။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သို့။ အာဂန္တွာ၊ လာ၍။ သာယနှသမယေ၊ ညချမ်းသောအခါ၌။ ဥပဋ္ဌာနသာလာယံ၊ ညီမူခံရာ စရပ်၌။ သန္နိသိန္နာ၊ စည်းဝေး ကုန်လျက်။ အတ္တနာ၊ မိမိသည်။ ဂတဂတဋ္ဌာနေသု၊ ရောက်တိုင်း ရောက်တိုင်းကုန်သော အရပ်တို့၌။ အသုကဂါမတော၊ ဤမည်သောရွာမှ။ အသုကဂါမံ၊ ဤမည်သောရွာသို့။ဂမနဋ္ဌာနေ၊ရောက်ရာ, သွားရာအရပ်၌။ သမံ၊မြေညီညွတ်၏။ ဝိသမံ၊ မြေမညီညွတ်။ ကဒ္ဒမံ၊ ညွန်ပျောင်းသည်။ ဗဟုလံ၊ များ၏။သက္ခရံ၊ ကျောက်စရစ်သည်။ ဗဟုလံ၊ များ၏။ ကာလမတ္တိကံ၊ မည်းနက်သော မြေစိုင် ရှိ၏။ တမ္ဗမတ္တိကံ၊ မြေနီခိုင်ရှိ၏။ ဣတိ၊ ဤသို့။ပထဝိကထံ၊မြေကြီးနှင့် စပ်သောစကားကို။ ကထေသုံ၊ ပြောဆိုကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ အာဂန္တွာ၊ ကြွလာတော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ တေဒုဟိ၊ ယခု ငါလာဆဲဖြစ်သော ကာလ၌။ ကာယ ကထာယ၊ အဘယ်မည်သော စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိ

ပုစ္ဆိတော၊ ဤသို့မေးတော်မူခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အမှေဟိ၊ အကျွန်ုပ်တို့သည်။ ဝိဇရိတဋ္ဌာနေ၊ ခရီးသွားရာအရပ်၌။ ပထဝိကထာယ၊ မြေကြီးကို ပြောဆိုသော စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးပါကုန်၏။ ဣတိဝုတ္တေ၊ ဤသို့ လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ သော၊ ဤမြေကြီးသည်။ ဗာဟိရ ပထဝီနာမ၊ အပြင်ဖြစ်သော မြေကြီးမည်၏။ တုမှေဟိ၊ သင်တို့သည်။ အဇ္ဈတ္တိက ပထဝိယံ၊ အတွင်းသန္တာန် ဖြစ်သော ပထဝီ၌။ ပရိကမ္မံ၊ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းဟူသော ပရိကံကို။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမာ ဒွေ ဂါထာ၊ ဤ နှစ်ဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

(၄၄) ဘိက္ခဝေ၊ ရဟန်းတို့။ ကော၊ အဘယ်သူသည်။ ဣမံ ပထဝိံ၊ ဤအတ္တဘောတည်းဟူသော ပထဝီဓာတ်ကို။ ဝိစေဿတိ၊ ဉာဏ်ဖြင့် ရွေးချယ် စိစစ်လတ္တံ့နည်း။ ယမလောကဉ္စ၊ အပါယ်ဘုံ တည်းဟူသော ယမလောကကိုရင်း။ သဒေဝကံ၊နတ်နှင့်တကွသော။ ဣမံ လောကဉ္စ၊ ဤမနုဿလောကကိုရင်း။ ကော၊ အဘယ်သူသည်။ ဝိစေဿတိ၊ ထိုးထွင်း၍ သိနိုင်အံ့နည်း။ သုဒေသိတံ၊ ကောင်းစွာဟောအပ်သော။ ဓမ္မပဒံ၊ ဗောဓိပက္ခိယဟူသောတရားကို။ ကုသလော၊ လိမ်မာသောပန်းသည်သည်။ ပုပ္ဖံ၊ပန်းကို။ ဝိစိနန္တော ဝိယ၊ ရွေးချယ်စိစစ်သကဲ့သို့။ ကော၊ အဘယ်သူသည်။ ပစေ-ဿတိ၊ ဉာဏ်ဖြင့် ရွေးချယ် စိစစ် နိုင်အံ့နည်း။

(၄၅) ဘိက္ခဝေ၊ ရဟန်းတို့။ သေခေါ၊ ခုနစ်ယောက်သော သေက္ခပုဂ္ဂိုလ်သည်။ ဣမံပထဝိံ၊ ဤ အတ္တဘော တည်းဟူသော မြေကြီးကို။ ဝိစေဿတိ၊ ရွေးချယ် စိစစ် လတ္တံ့။ ယမလောကဉ္စ၊ အပါယ်လေးပါးဟူသော ယမလောကကိုရင်း။သဒေဝကံ၊ နတ်နှင့်တကွသော။ ဣမံ လော-ကဉ္စ၊ ဤ မနုဿ လောကကိုရင်း။ သေခေါ၊ သေက္ခခုနစ်ယောက်သည်။ ဝိစေဿတိ၊ ထိုးထွင်း၍ သိလတ္တံ့။ ကုသလော၊ လိမ်မာသော ပန်းသည်သည်။ ပုပ္ဖံ၊ ပန်းကို။ ဝိစေဿတိဣဝ၊ ရွေးချယ်စိစစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သေခေါ၊ သေက္ခပုဂ္ဂိုလ်ခုနစ်ယောက်သည်။ သုဒေသိတံ၊ ကောင်းစွာ ဟောအပ်သော။ ဓမ္မပဒံ၊ နိဗ္ဗာန်၏ အကြောင်းဖြစ်သော တရားကို။ ပစေဿတိ၊ ထိုးထွင်း၍ သိလတ္တံ့။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ကော ဣမံတိ၊ ဟူသည်ကား။ ကော၊ အဘယ်သူသည်။ အတ္တဘာဝ သင်္ခါတံ၊ အတ္တဘောဟု ဆိုအပ်သော။ ဣမံ-

ပထဝိံ၊ ဤမြေကြီးကို။ ဝိစေဿတိတိ၊ ဟူသည်ကား။ အတ္တနော၊ ၏။ ဉာဏေန၊ ဉာဏ်ဖြင့်။ ဝိစိနိဿတိ ဝိဇာနိဿတိ၊ သိလတ္တံ့နည်း။ ပဋိဝိဇ္ဈိဿတိ၊ ထိုးထွင်း၍ သိလတ္တံ့နည်း။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့နည်း။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ယမလောကဉ္စာတိ၊ဟူသည်ကား။ စတုဗ္ဗိဓအပါယလောကဉ္စ၊ လေးပါး အပြားရှိသော အပါယ်လောကကိုလည်း။ ဣမံသဒေဝကန္တိ၊ ဟူသည်ကား။ ဒေဝလောကေန၊ ဒေဝလောကနှင့်။ သဒ္ဓိံ၊ တကွ။ ဣမံ မနုဿလောကဉ္စ၊ ဤမနုဿလောကကိုလည်း။ ကော၊ အဘယ်သူသည်။ ဝိစေဿတိ ဝိစိနိဿတိ ဝိဇာနိဿတိ၊ သိလတ္တံ့နည်း။ ပဋိဝိဇ္ဈိဿတိ၊ ထိုးထွင်း နိုင်အံ့နည်း။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုနိုင်အံ့နည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။

ကော ဓမ္မပဒံ သုဒေသိတန္တိ၊ ဟူသည်ကား။ ယထာသဘာဝတော၊ သဘောအားလျော်စွာ။ ကထိတတ္တာ၊ ဟောအပ်သည်၏ အဖြစ်ကြောင့်။ သတ္တတိံသ ဗောဓိပက္ခိယဓမ္မ သင်္ခါတံ၊ သုံးဆယ့် ခုနစ်ပါးသော ဗောဓိပက္ခိယဓမ္မဟု ဆိုအပ်သော။ ဓမ္မပဒံ၊ တရားအဘို့ကို။ ကုသလောမာလကာရော၊ လိမ်မာသောပန်းသည်သည်။ ပုပ္ဖံ၊ ပွင့်သောပန်းကို။ ဝိစိနန္တောဝိယ၊ ရွေးချယ်စိစစ်သကဲ့သို့။ ကော၊ အဘယ်သူသည်။ ပစေဿတိဝိစိနိဿတိ၊ ရွေးချယ်စိစစ်လတ္တံ့နည်း။ ဝိဇာနိဿတိ၊ သိလတ္တံ့နည်း။ ဥပပရိက္ခိဿတိ၊ စူးစမ်း ဆင်ခြင်လတ္တံ့နည်း။ ပဋိဝိဇ္ဈိဿတိ၊ ထိုးထွင်း၍ သိလတ္တံ့နည်း။ သစ္ဆိကရိဿတိ၊ မျက်မှောက်ပြုလတ္တံ့နည်း။ ဣတိအတ္ထော၊ တည်း။

လိစ္ဆဝိနော၊ လိစ္ဆဝီမင်းတို့သည်။ တံဌာနံ၊ ထိုအရပ်ကို။ ဒိသွာပိ၊မြင်၍လည်း။ နနိဝတ္တိံသု၊မပြန်ကုန်။ ဣတရော၊ဗန္ဓုလစစ်သူကြီးသည်။ထောကံ၊အတန်ငယ်။ ဂန္တွာ၊ သွား၍။ ဇိယံ၊ လေးညှို့ကို။ ပေါထေသိ၊ ဖြန်း၏။ အသနိသဒ္ဒေါဝိယ၊ မိုးကြိုးသံကဲ့သို့။ အဟောသိ၊ ဖြစ်၏။ တေ၊ ထိုလိစ္ဆဝီမင်းတို့သည်။ တတောပိ၊ ထိုအရပ်မှလည်း။ နနိဝတ္တိံသု၊မပြန်ကုန်။ အနု-ဗန္ဓန္တာ၊ အစဉ်အတိုင်း လိုက်ကုန်လျက်။ ဂစ္ဆန္တေဝ၊ သွားကုန်သည်သာလျှင်တည်း။ ဗန္ဓုလော၊ ဗန္ဓုလစစ်သူကြီးသည်။ ရထေ၊ ရထား၌။ ဌိတ-ကောဝ၊ နေလျက်လျှင်။ ဧကံသရံ၊ မြားတစင်းကို။ ခိပိ၊ ပစ်၏။ သော၊ ထိုမြားသည်။ ပဉ္စန္နံ ရထသဘာနံ၊ ရထားငါးရာတို့၏။ ရထသီသံ၊ ရထားဦးကို။ ဆိဒ္ဒံကတွာ၊ ဖေါက်ထွင်းသည်ကိုပြု၍။ ပဉ္စရာဇသတာနံ၊ ငါးရာသော မင်းတို့၏။ ပရိက္ခာရဗန္ဓနဋ္ဌာနေ၊ အရံအတားဖြစ်သော ချပ်မိန်ညိုတို့ဝတ်ဆင်သောအရပ်၌။ ဝိနိဝိဇ္ဈိတွာ၊ ထုတ်ချင်းထွင်း၍။ ပထဝိံ၊ မြေသို့။ ပါဝိသိ၊ ဝင်လေ၏။ တေ၊ ထိုလိစ္ဆဝီမင်းတို့သည်။ အတ္တနော၊မိမိ၏။ ပဝိဒ္ဓ-ဘာဝံ၊ ထုတ်ချင်းထွင်းသည်၏ အဖြစ်ကို။ အဇာနိတွာ၊ မသိမူ၍။ ရေ၊ အချင်းတို့။ တိဋ္ဌ၊ရပ်ဦးလော။ ရေ၊အချင်းတို့။ တိဋ္ဌ၊ ငံ့ဦးနေဦးလော့။ ဣတိ၊ သို့။ ဝဒန္တာ၊ ဆိုကုန်လျက်။ အနုဗန္ဓိံသုယေဝ၊ အစဉ်အတိုင်း လိုက်ကုန်သည် သာလျှင်တည်း။ ဗန္ဓုလော၊ ဗန္ဓုလစစ်သူကြီးသည်။ ရထံ၊ ရထားကို။ ဌပေတွာ၊ ထားခဲ့၍။ (ပါဇေတွာလည်းရှိ၏၊ နှင်၍, ပေး။) တုမှေ၊ သင်တို့သည်။ မတကာ၊ သူသေတို့ချည်းတည်း။ မတကေဟိ၊ သူသေ

တို့နှင့်။ သဒ္ဓိံ၊ တကွ။ မယှံ၊ ငါ့အား။ ယုဒ္ဓံနာမ၊ စစ်ထိုးခြင်းမည်သည်။ နတ္ထိ၊မရှိ။ ဣတိအာဟ၊ ဤသို့ဆို၏။မတကာနာမ၊သူသေတို့မည်သည်ကား။ အမှာကံ၊ ငါတို့နှင့်။ သဒိသာ၊ တူကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့ဆို၏။

တေနဟိ၊ထိုသို့ဆိုတပြီးကား။ သဗ္ဗံ၊အလုံးစုံသော။ပုရိမပစ္ဆိမပရိက္ခာရံ၊ ရှေ့နောက်ဖြစ်သော ကိုယ်၌ဆင်သောချပ်မိန်ညိုစသောတန်းဆာကို။ မောစေထာတိ၊ ချွတ်စေကုန်လော့ဟု။ တေ၊ ထိုလိစ္ဆဝီမင်းသားတို့ကို။ မောစယိံသု၊ ချွတ်စေကုန်၏။ သော၊ ထို တန်းဆာသည်။ မုတ္တမတ္တေယေဝ၊ ကိုယ်မှ ချွတ်ကာ မျှတည်းလျှင်။ မရိတွာ၊ သေ၍။ ပတိတော၊ လည်း၏။ အထ၊ထိုအခါ၌။ သဗ္ဗေ၊အလုံးစုံကုန်သော။ တေ၊ထိုလိစ္ဆဝီမင်းသားတို့ကို။ တုမှေပိ၊ သင်တို့သည်လည်း။ ဝေရူပါ၊ ဤသို့သဘောရှိကုန်၏။ အတ္တနော၊ မိမိ၏။ ဃရာနိ၊ အိမ်တို့သို့။ ဂန္တွာ၊ ရောက်၍။ သံဝိဓာတဗ္ဗံ၊ စီရင်အပ်သော အမှုကို။ သံဝိဒဟိတွာ၊ စီရင်အပ်ပြီး၍။ ပုတ္တဒါရံ၊ သား, မယားကို။ အနုသာသေတွာ၊ ဆုံးမ၍။ သန္နာဟံ၊ ချပ် မိန်ညို-စသော တန်းဆာကို။ မောစေထ၊ ချွတ်လေကုန်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။ တေ၊ ထိုလိစ္ဆဝီမင်းတို့သည်။ တထာ၊ ထိုဆိုတိုင်း။ ကတွာ၊ ၍။ သဗ္ဗေပိ၊ အလုံးစုံသောသူတို့သည်လည်း။ ဇီဝိတက္ခယံ၊ အသက်၏ကုန်ခြင်းသို့။ပတ္တာ၊ ရောက်ကုန်၏။ ဗန္ဓုလောပိ၊ ဗန္ဓုလစစ်သူကြီးသည်လည်း။ မလ္လိကံ၊ မလ္လိကာ မင်းသမီးကို။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ အာနေသိ၊ ဆောင်၏။ သာ၊ ထိုမလ္လိကာမင်းသမီးသည်။ သောဠသက္ခတ္တုံ၊ တဆယ့်ခြောက်ကြိမ်။ ယမကေ-ယမကေ၊ အစုံအစုံ ဖြစ်ကုန်သော။ ပုတ္တေ၊ သားတို့ကို။ ဝိဇာယိ၊ ဖွား၏။ သဗ္ဗေပိ၊ အလုံးစုံသော သားတို့ သည်လည်း။ သူရာ၊ ရဲရင့် ကုန်သည်။ ထာမသမ္ပန္နာ၊ အားနှင့်ပြည့်စုံကုန်သည်။အဟေသုံ၊ ဖြစ်ကုန်၏။ သဗ္ဗသိပ္ပါနံ၊ အလုံးစုံသော အတတ်ပညာတို့၏။ နိပ္ဖတ္တိံ၊ ပြီးခြင်းသို့။ ပါပုဏိံသု၊ရောက်ကုန်၏။ ဧကေကဿ၊ တယောက် တယောက်၏။ ပုရိသ သဟဿပရိဝါရော၊ အခြံအရံ ပရိသတ် တထောင်ရှိသည်။ အဟောသိ၊ ဖြစ်၏။ ပိတရာ၊ အဘ စစ်သူကြီးနှင့်။သဒ္ဓိံ၊တကွ။ရာဇနိဝေသနံ၊မင်းစံရာနန်းတော်သို့။ ဂစ္ဆန္တေဟိ၊ သွားခြင်းတို့ဖြင့်။ တေဟေဝ၊ ထိုသူတို့နှင့် သာလျှင်။ ရာဇင်္ဂဏံ၊ မင်းယင်ပြင် သည်။ ပရိပူရိ၊ ပြည့်၏။

ဂ္ကာယသုခ 15 ဒုတွဲ တတိသအကြိမ်

အထ၊ ထိုအခါ၌။ ကောဒိဝသံ၊တနေ့သ၌။ဝိနိစ္ဆယေ၊ တရားတင်းကုပ်၌။ ကူဋဋ္ဋပရာဇိတာ၊ စဉ်းလဲ စဉ်းစားပြု၍ စီရင် ခြင်းကြောင့် ရှုံးကုန်သော။ မနုဿာ၊ လူတို့သည်။ အာဂစ္ဆန္တံ၊ လာသော။ ဗန္ဓုလံ၊ ဗန္ဓုလစစ်သူကြီး ကို။ ဒိသွာ၊ မြင်၍။ မဟာဝိရဝံ၊ သည်းစွာသောငိုမြည်တမ်းခြင်းကို။ ဝိရဝန္တာ၊ ငိုမြည်တမ်းကုန်လျက်။ ဝိနိစ္ဆယ အမစ္စာနံ၊ တရားစီရင် ဆုံးဖြတ် ကုန်သော အမတ်တို့၏။ ကူဋဋ္ဋကာရဏံ၊ စဉ်းလဲစဉ်းစားပြု၍ စီရင်ကြောင်းကို။ တဿ၊ ထိုဗန္ဓုလအား။ အာရောစေသုံ၊ ကြားကုန်၏။ သော၊ ထို ဗန္ဓုလ သည်။ဝိနိစ္ဆယံ၊တရားတင်းကုပ်သို့။ ဂန္တွာ၊ ၍။ တံအဋ္ဋံ၊ ထိုတရား ဆင်သော အကြောင်းကို။ ဝိစာရေတွာ၊ စိစစ်မေးမြန်း၍။ သာမိကမေဝ၊ ဥစ္စာရှင်ကို သာလျှင်။ သာမိကံ၊ ဥစ္စာသခင်ကို။ အကာသိ၊ ပြု၏။ မဟာဇနော၊ လူအပေါင်းသည်။ မဟာသဒ္ဒေန၊ သည်းစွာသော အသံဖြင့်။ သာဓုကာရံ၊ ကောင်းချီး ပေးခြင်းကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။ ရာဇာ၊ မင်းသည်။ ဣဒံ၊ ဤအသံသည်။ ကိံ၊ အဘယ်ကြောင့် ဖြစ်သော အသံနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးတော်မူခြင်းကြောင့်။တမတ္ထံ၊ထိုအကြောင်းကို။သုတွာ၊ ကြား၍။ တုဿိတွာ၊ နှစ်သက်၍။သဗ္ဗေပိ၊အလုံးစုံလည်း ဖြစ်ကုန်သော။ တေအမစ္စေ၊ ထိုအမတ်တို့ကို။ ဟာပေတွာ၊ တရားသူကြီးအရာမှ နုတ်၍။ ဗန္ဓုလဿေဝ၊ ဗန္ဓုလ အားသာလျှင်။ ဝိနိစ္ဆယံ၊ တရားသူကြီး အရာကို။ နိယျာဒေသိ၊ ဆောက်နှင်း၏။ သော၊ထိုဗန္ဓုလစစ်သူကြီးသည်။တတောပဋ္ဌာယ၊ထိုအခါမှ စ၍။ သမ္မာ၊ မှန်ကန်ဖြောင့်မတ်စွာ။ ဝိနိစ္ဆယိ၊ ဆုံးဖြတ်စီရင်၏။တတော၊မှ။ ပဋ္ဌာယ၊ စ၍။ တေ ပေါရာဏက ဝိနိစ္ဆယိကာ၊ ထို တရားသူကြီး ဟောင်း ဖြစ်ကုန်သော။ အမစ္စာ၊ အမတ်တို့သည်။ ကိဉ္စိ လဉ္စံ၊ တစုံတခုသောတန်ဆိုး လက်ဆောင်ကို။ အလဘန္တာ၊ မရကုန်သည်ရှိသော်။ အပ္ပလာဘာ၊ နည်း သော လာဘ်သပ်ပကာ ရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဗန္ဓုလော၊ ဗန္ဓုလ စစ်သူကြီးသည်။ ရဇ္ဇံ၊ ကို။ ပတ္ထေတိ၊ တောင့်တ၏။ ရာဇကုလေ၊ မင်းမျိုး တို့ကို။ ပရိဘိန္ဒိံသု၊ ဖျက်ဆီးကုန်၏။ ဣတိ၊ ဤသို့ တင်လျှောက်ကုန်၏။

ရာဇာ၊ မင်းသည်။ တေသံ၊ ထိုအမတ်ဟောင်းတို့၏။ ကထံ၊ ကို။ သဒ္ဒဟိတွာ၊ ယုံကြည်၍။ (ဂဟေတွာ, လည်းရှိ၏၊ ယူ၍, ပေး။) စိတ္တံ၊ စိတ် တော်ကို။ နိဂ္ဂဟေတုံ၊ သိမ်းယူခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ ဣမသ္မိံ၊ ဤဗန္ဓုလ စစ်သူကြီးကို။ ဣဓေဝ၊ ဤအရပ်၌ပင်လျှင်။ ဃာတိယမာနေ၊ သတ်ချေသည် ရှိသော်။ မေ၊ အား။ ဂရဟာ၊ ကဲ့ရဲ့ခြင်းသည်။ ဥပ္ပဇ္ဇိဿတိ၊

လတ္တံ့။ ဣတိ၊ ဤသို့ အောက်မေ့လျက်။ ပုန၊ တဘန်။ စိန္တေတွာ၊ ၍။
ပယုတ္တပုရိသေဟိ၊ ရန်သူဖြစ်သော ကျွန်ယောကျ်ား တို့ကို။ ပစ္စန္တံ၊ ပစ္စန္တရစ်
ကို။ ပဟာရာပေတွာ၊ လုယက်ဖျက်ဆီးစေ၍။ ဗန္ဓုလံ၊ ဗန္ဓုလစစ်သူကြီးကို။
ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ပစ္စန္တော၊ ပစ္စန္တရစ်သည်။ ကုပ္ပိတောကိရ၊
ဖျက်ဆီးလုယက်သတတ်။ တဝ၊ ၏။ ပုတ္တေဟိ၊ သားတို့နှင့်။ သဒ္ဓိံ၊ တကွ။
ဂန္တွာ၊ သွား၍။ စောရေ၊ ခိုးသူတို့ကို။ ဂဏှာဟိ၊ ဘမ်းယူချေလော့။
ဣတိ၊သို့။ ပဟိဏိ၊ စေလွှတ်တော်မူ၏။ ပဟိဏေတွာ၊ ၍။ ဧတ္တေဝ၊ ဤအရပ်
၌ပင်လျှင်။ အဿ၊ ထိုဗန္ဓုလစစ်သူကြီး၏။ ဒွတ္တိံသာယ ပုတ္တေဟိ၊ သုံးကျိပ်
နှစ်ယောက်သော သားတို့နှင့်။ သဒ္ဓိံ၊ တကွ။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိ-
တွာ၊ ဖြတ်၍။ အာဟရထ၊ ဆောင်ချေကုန်လော့။ ဣတိ၊ ဤသို့ ဆိုလျက်။
တေဟိ၊ ထိုဗန္ဓုလ စစ်သူကြီးတို့နှင့်။ သဒ္ဓိံ၊ တကွ။ အညေပိ၊ တပါးလည်း
ဖြစ်ကုန်သော။ သမတ္ထေပိ၊ ထိုစစ်ထိုးခြင်း၌ ရဲစွမ်းသတ္တိရှိကုန်သည်လည်း
ဖြစ်ကုန်သော။ မဟာယောဓေ၊ သူရဲကြီးတို့ကို။ ပေသေသိ၊ စေလွှတ်တော်
မူ၏။ တသ္မိံ၊ ထိုဗန္ဓုလစစ်သူကြီးသည်။ ပစ္စန္တံ၊ ပစ္စန္တရစ်သို့။ ဂစ္ဆန္တေယေဝ၊
သွားသည်ရှိသော် သာလျှင်။ သေနာပတိ၊ စစ်သူကြီးသည်။ အာဂစ္ဆတိ-
ကိရ၊ လာခဲ့သတတ်။ ဣတိ၊ ဤသို့ ကြောက်ရွံ့ကုန်လျက်။ ပယုတ္တ စောရာ၊
စစ်ပြိုင်ခြင်းငှါ အလိုရှိကုန်သော ခိုးသူတို့သည်။ ပလာယိံသု၊ ပြေးလေ
ကုန်၏။ သော၊ ထိုဗန္ဓုလစစ်သူကြီးသည်။ တံပဒေသံ၊ ထိုအရပ်ကို။ အာ-
ဝါသာပေတွာ၊ နေရာပြု၍။ သဏ္ဌာပေတွာ၊ ငြိမ်ဝပ်စေ၍။ နိဝတ္တိ၊ ပြန်ခဲ့၏။
အထ၊ ထိုအခါ၌။ နဂရတော၊ နေပြည်တော်မှ။ အဝိဒူရေ ဌာနေ၊
မနီးမဝေးသောအရပ်၌။ တေ ယောဓာ၊ ထိုစစ်သူကြီးတို့သည်။ အဿ၊
ထိုဗန္ဓုလစစ်သူကြီး၏။ ပုတ္တေဟိ၊ သားတို့နှင့်။ သဒ္ဓိံ၊ တကွ။ သီသံ၊
ဦးခေါင်းကို။ ဆိန္ဒိံသု၊ ဖြတ်ကုန်၏။ တံ ဒိဝသံ၊ ထိုနေ့၌။ မလ္လိကာယ၊
မလ္လိကာသည်။ ပဉ္စဟိဘိက္ခုသတေဟိ၊ ငါးရာသော ရဟန်းတို့နှင့်။ သဒ္ဓိံ၊
တကွ။ ဒွေအဂ္ဂသာဝကာ၊ နှစ်ပါးသော အဂ္ဂသာဝကတို့ကို။ နိမန္တိတာ၊
ဆွမ်းဘိတ်အပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ ထိုအခါ၌။
အဿာ၊ ထိုမလ္လိကာမင်းသမီး၏။ ပုဗ္ဗဏှေဝ၊ နံနက်အခါ၌သာလျှင်။
တေ ပုတ္တေဟိ၊ သင့်သားတို့နှင့်။ တနည်းကား- တေ၊ သင်၏။ ပုတ္တေဟိ၊
သားတို့နှင့်။ သဒ္ဓိံ၊ တကွ။ သာမိကဿ၊ လင်၏။ သီသံ၊ ဦးခေါင်းကို။
ဆိန္နန္တိ၊ ဖြတ်လေပြီဟူ။ ပဏ္ဏံ၊ ကမ္ပည်းကို။ အာဟရိတွာ၊ ဆောင်ယူခဲ့၍။

အဒံသု၊ ပေးကုန်၏။ သာ၊ ထိုမလ္လိကာမင်းသမီးသည်။ တံပဝတ္တိံ၊ ထို အကြောင်းကို။ ဉတွာ၊ သိ၍။ ကဿစိ၊ တစုံတယောက်သော သူအား။ ကိဉ္စိ၊ တစုံတခွန်းသောစကားကို။ အဝတွာ၊ မဆိုမူ၍။ ပဏ္ဏံ၊ ကမ္ပည်းကို။ ဥစ္ဆင်္ဂေ၊ ရင်ခွင်၌။ ဌပေတွာ၊ ထား၍,ထုပ်၍။ ဘိက္ခုသံဃမေဝ၊ ရဟန်း သံဃာကိုသာလျှင်။ ပရိဝိသိ၊ ဆွမ်းလုပ်ကျွေး၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုမလ္လိကာ၏။ ပရိစာရိကာယော၊ အလုပ်အကျွေး ကျွန်မတို့သည်။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဘတ္တံ၊ ဆွမ်းကို။ ဒတွာ၊ လှူ၍။ သပ္ပိစာဋိံ၊ ထောပတ်အိုးကို။ အာဟရန္တိယော၊ ဆောင်ခဲ့ကုန်သည်ရှိသော်။ ထေရာနံ၊ မထေရ်တို့၏။ ပုရတော၊ မှ။ သပ္ပိစာဋိ၊ ထောပတ်အိုတို့သည်။ ဘိန္ဒိံသု၊ ကွဲကုန်၏။ ဓမ္မသေနာပတိ၊ ရှင်သာရိပုတ္တရာသည်။ ဘေဒနဓမ္မော၊ ကွဲပြို ပျက်စီးတတ်သော သဘောသည်။ ဘိန္နတိ၊ ပျက်စီးခြင်းသဘောရှိ၏။ နစိန္တေတဗ္ဗံ၊ မကြံအပ်။ ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏။

သာ၊ ထိုမလ္လိကာမင်းသမီးသည်။ ဥစ္ဆင်္ဂတော၊ ရင်ခွင်မှ။ ပဏ္ဏံ၊ ကမ္ပည်း ကို။ နိဟရိတွာ၊ ထုတ်၍။ ဒွတ္တိံသာယ ပုတ္တေဟိ၊ သုံးကျိပ်နှစ်ယောက်သော သားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပိတု၊ အဘ၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္နန္တိ၊ ဖြတ်လေပြီဟူ။ မေ၊ အား။ ဣမံပဏ္ဏံ၊ ဤကမ္ပည်းကို။ အာဟရိံသု၊ ဆောင်ခဲ့ကုန်၏။ အဟံ၊ သည်။ ဣဒံ၊ ဤအကြောင်းကို။ သုတွာပိ၊ ကြား၍လည်း။ န စိန္တေမိ၊ မကြံ။ သပ္ပိစာဋိယာ၊ ထောပတ်အိုးသည်။ ဘိန္နာယ၊ ကွဲရာ၌။ ကိံ၊ အဘယ်ကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ စိန္တယိ- ဿာမိ၊ ကြံရအံ့နည်း။ ဣတိအာဟ၊ ဤသို့လျှောက်၏။ ဓမ္မသေနာပတိ၊ တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာသည်။ အနိမိတ္တမနံ၊ အကြောင်း ကင်းသော စိတ်ကို။ ဉာတံ၊ သိပြီ။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ မစ္စာနံ၊ သတ္တဝါတို့၏။ဣဓ၊ ဤလောက၌။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ နတိဌတိ၊ မတည်။ ဣတိအာဒီနိ၊ ဤသို့စသော စကားတို့ကို။ ဝတွာ၊ မိန့်တော်မူ၍။ ဓမ္မံ၊ ကို။ ဒေသေတွာ၊ ဟောပြီး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဝိဟာရံ၊ သို့။ အဂမာသိ၊ ကြွတော်မူ၏။ သာပိ၊ ထို မလ္လိကာသည်လည်း။ ဒွတ္တိံသ သုဏိသာယော၊ သုံးကျိပ်နှစ်ယောက်သော ချွေးမတို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တုမှာကံ၊ တို့၏။ သာမိကာ၊ လင်တို့သည်။ နိရပရာဓာ၊ အပြစ်မရှိကုန်။ အတ္တနော၊ မိမိ၏။ ပုရိမကမ္မ- ဖလံ၊ ရှေးဘဝ၌ ပြုခဲ့ဘူးသော ကံ၏ အကျိုးကို။ လဘိံသု၊ ရကုန်၏။

တုမှေ၊ တို့သည်။ မာ သောစယိတ္ထ၊ မစိုးရိမ်ကုန်လင့်။ မာပရိဒေဝိတ္ထ၊ မငိုကြွေးကုန်လင့်။ ရညော၊ မင်း၏။ ဥပရိ၊ အထက်၌။ မနောပဒေါသံ၊ ပြစ်မှားခြင်း အမျက်ထွက်ခြင်းကို။ မာ ကရိတ္ထ၊ မပြုလင့်ကုန်။ ဣတိ၊ ဤသို့။ ဩဝဒိ၊ ဆုံးမ၏။

ရညော၊ မင်း၏။ စရ ပုရိသာ၊ သူလျှိုထားသော တမန် ယောကျ်ား တို့သည်။ တံကထံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဂန္တွာ၊ သွား၍။ တေသံ၊ ထိုသူတို့၏။ နိဒ္ဒေါသဘာဝံ၊ အပြစ်မရှိသည်၏ အဖြစ်ကို။ ရညော၊ မင်းအား။ ကထယိံသု၊ လျှောက်ကုန်၏။ ရာဇာ၊ မင်းသည်။ သံဝေ-ဂပ္ပတ္တော၊ ထိတ်လန့်ခြင်းသို့ ရောက်လျက်။ တဿာ၊ ထိုမလ္လိကာ၏။ နိဝေသနံ၊ အိမ်သို့။ ဂန္တွာ၊ သွား၍။ မလ္လိကဉ္စ၊ မလ္လိကာကိုလည်းကောင်း။ သုဏိသာယော စ၊ ချွေးမတို့ကိုလည်းကောင်း။ ခမာပေတွာ၊ ကန်တော့၍။ မလ္လိကာယ၊ မလ္လိကာအား။ ဝရံ၊ ဆုကို။ အဒါသိ၊ ပေး၏။ သာ၊ ထို မလ္လိကာသည်။ မေ၊ ငါ့အား။ ဂဟိတာ၊ ယူအပ်သည်။ ဟောတု၊ ဖြစ်စေလော့။ ဣတိဝတွာ၊ ဤသို့ ဆို၍။ + တသ္မိံ ဂေဟေ၊ ထိုအိမ်၌။ တေသံ၊ ထိုသား,လင်တို့၏။ မတကဘတ္တံ၊ သူသေတို့အား ရည်၍ လှူသော ဆွမ်းကို။ ဒတွာ၊ လှူ၍။ နှတွာ၊ ရေချိုးပြီး၍။ ရာဇာနံ၊ မင်းကြီးသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဒေဝ၊ အရှင်မင်းကြီး။ တုမှေဟိ၊ ရှင်မင်းကြီးတို့သည်။ မယှံ၊ အား။ ဝရော၊ ဆုကို။ ဒိန္နော၊ ပေးအပ်၏။ မယှဉ္စ၊ အားလည်း။ အညေန၊ တပါးဆုဖြင့်။ အတ္ထော၊ အလိုရှိသည်။ နတ္ထိ၊ မရှိ။ မေ၊ အကျွန်ုပ်၏။ ဒွတ္တိံသာယ သုဏိသာနံ၊ သုံးကျိပ်နှစ်ယောက်သော ချွေးမတို့အားလည်းကောင်း။ မမဉ္စ၊ အားလည်းကောင်း။ ကုလ-ဃရ ဂမနံ၊ မိဘအိမ်သို့ ပြန်သွားရခြင်းကို။ အနုဇာနာထ၊ ခွင့်ပြုတော်မူပါကုန်လော့။ ဣတိ အာဟ၊ ၏။ ရာဇာ၊ ကောသလ မင်းကြီးသည်။ သမ္ပ-ဋိစ္ဆိ၊ ဝန်ခံ၏။ သာ၊ ထိုမလ္လိကာသည်။ ဒွတ္တိံသ သုဏိသာယော၊ သုံးကျိပ်နှစ်ယောက်သော ချွေးမတို့ကို။ သကာနိ ကုလာနိ၊ မိမိတို့ မိဘအိမ်တို့သို့။ ပေသေသိ၊စေလွှတ်၏။ သယံပိ၊မိမိသည်လည်း။ ကုသိနာရာနဂရေ၊ ကုသိနာရုံပြည်၌။ အတ္တနော၊ မိမိ၏။ ကုလဃရံ၊ မိဘအိမ်သို့။ အဂမာသိ၊ သွားလေ၏။

---

+ တသ္မိံ ဂတေ (ဆဋ္ဌ)

ရာဇာပိ၊ ကောသလမင်းသည်လည်း။ ဗန္ဓုလသေနာပတိနော၊ ဗန္ဓုလ စစ်သူကြီး၏။ ဘာဂိနေယျဿ၊ တူဖြစ်သော။ ဒီဃကာရာယနဿနာမ၊ ဒီဃကာရာယနမည်သော သူအား။ သေနာပတိဋ္ဌာနံ၊ စစ်သူကြီးအရာကို။ အဒါသိ၊ ပေး၏။ သောပန၊ ထိုစစ်သူကြီးသည်ကား။ မေ၊ ငါ၏။ မာတုလော၊ ဦးရီးကို။ ဃာတိနော၊ ညှဉ်းသည်။ မာရိတောတိ၊ သတ်လေ၏ဟု။ ရညော၊မင်းအား။ ဩကာသံ၊အခွင့်ကို။ ဂဝေသန္တော၊ ရှာလျက်။ ဝိစရတိ၊ သွားလာလှည့်ပတ်၏။ ရာဇာ၊ မင်းသည်။ နိရပရာဓဿ၊ အပြစ်မရှိသော။ ဗန္ဓုလဿ၊ ဗန္ဓုလ စစ်သူကြီးအား။ မာရိတ ကာလတော၊ သတ်သော ကာလမှ။ ပဋ္ဌာယ၊ စ၍။ ဝိပ္ပဋိသာရီ၊ နှလုံးမသာယာရှိသည်။ ဟုတွာ၊ ဖြစ်၍။ စိတ္တဿာဒံ၊ စိတ်၏သက်သာရာကို။ နလဘတိ၊ မရ။ ရဇ္ဇသုခဥ္စ၊ နန်းစည်းစိမ်ကိုလည်း။ နာနုဘောတိ၊ ခံစားတော်မမူ။ တဒါ၊ ထိုအခါ၌။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ သကျာနံ၊ သာကီဝင်မင်းသားတို့၏။ ဇနပုဒ-ပရမနာမ နိဂမနံ၊ ဇနပုဒ်တို့တွင် မြတ်သော နိဂုံမည်သည်ကို။ (ဝေဠုဗန္ဓုနာမ နိဂမံ-ဟု ပါဠိအချို့ရှိ၏။ ဝေဠုဗန္ဓုမည်သော နိဂုံကိုပေး။) ဥပ-နိဿာယ၊မှီ၍။ ဝိဟရတိ၊ နေတော်မူ၏။ ရာဇာ၊ ကောသလမင်းကြီးသည်။ တတ္ထ၊ထိုဘုရားရှိရာသို့။ ဂန္တွာ၊သွား၍။ အာရာမတော၊အာရာမ်ကျောင်းမှ။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ခန္ဓာဝါရံ၊သစ်တပ်မြို့၌။ နိဝါသေတွာ၊ နေ၍။ မန္ဒေနနည်းသော။ပရိဝါရေန၊အခြံအရံဖြင့်။ သတ္ထာရံ၊ဘုရားသခင်ကို။ ဝန္ဒိဿာမီတိ၊ရှိခိုးအံ့ဟူ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊သွား၍။ပဉ္စ-ရာဇကကုဓဘဏ္ဍာနိ၊ မင်းမြောက်တန်းဆာ ငါးပါးတို့ကို။ဒီဃကာရာယ-နဿ၊ဒီဃကာရာယနမည်သောစစ်သူကြီးအား။ဒတွာ၊ပေး၍။ ကေကော၀၊ တယောက်အထီးတည်းသာလျှင်။ ဂန္ဓကုဋိံ၊ ဂန္ဓကုဋိသို့။ ပါဝိသိ၊ ဝင်လေ၏။ သဗ္ဗံ၊ အလုံးစုံကို။ ဓမ္မစေတိယသုတ္တနိယာမေနေ၀၊ ဓမ္မစေတိယသုတ်၌ လာသောနည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ တသ္မိံ၊ ထို ကောသလ မင်းသည်။ ဂန္ဓကုဋိံ၊ ဂန္ဓကုဋိသို့။ ပဝိဋ္ဌေ၊ ဝင်သည်ရှိသော်။ ဒီဃကာရာယ-နော၊ ဒီဃကာရာယနမည်သော စစ်သူကြီးသည်။ တာနိပဉ္စရာဇကကုဓ-ဘဏ္ဍာနိ၊ ထို မင်းမြောက်တန်းဆာ ငါးပါးတို့ကို။ ဂဟေတွာ၊ ယူ၍။ ဝိဋဋူဘံ၊ ဝိဋဋူဘကို။ ရာဇာနံကတွာ၊ မင်းပြုစေ၍။ ရညော၊ ကောသလ မင်းအား။ ဧကံအဿံ၊ မြင်းတစီးကို လည်းကောင်း။ ဥပဋ္ဌာနကာရိကံ၊ ခြေရင်း အလုပ်အကျွေး ဖြစ်သော။ ဧကဉ္စ မာတုဂါမံ၊ မိဖုရား တပါးကို

လည်းကောင်း။ ဌပေတွာ၊ ထားခဲ့၍။ နိဝတ္တေတွာ၊ ပြန်လည်ခဲ့၍။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ အဂမာသိ၊ ရောက်လေ၏။

ရာဇာ၊ ကောသလမင်းသည်။ သတ္ထာရာ၊ ဘုရားရှင်နှင့်။ သဒ္ဓိံ၊ ကွ။ ပိယကထံ၊ ချစ်ဘွယ်သော မေတ္တာစကားကို။ ကထေတွာ၊ ပြောဟော၍။ သတ္ထာရံ၊ဘုရားသခင်ကို။ ဝန္ဒိတွာ၊ရှိခိုး၍။ နိက္ခန္တော၊ ထွက်ခဲ့သည်ရှိသော်။ သေနံ၊ စစ်သည်အပေါင်းကို။ အဒိသွာ၊မမြင်ခြင်းကြောင့်။တံ မာဘုဂါမံ၊ ထိုမိဖုရားကို။ ပုစ္ဆိတွာ၊ မေး၍။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ အဟံ၊ ငါသည်။ ဘာဂိနေယျံ၊ ရာဇဂြိုဟ်ပြည့်ရှင်ဖြစ်သော တူ အဇာတသတ်ကို။ အာဒါယ၊ ခေါ်၍။ ဂန္တွာ၊ သွား၍။ ဝိဋ္ဋူဘံ၊ ဝိဋ္ဋူဘကို။ ဂဟေဿာမိတိ၊ ဘမ်းယူအံ့ဟု။ ရာဇဂဟနဂရံ၊ ရာဇဂြိုဟ် ပြည်သို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဝိကာလေ၊ အခါမဟုတ်သည်၌။ ဒွါရေသု၊ တံခါး တို့ကို။ ပိဒဟိတေသု၊ ပိတ်အပ် ကုန်သည် ရှိသော်။ နဂရံ၊ ရာဇဂြိုဟ် ပြည်သို့။ ပတွာ၊ ရောက်၍။ ဧကိဿာ သာလာယ၊ တဆောင်သောစရပ်၌။ နိပဇ္ဇိတွာ၊ အိပ်၍။ ဝါတာတပေဟိ၊ လေ နေပူ တို့ဖြင့်။ ကိလန္တော၊ပင်ပန်းသည်ဖြစ်၍။ ရတ္တိဘာဂေ၊ညဉ့်အဘို့၌။ တတ္ထေဝ၊ ထိုစရပ်၌သာလျှင်။ ကာလမကာသိ၊ နတ်ရွာလားတော်မူ၏။ ရတ္တိယာ၊ ညဉ့်သည်။ ဝိဘာတာယ၊ လင်းသည်ရှိသော်။ ဒေဝကောသလနရိန္ဒ-ကောသလမင်းကြီး။ အနာထော၊ ကိုးကွယ်ရာမဲ့သည်။ ဇာတောသိ၊ ဖြစ်ခဲ့ပြီ။ ဣတိ၊ ဤသို့။ ဝိပ္ပလပန္တိယာ၊ ငိုကြွေးမြည်တမ်းသော။ တဿာ-ဣတ္ထိယာ၊ ထိုမိဖုရား၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ကြား၍။ ရညော၊ မင်း အား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သော၊ ထိုရာဇဂြိုဟ်ပြည်ရှင် အဇာတသတ် မင်းကြီးသည်။ မာတုလဿ၊ ဦးရီး ကောသလမင်းအား။ မဟန္တေန၊ များစွာသော။ သက္ကာရေန၊ ပူဇော်ခြင်းဖြင့်။ (ပရိဝါရေန လည်း ရှိ၏။ အခြံအရံဖြင့်, ပေး။) သရီရကိစ္စံ၊ သင်္ဂြိုဟ်ခြင်း ကိစ္စကို။ ကာရေသိ၊ ပြုစေ၏။

ဝိဋ္ဋူဘောပိ၊ ဝိဋ္ဋူဘသည်လည်း။ ရဇ္ဇံ၊ပြည်စည်းစိမ်ကို။ ပဋိလဘိ-တွာ၊ ၍။ တံဝေရံ၊ ထိုရှေးကဖွဲ့ပြီးသော ရန်ငြိုးကို။ သရိတွာ၊ အောက်မေ့ ၍။ သဗ္ဗေသာကိယေ၊ အလုံးစုံသော သာကီဝင်မင်း တို့ကို။ မာရေ-ဿာမိ၊ သတ်အံ့။ ဣတိ၊ ဤသို့ကြံပြီးသော်။ မဟတိယာ သေနာယ၊ များစွာသောစစ်သည်ဗိုလ်ပါဖြင့်။ နိက္ခမိ၊ ထွက်၏။ တံဒိဝသံ၊ ထိုနေ့၌။

သတ္ထာ၊ ဘုရားသခင်သည်။ ပစ္စူသကာလေ၊ မိုးအောက်ထအခါ၌။ လောကံ၊ လူအပေါင်းကို။ ဝေါလောကေန္တော၊ ကြည့်တော်မူသည် ရှိသော်။ ဉာတိ-သံဃံ၊ ဆွေတော်မျိုးတော် အပေါင်း၏။ ဝိနာသံ၊ ပျက်စီးအံ့သည်ကို။ ဒိသွာ၊ မြင်တော်မူ၍။ ဉာတိယာ၊ ဆွေတော်မျိုးတော် အပေါင်းအား။ သင်္ဂဟံ၊ သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိတိ၊ သင့်၏ဟု။ စိန္တေတွာ၊ ကြံတော်မူ၍။ ပုဗ္ဗဏှသမယေ၊ နံနက်အခါ၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ ကြွသွားတော်မူ၍။ ပိဏ္ဍပါတ ပဋိက္ကန္တော၊ ဆွမ်းခံရွာမှဖဲပြီးသည်ရှိသော်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ သီဟသေယျံ၊ ခြသေ့မင်း၏ အိပ်ခြင်းနှင့်တူသော ကိန်းစက်တော်မူခြင်းကို။ ကပ္ပေတွာ၊ ပြု၍။ သာယန္ဟသမယေ၊ ညချမ်းသောအခါ၌။ အာကာသေန၊ ကောင်းကင်လမ်းခရီးဖြင့်။ ဂန္တွာ၊ ကြွသွားတော်မူ၍။ ကပိလဝတ္ထုသ္မာ၊ ပြည်၏။ သာမန္တေ၊ အနီးဖြစ်သော။ ကဗရစ္ဆာယေ၊ ပြောက်ကျားသော အရိပ်ရှိသော။ ဧကေ-သ္မိံ ရုက္ခမူလေ၊ တခုသော သစ်ပင်ရင်း၌။ နိသီဒိ၊ နေတော်မူ၏။

တတော၊ ထိုသစ်ပင်မှ။ ဝိဋ္ဋူဘဿ၊ ဝိဋ္ဋူဘမင်း၏။ ရဇ္ဇသီမာယ၊ ပြည်အပိုင်းအခြား၌။ မဟန္တော၊ ကြီးစွာသော။ သန္ဒစ္ဆာယော၊ အေးသော အရိပ်ရှိသော။ နိဂြောဓော၊ ပညောင်ပင်သည်။ အတ္ထိ၊ ရှိ၏။ ဝိဋ္ဋူ-ဘော၊ ဝိဋ္ဋူဘမင်းသည်။ သတ္ထာရံ၊ ဘုရားသခင်သို့။ ဒိသွာ၊ မြင်၍။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိ၍။ ဘန္တေ၊ အရှင်ဘုရား။ ကိံကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဧဝရူပါယ၊ ဤသို့သဘောရှိသော။ ဥဏှဝေ-လာယ၊ ပူပြင်းအိုက်လောင်သောအခါ၌။ ကဗရစ္ဆာယေ၊ နေပြောက်ထိုးသော။ ဣမသ္မိံ ရုက္ခမူလေ၊ ဤသစ်ပင်ရင်း၌။ နိသီဒထ၊ နေတော်မူဘိသနည်း။ သန္ဒစ္ဆာယေ၊ ငြိမ်းချမ်းသာယာသော အရိပ်ရှိသော။ ဧတသ္မိံ နိဂြောဓမူလေ၊ ထိုပညောင်ပင်ရင်း၌။ ဘန္တေ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ နိသီဒထ၊ နေတော်မူပါလော့။ ဣတိဝတွာ၊ ဤသို့လျှောက်၍။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဟောတု၊ ထိုသို့နေပြောက်ထိုးသည်ပင်ဖြစ်စေ။ ဉာတ-ကာနံ၊ ဆွေတော်မျိုးတော်တို့၏။ ဆာယာနာမ၊ အရိပ်မည်သည်ကား။ သီတလာ၊ ချမ်းအေးကုန်၏။ ဣတိဝုတ္တေ၊ ဤသို့ မိန့်တော်မူသည်ရှိသော်။ ဉာတကာနံ၊ ဆွေတော် မျိုးတော်တို့ကို။ ရက္ခနတ္ထာယ၊ စောင့်ရှောက်တော်မူခြင်းငှါ။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ အာဂတော၊ ကြွတော်မူလာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိစိန္တေတွာ၊ ဤသို့ ကြံ၍။ သတ္ထာရံ၊ ဘုရားရှင်

ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိဝတ္တိတွာ၊ ပြန်၍။ သာဝတ္ထိမေဝ၊ သာဝတ္ထိသို့သာလျှင်။ ပစ္စာဂမိ၊ ပြန်လေ၏။ သတ္ထာပိ၊ ဘုရားရှင်သည်လည်း။ ဥပ္ပတိတွာ၊ ကောင်းကင် ခရီးဖြင့်ပြန်၍။ ဇေတဝနမေဝ၊ ဇေတဝန်ကျောင်းတော်သို့သာလျှင်။ ဂတော၊ ရောက်တော်မူ၏။

ရာဇာ၊ မင်းသည်။ သာကိယာနံ၊ သာကီဝင်မင်းတို့၏။ ဒေါသံ၊ အပြစ်ကို။ သရိတွာ၊ အောက်မေ့၍။ ဒုတိယံပိ၊ နှစ်ကြိမ်မြောက်လည်း။ နိက္ခမိတွာ၊ ထွက်၍။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ သတ္ထာရံ၊ ဘုရားရှင်ကို။ ပဿိတွာ၊ ဖူးမြင်၍။ ပုန၊ တဖန်။ နိဝတ္တိ၊ ပြန်လာ၏။ တတိယဝါရေ၊ သုံးကြိမ်မြောက်သောအခါ၌။ နိက္ခမိတွာ၊ ၍။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ သတ္ထာရံ၊ ဘုရားရှင်ကို။ ပဿိတွာ၊ ဖူးမြင်၍။ ပုန၊ တဖန်။ နိဝတ္တိ၊ ပြန်လာ၏။ စတုတ္ထဝါရေပန၊ လေးကြိမ်မြောက်သော အခါ၌ကား။ တသ္မိံ၊ ထိုဝိဋ္ဋူဘသည်။ နိက္ခန္တေ၊ ထွက်သည်ရှိသော်။ သတ္ထာ၊ ဘုရားရှင်သည်။ သာကိယာနံ၊ သာကီဝင်မင်းတို့၏။ ပုဗ္ဗကမ္မံ၊ ရှေးမကောင်းမှုကံကို။ ဩလောကေတွာ၊ ကြည့်၍။ တေသံ၊ ထိုသာကီဝင်မင်းတို့၏။ ကေဒိဝသံ၊ ၌။ နဒိယံ၊ မြစ်၌။ ဝိသပက္ခိပန ပါပကမ္မဿ၊ အဆိပ်ကို ခတ်ခဲ့ဘူးသော မကောင်းမှုကံ၏။ အပဋိဗာဟိယဘာဝံ၊ မမြစ်မတားနိုင်သည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ စတုတ္ထဝါရေ၊ လေးကြိမ် မြောက်သော အခါ၌။ နဂမာသိ၊ ကြွတော်မမူ။ ဝိဋ္ဋူဘော၊ ဝိဋ္ဋူဘမင်းသည်။ သာကိယေ၊ သာကီဝင်မင်းတို့ကို။ ဃာတေဿာမီတိ၊ သတ်အံ့ဟူ၍။ မဟန္တေန ဗလကာယေန၊ များစွာသော ရဲမက်ဗိုလ်ပါအပေါင်းဖြင့်။ နိက္ခမိ၊ ထွက်၏။

သမ္မာသမ္ဗုဒ္ဓဿ၊ ဘုရားသဗ္ဗညု၏။ ဉာတကာပန၊ ဆွေတော်မျိုးတော်တို့သည်ကား။ အသတ္တ ဃာတကာနာမ၊ လက်နက်ကိုင်စွဲလျက် သတ်သော မည်သည်မရှိကုန်။ အတ္တနာ၊ မိမိသည်။ မရန္တာပိ၊ သေကုန်သော်လည်း။ ပရေသံ၊ သူတပါးတို့၏။ ဇီဝိတံ၊ အသက်ကို။ န ဝေါရောပေန္တိ၊ မချကုန်။ တေ၊ ထို သာကီဝင်မင်းတို့သည်။ စိန္တယိံသု၊ ကြံကြကုန်၏။ မယံ၊ ငါတို့သည်။ သုသိက္ခိတဟတ္ထာ၊ ကောင်းစွာသင်အပ်သော လေးအတတ်စသည်ကို လက်စွဲခြင်း ရှိကုန်၏။ ကတူပါသနာ၊ ဆင်ယင်အပ်သော ချပ်မိန်ညို ရှိကုန်၏။ မဟိဿာသာ၊ မြတ်သော ဆိတ်ချို လေး အစရှိသည်တို့ကို အစိုးရ ကုန်သော သူတို့တည်း။ အမေ့ဟိ၊ ငါတို့သည်။ ပရံ၊ သူတပါးကို။ ဇီဝိတာ၊ အသက်မှ။ ဝေါရောပေတုံ၊ ချခြင်းငှါ။ နခေါ်ပန သက္ကာ၊ မတတ်နိုင်ကုန်။

ဣတိ၊ ဤသို့။ အတ္တနော၊ မိမိ၏။ ကမ္မံ၊ တတ်သောအမှုကို။ ဒဿေတွာ၊ ပြသ္သန်၍။ ပလာပေဿာမ၊ ပြေးစေကုန်အံ့။ ဣတိ၊ ဤသို့ကြံကုန်၏။ တေ၊ ထိုသာကီဝင်မင်းတို့သည်။ ကတသန္နာဟာ၊ ဆင်ယင်အပ်သော ချပ်မိန်ညိုရှိ လျက်။ နိက္ခမိတွာ၊ ၍။ ယုဒ္ဓံ၊ စစ်ထိုးခြင်းငှါ။ အာရဘိံသု၊ အားထုတ် ကုန်၏။ တေဟိ၊ ထို သာကီဝင်မင်းတို့သည်။ ခိတ္တာသရာ၊ ပစ်အပ်သော မြားတို့သည်။ ဝိဋူဍဘဿ၊ ဝိဋူဍဘ၏။ ပုရိသာနံ၊ မင်းချင်း ယောကျ်ား တို့၏။ အန္တရန္တရေန၊ အကြား အကြားဖြင့်။ ဂစ္ဆန္တိ၊ ကုန်၏။ ဖလကန္တရ-ကဏ္ဏဆိဒ္ဒန္တရာဒီဟိ၊ ကာကြား, နားပေါက်ကြား စသည်တို့မှ။ နိက္ခမန္တိ၊ ထွက်ကုန်၏။ ဝိဋူဍဘော၊ ဝိဋူဍဘသည်။ ဒိသွာ၊ မြင်၍။ ဘဏေ၊ အချင်း တို့။ သာကိယာ၊ သာကီဝင်မင်းတို့သည်။ အသတ္ထ ဃာတကမှ၊ လက်နက် စွဲကိုင်လျက် မသတ်အပ်သည် ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိနနု၊ ကုန်၏ မဟုတ်လော။ အထစပန၊ ထိုသို့ဆိုလျက်လည်း။ မေ၊ ၏။ ပုရိသေ၊ အချင်း ယောကျ်ားတို့ကို။ နာသေန္တိ၊ ဖျက်ဆီးကုန်၏။ ဣတိအာဟ၊ ဤသို့ဆို၏။

အထ၊ ၌။နံ၊ ထိုဝိဋူဍဘကို။ ဧကောပုရိသော၊ ယောကျ်ား တယောက် သည်။အာဟ၊ဆို၏။ သာမိ၊ အရှင်မင်းကြီး။ ကိံ၊ အဘယ်သို့ဆိုဘိသနည်း။ နိဝတ္တေတွာ၊ပြန်လည်၍။ ဩလောကေဟိ၊ ကြည့်ဦးလော့။ ဣတိ၊ ဤသို့ ဆိုသည်ရှိသော်။သာကိယာ၊သာကီဝင်မင်းတို့သည်။ မေ၊ ငါ၏။ ပုရိသေ၊ အချင်းယောကျ်ားတို့ကို။ နာသေန္တိ၊ ဖျက်ဆီးကုန်၏။ တုမှာကံ၊ တို့၏။ ဧကော ပုရိသော၊ ယောကျ်ားတယောက်သည်မျှလည်း။ မတော၊သေခြင်း သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ဆို၏။ ဘဏေ၊ အချင်းတို့။ ဣဿ်၊ တိုက် တွန်း၏။ ဂဏှာပေထ၊ ဘမ်းဆီးကုန်လော့။ ဣတိ၊ ဤသို့။ ဂဏှာပေန္တော၊ ဘမ်းယူစေသည်ရှိသော်။ ဧကဿပိ၊ တယောက်သောသူ၏လည်း။ ခယံ၊ အသက်ကုန်ခြင်းကို။ နပဿိ၊ မမြင်။ သော၊ ထိုဝိဋူဍဘသည်။ တတော၊ ထို့နေရာင်မှ။ နိဝတ္တိတွာ၊ ပြန်လည်၍။ ဘဏေ၊ အချင်းတို့။ ယေယေပန၊ အကြင်း ကြင်သူတို့သည်ကား။ သာကိယမှာတိ၊ သာကီဝင်မင်းတို့ဟူ၍။ ဘဏန္တိ၊ ဆိုကုန်၏။ သဗ္ဗေ၊ အလုံးစုံသောသူတို့ကို။ မာရေထ၊ သတ်လေ ကုန်လော့။ မေ၊ ငါ၏။ ပိတာမဟဿ၊ အဘိုးဖြစ်သော။ မဟာနာမ သ-က္ကဿပန၊ မဟာနာမ်မင်းကြီး၏။သန္တိကေ၊ အထံ၌။ ဌိတာနံ၊ နေကုန်သော သူတို့၏။ ဇီဝိတံ၊ အသက်ကို။ ဒေထ၊ ချမ်းသာပေးကုန်လော့။ဣတိအာဟ၊ ဤသို့ဆို၏။

သာကိယာ၊ သာကီဝင်မင်းတို့သည်။ ဂဟေတဗ္ဗ ဂဟာဏံ၊ ယူအပ်သော အရာ၌ ယူခြင်းကို။ အပဿန္တာ၊ မမြင်ကုန်သည်ဖြစ်၍။ ကေစ္စေ၊ အချို့သော သာကီဝင်မင်းတို့သည်။ တိဏာံ၊ မြက်ကို။ ခုံသိတွာ၊ ကိုက်၍။ အဌံသု၊ နေကုန်၏။ ကေစ္စေ၊ အချို့သော သာကီဝင်မင်းတို့သည်။ နဠံ၊ ကျူကို။ ဂဟေတွာ၊ ဆွဲငင်၍။ အဌံသု၊ နေကုန်၏။ တုမှေ၊ သင်တို့သည်။ သာကိယာ၊ သာကီဝင်မင်းတို့လော။ နော၊ မဟုတ်ကုန်သလော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ တေပန၊ ထိုသာကီဝင်မင်းတို့သည်ကား။ ယသ္မာ၊ အကြင်ကြောင့်။ မရန္တာပိ၊ သေကုန်သော်လည်း။ မုသာဝါဒံ၊ မဟုတ်မမှန်သော စကားကို။ န ဘဏန္တိ၊ မဆိုကုန်။ တသ္မာ၊ ထို့ကြောင့်။ တိဏာံ၊ မြက်ကို။ ခုံသိတွာ၊ ကိုက်၍။ ဌိတာ၊ နေကုန်သောသူတို့သည်။ နော၊ ငါတို့သည်။ သကျတိဏန္တိ၊ သကျတိဏ ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ နဠံ၊ ကျူကို။ ဂဟေတွာ၊ ဆွဲငင်၍။ ဌိတာ၊ နေသောသူတို့သည်။ နော၊ ငါတို့သည်။ သကျနဠာတိ၊ သကျနဠဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ ဣတိ၊ ဤသို့။ ယေစ၊ အကြင် သာကီဝင်မင်းတို့သည်လည်း။ မဟာနာမဿ၊ မဟာနာမ်မင်းကြီး၏။ သန္တိကေ၊ အထံ၌။ ဌိတာ၊ နေကုန်၏။ တေစ၊ ထိုသာကီဝင်မင်းတို့သည်လည်း။ ဇီဝိတံ၊ အသက်ကို။ လဘိံသု၊ ရကုန်၏။ တေသု၊ ထိုသာကီဝင်မင်းသားတို့တွင်။ တိဏာံ၊ မြက်ကို။ ခုံသိတွာ၊ ကိုက်၍။ ဌိတာ၊ နေကုန်သောသာကီဝင်မင်းတို့သည်။ တိဏသာကိယာနာမ၊ တိဏသာကိယမည်ကုန်သည်။ ဇာတာ၊ ဖြစ်ကုန်၏။ နဠံ၊ ကျူကို။ ဂဟေတွာ၊ ကိုင်ဘိ၍။ ဌိတာ၊ နေကုန်သော သာကီဝင်မင်းတို့သည်။ နဠသာကိယာနာမ၊ နဠသာကိယ မည်ကုန်သည်။ ဇာတာ၊ ဖြစ်ကုန်၏။ ဝိဋ္ဋူဘော၊ ဝိဋ္ဋူဘသည်။ အဝသေသေ၊ ကြွင်းကုန်သော။ ခီရပါယကေပိ ဒါရကေ၊ နို့စို့သူငယ်တို့ကိုလည်း။ အဝိဿဇ္ဇေတွာ၊ မလွှတ်မူ၍။ ဃာတာပေန္တော၊ သတ်စေလျက်။ လောဟိတံ၊ သွေးကို။ နဒိံ ပဝတ္တေတွာ၊ မြစ်ရေအယဉ်ကဲ့သို့ တွေတွေ စီးစေလျက်။ တေသံ၊ ထိုသာကီဝင်မင်းတို့၏။ ဂလလောဟိတေန၊ လည်ချောင်းသွေးဖြင့်။ ဖလကံ၊ မိမိနေရာအင်းပျဉ်ကို။ ဓောဝါပေသိ၊ ဆေးစေ၏။ ဧဝံ၊ ဤသို့သတ်လျက်။ သာကိယဝံသော၊ သာကီဝင်မင်းမျိုးကို။ ဝိဋ္ဋူဘေန၊ ဝိဋ္ဋူဘမင်းသားသည်။ ဥပစ္ဆိန္နော၊ ဖြတ်၏။

သော၊ ထိုဝိဋ္ဋူဘသည်။ မဟာနာမသက္ကံ၊ မဟာနာမ် အမည်ရှိသော သာကီဝင်မင်းကို။ ဂါဟာပေတွာ၊ဆောင်ယူခဲ့၍။ နိဝတ္တော၊ ပြန်လာသည်

ရှိသော်။ ပါတရာသ ဝေလာယ၊ နံနက်စာစားချိန်အခါ၌။ ပါတရာသံ၊ ထမင်းနံနက်စာကို။ ကရိဿာမီတိ၊ စားအံ့ဟူ၍။ ဧကသ္မိံ ဌာနေ၊ တခုသော အရပ်၌။ ဩတရိတွာ၊ သက်၍။ ဥပနီတေ၊ ဆောင်ခဲ့သော။ ဘောဇနေ၊ ဘောဇဉ်တို့ကို။ ဧကတော၀၊ တကွနက်လျှင်။ ဘုဥ္ဇိဿာမီတိ၊ စားအံ့ဟူ၍။ အယျကာ၊ အဘိုးဖြစ်သော မဟာနာမ်မင်းကြီးကို။ ပက္ကောသာပေတိ၊ ခေါ်စေ၏။ ခတ္တိယာပန၊ သာကီဝင်မင်းတို့သည်ကား။ ဇီဝိတံ၊ အသက်ကို။ စဇန္တာပိ၊ စွန့်ရကုန်သော်လည်း။ ဒါသိပုတ္တေဟိ၊ ကျွန်မသားတို့နှင့်။ သဒ္ဓိံ၊ တကွ။ နဘုဥ္ဇန္တိ၊ မစားကုန်။ တသ္မာ၊ ထို့ကြောင့်။ မဟာနာမော၊ မဟာနာမ်မင်းကြီးသည်။ ဧကံသရံ၊ အိုင်တခုကို။ ဩလောကေတွာ၊ ကြည့်၍။ တာတ၊ ငါ့မြေး။ ကိလိဋ္ဌဂတ္တော၊ ညစ်နွမ်းသောကိုယ်ရှိသည်။ အမှိ၊ ဖြစ်ခဲ့၏။ နှာယိဿာမိ၊ ရေချိုးအံ့။ ဣတိအာဟ၊ ဤသို့ဆို၏။ အယျက၊ အဘိုးရှင်။ သာဓု၊ ကောင်းပြီ။ နှာယထ၊ ရေချိုးတော်မူကုန်လော့။ ဣတိ၊ ဤသို့ဆိုလတ်သော်။ သော၊ထိုမဟာနာမ်မင်းကြီးသည်။အယံ၊ ဤဝိဋ္ဋူဘ သည်။ ဧကတော၊ တကွနက်။ အဘုဥ္ဇန္တံ၊ မစားသည်ရှိသော်။ မံ၊ ငါ့ကို။ ဃာတေဿတိ၊ သတ်လတ္တံ့။ သယမေဝ၊ အလိုလိုလျှင်။ မတံ၊ သေခြင်း သည်။ မေ၊ ငါ့အား။ သေယျောတိ၊ မြတ်၏ဟု။ ကေသေ၊ ဆံတို့ကို။မုဉ္စိ-တွာ၊ ဖြေ၍။ အဂ္ဂေ၊ အဖျား၌။ ဂဏ္ဌိံ၊ အထုံးကို။ ကတွာ၊ ပြု၍။ ကေ-သေသု၊ ဆံတို့၌။ ပါဒင်္ဂုဋ္ဌကေ၊ ခြေမတို့ကို။ပဝေသေတွာ၊ သွင်း၍။ဥဒကေ၊ ရေ၌။ နိမုဇ္ဇိ၊ ငုပ်၏။ တဿ၊ ထိုမဟာနာမ်မင်းကြီး၏။ ဂုဏတေဇေန၊ ဂုဏ်ကျေးဇူးအာနုဘော်ဖြင့်။ နာဂဘဝနံ၊ နဂါးပြည်သည်။ ဥဏှာကာရံ၊ ပူသောအခြင်းအရာကို။ ဒဿေသိ၊ ပြ၏။ နာဂရာဇာ၊ နဂါးမင်းသည်။ ကိံ နုခေါတိ၊ အကြောင်းဘယ်သို့ရှိသနည်းဟု။ ဥပဓာရေန္တော၊ စူးစမ်း ဆင်ခြင်သည်ရှိသော်။ တံ၊ ထိုအကြောင်းကို။ ဉတွာ၊ သိ၍။ တဿ၊ ထို မဟာနာမ်မင်းကြီး၏။ သန္တိကံ၊ သို့။ အာဂန္တွာ၊ လာ၍။တံ၊ ထိုမဟာ နာမ်မင်းကြီးကို။ အတ္တနော၊ ၏။ ဖဏေ၊ပါးပျဉ်း၌။ နိသီဒါပေတွာ၊ နေစေ၍၊ နာဂဘဝနံ၊ နဂါးပြည်သို့။ ပဝေသေသိ၊ ဝင်စေ၏။သော၊ ထို မဟာနာမ်မင်းကြီးသည်။ ဒွါဒသဝဿာနိ၊ တဆယ့်နှစ်နှစ်တို့ပတ်လုံး။ တတ္ထေ၀၊ ထိုနဂါးပြည်၌ သာလျှင်။ ဝသိ၊ နေတော်မူ၏။ ဝိဋ္ဋူဘောပိ၊ ဝိဋ္ဋူဘသည်လည်း။မယှံ၊ငါ၏။အယျကော၊ဘိုးတော်မင်းကြီးသည်။ဣဒါ နိ၊၌။ အာဂမိဿတိ၊ လတ္တံ့။ ဣဒါနိ၊ ၌။ အာဂမိဿတိ၊တ္တံ့။ဣတိ၊ဤသို့။

အာဂမယမာနော၀၊ ငံ့လျက်လျှင်။ နိသီဒိ၊ ၏။ တသ္မိံ၊ ထိုမဟာနာမ် မင်းကြီးသည်။ အတိစိရာယန္တေ၊ အလွန်ကြာမြင့်သည်ရှိသော်။ သရံ၊ အိုင်၌။ ဝိစိနာပေတွာ၊ စူးစမ်းရှာဖွေ၍။ ဒီပါလောကေန၊ ဆီမီးအလင်းဖြင့်။ ပရေ- သံ၊ သူတပါးတို့၏။ ပါဒဝတ္တန္တရာနိပိ၊ ခြေကြားပုဆိုးကြား တို့ကိုလည်း။ ဩလောကေတွာ၊ ကြည့်၍။ အဒိသွာ၊ မမြင်ခြင်း ကြောင့်။ ဂတော၊ သွားသည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ သတည်းဟု။ ပက္ကာမိ၊ ဖဲလေ၏။ သော၊ ထိုဝိဋူဋဘသည်။ ရတ္တိဘာဂေ၊ ညဉ့်အဘို့၌။ အစိရဝတိံ၊ အစိရ ဝတီ မြစ်သို့။ ပတွာ၊ ရောက်၍။ ခန္ဓာဝါရံ၊ သစ်တပ်၌။ နိဝေသေသိ၊ နေ၏။ ကေစ္စေ၊ အချို့ကုန်သော ရဲမက်ဗိုလ်ပါတို့သည်။ အန္တောနဒိယံ၊ မြစ်တွင်း ၌။ ဝါလုကာပုလိနေ၊ သဲပြင်ဇာ၌။ နိပ္ပဇ္ဇိံသု၊ အိပ်ကုန်၏။ ကေစ္စေ၊ အချို့ ကုန်သော သူတို့သည်။ ဗဟိထလေ၊ မြစ်အပဖြစ်သောကုန်း၌။ နိပ္ပဇ္ဇိံသု၊ အိပ်ကုန်၏။ အန္တောနဒိယံ၊ မြစ်အတွင်း၌။ နိပ္ပန္နေသုပိ၊ အိပ်ကုန်သော သူတို့တွင်လည်း။ ပုဗ္ဗေ၊ ရှေး၌။ အတ္တနော၊ မိမိ၏။ အကတပါပကမ္မာ၊ မပြုခဲ့ဘူးသော မကောင်းမှုကံ သည်။ အတ္ထိ၊ ရှိ၏။ ဗဟိ၊ မြစ်ပ၌။ နိပ္ပန္နေ- သုပိ၊ အိပ်ကုန်သော သူတို့တွင်လည်း။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတပါပ- ကမ္မာ၊ ပြုခဲ့ဘူးသောမကောင်းမှုကံသည်။ အတ္ထိ၊ ရှိ၏။ တေသံ၊ ထိုသူတို့၏။ နိပ္ပန္နဋ္ဌာနေသု၊ အိပ်ရာအရပ်တို့၌။ ကိပိလ္လိကာ၊ ပိုးပရွက်တို့သည်။ ဥဋ္ဌဟိံသု၊ တက်ကုန်၏။ တေ၊ ထိုလူတို့သည်။ မယှံ၊ ၏။ နိပ္ပန္နဋ္ဌာနေ၊ အိပ်ရာအရပ်၌။ ကိပိလ္လိကာ၊ ပိုးပရွက်ရှိကုန်၏။ မယှံ၊ ငါ၏။ နိပ္ပန္နဋ္ဌာနေ၊ အိပ်ရာအရပ်၌။ ကိပိလ္လိကာ၊ ပိုးပရွက်ရှိကုန်၏။ ဣတိ၊ သို့။ ဥဋ္ဌဟိတွာ၊ ထ၍။ အကတ ပါပ- ကမ္မာ၊ ရှေးဘဝ၌ အကုသိုလ်ကံကို မပြုသောသူတို့သည်။ ဥတ္တရိတွာ၊ တက် ၍။ ထလေ၊ ကုန်းအရပ်၌။ နိပ္ပဇ္ဇိံသု၊ အိပ်ကုန်၏။ ကတပါပကမ္မာ၊ ပြုအပ် ပြီးသော မကောင်းမှုရှိကုန်သောသူတို့သည်။ ဩတရိတွာ၊ ဆင်း၍။ ဝါလု- ကာပုလိနေ၊ သောင်ပြင်သဲစု၌။ နိပ္ပဇ္ဇိံသု၊ အိပ်ကုန်၏။ တသ္မိံ ခဏေ၊ ထို ခဏ၌။ မဟာမေဃော၊ မိုးကြီးသည်။ ဥဋ္ဌဟိတွာ၊ တက်၍။ ဃနဝဿံ၊ တခဲနက်သော မိုးကို။ ဝဿိ၊ ရွာ၏။ နဒိယာ၊ ဩဃော၊ မြစ်ရေအယဉ်သည်။ အာဂန္တွာ၊ လာ၍။ ပရိသာယ၊ ပရိသတ် အပေါင်းနှင့်။ သဒ္ဓိံ၊ တကွ။ ဝိဋူဋဘံ၊ ကို။ သမုဒ္ဒမေဝ၊ သမုဒ္ဒရာသို့သာလျှင်။ ပါပေသိ၊ ရောက်စေ၏။ တတ္ထ၊ ထိုသမုဒ္ဒရာ၌။ သဗ္ဗေ၊ အလုံးစုံသော သူတို့သည်။ မစ္ဆ ကစ္ဆပ ဘက္ခာ၊ ငါး,လိပ်တို့၏ အစာသည်။ အဟေသုံ၊ ဖြစ်ကုန်၏။

မဟာဇနော၊ လူအပေါင်းသည်။ ကထံ၊ စကားကို။ သမုဋ္ဌာပေသိ၊ ပြောဆို၏။ သာကိယာနံ၊ သာကီဝင်မင်းတို့၏။ မရဏံ၊ သေခြင်းသည်။ အယုတ္တံ၊ မလျောက်ပတ်။ ဧဝံနာမ၊ ဤသို့လျှင်။ ကောဋ္ဌေတွာ ကောဋ္ဌေတွာ၊ ရိုက်နှက်ရိုက်နှက်၍။ သာကိယာ၊ သာကီဝင်မင်းတို့ကို။ မာရေတဗ္ဗာ၊ သတ်လေအပ်ကုန်၏။ တေံ၊ ဤသို့သေရခြင်းသည်။ အနနုစ္ဆဝိကံ၊ မလျောက်ပတ်။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ တံကထံ၊ ထိုစကားကို။ သုတွာ၊ ကြားတော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမသ္မိံ-အတ္တဘာဝေ၊ ဤကိုယ်အဖြစ်၌။ သာကိယာနံ၊ သာကီဝင်မင်းတို့၏။ ဧဝံ၊ ဤသို့။ မရဏံ၊သေခြင်းသည်။ ကိဉ္စာပိအယုတ္တံ၊ အကယ်၍ကား မလျောက်ပတ်၏ရှင့်။ ပနတထာပိ၊ သော်လည်း။ ဧတေဟိ၊ ဤသာကီဝင်မင်းသားတို့သည်။ ပုဗ္ဗေ၊ ရှေးဘဝ၌။ ကတကမ္မဿဝသေန၊ ပြုအပ်သော ကံ၏ အစွမ်းဖြင့်။ လဒ္ဓံ၊ ရအပ်သော အကျိုးသည်။ ယုတ္တမေဝ၊ သင့်သည်သာလျှင်တည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ဧတေ၊ ဤသူတို့သည်။ ပုဗ္ဗေ၊ ၌။ ကိံပန၊ အဘယ်ကိုလျှင်။ အကံသု၊ ပြုခဲ့ဘူးသနည်း။ ဣတိ၊ ဤသို့ လျှောက်သည်ရှိသော်။ သဗ္ဗေ၊ အလုံးစုံသော သူတို့သည်။ ကေဝဋ္ဋာ၊ တပေါင်းတည်း။ ဟုတွာ၊ ဖြစ်၍။ နဒိယံ၊ မြစ်၌။ ဝိသံ၊ အဆိပ်ကို။ ပက္ခိပိံသု၊ ထည့်ခဲ့ဘူးကုန်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

ပုန၊ တဘန်။ ဧကဒိဝသံ၊ တနေ့သ၌။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထံ၊စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဟောကုန်၏။ ဝိဋ္ဋူဘော၊ ဝိဋ္ဋူဘသည်။ ဧတ္တကေ၊ ဤမျှလောက် ကုန်သော။ သာကိယေ၊ သာကီဝင်မင်းတို့ကို။ မာရေတွာ၊ သတ်၍။ အာဂစ္ဆန္တော၊ လာခဲ့သည်ရှိသော်။ အတ္တနော၊ မိမိ၏။ မနောရထေ၊ နှလုံးအလိုသည်။ မတ္ထကံ၊ အပြီးသို့။ အသမ္ပတ္တေယေဝ၊ မရောက်မီသာလျှင်။ ဧတ္တကံဇနံ၊ ဤမျှလောက်သော လူအပေါင်းကို။ အာဒါယ၊ ယူ၍။ မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ မစ္ဆကစ္ဆပဘက္ခော၊ ငါး,လိပ်တို့၏အစာသည်။ ဇာတော၊ ဖြစ်လေ၏။ ဣတိ၊ ဤသို့ ပြောဟောကုန်၏။ သတ္ထာ၊ ဘုရားသခင်သည်။ အာဂန္တွာ၊ ကြွတော်မူလာ၍။ ဘိက္ခဝေ၊ တို့။ ဧတရဟိ၊ ယခုငါလာသဲဖြစ်သောအခါ၌။ ကာယကထာယ၊ အဘယ်မည်သောစကားဖြင့်။ သန္နိ-သိန္နာ၊အညီအညွတ်စည်းဝေးကုန်သည်။ အတ္ထနု၊ဖြစ်ကုန်သနည်း။ဣတိပုစ္ဆိ-

တွာ၊ဤသို့မေးတော်မူခြင်းကြောင့်။ ဣမာယနာမာတိ၊ဤမည်သောစကား ပါတည်းဟု။ ဝုတ္တေ၊နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ရဟန်းတို့။ ဣမေသံ သတ္တာနံ၊ဤသတ္တဝါတို့၏။ မနောရထေ၊နှလုံးအလိုသည်။ မတ္ထကံ၊ အပြီးအဆုံးသို့။ အပတ္တေဝ၊ မရောက်မီလျှင်။ မစ္စုရာဇာ၊ သေမင်းသည်။ သုတ္တံ၊ အိပ်ပျော်သော။ ဂါမံ၊ ရွာသူရွာသား အပေါင်းကို။ အဇ္ဈောတ္ထ- ရန္တော၊ လွှမ်းမိုးဘိစီးလျက်။ မဟာမေဃော၊ မိုးကြီးသည်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ စတူသု အပါယ သမုဒ္ဒေသု၊ အပါယ် လေးပါး တည်းဟူသော သမုဒ္ဒရာတို့၌။ နိမုဇ္ဇာပေတိ၊ ငုပ်စေ၏။ ဣတိ- ဝတွာ၊ ဤသို့ မိန့်တော်မူပြီး၍။ ဣမံဂါထံ၊ ကို။ အာဟ၊ ဟောတော်မူ၏။

၄၇။ ဘိက္ခဝေ၊ ရဟန်းတို့။ မာလာကာရော၊ ပန်းသည်သည်။ ပုပ္ဖါ- ရာမံ၊ ပန်းအာရာမ်သို့။ ပဝိသိတွာ၊ ဝင်၍။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ဝိစိနန္တော၊ ရွေးချယ်လျက်။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ အာပဇ္ဇတိဣဝ၊ ရောက်သကဲ့ သို့။ ဧဝမေဝ၊ ထိုအတူလျှင်။ ပုပ္ဖါနိ၊ ကာမဂုဏ်ငါးပါး တည်းဟူသော ပန်းတို့ကို။ ပစိနန္တံ၊ ရွေးချယ်သည်ဖြစ်၍။ ဗျာသတ္တမနသံ၊ ကာမဂုဏ်၌ အလွန်ကပ်ငြိသော စိတ်ရှိသည်ဖြစ်၍။ ပမတ္တံ၊ မေ့လျော့သော။ နရံ၊လူကို။ မစ္စု၊ သေမင်းသည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိ၊သွား၏။ ယထာ၊ အဘယ် ကဲ့သို့နည်း။ သုတ္တံ၊ အိပ်ပျော်သော။ ဂါမံ၊ ရွာသူအပေါင်းကို။ တနည်း ကား-သုတ္တံ၊ အိပ်သော။ ဂါမံ၊ အိမ်ကို။ မဟောဃော၊ ကြီးစွာသော ရေ အယဉ်သည်။ အာဒါယ၊ ယူ၍။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့။ ပမတ္တံ၊ မေ့ လျော့သော လူကို။ မစ္စု၊ သေမင်းသည်။ အာဒါယ၊ ယူဆောင်၍။ ဂစ္ဆတိ၊ သွား၏။ ဣတိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဗျာသတ္တ မနသံ နရန္တိ၊ ဟူသည်ကား။ သမ္ပတ္တေ- ဝါ၊ ရောက်အပ်သော ကာမဂုဏ်၌ရင်း။ အသမ္ပတ္တေဝါ၊မရောက်အပ်သော ကာမဂုဏ်၌ရင်း။ လဂ္ဂမာနသံ၊ ကပ်ငြိသောစိတ်ရှိသော။ နရံ၊ လူကို။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ မာလာကာရော၊ ပန်းသည်သည်။ ပုပ္ဖါရာမံ၊ ပန်းအာရာမ်သို့။ ပဝိသိတွာ၊ ဝင်၍။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ပစိနိဿာမိ၊ ရွေးချယ် စိစစ်အံ့။ ဣတိ၊ ဤသို့ ကြံလျက်။ တတော၊ ထိုပန်းအာရာမ်မှ။ ပုပ္ဖါနိ၊ ပန်းတို့ကို။ အဂဟေတွာ၊ မဆွတ်မယူ မူ၍။ အညမညံဝါ၊ တပါးတပါးလည်း ဖြစ်သော။ ဂစ္ဆံ၊ ပန်းပင်ကို။ ပတ္ထေန္တော၊ တောင့်တလျက်။ သကလေ ပုပ္ဖါရာမေ၊ အလုံးစုံသော ပန်း

အာရမ်၌။ မနံ၊ စိတ်ကို။ ပေသေသိ၊ စေလွှတ်၏။ ဣတောစိတောစ၊ ထိုမှ ဤမှလည်း။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ပစိနိဿာမီတိ၊ ရွေးချယ်၍ဆွတ်အံ့ဟူ၍။ တတော၊ ထိုပန်းအာရာမ်မှ။ ပုပ္ဖါနိ၊ ပန်းတို့ကို။ အဂဟေတွာ၊ မဆွတ် မယူမူ၍။ အညတ္ထ၊ တပါးဥယျာဉ်သို့။ မနံ၊ စိတ်ကို။ ပေသေသိ၊ စေ၏။ တမေဝ ဂစ္ဆံ၊ ထိုပန်းချုံကိုလျှင်။ ပုပ္ဖံ၊ ပန်းကို။ ပစိနန္တော၊ ရွေးချယ်သည် ရှိသော်။ ပမာဒံ၊ မေ့လျော့ခြင်းသို့။ အာပဇ္ဇတိယထာ၊ ရောက်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ကေစ္စော၊ အချို့သော ပုဂ္ဂိုလ်သည်။ ပုပ္ဖါရာမ-သဒိသံ၊ ပန်းအာရာမ်နှင့် တူသော။ ပဉ္စကာမဂုဏမဇ္ဈံ၊ ကာမဂုဏ်ငါးပါး အလယ်သို့။ ဩတရိတွာ၊ ဆင်း၍။ မနောရမံ၊ နှလုံးမွေ့လျော်ဘွယ် ရှိသော။ ရူပံ၊ အဆင်းကို။ လဘိတွာ၊ ရပြီးသည် ရှိသော်။ မနောရမာနံ၊ နှလုံးမွေ့လျော်ဘွယ်ရှိကုန်သော။ သဒ္ဒ ဂန္ဓ ရသ ဖေါဋ္ဌဗ္ဗဓမ္မာနံဝါ၊ သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ,ဖေါဋ္ဌဗ္ဗာရုံ, ဓမ္မာရုံတို့တွင်လည်း။ အညတရံ၊တပါးပါးကို။ ပတ္ထေတိ၊တောင့်တ၏။ တေသုဝါ၊ထိုငါးပါးသောကာမဂုဏ်တို့တွင်လည်း။ အညတရံ၊ တပါးပါးကို။ လဘိတွာ၊ ရပြီး၍။ အညတရံ၊ တပါးပါးသော ကာမဂုဏ်ကို။ ပတ္ထေတိ၊တောင့်တ၏။ ရူပမေဝ၊ ရူပါရုံကိုသာလျှင်။ လဘိ-တွာ၊ ရ၍။ တေသု၊ ထိုအဆင်းတို့တွင်။ အညတရံ၊တပါးပါးကို။ ပတ္ထေတိ၊ တောင့်တ၏။ ရူပမေဝါ။ ရူပါရုံကိုမူလည်း။ လဘိတွာ၊ရ၍။ အညံ၊တပါး ကို။ ပတ္ထေန္တော၊ တောင့်တသည်ရှိသော်။ တမေဝ၊ထိုအဆင်းကိုသာလျှင်။ အဿာဒေတိ၊ သာယာနှစ်သက်၏။ သဒ္ဒါဒီသုဝါ၊ သဒ္ဒါရုံအစရှိသည်တို့တွင် လည်း။ အညတရံ၊ကို။ လဘိတွာ၊ ၍။ အညတရံ၊ ကို။ ပတ္ထေတိ၊၏။

ဂေါမဟိံသဒါသိဒါသ ခေတ္တ ဝတ္ထု ဂါမ နိဂမ ဇနပဒါဒီသု၊ နွား, ကျွဲ,ကျွန်မိန်းမ, ကျွန်ယောကျာ်း, လယ်,ယာ,ရွာ, နိဂုံ ဇနပုဒ်-စသည်တို့၌။ ဧသေဝ နယော၊ တည်း။ ပဗ္ဗဇိတာနံပိ၊ ရဟန်းတို့အားလည်း။ ပရိဝေဏ-ဝိဟာရပတ္တစီဝရာဒီသု၊ ပရိဝုဏ်, ကျောင်း,သပိတ်,သင်္ကန်းတို့တွင်။ အည-တရံ၊ တပါးပါးကို။ ပတ္ထေတိ၊ တောင့်တ၏။ ဣတိဧဝံ၊ ဤသို့။ ပဉ္စကာမ-ဂုဏ သင်္ခါတာနိ၊ ကာမဂုဏ်ငါးပါးဟု ဆိုအပ်ကုန်သော။ ပုပ္ဖါနိဧဝ၊ ပန်း တို့ကိုလျှင်။ ပစိနန္တံ၊ ရွေးချယ်စိစစ်လျက်။ သမ္ပတ္တေဝါကာမဂုဏေ၊ သမ္ပတ္တ ဖြစ်သော ကာမဂုဏ်၌ရင်း။ အသမ္ပတ္တေဝါကာမဂုဏေ၊ အသမ္ပတ္တဖြစ်သော ကာမဂုဏ်၌ရင်း။ ဗျာသတ္တမနသံ နရံ၊ အလွန် ကပ်ငြိတတ်သော စိတ်ရှိ သော သူကို။ သုတ္တံဂါမန္တိ၊ ဟူသည်ကား။ ဂါမဿ၊ ရွာသူ ရွာသား

အပေါင်း၏။ ဂေဟာဘိတ္တိအာဒီနံပန၊ အိမ်နံရံ စသည်တို့၏ ကား။ သုပန-ဝသေန၊ အိပ်ခြင်း၏ အစွမ်းဖြင့်။ သုပနံနာမ၊ အိပ်ခြင်း မည်သည်။ နတ္ထိ၊ မရှိ။ သတ္တာနံပန၊ သတ္တဝါ တို့၏ကား။ သုတ္တ ပမတ္တတံ၊ အိပ် ပျော်ခြင်း ဟူသော မေ့လျော့ခြင်းကို။ ဥပါဒါယ၊ စွဲ၍။ သုတ္တော-နာမ၊ အိပ်ပျော်ခြင်း မည်သည်။ ဟောတိ၊ ဖြစ်၏။ ဝံ၊ ဤသို့။ သုတ္တံ၊ အိပ်ပျော်သော။ ဂါမံ၊ လူအပေါင်းကို။ ဒွေ တီဏိ ယောဇနာနိ၊ နှစ်ယူ ဇနာ သုံးယူဇနာ တိုင်တိုင်။ အာယတဂမ္ဘီရော၊ ရှည် လျား သဖြင့် အစောက်လည်း နက်လှသော။ မဟောဃော၊ ကြီးစွာသော ရေအယဉ် သည်။ ဂစ္ဆတိက္လဝ၊ စီးသွားသကဲ့သို့။ မစ္စု၊ သေမင်းသည်။ အာဒါယ၊ ခေါ်ငင်၍။ဂစ္ဆတိ၏။သောမဟောဃော၊ထိုကြီးစွာသောရေအယဉ်သည်။ ဣတ္ထိ ပုရိသ ဂေါ မဟိံသ ကုက္ကုဋ္ဌာဒီသု၊ မိန်းမ,ယောကျ်ား,နွား,ကျွဲ, ကြက် စသည်တို့တွင်။ ကိဉ္စိ၊ တစုံတခုကို။ အနဝသေသေတွာ၊ မကြွင်းစေ မူ၍။ သဗ္ဗံ၊ အလုံးစုံသော။ တံဂါမံ၊ ထိုသတ္တဝါအပေါင်းကို။ သမုဒ္ဒံ၊ သမုဒ္ဒရာသို့။ ပါပေတွာ၊ ရောက်စေ၍။ မစ္ဆ ကစ္ဆပ ဘက္ခံ၊ ငါး, လိပ်တို့၏ အစာကို။ ကရောတိယထာ၊ ပြုသကဲ့သို့။ ဝေမေဝ၊ ဤအတူသာလျှင်။ ဗျာသတ္တ မနသံ၊ ကာမဂုဏ်ငါးပါး၌ အလွန်ကပ်ငြိတတ်သော စိတ်ရှိသော။ နရံ၊ သတ္တဝါကို။ မစ္စု၊ သေမင်းသည်။ အာဒါယ၊ ဆွဲငင်၍။ အဿ၊ ထို သတ္တဝါ၏။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ စတူသု အပါယ သမုဒ္ဒေသု၊ အပါယ်လေးပါးတည်းဟူသော သမုဒ္ဒရာတို့၌။ နိမုဇ္ဇာပေတိ၊ ငုပ်စေ၏။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာပရိယောသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပတ္တာ၊ ရောက်ကုန်၏။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ၊ အကျိုးရှိသော။ ဒေသနာ၊ ဒေသနာသည်။ ဇာတာ၊ ဖြစ်၏။ ။ဣတိ ပရိသမာပနံ၊ လေးခုတို့၏ ပြည့်ကြောင်းဖြစ်သော ပုပ္ဖဝဂ်၌ သုံးခုမြောက် ဖြစ်သော ဝိဋ္ဋူဘဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

တတိယံ၊ သော။ ဝိဋ္ဋူဘ ဝတ္ထု၊ တည်း။

---

## ၄ ပုပ္ဖဝဂ္ဂ၊ ၄-ပတိပူဇိကကုမာရိ ဝတ္ထု

အနုသန္ဓေ.... ဝိဋ္ဋူဘဝတ္ထု၌ ဟောရာ ဟောကြောင်းဖြစ်သော ပုပ္ဖါနိ အစရှိသောဂါထာ၏ အတ္ထဝဏ္ဏနာကို ပြုပြီး၍ ယခုအခါ၌ ပတိပူဇိက ကုမာရိ ဝတ္ထု၌ ဟောရာဟောကြောင်းဖြစ်သောဂါထာ၏ အတ္ထဝဏ္ဏနာကိုပြုလိုသော အရှင်ဗုဒ္ဓဃောသ ဆရာသည် ပုပ္ဖါနိဟေဝ ဝါတိ-စသည်ကို မိန့်အပ်၏။

ပုပ္ဖါနိဟေဝ ဝါတိ ဣမံ ဓမ္မဒေသနံ၊ ပုပ္ဖါနိဟေဝ-စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ပတိပူဇိကံ နာမ၊ ပတိပူဇိကာ အမည်ရှိသော။ ကုမာရိကံ၊ သတို့သမီးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဝတ္ထု၊ ဝတ္ထုသည်။ တာဝတိံသ ဒေဝလောကေ၊ တာဝတိံသာ နတ်ပြည်၌။ သမုဋ္ဌိတံ၊ ဖြစ်၏။

ကိရ၊ ကြားဘူးသည်ကား။ တတ္ထ၊ ထိုတာဝတိံသာနတ်ပြည်၌။ မာလ-ဘာရီနာမ၊ မာလဘာရီ အမည်ရှိသော။ ဒေဝပုတ္တော၊ နတ်သားသည်။ အစ္ဆရာသဟဿ ပရိဝုတော၊ နတ်သမီးတထောင်ခြံရံလျက်။ ဥယျာနံ၊ ဥယျာဉ်သို့။ ပါဝိသိ၊ ဝင်လေ၏။ ပဉ္စသတာ၊ ငါးရာကုန်သော။ ဒေဝ-ဓီတရော၊ နတ်သမီးတို့သည်။ ရုက္ခံ၊ ပန်းပင်သို့။ အာရုယှ၊ တက်ကုန်၍။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ပါတေန္တိ၊ ဆွတ်ချကုန်၏။ ပဉ္စသတာ၊ ငါးရာကုန်သော။ ဒေဝဓီတာ၊ နတ်သမီးတို့သည်။ ပတိတာနိ၊ ကြွေကျလာကုန်သော။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ဂဟေတွာ၊ ယူ၍။ ဒေဝပုတ္တံ၊ နတ်သားကို။ အလင်္က-ရောန္တိ၊ နတ်တန်းဆာဆင်ကုန်၏။ တာသု၊ ထိုနတ်သမီးတို့တွင်။ ဧကာ ဒေဝ-ဓီတာ၊ နတ်သမီးတယောက်သည်။ ရုက္ခသာခါယမေဝ၊ သစ်ခက်၌သာလျှင်။ စုတာ၊ သေသည်ရှိသော်။ သရီရံ၊ ကိုယ်အလုံးသည်။ ဒီပသိခါဝိယ၊ ဆီမီးလျှံကဲ့သို့ဖြစ်၍။ နိဗ္ဗာယိ၊ ငြိမ်း၏။ သာ၊ ထိုနတ်သမီးသည်။ သာဝတ္ထိယံ၊ သာဝတ္ထိ ပြည်၌။ ဧကသ္မိံ ကုလဂေဟေ၊ တယောက်သော အမျိုးအိမ်၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဟေတွာ၊ ယူ၍။ ဇာတကာလေ၊ ဖွားသောအခါ၌။ ဇာတိ-သရာ၊ ဇာတိဿရဉာဏ်ကို ရသည်။ ဟုတွာ၊ ဖြစ်၍။ မာလဘာရီဒေဝ-ပုတ္တဿ၊ မာလဘာရီမည်သော နတ်သား၏။ (အချို့စာ၌ မာလဓာရီဒေဝ-ပုတ္တဿ-ဟု ရှိ၏။ 'ပန်းကို ဆောင်၍ တန်းဆာဆင်လေ့ရှိသော နတ်သား' ဟု ပေးလေ။ ဘာရီသဒ္ဒါ, ဓာရီသဒ္ဒါတို့ကား အနက်တူ။) ဘရိယာ၊ မယားသည်။

အမိုတိ၊ ဖြစ်ဘူး၏ဟု။ အနုဿရန္တီ၊ အောက်မေ့လျက်။ ဝုဍ္ဎိမန္တာယ၊ ကြီးရင့်သော အရွယ်သို့ ရောက်သည်ရှိသော်။ ဂန္ဓမာလာဒီဟိ၊ နံ့သာပန်း စသည်တို့ဖြင့်။ ပူဇံ၊ ပူဇော်ခြင်းကို။ ကတွာ၊ ပြု၍။ သာမိကဿ၊ လင်ဖြစ်သော နတ်သား၏။ သန္တိကေ၊ ၌။ အဘိနိဗ္ဗတ္တတု၊ တဘန် ဖြစ်စေသတည်း။ ဣတိ၊ သို့။ ပတ္ထေသိ၊ တောင့်တ၏။ သာ၊ ထိုသတို့သမီးသည်။ သောဠသဝဿ-ကာလေ၊ တဆယ့်ခြောက်နှစ်ရှိသောအခါ၌။ ပရကုလံ၊ လင်ရှိရာ အိမ်သို့။ ဂတာပိ၊ လိုက်ရသော်လည်း။ သလာကဘတ္တ ပက္ခိကဘတ္တ ဝဿာဝါသိကာ-ဒီနိ၊ စာရေးတံဆွမ်း, လဆန်းပက္ခ, လဆုတ်ပက္ခ၌ လှူအပ်သောဆွမ်း,ဝါဆို သင်္ကန်း-စသည်တို့ကို။ ဒတွာ၊ ၍။ အယံ၊ ဤကုသိုလ်ကောင်းမှုသည်။ မေ၊ ငါ၏။ သာမိကဿ၊ လင်ဖြစ်သော နတ်သား၏။ သန္တိကေ၊ အထံ၌။ နိဗ္ဗတ္တနတ္ထာယ၊ ဖြစ်စေခြင်းအကျိုးငှါ။ ပစ္စယော၊ အကြောင်းသည်။ ဟောတု၊ ဖြစ်စေသတည်း။ ဣတိ၊ ဤသို့ ဆုတောင်းခြင်းကို။ ဝဒတိ၊ ဆို၏။

အထ၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ အယံ ကုမာရိကာ၊ သည်။ သယံ၊ ကိုယ်တိုင်။ ဥဋ္ဌာယ၊ လုံ့လပြု၍။ သမုဋ္ဌာယ၊ လွန်စွာ အားထုတ်၍။ ပတိမေဝ၊ လင်ကိုသာလျှင်။ ပတ္ထေတိ၊ တောင့်တ၏။ ဣတိ၊ ထို့ကြောင့်။ ပတိပူဇိကာတိ နာမံ၊ ပတိပူဇိကာ ဟူသော အမည်ကို။ ကရိံသု၊ မှည့်ကုန်၏။ သာပိ၊ ထိုသတို့သမီးသည်လည်း။ နိဗဒ္ဓံ၊ မပြတ်။ အာသနသာလံ၊ ဆွမ်းစားစရပ်ကို။ ပဋိဇဂ္ဂတိ၊ သုတ်သင်၏။ ပါနီယံ၊ ရေကို။ ဥပဋ္ဌပေတိ၊ တည်ထား၏။ အာသနာနိ၊ နေရာတို့ကို။ ပညပေတိ၊ ခင်း၏။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ မနုဿာ၊ တို့သည်။ သလာက ဘတ္တာဒီနိ၊ စာရေးတံ ဆွမ်း-စသည်တို့ကို။ ဒါတုကာမာ၊ လှူလို ကုန်သည်ရှိသော်။ အမ္မ၊ အမိ။ ဣမာနိပိ၊ ဤလှူဘွယ် ဝတ္ထုတို့ကို လည်း။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ပဋိပါဒေယျာသိ၊ ဆောက်နှင်းပါကုန်လော့။ ဣတိဝတွာ၊ ဤသို့ ဆိုသည်ရှိသော်။ အာဟရိတွာ၊ ဆောင်၍။ ဒေန္တိ၊ လှူကုန်၏။ သာပိ၊ ထိုသတို့သမီးသည်လည်း။ ဧတေန-နိယာမေန၊ ဤသို့သော နည်းဖြင့်။ အာဂစ္ဆန္တီပိ၊ လာစဉ်လည်းကောင်း။ ဂစ္ဆန္တီပိ၊ သွားစဉ်လည်းကောင်း။ ဧကပဒဝါရေ၊ တကြိမ် ဘဝါးလှမ်းရာ၌။ ဆပညာသ ကုသလစေတနာ၊ ငါးဆယ့်ခြောက်ပါးသော ကုသိုလ်တို့ကို။ ပဋိ-လဘိ၊ ရ၏။ တဿာ၊ ထိုသတို့သမီး၏။ ကုစ္ဆိယံ၊ ဝမ်း၌။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ သမုဋ္ဌာတိ၊ တည်၏။ သာ၊ ထိုပတိပူဇိကာ မည်သော သတို့သမီးသည်။

ဒသမာသစ္စယေန၊ ဆယ်လလွန်သဖြင့်။ ပုတ္တံ၊ ကို။ ဝိဇာယိ၊ ဖွားမြင်၏။ တဿ၊ ထိုသားငယ်၏။ ပဒသာ ဂမနကာလေ၊ ခြေဖြင့် သွားနိုင်သော ကာလ၌။ အညံပိ၊ တပါးလည်း ဖြစ်သော။ ပုတ္တံ၊ သားကို။ ဝိဇာယိ၊ ဖွား၏။ ဣတိ၊ ဤသို့သော နည်းဖြင့်။ စတ္တာရော ပုတ္တေ၊ သားလေးယောက်တို့ကို။ ပဋိလဘိ၊ ရ၏။

သာ၊ ထိုသတို့သမီးသည်။ ကေဒိဝသံ၊ တနေ့သ၌။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ ပူဇံ၊ ပူဇော်ခြင်းကို။ ကတွာ၊ ပြု၍။ ဓမ္မံ၊ တရားကို။ သုတွာ၊ နာ၍။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ရက္ခိတွာ၊ စောင့်ရှောက်၍။ ဒိဝသ ပရိယောသာနေ၊ နေ့ရက်အဆုံး၌။ တံခဏံ၊ ထိုခဏ၌။ နိဗ္ဗတ္တေန၊ ဖြစ်သော။ ကေနစိ ရောဂေန၊ တစုံတခုသော အနာကြောင့်။ ကာလံကတွာ၊ သေခြင်းကို ပြု၍။ အတ္တနော၊ မိမိ၏။ သာမိကဿ၊ လင်ဖြစ်သော နတ်သား၏။ သန္တိကေဝ၊ ၌သာလျှင်။ နိဗ္ဗတ္တိ၊ ဖြစ်၏။ ဣတရာပိ၊ တာဝတိံသာ နတ်ပြည်ကရှိသော နတ်သမီးတို့သည်လည်း။ ဧတ္တကံ ကာလံ၊ ဤမျှလောက်သော ကာလပတ်လုံး။ ဒေဝပုတ္တံ၊ နတ်သားကို။ အလင်္ကရောန္တိဝေ၊ တန်းဆာဆင်ကုန်သလျှင်ကတည်း။ ဒေဝပုတ္တော၊ သည်။ တံ၊ ထိုပတိပူဇိကာနတ်သမီးကို။ ဒိသွာ၊ မြင်၍။ တွံ၊ သည်။ ပါတောဝ၊ နံနက်ကလျှင်။ ပဋ္ဌာယ၊ စ၍။ နဒိဿတိ၊ မမြင်။ ကုဟိံ၊ အဘယ်အရပ်သို့။ ဂတာ၊ သွားသည်။ အသိ၊ ဖြစ်လေဘိသနည်း။ ဣတိအာဟ၊ ဤသို့မေး၏။ သာမိ၊ အရှင်နတ်မင်း။ စုတာ၊ စုတေခြင်းသည်။ အမှိ၊ ဖြစ်ရချေ၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ ကိံ ဝဒေသိ၊ အဘယ်သို့ သင်ဆိုဘိသနည်း။ ဣတိ၊ ဤသို့မေး၏။ သာမိ၊ အရှင်နတ်မင်း။ ဧဝံ၊ ဤသို့ သေခြင်းသဘောသည်။ ဧဝံ၊ မချွတ်မလွဲ ဖြစ်သည့်မှန်၏။ ဣတိ၊ ဤသို့ လျှောက်သည်ရှိသော်။ ကုဟိံ၊ အဘယ်အရပ်၌။ နိဗ္ဗတ္တာ၊ ဖြစ်ခဲ့သည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ကုလဂေဟေ၊ တဦးသော အမျိုးအိမ်၌ဖြစ်၏။ ဣတိ၊ ဤသို့ ပြောဆို၏။ တတ္ထ၊ ၌။ ကိတ္တကံ ကာလံ၊ အဘယ်မျှ ကာလပတ်လုံး ဌိတာ၊ နေခဲ့သည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့မေးလတ်သော်။ ဒသမာသစ္စယေန၊ ဆယ်လလွန်သဖြင့်။ မာတုကုစ္ဆိတော၊ အမိဝမ်းမှ။ နိက္ခမိတွာ၊ ဖွားမြင်၍။ သောဠသ ဝဿကာလေ၊ တဆယ့်ခြောက်နှစ်ရှိသောအခါ၌။ ပရကုလံ၊ လင့်အိမ်သို့။ ဂန္တွာ၊ ရောက်၍။ စတ္တာရော ပုတ္တေ၊ သားလေးယောက်တို့ကို။ ဝိဇာယိတွာ၊ ဖွားမြင်ပြီး၍။ ဒါနာဒီနိ၊

အလှူပေးခြင်း အစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကတွာ၊ ပြု၍။ တုမေ့၊ အရှင်နတ်မင်းတို့ကို။ ပတ္ထေတွာ၊ တောင့်တ၍။ အာဂန္တွာ၊ လာ၍။ သာမိ၊ အရှင်နတ်မင်း။ တုမှာကမေဝ၊ အရှင်နတ်မင်းတို့၏သာလျှင်။ သန္တိ-ကေ၊ အထံ၌။ နိဗ္ဗတ္တာ၊ ဖြစ်လာသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။

မနုဿာနံ၊ လူတို့၏။ အာယု၊ အသက်ကား။ ကိတ္တကံ၊ အဘယ်မျှ နေခဲ့ သနည်း။ ဣတိ၊ ဤသို့ မေး၏။ ဝဿသတ မတ္တံ၊ အနှစ်တရာမျှ ကာလပတ် လုံး နေခဲ့၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ တွေကမေဝ၊ ဤမျှ အနှစ်တရာ နေသည် မှန်၏လော။ ဣတိ၊ ဤသို့မေး၏။ သာမိ၊ အရှင်နတ်မင်-။ အာမ၊ အနှစ်တရာကြာသည် မှန်၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ တွေကံ၊ ဤမျှ လောက်သော။ အာယုံ၊ အသက်ကို။ ဂဟေတွာ၊ ယူ၍။ နိဗ္ဗတ္တ မနုဿာ၊ ဖြစ်ကုန်သော လူတို့သည်။ ကိံ နုခေါ၊ အဘယ်သို့လျှင်။ သုတ္တာပမတ္တာ၊ အိပ်ပျော်ခြင်း, မေ့လျော့ခြင်း ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ကာလံ၊ ကာလကို။ အတိက္ကာမေန္တိ၊ လွန်စေကုန်ဘိသလော။ ဥဒါဟု၊ ထိုသို့မဟုတ် မူကား။ ဒါနာဒီနိ၊ အလှူပေးခြင်း အစရှိကုန်သော။ ပုညာနိ၊ ကောင်းမှု တို့ကို။ ကရောန္တိ၊ ပြုကုန်သလော။ ဣတိ၊ ဤသို့မေး၏။ သာမိ၊ အရှင်နတ် မင်း။ ကိံ ဝဒေထ၊ အဘယ်သို့ ဆိုတော်မူကုန်ဘိသနည်း။ အသင်္ချေယျံ၊မရေ တွက်နိုင်သော။ အာယုံ၊ အသက်ကို။ ဂဟေတွာ၊ ၍။ နိဗ္ဗတ္တာဝိယ၊ ဖြစ်လေ ဟန်ကဲ့သို့။ အဇရာဝိယ၊ မအိုနိုင်ဘိသကဲ့သို့။ အမရာဝိယ၊ မသေဘဲ နေအံ့ သကဲ့သို့။ မနုဿာ၊ တို့သည်။ နိစ္စံ၊ အမြဲ။ ပမတ္တာ၊ မေ့လျော့ကုန်၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။

မာလဘာရီ ဒေဝပုတ္တဿ၊ မာလဘာရီ နတ်သားအား။ မဟာသံဝေ-ဂေါ၊ ကြီးစွာသော ထိတ်လန့်ခြင်းသည်။ ဥဒပါဒိ၊ ဖြစ်၏။ ဝဿသတ မတ္တံ၊ အနှစ်တရာမျှဖြစ်သော။အာယုံ၊အသက်ကို။ဂဟေတွာ၊ယူ၍။နိဗ္ဗတ္တမနုဿာ၊ ဖြစ်ကုန်သောလူတို့သည်။ပမတ္တာ၊မေ့လျော့ကုန်လျက်၊နိပဇ္ဇိတွာ၊ လျောင်း ၍။နိဒ္ဒါယန္တိကိရ၊အိပ်ကုန်ဘိ၏တကား။ကဒါ နုခေါ၊ အဘယ်အခါမှလျှင်။ ဒုက္ခာ၊ ဝဋ်ဆင်းရဲမှ။မုစ္စိဿန္တိ၊လွတ်ကုန်လတ္တံ့နည်း။ဣတိ၊ဤသို့ဆို၏။ မနု-ဿာနံ၊လူတို့၏။ဝဿသတံပန၊အနှစ်တရာကိုကား။အမှာကံ တာဝတိံသာနံ ဒေဝါနံ၊ငါတို့တာဝတိံသာနတ်တို့အား။ဧကော ရတ္တိန္ဒိဝေါ၊ တညဉ့် တနေ့ မျှဖြစ်၏။ တာယ ရတ္တိယာ၊ထိုနေ့ညဉ့်ဖြင့်။တိံသရတ္တိယော၊ညဉ့်သုံးဆယ်တို့

သည်။ မာသော၊ တလမည်၏။ တေနမာသေန၊ ထိုလဖြင့်။ ဒွါဒသ မာသိ-
ကော၊ တဆယ့်နှစ်လသည်။ သံဝစ္ဆရော၊ တနှစ်မည်၏။ တေန သံဝစ္ဆရေန၊
ထိုနှစ်ဖြင့်။ ဒိဗ္ဗဝဿသဟဿံ၊ နတ်၌ဖြစ်သော အနှစ်တထောင်သည်။ အာ-
ယုပ္ပမာဏံ၊ အသက်အပိုင်းအခြား အတိုင်းအရှည်မည်၏။ တံ၊ ထိုအသက်အ
ပိုင်းအခြားအတိုင်းအရှည်ကို။ မနုဿဂဏနာယ၊ လူတို့၏အရေအတွက်ဖြင့်။
တိသော ဝဿကောဋိယော၊ အနှစ်သုံးကုဋေတို့သည်လည်းကောင်း။ သဋ္ဌိစ
ဝဿသတသဟဿာနိ၊ အနှစ်ခြောက်သန်းတို့သည်လည်းကောင်း။ ဟောန္တိ၊
ဖြစ်ကုန်၏။ တသ္မာ၊ ထိုကြောင့်။ တဿ ဒေဝပုတ္တဿ၊ ထိုနတ်သားအား။
ဧကဒိဝသောပိ၊ တရက်မျှလည်း။ နာတိက္ကန္တော၊ မလွန်။ မုဟုတ္တသဒိသော၀၊
တမဟုတ်နှင့် တူသည်သာလျှင် ဖြစ်သော။ ကာလော၊ အခါသည်။ အဟော-
သိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ အပ္ပါယုကာနံ၊ နည်းသောအသက်ရှိကုန်သော။
မနုဿာနံ၊ လူတို့၏။ ပမာဒေါနာမ၊ မေ့လျော့ခြင်းမည်သည်။ အတိဝိယ၊
အလွန်လျှင်။ အယုတ္တော၊ မသင့်ချေတကား။ ဣတိ၊ ဤသို့ ဆို၏။

ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဂါမံ၊ ရွာသို့။
ပဝိဋ္ဌာ၊ ဝင်ကုန်သည်ရှိသော်။ အာသနသာလံ၊ ဆွမ်းစားဇရပ်ကို။ အပ္ပဋိ-
ဇဂ္ဂိတံ၊ မသုတ်မသင်အပ်သည်ကို။ အာသနာနိ၊ နေရာတို့ကို။ အပညတ္တာနိ၊
မခင်းသည်တို့ကို။ ပါနီယံ၊ ရေကို။ အနုပဋ္ဌပိတံ၊ မတည်မထားအပ်သည်ကို။
ဒိသွာ၊ မြင်သည်ရှိသော်။ ပတိပူဇိကာ၊ ပတိပူဇိကာမည်သော သတို့သမီး
သည်။ ကဟံ၊ အဘယ်သို့သွားလေသနည်း။ ဣတိအာဟံသု၊ ဤသို့ဆိုကုန်၏။
ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကဟံ၊ အဘယ်အခါ
၌။ တံ၊ ကို။ ဒက္ခိဿထ၊ မြင်ကုန်သနည်း။ ဟိယျော၊ ယမန်နေ့က။
အဿျသု၊ အရှင်ဘုရားတို့သည်။ ဘုဉ္ဇိတွာ၊ ဆွမ်းဘုန်းပေး၍။ ဂတေသု၊
ကြွကုန်သည်ရှိသော်။ သာယနှသမယေ၊ ညချမ်းအခါ၌။ မတာ၊ သေ၏။
ဣတိ၊ ဤသို့လျှောက်၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ပုထုဇ္ဇနာ၊
ပုထုဇဉ်ဖြစ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ တဿာ၊ ထိုပတိပူဇိကာ
သတို့သမီး၏။ ဥပကာရံ၊ ကျေးဇူးကို။ သရန္တာ၊ အောက်မေ့ကုန်လျက်။
အဿူနိ၊ မျက်ရည်တို့ကို။ သန္ဓာရေတုံ၊တည်တံ့စွာခိုင်စေခြင်းငှါ။ နာသက္ခိံ-
သု၊ မတတ်နိုင်ကုန်။ ခီဏာသဝါနံ၊ရဟန္တာ ပုဂ္ဂိုလ်တို့အား။ ဓမ္မသံဝေဂေါ၊
တေဘုမ္မိက ဓမ္မ၌ဖြစ်သော ထိတ်လန့်ခြင်းသည်။ ဥဒပါဒိ၊ ၏။ တေ၊ ထို
ရဟန်းတို့သည်။ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ ကတွာ၊ ပြု၍။ ဝိဟာရံ၊

ကျောင်းသို့။ ဂန္တွာ၊ ရောက်၍။ သတ္ထာရံ၊ ဘုရားသခင်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပုစ္ဆိံသု၊ မေးလျှောက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ပတိပူဇိကာနာမ၊ ပတိပူဇိကာ အမည်ရှိသော။ ဥပါသိယာ၊ ဒါယိကာမသည်။ ဥဋ္ဌာယ၊ ထကြွလုံ့လပြုခြင်းဖြင့်။ သမုဋ္ဌာယ၊ ကိုယ်တိုင်အားထုတ်ခြင်းဖြင့်။ နာနပ္ပကာရာနိ၊ အထူးထူးအပြားပြားရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကတွာ၊ ပြု၍။ သာမိကမေဝ၊ လင်ကိုသာလျှင်။ ပတ္ထေသိ၊ တောင့်တ၏။ သာ၊ ထိုသတို့သမီးသည်။ ဣဒါနိ၊ ယခုအခါ၌။ မတာ၊ သေခဲ့ပြီ။ ကဟံနု-ခေါ၊ အဘယ်အရပ်၌လျှင်။ နိဗ္ဗတ္တာ၊ ဖြစ်လေသနည်း။ ဣတိ၊ ဤသို့လျှောက်ကုန်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အတ္တနော၊ မိမိ၏။ သာမိကဿေဝ၊ လင်ဖြစ်သောနတ်သား၏သာလျှင်။ သန္တိကေ၊ ၌။ နိဗ္ဗတ္တာ၊ ဖြစ်လေ၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ သာမိကဿ၊ သာဝတ္ထိပြည်သားလင်၏။ သန္တိကေ၊ အထံ၌။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့လျှောက်ရာ၌။ ဘိက္ခဝေ၊ ရဟန်းတို့။ သာ၊ ထိုပတိပူဇိကာသည်။ တံ သာမိကံ၊ ဤလူ့ပြည်၌ဖြစ်သော လင်ကို။ န ပတ္ထေတိ၊ မတောင့်တ။ တာဝတိံသဘဝနေ၊ တာဝတိံသာနတ်ပြည်၌။ တဿာ၊ ထိုပတိပူဇိကာမည်သော အလှူဒါယိကာမ၏။ မာလဘာရီဒေဝပုတ္တောနာမ၊ မာလဘာရီ နတ်သားအမည်ရှိသော။ သာမိကော၊ လင်သည်။ ဟောတိ၊ ဖြစ်၏။ သာ၊ ထိုပတိပူဇိကာမည်သော ဒါယိကာမသည်။ တဿ၊ ထိုမာလဘာရီနတ်သားအား။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ပိလန္ဓနဋ္ဌာနတော၊ ပန်ဆင်ရာအရပ်မှ။ စဝိတွာ၊ စုတေခဲ့၍။ ပုန၊ တဖန်။ ဂန္တွာ၊ သွား၍။ တဿေဝ၊ ထိုနတ်သား၏လျှင်။ သန္တိကေ၊ အထံ၌။ နိဗ္ဗတ္တာ၊ ဖြစ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ သာ၊ ထိုပတိပူဇိကာ ဒါယိကာမသည်။ ဧဝံကိရ၊ ဤသို့ နတ်ပြည်၌ ဖြစ်သည်မှန်ပါသလော။ ဣတိ ဤသို့ လျှောက်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ကြောင် ဖြစ်သည်မှန်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ သတ္တာနံ၊ သတ္တဝါတို့၏။ ဇီဝိတံ၊ အသက်သည်။ အဟောပရိတ္တံ၊ကြောင်နည်းလှစွာ၏။ ပါတောဝ၊ နံနက်အခါ၌လျှင်။ အမှေ၊ အကျွန်ုပ်တို့ကို။ ပရိဝိသိတွာ၊ ဆွမ်းလုပ်ကျွေးပါလျက်။ သာယံ၊ ၌။ ဥပ္ပန္နဗျာဓိနာ၊ ဖြစ်သောအနာဖြင့်။ မတာ၊ သေခဲ့၏။ ဣတိ၊ ဤသို့ လျှောက်သည်ရှိသော်။ ❀ သတ္ထာ၊ ဘုရားသခင်သည်။ ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တာနံ၊

သတ္တဝါတို့၏။ ဇီဝိတံနာမ၊ အသက်ရှည်ခြင်း မည်သည်ကား။ အာမ ပရိတ္တံ၊ ဧကြာဉ်နည်းသည်မှန်၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဣမေ သတ္တေ၊ ဤသတ္တဝါတို့ကို။ ဝတ္ထုကာမေဟိစေဝ၊ ဝတ္ထုကာမတို့ဖြင့် လည်းကောင်း။ ကိလေသ ကာမေဟိစ၊ ကိလေသကာမတို့ဖြင့် လည်းကောင်း။ အတိတ္တေဝေ၊ တောင့်တင့်ကွက်လျက်လျှင်။ အန္တကော၊ သေမင်းသည်။ အတ္တနော၊ မိမိ၏။ ဝသေ၊ အလိုနိုင်ငံသို့။ ဝတ္တေတွာ၊ လိုက်စေ၍။ ကန္ဒန္တေ၊ ငိုကြွေးစဉ်။ ပရိဒေဝန္တေ၊ မြည်တမ်းစဉ်။ ဂဟေတွာ၊ ယူ၍။ ဂစ္ဆတိ၊ သွား၏။ဣတိဝတွာ၊ဤသို့မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၄၈) မာလာကာရော၊ပန်းသည်သည်။ပုပ္ဖါနိ၊ပန်းတို့ကို။ပစိနန္တံဧဝ၊ ရွေးချယ်စိစစ်၍ ဆွတ်သကဲ့သို့။ ပုပ္ဖါနိ၊ ကာမဂုဏ်ငါးပါး တည်းဟူသော ပန်းတို့ကို။ ပစိနန္တံဟေဝ၊ ဆွတ်လျက်သာလျှင်။ ဗျာသတ္တ မနသံ၊ အထူးထူး အပြားပြားဖြင့် ကပ်ငြိသော စိတ်ရှိသော။ နရံ၊ သတ္တဝါကို။ ကာမေသု၊ ဝတ္ထုကာမ, ကိလေသကာမတို့၌။ အတိတ္တံယေဝ၊ ရှာခြင်း သုံးဆောင်ခြင်း ဆည်းပူးခြင်း၏ အစွမ်းအားဖြင့် မရောင့်ရဲမီခင်လျှင်။ အန္တကော၊ သေမင်း သည်။ ဝသံ၊ မိမိအလို နိုင်ငံသို့။ ကုရုတေ၊ ပြု၏။ ဣတိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ပုပ္ဖါနိဟေဝ ပစိနန္တန္တိ၊ ဟူသည်ကား။ ပုပ္ဖါရာမေ၊ ပန်းအာရာမ်၌။ မာလာကာရော၊ ပန်းသည်သည်။ နာနာပုပ္ဖါနိ၊ အထူးထူး သော ပန်းတို့ကို။ ဩစိနန္တောဝိယ၊ ရွေးချယ်စိစစ်၍ဆွတ်သကဲ့သို့။ အဇ္ဈ-တ္တိကဝတ္ထုပဋိဗဒ္ဓါနိ စေဝ၊ အတ္တဘောနှင့် စပ်သည်လည်း ဖြစ်ကုန်သော။ ဥပက-ရဏ ပဋိဗဒ္ဓါနိစ၊ အဆောက်အဦနှင့် စပ်သည်လည်းဖြစ်ကုန်သော။ ကာမ-ဂုဏပုပ္ဖါနိ၊ ကာမဂုဏ်ငါးပါး တည်းဟူသော ပန်းတို့ကို။ ဩစိနန္တမေဝ၊ ဆွတ်သည်သာလျှင်ဖြစ်သော။ ဗျာသတ္တ မနသံ နရန္တိ၊ နရံ ဟူသည်ကား။ အသမ္ပတ္တေသု၊ အသမ္ပတ္တဖြစ်သော အာရုံတို့၌။ ပတ္ထနာဝသေန၊ တောင့်တ သည်၏ အစွမ်းဖြင့်။ သမ္ပတ္တေသု၊ ရောက်ပြီးသော အာရုံတို့၌။ ဂေဓ ဝသေန၊ တပ်မက်မောသည်၏ အစွမ်းဖြင့်။ ဝိဝိဓေနာကာရေန၊ အထူးထူးသော အပြားဖြင့်။ အာသတ္တစိတ္တံ၊ ကပ်ငြိသော စိတ်ရှိသော။ အတိတ္တံယေဝ-ကာမေသူတိ၊ ဟူသည်ကား။ ဝတ္ထုကာမ ကိလေသကာမေသု၊ ဝတ္ထုကာမ ကိလေသကာမတို့၌။ ပရိယေသနေနပိ၊ ရှာမှီးခြင်းဖြင့် လည်းကောင်း။

ပဋိလာဘေနပိ၊ ရခြင်းဖြင့် လည်းကောင်း။ ပရိဘောဂေနပိ၊ သုံးဆောင်ခြင်းဖြင့် လည်းကောင်း။ နိခာနေနပိ၊ တည်ထားခြင်းဖြင့် လည်းကောင်း။ ဝါ၊ သိမ်းဆည်းရုံးစုခြင်းဖြင့် လည်းကောင်း။ အတိတ္တံဝေ၊ မရောင့်ရဲမိလျှင်။ သမာနံ၊လျက်။ အန္တကော ကုရုတေ ဝသန္တိ၊ ဟူသည်ကား။ မရဏသင်္ခါ-တော၊သေခြင်းဟုဆိုအပ်သော။အန္တကော၊ သေမင်းသည်။ ကန္ဒန္တံ၊ ငိုကြွေးစဉ်။ ပရိဒေဝန္တံ၊ မြည်တမ်းစဉ်။ ဂဟေတွာ၊ ခေါင်၍။ ဂစ္ဆန္တော၊ သွားလျက်။ အတ္တနော၊ မိမိ၏။ ဝသံ၊ အလိုဉ္။ ဝါ၊ အလိုနိုင်ငံသို့။ ပါပေတိ၊ ရောက်စေ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။

ဒေသနာ ပရိယောသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသောလူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပတ္တာ၊ ရောက်ကုန်၏။ ဒေသနာ၊ ဒေသနာသည်။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ၊အကျိုးနှင့်တကွ။ဇာတာ၊ဖြစ်၏။ဣတိပရိသမာပနံ၊ လေးခုတို့၏ ပြည့်ကြောင်း ဖြစ်သော ပုပ္ဖဝဂ်၌ လေးကြိမ်မြောက် ဖြစ်သော ပတိပူဇိက ကုမာရိဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

စတုတ္ထံ၊ သော။ ပတိပူဇိက ကုမာရိဝတ္ထု၊ တည်း။

---

၄-ပုပ္ဖဝဂ္ဂ၊ ၅-မစ္ဆရိယ ကောသိယ သေဋ္ဌိ ဝတ္ထု

အနုသန္ဓေ....ပတိပူဇိက ကုမာရိဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အနက်ကို ဖွင့်ပြီး၍ မစ္ဆရိယသူဌေးဝတ္ထု၌ ဟောအပ်သောဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ ယထာပိ ဘမရော စသည်ကို မိန့်အပ်၏။

ယထာပိ ဘမရော ပုပ္ဖန္တိ ဣမံ ဓမ္မဒေသနံ၊ ယထာပိ ဘမရော ပုပ္ဖံစသော ဤတရားဒေသနာကို။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ မစ္ဆရိယ ကောသိယ သေဋ္ဌိံ၊ ဝန်တိုစဉ်းလဲခြင်း ပျင်းရိခြင်းရှိသော သူဌေးကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ တဿ၊ ထိုသူဌေး၏။ ဝတ္ထု၊ ဝတ္ထုသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သမုဋ္ဌိတံ၊ ဖြစ်၏။

ကိရ၊ ကြားဘူးသည်ကား။ ရာဇဂဟ နဂရဿ၊ ရာဇဂြိုဟ်ပြည်၏။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ သက္ကာရံနာမ၊ သက္ကာရ အမည်ရှိသော။ နိဂမော၊ နိဂုံးရွာသည်။ အဟောသိ၊ ၏။ တတ္ထ၊ ထိုနိဂုံး၌။ အသီတိကောဋိ-

ဝိဘာဝေ၊ ကုဋ္ဌေရှစ်ဆယ် ဥစ္စာကြွယ်ဝသော။ မစ္ဆရိယ ကောသိယေ ာနာမ၊ မစ္ဆရိယ ကောသိယ အမည်ရှိသော။ ကောသေဋ္ဌိ၊ သူဌေးတယောက်သည်။ ပဋိဝသတိ၊ နေ၏။ သော၊ ထိုသူဌေးသည်။ တိဏဂ္ဂေန၊ မြက်ဖျားမျှဖြင့် ဆွတ်ယူအပ်သော။ တေလဗိန္ဒုမ္ပိ၊ ဆီတပေါက်မျှကိုလည်း။ ပရေသံ၊ သူတပါးတို့အား။ နဒေတိ၊ မပေးမလှူ။ အတ္တနာ၊ သည်။ န ပရိဘုဥ္ဇတိ၊ မသုံးဆောင်။ ဣတိ၊ ထို့ကြောင့်။ အဿ၊ ထိုသူဌေးအား။ ဇာတံ၊ ဖြစ်သော။ တံ ဝိဘဝံ၊ ထိုစည်းစိမ် ဥစ္စာသည်။ ပုတ္တဒါရာဒီနံ၊ သား မယား စသော သူတို့သည်လည်း။ အတ္ထံ၊ ကိုယ်နှင့် လျော်စွာဖြစ်သော စည်းစိမ်ချမ်းသာကို။ နေဝအနုဘောတိ၊ မခံစားရ။ သမဏဗြာဟ္မဏာနံ၊ ရဟန်းပုဏ္ဏား တို့သည်လည်း။ အတ္ထံ၊ မိမိအကျိုးစီးပွားကို။ န အနုဘောတိ၊ မခံစာရ။ ရက္ခသ ပရိဂ္ဂဟိတာ၊ ဘီလူးရက္ခိုသ်သည် သိမ်းဆည်းအပ်သော။ ပေါက္ခရဏီဝိယ၊ ရေကန်ကဲ့သို့။ အပရိဘောဂံ၊ မသုံးဆောင်ရသော အဖြစ်၌။ တိဋ္ဌတိ၊ ၏။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဧကဒိဝသံ၊ ၌။ ပစ္စူသ သမယေ၊ မိုးသောက်ထ အခါ၌။ မဟာကရုဏာ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထတော်မူလျက်။ သကလ လောက ဓာတုယံ၊ အလုံးစုံသော လောကဓာတ်၌။ ဗောဓနေယျ ဗန္ဓဝေ၊ ကျွတ်ထိုက်သော သတ္တဝါတို့ကို။ ဩလောကေန္တော၊ ကြည့်တော်မူသည်ရှိသော်။ ပဉ္စ စတ္တာ-လီသယောဇနမတ္ထကေ၊ လေးဆယ့်ငါးယူဇနာထက်၌။ သပဇာပတိကဿ၊ မယားသူဌေးမနှင့်တကွ။ ဝသန္တဿ၊ နေသော။ သေဋ္ဌိနော၊ သူဌေး၏။ သောတာပတ္တိဖလူပနိဿယံ၊ သောတာပတ္တိဖိုလ်ကို ရအံ့သော အကြောင်းကို။ အဒ္ဒသ၊ မြင်တော်မူ၏။

တတော၊ မှ။ ပုရိမဒိဝသေပန၊ ရှေးဖြစ်သော နေ့၌ကား။ သော၊ ထိုသူဌေးသည်။ ရာဇာနံ၊ မင်းကြီးသို့။ ဥပဋ္ဌာတုံ၊ ဆည်းကပ် ခစားခြင်းငှါ။ ရာဇဂေဟံ၊ မင်းအိမ်သို့။ ဂန္တွာ၊ သွား၍။ ရာဇူပဋ္ဌာနံ၊ မင်းအား ခစား ခြင်းကို။ ကတွာ၊ ပြု၍။ အာဂစ္ဆန္တော၊ ပြန်လာခဲ့သည်ရှိသော်။ ဆာတဇ္ဈတ္တံ၊ မွတ်သိပ်ဆာလောင်ခြင်းရှိသော။ ဧကံ ဇနပဒ မနုဿံ၊ ဇနပုဒ်သား လူတယောက်ကို။ ကုမ္မာသ ပူဝဥ္စ၊ မုယောမုံ့ကိုရင်း။ ကပလ္လပူဝဥ္စ၊ အိုးကင်း မုံ့ကိုရင်း။ ခါဒန္တံ၊ စားသည်ကို။ ဒိသွာ၊ ၍။ တတ္ထ၊ ထိုစားအပ်သော မုယောမုံ့-စသည်၌။ ပိပါသံ၊ မွတ်သိပ်ခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ အတ္တနော၊ မိမိ၏။ ဃရံ၊ အိမ်သို့။ ဂန္တွာ၊ ရောက်၍။ စိန္တေသိ၊ ကြံ၏။

အဟံ၊ သည်။ ကပလ္လပူဝံ၊ အိုးကင်းမုန့်ကို။ ခါဒိတုကာမော၊ စားလိုသည်။ အမို၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သစေ ဝက္ခာမိ၊ အကယ်၍ ဆိုသည်ဖြစ်အံ့။ ဗဟူ၊ များစွာကုန်သော။ မနုဿာ၊ လူတို့သည်။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊ တကွ။ ခါဒိတုကာမော၊ စားလိုကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဧဝံ၊ ဤသို့ စားလိုကုန်သည်ရှိသော်။ မေ၊ ၏။ ဗဟူနိ၊ များစွာကုန်သော။ တိလ တဏ္ဍုလ သပ္ပိ ဖာဏိတာဒီနိ၊ ဆီ, ဆန်, ထောပတ်, တင်လဲ စသည်တို့သည်။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ဂမိဿန္တိ၊ ရောက်ကုန်လတ္တံ့။ ကဿစိ၊ တစုံတယောက်သော သူအား။ နကထေဿာမိ၊ မပြောမဆိုအံ့။ ဣတိ၊ ဤသို့ကြံ၍။ တဏှံ၊ စားလိုခြင်းတဏှာဖြင့် တောင့်တအပ်သော အာသာကို။ အဓိဝါသေန္တော၊ သည်းခံလျက်။ ဝိစရတိ၊ သွားလာ၏။ သော၊ ထိုသူဌေးသည်။ ဂစ္ဆန္တေဂစ္ဆန္တေ၊သွားဘန်များလတ်သော်။ ကာလေ၊အခါ၌။ ဥပ္ပဏ္ဍုပ္ပဏ္ဍုက ဇာတော၊ ဖြစ်သော ဖက်ရွက်ရော်ကဲ့သို့ ဖြော့တော့သော အဆင်းရှိသည်။ ဇာတော၊ ဖြစ်၏။ ဓမနိ သန္ထတ ဂတ္တော၊ အကြောတည်းဟူသော ကွန်ရက်ဖြင့် ခင်းအပ်သော ကိုယ်ရှိသည်။ ဇာတော၊ ၏။ တတော၊ ထို့နောက်မှ။ တဏှံ၊ စားလိုခြင်းကို။ အဓိဝါသေတုံ၊ သည်းခံခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်ခြင်းကြောင့်။ ဂဗ္ဘံ၊ တိုက်တွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ မဉ္စကေ၊ ညောင်စောင်း၌။ ဥပဂူဟိတွာ၊ အမှီပြု၍။ ဝါ၊ မဉ္စကံ ဥပဂူဟိတွာ၊ ညောင်စောင်းဖြင့် ကွယ်၍။ နိပဇ္ဇိ၊ အိပ်၏။ ဧဝံ၊ ဤသို့။ ဂတောပိ၊ ရောက်သော်လည်း။ ဓနဟာနိဘယေန၊ ဥစ္စာကုန်အံ့သည်မှ ကြောက်သောကြောင့်။ ကဿစိ၊ တစုံတယောက်သော သူအား။ ကိဉ္စိ၊ တစုံတခွန်းသော စကားကို။ နကထေသိ၊ မပြောမဆို။

အထ၊ ၌။ နံ၊ ထိုသဋ္ဌေးကို။ ဘရိယာ၊ သူဋ္ဌေးမသည်။ ဥပသင်္ကမိတွာ၊ ၍။ ပိဋ္ဌိံ၊ ကျောက်ကုန်း၌။ ပရိမသိတွာ၊ သုံးသပ်၍။ သာမိ၊ ရှင်သူဋ္ဌေး။ တေ၊ သင့်အား။ ကိံ အဖာသုကံ၊ အဘယ့်ကြောင့် မချမ်းသာခြင်းသည်။ ဇာတံ၊ သနည်း။ ဣတိပုစ္ဆိ၊ ၏။ မေ၊ အား။ ကိဉ္စိ၊ တစုံတခုသော။ အဖာသုကံ၊ မချမ်းသာခြင်းသည်။ န အတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ ဆို၏။ ကိံ နုခေါ၊ အသို့နည်း။ တေ၊ ရှင်သူဋ္ဌေးအား။ ရာဇာပိ၊ မင်းကြီးသည်လည်း။ ကုပိတော၊ အမျက်ထွက်လေသလော။ ဣတိ၊ ဤသို့ မေး၏။ မေ၊ အား။ ရာဇာပိ၊ မင်းသည်လည်း။ နကုပ္ပတိ၊ အမျက်မထွက်။ ဣတိ၊ ဤသို့ ပြောဆို၏။ အထ၊ ထိုသို့ အမျက်မထွက်သည်ရှိသော်။ တေ၊ ရှင်

သူဌေးအား။ ပုတ္တ မိတာဟိဝါ၊ သား,သမီးတို့သည်လည်းကောင်း။ ဒါသ-ကမ္မကရာဒီဟိဝါ၊ ကျွန် အမှုလုပ် အစရှိသော သူတို့သည်လည်းကောင်း။ ကိဉ္စိ၊ တစုံတခုသော။ အမနာပံ၊ မနှစ်လိုခြင်းကို။ ကတံ၊ ပြုကျင့်ခြင်းသည်။ အတ္ထိ၊ ရှိသလော။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ ဝေရူပံပိ၊ ဤသို့သော သဘောသည်လည်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ ပြောဆို၏။ တေ၊ ရှင် သူဌေးအား။ ကိသ္မိဉ္စိပန၊ တစုံတခုသော ခဲဘွယ်ဘောဇဉ်ကိုလျှင်။ တဏှာ၊ စားခြင်းငှါ တောင့်တခြင်းသည်။ အတ္ထိ၊ ရှိလေသလော။ ဣတိ၊ ဤသို့ မေး၏။ ဝေံဝုတ္တေပိ၊ ဤသို့ မေးသော်လည်း။ မနဟာနိဘယေန၊ ဥစ္စာ ကုန်ခြင်း,ပြုန်းတီးခြင်းမှ ကြောက်သောကြောင့်။ ကိဉ္စိ၊ တစုံတခွန်းသော စကားကို။ အဝတွာ၊ မဆိုမူ၍။ နိသဒ္ဒေါဝ၊ အသံဆိတ်ဆိတ်လျှင်။ ဟုတွာ၊ ဖြစ်၍။ နိပဇ္ဇိ၊ အိပ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသူဌေးကို။ ဘရိယာ၊ သူဌေးကတော်သည်။ သာမိ၊ ရှင်သူဌေး။ ကထေဟိ၊ ဆိုတော်မူလော့။ တေ၊ ထိုရှင်သူဌေးအား။ ကိသ္မိဉ္စိ၊ တစုံတခုသော ခဲဘွယ်ဘောဇဉ်ကိုလျှင်။ တဏှာ၊ စားလိုသဖြင့် တောင့်တခြင်းသည်။ အတ္ထိ၊ ရှိသလော။ ဣတိ-အာဟ၊ ဤသို့ ဆို၏။

သော၊ ထိုမစ္ဆရိယ သူဌေးသည်။ တဿာ၊ ထိုသူဌေးမ၏။ ဝစနံ၊ စကားကို။ * ပရိကိလန္တောဝိယ၊ အလွန်ပင်ပန်းသကဲ့ဖြစ်၍။ မေ၊ ငါ့အား။ တဏှာ၊ စားလိုခြင်းငှါ တောင့်တခြင်းသည်။ အတ္ထီတိ၊ ရှိ၏ဟု။ အာဟ၊ ဆို၏။ သာမိ၊ ရှင်သူဌေး။ ကိံ၊ အဘယ်ကို။ တဏှာ၊ စားလိုသဖြင့် တောင့်တသနည်း။ ဣတိ၊ ဤသို့ မေး၏။ ကပလ္လပူဝံ၊ အိုးကင်းမုံ့ကို။ ခါဒိ-တုကာမော၊ စားလိုသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ ပြောဆို၏။ အထ၊ ထိုသို့ စားလိုသည်ဖြစ်လျက်။ နံ၊ ထိုအကြောင်းကို။ ကိမတ္ထံ၊ အဘယ် အကြောင်းကြောင့်။ မံ၊ ကို။ န ကထေသိ၊ မပြောမဆိုဘိသနည်း။ တွံ၊ ရှင်သူဌေးသည်။ ဒလိဒ္ဒေါ၊ ဆင်းရဲလေသောသူသည်။ အသိကိံ၊ ဖြစ်လေသလော။ ဣဒါနိ၊ ၌။ သကလ နဂရဝါသီနံ၊ အလုံးစုံပြည်၌ နေကုန်သောသူတို့အား။ ပဟောနကကပလ္လပူဝေ၊ စားလောက်သော ဆီကြော်မုံ့တို့ကို။ ပစိဿာမိ၊ ကြော်အံ့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဧတေဟိ၊ ဤ ပြည်သူ ပြည်သားတို့သည်။ တေ၊ သင်သူဌေးမအား။ အတ္တနောကမ္မံ၊ မိမိ အမှုကို။ ကတွာ၊ ၍။ ကိံ ခါဒိဿန္တိ၊ အဘယ်ကြောင့် စားရကုန်အံ့နည်း။

* ပရိဂိလန္တော ဝိယ (ဆဋ္ဌ)

ဣတိ၊ ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ ကေရစ္ဆဝါသိနံ၊ ပရ-ဝုဏ်တခုတည်း၌ နေကုန်သောသူတို့အား။ ပဟောနကေ၊ စားလောက်ကုန်သော။ ကပလ္လပူဝေ၊ ဆီကြော်အိုးကင်းမုံ့တို့ကို။ ပစိဿာမိ၊ ကြော်အံ့။ ဣတိ၊ ဤသို့ဆို၏။ အဟံ၊ ငါသည်။ တဝ၊ ၏။ မဟဒ္ဓနဘာဝံ၊ ဥစ္စာများသည်၏အဖြစ်ကို။ ဇာနာမိ၊ သိ၏။ ဣတိ၊ ဤသို့ ဆိုခြင်းကြောင့်။

ဣမသ္မိံ ဂေဟသာမန္တေ၊ ဤအိမ်အနီး၌။ ဝါသိနံ၊ နေကုန်သော။ သဗ္ဗေသံ၊ ခပ်သိမ်းသောသူတို့အား။ ပဟောနကံ၊ စားလောက်သောမုံ့ကို။ ကတွာ၊ ပြု၍။ ပစာမိ၊ ကြော်အံ့။ ဣတိ၊ ဤသို့ဆို၏။ အဟံ၊ ငါသည်။ တဝ၊ သင်၏။ မဟဇ္ဈာသယဘာဝံ၊ အလိုကြီးသည်၏ အဖြစ်ကို။ ဇာနာမိ၊ သိ၏။ ဣတိ၊ ဤသို့ မနာလိုဟန်ဆို၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ တေ၊ ရှင်သူဌေး၏။ ပုတ္တဒါရမတ္တဿဝ၊ သားမယားမျှ၏ သာလျှင်။ ပဟော-နကံ၊ စားလောက်သော မုံ့ကို။ ကတွာ၊ ပြု၍။ ပစာမိ၊ ကြော်အံ့။ ဣတိ၊ ဤသို့ဆို၏။တေဟိ၊ ဤသူတို့ဖြင့်။ တေ၊ သင့်အား။ ကိံ၊ အဘယ်အကျိုး ရအံ့နည်း။ ဣတိ၊ ၏။ တုယှဥ္စ၊ သင့်အားလည်းကောင်း။ မယှဥ္စ၊ ငါ့အား လည်းတောင်း။ ပဟောနကံ၊ စားလောက်ရုံမုံ့ကို။ ကတွာ၊ ပြု၍။ ပစာ-မိကိံ ပန၊ ကြော်ရအံ့မည်လော။ ဣတိ၊ဤသို့မေး၏။ တွံ၊ သင်သည်။ ကိံ-ကရိဿသိ၊ အဘယ်ပြုအံ့နည်း။ ဣတိ၊ဤသို့ ဆို၏။ တေနဟိ၊ ထိုသို့ ဆိုတပြီး ကား ဧကဿဝ၊ တယောက်တည်း သာလျှင် ဖြစ်သော။ တေ၊ ရှင်သူဌေး အား။ ပဟောနကံ၊ စားလောက်သောမုံ့ကို။ ကတွာ၊ ၍။ ပစာမိ၊ ကြော် အံ့။ ဣတိ၊ ဤသို့ ဆို၏။ ဣမသ္မိံ ဌာနေ၊ ဤစဖိုအိမ်၌။ ပစမာနေ၊ကြော် သည်ရှိသော်။ ဗဟူ၊ များစွာသောသူတို့သည်။ ပစ္စာသီသန္တိ၊ တောင့်တ ကုန်လတ္တံ့။ သကလ တဏ္ဍုလေ၊ အလုံးစုံသော ဆန်တို့ကို။ ဌပေတွာ၊ ထား၍။ ဘိန္နတဏ္ဍုလေစ၊ ဆန်ကျိုး ဆန်ကွဲတို့ကို လည်းကောင်း။ ဥဒ္ဒန-ကပလ္လာနိစ၊ ခုံလောက် မုံ့အိုးကင်းတို့ကို လည်းကောင်း။ အာဒါယ၊ ယူ၍။ ထောကံ၊အတန်ငယ်။ခီရ သပ္ပိ မဓု ဖာဏိ တဥ္စ၊ နို့ ,ထောပတ်, ပျား, တင်လဲကိုလည်း။ ဂဟေတွာ၊ ယူ၍။ သတ္တဘူမိကပါသာဒဿ၊ဘုံခုနစ်ဆင့် ရှိသော ပြာသာဒ်၏။ ဥပရိမတလံ၊ အထက်အပြင်သို့။ အာရုယှ၊ တက်၍၊ ပစ၊ ကြော်လေလော့။ တတ္ထ၊ ထိုပြာသာဒ်၌။ အဟံ၊ ငါသည်။ဧကကော၊ တယောက်တည်း သာလျှင်။ နိသီဒိတွာ၊ နေ၍။ ခါဒိဿာမိ၊ စားအံ့။

ဣတိ၊ ဤသို့ ဆိုလတ်သော်။ သာ၊ ထိုသူဌေးမသည်။ သာဓုတိ၊ ကောင်းပြီဟု။ပဋိဿုဏိတွာ၊ ဝန်ခံ၍။ဂဟေတဗ္ဗံ၊ ယူအပ်သော အဆောက်အဦကို။ ဂါဟာပေတွာ၊ ယူဆောင်စေ၍။ ဒါသိယော၊ ကျွန်မတို့ကို။ ဝိဿဇ္ဇေတွာ၊ လွှတ်လိုက်၍။ သေဋ္ဌိံ၊ သူဌေးကို။ ပက္ကောသာပေသိ၊ ခေါ်စေ၏။

သော၊ ထိုသူဌေးသည်။ အာဒိတော၊ အစမှ။ ပဋ္ဌာယ၊ စ၍။ (ပမုခါဒိတော ပဋ္ဌာယ-ဟူ၍လည်းပါဌ်အချို့ရှိ၏။ တံခါးမုတ်ဦးမှစ၍ ပေးလေ။) ဒွါရာနိ၊တံခါးတို့ကို။ ပိဒဟန္တော၊ပိတ်လျက်။သဗ္ဗဒွါရေသု၊ အလုံးစုံသော တံခါးတို့၌။ သူစိဃဋိကံ၊ ကျီငယ် ကျီမကို။ ဒတွာ၊ ပေး၍။ သတ္တမ တလံ၊ ခုနစ်ခုမြောက်သော ဘုံအပြင်သို့။ အဘိရုဟိတွာ၊ တက်၍။ တတ္ထပိ၊ ထိုပြာသာဒ်အပြင်၌လည်း။ ဒွါရံ၊ ကို။ ပိဒဟိတွာ၊ ပိတ်၍။ နိသီဒိ၊ နေ၏။ အထ- ထို သူဌေး၏။ ဘရိယာပိ၊ မယားသူဌေးကတော်သည်လည်း။ ဥဒ္ဒ-နေ၊ ခံလောက်ရှိသော မီးဖို၌။ အဂ္ဂိံ၊ မီးကို။ ဇာလေတွာ၊ ညှိ၍။ကပလ္လံ၊ အိုးကင်းကို။ အာရောပေတွာ၊ တင်၍။ ပူဝံ၊ မုန့်ကို။ ပစိတုံ၊ ကြော်ခြင်းငှါ။ အာရဘိ၊ အားထုတ်၏။

အထ၊ ထိုအခါ၌။ သတ္ထာ၊ ဘုရားသခင်သည်။ ပါတောဝ၊ နံနက်စောစောကလျှင်။ မဟာမောဂ္ဂလာနတ္ထေရံ၊ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို။ အာမန္တေသိ၊ ခေါ်၍ မိန့်တော်မူ၏။ မောဂ္ဂလာန၊ ချစ်သားမောဂ္ဂလာန်။ ရာဇဂဟဿ၊ ရာဇဂြိုဟ်ပြည်၏။ အဝိဒူရေ၊ မနီးမဝေး ဖြစ်သော။ သက္ကာရနိဂမေ၊ သက္ကာရနိဂုံ၌။ ဧသော မစ္ဆရိယသေဋ္ဌိ၊ ဤမစ္ဆ-ရိယသူဌေးသည်။ကပလ္လပူဝေ၊ အိုးကင်းမုန့်တို့ကို။ ခါဒိဿာမိတိ၊ စားအံ့ဟု။ အညေသံ၊ တပါးသူတို့၏။ ဒဿန ဘယေန၊ မြင်အံ့သည်မှ ကြောက်ခြင်း, စိုးရိမ်ခြင်းကြောင့်။ သတ္တဘူမိကေ ပါသာဒေ၊ ဆုံခုနစ်ဆင့်ရှိသော ပြာသာဒ်၌။ ကပလ္လပူဝေ၊ ဆီကြော်မုန့်တို့ကို။ ပစာပေတိ၊ ကြော်စေ၏။ တွံ၊ သည်။ တတ္ထ၊ ထိုပြာသာဒ်သို့။ ဂန္တွာ၊ သွား၍။ သေဋ္ဌိံ၊ ဝန်တိုသော သူဌေးကို။ ဒမေတွာ၊ ဆုံးမ၍။ နိဗ္ဗိသေဝနံ၊ အဆိပ်အတောက် မရှိသည်ကို။ ကတွာ၊ ၍။ ဥဘောပိ၊ နှစ်ယောက်လည်းဖြစ်ကုန်သော။ ဇာယမ္ပတိ-ကေစ၊ သူဌေး သို့မီးခင်ပွန်းတို့ကိုလည်းကောင်း။ ပူဝေစ၊ မုန့်တို့ကိုလည်းကောင်း။ ခီရ သပ္ပိ မဓု ဖာဏိတာနိစ၊ နို့ ရည်, ထောပတ်, ပျား, တင်လဲ စသည်တို့ကိုလည်းကောင်း။ ဂါဟာပေတွာ၊ ယူစေ၍။ အတ္တနော၊ ၏။ ဗလေန၊ တန်ခိုးအာနုဘော်ဖြင့်။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သို့။

အာနေသိ၊ လော့။ အဇ္ဇ၊ ယနေ့၊ အဟံ၊ ငါဘုရားသည်။ ပဥ္စဟိ ဘိက္ခု-သတေဟိ၊ ငါးရာသော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဟာရေဧဝ၊ ဇေတဝန်ကျောင်းတော်၌သာလျှင်။ နိသီဒိဿာမိ၊ နေတော်မူအံ့။ ပူဝေ-ဟေဝ၊ မုံ့တို့ဖြင့်သာလျှင်။ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။

ထေရော၊ ရှင်မဟာမောဂ္ဂလာန်သည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ ဣတိ၊ ဤသို့။ သတ္ထု၊ ဘုရားသခင်၏။ ဝစနံ၊ စကားတော်ကို။ သမ္ပဋိစ္ဆိတွာ၊ ဝန်ခံပြီး၍။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ ဣဒ္ဓိဗလေန၊ တန်ခိုးဘန်ဆင်းခြင်းဖြင့်။ တံနိဂမံ၊ ထိုနိဂုံသို့။ ဂန္တွာ၊ သွား၍။ တဿပါ-သာဒဿ၊ ထိုပြာသာဒ်၏။ သီဟပဉ္စရဒွါရေ၊ ခြင်္သေ့ခံသော လေသာပြူတင်းတံခါး၌။ သုနိဝတ္ထော၊ ကောင်းစွာဝတ်လျက်။ သုပါရုတော၊ ကောင်းစွာ ရုံလျက်။ အာကာသေဝ၊ ကောင်းကင်၌သာလျှင်။ မဏိရူပကံဝိယ၊ ပတ္တမြားတုံးကဲ့သို့။ အဋ္ဌာသိ၊ ဆွမ်းရပ်လေ၏။ မဟာသေဋ္ဌိနော၊ သူဌေးကြီး၏။ ထေရံ၊ ရှင်မောဂ္ဂလာန်ကို။ ဒိသွာဝ၊ မြင်လျှင်။ ဟဒယမံသံ၊ နှလုံးခုံသားသည်။ ကမ္ပိ၊ တုန်လှုပ်၏။ သော၊ ထိုသူဌေးသည်။ အဟံ၊ ငါသည်။ ဝေရူပါနံဝ၊ ဤသို့ သဘောရှိကုန်သော သူတို့၏သာလျှင်။ ဒဿနဘယေန၊ မြင်အံ့သည်မှ ကြောက်သောကြောင့်။ ဣမံ ဌာနံ၊ ဤအရပ်သို့။ အာဂတော၊ ၏။ အယံဘိက္ခု၊ ဤရှင်မောဂ္ဂလာန်သည်လည်း။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ အာဂန္တွာ၊ ကြွလာ၍။ ဝါတပါန-ဒွါရေ၊ လေသာပြူတင်းတံခါး၌။ ဋ္ဌိတော၊ ဆွမ်းရပ်လာဘိ၏။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုသူဌေးသည်။ ဂဟေတဗ္ဗ ဂဟဏံ၊ ယူအပ်သည်၌ ယူခြင်းကို။ အပဿန္တော၊ မမြင်ခြင်းကြောင့်။ အဂ္ဂိမှိ၊ မီး၌။ ပက္ခိတ္တ-လောဏ သက္ခရာဝိယ၊ ထည့်အပ်သော ဆား ကျောက်စရစ်ကဲ့သို့။ ဒေါ-သေန၊ အမျက်ထွက်ခြင်းဖြင့်။ တဋတဋာယန္တော၊ ဖျစ်ဖျစ်မြည်သကဲ့။ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။ သမဏ၊ ရှင်ရဟန်း။ အာကာသေ၊ ကောင်းကင်၌။ ဌတွာပိ၊ ရပ်သော်လည်း။ တေ၊ သင်အား။ ကိံလာ-ဘိဿသိ၊ အဘယ်ဆွမ်းကိုရအံ့နည်း။ ဣတိ၊ ဤသို့ဆို၏။ အပဒေ၊ ခြေရာမရှိသော။ အာကာသေ၊ ကောင်းကင်၌။ ပဒံ၊ ခြေရာကို။ ဒဿေ-တွာ၊ ပြ၍။ စင်္ကမန္တောပိ၊ စင်္ကြံသွားသော်လည်း။ နေဝ လဘိဿသိ၊ မရလတ္တံ့။ ဣတိ၊ ဤသို့ဆို၏။ ထေရော၊ အရှင်မောဂ္ဂလာန်မထေရ်သည်။

တသ္မိံ ဝေဠုဝနေ၊ ထိုကောင်းကင်၌သာလျှင်။ အပရာပရံ၊ ထိုမှဤမှ။စက်မိ၊ စကြံသွား၏။ သေဋ္ဌိ၊ သူဌေးသည်။ စင်္ကမန္တော၊ စင်္ကြံသွားသော်လည်း။ ကိံ လဘိဿသိ၊ အဘယ်သို့ရအံ့နည်း။ အာကာသေ၊ ကောင်းကင်၌။ ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခွေ နေခြင်းဖြင့်။ နိသီဒန္တောပိ၊ နေသော်လည်း။ နလဘိဿသိယေဝ၊ မှုံဆွမ်းကို မရအံ့သည်သာလျှင်တည်း။ ဣတိအာဟ၊ ဤသို့ဆို၏။ ထေရော၊ ရှင်မောဂ္ဂလာန်သည်။ အာကာသေ၊ ၌။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘုဇိတွာ၊ ခွေ၍။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရှင်မောဂ္ဂလာန်ကို။ အာကာသေ၊ ၌။ ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခြင်းဖြင့်။ နိသိန္နော၊ နေသော်လည်း။ ကိံ လဘိဿသိ၊ အဘယ်မှာ မှုံဆွမ်းကိုရအံ့နည်း။ အာဂန္တွာ၊ လာ၍။ ဝါတပါနုဿ၊ တံသောက်လေခါး၏။ ဥမ္မာရေ၊ တံခါးခုံ၌။ ဌိတောပိ၊ ရပ်သော်လည်း။ န လဘိဿသိ၊ မှုံဆွမ်းကို မရလတ္တံ့။ ဣတိအာဟ၊ ဤသို့ဆို၏။ ထေရော၊ရှင်မောဂ္ဂလာန်သည်။ ဥမ္မာရေ၊ လေသာပြူတင်းခုံတံခါး၌။ အဋ္ဌာသိ၊ ရပ်၏။ အထ-ခေါ၊ ၌။ နံ၊ ထိုရှင်မောဂ္ဂလာန်ကို။ ဥမ္မာရေ၊ လေသာပြူတင်းတံခါးခုံ၌။ ဌိတောပိ၊ရပ်သော်လည်း။ ကိံ လဘိဿသိ၊ အဘယ်မှာ မှုံဆွမ်းရအံ့နည်း။ ဓူမာယန္တောပိ၊ အခိုးအလျှံလွှတ်သော်လည်း။ နလဘိဿသိဝေ၊ လိုရာမှုံကို မရအံ့သည် သာလျှင်တည်း။ ဣတိအာဟ၊ ၏။ ထေရောပိ၊ ရှင်မောဂ္ဂလာန် သည်လည်း။ ဓူမာယိ၊ အခိုးအလျှံလွှတ်၏။ သကလ ပါသာဒေါ၊ အလုံးစုံသော ပြာသာဒ်သည်။ ကေဓူမော၊တခဲနက် အခိုးအလျှံသည်။ အဟောသိ၊ ဖြစ်၏။ သေဋ္ဌိနော၊ သူဌေး၏။ အက္ခီနိ၊ မျက်စိတို့ကို။ သူစိယာ၊ အပ်ဖြင့်။ ဝိဇ္ဈနကာလော ဝိယ၊ ထိုးဆွသော အခါကဲ့သို့။ အဟောသိ၊ ဖြစ်၏။ ဂေဟဈ္ဈာယန ဘယေနပန၊ အိမ်ကို မီးလောင်အံ့သည်မှကြောက်သောကြောင့်ကား။ တုံ၊ သင်သည်။ ပဇ္ဇလန္တောပိ၊ ထိန်ထိန် ပြောင်ပြောင် လောင်စေသော်လည်း။ နလဘိဿသိ၊ မှုံကိုမရလတ္တံ့။ ဣတိ၊ ဤသို့။ အဝတွာ၊ မဆိုဝံ့၍။ အယံသမဏော၊ ဤရဟန်းသည်။ သုဋ္ဌုလဂ္ဂေါ၊လွန်စွာ ကပ်ငြိခြင်းရှိ၏။ အလဒ္ဓါ၊ မရဘဲ။ နဂမိဿတိ၊ မသွားလတ္တံ့။ အဿ၊ ထိုရှင်မောဂ္ဂလာန်အား။ ဧကံပူဝံ၊ မှုံတချက်ကို။ ဒါပေဿာမိတိ၊ လှူအံ့ဟူ၍။ စိန္တေတွာ၊ ကြံပြီး၍။ ဘရိယံ၊ မယားသူဌေးမကို။ အာဟ၊ ဆို၏။ ဘဒ္ဒေ၊ အိမ်ရှင်သူဌေးမ။ ဧကံ ခုဒ္ဒကပူဝံ၊ မှုံငယ်တချက်ကို။ ပစိတွာ၊ ကြော်၍။ သမဏဿ၊ ရဟန်းအား။ ဒတွာ၊ လှူ၍။ နံ၊ထိုရှင်မောဂ္ဂလာန်

ကို။ ဥယျောဇေဟိ၊ လွှတ်လိုက်လော့။ ဣတိ၊ ဤသို့ မယားကို ဆို၏။ သာ၊ ထိုသူဌေးမသည်။ ထောကံဝေ၊ အနည်းငယ်သာလျှင်ဖြစ်သော။ ပိဋ္ဌံ၊ မုံ့ညက်ကို။ ကပလ္လပါတိယံ၊ အိုးကင်း၌။ ပက္ခိပိ၊ ထည့်သွင်း၏။ မဟာပူဝေါ၊ မုံ့ရှက်ကြီးသည်။ ဟုတွာ၊ ၍။ သကလပါတိံ၊ အလုံးစုံသော မုံ့အိုးကင်းကို။ ပူရေတွာ၊ ပြည့်စေ၍။ ဥဒ္ဓုမာတော၊ ဖူးဖူးတက်သည်။ ဟုတွာ၊ ၍။ အဋ္ဌာသိ၊ တည်၏။

သေဋ္ဌိ၊ သူဌေးသည်။ တံ၊ ထိုမုံ့ရှက်ကြီးကို။ ဒိသွာ၊ မြင်၍။ တယာ၊ သင်သည်။ ဗဟုံပိဋ္ဌံ၊ များစွာသောမုံ့ညက်ကို။ ဂဟိတံ၊ ယူအပ်သည်။ ဘဝိဿတိ၊ လတ္တံ့။ ဣတိ၊ ဤသို့ဆိုလျက်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ ဒဗ္ဗိကဏ္ဏေန၊ ယောက်မအစွန်းဖြင့်။ ထောကံ၊ အတန်ငယ်သော။ ပိဋ္ဌံ၊ မုံ့ညက်ကို။ ဂဟေတွာ၊ ၍။ ပက္ခိပိ၊ ၏။ ပူဝေါ၊ မုံ့သည်။ ပုရိမ-ပူဝတော၊ ရှေးမုံ့ထက်။ မဟန္တတရော၊ ကြီးသည်ထက်ကြီးသည်။ ဇာတော၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ယံယံ၊ အကြင်အကြင် ငယ်သည်ထက်ငယ်စွာသော မုံ့ကို။ ပစတိ၊ ၏။သောသော၊ ထိုထိုမုံ့သည်။ မဟန္တမဟန္တောဝ၊ ကြီးသည်ထက်ကြီးစွာလျှင်။ အဟောသိ၊ ၏။ သော၊ ထိုသူဌေးသည်။ နိဗ္ဗိန္နော၊ ငြီးငွေ့သည်ဖြစ်၍။ ဘရိယံ၊ မယားကို။ အာဟ၊ ၏။ ဘဒ္ဒေ၊ နှမ သူဌေးကတော်။ ဣမဿ၊ ဤရဟန်းအား။ ဧကံပူဝံ၊ မုံ့တရှက်ကို။ ဒေဟိ၊ လှူလိုက်လော့။ ဣတိ၊ ဤသို့ တိုင်ပင်လျက် ဆို၏။ တဿာပိ၊ ထိုသူဌေးမ သည်လည်း။ ပစ္ဆိတော၊ မုံ့တောင်းမှ။ ဧကံပူဝံ၊ မုံ့တရှက်ကို။ ဂဏှန္တိယာ၊ ယူသည်ရှိသော်။ သဗ္ဗေ၊ ခပ်သိမ်းသော မုံ့တို့သည်။ ဧကာဗဒ္ဓါ၊ တစပ်တည်း။ အလ္လီယိံသု၊ ကပ်ငြိကုန်၏။ သာ၊ ထိုသူဌေးမသည်။ သေဋ္ဌိံ၊ သူဌေးကြီးကို။ အာဟ၊ ဆို၏။ သာမိ၊ ရှင်သူဌေး။ သဗ္ဗပူဝါ၊ အလုံးစုံသော မုံ့တို့သည်။ ဧကတော၊ တပေါင်းတစပ်တည်း။ လဂ္ဂါ၊ ကပ်ငြိကုန်၏။ ဝိသုံ၊ အသီးတရှက်စီ။ ကာတုံ၊ ခွဲ၍ ပြုခြင်းငှါ။ နသက္ကောမိ၊ မတတ်နိုင်။ ဣတိ၊ ဤသို့ဆို၏။ အဟံ၊ ငါသည်။ ကရိဿာမိ၊ တရှက်စီခွဲအံ့။ ဣတိ၊ ဤသို့။ သောပိ၊ ထိုသူဌေးသည်လည်း။ ကာတုံ၊ တရှက်စီပြုခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ ဥဘောပိ ဇနာ၊ နှစ်ယောက်သော သူတို့သည်လည်း။ ကောဋ္ဌိယံ၊ အစွန်၌။ ဂဟေတွာ၊ ဆွဲ၍။ ကစ္စန္တာပိ၊ ငင်ကုန်သော်လည်း။ ဝိယောဇေတုံ၊ ကင်း၍ ဘရှက်စီ နေခြင်းငှါ။ နာသက္ခိံသုဧဝ၊ မတတ်နိုင်ကုန်သည် သာလျှင်တည်း။

အထ၊ ထိုအခါ၌။ အဿ၊ ထိုသူဌေးသည်။ ပုဝေဟိ၊ မုံ့တို့နှင့်။ သဒ္ဓိံ၊ တက္ကံ။ ဝါယမန္တဿေဝ၊ လုံ့လပြုစဉ်လျှင်။ သရီရတော၊ ကိုယ်မှ။ သေဒါ၊ ချွေးတို့သည်။ မုစ္စိံသု၊ ယိုထွက်ကုန်၏။ ပိပါသာ၊ မွတ်သိပ်ခြင်းသည်။ ဥပစ္ဆိဇ္ဇိ၊ ပြတ်၏။ တတော၊ ထိုနောက်မှ။ ဘရိယံ၊ ကို။ အာဟ၊ ၏။ ဘဒ္ဒေ၊ နှမအိမ်ရှင်။ မေ၊ အား။ ပုဝေဟိ၊ တို့ဖြင့်။ နအတ္ထော၊ စားခြင်းငှါ အလိုမရှိပြီ။ ပစ္ဆိယာ၊ တောင်းနှင့်။ သဒ္ဓိံဧဝ၊ တက္ကပင်လျှင်။ ဣမဿ-ဘိက္ခုဿ၊ ဤရဟန်းအား။ ဒေဟိ၊ လှူဘိလော့။ ဣတိ၊ ဤသို့ဆို၏။ သာ၊ ထိုသူဌေးမသည်။ ပစ္ဆိံ၊ မုံ့တောင်းကို။ အာဒါယ၊ ယူ၍။ ထေရံ၊ ရှင်မောဂ္ဂလာန်မထေရ်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ အဒါသိ၊ လှူ၏။ ထေရော၊ ရှင်မောဂ္ဂလာန်သည်။ ဥဘိန္နံပိ၊ နှစ်ပါးသော သူတို့အားလည်း။ ဓမ္မံ၊ တရားကို။ ဒေသေသိ၊ ဟော၏။ တိဏ္ဏံ ရတနာနံ၊ ရတနာသုံးပါးတို့၏။ ဂုဏံ၊ ကျေးဇူးကို။ ကထေသိ၊ ပြောဆို၏။ ဒိန္နံ၊ ပေးအပ်သော အလှူ၏ အကျိုးသည်။ အတ္ထိ၊ မချွတ်မလွဲရှိသည်မှန်၏။ ယိဋ္ဌံ၊ ပူဇော်အပ်သော ကောင်းမှု၏ အာနိသင်သည်။ အတ္ထိ၊ ကေန်ရှိသည်မှန်၏။ ဣတိအာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ဒိန္နာနံ ဖလံ၊ ပေးအပ်သော အလှူတို့၏ အကျိုးကို။ ဂဂန တလေ၊ ကောင်းကင်ပြင်၌။ ပုဏ္ဏစန္ဒံ၊ လပြည့်ဝန်းကို။ ဥက္ခိပေန္တော-ဝိယ၊ ကိုင်၍ ပြဘိသကဲ့သို့။ ဒဿေသိ၊ ပြတော်မူ၏။

တံ၊ ထိုတရားစကားကို။ သုတွာ၊ ကြားနာရ၍။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ သေဋ္ဌိ၊ သူဌေးသည်။ ဘန္တေ၊ အရှင်ဘုရား။ အာဂန္တွာ၊ ကြွလာတော်မူ၍။ ဣမသ္မိံ ပလ္လင်္ကေ၊ ဤပလ္လင်၌။ နိသီဒိတွာ၊ နေ၍။ ပရိဘုဉ္ဇထ၊ ဘုန်းပေးတော် မူပါကုန်လော့။ ဣတိ အာဟ၊ ဤသို့ လျှောက်၏။ ထေရော၊ မထေရ်သည်။ မဟာသေဋ္ဌိ၊ ဒါယကာ သူဌေးကြီး။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ပူဝေ၊ မုံ့တို့ကို။ ခါဒိ-ဿာမိတိ၊ ဘုန်းပေးတော်မူအံ့ဟူ၍။ ပဉ္စဟိဘိက္ခုသတေဟိ၊ ငါးရာကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တက္ကံ။ ဝိဟာရေ၊ ကျောင်း၌။ နိသိန္နော၊ နေတော်မူခဲ့၏။ တုမှာကံ၊ သင်တို့၏။ ရုစိယာ၊ လှူလိုသော စေတနာသည်။ သတိ၊ ရှိလတ်သော်။ အဟံ၊ သည်။ ဝေါ၊ သင်တို့ကို။ နေဿာမိ၊ ဆောင်ယူအံ့။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ သေဋ္ဌိ၊ သည်။ ဘရိယံ၊ မယားကို။ ပူဝေစ၊ မုံ့တို့ကိုလည်းကောင်း။ ခီရာဒီနိစ၊ နို့ရည် စသည်တို့ကိုလည်း ကောင်း။ ဂဏှာပေထ၊ ယူစေကုန်လော့။ သတ္ထု၊ ၏။ သန္တိကံ၊ သို့။ ဂမိ-

ဿာမ၊ သွားကုန်အံ့။ ဣတိအာဟ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ တေရဟိ၊ ယခုအခါ၌။ သတ္ထာ၊ ဘုရားသခင်သည်။ ကဟံပန၊ အဘယ် အရပ်၌ နေတော်မူသနည်း။ ဣတိ၊ ဤသို့ လျှောက်၏။ မဟာသေဋ္ဌိ၊ ရှင် သူဌေးကြီး။ ဣတော၊ ဤနိဂုံမှ။ ပဉ္စစတ္တာလီသယောဇနမတ္ထကေ၊ လေး ဆယ့်ငါးယူဇနာထက်၌။ ဇေတဝနဝိဟာရေ၊ ဇေတဝန် ကျောင်းတော်၌။ ဝသတိ၊ နေတော်မူ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဘန္တေ၊ အရှင်ဘုရား။ ကာလံ၊ ဆွမ်းဘုန်းပေးချိန် ကာလကို။ အန-တိက္ကမိတွာ၊ မလွန်မူ၍။ ထောကံ၊ ဤမျှအတိုင်းအရှည်ရှိသော။ အဒ္ဓါနံ၊ အခွန့်ရှည်သော ခရီးကို။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ ဂမိ-ဿာမ၊ သွားရကုန်အံ့နည်း။ ဣတိအာဟ၊ ၏။ မဟာသေဋ္ဌိ၊ ဒါယကာ သူဌေးကြီး။ တုမှာကံ၊ သင်တို့၏။ ရုစိယာ၊ ဖူးမြင်ခြင်းငှါ အလိုရှိသည်။ သတိ၊ ရှိလတ်သော်။ အဟံ၊ ငါသည်။ ဝေါ၊ သင်တို့အား။ အတ္တနော၊ မိမိ၏။ ဣဒ္ဓိဗလေန၊ တန်းခိုးအာနုဘော်ဖြင့်။ နေဿာမိ၊ ဆောင်ယူအံ့။ တုမှာကံ၊ သင်ဒါယကာတို့၏။ ပါသာဒေ သောပါန သီသံ၊ ပြာသာဒ်၌ စောင်းတန်းဦးသည်။ အတ္တနော၊ မိမိ၏။ ဌာနေယေဝ၊ အရပ်၌ သာလျှင်။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဝေါတုမှာကံ၊ သင်တို့၏။ သောပါန ပရိယောသာနံ-ပန၊ စောင်းတန်းအဆုံးသည်ကား။ ဇေတဝန ဒွါရကောဋ္ဌကေ၊ ဇေတဝန် ကျောင်းတော် မုတ်ဦး၌။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဥပရိပါသာဒါ၊ အထက် ပြာသာဒ်အပြင်မှ။ ဟေဋ္ဌာပါသာဒံ၊ အောက် ပြာသာဒ်အပြင်သို့။ ဩတရ-ဏကာလမတ္တေနေဝ၊ ဆင်းသက်သော ကာလဖြင့်သာလျှင်။ ဇေတဝနံ၊ ဇေတဝန် ကျောင်းတော်သို့။ နေဿာမိ၊ ဆောင်အံ့။ ဣတိ၊ ဤသို့ မိန့်တော် မူ၏။ သော၊ ထိုသူဌေးသည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်း ပါပြီ။ ဣတိသမ္ပဋိစ္ဆိ၊ ဤသို့ဝန်ခံ၏။

ထေရော၊ ရှင်မောဂ္ဂလာန်မထေရ်သည်။ သောပါန သီသံ၊ စောင်းတန်း လှေကားဦးကို။တတ္ထေဝ၊ထိုအရပ်၌သာလျှင်။ကတွာ၊ပြု၍။သောပါနပါဒမူလံ၊ စောင်းတန်းခြေရင်းကို။ဇေတဝနဒွါရကောဋ္ဌကေ၊ဇေတဝန် ကျောင်းတော် တံခါးမုတ်ဦး၌။ ဟောတူတိ၊ ဖြစ်စေသတည်းဟု။ အဓိဋ္ဌာသိ၊ အဓိဋ္ဌာန် တော်မူ၏။တထေဝ၊ထိုအဓိဋ္ဌာန်တော် မူတိုင်းသာလျှင်။အဟောသိ၊ဖြစ်၏။ ဣတိ၊ ဤသို့။ ထေရော၊ ရှင်မောဂ္ဂလာန် မထေရ်သည်။ သေဋ္ဌိံ စ၊ သူဌေး ကို လည်းကောင်း။ သေဋ္ဌိဘရိယဉ္စ၊ သူဌေးမကိုလည်းကောင်း။ ဥပရိပါ

သာဒါ၊ အထက်ပြာသာဒ်အပြင်မှ။ ဟေဋ္ဌာပါသာဒံ၊ အောက်ပြာသာဒ်အပြင်သို့။ ဩတရဏ ကာလတော၀၊ ဆင်းသော, သက်သော ကာလ၌လျှင်။ ခိပ္ပတရံ၊ လျင်စွာ။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သို့။ သမ္ပာပေသိ၊ ရောက်စေ၏။ တေဥဘောပိ၊ထိုနှစ်ယောက်သော သူဌေးလင်မယားတို့သည်လည်း။ သတ္ထာရံ၊ ဘုရားသခင်ကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဘတ္တကာလံ၊ ဆွမ်းဘုန်းပေးတော်မူချိန် ကာလကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဘတ္တဂ္ဂံ၊ ဆွမ်းစားစရပ်သို့။ ပဝိသိတွာ၊ ဝင်တော်မူ၍။ ပညတ္တေ၊ ခင်းထားအပ်သော။ ဝရဗုဒ္ဓါသနေ၊ မြတ်သော ဘုရားနေရာ၌။ ဘိက္ခု သံဃေန၊ ရဟန်း သံဃာနှင့်။ သဒ္ဓိံ၊ တက္ခ။ နိသီဒိ၊ နေတော်မူ၏။ မဟာသေဋ္ဌိ၊ သူဌေးကြီးသည်။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ပါတေတွာ၊ ကျစေ၍။ (ပါတေတွာကား ထည့်ပါ၌။) အဒါသိ၊ လှူ၍။ ဘရိယာပိ၊ သူဌေးမသည်လည်း။ တထာဂတဿ၊ လာခြင်းကောင်းသော။ အဿ၊ ထိုဘုရားသခင်၏။ ပတ္တေ၊ သပိတ်၌။ပူဝံ၊မုံ့ကို။ ပတိဋ္ဌာပေသိ၊ လောင်း၏။ သတ္ထာ၊ ဘုရားသခင်သည်။ အတ္တနော၊ ကိုယ်တော်မြတ်၏။ ယာပနမတ္တံ၊ မျှလောက်ရုံမျှသော မုံ့ကို။ ဂဏှိ၊ ခံတော်မူ၏။ ပဉ္စသတာ ဘိက္ခူပိ၊ ငါးရာသော ရဟန်းတို့သည်လည်း။ ယာပနမတ္တံ၊ မျှလောက်ရုံ မျှလောက်ရုံ မျှသော မုံ့ကို။ ဂဏှိံသု၊ ခံကုန်၏။ သေဋ္ဌိ၊သည်။ ခီရ သပ္ပိ မဓု သက္ခရာဒီနိ၊ နို့, ထောပတ်, ပျား, သကာ, တင်လဲစသည်တို့ကို။ ဒဒမာနော၊ လှူသည်ရှိသော်။ ခယံ၊ ကုန်ခြင်းသို့။ န အဂမာသိ၊ မရောက်။

သတ္ထာ၊ ဘုရားရှင်သည်။ ပဉ္စဟိ ဘိက္ခုသတေဟိ၊ ငါးရာကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ တက္ခ။ ပူဝေဟေဝ၊ မုံ့တို့ဖြင့်သာလျှင်။ (ပူဝေဟေဝကား ကရိုဏ်းထည့်သည်။) ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်း ကိစ္စကို။ နိဋ္ဌာပေသိ၊ ပြီးစေ၏။ တတော၊ ထိုနောက်မှ။ (တတောကား ထည့်ပါ၌။) မဟာသေဋ္ဌိပိ၊ သူဌေးကြီးသည်လည်း။ ဘရိယာယ၊ မယားနှင့်။ သဒ္ဓိံ၊ တက္ခ။ ယာဝဒတ္ထံ၊ အလိုရှိတိုင်း။ ခါဒိ၊ စား၏။ ပူဝါနံ၊ မုံ့တို့၏။ ပရိယောသာနမေဝ၊ အဆုံးသည်လျှင်၊ န ပညာယတိ၊ မထင်။ သကလ ဝိဟာရေ၊ ဇေတဝန်ကျောင်းတော်အလုံး၌။ဘိက္ခူနဉ္စ၊ရဟန်းတို့အားလည်းကောင်း။ ဝိဃာသာဒါနဉ္စ၊စားကြွင်းစားတို့အားလည်းကောင်း။ဒိန္နေသုပိ၊ ပေးကုန်

သော်လည်း။ပရိယန္တေ၊ကုန်ခြင်း၏အဆုံးသည်။ န ပညာယတေဝ၊ မထင်သည်သာလျှင်တည်း။ ဘန္တေ၊ အရှင်ဘုရား။ ပူဝါနံ၊ မုံ့တို့၏။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ နဂစ္ဆန္တိ၊ မရောက်ကုန်။ ဥတိ၊ ဤသို့။ ဘဂဝတော၊အား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ တေနဟိ၊ ထိုသို့ မကုန်နိုင်ပြီတကား။ ဇေတဝနဒွါရကောဋ္ဌကေ၊ ဇေတဝန်ကျောင်းတော် တံခါးမုတ်ဦး၌။ ဆဍ္ဍေထ၊ စွန့်ကုန်လော့။ ဥတိ၊ ဤသို့ မိန့်တော်မူ၏။ အထ၊ ထိုအခါ၌။ တေ၊ ထိုသူတို့သည်။ ဒွါရကောဋ္ဌကသ္မိ၊တံခါးမုတ်ဦး၏။အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ပဗ္ဘာရဋ္ဌာနေ၊ ချိုင့်ဝှမ်းရာအရပ်၌။ ဆဍ္ဍယိံသု၊ စွန့်ပစ်ကုန်၏။ ယာဝဇ္ဇတနာပိ၊ ယနေ့ထက် တိုင်အောင်လည်း။ တံဌာနံ၊ ထိုအရပ်သည်။ ကပလ္လကပူဝပဗ္ဘာရန္တေဝ၊ ဆီကြော်မုံ့စွန့်ပစ်ရာချောက်ဟူ၍သာလျှင်။ပညာယတိ၊ ထင်၏။ မဟာသေဋ္ဌိ၊ သူဌေးကြီးသည်။ ဘရိယာယ၊ မယားနှင့်။ သဟ၊ တကွ။ ဘဂဝန္တံ၊ မြတ်စွာဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ် လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ နေ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနုမောဒနံ၊အနုမောဒနာကို။အကာသိ၊ ပြုတော်မူ၏။အနုမောဒနာဝသာနေ၊ အနုမောဒနာ ပြုတော်မူသော အဆုံး၌။ ဥဘောပိ၊ သူဌေးလင်မယား နှစ်ယောက်တို့သည်လည်း။ သောတာပတ္တိ ဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာယ၊ တည်၍။သတ္ထာရံ၊ဘုရားသခင်ကို။ဝန္ဒိတွာ၊ ရှိခိုး၍။ဒွါရကောဋ္ဌကေ၊ ဇေတဝန်ကျောင်းတော် တံခါးမုတ်ဦး၌။ သောပါနံ၊ ပြာသာဒ် စောင်းတန်းသို့။ အာရုယှ၊တက်၍။ အတ္တနော၊ မိမိ၏။ပါသာဒေယေဝ၊ ပြာသာဒ်၌သာလျှင်။ပတိဋ္ဌဟိံသု၊ တည်ကုန်၏။

တတောပဋ္ဌာယ၊ ထိုနေ့မှစ၍။ သေဋ္ဌိ၊ သူဌေးသည်။ အသီတိ ကောဋိဓနံ၊ ကုဋေရှစ်ဆယ်ဥစ္စာကို။ ဗုဒ္ဓသာသနေယေဝ၊ ဘုရားသာသနာတော်၌သာလျှင်။ ဝိက္ကိရိ၊ စွန့်ကြဲ၏။ ပုနဒိဝသေ၊ တဘန် မိုးသောက်သောနေ့၌။ သာယန္ဟသမယေ၊ ညချမ်းသော အခါ၌။ ဓမ္မသဘာယံ၊ တရားသဘင်၌။ သန္နိသိန္နာ၊ စည်းဝေးကုန်လျက်။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဝုသော၊ တို့။ မဟာမောဂ္ဂလာနတ္ထေရဿ၊ မဟာမောဂ္ဂလာန် မထေရ်၏။ အာနုဘာဝံ၊အာနုဘော်ကို။ ပဿထ၊ ကြည့်ပါကုန်လော့။သဒ္ဓံ၊ ယုံကြည်ခြင်းကို။ အနုပဟစ္စနာမ၊ မနှိပ်စက်မူ၍လျှင်။ ဘောဂေ၊ စည်းစိမ်ဥစ္စာတို့ကို။အနုပဟစ္စနာမ၊ မထိပါးစေမူ၍လျှင်၊မစ္ဆရိယသေဋ္ဌိံ၊မစ္ဆရိယသူဌေးကို။ မုဟုတ္တေ-

နေဝ၊တခဏဖြင့်သာလျှင်။ဒမေတွာ၊ဆုံးမ၍။ နိဗ္ဗိသေဝနံ၊အဆိပ်အတောက် မာန်မာန ဝန်တိုခြင်း မရှိသည်ကို။ ကတွာ၊ ၍။ ပူဝေ၊ မုံ့တို့ကို။ ဂါဟာပေတွာ၊ ယူစေ၍။ ဇေတဝနံ၊ ဇေတဝန် ကျောင်းတော်သို့။ အာနေတွာ၊ ဆောင်ယူခဲ့၍။ သတ္ထု၊ မြတ်စွာဘုရား၏။သမ္မုခံကတွာ၊ မျက်မှောက်ပြု၍။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာပေသိ၊ တည်စေ၏။ မဟာနုဘာဝေါ၊ကြီးသောတန်ခိုးအာနုဘော်ရှိသော။ထေရော၊ ရှင်မောဂ္ဂလာန်သည်။ အဟော၊ ဩော်အံ့ဘွယ်ရှိလေ၏။ ဣတိ၊ဤသို့။ ထေရဿ၊ ရှင်မောဂ္ဂလာန်၏။ ဂုဏကထံ၊ ဂုဏ်ကျေးဇူးနှင့် စပ်သော စကားကို။ ကထေန္တော၊ ပြောဟောလျက်။ နိသီဒိံသု၊ နေကုန်၏။

သတ္ထာ၊ ဘုရားသခင်သည်။ ဒိဗ္ဗာယ သောတဓာတုယာ၊ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြားတော်မူ၍။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုငါလာသဲ့ အခါ၌။ ကာယ ကထာယ၊ အဘယ် မည်သော စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္တနုဖြစ်ကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေးတော်မူခြင်းကြောင့်။ ဣမာယ နာမာတိ၊ ဤမည်သော စကား ပါတည်းဟု။ ဝုတ္တေ၊ နားတော် လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်း တို့။ ကုလဒမကေန၊ ဒါယကာတို့ကို ဆုံးမတတ်သော။ ဘိက္ခုနာ နာမ၊ ရဟန်းမည်သည်။ သဒ္ဓံ၊ သဒ္ဓါတရားကို။ အနုပဟစ္စ၊ မညှဉ်းဆဲ မနှိပ်စက် မူ၍။ ဘောဂေ၊ စည်းစိမ် ဥစ္စာတို့ကို။ အနုပဟစ္စ၊ မထိပါးစေမူ၍။ ကုလံ၊ အမျိုးကို။ အကိလမေတွာ၊ မပင်ပန်း မဆင်းရဲစေမူ၍။ အဝိဟေဌေတွာ၊ မညှဉ်းဆဲမူ၍။ ပုပ္ဖတော၊ ပန်းပွင့်မှ။ ရေဏုံ၊ ဝတ်ဆံ ဝတ်မှုန်ကို။ ဂဏှန္တေန၊ ဆွတ်ယူသော။ ဘမရေနဝိယ၊ ပျားပိတုန်းကဲ့သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဗုဒ္ဓဂုဏာ၊ ဘုရားကျေးဇူးကို။ ဇာနာပေတဗ္ဗံ၊ သိစေအပ်၏။ တာဒိသော၊ ထို ပျားပိထုန်းနှင့်တူသော။ မမ ပုတ္တော၊ ငါ့သားကောင်း ရဟန်းဖြစ် သော။မောဂ္ဂလာနောတိ၊မောဂ္ဂလာန်တည်းဟု။ထေရံ၊ ရှင်မောဂ္ဂလာန်ကို။ ပသံသိတွာ၊ ချီးမွမ်း၍။ ဣမံဂါထံ၊ ကို။ အာဟ၊ ဟောတော်မူ၏။

(၄၉) ဘမရော၊ ပျားပိတုန်းသည်။ ပုပ္ဖံပိ၊ ပန်းပွင့်ကိုလည်းကောင်း။ ဝဏ္ဏဂန္ဓံပိ၊ အဆင်းအနံ့ကိုလည်းကောင်း။ အဟေဌယံ အဟေဌယန္တော၊ မပျက်စေမူ၍။ ရသံ၊ ပန်းရည် ပန်းရက်ကို။ အာဒါယ၊ ယူ၍။ ပလေတိ-

ယထာ၊ ပျံလေသကဲ့သို့။ ဧဝံ၊ ဤအတူ။ ဂါမေ၊ ရွာ၌။ မုနိ၊ ရဟန်းသည်။ စရေ စရေယျ၊ ကျင့်ရာ၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဘမရောတိ၊ ဘမရောဟူသည်ကား။ ယာကာစိ၊ အမှတ်မရှိသော။ မဓုကရဇာတိ၊ ပျားအရသာကို ပြုတတ်သော သဘောရှိရော သတ္တဝါတည်း။ ပုပ္ဖံန္တိ၊ ပုပ္ဖံဟူသည်ကား။ ပုပ္ဖါရာမေ၊ ပန်းအာရာမ်၌။ စသန္တော၊ ကျက်စားသည်ရှိသော်။ ပုပ္ဖဥ္စ၊ ပန်းပွင့်ကိုလည်းကောင်း။ ဝဏ္ဏဥ္စ၊ ပန်းအဆင်းကိုလည်းကောင်း။ ဂန္ဓဥ္စ၊ ပန်းအနံ့ကိုလည်းကောင်း။ အဟေဌယန္တော၊ မညှိုးဆဲ စေမူ၍။ အဝိနာသေန္တော၊ မပျက်စေမူ၍။ ဝိစရတိ၊ ကျက်စား၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ပလေတီတိ၊ ပလေတိဟူသည်ကား။ ဧဝံ၊ ဤသို့။ စရိတွာ၊ ကျက်စား၍။ ယာဝဒတ္ထံ၊ အလိုရှိတိုင်း။ ရသံ၊ ပန်းရည်ပန်းရက်ကို။ ပိဝိတွာ၊ သောက်၍။ အပရံပိ၊ တပါး ပန်းရက်ကိုလည်း။ မဓုကရဏတ္ထာယ၊ ပျားအုံ, ပျားလဘို ပြုခြင်းငှါ။ အာဒါယ၊ ယူ၍။ ပလေတိ၊ ပျံ၏။ သော၊ ထိုပျားပိတုန်းသည်။ ဧကံဝန ဂဟနံ၊ တခုသော တောအုပ်သို့။ အဇ္ဈောဂါဟေတွာ၊ သက်ဝင်၍။ ကေသ္မိံ ရုက္ခသုသိရေ၊ တခုသော သစ်ပင် အခေါင်း၌။ ရဇမိဿကံ၊ မြူနှင့်ရောသော။ တံရသံ၊ ထိုအရည်ကို။ ဌပေတွာ၊ ထား၍။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ မဓုရရသံ၊ ချိုမြိန်သော အရသာရှိသော။ မဓုံ၊ ပျားအုံကို။ ကရောတိ၊ ပြု၏။ တဿ၊ ထိုပျားပိတုန်းတို့၏။ ပုပ္ဖါရာမေ၊ ပန်းအာရာမ်၌။ ဝိစရိတပစ္စယာ၊ ကျက်စားခြင်းဟူသော အကြောင်းကြောင့်။ ပုပ္ဖံဝါ၊ အပွင့်ကိုလည်းကောင်း။ ဝဏ္ဏံဝါ၊ အဆင်းကိုလည်းကောင်း။ ဂန္ဓံဝါ၊ အနံ့ကိုလည်းကောင်း။ ဝိနာသေတွာ၊ ချိုးဖဲ့ဖျက်ဆီး၍။ နဂစ္ဆတိ၊ မပျံမသွား။ အထခေါ၊ စင်စစ်သော်ကား။ သဗ္ဗံ၊ အလုံးစုံသော ပန်းပွင့်သည်။ ပါကတိကမေဝ၊ ပြကတေ့အတိုင်းသည် သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဧဝံ ဂါမေ မုနီ စရေတိ၊ ဟူသည်ကား။ ဧဝံ၊ ဤသို့။ သေခါသေခ သဒ္ဓါတော၊ သေက္ခ, အသေက္ခဟု ဆိုအပ်သော။ အနာဂါရိယမုနိ၊ အနာဂါရိယမုနိသည်။ ဝါ၊ ရဟန်းသည်။ ကုလပဋိပါဋိယာ၊ အိမ်စဉ် ဆွမ်းခံခြင်းဖြင့်။ ဂါမေ၊ ရွာ၌။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှန္တော၊ ခံယူလျက်။ ဝိစရတိ၊ သွားလာ၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဟိ၊ ထိုစကားသင့်စွ။ တဿ၊ ထိုရဟန်း၏။ ဂါမေ၊ ဆွမ်းခံရွာ၌။ စရဏပစ္စယာ၊ ကျက်စားခြင်း တည်းဟူသော အကြောင်းကြောင့်။ ကုလာနံ၊ ဒါယကာတို့၏။ သဒ္ဓါဟာနိဝါ၊ သဒ္ဓါ၏

ဆုတ်ယုတ်ခြင်းသည် လည်းကောင်း။ ဘောဂ ဟာနိဝါ၊ စည်းစိမ်ဥစ္စာ၏ ဆုတ်ယုတ်ခြင်းသည် လည်းကောင်း။ နဟောတိ၊ မဖြစ်။ သဒ္ဓါပိ ဘော-ဂါပိ၊ သဒ္ဓါတရား, ဥစ္စာခမ်းနားတို့သည်လည်း။ ပါကတိကာဝ၊ ပြကတေ့ တို့သည်လျှင်။ ဟောန္တိ၊ ကုန်၏။ ဧဝံ၊ ဤသို့။ စရိတွာပန၊ ကျက်စားပြီး၍ကား။ နိက္ခမိတွာ၊ ထွက်၍။ တာဝ၊ အသေက္ခရဟန်းမှ ရှေးဦးစွာ သေက္ခရဟန်းကို ဆိုဦးအံ့။ သေခမုနိ၊ သေက္ခဖြစ်သော မုနိသည်။ ဗဟိဂါမေ၊ ရွာပ၌။ ဥဒက ဖါသုကဋ္ဌာနေ၊ ရေကို ရလွယ်သဖြင့် ချမ်းသာခြင်းရှိသော အရပ်၌။ သံဃာဋိံ၊ ဒုကုဋ်ကို။ ပညပေတွာ၊ ခင်း၍။ နိသိန္နော၊ နေလျက်။ အက္ခဘဉ္ဇန ဝဏပဋိစ္ဆာဒန ပုတ္တမံသူပမာဒိဝသေန၊ လှည်းဝင်ရိုး ထိုးခြင်း, အနာကို ဆေးလိမ်းကျံသဖြင့် ဖုံးအုပ်ခြင်း, သား၏အသားကို စားခြင်း ဥပမာ စသည်တို့၏ အစွမ်းဖြင့်။ ပစ္စဝေက္ခန္တော၊ ဆင်ခြင်လျက်။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပရိဘုဉ္ဇိတွာ၊ ဘုန်းပေး၍။ တထာရူပံ၊ ထိုသို့ သဘော ရှိသော။ ဝနသဏ္ဍံ၊တောအုပ်သို့။အနုပဝိသိတွာ၊ဝင်၍။အဇ္ဈတ္တိက ကမ္မဋ္ဌာနံ၊ကိုယ်တွင်း၌ဖြစ်သော ကမ္မဋ္ဌာန်းကို။သမ္မသန္တော၊ သုံးသပ် ဆင်ခြင်လျက်။ စတ္တာရော-မဂ္ဂေစ၊လေးပါးသော မဂ်တို့ကိုလည်းကောင်း။ စတ္တာရိ သာမညဖလာနိစ၊ လေးပါးကုန်သော သာမညဖိုလ်တို့ကို လည်းကောင်း။ ဟတ္ထဂတာနေဝ၊ လက်သို့ရောက်သည်တို့ကိုသာလျှင်။ ကရောတိ၊ ပြု၏။ ပန၊ သေက္ခရဟန်းမှ တပါးအသေက္ခရဟန်းကို ဆိုအံ့။ အသေခမုနိ၊ရဟန္တာ ဖြစ်သောမုနိသည်။ ဒိဋ္ဌဓမ္မသုခဝိဟာရံ၊ မျက်မှောက်၌ဖြစ်သော အရဟတ္တဖိုလ် ချမ်းသာဖြင့် နေခြင်းကို။ အနုယုဉ္ဇတိ၊အဘန်တလဲလဲ အားထုတ်၏။အယံ၊ ဤသည်လျှင်။ အဿ၊ ထိုရဟန်း၏။ ဘမရေန သဒ္ဒိံ၊ ပျားပိတုန်းနှင့် တကွ။ မဓုကရဏ-သရိက္ခတာ၊ ပျားပိတုန်းနှင့်တူသည်ကို။ ဝေဒိတဗ္ဗာ၊သိအပ်ကုန်၏။ ဣဓပန၊ ဤဒေသနာ ဂါထာ၌ကား။ ခီဏာသဝေါဝ၊ ရဟန္တာ ပုဂ္ဂိုလ်ကိုသာလျှင်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည် တို့ကို။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ သို့။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဣမံ ဓမ္မဒေသနံ၊ ဤတရားဟောခြင်းကို။ ဝတွာ၊ မိန့်တော်မူပြီး၍။ ဥတ္တရိပိ၊ အလွန်လည်း။ ထေရဿ၊ ရှင်မောဂ္ဂလာန်၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ပကာသေတုံ၊ ထင်ရှားပြခြင်းငှါ။ ဘိက္ခဝေ၊ရဟန်းတို့။ ဣဒါနေဝ၊ယခုသာလျှင်။ မောဂ္ဂလာ-

နေနှ၊ ငါ့သား မောဂ္ဂလာန်သည်။ မစ္ဆရိယသေဋ္ဌိံ၊ မစ္ဆရိယသူဌေးကို။ ဒမိတော၊ ဆုံးမသည်။ နှ၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ နံ၊ ထို ဝန်တိုခြင်းရှိသော သူဌေးကို။ ဒမေတွာ၊ ဆုံးမ၍။ ကမ္မဖလသမ္ဗန္ဓံ၊ ကံ၏ အကျိုးနှင့် စပ်သည်ကို။ ဇာနာပေယိဧဝ၊ သိစေသည် သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဝတွာ၊ဆို၍။ ဣမမတ္ထံ၊ဤအကြောင်းကို။ ပကာသေန္တော၊ ထင်ရှားပြလို၍။ အတီတံ၊ လွန်လေပြီးသောအကြောင်းကို။ အာဟရိတွာ၊ ဆောင်၍-

ဥဘော၊ လုလင်နှစ်ယောက် တို့သည်။ ခဇ္ဇာ၊ ခွင်ကုန် ကုန်းကုန်၏။ ဥဘော၊ တို့သည်။ ကုဏီ၊ လက်ကောက်ခြင်းရှိကုန်၏။ ဥဘော၊ တို့သည်။ ဝိသမစက္ခုကာ၊ မညီမညွတ်သော မျက်စိရှိကုန်၏။ ဥဘိန္နံ၊နှစ်ယောက်သော သူတို့အား။ ပိဠကာ၊ မှည့်မည်းတို့သည်။ ဇာတာ၊ ပေါက်ကုန်၏။ အဟံ၊ ငါသည်။ ဣလ္လိသံ၊ ဣလ္လိသသူဌေးကို။ နပဿာမိ၊ မမြင်။

ဣတိ၊ ဤသို့။ ဣမံ ဣလ္လိသ ဇာတကံ၊ ဤဣလ္လိသဇာတ်ကို။ ကထေသိ၊ ဟောတော်မူ၏။

ဣတိပရိသမာနံ၊ လေးခုမြောက်သော ပုပ္ဖဝဂ်၌ ငါးကြိမ်မြောက် ဖြစ် သော မစ္ဆရိယ သူဌေးဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပဉ္စမံ၊ သော။ မစ္ဆရိယ ကောသိယဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၄-ပုပ္ဖဝဂ္ဂ၊ ၆-ပါဝေယျကာဇီဝက ဝတ္ထု

အနုသန္ဓေ....မစ္ဆရိယ သူဌေးဝတ္ထု၌ ဟောကြောင်းဖြစ်သော ဂါထာ၏ အနက် အဖွင့်ကို ပြုပြီး၍ ယခုအခါ ပါဝေယျက မည်သော တက္ကတွန်း ဒါယကာဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အနက်အဖွင့်ကို ပြုလိုသော အဋ္ဌကထာဆရာသည် န ပရေသံ-စသည်ကို မိန့်တော်မူ၏။

န ပရေသံ ဝိလောမာနီတိ ဣမံ ဓမ္မဒေသနံ၊ န ပရေသံ ဝိလောမာနိ- အစရှိသောဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသခင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ပါဝေယျံနာမ အာဇီဝကံ၊ ပါဝေယျအမည်ရှိသော တက္ကတွန်းကို။ (ပါဝေယျံလည်းရှိ၏။ ပါဝေယျ အမည်ရှိသော, ပေး။) အာရဗ္ဘ၊၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိ ပြည်၌။ ကောဂဏ္ဍပတာနီ၊သူကြွယ်မတယောက်သည်။ပုတ္တဋ္ဌာနေ၊သားအရာ၌။ ဌပေတွာ၊ ထား၍။ ပါဝေယျံနာမ၊ ပါဝေယျ အမည်ရှိသော။ အာဇီဝကံ၊ တက္ကတွန်းကို။ ပဋိဇဂ္ဂိ၊ လုပ်ကျွေး၏။ တဿာ၊ ထိုသူကြွယ်မ၏။ အနန္တရ ဃရေသု၊ အခြားမဲ့အိမ်တို့၌။ မနုဿာ၊ လူတို့သည်။ သတ္ထု၊ မြတ်စွာဘုရား၏။ ဓမ္မဒေသနံ၊ တရားဟောခြင်းကို။ သုတွာ၊ ကြားနာရ၍။ အာဂန္တွာ၊ လာ၍။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့၏။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ အဟောအစ္ဆရိယံ၊ အံ့ဘွယ်ရှိပေစွ။ ဣတိ၊ ဤသို့။ နာနပ္ပကာရေဟိ၊ အထူးထူးအပြားပြားသော အခြင်းအရာတို့ဖြင့်။ ဗုဒ္ဓဂုဏေ၊ဘုရားဂုဏ်ကျေးဇူးတို့ကို။ ဝဏ္ဏေန္တိ၊ချီးမွမ်းကုန်၏။ သာ၊ထိုသူကြွယ်မသည်။ ဗုဒ္ဓါနံ၊ဘုရားသခင်တို့၏။ ဂုဏကထံ၊ ဂုဏ်ကျေးဇူးနှင့်စပ်သောစကားကို။ သုတွာ၊ကြား၍။ ဝိဟာရံ၊ ကျောင်းတော်သို့။ ဂန္တွာ၊သွား၍။ ဓမ္မံ၊တရားကို။ သောတုကာမာ၊ နာလိုသည်။ ဟုတွာ၊ဖြစ်၍။ တမတ္ထံ၊ထိုအကြောင်းကို။ အာဇီဝကဿ၊တက္ကတွန်းအား။ ကထေတွာ၊ ပြောဆို၍။ အယျ၊အရှင်။ အဟံ၊အကျွန်ုပ်သည်။ ဂစ္ဆိဿာမိ၊ သွားပါအံ့။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ထိုတက္ကတွန်းသည်။ အယျေ၊အမိ။ မာဂစ္ဆာဟိ၊မသွားလေလင့်။ ဣတိ၊ဤသို့။ နိဝါရေတွာ၊မြစ်၍။ တံ၊ထိုသားပြု၍မွေးစားသော တက္ကတွန်းကို။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ယာစမာနံပိ၊ တောင်းပန်ပါသော်လည်း။ နိဝါရေသိ ယေဝ၊မြစ်မြဲမြစ်သည်သာလျှင်တည်း။ သာ၊ထိုသူကြွယ်မသည်။ အယံ၊ ဤတက္ကတွန်းသည်။ မမ၊ ငါ့အား။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊သွား၍။ ဓမ္မံ၊တရားကို။ သောတုံ၊ နာစေခြင်းငှါ။ နဒေတိ၊ မပေး။ သတ္ထာရံ၊ ဘုရားသခင်ကို။ နိမန္တေတွာ၊ ဆွမ်းဘိတ်၍။ ဣဓေဝ၊ ဤအိမ်၌သာလျှင်။ ဓမ္မံ၊ တရားကို။ သုဏိဿာမိ၊ နာအံ့။ ဣတိ၊ ဤသို့ကြံ၍။ သာ၊ ထိုသူကြွယ်မသည်။ သာယန္ဟသမယေ၊ ညချမ်းသောအခါ၌။ ပုတ္တံ၊ သား တက္ကတွန်းကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တာတ၊ ငါ့သား။ ဂစ္ဆ၊ သွားချေ။ သွ္ဝေတနာယ၊ နက်ဖြန်ကောင်းမှုအကျိုးငှါ။ သတ္ထာရံ၊ ဘုရားသခင်ကို။ နိမန္တေဟိ၊ ပင့်ဘိတ်ချေလော့။ ဣတိ၊ ဤသို့။ ပေသေသိ၊ စေလွှတ်၏။

သော၊ ထိုတက္ကတွန်းသည်။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ပဌမတရံ၊ ရှေးဦးစွာ။ အာဇီဝကဿ၊ ဆရာတက္ကတွန်းကြီး၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်သို့။ ဂန္တွာ၊ ရောက်၍။ တံ၊ ထိုဆရာတက္ကတွန်းကို။ ဝန္ဒိတွာ၊ ရှိခိုး၍။

နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထို တက္ကတွန်းကို။ သော၊ ထို ဆရာတက္ကတွန်းသည်။ ကဟံ၊ အဘယ်အရပ်သို့။ ဂစ္ဆသိ၊ သွားအံ့နည်း။ ဣတိအာဟ၊ ဤသို့မေး၏။ မာတုဝစနေန၊ အမိစကားဖြင့်။ သတ္ထာရံ၊ ဘုရားသခင်ကို။ နိမန္တေတုံ၊ ဆွမ်းဘိတ်ခြင်းငှါ။ ဂစ္ဆာမိ၊ သွားအံ့။ ဣတိ-အာဟ၊ ဤသို့လျှောက်၏။ တဿ၊ ထို ဝေါတမ၏။ သန္တိကံ၊ အထံသို့။ မာဂစ္ဆ၊ မသွားလေလင့်။ ဣတိ၊ ဤသို့ တားမြစ်၏။ အယျ၊ အရှင်ဘုရား။ အလံ၊ တားမြစ်ခြင်းငှါမသင့်။ မမ၊ ငါ၏။ မာတု၊ အမိကို။ ဘာယာမိ။ ကြောက်၏။ အဟံ၊ သည်။ ဂစ္ဆိဿာမိ သွားအံ့။ ဣတိ၊ ဤသို့ဆိုလတ်သော်။ တေဿ၊ ဤဝေါတမသို့။ ကတံ သက္ကာရံ၊ ပြုအပ်သော ပူဇော် သက္ကာရကို။ ဥဘောပိ၊ ငါတို့နှစ်ယောက် သည်လည်း။ ခါဒိဿာမ၊ စား ကုန်အံ့။ မာဂစ္ဆ၊ ဝေါတမအထံသို့ မသွားလေလင့်။ ဣတိ၊ ဤသို့ တား မြစ်လျက်။ အာဟ၊ ဆို၏။ အယျ၊ အရှင်ဘုရား။ အလံ၊ မသင့်။ မာတာ၊ အမိသည်။ မေ၊ ငါ့အား။ တဇ္ဇိဿတိ၊ ခြိမ်းခြောက်လတ္တံ့။ ဣတိ၊ ဤသို့။ ဆို၏။

တေနဟိ၊ ထိုသို့တပြီးကား။ ဂစ္ဆ၊ သွားလေ၊ ဂန္တွာစပန၊ သွားပြီး၍ ကား။ သတ္ထု၊ ဘုရားကို။ နိမန္တေတွာ၊ ဆွမ်းဘိတ်၍။ အမှာကံ၊ ငါတို့ ၏။ဂေဟံ၊ အိမ်သို့။အသုကဋ္ဌာနေဝါ၊ဤမည်သော အရပ်၌လည်းကောင်း။ အသုကဝီထိယံဝါ၊ ဤမည်သောလမ်း၌ လည်းကောင်း။ အသုကမဂ္ဂေနဝါ၊ ဤမည်သောခရီးဖြင့် လည်းကောင်း။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ဣတိ၊ ဤသို့။ မာ အာစိက္ခိ၊ မကြားလေလင့်။ တဿ၊ ထိုရဟန်းဂေါတမ၏။ သန္တိကေ၊ အထံ၌။ ဌိတောဝိယ၊ ရပ်သကဲ့သို့။ အညေန မဂ္ဂေန၊ တပါးခရီးဖြင့်။ ဂစ္ဆ-န္တောဝိယ၊ သွားသကဲ့သို့။ ပလာယိတွာ၊ ထွက်ပြေး၍။ ဧဟိ၊ လာလှည့်။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုတက္ကတွန်းသည်။ အာဇီဝကဿ၊ ဆရာ တက္ကတွန်း၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ သတ္ထု၊သန္တိကံ၊ ဘုရား အထံသို့။ ဂန္တွာ၊ သွား၍။ နိမန္တေတွာ၊ ဆွမ်းဘိတ်၍။ အာဇီဝကေန၊ တက္ကတွန်းသည်။ ဝုတ္တနိယာမေနေဝ၊ ဆိုသောနည်းဖြင့်လျှင်။ သဗ္ဗံ၊ အလုံး စုံကို။ ကတွာ၊ ပြု၍။ တဿ၊ ထိုတက္ကတွန်း၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ ၍။ တေ၊ သင်သည်။ ကိံ၊ အဘယ်အမှုကို။ ကတံ၊ ပြုအပ်သနည်း ။ ဣတိပုဋ္ဌော၊ ဤသို့ မေးလတ်သော်။ အယျ၊ အရှင်ဘုရား။ သဗ္ဗံ၊ အလုံးစုံ သော။တံ၊ ထိုမှာလိုက်တိုင်းသော အမှုကို။ ကတံ၊ ပြုအပ်ပြီ။ ဣတိအာဟ၊

ဤသို့ ဆို၏။ တေ၊ သင်၏။ ကတံ၊ ပြုခြင်းကား။ ဘဒ္ဒကံ၊ ကောင်းသော အမှုရှိ၏။ တဿ၊ ထိုရဟန်း ဂေါတမအား။ ကတံ၊ ရှိသေစွာပြုအပ်သော။ သက္ကာရံ၊ ပူဇော်ဘွယ်ဝတ္ထုကို။ ဥဘောပိ၊ နှစ်ပါးစုံ ငါတို့သည်လည်း။ ခါဒိဿာမ၊ စားကုန်အံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ အာဇီဝကော၊ တက္ကတွန်းသည်။ ပါတောဝ၊ စောစောကသာလျှင်။ တံဂေဟံ၊ ထိုအိမ်သို့။ အဂမာသိ၊ ရောက်လာ၏။ သော၊ ထိုအပည့် တက္ကတွန်းသည်။ တံ၊ ထိုဆရာတက္ကတွန်း ပရိဗိုဇ်ကို။ ဂဟေတွာ၊ ခေါ်ငင်၍။ ဂန္ဓာဂန္ဓော၊ အိမ်ခန်းတိုက်၏ နောက်အဘို့၌။ နိသီဒါပေသိ၊ နေစေ၏။

ပဋိဝိဿက မနုဿာ၊ အိမ်နီးချင်း လူတို့သည်။ တံဂေဟံ၊ ထိုအိမ်ကို။ အလ္လဂေါမယေန၊ နွားချေးအစိုဖြင့်။ ဥပလိမ္ပိတွာ၊ လိမ်းကျံစေ၍။ လာဇပဉ္စမာနိ၊ ပေါက်ပေါက်လျှင် ငါးခုမြောက်ရှိကုန်သော။ ပုပ္ဖါနိ၊ ပန်းတို့ကို။ ဝိကိရိတွာ၊ ဖြန့်ကြဲ၍။ သတ္ထု၊ ဘုရားရှင်အား။ နိသီဒနတ္ထာယ၊ နေစေခြင်းငှါ။ မဟာရဟံ၊ မြတ်သောလူတို့အား ထိုက်သော၊ အာသနံ နေရာကို။ ပညပေသုံ၊ ခင်းကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ ဗုဒ္ဓေဟိ၊ ဘုရားသဗ္ဗညုတို့နှင့်။ သဒ္ဓိံ၊ တကွ။ အပရိစိတ မနုဿာ၊ အကျွမ်းမဝင်ကုန်သော လူတို့သည်။ အာသနပညတ္တိံ၊ ခင်းအပ်သော နေရာတော်ကို။ န ဇာနန္တိ၊ မသိကုန်။ ဗုဒ္ဓါနဉ္စ၊ မြတ်စွာဘုရားတို့၏လည်း။ မဂ္ဂဒေသကေန၊ ခရီးညွှန်ခြင်းဖြင့်။ ကိစ္စံနာမ၊ ပြုဘွယ်အမှု မည်သည်။ နတ္ထိ၊ မရှိ။ ဟိသစ္စံ၊ ၏။ ဗောဓိမူလေ၊ ဗောဓိပင်ရင်း၌။ ဒသသဟဿိ လောကဓာတုံ၊ တသောင်းသော လောကဓာတ်ကို။ ကမ္ပေတွာ၊ တုန်လှုပ်စေ၍။ သဗ္ဗောဓိပတ္တ ဒိဝသေ ဧဝ၊ သဗ္ဗညုတဉာဏ်သို့ ရောက်သောနေ့၌သာလျှင်။ နေသံ၊ ထိုမြတ်စွာဘုရားတို့အား။ အယံမဂ္ဂေါ၊ ဤခရီးကား။ နိရယံ၊ ငရဲသို့။ ဂစ္ဆတိ၊ သွားရ၏။ အယံ၊ ဤခရီးသည်။ တိရစ္ဆာနယောနိံ၊ တိရစ္ဆာန် အမျိုးသို့။ အယံ၊ ဤခရီးသည်။ ပေတ္တိဝိသယံ၊ ပြိတ္တာဘုံသို့။ အယံ၊ ဤခရီးသည်။ မနုဿလောကံ၊ လူ့ပြည်ကို။ အယံ၊ ဤ ခရီးသည်။ ဒေဝလောကံ၊နတ်ပြည်သို့။ အယံ၊ ဤခရီးသည်။ အမတ မဟာနိဗ္ဗာနံ၊ မြတ်သော အမြိုက်နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွား၏။ ဣတိ၊ ဤသို့ အစရှိကုန်သော။ သဗ္ဗေမဂ္ဂါ၊ အလုံးစုံသော လားရာခရီးတို့သည်။ အာဝိဘူတာ၊ ထင်ရှား ဖြစ်ကုန်၏။ ဂါမနိဂမာဒီနံ၊ ရွာ၊ နိဂုံးသူတို့၏။ မဂ္ဂေ၊ သွားရာခရီး၌။ ဝတ္တဗ္ဗမေဝ၊ ဆိုဘွယ်

စကားသည်ပင်လျှင်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ သတ္ထာ၊ ဘုရားသခင်သည်။ပါဝေယျ၊ နံနက်စောစောကလျှင်။ ပတ္တစီဝရံ၊ သပိတ် သင်္ကန်းကို။ အာဒါယ၊ ယူ၍။ မဟာဥပါသိကာယ၊ ဒါယိကာမကြီး၏။ ဂေဟ-ဒွါရံ၊ အိမ်တံခါးသို့။ ဂတော၊ ရောက်တော်မူလာ၏။

သာ၊ ထိုဒါယိကာမကြီးသည်။ ဂေဟာ၊ အိမ်မှ။ နိက္ခမိတွာ၊ ထွက်၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသောတည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ အန္တောနိဝေသနံ၊ အိမ်တွင်းသို့။ ပဝေသေတွာ၊ ဝင်စေ၍။ အာသနေ၊ နေရာ၌။ နိသီဒါပေတွာ၊ နေစေ၍။ ဒက္ခိဏောဒကံ၊ အလှူရေစက်ကို။ ကတွာ၊ ပြု၍။ ပဏီတေန၊ မွန်မြတ်သော။ ခါဒနီယေန၊ ခဲဘွယ်ဖြင့်။ ဘောဇနီယေန၊ ဘောဇဉ်ဖြင့်။ ပရိဝိသိ၊ လုပ်ကျွေး၏။ ဥပါသိကာ၊ ဒါယိကာမကြီးသည်။ ကတဘတ္တကိစ္စဿ၊ ဆွမ်းစားခြင်းကိစ္စပြီးပြီးသော။ သတ္ထုနော၊ ဘုရားသခင်အား။ အနုမောဒနံ၊ တရားဟောခြင်း အနုမောဒနာကို။ ကာရေတုကာမာ၊ ပြုစေလိုသည်ဖြစ်၍။ ပတ္တံ၊ သပိတ်ကို။ ဂဏှိ၊ ယူ၏။ သတ္ထာ၊ ဘုရားသခင်သည်။ မဓုရ သရေန၊ သာယာစွာ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံစွာသော အသံတော်ဖြင့်။ အနုမော-ဒနမ္မကထံ၊ ဝမ်းမြောက်ကြောင်းဖြစ်သော တရားစကားကို။ အာရဘိ၊ အားထုတ်တော်မူ၏။ ဥပါသိကာ၊ ဒါယိကာမကြီးသည်။ သာဓုသာဓူတိ၊ သာဓုသာဓုဟူ၍။ သာဓုကာရံ၊ ကောင်းချီးသံကို။ ဒဒမာနာ၊ ပေးလျက်။ ဓမ္မံ၊ တရားကို။ သုဏာိ၊ ကြားနာ၏။ အာဇီဝကော၊ တက္ကတွန်းရဟန်းယောင်သည်။ ပစ္စာဂဗ္ဘေ၊ အိမ်ခန်းတိုက်၏ အနောက် ရေသွန်၌။ နိသိန္နောဝ၊ နေလျက်လျှင်။ သာဓုကာရံ၊ ကောင်းချီးသံကို။ ဒတွာ၊ ပေး၍။ ဓမ္မံ၊ တရားကို။ သုဏန္တိယာ၊ ကြားနာသော။ တဿာ၊ ထိုဒါယိကာမ၏။ သဒ္ဒံ၊ ကောင်းချီးပေးသံကို။ သုတွာ၊ ကြား၍။ သန္ဓာရေတုံ၊ တည်တံ့စွာ လွှမ်းမြရရ နေခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ ဣဒါနေဝ၊ ယခုပင်လျှင်။ သာ၊ ထိုဒါယိကာမသည်။ မယှံ၊ ငါ၏။ န၊ ဒါယိကာမ မဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ အောက်မေ့လျက်။ နိက္ခမိတွာ၊ နေရာရေသွန်က ထွက်ခဲ့၍။ နဋ္ဌော၊ ပျက်သည်။ အသိ၊ ဖြစ်၏။

ကာလကဏ္ဏိ၊ သူယုတ်မ။ ဧတဿ၊ ဤရဟန်းဂေါတမအား။ ဧဝံ၊ ဤသို့။ သက္ကာရံ၊ ပူဇော်ခြင်းကို။ ကရောသိ၊ ပြုဘိ၏။ ဣတိ၊ သို့။ နာနပ္ပ-ကာရေန၊ အထူးထူး အပြားပြားအားဖြင့်။ ဥပါသိကဉ္စ၊ ဒါယိကာမကြီး

ကိုငှင်း။ သတ္ထာရဠ၊ ဘုရားသခင်ကိုငှင်း။ အက္ကောသန္တော၊ ဆဲရေးလျက်။ ပလာယိ၊ ထွက်ပြေး၏။ ဥပါသိကာ၊ ဒါယိကာမကြီးသည်။ တဿ၊ ထို တက္ကတွန်း ရဟန်းယောင်၏။ ကထာယ၊ ဆဲ၍ ပြေးသော စကားဖြင့်။ လဇ္ဇိတာ၊ အရှက်ရ၍။ အညထတ္တံ၊ ဖောက်ပြန် ချွတ်ယွင်းသော အဖြစ်သို့။ ဂတံ၊ ရောက်သော။ စိတ္တံ၊ စိတ်ကို။ ဒေသနာနုသာရေန၊ ဒေသနာကို အစဉ်မှီးသဖြင့်။ ဉာဏံ၊ ဉာဏ်သို့။ ပေသေတုံ၊ စေလွှတ်ခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။အထ၊ ထိုအခါ၌။ နံ၊ ထိုဒါယိကာမကို။ သတ္ထာ၊ ဘုရားသခင် သည်။ဥပါသိကေ၊ ဒါယိကာမ။ စိတ္တံ၊စိတ်ကို။ ဒေသနာနုဂတံ၊ဒေသနာသို့ အစဉ်လျှောက်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ ကိံ၊ အဘယ့်ကြောင့်။ နသက္ကောသိ၊ မတတ်နိုင်ဘိသနည်း။ ဣတိဝုတ္တေ၊ ဤသို့ မိန့်တော်မူသည် ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်၏။ (စိတ္တံမှာစပ်) တဿ၊ ဤတက္ကတွန်း၏။ ကထာယ၊ ဆဲဆိုသော စကားဖြင့်။ စိတ္တံ၊ စိတ်သည်။ အညထတ္တံ၊ ချွတ်ယွင်းခြင်းသို့။ ဥပဂတံ၊ ရောက်လေဘိ၏။ ဣတိ၊ ဤသို့ လျှောက်သည်ရှိသော်။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဧဝရူပဿ၊ ဤသို့ ယုတ်မာသော သဘောအကျင့်ရှိသော။ ဝိသဘာဂ ဇနဿ၊ သဘောမတူ ညစ်ညမ်းသော သူ၏။ ကထိတံ၊ ဆိုအပ်သော။ ကထံနာမ၊ စကား မည်သည်ကို။ အာဝဇ္ဇိတုံ၊ ဆင်ခြင် တွေးတောခြင်းငှါ။ နဝဋ္ဋတိ၊ မသင့်။ ဧဝရူပံ၊ ဤသို့သော မိစ္ဆာအယူကို။ အသမန္နာဟရိတွာ၊ နှလုံးမသွင်းမူ၍။ အတ္တနော၊ မိမိ၏။ ကတာကတမေဝ၊ ပြုသင့်သော အမှု, မပြုသင့်သော အမှုကိုသာလျှင်။ ဩလောကေတုံ၊ ကြည့်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၅၀) ဥပါသိကေ၊ ဒါယိကာမ။ပရေသံ၊သူတပါးတို့၏။ဝိလောမာနိ၊ ဩမ်းထမ်းကုန်သောစကား, ဝန်တိုကုန်သော စကားတို့ကို။ န မနသိကာ-တဗ္ဗာနိ၊ နှလုံးမပြုအပ်ကုန်။ ပရေသံ၊ သူတပါးတို့၏။ ကတာကတံ၊ ပြုအပ်သည်၌ မပြုခြင်းကို။ ဝါ၊ ပြုအပ်သောအမှု, မပြုအပ်သောအမှုကို။ န ဩလောကေတဗ္ဗံ၊ မကြည့်အပ်။ အတ္တနောဝ၊ မိမိကိုယ်ကိုသာလျှင်။ ကတာနိစ၊ လက္ခဏာရေးသုံးပါးသို့ တင်၍ သုံးသပ်ခြင်းငှါ စွမ်းနိုင်သည် တို့ကိုလည်းကောင်း။ အကတာနိစ၊ လက္ခဏာရေးသုံးပါးသို့ တင်၍ သုံးသပ်

ခြင်းငှါ မစွမ်းနိုင်သည်တို့ကိုလည်းကောင်း။ အဝေက္ခေယျ၊ရှုဆင်ခြင်ရာ၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌၊ န ပရေသံ ဝိလောမာနီတိ၊ ဟူသည်ကား။ ပရေသံ၊ သူတပါးတို့၏။ ဝိလောမာနိ ဖရုသာနိ၊ ကြမ်းထမ်းခက်မာကုန်သော။ မဇ္ဈရေဝစနာနိ၊ ဝန်တိုခြင်းရှိကုန်သော စကားတို့ကို။ န မနသိကာတဗ္ဗာနိ၊ နှလုံးမသွင်းအပ်ကုန်။

န ပရေသံ ကတာကတန္တိ၊ ဟူသည်ကား။ အသုကော ဥပါသကော၊ ဤမည်သော ဒါယကာသည်။ အသဒ္ဓေါ၊ ယုံကြည်ခြင်း မရှိ။ အပ္ပသန္နော၊ ကြည်ညိုခြင်းမရှိ။ အဿ၊ ထိုဒါယကာ၏။ ဂေဟေ၊ အိမ်၌။ ကဋစ္ဆုဘိက္ခာဒီနိ၊ တယောက်မျှသော ဆွမ်းစသည်တို့ကို။ နာပိဒိယျန္တိ၊ လှူအပ်သည်မရှိကုန်။ သလာက ဘတ္တာနိ၊ စာရေးတံဆွမ်း စသည်တို့ကို။ န ဒိယျန္တိ၊ မလှူနိုင်ကုန်။ စီဝရာဒိ·ပစ္စယဒါနံ၊ သင်္ကန်း စသောပစ္စည်းဖြင့် ပေးခြင်းသည်။ တေဿ၊ ဤဒါယကာအား။ န အတ္ထိ၊ မရှိ။ တထာ၊ ထို့အတူ။ အသုကဥပါသိကာ၊ ဤအမည်ရှိသော ဒါယကာမသည်။ အသဒ္ဓါ၊ ယုံကြည်ခြင်းမရှိ။အပ္ပသန္နာ၊ မကြည်ညို။ အဿာ၊ထိုမိန်းမ၏။ဂေဟေ၌။ကဋစ္ဆုဘိက္ခာဒီနိ၊တယောက်မျှသော ဆွမ်းစသည်တို့ကို။ နာပိ ဒိယျန္တိ၊မလှူနိုင်ကုန်။သလာကဘတ္တာဒီနိ၊ စာရေတံဆွမ်း စသည်တို့သည်။ နအတ္ထိသန္တိ၊ မရှိကုန်။ စီဝရာဒိ ပစ္စယဒါနံ၊ သင်္ကန်းစသော ပစ္စည်းဖြင့် ပေးလှူခြင်းသည်။ တေဿာ၊ ဤမိန်းမအာ။ န အတ္ထိ၊ မရှိ။ တထာ၊ ထို့အတူ။ အသုကောဘိက္ခု၊ ဤမည်သော ရဟန်းသည်။ အသဒ္ဓေါ၊ သဒ္ဓါခြင်းမရှိ။ အပ္ပသန္နော၊ကြည်ညိုခြင်းမရှိ။ အဿ၊ ထိုရဟန်းအား။ ဥပဇ္ဈာယဝတ္တံ၊ ဥပဇ္ဈာယဝတ္တံ၊ ဥပဇ္ဈာယဝတ်ကို။ နာပိကရောတိ၊ ပြုလေ့မရှိ။ အာစရိယဝတ္တံ၊ ဆရာအားပြုအပ်သော ဝတ်သည်။ နအတ္ထိ၊မရှိ။ အာဂန္တုကဝတ္တံ၊ အာဂန္တုက ဝတ်သည်၊ နအတ္ထိ၊ မရှိ။ ဂမိကဝတ္တံ၊ ဂမိက ဝတ်သည်။ န အတ္ထိ၊ မရှိ။ စေတိယင်္ဂဏဝတ္တံ၊ စေတီရင်ပြင်၌ ပြုအပ်သော ဝတ်ကို။ နကရောတိ၊ မပြု။ (ရှေးအတ္ထိမှာ စပ်မူကတ္တားပေးလေ။) ဥပေါသထာဂါရ ဝတ္တံ၊ ဥပုသ်အိမ်၌ ပြုအပ်သော ဝတ်ကို။ န၊ ပြုလေ့မရှိ။ ဘောဇနသာလာဝတ္တံ၊ ဆွမ်းစားစရပ်၌ ပြုအပ်သောဝတ်ကို။ န၊ ပြုလေ့မရှိ။ ဇန္တာဃရဝတ္တာဒီနိ၊ ဇရုံးအိမ်၌ ပြုရသောဝတ် စသည်တို့ကို။ န၊ ပြုလေ့မရှိကုန်။ အဿ၊ ထိုရဟန်းအား။ ကိဉ္စိမုတင်္ဂံ၊ တစုံတခုသော ဓုတင်ဆောက်တည်

ခြင်းသည်။ နာပိ အတ္ထိ၊ မရှိ။ ဘာဝနာရာမတာယ၊ ကမ္မဋ္ဌာန်းစီးဖြန်း ခြင်းဖြင့် မွေ့လျော်ခြင်း၌။ ဥဿာဟမတ္တံပိ၊ အားထုတ်ကာမျှသည်လည်း။ နအတ္ထိ၊မရှိ။ ဣတိဧဝံ၊ သို့။ ပရေသံ၊ သူတပါးတို့၏။ ကတာကတံနာမ၊ ပြုအပ်သည်၌ မပြုခြင်းမည်သည်ကို။ နဩလောကေတဗ္ဗံ၊အပ်။

အတ္တနောဝ အဝေက္ခေယျာတိ ဟူသည်ကား။ ကထံဘူတဿ၊ အဘယ် သို့ဖြစ်သည် ဖြစ်၍လျှင်။ မေ၊ ငါ၏။ ရတ္တိန္ဒိဝါ၊ ညဥ့်နေ့တို့ကို။ ဝီတိဝ- တ္တန္တိ၊ လွန်စေကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ပဗ္ဗဇိတေန၊ ရဟန်းဖြစ်သော သူသည်။ အဘိဏှံ၊ မပြတ်။ ပစ္စဝေက္ခိတဗ္ဗံ၊ ၏။ ဣတိ၊ ဤသို့။ ဣမံဩ- ဝါဒံ၊ ဤအဆုံးအမကို။ အနုဿရန္တော၊ အောက်မေ့လျက်။ သဒ္ဓါပဗ္ဗ- ဇိတော၊ သာသနာတော်ကို မြတ်နိုးကြည်ညို၍ ရဟန်းပြုသော။ ကုလပု- တ္တော၊ အမျိုးကောင်းသားသည်။ အဟံ၊ ငါသည်။ အနိစ္စ၊ အမြဲမရှိ။ ဒုက္ခ၊ ဆင်းရဲအတိသာဖြစ်၏။ အနတ္တာ၊ အစိုးမရသော သဘောရှိ၏။ ဣတိ၊ ဤသို့။ တိလက္ခဏံ၊ လက္ခဏာရေး သုံးပါးသို့။ အာရောပေတွာ၊ တင်၍။ ယောဂကမ္မံ၊ ယောဂ၏ ကုန်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ခိ ုနုခေါ- ကိံ၊ တတ်နိုင်အံ့လော။ နာသက္ခိ ုနုခေါကိံ၊ မတတ်နိုင်အံ့လော။ ဣတိ ဧဝံ၊ ဤသို့။ အတ္တနော၊ ၏။ ကတာကတာနိ၊ စွမ်းနိုင်သည်, မစွမ်းနိုင် သည်တို့ကို။ ဩလောကေယျ၊ ကြည့်ရှုဆင်ခြင်ရာ၏။ ဣတိ၊ ဤကားအ နက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သာဥပါသိကာ၊ ထိုဒါယိကာမ သည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌိတာ၊ တည်၏။ ဒေသနာ၊ တရားဟောခြင်းသည်။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ၊ အကျိုးရှိသည်။ ဇာတာ၊ ဖြစ်၏။

ဆဋ္ဌံ၊ သော။ ပါဝေယျကာဇီဝက ဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

---

၄-ပုပ္ဖဝဂ္ဂ ၇-ဆတ္တပါဏိ ဥပါသက ဝတ္ထု

အနုသန္ဓေ...ပါဝေယျကာဇီဝက ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ၌ ဆတ္တပါဏိ ဥပါသက ဝတ္ထု၌ ဟော ကြောင်းဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယထာပိ ရုစိရံ-စသည် ကို မိန့်အပ်၏။

ယထာပိ ရုစိရံ ပုပ္ဖန္တိ ဣမံ ဓမ္မဒေသနံ၊ ယထာပိ ရုစိရံ ပုပ္ဖံ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ဆတ္တပါဏိဥပါသကံ၊ ဆတ္တပါဏိအမည်ရှိသော အနာဂါမ်တည် ဒါယကာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ မူ၏။

ဟိ၊ ထိုစကားသင့်စွ။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဆတ္တပါဏိနာမ၊ ဆတ္တပါဏိ အမည်ရှိသော။ ဥပါသကော၊ ဒါယကာသည်။ တိပိဋကဓရော၊ ပိဋကတ်သုံးပုံကို ဆောင်နိုင်သော။ အနာဂါမီ၊ အနာဂါမ်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသီတင်းသည် ဒါယကာ ဆတ္တပါဏိသည်။ ပါတောဝ၊ စောစောကလျှင်။ ဥပေါသထိကော၊ ဥပုသ်သုံးသည်။ ဟုတွာ၊ ဖြစ်၍။ သတ္ထု၊ ဘုရားသခင်အား။ ဥပဋ္ဌာနံ၊ ဆည်းကပ် ခစားခြင်းသို့။ အဂမာသိ၊ သွား၏။ ဟိ၊ ထိုစကားသင့်စွ။ အနာဂါမိ အရိယသာဝကာနံ၊ အနာဂါမ်တည်ဖြစ်သော အရိယာသာဝက တို့အား။ သမာဒါန ဝသေန၊ သမာနဒါနဝိရတီ၏ အစွမ်းဖြင့်။ ဥပေါသထကမ္မံနာမ၊ ဥပုသ်သုံးခြင်း မည်သည်။ နတ္ထိ၊ မရှိ။ မဂ္ဂေနေဝ၊ အနာဂါမိမဂ်ဖြင့် သာလျှင်။ တေသံ၊ ထိုအရိယာ သာဝကတို့အား။ ဗြဟ္မစရိယဉ္စ၊ မြတ်သော အကျင့်သည်လည်းကောင်း။ ဧကဘတ္တိကဉ္စ၊ နံနက် တထပ်စာ စားခြင်းသည်လည်းကောင်း။ အာဂတံ၊ လာ၏။ တေနေဝ၊ ထို့ကြောင့်သာလျှင်။ ဃဋိကာရော။ လ။ ဓမ္မောတိ၊ ဓမ္မော ဟူ၍။ အာဟ၊ ဟောတော်မူပြီ။ မဟာရာဇ၊ မြတ်သော မင်းကြီး။ ခေါ၊ စင်စစ်။ ကုမ္ဘကာရော၊ အိုးထိန်းသည် ဖြစ်ဘူးသော။ ဃဋိကာရော၊ ဃဋိကာရသည်။ ဧကဘတ္တိကော၊ နံနက် တကြိမ်သာ စားခြင်း ရှိ၏။ ဗြဟ္မစာရီ၊ မေထုန် အကျင့်မှ ရှောင်ကြဉ်လေ့ ရှိ၏။ သီလဝါ၊ သီလ ရှိ၏။ ကလျာဏဓမ္မော၊ ကောင်းသောအကျင့်နှင့် ပြည့်စုံ၏။ ဧဝံ၊ ဤသို့။ အနာဂါမိနော၊ အနာဂါမ်ပုဂ္ဂိုလ်အား။ ပကတိယာဝ၊ သဘောအားဖြင့်သာလျှင်။ ဧကဘတ္တိကာစ၊ နံနက်တထပ်စာ စားခြင်းတို့သည်၎င်း။ ဗြဟ္မစာရိနောစ၊ မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းတို့သည်၎င်း။ ဟောန္တိ၊ ကုန်၏။ သောပိ၊ ထိုဆတ္တပါဏိသည်လည်း။ တထေဝ၊ ထိုဃဋိကာရအတူလျှင်။ ဥပေါသထိကော၊ ဥပုသ်သုံးသည်။ ဟုတွာ၊ ဖြစ်၍။ သတ္ထာရံ၊ ဘုရားသခင်ကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဓမ္မ-ကထံ၊ တရားစကားကို။ သုဏန္တော၊ နာလျက်။ နိသီဒိ၊ နေ၏။

တသ္မိံ သမယေ၊ ထိုအခါ၌။ ရာဇာ ပသေနဒိ ကောသလော၊ ပသေနဒီ ကောသလမင်းကြီးသည်။ သတ္ထု၊ ဘုရားသခင်အား။ ဥပဋ္ဌာနံ၊ ဆည်းကပ် ခယခြင်းသို့။ အဂမာသိ၊ ရောက်လာ၏။ ဥပါသကော၊ ဆတ္တပါဏိ အမည် ရှိသော ဒါယကာသည်။ အာဂစ္ဆန္တံ၊ လာသော။ တံ၊ ထိုကောသလ မင်းကြီးကို။ ဒိသွာ၊၍။ ဥဋ္ဌာတဗ္ဗံနုခေါ၊ ထအပ်မည်လော။ နောနုခေါ၊ မထ အပ်မည်လော။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ အဟံ၊သည်။ အဂ္ဂရာဇဿ၊ မြတ်သောမင်း၏။ သန္တိကေ၊ အထံ၌။ နိသိန္နော၊ နေ၏။ တဿ မေ၊ ထို ငါ့အား။ ပဒေသရာဇာနံ၊ ပဒေသရာဇ်မင်းကို။ ဒိသွာ၊ မြင်၍။ ဥဋ္ဌာတုံ၊ ထခြင်းငှါ။ နယုတ္တံ၊ မသင့်။ ခေါပန၊စင်စစ်အားဖြင့်။ ရာဇာ၊ မင်းသည်။ အနုဋ္ဌဟန္တဿ၊ မထသော၊ မေငါ့အား။ ကုဇ္ဈိဿတိ၊ အမျက်ထွက်လတ္တံ့။ ဧတသ္မိံ၊ ဤကောသလမင်းသည်။ ကုဇ္ဈန္တေပိ၊ အမျက်ထွက်သော်လည်း။ နေဝ ဥဋ္ဌဟိဿာမိ၊ မထအံ့။ ဣတိ၊ ဤသို့ကြံ၏။ ဟိ၊ ထိုစကားသင့်စွ။ ရာဇာနံ၊ မင်းကြီးကို။ ဒိသွာ၊မြင်၍။ ဥဋ္ဌဟန္တေန၊ ထခြင်းဖြင့်။ ရာဇဂရုကတော၊ မင်းကြီးကို အလေးအမြတ်ပြုသည်။ ဟောတိ၊ဖြစ်၏။ သတ္ထုရိ၊ ဘုရားသခင်၌။ နော၊ အရိုအသေ ပြုသည်မမည်။ တသ္မာ၊ ထို့ကြောင့်။ နေဝ ဥဋ္ဌဟိဿာမီတိ၊ မထအံ့ဟူ၍ နှလုံးသွင်းလျက်။ နဥဋ္ဌဟိ၊ မထ။

ပဏ္ဍိတ ပုရိသာ နာမ၊ပညာရှိသောယောကျ်ားတို့မည်သည်။ ဂရုတရာနံ၊ အထူး အရိုအသေ ပြုအပ်သော သူတို့၏။ သန္တိကေ၊ အထံ၌။ နိသီဒိတွာ၊ နေ၍။ အနုဋ္ဌဟန္တံ၊ မထသောသူကို။ ဒိသွာ၊ မြင်၍။ နကုဇ္ဈန္တိ၊ အမျက် မထွက်ကုန်။ ရာဇာ ပန၊ ကောသလမင်းကြီးသည်ကား။ အာသနာ၊နေရာမှ။ အနုဋ္ဌဟန္တံ၊ မထသော။ တံ၊ထိုဆတ္တပါဏိကို။ ဒိသွာ၊မြင်၍။ ကုပိတမာနသော၊ အမျက်ထွက်လိုသော စိတ်ရှိသည် ဖြစ်လျက်။ သတ္ထာရံ၊ ဘုရား သခင်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သောအရပ်၌။ နိသီဒိ၊နေ၏။ သတ္ထာ၊ ဘုရားသခင်သည်။ တံ၊ ထို ကောသလမင်းကို။ ကုပိတဘာဝံ၊ အမျက်ထွက်လိုသော အဖြစ်ကို။ ဉတွာ၊ သိ၍။ အာဟ၊ မိန့်တော်မူ၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အယံဆတ္တပါဏိ ဥပါသကော၊ ဤ ဆတ္တပါဏိမည်သော ဒါယကာသည်။ ပဏ္ဍိတော၊ ပညာရှိ၏။ ဒိဋ္ဌဓမ္မော၊ မြင်အပ်သောအနာဂါမိမဂ်ဉာဏ်ရှိ၏။ တိပိဋကဓရော၊ ပိဋကတ် သုံးပုံကို ဆောင်၏။ အတ္တာနတ္ထကုသလော၊ အကျိုးစီးပွားရှိသည် မရှိသည် တို့၌ လိမ္မာ၏။ ဣတိ၊ ဤသို့။ ဥပါသကဿ၊ သီတင်းသည် ဒါယကာ၏။

ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ကထေသိ၊ ပြော ဟော တော်မူ၏။ တဿ၊ ထို ဒါယကာ၏။ ဂုဏကထံ၊ ကျေးဇူးနှင့်စပ်သောစကားကို။ သုဏန္တဿေဝ၊ နာစဉ်လျှင်။ ရညော၊မင်း၏။ စိတ္တံ၊ စိတ်သည်။ မုဒုကံ၊ နူးညံ့စွာ။ ဇာတံ၊ ဖြစ်၏။

အထ၊ ထိုအခါ၌။ ကေဒိဝသံ၊ တနေ့သ၌။ ရာဇာ၊ကောသလမင်းကြီး သည်။ ဥပရိပါသာဒေ၊ အထက်ပြာသာဒ် အပြင်၌။ ဌိတော၊ ရပ်လျက်။ ဆတ္တပါဏိဥပါသကံ၊ ဆတ္တပါဏိမည်သော ဒါယကာကို။ ကတပါတရာသံ၊ ထမင်းနံနက်စာစားပြီးသော်။ ဆတ္တံ၊ ထီးကို။ အာဒါယ၊ ယူ၍။ ဥပါဟနံ၊ ဘိနပ်ကို။ အာရုယှ၊ ၍။ ရာဇင်္ဂဏေန၊ မင်းရင်ပြင်ဖြင့်။ ဂစ္ဆန္တံ၊ သွားသည်ကို။ ဒိသွာ၊ မြင်၍။ ပက္ကောသာပေသိ၊ ခေါ်တော်မူစေ၏။ သော၊ ထို ဆတ္တပါဏိသည်။ ဆတ္တုပါဟနံ၊ ထီး, ဘိနပ်ကို။ အပနေတွာ၊ ပယ်၍။ ရာဇာနံ၊ မင်းကြီးသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ ၌။ အဋ္ဌာသိ၊ နေ၏။ အထ၊ ၌။ နံ၊ ထိုဆတ္တပါဏိကို။ ရာဇာ၊ကောသလ မင်းသည်။ အာဟ၊၏။ ဘောဥပါသက၊ အိုသီတင်းသည်။ တေ၊သင်သည်။ ကိံ၊ အဘယ်ကြောင့်။ ဆတ္တုပါဟနံ၊ ထီး, ဘိနပ်ကို။ အပနီတံ၊ မယူဘဲ ထားခဲ့လေဘိသနည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ရာဇာ၊ ပြည့်ရှင်မင်းကြီး သည်။ ပက္ကောသတီတိ၊ ခေါ်တော်မူ၏ဟူသောစကားကို။ သုတွာ၊ကြား သောကြောင့်။ အပနေတွာ၊ ပယ်၍။ အာဂတော၊ရောက်လာသည်။ အမှို၊ ဖြစ်၏။ ဣတိ၊ ဤသို့တင်၏။ အဇ္ဇ၊ ယခုမှသာ။ အမှာကံ၊ ငါတို့၏။ ရာဇ- ဘာဝေါ၊ မင်းအဖြစ်ကို။ တုမှေဟိ၊ သင်တို့သည်။ ဉာတော၊ သိအပ်သည်။ ဘဝိဿတိ၊ ဖြစ်လေသလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဒေဝ၊ အရှင် မင်းကြီး။ မယံ၊အကျွန်ုပ်တို့သည်။ သဒါပိ၊ အခါခပ်သိမ်းလည်း။ ဘုမှာ- ကံ၊ ရှင်မင်းကြီးတို့၏။ ရာဇဘာဝံ၊ မင်းအဖြစ်ကို။ ဇာနာမ၊ သိပါကုန်၏။ ဣတိ၊ ဤသို့တင်၏။ ယဒိဧဝံ၊ အခါခပ်သိမ်း ငါတို့၏မင်းအဖြစ်ကို အကယ် ၍ သိသည်ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ ပုရိမဒိဝသေ၊ ရှေး ပြစ် သောနေ့၌။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ နိသိန္နော၊ နေသည်ရှိသော်။ မံ၊ ငါ့ကို။ ဒိသွာ၊ မြင်၍။ နုဋ္ဌဟိ၊ မထလေဘိသနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ အဟံ၊ အကျွန်ုပ်သည်။ အဂ္ဂရာဇဿ၊ မင်းတို့ထက် မြတ်သောဘုရား၏။ သန္တိကေ၊ အထံ၌။ နိသိန္နော၊ နေ၏။

ပဒေသ ရာဇာနံ၊ ပဒေသရာဇ်မင်း တို့ကို။ ဒိသွာ၊ မြင်၍။ ဥဋ္ဌဟန္တော၊ ထချေသည် ရှိသော်။ သတ္ထရိ၊ ဘုရားသဗ္ဗညု၌။ အဂါရဝံ၊ မရိုသေခြင်း သည်။ ပဝေဒေယျံ ဘဝေယျ၊ ဖြစ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ နဥဋ္ဌဟိံ၊ မထလေပြီ။ ဣတိ၊ ဤသို့တင်၏။ ဘော၊ အိုအချင်း။ ဟောတု၊ ဖြစ်စေဦး။ တံ၊ ထိုအကြောင်းကို။ တိဋ္ဌတု၊ ထားဘိဦး။ တုမှေ၊ သင်တို့သည်။ ကိရ၊ ကြားသိရဘူးသည်ကား။ ဒိဋ္ဌဓမ္မိက သမ္ပရာယိကာနံ၊ ပစ္စုပ္ပန်ဘဝ သံသရာ ဘဝ၌ ဖြစ်ကုန်သော။ အတ္ထာနတ္ထာနံ၊ အကျိုးစီးပွား ရှိ,မရှိတို့၌။ကုသလာ၊ လိမ္မာကုန်၏။ တိပိဋက ဓရာ၊ ပိဋကတ်သုံးပုံကို ဆောင်နိုင်ကုန်၏။ အမှာကံ၊ ငါတို့၏။ အန္တေပုရေ၊ နန်းတော်တွင်း၌။ ဓမ္မံ၊ တရားကို။ ဝါစေထ၊ဟော-လော့။ ဣတိ၊ ဤသို့ အမိန့်ရှိ၏။ ဒေဝ၊ အရှင်မင်းကြီး။ န သက္ကောမိ၊ ဟောခြင်းငှါ မတတ်ကောင်း။ ဣတိ၊ ဤသို့တင်၏။ ကိံ ကာရဏာ၊ အဘယ့်ကြောင့်နည်း။ ဣတိ၊ ဤသို့ မေး၏။ ဒေဝ၊ အရှင်မင်းကြီး။ ရာဇဂေဟံနာမ၊ မင်း၏စံတော်မူရာ ရွှေနန်းတော်မည်သည်ကား။မဟာဝဇ္ဇံ၊ များသောအပြစ်ရှိ၏။ ဒုယုတ္တ သုယုတ္တကာနိ၊ မကောင်းသောယှဉ်ခြင်း ကောင်းသောယှဉ်ခြင်း ရှိကုန်၏။ ဧတ္ထ၊ ဤနန်းတွင်း၌။ ဂရုကာနိ၊ လေး သောဝန် ရှိကုန်၏။ ဣတိ၊ ဤသို့တင်လတ်သော်။ ဧဝံ၊ ဤသို့။ မာဝဒေထ၊ မဆိုလင့်။ ပုရိမဒိဝသေ၊ ရှေးဖြစ်သောနေ့၌။ မံ၊ ငါ့ကို။ ဒိသွာ၊ မြင်လျက်။ နဥဋ္ဌိတော၊ မထသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ ဆိုပြီးလျက်။ ကုက္ကုစ္စံ၊ သို့လား သို့လား-ဟူသော တွေးတောခြင်း သံသယကို။ မာကရောထ၊ မပြု ကုန်လင့်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဒေဝ၊ အရှင်မင်းကြီး။ ဂိဟီနံ၊ လူ တို့၏။ ဝိစရဏဋ္ဌာနံနာမ၊ ကျက်စားသွားလာရာအရပ် မည်သည်ကား။ မဟာသာဝဇ္ဇံ၊ များသော အပြစ်ရှိ၏။ ဧကံ၊ တပါးသော။ ပဗ္ဗဇိတံ၊ရဟန်း ကို။ ပက္ကောသာပေတွာ၊ ပင့်ခေါ်စေ၍။ ဓမ္မံ၊ တရားကို။ ဝါစာပေထ၊ ပြသသွန်သင် ဟောပါစေကုန်လော့။ ဣတိ၊ ဤသို့တင်၏။

ရာဇာ၊ မင်းကြီးသည်။ ဘော၊ အချင်း။ သာဓု၊ ကောင်းပြီ၊ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားလေကုန်လော့။ ဣတိ၊ ဤသို့။ တံ၊ ထို ဆတ္တ-ပါဏိ ဥပါသကာကို။ ဥယျောဇေတွာ၊ လွှတ်လိုက်၍။ ရာဇာ၊ မင်းကြီး သည်။ သတ္ထုသန္တိကံ၊ ဘုရားအထံတော်သို့။ ဂန္တွာ၊ သွား၍။ သတ္ထာရံ၊ ဘုရားသခင်ကို။ ယာစိ၊ တောင်းပန်၏။ ဘန္တေ၊ အရှင်ဘုရား။ မလ္လိကာ-ဒေဝီစ၊ မလ္လိကာ မိဖုရားသည်လည်းကောင်း။ ဝါသဘခတ္တိယာစ၊ ဝါသဘ-

မည်သော မင်းသမီးသည်လည်းကောင်း။ ဓမ္မံ၊ တရားတော်ကို။ ပရိယာ-ပုဏိဿာမ၊ သင်ကြားပါကုန်အံ့။ ဣတိ ဤသို့။ ဝဒန္တိ၊ ဆိုကုန်၏။ ပဉ္စဟိ-ဘိက္ခုသတေဟိ၊ ငါးရာကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ နိဗဒ္ဓံ၊ မပြတ်။ မမ၊ ငါ၏။ ဂေဟံ၊ နန်းတော်သို့။ ဂန္တွာ၊ ကြွ၍။ တာသံ၊ ထိုမိဖုရားတို့အား။ဓမ္မံ၊ တရားတော်ကို။ ဥဒ္ဒိသထ၊ သင်တော်မူပါကုန်လော့။ ဣတိ၊ ဤသို့ တောင်းပန်၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဗုဒ္ဓါနံ၊ ဘုရားသခင်တို့အား။ နိဗဒ္ဓံ၊ မပြတ်။ ဧကဋ္ဌာနေ ဂမနံနာမ၊ တခုဟည်းသော အရပ်၌ ကြွသွားခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေအရှင်ဘုရား။ တေနဟိ၊ ထိုသို့တပြီးကား သည်။ တပါးသော။ ဧကံ ဘိက္ခုံ၊ရဟန်းတပါးကို။ ဒေထ၊ ပေးတော်မူပါကုန်လော့။ဣတိ၊ ဤသို့ လျှောက်၏။ သတ္ထာ၊ သူရားသခင်သည်။ အာနန္ဒတ္ထေရဿ၊ အရှင်အာနန္ဒာ မထေရ်အား။ဘာရံ၊ ဝန်ကို။အကာသိ၊ ပြုတော်မူ၏။ထေရော၊ရှင်အာနန္ဒာ မထေရ်သည်။ နိဗဒ္ဓံ၊ မပြတ်။ ဂန္တွာ၊ ကြွ၍။ တာသံ၊ ထိုမိဖုရားတို့အား။ ဓမ္မံ၊ ပါဠိကို။ ဥဒ္ဒိသတိ၊ သင်တော်မူ၏။ တာသု၊ ထိုမိဖုရားတို့တွင်။ မလ္လိကာ၊ မလ္လိကာမိဖုရားသည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဂဏှတွာ၊ သင်၍။ သဇ္ဈာယိတွာ၊ သရဇ္ဈာယ်၍။ အာစရိယံ-အာစရိယေ၊ ဆရာအထံ၌။ ဥဒ္ဒေ-သံ၊ ပါဠိကို။ ပဋိစ္ဆာပေသိ၊ ရိုသေစွာ ဝန်ခံ၏။ ဝါ၊ ပြန်ဆိုနိုင်၏။ ဝါသဘခတ္တိယာပန၊ဝါသဘခတ္တိယာ သည်ကား။သက္ကစ္စံ၊ ရိုသေစွာ။ နေဝ-ဂဏှာတိ၊ မသင်။ န သဇ္ဈာယတိ၊ ရိုသေစွာ သရဇ္ဈာယ်ခြင်း မရှိ။ ဥဒ္ဒေသံ၊ ပါဠိကို။ပဋိစ္ဆာပေတုံ၊ သွက်သွက်ပြန်ဆိုခြင်းငှါ။န သက္ကောတိ၊ မတတ်နိုင်။

အထ၊ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ သတ္ထာ၊ ဘုရားသခင်သည်။ ထေရံ၊ ရှင်အာနန္ဒာကို။ ပုစ္ဆိ၊ မေးတော်မူ၏။ အာနန္ဒ၊ ချစ်သား အာနန္ဒာ။ဥပါသိကာ၊ ဒါယိကာမတို့သည်။ ဓမ္မံ၊ တရားတော်ကို။ ပရိယာ-ပုဏန္တိကိံ၊ သင်ကြားကုန်၏လော။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။အာမ၊သင်ပါကုန်၏ဘုရား။ ဣတိ၊ ဤသို့ လျှောက်၏။ ကာ-ဥပါသိကာ၊ အဘယ်ဒါယိကာမသည်၊ သက္ကစ္စံ၊ ရိုသေစွာ၊ ဂဏှာတိ၊ သင် သနည်း။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ မလ္လိကာ၊ မလ္လိကာမိဖုရားသည်။ သက္ကစ္စံ၊ရိုသေစွာ။ ဂဏှာတိ၊ သင်၏။ သက္ကစ္စံ၊ ရိုသေစွာ။ သဇ္ဈာယတိ၊ သရဇ္ဈာယ်၏။ သက္ကစ္စံ၊ စွာ။ ဥဒ္ဒေသံ၊ ပါဠိကို။ ပဋိ-စ္ဆာပေတုံ အံခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။ တုမှာကံ၊ အရှင်ဘုရား

တို့၏။ ဉာတိ၊ ဆွေတော်ဖြစ်သော။ ဓီတာပန၊ ဝါသဘခတ္တိယာ မင်းသမီးသည်ကား။ သက္ကစ္စံ၊ ရိုသေစွာ။ နေဝ ဂဏှာတိ၊ မသင်။ နသဇ္ဈာယတိ၊ ရိုသေစွာ မသရဇ္ဈာယ်။ ဥဒ္ဒေသံ၊ ပါဠိသို့။ ပဋိစ္ဆာပေတုံ၊ ပြန်ဆိုခြင်းငှါ။ နသက္ကောတိ၊ မတတ်နိုင်။ ဣတိ၊ ဤသို့ လျှောက်၏။ သတ္ထာ၊ ဘုရားသခင်သည်။ ထေရဿ၊ ရှင်အာနန္ဒာ၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ အာနန္ဒ၊ အာနန္ဒာ၊ မယာ၊ ငါဘုရားသည်။ ကထိတ ဓမ္မောနာမ၊ ဟောအပ်သော တရားမည်သည်ကို။ သက္ကစ္စံ၊ ရိုသေစွာ။ အသုဏန္တဿ၊ မနာသောသူအား လည်းကောင်း။ အဂ္ဂဏှန္တဿ၊ မသင်သောသူအား လည်းကောင်း။အသဇ္ဈာယန္တဿ၊ မသရဇ္ဈာယ်သောသူအား လည်းကောင်း။အဒေသေန္တဿ၊မဟောသောသူအား လည်းကောင်း။ဝဏ္ဏသမ္ပန္နံ၊ အဆင်းနှင့်ပြည့်စုံသော။ အဂန္ဓကံ၊ အနံ့မရှိသော။ ပုပ္ဖံဝိယ၊ ပန်းကဲ့သို့။ အဖလော၊ အကျိုးမရှိသည်။ ဟောတိ၊ ၏။ သက္ကစ္စံ၊ ရိုသေစွာ။သဝနာဒီနိ၊ နာခြင်းစသည်တို့ကို။ ကရောန္တဿပန၊ ပြုသောသူအားကား။ မဟပ္ဖလော၊ မြတ်သောအကျိုးရှိသည်။ ဟောတိ၊ဖြစ်၏။ မဟာနိသံသော၊ များသော အာနိသင်ရှိသည်။ ဟောတိ၊ဖြစ်၏။ ဣတိဝတွာ၊ဤသို့မိန့်တော်မူ၍။ ဣမာဒွေဂါထာ၊ ဤနှစ်ဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

(၅၁) ရုစိရံပိ၊ ပြိုးပြိုးပြက် တင့်တယ်သည်လည်းဖြစ်သော။ ဝဏ္ဏဝန္တံ၊ အဆင်းလည်းရှိထသော။ အဂန္ဓကံ၊အနံ့မရှိသော။ ပုပ္ဖံယထာ၊ပေါက်ပွင့်, ကသစ်ပွင့်ကဲ့သို့။ ဧဝံ၊ ဤအတူ။ သုဘာသိတာ၊ ကောင်းစွာ ဟောတော်မူအပ်သော။ ဝါစာ၊ငါ၏စကားတော်သည်။ အကုဗ္ဗတော၊ရိုသေစွာ နာခြင်း, သင်ခြင်းစသည်ကို မပြုသောသူအား။ အဖလာ၊ သုတဂန္ဓ စသော အကျိုးကို မဆောင်သည်။ ဟောတိ၊ဖြစ်၏။

(၅၂) ရုစိရံပိ၊ ပြိုးပြိုးပြက်လည်း ရှိထသော။ ဝဏ္ဏဝန္တံ၊ အဆင်းနှင့်လည်း ပြည့်စုံထသော။ သုဂန္ဓကံ၊ ကောင်းသော အနံ့လည်း ရှိထသော။ ပုပ္ဖံယထာ၊ စကားပွင့်, ကြာညိုပွင့်ကဲ့သို့။ ဧဝံ၊ ဤအတူ။ သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော။ ဝါစာ၊ ပိဋကတ်သုံးပုံ တည်းဟူသော စကားတော်သည်။ ကုဗ္ဗတော၊ ရိုသေစွာ နာခြင်း သင်ခြင်းစသည်ဖြင့် ပြုအပ်သည်ကို ပြုသောသူအား။ သဖလာ၊ သုတဂန္ဓစသည်ကို ဆောင်သည်ဖြစ်၍ များသော အကျိုးရှိသည်။ ဟောတိ၊၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ရုစိရန္တိ၊ ရုစိရံ ဟူသည်ကား။ သောဘဏံ၊ တင့်တယ်ခြင်းရှိသော။ ဝဏ္ဏဝန္တန္တိ၊ ဟူသည်ကား။ ဝဏ္ဏသဏ္ဌာန သမ္ပန္နံ၊ အဆင်းသဏ္ဌာန်နှင့်ပြည့်စုံသော။ အဂန္ဓကန္တိ၊ ဟူသည်ကား။ ဂန္ဓဝိရဟိတံ၊ အနံ့မှကင်းသော။ပါလိဘဒ္ဒက ဂိရိကဏ္ဏိက ဇယသုမနာဒိ ဘေဒံ၊ ပင်လယ်ကသစ်, တောင်ဇလပ်, လယ်ခေါင်ရန်း စသော ပန်းအထူးတည်း။ ဧဝံ-သုဘာသိတာ ဝါစာတိ၊ ဝါစာဟူသည်ကား။ သုဘာသိတာ ဝါစာနာမ၊ သုဘာသိတာဝါစာမည်သည်ကား။ တေပိဋကံ၊ ပိဋကတ်သုံးပုံဟု ဆိုအပ်သော။ ဗုဒ္ဓဝစနံ၊ ဘုရားစကားတော်တည်း။ တံ၊ ထိုဘုရားစကားသည်။ ဝဏ္ဏသဏ္ဌာန သမ္ပန္နံ၊အဆင်းသဏ္ဌာန်နှင့်ပြည့်စုံသော။ အဂန္ဓက ပုပ္ဖသဒိသံ၊ အနံ့မရှိသော ပန်းနှင့်တူ၏။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ နံ အဂန္ဓကပုပ္ဖံ၊ ထိုအနံ့မရှိသောပန်းကို။ ဓာရေတိ၊ဆောင်၏။ တဿ၊ ထိုသူ၏။ သရီရေ၊ ကိုယ်၌။ ဂန္ဓံ၊ အနံ့သည်။ နဖရတိယထာ၊ မနှံ့သကဲ့သို့။ ဧဝံ၊ ဤအတူလျှင်။ ယော၊ အကြင်သူသည်။ ဧတံပိ၊ ဤဘုရား တရားတော် ကိုလည်း။ သက္ကစ္စံ၊ ရိုသေစွာ။ သဝနာဒီဟိ၊ နာခြင်း စသည်တို့ဖြင့်။ သမ္မာ၊ ကောင်းစွာ။ န စရတိ၊မကျင့်။ (ဝဒတိရှိမှု ဆို၏,ပေးလေ။နံကား အနက်မရှိ) တဿ၊ထိုပုဂ္ဂိုလ်သည်။ သက္ကစ္စံ၊ရိုသေစွာ။ အသမ္မာစရန္တဿ၊ကောင်းစွာမကျင့်သည်ရှိသော်။ တတ္ထ၊ ထိုဘုရား၌။ ကတ္တဗ္ဗံ၊ ပြုအပ်သော။ ယံ၊ အကြင်သာမိစိ-ကိရိယာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသာမိစိ ကိရိယာကို။ အကုဗ္ဗတော၊ မပြုခြင်းကြောင့်။ သုတဂန္ဓဉ္စ၊ အကြား အမြင် များသော သုတအနံ့ကိုလည်းကောင်း။ ဝါစာဂန္ဓဉ္စ၊ ရွတ်အံသရဇ္ဈာယ်ခြင်း တည်းဟူသော ဝါစာအနံ့ကို လည်းကောင်း။ ပဋိပတ္တိဂန္ဓဉ္စ၊ အကျင့်ဟု ဆိုအပ်သော ပဋိပတ္တိအနံ့ကိုလည်းကောင်း။ န အာဝဟတိ၊ မရွက်ဆောင်နိုင်။ အဖလာ၊အကျိုးမရှိသည်။ ဟောတိ၊ ၏။

တေန၊ ထို့ကြောင့်။ ဧဝံသုဘာသိတာ ဝါစာ၊ အဖလာ ဟောတိ အကုဗ္ဗတောတိ၊ ဧဝံ ။ပ။ တော-ဟူ၍ ဝုတ္တံ၊ဟောအပ်ပြီ။ သုဂန္ဓကန္တိ၊ ဟူသည်ကား။ စမ္ပက နီလုပ္ပလပုပ္ဖါဒိ ဘေဒံ၊ စကားပန်း, ကြာညိုပန်း စသော ပန်းအထူးတည်း။ ဧဝန္တိ၊ ဧဝံဟူသည်ကား။ ယံပုပ္ဖံ၊ ထိုစကားပန်း စသော ပန်းကို။ ဓာရေန္တဿ၊ ပန်ဆင်သောသူ၏။ သရီရဂန္ဓော၊ ကိုယ်အနံ့သည်။ ဖရတိယထာ၊ နှံ့သကဲ့သို့။ ဧဝံ၊ ဤအတူ။ တေပိဋကဗုဒ္ဓဝစနံ-သင်္ခါတာ၊ ပိဋကတ်သုံးပုံ တည်းဟူသော ဘုရားစကားဟု ဆိုအပ်သော။

သုဘာသိတာ၊ ကောင်းစွာဆိုအပ်သော။ ဝါစာပိ၊ စကားတော်ကိုလည်း။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ သက္ကစ္စံ သဝနာဒီဟိ၊ ရိုသေစွာနာခြင်းစသည်တို့ဖြင့်။ သကုဗ္ဗတော၊ ကောင်းစွာပြုလေ့ရှိ၏။ တဿ၊ ထိုဘုရားစကား၌။ ကတ္တဗ္ဗံ၊ ရိုသေစွာပြုအပ်သည်ကို။ ကရောတိ၊ ပြု၏။ သာ၊ ထိုဘုရားစကားသည်။ အဿပုဂ္ဂလဿ၊ ထို ပုဂ္ဂိုလ်အား။ သဖလာ၊ အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ သကုဗ္ဗတော၊ အရိုအသေ ပြုသောသူအား။ သုတဂန္ဓ-ဝါစာဂန္ဓ ပဋိပတ္တိဂန္ဓာနံ၊ သုတဂန္ဓ,ဝါစာဂန္ဓ,ပဋိပတ္တိဂန္ဓတို့ကို။ အာဝဟန-တော၊ရွက်ဆောင်နိုင်ခြင်းကြောင့်။ မဟပ္ဖလာ၊ များသောအကျိုးရှိသည်။ ဟောတိ၊ဖြစ်၏။ မဟာနိသံသာ၊ များသောအာနိသင်ရှိ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။

ဒေသနာ သောနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပတ္တာ၊ ရောက်ကုန်၏။ ဒေသနာ၊ဒေသနာသည်။ မဟာဇနဿ၊လူအပေါင်းအား။ သာတ္ထိကာ၊ အကျိုးရှိသည်။ ဇာတာ၊ဖြစ်၏။

သတ္တမံ၊သော။ ဆတ္တပါဏိ ဥပါသကဝတ္ထု၊သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၄ ပုပ္ဖဝဂ္ဂ၊ ၈-ဝိသာခါ ဝတ္ထု

အနုသန္ဓေ....ဆတ္တပါဏိ ဥပါသကဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာတို့၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ ဝိသာခါ ဝတ္ထု၌ ဟောကြောင်း ဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်လိုရကား ယထာပိ ပုပ္ဖရာသိမှာ-စသည်ကို မိန့်အပ်၏။

ယထာပိ ပုပ္ဖရာသိမှာတိ ဣမံ ဓမ္မဒေသနံ၊ ယထာပိ ပုပ္ဖရာသိမှာ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသခင်သည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်ကို။ ဥပနိဿာယ၊ အမှီပြု၍။ ပုဗ္ဗာရာမေ၊ ပုဗ္ဗာရုံကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူလတ်သော်။ ဝိသာခံ၊ ဝိသာခါ အမည်ရှိသော။ ဥပါသိကံ၊ ဒါယိကာမကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

သာ၊ ထိုဝိသာခါသည်။ အင်္ဂရဋ္ဌေ၊ အင်္ဂတိုင်း၌။ ဘဒ္ဒိယနဂရေ၊ ဘဒ္ဒိယ-ပြည်၌။ မေဏ္ဍကသေဋ္ဌိ ပုတ္တဿ၊ မေဏ္ဍက သူဌေး၏သားဖြစ်သော။ ဓနဥ္စ-ယသေဋ္ဌိနော၊ ဓနဥ္စယ သူဌေး၏။ အဂ္ဂမဟေသိယာ၊ သူဌေးကတော်ကြီး ဖြစ်သော။ သုမနဒေဝိယာနာမ၊ သုမနဒေဝီမည်သော သူဌေးမ၏။ ကုစ္ဆိသ္မိံ၊ ဝမ်း၌။ နိဗ္ဗတ္တိကိရ၊ ဖြစ်သတတ်။ တဿာ၊ ထိုဝိသာခါ၏။ သတ္တဝဿိက-ကာလေ၊ ခုနစ်နှစ် ရှိသောအခါ၌။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ သေဋ္ဌိ-ဗြာဟ္မဏာဒီနံ၊ သူဌေး, ပုဏ္ဏား အစရှိကုန်သော။ ဗောဓနေယျဗန္ဓဝါနံ၊ ကျွတ်ထိုက်သော သတ္တဝါတို့၏။ ဥပနိဿယသမ္ပဒဥ္စ၊ အကြောင်းနှင့်ပြည့်စုံ ခြင်းကိုလည်း။ ဒိသွာ၊ မြင်၍။ မဟာဘိက္ခုသံဃပရိဝါရော၊ ရဟန်းသံဃာ အပေါင်း ခြံရံလျက်။ စာရိကံ၊ ဒေသစာရီကို။ စရမာနော၊ ကြွတော် မူသည် ရှိသော်။ တံနဂရံ၊ ထို ဘဒ္ဒိယပြည်သို့။ ပါပုဏိ၊ ရောက်တော်မူ၏။

တသ္မိံစ သမယေ၊ ထိုအခါ၌လည်း။ မေဏ္ဍကော၊ မေဏ္ဍက အမည်ရှိသော။ ဂဟပတိ၊ သူဌေးကြီးသည်။ တသ္မိံ နဂရေ၊ ထိုပြည်၌။ ပဉ္စန္နံ မဟာ-ပုညာနံ၊ဘုန်းကြီးကုန်သော ငါးယောက်သောသူတို့၏။ ဇေဋ္ဌကော၊ သူဌေး ကြီးသည်။ ဟုတွာ၊ ဖြစ်၍။ သေဋ္ဌိဋ္ဌာနံ၊ သူဌေးအရာကို။ ကာရေတိ၊ ပြုစေ ၏။ပဉ္စမဟာပုညာနာမ၊ ဘုန်းကံရှိသောသူ ငါးယောက်တို့ မည်သည်ကား။ မေဏ္ဍကောသေဋ္ဌိ၊မေဏ္ဍကသူဌေးလည်းကောင်း။ စန္ဒပဒုမာနာမ၊ စန္ဒပဒုမာ အမည်ရှိသော။ တဿေဝ၊ထိုမေဏ္ဍကသူဌေး၏ သားလျှင်။ဇေဋ္ဌက ဘရိယာ၊ မယားကြီးလည်းကောင်း။ တဿေဝ၊ ထိုမေဏ္ဍကသူဌေး၏သားလျှင်။ ဓနဥ္စ-ယောနာမ၊ ဓနဥ္စယ အမည်ရှိသော။ ဇေဋ္ဌက ပုတ္တော၊ သားကြီးလည်း ကောင်း။ တဿ၊ ထိုဓနဥ္စယ သူဌေး၏။ သုမနဒေဝီနာမ၊ သုမနဒေဝီအမည် ရှိသော။ ဘရိယာ၊ မယားလည်းကောင်း။ မေဏ္ဍက သေဋ္ဌိနော၊ ၏။ ပုဏ္ဏော နာမ၊ ပုဏ္ဏအမည် ရှိသော။ ဒါသော၊ ကျွန်လည်းကောင်း။ ဣတိ၊ ဤငါးယောက်တို့သည်။ ဟောန္တိ၊ ဘုန်းကြီးကုန်သောသူ ဖြစ်ကုန်၏။ ကေဝလဉ္စ၊ သက်သက်လည်း။ မေဏ္ဍက သေဋ္ဌိဿေဝ၊ မေဏ္ဍကသူဌေးသာ လျှင်။ န၊ မဟုတ်သေး။ ဗိမ္ဗိသာရ ရညော၊ ဗိမ္ဗိသာရမင်း၏။ ဝိဇိတေပန၊ နိုင်ငံတော်၌ကား။ ပဉ္စ၊ ငါးယောက်သော သူတို့သည်။ အမိတဘောဂါ-နာမ၊ မရေတွက် မပိုင်းခြားနိုင်သော အံ့ဩ ချီးမွမ်း၍ မဆုံးသော ဖုန်းကံ ရှိသော သူတို့ မည်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဇောတိကော၊ ဇော တိက သူဌေး လည်းကောင်း။ ဇဋိလော၊ ဇဋိလသူဌေး လည်းကောင်း။

မေဏ္ဍကော၊ မေဏ္ဍက သူဌေး လည်းကောင်း။ ပုဏ္ဏကော၊ ပုဏ္ဏက သူဌေး လည်းကောင်း။ ကာကဝလိယော၊ ကာကဝလိယ သူဌေး လည်းကောင်း။ ဣတိ၊ ဤငါးယောက်တို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

တေသု၊ထိုငါးယောက်သောသူတို့တွင်။အယံမေဏ္ဍကသေဋ္ဌိ၊ဤမေဏ္ဍက သူဌေးသည်။ ဒသဗလဿ၊ မြတ်စွာဘုရား၏။ အတ္တနော နဂရံ၊ မိမိနေရာ ဘဒ္ဒဝတီပြည်သို့။သမ္ပတ္တဘာဝံ၊ ရောက်တော်မူလာသည်၏ အဖြစ်ကို။ဉ တွာ၊ ၍။ ပုတ္တဿ၊ သားဖြစ်သော။ ဓနဉ္စယ သေဋ္ဌိနော၊ ဓနဉ္စယ သူဌေး၏။ ဓီတရံ၊ သမီးဖြစ်သော။ ဝိသာခံ ဒါရိကံ၊ ဝိသာခါ သတို့သမီးကို။ ပက္ကော-သာပေတွာ၊ ခေါ်စေ၍။အာဟ၊ဆို၏။ အမ္မ၊ ချစ်သမီး။တုယှံပိ၊ သင့်အား လည်း။ မင်္ဂလံ၊ မင်္ဂလာ သည်လည်းကောင်း။ အမှာကံပိ၊ငါတို့အားလည်း။ မင်္ဂလံ၊ မင်္ဂလာသည် လည်းကာင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တဝ၊ သင်၏။ ပရိဝါရေဟိ၊ အခြံအရံ ဖြစ်ကုန်သော။ ပဉ္စဟိဒါရိကာသတေဟိ၊ ငါးရာ သော သတို့သမီးတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပဉ္စရထသတာနိ၊ ငါးရာသော ရထားတို့ကို။ အာရုယှ၊ တက်စီး၍။ ပဉ္စဟိ ဒါသိသတေဟိ၊ ငါးရာသော ကျွန်မ တို့ဖြင့်။ ပရိဝုတာ၊ ခြံရံလျက်။ ဒသဗလဿ၊ မြတ်စွာဘုရားအား။ ပစ္စုဂ္ဂမနံ၊ ခရီးဦး ကြိုဆိုခြင်းကို။ ကရောဟိ၊ ပြုလေလော့။ ဣတိ၊ ဤသို့ ဆို၏။ သာ၊ ထိုဝိသာခါသည်။ သာဓူတိ၊ ကောင်းပါပြီဟု။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။တထာ၊ ထို ရှင်သူဌေးကြီး ဆိုတိုင်း။ အကာသိ၊ ပြု၏။ ကာရဏာ-ကာရဏဉ္ဉူပန၊ အကြောင်း ဟုတ်သည်, မဟုတ်သည် တို့၌ကား။ ကုသ-လတ္တာ၊ လိမ္မာသော သဘော ရှိသည်၏ အဖြစ်ကြောင့်။ ယာဝတိကာ၊ အကြင်မျှလောက်။ ယာနဿ၊ ယာဉ်ဖြင့်။ ဘူမိ၊ သွားရာမြေ ရှိ၏။ တာ-ဝတိကာ၊ထိုမျှလောက်။ယာနေန၊ ယာဉ်ဖြင့်။ ဂန္တွာ၊ ၍။ ယာနာ၊ ယာဉ်မှ။ ပစ္စောရောဟိတွာ၊ ဆင်းသက်၍။ ပတ္တိကာဝ၊ ခြေလျင် သာလျှင်။ သတ္ထာရံ၊ ဘုရား သဗ္ဗညုသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ အဋ္ဌာသိ၊ နေ၏။

အထ၊ ထိုအခါ၌။ အဿာ၊ ထိုဝိသာခါအား။ ပုဗ္ဗာစရိယ ဝသေန၊ ရှေး၌ လေ့ကျက်ခဲ့ဘူးသော ကောင်းမှုကံ၏ အစွမ်းဖြင့်။ သတ္ထာ၊ ဘုရား ရှင်သည်။ ဓမ္မံ၊ တရားကို။ ဒေသေသိ၊ ဟောတော်မူ၏။ သာ၊ ထိုဝိသာခါ သည်။ဒေသနာဝသာနေ၊ဒေသနာအဆုံး၌။ပဉ္စဟိ ဒါရိကာသတေဟိ၊ငါးရာ သောသတို့သမီးတို့နှင့်။ သဒ္ဓိံ၊ တကွ။သောတာပတ္တိဖလေ၊သောတာပတ္တိဖိုလ်

၌။ပတိဋ္ဌဟိ၊ တည်၏။ မေဏ္ဍကသေဋ္ဌိပိ၊ မေဏ္ဍကသူဌေးသည်လည်း။ ခေါ၊ ဝမ်းမြောက်သောအားဖြင့်။ သတ္ထာရံ၊ ဘုရားရှင်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဓမ္မကထံ၊ တရားစကားကို။ သုတွာ၊ နာ၍။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာယ၊ တည်၍။ သွာတနာယ၊ နက်ဖြန်ကောင်းမှု အကျိုးငှါ။ဘတ္တေန၊ ဆွမ်းဖြင့်။ နိမန္တေတွာ၊ ဘိတ်၍။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ အတ္တနော နိဝေသနေ၊ မိမိအိမ်၌။ ပဏီတေန၊ မွန်မြတ်စွာသော။ ခါဒနီယေန၊ ခဲဘွယ်ဖြင့်ရင်း။ ဘောဇနီယေန၊ ဘောဇဉ်ဖြင့်ရင်း။ ဗုဒ္ဓပမုခံ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ပရိဝိသိတွာ၊ ဆွမ်းလုပ်ကျွေး၍။ ဧတေနေဝဥပါယေန၊ ဤသို့သောနည်းဖြင့်လျှင်။ အခုမာသံ၊ တဆယ့်ငါးရက် လခွဲပတ်လုံး။ မဟာဒါနံ၊ အလှူကြီးကို။ အဒါသိ၊ ပေး၏။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဘဒ္ဒိယ-နဂရေ၊ ဘဒ္ဒိယပြည်၌။ ယထာဘိရန္တံ၊ မွေ့လျော်တော် မူသောအတိုင်း။ (မွေ့လျော်တော်မူသည်နှင့် လျော်စွာ,လည်းပေး။) ဝိဟရိတွာ၊ နေတော်မူ၍။ ပက္ကာမိ၊ ဖဲတော်မူ၏။

တေန ခေါပန သမယေန၊ ထိုအခါ၌။ ဗိမ္ဗိသာရောစ၊ ဗိမ္ဗိသာရမင်းကြီးသည်လည်းကောင်း။ ပသေနဒိကောသလောစ၊ ပသေနဒီကောသလမင်းသည်လည်းကောင်း။ အညမညံ၊ အချင်းချင်း။ ဘဂိနိ ပတိကာ၊ နှမလင်ဖြစ်ကြ၍ သို့းယောက်ဖဖြစ်ကုန်သည်။ ဝါ၊ မောင်လှယ် နှမလှယ်ပေးစားထိမ်းမြားအပ်သည်ဖြစ်၍ နှမ၏လင်ဖြစ်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ထိုအခါ၌။ကေဒိဝသံ၊ တနေ့သ၌။ ကောသလရာဇာ၊ ကောသလမင်းသည်။စိန္တေသိ၊ကြံ၏။ဗိမ္ဗိသာရဿ၊ဗိမ္ဗိသာရမင်း၏။ဝိဇိတေဝ၊ နိုင်ငံတော်၌သာလျှင်။ အမိတဘောဂါ၊ အတိုင်းအရှည်မရှိ များစွာသော စည်းစိမ်ချမ်းသာရှိကုန်သော။ မဟာပုညာ၊ ဘုန်းကြီးကုန်သော။ ပဉ္စ၊ ငါးယောက်သောသူတို့သည်။ သန္တိ၊ ကုန်၏။ မယှံ၊ ငါ၏။ ဝိဇိတေ၊ နိုင်ငံ၌။ ဧကောပိ၊ တယောက်မျှလည်းဖြစ်သော။ တာဒိသော၊ ထိုသူတို့နှင့်တူသော ဘုန်းကြီးသူသည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါသည်။ ဗိမ္ဗိသာရဿ၊ ဗိမ္ဗိသာရမင်း၏။ သန္တိကံ၊အထံသို့။ ဂန္တွာ၊သွား၍။ ဧကံ မဟာပုညံ၊ဘုန်းကံကြီးသူတယောက်ကို။ ယာစေယျံ၊ တောင်းရမူကား။ ယံနူန၊ ကောင်းလေစွ။ ဣတိ၊ ဤသို့ ကြံ၏။ သော၊ ထိုကောသလမင်းကြီးသည်။ တတ္ထ၊ ထိုရာဇဂြိုဟ်ပြည်သို့။ ဂန္တွာ၊ သွား၍။ ရညာ၊ ဗိမ္ဗိသာရမင်းသည်။ ကတပဋိသန္ထာရော၊ ပြုအပ်

သော စေ့စပ်ခြင်းရှိသည်ဖြစ်၍။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ အာဂတော၊ ကြွလာသည်။ အသိ၊ ဖြစ်သနည်း။ ဣတိပုဋ္ဌော၊ ဤသို့မေးအပ်သည်ရှိသော်။ တုမှာကံ၊ သင်မင်းကြီးတို့၏။ ဝိဇိတေဧဝ၊ နိုင်ငံတော်၌သာလျှင်။ ပဉ္စ၊ ငါးယောက်ကုန်သော။ အမိတဘောဂါ၊ မနှိုင်းယှဉ်အပ်သော စည်းစိမ်ချမ်းသာရှိကုန်သော။ မဟာပုညာ၊ မြတ်သော ဘုန်းကံရှိသောသူတို့သည်။ သန္တိ၊ ရှိကုန်၏။ တတော၊ ထိုသူငါးယောက်မှ။ ဧကံ၊ တယောက်ကို။ ဂဟေတွာ၊ ခေါ်၍။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့ နှလုံးသွင်းလျက်။ အာဂတော၊ လာသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ ဆို၏။ တေသု၊ ထိုငါးယောက်တို့တွင်။ တုမှေ၊ သင်တို့သည်။ ကံ၊ တယောက်ယောက်ကို။ မေ၊ ငါ့အား။ ဒေထ၊ ပေးတော်မူကုန်လော့။ ဣတိ အာဟ၊ ဤသို့ဆို၏။

မဟာကုလာနိ၊ သူဋ္ဌေးကြီးတို့ကို။ အမှေဟိ၊ ငါတို့သည်။ စာလေတုံ၊ လှုပ်ရှားခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်ကုန်။ ဣတိ၊ ဤသို့။ အာဟ၊ဆို၏။ အဟံ၊ ငါသည်။ အလဒ္ဓါ၊ မရသည်ရှိသော်။ န ဂမိဿာမိ၊ နေပြည်တော်သို့မပြန်အံ့။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ရာဇာ၊ ဗိမ္ဗိသာရမင်းသည်။ အမစ္စေဟိ၊ အမတ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ မန္တေတွာ၊ တိုင်ပင်၍။ ဇောတိကာဒီနံ၊ ဇောတိက အစရှိကုန်သော။ မဟာကုလာနံ၊ သူဋ္ဌေးကြီးတို့ကို။ စာလနံနာမ၊ လှုပ်ချောက်ချားခြင်းမည်သည်။ မဟာပထဝီ စလနသဒိသံ၊ မြေကြီးကို တုန်လှုပ်စေသည်နှင့်တူ၏။ မေဏ္ဍက မဟာသေဋ္ဌိဿ၊ မေဏ္ဍက သူဋ္ဌေး၏။ ပုတ္တော၊ သားဖြစ်သော။ ဓနဉ္စယ သေဋ္ဌိနာမ၊ဓနဉ္စယမည်သော သူဋ္ဌေးကြီးသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုဓနဉ္စယသူဋ္ဌေးနှင့်။ သဒ္ဓိံ၊ တကွ။ မန္တေတွာဝ၊ တိုင်ပင်၍လျှင်။ ပဋိဝစနံ၊ စကားတုံ့ကို။ တေ၊ သင့်အား။ ဒဿာမိ၊ ပေးအံ့။ ဣတိဝတွာ၊ ဤသို့ဆိုပြီး၍။ တံ၊ ထိုဓနဉ္စယသူဋ္ဌေးကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တာတ၊ ချစ်သားဓနဉ္စယသူဋ္ဌေး။ ကောသလရာဇာ၊ ကောသလမင်းသည်။ ဧကံ၊ တယောက်သော။ ဓနသေဋ္ဌိံ၊ ဥစ္စာကြွယ်ဝသောသူဋ္ဌေးကို။ ဂဟေတွာ၊ ယူဆောင်၍။ ဂမိဿာမိ၊ ပြန်သွားအံ့။ ဣတိ ဝဒတိ၊ ဤသို့ဆို၏။ တွံ၊ သင်သည်။ တေန၊ ထိုကောသလမင်းနှင့်။ သဒ္ဓိံ၊ တကွ။ ဂစ္ဆာဟိ၊ သွားလေလော့။ ဣတိ၊ ဤသို့ဆို၏။ ဒေဝ၊ အရှင်မင်းကြီး။ တုမှေသု၊ အရှင်မင်းကြီး တို့သည်။ ပဟိဏန္တေသု၊ စေလွှတ်ကုန်သည်ရှိသော်။ ဂမိဿာမိ၊ သွားပါအံ့။ ဣတိ၊

ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ပရိသဇ္ဇံ၊ အမှုကြီးငယ်ကို။
ကတွာ၊ ပြု၍။ တာတ၊ ချစ်သား။ ဂစ္ဆ၊ သွားလေလော့။ ဣတိ၊ ဤသို့
ဆို၏။ သော၊ ထိုမြေးယသူဌေးသည်။ အတ္တနော၊ မိမိ၏။ ကတ္တဗ္ဗယုတ္တကံ၊
ပြုအပ်သောအမှုနှင့်ယှဉ်သည်ကို။ အကာသိ၊ ပြု၏။ ရာဇာပိ၊ မင်းကြီး
သည်လည်း။ အဿ၊ ထိုမနေ့ဠယသူဌေးအား။ မဟန္တံ၊ များစွာသော။
သက္ကာရံ၊ ပူဇော်သက္ကာကို။ကတွာ၊ ပြု၍။ ဣမံ၊ ဤသူဌေးကို။ အာဒါယ၊
ခေါ်၍။ ဂစ္ဆထ၊ သွားလေကုန်လော့။ ဣတိ၊ ဤသို့ဆိုလျက်။ ပသေန
ဒိရာဇာနံ၊ကို။ ဥယျောဇေသိ၊လွှတ်လိုက်၏။သော၊ထိုကောသလမင်းသည်။
တံ၊ ထိုမနေ့ဠယသူဌေးကို။ အာဒါယ၊ခေါ်၍။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော
အရပ်တို့၌။ ဧကရတ္တိဝါသေန၊ တညဉ့်တည်း အိပ်နေခြင်းဖြင့်။ ဂစ္ဆန္တော၊
သွားသည်ရှိသော်။ ဧကံ၊တခုသော။ ဖါသုကဋ္ဌာနံ၊ ချမ်းသာရာအရပ်သို့။
ပတွာ၊ရောက်၍။ နိဝါသံ၊နေခြင်းကို။ ဂဏှိ၊ ယူ၏။ အထ၊ ထိုအခါ၌။ နံ၊
ထိုကောသလမင်းကို။ မနေ့ဠယ သေဋ္ဌိ၊ မနေ့ဠယသူဌေးသည်။ ပုစ္ဆိ၊ မေး၏။
ဣဒံ၊ဤတိုင်းပြည်သည်။ကဿ၊အဘယ်မည်သောမင်း၏။ဝိဇိတံ၊နိုင်ငံနည်း။
ဣတိ၊ ဤသို့မေး၏။ သေဋ္ဌိ၊ သူဌေး။ မယှံ၊ ငါ၏။ ဇိဝိတံ၊ နိုင်ငံတည်း။
ဣတိ၊ဤသို့ပြောဆို၏။ ဣတော၊ ဤအရပ်မှ။ သာဝတ္ထိ၊သာဝတ္ထိပြည်သည်။
ကီဝဒူရော၊ အဘယ်မျှဝေးသနည်း။ ဣတိ၊ ဤသို့မေး၏။ သတ္တယောဇန-
မတ္ထကေ၊ ခုနစ်ယူဇနာထက်၌။ ဠိတော၊ ၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။
ဒေဝ၊ အရှင်မင်းကြီး။ အန္တောနဂရံ၊ ပြည်တွင်းသည်။ သမ္ဗာဓံ၊ ကျဉ်း
မြောင်း၏။ အမှာကံ၊ ငါတို့၏။ ပရိဇနော၊ အခြံအရံသည်။ မဟန္တော၊
များစွာ၏။ သစေရောစေထ၊ အကယ်၍ နှစ်သက်သည်ဖြစ်အံ့။ ဣမေဝ၊ ဤ
အရပ်၌လျှင်။ ဝသေယျာမ၊ နေလိုပါကုန်အံ့။ ဣတိ၊ ဤသို့ဆို၏။ ရာဇာ၊
ကောသလ မင်းသည်။ သာဓုတိ၊ ကောင်းပြီဟု။ သမ္ပဋိစ္ဆိတွာ၊ ဝန်ခံ၍။
တသ္မိံ ဌာနေ၊ ထိုအရပ်၌။ နဂရံ၊ ပြည်ကို။ မာပေတွာ၊ စီရင်ဘန်ဆင်း၍။
တဿ၊ ထိုမနေ့ဠယသူဌေးအား။ ဒတွာ၊ ပေး၍။ အဂမာသိ၊ သွားလေ၏။
တသ္မိံ ပဒေသေ၊ထိုအရပ်၌။ သယံ၊မိမိသည်။ ဝသနဋ္ဌာနဿ၊ နေရာအရပ်၏။
ဂဟိတတ္တာ၊ ယူအပ်သည်၏ အဖြစ်ကြောင့်။ နဂရဿ၊ ပြည်၏။ သာကေ-
တန္တေဝ နာမံ၊ သာကေတဟူသောအမည်သည်လျှင်။ အဟောသိ၊ ဖြစ်၏။
သာဝတ္ထိယံပိခေါ၊ သာဝတ္ထိပြည် ၌လည်း။ မိဂါရသေဋ္ဌိနော၊ မိဂါရ
သူဌေး၏။ ပုတ္တော၊သားသည်။ ပုဏ္ဏဝဍ္ဎန ကုမာရောနာမ၊ ပုဏ္ဏဝဍ္ဎနအမည်

ရှိသော လုလင်သည်။ အတ္ထိ၊ ရှိ၏။ ဝယပ္ပတ္တော၊ အရွယ်သို့ ရောက်သည်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုပုဏ္ဏဝဍ္ဎနသူဌေးသားကို။ မာတာပိတရော၊ မိဘတို့သည်။ ဝဒိံသု၊ ဆိုကုန်၏။ တာတ၊ ချစ်သား။ တဝ၊ သင်၏။ ရဇ္ဇနဋ္ဌာနေ၊ နှစ်သက်ရာအရပ်၌။ ကေံ ဒါရိကံ၊ သတို့သမီးငယ် တယောက်ကို။ ဥပဓာရေဟိ၊ စူးစမ်းရှာဖွေလေလော့။ ဣတိ၊ ဤသို့ဆိုကုန်၏။ မယှံ၊ ငါ့အား။ ဝေရူပါယ၊ ဤသို့သဘောရှိသော။ ဇာယာယ၊ မယားဖြင့်။ ကိစ္စံ၊ ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ဆို၏။ ပုတ္တ၊ ချစ်သား။ ဝေံ၊ ဤသို့။ မာကရိ၊ မဆိုလင့်။ အပုတ္တကံ၊ သားမရှိသော။ ကုလံနာမ၊ အမျိုးမည်သည်။ နတိဋ္ဌတိ၊ ကာလအရှည်မတည်။ ဣတိ၊ ဤသို့ဆိုကုန်၏။ သော၊ ထိုပုဏ္ဏဝဍ္ဎနသည်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ဝုစ္စမာနော၊ ဆိုသည်ရှိသော်။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ ပဉ္စကလျာဏ သမန္နာဂတံ၊ ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံသော။ ဒါရိကံ၊ သတို့သမီးကို။ လဘမာနော၊ ရသည်ရှိသော်။ တုမှာကံ၊ သင်တို့၏။ ဝစနံ၊ စကားကို။ ကရိဿာမိ၊ လိုက်နာအံ့။ ဣတိအာဟ၊ ဤသို့ဆို၏။

တောနိ ပဉ္စကလျာဏာနိနာမ၊ ဤကောင်းခြင်း ငါးပါးတို့ မည်သည်။ တာတ၊ချစ်သား။ ကာနိပန၊ အဘယ်သည်တို့နည်း။ ဣတိ၊ဤသို့ မေးသည် ရှိသော်။ ကေသကလျာဏံ၊ ဆံပင်၏ကောင်းခြင်း လည်းကောင်း။ မံသကလျာဏံ၊ အသား၏ကောင်းခြင်းလည်းကောင်း။ အဋ္ဌိကလျာဏံ၊အရိုး၏ ကောင်းခြင်း လည်းကောင်း။ ဆဝိကလျာဏံ၊ အရေ၏ကောင်းခြင်း လည်းကောင်း။ ဝယကလျာဏံ၊ အရွယ်၏ ကောင်းခြင်း လည်းကောင်း။ ဣတိ၊ ဤငါးပါး တို့တည်း။ ဟိ၊ ထိုစကားသင့်စွ။ မဟာပုညာယ၊ ဘုန်းကြီးလှသော။ ဣတ္ထိယာ၊ မိန်းမ၏။ ကေသာ၊ ဆံတို့သည်။ မောရ ကလာပသဒိသာ၊ဥဒေါင်းမြီးစည်းနှင့်တူကုန်သည်။ ဟုတွာ၊ဖြစ်၍။ မုဉ္စိတွာ၊ဖြေ၍။ ဝိဿဋ္ဌာ၊ လွှတ်သည်ရှိသော်။ နိဝါသနန္တံ၊ထမီနားကို။ ပဟရိတွာ၊ခတ်မိ၍။ နိဝတ္တိတွာ၊ လည်၍။ ဥဒ္ဒဂ္ဂါ၊ အဖျားကော့၍တက်ကုန်လျက်။ တိဋ္ဌန္တိ၊တည်ကုန်၏။ ဣဒံ၊ဤသည်ကား။ ကေသကလျာဏံနာမ၊ ဆံပင်၏ကောင်းခြင်း မည်၏။ ဒန္တာဝရဏံ၊ သွားကို ဖုံးသော နှုတ်ခမ်းသည်။ ဗိမ္ဗဖလသဒိသဝဏ္ဏသမ္ပန္နံ၊ ကျီးအာသီးမှည့်နှင့် တူသော အဆင်းနှင့် ပြည့်စုံသည် ဖြစ်၍။ သမံ၊ ညီညွတ်စွာ။ သုဖုသိတံ၊ကောင်းစွာထိခြင်း စပ်ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ဤသည်ကား။ မံသ ကလျာဏံနာမ၊ အသား၏ကောင်းခြင်း

မည်၏။ ဒန္တာ၊ သွားတို့သည်။ သုက္ကာ၊ ဖြူစင်ကုန်၏။ သမာ၊ ညီညွတ်ကုန်၏။ အဝိရဠာ၊ မကြဲကုန်။ ဥဿာပေတွာ၊ စိုက်၍။ ထပိတဝဇိရပန္တိ-ဝိယစ၊ ထားအပ်သော ဝရဇိန်ရွဲလုံးအစဉ်ကဲ့သို့ လည်းကောင်း။ သမစ္ဆိန္န-သင်္ခပတ္တံဝိယစ၊ ညီစွာ ဖြတ်အပ်သော ခရုသင်းခွက် ကဲ့သို့ လည်းကောင်း။ သောဘန္တိ၊ တင့်တယ်ကုန်၏။ ဣဒံ၊ ဤသည်ကား။ အဋ္ဌိကလျာဏံနာမ၊ အရိုး၏ကောင်းခြင်းမည်၏။ ကာဠဝိယာ၊ မည်းသောမိန်းမအား။ ဝဏ္ဏကာ-ဒီဟိ၊ အရေအဆင်းစသည်တို့သည်။ အဝိလိတ္တောဧဝ၊ မှည့်မည်း စသည်တို့ဖြင့် လိမ်းကျံ ပြောက်ကျားခြင်း မရှိသည်ဖြစ်၍လျှင်။ ဆဝိဝဏ္ဏော၊ အရေအဆင်းသည်။ သိနိဒ္ဓေါ၊ ပြေပြစ်၏။ နီလုပ္ပလ ဒါမသဒိသော၊ ကြာညိုပန်းကုံးနှင့်တူသည်။ ဟောတိ၊ဖြစ်၏။ ဩဒါတာယ၊ ဖြူသောမိန်းမအား။ ကဏိကာရ ပုပ္ဖဒါမသဒိသော၊ မဟာလှေကားပန်းကုံးနှင့်တူသောအဆင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤသည်ကား။ ဆဝိ ကလျာဏံနာမ၊ အရေ၏ ကောင်းခြင်းမည်၏။

ဒသကဝ္ဂတ္တံ၊ဆယ်ကြိမ်။ ဝိဇာတာပိ၊သားဖွားမြင်သော်လည်း။ခေါပနာ၊ စင်စစ်အားဖြင့်။ သကိံ ဝိဇာတာဝိယ၊ တကြိမ်သာဖွားသော မိန်းမကဲ့သို့။ အဝိဂတယောဗ္ဗနာယေဝ၊ အရွယ်မယုတ်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ဤသည်ကား။ ဝယကလျာဏံနာမ၊အရွယ်၏ကောင်းခြင်း မည်သည်။ ဟောတိ၊၏။ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗံ၊ကောင်းခြင်းငါးပါးကိုမှတ်အပ်၏။ အထ၊ ထိုအခါ၌။အဿ၊ထိုပုဏ္ဏဝဍ္ဎနု၏။မာတာပိတရော၊အမိအဘတို့သည်၊+အဋ္ဌ-ဗြာဟ္မဏေ၊ ပုဏ္ဏားရှစ်ယောက်တို့ကို။ နိမန္တေတွာ၊ခေါ်၍။ ဘောဇေတွာ၊ ကျွေးမွေး၍။ ပဉ္စကလျာဏ သမန္နာဂတာ၊ ကောင်းခြင်း ငါးပါးနှင့် ပြည့်စုံကုန်သော။ ဣတ္ထိယောနာမ၊ မိန်းမတို့မည်သည်။ ဟောန္တိ၊ ရှိသည် ဖြစ်ကုန်၏လော။ ဣတိပုစ္ဆိံသု။ ဤသို့ မေးကုန်၏။ အာမ ဟောန္တိ၊ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော မိန်းမတို့မည်သည် ရှိကုန်၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်သည် ရှိသော်။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ဒါရိကံ၊ သတို့သမီးကို။ ပရိယေသိတုံ၊ ရှာခြင်းငှါ။အဋ္ဌ-ဇနာ၊ ရှစ်ယောက်သော ပုဏ္ဏားတို့သည်။ ဂစ္ဆန္တု၊ သွားကုန်လော့။ ဣတိ၊ ဤသို့။ ဗဟုံမနံ၊ များစွာသော ဥစ္စာကို။ ဒတွာ၊ ပေး၍။ အာဂတာ

+ အဋ္ဌဗြာဟ္မဏ သတ ဗြာဟ္မဏေ (ဆဋ္ဌ)

ကာလေ၊ ရောက်လာသောအခါ၌။ ဝေါ၊ သင်တို့အား။ ကတ္တဗ္ဗံ၊ ပြုအပ်သော ကျေးဇူးကို။ ဇာနိဿာမ၊ သိကုန်အံ့။ ဂစ္ဆထ၊ သွားလေကုန်။ ဧဝ-ရူပံ၊ ဤသို့သဘောရှိသော။ ဒါရိကံ၊ သတို့သမီးကို။ ပရိယေသထ၊ ရှာလေကုန်လော့။ ဒိဋ္ဌကာလေစ၊ တွေ့မြင်သော အခါ၌လည်း။ ဣမံ ပိလန္ဓနံ၊ ဤတန်းဆာကို။ ဒဒေယျာထ၊ ပေးခဲ့ကုန်လော့။ ဣတိ၊ ဤသို့ မှာထား ပြောဆိုလျက်။ သတသဟဿဂ္ဃနိကံ၊ အဘိုးတသိန်းထိုက်သော။ သုဝဏ္ဏ-မာလံ၊ ရွှေပန်းကို။ ဒတွာ၊ပေးလိုက်၍။ တေ၊ ထိုပုဏ္ဏားရှစ်ယောက်တို့ကို။ ဥယျောဇေသိ၊ လွှတ်လိုက်ကုန်၏။

တေ၊ ထိုပုဏ္ဏားတို့သည်။ မဟန္တ မဟန္တာနိ၊ လွန်စွာလွန်စွာ ကြီးကုန်သော။ နဂရာနိ၊ ပြည်တို့သို့။ ဂန္တွာ၊ သွား၍။ ပရိယေသမာနာ၊ ရှာကုန်သည်ရှိသော်။ ပဉ္စကလျာဏ သမန္နာဂတံ၊ ကောင်းခြင်းငါးပါးနှင့် ပြည့်စုံသော။ ဒါရိကံ၊ သတို့သမီးကို။ အဒိသွာ၊ မမြင်မတွေ့၍။ နိဝတ္တိတွာ၊ ပြန်လည်ခဲ့၍။ အာဂစ္ဆန္တာ၊ လာကုန်သည်ရှိသော်။ ဝိဝဋ္ဋ နက္ခတ္တဒိဝသေ၊ ဖွင့်အပ်သော ဥကင်တံခါးရှိသော နက္ခတ်ပွဲသဘင်နေ့၌။ သာကေတံ၊ သာကေတပြည်သို့။ အနုပ္ပတ္တာ၊ ရောက်ကုန်သည်ရှိသော်။ အဇ္ဇ၊ ယနေ့။ အမှာကံ၊ တို့အား။ ကမ္မံ၊ အမှုသည်။ နိပ္ဖဇ္ဇိဿတိ၊ ပြီးလတ္တံ့။ ဣတိ၊ သို့။ တေ၊ ထိုပုဏ္ဏားတို့သည်။ စိန္တယိံသု၊ ကြံကုန်၏။ တသ္မိံ ပန နဂရေ၊ ထို သာကေတပြည်၌ကား။ အနုသံဝစ္ဆရံ၊ နှစ်စဉ်မပြတ်။ ဝိဝဋ္ဋနက္ခတ္တံနာမ၊ ဖွင့်အပ်သော တံခါးရှိသော နက္ခတ်နှင့် ယှဉ်သော သဘင်ပွဲကြီးမည်သည်။ ဟောတိ၊ ဖြစ်သတတ်။ ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ တဒါ၊ ထိုအခါ၌။ ဗဟိ၊ အပသို့။ အနိက္ခမနကုလာပိ၊ မထွက် မသွားကုန်သော အမျိုးသား, အမျိုးသမီးတို့ သည်လည်း။ ပရိဝါရေဟိ၊ အခြံအရံနှင့်။ သဒ္ဓိံ၊ တကွ။ ဂေဟာ၊ အိမ်မှ။ နိက္ခမိတွာ၊ ထွက်၍။ အပ္ပဋိစ္ဆန္နေန၊ အဖုံးအလွှမ်း မရှိသော။ သရီရေန၊ ယာဉ်လျှင်မစီး တန်းဆာဆင်ပြီးသော ကိုယ်ဖြင့်။ ပဒသာဝ၊ ခြေဖြင့်သာလျှင်။ နဒီတီရံ၊ မြစ်ဆိပ် မြစ်နားသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ တသ္မိံ ဒိဝသေ၊ ထိုနေ့၌။ ခတ္တိယ မဟာသာလာဒိနံ၊ မင်း, ပုဏ္ဏား, သူကြွယ် စသည်တို့၏။ ပုတ္တာပိ၊ သားတို့သည်လည်း။ အတ္တနော၊ မိမိ၏။ သမာနဇာတိကံ၊ တူသော ဇာတ်ရှိသော။ မနာပံ၊ နှစ်လိုဘွယ် ရှိသော။ ကုလဒါရိကံ၊ အမျိုးတူသော သတို့သမီးကို။ ဒိသွာ၊ မြင်၍။ မာလဂုဠေန၊ ပန်းကုံးဖြင့်။ ပရိက္ခိပိဿာမ၊ ပစ်ကုန်အံ့။ ဣတိ၊ ဤသို့ ကြံ

ကုန်လျက်။ တံတံမဂ္ဂံ၊ ထိုထို ခရီးကို။ နိဿာယ၊ မှီ၍။ တိဋ္ဌန္တိ၊ ရပ်ကြကုန်၏။ တေပိခေါ ဗြာဟ္မဏာ၊ ထိုပုဏ္ဏားတို့သည်လည်း။ နဒီတီရေ၊ မြစ်နားဌ်။ ဧကံသာလံ၊ စရပ်တဆောင်သို့။ ပဝိသိတွာ၊ ဝင်၍။ အဋ္ဌံသု၊ နေကုန်၏။

တသ္မိံ ခဏေ၊ ထိုခဏ၌။ ဝိသာခါ၊ ဝိသာခါသည်။ ပန္နရသသောဠသဝဿုဒ္ဒေသိကာ၊ တဆယ့်ငါးနှစ်ရွယ်, တဆယ့်ခြောက်နှစ်ရွယ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ သဗ္ဗာဘရဏ ပဋိမဏ္ဍိတာ၊ ခပ်သိမ်းသောတန်းဆာဖြင့် တန်းဆာဆင်လျက်။ ပဉ္စဟိ ကုမာရိကာသတေဟိ၊ ငါးရာသော သတို့သမီးတို့ဖြင့်။ ပရိဝုတာ၊ ခြံရံကုန်လျက်။ နဒိံ၊ မြစ်သို့။ ဂန္တွာ၊ သွား၍။ နှာယိဿာမီတိ၊ ရေချိုးအံ့ဟူ၍။ တံပဒေသံ၊ ထိုအရပ်သို့။ ပတ္တာ၊ ရောက်လေကုန်၏။ အထခေါ၊ ထိုအခါ၌။ မေဃော၊ မိုးသည်။ ဥဋ္ဌဟိတွာ၊ တက်၍။ ပါဝဿိ၊ ရွာ၏။ ပဉ္စသတာ၊ ငါးရာကုန်သော။ ကုမာရိကာယော၊ သတို့သမီးတို့သည်။ ဝေဂေန၊ လျင်စွာ၊ ဂန္တွာ၊ သွား၍။ သာလံ၊ စရပ်သို့။ ပဝိသိံသု၊ ဝင်လေကုန်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ ဩလောကေန္တာ၊ ကြည့်ကုန်သည် ရှိသော်။ တာသု၊ ထိုငါးရာသော သတို့သမီးတို့တွင်။ ပဉ္စကလျာဏသမန္နာဂတံ၊ ကောင်းခြင်း ငါးပါးနှင့်ပြည့်စုံသော။ ဧကံပိ၊ တယောက်သော သတို့သမီးကိုမျှလည်း။ န ပဿိံသု၊ မမြင်ကုန်။ အထ၊ ထိုအခါ၌။ ဝိသာခါ၊ ဝိသာခါသည်။ ပကတိဂမနေ နေဝ၊ ပကတိ သွားခြင်းဖြင့်လျှင်။ သာလံ၊ စရပ်သို့။ ပါဝိသိ၊ ဝင်လေ၏။ ဝတ္ထာဘရဏာနိ၊ အဝတ်တန်းဆာတို့သည်။ တေမိံသု၊ စွတ်ကုန်, စိုကုန်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ တဿာ၊ ထိုဝိသာခါ၏။ စတ္တာရိ ကလျာဏာနိ၊ လေးပါးသော ကောင်းခြင်းတို့ကို။ ဒိသွာ၊ မြင်၍။ ဒန္တေ၊ သွားတို့ကို။ ပဿိတုကာမာ၊ ကြည့်မြင် လိုကုန်သည် ဖြစ်၍။ အမှာကံ၊ ငါတို့၏။ ဓီတာ၊ သမီးကား။ အလသ ဇာတိကာ ပျင်းရိသော သဘောရှိ၏။ ဧတိဿာ၊ ဤမိန်းမ၏။ သာမိကော၊ လင်သည်။ ကဉ္ဇိက မတ္တံပိ၊ ပုံးရည်ကိုမျှလည်း။ နလဘိဿတိမညေ၊ မရယောင်တကား။ ဣတိ၊ ဤသို့။ အညမညံ၊ အချင်းချင်း။ ကထယိံသု၊ ပြောဆိုကုန်၏။

အထ၊ ထိုအခါ၌။ နေ၊ ထိုပုဏ္ဏားတို့ကို။ ဝိသာခါ၊ သည်။ အာဟ၊ ဆို၏။ တုမှေ၊ သည်။ ကိံဝဒေထ၊ အဘယ်စကားကို ဆိုကုန်ဘိသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ အမ္မ၊ အမိ။ တံ၊ သင်မင်းသမီးကို။ ကဏ္ဍမ၊

ပြောဆိုကုန်၏။ ဣတိ၊ ဤသို့ ဆိုကုန်၏။ တဿ၊ ထိုဝိသာခါ၏။ သဒ္ဒေါ၊ အသံသည်။ ကံသတာဠ သရေဝိယ၊ ဆည်းလည်းသံကဲ့သို့။ မဓုရောဟိ၊ သာယာစွာလျှင်။ နိစ္ဆရတိ၊ ထွက်၏။ အထ၊ ထိုအခါ၌။ တေ၊ ပုဏ္ဏားတို့ကို။ ပုန၊ တဖန်။ မဓုရ သဒ္ဒေန၊ သာယာသော အသံဖြင့်။ ကိံ ကာရဏာ၊ ကြောင့်။ဘဏထ၊ဆိုကုန်ဘိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ တဝ၊သင်၏။ ပရိဝါရိတ္ထိယော၊ အခြံအရံ ဖြစ်ကုန်သော မိန်းမတို့သည်။ ဝတ္ထာလင်္ကာရေ၊ ပုဆိုး အဝတ်တန်းဆာတို့ကို။ အတေမေတွာ၊ မစွတ်စေမူ၍။ ဝေဂေန၊ လျင်စွာ။ သာလံ၊ စရပ်သို့။ ပဝိဋ္ဌာ၊ ဝင်လာကုန်၏။ တုယှံ၊ သင့်အား။ တွေကံ-ဌာနံ၊ ဤမျှလောက်သော အရပ်သို့။ ဝေဂေန၊ လျင်စွာ။ အာဂမန မတ္တံပိ၊ လာခြင်းမျှသည်လည်း။ နတ္ထိ၊ မရှိ။ ဝတ္ထာဘရဏာနိ၊ အဝတ် တန်းဆာတို့ကို။ တေမေတွာ၊ စွတ်စေ၍။ အာဂတာ၊ လာသည်။ အသိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အမ္မ၊ အမိ။ ကထေမ၊ ဆိုကုန်၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။

တာတာ၊ ဘခင် ပုဏ္ဏားတို့။ ဧဝံ၊ ဤသို့။ မာဝဒေထ၊ မဆိုလင့်ကုန်။ အဟံ၊ ငါသည်။ တောဟိ၊ ဤမိန်းမတို့ထက်။ ဗလဝတရာ၊ လွန်စွာအားကြီးကုန်၏။ ပန၊ စင်စစ်သော်ကား။ ကာရဏံ၊ အကြောင်းကို။ သလ္လ-က္ခေတွာ၊ မှတ်၍။ ဇဝေန၊ စွာ။ အာဂတာ၊ လာသည်။ န အမှိ၊ မဖြစ်။ ဣတိ၊ ဤသို့ဆို၏။ အမ္မ၊ အမိ။ ကိံ၊ အဘယ်အကြောင်းနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ တာတာ၊ ဘခင် ပုဏ္ဏားတို့။ စတ္တာရော ဇနာ၊ လေးယောက်သောသူတို့သည်။ ဇဝမာနာ၊ လျင်စွာ သွားကုန်သည်ရှိသော်။ န သောဘန္တိ၊ မတင့်တယ်ကုန်။ အပရံ၊ တပါးလည်းဖြစ်သော။ ဧကံ ကာ-ရဏံ၊ အကြောင်းတခုသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့ဆို၏။

အမ္မ၊ အမိ။ စတ္တာရောဇနာ၊ လေးယောက်သောသူတို့သည်။ န သော-ဘန္တိ၊ မတင့်တယ်ကုန်ဟူသည်။ ကတမေ၊ အဘယ်သူတို့နည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ တာတာ၊ ဘခင်ပုဏ္ဏားတို့။ တာဝ၊ ရှေးဦးစွာ။ အဘိ-သိတ္တရာဇာ၊ အဘိသိက်သွန်းပြီးသော မင်းသည်။ သဗ္ဗာဘရဏ ပဋိမဏ္ဍိ-တော၊ ခပ်သိမ်းသော တန်းဆာဆင်လျက်။ ကစ္ဆံဗန္ဓိတွာ၊ အောက်ပိုးကျိုက်၍။ ရာဇင်္ဂဏေ၊ မင်းရင်ပြင်၌။ ဇဝမာနော၊ လျင်စွာ ပြေးသွားသည်ရှိသော်။ န သောဘတိ၊ မတင့်တယ်။ အယံရာဇာ၊ ဤမင်းသည်။ ဂဟပတိကောဝိယ၊ လယ်လုပ်ကုန်သွယ် အသက်မွေးသော ယောကျ်ားကဲ့

သို့။ ကိံ၊ အဘယ်ကြောင့်။ ခါဝတိ၊ ပြေးလေဘိသနည်း။ ဣတိ၊ ဤသို့။ အညဒတ္ထု၊ စင်စစ်အားဖြင့်။ ဂရုဟံ၊ ကွဲ့ရဲ့ခြင်းကို။ လဘတိ၊ ရ၏။ သဏိကံ၊ ဖြေးဖြေး။ ဂစ္ဆန္တော၀၊ သွားသော်သာလျှင်။ သောဘတိ၊ တင့်တယ်၏။ ရညော၊ မင်း၏။ မင်္ဂလဟတ္ထိပိ၊ မင်္ဂလာရှိသော ဆင်ရတနာ သည်လည်း။ အလင်္ကတော၊ တန်းဆာဆင်ခြင်း ရှိသည်ဖြစ်၏။ ဇဝမာနော၊ လျင်စွာပြေး သွားသည်ရှိသော်။ နသောဘတိ၊ မတင့်တယ်။ ဝါရဏလီဠာယ၊ ဆင်၏ စမွယ်ခြင်း ရှိသည်ဖြစ်၍။ ဂစ္ဆန္တော၀၊ သွားသော်သာလျှင်။ သောဘတိ၊ တင့်တယ်၏။ ပဗ္ဗဇိတော၊ ရဟန်းသည်။ ဇဝမာနော၊ လျင်စွာ ပြေးသွား သည် ရှိသော်။ နသောဘတိ၊ မတင့်တယ်။ အယံသမဏော၊ ဤရဟန်း သည်။ ဂိဟိဝိယ၊ လူတို့ကဲ့သို့။ ကိံ၊ အဘယ့်ကြောင့်။ ခါဝတိ၊ ပြေးလေ ဘိသနည်း။ ဣတိ၊ ဤသို့။ ကေဝလံ၊ ချီးမွမ်းခြင်းနှင့် မရော သက်သက်။ ဂရဟမေ၀၊ ကဲ့ရဲ့ခြင်း ကိုသာလျှင်။ လဘတိ၊ ရ၏။ သမိတ ဂမနေနပန၊ ငြိမ်သက်တည်ကြည်စွာ သွားခြင်းဖြင့်ကား။ သောဘတိ၊ တင့်တယ်၏။ ဣတ္ထီ၊ မိန်းမသည်။ ဇဝမာနာ၊ အဆောတလျင် သွားသည် ရှိသော်။ နသောဘတိ၊ မတင့်တယ်။ သော ဣတ္ထီ၊ ဤမိန်းမသည်။ ပုရိသောဝိယ၊ ယောကျ်ားကဲ့သို့။ ကိံခါဝတိ၊ အဘယ့်ကြောင့် ပြေးလေ ဘိသနည်း။ ဣတိ၊ ဤသို့။ ဂရဟိတဗ္ဗာ၀၊ ကဲ့ရဲ့အပ်သည် သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဣမေ စတ္တာရော၊ ဤလေးယောက်သော သူတို့သည်။ ဇဝမာနာ၊ လျင်စွာ ပြေးသွားကုန်သည်ရှိသော်။ နသောဘန္တိ၊ မတင့်တယ် ကုန်။ ဣတိ၊ ဤသို့ဆိုကုန်၏။

အမ္မ၊ အမိ။ အပရံ၊ တပါးသော။ ကာရဏံ၊ အကြောင်းသည်။ ကတ-မံပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေး၏။ တာတာ၊ ဘခင်ပုဏ္ဏားတို့။ မာတာပိတရောနာမ၊ အမိအဘတို့မည်သည်ကား။ ဓီတရံ၊ သမီးကို။ အင်္ဂ-ပစ္စင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့ကို။ သဏ္ဌာပေတွာ၊ ကောင်းစွာ ပြုခြင်း, ထား ခြင်း ရှိသည်ဖြစ်၍။ ပေါသေန္တိ၊ မွေးကျွေးသုတ်သင်ကုန်၏။ ဟိ၊ ထိုးစကား သင့်စွ။ မယံ၊ ငါတို့သည်။ ဝိက္ကဲဏေယျဘဏ္ဍနာမ၊ ရောင်းအပ်သော ဘဏ္ဍာဥစ္စာ မည်ကုန်၏။ အမှေ၊ ငါတို့ကို။ ပရကုလပေသနတ္ထာယ၊ တပါး အမျိုးအိမ်သို့ စေလွှတ်ခြင်း အကျိုးငှါ။ ပေါသေန္တိ၊ မွေးကျွေး သုတ်သင် ရကုန်၏။ ဇဝမာနာ၊ လျင်စွာသွားခြင်းဖြင့်။ နိဝါသနဒုဿကဏ္ဏေဝါ၊ ဆင်ယင် ဝတ်စားသော ထမီနားကို သော်လည်း။ အက္ကမိတွာ၊ နင်းမိ၍။

ဘူမိယံဝါ၊ မြေ၌လည်း။ ပက္ခလိတွာ၊ ချော်၍။ ပတိတကာလေ၊ လည်း သောအခါ၌။ ဟတ္ထေဝါ၊ လက်သည်ရင်း။ ပါဒေဝါ၊ ခြေသည် ရင်း။ သစေဘိဇ္ဇေယျ၊ အကယ်၍ ကျိုးလေငြားအံ့။ ကုလဿေဝ၊ အမျိုးအား သာလျှင်၊ ဘာရော၊ ဝန်သည်။ ဘဝေယျ၊ ဖြစ်လေရာ၏။ မေ၊ ငါ၏။ ပသာဓနေ ဘဏ္ဍံပန၊ ဆင်သော တန်းဆာ သည်ကား။ တေမေတွာ၊ မိုးစွတ် ၍။ သုက္ခိဿတိ၊ ခြောက်လတ္တံ့။ ဣမံကာရဏံ၊ ဤအကြောင်းကို။ ဒိသွာ၊ ၍။ သလ္လက္ခေတွာ၊ ၍။ ဓာဝိတွာ၊ လျင်စွာသွားခြင်း ရှိသည်။ တာတာ၊ ဘခင်တို့။ နအမှိ၊ မဖြစ်။ ဣတိ၊ ဤသို့ဆို၏။

ဗြာဟ္မဏာ၊ ပုဏ္ဏားတို့သည်။ တဿာ၊ ထိုဝိသာခါ၏။ ကထနကာလေ၊ ဆိုသောအခါ၌။ ဒန္တသမ္ပတ္တိံ၊ သွား၏ ပြည့်စုံခြင်းကို။ ဒိသွာ၊ ၍။ဝေရူပါ၊ ဤသို့သဘောရှိသော။ ဒန္တသမ္ပတ္တိ၊ သွားနှင့် ပြည့်သော မိန်းမကို။ နော၊ ငါတို့သည်။ နဒိဋ္ဌပုဗ္ဗာ၊ မမြင်စဘူးကုန်။ ဣတိ၊ ဤသို့ ဆိုကုန်လျက်။ တဿာ၊ ထိုဝိသာခါအား။ သာဓုကာရံ၊ ကောင်းချီးကို။ ဒတွာ၊ ၍။ အမ္မ၊ ချစ်သမီး။ သော၊ ဤရွှေပန်းခိုင်သည်။ တုယှမေဝ၊ သင်အားသာလျှင်။ အနုစ္ဆဝိကာ၊ လျောက်ပတ်၏။ ဣတိဝတွာ၊ ဤသို့ ဆို၍။ တံ၊ ထိုဝိသာခါကို။ သုဝဏ္ဏမာလံ၊ ရွှေပန်းကုံးကို။ ပိလန္ဓာပေသုံ၊ ပန်ဆင်စေကုန်၏။ အထ၊ ထိုအခါ၌။ နေ၊ ထိုပုဏ္ဏားတို့ကို။ ကတရနဂရတော၊ အဘယ်မည်သော ပြည်မှ။ တာတာ၊ ဘခင်ပုဏ္ဏားတို့သည်။ အာဂတတ္ထ၊ ရောက်လာကုန် သနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ အမ္မ၊ ချစ်သမီး။ သာဝတ္ထိတော၊ သာဝတ္ထိ ပြည်မှ။ အာဂတာ၊ ရောက်လာကုန်၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ သေဋ္ဌိကုလံ၊ သူဌေးမျိုးသည်။ ကတရံနာမ၊ အဘယ်အမည်ရှိသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ အမ္မ၊ ချစ်သမီး။ မိဂါရသေဋ္ဌိနာမ၊ မိဂါရ သူဌေးမည်၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ အယျပုတ္တော၊ ရှင်သူဌေး သားသည်။ ကောနာမ၊ အဘယ်အမည်ရှိသနည်း။ ဣတိ၊ ဤသို့ မေးလတ် သော်။ အမ္မ၊ ချစ်သမီး။ ပုဏ္ဏဝဍ္ဎန ကုမာရောနာမ၊ ပုဏ္ဏဝဍ္ဎန သတို့သား အမည်ရှိ၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ သာ၊ ထိုဝိသာခါသည်။ နော၊ ငါတို့အား။ သမာနဇာတိကံ၊ တူသော ဇာတ်ရှိသော။ ကုလံ၊ အမျိုးတည်း။ ဣတိ၊ သို့။ အဓိဝါသေတွာ၊ သာယာ၍။ ပိတု၊ အဘအား။ သာသနံ၊ သတင်းစကားကို။ ပဟိဏိ၊ စေလွှတ်၏။ အမှာကံ၊ ငါတို့အား။ ရထံ၊ ရထားကို။ ပေသေတု၊ စေလွှတ်တော်မူကုန်လော့။ ဣတိ၊ ဤသို့ တမန်စေ၏။

ဟိ၊ ထိုစကားသင့်စွ။ သာ၊ ထိုဝိသာခါသည်။ အာဂမနကာလေ၊ လာသောအခါ၌။ ပဒသာ၊ ခြေဖြင့်။ ကိစ္စာပိ အာဂတာ၊ အကယ်၍ကား လာ၏ရှင့်။ ပနတထာပိ၊ လည်း။ သုဝဏ္ဏမာလာယ၊ ရွှေပန်းကုံးဖြင့်။ ပိလန္ဓန ကာလတော၊ ဆင်သောအခါမှ။ ပဋ္ဌာယ၊ စ၍။ တထာ၊ ထို အခြင်းဖြင့်။ ဂန္တုံ၊ သွားခြင်းငှါ။ နလဘတိ၊ မရ။ ဣဿရဒါရိကာ၊ မင်းသမီး,ဥစ္စာပစ္စည်းနှင့် ပြည့်စုံသော သူတို့၏ သမီးတို့သည်။ ရထာဒီဟိ၊ ရထားစသည်တို့ဖြင့်။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဣတရာ၊ သူဆင်းရဲသမီးတို့သည်။ ပကတိယာနကံဝါ၊ ပကတိယာဉ်ကိုမူလည်း။ အဘိရုဟန္တိ၊ စီးသွားကုန်၏။ ဆတ္တံဝါ၊ ထီးကိုငင်း။ တာလပဏ္ဏံဝါ၊ ထန်းရွက်ကိုငင်း။ ဥပရိ၊ အထက်၌။ ကရောန္တိ၊ ဆောင်းကုန်၏။ တသ္မိံ၊ ထိုထီး,ထန်းရွက် အစရှိသည်သည်။ အသတိ၊ မရှိခဲ့သော်။ နိဝတ္ထသာဋကဿ၊ ဝတ်ရုံသော ပုဆိုး၏။ ဒသန္တံ၊ အစွန်းအမြိတ်ကို။ ဥက္ခိပိတွာ၊ ပင့်၍။ အံသေ၊ ပခုံး၌။ ခိပန္တာ၊ ပစ်တင် ကုန်လျက်။ ဂစ္ဆန္တိဧဝ၊ လျှင်တည်း။ တဿာပန၊ ထိုဝိသာခါ၏ကား။ ပိတာ၊ အဘသည်။ ပဉ္စရထသတာနိ၊ ငါးရာသော ရထားတို့ကို။ ပေသေသိ၊ စေလွှတ်လိုက်၏။ သာ၊ ထိုဝိသာခါသည်။ သပရိဝါရာ၊ အခြံအရံနှင့်တကွ။ ရထံ၊ ရထားကို။ အာရုယှ၊ စီး၍။ ဂတာ၊ သွား၏။

ပြာဟ္မဏာပိ၊ ပုဏ္ဏားတို့သည်လည်း။ ကေတော၀၊ တကွနက်သာလျှင်။ အဂမံသု၊ သွားကုန်၏။ အထ၊ ထိုအခါ၌။ သေဋ္ဌိ၊ သူဌေးသည်။ နေ၊ ထို ပုဏ္ဏားတို့ကို။ ကုတော၊ အဘယ်ပြည်က။ အာဂတတ္ထ၊ ကြွလာကုန်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ မဟာသေဋ္ဌိ၊ ရှင်သူဌေးမြတ်။ သာဝတ္ထိတော၊ သာဝတ္ထိပြည်မှ ရောက်လာကုန်၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်သည်ရှိသော်။ သေဋ္ဌိ၊ ရှင်ပုဏ္ဏားတို့၏ သူဌေးကား။ ကတရောနာမ၊ အဘယ်အမည် ရှိသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ မိဂါရသေဋ္ဌိနာမ၊ မိဂါရ သူဌေးဟူသော အမည်ရှိ၏။ ဣတိ၊ ဤသို့ ပြောဆိုလတ်သော်။ ပုတ္တော၊ သားတော်ကား။ ကောနာမ၊ အဘယ်အမည်ရှိသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ မဟာသေဋ္ဌိ၊ ကြီး။ ပုဏ္ဏဝဍ္ဎန ကုမာရောနာမ၊ ပုဏ္ဏဝဍ္ဎန သတို့သားအမည်ရှိ၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ ခနံ၊ ဥစ္စာကား။ ကိတ္တကံ၊ အဘယ်မျှရှိသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ မဟာသေဋ္ဌိ၊ မြတ်သော ရှင်သူဌေး။ စတ္တာလီသ ကောဋိယော၊ ကုဋေလေးဆယ်ရှိကုန်၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ ခနံ၊ ဥစ္စာကား။ တာဝ၊ ရှေးဦးစွာ။

အမှာကာံ၊ ငါတို့၏။ ခန့်၊ ဥစ္စာကို။ ဥပါဒါယ၊ ထောက်၍။ ကာကဏိက-
မတ္တံ၊ တချင်ရွေးမျှသာတည်း။ ဒါရိကာယ ပန၊ သတို့သမီးကိုကား။ အာရက္ခ-
နတ္ထာယ၊ စောင့်ရှောက်ခြင်းငှါ။ လဒ္ဓ ကာလတော၊ ရသောအခါမှ။
ပဋ္ဌာယ၊ စ၍။ အညေန၊ တပါးသော။ ကာရဏေန၊ အကြောင်းသည်။
ကိံ၊ အဘယ်ပြုအံ့နည်း။ ဣတိ၊ ဤသို့ ဆိုလျက်။ အဓိဝါသေသိ၊
သာယာ၏။ သော၊ ထိုဓနဉ္စယ သူဌေးသည်။ တေသံ၊ ထိုပုဏ္ဏားတို့အား။
သက္ကာရံ၊ ပူဇော်သကာကို။ ကတွာ၊ ပြု၍။ ဧကာဟ ဒွီဟံ၊ တရက်နှစ်ရက်တို့
ပတ်လုံး။ ဝသာပေတွာ၊ နေစေ၍။ ဥယျောဇေသိ၊ လွှတ်လိုက်၏။

တေ၊ ထိုပုဏ္ဏားတို့သည်။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဂန္တွာ၊ သွား၍။
နော၊ ငါတို့သည်။ ဒါရိကာ၊ သတို့သမီးကို။ လဒ္ဓါ၊ ရကုန်ပြီ။ ဣတိ၊ သို့။
အာရောစယိံသု၊ ကြားလျှောက်ကုန်၏။ ကဿ၊ အဘယ်သူ၏။ ဓီတာ၊
သမီးနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဓနဉ္စယ သေဋ္ဌိနော၊ ဓနဉ္စယ
သူဌေး၏ သမီးတည်း။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ သော၊ ထိုမိဂါရ
သူဌေးသည်။ မေ၊ ငါ့အား။ မဟာကုလဿ၊ မြတ်သော သူဌေး၏။
ဒါရိကာ၊ သတို့သမီးကို။ လဒ္ဓါတိ၊ ရပေပြီဟူ၍။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။
နံ၊ ထိုသတို့သမီးကို။ အာနေတုံ၊ ဆောင်ယူခြင်းငှါ။ ဝဋ္ဋတီတိ၊ သင့်၏ဟူ၍။
တတ္ထ၊ ဆိုသာကေတပြည်သို့။ ဂမနတ္ထံ၊ သွားခြင်းငှါ။ ရညော၊ ကောသလ
မင်းအား။ အာရောစေသိ၊ ကြားလျှောက်၏။ ရာဇာ၊ ကောသလမင်းသည်။
တေံ၊ ဤသူဌေးကား။ မဟာကုလံ၊ မြတ်သော အမျိုးတည်း။ မယာ၊
ငါသည်။ ဗိမ္ဗိသာရဿ၊ ဗိမ္ဗိသာရမင်း၏။ သန္တိကာ၊ အထံမှ။ အာနေတွာ၊
ဆောင်ယူ၍။ သာကေတေ၊ ပြည်၌။ နိဝေသိတံ၊ နေအပ်၏။ တဿ၊ ထို
သူဌေးအား။ သမ္မာနံ၊ မြတ်နိုးစွာ။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။
ဣတိ၊ ဤသို့ဆို၍။ အဟံပိ၊ ငါသည်လည်း။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ဤ
သို့။ အာဟ၊ဆို၏။ သော၊ ထိုမိဂါရသူဌေးသည်။ ဒေဝ၊ အရှင်မင်းကြီး။
သာဓု၊ကောင်းပါပြီ။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဓနဉ္စယသေဋ္ဌိနော၊ ဓနဉ္စယ
သူဌေးအား။ သာသနံ၊ သတင်းစကားကို။ ပေသေသိ၊ စေလွှတ်၏။ မယိ၊
ငါသည်။ အာဂစ္ဆန္တေ၊လာသည်ရှိသော်။ ရာဇာပိ၊ကောသလမင်းကြီးသည်
လည်း။ အာဂမိဿတိ၊ လာလတ္တံ့။ ရာဇဗလံ၊ မင်း၏·အခြံအရံဖြစ်သော
ရဲမက်ဗိုလ်ပါအပေါင်းသည်။ မဟန္တံ၊များစွာ၏။ ဧတ္တကဿ ဇနဿ၊ဤမျှ
တတိုင်းအရှည်ရှိသော၊ မှူးကော် မတ်တော် စသော ဗိုလ်လူအပေါင်းအား။

ကတ္တဗ္ဗ ယုတ္တကံ၊ ဂုဏ်အားလျော်စွာပြုအပ်သည်နှင့်ယှဉ်သော လက်ဆောင် လက်နက်ကို။ ကာတုံ၊ပြုခြင်းငှါ။ သက္ခိဿသိ၊တတ်နိုင်အံ့လော။ န သက္ခိ-ဿသိ၊ မတတ်နိုင်အံ့လော။ ဣတိ၊ ဤသို့စေလွှတ်၏။

ဣတရောပိ၊ ဓနဥ္စယသူဌေးသည်လည်း။ ဒသရာဇာနော၊ တကျိပ်သော မင်းတို့သည်။ သစေပိ အာဂစ္ဆန္တိ၊ အကယ်၍ လာလိုကုန်သည် ဖြစ်အံ့။ အာဂစ္ဆန္တု၊ လာစေကုန် သတည်း။ ဣတိ၊ ဤသို့။ ပဋိသာသနံ၊ တဘန် သတင်းစကားကို။ ပေသေသိ၊ စေလွှတ်၏။ တာဝ၊ ရှေးဦးစွာ။ မိဂါရ-သေဋ္ဌိ၊ မိဂါရသူဌေးသည်။ မဟန္တေ နဂရေ၊ ကြီးစွာသောပြည်၌။ ဂေဟ-ဂေါပကမတ္တံ၊ အိမ်စောင့်မျှကို။ ဌပေတွာ၊ထား၍။ သေသဇနံ၊ကြွင်းသော လူအပေါင်းကို။ အာဒါယ၊ ခေါ်၍။ ဂန္တွာ၊ ၍။ အဍ္ဍယောဇနမတ္တေ၊ ယူဇနာခွဲအတိုင်းအရှည်ရှိသော။ ဌာနေ၌။ ဌတွာ၊ တည်၍။ အာဂတာ၊ လာကုန်သည်။ အမှ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ သာသနံ၊ သတင်းစကား ကို။ ပဟိဏိ၊ စေလွှတ်၏။ ဓနဥ္စယသေဋ္ဌိ၊ ဓနဥ္စယသူဌေးသည်။ ဗဟုပဏ္ဏာ-ကာရံ၊များစွာသောလက်ဆောင်ပဏ္ဏာကို။ ပေသေတွာ၊ပို့သစေ၍။ ဓီတရာ၊ သမီးနှင့်။ သဒ္ဓိံ၊ တကွ။ မန္တေသိ၊တိုင်ပင်၏။ အမ္မ၊ချစ်သမီး။ တော၊သင် ချစ် သမီး၏။ သသုရော၊ ယောက္ခမသည်။ ကောသလရညာ၊ ကောသလမင်းနှင့်။ သဒ္ဓိံ၊တကွ။ အာဂတောကိရ၊လာသတတ်။ တဿ၊ထိုသူဌေးအား။ကတရံ-ဂေဟံ၊ အဘယ်အိမ်ကို။ ပဋိဇဂ္ဂိတဗ္ဗံ၊ သုတ်သင်ပြင်ဆင်အံ့နည်း။ ရညော၊ မင်းအား။ ကတရံ၊ အဘယ် တဲနန်းတော်ကို။ ပဋိဇဂ္ဂိတဗ္ဗံ၊ ဆောက်ထား နှင့်ရအံ့နည်း။ ဥပရာဇာဒီနံ၊ အိမ်ရှေ့မင်း စသည် တို့အား။ ကာဘာနိ၊ အဘယ်မည်သော အိမ်တော်တို့ကို။ ပဋိဇဂ္ဂိတဗ္ဗာနိ၊ စီရင်ရ ကုန်အံ့နည်း။ ဣတိ၊ ဤသို့တိုင်ပင်၏။

သေဋ္ဌိဓီတာ၊ သူဌေးသမီးသည်။ ပဏ္ဍိတာ၊ အပြားအားဖြင့် သိသော ပညာနှင့်ပြည့်စုံ၏။ ဝဇိရဂ္ဂ တိခိဏဉာဏာ၊ဝရဇိန်စဉ်းသွားကဲ့သို့ ထက်လှစွာ သောဉာဏ်ရှိ၏။ ကပ္ပသတသဟဿံ၊ကမ္ဘာတသိန်းပတ်လုံး။ ပတ္ထိတပတ္ထနာ၊ တောင့်တအပ်သောအလိုရှိ၏။အဘိနီဟာရသမ္ပန္နာ၊ဆုတောင်းခြင်းနှင့် ပြည့် စုံ၏။ မေ၊ငါ၏။ သသုရဿ၊ယောက္ခမအား။ အသုကဂေဟံ၊ဤမည်သော အိမ်ကို။ ပဋိဇဂ္ဂထ၊ ပြင်ဆင်ကုန်လော့။ ရညော၊မင်းအား။ အသုကဂေဟံ၊ ဤမည်သောနန်းတော်ကို။ ပဋိဇဂ္ဂထ၊ပြင်ဆင်ကုန်လော့။ ဥပရာဇာဒီနံ၊အိမ် ရှေ့မင်းစသည်တို့အား။အသုကာနိ၊ဤမည်သောအိမ်တော်တို့ကို။ပဋိဇဂ္ဂထ၊

ပြင်ဆင်ကုန်လေ၍။ ဣတိ၊ ဤသို့အစရှိသည်ဖြင့်။ သံဝိဒဟိတွာ၊ စီရင် ခန့်ရန်ပြီး၍။ ဒါသကမ္မကရေ၊ ကျွန်အမှုလုပ်တို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ တွေ့ကာ၊ ဤမျှလောက်သောလူတို့သည်။ ရညော၊ မင်းအား။ ကတ္တဗ္ဗ-ကိစ္စယုတ္တကံ၊ ပြုအပ်သောကိစ္စနှင့် ယှဉ်သည်ကို။ ကရောထ၊ ပြုကုန်လော့။ တွေ့ကာ၊ ဤမျှလောက်ကုန်သော လူတို့သည်။ ဥပရာဇာဒီနံ၊ အိမ်ရှေ့မင်းစသည်တို့အား။ ကရောထ၊ ပြုလေကုန်။ ဟတ္ထိအဿာဒယောပိ၊ ဆင်,မြင်းစသည်တို့ ကိုလည်း။ တုမှေယေဝ၊ သင်တို့သည်သာလျှင်။ ပဋိဇဂ္ဂထ၊ မွေးကျွေး သုတ်သင်ကုန်လော့။ အဿ ဗန္ဓာဒယောပိ၊ မြင်းထိန်း စသည်တို့သည်လည်း။ မင်္ဂလဆဏံ၊ မင်္ဂလာဆောင်ပွဲသဘင်သို့။ အာဂန္တွာ၊ လာ၍။ အနုဘဝိဿန္တိ၊ကြည့်ရှုခြင်းဖြစ်ကုန်လတ္တံ့။ ဣတိ၊ဤသို့။ သံဝိဒဟိ၊စီရင်၏။ ကိံ ကာရဏာ၊အဘယ်အကြောင်းကြောင့်။ သံဝိဒဟိ၊စီရင်လေဘိသနည်း။ မယံပိ၊ ငါတို့သည်လည်း။ ဝိသာခါယ၊ ဝိသာခါ၏။ မင်္ဂလဋ္ဌာနံ၊ မင်္ဂလာဆောင်ရာ ပွဲသဘင်သို့။ ဂန္တွာ၊ ရောက်၍။ ကီဠိံ၊ တစုံတခုကို။ နလဘိမှ၊ မရကုန်။ အဿရက္ခာဒီနိ၊ မြင်းထိန်းအမှုစသည်တို့ကို။ ကရောန္တာ၊ပြုရကုန်သည်ဖြစ်၍။ သုခံ၊ ချမ်းသာစွာ။ နဝိစရိမှ၊ မလှည့်ပတ်မသွားလာရကုန်။ ဣတိ၊ဤသို့။ ကေစိ၊ အချို့သောသူတို့သည်။ ဝတ္တုံ၊ ဆိုခြင်းငှါ။ မာလ-ဘိံသု၊ မရစေကုန်လင့်။ ဣတိ၊ ဤအကြောင်းကြောင့် စီရင်အပ်၏။

တံဒိဝသမေဝ၊ ထိုနေ့၌လျှင်။ ဝိသာခါယပိ၊ဝိသာခါ၏လည်း။ ပိတာ၊ အဘသည်။ ပဉ္စသတေ သုဝဏ္ဏကာရေ၊ ရွှေပန်းထိမ်သည် ငါးရာတို့ကို။ ပက္ကောသာပေတွာ၊ခေါ်စေ၍။ မေ၊ငါ၏။ ဓီတု၊သမီးအား။ မဟာလတာ-ပသာဓနံ နာမ၊ မဟာလတာမည်သော တန်းဆာကို။ ကရောထ၊ ပြုကုန်လော့။ ဣတိ၊ ဤသို့။ ရတ္တသုဝဏ္ဏဿ၊ ရွှေနီ၏။ နိက္ခသဟဿံ၊ နိက္ခတထောင်ကို။ တဒနုရူပါနိစ၊ ထိုမဟာလတာတန်းဆာနှင့် လျော်ကုန်သော။ ရဇတမဏိမုတ္တာ ပဝါဠဝဇိရာဒီနိ၊ ငွေ ပတ္တမြား ပုလဲ သန္တာ ဝရဇိန် ကျောက် စသည်တို့ကို။ ဒါပေသိ၊ ပေးစေ၏။ ရာဇာ၊ မင်းသည်။ ကတိပါဟံ၊ တရက်နှစ်ရက်။ ဝသိတွာ၊ နေ၍။ ဓနဉ္စယသေဋ္ဌိဿ၊ ဓနဉ္စယ သူဌေးအား။ သာသနံ၊ သတင်းစကားကို။ပဟိဏိ၊စေလွှတ်၏။ သေဋ္ဌိနာ၊ သူဌေးသည်။ အမှာကံ၊ငါတို့အား။ စိရံ၊ကြာမြင့်စွာ။ ပေါသနံနာမ၊မွေးကျွေးသုတ်သင်ခြင်း မည်သည်ကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ဒါနိ၊ယခုအခါ၌။ ဒါရိကာယ၊သတို့သမီး၏။ ဂမနကာလံ၊သွားအံ့

သောအခါကို။ ဇာနာတု၊ သိသည်မူလော့။ ဣတိ၊ ဤသို့ စေလွှတ်၏။ သောပိ၊ ထိုသူဌေးသည်လည်း။ ရညော၊ ကောသလမင်းအား။ သာသနံ၊ သတင်းစကားကို။ ပေသေသိ၊ စေလွှတ်၏။ ဣဒါနိ၊ ယခုအခါ၌။ ဝဿ-ကာလော၊ မိုးကာလသည်။ အာဂတော၊ ရောက်လာပြီ။ စတုမာသံ၊ မိုး လေးလပတ်လုံး။ ဝိစရိတုံ၊ သွားခြင်းငှါ။ နသက္ကာ၊မဘတ်နိုင်။ တုမှာကံ၊ သင်တို့၏။ ဗလကာယဿ၊ ဗိုလ်ပါအပေါင်းအား။ ယံယံ၊ အကြင် အကြင် အလိုရှိသမျှကို။ လဒ္ဓုံ၊ ရခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ တံသဗ္ဗံ၊ ထို အလုံးစုံ သည်။ မမ ဘာရော၊ ငါ့ဝန်တည်း။ မယာ၊ ငါသည်။ ပေသိတ ကာလေ၊ စေခိုင်းသော အခါ၌။ ဒေဝေါ၊ မင်းကြီးသည်။ ဂမိဿတိ၊သွားရလတ္တံ့။ ဣတိ၊ ဤသို့ဆို၏။ တတော ပဋ္ဌာယ၊ ထိုနေ့မှစ၍။ သာကေတနဂရံ၊ သာ ကေတပြည်သည်။နိစ္စံ၊ အမြဲ။ နက္ခတ္တံဝိယ၊ နက္ခတ်သဘင်ကဲ့သို့။ အဟောသိ၊ ဖြစ်၏။ ရာဇာနံ၊ မင်းကြီးကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗေသံ၊အလုံး စုံသော လူတို့အား။ မာလာဂန္ဓ ဝတ္ထာဒီနိ၊ ပန်းနံ့သာ အဝတ်ပုဆိုး စသည် တို့ကို။ ပဋိယတ္တာနေဝ၊ စီရင်အပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။

တတော၊ မှ။ တေဇနာ၊ ထိုလူတို့သည်။ စိန္တယိံသု၊ ကြံကြကုန်၏။ သေဋ္ဌိ၊သူဌေးသည်။ အမှာကမေဝ၊ ငါတို့အားသာလျှင်။ သက္ကာရံ၊ ပူဇော် သက္ကာကို။ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့ ကြံကြကုန်၏။ ဝေ၊သို့။တယော-မာသာ၊ သုံးလတို့သည်။ အတိက္ကန္တာ၊ လွန်ကုန်၏။ ပသာဓနံပန၊ ဆင် သော တန်းဆာသည်ကား။ တာဝ၊ ရှေးဦးစွာ။ နနိဋ္ဌာတိ၊ မပြီးနိုင်။ကမ္မ-န္တာဓိဋ္ဌာယကာ၊ အမှုလုပ်ဆောင်ရာ၌ ကြီးမှူး ကြပ်မ ကြည့်ရှုကြကုန်သော သူတို့သည်။ အာဂန္တွာ၊ လာ၍။ သေဋ္ဌိနော၊ သူဌေးအား။ အာရောစေ-သုံ၊ ကြားလျှောက်ကုန်၏။ အညံ၊ တပါးသော။ အသန္တံနာမ၊ ထင်ရှား မရှိခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဗလကာယဿ ပန၊ ဗိုလ်ပါခြံမက် အပေါင်း အားကား။ ဘတ္တ ပစန ဒါရူနိ၊ ထမင်းချက်ရန် ထင်းတို့သည်။ နပ္ပဟော-န္တိ၊ မလောက်ကုန်။ ဣတိ၊ ဤသို့ ကြားလျှောက်ကုန်၏။ တာတာ၊ အချင်း ငါ့သားတို့။ ဂစ္ဆထ၊ သွားလေကုန်။ ဣမသ္မိံ နဂရေ၊ ဤပြည်၌။ ပရိဇိဏ္ဏာ၊ အိုလေကုန်ပြီးသော။ ဟတ္ထိသာလာဒယော၀၀၊ ဆင်တင်းကုပ် စသည် တို့ကိုလည်းကောင်း။ ပရိဇိဏ္ဏကာနိ၊ ရိနွဲ့ဒ်း ဟောင်းမြင်း လေကုန်ပြီး သော။ ဂေဟာနိစ၊ အိမ်ဘို့ကို လည်းကောင်း။ ဂဟေတွာ၊ ယူ၍။ ပစထ၊ ချက်လေကုန်။ ဣတိ၊ ဤသို့ စေလွှတ်၏။ ဝေ၊ ဤသို့။ ပစန္တာ-

နမ္ပိ၊ ချက်ကုန်သော်လည်း။ အဍ္ဎမာသော၊ လခွဲသည်။ အတိက္ကန္တော၊ လွန်၍။ တတော၊ ထိုနောင်မှ။ ပုနပိ၊ တဘန်လည်း။ ဒါရူနိ၊ ထင်းတို့သည်။ နတ္ထီတိ၊ မရှိကုန်ပြီဟု။ အာရောစယိံသု၊ ကြားလျှောက်ကုန်၏။ ဣမသ္မိံ ကာလေ၊ ဤအခါ၌။ ဒါရူနိ၊ ထင်းတို့ကို။ လဒ္ဓုံ၊ ရခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။ ဒုဿ ကောဋ္ဌာဂါရာနိ၊ ပုဆိုးကျီတို့ကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ ထူလသာဋကေဟိ၊ ချည် ပုဆိုးကြမ်းတို့ဖြင့်။ ဝဋ္ဋိယော ကတွာ၊ မီးစာကျစ်၍။ တေလစာဋီသု၊ ဆီအိုးတို့၌။ တေမေတွာ၊ ဆွတ်၍။ ဘတ္တံ၊ ထမင်းကို။ ပစထ၊ ချက်လေကုန်။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ တေ၊ ထိုသူတို့သည်။ အဍ္ဎမာသံ၊ လခွဲပတ်လုံး။ တထာ၊ ထို သူဌေးဆိုတိုင်း။ အကံသု၊ ပြုကုန်၏။ ဧဝံ၊ ဤသို့။ စတ္တာရော မာသာ၊ လေးလတို့သည်။ အတိက္ကန္တာ၊ လွန်ကုန်သည်ရှိသော်။ ပသာဓနမ္ပိ၊ ဆင်ယင်စရာတန်းဆာသည်လည်း။ နိဋ္ဌိတံ၊ ပြီး၏။

တသ္မိံ ပသာဓနေ၊ ထို တန်းဆာ၌လည်း။ စတဿော ဝဇိရနာဠိယော၊ လေးကွမ်းစား ရှိသော ဝရဇိန် ကျောက်တို့သည်။ ဥပယောဂံ၊ စီခြယ်ခြင်းသို့။ အဂမံသု၊ ရောက်ကုန်၏။ မုတ္တာနံ၊ ပုလဲတို့၏။ ဧကာဒသ နာဠိယော၊ တဆယ့်တကွမ်းစားတို့သည်။ ဥပယောဂံ၊ ခြင်းသို့။ အဂမံသု၊ ရောက်ကုန်၏။ ပဝါဠဿ၊ သန္တာ၏။ ဗာဝီသတိ နာဠိယော၊ နှစ်ဆယ့်နှစ်ကွမ်းစားတို့သည်။ ဥပယောဂံ၊ သို့။ အဂမံသု၊ ရောက်ကုန်၏။ မဏီနံ၊ ပတ္တမြားတို့၏။ တေတ္တိံသ နာဠိယော၊ သုံးဆယ့် သုံးကွမ်းစား တို့သည်။ အဂမံသု၊ယှဉ်ခြင်းသို့ ရောက်ကုန်၏။ ဣတိ၊ဤသို့။ ဧတေဟိ စ၊ ဤ ရတနာတို့ဖြင့် လည်းကောင်း။ အညေဟိ၊ တပါးကုန်သော။ သတ္တဟိ ရတနေဟိ စ၊ ရတနာခုနစ်ပါးတို့ဖြင့် လည်းကောင်း။ နိဋ္ဌာနံ၊ ပြီးခြင်းသို့။အဂမာသိ၊ ရောက်၏။ ပသာဓနံ၊ တန်းဆာသည်။ အသုတ္တမယံ၊ ချည်ကြိုးဖြင့် မပြီး။ ရဇတေန၊ ငွေဖြင့်။ သုတ္တကိစ္စံ၊ ကြိုးဖြင့်ပြုအပ်သော ကိစ္စကို။ ကရိံသု။ ပြုကုန်၏။ တံ၊ ထို မဟာလတာ တန်းဆာသည်။ သီသေ၊ ဦးခေါင်း၌။ ပဋိမုက္ကံ၊ စွပ်သည်ရှိသော်။ ယာဝ၊ အကြင်ခြေလောက်။ ပါဒပိဋ္ဌိံ၊ ခြေဖမိုးသို့။ ဂစ္ဆတိ၊ ရောက်လာ၏။ တသ္မိံ တသ္မိံ ဌာနေ၊ ထိုထိုအရပ်၌။ မုဒ္ဒိကာ၊ အကွင်းတို့ကို။ ယောဇေတွာ၊ ယှဉ်၍။ ကတာ၊ ပြုအပ်ကုန်သော။ သုဝဏ္ဏမယာ၊ ရွှေဖြင့်ပြီးကုန်သော။ ဂဏ္ဌိကာ၊ အဖုရွဲလုံးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရဇတမယာ၊ ငွေဖြင့် ပြီးကုန်သော။ ပါသကာ၊ အကွင်းအဖု

နေရာအိမ်တို့သည်။ ဟောန္တိ၊ ကုန်၏။ မတ္တက မဏ္ဍော၊ အထက် ဦးခေါင်း အလယ်၌။ ကောမုဒ္ဒိကာ၊ အကွင်း တခုသည်။ ဟောတိ၊ ဖြစ်၏။ ဒွိသု၊ နှစ်ပါးကုန်သော။ ကဏ္ဏပိဠ္ဌေသု၊ နားရင်းတို့၌။ ဒွေ၊ နှစ်ခုသော အကွင်း တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဂလဝါဋကေ၊ ရေမျိုး၌၊ ကော၊ တကွင်း သည်။ ဟောတိ၊ ဖြစ်၏။ ဒွိသု * ဇဏ္ဏုကေသု၊ နှစ်ခုသော ပုဆစ်ဒူးဝန်းတို့ ၌။ ဒွေ၊ နှစ်ကွင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒွိသု ကပ္ပရေသု၊ တတောင် ဆစ် နှစ်ဘက်တို့၌။ ဒွေ၊ နှစ်ကွင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒွိသုဥရု-သု၊ ပေါင်နှစ်ဘက်တို့၌။ ဒွေ၊ နှစ်ကွင်းတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒွိသု-ကဋိပဿေသု၊ နံဘေးနှစ်ဘက်တို့၌။ ဒွေ၊ နှစ်ကွင်းတို့သည်။ ဟောန္တိ။ ဖြစ်ကုန်၏။ ဣတိ၊ သို့။ တသ္မိံ ခေါ ပနပသာဓနေ၊ ထိုမဟာလတာ တန်းဆာ ၌။ ကော်မောရံ၊ တခုသော ဥဒေါင်း၏ သဏ္ဍာန်ကို။ ကရိံသု၊ ပြုကုန်၏။

တဿ၊ ထိုရွှေဥဒေါင်းရုပ်၏။ ဒက္ခိဏပက္ခေ၊ လကျ်ာ အတောင်၌။ ရတ္တသုဝဏ္ဏမယာနိ၊ ရွှေနီဖလံဖြင့်ပြီးကုန်သော။ ပဉ္စပတ္တသတာနိ၊ ငါးရာကုန် သော လေခေါ် တောင်တို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဝါမပက္ခေ၊ လက်ဝဲအတောင်၌။ ပဉ္စပတ္တသတာနိ၊ ငါးရာကုန်သော လေခေါ် တောင် တို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တုဏ္ဍံ၊ နှုတ်သီးသည်။ ပဝါဠမယံ၊ သန္တာဖြင့်ပြီး၏။ အက္ခီနိ၊ မျက်စိတို့သည်။ မဏိမယာနိ၊ ပတ္တမြားဖြင့်ပြီး ကုန်၏။ ဂီဝါစ၊ လည်သည်လည်းကောင်း။ ပိဉ္ဆာနိစ၊ အမြီးတို့သည် လည်းကောင်း။ တထာ၊ ထိုမျက်စိအတူ ပတ္တမြားဖြင့်ပြီးကုန်၏။ ပဉ္စသ-တာနိ၊ ငါးရာကုန်သော။ ပတ္တနာဠိယော၊ လေခေါ်တောင်အတံတို့သည်။ ရဇတမယာ၊ ငွေဖြင့် ပြီးကုန်၏။ ဇင်္ဃာယော၊ ဥဒေါင်း၏ သလုံး မြင်း ခေါင်းရိုးတို့သည်။ တထာ၊ ထိုအတူ ငွေဖြင့် ပြီးကုန်၏။ ဣတိ၊ သို့။ သော၊ ထိုမဟာလတာ တန်းဆာသည်။ ဝိသာခါယ၊ ဝိသာခါ၏။မတ္တ-ကမဏ္ဍေ၊ ထိပ်လယ်၌။ ပဗ္ဗတကူဋေ၊ တောင်အထွတ်၌။ ဌတွာ၊ နား၍။ နစ္စန မယူရောဝိယ၊ ယဉ်ကျေးစွာ က,သော ရွှေဥဒေါင်းမင်းကဲ့သို့။ ခါယ-ဟိ၊ ထင်ရ၏။ ဣတိ၊ ဤသို့။ ပတ္တနာဠိ သဟဿသဒ္ဒေါ၊ တထောင်သော လေခေါ် တောင် အသံသည်။ ဒိဗ္ဗ သံဂီတံဝိယစ၊ နတ်၏သီချင်းသံကဲ့သို့ လည်းကောင်း။ ပဉ္စင်္ဂိက တူရိယ ဃောသော ဝိယစ၊ သာယာစွာတီးမှုတ်

* ဇဏ္ဍုသု (ဆဋ္ဌ)

အပ်သော ငါးပါးသော တူရိယာ အသံကဲ့သို့လည်းကောင်း။ ပဝတ္တတိ၊ ဖြစ်၏။ သန္တိကံ၊ အနီးသို့။ ဥပဂတာယေဝ၊ ရောက်သော်သာလျှင်။ တဿာ၊ ထိုမဟာလတာ တန်းဆာ၏။ အမောရဘာဝံ၊ ဥဒေါင်းစင်စစ် မဟုတ်သည်၏အဖြစ်ကို။ ဇာနန္တိ၊ သိကုန်၏။ ပသာဓနံ၊ တန်းဆာသည်။ နဝကောဋိ အဂ္ဃနကံ၊ ကိုးကုဋေ အဘိုးထိုက်သည်။ အဟောသိ၊ ဖြစ်၏။ သတသဟဿံ၊ တသိန်း။ဟတ္ထမူလကမ္မံ၊ ပန်းထိမ်သည် လက်မှု လုပ်ခကို။ ဒီယိတ္ထ၊ ပေးရကုန်၏။

ကိဿပန၊ အဘယ်မည်သော ကောင်းမှုကံ၏။ နိဿန္ဒေန၊ အကျိုး ဆက်ဖြင့်။ တာယ၊ ထိုဝိသာခါသည်။ ဧတံပသာဓနံ၊ ထိုမဟာလတာ တန်းဆာကို။ လဒ္ဓံ၊ ရလေသနည်း။ ဣတိ၊ ဤသို့ဆိုငြားအံ့။ သာ၊ ထိုဝိ သာခါသည်။ ကိရ။ စင်စစ် စေတနာသဘောအားဖြင့်။ ကဿပ သမ္မာ သမ္ဗုဒ္ဓကာလေ၊ ကဿပဘုရား ရှေ့လက်ထက်၌။ ဝီသတိယာ ဘိက္ခုသ- ဟဿာနံ၊ နှစ်သောင်းသော ရဟန်းတို့အား။ စီဝရသာဋကံ၊ သင်္ကန်း လျာပုဆိုးကို။ ဒတွာ၊ လှူ၍။ သုတ္တမ္ပိ၊ ချုပ်ချည်ကိုလည်းကောင်း။ သူစိ- ယောပိ၊ အပ်တို့ကို လည်းကောင်း။ ရဇနမ္ပိ၊ ဆိုးရည်ကို လည်းကောင်း။ အတ္တနော၊ မိမိ၏။ သန္တကမေဝ၊ ဓမ္မိယလဒ္ဓဖြစ်သော ဥစ္စာကိုသာလျှင်။ အဒါသိ၊ လှူ၏။ တဿ စီဝရဒါနဿ၊ စေတနာသုံးတန်ပြတ်လျက် လှူ အပ်သော ထိုသင်္ကန်း ဟူသော ဒါန၏။ နိဿန္ဒေန၊ အကျိုးဆက်ဖြင့်။ ဣမံ မဟာလတာ ပသာဓနံ၊ ဤမဟာလတာ တန်းဆာကို။ လဘိ၊ ရ၏။ ဟိ၊ ထိုစကားသင့်စွ။ ဣတ္ထီနံ၊ မိန်းမတို့အား။ စီဝရဒါနံ၊ သင်္ကန်းဟူ သော အလှူသည်။ မဟာလတာ ပသာဓနဘဏ္ဍေန၊ မဟာလတာ တန်း ဆာကို ရခြင်းဖြင့်။ မတ္ထကံ၊ ပြီးခြင်းသို့။ ပပ္ပေါတိ၊ ရောက်၏။ ပုရိသာ- နမ္ပိ၊ ယောကျာ်းတို့အားလည်း။ ဣဒ္ဓိမယ ပတ္တစီဝရေန၊ တန်းခိုးဖြင့် ပြီး သော သပိတ်, သင်္ကန်း ကိုရခြင်းဖြင့်။ မတ္ထကံ၊ အပြီးသို့၊ ပပ္ပေါတိ။ ရောက်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဧဝံ၊ ဤသို့။ မဟာသေဋ္ဌိ၊ သူဌေးကြီးသည်။ စတူဟိ မာသေဟိ၊ လေးလတို့ဖြင့်။ ဓီတု၊ သမီး၏။ ပရိဝစ္ဆံ၊ စီရင်ခန့်ရန် အပ်သောအမှုကြီး ငယ် အခမ်းအနားကို။ ကတွာ၊ ပြု၍။ တဿာ၊ ထိုဝိသာခါအား။ ဒေယျဓမ္မံ၊ ပေးအပ်သော ဥစ္စာ စည်းစိမ်ကို။ ဒဒမာနော၊ ပေးအပ်သည် ရှိသော်။ ကဟာပဏပူရာနိ၊ အသပြာဖြင့် ပြည့်ကုန်သော။ ပဉ္စသကဋသ-

တာနိ၊ လှည်းငါးရာတို့ကို။ အဒါသိ၊ ပေး၏။ သုဝဏ္ဏ ဘာဇနပူရာနိ၊ ရွှေအိုး, ရွှေခွက်ဖြင့်ပြည့်ကုန်သော။ပဉ္စသကဋ သတာနိ၊ လှည်းငါးရာတို့ကို လည်း။ အဒါသိ၊ ပေး၏။ ရဇတ ဘာဇန ပူရာနိ၊ ငွေအိုး, ငွေခွက်ဖြင့် ပြည့်ကုန်သော။ ပဉ္စ၊ လှည်းငါးရာတို့ကို လည်းကောင်း။ တမ္ဗဘာဇန ပူ-ရာနိ၊ ကြေးနီအိုး, ခွက်ဖြင့်ပြည့်ကုန်သော။ ပဉ္စ၊ လှည်းငါးရာတို့ကိုလည်း ကောင်း။ ပဋ္ဋုဏ္ဏဝတ္ထ ကောသေယျဝတ္ထပူရာနိ၊ ပြေပြစ်သော ပဋ္ဋုဏ္ဏတိုင်း မှ ဖြစ်သော ပုဆိုး, ပိုးချည် ပုဆိုးတို့ဖြင့်ပြည့်ကုန်သော။ ပဉ္စ၊ လှည်း ငါးရာတို့ကိုလည်းကောင်း။ သပ္ပိပူရာနိ၊ ထောပတ်ဖြင့် ပြည့်ကုန်သော။ ပဉ္စ၊ လှည်းငါးရာတို့ကိုလည်းကောင်း။ တေလပူရာနိ၊ ဆီဖြင့်ပြည့်ကုန် သော။ ပဉ္စ၊ လှည်းငါးရာတို့ကိုလည်းကောင်း။ သာလိ တဏ္ဍုလပူရာနိ၊ သလေးဆန်ဖြင့် ပြည့်ကုန်သော။ ပဉ္စ၊ လှည်းငါးရာတို့ကိုလည်းကောင်း။ နင်္ဂလ ဖါလာဒိ ဥပကရဏပူရာနိ၊ ထွန်တုံး, ထွန်သွား အစရှိသော အ ဆောက် အဦဖြင့် ပြည့်ကုန်သော။ ပဉ္စသကဋသတာနိ၊ လှည်းငါးရာတို့ ကိုလည်းကောင်း။ အဒါသိ၊ပေး၏။

အဿ၊ ထိုသူဌေးအား။ ဝံ၊ ဤသို့သောအကြံသည်။ အဟောသိကိရ၊ ဖြစ်သတတ်။ မမ၊ ငါ၏။ ဓီတု၊ သမီးသည်။ ဂတဋ္ဌာနေ၊ ရောက်ရာအ ရပ်၌။ အသုကေန နာမေန၊ ဤ အမည်ရှိသော ပစ္စည်းဥစ္စာဖြင့်။ မေ၊ ငါ့အား။ အတ္ထောတိ၊ အလိုရှိ၏ ဟူ၍။ ပရဿ၊ သူတပါး၏။ ဂေဟ-ဒွါရံ၊ အိမ်တံခါးသို့။ မာပဟိဏိ၊မစေခိုင်းရပါစေလင့်။ ဣတိ၊ ဤသို့ကြံ ၏။ တသ္မာ၊ ကြောင့်။ သဗ္ဗူပကရဏာနိ၊ ခပ်သိမ်သော အဆောက် အဦ တို့ကို။ ဒါပေသိ၊ ပေးစေ၏။ ဧကေကသ္မိံ ရထေ၊ တခု တခု သော ရထား၌။ သဗ္ဗာလင်္ကာရပဋိမဏ္ဍိတာ၊ ခပ်သိမ်းသော တန်းဆာ ဆင်အပ်ကုန်သော။ တိဿောတိဿော၊ သုံးယောက် သုံးယောက်ကုန် သော။ ဝဏ္ဏဒါသိယော၊ အမျိုးမြတ်ဖြစ်သော ကျွန်သမီးတို့ကို။ (ဝ· တသော ဧတသော ရှိသော ပါဠိကား- ဒိယစုသဟသနှင့် မတန်။ ) ဌပေတွာ၊ ထား၍။ ပဉ္စရထသတာနိ၊ ရထား ငါးရာတို့ကို။ အဒါသိ၊ ပေး၏။ တော၊ ဤမိန်းမတို့ကို။ နှာပေန္တိယော၊ ရေချိုးပေးစေလျက်။ ဘောဇေန္တိယော၊ စားတော်ပွဲ တည်ပေးစေလျက်။ အလင်္ကရောန္တိယော၊ တန်းဆာ ဆင်ပေးစေလျက်။ ဝိစရထ၊ လှည့်လည်ကုန်လော့။ဣတိ၊ သို့။ ဒိယစုသဟဿာ ပရိစာရိကာ၊ ခြေရင်း အလုပ်အကျွေး ဖြစ်ကုန်သော

တထောင့်ငါးရာသော ကျွန်မတို့ကို။ အဒါသိ၊ ပေး၏။ ( တော်ရှိသော ပါဠိကား-ပရိစာရိကာနှင့် လိင်ဝုစ်မတူ။ )

အထ၊ ထိုအခါ၌။ အဿ၊ ထိုသူဌေးအား။ တော်၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ မမ ဓီတု၊ ငါ့သမီးအား။ ဂါဝေါ၊ နွားတို့ကို။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့ကြံလျက်။ သော၊ ထိုသူဌေးသည်။ ပုရိသာ၊ အချင်းယောကျ်ားတို့ကို။ အာဏာပေသိ၊ စေလွှတ်၏။ ဘဏေ၊ အချင်းတို့။ ဂစ္ဆ၊ သွားချေ။ စူဠ ဝဇဿ၊ နွားခြံငယ်၏။ ဒွါရံ၊ တံခါးကို။ ဝိဝရိတွာ၊ ဖွင့်၍။ တိသု ဂါဝုတေသု၊ သုံးဂါဝုတ်တို့၌။ တိဿော ဘေရိယော၊ သုံးလုံးသော စည်ကြီးတို့ကို။ ဂဟေတွာ၊ ဆွဲ၍တီးလျက်။ တိဋ္ဌထ၊ ရပ်လင့်ကုန်လော့။ ပုထုလတော၊ အနံအားဖြင့်။ ဥသဘမတ္တေ ဌာနေ၊ တဥသဘမျှသောအရပ်၌။ ဥဘောသု ပဿေသု၊ နံပါးနှစ်ဘက်တို့၌။ တိဋ္ဌထ၊ ရပ်လင့်ကုန်လော့။ ဂါဝီနံ၊ နွားမတို့၏။ တတောပရံ၊ ထိုထက်အလွန်။ ဂန္တုံ၊ သွားစေခြင်းငှါ။ မာအဒတ္ထ၊ မပေးလင့်ကုန်။ ဣတိဝေံ၊ ဤသို့။ ဌိတကာလေ၊ ရပ်၍နေသော အခါ၌။ ဘေရိသည်၊ စည်အပိုင်းအခြား အမှတ်ကို။ ကရေယျာထ၊ ပြုလေကုန်လော့။ ဣတိ၊ ဤသို့စေလွှတ်၏။ တေ၊ ထိုအချင်းယောကျ်ားတို့သည်။ တထေဝ၊ ထိုသူဌေးဆိုတိုင်းလျှင်။ အကံသု၊ ပြုကုန်၏။ တေ၊ ထိုအချင်း ယောကျ်ားတို့သည်။ ဂါဝီနံ၊ နွားမတို့၏။ ဝဇတော၊ ခြံမှ။ နိက္ခမေတွာ၊ ထွက်စေ၍။ ဂါဝုတံ၊ တဂါဝုတ်သို့။ ဂတကာလေ၊ ရောက်သောအခါ၌။ဘေရိသညံ၊စည်အမှတ်ကို။ အကံသု၊ ပြုကုန်၏။ ပုန၊ တဘန်။ အဍ္ဍယောဇနံ၊ ယူဇနာခွဲတိုင်တိုင်။ ဂတကာလေ၊ သွားသောအခါ၌။ ဘေရိသညံ၊ စည်သံအမှတ်ကို။ အဒံသု၊ ပေးကုန်၏။ ပုနပိ၊ တဘန်လည်း။ တိဂါဝုတ ဂတ ကာလေ၊ သုံးဂါဝုတ်သို့ ရောက်သောအခါ၌။ ဘေရိသညံ၊ စည်သံကို။ ကရိံသု၊ ပြုကုန်၏။ ပုထုလတော၊ အနံအားဖြင့်။ ဂမနဥ္စ၊ သွားခြင်းကိုလည်း။ နိဝါရေသုံ၊ တားမြစ်ကုန်၏။ ဧဝံ- ဤသို့။ ဒီဃတော၊ အလျားအားဖြင့်။ တိဂါဝုတေ၊ သုံးဂါဝုတ်ရှိသော။ ပုထုလတော၊ အနံအားဖြင့်။ ဥသဘမတ္တေဌာနေ၊ တဥသဘမျှသော အရပ်၌။ ဂါဝိယော၊ နွားမတို့သည်။ အညမညံ၊ အချင်းချင်း။ နိဃံသန္တိယော၊ တိုးဝှေ့ကုန်သည်ဖြစ်၍။ အဋ္ဌံသု၊ နေကုန်၏။

မဟာသေဋ္ဌိ၊ သူဌေးကြီးသည်။ မမ ဓီတု၊ ငါ့သမီးအား။ တ္တကာ· ဂါဝေါ၊ ဤမျှလောက်သော နွားတို့ကို။ အလံ၊ ရခြင်းငှါထိုက်၏။ ဒွါရံ၊

တံခါးကို။ ပိဒဟာထ၊ ပိတ်ဆို့ကုန်လော့။ ဣတိ၊ ဤသို့ဆိုလျက်။ ဝဇ္ဒြွါရံ၊ ခြံတံခါးကို။ ပိဒဟာပေသိ၊ ပိတ်စေ၏။ ဒွါရသ္မိံ၊ နွားခြံတံခါးကို။ ပိဒ-ဟိတေ၊ ပိတ်သည်ရှိသော်။ ဝိသာခါယ၊ ၏။ ပုညဖလေန၊ ကောင်းမှုအကျိုးဖြင့်။ ဗလဝ ဂါဝေါ စ၊ အားကြီးသော နွားတို့သည်လည်းကောင်း။ ဓေနုယော စ၊ နွားမတို့သည် လည်းကောင်း။ ဥပ္ပတိတွာ ဥပ္ပတိတွာ၊ ခုန်၍ခုန်၍။ နိက္ခမိံသု၊ ထွက်ကုန်၏။ မနုဿာနံ၊ လူတို့၏။ ဝါရေန္တာနံ ဝါရေ-န္တာနမေဝ၊ ဆီးတားစဉ် ဆီးတားစဉ်ပင်လျှင်။ သဋ္ဌိသဟဿာ၊ ခြောက်သောင်းအတိုင်းအရှည် ရှိကုန်သော။ ဗလဝ ဂါဝေါ စ၊ အားကြီးသော နွားတို့သည် လည်းကောင်း။ သဋ္ဌိသဟဿာ၊ ခြောက်သောင်း အတိုင်းအရှည် ရှိကုန်သော။ ဓေနုယော စ၊ နွားမတို့သည်လည်းကောင်း။ နိက္ခန္တာ၊ ထွက်ခဲ့ကုန်၏။ တာသံ ဓေနူနံ၊ ထိုနွားမတို့၏။ ပစ္ဆာ၊ နောက်မှ။ ဥပ္ပတ္တိဘူ၊ ခုန်ထွက်၍။ အနုဗန္ဓာ၊ အစဉ်အတိုင်း လိုက်လာကုန်သော။ ဘတ္တကာ၊ ထိုမျှလောက်ကုန်သော။ ဗလဝါ၊ အားရှိသော နွားတို့သည်။ ဥသဘာ၊ တဥသဘ ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ကိဿ၊ အဘယ်မည်သော ကောင်းမှုကံ၏။ နိသန္ဒေန ပန၊ အကျိုးဆက်ဖြင့်ကား။ ဧဝံ၊ ဤသို့။ ဂါဝေါ၊ နွားတို့သည်။ ဂတာ၊ လိုက်လာကုန်သနည်း။ ဣတိ၊ ဤသို့မေးမြန်းအံ့။ နိဝါရေန္တာနံ နိဝါရေန္တာနံပိ၊ တားမြစ်ကုန် တားမြစ်ကုန်သော အလှူခံတို့အား။ ဗလဝ ဒိန္နဒါနဿ၊ အားကြီးစွာ ရှေးကပေးခဲ့ဘူးသော ကောင်းမှုကံ၏။ ဗလေန၊ အစွမ်းဖြင့် ဆီးတားမနိုင် လိုက်လာ၏။

သာ၊ ထိုဝိသာခါသည်။ ကဿပ သမ္မာသမ္ဗုဒ္ဓကာလေ၊ ကဿပ မြတ်စွာဘုရား လက်ထက်တော်၌။ ကိကိဿ ရညော၊ ကိကိမင်း၏။ သတ္တန္နံ-မိတာနံ၊ သမီးခုနစ်ယောက်တို့တွင်။ ကနိဋ္ဌာ၊ ညီမဖြစ်သော။ သင်္ဃဒါသီ-နာမ၊ သင်္ဃဒါသီဟူသော အမည်ဖြင့်။ ကိရ၊ ကျော်စောထင်ရှားစွာ။ ဟုတွာ၊ ဖြစ်၍။ ဝီသတိယာ ဘိက္ခုသဟဿာနံ၊ နှစ်သောင်းသော ရဟန်းတို့အား။ ပဉ္စ ဂေါရသဒါနံ၊ ငါးပါးသော နွားနို့အရသာ အလှူကို။ ဒဒမာနာ၊ ပေးလှူသည်ရှိသော်။ ထေရာနဉ္စ၊ မထေရ်ကြီးတို့သည် လည်းကောင်း။ ဒဟရာနဉ္စ၊ ပဉ္စင်းငယ်တို့သည် လည်းကောင်း။ သာမဏေရာနဉ္စ၊ သာမဏေတို့သည် လည်းကောင်း။ ပတ္တဘာဇနံ၊ သပိတ်ခွက်ကို။ ဟတ္ထံ၊ လက်ကို။ ပိဒဟိတွာ၊ ပိတ်ဖုံးအုပ်၍။ အလံ၊ တော်ပြီ။ အလံ၊ တော်ပြီ။ ဣတိ၊ ဤသို့ အမိန့်ရှိလျက်။ နိဝါရေန္တာနံပိ၊ မြစ်တားကုန်သော်လည်း။

ဣဒံ၊ ဤနွားနို့သည်။ မဓုရံ၊ ချိုမြိန်စွာ ကောင်းပါသည် အရှင်ဘုရား။ ဣဒံ၊ ဤနွားနို့သည်။ မနာပံ၊ နှစ်လိုဘွယ်ရှိပါသည် အရှင်ဘုရား။ ဣတိ၊ ဤသို့။ အဒါသိ၊ ပေး၏။

ဝဝံ၊ ဤသို့။ တဿ၊ ထိုကုသိုလ်ကံ၏။ နိဿန္ဒေန၊ အကျိုးဆက်သည်။ ယာဝ၊ အကြင်ရွေ့လောက်။ အတ္တိ၊ ရှိ၏။ တာဝ၊ ထိုကောင်းမှုကံ၏ အကျိုးဆက်ရှိသလောက်။ ဝါရိယမာနာပိ၊ တားမြစ်ကုန်သော်လည်း။ ဂါ-ဝေါ၊ နွားတို့သည်။ နိက္ခမိံသု၊ ခြံမှထွက်၍ လိုက်လာကုန်၏။ သေဋ္ဌိနာ၊ သူဌေးသည်။ ဧတ္တကာသု ဓေနုသု၊ ဤမျှလောက်သော ဥစ္စာကို။ ဒိန္နကာ-လေ၊ ပေးသောအခါ၌။ သေဋ္ဌိဘရိယာ၊သူဌေးကတော်သည်။ အာဟ၊ ဆို၏။ တုမှေဟိ၊ ရှင်သူဌေးတို့သည်။ မယှံ၊ ငါ၏။ ဓိတု၊ သမီးအား။ သဗ္ဗံ· အလုံးစုံသော စည်းစိမ်ဥစ္စာကို။ သံဝိဒဟိတံ၊ စီရင်ခန့်ရန်အပ်၏။ ဝေယျာဝစ္စကရာပန၊ အမှုကြီးငယ်ကို စေပြီးခြင်းငှာကား။ ဒါသ ဒါသိ·ယော၊ ကျွန်ယောကျ်ား ကျွန်မိန်းမတို့ကို။ နသံဝိဒဟိတာ၊ အထိုက်အလိုက် မစီရင်ပါသေး။ ကာရဏာ၊ အကြောင်းကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ဆို၏။ မမ ဓီတရိ၊ ငါ့သမီး၌။ သိနေဟာသိနေဟာနံ၊ ချစ်, မချစ်သည်တို့ကို။ ဇာနနတ္ထံ၊ သိခြင်းငှာ အကျိုးရှိ၏။ ဟိ၊ ထိုစကား သင့်စွ။ အဟံ၊ ငါသည်။ တာယ၊ ထိုသူဌေးသမီးနှင့်။ သဒ္ဓိံ၊ တကွ။ အနိစ္ဆမာနကေ၊ အလိုမရှိသူတို့ကို။ ဂီဝါယ၊လည်၌။ ဂဟေတွာ၊ ဆွဲငင်၍။ န ပဟိဏာမိ၊ အတူမလိုက်စေချင်။ ယာနံ၊ ယာဉ်သို့။ အာရုယှ၊ တက်စီး၍။ ဂမနကာလေယေဝ၊ သွားသောအခါ၌လျှင်မူကား။ တေသယ၊ ဤသမီး နှင့်။ သဒ္ဓိံ၊ တကွ။ ဂန္တုကာမာ၊ လိုက်လိုကုန်သော သူတို့သည်။ ဂစ္ဆ-န္တု၊ လိုက်ကုန်လော့ အဂန္တုကာမာ၊ မလိုက်လိုသော သူတို့သည်။ မာဂစ္ဆ-န္တု၊ မလိုက်ကုန်လင့်။ ဣတိ၊ ဤသို့။ ဝက္ခာမိ၊ ဆိုအံ့။ ဣတိအာဟ၊ ဤသို့ ဆို၏။

အထ၊ ထိုအခါ၌။ သွေ၊ နက်ဖြန်။ မမဓီတာ၊ ငါ့သမီးသည်။ ဂမိ-ဿတိ၊ သွားလတ္တံ့။ ဣတိ၊ ဤသို့ဆိုလျက်။ ဂဗ္ဘေ၊ တိုက်ခန်း၌။ နိသိ-န္နော၊ ခံစား၍နေစဉ်။ ဓီတရံ၊ သမီးကို။ သမီပေ၊ ၌။ နိသီဒါပေတွာ၊ နေစေ၍။ အမ္မ၊ ချစ်သမီး။ ပတိကုလေ၊ လင်အိမ်၌။ ဝသန္တိယာနာမ၊ နေသောမိန်းမ မည်သည်။ ဣမဉ္စ ဣမဉ္စ အာစာရံ၊ ဤမည် ဤမည်သော အကျင့်ဝတ်ကို။ ရက္ခိတုံ၊ ကျင့်ခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့

ဆိုလျက်။ ဩဝါဒံ၊ အဆုံးအမကို။ အဒါသိ၊ ပေး၏။ မိဂါရသေဋ္ဌိ၊ မိဂါရသူဌေးသည်။ အနန္တရဂေဗ္ဘေ၊ အခြားမရှိသော တိုက်ခန်း၌။ နိသိ- န္နော၊ နေစဉ်။ ဓနဉ္စယ သေဋ္ဌိနော၊ ဓနဉ္စယသူဌေး၏။ အယံပိ ဩဝါဒံ၊ ဤသို့ အဆုံးအမ ပေးသော စကားကိုလျှင်။ အသောသိ၊ ကြား၏။ သောပိ သေဋ္ဌိ၊ ထိုဓနဉ္စယသူဌေးသည်လည်း။ဓီတရံ၊ သမီးကို။ ဝေံ၊ ဤသို့။ ဩဝဒိ၊ ဆုံးမ၏။

အမ္မ၊ ချစ်သမီး။ သသုရ ကုလေ၊ ယောက္ခမအိမ်၌။ ဝသန္တိယာနာမ၊ နေသော ချွေးမ မည်သည်ကား။ အန္တောအဂ္ဂိ၊ အတွင်းမီးကို။ ဗဟိ၊ အပ သို့။ နနီဟရိတဗ္ဗော၊ မထုတ်အပ်။ ဗဟိအဂ္ဂိ၊ အပမီးကို အန္တော၊ အတွင်း သို့။ န ပဝေသေတဗ္ဗော၊ မသွင်းမဝင်စေအပ်။ ဒဒန္တဿေဝ၊ ပေးကမ်း သင့်သော သူကိုသာလျှင်။ ဒါတဗ္ဗံ၊ ပေးအပ်၏။ အဒဒန္တဿ၊ မပေးသင့် သော သူအား။ နဒါတဗ္ဗံ၊ မပေးအပ်။ ဒဒန္တဿာပိ၊ ပေးအပ်သော သူ အားရင်း။ အဒဒန္တဿာပိ၊ မပေးအပ်သော သူအားရင်း။ ဒါတဗ္ဗံ၊ အတိုင်းအရှည်ကို သိ၍ ပေးအပ်၏။ သုခံ၊ ချမ်းသာစွာ။ နိသီဒိတဗ္ဗံ၊နေအပ် ၏။ သုခံ၊ ချမ်းသာစွာ။ ဘုဉ္ဇိတဗ္ဗံ၊ စားအပ်၏။ သုခံ၊ချမ်းသာစွာ။ နိပဇ္ဇိ- တဗ္ဗံ၊ အိပ်အပ်၏။ အဂ္ဂိ၊ မီးကို။ ပရိစရိတဗ္ဗော၊ မွေးကျွေး သုတ်သင် အပ်၏။ အန္တော ဒေဝတာ၊ အတွင်းနတ်ကို။ နမဿိတဗ္ဗာ၊ ရှိခိုးအပ်၏။

ဣတိ၊ သို့။ ဒသဝိဓံ၊ ဆယ်ပါးအပြားရှိသော။ ဣမံ ဩဝါဒံ၊ ဤအ ဆုံးအမကို။ ဒတွာ၊ ပေး၍။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ သဗ္ဗာ၊ ခပ်သိမ်း ကုန်သော။ သေနိယော၊ စစ်သည် ဗိုလ်ပါတို့ကို။သန္နိပါတေတွာ၊ စည်းဝေးစေ၍။ ရာဇသေနာယ၊ မင်းစစ်သည်အပေါင်း၏။ မဇ္ဈေ၊ အလယ် ၌။ အဋ္ဌ ကုဋုမ္ဗိကေ၊ ရှစ်ယောက်သောသူကြွယ်တို့ကို။ ပါဋိဘောဂေ၊ အသီးအသီးသော ဥစ္စာစည်းစိမ်တို့ကို။ ဂါဟာပေတွာ၊ ယူစေ၍။ မေ၊ ငါ၏။ ဓီတု၊ သမီးဝိသာခါသည်။ ဂတဋ္ဌာနေ၊ သွားရာအရပ်၌။ ဒေါသော၊ အပြစ်သည်။ သစေဥပ္ပဇ္ဇတိ၊ အကယ်၍ ဖြစ်အံ့။ တုမှေဟိ၊ သင်တို့သည်။ သောဓေတဗ္ဗော၊ သုတ်သင်အပ်၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ နဝကောဋိ အဂ္ဃနကေန၊ ကိုးကုဋေ အဘိုးထိုက်တန်သော။ မဟာလတာပသာခနေန၊ မဟာလတာ တန်းဆာဖြင့်။ ဓီတရံ၊ သမီးကို။ ပသာဓေတွာ၊ တန်းဆာဆင် စေ၍။စတုပဏ္ဏာသ ကောဋိခနံ၊ ငါးဆယ့်လေးကုဋေသောဥစ္စာကို။ နှာန- စုဏ္ဏမူလံ၊ ရေချိုးကသယ်မှုန့်ဘိုးကို။ ဒတွာ၊ ပေးပြီး၍။ ယာနံ၊ ယာဉ်သို့။

အာရောပေတွာ၊ တင်၍။ သာကေတဿ၊ သာကေတပြည်၏။ သာမန္တာ၊ အနီးဖြစ်သော ထက်ဝန်းကျင်မှ။ အတ္တနော၊ မိမိ၏။ သန္တကေသု၊ ဥစ္စာဖြစ်ကုန်သော။ အနုရာဓပုရ မတ္တေသု၊ အနုရာဓပြည် အတိုင်းအရှည်ရှိကုန်သော။ စုဒ္ဒသသု၊ တဆယ့်လေးခရိုင်ရှိကုန်သော။ ဘတ္တဂါမေသု၊ စားရာကျေးရွာတို့၌။ ဘေရိံ၊ စည်ကို။ စရာပေသိ၊ လည်စေ၏။ မမ၊ ငါ၏။ မိတ္တာ၊ သမီးနှင့်။ သဒ္ဓိံ၊ တကွ။ ဂန္တုကာမာ၊ လိုက်လိုကုန်သော သူတို့သည်။ ဂစ္ဆန္တု၊ လိုက်ကုန်လော့။ ဣတိ၊ ဤသို့ စည်လည်စေ၏။ တေ၊ ထိုသူတို့သည်။ သဒ္ဒံ၊ စည်လည်သံကို။ သုတွာ၊ ကြား၍။ အမှာကံ၊ ငါတို့၏။ အယျာယ၊ သခင်မ၏။ ဂမနကာလေ၊ သွားသောအခါ၌။ အမှာကံ၊ ငါတို့အား။ ဣဓ၊ ဤအရပ်၌။ ကိံ၊ အဘယ်အကြောင့်ဖြင့် နေ၍ပျော်နိုင်ရပါအံ့နည်း။ ဣတိ၊ ဤသို့။ စုဒ္ဒသဂါမေ၊ တဆယ့်လေးရွာ၌။ ကိဥ္စိ၊တစုံတယောက်သော အိမ်စောင့် ရွာစောင့် လူကို။ အသေသေတွာ၊ အကျန် အကြွင်း မထားမူ၍။ နိက္ခမိံသု၊ ထွက်၍ လိုက်ကုန်၏။ ဓနဉ္စယ သေဋ္ဌိပိ၊ ဓနဉ္စယ သူဌေးသည်လည်း။ ရညောစ၊ ကောသလမင်းအားလည်းကောင်း။ မိဂါရသေဋ္ဌိနောစ၊ မိဂါရသူဌေးအားလည်းကောင်း။ သက္ကာရံ၊ မြတ်နိုးတနာ ပူဇော်သက္ကာကို။ ကတွာ၊ ပြု၍။ ထောကံ၊အတန်ငယ်။ အနုဂန္တွာ၊ ပို့လိုက်၍။ တေဟိ၊ ထိုသူတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဓီတရံ၊ သမီးကို။ ဥယျောဇေသိ၊ လွှတ်လိုက်၏။

မိဂါရသေဋ္ဌိပိ၊မိဂါရသူဌေးသည်လည်း။ သဗ္ဗပစ္ဆတော၊ အလုံးစုံသော ဗိုလ်ပါတို့နောက်မှ။ ယာနကေ၊ယာဉ်၌။ နိသီဒိတွာ၊နေ၍။ ဂစ္ဆန္တော၊သွားလေသည်ရှိသော်။ ဗလကာယံ၊ ရဲမက်ဗိုလ်ပါအပေါင်းကို။ ဒိသွာ၊ မြင်၍။ ဧတေ၊ ဤသူတို့သည်။ ကေနာမ၊အဘယ်သူတို့နည်း။ ဣတိပုစ္ဆိ၊၏။ ဝေါ၊ ရှင်သူဌေးတို့၏။ သုဏိသာယ၊ချွေးမ၏။ ဝေယျာဝစ္စကရာ၊ အမှုကြီးငယ်ကို ညီညာ ရွက်ဆောင်ကုန်သော။ ဒါသိ ဒါသာ၊ ကျွန်မိန်းမ, ယောကျ်ားတို့တည်း။ ဣတိ၊ဤသို့ပြောဆိုကုန်၏။ တွေကေ၊ ဤမျှလောက်သော သူတို့ကို။ ကော၊ အဘယ်သူသည်။ ပေါသေဿတိ၊ မွေးကျွေး သုတ်သင် နိုင်အံ့နည်း။ တေ၊ထိုသူတို့ကို။ ပေါထေတွာ၊ပုတ်ခတ်ရိုက်နှက်၍။ ပလာပေထ၊ ပြေးစေကုန်လော့။ အပလာယန္တေ၊မပြေးကုန်သည်ရှိသော်။ ဣတော၊ ဤအရပ်မှ။ ဒဏ္ဍံ၊ ဒဏ်ကို။ ကရောထ၊ ပြုကုန်လော့။ ဣတိ၊ ဤသို့ဆို၏။ ဝိသာခါပန၊ ဝိသာခါသည်ကား။ အပေထ၊ ဖဲကုန်လော့။ မာဝါရေထ၊

မမြစ်တားကုန်လင့်။ ဗလမေဝ၊ ဗိုလ်ပါ အပေါင်းသည်လျှင်။ ဗလဿ၊ ဗိုလ်ပါအပေါင်းအား။ ဘတ္တံ၊ ထမင်းကို။ ဒဿတိ၊ ပေးလတ္တံ့။ ဣတိ-အာဟ၊ ဤသို့ဆို၏။ သေဋ္ဌိ၊သူဌေးသည်။ ဧဝံ ဝုတ္တေပိ၊ ဤသို့ ဆိုသော်လည်း။ အမ္မ၊ ချစ်သမီး။ အမှာကံ၊ ငါတို့အား။ ဧတေဟိ၊ ဤသူတို့ဖြင့်။ အတ္ထော၊လိုအပ်သောအကျိုးသည်။ နတ္ထိ၊မရှိ။ ဧတေ၊ဤသူတို့ကို။ ကော၊ အဘယ်သူသည်။ ပေါသေဿတိ၊ မွေးကျွေး သုတ်သင်နိုင်အံ့နည်း။ ဣတိ၊ ဤသို့ဆိုလျက်။ လေဍ္ဍုဒဏ္ဍာဒီဟိ၊ အုတ်ခဲ,လှုန်ကန် စသည်တို့ဖြင့်။ ပေါ-ထေတွာ၊ ပစ်ခတ် ရိုက်နှက်၍။ ပလာပေတွာ၊ ပြေးစေ၍။ သေသကေ၊ ကြွင်းသော သူတို့ကို။ အမှာကံ၊ ငါတို့အား။ ဧတ္တကေဟိ၊ ဤမျှလောက်ကုန်သော သူတို့ဖြင့်။ အလံ၊ လျောက်ပတ်တော်သင့်ပြီ။ ဣတိ၊ ဤသို့။ ဂဟေတွာ၊ ယူ၍။ ပါယာသိ၊ သွားလေ၏။

အထ၊ ထိုအခါ၌။ ဝိသာခါ၊ ဝိသာခါသည်။ သာဝတ္ထိ နာဂရဒွါရံ၊ သာဝတ္ထိပြည် တံခါးသို့။ သမ္ပတ္တကာလေ၊ ရောက်သောအခါ၌။ စိန္တေသိ၊ ကြံ၏။ ပဋိစ္ဆန္န ယာနသ္မိံ၊ ဖုံးလွှမ်းအပ်သော ရထားပေါင်းချုပ်ယာဉ်၌။ နိသီဒိတွာ၊ နေ၍။ ပဝိသိဿာမိနုခေါ၊ ဝင်ရအံ့လော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ ရထေ၊ ရထား၌။ ဌတွာ၊ရပ်၍။ ပဝိသိဿာမိနုခေါ၊ ဝင်ရအံ့လော။ ဣတိ၊ဤသို့ကြံ၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုဝိသာခါ၏။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်ပြန်၏။ ပဋိစ္ဆန္နယာနေန၊ ရထားပေါင်းချုပ်ယာဉ်ဖြင့်။ မေ၊ ငါသည်။ ပဝိသန္တိယာ၊ ဝင်သည်ရှိသော်။ မဟာလတာ ပသာဓနဿ၊ မဟာလတာတန်းဆာ၏။ ဝိသေသော၊ အထူးတင့်တယ်ခြင်းသည်။ န ပညာယိဿတိ၊ မထင်ရှားလတ္တံ့။ ဣတိ၊ ဤသို့။ တဘန် အကြံဖြစ်၏။ သာ၊ ထိုဝိသာခါသည်။ သကလ နဂရဿ၊ အလုံးစုံသော ပြည်သူအပေါင်းအား။ အတ္တာနံ၊ မိမိကိုယ်ကို။ ဒဿေန္တီ၊ ပြလျက်။ ရထေ၊ အဖုံးအလွှမ်း မရှိသော ရထား၌။ ဌတွာ၊ နေ၍။ နဂရံ၊ ပြည်သို့။ ပါဝိသိ၊ဝင်လေ၏။ သာဝတ္ထိဝါသိနော၊ သာဝတ္ထိပြည်၌ နေကုန်သောသူတို့သည်။ ဝိသာခါယ၊ ဝိသာခါ၏။ သမ္ပတ္တိံ၊ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းကို။ ဒိသွာ၊မြင်၍။ သော၊ ဤသူသည်။ ဝိသာခါနာမကိရ၊ ဝိသာခါ မည်သတတ်။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ အယံသမ္ပတ္တိ၊ ဤအံ့ဩ၍ မဆုံးနိုင်သောစည်းစိမ်၏ပြည့်စုံခြင်းသည်။ ဧကိဿာဝ၊ဝိသာခါတယောက်အား သာလျှင်။ အနုစ္ဆဝိကာ၊ လျောက်ပတ်၏။ ဣတိအာဟံသု၊ ကုန်၏။

ဉာတိ၊ သို့။ သာ၊ထိုဝိသာခါသည်။ မဟာသမ္ပတ္တိယာ၊များစွာသော စည်းစိမ် ချမ်းသာဖြင့်။ သေဌ္ဌိနော၊ သူဌေး၏။ ဂေဟံ၊ အိမ်သို့။ ပါဝိသိ၊ ဝင်လေ၏။ [illegible]

အဿ၊ ထိုဝိသာခါ၏။ ဂတ ဒိဝသေစ၊ရောက်လာသောနေ့၌လည်း။ သကလနဂရဝါသိနော၊အလုံးစုံသောပြည်၌နေသောသူတို့သည်။ အမှာကံ၊ ငါတို့၏။ ဓနဥ္စယသေဋ္ဌိဓိတာ၊ဓနဥ္စယသူဌေး၏သမီးဖြစ်သော ဝိသာခါသည်။ အတ္တနော၊၏။ နဂရံ၊ပြည်သို့။ သမ္ပတ္တာနံ၊ ရောက်လာကုန်သောသူတို့အား။ မဟာသက္ကာရံ၊ များစွာသောပူဇော်သက္ကာကို။ အကာသိ၊ပြုပေ၏။ ဉာတိ၊ ဤသို့နှလုံးပိုက်၍။ ယထာသတ္တိ၊ အစွမ်းအားလျော်စွာ။ ယထာဗလံ၊အားနှင့် လျော်စွာ။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ ပဟိဏိံသု၊ စေလွှတ်လိုက်ကုန်၏။ တေဟိ၊ ထိုပြည်သူ ပြည်သားတို့သည်။ ပဟိတံ၊ စေလိုက်သော။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ တသ္မိံ ယေဝ နဂရေ၊ ထိုပြည်၌သာလျှင်။ အညမညေသု၊ အချင်းချင်းဖြစ်ကုန်သော။ ကုလေသု၊အမျိုးတို့၌။ သဗ္ဗတ္ထ-ကမေဝ၊ အလုံးစုံသူတို့ကိုသာလျှင်။ ဒါပေသိ၊ ပေးစေ၏။ ဉာတိ၊ ဤသို့။ သာ၊ ထိုဝိသာခါသည်။ ဣဒံ၊ ဤဥစ္စာကို။ မယှံ၊ ၏။ မာတု၊ အမိအား။ ဒေထ၊ ကုန်လော့။ ဣဒံ၊ ဤဥစ္စာကို။ မယှံ၊ ငါ၏။ ပိတု၊ အဘအား။ ဒေထ၊ပေးကုန်လော့။ ဣဒံ၊ဤဥစ္စာကို။ မယှံ၊ ငါ၏။ ဘာတု၊မောင်အား။ ဒေထ၊ ပေးကုန်လော့။ ဣဒံ၊ ဤဥစ္စာကို။ မယှံ၊ ငါ၏။ ဘဂိနိယာ၊ ညီမအား။ဒေထ၊ပေးကုန်လော့။ ဉာတိ၊ဤသို့။တေသံတေသံ၊ထိုထိုသူတို့အား။ ဝယာနုရူပံ၊ အရွယ်အားလျော်စွာ။ ပိယဝစနံ၊ ချစ်ဖွယ်သော စကားကို။ ဝတွာ၊ ဆို၍။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ ပေသေသိ၊ ပို့သစေ၏။ သကလနဂရ ဝါသိနော၊ သာဝတ္ထိပြည်အလုံး၌ နေကုန်သော သူတို့ကို။ ဉာတကေဝိယ၊ ဆွေမျိုးရင်းချာကဲ့သို့။ အကာသိ၊ပြု၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုဝိသာခါအား။ ရတ္တိဘာဂ သမနန္တရေ၊ ညဉ့်၏ သန်းကောင် အတို့မှ အခြားမဲ့၌။ အာဇည ဝဠဝါယ၊ အာဇာနည်မြဲမ၏။ ဂဗ္ဘဝုဋ္ဌာနံ၊ အသားတုံ့ရ် မြဲယေ် ဖွားခြင်းသည်။ အဟောသိ၊ ဖြစ်၏။ သာ၊ ထို ဝိသာခါသည်။ ဒါသီဟိ၊ ကျွန်သမီးတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဒဏ္ဍ ဒီပိကော၊ ဆီမီးဖယောင်းတိုင်တို့ကို။ဂါဟာပေတွာ၊ညှိထွန်းကိုင်စွဲစေ၍။ တတ္ထ၊ ထို မြဲယေ်ဖွားရာသို့။ ဂန္တွာ၊ သွား၍။ ဝဠဝံ၊ မြဲမကို။ ဥဏှောဒကေန၊ ရေနွေးဖြင့်။ နှာပေတွာ၊ ရေချိုးစေ၍။ တေလေန၊ ဆီဖြင့်။ မက္ခာပေတွာ၊ သုတ်လိမ်း

စေ၍။ အတ္တနော၊ မိမိ၏။ ဝသနဋ္ဌာနမေဝ၊ နေရာအရပ်သို့ သာလျှင်။ အဂမာသိ၊ သွားလေ၏။

မိဂါရသေဋ္ဌိပိ၊ မိဂါရသူဌေးသည်လည်း။ ပုတ္တဿ၊ သားအား။ အာဝါဟမင်္ဂလံ၊ ထိမ်းမြားခြင်း မင်္ဂလာကို။ ကရောန္တော၊ ပြုသည်ရှိသော်။ ခုရဝိဟာရေ၊ အမြဲနေတော်မူရာ ဇေတဝန် ကျောင်းတော်၌။ ဝသန္တမ္ပိ၊ နေတော်မူသည်လည်းဖြစ်သော။ တထာဂတံ၊ မြတ်စွာဘုရားကို။ အမနသိ-ကရိတွာ၊ နှလုံးမသွင်းမူ၍။ ဒီဃရတ္တံ၊ ရှည်ကြာစွာသော ကာလပတ်လုံး။ နဂ္ဂသမဏကေသု၊ အဝတ်မရှိသော ရဟန်းယောင် တိတ္ထိတို့၌။ ပတိဋ္ဌိ-တေန၊ တည်သော။ ပေမေန၊ ချစ်ခြင်းဖြင့်။ စောဒိယမာနော၊ တိုက်တွန်းနှိုးဆော်သည် ဖြစ်၍။ မယှံ၊ ငါ၏။ အယျာနံပိ၊ အရှင်ကောင်းတို့အားလည်း။ သက္ကာရံ၊ ပူဇော်သက္ကာကို။ ကရိဿာမိတိ၊ ပြုအံ့ဟူ၍။ ဧကဒိ-ဝသံ၊ တနေ့သ၌။ အနေကသတေသု၊ အရာမက များစွာ ကုန်သော။ နဝ-ဘာဇနေသု၊ အိုးသစ်တို့၌။ နိရုဒက ပါယာသံ၊ ရေမရှိသော နို့ဃနာကို။ ပစာပေတွာ၊ ချက်စေ၍။ ပဉ္စသတေ၊ ငါးရာအတိုင်းအရှည် ရှိကုန်သော။ အစေလကေ၊ အဝတ် အချည်းစည်း ဖြစ်ကုန်သော တက္ကတွန်းတို့ကို။ နိမန္တာပေတွာ၊ ဘိတ်စေ၍။ အန္တောဂေဟံ၊ မိမိအိမ်အတွင်းသို့။ ပဝေ-သေတွာ၊ သွင်း၍။ ဘောဇေသိ၊ ကျွေးမွေး၏။ မေ၊ ငါ၏။ သုဏိသာ၊ ချွေးမ ဝိသာခါသည်။ အာဂန္တွာ၊ လာခဲ့စေလော့။ အရဟန္တေ၊ ရဟန္တာ-တို့ကို။ ဝန္ဒတု၊ ရှိခိုးစေချင်၏။ ဣတိ၊ ဤသို့ မိန့်ဆိုညာဏ် အမြင်ဖြင့်။ ဝိသာ-ခါယ၊ ဝိသာခါအား။ သာသနံ၊ သတင်းစကားကို။ ပဟိဏိ၊ စေလွှတ်၏။ သာ၊ ထိုဝိသာခါသည်။ အရဟန္တောတိ ဝစနံ၊ ရဟန္တာဟူသော စကားကို။ သုတွာ၊ ၍။ သောတာပန္နာ၊ သောတာပန်ဖြစ်သော။ အရိယသာဝိကာ၊ အရိယာ-သာဝိကာဖြစ်သော ဘုရားသခင် တပည့်မသည်။ ဟဋ္ဌတုဋ္ဌာ၊ အလွန် ရွှင်သော စိတ်ဖြင့် ဝမ်းမြောက်ခြင်း ရှိသည်။ ဟုတွာ၊ ဖြစ်၍။ တေသံ၊ ထို တက္ကတွန်းတို့အား။ ဘောဇနဋ္ဌာနံ၊ ဆွမ်းကျွေးရာ အရပ်သို့။ အာဂန္တွာ၊ ရောက်လာ၍။ တေ၊ ထို တက္ကတွန်းတို့အား။ ဩလောကေတွာ၊ ကြည့်၍။ ဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ ဟိရောတ္တပ္ပ ဝိရဟိတာ၊ အရှက် အကြောက်မှ ကင်းကုန်သော တိတ္ထိတို့သည်။ အရဟန္တာနာမ၊ ရဟန္တာ-မည်ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်။ သသု-ရော၊ ယောက္ခမ ရှင်သူဌေးသည်။ မံ၊ ငါ့ကို။ ပက္ကောသာပေသိ၊ ခေါ်

လေဘိသနည်း။ ဣတိ၊ ဤသို့ အပြစ်တင်လျက်ပင်။ ဓိဓိတိ၊ ထွီထွီဟူ၍။ သေဋ္ဌိံ၊ ကို။ ဂဟရိတွာ၊ ကဲ့ရဲ့ရှုတ်ချ၍။ အတ္တနော၊ မိမိ၏။ ဝသနဋ္ဌာနဒွါ မေဝ၊ စံစား၍နေရာအရပ်သို့လျှင်။ ဂတာ၊ သွားလေ၏။

အစေလကာ၊ တို့သည်။ တံ၊ ထိုဝိသာခါကို။ ဒိသွာ၊ မြင်၍။ သဗ္ဗေ၊ အလုံးစုံကုန်သော ဟက္ကတွန်းတို့သည်၊ ဧကပ္ပဟာရေနေဝ၊ တပြိုင်နက် တည်းဖြင့်လျှင်။ သေဋ္ဌိံ၊ သူဌေးကို။ ဂရဟိံသု၊ ကဲ့ရဲ့ကုန်၏။ ဂဟပတိ၊ အမောင်သူဌေး။ တွံ၊ သင်သည်။ ကိံ၊ အဘယ့်ကြောင့်။ အညံ၊ တပါးသူ သို့မီးကို။ နာလတ္ထ၊ မရလေဘိသနည်း။ သမဏဿ ဂေါတမဿ၊ ၏။ သာ- ဝိကာံ၊ တပည့်မဖြစ်သော။ မဟာကာလကဏ္ဏိံ၊ အလွန်မိုက်သော သူ ယုတ်မကို။ ဣမ၊ ဤအိမ်သို့။ ပဝေသေသိ၊ သွင်းဘိ၏။ ဝေဂေန၊လျင်စွာ။ နံ၊ ထိုသူသုတ်မကို။ ဣမသ္မာ ဂေဟာ၊ ဤ ရှင်သူဌေးအိမ်မှ။ နိက္ကဍ္ဍာပေ- ဟိ၊ နှင်ထုတ်စေလော့။ ဣတိ၊ ဤသို့ဆိုကုန်၏။ သော၊ ထိုသူဌေးသည်။ မယာ၊ ငါသည်။ ဣမေသံ၊ ဤသူတို့၏။ ဝစနမတ္တေနေဝ၊ ဆိုကာမျှ ဖြင့် လျှင်။ နံ၊ ထို ငါ့ချွေးမ ဝိသာခါကို။ နိက္ကဍ္ဍာပေတုံ၊ နှင်ထုတ်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ သာ၊ ထိုဝိသာခါသည်။ မဟာကုလဿ၊ များ သောအမျိုး၏။ ဓီတာ၊ သမီးကောင်းတကား။ ဣတိ စိန္တေတွာ၊ ဤသို့ ကြံလျက်။ အယျာ၊ ဆရာ အရှင်ကောင်းတို့။ ဒဟရာနာမ၊ သူငယ်တို့ မည် သည်ကား။ ဇာနိတွာဝါ၊ သိ၍ လည်းကောင်း။ အဇာနိတွာဝါ၊ မသိမူ၍ လည်းကောင်း။ ကရေယျုံ၊ ပြုကုန်ရာ၏။ တုမှေ၊ အရှင်ဘုရားတို့သည်။ တုဏှီ၊ ဆိတ်ဆိတ်ငြိမ်ငြိမ်သာ။ ဟောထ၊ နေသည်ဖြစ်ကုန်လော့။ ဣတိ၊ ဤသို့ လောကဝတ်စကားဖြင့် ဆိုလျက်။ တေ၊ ထိုတက္ကတွန်း တို့ကို။ ဥယျောဇေတွာ၊ လွှတ်လိုက်၍။ သယံ၊ မိမိသည်။ မဟာရဟော၊ မြတ်သော သူဟို့အား နေခြင်းငှါ ထိုက်သော။ အာသနေ၊ နေရာ၌။ နိသီဒိတွာ၊နေ၍။ သုဝဏ္ဏပါတိယံ၊ရွှေခွက်၌။နိရူဒက မဓုပါယာသံ၊ရေမရှိသော နို့ဃနာကို။ ပရိဘုဉ္ဇိ၊ စားတော်ခေါ်၏။

တသ္မိံ သမယေ၊ ထိုအခါ၌။ ဧကော၊ တပါးသော။ ပိဏ္ဍပါတိ စာရိ- ကတ္ထေရော၊ ပိဏ္ဍပါတ်ခုတင် ဆောက်တည်သော မထေရ်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တော၊ ကြွသွားသည်ရှိသော်။ တံ နိဝေသနံ၊ ထိုသူဌေး အိမ်သို့။ ပါဝိသိ၊ ဝင်လာလေ၏။ဝိသာခါ၊ဝိသာခါသည်။သသုရံ၊ယောက္ခမ သူဌေးကို။ဗီဇယမာနာ၊ ယပ်လေ ခတ်လျက်။ဌိတာ၊ နေ့စဉ်။တံ၊ ထို ဆွမ်းခံ

သိချင်းသိလျက်။ ပါသာဒံ၊ ပြာသာဒ်ကို။ အနုပရိယာယတိ၊ လှည့်၍သွား၏။ အဿ၊ ထိုဝိသာခါ၏။ ပိတ္တံဝါ၊ သည်းခြေသည်မူလည်း။ ကုပိတံ ကိံ နုခေါ၊ ပျက်လေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ဉမ္မတ္တိကာ၊ ရူးခြင်းသည်။ ဇာတာကိံ နုခေါ၊ ဖြစ်လေသလော။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘိက္ခဝေ၊ရဟန်းတို့။ မယှံ၊ ငါ၏။ ဓီတာ၊ သမီးသည်။ န ဂါယတိ၊ မသီ၊ အတ္တနော ပန၊ မိမိ၏လျှင်။ အဇ္ဈာသယော၊ မြတ်သောအလိုသည်။ ပရိပုဏ္ဏော၊ ပြည့်စုံသည်။ အဿ၊ ဖြစ်၏။ သာ၊ ထိုဝိသာခါသည်။ မေ၊ ၏။ ပတ္ထိတ ပတ္ထနာ၊ တောင်းအပ်သောဆုသည်။ မတ္တကံ၊ အပြီးသို့။ ပတ္တာတိ၊ ရောက်လေပြီဟု။ တုဋ္ဌမာနသာ၊ နှစ်သက်သောစိတ်ရှိသည်ဖြစ်၍။ ဥဒါနံ၊ ဥဒါန်းကို။ ဥဒါနေန္တီ၊ ဝမ်းမြောက်ဝမ်းသာဆိုလျက်။ ဝိစရတိ၊ လှည့်ပတ်သွားလာ၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ ကဒါ-ပန၊ အဘယ်ကာလကလျှင်။ တာယ၊ ထိုဝိသာခါသည်။ ပတ္ထနာ၊ ဆုကို။ ပတ္ထိတာ၊ တောင်းဘူးသနည်း။ ဣတိ၊ ဤသို့လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သုဏိဿထ၊ နာကြကုန်လော့။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ သုဏိဿာမ၊ နာပါကုန်အံ့။ ဣတိဝုတ္တေ၊ ဤသို့ နားတော် လျှောက်သည်ရှိသော်။ အတီတံ၊ လွန်လေပြီးသောအကြောင်းကို။ အာဟရိ၊ ဆောင်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အတီတေ၊ လွန်လေပြီးသောအခါ၌။ ဣတော၊ ဤဘဒ္ဒကပ်ကမ္ဘာမှ။ ကပ္ပ သတသဟဿမတ္ထကေ၊ ကမ္ဘာတသိန်းထက်၌။ ပဒုမုတ္တရောနာမ ဗုဒ္ဓေါ၊ ပဒုမုတ္တရ အမည်ရှိသော ဘုရားသည်။ လောကေ၊ လောက၌။နိဗ္ဗတ္တိ၊ ဖြစ်တော်မူ၏။ တဿ၊ ထိုပဒုမုတ္တရဘုရား၏။ အာယု၊ အသက်တော်သည်။ ဝဿ သတ သဟဿံ၊အနှစ်တသိန်းသည်။ အဟောသိ၊ ဖြစ်၏။ ခီဏာသဝါနံ၊ ရဟန္တာတို့၏။ သတသဟဿ ပရိဝါရော၊ တသိန်းအခြံအရံရှိသည်။ အဟောသိ၊ ဖြစ်၏။ နဂရံ၊ နေပြည်တော်သည်။ ဟံသာ-ဝတီနာမ၊ ဟံသာဝတီအမည်ရှိသည်။ အဟောသိ။ ဖြစ်၏။ ပိတာ၊ ခမည်းတော်သည်။ သုနန္ဒောနာမ၊ သုနန္ဒာအမည်ရှိသော။ ရာဇာ၊ မင်းသည်။ အဟောသိ၊ ဖြစ်၏။ မာတာ၊ မယ်တော်သည်။ သုဇာတာနာမ၊ သုဇာတာအမည်ရှိသော။ ဒေဝီ၊ မိဖုရားသည်။ အဟောသိ၊ ဖြစ်၏။ တဿ၊ ထိုပဒုမုတ္တရ ဘုရား၏။အဂ္ဂဉပဋ္ဌာယိကာ၊မြတ်သောအလုပ်အကျွေးဖြစ်သော။

ကော ဥပါသိကာ၊ ဒါယိကာမတယောက်သည်။ အဋ္ဌဝရေ၊ ရှစ်ပါးသော ဆုကို။ ယာစိတွာ၊ တောင်းပန်၍။ မာတုဋ္ဌာနေ၊ အမိအရာ၌။ ဌတွာ၊ တည်၍။ သတ္ထာရံ၊ ဘုရားသဗ္ဗညုကို။ စတူဟိ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ ပဋိဇဂ္ဂတိ၊ လုပ်ကျွေး၏။ သာယံ၊ ညအခါ၌လည်းကောင်း။ ပါတံ၊နံနက်အခါ၌လည်းကောင်း။ ဥပဋ္ဌာနံ၊ဆည်းကပ်လုပ်ကျွေးခြင်းသို့။ ဂစ္ဆတိ၊ရောက်၏။ တဿာ၊ ထိုသီတင်းသည်မ၏။ ကော၊ တယောက်သော။ သဟာယိကာ၊ အဆွေခင်ပွန်းမသည်။ တာယ၊ ထိုသီတင်းသည်မနှင့်။ သဒ္ဓိံ၊ တကွ။ ဝိဟာရံ၊ ကျောင်းသို့။ နိဗဒ္ဓံ၊ မပြတ်။ ဂစ္ဆတိ၊ ၏။

သာ၊ ထိုအဆွေခင်ပွန်းမသည်။ တဿာ၊ ထို သီတင်းသည်မအား။ သတ္ထာရာ၊ ဘုရားသခင်နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဿာသေန၊ အကျွမ်းဝင်သဖြင့်။ ကထနဉ္စ၊ ဆိုခြင်းကို လည်းကောင်း။ ဝလ္လဘ ဘာဝဉ္စ၊ အထူးအားဖြင့် အကျွမ်းဝင်ခြင်းကို လည်းကောင်း။ ဒိသွာ၊ ၍။ ကိံ နုခေါ၊ အဘယ်အမှုကိုလျှင်။ ကတွာ၊ ပြု၍။ ဧဝံ၊ ဤသို့။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့နှင့်။ ဝလ္လဘာ၊ အကျွမ်းဝင်ခြင်းသည်။ ဟောတိ၊ ဖြစ်ပါအံ့နည်း။ ဣတိ-စိန္တေတွာ၊ ဤသို့ကြံ၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ပုစ္ဆိ၊ မေးလျှောက်၏။ ဘန္တေ၊ ဘုရား။ သော ဣတ္ထီ၊ ဤမိန်းမသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဥပဋ္ဌာယိကာနံ၊ အလုပ်အကျွေး ဖြစ်ကုန်သော။ ဥပါသိကာနံ၊ မိန်းမတို့တွင်။ "မိန်းမတို့ထက်။" ကိံ၊ အဘယ် အကြောင်းကြောင့်။ အဂ္ဂါ၊ မြတ်သော မိန်းမသည်။ ဟောတိ၊ ဖြစ်လေသနည်း။ ဣတိ၊ ဤသို့ လည်းကောင်း။ ဘန္တေ၊ အရှင်ဘုရား။ ကိံ၊ အဘယ်ကောင်းမှုကို။ ကတွာ၊ ပြု၍။ ဥပဋ္ဌာယိကာနံ၊ ကုန်သော။ ဥပါသိကာနံ၊ ဒါယိကာမတို့ထက်။ အဂ္ဂါ၊ မြတ်သည်။ ဟောတိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့ လည်းကောင်း။ ပုစ္ဆိ၊ မေး၏။ ကပ္ပ သတ သဟဿံ၊ ကမ္ဘာတသိန်း ကာလပတ်လုံး။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ပတ္ထေတွာ၊ တောင့်တခြင်းကြောင့် မြတ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣဒါနိ၊ ယခုအခါ၌။ ပတ္ထေတွာ၊ ဆုတောင်း၍။ လဒ္ဓုံ၊ ရခြင်းငှါ။ သက္ကာ၊ တတ်ကောင်းပါအံ့လော။ ဣတိ၊ ဤသို့လျှောက်၏။ အာမ သက္ကာ၊ ဧကန်တတ်ကောင်းသည် မှန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဘန္တေ၊ အရှင်ဘုရား။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ ဘိက္ခု သတ-သဟဿေန၊ ရဟန်းတသိန်းနှင့်။ သဒ္ဓိံ၊ တကွ။ သတ္တာဟံ၊ ခုနစ်ရက် ပတ်

လုံး။ မယှံ၊ အကျွန်ုပ်၏။ ဘိက္ခုံ၊ ဆွမ်းကို။ ဂဏှထ၊ ခံတော်မူပါကုန်လော့။ ဣတိ အာဟ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ပဒုမုတ္တရဘုရားသည်။ အဓိဝါ-သေသိ၊ သည်းခံတော်မူ၏။ သာ၊ ထိုဝိသာခါ အလောင်း မိန်းမသည်။ သတ္ထာဟံ၊ ခုနစ်ရက် ပတ်လုံး။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ သြသာန-ဒိဝသေ၊ အဆုံးဖြစ်သော နေ့၌။ စီဝရသာဋကေ၊ သင်္ကန်းလျာ ပုဆိုးတို့ကို။ ဒတွာ၊ လှူ၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပါဒမူလေ၊ ခြေတော်ရင်း၌။ နိပဇ္ဇိတွာ၊ ဝပ်၍။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ဣမဿ ဒါနဿ၊ ဤကောင်းမှု၏။ ဖလေန၊ အကျိုးဖြင့်။ ဒေဝ-ဿရိယာဒီနံ၊နတ်ပြည်၌ဖြစ်သော အစိုးရခြင်းတို့တွင်။ အညတရံ၊ တပါးပါးကို။နပတ္ထေမိ၊ မတောင့်တ။ တုမှာဒိသဿ၊ အရှင်ဘုရားကဲ့သို့ သစ္စာလေးပါးကို သိသော။ ကေဿ၊ တဆူသော။ ဗုဒ္ဓဿပန၊ ဘုရား၏ကား။ သန္တိကေ၊ အထံ၌။ အဋ္ဌဝရေ၊ ရှစ်ပါးသောဆုတို့ကို။ လဘိတွာ၊ ရ၍။ မာတုဋ္ဌာနေ၊ အမိအရာ၌။ ဌတွာ၊ တည်၍။ စတူဟိ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ ပဋိဇဂ္ဂိတုံ၊ လုပ်ကျွေးခြင်းငှါ။ သမတ္ထာနံ၊ စွမ်းနိုင်ကုန်သော သူတို့တွင်။ “သူတို့ထက်” အဂ္ဂါ၊ မြတ်သည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ပဋ္ဌပေသိ၊ ဖြစ်စေ၏။

သတ္ထာ၊ ဘုရားသခင်သည်။ ဣမိဿာ၊ ဤဒါယိကာမ၏။ ပတ္ထနာ၊ ဆုတောင်းခြင်းသည်။ သမိဇ္ဈိဿတိနုခေါ၊ ပြည့်စုံအံ့လော။ ဣတိ၊ ဤသို့။ အနာဂတံ၊ အနာဂတ်ကာလကို။ အာဝဇ္ဇေန္တော၊ စူးစမ်းဆင်ခြင်သည်ရှိသော်။ ကပ္ပ သတ သဟဿံ၊ ကမ္ဘာတသိန်းကို။ ဩလောကေတွာ၊ ကြည့်၍။ ကပ္ပ သတသဟဿ ပရိယောသာနေ၊ ကမ္ဘာတသိန်းအဆုံး၌။ ဂေါ-တမောနာမ၊ ဂေါတမ အမည်ရှိသော။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တဒါ၊ ထိုအခါ၌။ တွံ၊ သင်သည်။ ဝိသာခါနာမ၊ ဝိသာခါ အမည်ရှိသော။ ဥပါသိကာ၊ ဒါယိကာမသည်။ ဟုတွာ၊ ဖြစ်၍။ တဿ၊ ထို ဂေါတမ ဘုရား၏။ သန္တိကေ၊ အထံ၌။ အဋ္ဌဝရေ၊ ရှစ်ပါးသော ဆုကို။ လဘိတွာ၊ ရ၍။ မာတုဋ္ဌာနေ၊ အမိအရာ၌။ ဌတွာ၊ တည်၍။ စတူဟိ ပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ ပဋိဇဂ္ဂန္တီနံ၊ အလုပ်အကျွေး ဖြစ်ကုန်သော။ ဥပါသိကာနံ၊ ဒါယိကာမ တို့ထက်။ အဂ္ဂါ၊ မြတ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ တဿာ၊ ထိုဝိသာခါ

အလောင်းမိန်းမ၏။ သာ သမ္ပတ္တိ၊ ထိုပြည့်စုံခြင်းကို။ သေ့ဝ၊ နက်ဖြန် သာလျှင်။ လဒ္ဓဗ္ဗာဝိယ၊ ရအံ့သကဲ့သို့။ အဟောသိ၊ ထင်၏။

သာ၊ ထိုဝိသာခါ အလောင်းမိန်းမသည်။ ယာဝတာယုကံ၊ အသက် အတိုင်း။ ဌတွာ၊ တည်၍။ ပုညံ၊ ကောင်းမှုကို။ ကတွာ၊ ပြု၍။ တတော၊ ထိုကိုယ်အဖြစ်မှ။ စုတာ၊ စုတေသည်ရှိသော်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဒေဝမနုဿေသု၊ နတ်ပြည်, လူ့ပြည်တို့၌။ သံသရန္တီ၊ ကျင်လည်သည်ရှိသော်။ကဿပ သမ္မာသမ္ဗုဒ္ဓကာလေ၊ကဿပမြတ်စွာဘုရား လက်ထက်တော်၌။ ကိကိဿ၊ ကိကီအမည်ရှိသော။ ကာသိကရညော၊ ကာသိကရာဇ်မင်း၏။ သတ္တန္နံဓီတာနံ၊ သမီးခုနစ်ယောက်တို့တွင်။ ကနိဋ္ဌာ၊ ညီမငယ်ဖြစ်သော မင်းသမီးသည်။ သံဃဒါသီနာမ၊ အမည်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပရကုလံ၊ လင်အိမ်သို့။ အဂန္တွာ၊ ၍။ တာဟိ ဇေဋ္ဌဘဂိနီဟိ၊ ထိုအစ်မတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဒီဃရတ္တံ၊ ရှည်ကြာစွာသော ကာလပတ်လုံး။ ဒါနာဒီနိ၊ အလှူပေးခြင်း အစရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကတွာ၊ ပြု၍။ ကဿပ သမ္မာသမ္ဗုဒ္ဓဿ၊ ကဿပဘုရား၏။ ပါဒမူလေ၊ ခြေရင်းတော်၌လည်း။ အနာဂတေ၊ နောင်အခါ၌။ တုမှာဒိသဿ၊ အရှင်ဘုရားကဲ့သို့သော။ ဗုဒ္ဓဿ၊ ဘုရား၏။ မာတုဋ္ဌာနေ၊ အမိအရာ၌။ ဌတွာ၊ တည်၍။ စတုပစ္စယ ဒါယိကာနံ၊ ပစ္စည်းလေးပါးတို့ဖြင့် လှူလေ့ ရှိကုန်သော ဒါယိကာမတို့ထက်။ အဂ္ဂါ၊ မြတ်သည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ အကာသိ၊ ပြု၏။

သာ၊ ထိုဝိသာခါအလောင်း မိန်းမသည်။ တတော ပဋ္ဌာယ ပန၊ ထိုအခါမှ စ၍ကား။ ဒေဝမနုဿေသု၊ နတ်ပြည် လူ့ပြည်တို့၌။ သံသရန္တီ၊ ကျင်လည်သည်ရှိသော်။ ဣမသ္မိံ အတ္တဘာဝေ၊ ဤကိုယ်အဖြစ်၌။ မေဏ္ဍက- သေဋ္ဌိပုတ္တဿ၊ မေဏ္ဍကသူဌေး၏သားဖြစ်သော။ ဓနဉ္စယသေဋ္ဌိနော၊ ဓနဉ္စယ သူဌေး၏။ ဓီတာ၊ သမီးသည်။ ဟုတွာ၊ ၍။ နိဗ္ဗတ္တာ၊ ဖြစ်လာ၏။ မယ္ဟံ၊ ငါဘုရား၏။ သာသနေ၊ သာသနာတော်၌။ ဗဟူနိ၊ များစွာကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ အကာသိ၊ ပြု၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣတိ- ခေါ၊ ဤအကြောင်းကြောင့်။ မယ္ဟံ၊ ငါ၏။ ဓီတာ၊ သမီးသည်။ နဂါယတိ၊ သီချင်းမသီ။ ပတ္ထိတ ပတ္ထနာယပန၊ တောင့်တအပ်သော ဆုတောင်းခြင်း၏ ကား။ နိပ္ဖတ္တိံ၊ ပြီးခြင်းကို။ ဒိသွာ၊ မြင်၍။ ဥဒါနံ၊ ဝမ်းမြောက်သော စကားကို။ ဥဒါနေတိ၊ မြွက်ဆို၏။ ဣတိ၊ ဤသို့။ ဝတွာ၊ မိန့်တော်မူ၍။

သတ္ထာ၊ မြတ်စွာဘုရားသည်။ ဣမံ ဓမ္မံ၊ ဤတရားကို။ ဒေသေန္တော၊ ဟောတော်မူလိုရကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ယထာနာမ၊ ဥပမာ မည်သည်ကား။ ဆေကော၊ လိမ္မာသော။ မာလာကာရော၊ ပန်းသည်သည်။ နာနာပုပ္ဖါနံ၊ အထူးထူးသော ပန်းတို့ကို။ မဟန္တံ၊ များစွာ။ ရာသိံ ကတွာ၊ အစုပြု၍။ နာနပ္ပကာရေ၊ အထူးထူး အပြားပြားရှိကုန်သော။ မာလာ-ဂုဏေ၊ ပန်းကုံးတို့ကို။ ကရောတိယထာ၊ ပြုသကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဝိသာခါယ၊ ဝိသာခါသည်။ နာနပ္ပကာရာနိ၊ အထူးထူး အပြားပြား ရှိကုန်သော။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ စိတ္တံ၊ စိတ်သည်။ နမတိ၊ ညွတ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

(၅၃) ပုပ္ဖရာသိမှာ၊ အထူးထူးသော ပန်းတို့၏ အစုမှ။ ဗဟူ၊ ပွင့်ညှာ တဘက်ဆိုင် စသော များသော အပြားရှိကုန်သော။ မာလာဂုဏေ၊ ပန်းကုံးတို့ကို။ ကယိရာ ယထာပိ၊ ပြုရာသကဲ့သို့လည်း။ ဧဝံ၊ ဤအတူ။ ဇာတေန၊ ဖြစ်သော။ မစ္စေန၊ သတ္တဝါသည်။ ဗဟုံ၊ ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး စသည်ကို လှူသောအာဖြင့် များစွာသော။ ကုသလံ၊ ကုသိုလ်ကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ထိုဂါထာ၌။ ပုပ္ဖရာသိမှာတိ၊ ပုပ္ဖရာသိမှာဟူသည်ကား။ နာနပ္ပ-ကာရာနံ၊အထူးထူးအပြားပြားရှိကုန်သော။ ပုပ္ဖါနံ၊ ပန်းတို့၏။ ရာသိမှာ၊ အစုအပေါင်းမှ။ ကယိရာတိ၊ ကယိရာဟူသည်ကား။ ကရေယျ၊ ပြုရာ၏။ မာလာဂုဏေ ဗဟူတိ၊ ဗဟူ ဟူသည်ကား။ ဧကတော ဝဏ္ဋိက မာလာဒိ-ဘေဒါ၊ ပွင့်ညှာ တဘက်ဆိုင်ပန်းကုံးစသည် အပြားရှိကုန်သော။ နာနပ္ပ-ကာရာ၊ အထူးထူးအပြားပြားရှိကုန်သော။ မာလာဝိကတိယော၊ ပန်းကုံး အထူးတို့တည်း။ မစ္စေနာတိ၊မစ္စေနဟူသည်ကား။ မရိတဗ္ဗသဘာဝတာယ၊ သေခြင်းသဘောရှိသည်၏ အဖြစ်ဖြင့်။ မစ္စောတိ၊ မစ္စဟူ၍။ လဒ္ဓနာမေန၊ ရအပ်သော အမည်ရှိသော။ သတ္တေန၊သတ္တဝါသည်။ စီဝရဒါနာဒိ ဘေဒံ၊ သင်္ကန်းလှူခြင်း စသည် အပြားရှိသော။ ဗဟုံ၊ များစွာသော။ ကုသလံ၊ ကုသိုလ်ကို။ ကတ္တဗ္ဗံ၊ ပြုအပ်၏။

တတ္ထ၊ ထိုဂါထာ၌။ ပုပ္ဖရာသိဂ္ဂဟဏံ၊ ပုပ္ဖရာသိ[illegible]ဟူသော သဒ္ဒါကို။ ဗဟုပုပ္ဖ ဒဿနတ္ထံ၊ များစွာသော ပန်းအပေါင်းကို ပြခြင်းငှါ ဆိုအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ အပ္ပါနိ၊ နည်းကုန်သော။ ပုပ္ဖါနိ၊တို့သည်။ သစေ-

ဟောန္တိ၊ကုန်အံ့။ ဆေကော၊လိမ္မာသော။ မာလာကာရော၊ပန်းသည်သည်။ ဗဟူမာလာဂုဏေစ၊ များစွာသော ပန်းကုံးတို့ကိုလည်း။ ကာတုံ၊ သီခြင်း, ကုံးခြင်းငှါ။ နေဝသက္ကောတိ၊ မတတ်နိုင်။ အဆေကောပန၊ မလိမ္မာသော ပန်းသည် သည်ကား။ အပ္ပေသုပိ၊နည်းသည်လည်းဖြစ်ကုန်သော။ ဗဟူသုပိ၊ များသည်လည်းဖြစ်ကုန်သော။ ပုပ္ဖေသု၊ ပန်းတို့၌။ နသက္ကောတိ ယေဝ၊ ကုံးခြင်းငှါ မတတ်နိုင်သည် သာလျှင်တည်း။ ဗဟူသု၊ များစွာကုန်သော။ ပုပ္ဖေသုပန၊ ပန်းတို့သည်။ သန္တေသု၊ ရှိကုန်သည်ရှိသော်။ ဆေကော၊လိမ္မာ သော။ ဒက္ခော၊အမြော်အမြင်နှင့်ပြည့်စုံသော။ ကုသလော၊ အကြောင်း၌ လိမ္မာသော။ မာလာကာရော၊ပန်းသည်သည်။ ဗဟူမာလာဂုဏေ၊ များစွာ သော ပန်းကုံးတို့ကို။ ကရောတိယထာ၊ကဲ့သို့။ ဧဝမေဝ၊ဤအတူသာလျှင်။ ကေစ္စသ၊အချို့သောသူအား။ သဒ္ဓါ၊ ယုံကြည်ခြင်းသည်။ မန္ဒာ၊ နည်း သည်။ သစေဟောတိ၊ အကယ်၍ ဖြစ်အံ့။ ဘောဂါစ၊ ဥစ္စာစည်းစိမ်တို့ သည်လည်း။ ဗဟူ၊များစွာ။ သစေသံဝိဇ္ဇန္တိ၊ အကယ်၍ ရှိကုန်သည်ဖြစ်အံ့။ ဗဟူနိ၊ များစွာကုန်သော။ ကုသလာနိ၊ကုသိုလ်တို့ကို။ ကာတုံ၊ပြုခြင်းငှါ။ နေဝ သက္ကောတိ၊ မတတ်နိုင်။ မန္ဒာယ၊ နုံ့သော။ သဒ္ဓါယစ ပန၊ ယုံကြည် ခြင်းကြောင့် လည်းကောင်း။ ဘောဂေသု၊ ဥစ္စာတို့သည်။ မန္ဒေသုစ၊နည်း ကုန်သောကြောင့် လည်းကောင်း။ န သက္ကောတိ၊ လှူခြင်းငှါမတတ်နိုင်။ ဥဠာရာယ၊ ပြန့်ပြောသော။ သဒ္ဓါယစ၊ ယုံကြည်ခြင်း ရှိသော်လည်း။ မန္ဒေသု၊ နည်းပါးကုန်သော။ ဘောဂေသုစ၊ ဥစ္စာ စည်းစိမ် တို့ကြောင့် လည်း။ နသက္ကောတိယေဝ၊ လှူခြင်းငှါမတတ်နိုင်သည်သာလျှင်တည်း။

သဒ္ဓါယ၊ ယုံကြည်ခြင်း၏။ ဥဠာရာယပန၊ ပြန့်ပြောခြင်းသည်။ သတိစ၊ ရှိသော်လည်းကောင်း။ ဥဠာရေသု၊ ပြန့်ပြောကုန်သော။ ဘောဂေသု၊ဥစ္စာ တို့သည်။ သန္တေသုစ၊ ရှိကုန်သော်လည်းကောင်း။ သက္ကောတိ၊ တတ်နိုင်၏။ တထာရူပါစ၊ ထိုသို့သဘောရှိသည်သာလျှင် ဖြစ်သော။ ဝိသာခါ ဥပါသိ- ကာ၊ ဝိသာခါမည်သော ဒါယိကာမသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဝိသာခါ ကို။ သန္ဓာယ၊ ရည်၍။ ယထာပိ ။လ။ ကတဗ္ဗံ ကုသလံဗဟုန္တိ၊ ဗဟုံဟူ၍။ တေ၊ ဤတရားဒေသနာကို။ ဝုတ္တံ၊ ဟောအပ်၏။

ဒေသနာဝသာနေ၊ ဒေသနာ အဆုံး၌။ ဗဟူ၊ များစွာကုန်သော သူ တို့သည်။ သောတာပန္နာဒယော၊ သောတာပန် အစရှိသည်တို့သည်။ အ-

ဟောသုံ၊ ဖြစ်ကုန်၏။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ၊ အကျိုး ရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ ဇာတာ၊ ဖြစ်၏။

အဋ္ဌမံ၊ သော။ ဝိသာခါ ဝတ္ထု၊ သည်။
ဈတိသမတ္တံ၊ ပြီးပြီ။

---

## ၄-ပုပ္ဖဝဂ္ဂ၊ ၉-အာနန္ဒတ္ထေရ ပဉှာ ဝတ္ထု

**အနုသန္ဓေ....**ဝိသာခါဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အနက်ကိုဖွင့်ပြီး၍ အာနန္ဒတ္ထေရဿ ပဉှံ ဝိဿဇ္ဇနံ-၌ ဟောရာ ဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်လိုသော အရှင်မဟာဗုဒ္ဓဃောသဆရာသည်။ နပုပ္ဖဂန္ဓော-စသည်ကို မိန့်အပ်၏။

န ပုပ္ဖဂန္ဓော ပဋိဝါတမေတီတိ ဣမံ ဓမ္မဒေသနံ၊ န ပုပ္ဖဂန္ဓော ပဋိဝါတမေတိ ဤသို့အစရှိသော တရားဒေသနာကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ အာနန္ဒတ္ထေရဿ၊ အာနန္ဒာမထေရ်၏။ ပဉှံ ဝိဿဇ္ဇနံ၊ ပြဿနာကို ဖြေခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ထေရော၊ အာနန္ဒာ မထေရ်သည်။ သာယန္ဟ သမယေ၊ ညချမ်းသော အခါ၌။ ပဋိသလ္လီနော၊ တယောက် အထီးတည်း ကိန်းအောင်း၍ နေလျက်။ စိန္တေသိကိရ၊ ကြံသတတ်။ ဘဂဝတာ၊ မြတ်စွာဘုရားသခင်သည်။ မူလဂန္ဓော စ၊ အမြစ်နံ့သာကိုဂုင်း။ သာရဂန္ဓော စ၊ အနှစ်နံ့သာကိုဂုင်း။ ပုပ္ဖဂန္ဓော စ၊ အပွင့်နံ့သာကိုဂုင်း။ ဣတိ၊ ဤသို့။ တယော၊ သုံးပါးကုန်သော။ ဥတ္တမဂန္ဓာ၊ မြတ်သောနံ့သာတို့ကို။ ဝုတ္တာ၊ ဟောအပ်ကုန်၏။တေသံ၊ထိုနံ့သာတို့၏။ ဂန္ဓော၊ သည်။ **အနုဝါတမေဝ၊** လေအောက် အရပ်သို့ သာလျှင်။ ဂစ္ဆတိ၊ လှိုင်၍သွား၏။ ပဋိဝါတံ၊ လေညာသို့။ နောဂစ္ဆတိ၊ မသွား။ ယဿ၊ အကြင် နံ့သာ၏။ ဂန္ဓော၊ အနံ့သည်။အနု-ဝါတမ္ပိ၊ လေအောက်သို့လည်း။ ဂစ္ဆတိ၊ ၏။ ပဋိဝါတမ္ပိ၊လေညာသို့လည်း။ ဂန္ဓော၊ သည်။ ဂစ္ဆတိ၊ တကြိုင်ကြိုင်လှိုင်၏။ အနုဝါတ ပဋိဝါတမ္ပိ၊ လေအောက်, လေညာသို့လည်း။ ဂန္ဓော၊ သည်။ ဂစ္ဆတိ၊ လှိုင်၏။ တံ-ဂန္ဓဇာတံ၊ ထိုနံ့သာမျိုးသည်။ အတ္ထိနုခေါ၊ ရှိပါအံ့လော။ ဣတိ၊ ဤသို့ ကြံ၏။ အထ၊ ထိုနောင်မှ၊ အဿ၊ ထိုအာနန္ဒာ၏။ တေ၊ ဤအကြံသည်။

အဟောသိ၊ ဖြစ်ပြန်၏။ မယှံ၊ ငါ့အား။ အတ္တနာ၊ ကိုယ်တိုင်။ ဝိနိစ္ဆိတေန၊ ဆုံးဖြတ်သဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ သတ္ထာရံယေဝ၊ ဘုရားသခင်ကိုသာလျှင်။ ပုစ္ဆိဿာမိ၊ မေးအံ့။ ဣတိ၊ ဤသို့အကြံဖြစ်ပြန်၏။ သော၊ ထိုအရှင်အာနန္ဒာသည်။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ပုစ္ဆိ၊မေးလျှောက်၏။ တေန၊ ထို့ကြောင့်။ အထခေါ။လ။ဂစ္ဆ-တီတိ၊ ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။

အထခေါ၊ ထိုအခါ၌။ အာယသ္မာ အာနန္ဒော၊ ရှင်အာနန္ဒာသည်။ သာယနှသမယေ၊ ညချမ်းသောအခါ၌။ ပဋိသလ္လာနာ၊ ကိန်းစက်ရာမှ။ ဝုဋ္ဌိတော၊ ထပြီးသော်။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမိတွာ၊ ကပ်ပြီး၍။ ဘဂဝန္တံ၊ ဘုရားသခင်ကို။ ဧတံ၊ ဤစကားကို။ အဝေါစ၊ လျှောက်၏။

ဘန္တေ၊ အရှင်ဘုရား။ တီဏိမာနိ၊ သုံးပါးကုန်သော။ ဂန္ဓဇာတာနိ၊ နံ့သာမျိုးတို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ ယေသံ၊ အကြင် နံ့သာတို့၏။ ဂန္ဓော၊ အနံ့သည်။ အနုဝါတမေဝ၊ လေအောက်သို့ သာလျှင်။ ဂစ္ဆတိ၊ လှိုင်၏။ ပဋိဝါတံ၊ လေညာသို့။ နော၊ မလှိုင်။ တီဏိ၊ သုံးပါးတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ မူလ ဂန္ဓော၊ အမြစ်နံ့သာရင်း။ သာ-ရ ဂန္ဓော၊ အနှစ်နံ့သာရင်း။ ပုပ္ဖဂန္ဓော၊ အပွင့်နံ့သာရင်း။ ဘန္တေ၊ အရှင်ဘုရား။ ဂန္ဓဇာတာနိ၊ နံ့သာမျိုးတို့သည်။ ဣမာနိခေါ တီဏိ၊ ဤသုံးပါးတို့တည်း။ ယေသံ၊ အကြင် နံ့သာတို့၏။ ဂန္ဓော၊ အနံ့သည်။ အနုဝါတ-မေဝ၊ လေအောက်သို့သာလျှင်။ ဂစ္ဆတိ၊ လှိုင်၏ ပဋိဝါတံ၊ လေညာသို့။ နော၊ မလှိုင်။ ဘန္တေ၊ အရှင်ဘုရား။ ယဿ၊ အကြင် နံ့သာ၏။ ဂန္ဓော၊ အနံ့သည်။ အနုဝါတံပိ၊ လေအောက်သို့လည်း။ ဂစ္ဆတိ၊ လှိုင်၏။ ပဋိဝါ-တံပိ၊ လေညာသို့လည်း။ ဂန္ဓော၊ အနံ့သည်။ ဂစ္ဆတိ၊ လှိုင်၏။ အနုဝါ-တပဋိဝါတံပိ၊ လေအောက်, လေညာသို့လည်း။ ဂန္ဓော၊ အနံ့သည်။ ဂစ္ဆ-တိ၊ လှိုင်၏။

ကိဉ္စိ၊ တစုံတခုသော။ ဂန္ဓဇာတံ၊ နံ့သာမျိုးသည်။ အတ္ထိနုခေါ၊ ရှိပါအံ့လော။ ဣတိ၊ ဤစကားကို။ အဝေါစ၊ လျှောက်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုအာနန္ဒာအား။ ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ပဉှံ၊ ပြဿနာကို။ ဝိဿဇ္ဇေန္တော၊ ဖြေလိုရကား။ အာနန္ဒ၊ အာနန္ဒာ။ ယဿ၊

အကြောင် နံ့သာ၏။ ဂန္ဓော၊ အနံ့သည်။ အနုဝါတမ္ပိ၊ လေအောက်သို့လည်း။ ဂစ္ဆတိ၊လှိုင်၏။ ပဋိဝါတမ္ပိ၊ လေညာသို့လည်း။ ဂန္ဓော၊ အနံ့သည်။ ဂစ္ဆတိ၊ ၏။ အနုဝါတပဋိဝါတမ္ပိ၊ လေအောက် လေညာသို့လည်း။ ဂန္ဓော၊ သည်။ ဂစ္ဆတိ၊ လှိုင်၏။ တံ ဂန္ဓဇာတံ၊ ထိုနံ့သာမျိုးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့ ဖြေတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ယဿ၊ အကြောင် နံ့သာ၏။ ဂန္ဓော၊ အနံ့သည်။ အနုဝါတမ္ပိ၊ လေအောက် သို့လည်း။ ဂစ္ဆတိ၊ ၏။ ပဋိဝါတံပိ၊ လေညာသို့လည်း။ ဂန္ဓော၊ သည်။ ဂစ္ဆတိ၊ ၏။ အနုဝါတပဋိဝါတံပိ၊လေအောက်လေညာသို့လည်း။ ဂန္ဓော၊သည်။ဂစ္ဆတိ၊ လှိုင်၏။ တံဂန္ဓဇာတံ၊ ထို နံ့သာမျိုးသည်။ ကတမံပန၊ အဘယ်နည်း။ ဣတိ၊ ဤသို့ လျှောက်၏။ \

အာနန္ဒ၊အာနန္ဒာ။ ဣဓ၊ ဤလောက၌။ ယသ္မိံ ဂါမေဝါ၊ အကြောင်ရွာ၌ လည်းကောင်း။ ယသ္မိံ နိဂမေဝါ၊ အကြောင်နိဂုံး၌ လည်းကောင်း။ ဣတ္ထီဝါ၊ မိန်းမသည်လည်းကောင်း။ ပုရိသောဝါ၊ ယောကျ်ားသည်လည်းကောင်း။ ဗုဒ္ဓံ၊ဘုရားကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ရောက်သည်။ ဟောတိ၊ ဖြစ်၏။ ဓမ္မံ၊တရားကို။သရဏံ၊သို့။ ဂတော၊သည်။ ဟောတိ၊ဖြစ်၏။ သံဃံ၊ သံဃာကို။ သရဏံ၊သို့။ဂတော၊သည်။ ဟောတိ၊ဖြစ်၏။ ပါဏာတိပါတာ၊ သူ၏အသက်ကို သတ်ခြင်းမှ။ ပဋိဝိရတော၊ ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ အဒိန္နာဒါနာ၊ သူ့ဥစ္စာကိုခိုးယူခြင်းမှ။ ပဋိဝိရတော၊ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ ကာမေသုမိစ္ဆာစာရာ၊ ကာမတို့၌ လွန်ကျူးခြင်းမှ။ ပဋိဝိရတော၊ ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ မုသာဝါဒါ၊ မဟုတ်မမှန်ဆိုခြင်းမှ။ ပဋိဝိရ- တော၊ ကြဉ်သည်။ ဟောတိ၊ ဖြစ်၏။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မေ့ လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်ခြင်းမှ။ ပဋိဝိရ- တော၊ကြဉ်သည်။ ဟောတိ၊ဖြစ်၏။ သီလဝါ၊သီလရှိ၏။ ကလျာဏဓမ္မော၊ ကောင်းသော အကျင့်ရှိ၏။ ဝိဂတမလမစ္ဆေရေန၊ ဝန်တိုခြင်း ဟူသော အညစ်အကြေးမှကင်းသော။ စေတသာ၊စိတ်ဖြင့်။ အဂါရံ၊ အိမ်ရာထောင် သော လူ၏ဘောင်၌။ အဇ္ဈာဝသတိ၊နေ၏။ မုတ္တစာဂေါ၊လွတ်လွတ်စွန့်ကြဲ ခြင်း ရှိ၏။ ပယတ ပါဏိ၊ ဖြန့်သောလက်ရှိ၏။ ဝေါဿဂ္ဂရတော၊ စွန့်ကြဲ ခြင်း၌ မွေ့လျော်သော နှလုံးရှိ၏။ ယာစ ယောဂေါ၊ ဖုန်းတောင်းယာ စကာနှင့် ယှဉ်၏။ ဒါန သံဝိဘာဂရတော၊ စားဘွယ်တို့ကိုခွဲဝေ၍ ပေးကမ်း ခြင်း၌ မွေ့လျော်သော နှလုံးရှိ၏။

ဒိသာသု၊အရပ်မျက်နှာတို့၌။ သမဏဗြာဟ္မဏာ၊ရဟန်းပုဏ္ဏားတို့သည်။ တဿ၊ထိုသူ၏။ ဝဏ္ဏံ၊ကျေးဇူးကို။ ဘာသန္တိ၊ ဆိုကုန်၏။ အသုကသ္မိံ နာမ-ဂါမေဝါ၊ ဤမည်သော ရွာ၌လည်းကောင်း။ အသုကသ္မိံ နာမ နိဂမေဝါ၊ ဤ မည်သော နိဂုံး၌ လည်းကောင်း။ ဣတ္ထီဝါ၊ မိန်းမသည် လည်းကောင်း။ ပုရိသောဝါ၊ ယောကျ်ားသည်လည်းကောင်း။ ဗုဒ္ဓံ၊ ဘုရားကို။ သရဏံ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်သည်။ ဟောတိ၊ ဖြစ်၏။ ။လ။ ဒါနသံဝိဘာဂရတော၊ စားဘွယ်တို့ကို ခွဲဝေ၍ ပေးခြင်း၌ မွေ့လျော်၏။ ဣတိ၊ ဤသို့။ ဘာသန္တိ၊ဆိုကုန်၏။

အဿ၊ ထိုသူ၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဒေဝတာပိ၊ နတ်တို့သည် လည်းကောင်း။ မနုဿာစ၊ လူတို့သည် လည်းကောင်း။ ဘာသန္တိ၊ ဆိုကုန်၏။ အသုကသ္မိံ နာမ ဂါမေဝါ၊ဤမည်သောရွာ၌လည်းကောင်း။ အသုကသ္မိံ-နာမ နိဂမေဝါ၊ ဤမည်သော နိဂုံး၌လည်းကောင်း။ ဣတ္ထီဝါ၊ မိန်းမသည် လည်းကောင်း။ ပုရိသောဝါ၊ယောကျ်ားသည်လည်းကောင်း။ ဗုဒ္ဓံ၊မြတ်စွာဘုရားကို။ သရဏံ၊ကိုးကွယ်ခြင်းသို့။ ဂတော၊ရောက်သည်။ဟောတိ၊ဖြစ်၏။ ဓမ္မံ၊တရားကို။ သရဏံ၊ ကိုးကွယ်ခြင်းသို့။ ဂတော၊ရောက်သည်။ ဟောတိ၊ ဖြစ်၏။ သံဃံ၊သံဃာကို။ သရဏံ၊ကိုးကွယ်ခြင်းသို့။ ဂတော၊ရောက်သည်။ ဟောတိ၊ဖြစ်၏ ။လ။ ဒါနသံဝိဘာဂရတော၊ စားဘွယ်တို့ကိုခွဲခြမ်းဝေဘန်၍ ပေးခြင်း၌ မွေ့လျော်သည်။ ဟောတိ၊ဖြစ်၏။ ဣတိ၊ဤသို့။ ဘာသန္တိ၊ကုန်၏။အာနန္ဒ၊အာနန္ဒာ။ ယဿ၊အကြင်သူ၏။ ဂန္ဓော၊ကျေးဇူးအနံ့သည်။ အနုဝါတံပိ၊ လေအောက် အရပ်သို့လည်း။ ဂစ္ဆတိ၊ လှိုင်၏။ ပဋိဝါတံပိ၊ လေညာသို့လည်း။ဂန္ဓော၊အနံ့သည်။ ဂစ္ဆတိ၊လှိုင်၏။ အနုဝါတပဋိဝါတံပိ၊ လေအောက်လေညာသို့လည်း။ ဂန္ဓော၊ အနံ့သည်။ ဂစ္ဆတိ၊ လှိုင်၏။ တံ-ဂန္ဓဇာတံ၊ သည်။ ဣဒံခေါ၊ ဤနံ့သာမျိုး လျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ဟောတော်မူ၏။

(၅၄) ပုပ္ဖဂန္ဓော၊ ပန်းတို့၏အနံ့သည်။ ပဋိဝါတံ၊လေညာသို့။ နဧတိ၊ မလှိုင်။ စန္ဒနံဝါ၊ စန္ဒကူးအနံ့သည်လည်းကောင်း။ တဂရံဝါ၊ တောင်ဇလပ် အနံ့သည် လည်းကောင်း။ မလ္လိကာဝါ၊ ကြက်ရုံး စပယ် အနံ့သည် လည်းကောင်း။ ပဋိဝါတံ၊လေညာသို့။ နဧတိ၊မရောက်။ သတံ၊သူတော်ကောင်းတို့၏။ ဂန္ဓောစ၊ သီလစသော ဂုဏ်ကျေးဇူးဟူသော အနံ့သည်သာလျှင်။

ပဋိဝါတံ၊ လေညာသို့။ ဧတိ၊ လှိုင်၏။ သဗ္ဗာဒိသာ၊ ခပ်သိမ်းသော အရပ်မျက်နှာတို့သို့။ သပ္ပုရိသော၊ သူတော်ကောင်းသည်။ ပဝါယတိ၊လှိုင်၏။

(၅၅) စန္ဒနံဝါ၊စန္ဒကူးသည်လည်းကောင်း။ တဂရံဝါပိ၊တောင်ဇလပ်သည်လည်းကောင်း။ ဥပ္ပလံဝါ ၊ကြာညိုသည်လည်းကောင်း။ အထ၊ ထိုမှတပါး။ ဝဿိကီဝါ၊ မုလေးပန်းသည်လည်းကောင်း။ ဧတေသံ၊ ဤသို့။ ဃဋ-ဂန္ဓဇာတာ၊ အကြင်နံ့သာမျိုး တို့သည်။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဧတေသံ-ဂန္ဓဇာတာနံ၊ ဤနံ့သာမျိုးတို့ထက်။ သီလဂန္ဓော၊ သီလဟူသောအနံ့သည်။ အနုတ္တရော၊ အတုမရှိမြတ်၏။ ဣတိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ န ပုပ္ဖဂန္ဓောတိ၊ န ပုပ္ဖဂန္ဓောဟူသည်ကား။ တာဝတိံသ ဘဝနေ၊ တာဝတိံသာ နတ်ပြည်၌။ ပါရိစ္ဆတ္တကရုက္ခော၊ ပင်လယ် ကသစ်ပင်သည်။ အာယာမတောစ၊ အလျားအားဖြင့် လည်းကောင်း။ ဝိတ္ထာရတောစ၊ အနံအားဖြင့်လည်းကောင်း။ ယောဇနသတိ-ကော၊ ယူဇနာ တရာ ရှိ၏။ တဿ၊ ထိုပင်လယ် ကသစ်ပင်၏။ ပုပ္ဖါနံ၊ အပွင့်တို့၏။ အာဘာ၊ တို့သည်။ ပညာသ ယောဇနာနိ၊ ယူဇနာငါးဆယ် တိုင်တိုင်။ ဂစ္ဆတိ၊ ထွန်းလင်းခြင်းသို့ရောက်၏။ ဂန္ဓော၊ အနံ့သည်။ ယောဇနသတံ၊ ယူဇနာတရာတိုင်တိုင်နှံ့၏။ သောပိ ဂန္ဓော၊ ထိုအနံ့သည် လည်း။ အနုဝါတမေဝ၊ လေအောက်သို့ သာလျှင်။ ဂစ္ဆတိ၊ လှိုင်၏။ ပဋိဝါတံပန၊ လေညာအရပ်သို့ကား။ ဂန္ဓုံ၊ အနံ့သည်။ အင်္ဂုလမတ္တမ္ပိ၊ လက်ချစ်သစ်မျှလည်း။ ဂန္တုံ၊ လှိုင်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ ဧဝရူပေါပိ၊ ဤသို့သဘောရှိသည်လည်းဖြစ်သော။ ပုပ္ဖဂန္ဓော၊ ပန်းအနံ့သည်။ ပဋိဝါတံ၊ လေညာသို့။ နဧတိ၊ မရောက်။ စန္ဒနန္တိ၊ စန္ဒနံဟူသည်ကား။ စန္ဒန ဂန္ဓော၊ စန္ဒကူးအနံ့တည်း။ တဂရံ မလ္လိကာဝါတိ၊ ဟူသည်ကား။ ဣမေသံပိ၊ ဤပန်းတို့၏လည်း။ ဂန္ဓောဧဝ၊ အနံ့ကိုသာလျှင်။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ သာရဂန္ဓာနံ၊ အနှစ်အနံ့တို့၏လည်းကောင်း။ အဂ္ဂဿပိ၊ အညွန့်အနံ့၏ လည်းကောင်း။ လောဟိတ စန္ဒနဿပိ၊ စန္ဒကူးနီ၏ လည်းကောင်း။ တဂရဿ၊ တောင်ဇလပ်၏ လည်းကောင်း။ မလ္လိကာယပိ၊ ကြက်ရုံး၏ လည်းကောင်း။ ဂန္ဓော၊ အနံ့သည်။ အနုဝါတမေဝ၊ လေအောက်သို့သာလျှင်။ ဧတိ၊ လှိုင်၏။ ပဋိဝါတံ၊ လေညာသို့။ နေဝ၊ မလှိုင်။

သတဉ္စ ဂန္ဓောတိ၊ ဟူသည်ကား။ သပ္ပုရိသာနံ၊ သူတော်ကောင်းဖြစ်ကုန်သော။ ဗုဒ္ဓပစ္စေကဗုဒ္ဓ သာဝကာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ,သာဝကတို့၏။

သီလ ဂန္ဓော ပန၊ သီလ အနံ့သည်ကား။ ပဋိဝါတံ၊ လေညာသို့။ ဧတိ၊ လှိုင်၏။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ သမ္ဗာဒိသာ၊ တို့သို့။ ပဝါယတိ၊ လှိုင်သနည်း။ ယသ္မာပန၊ အကြင်ကြောင့်ကား။ သပ္ပုရိသော၊ သူတော်ကောင်းသည်။ သီလဂန္ဓေန၊ သီလအနံ့ဖြင့်။ သမ္ဗာပိ ဒိသာ၊ ခပ်သိမ်းသောအရပ်တို့ကိုလည်း။ အဇ္ဈောတ္ထရိတွာဝ၊ လွှမ်းမိုးဘိစီး၍လျှင်။ ဂစ္ဆတိ၊ လှိုင်၏။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုသူတော်ကောင်း၏။ ဂန္ဓော၊ သီလအနံ့သည်။ ပဋိဝါတံ၊ လေညာသို့။ နဧတိ၊ မပျေက်။ ဣတိ၊ ဤသို့။ နဝတ္တဗ္ဗော၊ မဆိုအပ်။ တေန၊ ထို့ကြောင့်။ ပဋိဝါတမေတီတိ၊ မေတိ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဝဿိကီတိ၊ ဟူသည်ကား။ ဇာတိသုမနာ၊ မြတ်လေးပန်းတည်း။ ဧတေသန္တိ၊ ဟူသည်ကား။ ဂန္ဓဇာတာနံ၊ အနံ့မျိုးဖြစ်ကုန်သော။ ဣမေသံ စန္ဒနာဒီနံ၊ ဤစန္ဒကူးစသည်တို့၏။ ဂန္ဓတော၊ အနံ့ထက်။ သီလဝန္တာနံ၊ သီလရှိကုန်သော။ သပ္ပုရိသာနံ၊ သူတော်ကောင်းတို့၏။ သီလဂန္ဓော၊ သီလအနံ့သည်။ အနုတ္တရော အသဒိသော၊ အတုမရှိမြတ်၏။ အပ္ပဋိဘာဂေါ၊ တုဘက်ကင်း၏။ ဣတိ၊ ဤကားအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပတ္တာ၊ ရောက်ကုန်၏။ ဒေသနာ၊ ဒေသနာသည်။ မဟာဇနဿ၊ လူအများအား။ သာတ္ထိကာ၊ အကျိုးနှင့်တကွ၊ ဇာတာ၊ ဖြစ်၏။

နဝမံ၊ သော။ အာနန္ဒတ္ထေရ ပဥှာ ဝတ္ထုသည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

၄-ပုပ္ဖဝဂ္ဂ၊ ၁၀၃မဟာကဿပတ္ထေရ ပိဏ္ဍပါတဒိန္န ဝတ္ထု

အနုသန္ဓေ....အာနန္ဒတ္ထေရ ပဥှာ ဝိဿဇ္ဇနာ၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ၌ ရှင်မဟာကဿပတ္ထေရ ပိဏ္ဍပါတဒိန္နဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ အပ္ပမတ္တော-စသောပါဌ်ကို မိန့်အပ်၏။

အပ္ပမတ္တော အယံဂန္ဓောတိ ဣမံဓမ္မဒေသနံ၊ အပ္ပမတ္တော အယံဂန္ဓော စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူသည်ရှိသော်။ မဟာ-

ကဿပတ္ထေရဿ၊ ရှင်မဟာကဿပ မထေရ်၏။ ပိဏ္ဍပါတ ဒါနံ၊ ဆွမ်းလှူခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ ဒိဝသေ၊ တခုသောနေ့၌။ ထေရော၊ ရှင်မဟာကဿပ မထေရ်သည်။ သတ္တာဟစ္စယေန၊ ခုနစ်ရက်လွန်သဖြင့်။ နိရောဓာ၊ နိရောဓသမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သပဒါနံ၊ အိမ်စဉ်အတိုင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိဿာမီတိ၊ သွားအံ့ဟူ၍။ နိက္ခမိ၊ ထွက်၏။ တသ္မိံ ပန သမယေ၊ ထိုအခါ၌။ သက္ကဿ ဒေဝရညော၊ သိကြားနတ်မင်း၏။ ပရိစာရိကာ၊ အလုပ်အကျွေးဖြစ်ကုန်သော။ ကကုဋပါဒိနိယော၊ ခိုခြေနှင့်တူသော အဆင်းရှိကုန်သော။ ပဉ္စသတာ အစ္ဆရာယော၊ ငါးရာသော နတ်သမီးတို့သည်။ ထေရဿ၊ ရှင်မဟာကဿပ မထေရ်အား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒဿာမာတိ၊ လှူကုန်အံ့ဟူ၍။ ဥဿာဟ ဇာတာ၊ အားထုတ်ခြင်း ရှိကုန်သည်ဖြစ်၍။ ပဉ္စ ပိဏ္ဍပါတသတာနိ၊ ငါးရာသောဆွမ်းတို့ကို။ သဇ္ဇေတွာ၊ စီရင်၍။ အာဒါယ၊ ယူခဲ့၍။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ဌတွာ၊ နေ၍။ ဘန္တေ၊ အရှင်ဘုရား။ ဣမံပိဏ္ဍပါတံ၊ ဤဆွမ်းကို။ ဂဏှထ၊ ခံတော်မူပါကုန်လော့။ နော၊ အကျွန်ုပ်တို့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရောထ၊ ပြုပါကုန်လော့။ ဣတိ၊ ဤသို့။ ဝဒိံသု၊ ဆိုကုန်၏။ တုမှေ၊ သင်တို့သည်။ ဂစ္ဆထ၊ သွားလေကုန်။ အဟံ၊ ငါသည်။ ဒုဂ္ဂတာနံ၊ ဆင်းရဲသူတို့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့အမိန့်ရှိလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ နော၊ အကျွန်ုပ်တို့အား။ မာနာသေထ၊ ဖျက်ဆီးတော် မမူပါကုန်လင့်။ နော၊ အကျွန်ုပ်တို့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရောထ၊ ပြုပါကုန်လော့။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ ထေရော၊ ရှင်မဟာကဿပသည်။ ဉတွာ၊ အကြောင်းကို သိ၍။ ပုန၊ တဖန်။ ပဋိက္ခိပိတွာ၊ ပယ်၍။ အပဂန္တုံ၊ ဖဲခြင်းငှါ။ အနိစ္ဆမာနာ၊ အလိုမရှိကုန်ဘဲ၊ ယာစန္တိယော၊ တောင်းပန်သော နတ်သမီးတို့သည်။ အတ္တနော၊ မိမိ၏။ ပမာဏံ၊ အတိုင်းအရှည်ကို။ နဇာနာထ၊ မသိကုန်။ အပဂစ္ဆထ၊ ဖဲလေကုန်လော့။ ဣတိ၊ ဤသို့။ အစ္ဆရံ၊ လက်ဖျစ်ကို။ ပဟရိ၊ တီး၏။

တာ၊ ထို နတ်သမီးတို့သည်။ ထေရဿ၊ ရှင်မဟာကဿပ၏။ အစ္ဆရ-သဒ္ဒံ၊ လက်ဖျစ်သံကို။ သုတွာ၊ ကြား၍။ သန္ထမ္ဘိတွာ၊ တုန်လှုပ်၍။ (သဏ္ဍ-ဟိတွာလည်းရှိ၏။ သဒ္ဒါဖျက်၍, ပေး။) သမ္မုခါ၊ မျက်မှောက်တော်မှ။

ဌာတုံ၊ တည်ခြင်းငှါ။ အသက္ကောန္တိယော၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ ပလာယိတွာ၊ ပြေး၍။ ဒေဝလောကမေဝ၊ တာဝတိံသာနတ်ပြည်သို့သာလျှင်။ ဂန္တွာ၊ ၍။ သက္ကေန၊ သိကြားမင်းသည်။ ကဟံ၊အဘယ်အရပ်သို့။ ဂတတ္ထာတိ၊ သွားကုန်သနည်းဟု။ ပုဋ္ဌာ၊ မေးသည်ရှိသော်။ ဒေဝ၊ ရှင်သိကြားမင်း။ သမာပတ္တိတော။ သမာပတ်မှ။ ဝုဋ္ဌိတဿ၊ ထသော။ ထေရဿ၊ အရှင်မဟာကဿပအား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒဿာမာတိ၊ လှူကုန်အံ့ဟူ၍။ဂတာ၊ သွားကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။ဣတိ၊ ဤသို့ လျှောက်ကုန်သည်ရှိသော်။ ဝေါ၊ သင်တို့အား။ ဒိန္နာပန၊ လှူရကုန်၏လော။ ဣတိ၊ ဤသို့မေး၏။ ဂဏှိတုံ၊ ခံယူခြင်းငှါ။ နဣစ္ဆတိ၊ အလိုမရှိ။ဣတိ၊ ဤသို့ လျှောက်ကုန်သည်ရှိသော်။ ကိံ ကထေသိ၊ အဘယ်သို့ အမိန့်ရှိသနည်း။ ဣတိ၊ ဤသို့ မေးသည်ရှိသော်။ ဒေဝ၊ သိကြားမင်း။ ဒုဂ္ဂတာနံ၊ သူဆင်းရဲတို့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိအာဟ၊ ဤသို့ အမိန့်ရှိ၏။ ဣတိ၊ ဤသို့ လျှောက်သည် ရှိသော်။ တုမှေ၊ သင်တို့သည်။ ကေနာကာရေန၊ အဘယ်အခြင်းအရာဖြင့်။ ဂတာ၊ သွားကုန်သနည်း။ ဣတိ၊ ဤသို့ မေး၏။ ဒေဝ၊ သိကြားမင်း။ ဣမိနာဝ၊ ဤကိုယ်အဖြစ်ဖြင့်လျှင် သွားပါကုန်၏။ ဣတိ၊ ဤသို့ လျှောက်သည် ရှိသော်။ သက္ကော၊ သိကြားမင်းသည်။ တုမှာဒိသိယော၊ သင်တို့နှင့်တူသော မိန်းမတို့သည်။ထေရဿ၊ရှင်မဟာကဿပအား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ကိံ ဒဿန္တိ၊ အဘယ်မှာ လှူရကုန်အံ့နည်း။ ဣတိ၊ ဤသို့ဆိုလျက်။ သယံ၊ ကိုယ်တိုင်။ ဒါတုကာမော၊ လှူလိုသည်။ ဟုတွာ၊ ဖြစ်၍။ ဇရာဇိဏ္ဏော၊ အိုမင်းလေပြီးသော၊ မဟလ္လကော၊ အသက် ကြီးလှစွာသော။ ခဏ္ဍဒန္တော၊ သွားကျိုးပြီးသော။ ပလိတ ကေသော၊ ဆံဖြူပြီးသော။ ဩဘဂ္ဂသရီရော၊ ပျက်စီးသော ကိုယ်ရှိသော။ မဟလ္လက တန္တဝါယော၊ ရက်ကန်းသည် အိုကြီးသည်။ ဟုတွာ၊ ၍။ သုဇံ၊ သုဇာတာအမည်ရှိသော။ ဒေဝဓီတရံပိ၊ နတ်သမီးကိုလည်း။ တထာရူပမေဝ၊ ထိုသို့သော သဘောဖြင့် သာလျှင်။ မဟလ္လိကံ၊ အမယ်အိုကြီးကို။ ကတွာ၊ ဘန်ဆင်ခြင်းကို ပြု၍၊ သော၊ ဤသိကြားမင်းသည်။ ဧကံ ပေသကာရဝီထိံ၊ တကြောင်းသော ရက်ကန်းသည် ခရီးကို။ မာပေတွာ၊ ဘန်ဆင်း၍။ တန္တံ၊ ရက်ကန်းကို။ ပသာရေန္တော၊ ရှည်လျက်။ အစ္ဆိ၊ နေ၏။

ထေရောပိ၊ ရှင်မဟာကဿပ မထေရ်သည်လည်း။ ဒုဂ္ဂတာနံ၊ သူဆင်းရဲ

တို့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့
နှလုံးသွင်းလျက်။ နဂရာဘိမုခေါ၊ မြို့သို့ ရှေးရှု။ ဂစ္ဆန္တော၊ကြွသွားတော်မူ
သည် ရှိသော်။ ဗဟိနဂရေဝေ၊ မြို့ပဥ္စသာလျှင်။ တံဝီထိံ၊ ထိုတကြောင်း
သော ခရီးကို။ ဒိသွာ၊ မြင်၍။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။
ဒွေဇနေ၊ အဘိုးအို,အမယ်အို နှစ်ယောက်တို့ကို။ အဒ္ဒသ၊ မြင်တော်မူ၏။
တသ္မိံခဏေ၊ ထို မြင်သောခဏ၌။ သတ္ထော၊ သိကြားမင်းသည်။ တန္တိ၊
ရက်ကန်းကို။ ပသာရေတိ၊ ရှည်၏။ သုဇာ၊ သုဇာတာသည်။ တသရံ၊
ရက်ဖေါက်ကို။ (တညင်းလုံး,လည်းဟူ) ဝဋ္ဋေတိ၊ ရောက်၏။ ထေရော၊
မထေရ်သည်။ စိန္တေသိ၊ ကြံ၏။ မဟလ္လက ကာလေ၊ အရွယ်ကြီးရင့်ခြင်းသို့
ရောက်ကုန်သော။ ဣမေပိ၊ ဤသူတို့သည်လည်း။ ကမ္မံ၊ အမှုကို။ ကရော-
န္တိယေဝ၊ ပြုကြကုန်သေးသည်သာလျှင်တည်း။ ဣမသ္မိံနဂရေ၊ ဤမြို့၌။
ဣမေဟိ၊ ဤသူတို့အောက်။ ဒုဂ္ဂတတရာ၊ အလွန်ဆင်းရဲသော သူတို့သည်။
နတ္ထိ မညေ၊ မရှိယောင် တကား။ ဣမေဟိ၊ ဤသူတို့သည်။ ဒိန္နံ၊ လှူအပ်
သော။ ဥဠုင်္ကမတ္တံပိ၊ တယောက်ချိုမျှ ကိုလည်းကောင်း။ သာက-
မတ္တံပိ၊ ဟင်းရွက်ပြုတ်မျှကိုလည်းကောင်း။ ဂဟေတွာ၊ ယူ၍။ နေသံ၊ ထို
သူတို့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ဤသို့
နှလုံးသွင်းလျက်။ သော၊ ထို ရှင်မဟာကဿပသည်။ တေသံ၊ ထိုသူတို့၏။
ဂေဟာဘိမုခေါ၊ အိမ်သို့ရှေးရှု၊ အဟောသိ၊ ဖြစ်၏။ သတ္ထော၊ သိကြား
မင်းသည်။ အာဂစ္ဆန္တံ၊ ကြွလာသော။ တံ၊ ထို ရှင်မဟာ ကဿပကို။
ဒိသွာ၊ ၍။ သုဇံ၊ သုဇာတာကို။ အာဟ၊ ဆို၏။ ဘဒ္ဒေ၊ နှစ်မ။ မယှံ၊
ငါ၏။ အယျော၊ အရှင်သည်။ ဣတော၊ ဤအရပ်သို့။ အာဂစ္ဆတိ၊ ကြွလာ
၏။ တွံ၊ သင်နှမသည်။ အပဿန္တီဝိယ၊ မမြင်သကဲ့သို့။ တုဏှီ၊ ဆိတ်ဆိတ်။
ဟုတွာ၊ ဖြစ်၍။ နိသီဒ၊ နေလော့။ ခဏေန၊ ခဏဖြင့်။ ထေရံ၊ ရှင်မဟာ-
ကဿပမထေရ်ကို။ ဝဉ္စေတွာ၊ လှည့်စား၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ဒဿာမ၊
လှူကုန်အံ့။ ဣတိ၊ ဤသို့ ဆို၏။ ထေရော၊ ရှင်မဟာကဿ-မထေရ်သည်။
အာဂန္တွာ၊ လာ၍။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ အဋ္ဌာသိ၊ ရပ်၏။ တေပိ၊
ထိုသူအို သိမ်းခင်ပွန်းတို့သည်လည်း။ အပဿန္တာဝိယ၊ မမြင်ကုန်သကဲ့သို့။
အတ္တနော၊ မိမိ၏။ ကမ္မမေဝ၊ အမှုကိုသာလျှင်။ ကရောန္တာ၊ ပြုကုန်
လျက်။ ထောကံ၊ အနည်းငယ်မျှသော ကာလကို၊ အာဂမိံသု၊ ငံ့လင့်
ကုန်၏။

အထ၊ ထိုအခါ၌။ သက္ကော၊ သိကြားမင်းသည်။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ ဌကော ထေရော၊ မထေရ်တပါးသည်။ ဌိတောဝိယ၊ ရပ်သကဲ့သို့ ထင်၏။ တာဝ၊ ရှေးဦးစွာ။ ဥပဓာရေဟိ၊ စူးစမ်းလော့။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ သာမိ၊ အရှင်။ ဂန္တွာ၊ သွား၍။ ဥပဓာရေထ၊ စူးစမ်းကုန်လော့။ ဣတိ၊ ဤသို့အဖေါ်အိုသုဇာတာဆိုလတ်သော်။ သော၊ ထိုအဘိုးအို သိကြားသည်။ ဂေဟာ၊ အိမ်မှ။ နိက္ခမိတွာ၊ ထွက်၍။ ထေရံ၊ မထေရ်ကို။ ပဉ္စ ပတိဋ္ဌိတေန၊ ငါးပါးသောတည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိ၍။ ဥဘောဟိ ဟတ္ထေဟိ၊ လက်နှစ်ဘက်တို့ဖြင့်။ ဇဏ္ဏုကာနိ၊ ပုဆစ်တို့ကို။ ဩလမ္ဗိတွာ၊ နှိပ်၍။ နိတ္ထုနန္တော၊ ငြီးတွားလျက်။ ဥဋ္ဌာယ၊ ထလျက်။ အယျော၊ အရှင်ဘုရားသည်။ ကတရော၊ အဘယ်မည်သော။ ထေရောနုခေါ၊ မထေရ်ပေနည်း။ ဣတိ၊ ဤသို့ မသိလေဟန် ဆိုလျက်။ ထောကံ၊ အတန်ငယ်။ ဩသက္ကိတွာ၊ နောက်သို့ဆုတ်၍။ မေ၊ ၏။ အက္ခီနိ၊ မျက်စိတို့သည်။ ဓူမာယန္တိ၊ သိမ်ခဲ့ကုန်ပြီ။ ဣတိ၊ သို့။ ဝတွာ၊ ဆို၍။ နလာဋ္ဌေ၊ နဖူးပြင်၌။ ဟတ္ထံ၊ လက်ကို။ ဌပေတွာ၊ တင်၍။ ဥဒ္ဓံ၊ အထက်သို့။ ဩလောကေတွာ၊ မော်ကြည့်လျက်။ အဟောဒုက္ခံ၊ ဩော် ဆင်းရဲလှတကား။ နော၊ ငါတို့၏။ အယျော၊ အရှင်ဖြစ်သော။ မဟာကဿပတ္ထေရော၊ မဟာကဿပမထေရ်သည်။ စိရဿံ၊ ကြာမြင့်စွာကာလမှ။ မေ၊ ငါ၏။ ကုဋိဒွါရံ၊ အိမ်တံခါးသို့။ အာဂတော၊ ကြွလာပေ၏။ ဂေဟေ၊ ငါတို့အိမ်၌။ ကိဉ္စိ၊ တစုံတခုသော လှူဘွယ်သည်။ အတ္ထိနုခေါ၊ ရှိပါ၏လော။ ဣတိ၊ သို့။ အာဟ၊ မေး၏။

သုဇာ၊ သုဇာတာသည်။ ထောကံ၊ အတန်ငယ်။ အာကုလံဝိယ၊ လှူဘွယ်ဝတ္ထု မရှိဟန်ကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ သာမိ၊ အရှင်။ အတ္ထိ၊ ရှိပေ၏။ ဣတိ၊ ဤသို့။ ပဋိဝစနံ၊ စကားတုံ့ကို။ အဒါသိ၊ ပေး၏။ သက္ကော၊ သိကြားမင်းသည်။ ဘန္တေ၊ အရှင်ဘုရား။ လူခံဝါ၊ ခေါင်းပါး၏ ဟူ၍လည်းကောင်း။ ပဏီတံဝါ၊ မွန်မြတ်၏ ဟူ၍လည်းကောင်း။ အစိန္တေတွာ၊ မကြံ မအောက်မေ့မူ၍။ နော၊ အကျွန်ုပ်တို့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရောထ။ ပြုပါကုန်လော့။ ဣတိ၊ သို့။ ပတ္တံ၊ သပိတ်ကို။ ဂဏှိ၊ ယူ၏။ ထေရော၊ ရှင်မဟာကဿပ မထေရ်သည်။ ဧတေဟိ၊ ဤသူတို့သည်။ ဒိန္နံ၊ လှူအပ်သော။ သာကံဝါ၊ ဟင်းရွက်ပြုတ်သည်မူလည်း။ ဟောတု၊ ဖြစ်စေ၊ ကုဏ္ဍကမုဋ္ဌိဝါ၊ ဆန်ကွဲမှုံဆုပ်သည်မူလည်း။ ဟောတု၊

ဖြစ်စေ။ နေသံ၊ ထိုသူတို့အား။ သင်္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကရိဿာမိတိ၊ ပြုအံ့ဟူ၍။ ပတ္တံ၊ သပိတ်ကို။ အဒါသိ၊ ပေး၏။ သော၊ ထိုသိကြာမင်းသည်။ အန္တောဃရံ၊ အိမ်တွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ဃတဩဒနံ၊ ထောပတ်ဆွမ်းကို။ ဃဋတော၊ အိုးမှ။ ဥဒ္ဓရိတွာ၊ ခူး၍။ ပတ္တံ၊ သပိတ်ကို။ ပူရေတွာ၊ ပြည့်စေ၍။ ထေရဿ၊ မထေရ်၏။ ဟတ္ထေ၊ လက်၌။ ဌပေသိ၊ ထား၏။ အနေကသူပဗျဉ္ဇနော၊ များစွာသော ဟင်းစားမဲ့နှင့် ပြည့်စုံသော။ သောပိဏ္ဍပါတော၊ ထိုဆွမ်းသည်။ အဟောသိ၊ ဖြစ်၏။ သကလံ၊ အလုံးစုံသော။ ရာဇဂဟ နဂရံ၊ ရာဇဂြိုဟ်ပြည်ကို။ ဂန္ဓေန၊ မွှေးကြိုင်သော အနံ့ဖြင့်။ အဇ္ဈောတ္ထရိ၊လွှမ်းမိုး၏။

တဒါ၊ ထိုအခါ၌။ ထေရော၊ ရှင်မဟာကဿပ မထေရ်သည်။ စိန္တေသိ၊ ကြံ၏။ အယံ ပုရိသော၊ ဤယောကျ်ားသည်။ အပ္ပေသက္ခော၊ဘုန်းကံနည်း၏။ ပိဏ္ဍပါတော၊ ဆွမ်းမူကား။ မဟေသက္ခော၊ ကြီးမြတ်သော အာနုဘော်ရှိ၏။ သက္ကဿ၊ သိကြားမင်း၏။ ဘောဇန သဒိသော၊စားတော်ဘောဇဉ်နှင့် တူ၏။ ဧသော၊ ဤသူကား။ ကောနုခေါ၊ အဘယ်သူ ဖြစ်သနည်း။ ဣတိ၊ ဤသို့ကြံ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုအဘိုးအို သူဆင်းရဲကို။ သက္ကောတိ၊ သိကြားတည်းဟု။ ဉတွာ၊ သိ၍။ အာဟ၊ ဆို၏။ တယာ၊ သင်သိကြားမင်းသည်။ ဘာရိယံ၊ ဝန်လေးသော။ ကမ္မံ၊ အမှုကို။ ကတံ၊ ပြုဘိ၏။ ဒုဂ္ဂတာနံ၊ သူဆင်းရဲတို့၏။ သမ္ပတ္တိံ၊ စည်းစိမ်ချမ်းသာကို။ ဝိလုမ္ပန္တေန၊ လုယက်ဖျက်ဆီးသဖြင့်။ အဇ္ဇ၊ ယနေ့။ မယှံ၊ ငါ့အား။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ ကောစိဒေဝ၊ တစုံတယောက်သာလျှင် ဖြစ်သော။ ဒုဂ္ဂတော၊ သူဆင်းရဲသည်။ သေနာပတိဋ္ဌာနံဝါ၊ စစ်သူကြီး အရာကိုရင်း။ သေဋ္ဌိဋ္ဌာနံဝါ၊ သူဋ္ဌေး အရာကိုရင်း။ လဘေယျ၊ ရလေရာ၏။ ဣတိ၊ ဤသို့ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အကျွန်ုပ်အောက်။ ဒုဂ္ဂတ တရော၊ လွန်စွာ ဆင်းရဲသော သူသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့လျှောက်၏။ တွံ၊ သင်သိကြားမင်းသည်။ ကိံကာရဏာ၊ အဘယ် အကြောင်းကြောင့်။ ဒုဂ္ဂတော၊ ဆင်းရဲလေဘိသနည်း။ ဒေဝလောကေ၊ နတ်ပြည်၌။ ရဇ္ဇသိရိံ၊ နတ်မင်းစည်းစိမ်ကို။ အနုဘဝန္တော၊ ခံစားရ၏ မဟုတ်လော။ တနည်းကား- အနုဘဝန္တော၊ ခံစားလျက်။ ကိံကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဒုဂ္ဂတော၊ ဆင်းရဲလေဘိသနည်း။ ဣတိ၊ ဤသို့ မိန်းတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ တော်

ဤစကားသည်။ ဝံနာမ၊ ဤသို့မိန့်တော်မူတိုင်း မှန်၏။ ပန၊ ထိုသို့မှန်သော်လည်း။ မယာ၊ တပည့်တော်သည်။ ဗုဒ္ဓေ၊ ဘုရားသည်။ အနုပ္ပန္နေ၊ မဖြစ်မီ။ ကလျာဏကမ္မံ၊ ကောင်းမှုကံကို။ ကတံ၊ ပြုရ၏။ ဗုဒ္ဓုပ္ပါဒေ၊ ဗုဒ္ဓုပ္ပါဒ နဝမခေတ်သည်။ ဝတ္တမာနေ၊ ဖြစ်လတ်သော်။ ကလျာဏကမ္မံ၊ ကောင်းမှုကံကို။ ကတ္တာ၊ ပြုခြင်းကြောင့်။ စူဠရထ ဒေဝပုတ္တော၊ စူဠရထ နတ်သားသည်ရင်း။ မဟာရထ ဒေဝပုတ္တော၊ မဟာရထ နတ်သားသည်ရင်း။ အနေကဝဏ္ဏ ဒေဝပုတ္တော၊ အနေကဝဏ္ဏ နတ်သားသည်ရင်း။ ဣတိ ဣမေတယော၊ ဤသုံးယောက်ကုန်သော နတ်သားတို့သည်။ သမာ-န ဒေဝပုတ္တာ၊ အဆင်းသဏ္ဌာန် တူမျှသော နတ်သား ဖြစ်ကုန်လျက်။ မမ၊ ၏။ အာသန္နဋ္ဌာနေ၊ နေရာ၏ အနီး၌။ နိဗ္ဗတ္တာ၊ ဖြစ်လာကုန်၏။ မယာ၊ အကျွန်ုပ်ထက်။ တေဇဝန္တတရာ၊ လွန်စွာ အထူးအားဖြင့် တန်းခိုး အာနုဘော် ကြီးကုန်၏။

ဟိ၊ ထို စကားသင့်စွ။ အဟံ၊ အကျွန်ုပ်သည်။ တေသုဒေဝ-ပုတ္တေသု၊ ထို နတ်တို့သည်။ နက္ခတ္တံ၊ နက္ခတ် သဘင်ကို။ ကီဠိဿာ-မာတိ၊ ကစားအံ့ ဟူ၍။ ပရိစာရိကာယော၊ အလုပ် အကျွေး နတ်သမီးတို့ကို။ ဂဟေတွာ၊ ခေါ်၍။ အန္တရဝီထိံ၊ ခရီးမသို့။ ဩတိဏ္ဏေသု၊ သက် ကုန်သည် ရှိသော်။ ပလာယိတွာ၊ ပြေး၍။ ဂေဟံ၊ အိမ်သို့။ ပဝိသာမိ၊ ဝင်ရ၏။ ဟိ၊ ထိုစကားသင့်စွ။ တေသံ၊ ထို နတ်သားတို့၏။ သရီရတော၊ကိုယ်မှ။ တေဇော၊ အရောင်တန်းခိုးသည်။ မမ၊ အကျွန်ုပ်၏။ သရီရံ၊ ကိုယ်ကို။ ဩတ္ထရတိ၊ လွှမ်းမိုးဘိစီး၏။ မမ သရီရတော၊ အကျွန်ုပ်ကိုယ်မှ။ တေဇော၊ထွက်သောအရောင်တန်းခိုးသည်။ တေသံ၊ထိုနတ်တို့၏။ သရီရံ၊ကိုယ်ကို။ နဩတ္ထရတိ၊ မလွှမ်းနိုင်။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အကျွန်ုပ်အောက်။ ကော၊အဘယ်သူသည်။ ဒုဂ္ဂတ တရော၊ လွန်စွာ အထူးအားဖြင့် ဆင်းရဲအံ့နည်း။ ဣတိ၊ ဤသို့လျှောက်၏။ ဝံသန္တေပိ၊ ဤသို့ဆင်းရဲသည်ပင် ဖြစ်ငြားသော်လည်း။ ဣတော၊ ဤနေ့မှ။ ပဋ္ဌာယ၊ စ၍။ မယှံ၊ ငါ့အား။ ဝံ၊ ဤသို့။ ဝဋ္ဋေတွာ၊ လှည့်စား၍။ ဒါနံ၊ အလှူကို။ မာ-အဒါသိ၊မလှူပါလင့်။ ဣတိ၊ဤသို့ဆို၏။ ဝဋ္ဋေတွာ၊လှည့်စား၍။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဒါနေ၊ အလှူကို။ ဒိန္နေ၊ ပေးသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ အကျွန်ုပ်အား။ ကုသလံ၊ ကုသိုလ်သည်။ အတ္ထိ၊ ရှိပါအံ့လော။ နအတ္ထိ၊ မရှိခဲ့အံ့လော။ ဣတိ၊ ဤသို့လျှောက်၏။ အာဝု-

သော၊ ဒါယကာသိကြွားမင်း။ အတ္ထိ၊ရှိ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဇေဝံသန္တေ၊ဤသို့ဖြစ်သည်ရှိသော်။ ဘန္တေ၊ဘုရား။ ကုသလကမ္မကရဏံနာမ၊ ကုသိုလ်ကောင်းမှုကို ပြုခြင်းမည်သည်။ မယှံ၊ အကျွန်ုပ်၏။ ဘာရော၊ ဝန်တည်း။ ဣတိ၊ ဤသို့လျှောက်၏။ သော၊ ထိုသိကြွားမင်းသည်။ ဇဝံ၊ဤသို့သော စကားကို။ ဝတွာ၊လျှောက်၍။ ထေရံ၊ရှင်မဟာကဿပမထေရ်ကို။ ဝန္ဒိတွာ၊ ၍။ သုစံ-သုဇိတာကို။ ဂဟေတွာ၊ ခေါ်၍။ ထေရံ၊ မထေရ်ကို။ ပဒက္ခိဏံ ကတွာ၊ လက်ယာရစ်လည်သည်ကိုပြု၍။ ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ပျံတက်၍။ ဒါနံ၊သည်။ အဟော၊အံ့ဘွယ်ရှိ၏။ ပရမဒါနံ၊ မြတ်သောအလှူသည်။ ကဿပေ၊ အရှင်မဟာကဿပ၌။ သုပ္ပတိဋ္ဌိတံ၊တည်၏။ ဣတိ၊ဤသို့။ ဥဒါနံ၊ ဝမ်းမြောက်သော စကားကို။ ဥဒါနေသိ၊မြွက်ဆို၏။ တေန၊ ထို့ကြောင့်။ ဇေကံသမယံ။လ။ သုပ္ပတိဋ္ဌိတန္တိ၊ ဇေကံသမယံ-။လ။သုပ္ပတိဋ္ဌိတံဟူသော စကားကို။ ဝုတ္တံ၊ ဟောအပ်ပြီ။

ဇေကံသမယံ၊ တပါးသောအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ရာဇ-ဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ကလန္ဒက နိဝါပေ၊ ရှဉ့်နက်တို့ကို အစာပေးရာဖြစ်သော။ ဝေဠုဝနေ၊ ဝေဠုဝန် ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ တေနခေါပနသမယေန၊ ထိုအခါ၌။ အာယသ္မာ မဟာကဿပေါ၊ ရှင်မဟာကဿပသည်။ ပိပ္ပလိဂုဟာယံ၊ ညောင်ကြတ်ပင်အနီး လိုဏ်ဂူ၌။ ဝိဟရတိ၊ နေတော်မူ၏။ သတ္တာဟံ၊ ခုနစ်ရက် ပတ်လုံး။ ဇေကပလ္လင်္ကေန၊ တထက်ဝယ် တည်းဖြင့်။ အညတရံ၊ အမှတ်မရှိသော။ သမာဓိံ၊ ဈာန်သမာဓိကို။ သမာပဇ္ဇိတွာ၊ ဝင်စား၍။ နိသိန္နော၊ နေ၏။ အထခေါ၊ ထိုအခါ၌။ အာယသ္မာ မဟာကဿပေါ၊ ရှင်မဟာကဿပသည်။ တဿ-သတ္တာဟဿ၊ ထိုခုနစ်ရက်၏။ အစ္စယေန၊ လွန်သဖြင့်။ တမှာ သမာဓိမှာ၊ ထိုသမာဓိမှ။ ဝုဋ္ဌာသိ၊ ထ၏။ အထခေါ၊ ထိုအခါ၌။ တမှာ သမာဓိမှာ၊ ထိုနိရောဓသမာပတ်မှ။ ဝုဋ္ဌိတဿ၊ထစဉ်။အာယသ္မတော မဟာကဿပဿ၊ ရှင်မဟာကဿပအား။ ဇေတံ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသေယျံ၊ ဝင်ရမူကား။ ယံနူန၊ ကောင်းလေစွ။ ဣတိ၊ ဤသို့အကြံဖြစ်၏။

တေန ခေါပန သမယေန၊ ထိုအခါ၌။ ပဉ္စမတ္တာနိ ဒေဝတ္ထရသတာနိ၊ ငါးရာ အတိုင်း အရှည် ရှိသော နတ်သမီးတို့သည်။ အာယသ္မတော မဟာ-ကဿပဿ၊ အရှင်မဟာကဿပ အား။ ပိဏ္ဍပါတ ပဋိလာဘာယ၊ ဆွမ်းကို

ရစေခြင်းငှါ။ ဥဿုက္ကံ၊ လုံ့လပြုခြင်းသို့။ အာပန္နာနိ၊ ရောက်ကုန်သည်။ ဟောန္တိ၊ဖြစ်ကုန်၏။ အထခေါ၊ဥ္ဒ။ အာယသ္မာ မဟာကဿပေါ၊ ရှင်မဟာကဿပသည်။ တာနိ ပဉ္စမတ္တာနိဒေဝစ္ဆရသတာနိ၊ ထိုငါးရာအတိုင်းအရှည် ရှိသော နတ်သ္မီးတို့ကို။ ပဋိက္ခိပိတွာ၊ပယ်၍။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ နိဝါသေတွာ၊ သင်္ကန်းကိုဖြန့်ဝတ်၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာ-ဒါယ၊ ယူ၍။ ရာဇဂဟံ၊ ရာဇဂြိုဟ် ပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်း အလို့ငှါ။ ပါဝိသိ၊ ဝင်၏။

တေန ခေါပန သမယေန၊ ထိုအခါ၌။ ဒေဝါနမိန္ဒော၊နတ်တို့ကိုအစိုးရသော။ သက္ကော၊ သိကြားမင်းသည်။ အာယသ္မတော မဟာကဿပဿ၊ ရှင်မဟာကဿပအား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဒါတုကာမော၊ လှူလိုသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသိကြားမင်းသည်။ ပေသကာရဝဏ္ဏံ၊ရက်ကန်းသည် အသွင်ကို။ အဘိနိမ္မိနိတွာ၊ဘန်ဆင်း၍။ တန္တံ၊ ရက်ကန်းကို။ ဝိနာ-တိ၊ ရက်၏။ "ရှည်၏,လည်းဟူ။" အသုရကညာ၊အသုရာ၏သ္မီးဖြစ်သော။ သုဇာ၊သုဇာတာသည်။ တသရံ၊ ရက်ဖေါက်ကို။ "တညင်းလုံး,လည်းဟူ။" ပူရေတိ၊ ပြည့်စုံစေ၏။ အထခေါ၊ ထိုအခါ၌။ အာယသ္မာမဟာကဿပေါ၊ ရှင်မဟာကဿပသည်။ ရာဇဂဟော၊ ဌ။ သပဒါနံ၊ တိုင်း။ ပိဏ္ဍာယ၊ ငှါ။ စရမာနော၊ သော်။ ယေန၊ အကြင်အရပ်၌။ သက္ကဿ ဒေဝါနမိန္ဒဿ၊ သိကြား နတ်မင်း၏။ နိဝေသနံ၊ အိမ်သည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထို အိမ်သို့။ ဥပသင်္ကမိ၊ ကပ်၏။ ဥပသင်္ကမန္တံ၊ ကပ်ပြီးသော။ အာယသ္မန္တံ-မဟာကဿပံ၊ ရှင်မဟာကဿပ မထေရ်ကို။ သက္ကောဒေဝါန မိန္ဒော၊ သိကြားနတ်မင်းသည်။ ဒူရတောဝ၊ အဝေးမှသာလျှင်။ အာဂစ္ဆန္တံ၊ လာသည်ကို။ အဒ္ဒသခေါ၊ မြင်သည် သာလျှင်တည်း။ ဒိသွာ၊ မြင်ပြီး၍။ ဃရာ၊ မှ။ နိက္ခမိတွာ၊ ၍။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆို၍။ ဟတ္ထတော၊ လက်မှ။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ၍။ ဃရံ၊အိမ်သို့။ ပဝိသိတွာ၊ ဝင်စေ၍။ ဃရတော၊ အိုးမှ။ ဩဒနံ၊ ဆွမ်းကို။ ဥဒ္ဓရိတွာ၊ ူး၍။ ပတ္တံ၊ သပိတ်ကို။ ပူရေတွာ၊ ပြည့်စေ၍။ အာယသ္မတော မဟာကဿပ၊ ရှင်မဟာ ကဿပ အား။ အဒါသိ၊ လှူ၏။

သော ပိဏ္ဍပါတော၊ ထိုဆွမ်းသည်။ အနေကသူပေါ၊ များစွာသော ဟင်းရှိသည်။ အနေကဗျဉ္ဇနော၊ များစွာသော စားမဲ ဟင်းလျာရှိသည်။ အနေကရသ ဗျဉ္ဇနော၊ သည်။ အဟောသိ၊ ၏။ အထခေါ၊ ထိုအခါ၌။

အာယသ္မတော မဟာကဿပ၊ ၏။ ဝေဠံ၊ ဤအကြံသည်။ အဟောသိ၊ ၏။ အယံသတ္တော၊ ဤသတ္တဝါသည်။ ကောနုခေါ၊ အဘယ်သူနည်း။ ယဿ၊ အကြင်သူအား။ ဝေရူပေါ၊ ဤသို့သဘောရှိသော။ အယံ ဣဒ္ဓါနုဘာဝေါ၊ ဤတန်းခိုးအာနုဘော်သည်။ အတ္ထိ၊ ရှိသလော။ ဣတိ၊ ဤသို့ အကြံဖြစ်၏။ အထခေါ၊ထိုအခါ၌။ အာယသ္မတော မဟာကဿပ၊ အရှင်မဟာကဿပ၏။ ဝေဠံ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်ပြန်၏။ အယံ၊ ဤသူသည်။ ဒေဝါနမိန္ဒော၊ နတ်တို့၏ အရှင်ဖြစ်သော။ သက္ကောနုခေါ၊ သိကြားမင်း မှန်၏။ ဣတိ ဝိဒိတွာ၊ ဤသို့ ဆတ်ဆတ်သိ၍။ သက္ကံ ဒေဝါနမိန္ဒံ၊ သိကြား မင်းကို။ ဝေဠံ၊ ဤစကားကို။ အဝေါစ၊ မိန့်တော်မူ၏။ ကောသိယ၊ သိကြားမင်း။ ကထံနုခေါ၊ အဘယ်အကြောင်းကြောင့်။ တွံ၊ သင်သည်။ ဣဒံ အကာရိယံ၊ ဤမပြုအပ်သောအမှုကို။ အကာသိ၊ ပြုဘိသနည်း။ ပုနပိ၊ တဖန်လည်း။ ဝေရူပံ၊ ဤသို့သဘောရှိသော အမှုကို။ မာအကာသိ၊ မပြု လင့်။ ဣတိ၊ ဤသို့မိန့်၏။ ဘန္တေ ကဿပ၊ အရှင်မဟာကဿပ။ အမှာကံပိ၊ အကျွန်ုပ်တို့အားလည်း။ ပုညေန၊ ကောင်းမှုဖြင့်။ အတ္ထော၊ အလိုရှိပါ၏။ အမှာကံပိ၊ အကျွန်ုပ်တို့သည်လည်း။ ပုညေန၊ ကောင်းမှုဖြင့်။ ကရဏီယံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့ လျှောက်၏။

အထခေါ၊ ထိုအခါ၌။ သက္ကော ဒေဝါန မိန္ဒော၊ သိကြား နတ်မင်း သည်။ အာယသ္မန္တံ မဟာကဿပံ၊ အသက်ရှည်သော မဟာကဿပကို။ အဘိဝါဒေတွာ၊ ၍။ ပဒက္ခိဏံ ကတွာ၊ လကျာ်ရစ် လည်သည်ကိုပြု၍။ ဝေ- ဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ ပျံတက်၍။ အာကာသေ အန္တ- လိက္ခေ၊ ကောင်းကင်၌။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဥဒါနံ၊ နှစ်သက်သော စကားကို။ ဥဒါနေသိ၊ မြွက်ဆို၏။ ဒါနံ၊ သည်။ အဟော၊ အံ့ဘွယ်ရှိ၏။ ပရမဒါနံ၊ မြတ်သောအလှူသည်။ ကဿပေ၊ ၌။ သုပ္ပတိဋ္ဌိတံ၊ တည်၏။ ဒါနံ၊ သည်။ အဟော၊ အံ့ဘွယ်ရှိ၏။ ပရမဒါနံ၊ မြတ်သောအလှူသည်။ ကဿပေ၊ ၌။ သုပ္ပတိဋ္ဌိတံ၊ တည်၏။ ဒါနံ၊ သည်။ အဟော၊ ၏။ ပရမဒါနံ၊ သည်။ ကဿပေ၊ ၌။ သုပ္ပတိဋ္ဌိတံ၊ ၏။ ဣတိ၊ ဤသို့ ဝမ်းမြောက် ဝမ်း သာ ဆို၏။ (ရှင်းဣတိသဒ္ဒါကား ဂမျမာန်တည်း။)

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရား သခင်သည်။ ဝိဟာရေ၊ ကျောင်းတော်၌။ ဌိတောဧဝ၊ နေတော်မူလျက်လျှင်။ တဿ၊ ထိုသိကြား မင်း၏။ တံသဒ္ဒံ၊ ထိုအသံကို။ သုတွာ၊ ကြား၍။ ဘိက္ခူ၊ ရဟန်းတို့ကို။

အာမန္တေတွာ၊ ခေါ်တော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဥဒါနံ၊ ဝမ်းမြောက်သော စကားကို။ ဥဒါနေတွာ၊ သုံးကြိမ်စေ့အောင် ဝမ်းမြောက်သော အားဖြင့်ဆို၍။ အာကာသေန၊ ကောင်းကင် ခရီးဖြင့်။ ဂစ္ဆန္တံ၊ သွားသော။ သက္က ဒေဝါနမိန္ဒံ၊ သိကြားမင်းကို။ ပဿထ၊ ရှုပါကုန်လော့။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ ဘုရား။ တေ၊ ထိုဥဒါန်းကျူးရင့်ခြင်းတို့ကို။ ကိံ ပန၊ အဘယ်အကြောင်းကြောင့်ကား။ ကတံ၊ ပြုလေသနည်း။ ဣတိ၊ ဤသို့လျှောက်သည်ရှိသော်။ တေန၊ ထိုသိကြားမင်းသည်။ မယှံ ပုတ္တဿ၊ ငါ့သားဖြစ်သော။ ကဿပဿ၊ ကဿပကို။ ဝဉ္စေတွာ၊ လှည့်စား၍။ ပိဏ္ဍပါတော၊ ဆွမ်းကို။ ဒိန္နော၊ လှူအပ်၏။ တံ၊ ထိုဆွမ်းကို။ ဒတွာ၊ လှူပြီး၍။ တုဋ္ဌမာနသော၊ နှစ်သက်သော စိတ်ရှိသည်ဖြစ်၍။ ဥဒါနံ၊ ဝမ်းမြောက်သောစကားကို။ ဥဒါနေန္တော၊ ဆိုလျက်။ ဂစ္ဆတိ၊ သွား၏။ ဣတိ၊ ဤသို့မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ ထေရဿ၊ မထေရ်အား။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ တေန၊ ထိုသိကြားမင်းသည်။ ဒါတုံ၊ လှူခြင်းငှါ။ ကထံ၊ အဘယ်အကြောင်းကြောင့်။ ဝဋ္ဋတီတိ၊ သင့်၏ဟူ၍။ ဉာတံ၊ သိအပ်သနည်း။ ဣတိ၊ ဤသို့လျှောက်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ မမ ပုတ္တေန၊ ငါ့သား ကဿပနှင့်။ သဒိသံ၊ တူသော။ ပိဏ္ဍပါတိကံနာမ၊ ပိဏ္ဍပါတ် ဆောက်တည်သော ရဟန်းမည်သည်ကို။ ဒေဝါပိ၊ နတ်တို့သည် လည်းကောင်း။ မနုဿာပိ၊ လူတို့သည်လည်းကောင်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဧဝဥ္စပန၊ ဤသို့သော စကားကိုလျှင်။ ဝတွာ၊ မိန့်တော်မူ၍။ သယံပိ၊ ကိုယ်တော်သည်လည်း။ ဥဒါနံ၊ နှစ်သက်သော စကားကို။ ဥဒါနေသိ၊ မိန့်တော်မူ၏။ သုတ္တေပန၊ ပါဠိတော်၌ကား။ တွေကမေဝ၊ ဤမျှသာလျှင်။ အာဂတံ၊ လာ၏။

ဘဂဝါ၊ မြတ်စွာဘုရားသခင်သည်။ ဝိသုဒ္ဓါယ၊ သန့်ရှင်းစင်ကြယ်သော။ အတိက္ကန္တ မာနုသိကာယ၊ လူတို့၏ နားအကြားကို လွန်နိုင်သော။ ဒိဗ္ဗာယ-သောတဓာတုယာ၊ ဒိဗ္ဗသောတ အဘိညာဉ်ဖြင့်။ ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ ပျံတက်၍။ အာကာသေ အန္တလိက္ခေ၊ ကောင်းကင်၌။ ဒါနံ၊ သည်။ အဟော၊ ၏။ ပရမဒါနံ၊ သည်။ ကဿပေ၊ ရှင်မဟာကဿပ၌။ သုပ္ပတိဋ္ဌိတံ၊ ၏။ ဒါနံ၊သည်။ အဟော၊ ၏။ ပရမဒါနံ၊သည်။ ကဿပေ၊ ၌။ သုပ္ပတိဋ္ဌိတံ၊ ၏။လ။ ဣတိ၊ သို့။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဥဒါနံ၊ နှစ်သက်သော စကားကို။ ဥဒါနေန္တဿ၊ ဆိုစဉ်။ သက္ကဿ ဒေဝါန မိန္ဒဿ၊ သိကြား

နတ်မင်း၏။ သဒ္ဒံ၊ အသံကို။ အဿောသိခေါ၊ ကြားတော်မူသည်သာလျှင် တည်း။ အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ စေမတ္တံ၊ ဤအကြောင်းကို။ ဝိဒိတွာ၊ သိ၍။ တာယံ ဝေလာယံ၊ ထိုအခါ၌။ ဣမံ- ဥဒါနံ၊ ဤဥဒါန်းစကားကို။ ဥဒါနေသိ၊ မိန့်တော်မူ၏။

တာဒိနော၊ သည်းခံခြင်း ကျေးဇူးနှင့် ပြည့်စုံထသော။ ဥပသန္တဿ၊ ငြိမ်းပြီးသော ကိလေသာရှိထသော။ သဒါ၊ အခါခပ်သိမ်း။ သတီမတော၊ သတိနှင့် ပြည့်စုံထသော။ အတ္တဘရဿ၊ မိမိကိုယ်ကို မွေးမြူထသော။ အနညပေါသိနော၊ သူတပါးတို့သည် မမွေးမြူအပ်ထသော။ ပိဏ္ဍပါတိ- ကဿ၊ ဆွမ်းခံသွားလေ့ ရှိထသော။ ဘိက္ခုနော၊ ရဟန်းအား။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။ ဣတိ၊ ဤသို့ မိန့်တော် မူ၏။

ဣမဉ္စ ပန ဥဒါနံ၊ ဤသို့သော ဥဒါန်းစကားကို။ ဥဒါနေတွာ၊ မိန့် တော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ သက္ကော ဒေဝါနမိန္ဒော၊ သိကြား နတ် မင်းသည်။ မမပုတ္တဿ၊ ငါ့သား ကဿပ၏။ သီလဂန္ဓေန၊ သီလဟူသော အနံ့ဖြင့်။ အာဂန္တွာ၊ လာ၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ အဒါသိ၊ လှူပြီ။ ဣတိ- ဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟော- တော်မူ၏။

(၅၆) ယွာယံ တဂရစန္ဒနံ၊ အကြင်တောင်ဇလပ် စန္ဒကူးနီအနံ့သည်။ အတ္ထိ၊ ၏။ အယံဂန္ဓော၊ ဤ တောင်ဇလပ် စသော အနံ့သည်။ အပ္ပမတ္တော၊ အနည်းငယ်သာတည်း။ သီလဝတံ၊ သီလရှိသောသူတို့၏။ ယောစ ဂန္ဓော၊ အကြင်သီလဟူသော အနံ့သည်လည်း။ အတ္ထိ၊ ရှိ၏။ သောစ ဂန္ဓော၊ ထို သီလဟူသော အနံ့သည်။ ဒေဝေသု၊ တို့၌။ ဥတ္တမော၊ အမြတ်အကြီး ဖြစ်၍။ ဝါတိ၊ လှိုင်၏။

တတ္ထ၊ ထို ဂါထာ၌။ အပ္ပမတ္တောတိ၊ ဟူသည်ကား။ ပရိတ္တပ္ပမာဏော၊ အနည်းငယ် သာတည်း။ ယောစ သီလဝတန္တိ၊ ဟူသည်ကား။ သီလ- ဝန္တာနံ၊ သီလရှိသော သူတို့၏။ ယောစ ပန သီလဂန္ဓော၊ အကြင်သီလ တည်းဟူသော အနံ့သည်လည်း။ အတ္ထိ၊ ရှိ၏။ သော၊ ထို သီလတည်း ဟူသော အနံ့သည်။ တဂရံဝိယစ၊ တောင်ဇလပ်ပန်းကဲ့သို့ရင်း။ လောဟိတ- စန္ဒနံဝိယစ၊စန္ဒကူးနီကဲ့သို့ရင်း။ ပရိတ္တကော၊ အနည်းငယ်သည်။နဟောတိ၊ မဖြစ်။အတိဝိယ၊ အလွန်လျှင်။ ဥဠာရော၊ မြတ်၏။ ဝိပ္ဖါရိတော၊ ပျံ့နှံ့၏။

တေနေဝ ကာရဏေန၊ ထို အကြောင်းကြောင့်လျှင်။ ဝါတိ၊ ဒေဝေသု ဥတ္တ-
မောတိ၊ ဟူ၍။ အာဟ၊ ဆို၏။ ဝါတိ ဒေဝေသု ဥတ္တမောတိ၊ ဟူသည်ကား။
(ထည့်ပါ၌။) ပဝရော သေဋ္ဌော၊ မြတ်သည်။ ဟုတွာ၊ ဖြစ်၍။ ဒေဝေသုစ၊
နတ်ပြည်တို့၌ လည်းကောင်း။ မနုဿေသုစ၊ လူ့ပြည်တို့၌ လည်းကောင်း။
သဗ္ဗတ္ထမေဝ၊ အလုံးစုံသော အရပ်သို့လျှင်။ ဝါယတိ၊ လှိုင်၏။ သြတ္ထရန္တော၊
လွှမ်းမိုးလျက်။ ဂစ္ဆတိ၊ ရောက်၏။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့
သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပတ္တာ၊
ရောက်ကုန်၏။ ဒေသနာ၊ ဒေသနာသည်။ မဟာဇနဿ၊လူအပေါင်းအား။
သာတ္ထိကာ၊ အကျိုးရှိသည်။ ဇာတာ၊ ဖြစ်၏။

ဒသမံ၊ သော။ မဟာကဿပတ္ထေရ ပိဏ္ဍပါတဒိန္န ဝတ္ထု သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၄-ပုပ္ဖဝဂ္ဂ၊ ၁၁-ဂေါဓိကတ္ထေရပရိနိဗ္ဗာန ဝတ္ထု

အနုသန္ဓေ....ကဿပ ပိဏ္ဍပါတဒိန္န ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို
ဖွင့်ပြီး၍ ဂေါဓိကတ္ထေရ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ
တေသံ စသောပါဌ်ကို မိန့်အပ်၏။

တေသံ သမ္ပန္နသီလာနန္တိ ဣမံ ဓမ္မဒေသနံ၊ တေသံ သမ္ပန္နသီလာနံ-စသော
ဤ တရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ရာဇဂဟံ၊ ရာဇဂြိုဟ်-
ပြည်ကို။ ဥပနိဿာယ၊ အမှီပြု၍။ ဝေဠုဝနေ၊ ဝေဠုဝန် ကျောင်းတော်၌။
ဝိဟရန္တော၊ နေတော်မူစဉ်။ ဂေါဓိကတ္ထေရဿ၊ ဂေါဓိက မထေရ်၏။ ပရိ-
နိဗ္ဗာနံ၊ ပရိနိဗ္ဗာန်ပြုခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်
မူ၏။ ဟိ၊ ထိုစကားသင့်စွ။ သောပိ အာယသ္မာ၊ ထို အရှင်ဂေါဓိက-
မထေရ်သည်လည်း။ ဣသိဂိလိပဿေ၊ ဣသိဂိလိ တောင်ယံ၌။ ကာဠသိ-
လာယံ၊ ညိုသော အဆင်းရှိသော ကျောက်ဖျာ၌။ ဝိဟရန္တော၊ နေသည်
ရှိသော်။ အပ္ပမတ္တော၊ မမေ့မလျော့ဘဲ။ အာတာပီ၊ ကိလေသာကို ပူပန်စေ
တတ်သော လုံ့လရှိသည်ဖြစ်၍။ ပဟိတတ္တော၊ နိဗ္ဗာန်သို့စေလွှတ်သော
စိတ်ရှိသည်ဖြစ်၍။ သာမာယိကံ၊ တည်ကြည်ခြင်းရှိသော။ စေတောဝိမုတ္တိံ၊
လောကီသမာပတ်သို့။ ဖုသိတွာ၊ ရောက်၍။ အနုသာယိကဿ၊ အဘန်

တလဲလဲ ကိန်းခြင်းရှိသော။ ကေသဲ ရောဂဿ၊ တခုသော ရောဂါ၏။ ဝသေန၊ အစွမ်းဖြင့်။ တတော၊ ထို သမာပတ်မှ။ ပရိဟာယိ၊ဆုတ်ယုတ်၏။

သော၊ ထို ဂေါဓိကသည်။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်ဝင်း။ တတိယမ္ပိ၊ သုံးကြိမ်မြောက်ဝင်း။ ဆက္ခတ္တုံ၊ ခြောက်ကြိမ်။ ဈာနံ၊ ဈာန်ကို။ နိဗ္ဗတ္တေ-တွာ၊ဖြစ်စေ၍။ ပရိဟီနော၊ ၏။ သတ္တမေ ဝါရေ၊ ခုနစ်ကြိမ်မြောက်သော အခါ၌။ ဥပ္ပါဒေတွာ၊ဈာန်ကိုဖြစ်စေ၍။ စိန္တေသိ၊ ကြံ၏။ အဟံ၊ငါသည်။ ဆက္ခတ္တုံ၊ ခြောက်ကြိမ်။ဈာနာ၊ ဈာန်မှ။ ပရိဟီနော၊ ယုတ်၏။ ခေါပန၊ စင်စစ်။ ပရိဟီနဿ ဈာနဿ၊ ယုတ်သော ဈာန်ရှိသောငါ၏။ ဂတိ၊ လားရာ သည်။အနိယတာ၊မမြဲ။ဣဒါနေဝ၊ယခုပင်လျှင်။သတ္ထံ၊ လက်နက်ကို။အာ-ဟရိဿာမိတိ၊ ဆောင်အံ့ဟူ၍။ ကေသောရောပန သတ္ထကံ၊ဆံရိတ် သင်ဓုန်း ဓားကို။ ဂဟေတွာ၊ယူ၍။ ဂလနာလိံ၊ ရေမျိုကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှါ။ မဉ္စကေ၊ ညောင်စောင်း၌။ နိပ္ပဇ္ဇိ၊အိပ်၏။ မာရော၊ မာရ်နတ်သားသည်။ တဿ၊ ထိုဂေါဓိက၏။ စိတ္တံ၊စိတ်ကို။ ဉတွာ၊သိ၍။ အယံဘိက္ခု၊ဤရဟန်း သည်။ သတ္ထံ၊လက်နက်ကို။ အာဟရိတုကာမော၊ဆောင်ခြင်းငှါအလိုရှိ၏။ သတ္ထံ၊ လက်နက်ကို။ အာဟရန္တာ၊ ဆောင်ကုန်သောသူတို့သည်။ ခေါပန၊ စင်စစ်အားဖြင့်။ ဇီဝိတေ၊ အသက်၌။ နိရပေက္ခာ၊ ငဲ့ကွက်ခြင်း ကင်းကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေ၊ ထိုရဟန်းတို့သည်။ ဝိပဿနံ၊ ကို။ ပဋ္ဌပေတွာ၊ ပွားစေ၍။ အရဟတ္တမ္ပိ၊ ရဟန္တာ အဖြစ်သို့လည်း။ ပါပု-ဏန္တိ၊ ရောက်ကုန်၏။ အဟံ၊ ငါသည်။ တေံ၊ ဤဂေါဓိကကို။ သစေဝါ-ရိဿာမိ၊ အကယ်၍ မြစ်သည်ဖြစ်အံ့။ မမ ဝစနံ၊ ငါ၏စကားကို။ နကရိ-ဿတိ၊ မလိုက်နာလတ္တံ့။ သတ္ထာရံ၊ ဆရာဘုရားကို။ ဝါရာပေဿာမိတိ၊ မြစ်စေအံ့ ဟူ၍။ အညာတကဝေသေန၊ မထင်ရှားသော အသွင်ဖြင့်။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ကပ်၍။ ဧဝံအာဟ၊ဤသို့လျှောက်၏။

မဟာဝီရမဟာပုည၊ ကြီးသောလုံ့လ, ကြီးသောဘုန်း ရှိတော်မူသော ဘုရား။ ဣဒ္ဓိယာ၊ တန်းခိုးဖြင့်ဝင်း။ ယသသာ၊ အခြံအရံဖြင့်ဝင်း။ ဇလံ-ဇလန္တော၊ ထွန်းလင်းတော်မူသောဘုရား။ သဗ္ဗဝေရဘယာတီတာ၊ အလုံး စုံ ဘေးအပေါင်းကို လွန်တော်မူသော ဘုရား။ စက္ခုမ၊ စက္ခုငါးပါးနှင့် ပြည့်စုံသောဘုရား။ တေ၊အရှင်ဘုရား၏။ ပါဒေ၊ ခြေတော်တို့ကို။ ဝန္ဒာမိ၊ ရှိခိုး၏။

မဟာဝီရ၊ လုံ့လ ကြီးတော်မူသော ဘုရား။ တေ၊ အရှင်ဘုရား၏။ သာဝကော၊ တပည့် ဂေါဓိကသည်။ မရဏာဘိဘူ၊ သေခြင်းဖြင့် နှိပ်စက်သည် ဖြစ်၍။ မရဏံ၊သေခြင်းကို။ အာကင်္ခတိ၊ တောင့်တ၏။ စေတယတိ- စေ့ဆော်၏။ ဇုတိန္ဓရ၊ တောက်ပခြင်းရှိသော တန်းခိုးကို ဆောင်တော်မူသော ဘုရား။ တံ၊ ထိုဂေါဓိကကို။ နိသေဓ၊ တားမြစ်တော်မူလော့။

ဇနေသုတာ၊ လူသုံးပါး၌ ထင်ရှား ကျော်စောတော်မူသော။ ဘဂဝါ၊ မြတ်စွာဘုရား။ တုယှံ၊အရှင်ဘုရား၏။သာဝကော၊တပည့်သည်။သာသနေ၊ သာသနာတော်၌။ ရတော၊ မွေ့လျော်လျက်။ အပ္ပတ္တမာနသော၊အရဟတ္တဖိုလ်သို့ မရောက်သော စိတ်ရှိသော။ သေခေါ၊ သေက္ခသာ ဖြစ်လျက်။ ကာလံ၊စုတေခြင်းကို။ ကထံဟိ၊အဘယ်အကြောင်းကြောင့်လျှင်။ကယိရာ၊ ပြုပါသနည်း။ ဣတိ၊ ဤသို့ လျှောက်၏။

တသ္မိံ ခဏေ၊ ထိုခဏ၌။ ထေရေန၊ မထေရ်သည်။ သတ္ထံ၊လက်နက်ကို။ အာဟရိတံ၊ ဆောင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ အယံ၊ ဤသူကား။ မာရောတိ၊ မာရ်နတ်သားတည်းဟု။ ဝိဒိတွာ၊ သိ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

ပါပိမ၊ မာရ်ယုတ်။ ဝေဉ္စိ၊ဤသို့လျှင်။ ဓီရာ၊ ပညာရှိတို့သည်။ ကုဗ္ဗန္တိ၊ ပြုကုန်၏။ ဇီဝိတံ၊အသက်ကို။ နာဝကင်္ခန္တိ၊ မတောင့်တကုန်။ ဂေါဓိကော၊ ဂေါဓိကသည်။ သမူလံ၊ အမြစ်နှင့်တကွ။ တဏှံ၊ တဏှာကို။ အဗ္ဗုယှ၊ အကြွင်းမဲ့ နုတ်၍။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ပြုလေပြီ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သမ္ဗဟုလေဟိ- ဘိက္ခူဟိ၊ များစွာကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ထေရဿ၊ မထေရ်၏။ သတ္ထံ၊ လက်နက်ကို။ အာဟရိတွာ၊ ဆောင်၍။ နိပန္နဋ္ဌာနံ၊ အိပ်ရာ အရပ်သို့။ အဂမာသိ၊ ကြွတော်မူ၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ မာရောပါပိမာ၊ မာရ်ယုတ်သည်။ ကတ္ထနုခေါ၊ အဘယ်အရပ်၌။ ဣမဿ၊ ဤဂေါဓိက၏။ ပဋိသန္ဓိ ဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်သည်။ ပတိဋ္ဌိတံ၊တည်သနည်း။ ဣတိ၊ ဤသို့။ ဓူမ ရာသိဝိယစ၊ အခိုးဝ္ပဲ့သို့ လည်းကောင်း။ တိမိရ ပုဉ္ဇောဝိယစ၊ အမိုက်စုကဲ့သို့လည်းကောင်း။ ဟုတွာ၊ ဖြစ်၍။ သဗ္ဗ- ဒိသာသု၊ အလုံးစုံ အရပ်မျက်နှာတို့၌။ ထေရဿ၊ မထေရ်၏။ ဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်ကို။ သမန္ဒေသတိ၊ ရှာ၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။

တံ ဓူမ တိမိရဘာဝံ၊ထိုအခိုး,အမိုက်၏အဖြစ်ကို။ ဘိက္ခုနံ၊ရဟန်းတို့အား။ ဒဿေတွာ၊ ပြ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧသော ခေါ မာရော ပါပိမာ၊ ဤမာရ်ယုတ်နတ်သားသည်။ ဂေါဓိကဿ ကုလပုတ္တဿ၊ ဂေါဓိက အမျိုးကောင်း သား၏။ ဝိညာဏံ၊ ဝိညာဉ်ကို။ သမန္ဝေသတိ၊ ၏။ ဘန္တေ၊အရှင်ဘုရား။ ကတ္ထ၊ အဘယ် အရပ်၌။ ဂေါဓိကဿ ကုလပုတ္တဿ၊ ဂေါဓိက အမျိုးကောင်းသား၏။ ဝိညာဏံ၊ ဝိညာဉ်သည်။ ပတိဋ္ဌိတံ၊ တည်သနည်း။ ဣတိ၊ ဤသို့လျှောက်၏။ ဘိက္ခဝေ၊ရဟန်းတို့။ အပတိဋ္ဌိတေန၊ တည်ရာမရှိသော။ ဝိညာဏေန၊ ဝိညာဉ်ဖြင့်သာလျှင်။ ဂေါဓိကော ကုလပုတ္တော၊ ဂေါဓိကအမျိုးကောင်းသားသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုပြီ။ ဣတိ-အာဟ၊ ဤသို့မိန့်တော်မူ၏။ မာရောပိ၊ မာရ်နတ်သားသည်လည်း။ တဿ၊ ထိုမထေရ်၏။ ဝိညာဏဋ္ဌာနံ၊ ဝိညာဉ်၏တည်ရာအရပ်ကို။ ဒဋ္ဌုံ၊မြင်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ ကုမာရကဝဏ္ဏံ၊သတို့သား၏အသွင်ကို။ ဟုတွာ၊ ဖန်ဆင်း၍။ ဗေဠုဝ ပဏ္ဍုဝီဏံ၊ ဥသျှစ်သီး မှည့် အဆင်း ရှိသော စောင်းကို။ အာဒါယ၊ ပိုက်၍။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိ-တွာ၊ ကပ်၍။ ပုစ္ဆိ၊ မေး၏။

ဘန္တေ၊ အရှင်ဘုရား။ ယောဂေါဓိကော၊ ကို။ ဥဒ္ဓံ၊ အထက်၌လည်းကောင်း။ အဓောပိ၊ အောက်၌ လည်းကောင်း။ တိရိယံ ဒိသာပိ၊ ဖီလာ အရပ်၌လည်းကောင်း။ အနုဒိသာပိ၊ အထောင့် အရပ်၌ လည်းကောင်း။ သွာဟံ၊ ထိုအကျွန်ုပ်သည်။ အန္ဝေသံ၊ ရှာသည်ရှိသော်။ နာဓိဂစ္ဆာမိ၊ မရ။ သောဂေါဓိကော၊ ထိုဂေါဓိကသည်။ ကုဟိံ၊ အဘယ်အရပ်သို့။ ဂတော၊ သွားလေသနည်း။ ဣတိ၊ ဤသို့ လျှောက်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုမာရ်နတ်သားကို။ သတ္ထာ၊ ဘုရားသည်။ အာဟ၊မိန့်၏။ သဒါ၊ အခါခပ်သိမ်း။ စျာနရတော၊ စျာန်၌ မွေ့လျော်ခြင်းကြောင့်။ စျာယီ၊ စျာန်ဝင်စားလေ့ရှိသော။ မိတိသမ္ပန္နော၊ သမာ မိနှင့် ပြည့်စုံသော။ အဟောရတ္တံ၊ နေ့ညဉ့်ပတ်လုံး။ အနုံယုဉ္ဇံ၊ အားထုတ် ခြင်းရှိသော။ ယောဓီရော၊ အကြင် ပညာရှိသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤပညာရှိသည်။ ဇီဝိတံ၊ အသက်ကို။အနိကာမယံ၊ တောင့်တခြင်းမရှိ။

ဂေါဓိကော၊ ဂေါဓိကသည်။ မစ္စုနော သေနံ၊ သေမင်း၏ စစ်သည် ကို။ ဆေတွာန၊ ဖြတ်၍။ပုနဗ္ဘဝံ၊ ဘဝသစ်သို့။ အနာဂန္တွာ၊ မသွားမူ၍။

သမူလံ တဏှံ၊ အမြစ်နှင့်တကွဖြစ်သော တဏှာကို။ အဗ္ဗုယှ၊ နုတ်၍။ ပရိ-နိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုပြီ။ ဣတိ၊ ဤသို့ မိန့်၏။

ဧဝံဝုတ္တေ၊ ဤသို့မိန့်တော်မူသည် ရှိသော်။ သောကပရေတဿ၊ စိုးရိမ်ခြင်းဖြင့် နှိပ်စက်သော။ တဿ၊ ထိုမာရ်နတ်သား၏။ ကစ္ဆာ၊ လက်ကတီးကြားမှ။ ဝီဏာ၊ စောင်းသည်။ အဘဿထ၊ လျှောကျ၏။ တတော၊ ထို့နောင်မှ။ သောယက္ခော၊ ထိုမာရ်နတ်သည်။ ဒုမ္မနော၊ နှလုံးမသာယာသည် ဖြစ်၍။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ အန္တရဓာယထ၊ ကွယ်ပျောက်၏။

သတ္ထာပိ၊ ဘုရားသခင်သည်လည်း။ ပါပိမ၊ မာရ်ယုတ်။ ဂေါဓိကဿ-ကုလပုတ္တဿ၊ ဂေါဓိက အမျိုးကောင်းသား၏။ နိဗ္ဗတ္တဋ္ဌာနေန၊ ဖြစ်ရာအရပ်ဖြင့်။ တေ၊ သင့်အား။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ဟိ၊ ထိုစကားသင့်စွ၊ တဿ၊ ထိုဂေါဓိက၏။ ပရိနိဗ္ဗုတဋ္ဌာနံ၊ ပရိနိဗ္ဗာန်ယူရာအရပ်ကို။ တုမှာဒိသာနံ၊ သင်ကဲ့သို့သော သဘောရှိသော သူတို့၏။ သတမ္ပိ၊ အရာသည် လည်းကောင်း။ သဟဿမ္ပိ၊ အထောင်သည်လည်းကောင်း။ ဒဋ္ဌုံ၊ မြင်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၅၇။ သမ္ပန္နသီလာနံ၊ ပြည့်စုံသော သီလရှိကုန်သော။ အပ္ပမာဒ ဝိဟာ-ရီနံ၊ မမေ့မလျော့ နေလေ့ရှိကုန်သော။ သမ္မာဟေတုနာ၊ သင့်သော အကြောင်းဖြင့်။ အညာ၊ ၍။ ဝိမုတ္တာနံ၊ တဒင်္ဂဝိမုတ္တိ စသော ငါးပါးသော ဝိမုတ္တိတို့ဖြင့်လွတ်ကုန်ပြီးသော။ တေသံ၊ ထိုရဟန္တာတို့၏။ မဂ္ဂံ၊ သွားရာခရီးကို။ မာရော၊ မာရ်နတ်သားသည်။ နဝိန္ဒတိ၊ မရ မသိ။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ တေသန္တိ၊ တေသံဟူသည်ကား။ အပတိဋ္ဌိတေန၊ တည်ရာ မရှိသော။ ဝိညာဏေန၊ ဝိညာဉ်ဖြင့်။ ဂေါဓိကော ကုလပုတ္တော၊ ဂေါဓိက အမျိုးကောင်း သားသည်။ ပရိနိဗ္ဗုတော ယထာ၊ ပရိနိဗ္ဗာန်ပြုသကဲ့သို့။ ဧဝံ၊ ဤအတူ။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ပရိနိဗ္ဗာယန္တိ၊ ကုန်၏။ တေသံ၊ ထိုရဟန္တာတို့၏။ သမ္ပန္နသီလာနန္တိ၊ ဟူသည်ကား။ ပရိ-ပုဏ္ဏသီလာနံ၊ ပြည့်စုံသော သီလရှိကုန်သော။ အပ္ပမာဒ ဝိဟာရီနန္တိ၊ ဟူသည်ကား။ သတိအဝိပ္ပဝါသ သင်္ခါတေန၊ သတိ၏မကင်းခြင်းဟု ဆိုအပ်သော။ အပ္ပမာဒေန၊ မမေ့မလျော့ခြင်းဖြင့်။ ဝိဟရန္တာနံ၊ နေခြင်းရှိကုန်

သော။ သမ္မဒညာ ဝိမုတ္တာနန္တိ၊ ဟူသည်ကား။ ဟေတုနာ ဉာယေန-ကာရဏေန၊ သင့်သော အကြောင်းဖြင့်။ ဇာနိတွာ၊ သိ၍။ တဒင်္ဂ-ဝိမုတ္တိယာ၊ တဒင်္ဂဝိမုတ္တိဖြင့် လည်းကောင်း။ ဝိက္ခမ္ဘန ဝိမုတ္တိယာ၊ ဝိက္ခမ္ဘန ဝိမုတ္တိဖြင့် လည်းကောင်း။ သမုစ္ဆေဒ ဝိမုတ္တိယာ၊ သမုစ္ဆေဒ ဝိမုတ္တိဖြင့် လည်းကောင်း။ ပဋိပဿဒ္ဓိ ဝိမုတ္တိယာ၊ ပဋိပဿဒ္ဓိဝိမုတ္တိဖြင့် လည်းကောင်း။ နိဿရဏ ဝိမုတ္တိယာ၊ နိဿရဏဝိမုတ္တိဖြင့် လည်းကောင်း။ ဣတိ ဣမာဟိ-ပဉ္စဟိ ဝိမုတ္တီဟိ၊ ဤငါးပါးသော ဝိမုတ္တိတို့ဖြင့်။ ဝိမုတ္တာနံ၊ လွတ်ကုန်သော။ မာရော မဂ္ဂံ နဝိန္ဒတီတိ၊ ဟူသည်ကား။ ဧဝရူပါနံ၊ ဤသို့ သဘောရှိကုန်သော။ မဟာခီဏာသဝါနံ၊ ရဟန္တာ အရှင်မြတ်တို့၏။ သဗ္ဗထာမေ-နေဝ၊ အလုံးစုံသော အစွမ်းဖြင့်လျှင်။ မဂ္ဂန္တောပိ၊ ရှာမှီးသော်လည်း။ ဂတမဂ္ဂံ၊ သွားရာခရီးကို။ မာရော၊ မာရ်နတ်သားသည်။ နဝိန္ဒတိ နလ-ဘတိ၊ မရ။ နပဿတိ၊ မမြင်။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပတ္တာ၊ ရောက်ကုန်၏။ ဒေသနာ၊ သည်။ မဟာဇနဿ၊ လူအများအား။ သာတ္ထိ-ကာ၊ အကျိုးနှင့်တကွ။ ဇာတာ၊ ၏။

ကောဒသမံ၊ သော။ ဂေါဓိကတ္ထေရ ပရိနိဗ္ဗာနဝတ္ထု၊ သည်။
ဣတိ သမတ္တံ၊ ပြီးပြီ။

---

### ၄-ပုပ္ဖဝဂ္ဂ၊ ၁၂-ဂရဟဒိန္န ဝတ္ထု

အနုသန္ဓေ .. ဂေါဓိကတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ဂရဟဒိန္နဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကိုဖွင့်ခြင်းငှါ ယထာ-စသော ပါဌ်ကို မိန့်အပ်၏။

ယထာ သင်္ကာရဓာနသ္မိန္တိ ဣမံ ဓမ္မဒေသနံ၊ ယထာသင်္ကာရဓာနသ္မိံ စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေသည်ရှိသော်။ ဂရဟဒိန္နံနာမ၊ ဂရဟဒိန္နအမည်ရှိသော။ နိဂဏ္ဌသာဝကံ၊ တက္ကတွန်းတပည့်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ သိရိဂုတ္တော စ- နာမ၊ သိရိဂုတ္တမည်သောသူလည်းကောင်း။ ဂရဟဒိန္နော စ၊ ဂရဟဒိန္န လည်းကောင်း။ ဒွေ၊ နှစ်ယောက်သောသူတို့သည်။ သဟာယကာ၊ သူငယ် ချင်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တေသု၊ ထိုနှစ်ယောက်သောသူတို့ တွင်။ သိရိဂုတ္တော ဥပါသကော၊ သိရိဂုတ္တမည်သော ဒါယကာသည်။ ဗုဒ္ဓသာဝကော၊ ဘုရားတပည့်တည်း။ ဂရဟဒိန္နော၊ ဂရဟဒိန္နသည်။ နိဂဏ္ဌ- သာဝကော၊ တက္ကတွန်းတပည့်တည်း။ တံ၊ ထိုဂရဟဒိန္နကို။ နိဂဏ္ဌာ၊ တက္ကတွန်းတို့သည်။ အဘိက္ခဏံ၊ မပြတ်။ ဧဝံ ဝဒန္တိ၊ ဤသို့ဆိုကုန်၏။ တာ၊ သင်၏။ သဟာယကံ သိရိဂုတ္တံ၊ သူငယ်ချင်းသိရိဂုတ္တကို။ တွံ၊ သင်သည်။ သမဏံ ဂေါတမံ၊ ရဟန်းဂေါတမကို။ ကိံ ဥပသင်္ကမသိ၊ အဘယ့်ကြောင့် ဆည်းကပ်သနည်း။ တဿ၊ ထိုရဟန်းဂေါတမ၏။ သန္တိကေ၊ အထံ၌။ ကိံ လဘိဿသိ၊ အဘယ်ကိုရသနည်း။ ဣတိဝတွာ၊ ဤသို့ဆို၍။ ယထာ၊ အကြင်အခြင်းဖြင့် သွေးဆောင်သည်ရှိသော်။ အမှေ၊ ငါတို့သို့။ ဥပသင်္က- မိတွာ၊ ၍။ အမှာကံ၊ ငါတို့အား။ ဒေယျဓမ္မံ၊ အလှူဝတ္ထုကို။ ဒဿတိ၊ လှူလတ္တံ့။ ဧဝံ၊ ဤအခြင်းဖြင့်သွေးဆောင်၍။ ဩဝဒိတုံ၊ ဆုံးမခြင်းငှါ။ ကိံ နဝဋ္ဋတိ၊ အဘယ့်ကြောင့်မအပ်လေဘိသနည်း။ ဣတိ၊ ဤသို့မပြတ် ဆိုကုန်၏။ ဂရဟဒိန္နော၊ ဂရဟဒိန္နသည်။ တေသံ၊ ထိုတက္ကတွန်းတို့၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ အဘိက္ခဏံ၊ မပြတ်။ ဂန္တွာ၊ ၍။ ဌိတနိသိန္နဋ္ဌာနာဒီသု၊ ရပ်၍နေရာ ထိုင်၍နေရာ စသည်တို့၌။ သိရိဂုတ္တံ၊ သိရိဂုတ္တကို။ ဧဝံဩဝဒတိ- ဤသို့ဆုံးမ၏။ သမ္မ၊ သူငယ်ချင်း။ သမဏေန- ဂေါတမေန၊ ရဟန်းဂေါတမသည်။ တေ၊ သင့်အား။ ကိံ၊ အဘယ်သို့ သဘောရှိသနည်း။ တံ၊ ထိုရဟန်းဂေါတမကို။ ဥပသင်္ကမိတွာ၊ ဆည်းကပ် ခြင်းကြောင့်။ ကိံ၊ အဘယ်ကို။ လဘိဿသိ၊ ရသနည်း။ တေ၊ သင်သည်။ ကိံ၊ အဘယ့်ကြောင့်။ မမ၊ ငါ၏။ အယျေ၊ အရှင်တို့သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ တေသံ၊ ထိုနိဂဏ္ဌတို့အား။ ဒါနံ၊ အလှူကို။ ဒါတုံ၊ ပေးခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်လေဘိသနည်း။ ဣတိ၊ ဤသို့ဆို၏။

သိရိဂုတ္တော၊ သိရိဂုတ္တသည်။ တဿ၊ ထိုဂရဟဒိန္န၏။ ကထံ၊ စကား ကို။ သုတွာပိ၊ ကြား၍လည်း။ ဗဟူဒိဝသေ၊ များစွာသောနေ့ရက်တို့ ပတ်လုံး။ တုဏှီ၊ ဆိတ်ဆိတ်။ ဟုတွာ၊ ၍။ နိဗ္ဗိဇ္ဇိတွာ၊ ငြီးငွေ့၍။ ဧကဒိဝသံ၊ တနေ့သ၌။ သမ္မ၊ သူငယ်ချင်း။ တွံ၊ သင်သည်။ အဘိက္ခဏံ၊ မပြတ်။

မံ၊ ငါ့ကို။ ဌိတဋ္ဌာနာဒီသု၊ ရပ်ရာအရပ် စသည်တို့၌။ ဧဝံဝဒေသိ၊ ဤသို့ သင်ဆို၏။ သမဏံ ဂေါတမံ၊ ရဟန်းဂေါတမသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ကိံ၊ ကို။ လဘိဿတိ၊ နည်း။ မမ အယျေ၊ ငါ့ရှင်ပင်တို့သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ တေသံ၊ ထိုအရှင်ကောင်းတို့အား။ ဒါနံ၊ အလှူကို။ ဒေဟိ၊ ပေးလော့။ ဣတိကထေသိ၊ ဤသို့ဆို၏။ တာဝ၊ ရှေးဦးစွာ။ မေ မယာ၊ ငါသည်။ တံ၊ ကို။ ပုစ္ဆာမိ၊ မေးအံ့။ တဝ၊ သင်၏။ အယျာ၊ အရှင်တို့သည်။ ကိံ ဇာနန္တိ၊ အဘယ်ကို သိကုန်သနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ သာမိ၊ အရှင်သူကြွယ်။ ဧဝံ၊ ဤသို့။ မာဝဒ၊ မဆိုလင့်။ အဟော၊ အံ့ဘွယ်ရှိလှ၏။ မမ၊ ငါ၏။ အယျာနံ၊ အရှင်တို့၏။ အညာတံနာမ၊ မသိသောမည်သည်။ နတ္ထိ၊ မရှိ။ သဗ္ဗံ၊ အလုံးစုံသော။ အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်, အနာဂတ်ပစ္စုပ္ပန်ကိုလည်းကောင်း။ သဗ္ဗံ၊ အလုံးစုံသော။ ကာယဝစီ မနောကမ္မံ၊ ကာယကံ ဝစီကံ မနောကံကိုလည်းကောင်း။ ဣဒံ၊ ဤအခြင်းအရာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ဣဒံ၊ ဤအခြင်းအရာသည်။ န ဘဝိဿတိ၊ မဖြစ်လတ္တံ့၊ ဣတိ၊ ဤသို့။ သဗ္ဗံ၊ အလုံးစုံလော။ သမ္ဘဝါဘဗ္ဗံ၊ ဖြစ်ထိုက် မဖြစ်ထိုက်သည်ကို။ ဇာနန္တိ၊ သိကုန်၏။ ဣတိ၊ ဤသို့။ အာဟ၊ ဂရဟဒိန္န သူကြွယ်ဆို၏။

ဧဝံဝဒေသိ၊ ဤသို့ သင်ဆိုတိုင်းမှန်သလော။ ဣတိ၊ ဤသို့။ သိရိဂုတ္တ သူကြွယ်ကမေး၏။ အာမ ဝဒေမိ၊ ဩော်အမှန်ကိုဆို၏။ ဣတိ၊ ဤသို့ ဝန်ခံ၏။ ဧဝံ၊ ဤသို့ အမှန်ကိုဆိုသည်။ ယဒိသိယာ၊ အကယ်၍ဖြစ်ငြားအံ့။ တေ တယာ၊ သင်သည်။ အတိဘာရိယံ၊ ကို။ ကတံ၊ ၏ တွေ့ကံ ကာလံ၊ ဤမျှကာလပတ်လုံး။ မယှံ၊ ငါ့အား။ တေမတ္တံ၊ ဤအကြောင်းကို။ အနာစိက္ခန္တေန၊ မကြားမူ၍။ အဇ္ဇ၊ ယနေ့။ အယျာနံ၊ အရှင်တို့၏။ ဉာဏာနုဘာဝေါ၊ ပညာ၏ အာနုဘော်ကို။ မယာ၊ သည်။ ဉာတော၊ သိရပြီ။ သမ္မ၊ သူငယ်ချင်း။ ဂစ္ဆ၊ သွားချေ။ အယျေ၊ အရှင်တို့ကို။ မမ ဝစနေန၊ ငါ့စကားဖြင့်။ နိမန္တေဟိ၊ ဘိတ်လေလော့။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုဂရဟဒိန္နသည်။ နိဂဏ္ဌာနံ၊ တက္ကတွန်းတို့၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ တေ၊ ထိုတက္ကတွန်းတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ မယှံ၊ ငါ၏။ သဟာယကော သိရိဂုတ္တော၊ သူငယ်ချင်းသိရိဂုတ္တသည်။ သွာတနာယ၊ နက်ဖြန်ကောင်းမှုအကျိုးငှါ။ တုမှေ၊ အရှင်တို့ကို။ နိမန္တေတိ၊ ဘိတ်၏။ ဣတိ အာဟ၊ ဤသို့ဆို၏။ သိရိဂုတ္တေန၊ သိရိဂုတ္တသည်။

သာမံ၊ ကိုယ်တိုင်။ တံ့၊ သင့်ကို။ ဝုတ္တော၊ ပင့်ချေဆိုသလော။ ဣတိ၊ ဤသို့ မေး၏။ အယျော၊ အရှင်တို့။ အာမ၊ ခြေ်ပင့်ချေစေ၏။ ဣတိ၊ ဤသို့ လျှောက်၏။တေ၊ ထိုတက္ကတွန်းတို့သည်။ ဟဋ္ဌတုဋ္ဌာ၊ ဝမ်းမြောက်ဝမ်းသာ ခြင်းရှိသည်။ ဟုတွာ၊ဖြစ်၍။ နေ၁၊ ငါတို့၏။ ကိစ္စံ၊ လိုအပ်သောအမှုသည်။ နိပ္ဖန္နံ၊ ပြီးလေပြီ။ အမှေသု၊ ငါတို့၌။ သိရိဂုတ္တဿ၊ သိရိဂုတ္တ၏။ ပသန္န-ကာလတော၊ ကြည်ညိုသောအခါမှ။ ပဋ္ဌာယ၊ စ၍။ ကာနာမ သမ္ပတ္တိ၊ အဘယ်မည်သော စည်းစိမ်သည်။ အမှာကံ၊ငါတို့အား။ န ဘဝိဿတိ၊ မရလတ္တံ့နည်း။ ဣတိဝဒိံ သု၊ ဤသို့ဆိုကုန်၏။

သိရိ ဂုတ္တဿပိ၊ သိရိဂုတ္တ၏လည်း။ နိဝေသနံ၊ အိမ်သည်။ မဟန္တံ၊ ကြီး၏။ သော၊ ထိုသိရိဂုတ္တသည်။ ဒွိန္နံ ဂေဟာနံ၊ အိမ်နှစ်ဆောင်တို့၏။ အန္တရေ၊ အကြား၌။ ဥဘတော၊ နှစ်ဘက်မှ။ ဒီဃံ၊ ရှည်စွာသော။ အာ-ဝါဋံ၊ တွင်းကို။ ခဏာပေတွာ၊ တူးစေ၍။ တသ္မိံ၊ ထိုတွင်း၌။ ဂူထ-ကလလဿ၊ မစင်ညွှန်ပျောင်းဖြင့်။ ပူရာပေသိ၊ ပြည့်စေ၏။ ဗဟိ အာဝါ-ဋေ၊ တွင်းပ၌။ ဒွိသု ပရိယန္တေသု၊ အစွန်းနှစ်ဘက်တို့၌။ ခါဏုကေ၊ သစ်ငုတ်တို့ကို။ ကောဋ္ဋာပေတွာ၊ စိုက်စေ၍။ တေသု၊ ထိုသစ်ငုတ်တို့၌။ ရဇ္ဇု-ယော၊ ကြိုးတို့ကို။ ဗန္ဓာပေတွာ၊ ချည်စေ၍။ အာသနာနံ၊ နေရာညောင် စောင်းတို့၏။ ပုရိမပါဒေ၊ ရှေ့ခြေတို့ကို။ အာဝါဋဿ၊ တွင်း၏။ ပုရိမ-ပဿေ၊ ရှေ့နံပါး၌။ ဌပါပေတွာ၊ ထားစေ၍။ ပစ္ဆိမပါဒေ၊ နောက်ခြေ တို့ကို။ ရဇ္ဇုကေသု၊ ကြိုးတို့၌။ ဌပါပေသိ၊ ထားစေ၏။ ဧဝံ၊ ဤသို့ထား သည်ရှိသော်။ နိသိန္နကာလေဝ၊ ထိုင်သော အခါ၌သာလျှင်။ အဝံ သိရာ၊ ဦးခေါင်း စောက်ထိုး။ ပတိဿန္တိ၊ ကျကုန်လတ္တံ့။ ဣတိမညမာနော၊ ဤသို့အောက်မေ့လျက်။ ဌပါပေသိ၊ ထားစေ၏။ ယထာ၊ အကြင်အခြင်း ဖြင့်။ အာဝါဋော၊ တွင်းသည်။ န ပညာယတိ၊ မထင်။ ဧဝံ၊ ဤအခြင်း ဖြင့်။ အာသနာနံ၊ နေရာတို့၏။ ဥပရိ၊ အထက်၌။ ပစ္စတ္ထရဏာနိ၊ အိပ်ရာ ခင်းတို့ကို။ ဒါပေသိ၊ ခင်းစေ၏။ မဟန္တာ မဟန္တာ၊ ကြီးကုန် ကြီးကုန် သော။ စာဋိယော၊ အိုးတို့ကို။ ဌပါပေတွာ၊ ထားစေ၍။ ကဒလိပဏ္ဏေ-ဟိစ၊ ငှက်ပျောရွက်တို့ဖြင့် လည်းကောင်း။ သေတ ပိလောတိကာဟိစ၊ ဖြူသောပုဆိုးနွမ်းတို့ဖြင့် လည်းကောင်း။ မုခါနိ၊ အိုးဝတို့ကို။ ဗန္ဓာပေတွာ၊ စည်းစေ၍။ တုစ္ဆာဝေ၊ အချည်းနှီးသာလျှင် ဖြစ်ကုန်သော။ တာ၊ ထိုအိုး တို့ကို။ ဂေဟဿ၊ အိမ်၏။ ပစ္ဆိမဘာဂေ၊ နောက်အဘို့ဖြစ်သော။ ဗဟိ ၊၌။

ယာဂု ဘတ္တသိတ္ထ သပ္ပိ တေလ မဓု ဖါဏိတ ပူဝစုဏ္ဏမက္ခိတာ၊ ယာဂုထမင်းလုံး, ထောပတ်, ဆီ, ပျား, တင်လဲ, မုံ့မှုန့်တို့ဖြင့် လိမ်းကျံသည်ကို။ ကတွာ၊ ၍။ ဌပါပေသိ၊ ထားစေ၏။

ဂရဟဒိန္နော၊ သည်။ ပါတောဝ၊ စောစောကလျှင်။ တဿ၊ ထိုသိရိ-ဂုတ္တ၏။ ဃရံ၊ အိမ်သို့။ ဝေဂေန၊ လျင်စွာ။ ဂန္တွာ၊ ၍။ အယျာနံ၊ အရှင်တို့အား။ သက္ကာရော၊ လှူဘွယ်ဝတ္ထုကို။ သဇ္ဇိတော၊ စီရင်ပြီလော။ ဣတိ-ပုစ္ဆိ၊ ဤသို့ မေး၏။ သမ္မ၊ သူငယ်ချင်း။ အာမသဇ္ဇိတော၊ ဩြော်စီရင်ပြီ။ ဧသော၊ ဤသို့ စီရင်ပြီးသော အလှူဝတ္ထုသည်။ ကဟံပန၊ အဘယ်မှာရှိသနည်း။ ဣတိ၊ ဤသို့မေးလတ်သော်။ ဧတာသု၊ ထိုလှူဘွယ် ပစ္စည်းတို့ကို။ ဧတ္တိကာသု စာဋီသု၊ ဤမျှ အတိုင်းအရှည် ရှိကုန်သော အိုးတို့၌။ ယာဂူ၊ ယာဂုတို့ကို။ ပူရိတာနိ၊ ပြည့်စေအပ်ကုန်၏။ ဧတ္တိကာသု၊ ဤမျှသော အိုးတို့၌။ ဘတ္တံ၊ ဆွမ်းကို။ ဧတ္တိကာသု၊ ဤမျှသော အိုးတို့၌။ သပ္ပိ ဖါဏိတ-ပူဝါဒီနိ၊ ထောပတ်, တင်လဲ, မုံ့ စသည်တို့ကို။ ပူရိတာနိ၊ ပြည့်စေအပ်ကုန်၏။ အာသနာနိ၊ နေရာတို့ကို။ ပညတ္တာနိ၊ ခင်းအပ်ကုန်၏။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုဂရဟဒိန္နသည်။ သာဓုတိ၊ ကောင်းပြီဟု။ ဝတွာ၊ ဆို၍။ ဂတော၊ သွား၏။ တဿ၊ ထိုဂရဟဒိန္န၏။ ဂတကာလေ၊ သွားသောအခါ၌။ ပဥ္စသတာ နိဂဏ္ဌာ၊ ငါးရာသော တက္ကတွန်းတို့သည်။ အာဂမိံသု၊ လာကုန်၏။

သိရိဂုတ္တော၊ သိရိဂုတ္တသည်။ ဂေဟာ၊ အိမ်မှ။ နိက္ခမိတွာ၊ ထွက်၍။ ပဉ္စ ပတိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ နိဂဏ္ဌေ၊ တက္ကတွန်းတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ တေသံ၊ ထို တက္ကတွန်းတို့၏။ ပုရတော၊ ရှေ့မှ။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ ဌိတော၊ ရပ်ပြီးသော်။ ဧဝံစိန္တေသိ၊ ဤသို့ ကြံ၏။ တုမှေ၊ သင်တို့သည်။ အတီတာဒိဘေဒံ၊ အတိတ်စသည် အပြားရှိသော။ သဗ္ဗံ၊ အလုံးစုံကို။ ဇာနာထကိံ၊ သိကြကုန်၏လော။ ဧဝံ၊ ဤသို့ သိကြောင်းကို။ တုမှာကံ၊ အရှင်တို့၏။ ဥပဋ္ဌာကေန၊ အလုပ်အကျွေးသည်။ မယှံ၊ ငါ့အား။ ကထိတံ၊ ပြောဆိုလာ၏။ တုမှေ၊ သင်တို့သည်။ သဗ္ဗံ၊ အလုံးစုံကို။ သစေ ဇာနာထ၊ အကယ်၍ သိကြကုန်သည်ဖြစ်အံ့။ မယှံ၊ ငါ၏။ ဂေဟံ၊ အိမ်သို့။ မာပဝိသိတ္ထ၊ မဝင်ပါကုန်လင့်။ ဟိ၊ ထိုစကားသင့်စွ။ မမ ဂေဟံ၊ ငါ့အိမ်သို့။ ပဝိဋ္ဌာနံ၊ ဝင်ကုန်သော။ ဝေါ၊ သင်တို့အား။ ယာဂု၊ ယာဂုသည်။ နေဝ အတ္ထိ၊ မရှိ။ ဘတ္တာဒီနိ၊ ဆွမ်း-စသည်

တို့သည်။ န အတ္ထိ၊ မရှိကုန်။ အဇာနိတွာ၊ မသိမူ၍။ သစေ ပဝိသိဿထ၊ အကယ်၍ ဝင်ကုန်သည်ဖြစ်အံ့။ ဂူထအာဝါဋေ၊ မစင်တွင်း၌။ ဝေါ၊ သင်တို့ ကို။ ပါတေတွာ၊ ကျစေ၍။ ပေါထေဿာမိ၊ ပုတ်ခတ်စေအံ့။ ဣတိဝေ၊ ဤသို့။ စိန္တေတွာ၊ ကြံပြီး၍။ ပုရိသာနံ၊ အချင်း လုလင်တို့အား။ သညံ၊ အမှတ်ကို။ အဒါသိ၊ ပေး၏။ ဇဝံ၊ ဤသို့။ တေသံ၊ ထိုတက္ကတွန်းတို့၏။ နိသီဒနဘာဝံ၊ နေသည်၏အဖြစ်ကို။ ဉတွာ၊ သိ၍။ ပစ္ဆိမပဿေ၊ နောက် ပါး၌။ ဌတွာ၊ ရပ်၍။ အာသနာနံ၊ နေရာတို့၏။ ဥပရိ၊ အထက်၌။ ပစ္စတ္ထ- ရဏာနိ၊ အိပ်ရာခင်းတို့ကို။ အပနေယျာထ၊ ပယ်ကုန်လော့။ တာနိ၊ ထို ခင်း နှီးတို့ကို။ အသုစိနာ၊ မစင်ဖြင့်။ မာမက္ခယိံသု၊ မလိမ်းမကျံစေကုန်လင့်။ ဣတိ၊ ဤသို့ ဆို၍ အမှတ်ပေး၏။

အထ၊ ထိုအခါ၌။ နိဂဏ္ဌော၊ တက္ကတွန်းတို့ကို။ ဘန္တေ၊ အရှင်ဘုရားတို့။ ဣတော၊ ဤအရပ်သို့။ ထေ၊ ကြွပါကုန်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။ နိဂဏ္ဌာ၊ တက္ကတွန်းတို့သည်။ ပဝိသိတွာ၊ ဝင်၍။ ပညတ္တာသနေသု၊ ခင်းအပ် ပြီးသော နေရာတို့၌။နိသီဒိတုံ၊နေခြင်းငှါ။ အာရဘိံသု၊ အားထုတ်ကုန်၏။ အထ၊ ထိုအခါ၌။နေ၊ ထိုတက္ကတွန်းတို့ကို။ မနုဿာ၊ တို့သည်။ ဧဒိံသု၊ ဆိုကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ တာဝ၊ ရှေးဦးစွာ။ အာဂမေထ၊ ငံ့ပါကုန်ဦးလော့။' တာဝ၊ ရှေးဦးစွာ။ မာနိသီဒထ၊ မနေပါကုန်လင့်။ ဣတိ၊ ဤသို့ဆို၏။ ကာရဏာ၊ အကြောင်းကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေး၏။ အမှာကံ၊ ငါတို့၏။ ဂေဟံ၊အိမ်သို့။ ပဝိဋ္ဌာနံ၊ဝင်ကုန် သော။ အယျာနံ၊ အရှင်တို့၏။ ဝတ္တံ၊ ဝတ်ကို။ ဉတွာ၊ သိ၍။ နိသီဒိတုံ၊ နေခြင်းငှါ။ ဝဋ္ဋတိ၊အပ်၏။ ဣတိ၊ဤသို့ဆိုကုန်၏။ အာဝုသော၊ ဒါယကာ တို့။ ကိံ၊အဘယ်ဝတ်ကိုသိ၍။ ကာတုံ၊ ငှါ။ ဝဋ္ဋတိ၊ အပ်သနည်း။ ဣတိ၊ ဤသို့မေး၏။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ပတ္တာသနမူလေသု၊ ရောက်သောနေရာအနီးတို့၌။ ဌတွာ၊ ရပ်၍။ သဗ္ဗေပိ၊ အလုံးစုံသော သူတို့သည်လည်း။ ဧကပ္ပဟာရေနေဝ၊ တပြိုင်နက်သာလျှင်။ နိသီဒိတုံ၊ နေခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့ဆိုကုန်၏။

ကေသိံ၊ တယောက်သည်။ အာဝါဋေ၊ တွင်း၌။ ပတိတေ၊ ကျသည် ရှိသော်။ အာဝုသော၊ ဒါယကာ။ အဝေသေသာ၊ ကြွင်းသောသူတို့ကို။ အာသနေ၊ နေရာ၌။ မာနိသီဒန္တု၊ မနေပါစေကုန်လင့်။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ မာလဘတု၊ မရစေသတည်း။ ဣတိဣဒံ၊ဤသည်ကား။

အသာ၊ ၏။ အဓိပ္ပါယောကိရ၊ အလိုဖြစ်သတတ်။ တေ၊ ထိုတက္ကတွန်းတို့သည်။ သာဓုတိ၊ ကောင်းပြီဟု။ ဝတွာ၊ဆို၍။ ဣမေဟိ၊ဤလုလင်တို့သည်။ ကထိတ ကထိတံ၊ ဆိုတိုင်း ဆိုတိုင်းကို။ အမှေဟိ၊ ငါတို့သည်။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ စိန္တယိံသု၊ ဤသို့ ကြံကုန်၏။ အထ၊ ထိုအခါ၌။ သဗ္ဗေ၊ အလုံးစုံကုန်သော တက္ကတွန်း တို့သည်။ အတ္တနော-အတ္တနော၊ မိမိ မိမိ၏။ ပတ္တာသနမူလေ၊ ရောက်သောနေရာညောင်စောင်း အနီး၌။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ အဋ္ဌံသု၊ ရပ်ကုန်၏။ အထ၊ထိုအခါ၌။ နေ၊ ထိုတက္ကတွန်းတို့ကို။ ဘန္တေ၊ အရှင်ဘုရားတို့။ ခိပ္ပံ၊ လျင်စွာ။ ဧကေပဟာရေနေဝ၊ တပြိုင်နက်သာလျှင်။ နိသီဒထ၊ နေကုန်လော့။ ဣတိ-ဝတွာ၊ ဤသို့ဆို၍။ တေသံ၊ ထိုတက္ကတွန်းတို့၏။ နိသိန္နဘာဝံ၊ နေသည်၏ အဖြစ်ကို။ ဉတွာ၊သိ၍။ အာသနာနံ၊နေရာတို့၏။ ဥပရိ၊အထက်၌။ ပစ္စတ္ထ-ရဏာနိ၊ အခင်းတို့ကို။ နီဟရိံသု၊ပယ်ကုန်၏။ နိဂဏ္ဌာ၊တက္ကတွန်းတို့သည်။ ဧကေပဟာရေနေဝ၊ တပြိုင်နက်သာလျှင်။ နိသိန္နာ၊ နေကုန်သည်ရှိသော်။ ရဇ္ဇုနံ၊ ကြိုးတို့၏။ ဥပရိ၊ အထက်၌။ ဌပိတာ၊ ထားအပ်ကုန်သော။ အာသနပါဒါ၊ ညောင်စောင်း ခြေတို့သည်။ ဘဋ္ဌာ၊ လျှောကျကုန်၏။ နိဂဏ္ဌာ၊ တက္ကတွန်းတို့သည်။ အဝံသိရာ၊ဦးခေါင်းစောက်ထိုး။ အာဝါဋေ၊ တွင်း၌။ ပတိံသု၊ ကျကုန်၏။

သိရိဂုတ္တော၊ သိရိဂုတ္တသည်။ တေသု၊ ထို တက္ကတွန်းတို့သည်။ ပတိ-တေသု၊ ကျကုန်သည်ရှိသော်။ ဒွါရံ၊ တံခါးကို။ ပိဒဟိတွာ၊ ပိတ်၍။ တေသံ၊ ထိုတက္ကတွန်းတို့တွင်။ ဥတ္တိဏ္ဏုတ္တိဏ္ဏေ၊ တက်ကုန် တက်ကုန်သော တက္ကတွန်းတို့ကို။ အတီတာနာဂတပစ္စုပ္ပန္နံ၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ နဇာနာထ၊ မသိကုန်ဘိသနည်း။ ဣတိ၊ ဤသို့။ ဒဏ္ဍေဟိ၊ လှန်ကန်တို့ဖြင့်။ ပေါထေတွာ၊ ပုတ်ခတ်စေ၍။ ဧတ္တကံ၊ ဤမျှဖြင့်။ ဧတေသံ၊ ဤတက္ကတွန်းတို့အား။ ဝဋ္ဋိဿတီတိ၊ သင့်လောက်ပြီဟူ၍။ ဒွါရံ၊ တံခါးကို။ ဝိဝရာပေသိ၊ ဖွင့်စေ၏။ တေ၊ ထို တက္ကတွန်းတို့သည်။ နိက္ခမိတွာ၊ ထွက်၍။ ပလာယိတုံ၊ ပြေးခြင်းငှါ။ အာရဘိံသု၊ အားထုတ်ကုန်၏။ တေသံ၊ ထိုတက္ကတွန်းတို့၏။ ဂမန မဂ္ဂေ၊ သွားရာ ခရီး၌ ကား။ သုဓာပရိကမ္မကတံ၊ အင်္ဂတေဖြင့် အပြေအပြစ် ပြုခြင်းကို လည်းကောင်း။ ဘူမိံ ပိစ္ဆိလံ၊ မြေချေးကို လည်းကောင်း။ ကာရာပေသိ၊ လိမ်းကျံစေ၏။ တေ၊ ထို တက္ကတွန်းတို့သည်။ တတ္ထ၊ ထိုအရပ်၌။ အသဏ္ဌဟိတွာ၊ မရပ်

မတည်နိုင်မူ၍။ ပတိတေ ပတိတေ၊ လည်းကုန် လည်းကုန်သော တက္ကတွန်းတို့ကို။ ပုန၊ တဘန်။ ပေါထာပေတွာ၊ ပုတ်ခတ်စေ၍။ တုမှာကံ၊ တို့အား။ ဇေတ္တကံ၊ ဤမျှဖြင့်။ အလံ၊ သင့်ပြီ။ ဣတိ၊ သို့။ ဥယျောဇေသိ၊ လွှတ်လိုက်၏။ တေ၊ ထိုတက္ကတွန်းတို့သည်။ နာသိတမှာ၊ ပျက်စီးခဲ့ကုန်ပြီ။ တယာ၊ သင် သိရိဂုတ္တာသူကြွယ်သည်။ နာသိဘာ၊ ဖျက်ဆီးအပ်သည်။ အမှိ၊ ဖြစ်ပြီ။ တယာ၊ သင် သိရိဂုတ္တ သူကြွယ်သည်။ နာသိတာ၊ ဖျက်ဆီး ဒ၁ပ်သည်။ အမှိ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့။ ကန္ဒန္တာ၊ ငိုကြွေးကုန်လျက်။ ဥပဋ္ဌာကဿ၊ အလုပ်အကျွေး ဂရဟဒိန္န၏။ ဂေဟဒွါရံ၊ အိမ် တံခါးသို့။ အဂမံသု၊ သွားကုန်၏။

ဂရဟဒိန္နော၊ ဂရဟဒိန္နသည်။ တံ ဝိပ္ပကာရံ၊ ထို ဘောက်ပြန်သော အခြင်းအရာကို။ ဒိသွာ၊ မြင်၍။ ကုဒ္ဓေါ၊ အမျက်ထွက်သည်ဖြစ်၍။ သိရိဂုတ္တေန၊ သိရိဂုတ္တသည်။ နာသိတာ၊ ဖျက်ဆီးအပ်သည်။ အမှိ၊ ဖြစ်ပြီဟု။ ဟတ္ထံ၊လက်ကို။ ပသာရေတွာ၊ ဖြန့်၍။ ဝန္ဒန္တာနံ၊ရှိခိုးကုန်သောသူတို့အား။ သဒေဝကေ လောကေ၊ နတ်နှင့်တကွသော လောက၌။ ယထာရုစိယာ၊ အလိုအားလျော်စွာ။ ဒါတုံ၊ ပေးခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်သော။ ပုညခေတ္တဘူတော၊ ကောင်းမှု၏ စိုက်ပျိုးရာ လယ်မြေသဘွယ် ဖြစ်၍ ဖြစ်သော။ မမ အယျေနာမ၊ ငါ့အရှင် မည်သည် တို့ကို။ ပေါထာပေတွာ၊ ပုတ်ခတ်စေ၍။ ဗျသနံ၊ ပျက်စီးခြင်းသို့။ ပါပေသိ၊ ရောက်စေ၏။ ဣတိ၊ ဤသို့ဆို၍။ ရာဇကုလံ၊ မင်းအိမ်သို့။ ဂန္တွာ၊ သွား၍။ တဿ၊ ထိုသိရိဂုတ္တအား။ ကဟာပဏ သဟဿံ၊ အသပြာတထောင်ထိုက်သော။ ဒဏ္ဍံ၊ ဒဏ်ကို။ ကာရေသိ၊ ပြုစေ၏။ အထ၊ထို့နောင်မှ။ အဿ၊ ထိုသိရိဂုတ္တအား။ ရာဇာ၊မင်းသည်။ သာသနံ၊ သတင်းစကားကို။ ပေသေသိ၊ စေလွှတ်၏။ သော၊ ထိုသိရိဂုတ္တသည်။ ဂန္တွာ၊ သွား၍။ ရာဇာနံ၊မင်းကြီးကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဒေဝ၊ အရှင်မင်းကြီး။ ဥပ ပရိက္ခိတွာ၊ စူးစမ်းဆင်ခြင်၍၊ ဒဏ္ဍံ၊ ဒဏ်ကို။ ဂဏှထ၊ ယူပါကုန်လော့။ အနုပရိက္ခိတွာ၊ စူးစမ်းမဆင်ခြင်၍။ မာဂဏှထ၊ မယူကုန်လင့်။ ဣတိအာဟ၊ ဤသို့လျှောက်၏။ ဥပ ပရိက္ခိတွာ၊ စူးစမ်း၍။ ဂဏှိဿာမိ၊ ယူအံ့။ ဣတိ၊ဤသို့မိန့်၏။ ဒေဝ၊ အရှင်မင်းကြီး။ သာဓု၊ ကောင်းပြီ။ ဣတိ၊ ဤသို့ တင်၏။ တေနဟိ၊ ထိုသို့ တပြီးကား။ ဂဏှာဟိ ကထေဟိ၊ ဆိုလော့။ ဣတိ၊ ဤသို့ မိန့်၏။

ဒေဝ၊ အရှင်မင်းကြီး။ မယှံ၊ အကျွန်ုပ်၏။ သဟာယကော၊ အဆွေခင်ပွန်းသည်။ နိဂဏ္ဌသာဝကော၊ တက္ကတွန်း တပည့်တည်း။ ပဌမံ၊ ရှေးဦးစွာ။ မံ၊ အကျွန်ုပ်သို့။ဥပသင်္ကမိတွာ၊ ကပ်၍။ ဋ္ဌိတာနိသိန္နာဒီသု၊ရပ်ခြင်း ထိုင်ခြင်း စသည်တို့၌။ အဘိဏှံ၊ မပြတ်။ ဧဝံဝဒေတိ၊ ဤသို့ဆို၏။ သမ္မ၊ သူငယ်ချင်း။ တေ၊ သင်အား။ သမဏေန ဂေါတမေန၊ ရဟန်းဂေါတမဖြင့်။ ကိံ၊ အဘယ်အကျိုးရှိသနည်း။ တံ၊ ထို ရဟန်းဂေါတမသို့။ ဥပသင်္ကမိတွာ၊ ကပ်ခြင်းကြောင့်။ ကိံ၊ အဘယ်ကို။ လဘိဿသိ၊ ရသနည်း။ ဣတိဣဒံ၊ ဤ အလုံးစုံကို။ အာဒိံကတွာ၊ အစပြု၍။ သိရိဂုတ္တော၊ သိရိဂုတ္တသည်။ သဗ္ဗံ၊ အလုံးစုံသော။ တံပဝတ္တိံ၊ ထိုအကြောင်းကို။အာရောစေတွာ၊ကြား၍။ဒေဝ၊အရှင်မင်းကြီး။ဣမသ္မိံကာရဏေ၊ ဤအကြောင်း၌။ ဒဏ္ဍံ၊ ဒဏ်ကို။ ဂဟေတုံ၊ ယူခြင်းငှါ။ သစေယုတ္တံ၊ အကယ်၍ သင့်သည်ဖြစ်အံ့။ ဂဏှထ၊ ယူတော်မူပါကုန်လော့။ ဣတိ၊ ဤသို့ တင်၏။ ရာဇာ၊ မင်းသည်။ ဂရဟဒိန္နံ၊ ဂရဟဒိန္နကို။ ဩလောကေတွာ၊ ကြည့်၍။ တေ၊ သင်သည်။ ဧဝံ ဝုတ္တံ၊ ဤသို့ဆိုသည်။ သစ္စံကိရ၊ မှန်သလော။ ဣတိအာဟ၊ ဤသို့မေး၏။ ဒေဝ၊ မင်းကြီး။ သစ္စံ၊ မှန်ပေ၏။ ဣတိ၊ ဤသို့ တင်၏။ တွံ၊ သင်သည်။တွေကံပိ၊ဤမျှကိုလည်း။ အဇာနန္တေ၊ မသိသောတက္ကတွန်းတို့ကို။ နေ၁၊ ငါတို့၏။ သတ္ထာရောတိ၊ ဆရာတို့ဟူ၍။ တေ၊ ထိုသူတို့ကို။ ဂဟေတွာ၊ခေါ်၍။ ဝိစရန္တော၊ လှည့်လည်သွားလာလျက်။ သဗ္ဗံဇာနန္တီတိ၊ အလုံးစုံသိကုန်၏ ဟူ၍။ ကိံကာရဏာ၊ အဘယ့်ကြောင့်။ တထာဂတ သာဝကဿ၊ ဘုရားတပည့် သိရိဂုတ္တအား။ ကထေသိ၊ ပြောဆိုဘိသနည်း။ တယာ၊သင်သည်။ အာရောပိတ ဒဏ္ဍော၊ တင်အပ်သောဒဏ်သည်။ တုယှံမေဝ၊ သင်အားသာလျှင်။ ဟောတု၊ ဖြစ်စေလော့။ ဣတိဝတွာ၊ ဤသို့။ တဿေဝ၊ ထိုဂရဟဒိန္နအားသာလျှင်။ ဒဏ္ဍံ၊ ဒဏ်ကို။ ပါပိတော၊ ရောက်စေအပ်၏။ တဿေဝ၊ ထို သူ၏လျှင်။ ကုလူပကာ၊ ဆရာတက္ကတွန်းတို့ကို။ ပေါထေတွာ၊ ပုတ်ခတ်၍။ နီဟရာ၊ နှင်ထုတ်အပ်၏။

သော၊ ထို ဂရဟဒိန္နသည်။ တံ၊ ထို သိရိဂုတ္တကို။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ တတော ပဋ္ဌာယ၊ထိုအခါမှစ၍။အဍ္ဍမာသ မတ္တမ္ပိ၊ လခွဲမျှလည်း။ သိရိဂုတ္တေန၊ သိရိဂုတ္တနှင့်။ သဒ္ဓိံ၊ တကွ။ အကထေတွာ၊ မပြောမဆိုမူ၍။ စိန္တေသိ၊ ကြံ၏။ ဧဝံ၊ ဤသို့။ ဝိစရိတုံ၊ မသွားဘဲနေခြင်းငှါ။ မယှံ၊ ငါ့အား။ အယုတ္တံ၊ မသင့်။ ဧတဿ၊ ထို သိရိဂုတ္တ၏။ ကုလူပကာနမ္ပိ၊ ဆရာ

တို့အားလည်း။ မယာ၊ ငါသည်။ ဗျသနံ၊ ကြီးစွာပျက်စီးခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့ကြံလျက်။ သိရိဂုတ္တံ၊ သိရိဂုတ္တသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ သဟာယ သိရိဂုတ္တာတိ၊ သူငယ်ချင်း သိရိဂုတ္တဟူ၍။ အာဟ၊ ဆို၏။ သမ္မ၊ သူငယ်ချင်း ကိံ၊ အသို့နည်း။ ဣတိ၊ ဤသို့ဆို၍။ ဉာတိသုဟဇ္ဇာနံ၊ ဆွေမျိုး နှလုံး အကျွမ်းဝင်သောသူတို့၏။ ကလဟောပိ၊ ခိုက်ရန်သည်လည်း။ ဟောတိနာမ၊ ဖြစ်တုံသေး၏။ ဝိဝါဒေါပိ၊ ငြင်းခုံခြင်းသည်လည်း။ ဟောတိနာမ၊ ဖြစ်တုံသေး၏။ တွံ၊ သင်သည်။ ကိဉ္စိ၊ တစုံတခွန်းသော စကားကို။နကထေသိ၊ မဆို။ ကသ္မာ၊ အဘယ်ကြောင့်။ ဧဝံ၊ ဤသို့။ ကရောသိ၊ ပြုဘိသနည်း။ ဣတိ၊ ဤသို့ဆို၏။ အမ္ဘ၊ သူငယ်ချင်း။ တဝ၊ ၏။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊ တကွ။ အကထနတော၊ မဆိုခြင်းကြောင့်။ နကထေမိ၊ မဆို။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ သမ္မ၊ သူငယ်ချင်း။ ယံ၊ အကြင်အမှုကို။ ကတံ၊ ပြုအပ်၏။ တံ၊ ထို အမှုသည်။ ကတမေဝ၊ ပြု၍ ပြီးပြီးသည်သာ လျှင်တည်း။ တေန၊ ထိုကြောင့်။ မယံ၊ ငါတို့သည်။ မေတ္တံ၊ အဆွေခင်ပွန်းသဘောကို။ နဘိန္ဒိဿာမ၊ မဖျက်ကုန်အံ့။ ဣတိ၊ ဤသို့ဆို၏။ တတော ပဋ္ဌာယ၊ ထိုအခါမှစ၍။ ဉဘောပိ၊ နှစ်ယောက်သော သူတို့သည်လည်း။ ဧကဋ္ဌာနေ၊တခုတည်းသော အရပ်၌။ တိဋ္ဌန္တိ၊ ရပ်ကုန်၏။ နိသီဒန္တိ၊ ထိုင်ကုန်၏။

အထ၊ထိုအခါ၌။ဧကဒိဝသံ၊ တနေ့သ၌။သိရိဂုတ္တော၊ သိရိဂုတ္တသည်။ ဂရဟဒိန္နံ၊ ဂရဟဒိန္နကို။ အာဟ၊ ဆို၏။ တေ၊ သင်အား။ နိဂဏ္ဌာ ဟိ၊ တက္ကတွန်းတို့ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိသနည်း။ တေ၊ ထို တက္ကတွန်းတို့သို့။ ဥပသင်္ကမိတွာ၊ ကပ်ခြင်းကြောင့်။ ကိံ၊ အဘယ်အကျိုးကို။လဘိ-ဿသိ၊ ရသနည်း။ မမ၊ ငါ၏။ သတ္ထာရံ၊ဆရာဘုရားသို့။ ဥပသင်္ကမိတုံဝါ၊ ဆည်းကပ်ခြင်းငှါ လည်းကောင်း။ အယျာနံ၊ အရှင်တို့အား။ ဒါနံ၊ အလှူကို။ ဒါတုံဝါ၊ လှူခြင်းငှါ လည်းကောင်း။ ကိံ၊ အဘယ်ကြောင့်။ တေ၊ သင်အား။ နဝဋ္ဋတိ၊ မအပ်လေဘိသနည်း။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သောပိ၊ ထိုဂရဟဒိန္နသည်လည်း။ တဒေမဝ၊ ဤဘုရားဂေါတမကိုသာ လျှင်။ ပစ္စာသီသတိ၊ ဘောင့်တ၏။ တေန၊ ထို့ကြောင့်။ အဿ၊ ထို ဂရဟဒိန္နအား။ ကဏ္ဍုဝနဋ္ဌာနေ၊ ယားနာရှိရာအရပ်၌။ နခေန၊ လက်သည်းဖြင့်။ ဝိလေခိတံဝိယ၊ ဖျောက်မိသကဲ့သို့။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုဂရဟဒိန္နသည်။ သိရိဂုတ္တ၊ သိရိဂုတ္တ။ တဝ၊ သင်၏။ သတ္ထာ၊

ဆရာဘုရားသည်။ ကိံ၊ အဘယ်ကို။ ဇာနာတိ၊ သိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ အမ္ဗော၊ အို သူငယ်ချင်း ဝေ၊ ဤသို့။ မာဝဒ၊ မဆိုလင့်။ သတ္ထာနာမ၊ ဘုရားမည်သည်ကား။ သဗ္ဗတ္ထမေဝ၊ အလုံးစုံသော တရားကိုလျှင်။ အဇာနိတဗ္ဗံနာမ၊ မသိအပ်သောမည်သည်။ နတ္ထိ၊ မရှိ။ အတီတာဒိဘေဒံ၊ အတိတ်စသည် အပြားရှိသော။ သဗ္ဗံ၊ အလုံးစုံကို။ ဇာနာတိ၊ သိ၏။ သောဠသဟာကာရေဟိ၊ တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ စိတ္တံ၊ စိတ်ကို။ ပရိစ္ဆိန္ဒတိ၊ ပိုင်းခြားနိုင်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ အဟံ၊ ငါသည်။ ဝေ၊ ဤအကြောင်းကို ။နဇာနာမိ၊ မသိ။ ကသ္မာ၊ အဘယ့်ကြောင့်။ မယှံ၊ ငါ့အား။ တွေကံ-ကာလံ၊ ဤမျှကာလတိုင်တိုင်။ နကထေသိ၊ မပြောမဆို နေလေဘိ-သနည်း။ တေနဟိ၊ ထိုကြောင့်လျှင်။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားချေ။ တဝ၊ သင်၏။ သတ္ထာရံ၊ ဘုရားကို။ သွာတနာယ၊ နက်ဖြန်ကောင်းမှုအကျိုးငှါ။ နိမန္တေဟိ၊ ဘိတ်ချေလော့။ ဘောဇိဿာမိ၊ ဆွမ်းကျွေးအံ့။ ပဉ္စဟိ ဘိက္ခုသတေဟိ၊ ရဟန်းငါးရာတို့နှင့်။ သဒ္ဓိံ၊ တကွ။ မမ ဘိက္ခံ၊ ငါ့ဆွမ်းကို။ ဂဏှိတုံ၊ ခံစေခြင်းငှါ။ ဝဒေဟိ၊ လျှောက်ချေလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။

သိရိဂုတ္တော၊ သိရိဂုတ္တသည်။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧဝံအာဟ၊ ဤသို့လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မမ သဟာယကော၊ အကျွန်ုပ်၏ အဆွေခင်ပွန်းဖြစ်သော။ ဂရ-ဟာဒိန္နော၊ ဂရဟာဒိန္နသည်။ တုမှေ၊ အရှင်ဘုရား တို့ကို။ နိမန္တာပေသိ၊ ဆွမ်းဘိတ်စေ၏။ ပဉ္စဟိ ဘိက္ခုသတေဟိ၊ ငါးရာသော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ သွေ၊ နက်ဖြန်။ တဿ၊ ထို ဂရဟာဒိန္န၏။ ဘိက္ခံ၊ ဆွမ်းကို။ ကိရ၊ ယုံမှားမဲ့။ ဂဏှထ၊ ခံတော်မူပါကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ ခေါပန၊ စင်စစ်။ ပုရိမဒိဝသေ၊ ရှေးဖြစ်သောနေ့၌။ တဿ၊ ထိုဂရဟာဒိန္န-၏။ ကုလူပကာနံ၊ အိမ်သို့ကပ်တတ်သော တက္ကတွန်းတို့အား။ မယာ၊ အကျွန်ုပ်သည်။ ဣဒံနာမ၊ ဤမည်သောအမှုကို။ ကတံ၊ ပြုအပ်၏။ မယာ၊ သည်။ ကတဿ၊ ပြုအပ်သောအမှု၏။ ပဋိကရဏံပိ၊ အစားပြုအံ့သည်ကိုလည်း။ နဇာနာမိ၊ မသိ။ တုမှာကံ၊ အရှင်ဘုရားတို့အား။ သုဒ္ဓစိတ္တေန၊ စင်ကြယ်သော စိတ်ဖြင့်။ ဘိက္ခံ၊ ဆွမ်းကို။ ဒါတုကာမတံပိ၊ လှူလိုသည်၏အဖြစ်ကိုလည်း။ နဇာနာမိ၊ မသိ။ အာဝဇ္ဇေတွာ၊ ဆင်ခြင်တော်မူ၍။

ယုတ္တံ၊ သင့်သည်။ စေ၊ အကယ်၍ဖြစ်အံ့။ အဓိဝါသေထ၊ သည်းခံတော်မူပါလော့။ နောစေယုတ္တံ၊ အကယ်၍ မသင့်သည်ဖြစ်အံ့။ မာအဓိဝါသယိတ္ထ၊ သည်းခံတော်မမူပါလင့်။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ကိံ နုခေါ၊ အကြောင်းဘယ်သို့နည်း။ သော၊ ထိုဂရဟဒိန္နသည်။ အမှာကံ၊ ငါတို့အား။ ကာတုကာမော၊ ပြုတုံ့ပြုလိုသလော။ ဣတိ၊ ဤသို့။ အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ ဒွိန္နံ ဂေဟာနံ၊ အိမ်နှစ်ခုတို့၏။ အန္တရေ၊ အကြား၌။ မဟန္တံ၊ နက်စွာသော။ အာဝါဋံ၊ တွင်းကို။ ခဏာပေတွာ၊ တူးစေ၍။ အသီတိသကဋမတ္တာနိ၊ လှည်းရှစ်ဆယ်မျှ အတိုင်းအရှည် ရှိကုန်သော။ ခဒိရဒါရူနိ၊ ရှားနှစ်ထင်းတို့ကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ပူရာပေတွာ၊ ပြည့်စေ၍။ အဂ္ဂိံ ဒတွာ၊ မီးတိုက်၍။ အမှေ၊ ငါတို့ကို။ အင်္ဂါရအာဝါဋေ၊ မီးကျီးတွင်း၌။ ပါတေတွာ၊ ကျစေ၍။ နိဂ္ဂဏှိတုကာမော၊ နှိပ်စက်လို၏။ ဣတိ၊ ဤသို့ဆင်ခြင်တော်မူ၏။

ပုန၊ တဖန်။ အာဝဇ္ဇေသိ၊ ဆင်ခြင်တော်မူပြန်၏။ ကိံ နုခေါ၊ အသို့နည်း။ တတ္ထ၊ ထိုဂရဟဒိန္န၏အိမ်သို့။ ဂတပစ္စယာ၊ သွားချေသောကြောင့်။ အတ္ထော၊ အကျိုးသည်။ အတ္ထိ၊ ရှိအံ့လော။ နတ္ထိ၊ မရှိအံ့လော။ ဣတိ၊ ဤသို့ဆင်ခြင်တော်မူ၏။ တတော၊ ထို့နောင်မှ။ ဣဒံ၊ ဤအကြောင်းကို။ အဒ္ဒသ၊ မြင်တော်မူ၏။ အဟံ၊ ငါဘုရားသည်။ အင်္ဂါရအာဝါဋေ၊ မီးကျီးတွင်း၌။ ပါဒေ၊ ခြေတို့ကို။ ပသာရေဿာမိ၊ ချအံ့။ တံ၊ ထိုမီးကျီးတွင်းကို။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ ဌပိတကိလဉ္ဇံ၊ ထားအပ်သော ဖျာသည်။ အန္တရဓာယိဿတိ၊ ကွယ်ပျောက်လတ္တံ့။ အင်္ဂါရကာသုံ၊ မီးကျီးတွင်းကို။ ဘိန္ဒိတွာ၊ ဖေါက်ခွဲ၍။ စက္ကမတ္တံ၊ လှည်းဘီး အတိုင်းအရှည် ရှိသော။ မဟာပဒုမံ၊ ပဒုမ္မာကြာပွင့်ကြီးသည်။ ဥဒဟိဿတိ၊ ပေါက်လတ္တံ့။ အထ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ ပဒုမကဏ္ဏိကံ၊ ပဒုမ္မာအချက်ကို။ အက္ကမန္တော၊ နင်းလျက်။ အာသနေ၊ နေရာ၌။ နိသီဒိဿာမိ၊ ထိုင်အံ့။ ပဉ္စသတာပိဘိက္ခူ၊ ငါးရာသော ရဟန်းတို့သည်လည်း။ တထေဝ၊ ထိုအရပ်သို့လျှင်။ ဂန္တွာ၊ သွား၍။ နိသီဒိဿန္တိ၊ ထိုင်ကုန်လတ္တံ့။ မဟာဇနော၊ လူအပေါင်းသည်။ သန္နိပတိဿတိ၊ စည်းဝေးလတ္တံ့။ အဟံ၊ ငါဘုရားသည်။ တသ္မိံ သမာဂမေ၊ ထိုအစည်းအဝေး၌။ ဒွီဟိ ဂါထာဟိ၊ နှစ်ဂါထာတို့ဖြင့်။ အနုမောဒနံ၊ အနုမောဒနာကို။ ကရိဿာမိ၊ ပြုရအံ့။ အနုမောဒနပရိယောသာနေ၊ တရားဟောတော်မူသော အဆုံး၌။ စတုရာသီတိယာ ပါဏာ-

သဟာယာနံ၊ ရှစ်သောင်း လေးထောင်သော သတ္တဝါတို့အား။ ဓမ္မာဘိ-သမယော၊ သစ္စာလေးပါးကို သိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သိရိ-ဂုတ္တော စ၊ သိရိဂုတ္တသည်၎င်း။ ဂရဟဒိန္နော စ၊ ဂရဟဒိန္နသည်၎င်း။ သော-တာပန္နာ၊ သောတာပန်တို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အတ္တနော၊ မိမိ၏။ ဓနရာသိံ၊ ဥစ္စာစုကို။ သာသနေ၊ သာသနာ၌။ ဝိကိရိဿန္တိ၊ စွန့်ကြဲကုန်လတ္တံ့။ ဣမံ ကုလပုတ္တံ၊ ဤအမျိုးသားကို။ နိဿာယ၊ မှီ၍။ မယာ၊ ငါဘုရားသည်။ ဂန္တုံ၊ ကြွခြင်းငှါ။ ဝဋ္ဋတီတိ၊ သင့်၏ဟု။ ဘိက္ခုံ၊ ဆွမ်းကို။ အဓိဝါသေသိ၊ သည်းခံတော်မူ၏။

သိရိဂုတ္တော၊ သိရိဂုတ္တသည်။ ဂန္တွာ၊ သွား၍။ သတ္ထု၊ ဘုရား၏။ အဓိ-ဝါသနံ၊ သည်းခံခြင်းကို။ ဝိဒိတွာ၊ သိ၍။ ဂရဟဒိန္နဿ၊ ဂရဟဒိန္နအား။ အာရောစေတွာ၊ ကြား၍။ လောကဇေဋ္ဌဿ၊ လူသုံးပါး၏ အကြီးဖြစ်သော ဘုရားအား။ သက္ကာရံ၊ လှူဘွယ်ကို။ ကရောဟီတိ၊ ပြုလော့ဟု။ အာဟ၊ ဆို၏။ ဂရဟဒိန္နော၊ ဂရဟဒိန္နသည်။ ဣဒါနိ၊ ယခုအခါ၌။ အဿ၊ ထိုရဟန်း ဂေါတမအား။ ကတ္တဗ္ဗယုတ္တကံ၊ ပြုအပ်သည်နှင့်ယှဉ်သည်ကို။ ဇာနိဿာမီတိ၊သိရအံ့ဟူ၍။ ဒွိန္နံ ဂေဟာနံ၊ အိမ်နှစ်ခုတို့၏။ အန္တ-ရေ၊ အကြား၌။ ဂေါမယေန၊ နွားချေးဖြင့်။ လိမ္ပာပေတွာ၊ လိမ်းကျံစေ၍။ မဟန္တံ၊ ကြီးစွာသော။ အာဝါဋံ၊ တွင်းကို။ ခဏာပေတွာ၊တူးစေ၍။ အသီတိမတ္တာဟိ၊ ရှစ်ဆယ်အတိုင်းအရှည်ရှိကုန်သော။ခဒိရဒါရုသကဋေဟိ၊ ရှားထင်းလှည်းတို့ဖြင့်။ အာဟရာပေတွာ၊ ဆောင်စေ၍။ ပူရာပေတွာ၊ ပြည့်စေ၍။ တေ၊ ထိုထင်းတို့ကို။ ဈာပေတွာ၊ မီးတိုက်စေ၍။ ခဒိရင်္ဂါရ-ရာသိနံ၊ ရှားမီ အစုတို့ကို။ ယောဇာပေတွာ၊ ယှဉ်စေ၍။ သဗ္ဗရတ္တိံ၊ ညဉ့်သုံးယာမ် ပတ်လုံး။ ဓူမာပေတွာ၊ အခိုးထွက်စေ၍။ ခဒိရ အင်္ဂါရ-ရာသိံ၊ ရှားမီးကျီးစုကို။ ကာရာပေတွာ၊ ပြုစေ၍။ အာဝါဋ မတ္ထကေ၊ တွင်း၏ အထက်၌။ ရုက္ခပဒရာနိ၊ ပျဉ်ချပ် တို့ကို။ ဌပါပေတွာ၊ ထားစေ၍။ ကိလဉ္ဇေန၊ ဖျာဖြင့်။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်းစေ၍။ ဂေါမယေန၊ နွားချေးဖြင့်။ လိမ္ပာပေတွာ၊ လိမ်းကျံစေ၍။ ဧကေန ပဿေန၊ နံပါး တဘက်ဖြင့်။ ဒုဗ္ဗလ ဒဏ္ဍကေန၊ အားနည်းသော ဝါးခြမ်းဆင့်ပေါင်းကွပ်ဖြင့်။ အတ္ထရိတွာ၊ ခင်း၍။ ဂမနမဂ္ဂံ၊ သွားရာလမ်းကို။ ကာရေသိ၊ ပြုစေ၏။ ဧဝံ၊ ဤသို့။ အက္ကန္တ အက္ကန္တကာလေ၊ နင်းသော နင်းသော ကာလ၌။ ဒဏ္ဍကေသု၊ ဆင့်ပေါင်းကွပ် တို့သည်။ ဘဂ္ဂေသု၊ ကျိုးကုန်သည်ရှိသော်။

ပရိဝေန္တေဝှ၊ လည်း၍။ အင်္ဂါရ ကာသုယံ၊ မီးကျီးတွင်း၌။ ပတိသန္တိတိ၊ ကျကုန်လတ္တံ့ဟု။ မညမာနော၊ အောက်မေ့လျက်။ ဂေဟပစ္ဆာဘာဂေ၊ အိမ်၏နောက်အဘို့၌။ သိရိဂုတ္တေန၊ သိရိဂုတ္တသည်။ ဌပိတ နိယာမေန၊ ထားသောနည်းဖြင့်လျှင်။ စာဋိယော၊အိုးတို့ကို။ ဌပါပေသိ၊ ထားစေ၏။ အာသနာနိပိ၊ နေရာတို့ကိုလည်း။ တထေဝ၊ ထိုအတူလျှင်။ ပညာပေသိ၊ ခင်းစေ၏။

သိရိဂုတ္တောပိ၊ သိရိဂုတ္တသည်လည်း။ ပါတောဝ၊ စောစောကလျှင်။ တဿ၊ ထိုဂရဟဒိန္န၏။ ဂေဟံ၊အိမ်သို့။ ဂန္တွာ၊သွား၍။ သမ္မ၊သူငယ်ချင်း။ သက္ကာရော၊ လှူဘွယ်ကို။ ကတော၊ ပြုအပ်ပြီလော။ ဣတိအာဟ၊ ဤသို့ မေး၏။ သမ္မ၊ သူငယ်ချင်း။ အာမ၊ စီရင်၍ပြီးပြီ။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သော၊ ထိုလှူဘွယ်ဝတ္ထုသည်။ ကဟံပန၊ အဘယ်မှာနည်း။ ဣတိ၊ ဤသို့မေး၏။ ဧဟိ၊ ကြွခဲ့လော့။ ပဿာမာတိ၊ ကြည့်ကုန်အံ့ဟူ၍။ သဗ္ဗံ၊ အလုံးစုံကို။ သိရိဂုတ္တေန၊ သိရိဂုတ္တသည်။ ဒဿိတ နယေနေဝ၊ ပြသော နည်းဖြင့်လျှင်။ ဒဿေသိ၊ ပြ၏။ သိရိဂုတ္တော၊ သိရိဂုတ္တသည်။ သမ္မ၊ သူငယ်ချင်း။ သာဓု၊ ကောင်းပြီ။ ဣတိအာဟ၊ ဤသို့ဆို၏။ မဟာဇနော၊ လူအပေါင်းသည်။ သန္နိပတိ၊ စည်းဝေး၏။ ဟိ၊ ထိုစကားသင့်စွ။ မိစ္ဆာ-ဒိဋ္ဌိကေန၊ မိစ္ဆာအယူရှိသောသူသည်။ နိမန္တိတေ၊ ဆွမ်းဘိတ်သည်ရှိသော်။ မဟန္တော သန္နိပါတော၊ ကြီးစွာသော အစည်းအဝေးသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ မိစ္ဆာဒိဋ္ဌိကာပိ၊ မိစ္ဆာဒိဋ္ဌိတို့သည်လည်း။ သမဏဿ ဂေါတမဿ၊ ရဟန်းဂေါတမ၏။ ဝိပ္ပကာရံ၊ ဖေါက်ပြန် ပျက်စီးခြင်းကို။ ပဿိဿာမ၊ ကြည့်ကုန်အံ့။ ဣတိ၊ ဤသို့ အောက်မေ့၍။ သန္နိပတန္တိ၊ စည်းဝေးကုန်၏။ သမ္မာဒိဋ္ဌိကာပိ၊ သမ္မာဒိဋ္ဌိတို့သည်လည်း။ အဇ္ဇ၊ယနေ့။ သတ္ထာ၊ဘုရားသခင်သည်။ မဟာဓမ္မဒေသနံ၊ မြတ်သော တရားဟောခြင်းကို။ ဒေသေဿတိ၊ ဟောလတ္တံ့။ ဗုဒ္ဓဝိသယံ၊ ဘုရား၏ အရာကို။ ဗုဒ္ဓလီလံ၊ ဘုရား၏ ဝံပယ်ခြင်းကို။ ဉပဓာရေဿာမ၊ စူးစမ်း၍ ဖူးမြင်ကုန်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်းလျက်။ သန္နိပတန္တိ၊ စည်းဝေးကုန်၏။

ပုနဒိဝသေ၊ မိုးသောက်သော နေ့၌။ သတ္ထာ၊ ဘုရားသည်။ ပဉ္စဟိ-ဘိက္ခုသတေဟိ၊ ရဟန်းငါးရာတို့နှင့်။ သဒ္ဓိံ၊တကွ။ ဂရဟဒိန္နဿ၊ ဂရဟ-ဒိန္န၏။ ဂေဟဒွါရံ၊ အိမ်တံခါးသို့။ အဂမာသိ၊ ကြွတော်မူ၏။ သော၊

ထိုဂရဟာဒိန္နသည်။ ဂေဟာ၊ အိမ်မှ။ နိက္ခမိတွာ၊ ထွက်၍။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသောတည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပုရတော၊ ရှေ့မှ။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ ဌိတော၊ ရပ်လျက်။ စိန္တေသိ၊ ကြံ၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ အတီတာဒိဘေဒံ၊ အတိတ်စသည် အပြားရှိသော။ သဗ္ဗံ၊ အလုံးစုံကို။ ဇာနာထကိရ၊ သိကုန်သတတ်၊ သောဠသဟာကာရေဟိ၊ တဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့်။ သတ္တာနံ၊ သတ္တဝါတို့၏။ စိတ္တံ၊စိတ်အကြံကို။ ပရိစ္ဆိန္ဒထကိရ၊ ပိုင်းခြား၍ ဆိုကုန်သတတ်။ ဣတိဝေံ၊ဤသို့။ တုမှာကံ၊အရှင်ဘုရားတို့၏။ ဥပဋ္ဌာကေန၊ အလုပ်အကျွေးသည်။ မယှံ၊ အကျွန်ုပ်အား။ ကထိတံ၊ဆို၏။ သဗ္ဗံ၊အလုံးစုံကို။ သစေ ဇာနာထ၊ အကယ်၍ သိကုန်သည်ဖြစ်အံ့။ မယှံ၊ငါ၏။ ဂေဟံ၊ အိမ်သို့။ မာပဝိသိတ္ထ၊ မဝင်ပါကုန်လင့်။ ဟိ၊ ထိုစကားသင့်စွ။ ပဝိဋ္ဌာနံ၊ ဝင်ကုန်သော။ ဝေါ၊ အရှင်ဘုရားတို့အား။ ယာဂုယာဂုသည်။ နေဝအတ္ထိ၊ မရှိ။ ဘတ္တာဒိနိ၊ဆွမ်း-စသည်တို့သည်။ န အတ္ထိ၊မရှိကုန်။ ခေါပန၊စင်စစ်။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တုမှေ၊ အရှင်ဘုရားတို့ကို။ အင်္ဂါရ ကာသုယံ၊ မီးကျီးတွင်း၌။ ပါတေတွာ၊ချ၍။ နိဂ္ဂဏှိဿာမိ၊နှိပ်အံ့။ ဣတိ၊ဤသို့ကြံ၏။ ဧဝံစိန္တေတွာ၊ဤသို့ကြံပြီး၍။ သတ္ထု၊ဘုရား၏။ ပတ္တံ၊သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ ဘဂဝါ၊ ရှင်ပင်ဘုရား။ ဣတော၊ ဤအရပ်သို့။ ထေ၊ ကြွခဲ့လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဘန္တေ၊ အရှင်ဘုရား။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဂေဟံ၊ အိမ်သို့။ အာဂတာနံ၊ လာကုန်သော သူတို့သည်။ ဝတ္တံ၊ ဝတ်ကို။ ဥတွာ၊ သိ၍။ အာဂန္တုံ၊ လာခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိအာဟ၊ ဤသို့ လျှောက်၏။

အာဝုသော၊ ဒါယကာ။ ကိံ၊အဘယ်ကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်သနည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဧကေကဿ၊ တပါးတပါးစီ။ ပဝိသိတွာ၊ ဝင်၍။ ပုရတော၊ ရှေ့သို့။ ဂန္တွာ၊ သွား၍။ နိသိန္နကာလေ၊ ရဟန်းတပါး နေပြီးသောအခါ၌။ ပစ္ဆာ၊ နောက်မှ။ အညေန၊ ရဟန်းတပါးသည်။ အာဂန္တုံ၊ လာခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ လျှောက်၏။ ဧဝံ၊ ဤသို့။ အဿ၊ ထို ဂရဟာဒိန္န၏။ ဧတံ၊ ဤအကြံသည်။ အဟောသိကိရ၊ ဖြစ်သတတ်။ ပုရတော၊ရှေ့သို့။ ဂစ္ဆန္တံ၊ သွားသောသူကို။ အင်္ဂါရ ကာသုယံ၊ မီးကျီးတွင်း၌။ ပတိတံ၊ ကျသည်ကို။ ဒိသွာ၊ မြင်၍။ အဝသေသာ၊ ကြွင်းသော ရဟန်းတို့သည်။ နအာဂစ္ဆိဿန္တိ၊ မလာဝံ့ကုန်

လတ္တံ့။ ဧကောကမေဝ၊ တပါး တပါးကိုသာလျှင်။ ပါတေတွာ၊ ချ၍။ နိဂ္ဂဏှိုဿာမိ၊ နှိပ်အံ့။ ဣတိ၊ ဤသို့အကြံဖြစ်၏။ သတ္ထာ၊ ဘုရားရှင်သည်။ သာဓုတိ၊ ကောင်းပြီဟု။ ဝတွာ၊ ၍။ ဧကေကောဝ၊ ကိုယ်တော် တည်းသာလျှင်။ ပါယာသိ၊ ကြွတော်မူ၏။ ဂရဟဒိန္နောဝ၊ ဂရဟဒိန္နသည်။ အင်္ဂါရကာသုံ၊ မီးကျီးတွင်းသို့။ ပတွာ၊ ရောက်၍။ အပသက္ကိတွာ၊ နောက်သို့ ဆုတ်၍။ ဌိတော၊ ရပ်လျက်။ ဘန္တေ၊ ဘုရား။ ပုရတော၊ ရှေ့သို့။ ယာထ၊ ကြွလော့။ ဣတိအာဟ၊ ဤသို့ လျှောက်၏။ သတ္ထာ၊ ဘုရားရှင်သည်။ အင်္ဂါရကာသုမတ္ထကေ၊ မီးကျီးတွင်း၏ အထက်၌။ ပါဒံ၊ ခြေကို။ ပသာရေတိ၊ ဆန့်တော်မူ၏။ ကိလဥ္စံ၊ ဖျာသည်။ အန္တရဓာယိ၊ ကွယ်ပျောက်၏။ အင်္ဂါရကာသုံ၊ မီးကျီးတွင်းကို။ ဘိန္ဒိတွာ၊ ဖောက်ခွဲ၍။ စက္ကမတ္တာနိ၊ လှည်းဘီးအတိုင်းအရှည် ရှိကုန်သော။ ပဒုမာနိ၊ ပဒုမ္မာကြာပွင့်တို့သည်။ ဥဋ္ဌဟိံသု၊ ပေါက်ကုန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ ပဒုမကဏ္ဏိကေ၊ ပဒုမ္မာကြာချပ်၌။ အက္ကမန္တော၊ နင်းလျက်။ ဂန္တွာ၊ ကြွ၍။ ပညတ္တေ၊ ခင်းအပ်သော။ ဗုဒ္ဓါသနေ၊ ဘုရားနေရာ၌။ နိသီဒိ၊ နေတော်မူ၏။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။ တထေဝ၊ ထိုအတူလျှင်။ ဂန္တွာ၊ သွား၍။ နိသီဒိံသု၊ နေကုန်၏။ ဂရဟဒိန္နဿ၊ ဂရဟဒိန္န၏။ ကာယတော၊ ကိုယ်မှ။ ဍာဟော၊ ပူလောင်ခြင်းသည်။ ဥဋ္ဌဟိ၊ တက်၏။

သော၊ ထိုဂရဟဒိန္နသည်။ ဝေဂေန၊ လျင်စွာ။ ဂန္တွာ၊ ၍။ သိရိဂုတ္တံ၊ သိရိဂုတ္တသို့။ ဥပသင်္ကမိတွာ၊ ၍။ သာမိ၊ အရှင်။ မေ၊ ၏။ တာဏံ၊ ကိုးကွယ်ရာသည်။ ဟောဟိ၊ ဖြစ်ပါလော့။ ဣတိအာဟ၊ ၏။ တေံ၊ ဤအကြောင်းသည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဂေဟေ၊ အိမ်၌။ ပဉ္စန္နံ ဘိက္ခုသတာနံ၊ ငါးရာသော ရဟန်းတို့အား။ ယာဂုဝါ၊ ယာဂုသည်ရင်း။ ဘတ္တာဒိနိဝါ၊ ဆွမ်းစသည်တို့သည်ရင်း။ နတ္ထိ၊ မရှိကုန်။ ကိံနုခေါ၊ အဘယ်ကို။ ကရောမိ၊ ပြုရာအံ့နည်း။ ဣတိ၊ ဤသို့ ဆို၏။ ကိံပန၊ သို့။ တယာ၊ သင်သည်။ ကတံ၊ ပြုသနည်း။ ဣတိအာဟ၊ ဤသို့ မေး၏။ အဟံ၊ သည်။ ဒွိန္နံ ဂေဟာနံ၊ အိမ်နှစ်ခုတို့၏။ အန္တရေ၊ ၌။ မဟန္တံ အာဝါဋံ၊ ကြီးစွာသော တွင်းကို။ အင်္ဂါရေဿ၊ မီးကျီးဖြင့်။ ပူရံ၊ ပြည့်သည်ကို။ ကာရေသိံ၊ ပြုစေ၏။ တတ္ထ၊ ထိုမီးကျီးတွင်း၌။ ပါတေတွာ၊ ချ၍။ နိဂ္ဂဏှိုဿာမိ၊ နှိပ်အံ့။ ဣတိစိန္တေသိ၊ ဤသို့ ကြံ၏။ အထ၊ ထိုသို့ ကြံလျက်။ နံ၊ ထိုမီးကျီးကို။ ဘိန္ဒိတွာ၊ ဖောက်၍။ မဟာပဒုမာနိ၊ ပဒုမ္မာ

ကြာပွင့်ကြီးတို့သည်။ ဥဌ္ဌဟိံသု၊ ပေါက်ကုန်၏။ တတ္ထ၊ ထိုပေါက်ရာ အရပ်၌။ သဗ္ဗေ၊ ခပ်သိမ်းသော ရဟန်းတို့သည်။ ပဒုမကဏ္ဏိကေ၊ ပဒုမ္မာ ကြာအချက်၌။ အက္ကမိတွာ၊ နင်း၍။ ဂန္တွာ၊ ကြွ၍။ ပညတ္တာသနေသု၊ ခင်းအပ်သော နေရာတို့၌။ နိသိန္နာ၊ နေကုန်၏။ သာမိ၊ သခင့်သား။ ဣဒါနိ၊ ယခုအခါ၌။ ကိံ ကရောမိ၊ အဘယ်သို့ ပြုရအံ့နည်း။ ဣတိ၊ ဤသို့ မေး၏။ တံ၊ သင်သည်။ ဣဒါနေဝ၊ ယခုပင်လျှင်။ မယှံ၊ ငါ့အား။ ယာဂု စာဋိယော၊ ယာဂုအိုးတို့သည်။ ဧတ္တိကာ၊ ဤမျှတို့တည်း။ ဘတ္တာဒီနိ၊ ဆွမ်း စသည်တို့သည်။ ဧတ္တကာနိ၊ ဤမျှတို့တည်း။ ဣတိ၊ ဤသို့။ ဒဿေသိနနု၊ ပြ၏ မဟုတ်သော။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သာမိ၊ အရှင့်သား။ ဝါဒံ၊ ဆိုခြင်းကား။ မုသာ၊ ချွတ်ယွင်းလေပြီ။ စာဋိယော၊ အိုးတို့ကား။ တုစ္ဆာဝ၊ အချည်းနှီးတို့သာတည်း။ ဣတိ၊ ဤသို့ ဆို၏။ ဟောတု၊ ထိုသို့ မူလည်းဖြစ်စေ။ ဂစ္ဆ၊ သွားချေ။ တာသု စာဋီသု၊ ထိုအိုးတို့၌။ ယာဂု- အာဒီနိ၊ ယာဂုစသည်တို့ကို။ ဩလောကေဟိ၊ ကြည့်ချေလော့။ ဣတိ၊ ဤသို့ ဆို၏။

တံ ခဏညေဝ၊ ထိုခဏ၌ပင်လျှင်။ တေန၊ ထိုဂရဟဒိန္နသည်။ ယာသု- စာဋီသု၊ အကြင် အိုးတို့၌။ ယာဂူတိ၊ ယာဂုဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တာ၊ ထိုအိုးတို့သည်။ ယာဂုယာ၊ ယာဂုဖြင့်။ ပူရယိံသု၊ ပြည့်ကုန်၏။ ယာသု၊ အကြင် အိုးတို့၌။ ဘတ္တာဒီနီတိ၊ ဆွမ်းစသည်တို့ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တာ၊ ထိုအိုးတို့သည်။ ဘတ္တာဒီနံ၊ ဆွမ်းစသည်တို့ဖြင့်။ ပရိပုဏ္ဏာဝ၊ ပြည့်ကုန် သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။ တံ သမ္ပတ္တိံ၊ ထိုပြည့်စုံခြင်းကို။ ဒိသွာဝ၊ မြင်၍လျှင်။ ဂရဟဒိန္နဿ၊ ဂရဟဒိန္န၏။ သရီရံ၊ ကိုယ်သည်။ ပီတိပါမောဇ္ဇေန၊ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းဖြင့်။ ပရိပူရိတံ၊ ပြည့်၏။ စိတ္တံ၊ စိတ်သည်။ ပသန္နံ၊ ကြည်လင်၏။ သော၊ ထိုဂရဟဒိန္နသည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဗုဒ္ဓပမုခံ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ပရိဝိသိတွာ၊ ဆွမ်းကျွေး၍။ ကတဘတ္တ ကိစ္စဿ၊ ဆွမ်းဘုန်းပေးခြင်းကိစ္စ ပြီးသည်ရှိသော်။ သတ္ထုနော၊ ဘုရားအား။ အနုမောဒနံ၊ အနုမောဒနာကို။ ကာရေတုကာမော၊ ပြုစေလိုသည်ဖြစ်၍။ ပတ္တံ၊ သပိတ်ကို။ ဂဏှိ၊ ယူ၏။ သတ္ထာ၊ ဘုရားသည်။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောန္တော၊ ပြုလိုသည်ဖြစ်၍။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ပညာစက္ခုနော၊ ပညာမျက်စိ၏။ အဘာဝေနေဝ၊ မရှိခြင်းကြောင့်လျှင်။ မမ၊ ငါဘုရား၏။

သာဝကာနံ၊ သာဝကတို့၏လည်းကောင်း။ ဗုဒ္ဓသာသနဿ၊ ဘုရားသာသနာ၏လည်းကောင်း။ ဂုဏံ၊ ကျေးဇူးကို။ န ဇာနန္တိ၊ မသိကုန်။ ဟိ၊ ထိုစကား သင့်စွ။ ပညာစက္ခုဝိရဟိတာ၊ ပညာမျက်စိမှ ကင်းသည်၏အဖြစ်ကြောင့်။ အန္ဓာနာမ၊ အကန်းမည်ကုန်၏။ ပညဝန္တော၊ ပညာရှိသောသူတို့သည်။ သစက္ခုကာနာမ၊ မျက်စိရှိသည် မည်ကုန်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

(၅၈) မဟာပထေ၊ ခရီးလမ်းမ၌။ ဥဇ္ဈိတသ္မိံ၊ စွန့်ပစ်အပ်သော။ သင်္ကာရဓာနသ္မိံ၊ တံမြက်ချေးစွန့်ရာ အရပ်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုတံမြက်ချေးစွန့်ရာ အရပ်၌။ သုစိဂန္ဓံ၊ ကောင်းသောအနံ့ရှိသော။ မနောရမံ၊ နှလုံးမွေ့လျော်ဘွယ် ရှိသော။ ပဒုမံ၊ ကြာသည်။ ဇာယေထယထာ၊ ဖြစ်သကဲ့သို့။

(၅၉) ဧဝံ၊ ဤအတူ။ သင်္ကာရဘူတေသု၊ တံမြက်ချေးစုသဘွယ်ဖြစ်၍ဖြင်ကုန်သော။ အန္ဓဘူတေ အန္ဓဘူတေသု၊ ပညာမျက်စိ ကင်းခြင်းကြောင့် အကန်းသဖွယ်ဖြစ်၍ ဖြစ်ကုန်သော။ ပုထုဇ္ဇနေ ပုထုဇ္ဇနေသု၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့၌။ ဇာတော၊ ဖြစ်သော။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ ဘုရားတပည့်သည်။ ပညာယ၊မိမိပညာဖြင့်။ အတိရောစတိ၊ အလွန်တင့်တယ်၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ သင်္ကာရဓာနသ္မိန္တိ၊ ဟူသည်ကား။ သင်္ကာရဓာနသ္မိံကစဝရ ရာသိမှို၊ တံမြက်ချေးအမှိုက်စု၌။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဥဇ္ဈိတသ္မိံ မဟာပထေတိ၊ ဟူသည်ကား။ မဟာမဂ္ဂေ၊ ခရီးမ၌။ ဆဍ္ဍိတသ္မိံ၊ စွန့်အပ်သော။ သုစိဂန္ဓန္တိ၊ ဟူသည်ကား။ သုရဘိဂန္ဓံ၊ ကောင်းသော အနံ့ရှိသော။ ဧတ္ထ၊ ဤအာရုံ၌။ မနော၊ စိတ်သည်။ ရမတိ၊ မွေ့လျော်တတ်၏။ ဣတိ၊ ထို့ကြောင့်။ မနောရမံ၊ မနောရမမည်၏။ သင်္ကာရဘူတေသူတိ၊ ဟူသည်ကား။ သင်္ကာရဘူမိဝဘူတေသု၊ တံမြက်ချေးစုရာ မြေကဲ့သို့ ဖြစ်၍ ဖြစ်ကုန်သော။ ပုထုဇ္ဇနေတိ၊ ဟူသည်ကား။ ပုထူနံ၊ များစွာကုန်သော။ ကိလေသာနံ၊ ကိလေသာတို့၏။ ဇနနတော၊ ဖြစ်စေတတ်သည်၏ အဖြစ်ကြောင့်။ ဧဝံလဒ္ဓနာမေ၊ ဤသို့ရအပ်သော အမည်ရှိသော။ လောကိယ မဟာဇနေ၊ လောကီလူအပေါင်း၌။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ မဟာပထေ၊ ခရီးမ၌။ ဆဍ္ဍိတေ၊ စွန့်အပ်သော။ အသုစိ ဇေဂုစ္ဆိယ ပဋိကူလေပိ၊ မစင်

ကြွယ်သဖြင့် စက်ဆုပ်ရွံရှာဘွယ်ရှိသည်လည်း ဖြစ်သော။ သက်ာရ ရာသိမို၊ တံမြက်ချေးအစု၌။ သုစိဂန္ဓိ၊ ကောင်းသောအနံ့ရှိသော။ ပဒုမံ၊ ပဒုမ္မာသည်။ ဇာယေထ၊ ပေါက်ရာ၏။ မနောရမံ၊ နှလုံးမွေ့လျော်ဘွယ်ရှိသော။ ပိယံ၊ နှစ်သက်ဘွယ်ရှိသော။ မနာပံ၊ မြတ်နိုးဘွယ်ရှိသော။ တံ၊ ထိုကြာသည်။ ရာဇ ရာဇမဟာမတ္တာဒီနံ၊ တို့၏။ ဥပရိမတ္ထကေ၊ ထိပ်ထက်၌။ ပတိဋ္ဌာနာရဟာမေဝ၊ ပန်ဆင်ခြင်းငှါ ထိုက်သည်သာလျှင်။ ဘဝေယျယထာ၊ ဖြစ်ရာသကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ သက်ာရဘူတေသု၊ တံမြက်ချေးစုသဖွယ်ဖြစ်၍ ဖြစ်ကုန်သော။ ပုထုဇ္ဇနေသု၊ ပုထုဇဉ်တို့၌။ ဇာတော၊ ဖြစ်သော။ နိပ္ပညာ၊ ပညာမရှိသော။ အစက္ခုကာ၊ မျက်စိမရှိသော။ မဟာဇနာ၊ လူအပေါင်း၏။ အန္တရေ၊ အကြား၌။ နိဗ္ဗတ္တောပိ၊ ဖြစ်သော်လည်း။ အတ္တနော၊ မိမိ၏။ ပညာဗလေန၊ ပညာအစွမ်းဖြင့်။ ကာမေသု၊ ကာမဂုဏ်တို့၌။ အာဒီနဝံ၊ အပြစ်ကိုလည်းကောင်း။ နိက္ခမေ၊ တောထွက်ခြင်း၌။ အာနိသံသံစ၊ အကျိုးကိုလည်းကောင်း။ ဒိသွာ၊ မြင်၍။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ ပဗ္ဗဇိတမတ္တောနပိ၊ ရဟန်းပြုကာမျှဖြင့်လည်း။ ဥတ္တရိ၊ အလွန်။ သီလ သမာဓိ ပညာ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနာဒီဟိ၊ သီလ သမာဓိ ပညာ အရဟတ္တဖိုလ် ပစ္စဝေက္ခဏာဉာဏ်စသည်တို့ဖြင့်။ အာရာဓေတွာပိ၊ နှစ်သက်စေ၍လည်း။ သမ္မာသမ္ဗုဒ္ဓသာဝကော၊ ဘုရားတပည့်ဖြစ်သော။ ခီဏာသဝေါ၊ ရဟန္တာဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ အန္ဓဘူတေ၊ အကန်းဖြစ်၍ ဖြစ်ကုန်သော။ ပုထုဇ္ဇနေ၊ ပုထုဇဉ်တို့ကို။ အတိက္ကမိတွာ၊ လွန်၍။ ရောစတိ ဝိရောစတိ၊ အထူးနှစ်သက်ဘွယ်ရှိ၏။ သောဘတိ၊ တင့်တယ်၏။ ဣတိ၊ ဤကား အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ စတုရာသီတိယာ ပါဏသဟဿာနံ၊ ရှစ်သောင်းလေးထောင်သော သတ္တဝါတို့အား။ ဓမ္မာဘိသမယော၊ သစ္စာလေးပါးကို သိသည်။ အဟောသိ၊ ဖြစ်၏။ ဂရဟာဒိန္နော စ၊ ဂရဟဒိန္နသည်လည်း ကောင်း။ သိရိဂုတ္တော စ၊ သိရိဂုတ္တသည်လည်း ကောင်း။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ တေ၊ ထိုဂရဟာဒိန္န သိရိဂုတ္တတို့သည်။ သဗ္ဗံ၊ အလုံးစုံသော။ အတ္တနော၊ မိမိ၏။ ဓနံ၊ ဥစ္စာကို။ ဗုဒ္ဓသာသနေ၊ ဘုရားသာသနာတော်၌။ ဝိပ္ပကိရိံသု၊ စွန့်ကြဲကုန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဝိဟာရံ၊ ကျောင်းသို့။ အဂမာသိ၊ ကြွတော်မူ၏။ ဘိက္ခူ၊ ရဟန်း

တို့သည်။ သာယန္ဟသမယေ၊ ညချမ်းသောအခါ၌။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဆိုကုန်၏။ ဗုဒ္ဓဂုဏာ၊ ဘုရားကျေးဇူးတို့သည်။ အဟော အစ္ဆရိယာနာမ၊ အံ့ဘွယ်သရဲရှိသည်မည်၏။ တထာရူပံ၊ ထိုသို့ သဘောရှိသော။ ခဒိရင်္ဂါရ ရာသိံ၊ ရှားမီးကျီးစုကို။ဘိန္ဒိတွာ၊ ဖေါက်ခွဲ၍။ ပဒုမာနိ၊ ပဒုမ္မာကြာပွင့်တို့သည်။ ဥဋ္ဌဟိံ-သုနာမ၊ ပေါက်သည် မည်ကုန်၏။ ဣတိ၊ ဤသို့ဆိုကုန်၏။ သတ္ထာ၊ ဘုရားရှင်သည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ တို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ ဝည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးခြင်းကြောင့်။ ဣမာ-ယနာမာတိ၊ ဤမည်သော စကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဧတရဟိ၊ ယခုအခါ၌။ ဗုဒ္ဓဘူတဿ၊ ဘုရားဖြစ်တော်မူသော။ မမ၊ ငါဘုရားအား။ အင်္ဂါရ ရာသိမှာ၊ မီးကျီးစုမှ။ ပဒု-မာနိ၊ ပဒုမ္မာတို့သည်။ ဥဋ္ဌိတာနိ၊ ပေါက်သည်တို့ကား။ အနစ္ဆရိယံ၊ အံ့ဘွယ်မရှိသေး။ အပရိပက္ကေဉာဏေ၊ မရင့်သေးသော ဉာဏ်သည်။ ဝတ္တ-မာနဿ၊ ဖြစ်သော။ ဗောဓိသတ္တဘူတဿ၊ ဘုရားလောင်းဖြစ်၍ ဖြစ်တော်မူသော။ မေ၊ ငါ့အား။ ဥဋ္ဌဟိံသု၊ ပေါက်ဘူးကုန်ပြီ။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဘန္တေ၊ ဘုရား။ ကဒါ၊ အဘယ်အခါ၌ ပေါက်ဘူးသနည်း။ နော၊ အကျွန်ုပ်တို့အား။ အာစိက္ခထ၊ ကြားတော်မူပါကုန်လော့။ ဣတိ-ယာစိတော၊ ဤသို့ တောင်းပန်အပ်သော ဘုရားသည်။ အတီတံ၊ လွန်လေပြီးသော အကြောင်းကို။ အာဟရိတွာ၊ ဆောင်၍-

နိရယံ၊ ပူသောငရဲသို့။ ဥဒ္ဓံပါဒေါ၊ ခြေကားမိုးမြှော်။ အဝံသိရော၊ ဦးခေါင်းစောက်ထိုး။ ကာမံ၊ စင်စစ်။ ပတာမိ၊ ကျပစေ။ အနရိယံ၊ မမြတ်သည်ကို။ နကရိဿာမိ၊မပြုအံ့။ ဟန္ဒ၊ ယခု။ ပိဏ္ဍံ၊ဆွမ်းကို။ ပဋိဂ္ဂဟ၊ ခံတော်မူလော့။ ဣတိ၊ ဤသို့။ ဣမံ ခဒိရင်္ဂါရ ဇာတကံ၊ ဤခဒိရင်္ဂါရ ဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။ ကထေသိ၊ ဟောတော်မူ၏။

ဒွါဒသမံ၊သော။ ဂရဟဒိန္နဝတ္ထု၊ သည်။ ဣတိသမတ္တံ၊ ပြီးပြီ။

ပုပ္ဖဝဂ္ဂဝဏ္ဏနာ၊ ပုပ္ဖဝဂ်အဖွင့်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

စတုတ္ထော၊ သော။ ဝဂ္ဂေါ၊ သည်။

နိဋ္ဌိတော၊ ပြီးပြီ။

# ၅-ဗာလဝဂ်

## ၁-အညတရပုရိသ ဝတ္ထု

အနုသန္ဓေ .. တဆယ့်နှစ်ဝတ္ထုတို့ဖြင့် ပိုင်းခြားအပ်သော ပုပ္ဖဝဂ်၌ ဟောအပ်သော ဂါထာတို့၏အနက်ကို ဖွင့်ပြီး၍ တဆယ့်ငါးဝတ္ထု တို့ဖြင့် ပိုင်းခြား အပ်သော ဗာလဝဂ်၌ ဟောအပ်သော ဂါထာတို့တွင် အညတရပုရိသဝတ္ထု၌ ဟောရာ ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ ဒီဃာ ဇာဂရတော စသည် မိန့်အပ်၏။

ဒီဃာ ဇာဂရတော ရတ္တိတိ ဣမံ ဓမ္မဒေသနံ၊ ဒီဃာ ဇာဂရတော ရတ္တိ စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ပသေနဒိကောသလဉ္စေဝ၊ ပသေနဒီကောသလမင်းကိုလည်းကောင်း။ အညတရဉ္စ ပုရိသံ၊ မထင်ရှားသော ယောကျ်ားကိုလည်းကောင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ ရာဇာ ပသေနဒိ ကောသလော၊ကောသလမင်းသည်။ ဧကသ္မိံ ဆဏဒိဝသေ၊ တခုသောပွဲသဘင်နေ့၌။ အလင်္ကတပဋိယတ္တံ၊ တန်းဆာဆင်ခြင်းနှင့်စပ်သော။ သဗ္ဗသေတံ၊ ကိုယ်လုံးဖြူသော။ ပုဏ္ဍရိကံနာမ၊ ပုဏ္ဍရိက အမည်ရှိသော။ ဧကံ ဟတ္ထိံ၊ ဆင်တကောင်ကို။ အဘိရုယှ၊ စီး၍။ မဟန္တေန၊ များစွာသော။ ရာဇာနုဘာဝေန၊ မင်း၏ အာနုဘော်ဖြင့်။ နဂရံ၊ ပြည်ကို။ ပဒက္ခိဏံ၊ လကျ်ာရစ် လှည့်သည်ကို။ ကရောတိ၊ ပြု၏။ ဥဿာရဏာယ၊ ပွဲသဘင်သည်။ ဝတ္တမာနာယ၊ ဖြစ်သည်ရှိသော်။ လေဍ္ဍုဒဏ္ဍာဒီဟိ၊ အုတ်ခဲ လှန်ကန် စသည် တို့ဖြင့်။ ပေါထိယမာနော၊ ပုတ်ခတ်အပ်သည် ဖြစ်၍။ မဟာဇနော၊ လူအပေါင်းသည်။ ပလာယန္တော၊ ပြေးသည်ရှိသော်။ ဂီဝံ၊ လည်ကို။ ပရိဝတ္တေတွာပိ၊ ပြန်၍လည်း။ ဩလောကေတိယေဝ၊ ကြည့်သေးသည် သာလျှင်တည်း။ ဧဝံ၊ သို့။ ရာဇူနံ၊ မင်းတို့၏။ ဧတံ၊ ဤသို့ ပြည့်စုံခြင်းသည်။ သုဒိန္န ဒါနဿ၊ ကောင်းစွာ ပေးအပ်သော အလှူ၏။ ဖလံကိရ၊ အကျိုးဖြစ် သတတ်။ အညတရဿာပိ၊ မထင်ရှားသည်လည်း ဖြစ်သော။ ဒုဂ္ဂတပုရိသဿ၊ လူဆင်းရဲ၏။ ဘရိယာ၊ မယားသည်။ သတ္တဘူမိကဿ၊ ဘုံခုနစ်ဆင့်ရှိသော။ ပါသာဒဿ၊ ပြာသာဒ်၏။ ဥပရိတလေ၊ အထက်အပြင်၌။ ဌိတာ၊ နေ၏။

သာ၊ ထိုမိန်းမသည်။ ဧကံ ဝါတပါန ကဝါဋံ၊ တခုသောလေသာပြူတင်း ၏ တံခါးရွက်ကို။ ဝိဝရိတွာ၊ ၍။ သြလောကေတွာဝ၊ ကြည့်၍လျှင်။ အပင်္ဂသ္မိ၊ ဖဲလေ၏။ ပုဏ္ဏစန္ဒော၊လပြည့်ဝန်းသည်။ ဝလာဟကန္တရံ၊တိမ်တိုက် ကြားသို့။ ပဝိဋ္ဌောဝိယ၊ ဝင်သကဲ့သို့။ ရညော၊ မင်းအား။ ဥပဋ္ဌာသိ၊ထင် ၏။ သော၊ထိုမင်းသည်။ တဿာ၊ထိုမိန်းမအား။ ပဋိဗဒ္ဓစိတ္တော၊ တပ်သော စိတ်ရှိသည်ဖြစ်၍။ ဟတ္ထိက္ခန္ဓတော၊ ဆင်ကျောက်ကုန်းမှ။ ပတနာကာရပတ္တောဝိယ၊ ကျအံ့သော အခြင်းအရာသို့ ရောက်သကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ခိပ္ပံ၊ လျင်စွာ။ နဂရံ၊ ပြည်ကို။ ပဒက္ခိဏံကတွာ၊ လကျ်ာရစ် လည်သည်ကို ပြု၍။ အန္တေပုရံ၊ နန်းတော်တွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ဧကံ၊ တယောက် သော။ ဝိဿာသိကံ၊ အကျွမ်းဝင်သော။ အမစ္စံ၊ အမတ်ကို။ အာဟ၊ ဆို၏။ အသုကဋ္ဌာနေ၊ ဤမည်သော အရပ်သို့။ ဂန္တွာ၊ သွားသည်ရှိသော်။ တေ၊ သင်သည်။ မယာ၊ ငါသည်။ သြလောကိတပါသာဒေ၊ ကြည့်သော ပြာသာဒ်ကို။ ဒိဋ္ဌော၊ မြင်ခဲ့၏လော။ ဣတိ၊ ဤသို့မေး၏။

ဒေဝ၊ မင်းကြီး။ အာမ၊ မြင်၏။ ဣတိ၊ ဤသို့တင်၏။ ဂစ္ဆ၊ သွား ချေ။ တဿာ၊ ထိုမိန်းမ၏။ သသာမိကဘာဝံ၊ လင်ရှိသည်၏ အဖြစ်ကို လည်းကောင်း။ အသာမိကဘာဝံ၊ လင်မရှိသည်၏ အဖြစ်ကိုလည်းကောင်း။ ဇာနာဟိ၊ သိအောင်ပြုလော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ သော၊ ထိုအမတ် သည်။ ဂန္တွာ၊ သွား၍။ တဿာ၊ ထိုမိန်းမ၏။ သသာမိကဘာဝံ၊ လင် ရှိသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ အာဂန္တွာ၊ လာ၍။ ရညော၊ မင်း အား။ သသာမိကာ၊ လင်ရှိသော မိန်းမဖြစ်ပါသည်ဘုရား။ ဣတိအာရောစေသိ၊ ဤသို့ကြား၏။ အထ၊ ထိုအခါ၌။ ရညာ၊ မင်းသည်။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ တဿာ၊ ထိုမိန်းမ၏။ သာမိကံ၊ လင်ကို။ ပက္ကောသာဟီတိ၊ ခေါ်ချေလော့ဟု။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ သော၊ ထိုအမတ် သည်။ ဂန္တွာ၊ သွား၍။ ဘော၊ အချင်း။ ဧဟိ၊ လာလှည့်။ ရာဇာ၊ မင်း သည်။ တံ၊ သင့်ကို။ ပက္ကောသတိ၊ ခေါ်၏။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ ထိုယောကျ်ားသည်။ စိန္တေသိ၊ ကြံ၏။ မေ၊ ငါ၏။ ဘရိယံ၊ မယားကို။ နိဿာယ၊ မှီ၍။ ဥပ္ပန္နေန၊ ဖြစ်သော။ ဘယေန၊ ဘေးသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ ရညော၊ မင်း၏။ အာဏံ၊ အာဏာကို။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင် သည်ဖြစ်၍။ ဂန္တွာ၊ သွား၍။ ရာဇာနံ၊ မင်းကြီးကို။ ဝန္ဒိတွာ၊ ရှိခိုး၍။

အဋ္ဌာသိ၊ နေ၏။ အထ၊ ထို့နောင်မှ။ ရာဇာ၊ မင်းသည်။ မံ၊ ငါ့ကို။ ဣတောပဋ္ဌာယ၊ ဤနေ့မှစ၍။ ဥပဋ္ဌာဟိ၊ ဆည်းကပ်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။

ဒေဝ၊ အရှင်မင်းကြီး။ အလံ၊ မသင့်။ အတ္တနော၊ မိမိ၏။ ကမ္မံ၊ အမှုကို။ ကတ္တွာ၊ ပြု၍။ တုမှာကံ၊ အရှင်မင်းကြီးတို့၏။ သုက်ံ၊ အခွန်ကို။ ဒဒါမိ၊ ပေးရအံ့။ မေ၊ ငါ၏။ ဃရေဃောဝ၊ အိမ်၌သာလျှင်။ ဇီဝိကာ၊ အသက်မွေးရခြင်းသည်။ ဟောတု၊ ဖြစ်စေလော့။ ဣတိ၊ ဤသို့တင်၏။ တဝ၊ သင်၏။ သုက္ကေန၊ အခွန်ဖြင့်။ မယှံ၊ ငါ့အား။ အတ္ထော၊ အလိုသည်။ နတ္ထိ၊ မရှိ။ အဇ္ဇတောပဋ္ဌာယ၊ ယနေ့မှစ၍။ မံ၊ ငါ့ကို။ ဥပဋ္ဌာဟီတိ၊ ခစားလော့ဟု။ တဿ၊ ထိုယောကျ်ားအား။ ဖလကဉ္စ၊ ကာကိုလည်းကောင်း။ အာဝုဓဉ္စ၊ လက်နက်ကိုလည်းကောင်း။ ဒါပေသိ၊ ပေးစေ၏။ အဿ၊ ထိုမင်း၏။ ဧဝံ၊ ဤအကြံသည်။ အဟောသိကိရ၊ ဖြစ်သတတ်။ ကိဉ္စိဒေဝ၊ တစုံတခုသာလျှင် ဖြစ်သော။ ဒေါသံ၊ အပြစ်ကို။ အာရောပေတွာ၊ တင်၍။ ဃာတေတွာ၊ သတ်၍။ အဿ၊ ထိုယောကျ်ား၏။ ဘရိယံ၊ မယားကို။ ဂဏှိဿာမိ၊ ယူအံ့။ ဣတိ၊ ဤသို့ကြံ၏။ အထ၊ ထိုအခါ၌။ သော၊ ထိုယောကျ်ားသည်။ နံ၊ ထိုမင်းကို။ မရဏဘယဘီတော၊ သေခြင်းမှကြောက်သောကြောင့်။ အပ္ပမတ္တော၊ မမေ့မလျော့။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာသိ၊ ခစား၏။

အထ၊ ထိုအခါ၌။ ရာဇာ၊ မင်းသည်။ တဿ၊ ထိုယောကျ်ား၏။ ဝိဝရံ၊ အခွင့်ကို။ အပဿန္တော၊ မမြင်သည်ဖြစ်၍။ သော၊ ထိုမင်းသည်။ ကာမရာဂပရိဠာဟော၊ ကာမဂုဏ်၏ ပူလောင်ခြင်းသည်။ ဝဍ္ဎန္တေ၊ ကြီးပွားသည်ရှိသော်။ အဿ၊ ထိုယောကျ်ားအား။ ဧကံဒေါသံ၊ တခုသောအပြစ်သို့။ အာရောပေတွာ၊ တင်၍။ ရာဇာဏံ၊ မင်းအာဏာကို။ ကရိဿာမီတိ၊ ပြုအံ့ဟူ၍။ တံ၊ ထိုယောကျ်ားကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ဧဝံအာဟ၊ ဤသို့ဆို၏။ အမ္ဘော၊ အချင်း။ ဣတော၊ ဤ နေပြည်တော်မှ။ ယောဇနမတ္တကေ၊ တယူဇနာထက်၌။ နဒိယာ၊ မြစ်၌။ အသုကဋ္ဌာနံနာမ၊ ဤမည်သော အရပ်သို့။ ဂန္တွာ၊ သွား၍။ သာယံ၊ ညအခါ၌။ မမ၊ ငါ၏။ နှာနဝေလာယ၊ ရေချိုးသောအခါ၌။ ကုမုဒုပ္ပလာနိစေဝ၊ ကုမုဒ္ဒရာကြာပွင့်တို့ကို လည်းကောင်း။ အရုဏဝတီမတ္တိကဉ္စ၊ အရုဏဝတီမြေကို လည်းကောင်း။ အာဟရ၊ ဆောင်ချေလော့။ တသ္မိံခဏေ၊ ထိုခဏ၌။

သစေနာဂစ္ဆသိ၊ အကယ်၍ မရောက်လာသည်ဖြစ်အံ့။ တေ၊ သင့်အား။ အာဏံ၊ မင်းအာဏာကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့ဆို၏။ သော၀-ကော၊ မင်းခစား ယောကျ်ားသည်။ စတူဟိ၊ လေးယောက် ကုန်သော။ ဒါသေဟိပိ၊ ကျွန်တို့အောက်လည်း။ ကိလိဋ္ဌတရော၀၊ အထူးအားဖြင့် ညစ်ညမ်းသည် သာလျှင်တည်း။ ဟိ၊ ထိုစကားသင့်စွ။ မနုဿကိတာဒယော၊ ဝယ်ကျွန် အစရှိကုန်သော။ ဒါသာ၊ ကျွန်တို့သည်။ မမ၊ ငါ၏။ သီသံ၊ ဦးခေါင်းသည်။ ရုဇ္ဇတိ၊ နာကျင်၏။ မေ၊ ငါ၏။ ပိဋ္ဌိ၊ ကျောက်ကုန်း သည်။ ရုဇ္ဇတိ၊ နာကျင်၏။ ဣတိ၀တွာ၊ ဤသို့ဆို၍။ အစ္ဆိတုံ၊ နေခြင်းငှါ။ လဘန္တိယေ၀၊ ရကုန်သည် သာလျှင်တည်း။ သေ၀ကဿ၊ မင်းခစားအား။ တော၊ ဤသို့နေရခြင်းသည်။ နတ္ထိ၊ မရှိ။ အာဏတ္တိကံ၊ စေခိုင်းအပ်သော။ ကမ္မံ၊ အမှုကို။ ကာတုမေ၀၊ ပြုခြင်းငှါ သာလျှင်။ ဝဋ္ဋတိ၊ သင့်၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုလူဆင်းရဲ ယောကျ်ားသည်။ အ၀ဿံ၊ မချွတ်။ မယာ၊ ငါသည်။ ဂန္တဗ္ဗံ၊ သွားအပ်၏။ ကုမုဒုပ္ပလေဟိ၊ ကုမုဒ္ဒရာ ကြာပန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ အရုဏ၀တီမတ္တိကာနာမ၊ အရုဏဝတီမြေ မည်သည်။ နာဂဘ၀နေ၊ နဂါးပြည်၌။ ဥပ္ပဇ္ဇတိ၊ ၏။ အဟံ၊ ငါသည်။ ကုဟိံ၊ အဘယ်အရပ်မှ။ လဘိဿာမိ၊ ရအံ့နည်း။ ဣတိ၊ ဤသို့။ စိန္တေ-န္တော၊ ကြံလျက်။ မရဏဘယဘီတော၊ သေဘေးမှ ကြောက်သည်ဖြစ်၍။ ဝေဂေန၊ လျင်စွာ။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ သွား၍။ ဘဒ္ဒေ၊ နှမ။ မေ၊ ငါ့အား။ ဘတ္တံ၊ ထမင်းသည်။ နိဋ္ဌိတံ၊ ကျက်ပြီလော။ ဣတိအာဟ၊ ဤသို့ဆို၏။

သာမိ၊အမောင်။ ဥဒ္ဓနမတ္ထကေ၊ ခုံလောက်အထက်၌ရှိသေး၏။ ဣတိ၊ ဤသို့ဆို၏။သော၊ထိုယောကျ်ားသည်။ ယာ၀၊အကြင်ရွေ့လောက်။ဘတ္တံ၊ ထမင်းအိုးကို။ ဩတရတိ၊ ချ၏။ တာ၀၊ ထိုရွေ့လောက်။ သန္ဓာရေတုံ၊ တည်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည် ဖြစ်၍။ ဥဋ္ဌုကေ-န၊ ယောက်ချိုဖြင့်။ ကဉ္ဇိကံ၊ ထမင်းဘတ် ကို။ ဟရာပေတွာ၊ ဆယ်စေ၍။ ယထာလဒ္ဓေန၊ ရ,ရတိုင်းသော။ ဗျဥ္ဇနေန၊ ဟင်းလျာနှင့်။ သဒ္ဓိံ၊ တကွ။ အလ္လမေ၀၊ လောလောပူ၍။ ချွေးမသိပ်သေးသော၊ ဘတ္တံ၊ ထမင်းကို။ ပစ္ဆိယံ၊ ခြင်းတောင်း၌။ ဩဝိဋ္ဋေတွာ၊ဘိနှိပ်၍။ အာဒါယ၊ယူ၍။ ယော-ဇနိကံ၊ တယူဇနာရှိသော။ မဂ္ဂံ၊ ခရီးကို။ ပက္ခန္ဒော၊ ပြေးသည်ရှိသော်။ အဿ၊ထိုယောကျ်ား၏။ ဂစ္ဆန္တဿေ၀၊ သွားစဉ်လျှင်။ ဘတ္တံ၊ထမင်းသည်။

ပက္ကံ၊ နပ်သည်။ အဟောသိ၊ဖြစ်၏။ သော၊ထိုယောကျ်ားသည်။ အနုစ္ဆဝိ၊ အကြွင်းမဟုတ်သည်ကို။ ဝါ၊အဦးအဖျား။ ကတွာဝ၊ပြု၍လျှင်။ ထောကံ၊ အတန်ငယ်။ ဘတ္တံ၊ထမင်းကို။ အာနေတွာ၊ ပယ်၍။ ဘုဉ္ဇန္တော၊စားသည် ရှိသော်။ ဧကံအဒ္ဓိကံ၊ ခရီးသွားတယောက်ကို။ ဒိသွာ၊မြင်၍။ မယာ၊ ငါ သည်။ အပနေတွာ၊ပယ်၍။ ဌပိတံ၊ထားအပ်သော။ ထောကံ၊အနည်းငယ် သော။ အနုစ္ဆဝိ၊ အကြွင်းမဟုတ်သော။ ဘတ္တမေဝ၊ ထမင်းသည်သာလျှင်။ အတ္ထိ၊ရှိ၏။ ဂဟေတွာ၊ယူ၍။ သာမိ၊ ခရီးသွား သခင်ယောကျ်ား။ ဘုဉ္ဇ၊ စားလော့။ ဣတိ၊ ဤသို့ဆိုလတ်သော်။ သော၊ ထိုခရီးသွားယောကျ်ား သည်။ ဂဏှိတွာ၊ ယူ၍။ ဘုဉ္ဇိ၊ စား၏။

ဣတရောပိ၊ မင်းခစား ယောကျ်ားသည်လည်း။ ဘုဉ္ဇိတွာ၊ စား၍။ ဧကံဘတ္တမုဋ္ဌိံ ၊ ထမင်းတဆုပ်ကို။ ဥဒကေ၊ ရေ၌။ ခိပိတွာ၊ ပစ်၍။ မုခံ၊ ခံတွင်းကို။ ဝိက္ခာလေတွာ၊ ဆေး၍။ မဟန္တေနသဒ္ဒေန၊ သည်းစွာသော အသံဖြင့်။ ဣမသ္မိံ နဒီ ပဒေသေ၊ ဤ မြစ်အရပ်၌။ အဓိဝတ္ထာ၊ စောင့် ရှောက်ကုန်သော။ နာဂ သုပဏ္ဏ ဒေဝါ၊ နဂါး,ဂဠုန်,နတ်တို့သည်။ မေ၊ ၏။ ဝစနံ၊ စကားကို။ သုဏန္တု၊ နာပါကုန်လော့။ ဣတိ၊ ဤသို့ဆို၏။ ရာဇာ၊မင်းသည်။ မယှံ၊ ငါ့အား။ အာဏံ၊ အာဏာကို။ ကာတုကာမော၊ ပြုလို၍။ ကုမုဒုပ္ပလေဟိ၊ ကုမုဒ္ဒရာကြာပန်းတို့နှင့်။ သဒ္ဓိံ ၊ တကွ။ အရုဏ-ဝတိံ မတ္တိကံ၊ အရုဏဝတီမြေကို။ အာဟရာတိ၊ ဆောင်ချေလော့ ဟူ၍။ မံ၊ ငါ့ကို။ အာဏာပေသိ၊ စေလွှတ်၏။ အဒ္ဓိက မနုဿာစ၊ ခရီးသွား လူအားလည်း။ မေ၊ ငါသည်။ ဘတ္တံ၊ ထမင်းကို။ ဒိန္နံ၊ ပေးအပ်သော။ တံ၊ ထို ကုသိုလ်သည်။ သဟဿာနိသံသံ၊ တထောင်သော အကျိုးရှိ၏။ ဥဒကေ၊ ရေ၌။ မစ္ဆာနံ၊ငါးတို့အား။ ဒိန္နံ၊ ပေးအပ်သော။ တံ၊ ထိုကုသိုလ် သည်။ သတာနိသံသံ၊ တရာသော အကျိုးရှိ၏။ ဧတ္တကံ၊ ဤမျှလောက် သော။ ပုညံ၊ ကောင်းမှု၏အကျိုးကို။ တုမှာကံ၊ တို့အား။ ပတ္တိံ ကတွာ၊ အဘို့ပြု၍။ ဒမ္မိ၊ ပေး၏။ မယှံ၊ အား။ ကုမုဒုပ္ပလေဟိ၊ ကုမုဒ္ဒရာကြာပန်း တို့နှင့်။ သဒ္ဓိံ ၊ တကွ။ အရုဏဝတီ မတ္တိကံ၊ အရုဏဝတီမြေကို။ အာဟရထ၊ ဆောင်ကုန်လော့။ ဣတိ၊ ဤသို့ဆိုလျက်။ တိက္ခတ္တုံ၊ သုံးကြိမ်။ အနုဿာ-ဝေသိ၊ ကြားစေ၏။

တတ္ထ၊ ထိုမြစ်စဉ်တလျှောက်၌။ အဓိဝတ္ထော၊စောင့်သော။ နာဂရာဇာ၊ နဂါးမင်းသည်။ တံ သဒ္ဒံ၊ ထိုအသံကို။ သုတွာ၊ ကြား၍။ မဟလ္လက-

ဝေသေန၊ လူအိုအသွင်ဖြင့်။ တဿ၊ ထိုယောကျ်ား၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ကိံ၊ အဘယ်ကို။ ဝဒေသိ၊ ဆိုသနည်း။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ ထို သူဆင်းရဲယောကျ်ားသည်။ ပုနပိ၊ တဘန်လည်း။ တထေဝ၊ထိုအတူလျှင်။ ဝတွာ၊ဆိုခြင်းကြောင့်။ မယှံ၊ ငါ့အား။ တံပတ္တိံ၊ ထိုအလှူအဘို့ကို။ ဒေဟီတိ၊ပေးလော့ဟု။ ဝုတ္တေ၊ဆိုသည်ရှိသော်။ ဒေမိတိ၊ ပေး၏ဟု။ အာဟ၊ ဆို၏။ ပုနပိ၊ တဘန်လည်း။ ဒေဟီတိ၊ ပေးလော့ဟု။ ဝုတ္တေ၊ ဆိုလတ်သော်။ သာမိ၊ အရှင်။ ဒေမိ၊ပေး၏။ ဣတိအာဟ၊ ဤသို့ ဆို၏။ ဧဝံ၊ ဤသို့။ သော၊ ထို နဂါးမင်းသည်။ ဒွေတယော ဝါရေ၊ နှစ်ကြိမ်, သုံးကြိမ်။ ပတ္တိံ၊ အဘို့ကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ကုမုဒုပ္ပလေဟိ၊ ကုမုဒ္ဒရာကြာတို့နှင့်။ သဒ္ဓိံ၊ တကွ။ အရုဏဝတိ မတ္တိကံ၊ အရုဏဝတီမြေကို။ အဒါသိ၊ ပေး၏။

ရာဇာ၊ မင်းသည်။ စိန္တေသိ၊ကြံ၏။ မနုဿာနာမ၊လူတို့မည်သည်ကား။ ဗဟုမာယာ၊ များသော လှည့်ပတ်ခြင်းရှိကုန်၏။ သော၊ ထို မင်းခစား ယောကျ်ားသည်။ ကေနစိ ဥပါယေန၊ တစုံတခုသော အကြောင်းဖြင့်။ သစေလဘေယျ၊ အကယ်၍ ရသည် ဖြစ်ငြားအံ့။ မေ၊ ငါ၏။ ကိစ္စံ၊ အမှုသည်။ နနိပ္ဖဇ္ဇေယျ၊ အပြီးသို့မရောက်ရာ။ ဣတိ၊ ဤသို့ကြံ၍။ သော၊ ထိုမင်းသည်။ ကာလဿေဝ၊ စောစောကလျှင်။ ဒွါရံ၊တံခါးကို။ ပိဒဟာပေတွာ၊ ပိတ်စေ၍။ မုဒ္ဒိကံ၊ သော့ကို။ အတ္တနော၊ မိမိ၏။ သန္တိကံ၊ အထံသို့။ အာဟရာပေသိ၊ ဆောင်စေ၏။ ဣတရောပိ ပုရိသော၊ မင်းခစား ယောကျ်ားသည်လည်း။ ရညော၊ မင်း၏။ နှာနဝေလာယမေဝ၊ ရေချိုးအံ့သော အခါ၌ပင်လျှင်။ အာဂန္တွာ၊ လာ၍။ ဒွါရံ၊ တံခါးကို။ အလဘန္တော၊ ဝင်ခွင့်မရသည်ရှိသော်။ ဒွါရ ပါလံ၊ တံခါးစောင့်ကို။ ပက္ကောသေတွာ၊ ခေါ်၍။ ဒွါရံ၊တံခါးကို။ ဝိဝရ၊ဖွင့်လော့။ ဣတိအာဟ၊ ဤသို့ ဆို၏။ ဝိဝရိတုံ၊ ဖွင့်ခြင်းငှါ။ နသက္ကာ၊ မဝံ့။ ရာဇာ၊မင်းသည်။ ကာလဿေဝ၊ နေရှိစဉ်ကလျှင်။ မုဒ္ဒိကံ၊ သော့ကို။ ဒတွာ၊ ခတ်၍။ ရာဇဂေဟံ၊ နန်းတော်သို့။ အာဟရာပေသိ၊ ဆောင်စေ၏။ ဣတိ၊ ဤသို့ဆို၏။

သောအဟံ၊ထိုငါသည်။ ရာဇဒူတော၊မင်းစေတမန်တည်း။ ဒွါရံ၊တံခါးကို။ ဝိဝရ၊ ဖွင့်လော့။ ဣတိဝတွာပိ၊ ဤသို့ဆို၍လည်း။ ဒွါရံ၊ တံခါးကို။ အလဘန္တော၊ မရသည်ရှိသော်။ ဣဒါနိ၊ ယခုအခါ၌။ မေ၊ငါ၏။ ဇီဝိတံ၊ အသက်သည်။ နတ္ထိ၊မရှိပြီ။ ကိံ၊ နုခေါ၊အဘယ်သို့။ ကရိဿာမီတိ၊ပြုရအံ့နည်း

ဟု။ စိန္တေတွာ၊ကြံ၍။ဒွါရသာ၊တံခါး၏။ ဥပရိ ဥမ္မာရေ၊တံခါးခုံ၏ အထက်၌။ မတ္တိက ပိဏ္ဍံ၊ အရုဏဝတီမြေစိုင်ကို။ ခိပိတွာ၊ ပစ်၍။ တဿ၊ ထို မြေစိုင်၏။ ဥပရိ၊ အထက်၌။ ပုပ္ဖါနိ၊ ကြာပွင့်တို့ကို။ လဂ္ဂေတွာ၊ ဆွဲ၍။ မဟာသဒ္ဒံ၊ သည်းစွာသော အသံကို။ ကရောန္တော၊ ပြုလျက်။ အမ္ဘော-နဂရ ဝါသိနော၊ အိုပြည်သူပြည်သား အပေါင်းတို့။ ရညော၊ မင်း၏။ အာဏတ္တိယာ၊ စေခြင်းကြောင့်။ မယာ၊ ငါသည်။ ဂတဘာဝံ၊ သွားသည်၏အဖြစ်ကို။ ဇာနာထ၊ သိကုန်၏လော။ ရာဇာ၊ မင်းသည်။ မံ၊ ငါ့ကို။ အကာရဏေန၊ အကြောင်းမရှိဘဲ။ ဝိနာသေတုကာမောတိ၊ ဖျက်ဆီးလို၏ဟု။ တိက္ခတ္တုံ၊ သုံးကြိမ်။ ဝိရဝိတွာ၊ ငိုမြည်တမ်း၍။ ကတ္တနုခေါ၊ အဘယ်အရပ်သို့လျှင်။ ဂစ္ဆိဿာမီတိ၊ သွားရအံ့နည်းဟု။ စိန္တေတွာ၊ ကြံ၍။ ဘိက္ခူနာမ၊ ရဟန်းတို့ မည်သည်ကား။ မုဒုဟဒယာ၊ နူးညံ့သော နှလုံးရှိကုန်၏။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ နိပ္ပစ္စဲယာမီတိ၊ အိပ်အံ့ဟူ၍။သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်းကို။ အကာသိ၊ ပြု၏။

ဣမေ သတ္တာနာမ၊ ဤသတ္တဝါတို့မည်သည်ကား။ သုခိတကာလေ၊ ချမ်းသာကြွယ်ဝသော ကာလ၌။ ဘိက္ခူနံ၊ ရဟန်းတို့၏။ အတ္ထိဘာဝံပိ၊ ရှိသည်၏ အဖြစ်ကိုလည်း။ အဇာနိတွာ၊ မသိမူ၍။ ဒုက္ခာဘိဘူတကာလေ၊ ဆင်းရဲခြင်းနှိပ်စက်သောကာလ၌။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တုကာမာဝ၊ သွားလိုကုန်သည်လျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ သောပိ၊ ထိုယောကျ်ားသည်လည်း။ အညံ၊ တပါးသော။ မေ၊ ငါ၏။ တာဏံ၊ ကိုးကွယ်ရာသည်။ နတ္ထီတိ၊ မရှိဟု။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ဧကသ္မိံ ဖာသုကဋ္ဌာနေ၊ ချမ်းသာခြင်းရှိသော တခုသောအရပ်၌။ နိပ္ပဇ္ဇိ၊ အိပ်၏။ အထ၊ ထိုအခါ၌။ တံရတ္တိံ၊ ထိုညဥ့်ပတ်လုံး။ နိဒ္ဒံ၊ အိပ်ပျော်ခြင်းကို။ အလဘန္တဿ၊ မရသော။ တံဣတ္ထိံ၊ ထိုမိန်းမကို။ အနုဿ-ရန္တဿ၊ အောက်မေ့သော။ ရညောပိ၊ မင်း၏လည်း။ ကာမပရိဠာဟော၊ ကာမဂုဏ် ဖြင့် ပူလောင်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ သော၊ ထိုမင်းသည်။ ဝိဘာတာယ ရတ္တိယာ၊ မိုးသောက်သော ခဏ၌ပင်လျှင်။ တံပုရိသံ၊ ထို ယောကျ်ားကို။ ဃာတာပေတွာ၊ သတ်စေ၍။ တံဣတ္ထိံ၊ ထိုမိန်းမကို။ အာနေဿာမိ၊ ဆောင်ယူအံ့။ ဣတိစိန္တေသိ၊ ဤသို့ကြံ၏။

တသ္မိံ ခဏေယေဝ၊ ထိုခဏ၌ပင်လျှင်။ သဋ္ဌိယောဇနိကာယ၊ ယူဇနာ ခြောက်ဆယ်ရှိသော။ လောဟကုမ္ဘိယာ၊ လောဟကုမ္ဘီငရဲ၌။ နိဗ္ဗတ္တာ၊

ဖြစ်ကုန်သော။ စတ္တာရော ပုရိသာ၊ ယောကျ်ားလေးယောက်တို့သည်။ ပက္ကုထိတာယ၊ ကျိုက်ကျိုက်ဆူသော။ ဥက္ခလိယာ၊ ထမင်းအိုး၌။ တဏ္ဍုလာဝိယ၊ ဆန်တို့ကဲ့သို့။ သံပရိဝတ္တန္တာ၊ တပြောင်းပြန်ပြန်။ ပစ္စမာနာ၊ ကျက်ကုန်လျက်။ တိံသာယဝဿ သဟဿေဟိ၊ အနှစ်သုံးသောင်းတို့ဖြင့်။ ဟေဋ္ဌိမတလံ၊ အောက်အပြင်သို့။ ပတွာ၊ ရောက်၍။ အပရေဟိ၊ တပါးကုန်သော။ တိံသာယ ဝဿ သဟဿေဟိ၊ အနှစ်သုံးသောင်းတို့ဖြင့်။ ပုန၊ တဘန်။ မုခဝဋ္ဋိယံ၊ မျက်နှာဝသို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ တေ၊ ထိုငရဲသား လေးယောက်တို့သည်။ သီသံ ဥက္ခိပိတွာ၊ ဦးခေါင်းမော်၍။ အညမညံ၊ အချင်းချင်း။ ဩလောကေတွာ၊ ကြည့်၍။ ဧကေကံ ဂါထံ၊ တဂါထာ၊ တဂါထာစီကို။ ဝတ္တုကာမာ၊ ဆိုလိုကုန်လျက်။ တံဂါထံ၊ ထိုဂါထာကို။ ဝတ္တုံ၊ ဆိုခြင်းငှါ။ အသက္ကောန္တာ၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ ဧကေကံ အက္ခရံ၊ အက္ခရာတလုံးစီကို။ ဝတွာ၊ ဆို၍။ ပရိဝတ္တေတွာ၊ ဦးခေါင်းပြန်၍။ လောဟကုမ္ဘိမေဝ၊ လောဟကုမ္ဘီငရဲအိုးသို့သာလျှင်။ ပဝိဋ္ဌာ၊ ဝင်လေကုန်၏။ ရာဇာ၊ မင်းသည်။ နိဒ္ဒံ၊ အိပ်ခြင်းကို။ အလဘန္တော၊ မရမူ၍။ မဇ္ဈိမ ယာမ သမနန္တရေ၊ သန်ကောင်ယာမ်အခြားမဲ့၌။ တံသဒ္ဒံ၊ ထိုအသံကို။ သုတွာ၊ ကြား၍။ ဘီတော၊ ကြောက်လျက်။ ဥတြသ္တမာနသော၊ ထိတ်လန့်သော နှလုံးရှိသည်ဖြစ်၍။ မယှံ၊ ငါ၏။ ဇီဝိတန္တရာယော ဝါ၊ အသက်၏ အန္တရာယ်သည်မူလည်း။ ဘဝိဿတိကိံ နုခေါ၊ ဖြစ်လတ္တံ့လော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ မေ၊ ငါ၏။ အဂ္ဂ မဟေသိယာ ဝါ၊ မိဖုရားကြီး၏လည်း။ ဇီဝိတန္တရာယော၊ အသက်၏အန္တရာယ်သည်။ ဘဝိဿတိကိံ နုခေါ၊ ဖြစ်အံ့လော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ မေ၊ ငါ၏။ ရဇ္ဇံပိ၊ ပြည်သည်လည်း။ ဝိနဿိဿတိ ကိံ နုခေါ၊ ပျက်စီးအံ့လော။ ဣတိစိန္တေန္တော၊ ဤသို့ကြံလျက်။ သကလ ရတ္တိံ၊ တညဉ့်ပတ်လုံး။ အက္ခီနိ၊ မျက်စိတို့ကို။ နိမီလေတုံ၊ မှိတ်ခြင်းငှါ။ န သက္ခိ၊ မတတ်နိုင်။

သော၊ ထိုမင်းသည်။ အရုဏုဂ္ဂမနဝေလာယဧဝ၊ အရုဏ်တက်သော အခါ၌လျှင်။ ကေံ ပုရောဟိတံ၊ ပုရောဟိတ်ပုဏ္ဏားတယောက်ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အာစရိယ၊ ဆရာ။ မယာ၊ ငါသည်။ မဇ္ဈိမယာမ သမနန္တရေ၊ သန်ကောင်ယာမ်အခြားမဲ့၌။ မဟန္တံ၊ ကြီးစွာသော။ ဘေရဝသဒ္ဒံ၊ ကြောက်မက်ဘွယ်သောအသံကို။ သုတံ၊ ကြား၏။ ရဇ္ဇဿဝါ၊ ပြည်၏လည်းကောင်း။ အဂ္ဂမဟေသိယာဝါ၊ မိဖုရားကြီး၏

လည်းကေင်း။ မယှံဝါ၊ ငါ၏လည်းကောင်း။ ကဿ၊ အဘယ်သူ၏။ အန္တရာယော၊ အန္တရာယ်သည်။ ဘဝိဿတိ၊ဖြစ်လတ္တံ့နည်း။ ဣတိ၊ ဤသို့။ နဇာနာမိ၊ မသိ၊ တေန၊ ထိုကြောင့်။ မေ၊ ငါသည်။ တံ၊ သင့်ကို။ ပက္ကောသာပိတော၊ ခေါ်စေအပ်၏။ဣတိအာဟ၊ ဤသို့ဆို၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တေ၊ သင်သည်။ ကိံသဒ္ဒါ၊ အဘယ်အသံတို့ကို။ သုတာ၊ ကြားအပ်ကုန်သနည်း။ ဣတိ၊ ဤသို့ မေး၏။ အာစရိယ၊ ဆရာ။ ဒုဣတိ၊ ဒုဟူ၍လည်းကောင်း။ သဣတိ၊ သဟူ၍လည်းကောင်း။ နဣတိ၊ နဟူ၍လည်းကောင်း။ သောဣတိ၊ သောဟူ၍လည်းကောင်း။ ဣတိဣမေ-သဒ္ဒေ၊ ဤအသံတို့ကို။ မေ၊ ငါသည်။ အဿောသိံ၊ ကြားပြီ။ ဣမေသံ၊ ဤအက္ခရာလေးလုံးတို့၏။ နိပ္ဖတ္တိံ၊ ပြီးကြောင်းကို။ ဥပဓာရေဟိ၊ စူးစမ်းလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဗြာဟ္မဏော၊ ပုဏ္ဏားအား။ မဟာ-အန္ဓကာရံ၊ ကြီးစွာသောအမိုက်တိုက်သို့။ ပဝိဋ္ဌဿဝိယ၊ ဝင်ခြင်းကဲ့သို့။ ကိဉ္စိ၊ တစုံတခုသည်။ နပညာယတိ၊ မထင်။ နဇာနာမိတိ၊ မသိဟူ၍။ ဝုတ္တေပန၊ ဆိုချေသည်ရှိသော်ကား။ လာဘသက္ကာရော၊ လာဘ်ပူဇော်သကာသည်။ မေ၊ ငါ့အား။ ပရိဟာယိဿတီတိ၊ ယုတ်အံ့သတည်းဟု။ ဘာယိတွာ၊ ကြောက်၍။ မဟာရာဇ၊ မြတ်သောမင်းကြီး။ ဘာရိယံ၊ ဝန်လေး၏။ ဣတိအာဟ၊ ဤသို့ဆို၏။

အာစရိယ၊ ဆရာ။ ကိံ၊ အဘယ်သို့ဖြစ်လေသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ တေ၊ ရှင်မင်းကြီး၏။ ဇီဝိတန္တရာယော၊ အသက်အန္တရာယ်သည်။ ပညာယတိ၊ ထင်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သော၊ ထိုမင်းသည်။ ဒ္ဒိဂုဏံ၊ နှစ်ဆထက်။ ဘီတော၊ ကြောက်သည်ဖြစ်၍။ အာစရိယ၊ ဆရာ။ ကိဉ္စိ၊ တစုံတခုသော။ ပဋိဃာတကာရဏံ၊ တားမြစ်နိုင်အံ့သောအကြောင်းသည်။ အတ္ထိပန၊ ရှိအံ့လော။ ဣတိ အာဟ၊ ဤသို့ ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ အတ္ထိ၊ ရှိ၏။ မာဘာယိ၊ မကြောက်လင့်။ အဟံ၊ ငါသည်။ တယောဝေဒေ၊ ဗေဒင်သုံးပုံတို့ကို။ ဇာနာမိ၊ သိ၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ကိံပန၊ အဘယ်ကိုလျှင်။ လဒ္ဓုံ၊ ရခြင်းငှါ။ ဝဋ္ဋတိ၊ သင့်မည်နည်း။ ဣတိ၊ ဤသို့ မေး၏။ သဗ္ဗသတံ၊ အလုံးစုံတရာစီချည်းရှိသော ယဇ်ကို။ ယဇိတွာ၊ ပူဇော်၍။ ဒေဝ၊ ရှင်မင်းကြီး။ ဇီဝိတံ၊ အသက်ကို။ လဘိဿတိ၊ ရလိမ့်မည်ထင်၏။ ဣတိ၊ ဤသို့ ဆို၏။ ကိံ၊ အဘယ်ကို။ လဒ္ဓုံ၊ရခြင်းငှါ။ ဝဋ္ဋတိ၊ သင့်မည်နည်း။ ဣတိ၊ ဤသို့

မေးလတ်သော်။ ဟတ္ထိသတံ၊ ဆင်တရာ လည်းကောင်း။ အဿသတံ၊
မြင်းတရာ လည်းကောင်း။ ဥသဘသတံ၊ ဥသဘနွားလားတရာ လည်း
ကောင်း။ ဓေနု သတံ၊ နို့ညှစ်နွားမတရာ လည်းကောင်း။ အဇ သတံ၊
ဆိတ်တရာ လည်းကောင်း။ ဂဒြဘသတံ၊ မြဲတရာ လည်းကောင်း။ အာဇည-
သတံ၊ အာဇာနည် မြင်း တရာ လည်းကောင်း။ ဥရဗ္ဘ သတံ၊ ဆိတ်ကုလား
တရာ လည်းကောင်း။ ကုက္ကုဋ သတံ၊ ကြက်တရာ လည်းကောင်း။ သူကရ-
သတံ၊ ဝက်တရာ လည်းကောင်း။ ဒါရက သတံ၊ သတို့သားတရာ လည်း
ကောင်း။ ဒါရိကာသတံ၊ သတို့သမီးတရာ လည်းကောင်း။ဉာတိဝေ၊ ဤသို့
အစရှိသော။ ဧကေကံ ပါဏဇာတိံ၊ တပါးတပါးသော အသက်ရှိသော
သတ္တဝါမျိုးကို။ သတံ သတံ ကတွာ၊ တရာစီပြု၍။ ဂဏှာပေထ၊ ယူစေ၏။
မိဂဇာတိမေဝ၊ သားအမျိုးကိုသာလျှင်။ သစေပိ ဂဏှာပေဿာမိ၊
အကယ်၍ ယူသည်ဖြစ်အံ့။ အတ္တနော၊ မိမိ၏။ခါဒနီယမေဝ၊ ခဲဘွယ်ကို
သာလျှင်။ ဂဏှာပေသိ၊ ယူစေ၏။ ဉာတိဝက္ခန္တိ၊ဤသို့ ဆိုကုန်လတ္တံ့။
ဉာတိ၊ ဤသို့ ဆိုခြင်းမှ ကြောက်သောကြောင့်။ဟတ္ထိ အဿ မနုဿေပိ၊
ဆင် မြင်း လူတို့ကိုလည်း။ ဂဏှာပေတိ၊ ယူစေ၏။ ရာဇာ၊ မင်းသည်။
မမ ဇီဝိတမေဝ၊ ငါ၏ အသက်ကိုသာလျှင်။ မယှံ၊ငါ့အား။ လာဘော၊
ရအပ်၏။ ဉာတိစိန္တေတွာ၊ ဤသို့ကြံ၍။ သဗ္ဗ ပါဏေ၊ အလုံးစုံသော
သတ္တဝါတို့ကို။ သီဃံ၊ လျင်စွာ။ ဂဏှာထာတိ၊ယူကုန်လော့ဟု။ အာဟ၊
ဆို၏။ အာဏတ္တာ မနုဿာ၊ စေအပ်သော လူတို့သည်။ အမိက တရံ၊
အလွန်ကို။ ဂဏှိံသု၊ယူကုန်၏။ ကောသလသံယုတ္တေ၊ကောသလသံယုတ်၌။
ဧတံ၊ ဤစကားကို။ ဝုတ္တံပိစ၊ ဆိုအပ်သည် သာလျှင်တည်း။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ရညော ပသေနဒိ ကောသ-
လဿ၊ ကောသလမင်းအား။ မဟာယညော၊ ကြီးစွာသော ယဇ်ပူဇော်
ခြင်းကို။ ပစ္စုပဋ္ဌိတော၊ စီရင်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ပဉ္စ ဥသဘ-
သတာနိ၊ ငါးရာသော ဥသဘတို့သည် လည်းကောင်း။ ပဉ္စ ဝစ္ဆတရ-
သတာနိ၊ ငါးရာသော နွားငယ်တို့သည်လည်းကောင်း။ ပဉ္စ ဝစ္ဆတရီ-
သတာနိ၊ ငါးရာသော နွားမငယ်တို့သည်လည်းကောင်း။ ပဉ္စ အာဇည-
သတာနိ၊ ငါးရာသော အာဇာနည်တို့သည်လည်းကောင်း။ ပဉ္စ ဥရဗ္ဘ-
သတာနိ၊ ငါးရာသော ဆိတ်ကုလားတို့သည်လည်းကောင်း။ ပဉ္စ ဓေနု-
သတာနိ၊ ငါးရာသော နွားမကြီးတို့သည်လည်းကောင်း။ ပဉ္စ ကုက္ကုဋ-

သတာနိ၊ ငါးရာသော ကြက်တို့သည်လည်းကောင်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဿ၊ ထိုမင်း၏။ ဒါသာ ဒါသိဝေါ၊ ကျွန်ယောကျ်ား ကျွန်မ ဟူ၍လည်းကောင်း။ ပေဿာဝေါ၊ အစေအပါး ဟူ၍ လည်းကောင်း။ ကမ္မကရာဝေါ၊ အမှုလုပ် ဟူ၍ လည်းကောင်း။ ယေပိ တေ၊ အကြင်သူတို့ သည်လည်း။ ယညတ္ထာယ၊ ယဇ်ပူဇော်ခြင်းငှါ။ ဟောန္တိ၊ ဖြစ်ကုန်၏။ တေပိ၊ ထိုသူတို့သည်လည်း။ ဒဏ္ဍတဇ္ဇိတာ၊ ဒဏ်ဖြင့် ထိတ်လန့်ကုန်သည်ဖြစ်၍။ ဘယ တဇ္ဇိတာ၊ ဘေးဖြင့် ထိတ်လန့်ကုန်သည်ဖြစ်၍။ အဿုမုခါ၊ မျက်ရည်စက်လက်။ ရောဒမာနာ၊ ငိုကုန်လျက်။ ပရိကမ္မာနိ၊ ပရိကံအမှုတို့ကို။ ကရောန္တိ၊ ပြုကုန်၏။

မဟာဇနော၊ လူအပေါင်းသည်။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ပုတ္တဓီတု ဉာတိနံ၊ သားသမီးဆွေမျိုးတို့၏။ အတ္ထာယ၊ အကျိုးငှါ။ ပရိဒေဝမာနော၊ ငိုကြွေးလျက်။ မဟာသဒ္ဒံ၊ သည်းစွာသော အသံကို။ အကာသိ၊ ပြု၏။ မဟာပထဝီ ဥန္ទြိယန သဒ္ဒေါဝိယ၊ မြေလျှင်ဟီးသံကဲ့သို့။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ မလ္လိကာဒေဝီ၊ မလ္လိကာမိဖုရားသည်။ တံသဒ္ဒံ၊ ထိုအသံကို။ သုတွာ၊ ကြား၍။ ရညော၊ မင်း၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တေ၊ သင်၏။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ အပါကတိကာနိ၊ ပြကတေ့မဟုတ်ကုန်။ ကိလန္တရူပါနိဝိယ၊ ပင်ပန်းသော သဘောတို့ကဲ့သို့။ ကိံ နုခေါ၊ အဘယ် ကြောင့်။ ပညာယန္တိ၊ ထင်ကုန်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ မလ္လိ-ကေ၊ မလ္လိကာ။ တွံ၊ သင်သည်။ မမ ကဏ္ဏမူလေန၊ ငါ့နားရင်းဖြင့်။ ဂစ္ဆန္တံ၊ သွားသော။ အာသိဝိသံပိ၊ မြွေဟောက်ကိုလည်း။ ကိံ၊ အဘယ် ကြောင့်။ တုယှံ၊ သင့်အား။ နဇာနာသိ၊ မသိလေသနည်း။ ဣတိ၊ ဤသို့ ဆို၏။ ဒေဝ၊ အရှင်မင်းကြီး။ တေ၊ ဤအကြောင်းသည်။ ကိံ ပန၊ အဘယ် နည်း။ ဣတိ၊ ဤသို့မေးလတ်သော်။ ရတ္တိဘာဂေ၊ ညဥ့်အဘို့၌။ ဝေရူပေါ၊ ဤသို့သဘောရှိသော။ သဒ္ဒေါ နာမ၊ အသံမည်သည်ကို။ သုတော၊ ကြား အပ်၏။ သွာဟံ၊ ထိုငါသည်။ ပုရောဟိတံ၊ ပုရောဟိတ်ကို။ ပုစ္ဆိတွာ၊ မေး ၍။ တေ၊ သင်၏။ ဇီဝိတန္တရာယော၊ အသက်အန္တရာယ်သည်။ ပညာယတိ၊ ထင်၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ သဗ္ဗသတံ ယညံ၊ အလုံးစုံသောတရာစီ ရှိသော ယဇ်ကို။ ယဇိတွာ၊ ပူဇော်၍။ ဇီဝိတံ၊ အသက်ကို။ လဘိဿတိ၊ ရလတ္တံ့။ ဣတိ၊ ဤသို့သောစကားကို။ ဝတွာ၊ ဆို၍။ မမဇီဝိတမေဝ၊ ငါ့

အသက်ကိုသာလျှင်။ မယှံ၊ ငါ့အား။ လာဘော၊ ရအပ်၏။ ဣတိ၊ ထို့ကြောင့်။ ဣမေ ပါဏေ၊ ဤသတ္တဝါ တို့ကို။ ဃာတေသိံ၊ ဘမ်းခဲ့ပြီ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ မလ္လိကာဒေဝီ၊ မလ္လိကာ မိဖုရားသည်။ မဟာရာဇ၊ မြတ်သောမင်းကြီး။ အန္ဓဗာလော၊ အလွန်မိုက်သည်။ အသိ၊ဖြစ်၏။ မဟာဘက္ခော၊ အစားကြီးသည်။ ကိဉ္စာပိ အသိ၊ အကယ်၍ကား ဖြစ်၏ရှင့်။ အနေကသူပဗျဉ္ဇန ဝိကတိကံ၊ များစွာသော ဟင်း စားမဲ အထူးရှိသော။ ဒေါဏပါကံ၊ တစရွတ်ချက်ရှိသော။ ဘောဇနံ၊ ဘောဇဉ်ကို။ ကိဉ္စာပိဘုဉ္ဇသိ၊ အကယ်၍ကား စား၏ရှင့်။ ဒွိသု ရဋ္ဌေသု၊ နှစ်ရပ်သော တိုင်းတို့၏။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကိဉ္စာပိကာရေသိ၊ အကယ်၍ကား ပြု၏ရှင့်။ ပန၊ ထိုသို့ပင် ပြုသော်လည်း။ တေ၊ သင်၏။ ပညာ၊ ပညာသည်။ မန္ဒာ၊ နည်းလှ့ခဲ့၏။ ဣတိအာဟ၊ ဤသို့ဆို၏။

ဒေဝိ၊ မိဖုရား။ ကသ္မာ၊အဘယ့်ကြောင့်။ ဧဝံ၊ ဤသို့။ ဝဒေသိ၊ဆိုဘိသနည်း။ ဣတိအာဟ၊ ဤသို့မေး၏။ တယာ၊သင်သည်။ အညဿ၊ တပါးသူ၏။ မရဏေန၊ ကိုယ်စားသေခြင်းဖြင့်။ အညဿ၊တပါးသူ၏။ ဇီဝိတ-လာဘော၊ အသက်ကို ရခြင်းကို။ ကဟံဒိဋ္ဌပုဗ္ဗော၊ အဘယ်မှာ မြင်ဘူးသနည်း။ အန္ဓဗာလဿ၊ အလွန် မိုက်လှသော။ ဗြာဟ္မဏဿ၊ ပုဏ္ဏား၏။ ကထံ၊ စကားကို။ ဂဟေတွာ၊ ယူ၍။ မဟာဇနဿ၊ လူအပေါင်း၏။ ဥပရိ၊ အထက်၌။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ ကသ္မာ၊ အဘယ့်ကြောင့်။ ခိပသိ၊ ပစ်ချဘိသနည်း။ ဓုရဝိဟာရေ၊ အနီးဖြစ်သော ဇေတဝန် ကျောင်းတော်ကြီး၌။ သဒေဝကဿ၊ နတ်နှင့် တကွသော။ လောကဿ၊ လူအပေါင်း ထက်။ အဂ္ဂပုဂ္ဂလော၊ အမြတ်ပုဂ္ဂိုလ် ဖြစ်သော။ အတီတာဒီသု၊ အတိတ်စသည်တို့၌။ အပ္ပဋိဟတ ဉာဏော၊ အပိတ်အပင် မရှိသော ဉာဏ်ရှိတော်မူသော။ သတ္ထာ၊ မြတ်စွာ ဘုရားသည်။ ဝသတိ၊ နေတော်မူ၏။ တံ၊ ထိုမြတ်စွာဘုရားသခင်ကို။ ပုစ္ဆိတွာ၊ မေး၍။ တဿောဝါဒံ၊ ထို မြတ်စွာ ဘုရား အဆုံးအမကို။ ကရောဟိ၊ လိုက်နာလော့။ ဣတိဝုတ္တော၊ ဤသို့ ဆိုသည် ရှိသော်။ ရာဇာ၊မင်းသည်။ သလ္လဟုကေဟိ၊ ပေါ့ပါးကုန်သော။ ယာနေဟိ၊ ယာဉ်တို့ဖြင့်။ မလ္လိကာယ၊ မလ္လိကာမိဖုရားနှင့်။ သဒ္ဓိံ၊ တကွ။ ဝိဟာရံ၊ ကျောင်းတော်သို့။ ဂန္တွာ၊ သွား၍။ မရဏဘယတဇ္ဇိတော၊ သေဘေးဖြင့် ခြိမ်းခြောက်သည် ဖြစ်၍။ ကိဉ္စိ၊ တစုံတခွန်းသော စကားကို။

ဝတ္တုံ၊ ဆိုခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည် ဖြစ်၍။ သတ္ထာရံ၊ ဘုရားသခင်ကို။ ဝန္ဒိတွာ၊ရှိခိုး၍။ ဧကမန္တံ၊ သင့်တော်ရာ၌။ နိသီဒိ၊နေ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုမင်းကို။ သတ္ထာ၊ မြတ်စွာဘုရားသခင်သည်။ မဟာရာဇ၊ မင်းမြတ်။ တွံ၊ သည်။ ဒိဝါဒိဝဿ၊ နေ့လယ်ကြီးကို။ ဟန္ဒ၊ ယခု။ ကုတော၊ အဘယ်အရပ်မှ။ အာဂစ္ဆသိနု၊လာခဲ့သနည်း။ ဣတိ၊သို့။ ပဋ္ဌမတရံ၊ ရှေးဦးစွာ။ အာလပိ၊ မေးတော်မူ၏။ သော၊ ထိုမင်းသည်။ တုဏှီယေဝ၊ ဆိတ်ဆိတ်သာလျှင်။ နိသီဒိ၊ နေ၏။ တတော၊ ထို့နောင်မှ။ မလ္လိကာ၊ မလ္လိကာ မိဖုရားသည်။ ဘဂဝတော၊ မြတ်စွာဘုရားသခင်အား။ အာရောစေသိ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ရညာ၊ မင်းသည်။ မဇ္ဈိမ ယာမ သမနန္တရေ၊ သန်းကောင်ယာမ်၏ အခြားမဲ့၌။ ဒုသဒ္ဒေါ၊ မကောင်းသောအသံကို။ သုတောကိရ၊ ကြားသတတ်။ အထ၊ ထိုအခါ၌။ နံ၊ ထိုမကောင်းသော အသံကြားခြင်းအကြောင်းကို။ ပုရောဟိတဿ၊ ပုရောဟိတ်အား။ အာရောစေသိ၊ ကြား၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ပုရောဟိတော၊ ပုရောဟိတ်သည်။ တေ၊ သင့်အား။ ဇီဝိတန္တရာ-ယော၊ အသက် အန္တရာယ်သည်။ ဘဝိဿသိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ ဆိုလျက်။ တဿ၊ ထိုအန္တရာယ်ကို။ ပဋိဃာတတ္ထာယ၊ တားမြစ်ခြင်းငှါ။ သဗ္ဗသတေ ပါဏေ၊ အလုံးစုံ တရာစီ အစုံဖြစ်သော သတ္တဝါ တို့ကို။ ဂဟေတွာ၊ ယူ၍။ တေသံ၊ ထို သတ္တဝါတို့၏။ ဂလလောဟိတေန၊ လည်ချောင်း သွေးဖြင့်။ ယညေ၊ ယဇ်ကို။ ယဇိတေ၊ ပူဇော်သည် ရှိသော်။ ဇီဝိတံ၊ အသက်ကို။ လဘိဿသိ၊ ရလတ္တံ့။ ဣတိအာဟ၊ ဤသို့ ဆို၏။ ရာဇာ၊ မင်းသည်။ ပါဏေ၊ သတ္တဝါတို့ကို။ ဂဏှာပေသိ၊ ဘမ်းစေ၏။ တေန၊ ထို့ကြောင့်။ အယံ၊ ဤမင်းကို။ မယာ၊ တပည့်တော်မသည်။ ဣဓ၊ ဤ ကျောင်းတော်သို့။ အာနီတော၊ သွေးဆောင်ခဲ့ပါ၏ ဘုရား။ ဣတိ၊ ဤသို့ လျှောက်၏။

မဟာရာဇ၊ မင်းမြတ်။ ဧဝံကိရ၊ ဤသို့ လျှောက်တိုင်း မှန်၏လော။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ မှန်ပေ၏။ ဣတိ၊ ဤသို့ လျှောက်၏။ တေ၊ သင်သည်။ ကိံ သဒ္ဒေါ၊ အဘယ်အသံကို။ သုတော၊ ကြားသနည်း။ ဣတိ၊ဤသို့မေးလတ်သော်။ အတ္တနော၊မိမိ၏။သုတနိယာ-မေနေဝ၊ကြားသောနည်းဖြင့်သာလျှင်။အာစိက္ခိ၊ကြား လျှောက်၏။တထာ ဂတော၊ ဘုရားသခင်သည်။ တံ၊ ထိုစကားကို။ သုတွာဝ၊ ကြား၍လျှင်။

ဧကောဘာသော၊ တပိုင်နက်အလင်းသည်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမင်းကို။ အာဟ၊ ဆို၏။ မဟာရာဇ၊ မင်းမြတ်။ မာဘာယိ၊ မကြောက်လင့်။ တဝ၊ သင့်အား။ အန္တရာယော၊ အန္တရာယ်သည်။ နတ္ထိ၊ မရှိ။ ပါပကမ္မိနော၊ မကောင်းမှုကို ပြုကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ အတ္တနော၊ မိမိ၏။ ဒုက္ခံ၊ ဆင်းရဲကို။ အဓိဝါသေတုံ၊ သည်းခံခြင်းငှါ။ အသက္ကောန္တာ၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ (အာဝိကရောန္တာလည်းရှိ၏။ ထင်ရှားပြုလို၍,ပေး) ဧဝံ၊ ဤသို့။ အာဟံသု၊ ဆိုကုန်၏။ ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ-ပန၊ အဘယ်ကို။ တေဟိ၊ ထိုသူတို့သည်။ ကတံ၊ ပြုအပ်သနည်း။ ဣတိ၊ ဤသို့ လျှောက်၏။ အထခေါ၊ ထိုအခါ၌။ ဘဂဝတာ၊ ဘုရားသည်။ တေသံ၊ ထိုသူတို့၏။ ကမ္မံ၊ မကောင်းမှုကို။ အာစိက္ခိတုံ၊ ကြားခြင်းငှါ။ မဟာရာဇ၊ မြတ်သောမင်း။ တေနဟိ၊ ထိုသို့ တပြီးကား။ သုဏာဟီတိ၊ နာလော့ဟု။ ဝတွာ၊ မိန့်တော်မူ၍။ အတီတံ၊ အတိတ်ကို။ အာဟရိ၊ ဆောင်တော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ဝီသတိ ဝဿ သဟဿာယုကေသု၊ အနှစ်နှစ်သောင်း အသက်ရှည်ကုန်သော။ မနုဿေသု၊ လူတို့၌။ ကဿပေါ ဘဂဝါ၊ ကဿပဘုရားသည်။ လောကေ၊ လူသုံးဦး၌။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ဝီသတိယာ ခီဏာသဝ သဟဿေဟိ၊ နှစ်သောင်းသော ရဟန္တာတို့နှင့်။ သဒ္ဓိံ၊ တကွ။ စာရိကံ စရမာနော၊ ဒေသစာရီကြွသည်ရှိသော်။ ဗာရာဏသိံ၊ ဗာရာဏသီပြည်သို့။ အဂမာသိ၊ ရောက်တော်မူ၏။ ဗာရာဏသိ ဝါသိနော၊ ဗာရာဏသီပြည်၌ နေကုန်သော။ ဒွေပိ၊ နှစ်ယောက်တို့သည်ငှ်း။ တယောပိ၊ သုံးယောက်တို့သည်ငှ်း။ ဗဟု-တရာပိ၊ များစွာသော သူတို့သည်ငှ် ။ ဧကတော၊ တပေါင်းတည်း။ ဟုတွာ၊ ဖြစ်၍။ အာဂန္တုကာနံဒါနံ၊ ဧည့်သည်တို့အား အလှူကို။ ပဝတ္တ-ယိံသု၊ ဖြစ်စေကုန်၏။ တဒါ၊ ထိုအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ စတ္တာလီသ ကောဋိ ဝိဘဝါ၊ ကုဋေလေးဆယ်ကြွယ်ကုန်သော။ စတ္တာရော သေဋ္ဌိပုတ္တာ၊ သူဌေးသား လေးယောက်တို့သည်။ ဟုတွာ၊ ဖြစ်၍။ သဟာ-ယကာ၊ အဆွေခင်ပွန်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တေ၊ ထိုသူဌေးသား လေးယောက်တို့သည်။ အမှာကံဂေဟေ၊ ငါတို့အိမ်၌။ ဓနံ၊ ဥစ္စာသည်။

ဗဟု၊ များ၏။ တေန၊ ထိုဥစ္စာဖြင့်။ ကိံ၊ အဘယ်အမှုကို။ ကရောမ၊ ပြုရ
ကုန်အံ့နည်း။ ဣတိ မန္တယိံသု၊ ဤသို့ တိုင်ပင်ကုန်၏။

ဝေဠုပေ၊ ဤသို့ သဘောရှိသော။ ဗုဒ္ဓေ၊ ဘုရားသည်။ စာရိကံ စရ-
မာနေ၊ ဒေသစာရီကြွသည်ရှိသော်။ ဒါနံ၊ အလှူကို။ ဒဿာမ၊ ပြုကုန်အံ့။
သီလံ၊ သီလကို။ ရက္ခိဿာမ၊စောင့်ကုန်အံ့။ ပူဇံ၊ပူဇော်ခြင်းကို။ ကရိဿာမ၊
ပြုကုန်အံ့။ ဣတိ၊ ဤသို့။ တေသု၊ ထိုသူဌေးသား လေးယောက်တို့တွင်။
ဧကောပိ၊ တယောက်မျှလည်း။ အဝတွာ၊ မဆိုမူ၍။ ဧကော၊ တယောက်
သည်။ တာဝ၊ ရှေးဦးစွာ။ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။ တိခိဏ သုရံ၊
ထက်သော သေရည်ကို။ ပိဝန္တာ၊ သောက်ကုန်လျက်။ မဓုရ မံသံ၊ မြိန်သော
အရသာရှိသော အမဲကို။ ခါဒန္တာ၊ စားကုန်လျက်။ ဝိစရိဿာမ၊ သွား
ကုန်အံ့။ ဣဒံ၊ ဤသို့ ဖြစ်ခြင်းသည်။ အမှာကံ၊ ငါတို့အား။ ဇီဝိတ ဖလံ၊
အသက်ရှည်ကျိုးနပ်၏။ ဣတိ၊ ဤသို့ ဆို၏။ အပရောပိ၊ တယောက်သည်
လည်း။ ဝေမာဟ၊ ဤသို့ဆို၏။ ဒေဝသိကံ၊ နေ့တိုင်း။ တိဝဿိက ဂန္ဓသာလိ-
ဘတ္တံ၊ သုံးနှစ်ရောက်ပြီးသော အနံ့နှင့် ပြည့်စုံသော သလေးထမင်းကို။
နာနဂ္ဂ ရသေဟိ၊ အထူးထူးသော အရသာတို့ဖြင့်။ ဘုဉ္ဇန္တာ၊ စားကုန်လျက်။
ဝိစရိဿာမ၊ သွားကုန်အံ့။ ဣတိ၊ ဤသို့ ဆို၏။ အပရောပိ၊ တယောက်
သည်လည်း။ ဝေမာဟ၊ ဤသို့ ဆို၏။ နာနပ္ပကာရံ၊ အထူးထူးအပြားပြား
ရှိသော။ ပူဝခဇ္ဇက ဝိကတိံ၊ မုန့်ခဲဘွယ်အထူးကို။ ပစာပေတွာ၊ ကြော်စေ၍။
ခါဒန္တာ၊ စားကုန်လျက်။ ဝိစရိဿာမ၊ ပျော်ပါးကုန်အံ့။ ဣတိ၊ ဤသို့
ဆို၏။ အပရောပိ၊ တယောက်သည်လည်း။ ဝေမာဟ၊ ဤသို့ ဆို၏။ သမ္မာ၊
အချင်းတို့။ မယံ၊ ငါတို့သည်။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုကို။
နကရိဿာမ၊ မပြုကုန်အံ့။ ဓနံ ဒဿာမ၊ ဥစ္စာပေးကုန်အံ့။ ဣတိဝုတ္တေ၊
ဤသို့ ဆိုလတ်သော်။ အနိစ္ဆမာနာ၊ ဥစ္စာကို အလိုမရှိသော။ ဣတ္ထိနာမ၊
မိန်းမမည်သည်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထို့ကြောင့်။ ဓနေန၊ ဥစ္စာဖြင့်။
ပလောဘေတွာ၊ ဖြားယောင်း၍။ ပါရဒါရိက ကမ္မံ၊ ပရဒါရိကအမှုကို။
ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သဗ္ဗေ၊ ခပ်သိမ်းသော
သူတို့သည်။ သာဓု သာဓူတိ၊ ကောင်း၏ ကောင်း၏ဟု။ တဿ၊ ထိုသူ၏။
ကထာယဝေ၊ စကား၌သာလျှင်။ အဋ္ဌံသု၊ တည်ကုန်၏။

တေ၊ ထိုသူဌေးသားလေးယောက်တို့သည်။ တတောပဋ္ဌာယ၊ ထိုအခါမှ
စ၍။ အဘိရူပါနံ၊ အလွန်အဆင်းလှကုန်သော။ ဣတ္ထီနံ၊ မိန်းမတို့အား။

ခန့်၊ ဥစ္စာကို။ ပေသေတွာ၊ ပို့စေ၍။ ဝိသတိ ဝဿသဟဿာနိ၊ အနှစ်နှစ်သောင်းတို့တိုင်တိုင်။ ပါရဒါရိက ကမ္မံ၊ သူတပါးမယား၌ လွန်ကျူးသော အမှုကို။ ကတွာ၊ ပြု၍။ ကာလံကတွာ၊ သေခြင်းကို ပြု၍။ အဝီစိ မဟာနိရယေ၊ အဝီစိ ငရဲကြီး၌။ နိဗ္ဗတ္တော၊ ဖြစ်ကုန်၏။ ဧကံဗုဒ္ဓန္တရံ၊ နှစ်ဆူသော ဘုရားတို့၏ တခုသော အကြားပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်၍။ တတ္ထ၊ ထိုအဝီစိငရဲ၌။ ကာလံကတွာ၊ သေခြင်းကိုပြု၍။ ပက္ကာဝသေသေန၊ ကျက်ပြီးသည်မှ ကြွင်းသော မကောင်းမှုကံဖြင့်။ သဋ္ဌိယောဇနိကာယ၊ ယူဇနာ ခြောက်ဆယ်ရှိသော။ လောဟကုမ္ဘိယာ၊ ကြေးအိုးငရဲ၌။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ တိံသာယ ဝဿသဟဿေဟိ၊ အနှစ်သုံးသောင်းတို့ဖြင့်။ ဟေဋ္ဌိမ တလံ၊ အောက်အပြင်သို့။ ပတွာ၊ ရောက်၍။ ပုနပိ၊ တဘန်လည်း။ တိံသာယ ဝဿ သဟဿေဟိ၊ အနှစ်သုံးသောင်းတို့ဖြင့်။ လောဟကုမ္ဘိမုခံ၊ ကြေးအိုးအဝသို့။ ပတွာ၊ ရောက်၍။ ဧကေကံ ဂါထံ၊ တဂါထာ တဂါထာစီကို။ ဝတ္တုကာမာဟုတွာ၊ ဆိုလိုသည်ဖြစ်ကုန်လျက်။ ဝတ္တုံ၊ ဆိုခြင်းငှါ။ အသက္ကောန္တာ၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ ဧကေကံ အက္ခရံ၊ အက္ခရာ တလုံး တလုံးစီကို။ ဝတွာ၊ ဆို၍။ ပုန၊ တဘန်။ ပရိဝတ္တိတွာ၊ ဦးခေါင်းပြန်၍။ လောဟကုမ္ဘိမေဝ၊ လောဟကုမ္ဘီ ငရဲသို့သာလျှင်။ ပဝိဋ္ဌာ၊ ဝင်လေကုန်၏။ မဟာရာဇ၊ မင်းမြတ်။ ဝဒေဟိ၊ ဆိုလော့။ တေ၊ သင်သည်။ ပဌမံ၊ ရှေးဦးစွာ။ ကိံ သဒ္ဒေါနာမ၊ အဘယ် အသံ မည်သည်ကို။ သုတော၊ ကြားသနည်း။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဒုဣတိ၊ ဒုဟူ၍ဆိုသံကို ကြားပါ၏ဘုရား။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ တေန၊ ထိုငရဲသတ္တဝါသည်။ အပရိပုဏ္ဏံ၊ မပြည့်စုံသောအက္ခရာကို။ ကတွာ၊ ပြု၍။ ဝုတ္တံ၊ ဆိုအပ်သော။ ဂါထံ၊ ဂါထာကို။ ပရိပုဏ္ဏံ ကတွာ၊ ပြည့်စုံစွာပြု၍။ ဒဿေန္တော၊ ပြလိုရကား။ ဝေမာဟ၊ ဤသို့မိန့်တော်မူ၏။

မာရိသာ၊ အချင်းတို့။ ယေသံ နော၊ အကြင်ငါတို့သည်။ ဘောဂေသု၊ စည်းစိမ်တို့သည်။ ဝိဇ္ဇမာနေသု၊ ရှိကုန်လျက်။ အတ္တနော၊ မိမိ၏။ ဒီပံ၊ မှီခိုရာ ကျွန်းကြီးသဖွယ် ဖြစ်သော။ ကမ္မံ၊ ကောင်းမှုကံကို။ န ဒဒမှသေ၊ မလှူမပေးမိကုန်။ တေမယံ၊ ထိုငါတို့သည်။ ဒုဇ္ဇီဝိတံ၊ မကောင်းသော အသက်မွေးခြင်းကို။ အဇီဝိမှ၊ အသက်မွေးမိကုန်ပြီ၊ ဣတိ၊ ဤသို့ ဆိုလို၏ဟု မိန့်တော်မူ၏။

အထ၊ ထိုအခါ၌။ ရညော၊ မင်းအား။ ဣမိဿာ ဂါထာယ၊ ဤဂါထာ၏။ အတ္ထံ၊ အနက်ကို။ ပကာသေတွာ၊ ပြပြီး၍။ မဟာရာဇ၊ မြတ်သောမင်းကြီး။ တေ၊ သင်သည်။ ကိံ၊ အဘယ်သို့လျှင်။ ဒုတိယသဒ္ဒေါ၊ ဒုတိယအသံကို။ တတိယသဒ္ဒေါ၊ တတိယအသံကို။ စတုတ္ထသဒ္ဒေါ၊ စတုတ္ထအသံကို။ သုတော၊ ကြားသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးခြင်းကြောင့်။ ဧဝံနာမာတိ၊ ဤသို့တည်းဟု။ ဝုတ္တေ၊ ဆိုလတ်သော်။ အဝသေသံ၊ ကြွင်းသောအက္ခရာကို။ ပရိပူရေန္တော၊ ပြည့်စေလျက်။ အာဟ၊ မိန့်တော်မူ၏။

မာရိသာ၊ အချင်းတို့။ နိရယေ၊ ငရဲ၌။ ပစ္စမာနာနံ၊ ကျက်သောငါတို့အား။ သဋ္ဌိဝဿ သဟဿာနိ၊ အနှစ် ခြောက်သောင်းတို့သည်။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်ပြီ။ ကဒါ၊ အဘယ်အခါ၌။ အန္တော၊ အဆုံးသည်။ ဘဝိဿတိ၊ ဖြစ်ပါအံ့နည်း။

မာရိသာ၊ အချင်းတို့။ အန္တော၊ ငရဲ၏အဆုံးသည်။ နတ္ထိ၊ မရှိ။ အန္တော၊ ငရဲ၏အဆုံးသည်။ ကုတော၊ အဘယ်မှာရှိအံ့နည်း။ အန္တော၊ ငရဲ၏အဆုံးသည်။ နပဋိဒိဿတိ၊ မထင်။ ဟိ၊ ထိုစကားသင့်စွ။ တဒါ၊ ထိုဗာရာဏသီပြည်ဝယ် လူဖြစ်သောအခါ၌။ မမဉ္စ၊ ငါသည်လည်းကောင်း။ တုယှဉ္စ၊ သင်တို့သည် လည်းကောင်း။ ပါပံ၊ မကောင်းမှုကို။ ပကတံ၊ ပြုမိလေပြီ။

သောဟံ၊ ထိုငါသည်။ ဣတော၊ ဤငရဲမှ။ ဂန္တွာ၊ သွား၍။ မာနုသိံ၊ လူ့ပြည်၌ဖြစ်သော။ ယောနိံ၊ ပဋိသန္ဓေကို။ လဒ္ဓါန၊ ရပါ၍။ ဝဒညူ၊ ကောင်းသောစကားကို နာလေ့ရှိသည်ဖြစ်၍။ သီလသမ္ပန္နော၊ သီလနှင့် ပြည့်စုံသည်ဖြစ်၍။ ဗဟုံ ကုသလံ၊ များစွာသော ကုသိုလ်ကံကို။ ကာဟာမိနူန၊ စင်စစ်ပြုပါအံ့။ ဣတိ၊ ဤသို့ ဆိုလို၏ဟု မိန့်တော်မူ၏။

ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဣမာ ဂါထာ၊ ဤဂါထာတို့ကို။ ဝတွာ၊ ဟောတော်မူ၍။ အထ၊ ထို့နောင်မှ။ သတ္ထာ၊ ဘုရားသည်။ တာသံ၊ ထိုဂါထာတို့၏။ အတ္ထံ၊ အနက်ကို။ ပကာသေတွာ၊ ပြတော်မူ၍။ မဟာရာဇ၊ မင်းမြတ်။ ဣတိခေါ၊ ဤသို့လျှင်။ တေ စတ္တာရောဇနာ၊ ထိုလေးယောက်သော သူတို့သည်။ ဧကေကံဂါထာ၊ တဂါထာ တဂါထာစီကို။ ဝတ္တုကာမာပိ၊ ဆိုလိုကုန်သော်လည်း။ ဝတ္တုံ၊ ဆိုခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ ဧကေကမေဝအက္ခရံ၊ တလုံးတလုံးသော အက္ခရာကိုသာလျှင်။ ဝတွာ၊ ဆို၍။ တေ၊ ထိုငရဲသူတို့သည်။ ပုန၊ တဖန်။

လောဟကုမ္ဘိမေဝ၊ လောဟကုမ္ဘိုင်ရဲသို့ သာလျှင်။ ပဝိဋ္ဌာ၊ ဝင်လေကုန်၏။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။

အထ၊ ထို့နောင်မှ။ ရညာ ပသေနဒိကောသလေန၊ ကောသလမင်းသည်။ တဿ သဒ္ဒဿ၊ ထိုအသံကို။ သုတကာလတော ပဋ္ဌာယ၊ ကြားသောအခါမှစ၍။ တေ၊ ထိုသူတို့သည်။ ဟေဋ္ဌာ၊ အောက်သို့။ ဘဿန္တိဧဝ- ကိရ၊ မြုပ်လေကုန်သတတ်။ ဣတိခေါ၊ ဤသို့လျှင်။ အဇ္ဇာပိ၊ ယနေ့တိုင် အောင်လည်း။ ဧကံ ဝဿသဟဿံ၊ အနှစ်တထောင်သည်။ နာတိက္ကမန္တိ၊ မလွန်နိုင်ကုန်။ ရညော၊ မင်းအား။ တံ ဒေသနံ၊ ထိုတရားကို။ သုတွာ၊ ကြား၍။ မဟာသံဝေဂေါ၊ ကြီးစွာသော ထိတ်လန့်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ၏။ သော၊ ထိုမင်းသည်။ ဣဒံ ပါရဒါရိကကမ္မံနာမ၊ ဤသူ့မယားကို လွန်ကျူးခြင်းအမှု မည်သည်ကား။ ဘာရိယံတေ၊ ဝန်လေးစွတကား။ ဧဝံ၊ သို့။ ဧကံ ဗုဒ္ဓန္တရံ၊ ဘုရားတဖြစ်အကြား ကာလပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်ပြီး၍။ တတော၊ ထိုငရဲမှ။ စုတာ၊ စုတေသည် ရှိသော်။ သဋ္ဌိယောဇနိကာယ လောဟကုမ္ဘိယာ၊ ယူဇနာ ခြောက်ဆယ်ရှိ သော လောဟကုမ္ဘိုင်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ တတ္ထ၊ ထိုလောဟကုမ္ဘိုင်၌။ သဋ္ဌိ ဝဿသဟဿာနိ၊ အနှစ်ခြောက်သောင်းတို့ ပတ်လုံး။ ပစ္စိတွာ၊ ကျက် ၍။ ဧဝံပိ၊ ဤသို့လည်း။ နေသံ၊ ထိုငရဲသူတို့အား။ ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စနကာလော၊ လွတ်အံ့သော အခါသည်။ နပညာယတိကိရ၊ မထင်ခဲ့ သတတ်။ အဟမ္ပိ၊ ငါသည်လည်း။ ပရဒါရေ၊ သူ့မယား၌။ သိနေဟံ- ကတွာ၊ ချစ်ခြင်းကိုပြု၍။ သဗ္ဗရတ္တိံ၊ တညဉ့်ပတ်လုံး။ နိဒ္ဒံ၊ အိပ်ခြင်းကို။ နလဘိံ၊ မရ။ ဣဒါနိ၊ ယခုအခါ၌။ ဣတော ပဋ္ဌာယ၊ ဤနေ့မှစ၍။ ပရဒါရေ၊ သူ့မယား၌။ မာနသံ၊ ချစ်စိတ်ကို။ နဗန္ဓိဿာမိ၊ မဖွဲ့အံ့။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ တထာဂတံ၊ ဘုရားကို။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ ရတ္တိယာ၊ ညဉ့်သည်။ ဒီဃဘာဝေါ၊ ရှည်သည်၏ အဖြစ်ကို။ ဉာတော၊ သိပြီ။ ဣတိ၊ ဤသို့လျှောက်၏။

သောပုရိသော၊ ထိုမင်းခ ယောကျ်ားသည်။ တဒ္ဓေဝ၊ ထိုကျောင်း၌ သာလျှင်။ နိသိန္နော၊ နေလျက်။ တံ ကထံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ မေ၊ ငါသည်။ ဗလဝ ပစ္စယော၊ အားကြီးသော အထောက်အပံ့ကို။ လဒ္ဓေါတိ၊ ရပြီဟု။ သတ္ထာရံ၊ ဘုရားကို။ အာဟ၊ လျှောက်၏။ ဘန္တေ။ ဘုရား။ ရညာ၊ မင်းသည်။ တာဝ၊ စွာ။ ရတ္တိယာ၊ ညဉ့်၏။ ဒီဃဘာ-

ဝေါ၊ ရှည်သည်၏ အဖြစ်ကို။ ဉာတော၊ သိ၏။ အဖာံပန၊ တပည့်တော်သည်ကား။ ဟိယျော၊ ယမန်နေ့က။ ယောဇနသ၊ ယူဇနာ၏။ ဒီဃဘာဝံ၊ ရှည်သည်၏ အဖြစ်ကို။ အညာသိံ၊ သိ၏။ ဣတိ၊ ဤသို့လျှောက်လေသော်။ သတ္ထာ၊ ဘုရားသည်။ ဒွိန္နံပိ၊ နှစ်ယောက်သောသူတို့၏လည်း။ ကထံ၊ စကားကို။ သံသန္ဒိတွာ၊နှိုးနှော၍။ ကေစဿ၊ အချို့သောသူအား။ ရတ္တိဒီဃာ၊ ညဥ့်ရှည်သည်။ ဟောတိ၊ ဖြစ်၏။ ကေစဿ၊ အချို့သောသူအား။ ယောဇနဒီဃံ၊ ယူဇနာရှည်သည်။ ဟောတိ၊ ဖြစ်၏။ ဗာလဿပန၊ မလိမ္မာသောသူအားကား။ သံသာရော၊ သံသရာသည်။ ဒီဃော၊ ရှည်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၆၀။ ဇာဂရတော၊ မအိပ်မစက် နိုးကြားသောသူအား။ ရတ္တိ၊ ညဥ့်သည်။ ဒီဃာ၊ ရှည်၏။ သန္တဿ၊ ခရီးပင်ပန်းသောသူအား။ ယောဇနံ၊ ယူဇနာသည်။ ဒီဃံ၊ ရှည်၏။ သဒ္ဓမ္မံ၊ သူတော်ကောင်းတရားကို။ အဝိဇာနတံ၊ မသိကုန်သော။ ဗာလာနံ၊ သူမိုက်တို့အား။ သံသာရော၊ သံသရာသည်။ ဒီဃော၊ ရှည်၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဒီဃာတိ၊ ဒီဃာဟူသည်ကား။ သော ရတ္တိနာမ၊ ဤညဥ့်မည်သည်ကား။ တိယာမ ဝတ္တာဝ၊ သုံးယာမ်မျှသာလျှင်တည်း။ ဇာဂရန္တဿပန၊ အိပ်မပျော်သော သူအားကား။ ဒီဃာ၊ ရှည်သည်။ ဟောတိ၊ဖြစ်၏။ဒွိဂုဏတိဂုဏာဝိယ၊နှစ်ဆတက် သုံးဆတက်ကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ခါယတိ၊ ထင်၏။ တဿ၊ ထိုညဥ့်၏။ ဒီဃဘာဝံ၊ ရှည်သည်၏အဖြစ်ကို။ အတ္တာနံ၊ မိမိကိုယ်ကို။ ပဂုဏံ၊ လေ့လာစွာ။ သံဃဿ၊ သံဃာ၏။ ဘတ္တံ၊ ဆွမ်းကို။ ကတွာ၊ ၍။ ယာဝသူရိယုဂ္ဂမန ဝေလာယ၊ နေထွက်သည် တိုင်အောင်။ သမ္ပရိ ဝတ္တဿ၊ ကိုယ်ကိုပြန်ကာပြန်ကာ။ သယမာနေ၊ အိပ်လျက်။မဟာကုသီတောပိ၊ အပျင်းကြီးသော သူသည်လည်းကောင်း။ ရသဘောဇနံ၊ အရသာရှိသော ဘောဇဉ်ကို။ ဘုဉ္ဇိတွာ၊ စား၍။ သိရိသယနေ၊ အသရေရှိသော အိပ်ရာ၌။ သယမာနော၊ အိပ်သော။ ကာမဘောဂီပိ၊ ကာမစည်းစိမ်ကို ခံစားသောသူသည် လည်းကောင်း။ နဇာနာတိ၊ မသိ။ သဗ္ဗရတ္တိံ၊ တညဥ့်ပတ်လုံး။ ပဓာနံပန၊ ကမ္မဋ္ဌာန်းကိုကား။ ပဒဟန္တော၊ စီးဖြန်းသော။ ယောဂါဝစရောစ၊ ယောဂီပုဂ္ဂိုလ်

သည်လည်းကောင်း။ ဓမ္မကထံ၊ တရားစကားကို။ ကထေန္တော၊ ဆိုသော။ ဓမ္မကထိကော စ၊ ဓမ္မကထိက သည်လည်းကောင်း။ အာသနသမီပေ၊ နေရာအနီး၌။ ဌတွာ၊ ရပ်၍။ ဓမ္မံ၊ ကို။ သုဏန္တော စ၊ နာသောသူ သည်လည်းကောင်း။ သီသရောဂါဒိ ဖုဋ္ဌော ဝါ၊ ခေါင်းခဲနာ စသည်ဖြင့်တွေ့၍လည်းကောင်း။ ဟတ္ထပါဒစ္ဆေဒနာဒိ ပတ္တော ဝါ၊ လက်ပြတ်ခြင်း, ခြေပြတ်ခြင်း-စသည်သို့ရောက်သည်ဖြစ်၍လည်းကောင်း။ ဝေဒနာဘိဘူတော စ၊ ဝေဒနာနှိပ်စက်ခြင်းရှိသော သူလည်းကောင်း။ ရတ္တိံ၊ ညဉ့်၌။ မဂ္ဂပဋိပန္နော စ၊ ခရီးသွားသောသူသည် လည်းကောင်း။ အဒ္ဓိကော စ၊ အဓွန့်ရှည်သော ခရီးသွားသော သူသည်လည်းကောင်း။ ဇာနာတိ၊ သိ၏။

ယောဇနန္တိ၊ ကား။ စတုဂါဝုတမေဝ၊ လေးဂါဝုတ်သာလျှင်တည်း။ သန္တဿပန ကိလန္တဿဝ၊ ပင်ပန်းသော သူအားသာလျှင်။ တံ၊ ထိုခရီးသည်။ ဒီဃံ၊ ရှည်သည်။ ဟောတိ၊ ဖြစ်၏။ ဒိဂုဏာ တိဂုဏံဝိယ၊ နှစ်ဆတက် သုံးဆတက်ကဲ့သို့။ ခါယတိ၊ ထင်၏။ ဟိ၊ ထိုစကားသင့်စွ။ သကလ ဒိဝသံ၊ တနေ့ပတ်လုံး။ မဂ္ဂံ ဂန္တွာ၊ ခရီးသွား၍။ ကိလန္တော၊ ပင်ပန်းသောသူသည်။ ပဋိပထံ၊ ခရီးရင်ဆိုင်။ အာဂစ္ဆန္တံ၊ လာသောသူကို။ ဒိသွာ၊ မြင်၍။ ပုရတော၊ ရှေ့မှ။ ဂါမော၊ ရွာသည်။ ကီဝဒူရေ၊ အဘယ်မျှဝေးသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေး၍။ ထောကံ၊ အတန်ငယ်။ ဂန္တွာ၊ သွား၍။ အပရံပိ၊ တယောက်ကိုလည်း။ ပုစ္ဆတိ၊ မေး၏။ တေနာပိ၊ ထိုသူသည်လည်း။ ယောဇနန္တိ၊ တယူဇနာဝေး၏ဟု။ ဝုတ္တေ၊ ဆိုလတ်သော်။ ပုန၊ တဖန်။ ထောကံ၊ အတန်ငယ်။ ဂန္တွာ၊ ၍။ အပရံပိ၊ တယောက်ကိုလည်း။ ပုစ္ဆတိ၊ မေး၏။ သောပိ၊ ထိုသူသည်လည်း။ ယောဇနန္တိ၊ တယူဇနာဝေး၏ဟု။ ဝဒတိ၊ ဆို၏။ သော၊ ထိုခရီးပန်းသောသူသည်။ ပုစ္ဆိတပုစ္ဆိတာ၊ မေးတိုင်း မေးတိုင်းသောသူတို့သည်။ ယောဇနမေ္ဗဝ၊ တယူဇနာဝေး၏ဟု။ ဝဒန္တိ၊ ဆိုကုန်၏။ ဣဒံ-ယောဇနံ၊ ဤယူဇနာသည်။ ဒီဃံဝတ၊ ရှည်လေစွတကား။ ဣတိ၊ ဤသို့။ ဧကယောဇနံ၊ တယူဇနာ ခရီးကို။ ဒွေ တီဏိ ယောဇနာနိဝိယ၊ နှစ်ယူဇနာ သုံးယူဇနာ ခရီးကဲ့သို့။ မညတိ၊ အောက်မေ့၏။ ဗာလာနန္တိ၊ ဟူသည်ကား။ ဣမံ လောက ပရလောကတ္ထံ၊ ဤပစ္စုပ္ပန်လောက တမလွန် လောကအကျိုးကို။ အဇာနန္တာနံ၊ မသိကုန်သော သူတို့အားလည်းကောင်း။ သံသာရ ဝဋ္ဋဿ၊ သံသရာဝဋ်ဆင်းရဲ၏။ ပရိယန္တံ၊ အဆုံးကို။ ကာတုံ၊

ပြုခြင်းငှါ။ အသင်္ကောဌက္ကာနံ၊ မတတ်နိုင်ကုန်သောသူတို့အာလည်းကောင်း။ သတ္တတိံသ ဗောဓိပက္ခိယဘေဒံ၊ သုံးဆယ့်ခုနစ်ပါးသော ဗောဓိပက္ခိယ အပြားရှိသော။ ယံသဒ္ဓမ္မံ၊ အကြင်သူတော်ကောင်းတရားကို။ ဉတွာ၊ သိ၍။ သံသာရဿ၊ သံသရာ၏။ အန္တံ၊ အဆုံးကို။ ကရောန္တိ၊ ပြုကုန်၏။ တံသဒ္ဓမ္မံ၊ ထိုသူတော်ကောင်းတရားကို။ အဝိဇာနတံ၊ မသိကုန်သောသူတို့ အား။ သံသာရော၊ သံသရာသည်။ ဒီဃောနာမ၊ အရှည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ၊ မှန်၏။ သော၊ ထိုသံသရာသည်။ အတ္တနော၊ ၏၊ ဓမ္မတာယဝေ၊ ဖြင့်လျှင်။ ဒီဃောနာမ၊ ၏။ တေ၊ ဤစကားကို။ ဘိက္ခဝေ၊ ရဟန်းတို့။ အယံ သံသာရော၊ ဤသံသရာသည်။ အနမတဂ္ဂေါ၊ မသိအပ် သော အစရှိ၏။ ပုဗ္ဗကောဋိ၊ ရှေးအစွန်းသည်။ နပညာယတိ၊ မထင်။ ဣတိ၊ ဤသို့။ ဝုတ္တံပိစ၊ ဟောအပ်သည်သာလျှင်တည်း။ ပရိယန္တံ၊ အဆုံး ကို။ ကာတုံ၊ ပြုခြင်းငှါ။ အသင်္ကောဌက္ကာနံ၊ မတတ်နိုင်ကုန်သော။ ဗာလာ- နံပန၊ သူမိုက်တို့အားကား။ အတိဒီဃောယေဝ၊ အလွန်ရှည်သည်သာ လျှင်တည်း။ (ဣတိသဒ္ဒါကား ဂါထာအနက်ကို အပြီးမှတ်သည်။)

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သောပုရိသော၊ ထိုယောကျ်ား သည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တော၊ ရောက်၏။ အညေပိ၊ တပါးလည်းဖြစ်ကုန်သော။ ဗဟူ၊ မျာစွာသောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပတ္တာ၊ ရောက်ကုန် ၏။ မဟာဇနဿ၊ လူအများအား။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေ- သနာ၊ ဓမ္မဒေသနာသည်။ ဇာတာ၊ ဖြစ်၏။

ရာဇာ၊ မင်းသည်။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဂစ္ဆန္တော- ယေဝ၊ သွားပြီး၍လျှင်။ တေသတ္တေ၊ ထိုသတ္တဝါတို့ကို။ ဗန္ဓနာ၊ အနှောင် အဖွဲ့မှ။ မောစေသိ၊ လွှတ်စေ၏။ ဗန္ဓနာ၊ အနှောင်အဖွဲ့မှ။ မုတ္တာ၊ လွတ် ကုန်သော။ ဣတ္ထိပုရိသာ၊ မိန်းမ, ယောကျ်ားတို့သည်။ တတ္ထ၊ ထိုအရပ်၌။ သီသံနှတွာ၊ ဦးခေါင်းဆေး၍။ သကာနိ ဂေဟာနိ၊ မိမိအိမ်တို့သို့။ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်။ နော၊ ငါတို့၏။ အယျာ မလ္လိကာဒေဝီ၊ အရှင်မ မလ္လိကာမိဖုရားသည်။ စိရံ ဇီဝတု၊ ကြာမြင့်စွာ အသက်ရှည်ရှည် နေပါစေ သတည်း။ ဣတိ၊ ဤသို့ဆုတောင်းလျက်။ တံ၊ ထိုမလ္လိကာကို။ နိဿာယ၊ မှီ၍။ ဇီဝိတံ၊ အသက်ကို။ လဘိမှာတိ၊ ရကုန်၏ ဟူ၍။ မလ္လိကာယ၊ မလ္လိ- ကာ၏။ ဂုဏကထံ၊ကျေးဇူးနှင့်စပ်သောစကားကို။ ကထယိံသု၊ ဆိုကုန်၏။

သာယန္ဟ သမယေ၊ ညချမ်းသောအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသ-
ဘာယံ၊ တရားသဘင်၌။ ကထံ သမုဋ္ဌာပေသုံ၊ စကားပြောဟောကုန်၏။
အယံမလ္လိကာ၊ ဤမလ္လိကာသည်။ အဟော ပဏ္ဍိတာဝတ၊ ဩော်-ပညာရှိ
ပေစွ။ အတ္တနော ပညံ၊ မိမိပညာကို။ နိဿာယ၊ မှီ၍။ တွေ့ကသာ ဇနဿ၊
ဤမျှလောက်သော လူအပေါင်းအား။ ဇီဝိတဒါနံ၊ အသက်အလှူကို။
အဒါသိ၊ ပေး၏။ ဣတိ၊ ဤသို့ပြောဆိုကုန်၏။ သတ္ထာ၊မြတ်စွာဘုရားသခင်
သည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နောဝ၊ နေလျက်လျှင်။ တေသံ ဘိက္ခူနံ၊
ထိုရဟန်းတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ ဂန္ဓကုဋိတော၊
ဂန္ဓကုဋိမှ။ နိက္ခမိတွာ၊ ထွက်၍။ ဓမ္မသဘံ၊ တရားသဘင်သို့။ ပဝိသိတွာ၊
ဝင်၍။ ပညတ္တေ အာသနေ၊ ခင်းအပ်သော ဘုရားနေရာ၌။ နိသီဒိတွာ၊
နေ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ တေရဟိ၊ ယခုအခါ၌။ ကာယကထာယ၊
အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနုံ၊ ဖြစ်ကုန်
သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မိန့်ခြင်းကြောင့်။ ဣမာယ နာမာတိ၊ ဤ
အကြောင်းကြောင့်တည်းဟု။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဘိက္ခဝေ၊
ရဟန်းတို့။ မလ္လိကာ၊မလ္လိကာသည်။ ဣဒါနေဝ၊ ယခုသာလျှင်။ အတ္တနော-
ပညံ၊ မိမိပညာကို။ နိဿာယ၊ မှီ၍။ မဟာဇနဿ၊ လူအများအား။
ဇီဝိတဒါနံ၊ အသက်အလှူကို။ ဒေတိ၊ ပေးသည်ကား။ န၊ မဟုတ်သေး။
ပုဗ္ဗေပိ၊ ရှေး၌လည်း။ အဒါသိယေဝ၊ပေးဘူးသည်လျှင်တည်း။ ဣတိဝတွာ၊
ဤသို့မိန့်၍။ သတ္ထာ၊ မြတ်စွာဘုရားသခင်သည်။တမတ္ထံ၊ ထိုအကြောင်းကို။
ပကာသေန္တော၊ ထင်ရှားပြလျက်။ အတီတံ၊ အတိတ်ကို။ အာဟရိ၊
ဆောင်တော်မူ၏။

အတီတေ၊ လွန်လေပြီးသောအခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်
၌။ ရညော၊ မင်း၏။ ပုတ္တော၊ သားသည်။ ဧကံ နိဂြောဓရုက္ခံ၊ တခုသော
ပညောင်ပင်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ တတ္ထ၊ ထိုပညောင်ပင်၌။
နိဗ္ဗတ္တာယ၊ ဖြစ်သော။ ဒေဝတာယ၊နတ်အား။ အာယာစိ၊ တောင်းပန်၏။
သာမိဒေဝရာဇ၊ ရှင်နတ်မင်း။ ဣမသ္မိံ ဇမ္ဗုဒီပေ၊ ဤ ဇမ္ဗူဒီပါကျွန်း၌။
ဧကသတ ရာဇာနော၊ တရာ့တယောက်သော မင်းတို့သည်လည်းကောင်း။
ဧကသတ အဂ္ဂမဟေသိယော၊ တရာ့တယောက်သော မိဖုရားကြီးတို့
သည်လည်းကောင်း။ အတ္ထိ၊ ရှိကုန်၏။ အဟံ၊ ငါသည်။ ပိတုအစ္စယေန၊
အဘနတ်ရွာလားသဖြင့်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ သစေလဘိဿာမိ၊ အကယ်

၍ အရှင်နတ်မင်းမ, စ၍ ရသည်ဖြစ်အံ့။ ဧတေသံ၊ ထိုမင်း, မိဖုရားတို့၏။ ဂလလောဟိတေန၊ လည်ချောင်းသွေးဖြင့်။ ဗလိံ၊ ဗလိနတ်စာကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့တောင်းပန်၏။ သော၊ ထိုမင်းသားသည်။ ပိတရိကာလင်္ကတေ၊ အဘနတ်ရွာလားသည်ရှိသော်။ ရဇ္ဇံ၊ မင်းအဖြစ်သို့။ ပတ္တော၊ ရောက်၍။ ဒေဝတာယ၊ နတ်၏။ အာနုဘာဝေန၊ အာနုဘော်ဖြင့်။ မေ၊ ငါသည်။ ရဇ္ဇံ၊ မင်းအဖြစ်သို့။ ပတ္တံ၊ ရောက်၏။ အဿ၊ ထိုနတ်အား။ ဗလိံ၊ ဗလိနတ်စာကို။ ကရိဿာမိ၊ ပူဇော်အံ့။ ဣတိ၊ ဤသို့။ သော၊ ထိုမင်းသားသည်။ မဟတိယာ သေနာယ၊ များစွာသောစစ်သည်အပေါင်း ဖြင့်။ နိက္ခမိတွာ၊ ထွက်၍။ ဧကရာဇာနံ၊ တယောက်သောမင်းကို။ အတ္တနော-ဝသေ၊ မိမိအလိုသို့။ ဝတ္တေတွာ၊ လိုက်စေ၍။ တေန၊ ထိုမင်းနှင့်။ သဒ္ဓိံ၊ တကွ။ အပရံပိ အပရံပိ၊ တယောက်သော တယောက်သော မင်းကိုလည်း။ ဝတ္တေတွာ၊ အလိုသို့လိုက်စေ၍။ ဣတိ၊ ဤသို့ အစရှိကုန်သော။ သဗ္ဗေ ရာဇာနော၊ အလုံးစုံသောမင်းတို့ကို။ အတ္တနော ဝသေ၊ မိမိအလို၌။ ကတွာ၊ ပြု၍။ အဂ္ဂမဟေသီဟိ၊ မိဖုရားကြီးတို့နှင့်။ သဒ္ဓိံ၊ တကွ။ အာဒါယ၊ ယူ၍။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ သဗ္ဗကနိဋ္ဌ ရညော၊ အလုံးစုံသော မင်းတို့ အောက် ငယ်သော မင်းဖြစ်သော။ ဥဂ္ဂသေနဿနာမ၊ ဥဂ္ဂသေနမည်သော မင်း၏။ ဓမ္မဒိန္နာ နာမ၊ ဓမ္မဒိန္နာအမည်ရှိသော။ အဂ္ဂမဟေသီ၊ မိဖုရားကြီး သည်။ ဂရုဂဗ္ဘာ၊ လေးသော ကိုယ်ဝန်ရှိ၏။ တံ၊ ထိုမိဖုရားကြီးကို။ ဩဟာ-ယ၊ ချန်၍။ အာဂန္တွာ၊ လာ၍။ တွေကံ၊ ဤမျှလောက်သော။ ဇနံ၊ လူ အပေါင်းကို။ ဝိသ ပါနကံ၊ အဆိပ်နှင့် ရောသောအဖျော်ကို။ ပါယေတွာ၊ သောက်စေ၍။ မာရေဿာမီတိ၊ သတ်အံ့ဟူ၍။ ရုက္ခမူလံ၊ ပညောင်ပင် ရင်းကို။ သောဓာပေသိ၊ သုတ်သင်စေ၏။

ဒေဝတာ၊ နတ်သည်။ စိန္တေသိ၊ ကြံ၏။ အယံရာဇာ၊ ဤမင်းသည်။ တွေကေ ရာဇာနော၊ ဤမျှလောက်သော မင်းတို့ကို။ ဂဏှန္တော၊ ဘမ်းယူ သည် ရှိသော်။ မံ၊ ငါ့ကို။ နိဿာယ၊ မှီ၍။ ဂဟိတာတိ၊ ဘမ်း၏ဟု။ စိန္တေတွာ၊ ကြံ၍။ တေသံ၊ ထိုသူတို့၏။ ဂလလောဟိတေန၊ လည်ချောင်း သွေးဖြင့်။ မယှံ၊ ငါ့အား။ ဗလိံ၊ ပူဇော်ခြင်းကို။ ကာတု ကာမော၊ ပြုလို ၏။ အယံ၊ ဤမင်းသည်။ ဧတေ၊ ဤ တရာ့ တပါးသော မင်းတို့ကို။ သစေပနဃာတေဿတိ၊ အကယ်၍ သတ်သည်ဖြစ်အံ့။ ဝံသတိ၊ သော်။ ဇမ္ဗုဒီပေ၊ ဇမ္ဗုဒီပါ ကျွန်း၌။ ရာဇဝံသော၊ မင်း အဆက်အနွယ်သည်။

ဥပစ္ဆိဇ္ဇိဿတိ၊ ပြတ်လတ္တံ့။ မေ၊ငါ၏။ ရုက္ခမူလမှိ၊သစ်ပင်ရင်းသည်လည်း။ အသုစိ၊ မစင်ကြယ် မသန့်ရှင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တေ၊ ဤ မင်းကို။ နိဝါရေတုံ၊ တားမြစ်ခြင်းငှါ။ သက္ခိဿာမိနုခေါ၊ တတ်နိုင်ကောင်းအံ့လော။ ဣတိ၊ဤသို့။ သာ၊ ထိုနတ်သည်။ ဥပဓာရေန္တီ၊စူးစမ်းကြည့်ရှု မြော်လင့်သည် ရှိသော်။ အဟံ၊ သည်။ န သက္ခိဿာမိ၊ မတတ်နိုင်အံ့။ ဣတိ ဉတွာ၊ ဤသို့သိ၍။ အညံပိ ဒေဝတံ၊ တပါးနတ် သို့လည်း။ ဥပသင်္ကမိတွာ၊ ကပ်၍။ တေမတ္ထံ၊ ဤအကြောင်းကို။ အာရောစေတွာ၊ ကြား၍။ တွံ၊ သင်သည်။ သက္ခိဿသိ၊ မြစ်ခြင်းငှါ တတ်နိုင်ကောင်းအံ့လော။ ဣတိအာဟ၊ ဤသို့ဆို၏။ တာယပိ၊ ထိုနတ်သည်လည်း။ ပဋိက္ခိတ္တာ၊ ပယ်သည်ရှိသော်။ အညံပိ၊ တပါးနတ် သို့လည်း။ ဥပသင်္ကမိတွာ၊ ကပ်၍။ တာယပိ၊ ထိုနတ်သည်လည်း။ ပဋိက္ခိတ္တာ၊ ပယ်လတ်သော်။ ဧဝံ၊ ဤအတူ။ သကလ စက္ကဝါဠဒေဝတာယော၊ အလုံးစုံ စကြဝဠာ၌ နေကုန်သော နတ်တို့ကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ တာဟိ၊ ထို နတ်တို့သည်။ ပဋိက္ခိတ္တာ၊ ပယ်ကုန်သည် ရှိသော်။ စတုန္နံမဟာရာဇူနံ၊ စတုမဟာရာဇ် နတ်မင်းကြီး လေးယောက်တို့၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ တေဟိ၊ ထိုနတ်တို့သည်။ ကထိတ ကာလေ၊ တားမြစ်ခြင်းငှါ မတတ်နိုင်ဟု ဆိုသောအခါ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ ဘယံ၊ ဘေးကို။ မယံ၊ ငါတို့သည်။ န သက္ခိဿာမ၊ မတတ်နိုင်ကုန်။ ဣတိ ဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ သက္ကံ၊ သိကြားမင်းသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ တမတ္ထံ၊ ထို အကြောင်းကို။ အာရောစေတွာ၊ ကြား၍။ ဒေဝ၊သိကြားမင်း။ တုမှေသု၊ ရှင်သိကြားမင်းတို့သည်။ အပ္ပေါသုက္ကတံ၊ ကြောင့်ကြမရှိသည်၏ အဖြစ်သို့။ အာပန္နေသု၊ ရောက်ကုန်သည်ရှိသော်။ ခတ္တိယ ဝံသော၊ မင်းမျိုးမင်းနွယ်သည်။ ဥပစ္ဆိဇ္ဇိ-ဿတိ၊ ပြတ်လတ္တံ့။ တေသံ၊ ထိုမင်းတို့၏။ ပဋိဗာဟဏံ၊ သေခြင်း၏ တားမြစ်ခြင်းကို။ ဟောထ၊ ဖြစ်ကုန်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။

သက္ကော၊ သိကြားမင်းသည်။ အဟံပိ၊ ငါသည်လည်း။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။ နသက္ခိဿာမိတိ၊ မတတ်နိုင်အံ့ ဟူ၍။ ဥပါယံ ပန၊ အကြောင်းကိုကား။ တေ၊ သင့်အား။ ဝက္ခာမိတိ၊ ဆိုအံ့ဟူ၍။ ဝတွာ၊ ဆို၍။ ဥပါယံ၊ အကြောင်းကို။ အာစိက္ခိ၊ ကြား၏။ ဂစ္ဆ၊ သွားချေ။ တွံ၊ သင်သည်။ ရညော၊ မင်း၏။ ပဿန္တဿေဝ၊ မြင်စဉ်လျှင်။ ရတ္တဝတ္ထ-နိဝတ္ထာ၊ နီမြန်းသော အဝတ်ပုဆိုးကို ဝတ်လျက်။ အတ္တနော၊ မိမိ၏။

ရုက္ခတော၊ သစ်ပင်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဂမနာကာရံ၊ သွားအံ့သော အခြင်းအရာကို။ ဒဿေဟိ၊ ပြလေလော့။ အထ၊ ထိုအခါ၌။ ရာဇာ၊ မင်းသည်။ ဒေဝတာ၊ နတ်သည်။ ဂစ္ဆတီတိ၊ သွားခဲ့၏ဟု။ နံ၊ထိုနတ်ကို။ နိဝတ္တာပေဿာမိ၊ ပြန်လည်စေအံ့။ ဣတိ၊ဤသို့ဆိုလျက်။ နာနပ္ပကာရေန၊ အထူးထူးအပြားပြားဖြင့်။ ယာစိဿတိ၊ တောင်းပန်လတ္တံ့။ အထ၊ ထို အခါ၌။ နံ၊ ထိုမင်းကို။ ဝဒေယျာသိ၊ ဆိုလေလော့။ တွံ၊ သင်သည်။ ကေသတ ရာဇာနော၊ တရာ့တယောက်သော မင်းတို့ကို။ အဂ္ဂမဟေသီဟိ၊ မိဖုရားကြီးတို့နှင့်။ သဒ္ဓိံ၊ တကွ။ အာနေတွာ၊ ဆောင်၍။ တေသံ၊ ထိုသူတို့၏။ ဂလလောဟိတေန၊ လည်ချောင်းသွေးဖြင့်။ ဗလိံ၊ ဗလိနတ်စာကို။ ကရိဿာမိတိ၊ ပြုအံ့ဟူ၍။ မယှံ၊ ငါ့အား။ အာယာစိတွာ၊ တောင်းပန်၍။ ဥဂ္ဂသေနဿ ရညော၊ ဥဂ္ဂသေန မင်း၏။ ဒေဝိံ၊ မိဖုရားကို။ သြဟာယ၊ ချန်၍။ အာဂတော၊ လာ၏။ အဟံ၊ ငါသည်။ တာဒိသဿ၊ ထိုသို့ သဘောရှိသော။ မုသာဝါဒဿ၊ မုသားဆိုသောသူ၏။ ဗလိံ၊ ပူဇော်ခြင်း ကို။ န သမ္ပဋိစ္ဆာမိ၊ ဝန်မခံအံ့။ ဣတိ၊ ဤသို့ ဆိုလေလော့။ ဝေဝုတ္တော၊ ဤသို့ဆိုလတ်သော်။ ရာဇာ၊မင်းသည်။ တံ၊ထိုဓမ္မဒိန္နာမိဖုရားကို။ အာဏာပေဿတိကိရ၊ စေလေမည်ထင်၏။ သာ၊ ထိုဓမ္မဒိန္နာသည်။ ရညော၊ မင်း အား။ ဓမ္မံ ဒေသေတွာ၊ တရားဟော၍။ တွေကာယ ဇနဿ၊ ဤမျှသော လူအပေါင်းအား။ ဇီဝိတဒါနံ၊ အသက်အလှူကို။ ဒဿတိ၊ ပေးလတ္တံ့။ ဣတိဣမိနာ ကာရဏေန၊ ဤသို့သောအကြောင်းဖြင့်။ သက္ကော၊ သိကြား မင်းသည်။ ဒေဝတာယ၊ နတ်အား။ ဣမံ ဥပါယံ၊ ဤ ဥပါယ်တမျဉ်ကို။ အာစိက္ခိ၊ ကြား၏။ ဒေဝတာ၊ နတ်သည်။ တထာ၊ ထို သိကြားဆိုတိုင်း။ အကာသိ၊ ၏။

ရာဇာပိ၊ မင်းသည်လည်း။ တံ၊ ထိုဓမ္မဒိန္နာကို။ အာဏာပေသိ၊ စေ၏။ သာ၊ထိုမိဖုရားသည်။ အာဂန္တွာ၊၍။ တေသံရာဇူနံ၊ထိုမင်းတို့၏။ ပရိယန္တေ၊ နေရာအဆုံး၌။ နိသိန္နံပိ၊နေသည်လည်းဖြစ်သော။ အတ္တနော၊မိမိ၏။ ရာဇာ-နမေဝ၊ သင်ဖြစ်သော မင်းကိုသာလျှင်။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသီဒိ၊ နေ၏။ ရာဇာ၊ ဗာရာဏသီမင်းသည်။ မယိ၊ ငါသည်။ သဗ္ဗရာဇ ဇေဋ္ဌကော၊ အလုံး စုံသော မင်းတို့ထက် ကြီးသော အရာ၌။ ဌိတော၊ တည်လျက်။ သဗ္ဗကနိဋ္ဌံ၊ အလုံးစုံသော မင်းတို့အောက်ငယ်သော။ အတ္တနော သာမိကံ၊ မိမိလင်ကို။ ဝန္ဒတီတိ၊ ရှိခိုးလေ၏ဟု။ တဿာ၊ ထိုမိဖုရားအား။ ကုဇ္ဈိ၊ အမျက်ထွက်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုမင်းကို။ သာ၊ ထိုမိဖုရားသည်။ အာဟ၊ ဆို၏။ မယှံ၊ ငါ့အား။ တယိ၊ ရှင်မင်းကြီးနှင့်။ ကိံ ပဋိဗဒ္ဓံ၊ အဘယ်ကျေးဇူး စပ်ရှက်သနည်း။ မေ၊ ငါ၏။ အယံပန သာမိကော၊ ဤလင်သည်။ ဣဿ- ရိယဿ၊ စည်းစိမ်ကို။ ဒါယကော၊ ပေးတတ်၏။ တံ၊ ထိုလင်ကို။ အဝန္ဒိ- တွာ၊ ရှိမခိုးဘဲ။ ကသ္မာ၊ အဘယ့်ကြောင့်။ တံ၊ ရှင်မင်းကြီးကို။ ဝန္ဒိဿာ- မိ၊ ရှိခိုးရအံ့နည်း။ ဣတိ၊ ဤသို့ဆို၏။ မဟာဇနဿ၊ ၏။ ပဿန္တဿေဝ၊ မြင်စဉ်လျှင်။ ရုက္ခဒေဝတာ၊ သစ်ပင်စောင့်နတ်သည်။ ဘဒ္ဒေ၊ အဘယ် မိဖုရား။ ဧဝံ၊ ဤသို့ပြုခြင်းသည် ကောင်းပေစွ။ ဝတွာ၊ ဆို၍။ တံ၊ ထိုမမွ ဒိန္နာကို။ ပုပ္ဖ မုဋ္ဌိနာ၊ ပန်းဆုပ်ဖြင့်။ ပူဇေသိ၊ ပူဇော်၏။ ပုန၊ တဘန်။ ရာဇာ၊ မင်းသည်။ အာဟ၊ ဆို၏။ မံ၊ ငါ့ကို။ သစေ န ဝန္ဒသိ၊ အကယ် ၍ ရှိမခိုးသည်ဖြစ်အံ့။ မယှံ၊ ငါ၏။ ရဇ္ဇသိရိ ဒါယကံ၊ ပြည်စည်းစိမ်ကို ပေးတတ်သော။ ဧဝံ မဟာနုဘာဝံ၊ ဤသို့ကြီးသော အာနုဘော်ရှိသော။ ဒေဝတံ၊ နတ်ကို။ ကသ္မာ၊ အဘယ့်ကြောင့်။ နဝန္ဒသိ၊ ရှိမခိုးသနည်း။ ဣတိ၊ ဤသို့ဆို၏။

မဟာရာဇ၊ မင်းမြတ်။ တယာ၊ သင်သည်။ အတ္တနော၊ မိမိ၏။ ပုညေ၊ ကောင်းမှု၌။ ဌတွာ၊ တည်၍။ ရာဇာနော၊ မင်းတို့ကို။ ဂဟိတာ၊ ဘမ်းယူအပ်၏။ ဒေဝတာယ၊ နတ်သည်။ ဂဟေတွာ၊ ယူ၍။ နဒိန္နာ၊ စသင့်ည်းစိမ်ကိုမပေး။ ဣတိ၊ ဤသို့ဆို၏။ ပုနပိ၊ တဘန်လည်း။ တံ၊ ထိုမိဖုရားကို။ ဒေဝတာ၊ နတ်သည်။ ဘဒ္ဒေ၊ အဘယ်မိဖုရား။ ဧဝံ၊ ဤသို့ ဆုံးမခြင်းသည် ကောင်းပေစွ။ ဘဒ္ဒေ၊ အဘယ်မိဖုရား။ ဧဝန္တိ၊ ဤသို့ ဆုံးမခြင်းသည် ကောင်းပေစွဟု။ ဝတွာ၊ ဆို၍။ တထေဝ၊ ရှေးအတူ လျှင်။ ပူဇေသိ၊ ပူဇော်၏။ ပုန၊ တဘန်။ သာ၊ ထိုမိဖုရားသည်။ ရာဇာနံ၊ မင်းကို။ အာဟ၊ ဆို၏။ တွံ၊ သင်သည်။ ဒေဝတာယ၊ နတ်သည်။ မေ၊ ငါ့အား။ တွေကာ ရာဇာနော၊ ဤမျှလောက်သော မင်းတို့ကို။ ဂဟေ- တွာ၊ ယူ၍။ ဒိန္နာတိ၊ ပေး၏ဟု။ ဝဒေသိ၊ ဆို၏။ ဣဒါနိ၊ ယခုအခါ၌။ တေ၊ သင်သည်။ ဒေဝတာယ၊ နတ်၏။ ဥပရိ၊ အထက်၌။ ဝါမပဿေ၊ လက်ဝဲနံပါး၌။ ရုက္ခော၊ သစ်ပင်ကို။ အဂ္ဂိနာ၊ မီးဖြင့်။ ဒဍ္ဎော၊ တိုက် အပ်၏။ သာ၊ ထိုနတ်သည်။ တံ အဂ္ဂိံ၊ ထိုမီးကို။ ကသ္မာ၊ အဘယ့်ကြောင့်။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်သနည်း။ ယဒိသိယာ၊ အကယ်၍ တတ်နိုင်သည် ဖြစ်အံ့။ ဧဝံ၊ ဤသို့ တတ်နိုင်သည် ရှိသော်။

မဟာနုဘာဝါ၊ အာနုဘော်ကြီးရာ၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ပုနပိ၊ တဖန်လည်း။ တံ၊ ထိုမိဖုရားကို။ ဒေဝတာ၊ နတ်သည်။ ဘဒ္ဒေ၊ အဘယ် မိဖုရား။ ဧဝံ၊ ဤသို့ ဆိုးမခြင်းသည် ကောင်းလေစွ။ ဘဒ္ဒေ၊ အဘယ်မိဖုရား။ ဧဝံ၊ ဤသို့ ဆိုးမခြင်းသည် ကောင်းပေစွ။ ဣတိဝတွာ၊ ဤသို့ဆို၍။ တထေဝ၊ ထိုရှေးအတူလျှင်။ တံ၊ ထိုမိဖုရားကို။ ပူဇေသိ၊ ပူဇော်၏။

ဌိတွာ၊ ရပ်လျက်။ ကထယမာနာ၊ ဆိုသော။ သာ၊ ထိုမိဖုရားသည်။ ရောဒိစေဝ၊ ငိုလည်း ငို၏။ ဟသိစ၊ ရယ်လည်း ရယ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမိဖုရားကို။ ရာဇာ၊ မင်းသည်။ ကိံ၊ အသို့နည်း။ ဥမ္မတ္တိကာ၊ ရူးသည်။ အသိ၊ ဖြစ်သလော။ ဣတိအာဟ၊ ဤသို့ဆို၏။ ဒေဝ၊ မင်းကြီး။ ကသ္မာ၊ အဘယ့်ကြောင့်။ ဧဝံ ဝဒေသိ၊ ဤသို့ဆိုဘိသနည်း။ မာဒိသိတ္ထိ- ယော၊ ငါကဲ့သို့သော မိန်းမတို့သည်။ ဥမ္မတ္တိကာ၊ ရူးကုန်သည်။ နဟောန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမိဖုရားကို။ ကိံကာရဏာ၊ အဘယ့်ကြောင့်။ ရောဒသိစေဝ၊ ငိုလည်း ငိုဘိသနည်း။ ဟသသိစ၊ ရယ်လည်း ရယ်ဘိသနည်း။ ဣတိ၊ ဤသို့မေး၏။ မဟာရာဇ၊ မင်းမြတ်။ သုဏာဟိ၊ နာလော့။ ဟိ၊ ထိုစကားသင့်စွ။ အဟံ၊ ငါသည်။ အတီတေ၊ လွန်လေ ပြီးသော အခါ၌။ ကုလဓီတာ၊ အမျိုးသမီးသည်။ ဟုတွာ၊ ဖြစ်၍။ ပတိကုလေ၊ လင်အိမ်၌။ ဝသန္တီ၊ နေသည်ရှိသော်။ သာမိကဿ၊ လင်၏။ သဟာယကံ၊ အဆွေခင်ပွန်းဖြစ်သော။ အာဂတံ၊ လာသော။ ပါဟုနကံ၊ ဧည့်သည်ကို။ ဒိသွာ၊ မြင်၍။ တဿ၊ ထိုဧည့်သည် အဆွေခင်ပွန်း၏။ ဘတ္တံ၊ ထမင်းကို။ ပစိတုကာမာ၊ ချက်လိုသည်ဖြစ်၍။ မံသံ၊ အမဲကို။ အာဟရ၊ ဆောင်ချေလော့။ ဣတိ၊ ဤသို့။ ဒါသိယာ၊ ကျွန်မအား။ ကဟာပဏံ၊ အသပြာကို။ ဒတွာ၊ ပေး၍။ တာယ၊ ထိုကျွန်မ အား။ မံသံ၊ အမဲကို။ အလဘိတွာ၊ ၍။ အာဂတာယ၊ လာသည်ရှိသော်။ မံသံ၊ အမဲသည်။ နတ္ထိ၊ မရှိ။ ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ ဂေဟဿ၊ အိမ်၏။ ပစ္ဆိမဿဘာဂေ၊ နောက်အဘို့၌။ သယိတာယ၊ အိပ်သော။ ဧဠကာယ၊ ဆိတ်မ၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဘတ္တံ၊ ထမင်းကို။ သမ္ပာဒေသိ၊ ပြည့်စုံစေ၏။ သာဟံ၊ ထိုငါသည်။ ဧကိဿာယ၊ တခုသော။ ဧဠကာယ၊ ဆိတ်မ၏။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိတွာ၊ ဖြတ် ခြင်းကြောင့်။ နိရယေ၊ ငရဲ၌။ ပစိတွာ၊ ကျက်၍။ ပက္ကာဝသေသေန၊ ငရဲ၌ခံပြီးသည်မှ ကြွင်းသော အကုသိုလ်ကံဖြင့်။ တဿာ၊ ထိုဆိတ်မ၏။

လောမ ဂဏနာယ၊ အမွေးအရေအတွက်ဖြင့်။ သိသဗ္ဗေဒံ၊ ဦးခေါင်း ပြတ်ခြင်းသို့။ ပါပုဏိ ၊ ရောက်၏။ တံ၊ သင်မင်းကြီးသည်။ ဝွေကာရဇာနံ၊ ဤမျှလောက်သော မင်းအပေါင်းကို။ ဝဓိတွာ၊ သတ်၍။ ကဒါ၊ အဘယ်အခါ၌။ ဒုက္ခာ၊ ဆင်းရဲခြင်းမှ။ မုစ္စိဿတိ၊ လွတ်ပါလတ္တံ့နည်း။ ဣတိ၊ ဤသို့ဆို၏။ ဝေ၊ ဤအကြောင်းကြောင့်။ အဟံ၊ ငါသည်။ တဝ၊ သင်မင်းကြီး၏။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဿရန္တိ၊ အောက်မေ့လျက်။ ရောဒိ ၊ ငိုပြီ။ ဣတိဝတွာ၊ ဤသို့ဆို၍။ သာ၊ ထိုမိဖုရားသည်။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

ခတ္တိယ၊ ရေမြေကို အစိုးရသော မင်းမြတ်။ ဧဒိကာယ၊ ဆိတ်မ၏။ ကဏ္ဍုလည်ကို။ ဆိန္ဒိတွာ၊ဖြတ်၍။ လောမဂဏနာယ၊ အမွေးအရေအတွက်ဖြင့်။ ပစ္စိသံ၊ ငရဲ၌ကျက်ရလေ၏။ ဗဟူနံ များစွာသောမင်းတို့၏။ ကဏ္ဍေ၊ လည်၌။ ဆေတွာန၊ ဖြတ်၍။ ကထံ၊ အဘယ်သို့။ ကာဟသိ၊ ငရဲမှ လွတ်ခြင်းကို ပြုအံ့နည်း။ ဣတိ၊ ဤသို့ဆို၏။

အထ၊ ထိုသို့ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ တွံ၊ သင်သည်။ ဟသသိ၊ ရယ်သနည်း။ ဣတိ၊ ဤသို့ မေး၏။ တေသ္မာဒုက္ခာ ငရဲကြီးစွာ ခံရလတ္တံ့သောဤဆင်းရဲမှ။ မုတ္တာ၊လွတ်သည်။ အမှီတိ၊ ဖြစ်ပြီဟု၊ တုဿိတွာ၊ နှစ်သက်၍။ မဟာရာဇ၊ မင်းမြတ်။ ဟသိ၊ ရယ်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ပုနပိ၊ တဘန်လည်း။ တံ၊ ထိုမိဖုရားကို။ ဒေဝတာ၊ နတ် သည်။ ဘဒ္ဒေ၊ အဘယ်။ ဝေ၊ ဤသို့ဆိုခြင်းသည် ကောင်းပေစွ။ ဘဒ္ဒေ၊ အဘယ်။ ဝေ၊ဤသို့ဆိုခြင်းသည် ကောင်းပေစွ။ ဣတိဝတွာ၊ ဤသို့ဆို၍။ ပုပ္ဖမုဋ္ဌိနာ၊ ပန်းဆုပ်ဖြင့်။ ပူဇေသိ၊ ပူဇော်၏။ ရာဇာ၊ မင်းသည်။ မေ၊ ငါ၏။ ကမ္မံ၊ အမှုသည်။ အဟောဘာရိယံ၊ ပြော်ဝန်လေးစွတကား။ အယံ၊ ဤ ဓမ္မဒိန္နာသည်။ ဧကံဝ ဧဠိကံ၊ ဆိတ်မတခုကိုလျှင်။ ဝဓိတွာ၊ သတ်၍။ နိရယေ၊ ၌။ ပက္ကာဝသေသေန၊ ခံပြီးသည်မှ ကြွင်းသော အကုသိုလ်ဖြင့်။ တဿာ၊ ထို ဆိတ်မ၏။ လောမဂဏနာယ၊ အမွေးအရေ အတွက်ဖြင့်။ သိသစ္ဆေဒံ၊ ဦးခေါင်း ပြတ်ခြင်းသို့။ ပါပုဏိကိရ၊ ရောက်ရ သတတ်။ အဟံ၊ ငါသည်။ ဝွေကံရဇာနံ၊ ဤမျှသော မင်းအပေါင်းကို။ ဝဓိတွာ၊ သတ်၍။ ကဒါ၊ အဘယ်အခါ၌။ သောတ္ထိ ၊ ချမ်းသာခြင်းသို့။ ပါပုဏိဿာမိ၊ ရောက်အံ့နည်း။ ဣတိ၊ ဤသို့ အောက်မေ့လျက်။ သဗ္ဗေရာဇာနော၊ အလုံးစုံသော မင်းတို့ကို။ မောစေတွာ၊ လွှတ်၍။ အတ္တနော၊

မိမိထက်။ မဟလ္လကတရေ၊ ကြီးကုန်သော မင်းတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဒဟရ ဒဟရာနံ၊ ငယ်ကုန် ငယ်ကုန်သောမင်းတို့အား။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ သဗ္ဗေ၊ အလုံးစုံသော မင်းတို့ကို။ ခမာပေတွာ၊ ကန်တော့၍။ သကသကဋ္ဌာနမေဝ၊ မိမိ မိမိတို့၏ နေပြည်သို့ သာလျှင်။ ပဟိဏိ၊ စေလွှတ်၏။

သတ္ထာ၊ ဘုရားသည်။ ဣမံ ဓမ္မဒေသနံ၊ ဤတရားဒေသနာကို။ အာဟရိတွာ၊ ဆောင်၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇဝံ၊ ဤသို့။ ဣဒါနေဝ၊ ယခုသာလျှင်။ မလ္လိကာ၊ မလ္လိကာသည်။ အတ္တနော၊ မိမိ၏။ ပညံ၊ ပညာကို။ နိဿာယ၊ မှီ၍။ မဟာဇနဿ၊ လူအပေါင်းအား။ ဇီဝိတဒါနံ၊ အသက်အလှူကို။ ဒေတိ၊ ပေးသည်ကား။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ အဒါသိယေဝ၊ ပေးဘူးသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အတီတံ၊ အတိတ်အကြောင်းကို။ သမောဓာနေသိ၊ ပေါင်းတော်မူ၏။ တဒါ၊ ထိုအခါ၌။ ဗာရာဏသိရာဇာ၊ ဗာရာဏသီမင်းသည်။ ပသေနဒိကောသလော၊ ကောသလမင်းသည်။ အဟောသိ၊ ဖြစ်၏။ ဓမ္မဒိန္နာဒေဝီ၊ ဓမ္မဒိန္နာ မိဖုရားသည်။ မလ္လိကာ၊ မလ္လိကာသည်။ အဟောသိ၊ ဖြစ်၏။ ရုက္ခဒေဝတာ၊ ပညောင်ပင်စောင့် နတ်သည်။ အဟမေဝ၊ ငါဘုရားသည် သာလျှင်တည်း။ ဣတိဇဝံ၊ ဤသို့။ အတီတံ၊ အတိတ်ကို။ သမောဓာနေတွာ၊ ပေါင်းပြီး၍။ ပုန၊ တဖန်။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ပါဏာတိ ပါတောနာမ၊ သူ့အသက်သတ်ခြင်း မည်သည်ကို။ န ကတ္တဗ္ဗယုတ္တကော၊ မပြုအပ်သောအကြောင်းနှင့် ယှဉ်၏။ ဟိ၊ ထိုစကား သင့်စွ။ ပါဏာတိပါတိနော၊ သူ့အသက်ကို သတ်ခြင်းရှိသောသူအား။ ဒီဃရတ္တံ၊ ရှည်ကြာစွာသော ကာလပတ်လုံး။ သောစန္တိ၊ စိုးရိမ်ရကုန်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပါပကာရီ၊ မကောင်းမှုကို ပြုလေ့ ရှိသော။ ယောသတ္တော၊ အကြင်သတ္တဝါသည်။ ဣဓ၊ ဤပစ္စုပ္ပန်ဘဝ၌။ သောစတိ၊ စိုးရိမ်၏။ ပေစ္စ၊ တမလွန်ဘဝ၌။ သောစတိ၊ စိုးရိမ်၏။ ဥဘယတ္ထ၊ နှစ်ပါးသော ဘဝ၌။ သောစတိ၊ စိုးရိမ်၏။ သောသတ္တော၊ ထိုသတ္တဝါသည်။ သောစတိ၊ စိုးရိမ်၏။ သောသတ္တော၊ ထိုသတ္တဝါသည်။ ◌အတ္တနော၊ မိမိ၏။

ကမ္မံ ကိလိဋ္ဌံ၊ ညစ်နွမ်းသော အကုသိုလ်ကံကို။ ဒိသွာ၊ မြင်၍။ ဝိဟညတိ၊ ဆင်းရဲပင်ပန်း၏။

ဘိက္ခဝေ၊ ရဟန်းတို့။ အယံ ဇာတိသမ္ဘဝေါ၊ ဤပဋိသန္ဓေ နေခြင်း သဘောသည်။ ဒုက္ခော၊ ဆင်းရဲစွာ၏။ ဝေ၊ဤသို့။ ယေသတ္တာ၊တို့သည်။ စေ ဇာနေယျုံ၊ အကယ်၍သိကုန်ငြားအံ့။ တေသတ္တာ၊တို့သည်။ ပါဏော၊ သတ္တဝါသည်။ ပါဏိနံ၊ သတ္တဝါတို့ကို။ နဟညေ၊ မသတ် မညှဉ်းဆဲရာ။ ဟိ၊ ထိုစကားသင့်စွ။ ပါဏဃာတီ၊ သတ္တဝါကို သတ်လေ့ရှိသောသူသည်။ သောစတိ၊ စိုးရိမ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ (ဤဝတ္ထုမှာ အဋ္ဌကထာ နိဂုံး ပါဠိမပါ။)

ပဉ္စမံ၊ သော။ အညတရ ပုရိသဝတ္ထု၊ သည်။
နိဋ္ဌိတံ၊ ပြီးပြီ။

---

၅-ဗာလဝဂ္ဂ၊ ၂-မဟာကဿပတ္ထေရ သဒ္ဒိဝိဟာရိက ဝတ္ထု

အနုသန္ဓေ .. အညတရပုရိသ ဝတ္ထု၌ ဟောရာ ဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ရှင်မဟာကဿပ မထေရ်၏ သဒ္ဒိဝိဟာရိက ဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်လိုရကား စရဉ္စေ-စသောပါဠိကို မိန့်အပ်၏။

စရဉ္စေ နာဓိဂစ္ဆေယျာတိ ဣမံ ဓမ္မဒေသနံ၊ စရဉ္စေ နာဓိဂစ္ဆေယျ- ဤသို့ စသော တရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိ ပြည်၌။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ မဟာကဿပတ္ထေရဿ၊ ရှင်မဟာကဿပ မထေရ်၏။ သဒ္ဒိဝိဟာ ရိကံ၊ အတူနေ တပည့်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဒေသနာ၊ ဒေသနာသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည် ၌။ သမုဋ္ဌိတာ၊ ဖြစ်၏။

ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်ကို။နိဿာယ၊ ၍။ ဝိပ္ပလိဂုဟာယံ၊ညောင်ကြွတ် ပင်ရှိသောလိုဏ်၌။ ဝသန္တံ၊ နေသော။ ထေရံ၊ ရှင်မဟာကဿပ မထေရ်ကို။ ဒွေ၊ နှစ်ယောက်ကုန်သော။ သဒ္ဒိဝိဟာရိကာ၊ အတူနေ တပည့် တို့သည်။ ဥပဋ္ဌဟိံသု၊ ကိုရ၊ လုပ်ကျွေး ကုန်သတတ်။ တေသု၊ ထိုတပည့် နှစ်ယောက် တို့တွင်။ ဧကော၊ တယောက်သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဝတ္တံ၊ ဝတ်ကို။

ကရောတိ၊ ပြု၏။ ဧကော၊ တယောက်သည်။ တေန၊ ထိုဝတ်နှင့်ပြည့်စုံသော ရဟန်းသည်။ ကတံကတံ၊ ပြုတိုင်းပြုတိုင်းသော ဝတ်ကို။ အတ္တနာ၊ မိမိသည်။ ကတံဝိယ၊ ပြုသောဟန်ကဲ့သို့။ ဒဿေန္တော၊ ပြလျက်။ မုခေါဒက ဒန္တကဋ္ဌာနံ၊ မျက်သစ်ရေ ဒန်ပူတို့ကို။ ပဋိယာဒိတ ဘာဝံ၊ စီရင်သည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ငါသည်။ မုခေါဒက ဒန္တကဋ္ဌာနိ၊ မျက်သစ်ရေ ဒန်ပူတို့ကို။ ပဋိယာဒိတာနိ၊ စီရင်အပ်ကုန်ပြီ။ မုခံ ဓောဝထ၊ မျက်နှာသစ်တော်မူလော့။ ဣဓာဂိဝဒတိ၊ ၏။ ပါဒဓောဝန နှာနာဒိကာလေပိ၊ ခြေဆေးအံ့သော အခါ ရေချိုးအံ့သောအခါ အစရှိသည်၌လည်း။ ဧဝမေဝ၊ လျှင်။ဝဒတိ၊ ၏။ ဣတရော၊ ရိုသေစွာ လုပ်ကျွေးသော တပည့်သည်လည်း။ စိန္တေသိ၊ ကြံ၏။ အယံ၊ ဤရဟန်းသည်။ မယာ၊ ငါသည်။ ကတံကတံ၊ ပြုတိုင်းပြုတို့င်းသော ဝတ်ကို။ အတ္တနာ၊ မိမိသည်။ ကတံဝိယ၊ ပြုလေဟန်ကဲ့သို့။ •ကတွာ၊ ပြု၍။ နိစ္စကာလံ၊ အခါခပ်သိမ်း။ ဒဿေတိ၊ ပြ၏။ ဟောတု၊ ထိုသို့မူလည်း ဖြစ်စေ။ အဿ၊ ထိုရဟန်း၏။ ကတ္တဗ္ဗံ၊ ပြုအပ်သော အမှုကို။ ကရိဿာမိတိ၊ ပြုအံ့ဟူ၍။ ဘုဉ္ဇိတွာ၊ ဆွမ်းစားပြီး၍။ တဿ၊ ထိုရဟန်း၏။ သုပန္တဿေဝ၊ အိပ်စဉ်လျှင်။ နှာနောဒကံ၊ ချိုးရေကို။ တာပေတွာ၊ နွေး၍။ ကောဋ္ဌိ ဃဋေ၊ အိုးတခု၌။ ကတွာ၊ ထား၍။ ပိဋ္ဌိကောဋ္ဌကေ၊ ရေချိုးအိမ်နောက်၌။ ဌပေသိ၊ ထား၏။ ဥဒကတာပန ဘာဇနေပန၊ ရေနွေးအိုး၌။ နာဠိမတ္တံ၊ တကွမ်းစား မျှလောက်သော။ ဥဒကံ၊ ရေကို။ သေသေတွာ၊ ချွင်း၍။ ဥသုမံ၊ အငွေ့ကို။ မုဉ္စန္တံ၊ လွှတ်စေ၍။ ဌပေသိ၊ ထား၏။

ဣတရော၊ အရိုအသေ လုပ်ကျွေးယောင် ဆောင်သော ရဟန်းသည်။ သာယန္ဟ သမယေ၊ ညချမ်းသော အခါ၌။ ပဗုဇ္ဈိတွာ၊နိုး၍။ ဥသုမံ နိက္ခန္တံ၊ အငွေ့ ထွက်သည်ကို။ ဒိသွာ၊ မြင်၍။ ဥဒကံ၊ ရေကို။ တာပေတွာ၊ နွေး၍။ ကောဋ္ဌကေ၊ ရေချိုးအိမ်၌။ ဌပိတံ၊ ထားအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဝေဂေန၊ လျင်စွာ။ ဂန္တွာ၊ သွား၍။ ထေရံ၊ မထေရ်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ ကောဋ္ဌကေ၊ ရေချိုးအိမ်၌။ ဥဒကံ၊ ရေကို။ ဌပိတံ၊ ထားအပ်ပြီ။ နှာယထ၊ ရေချိုးတော်မူလော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ထေရေန၊ မထေရ်နှင့်။ သဒ္ဓိံ ယေဝ၊ တကွသာလျှင်။ ကောဋ္ဌကံ၊ ရေချိုးအိမ်သို့။ ပါဝိသိ၊ ဝင်၏။ ထေရော၊

သည်။ ဥဒကံ၊ ကို။ အပဿန္တော၊ မမြင်သည်ရှိသော်။ အာဝုသော၊ ငါ့ရှင်။ ဥဒကံ၊ ရေသည်။ ကဟံ၊ အဘယ်မှာရှိသနည်း။ ဣတိအာဟ၊ ဤသို့မေး၏။ ဒဟရော၊ ပဉ္စင်းငယ်သည်။ အဂ္ဂိသာလံ၊ မီးတင်းကုပ်သို့။ ဂန္တွာ၊ ၍။ ဘာဇနေ၊ အိုး၌။ ဥဋ္ဌုက်ံ၊ မှုတ်ကို။ ဩတာရေတွာ၊ ချ၍။ တုစ္ဆဘာဝံ၊ ရေမရှိသည်၏ အဖြစ်ကို။ ဥ တွာ၊ သိ၍။ ဒုဋ္ဌဿ၊ မကောင်းသော ရဟန်း၏။ ကမ္မံ၊ အမှုကို။ ပဿ၊ ကြည့်ပါလော့။ တုစ္ဆဘာဇနံ၊ ရေမရှိသော ရေနွေးအိုးကို။ ဥဒ္ဓနေ၊ ခံုလောက်သို့။ အာရောပေတွာ၊ တင်၍။ ကုဟိံ၊ အဘယ်အရပ်သို့၊ ဂတော၊ သွားလေဘိသနည်း။ အဟံ၊ ငါသည်။ ကောဋ္ဌကေ၊ ရေချိုးအိမ်၌။ ဥဒကန္တိ-သညာယ၊ ရေရှိ၏ ဟူသောအမှတ်ဖြင့်။ အာရောစေသိံ။ ကြား၏။ ဣတိ၊ ဤသို့။ ဇ္ဈာယန္တော၊ ကဲ့ရဲ့ ရှုတ်ချလျက်။ ဃဋံ၊ ရေအိုးကို။ အာဒါယ၊ ယူ၍။ တိတ္ထံ၊ ရေဆိပ်သို့။ အဂမာသိ၊ သွားလေ၏။ ဣတ-ရောပိ၊ အရိအသေ လုပ်ကျွေးသော တပည့်သည်လည်း။ ပိဋ္ဌိကောဋ္ဌက-တော၊ ရေချိုးအိမ်နောက်ဘေးမှ။ ဥဒကံ၊ ရေကို။ အာဟရိတွာ၊ လောင်း၍။ ကောဋ္ဌကေ၊ ရေချိုးအိမ်၌။ ဌပေသိ၊ ထား၏။

ထေရော၊ မထေရ်သည်။ စိန္တေသိ၊ ကြံ၏။ အယံ ဒဟရော၊ ဤပဉ္စင်းငယ်သည်။ မေ၊ ငါ၏ ဥဒကံ၊ ရေကို။ တာပေတွာ၊ နွေး၍။ ကောဋ္ဌကေ၊ ရေချိုးအိမ်၌။ ဌပိတံ၊ ထားအပ်ပြီ။ ဘန္တေ၊ အရှင်ဘုရား။ ထေ၊ ကြွတော် မူလော့။ နှာယထာတိ၊ ရေသပ္ပါလော့ဟု။ ဝတွာ၊ လျှောက်ခြင်းကြောင့်။ ဣဒါနိ၊ ယခုအခါ၌။ ဥဇ္ဈာယန္တော၊ ကဲ့ရဲ့လျက်။ ဃဋံ၊ ရေအိုးကို။ အာဒါယ၊ ယူ၍။ တိတ္ထံ၊ ရေဆိပ်သို့။ ဂစ္ဆတိ၊ သွား၏။ တေ၊ ဤအမှုသည်။ ကိံနုခေါ၊ အဘယ်သို့ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ထေရော၊ မထေရ်သည်။ ဥပဓာရေန္တော၊ စူးစမ်းသည်ရှိသော်။ တွေ့ကံ-ကာလံ၊ ဤမျှကာလပတ်လုံး။ သေဒဟရော၊ ဤပဉ္စင်းငယ်သည်။ ဣမိနာ၊ ဤဝတ်နှင့်ပြည့်စုံသော ရဟန်းသည်။ ကတံ၊ ပြုအပ်သော။ ဝတ္တံ၊ ဝတ်ကို။ အတ္တနာဝ၊ မိမိသည်လျှင်။ ကတံဝိယ၊ ပြုလေဟန်ကဲ့သို့။ ပကာသေဘိ၊ ပြ၏။ ဣတိဥ တွာ၊ဤသို့သိ၍။ သာယံ၊ ညအခါ၌။ အာဂန္တွာ၊ လာ၍။ နိသိန္နဿ၊ နေသောတပည့်အား။ ဩဝါဒံ၊ အဆုံးအမကို။ အဒါသိ၊ ပေး၏။ အာဝုသော၊ငါ့ရှင်။ ဘိက္ခုနာ နာမ၊ ရဟန်မည်သည်ကား။ အတ္တ-နာ၊ မိမိသည်။ ကတမေဝ၊ ပြုသောအမှုကို သာလျှင်။ ကတန္တိ၊ ပြု၏ဟု။

ဝတ္တုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ အကတံ၊ မပြုသော အရာကို။ ကတန္တိ၊ ပြု၏ဟု။ နေ ဝဋ္ဋတိ၊ ဆိုခြင်းငှါ မအပ်။ တွံ၊ သင်သည်။ ဣဒါနေဝ၊ ယခုပင်လျှင်။ ကောဋ္ဌကေ၊ ရေချိုးအိမ်၌။ ဥဒကံ၊ ရေကို။ ဌပိတံ၊ ထားအပ်ပြီ။ ဘန္တေ၊ အရှင်ဘုရား။ နှာယထ၊ ရေချိုးပါလော့။ ဣတိဝတွာ၊ ဤသို့ ဆိုခြင်းကြောင့်။ မယိ၊ ငါသည်။ ပဝိသိတွာ၊ ဝင်၍။ ဌိတေ၊ နေသည် ရှိသော်။ ဃဋံ၊ ရေအိုးကို။ အာဒါယ၊ ယူ၍။ ဥဏှောဒကေန၊ ကဲ့ရဲ့လျက်။ ဂစ္ဆတိ၊ သွား၏။ ပဗ္ဗဇိတဿနာမ၊ ရဟန်းမည်သည်။ ဧဝံ၊ ဤသို့။ ကာတုံ၊ ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့ ဆုံးမ၏။

သော၊ ထိုပဥ္စင်းငယ်သည်။ ထေရဿ၊ ဆရာမထေရ်အား။ ကမ္မံနာမ၊ ပြုအပ်သော အမှုမည်သည်ကို။ ပဿထ၊ ကြည့်ပါကုန်လော့။ ဥဒကမတ္တကံ၊ ရေမျှကို။ နိဿာယ၊ ၍။ မံ၊ ကို။ ဧဝံ၊ သို့။ ဝဒေသိ၊ ဆို၏။ ဣတိကုဇ္ဈိတွာ၊ ဤသို့ အမျက်ထွက်၍။ ပုနဒိဝသေ၊ မိုးသောက်သော နေ့၌။ ထေရေန၊ မထေရ်နှင့်။ သဒ္ဓိံ၊ တကွ။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ နပါဝိသိ၊ မဝင်။ ထေရော၊ မထေရ်သည်။ ဣတရေန၊ ဝတ်နှင့်ပြည့်စုံသော ရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ဧကံပဒေသံ၊ တခုသော အရပ်သို့။ အဂမာသိ၊ သွားလေ၏။ သော၊ ထိုပျက်ချော်သော ရဟန်းသည်။ တသ္မိံ၊ ထိုရှင်မဟာကဿပသည်။ ဂတေ၊ ကြွသည်ရှိသော်။ ထေရဿ၊ ရှင်မဟာကဿပ၏။ ဥပဋ္ဌာက ကုလံ၊ အလုပ်အကျွေးဖြစ်သော ဒါယကာအိမ်သို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရား။ ထေရော၊ ရှင်မဟာကဿပသည်။ ကုဟိံ၊ အဘယ်မှာ ရှိရစ်သနည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးသည်ရှိသော်။ ထေရဿ၊ ရှင်မဟာကဿပ၏။ အဖာသုကံ၊ မချမ်းသာခြင်းသည်။ ဇာတံ၊ ဖြစ်၏။ ဝိဟာရေယေဝ၊ ကျောင်း၌သာလျှင်။ နိပ္ပန္နော၊ အိပ်၏။ ဣတိအာဟ၊ ဤသို့ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံပန၊ အဘယ်ခဲဘွယ်ဘောဇဉ်ကို။ လဒ္ဓုံ၊ ရခြင်းငှါ။ ဝဋ္ဋတိ၊ သင့်သနည်း။ ဣတိ၊ ဤသို့ မေး၏။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ အာဟာရံနာမ၊ အစာမည်သည်ကို။ ဒေထကိရ၊ လှူရလိမ့်မည်ထင်၏။ ဣတိ-ဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ တေန ဝုတ္တနိယာမေနေဝ၊ ထိုဆိုသောနည်းဖြင့်သာလျှင်။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ အဒံသု၊ လှူကုန်၏။ သော၊ ထိုပျက်ချော်သော ရဟန်းသည်။ အန္တရာမဂ္ဂေဝ၊ ခရီးအကြား၌လျှင်။ ဘတ္တံ ဘုဉ္ဇိတွာ၊ ဆွမ်းစား၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂတော၊ သွားလေ၏။ ထေရောပိ၊ ရှင်မဟာကဿပသည်လည်း။ ဂတဋ္ဌာနေ၊ သွားလေရာအရပ်၌။

မဟန္တံ၊ ပြန့်ပြောသော။ သုခုမ ဝတ္ထုံ၊ သိမ်မွေ့သော ပုဆိုးကို။ လဘိတွာ၊ ရ၍။ အတ္တနာ၊ မိမိနှင့်။ သဒ္ဓိံ၊ တကွ။ ဂတဒဟရဿ၊ သွားသော ပဥ္စင်းငယ်အား။ အဒါသိ၊ ပေး၏။ သော၊ ထိုပဥ္စင်းငယ်သည်။ တံ၊ ထိုသင်္ကန်းလျာပုဆိုးကို။ ရဇိတွာ၊ ဆိုး၍။ အတ္တနော၊ မိမိ၏။ နိဝါသန ပါရုပနံ၊ ဝတ်ရုံခြင်းကို။ အကာသိ၊ ပြု၏။

ထေရော၊ ရှင်မဟာကဿပသည်။ ပုနဒိဝသေ၊ မိုးသောက်သော နေ့၌။ တံ ဥပဋ္ဌာကကုလံ၊ ထိုအလုပ်အကျွေးအိမ်သို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊အရှင်ဘုရားတို့၏။ အဖာသုကံ၊မချမ်းသာခြင်းသည်။ ကိရ၊ စင်စစ်။ ဇာတံ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အမှေဟိ၊ ငါတို့သည်။ ဒဟရေန၊ ပဥ္စင်းငယ်သည်။ ဝုတ္တနိယာမေနေဝ၊ ပြောဆိုသော အမှတ်ဖြင့်လျှင်။ ပဋိယာဒေတွာ၊ စီရင်စေ၍။ အာဟာရော၊ ဆွမ်းကို။ ပေသိတော၊ စေလွှတ်အပ်၏။ ပရိဘုဥ္ဇိတွာ၊ စားသောက်၍။ တေ၊ အရှင်ဘုရားအား။ ဖာသုကံ၊ ချမ်းသာခြင်းသည်။ ဇာတံ၊ ဖြစ်ပြီလော။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ဖြစ်၏။ ဝိဟာရံ ပန၊ ကျောင်းသို့ကား။ ဂန္တွာ၊ ရောက်သည်ရှိသော်။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသိန္နံ၊ နေသော။ တံ ဒဟရံ၊ ကို။ အာဝုသော။ ငါ့ရှင်။ တယာ၊ သင်သည်။ ဟိယျော၊ ယမန်နေ့က။ ဣဒံနာမ၊ ဤမည်သော အမှုကို။ ကတံကိရ၊ ပြုသတတ်လော။ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။ ဣဒံ၊ ဤအမှုသည်။ ပဗ္ဗ-ဇိတာနံ၊ ရဟန်းတို့အား။ အနနုစ္ဆဝိကံ၊ မလျောက်ပတ်။ ဝိညတ္တိံ ကတွာ၊ ဝိညတ်ပြု၍။ ဘုဥ္ဇိတုံ၊ စားခြင်းငှါ။ န ဝဋ္ဋတိ၊ မအပ်။ ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏။

သော၊ ထိုရဟန်းငယ်သည်။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ထေရေ၊ ရှင်မဟာကဿပ၌။ အာဃာတံ ဗန္ဓိတွာ၊ ရန်ငြိုးဖွဲ့၍။ ပုရိမဒိဝသေ၊ ရှေးဖြစ်သောနေ့၌။ ဥဒကမတ္တံ၊ ရေနွေးမျှကို။ နိဿာယ၊ မှီ၍။ မံ၊ ငါ့ကို။ မုသာဝါဒံ၊ မဟုတ်မမှန်ဆိုခြင်းကို။ ကတွာ၊ ပြု၍။ အဇ္ဇ၊ ယနေ့။ အတ္တနော၊ မိမိ၏။ ဥပဋ္ဌာက ကုလေ၊ အလုပ်အကျွေး ဒါယကာအိမ်၌။ ဘတ္တမုဋ္ဌိယာ၊ ထမင်းတလုပ်တဆုပ်ကို။ ဘုတ္တ ကာရဏာ၊ စားခြင်းဟူသော အကြောင်းကြောင့်။ မံ၊ ကို။ ဝိညတ္တိံ ကတွာ၊ တောင်း၍။ ဘုဥ္ဇိတုံ၊ စားခြင်းငှါ။ နဝဋ္ဋတီတိ၊ မအပ်ဟူ၍။ ဝဒတိ၊ ဆို၏။ ဝတ္ထံပိ၊ သင်္ကန်းလျာပုဆိုးကိုလည်း။ တေန၊ ထိုရှင်မဟာကဿပသည်။ အတ္တနော၊ မိမိ၏။ ဥပဋ္ဌာကဿေဝ၊

အလုပ်အကျွေး တပည့်အားသာလျှင်။ ဒိန္နံ၊ မျက်နှာကြည့်၍ ပေး၏။ ထေရဿ၊ ရှင်မဟာကဿပ၏။ ကမ္မံ၊ ပြုလေသော အမှုအရာသည်။ အဟော-ဘာရိယံ၊ ကြော် ဝန်လေးလှ၏တကား။ အဿ၊ ထိုရှင်မဟာကဿပ၏။ ကတ္တာဗ္ဗယုတ္တကံ၊ ပြုအပ်သည်နှင့် ယှဉ်သည်ကို။ ဇာနိဿာမိ၊ သိရအံ့။ ဣတိ၊ ဤသို့ အကြံ့ထားလျက်။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ ထေရေ၊ ရှင်မဟာကဿပသည်။ ဂါမံ၊ ရွာတွင်းသို့။ ပဝိသန္တေ၊ ဝင်သည်ရှိသော်။ သယံ၊ မိမိသည်။ ဝိဟာရေ၊ ကျောင်း၌။ သြဟီယိတွာ၊ ချန်ရစ်၍။ ဒန္တကံ၊ တောင်ဝေ့းတုတ်လှန်ကန်ကို။ ဂဟေတွာ၊ ယူ၍။ ပရိဘောဂ ဘာဇနာနိ၊ သုံးရေအိုး, သောက်ရေအိုးတို့ကို။ ဘိန္ဒိတွာ၊ ခွဲ၍။ ထေရဿ၊ ရှင်မဟာ ကဿပ၏။ ပဏ္ဏသာလံ၊ နေရာအရိပ် သင်္ခမ်းကျောင်းကို။ အဂ္ဂိံ ဒတွာ၊ မီးတိုက်၍။ ယံ၊ အကြင်ပရိက္ခရာကို။ နစျာယတိ၊ မီးမလောင်။ တံ၊ ထို ပရိက္ခရာကို။ မုဂ္ဂရေန၊ ဆောက်ပုတ်ဖြင့်။ ပဟရန္တော၊ ပုတ်ခတ်လျက်။ ဘိန္ဒိတွာ၊ ခွဲ၍။ နိက္ခမိတွာ၊ ထွက်၍။ ပလာတော၊ ပြေးလေ၏။ သော၊ ထိုရဟန်းသည်။ ကာလံကတွာ၊ သေ၍။ အဝီစိ မဟာနိရယေ၊ အဝီစိ ငရဲကြီး၌။ နိဗ္ဗတ္တော၊ ဖြစ်၏။

မဟာဇနော၊ လူများသည်။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြော ဟောကုန်၏။ ထေရဿ၊ ရှင်မဟာကဿပ၏။ သဒ္ဓိဝိဟာရိကော၊ အတူနေ တပည့်သည်။ ဩဝါဒမတ္တံ၊ ဆိုဆုံးမကာမျှကို။ အသဟန္တော၊ သည်းမခံ ဘဲ။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ပဏ္ဏသာလံ၊ ကျောင်းကို။ ဈာပေတွာ၊ မီးတိုက်၍။ ပလာတောကိရ၊ ပြေးသတတ်။ ဣတိ၊ ဤသို့ပြောဆိုကုန်၏။ အထ၊ ထိုအခါ၌။ ဧကောဘိက္ခု၊ ရဟန်းတပါးသည်။ အပရဘာဂေ၊ နောက်အဘို့၌။ ရာဇဂဟာ၊ ရာဇဂြိုဟ်ပြည်မှ။ နိက္ခမိတွာ၊ ထွက်၍။ သတ္ထာရံ၊ မြတ်စွာဘုရားသခင်ကို။ ဒဋ္ဌုကာမော၊ ဖူးမြင်ခြင်းငှါအလိုရှိ၏။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သို့။ ဂန္တွာ၊ရောက်၍။ သတ္ထာရံ၊မြတ်စွာ ဘုရားသခင်ကို။ ဝန္ဒိတွာ၊ရှိခိုး၍။ သတ္ထာရာ၊ ဘုရားရှင်သည်။ ပဋိသန္ထာရံ-ကတွာ၊ စကားပြောဟောခြင်းကို ပြုတော်မူ၍။ ကုတော၊ အဘယ်အရပ် မှ။ အာဂတော၊ လာခဲ့သည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးတော်မူသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ ရာဇဂဟတော၊ ရာဇဂြိုဟ် ပြည်မှ ရောက်လာပါသည်ဘုရား။ ဣတိအာဟ၊ ဤသို့ လျှောက်၏။ မမ-ပုတ္တဿ မဟာကဿပဿ၊ ငါ့သားတော် ဖြစ်သော မဟာကဿပအား။

ခမနီယံ၊ ခံ့ကျန်းပါ၏လော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ခမနီယံ၊ ခံ့ကျန်းပါ၏ဘုရား။ ဣတိ၊ ဤသို့ လျှောက်ပြီးသော်။ အဿ၊ ထိုတပည့်တော် ရှင်မဟာကဿပ၏။ ဧကော၊ တယောက်သော။ သဒ္ဒိဝိဟာရိကောပန၊ အတူနေတပည့်သည်ကား။ ဩဝါဒမတ္တေန၊ ဆုံးမပေးကာမျှဖြင့်။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ပဏ္ဏသာလံ၊ နေရာ ကျောင်းကို။ ဈာပေတွာ၊ မီးတိုက်၍။ ပလာတော၊ ပြေးလေ၏။ ဣတိ၊ ဤသို့ လျှောက်သည် ရှိသော်။ သတ္ထာ၊ဘုရားသည်။ သော၊ ထိုပျက်ချော်သော ပုဂ္ဂိုလ်သည်။ ဣဒါနေဝ၊ ယခုသာလျှင်။ ဩဝါဒံ၊ အဆုံးအမကို။ သုတွာ၊ ကြား၍။ န ကုဇ္ဈတိ၊ အမျက်ထွက်သည် မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ကုဇ္ဈတိယေဝ၊ အမျက်ထွက်ဘူးသည်သာလျှင်တည်း။ ဣဒါ-နေဝ၊ ယခုသာလျှင်။ ကုဋိံ၊ ကုဋိကို။ ဒူသေတိ၊ ဖျက်ဆီးသည်ကား။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဒူသေတိယေဝ၊ ဖျက်ဆီးဘူးသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အတီတံ၊ လွန်လေပြီးသော အကြောင်းကို။ အာဟရိ၊ ဆောင်တော်မူ၏။

တတိတော၊ လွန်လေပြီးသော အခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီ ပြည်၌။ ဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မင်းသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ကာရေန္တေ၊ ပြုသည်ရှိသော်။ ဟိမဝန္တပဒေသေ၊ဟိမဝန္တာအရပ်၌။ ဧကော၊ တခုသော။ သိင်္ဂိလ သကုဏော၊ စာပေါင်းသောင်းသည်။ ကုလာဝကံ၊ အသိုက်ကို။ ကတွာ၊ပြု၍။ ဝသိ၊ နေ၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ဒေဝေ ဝဿန္တေ၊ မိုးရွာသည် ရှိသော်။ ဧကော မက္ကဋော၊ မျောက်တခုသည်။ သီတေန၊ အချမ်းဖြင့်။ ကမ္ပမာနော၊ တုန်လှုပ်လျက်။ တံပဒေသံ၊ ထိုအရပ်သို့။ အဂမာသိ၊ ရောက်လာ၏။ သိင်္ဂိလော၊ စာပေါင်းသောင်းသည်။ တံ၊ ထိုမျောက်ကို။ ဒိသွာ၊ မြင်၍။ ဂါထံ၊ကို။ အာဟ၊ ဆို၏။

ဝါနရ၊ အိုမျောက်မင်း။ တော၊ သင်၏။ သီသံ၊ ဦးခေါင်းသည်။ မနုဿဿ၊ လူ၏။ သီသံဣဝ၊ ဦးခေါင်းကဲ့သို့ဖြင်၏။ တော၊သင်၏။ ဟတ္ထ-ပါဒါစ၊ လက်ခြေ တို့သည်လည်း။ မနုဿဿ၊ လူ၏။ ဟတ္ထပါဒါဣဝ၊ လက်ခြေကဲ့သို့ဖြစ်ကုန်၏။ အထ၊ထိုသို့ဖြစ်လျက်။ ကေနနု ဝဏ္ဏေန၊အဘယ် အကြောင်းကြောင့်။ တေ၊ သင်၏။ အဂါရံ၊ နေရာအိမ်သည်။ နဝိဇ္ဇတိ၊ မရှိသနည်း။ ဣတိအာဟ၊ ဤသို့ဆို၏။

မက္ကဋ္ဌော၊ မျောက်သည်။ မေ၊ ငါ၏။ ဟတ္ထပါဒါ၊ လက်ခြေတို့သည်။ ကိဥ္စာပိအတ္ထိ၊ အကယ်၍ကားရှိကုန်၏ရှင့်။ ပနတထာပိ၊ ထိုသို့ ရှိကုန်သော်လည်း။ ယာယပညာယ၊ အကြင် ပညာဖြင့်။ ဝိစာရေတွာ၊ စီရင်၍။ အဂါရံ၊ နေရာအိမ်ကို။ ကရေယျံ၊ ပြုရာ၏။ မေ၊ ငါ့အား။ သာပညာ၊ ထိုပညာသည်။ နတ္ထိတိ၊ မရှိဟု။ စိန္တေတွာ၊ ကြံ၍။ တမတ္ထံ၊ ထိုအကြောင်းကို။ ဝိညာပေတုကာမော၊ သိစေလိုသည်ဖြစ်၍။ ဠမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

သိင်္ဂိလ၊အဆွေစာပေါင်းသောင်း။ မေ၊ငါ၏။ သီသံ၊ဦးခေါင်းသည်။ မနုဿဿ၊ လူ၏။ သီသံဣဝ၊ ဦးခေါင်းကဲ့သို့ ဖြစ်၏။ ဟတ္ထပါဒါစ၊ ငါ၏ လက်ခြေတို့ သည်လည်း။ မနုဿဿ၊ လူ၏။ ဟတ္ထပါဒါဣဝ၊ လက်ခြေတို့ကဲ့သို့။ အဟု၊ ဖြစ်ကုန်၏။ ယာပညာ၊ အကြင်ပညာသည်။ မနုဿေသု၊ လူတို့၌။ သေဋ္ဌာ၊ မြတ်သည်။ အဟု၊ ဖြစ်ကုန်၏။ မေ၊ ငါ့အား။ သာ-ပညာ၊ ထိုပညာသည်။ နဝိဇ္ဇတိ၊ မရှိ။ ဣတိအာဟ၊ ဤသို့ဆို၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုမျောက်ကို။ ဝေရူပဿ၊ ဤသို့ပညာမှ ကင်းသော သဘောရှိသော။ တဝ၊ သင်အား။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ ဃရာဝါသော၊ အိမ်ရာ ထောင်သော လူ၏ ဘောင်၌ နေသော သူ၏ အမှုကိစ္စသည်။ ဣစ္ဆိဿတိ၊ ပြည့်စုံလေအံ့နည်း။ ဣတိ၊ ဤသို့။ ဂရဟန္တော၊ ကဲ့ရဲ့ရှုတ်ချလိုသော။ သိင်္ဂိလော၊ စာပေါင်းသောင်း ငှက် သည်။ ဣမံ ဂါထာဒွယံ၊ ဤဂါထာ နှစ်ခု တို့၏ အပေါင်းကို။ အာဟ၊ ဆို၏။

ဝါနရ၊ ဟယ်မျောက်။ အနဝဋ္ဌိတ စိတ္တဿ၊ မတည်တံ့ မငြိမ်ဆိတ်သော စိတ်ရှိထသော။ လဟုစိတ္တဿ၊ လျင်သော စိတ်အကြံ ရှိထသော။ နိစ္စံ-အဒ္ဓုဝသီလဿ၊ အမြဲလျှင် သီတင်းမရှိထသော။ ဒုဗ္ဘိနော၊ အဆွေ ခင်ပွန်းကို ဖျက်တတ်သောသူအား။ သုခဘာဝေါ၊ ချမ်းသာသောအဖြစ်သည်။ နဝိဇ္ဇတိ၊ မရှိ။

ကပိ၊ မျောက်မိုက်။ သောတ္ထံ၊ ထိုသင်သည်။ အနုဘာဝံ၊ အာနုဘော်ကြီးအံ့သည်ကို။ ကရဿု၊ ပြုလေလော့။ သီလိယံ၊ ပျက်စီးခြင်းကို။ ဝီတိဝိတ္တဿု၊ လွန်လေလော့။ သီတဝါတ ပရိတ္တာဏံ၊ ချမ်းအေးခြင်းကို ဖြစ်စေတတ်သော လေကိုတားမြစ်ရာ တားမြစ်ကြောင်း ဖြစ်သော။ ကုဋ္ဋဝံ၊ နေရာကုဋ္ဋိကို။ ကရဿု၊ ပြုလေလော့။ ဣတိ၊ ဤသို့ဆို၏။

မက္ကဋ္ဌော၊ မျောက်သည်။ အယံ၊ ဤစာပေါင်းသောင်း ငှက်သည်။ မံ၊ ငါ့ကို။ အနဝဋ္ဌိတစိတ္တံ၊ မရပ်မတည်ကြည်သော စိတ်ရှိသည်ကို လည်း ကောင်း။ လဟုစိတ္တံ၊ ဆော့သော စိတ်ရှိသည်ကို လည်းကောင်း။ မိတ္တဒုဗ္ဘိံ၊ အဆွေခင်ပွန်းယုတ်၏အဖြစ်ကို လည်းကောင်း။ အခုဝ သီလံ၊ မမြဲသော သီလရှိသည်ကို လည်းကောင်း။ ကရောတိ၊ ပြု၏။ ဣဒါနိ၊ ယခုအခါ၌။ အဿ၊ ထိုစာပေါင်းသောင်းအား။ မိတ္တဒုဗ္ဘိဘာဝံ၊ အဆွေခင်ပွန်း ယုတ်၏ အဖြစ်ကို။ ဒဿိဿာမီတိ၊ ပြအံ့ဟူ၍။ ကုလာဝကံ၊ အသိုက်ကို။ ဝိဓံသိတွာ၊ ဆုတ်ဖဲ့ဖျက်ဆီး၍။ ဝိပ္ပကိရိ၊ ဖရိုဖရဲ ပြု၏။ သကုဏော၊ စာပေါင်းသောင်းသည်။ တသ္မိံ၊ ထိုမျောက်သည်။ ကုလာဝကံ၊ စာသိုက်ကို။ ဂဏှန္တေဝ၊ လုယက်၍ ယူလေသော်လျှင်။ ဧကေန ပဿေန၊ နံပါးတဘက်ဖြင့်။ နိက္ခမိတွာ၊ ထွက်၍။ ပလာယိ၊ ပြေးရလေ၏။

သတ္ထာ၊ ဘုရားသည်။ ဣမံ ဓမ္မဒေသနံ၊ ဤတရားဒေသနာကို။ အာဟရိတွာ၊ ဆောင်တော်မူ၍။ ဇာတကံ၊ ဇာတ်ကို။ သမောဓာနေသိ၊ ပေါင်းတော်မူ၏။ တဒါ၊ ထိုအခါ၌။ မက္ကဋ္ဌော၊ မျောက်သည်။ ကုဋိဒူသက ဘိက္ခု၊ ကျောင်းကိုဖျက်ဆီးသော ရဟန်းသည်။ အဟောသိ၊ ဖြစ်လာ၏။ သိင်္ဂိလ သကုဏော၊ စာပေါင်းသောင်းငှက်သည်။ ကဿပေါ၊ ကဿပသည်။ အဟောသိ၊ ဖြစ်လာ၏။ ဣတိ၊ ဤသို့။ ဇာတကံ၊ ဇာတ်ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ ဧဝံ၊ ဤသို့ဖြစ်ခြင်းသည်။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ သော၊ ထိုရဟန်းငယ်သည်။ ဩဝါဒက္ခမော၊ ဆိုဆုံးမသော ခဏ၌။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ကုဋိံ၊ စာပေါင်းသောင်းသိုက်ကို။ ဒူသေသိ၊ ဖျက်ဆီး၏။ မမ ပုတ္တဿ၊ ငါ့သားတော်ဖြစ်သော။ ကဿပဿ၊ ကဿပအား။ ဝေရူပေန၊ ဤသို့သဘောရှိသော။ ဗာလေန၊ မလိမ္မာသောသူနှင့်။ သဒ္ဓိံ၊ တကွ။ ဝသနတော၊ နေခြင်းထက်။ ဧကကဿေဝ၊ တယောက်ထီးတည်း သာလျှင်။ နိဝါသော၊ နေခြင်းသည်။ သေယျော၊ မြတ်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

၆၁။ စရံ စရေန္တော၊ ကလျာဏမိတ္တကို စိတ်ဖြင့်သွားလာ ရှာဖွေသော သူသည်။ အတ္တနော၊ မိမိထက်။ သေယျံ၊ သီလအစရှိသော ဂုဏ်ကျေးဇူးတို့ဖြင့် လွန်မြတ်သော သူကိုလည်းကောင်း။ အတ္တနော၊ မိမိနှင့်။ သဒိသံ၊

ဂုဏ်အားဖြင့် တူသောလူကို လည်းကောင်း။ စေ နာဓိဂစ္ဆေယျ၊ အကယ်၍ မရငြားအံ့။ ဧကစရိယံ၊ တယောက်တည်းသာ ကျင့်ခြင်းကို။ ဒဠှံ၊ မြဲစွာ။ ကယိရာ၊ ပြုရာ၏။ ကသ္မာ၊ အဘယ့်ကြောင့် နည်းဟူမူကား။ သဟာယကာ၊ အဆွေခင်ပွန်းဟု ဆိုအပ်သော သီလရှိသော ဂုဏ်ကျေးဇူးသည်။ ဗာလေ၊ မလိမ္မာသောသူ၌။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုသို့ မိမိဆုံးမ၍မရသော သူမိုက်နှင့်နေသဖြင့် ကျေးဇူး မရှိသည်၏ အဖြစ်ကြောင့်။ ဧကစရိယံ၊ တယောက်တည်းသာ ကျင့်ခြင်းကို။ ဒဠှံ၊ မြဲစွာ။ ကယိရာ၊ ပြုကျင့်ရာ၏။ ဣတိအာဟ၊ ၏။

တတ္ထ၊ ထိုဂါထာ၌။ စရန္တိ၊ စရံဟူသည်ကား။ ဣရိယာပထ စာရံ၊ ဣရိယာပုထ်ဖြင့် သွားခြင်းကို။ အဂဟေတွာ၊ မယူမူ၍။ မနသာစာရော၊ စိတ်ဖြင့် ကျက်စားခြင်းကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ကလျာဏမိတ္တံ၊ ကလျာဏ မိတ္တကို။ ပရိယေသန္တော၊ စိတ်ဖြင့် ရှာလေ့ရှိသည်။ ဣတိ-အတ္ထော၊ ဤကား အနက်တည်း။ သေယျံသဒိသ မတ္တနောတိ၊ မတ္တနော ဟူသည်ကား။ အတ္တနော၊ ၏။ သီလ သမာဓိ ပညာဂုဏေဟိ၊ သီလ သမာဓိ ပညာဂုဏ်တို့ထက်။ အဓိကတရံဝါ၊ လွန်သောသူကို လည်းကောင်း။ သဒိသံဝါ၊ တူသောသူကို လည်းကောင်း။ နလဘေယျစေ၊ မရသည် ဖြစ်ငြားအံ့။ ဧကစရိယန္တိ၊ ဟူသည်ကား။ ဟိ၊ ထိုစကားသင့်စွ။ ဧတေသု၊ ထိုနှစ်ယောက်တို့တွင်။ သေယျံ၊ မြတ်သော ဂုဏ်ကျေးဇူး ရှိသောသူကို။ လဘမာနော၊ ရသောသူသည်။ သီလာဒီဟိ၊ သီလစသည်တို့ဖြင့်။ ဝဍ္ဎတိ၊ ပွား၏။ သဒိသံ၊ တူမျှသောပုဂ္ဂိုလ်ကို။ လဘမာနော၊ ရသောသူသည်။ န ပရိဟာယတိ၊ မယုတ်။ ဟီနေနပန၊ မိမိအောက် ယုတ်မာသော ပုဂ္ဂိုလ်နှင့်ကား။ သဒ္ဓိံ၊ တကွ။ ဧကတော၊ တပေါင်း တယှက်တည်း။ ဝသန္တော၊ နေသောသူသည် လည်းကောင်း။ ဧကတော၊ တကွနက်။ သမ္ဘောဂပရိဘောဂံ၊ သံဝါသ သံဘောဂအတူတကွ စားသောက်ခြင်းကို။ ကရောန္တော၊ ပြုသောသူသည် လည်းကောင်း။ သီလာဒီဟိ၊ သီလစသည်တို့မှ။ ပရိဟာယတိ၊ ယုတ်၏။ တေန၊ ထိုကြောင့်။ ဝေရူပေါ။လ။ အနုဒယာယာတိ၊ အနုဒယာယဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။ ဝေရူပေါ၊ ဤသို့သဘော ရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ နသေဝိတဗ္ဗော၊ မမှီဝဲအပ်။ နဘဇိတဗ္ဗော၊ မချဉ်းကပ်အပ်။ နပယိရုပါသိတဗ္ဗော၊ မဆည်းကပ်အပ်။ အနုကမ္ပာယ၊ သနားခြင်းကို။ အညတြ၊ ထား၍။ န သေဝိတဗ္ဗော၊ မမှီဝဲအပ်။ အနုဒ-

ယာယ၊ အဘန့်တလဲလဲ သနားခြင်းကို။ အညတြ၊ ထား၍။ န ပယိရုပါသိ- တဗ္ဗော၊ မဆည်းကပ်အပ်။

တသ္မာ၊ ထိုကြောင့်။ ကာရုညံ၊ သနားခြင်းကို။ ပဋိစ္စ၊ စွဲ၍။ အယံ၊ ဤသူသည်။ မံ၊ ငါ့ကို။ နိဿာယ၊ မှီ၍။ သီလာဒီဟိ၊ သီလစသည်တို့ဖြင့်။ ဝဍ္ဎိဿတိ၊ ပွားသည်ဖြစ်လတ္တံ့။ တမှာ ပုဂ္ဂလာ၊ ထိုပုဂ္ဂိုလ်မှ။ ကိဉ္စိ၊ တစုံ တခုကို။ အပစ္စာသီသန္တော၊ မတောင့်တဘဲ။ တံ၊ ထိုပုဂ္ဂိုလ်ကို။ သင်္ဂဏှိတုံ၊ ချီးမြှင့်ခြင်းငှါ။ သစေ သက္ကောတိ၊အကယ်၍တတ်နိုင်သည်ဖြစ်အံ့။ဣစ္စေတံ၊ ဤသို့တတ်နိုင်ခြင်းသည်။ ကုသလံ၊ ကောင်း၏။ နောစေ သက္ကောတိ၊ အံ့။ ဧကစရိယံ၊ တယောက်ထီးတည်း ကျင့်ခြင်းကို။ ဒဠှံ၊ မြဲစွာ။ ကယိရာ၊ ပြုရာ၏။ ကေဘာဝ မေဝ၊ တယောက်တည်း၏ အဖြစ်ကိုသာလျှင်။ ထိရံကတွာ၊ မြဲစွာပြု၍။ သဗ္ဗ ဣရိယာ ပထေသု၊ အလုံးစုံသော ဣရိယာ ပုထ်တို့၌။ ကေကောဝ၊ တယောက်တည်းသာလျှင်။ ဝိဟရေယျ၊ နေရာ၏။ ကိံ ကာရဏာ၊ အဘယ်ကြောင့်နည်းဟူမူကား။ နတ္ထိဗာလေ သဟာယ- တာတိ၊ သဟာယတာ ဟူသည်ကား။ သဟာယတာနာမ၊ သဟာယတာ မည်သည်ကား။ စူလသီလံ၊ စူလသီလကိုလည်းကောင်း။ မဇ္ဈိမသီလံ၊ မဇ္ဈိမသီလကိုလည်းကောင်း။ မဟာသီလံ၊ မဟာသီလကိုလည်းကောင်း။ ဒသကထာဝတ္ထူနိ၊ ဆယ်ပါးသော ကထာဝတ္ထု တို့ကိုလည်းကောင်း။ တေရသဓုတင်္ဂဂုဏာ၊ တဆယ့်သုံးပါးသော ဓုတင်တို့ကိုလည်းကောင်း။ ဝိပဿနာဂုဏာ၊ ဝိပဿနာဂုဏ်တို့ကို လည်းကောင်း။ စတ္တာရောမဂ္ဂါ၊ လေးပါးသော မဂ်တို့ကိုလည်းကောင်း။ စတ္တာရိ ဖလာနိ၊ လေးပါးသော ဖိုလ်တို့ကိုလည်းကောင်း။ တိဿောဝိဇ္ဇာ၊ဝိဇ္ဇာသုံးပါးတို့ကိုလည်းကောင်း။ ဆအဘိညာ၊ အဘိညာဉ်ခြောက်ပါးတို့ကို လည်းကောင်း။ အယံ၊ ဤ အလုံးစုံသည်။ သဟာယတာ၊ သဟာယတာ မည်၏။ ဒေိသော ဂုဏော၊ ဤသို့သဘောရှိသော ဂုဏ်ကျေးဇူးသည်။ ဗာလံ၊ မလိမ္မာသော ပုဂ္ဂိုလ်ကို။ နိဿာယ၊ မှီ၍။ နတ္ထိ၊ မရှိ။ ဣတိ ဣမိနာ ကာရဏေန၊ ဤသို့သော အကြောင်းကြောင့်။ ကေကောဝ၊ လျှင်။ ဝိဟရေယျ၊ နေရာ၏။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ အာဂန္တုကော ဘိက္ခု၊ ရာဇ ဂြိုဟ်ပြည်ကလာသော ခရီးသွားရဟန်းသည်။ သောတာပတ္တိဖလံ၊ သော တာပတ္တိဖိုလ်သို့။ ပတ္တော၊ရောက်၏။ အညေ၊ တပါးကုန်သော။ ဗဟူပိ၊ များစွာကုန်သော သူတို့သည်လည်း။ သောတာပတ္တိ ဖလာဒီနိ၊ သောတာ

ပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဒေသနာ၊ တရားဟော ခြင်းသည်။ မဟာဇနဿ၊ လူအပေါင်းအား။ သာတ္ထိကာ၊ အကျိုးရှိသည်။ အဟောသိ၊ ဖြစ်၏။

ဒုတိယံ၊ သော။ မဟာကဿပတ္ထေရဿ သဒ္ဓိဝိဟာရိက ဝတ္ထု၊ သည်။ ဋ္ဌတိသမတ္တံ၊ ပြီးပြီ။

---

## ၅-ဗာလဝဂ်၊ ၃-အာနန္ဒသေဋ္ဌိ ဝတ္ထု

အနုသန္ဓေ....ရှင်မဟာကဿပ၏ သဒ္ဓိဝိဟာရိကဝတ္ထု၌ ဟောရာဖြစ် သော ဂါထာ၏အနက်ကို ဖွင့်ပြီး၍ ယခုအခါ အာနန္ဒာ သူဌေးဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ ပုတ္တာမတ္ထိ စသည်ကို မိန့်အပ်၏။

ပုတ္တာမတ္ထိတိ ဣမံ ဓမ္မဒေသနံ၊ ပုတ္တာမတ္ထိ စသောဤတရားဟော ခြင်းကို။ သတ္ထာ၊ ဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဝိဟရန္တော၊ နေတော်မူစဉ်၊ အာနန္ဒသေဋ္ဌိံ၊ အာနန္ဒာသူဌေးကို။ အာရဗ္ဘ၊ အကြောင်း ပြု၍။ ကထေသိ၊ ဟောတော်မူ၏။

သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အာနန္ဒသေဋ္ဌိနာမ၊ အာနန္ဒာအမည် ရှိသော သူဌေးသည်။ စတ္တာလီသ ကောဋိဝိဘဝေါ၊ ကုဋေလေးဆယ် ကြွယ်သောဥစ္စာရှိ၏။ မဟာမစ္ဆရိ၊ အလွန်ဝန်တိုခြင်းရှိသည်။ အဟောသိ- ကိရ၊ ဖြစ်သတတ်။ သော၊ ထိုအာနန္ဒာသူဌေးသည်။ အနွဍ္ဍမာသံ၊ လခွဲ တကြိမ်။ ဉာတကေ၊ ပေါက်ဘော်သားချင်း အဆွေအမျိုးတို့ကို။ သန္နိပါ- တေတွာ၊ စည်းဝေးစေ၍။ မူလသိရိံနာမ၊ မူလသိရိအမည်ရှိသော။ ပုတ္တံ၊ သားကို။ တီသု ဝေလာသု၊ သုံးပါးသောအခါတို့၌။ ဧဝံ၊ ဤသို့။ ဩဝ- ဒတိကိရ၊ ဆုံးမသတတ်။ ဣဒံ စတ္တာလီသကောဋိဓနံ၊ ဤကုဋေလေးဆယ် သော ဥစ္စာကို။ ဗဟုတိ၊ များလှပြီဟူ၍။ သညံ၊ အမှတ်ကို။ မာကရိ၊ မပြုလင့်။ ဝိဇ္ဇမာနံ၊ ထင်ရှားရှိသော။ ဓနံ၊ ဥစ္စာကို။ နဒါတဗ္ဗံ၊ မပေးအပ်။ နဝံ၊ အသစ်ဖြစ်သော။ ဓနံ၊ဥစ္စာကို။ ဥပ္ပါဒေတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကေကံပိ ကဟာပဏံ၊ တသပြာ တသပြာသော ဥစ္စာ ကိုလည်း။ ဝယံ၊ ပျက်ခြင်းကို။ ကရောန္တဿ၊ ပြုသောသူအား။ ဓနံ၊ ဥစ္စာသည်။ ခီယတေဝ၊ ကုန်သည်သာလျှင်တည်း။ တသ္မာ၊ ထိုကြောင့်။

အဠ္ဍနာနံ၊ မျက်စဉ်းတို့၏။ ခယံ၊ ကုန်ခြင်းကို။ ဒိသွာ၊ မြင်၍။ ဥပစိ-
ကာနဉ္စ၊ ခြတို့၏လည်း။ အာစယံ၊ ဆည်းပူးအပ်သော တောင်ပို့ကို။
ဒိသွာ၊ မြင်၍။ မဓူနဉ္စ၊ ပျားတို့၏လည်း။ သမာဟာရံ၊ ပန်းရက်
ယူခြင်းကို။ ဒိသွာ၊ မြင်၍။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ ဃရံ၊
အိမ်ရာထောင်သော လူ၏ဘောင်၌။ အာဝသေ၊ နေရာ၏။ ဣတိ၊
ဤသို့ဆိုးမ၏။

သော၊ ထိုသူဌေးသည်။ အပရေန သမယေန၊ တပါးသောအခါ၌။
အတ္တနော၊ မိမိ၏။ ပဉ္စ မဟာနိဓိယော၊ ရွှေအိုးကြီးငါးလုံးတို့ကို။ ပုတ္တဿ၊
ပတ်လျက်။ မံပိ၊ ငါဘုရားကိုလည်း။ ဝဠ္ဍေတုကာမော၊ လှည့်စားလိုသည်။ ဇာတော၊ ဖြစ်ခဲ့၏။ တံ၊ သင်သည်။ ပဌ္ဌပညာသ ဝဿာနိ၊ ငါးဆယ့်ငါးနှစ်တို့ပတ်လုံး။ ဂူထမေဝ၊ မစင်ကိုသာလျှင်။ ခါဒိနန္န၊ စား၏မဟုတ်လော။ ဘူမိယံယေဝ၊ မြေ၌သာလျှင်။ နိပ္ပဇ္ဇိနန္န၊ အိပ်၏မဟုတ်လော။ နဂ္ဂေါ ဟုတွာ၊ အချည်းစည်းဖြစ်၍ အဝတ်မကပ်ဘဲ။ ဝိစရိနန္န၊ သွား၏မဟုတ်လော။ တာလဋ္ဌိ ခဏ္ဍေန၊ ထန်းစေ့မှုတ်ဖြင့်။ ကေသေ၊ ဆံတို့ကို။ လုဉ္စိနန္န၊ နုတ်၏မဟုတ်လော။ အထစပန၊ ထိုသို့လျက်လည်း။ လောကံ၊ မလိမ္မာသောလူကို။ ဝဠ္ဍေန္တော၊ လှည့်စားသျက်။ အဟံ၊ ငါသည်။ ဝါဘံ၊ လေကို။ ဘက္ခာမိ၊ စား၏။ ကေပါဒေန၊ ခြေတဘက်ဖြင့်။ တိဋ္ဌာမိ၊ ရပ်၏။ နနိသီဒါမိ၊ မထိုင်။ နနိပ္ပဇ္ဇာမိ၊ မအိပ်။ ဣတိ၊ သို့။ ဝဒေသိ၊ ဆိုဘိ၏။ မံပိ၊ ငါဘုရားကိုလည်း။ ဝဠ္ဍေတုကာမော၊ လှည့်စားလိုသည်။ အသိ၊ ဖြစ်ဘိ၏။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ တံ၊ သင်သည်။ ပါပိကံ၊ မကောင်းသော သဘောရှိသော။ လာမိကံ၊ ယုတ်မာသော သဘောရှိသော။ ဒိဋ္ဌိံ၊ အယူကို။ နိဿာယ၊ ၍။ တွေကံ ကာလံ၊ ဤမျှကာလတိုင်တိုင်။ ဂူထဘက္ခော၊ မစင်ကို စားလျက်။ ဘူမိသယော၊ မြေ၌အိပ်လျက်။ နဂ္ဂေါ၊ အချည်းစည်း။ ဝိစရန္တော၊ သွားလျက်။ တာလဋ္ဌိခဏ္ဍေန၊ ထန်းစေ့မှုတ်ဖြင့်။ ကေသေ၊ ဆံတို့ကို။ လုဉ္စနံ၊ နုတ်ရခြင်းသို့။ ပတ္တော၊ ရောက်၏။ ဣဒါနိပိ၊ ယခုအခါ၌လည်း။ ပါပိကံ၊ မကောင်းသော သဘောရှိသော။ လာမိကံ၊ ယုတ်မာသော သဘောရှိသော။ ဒိဋ္ဌိမေဝ၊ အယူကိုသာလျှင်။ ဂဏှာသိ၊ ယူဘိ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ မဟာသမဏ၊ ရဟန်းကြီး။ ကိံ ပန၊ အဘယ်သို့လျှင်။ မယာ၊ ငါသည်။ ကတံ၊ ပြုသနည်း။ ဣတိ၊ ဤသို့ ဆို၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုဇမ္ဗုကအား။ သတ္ထာ၊ ဘုရားသည်။ ပုဗ္ဗေ၊ ရှေး၌။ ကတကမ္မံ၊ ပြုအပ်သော မကောင်းမှုကံကို။ အာစိက္ခိ၊ ကြားတော်မူ၏။ တဿ၊ ထိုဇမ္ဗုကအား။ သတ္ထရိ၊ ဘုရားသည်။ ကထေန္တေ၊ ဟောသည်ရှိသော်။ ကထေန္တေယေဝ၊ ဟောကြားစဉ်ပင်လျှင်။ သံဝေဂေါ၊ ထိတ်လန့်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ ဟိရောတ္တပ္ပံ၊ အရှက်အကြောက်ကို။ ဥပဋ္ဌိတံ၊ ဖြစ်စေအပ်၏။ သော၊ ထိုဇမ္ဗုကသည်။ ဥက္ကုဋိကော၊ ဆောင့်ကြောင့်။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုဇမ္ဗုကအား။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဥဒကသာဋိကံ၊ ရေသနုတ်ကို။ ခိပိတွာ၊ ပစ်၍။ အဒါသိ၊ ပေး၏။ သော၊ ထိုဇမ္ဗုကသည်။ တံ၊ ထိုရေသနုတ်ကို။ နိဝါသေတွာ၊

ဝတ်၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်ရာ၌။ နိသီဒိ၊ နေ၏။'

သတ္ထာပိ၊ ဘုရားသည်လည်း။ အဿ၊ ထိုဇမ္ဗုကအား။ အနုပုဗ္ဗိံကထံ၊ အစဉ်အတိုင်းဆိုအပ်သော စကားကို။ ကထေတွာ၊ ပြောဆို၍။ ဓမ္မံ၊ တရားကို။ ဒေသေသိ၊ ဟောတော်မူ၏။ သော၊ ထိုဇမ္ဗုကသည်။ ဒေသနာဝသာနေ၊ တရားဟောတော်မူသော အဆုံး၌။ သဟ ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့် တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတွာ၊ ရောက်၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဥဋ္ဌာယာသနာ၊ နေရာမှ ထ၍။ ပဗ္ဗဇ္ဇဉ္စ၊ သာမဏေအဖြစ်ကိုလည်းကောင်း။ ဥပသမ္ပဒဉ္စ၊ ပဉ္စင်းအဖြစ်ကိုလည်းကောင်း။ ယာစိ၊ တောင်းပန်၏။ ဧတ္တာဝတာ၊ ဤမျှဖြင့်။ တဿ၊ ထိုဇမ္ဗုက၏။ ပုရိမကမ္မံ၊ ရှေးမကောင်းမှုကံသည်။ ပရိက္ခီဏံ၊ ကုန်လေပြီ။ ဟိ၊ ထိုစကားသင့်စွ။ အယံ၊ ဤဇမ္ဗုကသည်။ ခီဏာသဝ မဟာထေရံ၊ ရဟန္တာဖြစ်သော မထေရ်ကြီးကို။ စတူဟိ၊ လေးပါးသော ဆဲရေးခြင်းတို့ဖြင့်။ အက္ကောသိတွာ၊ ဆဲရေး၍။ ယာဝ၊ အကြင်ရွေ့လောက်။ အယံ မဟာပထဝီ၊ ဤမြေကြီးသည်။ တိဂါဝုတာဓိကံ၊ သုံးဂါဝုတ်အလွန်ရှိသော။ ယောဇနံ၊ ယူဇနာတိုင်တိုင်။ ဥဿန္နံ၊ တက်၏။ တာဝ၊ ထိုရွေ့လောက်။ အဝီစိမှိ၊ အဝီစိ၌။ ပစ္စိတွာ၊ ကျက်ပြီး၍။ တတ္ထ၊ ထိုအဝီစိ၌။ ပက္ကာဝသေသေန၊ ကျက်ပြီးသည်မှ ကြွင်းသောအကုသိုလ်ကံဖြင့်။ ပဉ္စ ပညာသ ဝဿာနိ၊ ငါးဆယ့် ငါးနှစ် တို့ပတ်လုံး။ ဣမံ ဝိပ္ပကာရံ၊ ဤ ဘောက်ပြန်ခြင်းသို့။ ပတ္တော၊ ရောက်၏။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုဇမ္ဗုက၏။ တံကမ္မံ၊ ထိုအကုသိုလ်ကံသည်။ ခီဏံ၊ ကုန်ပြီ။ ဝီသတိပန ဝဿသဟဿာနိ၊ အနှစ် နှစ်သောင်းတို့ပတ်လုံး။ ဣမိနာ၊ ဤဇမ္ဗုကသည်။ ကတဿ၊ ပြုအပ်သော။ သမဏဓမ္မဿ၊ ရဟန်းတရား၏။ ဖလံ၊ အကျိုးကို။ နာသေတုံ၊ ဖျက်ဆီးခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ တသ္မာ၊ ထို့ကြောင့်။ သတ္ထာ၊ ဘုရားသည်။ ဒက္ခိဏဟတ္ထံ၊ လက်ျာလက်ကို။ ပသာရေတွာ၊ ဆန့်တော်မူ၍။ ဧဟိ ဘိက္ခု၊ ရဟန်း။ ဧဟိ၊ လာလှည့်။ သမ္မာ၊ ကောင်းစွာ။ ဒုက္ခဿ၊ ဆင်းရဲခြင်း၏။ အန္တကိရိယာယ၊ အဆုံးကို ပြုခြင်းငှါ။ ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရ၊ ကျင့်လော့။ ဣတိ အာဟ၊ ဤသို့မိန့်တော်မူ၏။ တာဝဒေဝ၊ ထိုခဏ၌ လျှင်။ အဿ၊ ထိုဇမ္ဗုကအား။ ဂိဟိ လိင်္ဂံ၊ လူအသွင်သည်။ အန္တရဓာယိ၊ ကွယ်ပျောက်၏။ အဋ္ဌပရိက္ခာရဓရော၊ ပရိက္ခရာ ရှစ်ပါးကို

ဆောင်လျက်။ သင်္ဃဝဿိက မဟာထေရောဝိယ၊ အဝါ ခြောက်ဆယ်ရှိပြီးသော မထေရ်ကြီးကဲ့သို့။ အဟောသိ၊ ဖြစ်၏။

သေ-သော၊ ဤဇမ္ဗုက ပေါ်ဘိက္ခု ရဟန်းဖြစ်သော နေ့သည်။ အင်္ဂမဂဓဝါသီနံ၊ အင်္ဂတိုင်း မဂဓတိုင်းသူတို့၏။ တဿ၊ ထိုဇမ္ဗုကအား။ သက္ကာရံ၊ ပူဇော်ဘွယ်ကို။ ဂဟေတွာ၊ယူ၍။ အာဂတ ဒိဝသောကိရ၊ လာသောနေ့ ဖြစ်သတတ်။ တသ္မာ၊ ထို့ကြောင့်။ ဥဘယရဋ္ဌဝါသိနော၊နှစ်ပါးသော တိုင်းသူတို့သည်။ သက္ကာရံ၊ ပူဇော်ဘွယ်ကို။ ဂဟေတွာ၊ယူ၍။ အာဂတာ၊ လာကုန်သည်ရှိသော်။ တထာဂတံ၊ ဘုရားကို။ ဒိသွာ၊ မြင်၍။ အမှာကံ-အယျော၊ ငါတို့အရှင် ဖြစ်သော။ ဇမ္ဗုကော၊ ဇမ္ဗုကသည်။ မဟာကိံ-နုခေါ၊ မြတ်သည်ဖြစ်မည်လော။ ဥဒါဟု၊ထိုသို့မဟုတ်မူကား။ သမဏော-ဂေါတမော၊ ရဟန်းဂေါတမသည်။ မဟာကိံနုခေါ၊ မြတ်လိမ့်မည်လော။ ဣတိစိန္တေတွာ၊ ဤသို့ကြံပြီး၍။ သမဏော ဂေါတမော၊ ရဟန်းဂေါတမသည်။ မဟာ၊မြတ်သည်။ သစေဘဝေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ အယံ၊ ဤဇမ္ဗုကသည်။ သမဏဿ ဂေါတမဿ၊ ရဟန်းဂေါတမ၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆေယျ၊သွားလေရာ၏။ဇမ္ဗုကာဇီဝကဿပန၊ ဇမ္ဗုကအာဇီဝက ၏ကား။ မဟန္တတာယ၊ မြတ်သည်၏ အဖြစ်ကြောင့်။ သမဏော ဂေါ-တမော၊ ရဟန်းဂေါတမသည်။ ဣမဿ၊ ဤဇမ္ဗုက၏။ သန္တိကံ၊အထံသို့။ အာဂတော၊ ရောက်လာ၏။ ဣတိစိန္တယိံသု၊ ဤသို့ ကြံကုန်၏။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ မဟာဇနဿ၊လူများ၏။ ပရိဝိတက္ကံ၊အကြံကို။ ဥတွာ၊ သိ၍။ ဇမ္ဗုက၊ ဇမ္ဗုကတက္ကတွန်း။ တဝ၊ သင်၏။ ဥပဋ္ဌာကာနံ၊ အလုပ်အကျွေး ဒါယကာတို့၏။ ကင်္ခံ၊ ယုံမှားခြင်းကို။ ဆိန္ဒာဟိ၊ ဖြတ်လော့။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ သော၊ ထိုဇမ္ဗုကသည်။ ဘန္တေ၊ အရှင်ဘုရား။ အဟံပိ၊ တပည့်တော်သည်လည်း။ တွေကမဝေ၊ဤမျှကိုသာလျှင်။ ပစ္စာသီသာမိ၊ တောင့်တပါ၏ ဘုရား။ ဣတိဝတွာ၊ ဤသို့လျှောက်၍။ စတုတ္ထစျာနံ၊ စတုတ္ထစျာန်ကို။ သမာပဇ္ဇိတွာ၊ဝင်စားး၍။ ဥဋ္ဌာယ၊ ဈာန်မှထ၍။ တာလပ္ပမာဏံ၊ ထန်းပင်အမြင့်အတိုင်းအရှည်ရှိသော။ ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ ပျံတက်၍။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ ဘုန်းတော်ကြီးသောဘုရားသည်။ မေ၊အကျွန်ုပ်၏။ သတ္ထာ၊ ဆရာတည်း။ အဟံ၊တပည့်တော်သည်။ သာဝကော၊ ဆုံးမခံသူတပည့်သည်။ အသ္မိ၊ ဖြစ်

၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဩရုယှ၊ ဆင်း၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပုန၊ တဘန်။ ဒွိတာလမတ္တံ၊ ထန်း နှစ်ဆင့်မျှသော အရပ်သို့ လည်းကောင်း။ တိတာလမတ္တံ၊ ထန်းသုံးဆင့် မျှသောအရပ်သို့ လည်းကောင်း။ ဣတိဧဝံ၊ ဤသို့ ဆိုခဲ့ပြီးသော နည်းဖြင့်။ သတ္တတာလမတ္တံ၊ ထန်း ခုနစ်ဆင့်မျှသော အရပ်သို့လည်းကောင်း။ ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ ပျံတက်၍။ ဩရုယှ၊ ဆင်း၍။ အတ္တနော၊မိမိ၏။ သာဝကဘာဝံ၊ တပည့်၏ အဖြစ်ကို။ ဇာနာပေသိ၊ သိမြင်စေ၏။

တံ၊ထိုအခြင်းအရာကို။ ဒိသွာ၊မြင်၍။ မဟာဇနော၊လူအပေါင်းသည်။ ဗုဒ္ဓါနာမ၊ ဘုရားတို့မည်သည်ကား။ အဟောအစ္ဆရိယာ၊ ဩော် အံ့ဘွယ်သခဲ ရှိလှ၏။ အနောပမဂုဏာ၊ မယှဉ်မှသော ဂုဏ်ကျေးဇူးရှိ၏။ ဣတိစိန္တေသိ၊ ဤသို့ကြံ၏။ သတ္ထာ၊ ဘုရားသည်။ မဟာဇနေန၊ လူအပေါင်းနှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တော၊ပြောဟောလျက်။ ဧဝံအာဟ၊ ဤသို့ မိန့်တော်မူ၏။ အယံ၊ ဤဇမ္ဗုကသည်။ ဧတ္တကံ ကာလံ၊ ဤမျှ ကာလ တိုင်တိုင်။ တုမှေဟိ၊သင်တို့သည်။ အာဘတံ၊ဆောင်ယူခဲ့သော။ သက္ကာရံ။ ပူဇော်ဘွယ်ကို။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ဇိဝှဂ္ဂေ၊ လျှာဖျား၌၊ ဌပေတွာ၊ တင်ထား၍။ တပ စရဏံ၊ ခြိုးခြံသော အကျင့်ကို။ ပူရေမိတိ၊ ဖြည့်အံ့ဟု။ ဣဓ၊ ဤအရပ်၌။ နိဝုဋ္ဌော၊ နေခဲ့၏။ ဣမိနာ ဥပါယေန၊ ဤသို့သောအကြောင်းဖြင့်။ ဝဿသတံ၊ အနှစ်တရာ တိုင်တိုင်။ တပစရဏံ၊ ခြိုးခြံသော အကျင့်ကို။ သစေပူရေယျ၊ အကယ်၍မူလည်း ဖြည့်ကျင့်ငြားအံ့။ ဣဒါနိ၊ ယခုအခါ၌။ ကာလံဝါ၊ အခါကို လည်းကောင်း။ ဘတ္တံဝါ၊ ထမင်းကို လည်းကောင်း။ ကုက္ကုစ္စာယိတွာ၊ အလိုလိုဖြစ်၍။ အဘုဉ္ဇန္တဿ၊ မစားသော။ အဿ၊ ထိုဇမ္ဗုက၏။ ယာဝဘတ္တဆေဒနကုသလစေတနာ၊ အကြင်ထမင်းကိုဖြတ်၍ ကျင့်သော ကုသိုလ် စေတနာသည်။ အတ္ထိ၊ရှိ၏။ တံ တပ စရဏံ၊ ထိုခြိုးခြံစွာ ကျင့်အပ်သော ဇမ္ဗုက၏ အကျင့်သည်။ တဿာ၊ ထို ကုသိုလ်စေတနာကို။ သောဠသိံ၊ တဆယ့်ခြောက်စိတ် စိတ်၍။ ကလံပိ၊ တစိတ်မျှကိုလည်း။ နအဂ္ဃတိ၊ မထိုက်။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၇၀။ ဗာလော၊ သူမိုက်သည်။ တပစရဏံ၊ ပူပန် ဆင်းရဲသော အကျင့်ကို။ ပူရိဿာမိတိ၊ ဖြည့်အံ့ဟူ၍။ မာသေ မာသေ၊ လတိုင်း လတိုင်း။ ပတ္တော၊ ခွက်၌။ ဘောဇနံ၊ အစာထမင်းကို။ ကုသဂ္ဂေန၊ သမန်းမြက်ဖျားဖြင့်။ ဘုဉ္ဇေယျ၊ စားရာ၏။ သော ဗာလော၊ ထိုသူမိုက်သည်။ သင်္ခါတဓမ္မာနံ၊ ပိုင်းခြား၍ သိအပ်ပြီးသော သင်္ခတတရားရှိကုန်သော အရိယာပုဂ္ဂိုလ်တို့၏။ သောဠသိံ၊ တဆယ့်ခြောက်စိတ် စိတ်၍။ ကလံ၊ တစိတ်ကို။ န အဂ္ဃတိ၊ မထိုက်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တဿာ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ အပရိညာတဓမ္မော၊ မပိုင်းခြားအပ်သော တရားရှိသော။ သီလာဒိဂုဏာပရိဗာဟိရော၊ သီလ အစရှိသောဂုဏ်ကျေးဇူးမှအပဖြစ်သော။ ဗာလော၊ မလိမ္မာသော သူသည်။ တိတ္ထာယတနေ၊ တိတ္ထိတို့၏ကျောင်း၌။ ပဗ္ဗဇိတော၊ ရဟန်းပြုလျက်။ တပစရဏံ၊ ခိုးခြံသော အကျင့်ကို။ ပူရေဿာမိတိ၊ ဖြည့်အံ့ဟူ၍။ မာသေ-မာသေ၊ လတိုင်း လတိုင်း။ ပတ္တော၊ ခွက်၌။ ကုသဂ္ဂေန၊ သမန်းမြက် ဖျားဖြင့်။ ဘောဇနံ၊ အစာကို။ ဘုဉ္ဇန္တော၊ စားလျက်။ ဝဿသတံ၊ အနှစ်တရာတို့ ပတ်လုံး။ ဘောဇနံ၊ ထမင်းကို။ သစေ ဘုဉ္ဇေယျ၊ အကယ်၍ စားငြားအံ့။ န သော သင်္ခါတဓမ္မာနံ ကလံ အဂ္ဃတိ သောဠသိန္တိ၊ သောဠသိံ ဟူသောပုဒ်၌။ ဉာတဓမ္မာ၊ သိအပ်သော တရားတို့ကို။ တုလိတဓမ္မာ၊ နှိုင်းရှည့်အပ်သော တရားတို့ကို။ သင်္ခါတဓမ္မာ၊ သင်္ခါတဓမ္မတို့ဟူ၍။ ဝုစ္စန္တိ။ ဆိုအပ်ကုန်၏။ တေသု၊ ထိုတရားတို့တွင်။ ပစ္ဆိမကောဋိယာ၊ ယုတ်သော အပိုင်းအခြားဖြင့်။ သောတာပန္နော၊ သောတာပန်သည်။ သင်္ခါတဓမ္မော၊ သင်္ခါတဓမ္မမည်၏ ဥပရိမကောဋိယာ၊ အထက်ကို ပိုင်းခြားသောအားဖြင့်။ ခီဏာသဝေါ၊ ရဟန္တာပုဂ္ဂိုလ်သည်။ သင်္ခါတဓမ္မော၊ သင်္ခါတဓမ္မမည်၏။ ဣမေသံ သင်္ခါတဓမ္မာနံ၊ ဤသင်္ခါတဓမ္မဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့၏။ သောဠသိံ၊ တဆယ့်ခြောက်စိတ် စိတ်၍။ ကလံ၊ တစိတ်ကို။ သော ဗာလော၊ ထိုသူမိုက်သည်။ န အဂ္ဃတိ၊ မမီနိုင်။ ဣဒံ၊ ဤသည်ကား။ ပုဂ္ဂလာဓိဋ္ဌာနာ၊ ပုဂ္ဂလာဓိဋ္ဌာန်ဖြစ်သော။ ဒေသနာ၊ ဒေသနာတည်း။

အယံပန၊ ဤဆိုလတ္တံ့ သည်ကား။ ဧတ္ထ၊ ဤဂါထာ၌။ အတ္ထော၊ ဓမ္မာဓိဋ္ဌာန် အနက်တည်း။ ယာဝ၊ အကြင်မျှလောက်။ တယာ၊ ထိုအခြင်းအရာဖြင့်။ တပစရဏံ၊ ခိုးခြံသောအကျင့်ကို။ ပူရေန္တဿ၊ ဖြည့်သော တဿ၊ ထိုဇမ္ဗုက၏။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ စေတနာ၊ ခိုးခြံ

စွာ ကျင့်အပ်သော စေတနာ သည်လည်းကောင်း။ ယာဝ၊ အကြင်ရွေ့လောက်။ ကာလံဝါ၊ အခါကို လည်းကောင်း။ ဘတ္တံဝါ၊ ထမင်းကို လည်းကောင်း။ ကုက္ကုစ္စာယိတွာ၊ အလို့လို့ရှိ၍။ အဘုဉ္ဇိတွာနံ၊ မစားကုန်သော။ သန်္ဒိတမမ္မာနံ၊ သန်္ဒိတမမ္မဖြစ်သော အရိယာပုဂ္ဂိုလ်တို့၏။ ဧက ဘတ္တစ္ဆေဒန ကုသလ စေတနာ၊ တကြိမ် ထမင်းကို ဖြတ်၍ ကျင့်သော ကုသိုလ်စေတနာ သည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုရွေ့လောက်။ တဿာ စေတနာယ၊ ·ထိုထမင်းကို တကြိမ်ဖြတ်၍ ကျင့်အပ်သော ကုသိုလ်စေတနာ၏။ သောဠသိံ၊ ဟဆယ့်ခြောက်စိတ် စိတ်၍။ ကလံ၊ တစိတ်သည်။ တာဝ၊ ထိုရွေ့လောက်။ ဒီဃရတ္တံ၊ ရှည်ကြာစွာသော ကာလပတ်လုံး။ သာ ပဝတ္တာစေတနာ၊ ထိုဖြစ်စေအပ်သော စေ့ဆော်ခြင်းသည်။ န အဂ္ဃတိ၊ မမီနိုင်။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ သန်္ခတမမ္မာနံ၊အရိယာ ပုဂ္ဂိုလ်တို့၏။ တဿ စေတနာယ၊ ထိုစေတနာ၏။ ယံဖလံ၊ အကြင် အကျိုးသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအကျိုးကို။ သောဠသ ကောဋ္ဌာသေ၊ တဆယ့်ခြောက်စုတို့ကို။ ကတွာ၊ ပြု၍။ တတော၊ ထိုတဆယ့်ခြောက်စုမှ။ ဧကော၊ တစု တစုကို။ ပုန၊ တဘန်။ သောဠသ သောဠသ ကောဋ္ဌာသေ၊ တဆယ့်ခြောက်စု တဆယ့်ခြောက်စုတို့ကို။ ကတွာ၊ ပြု၍။ တတော၊ ထို တဆယ့်ခြောက်စုမှ။ ဧကဿ ကောဋ္ဌာသဿ၊ တစု တဘို့၏။ ယံဖလံ၊ အကြင်အကျိုးသည်။ အတ္ထိ၊ ရှိ၏ တဒေဝ၊ ထို အကျိုးသည်လျှင်။ တဿ ဗာလဿ၊ ထိုသူမိုက်၏။ တပ စရဏတော၊ ခြိုးခြံသော အကျင့်ထက်။ မဟပ္ဖလတရံ၊ အကျိုးကြီးမြတ်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ စတုရာသီတိယာ ပါဏသဟဿာနံ၊ ရှစ်သောင်းလေးထောင်သောသတ္တဝါတို့အား။ ဓမ္မာဘိ သမယော၊ သစ္စာလေးပါးကို သိသည်။ အဟောသိ၊ ဖြစ်၏။

ကောဒသမံ၊ သော။ ဇမ္ဗုကတ္ထေရ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

## ၅ ဗာလဝဂ်၊ ၁၂-အဟိပေတဝတ္ထု

အနုသန္ဓေ...ဇမ္ဗုက ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ မြေပြိတ္တာဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ နဟိ ပါပံစသည်ကို မိန့်အပ်၏။

နဟိ ပါပံ ကတံ ကမ္မံ၊ သဇ္ဇုခီရံဝ မုစ္စတိ။ ဍဟန္တံ ဗာလမန္ဝေတိ၊ ဘသ္မစ္ဆန္နောဝ ပါဝကော။ ဟိ ပါပံ ကတံ ကမ္မဲ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ အညတရံ၊ အမှတ်မရှိသော။ အဟိပေတံ၊ မြေပြိတ္တာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ ဒိဝသေ၊ တခုသောနေ့၌။ ဇဋိလ သဟဿေ၊ ရသေ့တထောင်၏။ အဗ္ဘန္တရေ၊ အတွင်း၌။ အာယသ္မာ လက္ခဏတ္ထေရော စ၊ ရှင်လက္ခဏ မထေရ်သည် လည်းကောင်း။ မဟာ မောဂ္ဂလာနတ္ထေရော စ၊ ရှင်မောဂ္ဂလာန် မထေရ်သည် လည်းကောင်း။ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်သို့။ စရိဿာမာတိ၊ သွားကုန်အံ့ ဟူ၍။ ဂိဇ္ဈကူဋတော၊ ဂိဇ္ဈကုဋ်တောင်မှ။ ဩတရန္တိ၊ ဆင်းကုန်၏။ တေသု၊ ထိုမထေရ် နှစ်ပါး တို့တွင်။ အာယသ္မာ မဟာ မောဂ္ဂလာနတ္ထေရော၊ ရှင်မောဂ္ဂလာန် မထေရ်သည်။ ဧကံအဟိပေတံ၊ မြေပြိတ္တာ တခုကို။ ဒိသွာ၊ မြင်၍။ သိတံ ပါတွာကာသိ၊ ပြုံးခြင်းကို ထင်စွာပြု၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရှင်မောဂ္ဂလာန်ကို။ လက္ခဏတ္ထေရော၊ လက္ခဏ မထေရ်သည်၊ အာဝုသော၊ ငါ့ရှင် မောဂ္ဂလာန်။ ကသ္မာ၊ အဘယ့်ကြောင့်။ သိတံ၊ ပြုံးခြင်းကို။ ပါတုကရောသိ၊ ထင်စွာ ပြုဘိသနည်း။ ဣတိ၊ သို့။ သိတကာရဏံ၊ ပြုံးခြင်း၏ အကြောင်းကို။ ပုစ္ဆိ၊ မေး၏။ အာဝုသော လက္ခဏ၊ ငါ့ရှင် လက္ခဏ။ အကာလော၊ပြောခြင်းငှါအခါမဟုတ်သေး။ဣမဿ ပဉှဿ၊ဤပြဿနာကို။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သန္တိကေ၊ အထံ၌။ မံ၊ ငါ့ကို။ ပုစ္ဆေယျာသိ၊ မေးလော့။ ဣတိ၊ ဤသို့။ ထေရော၊ ရှင်မောဂ္ဂလာန်သည်။ အာဟ၊ ဆို၏။ တေသု၊ ထိုမထေရ် နှစ်ပါးတို့သည် ရာဇဂဟေ၊ရာဇဂြိုဟ်ပြည်၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ဘဂဝတော၊ဘုရား၏။ သန္တိကံ၊ အထံသို့၊ ဂန္တွာ၊ ရောက်၍။ နိသိန္နေသု၊ နေကုန်သည် ရှိသော်။ လက္ခဏတ္ထေရော၊ လက္ခဏ မထေရ်သည်။ ပုစ္ဆိ၊ မေး၏။ အာဝုသော-မောဂ္ဂလာန၊ ငါ့ရှင် မောဂ္ဂလာန်။ တွံ၊ သင်သည်။ ဂိဇ္ဈကူဋာ၊ ဂိဇ္ဈကုဋ်-

တောင်မှ။ဩတရန္တော၊ ဆင်းရှိသော်။ သိတံ၊ပြုံးခြင်းကို။ ပါတုကရိတွာ၊ ထင်စွာပြု၍။ မယာ၊ ငါသည်။ သိတကာရဏံ၊ ပြုံးခြင်း၏ အကြောင်းကို။ ပုဋ္ဌော၊ မေးအပ်သည် ရှိသော်။ ဘဂဝတော၊ ဘုရား၏။ သန္တိကေ၊ အထံ၌။ မံ၊ ငါ့ကို။ ပုစ္ဆေယျာသိတိ၊ မေးလော့ဟု။ အဝစ၊ ဆိုဘူး၏။ ဣဒါနိ၊ ယခုအခါ၌။ တံကာရဏံ၊ ထို အကြောင်းကို။ ကထေဟိ၊ ပြောဆိုပါလော့။ ဣတိ၊ ဤသို့။ ထေရော၊ အရှင်လက္ခဏသည်။ အာဟ၊ ဆို၏။

အာဝုသော၊ ငါ့ရှင်လက္ခဏ။အဟံ၊ ငါသည်။ဧကံ ပေတံ၊ပြိတ္တာတခုကို။ ဒိသွာ၊ မြင်၍။ သိတံ ပါတွာကာသိံ၊ ပြုံးခြင်းကို ထင်စွာ ပြု၏။ တဿ၊ ထိုပြိတ္တာ၏။ အတ္တဘာဝေါ၊ သည်။ ဝေဠုပေါ၊ ဤသို့ သဘောရှိ၏။အဿ၊ ထို မြွေပြိတ္တာ၏။သီသံ၊ ဦးခေါင်းသည်။ မနုဿသီသံဝိယ၊ လူ၏ ဦးခေါင်း ကဲ့သို့ တည်း။ သေသော အတ္တဘာဝေါ၊ ကြွင်းသော အတ္တဘောသည်။ အဟိဿဝိယ၊ မြွေကဲ့သို့တည်း။ဧသော အဟိပေတော နာမ၊ဤ မြွေပြိတ္တာမည်သည်။ ပမာဏတော၊ အတိုင်းအရှည်အားဖြင့်။ ပဉ္စဝီသတိ ယောဇနိကော၊နှစ်ဆယ့်ငါးယူဇနာရှိ၏။တဿ၊ထိုပြိတ္တာ၏။သီသတော၊ခေါင်းမှ။ ဥဋ္ဌိတာ၊ ထွက်သော။ အဂ္ဂိဇာလာ၊ မီးလျှံတို့သည်။ ယာဝနင်္ဂုဋ္ဌာ၊ အမြီး ဖျားတိုင်အောင်။ ဂစ္ဆန္တိ၊ လောင်၍ သွားကုန်၏။ နင်္ဂုဋ္ဌတော၊ အမြီးမှ။ ဥဋ္ဌိတာ အဂ္ဂိဇာလာ၊ ထွက်သော မီးလျှံတို့သည်။ ယာဝသီသာ၊ ဦးခေါင်း တိုင်အောင်။ ဂစ္ဆန္တိ၊ လောင်၍သွားကုန်၏။ မဇ္ဈေသီသတော၊ ဦးခေါင်း လယ်မှ။ ဥဋ္ဌိတာ၊ ထွက်သော မီးလျှံတို့သည်။ ဒွေပဿာနိ၊ နံပါးနှစ်ဘက် တို့သို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဒွီဟိ ပဿေဟိ၊ နံပါး နှစ်ဘက်တို့မှ။ဥဋ္ဌိတာ၊ ထွက်သော မီးလျှံတို့သည်။ မဇ္ဈေ၊ အလယ်၌။ ဩတရန္တိ၊ စုဝေးကုန်၏။ ဒွိန္နံယေဝ၊ နှစ်ခုသာလျှင် ဖြစ်ကုန်သော။ ပေတာနံ၊ မြွေပြိတ္တာ, ကျီးပြိတ္တာ တို့၏။ အတ္တဘာဝေါ၊ အတ္တဘောသည်။ ပဉ္စဝီသတိ ယောဇနိကောကိရ၊ နှစ်ဆယ့် ငါးယူဇနာ ရှိသတတ်။ အဝသေသာနံ၊ ကြွင်းသော ပြိတ္တာတို့၏။ အတ္တဘာဝေါ၊ အတ္တဘောသည်။ တိဂါဝုတပ္ပမာဏောကိရ၊ သုံးဂါဝုတ် ပမာဏရှိသတတ်။ ဣမဿဧဝ အဟိပေတဿ၊ ဤ မြွေပြိတ္တာ၏ လည်း ကောင်း၊ ဣမဿ ကာကပေတဿစ၊ ဤ ကျီးပြိတ္တာ၏လည်းကောင်း။ ဗာဝီသတိ ယောဇနိကော၊ နှစ်ဆယ့်ငါးယူဇနာ ရှိသော အတ္တဘောသည်။ အဒဟာသိ၊ ဖြစ်၏။ တေသု၊ ထို ပြိတ္တာ နှစ်ခုတို့တွင်။ အယံ၊ ဤ ဆိုအပ် ပြီးသည်ကား။ ဒုတိယော၊ ရှေးဦးစွာ အဟိပေတော၊မြွေပြိတ္တာတည်း။ကာက

ပေတံပိ၊ ကျီးပြိတ္တာ ကိုလည်း။ မဟာမောဂ္ဂလာနော။ မဟာမောဂ္ဂလာန်သည်။ ဂိဇ္ဈကူဋမတ္ထကေ၊ ဂိဇ္ဈကုဋ်တောင်ထိပ်၌။ ပစ္စမာနံ၊ ကျက်သည်ကို။ ဒိသွာ၊ မြင်၍။ တဿ၊ ထို ကျီးပြိတ္တာ၏။ ပုဗ္ဗကမ္မံ၊ ရှေးမကောင်းမှုကံကို။ ပုစ္ဆန္တော၊ မေးလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

ဘော၊ အိုပြိတ္တာ။ တေ၊ သင်၏။ ဇိဝှါ၊ လျှာသည်။ ပဉ္စယောဇနိကာ၊ ငါးယူဇနာရှိ၏။ သီသံ၊ ဦးခေါင်းသည်။ နဝယောဇနံ၊ ကိုးယူဇနာရှိ၏။ ဘုယျံ၊ သင်၏။ ကာယော၊ ကိုယ်သည်။ ပဉ္စဝီသတိယောဇနံ၊ နှစ်ဆယ့်ငါးယူဇနာ တိုင်တိုင်။ အစ္စုဂ္ဂတော၊ မြင့်၏။ တွံ၊ သည်။ ကိံ နုကမ္မံ၊ အဘယ်မည်သောကံကို။ ကရိတွာန၊ ပြုခဲ့၍။ ဤဒိသံ၊ ဤသို့သဘောရှိသော။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ ပတ္တော၊ ရောက်သည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့မေး၏။

အထ၊ ထို အခါ၌။ အဿ၊ ထို မောဂ္ဂလာန် အား။ ပေတော၊ ပြိတ္တာသည်။ အာစိက္ခန္တော၊ ကြားလိုသည်ဖြစ်၍။

ဘန္တေမောဂ္ဂလာန၊ အရှင်မောဂ္ဂလာန်။ အဟံ၊ အကျွန်ုပ်သည်။ ကဿပမဟေသိနော၊ ကဿပဘုရား၏။ သံဃဿ၊ သံဃာတော်၏။ အာဘတံ-ဘတ္တံ၊ ရှေးရှုဆောင်ခဲ့သောဆွမ်းကို။ ယဒိစ္ဆကံ၊ အလိုရှိတိုင်း။ အာဟာ-ရေသိံ၊ စားခြင်းငှါ ဆောင်ယူမိ၏။

ဣတိ၊ ဤသို့။ ဂါထံ၊ ဂါထာကို။ ဝတွာ၊ ဆို၍။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ ကဿပ ဗုဒ္ဓကာလေ၊ ကဿပ မြတ်စွာဘုရား၏ လက်ထက်၌။ သမ္ဗဟုလာ ဘိက္ခူ၊ များစွာသော ရဟန်းတို့သည်။ ဂါမံ၊ ရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသိံသု၊ ဝင်ကုန်၏။ မနုဿာ၊ လူတို့သည်။ ထေရေ၊ မထေရ်တို့ကို။ ဒိသွာ၊ မြင်၍။ သံပိယာယမာနာ၊ မြတ်နိုးတနာ ခင်မင်ကုန်သည်ဖြစ်၍။ အာသနသာလာယံ၊ ဆွမ်းစားစရပ်၌။ နိသီဒါပေတွာ၊ နေစေ၍။ ပါဒေ၊ ခြေတို့ကို။ ဓောဝိတွာ၊ ဆေး၍။ တေလေန၊ ဆီဖြင့်။ မက္ခေတွာ၊ လိမ်း၍။ ယာဂုံ၊ ယာဂုကို။ ပါယေ-တွာ၊ သောက်စေ၍။ ခဇ္ဇကံ၊ ခဲဘွယ်ကို။ ဒတွာ၊ လှူ၍။ ပိဏ္ဍပါတ-ကာလံ၊ ဆွမ်းစားအံ့သောအခါကို။ အာဂမယမာနာ၊ ငံ့လင့်ကုန်လျက်။ ဓမ္မံ၊ တရားကို။ သုဏန္တာ၊ နာကုန်လျက်။ နိသီဒိံသု၊ နေကုန်၏။ ဓမ္မ-ကထာဝသာနေ၊ တရားဟောတော်မူသော အဆုံး၌။ ထေရာနံ၊ မထေရ်တို့၏။ ပတ္တေ၊ သပိတ်တို့ကို။ အာဒါယ၊ ယူ၍။ အတ္တနော အတ္တနော၊

မိမိ မိမိ၏။ ဂေဟာ၊ အိမ်မှ။ နာနဂ္ဂရသဘောဇနသ္မိ၊ အထူးထူးသော မြတ်သော အရသာရှိသော ဘောဇဉ်ဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ အာဟရိံသု၊ ဆောင်ခဲ့ကုန်၏။

တဒါ၊ ထိုသို့သော အခါ၌။ အဟံ၊ အကျွန်ုပ်သည်။ ကာကောဟုတွာ၊ ကျီးဖြစ်၍။ အာသန္န သာလာယ၊ နေရာစရပ်၏။ ဆဒန ပိဋ္ဌေ၊ အမိုးခေါင် ယောက်စွန်း၌။ နိလီနော၊ ပုန်းအောင်းလျက်။ တံ၊ ထိုဆောင်ယူခဲ့သော ဘောဇဉ်ကို။ ဒိသွာ၊ မြင်၍။ ဧကေန၊ တယောက်သည်။ ဂဟိတ ပတ္တတော၊ ယူခဲ့သောသပိတ်မှ။ တိက္ခတ္တုံ၊ သုံးကြိမ်။ မုခံ ပူရေန္တော၊ ခံတွင်းကို ပြည့်စေလျက်။ တယော ကဗဠေ၊ သုံးလုပ်သော ထမင်းတို့ကို။ အဂ္ဂဟေသိံ၊ နှိုက်၍ ယူမိ စားမိခဲ့ပြီ။ တံ ပန ဘတ္တံ၊ ထိုဆွမ်းသည်။ သံဃဿ၊ သံဃာ၏။ နေဝ သန္တကံ၊ ဥစ္စာမဟုတ်သေး။ သံဃဿ၊ သံဃာအား။ *နိယျာဒေတွာ၊ ဆောက်နှင်း၍။ နဒိန္နံ၊ မပေး မလှူသေး။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဂဟိတာဝသေသကံ၊ ယူပြီး၍ အကြွင်းသည်။ န၊ မဟုတ်။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဂေဟံ၊ အိမ်သို့။ နီဟရိတွာ၊ ဆောင်၍။ မနုဿေဟိ၊ လူတို့သည်။ ဘုဥ္ဇိတဗ္ဗကံ၊ စားအပ်သော။ ကေဝလံ၊ သက်သက်။ သံဃံ၊ ကို။ ဥဒ္ဒိဿ၊ ရည်၍။ အဘိဟဋမတ္တမေဝ၊ ရှေးရှူ ဆောင်ကာမျှ သာလျှင်တည်း။ မယာ၊ သည်။ တတော၊ ထိုဆွမ်းမှ။ တယော ကဗဠာ၊ သုံးလုပ်သော ဆွမ်းတို့ကို။ ဂဟိတာ၊ ထိုး၍စားမိ၏။ မေ၊ ငါ၏။ ပုဗ္ဗကမ္မံ၊ ရှေးမကောင်းမှုကံသည်။ တွေကံ၊ ဤမျှတည်း။ သွာဟံ၊ ထိုငါသည်။ ကာလံကတွာ၊ သေခြင်းကိုပြု၍။ တဿကမ္မဿ၊ ထိုမကောင်းမှုကံ၏။ ဝိပါကေန၊ အကျိုးဖြင့်။ အဝီစိမှိ၊ အဝီစိ၌။ ပစ္စိတွာ၊ ခံပြီး၍။ တတ္ထ၊ ထိုအဝီစိငရဲ၌။ ပက္ကာဝသေသေန၊ ကျက်ပြီးသည်မှ ကြွင်းသော အကုသိုလ်ကံဖြင့်။ ဣဒါနိ၊ ယခုအခါ၌။ ဂိဇ္ဈကူဋေ၊ ဂိဇ္ဈကုဋ်တောင် ၌။ ကာက ပေတော၊ ကျီးပြိတ္တာသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တော၊ ဖြစ် ၏။ ဣမံဒုက္ခံ၊ ဆင်းရဲခြင်းကို။ ပစ္စာနုဘောမိ၊ ခံစားရ၏။ ဣတိအာဟ၊ ဤသို့ဆို၏။ ဣဒံ၊ ဤသည်ကား။ ကာကပေတဿ၊ ကျီးပြိတ္တာ၏။ ဝတ္ထု၊ ဝတ္ထုတည်း။

* နိယျမေတွာ (ဆဋ္ဌ)

ဣမပန၊ ဤအရာ၌ကား။ ထေရော၊ အရှင်မောဂ္ဂလာန်မထေရ်သည်။ အဟိပေတံ၊ မြွေပြိတ္တာကို။ ဒိသွာ၊ မြင်၍။ သိတံပါတွာကာသိ ၊ ပြုံးခြင်းကို ထင်စွာပြု၏။ ဣတိအာဟ၊ ဤသို့ဆို၏။ အထ၊ ထိုအခါ၌။ သတ္ထာ၊ ဘုရားသဗ္ဗညုသည်။ အဿ၊ ထိုရှင်မောဂ္ဂလာန်ကို။ သက္ခိဟုတွာပိ၊ သက်သေထား၍လည်း။ ဥဋ္ဌာယ၊ ထတော်မူ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ မောဂ္ဂလာနော၊ မောဂ္ဂလာန်သည်။ သစ္စံ၊ ဟုတ်မှန်သောစကားကို။ အာဟ၊ ဆို၏။ မယာပိ၊ ငါဘုရားသည်လည်း။ သော၊ ဤပြိတ္တာကို။ သမ္ဗောဓိပတ္တ ဒိဝသေယေဝ၊ ဘုရားအဖြစ်သို့ ရောက်တော်မူသော နေ့၌ပင်လျှင်။ ဒိဋ္ဌော၊ မြင်တော်မူ၏။ အပိစခေါ၊ စင်စစ်အားဖြင့်။ အဟံ၊ ငါဘုရားသည်။ န ဗျာကာသိံ ၊ ဟောကြားတော်မမူ။ ယေ၊ အကြင် သတ္တဝါတို့သည်။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ န သဒ္ဒဟေယျုံ၊ မယုံကြည်ကုန်ရာ။ တေသံ၊ ထိုသတ္တဝါတို့အား။ အဟိတာယ၊ စီးပွားမရှိခြင်းငှါ။ ဘဝေယျုံ၊ ဖြစ်ကုန်ရာ၏။ ဣတိ၊ ဤသို့။ ပရာနုဒ္ဒယာယ၊ တပါးသူကို သနားခြင်းဖြင့်။ နကထေသိံ ၊ ဟောတော်မမူပြီ။ ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ လက္ခဏသံယုတ္တေပိ၊ လက္ခဏသံယုတ် ၌လည်း။ မဟာမောဂ္ဂလာနေန၊ ရှင်မောဂ္ဂလာန်သည်။ ဒိဋ္ဌကာလေယေဝ၊ မြင်သောအခါ၌ သာလျှင်။ သတ္ထာ၊ ဘုရားသည်။ တဿ၊ ထိုမောဂ္ဂလာန်၏။ သက္ခိဟုတွာ၊ သက်သေဖြစ်၍။ ဝီသတိဝတ္ထူနိ၊ နှစ်ဆယ်သော ဝတ္ထုတို့ကို။ ကထေသိ၊ ဟောတော်မူ၏။ ဣဓာပိ၊ ဤအဟိပေတဝတ္ထုကိုလည်း။ တေန၊ ထိုမောဂ္ဂလာန်သည်။ တထေဝ၊ လျှင်။ ကထိတံ၊ ဆိုအပ်၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ တဿ၊ ထိုမြွေပြိတ္တာ၏။ ပုဗ္ဗကမ္မံ၊ ရှေးမကောင်းမှုကို။ ပုစ္ဆိံသု၊ မေးလျှောက်ကုန်၏။ သတ္ထာ၊ မြတ်စွာဘုရားသည်။ တေသံ၊ ထိုရဟန်းတို့အား။ ကထေသိ၊ ဟောတော်မူ၏။

အတီတေ၊ လွန်လေပြီးသော အခါ၌။ ဗာရာဏသိံ ၊ ဗာရာဏသီ' ပြည်ကို။ နိဿာယ၊ မှီ၍။ နဒီ တီရေ၊ မြစ်နား၌။ ပစ္စေကဗုဒ္ဓဿ၊ အရှင်ပစ္စေကဗုဒ္ဓါ၏။ ပဏ္ဏသာလံ၊ ဖက်ရွက်မိုးသော ကျောင်းကို။ ကရိံသုကိရ၊ ဆောက်ကုန်သတတ်။ သော၊ ထိုပစ္စေကဗုဒ္ဓါသည်။ တတ္ထ၊ ထိုကျောင်း၌။ ဝိဟရန္တော၊ နေလျက်။ နိဗဒ္ဓံ၊ မပြတ်။ နဂရေ၊ ဗာရာဏသီပြည်၌။ ပိဏ္ဍာယ စရတိ၊ ဆွမ်းခံသွား၏။ နာဂရာပိ၊ ပြည်သူတို့သည်လည်း။

သာယံ ပါတံ၊ ည နံနက်။ ဂန္ဓပုပ္ဖါဒိ ဟတ္ထာ၊ နံ့သာပန်း စသည်ကို လက်စွဲကုန်လျက်။ ပစ္စေကဗုဒ္ဓသာ၊ ပစ္စေကဗုဒ္ဓါအား။ ဥပဋ္ဌာနံ၊ ဆည်းကပ်ခြင်းသို့။ ဂစ္ဆန္တိ၊ သွားကုန်၏။ ဗာရာဏသိ ဝါသီ၊ ဗာရာဏသီပြည်၌။ နေသော။ ကောပုရိသော၊ယောကျ်ားတယောက်သည်။ တံမဂ္ဂံ၊ထိုခရီးကို။ နိဿာယ၊မှီ၍။ ခေတ္တံ၊ လယ်ကို။ ကသိ၊ ထွန်၏။ မဟာဇနော၊ လူများသည်။ သာယံပါတံ၊ညနံနက်။ ပစ္စေကဗုဒ္ဓသာ၊ပစ္စေကဗုဒ္ဓါအား။ ဥပဋ္ဌာနံ၊ ဆည်းကပ်ခြင်းသို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ တံခေတ္တံ၊ ထိုလယ်ကို။ မဒ္ဒန္တော၊ နင်းနယ်လျက်။ ဂစ္ဆတိ၊ သွား၏။ ကဿကော၊ လယ်ထွန်ယောကျ်ားသည်။ မေ၊ငါ၏။ ခေတ္တံ၊ လယ်တောကို။ မာမဒ္ဒထ၊မဖျက်ဆီး မနင်းနယ်ပါကုန်လင့်။ ဣတိ၊ ဤသို့။ ဝါရေန္တောပိ၊ တားမြစ် ပါသော်လည်း။ ဝါရေတုံ၊ဆီးတားခြင်းငှါ၊ နာသက္ခိ၊မတတ်နိုင်။ အထ၊ထိုအခါ၌။ အဿ၊ ထို လယ်ထွန်ယောကျ်ား၏။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ပစ္စေကဗုဒ္ဓသာ၊၏။ ပဏ္ဏသာလာ၊ သစ်ရွက်မိုးသော ကျောင်းသည်။ သစေ နဘဝေယျ၊ အကယ်၍မဖြစ်ငြားအံ့။ မေ၊ငါ၏။ ခေတ္တံ၊ လယ်ကို။ နမဒ္ဒေယျုံ၊ မနင်းလေကုန်ရာ။ ဣတိ၊ ဤသို့အကြံဖြစ်၏။ သော၊ ထိုလယ်ထွန်ယောကျ်ားသည်။ ပစ္စေကဗုဒ္ဓသာ၊ ပစ္စေကဗုဒ္ဓါ၏။ ပိဏ္ဍာယ၊ဆွမ်းအလို့ငှါ။ ပဝိဋ္ဌကာလေ၊ ဝင်သောအခါ၌။ ပရိဘောဂဘာဇနာနိ၊ သုံးဆောင်သော အိုးခွက် တို့ကို။ ဘိန္ဒိတွာ၊ ခွဲ၍။ ပဏ္ဏသာလံ၊ နေရာကျောင်းကို။ ဈာပေသိ၊ မီးတိုက်၏။ ပစ္စေကဗုဒ္ဓေါပိ၊ ပစ္စေကဗုဒ္ဓါ သည်လည်း။ တံဈာမံ၊ ထိုကျောင်းကို မီးလောင်သည်ကို။ ဒိသွာ၊ မြင်၍။ ယထာသုခံ၊ ချမ်းသာရာအရပ်သို့။ ပက္ကာမိ၊ ကြွသွားတော်မူလေ၏။

မဟာဇနော၊လူများသည်။ ဂန္ဓမာလံ၊နံ့သာပန်းကို။ အာဒါယ၊ယူ၍။ အာဂတော၊လာသည်ရှိသော်။ ဈာမံပဏ္ဏသာလံ၊မီးလောင်ရာကျောင်းကို။ ဒိသွာ၊ မြင်၍။ အယျော၊ ငါတို့အရှင်ဘုရားသည်။ ကဟံနုခေါ၊ အဘယ် အရပ်သို့လျှင်။ ဂတော၊ ကြွရှာလေအံ့နည်း။ ဣတိအာဟ၊ ဤသို့ဆို၏။ သောပိ၊ထိုလယ်ထွန်ယောကျ်ားသည်လည်း။ မဟာဇနေနေဝ၊ လူအပေါင်း နှင့် သာလျှင်။ သဒ္ဓိံ ဂတော၊ တကွလိုက်လာလျက်။ မဟာဇနမဇ္ဈေ၊ လူ များ အလယ်၌။ ဌိတကောဝ၊ ရပ်လျက်လျှင်။ ဧဝံအာဟ၊ ဤသို့ဆို၏။ မယာ၊ငါသည်။ တဿ၊ ထိုပစ္စေကဗုဒ္ဓါ၏။ ပဏ္ဏသာလာ၊ သစ်ရွက်မိုးသော

ကျောင်းကို။ ဈာပိတာ၊မီးတိုက်အပ်ကုန်၏။ ဉာတိ၊ဉာတိ်သို့ဆို၏။ အထ၊ထိုအခါ ၌။ နံ၊ထိုလယ်ထွန်ယောက်ျားကို။ ဂဏှထ၊ဖမ်းဆီးကုန်လော့။ ဉာမံပါပိမံ၊ ဤလူယုတ်ကို။ နိုဿယာယ၊မှီ၍။ မယံ၊ ငါတို့သည်။ ပစ္စေကဗုဒ္ဓံ၊ ပစ္စေကဗုဒ္ဓါ ကို။ ဒဋ္ဌုံ၊ဖူးမြင်ခြင်းငှါ။ နလဘိမှာတိ၊ မရကုန်ပြီဟူ၍။ ဒဏ္ဍာဒီဟိ၊လှံ့ တန် စသည်တို့ဖြင့်။ ပေါထေတွာ၊ပုတ်ခတ်၍။ဇီဝိတက္ခယံ၊အသက်ကုန်ခြင်း သို့။ ပါပေသုံ၊ ရောက်စေကုန်၏။ သော၊ ထိုလယ်ထွန်ယောက်ျားသည်။ အဝီစိမှိ၊ အဝီစိ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ယာဝ၊ အကြင်မျှ့လောက်။ အယံ မဟာပထဝီ၊ ဤမြေကြီးသည်။ ယောဇနမတ္တံ၊တယူဇနာမျှ။ ဥဿန္နာ၊ မြင့်၏။ တာဝ၊ ထိုမျှလောက်။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်ပြီး၍။ ပက္ကာဝသေသေန၊ ခံပြီးသော အကြွင်းအကျန်ဖြင့်။ ဂိဇ္ဈကူဋေ၊ ဂိဇ္ဈကုဋ် တောင်၌။ အပဟိပေတော၊ မြွေပြိတ္တာသည်။ ဟုတွာ၊ဖြစ်၍။ နိဗ္ဗတ္တိ၊ဖြစ်၏။ သတ္ထာ၊ဘုရားသည်။တဿ၊ထိုမြွေပြိတ္တာ၏။ ဣဒံပုဗ္ဗကမ္မံ၊ဤရှေးမကောင်းမှု ကို။ ကထေတွာ၊ဟောပြီး၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဇာပါပကမ္မံနာမ၊ ဤ မကောင်းမှုကံမည်သည်ကား။ ခီရသဒိသံ၊နို့ရည်နှင့်တူ၏။ ခီရံ၊နို့ရည်ကို။ ဒုယှမာနံ၊ ညှစ်အပ်ပြီးသော ခဏ၌။ နပရိဏာမတိဝေယထာ၊ လျင်စွာ မဖောက်ပြန် သကဲ့သို့လျှင်။ တထာ၊ ထို့အတူ။ ကယိရမာနမေဝ၊ ပြုသခဲ၌ လျှင်။ ကမ္မံ၊ ကံသည်။ နဝိပစ္စတိ၊ အကျိုးကိုမဖြစ်စေ။ ယဒါပန၊ အကြင် အခါ၌ကား။ ဝိပစ္စတိ၊အကျိုးပေး၏။ တဒါ၊ထိုအခါ၌။ ဝေရူပေန၊ ဤ သို့ သဘောရှိသော။ ဒုက္ခေန၊ ဆင်းရဲခြင်းဖြင့်။ ယောဇတိ၊စိုးရိမ်ပူပန်ရ၏။ ဣတိအနုသန္ဓိံ၊ ဤသို့အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤ ဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၇၁။ ဘိက္ခဝေ၊ တို့။ သဇ္ဇုခီရံ၊ ညှစ်ခါစဖြစ်သော နို့ရည်သည်။ နမုစ္စတိဣဝ၊ ပကတိနို့သဘောကို လျင်စွာမစွန့်သကဲ့သို့။ ဟိ၊ ထို့အတူ။ ကတံ၊ ပြုဆဲဆဲဖြစ်သော။ ပါပကမ္မံ၊အကုသိုလ်ကံသည်။ နဝိပစ္စတိ၊ အကျိုး မပေးသေး။ တံပါပံ၊ ထိုမကောင်းမှုသည်။ ဗာလံ၊ သူမိုက်ကို။ ဍဟံ- ဍဟန္တော၊ ပူလောင်စေသည် ဖြစ်၍။ အန္ဝေတိ၊ အစဉ်လိုက်၏။ ယထာ၊ အဘယ်ကဲ့သို့နည်း ဟူမူကား။ ဘသ္မာ၊ ပြာဖြင့်။ ဆန္နော၊ ဖုံးလွှမ်းအပ် သော။ ပါဝကော၊ မီးသည်။ အက္ကန္တဇနံ၊ နင်းသော သူကို။ ဍဟံ- ဍဟန္တော၊ လောင်လျက်။ အန္ဝေတိဣဝ၊ အစဉ်လိုက်သကဲ့သို့တည်း။

တတ္ထ၊ ထိုဂါထာ၌။ သဇ္ဈုခီရံဝါတိ၊ ဟူသည်ကား။ တံခဏံယေဝ၊ ထိုခဏ၌သာလျှင်။ ဓေနုယာ၊နွားမ၏။ ထနေဟိ၊ သားမြတ်နို့တို့မှ။ နိက္ခန္တံ၊ ထွက်သော။ အဗ္ဘုဏှံ၊ လောလောသော။ ခီရံ၊ နို့ရည်သည်။ နမုစ္စတိ နပရိဏာမတိ၊ နို့ဓမ်းစသော အဖြစ်သို့ မပြောင်း။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ သဇ္ဈုခီရံ၊ ဤလောလောသော နို့ရည်သည်။ တံခဏေဧဝ၊ ထိုညစ်သောခဏ၌လျှင်။ နမုစ္စတိ နပရိဏာမတိယထာ၊ နို့ဓမ်း-စသောအဖြစ်သို့ မပြောင်းသကဲ့သို့။ ပကတိံ၊ပြကတေ့ကို။ နဝိဇဟတိယထာ၊ မစွန့်သကဲ့သို့။ ယသ္မိံ ပန၊ အကြင်နို့ရည်ကိုကား။ ဘာဇနေ၊အိုးခွက်၌။ ဒုဟိတွာ၊ ညှစ်ပြီး၍။ ဂဟိတံ၊ ယူအပ်သည် ရှိသော်။ ယာဝ၊ အကြင်ရွေ့လောက်။ တတ္ထ၊ ထိုအိုးခွက်၌။ တက္ကာဒိ၊ ရက်တက်အစရှိသော။ အမ္ဗိလံ၊ အချဉ်ကို။ နပက္ခိပတိ၊ မထည့်။ ယာဝ၊ အကြင်ရွေ့လောက်။ ဒမိဘာဇနာဒိကံ၊ နို့ဓမ်းအိုးခွက်အစရှိသော။ အမ္ဗိလဘာဇနံ၊ အချဉ်အိုးခွက်သို့။ နပါပုဏာတိ၊ မရောက်။ တာဝ၊ ထိုရွေ့လောက်။ ပကတိံ၊ ပကတိကို။ အဝိဇဟိတွာ၊ မစွန့်မူ၍။ ပစ္ဆာ၊ နောက်မှ။ ဇဟတိယထာ၊ စွန့်သကဲ့သို့။ ဧဝမေဝ၊ ဤအတူ။ ကယိရမာနမေဝ၊ ပြုဆဲသည်သာလျှင် ဖြစ်သော။ ပါပကမ္မံပိ၊ မကောင်းမှုကံသည်လည်း။ နဝိပစ္စတိ၊ အကျိုးကို မဖြစ်စေသေး။ ယဒိပိ ဝိပစ္စေယျ၊ အကယ်၍ လောလော အကျိုးကို ဖြစ်စေငြားအံ့။ ကောစိ၊ တစုံတယောက်သော သူသည်။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ကာတုံ၊ ပြုခြင်းငှါ။ နဝိသဟေယျ၊ မဝံ့လေရာ။ ယာဝ၊ အကြင်ရွေ့လောက်။ ကုသလာဘိ နိဗ္ဗတ္တာ၊ ကုသိုလ်ကြောင့် ဖြစ်ကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဓရန္တိ၊ ထင်ရှားကုန်၏။ တာဝ၊ ထိုသူတို့၏။ ဘေဒါ၊ ခန္ဓာပျက်သည်မှ။ အပါယနိဗ္ဗတ္တခန္ဓေသု၊ အပါယ်ဘုံ၌ ဖြစ်ကုန်သော ခန္ဓာတို့၌။ ဝိပစ္စတိ၊ အကျိုးပေး၏။

ဝိပစ္စမာနဥ္စ၊ အကျိုးပေးသော်လည်း။ ဍယှံဍယှန္တော၊ လောင်လျက်။ တံ၊ ထိုမကောင်းမှုသည်။ ဗာလံ၊ သူမိုက်သို့။ အန္ဝေတိ၊ အစဉ်လိုက်၏။ ကိံဝိယ၊ အဘယ်ကဲ့သို့နည်း။ ဣတိ၊ ဤသို့ ဆိုငြားအံ့။ ဘသ္မာဆန္နောဝ ပါဝကော၊ ပြာဖြင့် ဖုံးလွှမ်းအပ်သော မီးကဲ့သို့တည်း။ ဟိ၊ ထိုစကားသင့်စွ။ ဆာရိကာယ၊ ပြာဖြင့်။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းအပ်သော။ ဝီတစ္စိတင်္ဂါရော၊ အလျှံကင်းသော မီးကို။ အက္ကန္တောပိ၊ နင်းသော်လည်း။ ဆာရိကာယ၊ ပြာဖြင့်။ ပဋိစ္ဆန္နတ္တာ၊ ဖုံးလွှမ်းအပ်သောကြောင့်။ တာဝ၊ ရှေးဦးစွာ။

နဥ္ဓယှတိ၊ မပူ။ ဆာရိကံ ပန၊ ပြာကိုကား။ တာပေတွာ၊ ပူစေ၍။ စမ္မာ-ဒီနံ၊ အရေ စသည်တို့ကို။ ဥဟာနဝသေန၊ လောင်သည်၏ အစွမ်းဖြင့်။ ယာဝ မတ္ထလုင်္ဂါ၊ ဦးနှောက်တိုင်အောင်။ ဥဟန္တော၊ လောင်လျက်။ ဂစ္ဆတိယထာ၊ သွားသကဲ့သို့။ ဧဝမေဝ၊ ဤအတူ။ ပါပကမ္မံပိ၊ မကောင်းမှုကံကိုလည်း။ ယေန၊ အကြင်လူမိုက်သည်။ ကတံ၊ ပြုသည်။ ဟောတိ၊ ဖြစ်၏။ တံ ဗာလံ၊ ထိုလူမိုက်ကို။ ဒုတိယေဝါ အတ္တဘာဝေ၊ နှစ်ခုမြောက်ဖြစ်သော သတ္တဘော၌လည်းကောင်း။ တတိယေဝါ အတ္တဘာဝေ၊ သုံးခုမြောက်ဖြစ်သော အတ္တဘော၌လည်းကောင်း။ နိရယာဒီသု၊ ငရဲ စသည်တို့၌။ နိဗ္ဗတ္တံ၊ ဖြစ်သည်ရှိသော်။ ဥဟန္တံ၊ လောင်လျက်။ အနုဂစ္ဆတိ၊ အစဉ်လိုက်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပန္နာဒယော၊သောတာပန်-စသည်တို့သည်။အဟေသုံ၊ဖြစ်ကုန်၏။

ဒွါဒသမံ၊ သော။ အဟိပေတ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

၅-ဗာလဝဂ္ဂ၊ ၁၃-သဋ္ဌိ ကူဋပေတ ဝတ္ထု

အနုသန္ဓေ....အဟိပေတ,ကာကပေတ ဝတ္ထု၌ ဟောအပ်သောဂါထာ၏ အနက်ကို ဖွင့်ပြီး၍ သဋ္ဌိကူဋပေတဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယာဝဒေဝ အနတ္ထာယ-စသည်ကို မိန့်အပ်၏။

ယာဝဒေဝ အနတ္ထာယာတိ ဣမံ ဓမ္မဒေသနံ၊ ယာဝဒေဝ အနတ္ထာယ စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန် ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ သဋ္ဌိကူဋပေတံ၊ သဋ္ဌိကူဋပြိတ္တာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ။ ပုရိမ နယေနေဝ၊ ရှေးနည်းဖြင့်လျှင်။ မဟာ-မောဂ္ဂလာနတ္ထေရော၊ ရှင်မောဂ္ဂလာန်မထေရ်သည်၊ လက္ခဏတ္ထေရေန၊ လက္ခဏမထေရ်နှင့်။ သဒ္ဓိံ၊ တကွ။ ဂိဇ္ဈကူဋာ၊ ဂိဇ္ဈကုဋ်တောင်မှ။ ဩရော-ဟန္တော၊ ဆင်းလတ်သော်။ အညတရသ္မိံ ပဒေသေ၊ အမှတ်မရှိသော အရပ်၌။ သိတံပါတွာကာသိ၊ ပြုံးခြင်းကို ထင်စွာပြု၏။ ထေရေန၊ လက္ခဏမထေရ်သည်။ သိတကာရဏံ၊ ပြုံးခြင်း၏ အကြောင်းကို။ ပုဋ္ဌော၊ မေး

လတ်သော်။ ဘဂဝတော သန္တိကေ၊ဘုရားအထံ၌။ မံ၊ ငါ့ကို။ ပုစ္ဆေယျာသိ၊ မေးလော့။ ဣတိဝတွာ၊ ဤသို့ ဆို၍။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသိန္နကာလေ၊ နေသောအခါ၌။ ပုန၊ တဘန်။ ပုစ္ဆိ၊ မေးလတ်သော်။ အာဟ၊ ဆို၏။ အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဧကံပေတံ၊ ပြိတ္တာ တခုကို။ အဒ္ဒသံ၊ မြင်၏။ တဿ၊ ထိုပြိတ္တာ၏။ တိဂါဝုတပ္ပမာဏေန၊ သုံးဂါဝုတ် အတိုင်းအရှည်ရှိသော။ အတ္တဘာဝေန၊ အတ္တဘောဖြင့်။ ဥပရိ-မတ္ထကေ၊ ဦးခေါင်းထက်၌။ သမ္ပဇ္ဇလိတာနိ၊ အလျှံပြောင်ပြောင် တောက်ကုန်သော။ အာဒိတ္တာနိ၊ ရဲရဲညီကုန်သော။ သဋ္ဌိအယကူဋသဟဿာနိ၊ ခြောက်သောင်းကုန်သော သံတူတို့သည်။ ပတိတွာ ပတိတွာ၊ ကျ၍ ကျ၍။ ဥဋ္ဌဟန္တိ၊ တက်ကုန်၏။ သီသံ၊ ဦးခေါင်းကို။ ဘိန္ဒန္တိ၊ ခွဲကုန်၏။ ဘိန္နံ ဘိန္နံ၊ ကွဲပြီး ကွဲပြီး၍။ ပုန၊ တဘန်။ သမုဋ္ဌဟတိ၊ ဖြစ်ပြန်၏။ ဣမိနာ အတ္တ-ဘာဝေန၊ ဤအတ္တဘောဖြင့်။ မယာ၊ ငါသည်။ ဧဝရူပေါ၊ ဤသို့ သဘောရှိသော။ အတ္တဘာဝေါ၊ အတ္တဘောကို။ နဒိဋ္ဌပုဗ္ဗော၊ မမြင်စဘူး။ ဣတိ၊ ထို့ကြောင့်။ အဟံ၊ ငါသည်။ တံ၊ ထိုပြိတ္တာကို။ ဒိသွာ၊ ၍။ သိတံပါတွာကာသိံ၊ ပြုံးခြင်းကို ထင်စွာပြု၏။ ဣတိအာဟ၊ ဤသို့ ဆို၏။ ဟိ၊ သင့်စွ။ ပေတဝတ္ထုသ္မိံ၊ ပေတဝတ္ထု၌....

ဘော၊ အို-ပြိတ္တာ။ သဗ္ဗသော၊ အလုံးစုံသော အခြင်းအရာဖြင့်။ ပရိပုဏ္ဏာနိ၊ ပြည့်ကုန်သော။ သဋ္ဌိကူဋ သဟဿာနိ၊ ခြောက်သောင်းသော သံတူတို့သည်။ တုယှံ၊ သင်၏။ သီသေ၊ ဦးခေါင်း၌။ နိပတန္တိ၊ ကျကုန်၏။ တဝ၊ သင်၏။ မတ္ထကံ၊ ထိပ်ကို။ ဘိန္ဒန္တိ၊ ခွဲ၏။

ဣဘိအာဒိမှ၊ ဤသို့ အစရှိသည်၌။ ဣမမေဝ ပေတံ၊ ဤပြိတ္တာကိုလျှင်။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ ဆိုအပ်၏။ သတ္ထာ၊ ဘုရားသည်။ ထေရဿ၊ ရှင်မောဂ္ဂလာန်၏။ ကထံ၊ စကားကို။သုတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာပိ၊ ငါဘုရားသည်လည်း။ သေ သတ္တော၊ ဤသတ္တဝါကို။ ဗောဓိမဏ္ဍေ၊ ဗောဓိမဏ္ဍိုင်၌။ နိသိန္နေနေဝ၊ နေစဉ်လျှင်။ ဒိဋ္ဌော မြင်၏။ ယေစပန၊ အကြင်သူတို့သည်ကား။ မေ၊ ငါ၏။ ဝစနံ၊ စကားကို။ န သဒ္ဒဟေယျုံ၊ မယုံကြည်ကုန်ရာ။ တေသံ၊ ထိုသူတို့အား။ အဟိတာယ၊ စီးပွားမဲ့ဖြစ်ခြင်းငှါ။ ဘဝေယျုံ၊ ဖြစ်ရာကုန်၏။ ဣတိ၊ ထို့ကြောင့်။ ပရေသံ၊ သူတပါးတို့ကို။ အနုကမ္ပာယ၊ သနားသဖြင့်။ နကထေသိံ၊

ဟောတော်မမူ။ ဣဒါနိပန၊ ယခုအခါ၌ကား။ မောဂ္ဂလာနဿ၊ ငါ့သားမောဂ္ဂလာန်ကို။ သက္ခီဟုတ္ဝာ၊ သက်သေထား၍။ ကထေမိ၊ ဟောအံ့။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ တဿ၊ ထိုပြိတ္တာ၏။ ပုဗ္ဗကမ္မံ၊ ရှေးမကောင်းမှုကို။ ပုစ္ဆိံသု၊ မေးကုန်၏။ သတ္ထာပိ၊ မြတ်စွာဘုရားသခင်သည်လည်း။ နေသံ၊ ထိုရဟန်းတို့အား။ ကထေသိ၊ ဟောတော်မူ၏။

အတီတေ၊ အတိတ်ကာလ၌။ ဗာရာဏသိယံ၊ ဗာရာဏသီ ပြည်၌။ သာဋ္ဌိတ္တက သိပ္ပေ၊ ကျောက်စရစ်ကိုပစ်သော အတတ်၌။ နိပ္ဖတ္တိံ၊ အပြီးသို့။ ပတ္တော၊ ရောက်သော။ ဧကောပီဋ္ဌသပ္ပိ၊ လူဆွံ့တယောက်သည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုဆွံ့သည်။ နဂရဒွါရေ၊ ပြည်တံခါး၌။ ဧကဿ ဝဋရုက္ခဿ၊ ပညောင်ပင်တခု၏။ ဟေဋ္ဌာ၊ အောက်၌။ နိသိန္နော၊ နေသည်ရှိသော်။ သက္ခရာနိ၊ ကျောက်စရစ်တို့ကို။ ခိပိတွာ၊ ပစ်၍။ တဿ၊ ထိုပညောင်ပင်၏။ ပဏ္ဏာနိ၊ အရွက်တို့ကို။ ဆိန္ဒန္တော၊ ပေါက်စေလျက်။ ဟတ္ထိရူပကံ၊ ဆင်ရုပ်ကို။ နော၊ ငါတို့အား။ ဒဿေဟိ၊ ပြလော့။ အဿ-ရူပကံ၊ မြင်းရုပ်ကို။ နော၊ ငါတို့အား။ ဒဿေဟိ၊ ပြလော့။ ဣတိ၊ ဤသို့အစရှိသည်တို့ဖြင့်။ ဂါမ ဒါရကေဟိ၊ ရွာသူသားငယ်တို့သည်။ ဝုစ္စ-မာနော၊ ဆိုလတ်သော်။ ဣစ္ဆိတိစ္ဆိတာနိ၊ အလိုရှိတိုင်း ရှိတိုင်းကုန်သော။ ရူပါနိ၊ အရုပ်တို့ကို။ ဒဿေတွာ၊ ပြ၍။ တေသံ၊ထိုသူငယ်တို့၏။ သန္တိကာ၊ အထံမှ။ ခါဒနီယာဒီနိ၊ ခဲဘွယ်စသည်တို့ကို။ လဘတိ။ ရ၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ရာဇာ၊ မင်းသည်။ ဥယျာနံ၊ ဥယျာဉ်သို့။ ဂစ္ဆန္တော၊ ထွက်တော်မူသည်ရှိသော်။ တံပဒေသံ၊ ထိုအရပ်သို့။ ပါပုဏိ၊ ရောက်၏။ ဒါရကာ၊ သူငယ်တို့သည်။ ပီဌသပ္ပိံ၊ ငဆွံ့ကို။ ပါရောဟန္တရေ၊ မြစ်ပျဉ်းကြား၌။ ကတွာ၊ ထား၍။ ပလာယိံသု၊ ပြေးလေကုန်၏။ ရညော၊ မင်း၏။ ဌိတ မဇ္ဈန္ဟိကေ၊ မွန်းတည့်သော အခါ၌။ ရုက္ခမူလံ၊ ပညောင်ပင်ရင်းသို့။ ပဝိဋ္ဌဿ၊ ဝင်စဉ်။ ဆိဒ္ဒါဝဆိဒ္ဒ-ဆာယာယ၊ အပေါက် အပေါက်ရှိသော အရိပ်ဖြင့်။ သရီရံ၊ ကိုယ်ကို။ ပဟရတိ၊ ခတ်မိ၏။

သော၊ ထိုမင်းသည်။ ဧတံ၊ ဤသို့ ဖြစ်ခြင်းသည်။ ကိံနုခေါ၊ အဘယ်သို့ အကြောင်းရှိသနည်း။ ဣတိ၊ ဤသို့။ ဥဒ္ဓံ၊ အထက်သို့။ ဩလော-ကေန္တော၊ ကြည့်လတ်သော်။ ရုက္ခပဏ္ဏေသု၊သစ်ရွက်တို့၌။ ဟတ္ထိရူပကာဒီနိ၊

ဆင်ရုပ် စသည်တို့ကို။ ဒိသွာ၊ မြင်၍။ တေ ကမ္မံ၊ ဤအမှုသည်။ကဿ၊ အဘယ်သူ၏ အမှုနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးခြင်းကြောင့်။ ပီဠ-သပ္ပိနော၊ လူငဆွံ၏ အမှုဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့ တင်သော စကားကို။ သုတွာ၊ ကြား၍။ တံ၊ ထိုငဆွံကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အာဟ၊ မိန့်တော်မူ၏။ မယှံ၊ ငါ၏။ ပုရောဟိတော၊ ပုရောဟိတ် ပုဏ္ဏားသည်။ အတိမုခရော၊ လွန်စွာနှုတ်ကြမ်း၏။ အပ္ပမတ္တ-ကေပိ၊ အနည်းငယ်ကိုမျှလည်း။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ ဗဟုံ၊ များစွာ။ ဘဏန္တော၊ ဆိုလျက်။ မံ၊ ငါ့ကို။ ဥပဒ္ဒဝေတိ၊ နှိပ်စက်၏။ တဿ၊ ထိုပုဏ္ဏား၏။ မုခေ၊ ခံတွင်း၌။ နာဠိမတ္တာ၊ တကွမ်းစား တပြည်မျှလောက်ကုန်သော။ အဇလဏ္ဍိကာ၊ ဆိတ်ချေးတို့ကို။ ခိပိတုံ၊ ပစ်ခြင်းငှါ။ သက္ခိဿသိ၊ သင်တတ်နိုင်အံ့လော။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဒေဝ၊ အရှင်မင်းကြီး။ သက္ခိဿာမိတိ၊ အကျွန်ုပ်တတ်နိုင်ပါအံ့။ အဇလဏ္ဍိ-ကာ၊ ဆိတ်ချေးကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ပုရောဟိတေန၊ ပုရောဟိတ်ပုဏ္ဏားနှင့်။ သဒ္ဓိံ၊ တကွ။ တုမ္ဟေ၊ အရှင်မင်းကြီးတို့သည်။ ဘဏိတွာ၊ ပြောဆို၍။ အန္တောသာဏိယံ၊ တင်းတိမ်တွင်း၌။ နိသီဒထ၊ နေတော်မူကုန်လော့။ အဟံ၊ အကျွန်ုပ်သည်။ ဧတ္ထ၊ ဤအရပ်၌။ ကတ္တဗ္ဗံ၊ ပြုအပ်သော အမှုကို။ ဇာနိဿာမိ၊ သိရအံ့။ဣတိ၊ ဤသို့တင်၏။ အထ၊ ထိုအခါ၌။ ရာဇာ၊ မင်းသည်။ တထာ၊ ထိုအခြင်းအရာဖြင့်။ ကာရေသိ၊ ပြုစေ၏။ ဣတရော၊ ငဆွံသည်။ ကတ္တရိယဂ္ဂေန၊ ကပ်ကျေးဦးဖြင့်။ သာဏိ-ယာ၊ တင်းတိမ်၌။ ဆိဒ္ဒကတွာ၊ အပေါက်ပြု၍။ ရညာ၊ မင်းနှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တဿ၊ ပြောဆိုသော။ ပုရောဟိတဿ၊ ပုရောဟိတ်ပုဏ္ဏား၏။ မုခေဝိဝဋမတ္တေ၊ ခံတွင်းကို ဖွင့်ကာမျှ၌။ ဧကေကံ အဇလဏ္ဍိကံ၊ ဆိတ်ချေးတခု တခုကို။ ခိပိ၊ ပစ်၏။

ပုရောဟိတော၊ ပုရောဟိတ်ပုဏ္ဏားသည်။ မုခေ၊ တွင်း၌။ ပဝိဋ္ဌံ ပဝိဋ္ဌံ၊ ဝင်လေ ဝင်လေသော ဆိတ်ချေးကို။ဂိလိ၊ မျို၏။ ပီဠသပ္ပီ၊ ငဆွံသည်။ အဇလဏ္ဍိကာသု၊ ဆိတ်ချေးတို့သည်။ ခီဏာသု၊ ပစ်၍ကုန်ပြီးသည်ရှိသော်။ သာဏိံ၊ တင်းတိမ်ကို။ စာလေသိ၊ လှုပ်၏။ ရာဇာ၊ မင်းသည်။ တာယ-သညာယ၊ ထိုအမှတ်ဖြင့်။ အဇလဏ္ဍိကာနံ၊ ဆိတ်ချေးတို့၏။ ခီဏဘာဝံ၊ ကုန်သည်၏ အဖြစ်ကို။ ဥတွာ၊ သိ၍။ အာဟ၊ ဆို၏။ အာစရိယ၊ ဆရာ။ အဟံ၊ ငါသည်။ တုမ္ဟေဟိ၊ သင်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တော၊

ပြောဆိုလျက်။ ကထံ၊ စကားကို။ နိဋ္ဌာပေတုံ၊ ပြီးစေခြင်းငှါ။ န သက္ခိဿာမိ၊ မတတ်နိုင်။ တုမှေ၊ သင်တို့သည်။ အတိမုခရတာယ၊ လွန်စွာနှုတ်ကြမ်းသည်၏ အဖြစ်ဖြင့်။ နာဋ္ဌိမတ္တာ၊ တပြည်မျှလောက်ကုန်သော။ အဇ လဏ္ဍိကာ၊ ဆိတ်ချေးတို့ကို။ ဂိလန္တာပိ၊ မျိုကုန်သော်လည်း။ တုဏှီဘာဝံ၊ ဆိတ်ဆိတ်နေသည်၏ အဖြစ်သို့။ နာပဇ္ဇထ၊ မရောက်ကုန်။ ဣတိ၊ ဤသို့ ဆို၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ မင်္ကုဘာဝံ၊ မျက်နှာမသာသည်၏ အဖြစ်သို့။ အာပဇ္ဇိတွာ၊ ရောက်၍။ တတော ပဋ္ဌာယ၊ ထိုအခါမှစ၍။ မုခံ၊ ခံတွင်းကို။ ဝိဝရိတွာ၊ ဖွင့်၍။ ရညာ၊ မင်းနှင့်။ သဒ္ဓိံ၊ တကွ။ သလ္လပိတုံ၊ စကားပြောခြင်းငှါ။ နာသက္ခိ၊ မဝံ့။ ရာဇာ၊ မင်းသည်။ ပီဌသပ္ပိဂုဏံ၊ ငဆွံ၏ကျေးဇူးကို။ အနုဿရိတွာ၊ အောက်မေ့၍။ တံ၊ ထိုငဆွံကို။ ပက္កောသာပေတွာ၊ ခေါ်စေ၍။ တံ၊ သင့်ကို။ နိဿာယ၊ မှီ၍။ မေ၊ ငါ့အား။ သုခံ၊ ချမ်းသာခြင်းကို။ လဒ္ဓန္တိ၊ ရ၏ဟု။ တုဋ္ဌော၊ နှစ်သက်သည်ဖြစ်၍။ တဿ၊ ထိုငဆွံအား။ သဗ္ဗဋ္ဌကံနာမ ဓနံ၊ သဗ္ဗဋ္ဌက အမည်ရှိသော ဥစ္စာကို။ ဒတွာ၊ ပေး၍။ နဂရဿ၊ ပြည်၏။ စတူသုဒိသာသု၊ အရပ်လေးမျက်နှာတို့၌။ စတ္တာရော ဝရဂါမေ၊ အခွန်အတုတ်ထွက်သော လေးခုသော ရွာဆုတို့ကို။ အဒါသိ၊ ပေး၏။ တမတ္ထံ၊ ထိုအကြောင်းကို။ ဝိဒိတွာ၊ သိ၍။ ရညော၊ မင်းအား။ အတ္ထဓမ္မာနုသာသကော၊ အကျိုးစီးပွားကို အစဉ်ဆုံးမတတ်သော။ အမစ္စော၊ အမတ်သည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

မဟာရာဇ၊ မြတ်သောမင်းကြီး။ သိပ္ပကံနာမ၊ အတတ် မည်သည်ကား။ သာဓုခေါ၊ ကောင်းသလျှင်ကတည်း။ ယာဒိသ ကီဒိသံအပိ၊ အကြင်သို့ သဘောရှိသော ငဆွံကို။ ပဿ၊ ရှုပါလော့။ ခဉ္ဇပ္ပဟာရေန၊ ငဆွံ၏ လက်ပစ်အတတ်ဖြင့်။ စတုဒ္ဒိသာ၊ မှ။ ဂါမာ၊ တို့ကို။ လဒ္ဓါ၊ ရအပ်ကုန်၏။ ဣတိ၊ ဤသို့ဆို၏။

သောပန အမစ္စော၊ ထိုအမတ်သည်။ တေနသမယေန၊ ထိုအခါ၌။ အဟမေဝဘဂဝါ၊ ငါဘုရားသည်လျှင်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ကောပုရိသော၊ ယောကျ်ားတယောက်သည်။ ပီဌသပ္ပိနာ၊ ငဆွံသည်။ လဒ္ဓသမ္ပတ္တိံ၊ ရအပ်သော စည်းစိမ်ကို။ ဒိသွာ၊ မြင်၍။ စိန္တေသိ၊ ကြံ၏။ အယံ၊ ဤသူသည်။ ပီဌသပ္ပိနာမ၊ ငဆွံမည်သည်။ ဟုတွာ၊ ဖြစ်လျက်။ ဣမံသိပ္ပံ၊ ဤအတတ်ကို။ နိဿာယ၊ မှီ၍။ မဟာသမ္ပတ္တိံ၊

ကြီးစွာသော စည်းစိမ်ချမ်းသာသို့။ ပတ္တော၊ ရောက်၏။ မယာပိ၊ ငါသည် လည်း။ ဧတံ၊ ဤအတတ်ကို။ သိက္ခိတုံ၊ သင်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ကြံ၏။ သော၊ ထိုယောကျ်ားတယောက်သည်။ တံ၊ ထိုင်ဆွံ့ ကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ အာစရိယ၊ ဆရာ။ မေ၊ ငါ့အား။ ဣဒံ သိပ္ပံ၊ ဤအတတ်ကို။ ဒေထ၊ ပေးပါလော့။ ဣတိအာဟ၊ ဤသို့ဆို၏။ တာတ၊ အမောင်။ ဒါတုံ၊ ပေးခြင်းငှါ။ န သက္ကာ၊ မတတ် နိုင်။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုယောကျ်ားသည်။ တေန၊ ထိုင်ဆွံ့သည်။ ပဋိက္ခိတ္တော၊ ပယ်လတ်သော်။ ဟောတု၊ ထိုသို့မူလည်းဖြစ်စေ။ နံ၊ ထိုင်ဆွံ့ ကို။ အာရာဓေဿာမိ၊ နှစ်သက်စေအံ့။ ဣတိ၊ ဤသို့။ တဿ၊ ထိုင်ဆွံ့၏။ ဟတ္ထပါဒ ပရိကမ္မာဒီနိ၊ လက်ခြေကို ဆုပ်နယ်ခြင်း စသည်တို့ကို။ ကရောန္တော၊ ပြုလျက်။ စိရဿံ၊ ကြာမြင့်စွာ။ သော၊ ထိုယောကျ်ားသည်။ တံ၊ ထိုင်ဆွံ့ကို။ အာရာဓေတွာ၊ နှစ်သိမ့်စေ၍။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ယာစိ၊ တောင်းပန်၏။ ပီဌသပ္ပိ၊ ငဆွံ့သည်။ အယံ၊ ဤယောကျ်ားသည်။ မေ၊ ငါ့အား။ အတိဝိယ၊ အလွန်လျှင်။ ဥပကာရော၊ ကျေးဇူးများ ၏ဟူ။ တံ၊ ထိုယောကျ်ားကို။ ပဋိဗာဟိတုံ၊ ပယ်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ သိပ္ပံ၊ အတတ်ကို။ သိက္ခာပေတွာ၊ သင် စေ၍။ တာတ၊ အမောင်။ တေ၊ သင်အား။ သိပ္ပံ၊ အတတ်သည်။ နိပ္ဖန္နံ၊ ပြီးပြီ။ ဣဒါနိ၊ ယခုအခါ၌။ ကိံ၊ အဘယ်သို့။ ကရိဿသိ၊ ပြုအံ့နည်း။ ဣတိအာဟ၊ ဤသို့ဆို၏။

ဗဟိ၊ အပသို့။ ဂန္တွာ၊ သွား၍။ သိပ္ပံ၊ အတတ်ကို။ ဝီမံသိဿာမိ၊ စုံစမ်းအံ့။ ဣတိ၊ ဤသို့ဆို၏။ ကိံ ကရိဿသိ၊ အဘယ်သို့ စုံစမ်းအံ့နည်း။ ဣတိ၊ ဤသို့မေးလတ်သော်။ ဂါဝိံ ဝါ၊ နွားကိုလည်းကောင်း။ မနုဿံ ဝါ၊ လူကိုလည်းကောင်း။ ပဟရိတွာ၊ ပစ်၍။ မာရေဿာမိ၊ သေစေအံ့။ တာတ၊ အမောင်။ ဂါဝိံ၊ နွားကို။ မာရေန္တဿ၊ သတ်သည်ရှိသော်။ သတံ ဒဏ္ဍော၊ ဒဏ်တရာထိုက်၏။ မနုဿံ၊ လူကို။ မာရေန္တဿ၊ သတ်မိ သည်ရှိသော်။ သဟဿံ၊ ဒဏ်တထောင်ထိုက်၏။ တွံ၊ သင်သည်။ သပုတ္တ-ဒါရောပိ၊ သားမယားနှင့်တကွ သည်လည်း။ တံ၊ ထိုအပြစ်ကို။ နိတ္ထရိတုံ၊ ထုတ်ဆောင်ခြင်းငှါ။ န သက္ခိဿသိ၊ မတတ်နိုင်အံ့။ မာဝိနဿ၊ မပျက်စီး စေလင့်။ ယမှိ၊ အကြင်သူကို။ ပဟဋ္ဌေ၊ ပစ်သည်ရှိသော်။ ဒဏ္ဍော၊ ဒဏ် သည်။ နတ္ထိ၊ မရှိ။ တာဒိသံ၊ ထိုသို့သဘောရှိသော။ နိမာတာ ပိတိကံ၊

အမိအဘာမရှိသော။ ကိဋ္ဌိ၊ တစုံတခုသောသူကို။ ဥပမာရေဟိ၊ စူးစမ်းလေ
လော့။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုယောကျ်ားသည်။ သာဓူတိ၊ ကောင်း
ပြီဟု။ သက္ခရာ၊ ကျောက်စရစ်တို့ကို။ ဥစ္ဆင်္ဂေ၊ ခါးပိုက်၌။ ကတွာ၊ ထုပ်
၍။ တာဒိသံ၊ ထိုသို့သဘောရှိသော သူကို။ ဥပမာရယမာနော၊ စူးစမ်း
လျက်။ ဝိစရန္တော၊ သွားသည်ရှိသော်။ ဂါဝိံ၊ နွားကို။ ဒိသွာ၊ မြင်
သည် ဖြစ်၍။ အယံ၊ ဤနွားသည်။ သဿာမိကာ၊ အရှင်ရှိ၏။ ဣတိ၊
ဤသို့။ ပဟာရိတုံ၊ ပစ်ခြင်းငှါ။ နဝိသဟိ၊ မဝံ့။ မနုဿံ၊ လူကို။ ဒိသွာ၊
မြင်၍။ အယံ၊ ဤသူသည်။ သမာတာ ပိတိကောတိ၊ အမိအဘာရှိသော
သူတည်းဟု။ ပရိဟာရိတုံ၊ ပစ်ခြင်းငှါ။ နဝိသဟိ၊ မဝံ့။

တေနသမယေန၊ ထိုအခါ၌။ သုနေတ္တောနာမ၊ သုနေတ္တ အမည်ရှိ
သော။ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်။ တံနဂရံ၊ ထိုပြည်ကို။ နိဿာယ၊
၍။ ပဏ္ဏသာလာယ၊ သစ်ရွက်မိုးသောကျောင်း၌။ ဝိဟရတိ၊ နေ၏။ သော၊
ထိုယောကျ်ားသည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ပဝိသန္တံ၊ ဝင်သော။ တံ၊
ထိုပစ္စေကဗုဒ္ဓါကို။ နဂရဒွါရန္တရေ၊ ပြည်တံခါး၏ အနီးအပါး၌။ ဒိသွာ၊
မြင်၍။ အယံ၊ ဤသူသည်။ နိမာတာ ပိတိကော၊ အမိအဘာမရှိသူတည်း။
ဣမဿ၊ ဤသူကို။ ပဟာရေ၊ ပစ်သည်ရှိသော်။ ဒဏ္ဍော၊ ဒဏ်သည်။
နတ္ထိ၊ မရှိ။ ဣမံ၊ ဤသူကို။ ပဟာရိတွာ၊ ပစ်၍။ သိပ္ပံ၊ အတတ်ကို။
ဝီမံသိဿာမိ၊ စူးစမ်းအံ့။ ဣတိ၊ ဤသို့ အောက်မေ့၏။ သော၊
ထိုယောကျ်ားသည်။ ပစ္စေက ဗုဒ္ဓဿ၊ ပစ္စေက ဗုဒ္ဓါ၏။ ဒက္ခိဏကဏ္ဏ-
သောတံ၊ လကျ်ာနားပေါက်ကို။ သန္ဓာယ၊ ရည်၍။ သက္ခရံ၊ ကျောက်စ
ရစ်ကို။ ခိပိ၊ ပစ်၏။ သာ၊ ထိုကျောက်စရစ်သည်။ ဒက္ခိဏေန ကဏ္ဏသော-
တေန၊ လကျ်ာ နားပေါက်ဖြင့်။ ပဝိသိတွာ၊ ၍။ ဝါမေန၊ လက်ဝဲနား
ပေါက်ဖြင့်။ နိက္ခမိ၊ ထွက်၏။ ဒုက္ခာ ဝေဒနာ၊ ဆင်းရဲခြင်း ဝေဒနာသည်။
ဥပ္ပဇ္ဇိ၊ ၏။ ပစ္စေက ဗုဒ္ဓေါ၊ ပစ္စေကဗုဒ္ဓါသည်ကား။ ပိဏ္ဍာယ၊ ဆွမ်းအ
လို့ငှါ။ စရိတုံ၊ သွားခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ အာကာသေန၊
ကောင်းကင်ဖြင့်။ ပဏ္ဏသာလံ၊ နေရာကျောင်းသို့။ ဂန္တွာ၊ သွား၍။
ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြု၏။ မနုဿာ၊ လူတို့သည်။ ပစ္စေကဗုဒ္ဓေါ၊ ပစ္စေ
ကဗုဒ္ဓါသည်။ အနာဂစ္ဆန္တေ၊ မကြွလာသည်ရှိသော်။ ကိဉ္စိ အဖါသုကံ၊
တစုံတခုမချမ်းသာခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိစိန္တေတွာ၊
ဤသို့ကြံ၍။ တတ္ထ၊ ထိုကျောင်းသို့။ ဂန္တွာ၊ သွား၍။ တံ၊ ထိုပစ္စေက

ဗုဒ္ဓါကို။ ပရိနိဗ္ဗုတံ၊ ပရိနိဗ္ဗာန်ပြုသည်ကို။ ဒိသွာ၊ မြင်၍။ ရောဒိံသု၊ ငိုကြွေးကုန်၏။ ပရိဒေဝိံသု၊ အဘန်တလဲလဲငိုကြွေးကုန်၏။

သောပိ၊ ထိုယောကျ်ားသည်လည်း။ ဂစ္ဆန္တံ မဟာဇနံ၊ လာသော လူအပေါင်းကို။ ဒိသွာ၊ မြင်၍။ တတ္ထ၊ ထိုကျောင်းသို့။ ဂန္တွာ၊ သွား၍။ ပစ္စေကဗုဒ္ဓံ၊ ပစ္စေကဗုဒ္ဓါကို။ သဥ္ဇာနိတွာ၊ သိ၍။ အယံ၊ ဤရဟန်းသည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိသန္တော၊ ဝင်လာသည် ရှိသော်။ ဒွါရန္တရေ၊ တံခါးအနီး၌။ မမ၊ ငါ၏။ သံမုခီဘူတော၊ မျက်မှောက်ဖြစ်၏။ အဟံ၊ ငါသည်။ အတ္တနော သိပ္ပံ၊ မိမိအတတ်ကို။ ဝီမံသန္တော၊ စုံစမ်းသည်ရှိသော်။ ဣမံ၊ ဤရှင်ပင်ကို။ ပဟရိံ၊ ပစ်မိပြီ။ ဣတိ အာဟ၊ ဤသို့ဆို၏။ မနုဿာ၊ လူတို့သည်။ ဣမိနာ ပါပကေန၊ ဤလူယုတ်မာသည်။ ပစ္စေကဗုဒ္ဓေါ၊ ကို။ ပဟဋ္ဌောကိရ၊ ပစ်သတတ်။ ဂဏှထ ဂဏှထ၊ ဖမ်းကုန် ဆီးကုန်လော့။ ဣတိ၊ ဤသို့ဆို၍။ ပေါထေတွာ၊ ပုတ်ခတ်၍။ တတ္ထေဝ၊ ထိုအရပ်၌လျှင်၊ နံ၊ ထိုလူယုတ်မာကို။ ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေသုံ၊ ရောက်စေကုန်၏။ သော၊ ထိုလူယုတ်မာသည်။ အဝီစိမှိ၊ အဝီစိ၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ယာဝ၊ အကြင်ရွေ့လောက်။ အယံ မဟာပထဝီ၊ ဤမြေကြီးသည်။ ယောဇနမတ္တံ၊ တယူဇနာတိုင်တိုင်။ ဥဿန္နာ၊ မြင့်၏။ တာဝ၊ ထိုရွေ့လောက်။ ပစ္စိတွာ၊ ကျက်၍။ ဝိပါကာဝသေန၊ အကျိုးကြွင်း၏ အစွမ်းဖြင့်။ ဂိဇ္ဈကူဋမတ္ထကေ၊ ဂိဇ္ဈကုဋ်တောင်ထိပ်၌။ သဋ္ဌိကူဋပေတော၊ သဋ္ဌိကူဋပြိတ္တာသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။ သတ္ထာ၊ ဘုရားသည်။ တဿ၊ ထိုပြိတ္တာ၏။ ဣမံ ပုဗ္ဗကမ္မံ၊ ဤရှေးမကောင်းမှုကံကို။ ကထေတွာ၊ ဟောပြီး၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဗာလဿ၊ လူမိုက်၏။ သိပ္ပံဝါ၊ အတတ်ကိုလည်းကောင်း။ ဣဿရိယံဝါ၊ စည်းစိမ်ကိုလည်းကောင်း။ ဥပ္ပဇ္ဇမာနံနာမ၊ ဖြစ်ခြင်းမည်သည်။ အနတ္ထာယ၊ အကျိုးစီးပွား မရှိခြင်းငှါ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏ ဟိ၊ ထိုစကားသင့်စွ။ ဗာလော၊ လူမိုက်သည်။ သိပ္ပံဝါ၊ အတတ်ကိုလည်းကောင်း။ ဣဿရိယံဝါ၊ စည်းစိမ်ကို လည်းကောင်း။ လဘိတွာ၊ ရ၍။ အတ္တနော၊ မိမိ၏။ အနတ္ထမေဝ၊ အကျိုးမဲ့ကိုသာလျှင်။ ကရောတိ၊ ပြု၏။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၇၂။ ဘိက္ခဝေ၊ တို့။ ဗာလဿ၊ လူမိုက်၏။ ဉတ္တံ၊ အတတ်ပညာ စည်းစိမ် အခြံအရံအစိုးရခြင်း စသည်သည်။ ယာဝဒေဝ အနတ္ထာယ၊ မိမိ အကျိုးမဲ့ပျက်စီးခြင်းငှါသာလျှင်။ ဇာယတိ၊ ၏။ ဗာလဿ၊ လူမိုက်၏။ တံဉတ္တံ၊ ထိုအတတ်ပညာစသည်သည်။ သုက္ကံသံ၊ ဖြူစင်သော ကောင်းမှုတို့ကို။ ဟန္တိ နာသေတိ၊ ဖျက်ဆီးတတ်၏။ အဿ၊ ထိုလူမိုက်အား။ မုဒ္ဓံ၊ မိမိပညာသည်။ ဝိပါတယံ၊ ဖျက်ဆီးသည်ဖြစ်၍။ ဟန္တိ၊ သတ်တတ်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ယာဝဒေဝါတိ၊ ယာဝဒေဝဟူသော ပုဒ်၌။ အဝဓိ ပရိစ္ဆေဒနတ္ထေ၊ အပိုင်းအခြားအနက်၌။ နိပါတော၊ နိပါတ်ပုဒ်တည်း။ ဉတ္တန္တိ၊ ဉတ္တံဟူသည်ကား။ ဇာနနတာဝေါ၊ သိအပ်သော အဖြစ်တည်း။ ယံသိပ္ပံ၊ အကြင်အတတ်ကို။ ဇာနာတိ၊ သိ၏။ ယမ္ပိဝါ ဣဿရိယေ၊ အကြင်အစိုးရခြင်း၌ လည်းကောင်း။ ယမ္ပိဝါ ယသေ၊ အကြင် အခြံအရံ၌ လည်းကောင်း။ ယာယဝါ သမ္ပတ္တိယာ၊ အကြင် စည်းစိမ်၌လည်းကောင်း။ ဌိတော၊ တည်လျက်။ ဇနေ၊ လူအပေါင်း၌။ နပညာယတိ၊ မထင်ရှား။ ပညာတော၊ ပညာအားဖြင့်။ ပါကဋော၊ ထင်ရှားသည်၊ ဟောတိ၊ ၏။ တဿ၊ ထိုပညာ၏။ ဧတံနာမံ၊ ဤအမည်တည်း။ ဟိ၊ ထိုစကားသင့်စွ။ သိပ္ပံဝါ၊ အတတ်သည်လည်းကောင်း။ ဣဿရိယာဒိ ဘာဝေါဝါ၊ အစိုးရခြင်းစသော အဖြစ်သည်လည်းကောင်း။ ဗာလဿ၊ လူမိုက်၏။ အနတ္ထာယဝေ၊ အကျိုးမရှိခြင်းငှါလျှင်။ ဇာယတိ၊ ဖြစ်၏။ တံ၊ ထိုအတတ်ကို။ နိဿာယ၊ မှီ၍။ သော၊ ထိုလူမိုက်သည်။ အတ္တနော၊ မိမိ၏။ အနတ္ထမေဝ၊ အကျိုးမဲ့ကိုသာလျှင်။ ကရောတိ၊ ပြု၏။ ဟန္တီတိ၊ ဟန္တိ ဟူသည်ကား။ ဝိနာသေတိ၊ ဖျက်ဆီးတတ်၏။ သုက္ကံသန္တိ၊ သုက္ကံသံဟူ သည်ကား။ ကုသလကောဋ္ဌာသံ၊ ကုသိုလ်အဘို့ကို။ ဟိ၊ ထိုစကားသင့်စွ။ ဗာလဿ၊ လူမိုက်၏။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ သိပ္ပံဝါ၊ အတတ်သည် လည်းကောင်း။ ဣဿရိယံဝါ၊ စည်းစိမ်သည်လည်းကောင်း။ ကုသလကောဋ္ဌာသံ၊ ဖြူစင်သော အဘို့ကို။ ဃာတေန္တမေဝ၊ ဖျက်ဆီး၍သာ လျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ မုဒ္ဓန္တိတော်၊ မုဒ္ဓံဟူသော ဤအမည်သည်။ ပညာယ၊ ပညာ၏။ နာမံ၊ အမည်တည်း။ ဝိပါတယန္တိ၊ ဝိပါတယံ - ဟူသည် ကား။ ဝိဒ္ဓံသယမာနံ၊ ဖျက်ဆီးလျက်။ ဟိ၊ ထိုစကားသင့်စွ။ တဿ၊ ထို သူမိုက်၏။ တံ၊ ထိုအတတ်သည်။ သုက္ကံသံ၊ ကုသိုလ်ကို။ ဟနန္တံ၊ ဖျက်ဆီး

လျက်။ ပညာသခ်ါတံ၊ ပညာဟု ဆိုအပ်သော။ မုဒ္ဓံ၊ အတတ်သည်။ ဝိပါတေန္တံ ဝိဒ္ဓံသေန္တမေဝ၊ ဖျက်ဆီးသည်ဖြစ်၍လျှင်။ ဟန္တိ၊ သတ်တတ်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်-စသည် တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

တေရသမံ၊ တဆယ့်သုံးခုမြောက်သော။ သဋ္ဌိကူဋပေတ ဝတ္ထု၊ သည် ဣတိ သမတ္တံ၊ ပြီးပြီ။

၅-ဗာလဝဂ္ဂ၊ ၁၄-စိတ္တဂဟပတိ ဝတ္ထု

အနုသန္ဓေ....သဋ္ဌိကူဋပေတဝတ္ထု၌ဟောရာ ဂါထာ၏အနက်ကို ဖွင့်ပြီး၍ သုဓမ္မမထေရ်၏ ဒါယကာဖြစ်သော စိတ္တသူကြွယ်ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ အသန္တံ ဘာဝန-စသော ပါဌ်ကိုမိန့်အပ်၏။

အသန္တံဘာဝနမိစ္ဆေယျာတိ ဣမံ ဓမ္မဒေသနံ၊ အသန္တံဘာဝန မိစ္ဆေယျ စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်း၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ သုဓမ္မထေရံ၊ သုဓမ္မမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။ ဒေသနာ၊ ဒေသနာသည်။ မစ္ဆိကာသဏ္ဍေ၊ မစ္ဆိကာသဏ္ဍပြည်၌။ ဝါ၊ တံငါမြို့၌။ သမုဋ္ဌာယ၊ ဖြစ်၍။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ နိဋ္ဌိတာ၊ ပြီးဆုံး၏။

ဟိ၊ ထိုစကားသင့်စွ။ မစ္ဆိကာသဏ္ဍ နဂရသ္မိံ၊ မစ္ဆိကာသဏ္ဍမည်သော မြို့၌။ စိတ္တောနာမ ဂဟပတိ၊ စိတ္တမည်သော သူကြွယ်သည်။ ပဉ္စဝဂ္ဂိယာနံ၊ ပဉ္စဝဂ္ဂီတို့၏။ အဗ္ဘန္တရံ၊ အတွင်း၌ဖြစ်သော။ မဟာနာမတ္ထေရံ နာမ၊ မဟာ နာမ် အမည်ရှိသော မထေရ်သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရမာနံ၊ သွားသည်ကို။ ဒိသွာ၊ မြင်၍။ တဿ၊ ထိုမဟာနာမ်မထေရ်၏။ ဣရိယာ- ပထေ၊ ဣရိယာပုထ်၌။ ပသီဒိတွာ၊ ကြည်ညို၍။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ ဂေဟံ၊ အိမ်သို့။ ပဝေသေတွာ၊ ဝင်စေ၍။ ဘောဇေတွာ၊ ဆွမ်း ကျွေး၍။ ဘတ္တကိစ္စာဝသာနေ၊ ဆွမ်းဘုန်းပေးပြီးသောအခါ၌။ ဓမ္မကထံ၊ တရားစကားကို။ သုဏန္တော၊ နာလျက်။ သောတာပတ္တိဖလံ၊ သောတာ ပတ္တိဖိုလ်သို့။ ပတွာ၊ ရောက်၍။ အစလသဒ္ဓါ၊ မတုန်မလှုပ်သော ကြည်ညို

ခြင်းနှင့်ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ အမ္ဗာဋကဝနံနာမ၊ အမည်ရှိသော။ အတ္တနော၊ မိမိ၏။ ဥယျာနံ၊ ဥယျာဉ်ကို။ သံဃာရာမံ၊ သံဃာ့အရံကို။ ကတ္တုကာမော၊ ပြုလျက်။ ထေရဿ၊ မထေရ်၏။ ဟတ္ထေ၊လက်၌။ ဥဒကံ၊ ရေကို။ ပါတေတွာ၊ ကျစေ၍။ နိယျာဒေသိ၊ ဆောက်နှင်း၏။ တသ္မိံ-ခဏေ၊ ထိုခဏ၌။ဗုဒ္ဓသာသနံ၊ ဘုရား၏သာသနာသည်။ ပတိဋ္ဌိတံ၊ တည်ပြီ။ ဣတိ၊ ဤသို့။ ဥဒကပရိယန္တံ၊ ရေအဆုံးရှိသည်ကို။ ကတွာ၊ ပြု၍။ မဟာ-ပထဝီ၊ မြေကြီးသည်။ ကမ္ပိ၊ တုန်လှုပ်၏။ မဟာသေဋ္ဌိ၊ သေဋ္ဌေးကြီးသည်။ ဥယျာနေ၊ ဥယျာဉ်၌။ မဟာဝိဟာရံ၊ ကျောင်းကြီးကို။ ကာရေတွာ၊ ဆောက်စေ၍။ သဗ္ဗဒိသာဟိ၊ ခပ်သိမ်းသော အရပ်မျက်နှာတို့မှ။ အာဂ-တာနံ၊ ရောက်လာကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝိဝဋဒွါရော၊ ဖွင့်အပ်သောတံခါးရှိသည်။ အဟောသိ၊ ဖြစ်၏။ မစ္ဆိကာသဏ္ဍေ၊ မစ္ဆိကာ-သဏ္ဍမြို့၌။ သုဓမ္မတ္ထေရောနာမ၊ သုဓမ္မအမည်ရှိသော မထေရ်သည်။ နေဝါ-သိကော၊ကျောင်းနေရဟန်းသည်။ အဟောသိ၊ ဖြစ်၏။

အပရေန သမယေန၊ တပါးသောအခါ၌။ စိတ္တဿ၊ စိတ္တသူကြွယ်၏။ ဂုဏကထံ၊ ကျေးဇူးနှင့်စပ်သော စကားကို။ သုတွာ၊ ကြား၍။ ဒွေအဂ္ဂ-သာဝကာ၊နှစ်ယောက်သော အဂ္ဂသာဝကတို့သည်။ တဿ၊ထိုစိတ္တသူကြွယ်အား။ သင်္ဂဟံ၊သင်္ဂြိုဟ်ထောက်ပံ့ခြင်းကို။ ကတ္တုကာမော၊ပြုလိုသည်ဖြစ်၍။ မစ္ဆိကာသဏ္ဍံ၊ မစ္ဆိကာသဏ္ဍမြို့သို့။ အဂမံသု၊ ရောက်လာကုန်၏။ စိတ္တော-ဂဟပတိ၊စိတ္တသူကြွယ်သည်။ တေသံ၊ထိုရဟန်းတို့၏။ အာဂမနံ၊ လာခြင်းကို။ သုတွာ၊ ကြား၍။ အဍ္ဍယောဇနမဂ္ဂံ၊ ယူဇနာခွဲမျှသော ခရီးကို။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆို၍။ တေ၊ထိုရဟန်းတို့ကို။ အာဒါယ၊ ပင့်ခေါ်၍။ အတ္တနော၊မိမိ၏။ ဝိဟာရံ၊ကျောင်းသို့။ ပဝေသေတွာ၊ဝင်စေ၍။ အာဂန္တု-က ဝတ္တံ၊ အာဂန္တုကဝတ်ကို။ ကတွာ၊ ပြည့်စုံစေ၍။ ဘန္တေ၊ အရှင်ဘုရားတို့။ ထောကံ၊အနည်းငယ်။ ဓမ္မကထံ၊တရားစကားကို။ သောတုကာမော၊ နာလိုသည်။ အမှိ၊ဖြစ်၏။ ဣတိ၊ဤသို့။ ဓမ္မသေနာပတိံ၊ ရှင်သာရိပုတ္တရာကို။ ယာစိ၊တောင်းပန်၏။ အထ၊ထိုအခါ၌။ နံ၊ထိုသူကြွယ်ကို။ ထေရော၊ အရှင်သာရိပုတ္တရာသည်။ ဥပါသက၊ဒါယကာ။ အဒ္ဓါနေန၊အခွန့်ရှည်သော ခရီးဖြင့်။ အာဂတာ၊ လာကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။ ကိလန္တရူပါ၊ ပင်ပန်းသောကိုယ်ရှိ၏။ အပိစ၊အကယ်မလွှဲသဖြင့်။ ထောကံ၊ အနည်းငယ်ကို။ သုဏာဟိ၊ နာလော့။ ဣတိ၊ ဤသို့။ တဿ၊ ထိုစိတ္တသူကြွယ်အား။

ဓမ္မံ၊တရားကို။ ကထေသိ၊ဟော၏။ သော၊ထိုစိတ္တသူကြွယ်သည်။ ထေရဿ၊ ရှင်သာရိပုတ္တရာ၏။ ဓမ္မံ၊တရားတို့။ သုဏန္တော၀၊ နာလျက်လျှင်။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။

သော၊ ထို စိတ္တ သူကြွယ်သည်။ ဒွေအဂ္ဂသာဝကေ၊ နှစ်ပါးသော အဂ္ဂသာဝကတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ သွေ၊ နက်ဖြန်။ ဘိက္ခုသဟဿေန၊ ရဟန်းတထောင်နှင့်။ သဒ္ဓိံ၊ တကွ။ မမ၊ အကျွန်ုပ်၏။ ဂေဟေ၊ အိမ်၌။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံပါကုန်လော့။ ဣတိ၊ ဤသို့။ နိမန္တေတွာ၊ ဘိတ်ပြီး၍။ ပစ္ဆာ၊ နောက်မှ။ နေဝါသိကံ၊ ကျောင်းနေဖြစ်သော။ သုဓမ္မတ္ထေရံ၊ သုဓမ္မမထေရ်ကို။ ဘန္တေ၊ အရှင်ဘုရား။ တုမှေပိ၊ အရှင်ဘုရားတို့သည်လည်း။ သွေ၊ နက်ဖြန်။ ထေရေဟိ၊ မထေရ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အာဂစ္ဆေယျာထ၊ ကြွပါကုန်လော့။ ဣတိ၊ ဤသို့။ နိမန္တေသိ၊ ဘိတ်၏။ သော၊ ထိုသုဓမ္မမထေရ်သည်။ အယံ၊ ဤသူကြွယ်သည်။ မံ၊ ငါ့ကို။ ပစ္ဆာ၊ နောက်မှ။ နိမန္တေတီတိ၊ ဘိတ်၏ဟူ၍။ ကုဒ္ဓေါ၊ အမျက်ထွက်လျက်။ ပဋိက္ခိပိတွာ၊ ပယ်၍။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ယာစိယမာနောပိ၊ တောင်းပန် သော်လည်း။ ပဋိက္ခိပိဝေ၊ ပယ်သည်သာလျှင်တည်း။ ဥပါသကော၊ ဒါယကာသည်။ ဘန္တေ၊ အရှင်ဘုရား။ ပညာယိဿထ၊ သိရပြီ။ ဣတိ၊ ဤသို့ ဆိုလျက်။ ပက္ကမိတွာ၊ ဖဲ၍။ ပုနဒိဝသေ၊ မိုးသောက်သော နေ့၌။ အတ္တနော၊ မိမိ၏။ နိဝေသနေ၊ အိမ်၌။ မဟာဒါနံ၊ အလှူကို။ သဇ္ဇေသိ၊ စီရင်၏။ သုဓမ္မတ္ထေရောပိ၊ သုဓမ္မမထေရ်သည်လည်း။ ပစ္စူသ ကာလေယေဝ၊ မိုးသောက် သော အခါ၌သာလျှင်။ ဂဟပတိနာ၊ သူကြွယ်သည်။ အဂ္ဂသာဝကာနံ၊ အဂ္ဂသာဝကတို့အား။ ကီဒိသော၊ အဘယ်သို့သဘောရှိသော။ သက္ကာရော၊ ပူဇော်လှူဒါန်းဘွယ်ကို။ သဇ္ဇိတောနုခေါ၊ စီရင်သနည်း။ သွေ၊ နက်ဖြန်။ ဂန္တွာ၊ သွား၍။ ပဿိဿာမိ၊ ကြည့်ရှုအံ့။ ဣတိစိန္တေတွာ၊ ဤသို့ကြံပြီး၍။ ပါတောဝ၊ စောစောကလျှင်။ ပတ္တ စီဝရံ၊ သပိတ်, သင်္ကန်းကို။ အာဒါယ၊ ယူ၍။ တဿ၊ ထိုသူကြွယ်၏။ ဂေဟံ၊ အိမ်သို့။ အဂမာသိ၊ ရောက်လာ၏။

သော၊ ထိုသုဓမ္မမထေရ်သည်။ ဂဟပတိနာ၊ ဒါယကာသည်။ ဘန္တေ၊ အရှင်ဘုရား။ နိသီဒထ၊ ထိုင်တော်မူလော့။ ဣတိဝုစ္စမာနောပိ၊ ဤသို့ ဆိုသော်လည်း။ အဟံ၊ ငါသည်။ န နိသီဒါမိ၊ မထိုင်အံ့။ ပိဏ္ဍာယ၊

ဆွမ်းအလို့ငှါ။ စရိဿာမိ၊ သွားအံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ အဂ္ဂသာ-ကာနံ၊ အဂ္ဂသာဝကတို့အား။ ပဋိယာဒိတံ၊ စီရင်အပ်သော။ သက္ကာရံ၊ ပူဇော်ဘွယ်ကို။ ဩလောကေတွာ၊ ကြည့်၍။ ဂဟပတိ ၊ သူကြွယ်ကို။ ဇာတိယာ၊ အမျိုးအနွယ်ဖြင့်။ ဃဋ္ဋေတုကာမော၊ ချုပ်ချယ်လိုသည်ဖြစ်၍။ ဂဟပတိ၊ သူကြွယ်။ တေ၊ ၏။ သက္ကာရော၊ ပူဇော်ဘွယ်သည်။ ဥဠာရော၊ မြတ်ပေ၏။ အပိစ၊ စင်စစ်မူကား။ ထွေ၊ ဤဆွမ်းလှူဘွယ်၌။ ဧကဒေဝ၊ လှူဘွယ်တပါးသာလျှင်။ နတ္ထိ၊ မရှိ မပြည့်စုံ။ ဣတိ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ ၊ အဘယ် အလှူဝတ္ထု မပြည့်စုံသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဂဟပတိ၊ သူကြွယ်။ တိလသင်္ဂုဠိကာ၊ နှမ်းပြစ်မုံ့သည်။ နတ္ထိ၊ မရှိ။ ဣတိဝတွာ၊ ဤသို့ဆိုခြင်းကြောင့်။ ဂဟပတိနာ၊ သူကြွယ် သည်။ ကာကောပမာယ၊ ကာက ဥပမာဖြင့်။ အပသာဒိတော၊ မောင်းမဲ သည်ရှိသော်။ ကုဇ္ဈိတွာ၊ အမျက်ထွက်၍။ ဂဟပတိ၊ သူကြွယ်။ တေ၊ သင်၏။ ဧသော၊ ဤသည်ကား။ အာဝါသော၊ ကျောင်းတည်း။ အဟံ၊ ငါသည်။ ပက္ကမိဿာမိ၊ ဖဲအံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ယာဝ တတိယံ၊ သုံးကြိမ် မြောက်အောင်။ ဝါရိယမာနောပိ၊ တားမြစ် ပါသော်လည်း။ ပက္ကမိတွာ၊ ဖဲ၍။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ ၍။ စိတ္တေနစ၊ စိတ္တ သူကြွယ်သည် လည်းကောင်း။ အတ္တနာစ၊ မိမိသည် လည်းကောင်း။ ဝုတ္တဝစနံ၊ ဆိုအပ်သောစကားကို။ အာရောစေသိ၊ ကြား၏။

သတ္ထာ၊ ဘုရားသည်။ တယာ၊ သင်သည်။ သဒ္ဓေါ၊ သဒ္ဓါတရားနှင့် ပြည့်စုံသော။ ပသန္နော၊ ရတနာသုံးပါးကို ကြည်ညိုသော။ ဥပါသကော၊ ဒါယကာကို။ ဟီနေန၊ ယုတ်သောအားဖြင့်။ ခုံသိတော၊ ဆဲရေးဘိ၏။ ဣတိ၊ ဤသို့။ တသော၀၊ ထို ရဟန်းအား သာလျှင်။ ဒေါသံ၊ အပြစ်သို့။ အာရောပေတွာ၊ တင်၍။ ပဋိသာရဏီယ ကမ္မံ၊ အသက်ထက်ဆုံး အောက် မေ့အပ်သော အမှုကို။ ကာရာပေတွာ၊ ပြုစေ၍။ ဂစ္ဆ၊ သွားချေ။ စိတ္တ-ဂဟပတိံ ၊ စိတ္တသူကြွယ်ကို။ ခမာပေဟိ၊ သည်းခံစေဒလော့။ ဣတိ၊ ဤသို့။ ပေသေသိ၊ စေလွှတ်၏။ သော၊ ထိုသုဓမ္မ ရဟန်းသည်။ တတ္ထ၊ ထိုကျောင်း သို့။ ဂန္တွာ သွား၍။ ဂဟပတိ၊ သူကြွယ်။ သော၊ ထိုအပြစ်ကား။ မယှံ မေဝ၊ ငါ၏သာလျှင်။ ဒေါသော၊ အပြစ်ကည်း။ မေ၊ ငါ့အား။ ခမာဟိ၊ သည်းခံပါလော့။ ဣတိဝတွာပိ၊ ဤသို့ ဆိုသော်လည်း။ အဟံ၊ ငါသည်။ နခမာမိ၊သည်းမခံနိုင်။ ဣတိ၊ ဤသို့။ ဘေန၊ ထိုသူကြွယ်သည်။ပဋိက္ခိတ္တော၊

ပယ်သည်ရှိသော်။ မက်ုဘူတော၊ အရှိန်အစော် မဲ့သည်ဖြစ်လျက်။ တံ၊ ထိုသူကြွယ်ကို။ ခမာပေတုံ၊ သည်းခံစေခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ ပုနဒိဝသေ၊ တဘန်မိုးသောက်သောနေ့၌။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ပစ္စာဂမာသိ၊ တဘန်ပြန်လာ၏။ သတ္ထာစ၊ ဘုရားသည်လည်း။ အဿ၊ ထိုမထေရ်အား။ ဥပါသကေဝ၊ ဒါယကာသည်။ နခမိဿတိ၊ သည်းမခံလတ္တံ့။ ဣတိ၊ ဤသို့။ ဇာနန္တောပိ၊ သိသော်လည်း။ သော၊ ဤမထေရ်သည်။ မာနထဒ္ဓေါ၊ မာန်ဖြင့် ခက်ထန်၏။ တာဝ၊ ထိုရွေ့လောက်။ တိံသ ယောဇနံ၊ ယူဇနာ သုံးဆယ်ရှိသော။ မဂ္ဂံ၊ ခရီးကို။ ဂန္တွာ၊ သွား၍။ ပစ္စာဂစ္ဆတု၊ တဘန်ပြန်လာစေသတည်း။ ဣတိ၊ ဤသို့။ ခမနူပါယံ၊ သည်းခံခြင်း၏ အကြောင်းကို။ အနာစိက္ခိတွာဝ၊ မကြားမူ၍လျှင်။ ဥယျောဇေသိ၊ လွှတ်လိုက်၏။

အထ၊ ထိုအခါ၌။ ပုန၊ တဘန်။ အာဂတကာလေ၊ ရောက်လာသောအခါ၌။ နိဟတမာနဿ၊ ကြီးသောမာန်ရှိသော။ အဿ၊ ထိုရဟန်းအား။ အနုဒူတံ၊ တမန်သည်တို့၏အမှုကို။ ဒတွာ၊ ပေး၍။ ဂစ္ဆ၊ သွားချေ။ ဣမိနာ၊ ဤရဟန်းနှင့်။သဒ္ဓိံ၊တကွ။ဂန္တွာ၊သွား၍။ဥပါသကံ၊ဒါယကာကို။ ခမာပေဟိ၊ကန်တော့လေလော့။ဣတိဝတွာ၊ ဤသို့ ဆို၍။ သမဏေန နာမ၊ ရဟန်းမည်သည်။မယှံ၊ငါ၏။ဝိဟာရော၊နေရာကျောင်းတည်း။ မယှံ၊ငါ၏။ နိဝါသနဋ္ဌာနံ၊ နေရာအရပ်တည်း။ မယှံ၊ ငါ၏။ ဥပါသကော၊ ဒါယကာတည်း။ မယှံ၊ ငါ၏။ ဥပါသိကာ၊ ဒါယိကာမတည်း။ ဣတိ၊ ဤသို့။ မာနံဝါ၊ မာနကိုလည်းကောင်း။ ဣဿာဝါ၊ ငြူစူခြင်းကိုလည်းကောင်း။ ကာတုံ၊ ပြုခြင်းငှါ။ နဝဋ္ဋတိ၊ မအပ်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧဝံ၊ ဤသို့။ ကရောန္တဿ၊ ပြုသောရဟန်းအား။ ဣစ္ဆာ-မာနာဒယော၊ မကောင်းသော အလိုရမ္မက်,မာနအစရှိကုန်သော။ ကိလေ-သာ၊ ကိလေသာ တို့သည်။ ဝဍ္ဍန္တိ၊ ပွားကုန်၏။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၇၃။ အသန္တံ၊ တို့။ ယော ဗာလော ဘိက္ခု၊ အကြင်မလိမ္မာသော ရဟန်းသည်။ ဘိက္ခူသု၊ ရဟန်းတို့၌။ အသန္တံ ဘာဝနံ၊ ထင်ရှားမရှိသော ချီးမွမ်းခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ပုရေက္ခာရဉ္စ၊ အခြံအရံကိုလည်း။ ဘိက္ခူသု၊ ရဟန်းတို့၌။ ဣစ္ဆေယျ ဣစ္ဆတိ၊ အလိုရှိ၏။ အာဝါသေသု စ၊

သံဃိက ကျောင်းတို့၌လည်း။ ဝါသာရိယံ၊ အစိုးရခြင်းကို။ ဣစ္ဆေယျာတိ၊ အလိုရှိ၏။ ပရကုလေသုစ၊ အမိအဘမှတပါးကုန်သော ဒါယကာတို့၌လည်း။ ပူဇာ၊ ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။

၇၄။ ယဿ ဗာလဿ၊ အကြင် မလိမ္မာသော ရဟန်းအား။ ဥဘော၊ နှစ်ပါးကုန်သော။ ဂိဟီပဗ္ဗဇိတာ၊ လူရဟန်းတို့သည်။ မမေဝ၊ ငါ့ကိုသာလျှင်။ နိဿာယ၊ မှီ၍။ ကတံ၊ အမှုခပ်သိမ်းပြီး၏ဟု။ မညန္တု၊ အောက်မေ့စေကုန်သတည်း။ ကိစ္စာ ကိစ္စေသု၊ ငယ်ကုန် ကြီးကုန်သော အမှုတို့တွင်။ ကိသ္မိဉ္စိ၊ တစုံတခုသော ကိစ္စ၌။ မမေဝ၊ ငါ၏သာလျှင်။ အတိဝသာ၊ အလိုသို့လိုက်ကုန်သည်။ အဿု၊ ဖြစ်စေကုန်သတည်း။ ဣတိ၊ ဤသို့။ သင်္ကပ္ပေါ၊ အကြံယုတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿဗာလဿ၊ ထိုမလိမ္မာသော ရဟန်းအား။ ဣစ္ဆာစ၊ ယုတ်မာသော အလိုရမ္မက် သည်လည်းကောင်း။ မာနောစ၊ ကိုးပါးသော မာန်သည်လည်းကောင်း။ ဝဍ္ဎတိ၊ ပွားများ၏။ ဣတိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ အသန္တန္တိ၊ အသန္တံဟူသည်ကား။ ယော-ဗာလောဘိက္ခု၊ အကြင် မလိမ္မာသော ရဟန်းသည်။ အဝိဇ္ဇမာနံ၊ ထင်ရှားမရှိသော။ သမ္ဘာဝနံ၊ ချီးမွမ်းခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ အသဒ္ဓေါဝ သမာနော၊ သဒ္ဓါခြင်းမရှိသည်ဖြစ်လျက်လည်း။ သဒ္ဓေါတိ၊ သဒ္ဓါရှိ၏ဟု။ မံ၊ ငါ့ကို။ ဇနော၊ လူအပေါင်းသည်။ ဇာနာတူတိ၊ သိစေသတည်းဟု။ ဣစ္ဆတိ၊ အလိုရှိ၏။ ပါပိစ္ဆတာ နိဒ္ဒေသေ၊ ပါပိစ္ဆတာနိဒ္ဒေ-သ၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်သောနည်းဖြင့်လျှင်။ ဗာလော၊ မလိမ္မာသောသူသည်။ အသဒ္ဓေါ၊ မယုံကြည်သည်။ ဒုဿီလော၊ သီလမရှိသည်။ အပ္ပဿုတော၊ နည်းသော အကြားအမြင်ရှိသည်။ အပ္ပဝိဝိတ္တော၊ ဆိတ်ငြိမ်ရာ၌ မမွေ့လျော်သည်။ ကုသီတော၊ ပျင်းရိသည်။ အနုပဋ္ဌိတသတိ၊ မထင်သော သတိရှိသည်။ အသမာဟိတော၊ မတည်ကြည်သည်။ ဒုပ္ပညော၊ ပညာမရှိသည်။ အခီဏာသဝေါ၊ ရဟန္တာမဟုတ်သည် သာလျှင်။ သမာ-နော၊ ဖြစ်လျက်။ မံ၊ ငါ့ကို။ ဇနော၊ လူအပေါင်းသည်။ အယံ၊ ဤရဟန်းသည်။ သဒ္ဓေါ၊ သဒ္ဓါတရားရှိ၏။ သီလဝါ၊ သီလရှိ၏ ဗဟုဿုတော၊ များသော အကြားအမြင်ရှိ၏။ ပဝိဝိတ္တော၊ ဆိတ်ငြိမ်ရာ၌မွေ့လျော်၏။ အာရဒ္ဓဝီရိ-ယော၊ အားထုတ်အပ်သော လုံ့လရှိ၏။ ဥပဋ္ဌိတ သတိ၊ ထင်သော သတိရှိ၏။ သမာဟိတော၊ တည်ကြည်၏။ ပညဝါ၊ ပညာရှိ၏။ ခီဏာသဝေါ၊

ရဟန္တာတည်း။ ဣတိ၊ ဤသို့။ ဇာနေယျ၊ သိပါမူကား။ အဟောဝတ၊ ဩော် ကောင်းပါလေစွ၊ ဣတိ၊ ဤသို့။ ဣဒံ အသန္တသမ္ဘာဝနံ၊ ဤသို့ ထင်ရှားမရှိသော ချီးမွမ်းခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။

ပုရက္ခာရဉ္စ၊ ပုရေက္ခာရံ ဟူသည်ကား။ ပရိဝါရံ၊ အခြံအရံကို။ မံ၊ ငါ့ကို။ သကလ ဝိဟာရေ၊ အလုံးစုံသောကျောင်း၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပရိဝါရေတွာ၊ ခြံရံ၍။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆန္တာ၊ မေးကုန်လျက်။ ဝိဟာရေယျုံ၊ နေရကုန်မူကား။ အဟောဝတ၊ ဩော် ကောင်းပါလေစွ။ ဣတိဧဝံ၊ ဤသို့။ ဣစ္ဆာစာရေ၊ အလိုဆိုး၌။ ဌတွာ၊ ၍။ ပုရေက္ခာရဉ္စ၊ ရှေ့သွားအကြီး၏ အဖြစ်ကိုလည်း။ ဘိက္ခူသု၊ ရဟန်းတို့၌။ ဣစ္ဆတိ၊ အလိုရှိ၏။ အာဝါသေသုတိ၊ အာဝါသေသု ဟူသည်ကား။ သံဃိကေသုစ-အာဝါသေသု၊ သံဃိကကျောင်းတို့၌လည်း။ ဝိဟာရမဇ္ဈေ၊ ကျောင်းအလယ်၌။ ယာနိ ပဏီတသေနာသနာနိ၊ အကြင် မွန်မြတ်သောအိပ်ရာနေရာတို့သည်။ သန္တိ၊ ရှိကုန်၏။ တာနိစ၊ ထိုကျောင်းအိပ်ရာ နေရာတို့ကိုလည်း။ အတ္တနော၊ မိမိ၏။ သန္ဒိဋ္ဌ သမ္ဘတ္တာဒီနံ၊ သန္ဒိဋ္ဌ သမ္ဘတ္တအစရှိကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဣဓ၊ ဤကျောင်း၌။ ဝသထာတိ၊ နေကုန်လော့ဟု။ ဝိစာရေန္တော၊ စီရင်လျက်။ သယမ္ပိ၊ မိမိသည်လည်း။ ဝရတရံ သေနာသနံ၊ အလွန်မြတ်သော ကျောင်းအိပ်ရာနေရာကို။ ပလိဗောဓေန္တော၊ သိမ်းဆည်း သုတ်သင်လျက်။ သေ·သာနံ၊ ကြွင်းကုန်သော။ အာဂန္တုကဘိက္ခူနံ၊ အာဂန္တုက ရဟန်းတို့အား။ ပစ္စန္တိမာနိ၊ အစွန်ဖြစ်ကုန်သော။ လာမက သေနာသနာနိစေဝ၊ ယုတ်မာသော ကျောင်းတို့ကိုလည်း။ အမနုဿ ပရိဂ္ဂဟိတာနိစ၊ ဘီလူး သိမ်းဆည်းအပ်သော ကျောင်းတို့ကိုလည်းကောင်း။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဣဓ၊ ဤကျောင်း၌။ ဝသထာတိ၊ နေကုန်လော့ဟု။ ဝိစာ-ရေန္တော၊ စီရင်လျက်။ အာဝါသေသု၊ ကျောင်းတို့၌။ ဣဿရိယံ၊ အစိုးရခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။ ပူဇာပရကုလေသုစာတိ၊ ကုလေသုစ ဟူသည်ကား။ နေဝမာတာ ပိတူနံ၊ မိဘတို့၏။ ဥစ္စာလည်းမဟုတ်။ နညာတကာနံ၊ ဆွေမျိုးတို့၏ ဥစ္စာလည်းမဟုတ်။ ပရေသု ယေဝ ကုလေသု၊ တပါးသော ဒါယကာတို့၌ သာလျှင်။ ဣမေ၊ ဤဒါယကာတို့သည်။ မယှမေဝ၊ ငါ့အားသာလျှင်။ ဒဒေယျုံ၊ လှူကုန်မူကား။ အညေသံ၊ တပါးသူတို့အား။ နဒဒေယျုံ၊ မလှူကုန်မူကား။ အဟောဝတ၊ ဩော် ကောင်းပါလေစွ။

ဣတိဝေ၊ ဤသို့။ စတုပစ္စယေဟိ၊ ပစ္စည်းလေးပါး တို့ဖြင့်။ ပူဇံ၊ ပူဇော်ခြင်းကို။ ဣစ္ဆတိ၊ အလိုရှိ၏။

မမေဝ ကတမညန္တုတိ၊ မညန္တုဟူသည်ကား။ ယဿ ဗာလဿ၊ အကြင်မလိမ္မာသော ရဟန်း၏လည်း။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ဝိဟာရ၊ ကျောင်း၌။ ဥပေါသထာဂါရာဒိ ကရဏဝသေန၊ ဥပုသ်အိမ် အစရှိသည်ကို ပြုခြင်း၏အစွမ်းဖြင့်။ ကတံ၊ ပြုအပ်သော။ နဝကမ္မံ၊ အမှုသစ်စသည်သည်။ အတ္ထိ၊ ရှိ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသည်။ အမှာကံ၊ ငါတို့၏။ ထေရေန၊ မထေရ်သည်။ ကတံ၊ ပြုအပ်၏။ ဣတိဝေ၊ ဤသို့။ ဂိဟီစ၊ လူတို့သည် လည်းကောင်း။ ပဗ္ဗဇိတာစ၊ ရဟန်းတို့သည် လည်းကောင်း။ ဥဘောပိ၊ နှစ်ဦးသော လူ, ရဟန်းတို့သည် လည်းကောင်း။ မမေဝ၊ ငါ့ကိုသာလျှင်။ နိဿာယ၊ မှီ၍။ ကတံ၊ ပြုအပ်သော။ ပရိကမ္မံ၊ ပရိကံမည်သည်။ နိဋ္ဌိတံ၊ ပြီး၏။ ဣတိ၊ ဤသို့။ (ဣတိသဒ္ဒါကား ဂမျမာနိတည်း။) မညန္တုတိ၊ အောက်မေ့စေကုန်သတည်းဟု။ သက်ပွေ၊ အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ မမေဝါတိဝသာ အဿုတိ၊ အဿုဟူသည်ကား။ ဂိဟီဝါ၊ လူတို့သည် လည်းကောင်း။ ပဗ္ဗဇိတာဝါ၊ ရဟန်းတို့သည်လည်းကောင်း။ သဗ္ဗေပိ၊ ခပ်သိမ်းသော လူတို့သည်လည်း။ မမေဝ၊ ငါ၏သာလျှင်။ ဝသေ၊ အလို၌။ ဝတ္တန္တု၊ ဖြစ်စေကုန်သတည်း။ သကဋ ဝါသိ ဖရသု အာဒီနိဝါ၊ လှည်း နွားပဲကွပ် ပေါက်ဆိန် အစရှိသည် တို့ကိုလည်း။ လဒ္ဓဗ္ဗာနိ၊ ရအပ်ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ အန္တမသော၊ အယုတ်သဖြင့်။ ယာဂုဘတ္တံပိ၊ ယာဂုဆွမ်းကိုမျှလည်း။ တာပေတွာ၊ နွေး၍။ ပိဝနာဒီနိဝါ၊ သောက်ခြင်း စသည်တို့ကိုလည်း။ လဒ္ဓဗ္ဗာနိ၊ ရအပ်ကုန်သည်။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။ ဣတိဝေရူပေသု၊ ဤသို့သဘောရှိကုန်သော။ ကိစ္စာ ကိစ္စေသု-ခုဒ္ဒကမဟန္တေသု၊ အငယ်အကြီးဖြစ်ကုန်သော။ ကရဏီယေသု၊ ပြုဘွယ်ကိစ္စတို့၌။ ကိသ္မိဉ္စိ ကေကိစ္စေပိ၊ တစုံတခုသော အမှု၌လည်း။ မမေဝ၊ ငါ၏သာလျှင်။ ဝသေ၊ အလို၌။ ဝတ္တန္တု၊ ဖြစ်စေကုန်သတည်း။ မမေဝ၊ ငါ့အားသာလျှင်။ အာပုစ္ဆိတွာ၊ ပန်၍။ ကရောန္တု၊ ပြုစေကုန်သတည်း။ ဣတိ၊ ဤသို့။ သက်ပွေ၊ အကြံသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဣတိဗာလဿာတိ၊ ဟူသည်ကား။ ယဿ ဗာလဿ၊ အကြင် မလိမ္မာသော ရဟန်း၏။ ယာစ ဣစ္ဆာ၊ အကြင်အလို ဆိုးသည် လည်းကောင်း။ ဝေရူပေ၊ ဤသို့သဘောရှိသော။ အယဥ္စသက်ပွေ၊ ဤအကြံသည် လည်း

ကောင်း။ ဥပ္ပဇ္ဇတိ၊ဖြစ်၏။ တဿ၊ထိုမလိမ္မာသောရဟန်းအား။ ဝိပဿနာ၊ ဝိပဿနာတို့သည်။ နေဝ ဝဍ္ဎန္တိ၊ မပွားကုန်။ မဂ္ဂဖလာနိ၊ မဂ်ဖိုလ်တို့သည်။ နဝဍ္ဎန္တိ၊မပွားကုန်။ ကေဝလံပန၊ သက်သက်မူကား။ အဿ၊ ထိုမလိမ္မာသော ရဟန်းအား။ ဆန္ဒာဒယော၊ အလိုရမ္မက်စသည်တို့သည်။ သမုဒ္ဒဿ၊ သမုဒ္ဒရာ၏။ ဥဒကံဝိယ၊ ရေကဲ့သို့။ ဆသုဒွါရေသု၊ ခြောက်ဒွါရ တို့၌။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်ကုန်လျက်။ တဏှာ၊ စေဝတဏှာသည် လည်းကောင်း။ နဝဝိဓမာနော စ၊ ကိုးပါး အပြားရှိသော မာန်သည်လည်းကောင်း။ ဝဍ္ဎတိ၊ ပွား၏။ ဣတိ၊ ဤကား ဂါထာ အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊များစွာသောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်- စသည် တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ ဤကား ဒေသနာ အပြီးတည်း။

သုဓမ္မတ္ထေရောပိ၊ သုဓမ္မမထေရ်သည်လည်း။ ဣမံဩဝါဒံ၊ဤအဆုံးအမ ကို။ သုတွာ၊ကြား၍။ သတ္ထာရံ၊ဘုရားကို။ ဝန္ဒိတွာ၊ရှိခိုး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပဒက္ခိဏံ၊ လကျာရစ် လှည့်သည်ကို။ ကတွာ၊ ပြု၍။ အနုဒူတေန၊ တမန်အတုဖြစ်သော။ တေနဘိက္ခုနာ၊ ထိုရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ဂန္တွာ၊ သွား၍။ ဥပါသကဿ၊ ဒါယကာ၏။ စက္ခုပထေ၊ မျက်စိ မြင်လောက်သော အရပ်၌။ အာပတ္တိံ၊ အာပတ်ကို။ ပဋိကရိတွာ၊ ကုစား၍။ ဥပါသကံ၊ ဒါယကာကို။ ခမာပေသိ၊ သည်းခံစေ၏။ သော၊ ထို သုဓမ္မရဟန်းကို။ ဥပါသကေန၊ ဒါယကာသည်။ အဟံ၊ ငါသည်။ ခမာမိ၊သည်းခံ၏။ ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ အကျွန်ုပ်၏။ ဒေါသော၊ ပြစ်မှားခြင်းသည်။ သစေအတ္ထိ၊ အကယ်၍ရှိသည်ဖြစ်အံ့။ မေ၊ကျွန်ုပ်အား။ ခမထ၊ သည်းခံပါလော့။ ဣတိ၊ ဤသို့။ ပဋိခမာပိတော၊ တဘန် ပြန်၍ ဒါယကာက ကန်တော့အပ်၏။ သတ္ထာရာ၊ မြတ်စွာ ဘုရားသည်။ ဒိန္နေ၊ ပေးအပ်သော။ဩဝါဒေ၊အဆုံးအမ၌။ ဌတွာ၊တည်၍။ ကတိပါဟေနေဝ၊ နှစ်ရက်သုံးရက်ဖြင့်သာလျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့် တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ရောက်၏။ ဥပါသကောပိ၊ဒါယကာ သည်လည်း။ စိန္တေသိ၊ ကြံ၏။ မယာ၊ ငါသည်။ သတ္ထာရံ၊ ဘုရားကို။ အဒိသွာဝ၊ မမြင်မူ၍လျှင်။ သောတာပတ္တိဖလံ၊ သောတာပတ္တိ ဖိုလ်သို့။ ပတ္တံ၊ ရောက်၏။ အဒိသွာဝေ၊ မဖူးမြင်ရ ဘဲလျှင်။ အနာဂါမိဖလေ၊ အနာဂါမိဖိုလ်၌။ ပတိဋ္ဌိတော၊ တည်၏။ မေ၊ ငါ၏။ သတ္ထာရံ၊ဘုရားကို။

ဒဋ္ဌုံ၊ ဖူးမြင်ခြင်းငှါ။ ဝန္ဒတိ၊ သင့်၏။ ဣတိ၊ ဤသို့ကြံ၏။ သော၊ ထို ဒါယကာသည်။ တိလ တဏ္ဍုလ ဖာဏိတ ဝတ္ထစ္ဆာဒနာဒီဟိ၊ နှမ်း, ဆန်, ထောပတ်,တင်လဲ,အဝတ်ပုဆိုး စသည်တို့ဖြင့်။ ပရိပူရာနိ၊ ပြည့်ကုန်သော။ ပဉ္စသကဋသတာနိ၊ လှည်းငါးရာ တို့ကို။ ယောဇာပေတွာ၊ က, စေ၍။ သတ္ထာရံ၊ ဘုရားကို။ ဒဋ္ဌုကာမာ၊ ဖူးမြင်လိုကုန်သော သူတို့သည်။ အာ-ဂစ္ဆန္တု၊ လိုက်ခဲ့စေကုန် သတည်း။ ပိဏ္ဍပါတာဒီဟိ၊ ဆွမ်းစသည်တို့ဖြင့်။ နကိလမိဿန္တိ၊မပင်ပန်းကုန်လတ္တံ့။ ဣတိ၊ဤသို့ဆိုလျက်။ ဘိက္ခုသံဃဿ၊ ရဟန်းသံဃာအား။ အာရောစာပေတွာ၊ ၍။ ဘိက္ခုနီ သံဃဿပိ၊ ရဟန်း မိန်းမ သံဃာအား လည်းကောင်း။ ဥပါသကာနံပိ၊ ဒါယကာယောကျ်ား တို့အား လည်းကောင်း။ ဥပါသိကာနံပိ၊ ဒါယိကာ မိန်းမတို့အား လည်း ကောင်း။ အာရောစာပေသိ၊ ကြားစေ၏။

တေန၊ ထိုသူကြွယ်နှင့်။ သဒ္ဓိံ၊ တကွ။ ပဉ္စသတာ ပဉ္စသတာ၊ ငါးရာ ငါးရာကုန်သော။ ဘိက္ခူစ၊ ရဟန်းယောကျ်ားတို့သည် လည်းကောင်း။ ဘိက္ခုနိယောစ၊ ရဟန်း မိန်းမတို့သည် လည်းကောင်း။ ဥပါသကာစ၊ ဒါယကာယောကျ်ားတို့သည် လည်းကောင်း။ ဥပါသိကာယောစ၊ ဒါယိကာ မိန်းမတို့သည် လည်းကောင်း။ နိက္ခမိံသု၊ ထွက်ကုန်၏။ သော၊ ထို စိတ္တသူကြွယ်သည်။ တေသဉ္စေဝ၊ ထို ပရိသတ် လေးပါးတို့ အားလည်း ကောင်း။ အတ္တနော၊မိမိ၏။ ပရိသာယစ၊ ပရိသတ်အား လည်းကောင်း။ ဣတိ၊ ဤသို့။ တိဏ္ဏံဇနသဟဿာနံ၊ သုံးထောင်သောလူတို့အား။ ယထာ၊ အကြင်အခြင်းဖြင့်။ တိံသယောဇနမဂ္ဂေ၊ ယူဇနာသုံးဆယ်ရှိသောခရီး၌။ ယာဂုဘတ္တာဒီဟိ၊ ယာဂုထမင်းစသည်တို့ဖြင့်။ ကိဉ္စိ၊ တစုံတယောက်သော သူအား။ ဝေကလ္လံ၊ မလုံမလောက် ချို့တဲ့ခြင်းသည်။ နဟောတိ၊ မဖြစ်။ တထာ၊ ထိုအခြင်းအရာဖြင့်။ သံဝိဒဟိ၊ စီရင်၏။ တဿပန၊ ထိုသူကြွယ်၏ ကား။ နိက္ခန္တဘာဝံ၊ ထွက်သည်၏ အဖြစ်ကို။ ဉတွာ၊သိ၍။ ယောဇနေ ယောဇနေ၊ တယူဇနာ တယူဇနာ၌။ ဒေဝတာ၊ နတ်တို့သည်။ ခန္ဓာဝါရံ၊ သစ်ခက်သစ်တပ်ကို။ ဗန္ဓိတွာ၊ ဖွဲ့ထား၍။ ဒိဗ္ဗေဟိ၊ နတ်၌ ဖြစ်ကုန်သော။ ယာဂု ခဇ္ဇက ဘတ္တပါနကာဒီဟိ၊ ယာဂု,ခဲဘွယ်,ထမင်း,အဖျော် စသည်တို့ ဖြင့်။ တံမဟာဇနံ၊ ထို လူအပေါင်းကို။ ဥပဋ္ဌဟိံသု၊ လုပ်ကျွေးကုန်၏။ ကဿစိ၊ တစုံ တယောက်သော သူအား။ ကေနစိ၊ တစုံတခုသော ယာဂု စသည်ဖြင့်။ ဝေကလ္လံ၊ ချို့တဲ့ခြင်းသည်။ နာဟောသိ၊မဖြစ်။ ဝံ၊ ဤသို့။

ဒေဝတာဟိ၊ နတ်သည်။ ဥပဋ္ဌိယမာနော၊ လုပ်ကျွေးလျက်။ ဒေဝသိကံ၊ နေ့တိုင်း။ ယောဇနံ၊ တယူဇနာတိုင်တိုင်။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ မာသေန၊တလဖြင့်။ သာဝတ္ထိံ၊ပြည်သို့။ သမ္ပာပုဏိ၊ရောက်၏။ ပဥ္စသကဋ္ဌသတာနိ၊ လှည်းငါးရာ တို့သည်။ ယထာပူရိတာနေဝ၊ ပြည့်မြဲတိုင်းတို့သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဒေဝတာဟိစေဝ၊ နတ်တို့သည် လည်းကောင်း။ မနုဿေဟိစ၊ လူတို့သည် လည်းကောင်း။ အဘိဟဋ္ဌံ၊ ရှေးရှုဆောင်အပ်သော။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ ဝိဿဇ္ဇေန္တောဝ၊ စွန့်လျက်လျှင်။ အဂမာသိ၊ ရောက်လာ၏။

သတ္ထာ၊ ဘုရားသည်။ အာနန္ဒတ္ထေရံ၊ အာနန္ဒာမထေရ်ကို။ အာဟ၊ မိန့်တော်မူ၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ အဇ္ဇ၊ယနေ့။ ဝဍ္ဍမာနကစ္ဆာယာယ၊ နေမွန်းယိမ်းသော အခါ၌။ စိတ္တော ဂဟပတိ၊ စိတ္တသူကြွယ်သည်။ *ပဥ္စဟိ သကဋ္ဌသတေဟိ၊ လှည်းငါးရာ တို့ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။ အာဂန္တွာ၊ လာ၍။ မံ၊ငါဘုရားကို။ ဝန္ဒိဿတိ၊ ရှိခိုးလတ္တံ့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊အရှင်ဘုရား။ တဿ၊ ထိုစိတ္တသူကြွယ်၏။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဝန္ဒနကာလေ၊ ရှိခိုးသောအခါ၌။ ကိဉ္စိပါဋိဟာရိယံ၊ တစုံတခုသော တန်းခိုး ပြာဋိဟာသည်။ ကိံ ပန ဘဝိဿတိ၊ ဖြစ်လတ္တံ့လော။ ဣတိ၊ဤသို့လျှောက်၏။ အာနန္ဒ၊အာနန္ဒာ။ ဘဝိဿတိ၊ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊အရှင်ဘုရား။ ကိံ၊အဘယ်သို့ဖြစ်လတ္တံ့နည်း။ ဣတိ၊ဤသို့လျှောက်၏။ တဿ၊ထိုသူကြွယ်၏။ အာဂန္တွာ၊ လာ၍။ မံ၊ ငါဘုရားကို။ ဝန္ဒနကာလေ၊ ရှိခိုးသောအခါ၌။ ရာဇမာနေန၊ မင်း၏ နှိုင်းရှည့်ခြင်းဖြင့်။ အဋ္ဌ ကရီသမတ္တေ၊ ရှစ်မင်းပယ်စာ မျှလောက်သော။ ပဒေသေ၊ အရပ်၌။ ဇဏ္ဏုကမတ္တေန၊ ပုဆစ် အတိုင်းအရှည် ရှိသော။ ဩဓိနာ၊ နစ်ခြင်းဖြင့်။ ပဉ္စဝဏ္ဏာနံ၊ ငါးပါးသော အဆင်းရှိကုန်သော။ ဒိဗ္ဗပုပ္ဖါနံ၊ နတ်ပန်းတို့၏။ ဃနဝဿံ၊ တခဲနက်မိုးသည်။ ဝဿိဿတိ၊ ရွာလတ္တံ့။ ဣတိ၊ ဤသို့။ မိန့်တော်မူ၏။ တံကထံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ နဂရဝါသိနော၊ ပြည်၌နေကုန်သော သူတို့သည်။ ဧဝံ၊ ဤသို့။ မဟာပုညော၊ သော။ စိတ္တောနာမဂဟပတိ၊စိတ္တမည်သော သူကြွယ်သည်။ အာဂန္တွာ၊လာ၍။ အဇ္ဇ၊ယနေ့။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိဿတိကိရ၊ ရှိခိုး လိမ့်သတတ်။ ဧဝံ၊ ဤသို့ ရှိခိုးသည် ရှိသော်။ ပါဋိဟာရိယံ၊ တန်းခိုး

* ပဥ္စဟိ ဥပါသက သတေဟိ (ဆဋ္ဌ)

ပြာဠိုဟာသည်။ ဘဝိဿတိကိရ၊ဖြစ်လိမ့်သတတ်။မယံပိ၊ငါတို့သည်လည်း။ တံ မဟာပုညံ၊ မြတ်သော ကောင်းမှုရှိသော ထိုစိတ္တသူကြွယ်ကို။ ဒဋ္ဌုံ၊ မြင်ခြင်းငှါ။ လဘိဿာမ၊ ရကုန်လအံ့။ ဣတိ၊ ဤသို့+သက္ကာရံ၊ ပူဇော်သက္ကာရကို။ အာဒါယ၊ယူ၍။ မဂ္ဂဿ၊ခရီး၏။ ဥဘောသု ပဿေသု၊နံပါးနှစ်ဘက်တို့၌။ အဋ္ဌံသု၊ နေကုန်၏။ ဝိဟာရသမီပေ၊ ကျောင်း၏အနီးသို့။ အာဂတကာလေ၊ ရောက်လာသော အခါ၌။ ပဉ္စဘိက္ခုသတာနိ၊ ငါးရာသော ရဟန်းတို့သည်။ ပဌမံ၊ရှေးဦးစွာ။ အာဂမိံသု၊ လာကုန်၏။

စိတ္တောဂဟပတိ၊စိတ္တသူကြွယ်သည်။အမ္မာ၊အမိတို့။တုမှေ၊သင်တို့သည်။ အမှာကံ၊ငါတို့၏။ ပစ္ဆတော၊နောက်မှ။ အာဂစ္ဆထ၊လာခဲ့ကုန်လော့။ ဣတိ၊ ဤသို့ ဆိုလျက်။ မဟာဥပါသိကာယော၊ များစွာသောဒါယိကာမတို့ကို။ ဌပေတွာ၊ထားခဲ့၍။ ပဉ္စဟိ ဥပါသကသတေဟိ၊ ငါးရာသော ဒါယကာတို့ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ အဂမာသိ၊ ရောက်လာ၏။ဗုဒ္ဓါနံ၊ဘုရားတို့၏။သမ္မုခဋ္ဌာနေပန၊ရှေ့အရပ်၌ကား။ဌိတာဝါ၊ ရပ်သောသူတို့သည် လည်းကောင်း။ နိသိန္နာဝါ၊ ထိုင်သောသူတို့သည် လည်းကောင်း။ ဣတောဝါ၊ ဤအရပ်မှ လည်းကောင်း။ ဇတ္တောဝါ၊ ထို အရပ်မှ လည်းကောင်း။ န ဟောန္တိ၊ မဖြစ်ကုန်။ ဗုဒ္ဓဝီထိယာ၊ ဘုရားကြွရာခရီး၌။ ဒွိသုပဿေသု၊နံပါးနှစ်ဘက်တို့၌။ နိစ္စလာဝ၊ မတုန်မလှုပ်သာလျှင်။ တိဋ္ဌန္တိ၊ နေကုန်၏။ စိတ္တော ဂဟပတိ၊ စိတ္တသူကြွယ်သည်။ မဟန္တံ၊ ကြီးကျယ်ပြန့်ပြောသော။ ဗုဒ္ဓဝီထိံ၊ ဘုရားကြွရာခရီးသို့။ ဩက္ကမိ၊ သက်၏။ တီဏိ ဖလာနိ၊ ဖိုလ်သုံးပါးတို့သို့။ ပတ္တေန၊ ရောက်သော။ အရိယသာဝကေန၊ ဘုရားတပည့်ဖြစ်သော စိတ္တသူကြွယ်သည်။ ဩလောကိတော လောကိတဋ္ဌာနံ၊ ကြည့်ရာကြည့်ရာ အရပ်သည်။ ကမ္ပိ၊ တုန်လှုပ်၏။သော၊ ဤသူကား။ စိတ္တော ဂဟပတိကိရ၊ စိတ္တသူကြွယ်ဖြစ်သတတ်။ ဣတိ၊ဤသို့။ မဟာဇနော၊ လူအပေါင်းသည်။ ဩလောကေသိ၊ ကြည့်၏။ သော၊ ထို စိတ္တသူကြွယ်သည်။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဆဗ္ဗဏ္ဏာနံဗုဒ္ဓရသ္မီနံ၊ ခြောက်သွယ်ကုန်သော ဘုရား ရောင်ခြည်တော်တို့၏။ အန္တော၊ အတွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ သတ္ထု၊ ဘုရား၏။ ပါဒေ၊ ၌။ ဒွီသု ဂေါပ္ဖကေသု၊ ဖမျက်နှစ်ခုတို့ကို။ ဂဟေတွာ၊ ကိုင်၍။ ဝန္ဒိ၊ ရှိခိုး၏။

---

+ ပဏ္ဏာကာရံ (ဆင္ခ)

တံခဏံယေဝ၊ ထို ခဏ၌သာလျှင်။ ဝုတ္တပ္ပကာရံ၊ ဆိုအပ်ပြီးသော အပြားရှိသော။ ပုပ္ဖဝဿံ၊ ပန်းမိုးသည်။ ဝဿိ၊ ရွာ၏။ သာဓုကာရ သဟဿာနိ၊ ကောင်းချီးတထောင်တို့သည်။ ပဝတ္တယိံသု၊ ဖြစ်ကုန်၏။

သော၊ ထို စိတ္တသူကြွယ်သည်။ ကေမာသံ၊ တလတိုင်တိုင်။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ဝသိ၊ နေ၏။ ဝသမာနောစ၊ နေလျက်လျှင်။သကလံ၊ အလုံးစုံသော။ ဗုဒ္ဓပမုခံ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ ဝိဟာရေယေဝ၊ ကျောင်း၌သာလျှင်။ နိသီဒါပေတွာ၊ နေစေ၍။ မဟာဒါနံ၊ အလှူကြီးကို။ အဒါသိ၊ ၏။ အတ္တနာ၊ မိမိနှင့်။ သဒ္ဓိံ၊ တကွ။ အာဂတေပိ၊ လာသောသူတို့ကိုလည်း။ အန္တောဝိဟာရေယေဝ၊ ကျောင်းတွင်း၌သာလျှင်။ ကတွာ၊ နေစေ၍။ ပဋိဇဂ္ဂိ၊ လုပ်ကျွေး၏။ ဧကဒိဝသံပိ၊ တနေ့မျှလည်း။ အတ္တနော၊ မိမိ၏။ သကဋေဟိ၊ လှည်းတို့၌။ ကိဉ္စိ၊ တစုံတခုကို။ ဂဟေတဗ္ဗံ၊ ယူအပ်သည်။ နဟောသိ၊ မဖြစ်။ ဒေဝ မနုဿေဟိ၊ နတ်လူတို့သည်။ အာဘတ ပဏ္ဏာကာရေနေဝ၊ ဆောင်ယူ၍ ဆက်သသော လက်ဆောင်ဖြင့်သာလျှင်။ ဒါနံ၊ အလှူကို။ အဒါသိ၊ ပေး၏။ သဗ္ဗကိစ္စာနိ၊ ခပ်သိမ်းသော ကိစ္စတို့ကို။ အကာသိ၊ ပြု၏။ သော၊ ထို စိတ္တသူကြွယ်သည်။ သတ္ထာရံ၊ ကို။ ဝန္ဒိတွာ၊ ၍။ အာဟ၊ လျှောက်၏။ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ဒါနံ၊ အလှူကို။ ဒဿာမီတိ၊ ပေးအံ့ဟူ၍။ အာဂစ္ဆန္တော၊ လာသည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ မာသံ၊ တလသည်။ အဟောသိံ၊ ဖြစ်၏။ ဣဓေဝ၊ ဤကျောင်းတော်၌ သာလျှင်။ မေ၊ အကျွန်ုပ်အား။ မာသော၊ တလသည်။ ဝီတိဝတ္တော၊ လွန်၏။ မယာ၊ တပည့်တော်သည်။ အာဘတံ၊ ဆောင်ယူခဲ့သော။ ကိဉ္စိ၊ တစုံတခုသော။ ပဏ္ဏာကာရံ၊ လက်ဆောင်ကို။ ဂဟေတုံ၊ ယူခြင်းငှါ။ နလဘာမိ၊ မရ။ ဧတ္တကံ ကာလံ၊ ဤမျှကာလတိုင်အောင်။ ဒေဝ မနုဿေဟိ၊ နတ်လူတို့သည်။ အာဘတ ပဏ္ဏာကာရေနေဝ၊ ဆောင်ယူခဲ့သော လက်ဆောင်ဖြင့်သာလျှင်။ ဒါနံ၊ အလှူကို။ အဒါသိံ၊ ပေး၏။ သောဟံ၊ ထို အကျွန်ုပ်သည်။ ဣဓ၊ ဤအရပ်၌။ သံဝစ္ဆရံ၊ တနှစ်တိုင်တိုင်။ သစေဝသိဿာမိ၊ အကယ်၍နေသည် ဖြစ်အံ့။မမ၊ အကျွန်ုပ်၏။ ဒေယျဓမ္မံ၊ လှူဘွယ်ဝတ္ထုကို။ ဒါတုံ၊ လှူခြင်းငှါ။ နေဝလဘိဿာမိ၊ မရအံ့။ အဟံ၊ အကျွန်ုပ်သည်။ သကဋာနိ၊ လှည်းတို့ကို။ ဩတာရေတွာ၊ ချ၍။ ဂန္တုံ၊ သွားခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိ၏။ ပဋိသာမနဋ္ဌာနံ၊ သိုမှီးရာ အရပ်

ကို။ မေ၊ အကျွန်ုပ်အား၊ အာရောစာပေထ၊ ကြားပါကုန်လော့။ ဣတိ၊ ဤသို့ လျှောက်၏။

သတ္ထာ၊ သည်။ အာနန္ဒတ္ထေရံ၊ အာနန္ဒာမထေရ်ကို။ အာဟ၊ မိန့်တော်မူ၏။ အာနန္ဒ၊ အာနန္ဒာ။ ဥပါသကဿ၊ ဒါယကာအား။ ကောကံပဒေသံ၊ တခုခုသောအရပ်ကို။ တုဏှိ၊ အချည်းနှီးကို။ ကာရေတွာ၊ ပြုစေ၍။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့မိန့်၏။ ထေရော၊ အာနန္ဒာမထေရ်သည်။ တထာ၊ ဘုရားမိန့်တိုင်း။ အကာသိ၊ ပြု၏။ ဟိ၊ ထိုစကားသင့်စွ။ ကပ္ပိယဘူမိ၊ ကပ္ပိယကုဋိကို။ စိတ္တဿ ဂဟပတိနော၊ စိတ္တ သူကြွယ်အား။ အနုညာတာကိရ၊ ခွင့်ပြုသတတ်။ ဥပါသကောပိ၊ ဒါယကာသည်လည်း။ အတ္တနာ၊ မိမိနှင့်။ သဒ္ဓိံ၊ တကွ။ အာဂတေဟိ၊ လာကုန်သော။ တီဟိဇနသဟဿေဟိ၊ သုံးထောင်သော လူတို့နှင့်။ သဒ္ဓိံ၊ တကွ။ တုစ္ဆသကဋေဟိ၊ အချည်းစည်းသော လှည်းတို့ဖြင့်။ ပုန၊ တဘန်။ မဂ္ဂံ၊ ခရီးကို။ ပဋိပဇ္ဇိ၊ သွား၏။ ဒေဝမနုဿာ၊ နတ် လူတို့သည်။ဥဋ္ဌာယ၊ ထ၍။ အယျ၊ အရှင် သူကြွယ်။ တယာ၊သင်သည်။တုစ္ဆသကဋေဟိ၊ အချည်းစည်းသော လှည်းတို့ဖြင့်။ ဂမနကမ္မံ၊ သွားအံ့သောအမှုကို။ ကတံ၊ ပြုအပ်၏။ ဣတိ၊ ဤသို့၊ သတ္တဟိရတနေဟိ၊ ရတနာ ခုနစ်ပါးတို့ဖြင့်။ သကဋာနိ၊ လှည်းတို့ကို။ ပူရယိံသု၊ ပြည့်စေကုန်၏။ သော၊ ထို သူကြွယ်သည်။ အတ္တနော၊ ၏။အာဘတ ပဏ္ဏာကာရေနေဝ၊ ဆက်သသော လက်ဆောင်ဖြင့်သာလျှင်။ မဟာဇနံ၊လူများကို။ ပဋိဇဂ္ဂန္တော၊ လုပ်ကျွေးလျက်။ အဂမာသိ၊ သွားလေ၏။

အာနန္ဒတ္ထေရော၊ အာနန္ဒာ မထေရ်သည်။ သတ္ထာရံ၊ ဘုရားကို။ဝန္ဒိတွာ၊ ၍။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သန္တိကံ၊ အထံသို့။ အာဂစ္ဆန္တောပိ၊ လာသော်လည်း။ မာသေန၊ တလဖြင့်။ အာဂတော၊ လာရ၏။ ဣဓာပိ၊ ဤ၌လည်း။ မာသမေဝ၊ တလသာလျှင်။ ဝုတ္ထော၊ နေရ၏။ တွေကံ ကာလံ၊ ဤမျှ ကာလတိုင်အောင်။ ဒေဝမနုဿေဟိ၊ နတ်လူတို့သည်။ အဘိဟဋ ပဏ္ဏာကာရေနေဝ၊ ရှေးရှုဆောင်ခဲ့သော လက်ဆောင်ဖြင့်သာလျှင်။ မဟာဒါနံ၊ အလှူကြီးကို။ အဒါသိ၊ပေး၏။ ဣဒါနိ၊ ယခုအခါ၌။ ပဉ္စသကဋသတာနိ၊ လှည်းငါးရာတို့ကို။ တုစ္ဆာနိ၊ အချည်းနှီးတို့ကို။ ကတွာ၊ ပြု၍။ မာသေနေဝ၊ တလဖြင့်သာလျှင်။ ဂမိဿတိကိရ၊ သွားသတတ်။ ဣတိ၊ ဤသို့လျှောက်၏။ အဿ၊ ထိုသူကြွယ်

အား။ ဒေဝ မနုဿာပန၊ နတ်လူတို့သည်ကား။ ဥဋ္ဌာယ၊ ထ၍။ အယျ၊ အရှင်သူကြွယ်။ တယာ၊ သင်သည်။ တုဋ္ဌ သကဋ္ဌေဟိ၊ အချည်းနှီးသော လှည်းတို့ဖြင့်။ ဂမနကမ္မံ၊ သွားခြင်းအမှုကို။ ကတံ၊ ပြုအပ်၏။ ဣတိ၊ သို့။ ပဉ္စသကဋသတာနိ၊ လှည်းငါးရာတို့ကို။ သတ္တရတနေဟိ၊ ရတနာ ခုနစ်ပါးတို့ဖြင့်။ ပူရယိံသု၊ ကုန်၏။ သော၊ ထိုသူကြွယ်သည်။ ပုန၊ တဖန်။ အတ္တနော၊ မိမိ၏။ အာဘတ ပဏ္ဏာကာရေနေဝ၊ ယူခဲ့သော လက်ဆောင်ဖြင့်သာလျှင်။ မဟာဇနံ၊ လူများကို။ ပဋိဇဂ္ဂန္တော၊ လုပ်ကျွေး လျက်။ ဂမိဿတိကိရ၊ သွားသတတ်။ ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ သန္တိကံ၊ အထံသို့။ အာဂစ္ဆန္တဿေဝ၊ လာသည်သာလျှင် ဖြစ်သော။ ဧတဿ၊ ဤသူကြွယ်အား။ အယံသက္ကာရော၊ ဤပူဇော်ခြင်း သည်။ ကိံပန ဥပ္ပဇ္ဇတိ၊ ဖြစ်အံ့လော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ အညတ္ထ၊ တပါးသောအရပ်သို့။ ဂစ္ဆန္တဿာပိ၊ သွားသော်လည်း။ ကိံပန- ဥပ္ပဇ္ဇတိ၊ ဖြစ်အံ့လော။ ဣတိ၊ ဤသို့လျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ မမသန္တိကံ၊ ငါ့အထံသို့။ အာဂစ္ဆန္တဿ၊ လာသော်လည်းကောင်း။ အညတ္ထ၊ တပါးသောအရပ်သို့။ ဂစ္ဆန္တဿာပိ၊ သွားသော်လည်းကောင်း။ ဧတဿ၊ ဤသူကြွယ်အား။ ဥပ္ပဇ္ဇတေဝ၊ ဖြစ်သည်သာလျှင်တည်း။ ဟိ၊ ထိုစကား သင့်စွ။ အယံ ဥပါသကော၊ ဤဒါယကာသည်။ သဒ္ဓေါ၊ ယုံကြည်ခြင်း ရှိ၏။ ပသန္နော၊ ကြည်ညိုခြင်းရှိ၏။ သမ္ပန္နသီလော၊ သီလနှင့်ပြည့်စုံ၏။ ဧဝရူပေါ ပုဂ္ဂလော၊ ဤသို့သဘောရှိသော ပုဂ္ဂိုလ်သည်။ ယံယံ ပဒေသံ၊ အကြင် အကြင်အရပ်သို့။ ဘဇတိ၊ ဆည်းကပ်သွားလာ၏။ တဿ၊ ထိုသူ အား။ တတ္ထ တတ္ထေဝ၊ ထိုထိုအရပ်၌သာလျှင်။ လာဘသက္ကာရော၊ လာဘ် ပူဇော်သက္ကာသည်။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ သတ္ထာ၊ ဘုရားသခင်သည်။ ပကိဏ္ဏကဝဂ္ဂေ၊ ပကိဏ္ဏက ဝဂ်၌။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

အနန္ဒာ၊ အာနန္ဒာ။ ယောပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ သဒ္ဓေါ၊ သဒ္ဓါရှိ၏။ သီလေန၊ သီလနှင့်။ သမ္ပန္နော၊ ပြည့်စုံ၏။ ယသော၊ အခြံ အရံနှင့် ပြည့်စုံ၏။ ဘောဂ သမပ္ပိတော၊ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၏။ သောပုဂ္ဂလော၊ ကို။ ယံယံ ပဒေသံ၊ အကြင် အကြင်အရပ်သို့။ ဘဇတိ၊ ဆည်းကပ်၏။ တတ္ထ တတ္ထေဝ၊ ထိုထို အရပ်၌လျှင်။ ပူဇိတော၊ ပူဇော် အပ်၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

အဿာ၊ ထိုဂါထာ၏။ အတ္ထော ပန၊ အနက်သည်ကား။ တတ္ထေဝ၊ ထိုပကိဏ္ဏက ဝဂ်၌လျှင်။ အာဝိ၊ ထင်စွာ၊ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဝံဝုတ္တေ၊ ဤသို့ဟောသည်ရှိသော်။ အာနန္ဒတ္ထေရော၊ အာနန္ဒာမထေရ်သည်။ စိတ္တဿ၊ စိတ္တသူကြွယ်၏။ ပုဗ္ဗကမ္မံ၊ ရှေးကောင်းမှုကံကို။ ပုစ္ဆိ၊ မေး၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုအာနန္ဒာအား။ သတ္ထာ၊ ဘုရားသည်။ အာစိက္ခန္တော၊ ကြားလို၍။ အာဟ၊ မိန့်၏။

အာနန္ဒ၊ အာနန္ဒာ။ အယံ၊ ဤသူကြွယ်သည်။ ပဒုမုတ္တရဿ ဘဂဝတော၊ ပဒုမုတ္တရဘုရား၏။ ပါဒမူလေ၊ ခြေတော်ရင်း၌။ ကတာဘိနီဟာရော၊ ပြုအပ်သော ဆုတောင်းခြင်းရှိ၏။ ကပ္ပသတသဟဿံ၊ ကမ္ဘာတသိန်း ကာလပတ်လုံး။ ဒေဝမနုဿေသု၊ နတ်ပြည် လူ့ပြည်တို့၌။ သံသရိတွာ၊ ကျင်လည်၍။ ကဿပ ဗုဒ္ဓကာလေ၊ ကဿပဘုရား လက်ထက်၌။ မိဂလုဒ္ဒက ကုလေ၊ သားမုဆိုး မျိုး၌။ နိဗ္ဗတ္တော၊ ဖြစ်၏။ ဝုဒ္ဓိံ၊ ကြီးရင့်ခြင်းကို။ အနွာယ၊ စွဲ၍။ ဧကဒိဝသံ၊ တနေ့သည်၌။ ဒေဝေ ဝဿန္တေ၊ မိုးရွာသည်ရှိသော်။ မိဂါနံ၊ သမင်တို့ကို။ မာရဏတ္ထာယ၊ သတ်ခြင်းငှါ။ သတ္တိံ၊ လှံမကို။ အာဒါယ၊ ယူ၍။ အရညံ၊ တောသို့။ ဂန္တွာ၊ သွား၍။ မိဂေ၊ သမင်တို့ကို။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ ဧကသ္မိံ အကတ-ပဗ္ဘာရေ၊ တစုံတယောက်သောသူသည် မပြုမစီရင်အပ်သော အလိုလိုဖြစ်သော တခုသော တောင်ခေါင်း၌။ သသီသံ ပါရုပိတွာ၊ ဦးခေါင်းနှင့် တကွရုံ၍။ နိသိန္နံ၊ နေသော။ ဧကံ ဘိက္ခုံ၊ ရဟန်းတပါးကို၊ ဒိသွာ၊ မြင်၍။ ဧကော အယျော၊ အရှင်ကောင်း တပါးသည်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တော၊ ပြုလျက်။ နိသိန္နော၊ နေသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အဿ၊ ထိုမထေရ်အား။ ဘတ္တံ၊ ဆွမ်းကို။ အာဟရိဿာမိတိ၊ ဆောင်ယူအံ့ဟူ၍။ ဝေဂေန၊ လျင်စွာ။ ဂေဟံ၊ အိမ်သို့။ အာဂန္တွာ၊ လာ၍။ ဧကသ္မိံ၊ အိုးတလုံးကို။ ဥဒ္ဓနေ၊ ခုံလောက်၌။ ဟိယျော၊ ယမန်နေ့က။ အာဘတ မံသံ၊ ဆောင်ယူခဲ့သော အမဲကို။ ဧကသ္မိံ၊ အိုးတလုံး၌။ ဘတ္တံ၊ ဆွမ်းကို။ ပစာပေတွာ၊ ချက်စေ၍။ အညေ ပိဏ္ဍပါတစာရိကေ-ဘိက္ခူ၊ ပိဏ္ဍပါတ်ဆောက်တည် ကုန်သော တပါးရဟန်းတို့ကို။ ဒိသွာ၊

မြင်၍။ တေသံပိ၊ ထိုရဟန်းတို့၏လည်း။ ပတ္တေ၊ သပိတ်တို့ကို။ အာ-ဒါယ၊ ၍။ ပညတ္တာသနေ၊ ခင်းအပ်သော နေရာ၌။ နိသီဒါပေတွာ၊ နေစေ၍။ ဘိက္ခံ၊ ဆွမ်းကို။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ အယျေ၊ အရှင်တို့ကို။ ပရိဝိသထ၊ လုပ်ကျွေးကုန်လော့။ ဣတိ၊ သို့။ အညံ၊ တပါးသူကို။ အာဏာပေတွာ၊ စေခိုင်း၍။ တံဘတ္တံ၊ ထိုဆွမ်းကို။ ပုဋကေ၊ ထုပ်စရာ ပုဝါ၌။ ပက္ခိပိတွာ၊ ထည့်စေ၍။ အာဒါယ၊ ယူ၍။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ နာနာပုပ္ဖါနိ၊ အထူးထူးသော ပန်းတို့ကို။ ဩစိနိတွာ၊ ဆွတ်၍။ သတ္တပုဋ္ဌေ၊ ထမင်းထုပ်၌။ ကတွာ၊ တင်၍။ ထေရဿ၊ မထေရ်၏။ နိသိန္နဋ္ဌာနံ၊ နေရာအရပ်သို့။ ဂန္တွာ၊ သွား၍။ ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ အကျွန်ုပ်အား။ သင်္ဂဟံ၊ ထောက်ပံ့ခြင်းကို။ ကရောထ၊ ပြုပါကုန်လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ ပူရေတွာ၊ ၍။ ထေရဿ၊ မထေရ်၏။ ဟတ္ထေ၊ လက်၌။ ဌပေတွာ၊ ၍။ တေဟိ ပုပ္ဖေဟိ၊ ထိုပန်းတို့ဖြင့်။ ပူဇံကတွာ၊ ပူဇော်ခြင်းကိုပြု၍။ ယထာ၊ အကြင်အခြင်းဖြင့်။ မေ၊ အကျွန်ုပ်၏။ အယံရသ ပိဏ္ဍပါတော၊ ဤ ဆွမ်းအရသာသည်။ ပုပ္ဖပူဇာယ၊ ပန်းပူဇော်ခြင်းနှင့်။ သဒ္ဓိံ၊ တကွ။ စိတ္တံ၊ စိတ်ကို။ တောသေသိယထာ၊ နှစ်သက် စေသကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာ ဖြစ်လေရာအရပ်၌။ ပဏ္ဏာ-ကာရ သဟဿာနိ၊ တထောင်သော လက်ဆောင်တို့သည်။ အာဂန္တွာ၊ လာ၍။ မယှံ စိတ္တံ၊ အကျွန်ုပ်စိတ်ကို။ တောသေတွာ၊ နှစ်သိမ့်စေ၍။ ပဉ္စ-ဝဏ္ဏ ကုသုမ ဝဿဥ္စ၊ ငါးပါးသော အဆင်းရှိသော ပန်းမိုး သည်လည်း။ ဝဿတု၊ ရွာစေသတည်း။ ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ပဋ္ဌပေသိ၊ ဖြစ်စေ၏။ သော၊ ထို သူကြွယ်သည်။ ယာဝဇီဝံ၊ အသက်ထက်ဆုံး ။ကုသလံ၊ကုသိုလ်ကို။ကတွာ၊ပြု၍။ဒေဝလောကေ၊ နတ်ပြည်၌။နိဗ္ဗတ္တိ။ ဖြစ်၏။ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်ရာအရပ်၌။ ဇဏ္ဏုက မတ္တေန ဩဓိနာ၊ ပုဆစ်တိုင်အောင်နစ်ခြင်းဖြင့်။ ဒိဗ္ဗပုပ္ဖဝဿံ၊ နတ်ပန်းမိုးသည်။ ဝဿိ၊ ရွာ၏။ ဣဒါနိပိ၊ ယခုအခါ၌လည်း။ အဿ၊ ထို သူကြွယ်၏။ ဇာတဒိဝသေယေဝ၊ ဖွားသောနေ့၌ လည်းကောင်း။ ဣမေဝစ၊ ဤအရပ်သို့လျှင်။ အာဂတဿ၊ လာစဉ်။ ပုပ္ဖဝဿ ဝဿနဥ္စ၊ ပန်းမိုးရွာခြင်းသည် လည်းကောင်း။ ပဏ္ဏာကာရာဘိဟာရောစ၊ လက်ဆောင်ကို ရှေးရှု ဆောင်ခဲ့ခြင်းသည် လည်းကောင်း။ သတ္တဟိ ရတနေဟိ၊ ရတနာ ခုနစ်ပါးတို့ဖြင့်။ သကဋ္ဌေ၊

လည်း၌။ ပုရတ္ထ၊ ပြည့်ခြင်းသည် လည်းကောင်း။ တဿေဝ ကမ္မဿ၊ ထို ကုသိုလ်ကံ၏ သာလျှင်။ နိဿန္ဒော၊ အကျိုးဆက်တည်း။

စုဒ္ဒသမံ၊ သော။ စိတ္တ ဂဟပတိ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

၅-ဗာလဝဂ္ဂ၊ ၁၅-ဝနဝါသီ တိဿ သာမဏေရ ဝတ္ထု

အနုသန္ဓေ ...စိတ္တသူကြွယ် ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ဝနဝါသီ တိဿ သာမဏေရ ဝတ္ထု၌ ဟောရာ ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ အညာ ဟိ-စသော ပါဌ်ကို မိန့်အပ်၏။

အညာ ဟိ လာဘူပနိသာတိ ဣမံ ဓမ္မဒေသနံ၊ အညာ ဟိ လာဘူ-ပနိသာစသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ဝနဝါသိက တိဿတ္ထေရံ၊ တော ကျောင်းနေ တိဿမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော ၏။ ဒေသနာ၊ ဒေသနာသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သမုဋ္ဌိတာ၊ ဖြစ်၏။

သာရိပုတ္တတ္ထေရဿ၊ သာရိပုတ္တရာ မထေရ်၏။ ပိတု၊ အဘဖြစ်သော။ ဝင်္ဂန္တ ဗြာဟ္မဏဿ၊ ဝင်္ဂန္တပုဏ္ဏား၏။ သဟာယကော၊ အဆွေခင်ပွန်း ဖြစ်သော။ မဟာသေန ဗြာဟ္မဏောနာမ၊ မဟာသေန အမည်ရှိသော ပုဏ္ဏား သည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ဝသတိကိရ၊ နေသတတ်။ သာရိ-ပုတ္တတ္ထေရော၊ သာရိပုတ္တရာ မထေရ်သည်။ ဧကဒိဝသံ၊ တနေ့သ၌။ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တော၊ သွားသည်ရှိသော်။ တဿ၊ ထို ပုဏ္ဏားအား။ အနုကမ္ပာယ၊ အစဉ်သနားသဖြင့်။ ဂေဟဒွါရံ၊ အိမ်တံခါးသို့။ အဂ-မာသိ၊ ရောက်၏။ သောပန၊ ထို ပုဏ္ဏားသည်ကား။ ပရိက္ခီဏ ဝိဘဝေါ၊ ကုန်ပြီးသော စည်းစိမ်ချမ်းသာ ရှိသည်ဖြစ်၍။ ဒလိဒ္ဒေါ၊ ဆင်းရဲ၏။သော၊ ထိုပုဏ္ဏားသည်။ မမပုတ္တော၊ ငါ့သားမထေရ်သည်။ မယှံ၊ ငါ၏။ ဂေဟ-ဒွါရံ၊ အိမ်တံခါးသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတုံ၊ သွားခြင်းငှါ။ အာဂတော၊ လာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အဟဉ္စ၊ ငါသည်လည်း။ ဒုဂ္ဂတော၊ ဆင်းရဲသည်။ အမှိ၊ ဖြစ်၏။ မယှံ၊ ငါ၏။ ဒုဂ္ဂတဘာဝံ၊ ဆင်းရဲ သည်၏။ အဖြစ်ကို။ နဇာနာတိမညေ၊ မသိပါလေဘကား။ မေ၊ ငါ့အား။

ကော၁စိဒေယျမမ္မော၊ တစုံတခုသော လှူဘွယ်ဝတ္ထုသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ သော၊ ထို ပုဏ္ဏားသည်။ ထေရဿ၊ ရှင်သာရိ ပုတ္တရာ၏။ သမ္မုခါ၊ မျက်မှောက်၌။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည် ဖြစ်၍။ နိလီယိ၊ ပုန်း၏။

ထေရော၊ ရှင်သာရိပုတ္တရာသည်။ အပရံပိ ဒိဝသံ၊ နောက်နေ့၌လည်း။ အဂမာသိ၊ ၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ တထေဝ၊ ထို ရှေးအတူသာ လျှင်။ နိလီယိ၊ ပုန်း၏။ ကိဉ္စိဒေဝ၊ အမှတ်မဲ့ တခုခု လှူဘွတ်ဝတ္ထုကိုလျှင်။ လဘိတွာ၊ ရ၍။ ဒဿာမိ၊ လှူအံ့။ ဣတိ၊ ဤသို့။ စိန္တေန္တောပိ၊ ကြံသော်လည်း။နာလဘိ၊ မရ။ အထ၊ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ဧကသ္မိံ-ဗြာဟ္မဏဝါစကေ၊ ပုဏ္ဏားတို့၏ အတတ်ကိုဆိုရာ၌။ ထူလသာဋကေန၊ ရုံ့ရင်းသော ပုဆိုးနှင့်။ သဒ္ဓိံ၊ တကွ။ ပါယာသပါတိံ၊ နို့ဃနာခွက်ကို။ လဘိတွာ၊ ၍။ အာဒါယ၊ ၍။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ သွား၍လျှင်။ထေရံ၊ မထေရ်ကို။ အနုဿရိ၊ အောက်မေ့၏။ ဣမံ ပိဏ္ဍပါတံ၊ ဤဆွမ်းကို။ မယှာ၊ ငါသည်။ ထေရဿ၊ မထေရ်အား။ ဒါတုံ၊ပေးခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ အောက်မေ့၏။ ထေရောပိ၊ မထေရ်သည်လည်း။ တင်္ခဏံ၊ ထိုခဏ၌။ ဈာနံသမာပဇ္ဇိတွာ၊ ဈာန်ဝင်စား၍။ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ တံ ဗြာဟ္မဏံ၊ ထို ပုဏ္ဏားကို။ ဒိသွာ၊ မြင်၍။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ဒေယျဓမ္မံ၊ အလှူဝတ္ထုကို။ လဘိတွာ၊ ရ၍။ မမ၊ ငါ၏။ အာဂမနံ၊ လာခြင်းကို။ ပစ္စာသီသတိ၊ တောင့်တ၏။ မယှာ၊ ငါသည်။ တတ္ထ၊ ထိုအရပ်သို့။ ဂန္တုံဝဋ္ဋတိ၊ သွားခြင်းငှါ သင့်၏။ ဣတိ၊ ဤသို့။ သံဃာဋိံ ပါရုပိတွာ၊ ဒုကုဋ်ကိုရုံ၍။ ပတ္တံအာဒါယ၊ သပိတ်ကိုယူ၍။ တဿ၊ ထိုပုဏ္ဏား၏။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ ဌိတမေဝ၊ ရပ်လျက်သာလျှင်။ အတ္တာနံ၊ ကိုယ်ကို။ ဒဿေတိ၊ ပြ၏။

ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ထေရံ၊ မထေရ်ကို။ ဒိသွာ၊ မြင်၍လျှင်။ စိတ္တံ၊ စိတ်သည်။ ပသီဒိ၊ ကြည်ညို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမထေရ်သို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ။ ရှိခိုး၍။ ပဋိသန္ထာရံ ကတွာ၊ စေ့စပ်ခြင်းကိုပြု၍။ အန္တောဂေဟေ၊ အိမ်တွင်း၌။ နိသီဒါပေတွာ၊ နေစေ၍။ ပါယာသပါတိံ၊ နို့ဃနာခွက်ကို။ ဂဟေတွာ၊ ယူ၍။ ထေရဿ၊ မထေရ်၏။ ပတ္တေ၊ သပိတ်၌။ အာကိရိ၊ လောင်း၏။ ထေရော၊ မထေရ်သည်။

ဥပစုံ၊ ထက်ဝက်ကို။ သမ္ပဋိစ္ဆိတွာ၊ ခံ၍။ ပတ္တံ၊ သပိတ်ကို။ ပိဒဟိ၊ ပိတ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမထေရ်ကို။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ အဝေါစ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ အယံ ပါယာသော၊ ဤနို့ဃနာသည်။ ကေပဋိဝိသမတ္တော၀၊ တယောက်စာသျှင်ဖြစ်၏။ မေ၊ အကျွန်ုပ်အား။ ပရလောကသဂ်ဟံ၊ တမလွန်ဘဝ၌ ချီးမြှင့်ခြင်းကို။ ကရောထ၊ ပြုကုန်လော့။ ဣမ လောကသင်္ဂဟံ၊ ဤပစ္စုပ္ပန်၌ ချီးမြှင့်ခြင်းကို။ မာကရောထ၊ မပြုကုန်လင့်။ နိရဝသေသမေဝ၊ အကြွင်းမဲ့သာလျှင်။ ဒါတုကာမော၊ လှူလိုသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ ဆိုလျက်။ သဗ္ဗံ၊ အလုံးစုံကို။ အာကိရိ၊ လောင်း၏။ ထေရော၊ မထေရ်သည်။ တတ္ထေဝ၊ ထိုအိမ်၌လျှင်။ ပရိဘုဥ္စိ၊ ဘုန်းပေး၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုမထေရ်၏။ ဘတ္တကိစ္စ ပရိယောသာနေ၊ ဆွမ်းစားပြီးသော အဆုံး၌။ တမ္ပိ သာဋကံ၊ ထိုပုဆိုးကို လည်း။ ဒတွာ၊ ပေး၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧဝံအာဟ၊ ဤသို့လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ အဟမ္ပိ၊ အကျွန်ုပ်သည်လည်း။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဒိဋ္ဌဓမ္မမေဝ၊ သိမြင်သော တရားကိုသာလျှင်။ ပါပု- ဏေယျံ၊ ရောက်ရလို၏။ ဣတိ၊ ဤသို့ လျှောက်၏။

ထေရော၊ မထေရ်သည်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧဝံဟောတု၊ ဤသို့တောင့်တတိုင်း ပြည့်စုံစေလော့။ ဣတိ၊ ဤသို့။ တဿ၊ ထိုပုဏ္ဏား၏။ အနုမောဒနံကတွာ၊ အနုမောဒနာပြု၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကမန္တော၊ ဖဲသည်ရှိသော်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။ စာရိကံ၊ ဒေသစာရီကို။ စရန္တော၊ သွားလျက်။ ဇေတဝနံ၊ ဇေတဝန်ကျောင်းသို့။ အာဂမာသိ၊ ရောက်လာ၏။ ဒုဂ္ဂတကာလေ၊ ဆင်းရဲသောအခါ၌။ ဒိန္နဒါနံပန၊ ပေးအပ်သော အလှူသည်ကား။ အတိဝိယ၊ အလွန်လျှင်။ တောသေတိ၊ နှစ်သက်စေ၏။ ဣတိ၊ ဤသို့ သိအပ်၏။ ဗြာဟ္မဏောပိ၊ ပုဏ္ဏားသည်လည်း။ တံဒါနံ၊ ထိုအလှူကို။ ဒတွာ၊ ပေး၍။ ပသန္နစိတ္တော၊ ကြည်ညိုသောစိတ်ရှိလျက်။ သောမနဿဇာတော၊ ဝမ်းမြောက်ဝမ်းသာဖြစ်၍။ ထေရေ၊ မထေရ်၌။ အဓိမတ္တံ သိနေဟံ၊ လွန်စွာချစ်ခြင်းကို။ အကာသိ၊ ပြု၏။ သော၊ ထို ပုဏ္ဏားသည်။ ထေရေ၊ မထေရ်၌။ သိနေဟေနေဝ၊ ချစ်ခြင်းဖြင့်သာ လျှင်။ ကာလံကတွာ၊ စုတေခြင်းကိုပြု၍။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ထေရဿ၊ မထေရ်၏။ ဥပဋ္ဌာကကုလေ၊ အလုပ်အကျွေး ဒါယကာအိမ်၌။ ပဋိသန္ဓိံ၊ ပဋိသန္ဓေကို၊ ဂဏှိ၊ ယူ၏။ တံခဏေယေဝ၊ ထိုခဏ၌သာ

လျှင်။ အဿပန၊ ထိုသူငယ်၏ကား။ မာတာ၊ အမိသည်။ မေ၊ ငါ၏။ ကုစ္ဆိယံ၊ ဝမ်း၌။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ပတိဋ္ဌိတောတိ၊ တည်၏ဟူ၍။ ဉတွာ၊ လျက်။ သာမိကဿ၊ လင်အား။ အာရောစေသိ၊ ကြား၏။ သော၊ ထိုခင်ပွန်းယောကျ်ားသည်။ တဿာ၊ ထိုမယားအား။ ဂဗ္ဘပရိဟာရံ၊ ကိုယ်ဝန်အစောင့်အရှောက်ကို။ အဒါသိ၊ ပေး၏။

တဿာ၊ ထိုမယားအား။ အစ္စုဏှ အတိသီတ အတိအမ္ဗိလာဒိ ပရိဘောဂံ၊ အလွန် ပူခြင်း, အလွန်အေးခြင်း,အလွန် ချဉ်ခြင်း စသော အသုံးအဆောင်ကို။ ဝဇ္ဇေတွာ၊ ကြည်၍။ သုခေန၊ ချမ်းသာခြင်းဖြင့်။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ပရိဟရိယမာနာယ၊ ဆောင်လျက်။ ဧဝရူပေါ ဒေါဟဠော၊ ဤသို့ သဘောရှိသော ချင်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ၏။ အဟံ၊ ငါသည်။ သာရိပုတ္တတ္ထေရ ပမုခါနိ၊ ရှင်သာရိပုတ္တရာမထေရ် အမှူးရှိကုန်သော။ ပဉ္စဘိက္ခုသတာနိ၊ ငါးရာသော ရဟန်းတို့ကို။ နိမန္တေတွာ၊ ဘိတ်၍။ ဂေဟေ၊ အိမ်၌။ နိသီဒါပေတွာ၊ နေစေ၍။ အသမ္ဘိန္နခီရပါယာသံ၊ ရေနှင့်မရောသော နို့ဃနာဆွမ်းကို။ ဒတွာ၊ လှူ၍။ သယမ္ပိ၊ မိမိသည်လည်း။ ကာသာယဝတ္ထာနိ၊ ဖန်ရည်စွန်းသော အဝတ်တို့ကို။ ပရိဒဟိတွာ၊ ဝတ်၍။ သုဝဏ္ဏသရကံ၊ ရွှေခွက်ကို။ အာဒါယ၊ ယူ၍။ အာသန ပရိယန္တေ၊ နေရာအစွန်၌။ နိသီဒိတွာ၊ နေ၍။ ဧတ္တကာနံ ဘိက္ခူနံ၊ ဤမျှလောက်ကုန်သော ရဟန်းတို့၏။ ဥစ္ဆိဋ္ဌပါယာသံ၊ စားကြွင်း နို့ဃနာကို။ ပရိဘုဉ္ဇေယျံ၊ စားရပါမူကား။ အဟောဝတ၊ ကောင်းပါလေစွ။ ဣတိ၊ ဤသို့ ချင်ခြင်းဖြစ်၏။ တဿာ၊ ထိုမယား၏။ ကာသာယဝတ္ထ ပရိဒဟနေ ဒေါဟဠော၊ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်လိုခြင်း၌ ဖြစ်သော ချင်ခြင်းသည်။ ကုစ္ဆိယံ၊ ဝမ်း၌။ ပုတ္တဿ၊ သား၏။ ဗုဒ္ဓသာသနေ၊ ဘုရားသာသနာ၌၊ ပဗ္ဗဇ္ဇာယ၊ ရဟန်း ဖြစ်ခြင်းငှါ။ ပုဗ္ဗနိမိတ္တံ၊ ပုဗ္ဗနိမိတ်သည်။ အဟောသိကိရ၊ ဖြစ်သတတ်။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုသေဋ္ဌေးမ၏။ ဉာတကာ၊ အဆွေ အမျိုးတို့သည်။ နော၊ ငါတို့၏။ ဓီတာယ၊ ချစ်သမီး၏။ ဒေါဟဠော၊ ချင်ခြင်းသည်။ ဓမ္မိကော၊ တရားနှင့်လျော်၏။ ဣတိ၊ ဤသို့။ သာရိပုတ္တတ္ထေရံ၊ သာရိပုတ္တရာ မထေရ်ကို။ သံဃတ္ထေရံ ကတွာ၊ သံဃာ့ထေရ်ပြု၍။ ပဉ္စန္နံ ဘိက္ခုသတာနံ၊ ငါးရာသော ရဟန်းတို့အား။ အသမ္ဘိန္နခီရပါယာသံ၊ ရေနှင့်မရောသော နို့ဃနာဆွမ်းကို။ အဒံသု၊ လှူကုန်၏။

သာပိ၊ ထိုသေဌေးမသည်လည်း။ ကော ကာသာဝံ၊ သင်္ကန်းတထည်ကို။ နိဝါသေတွာ၊ ဝတ်၍။ ကော၊တထည်ကို။ ပါရုပိတွာ၊ ရုံ၍။ သုဝဏ္ဏ သရကံ၊ ရွှေခွက်ကို။ ဂဟေတွာ၊ ကိုင်၍။ အာသနပရိယန္တေ၊ နေရာအစွန်၌။ နိသိန္နာ၊ နေလျက်။ ဥစ္စိဋ္ဌ ပါယာသံ၊ စားကြွင်း နို့ဃနာကို။ ပရိဘုဉ္စိ၊ စား၏။ ဒေါဟဠေ၊ ချင်ခြင်းသည်။ ပဋိပဿမ္ဘိ၊ ငြိမ်း၏။ တဿာ၊ ထိုသေဌေးမ၏။ ယာဝ ဂဗ္ဘဝုဋ္ဌာနာ၊ ကိုယ်ဝန်ကျသည်တိုင်အောင်။ အန္တရန္တရာ၊ အကြား အကြား၌။ ကတမင်္ဂလေသုပိ၊ ပြုအပ်သော မင်္ဂလာတို့၌လည်းကောင်း။ ဒသမာသစ္စယေန၊ ဆယ်လလွန်သဖြင့်။ ပုတ္တံ၊ သားကို။ ဝိဇာတာယ၊ ဖွားမြင်သဖြင့်။ ကတမင်္ဂလေသုပိ၊ ပြုသော မင်္ဂလာတို့၌လည်းကောင်း။ သာရိပုတ္တတ္ထေရ ပမုခါနိ၊ ရှင်သာရိပုတ္တရာမထေရ် အမှူးရှိကုန်သော။ ပဉ္စန္နံ ဘိက္ခုသတာနံ၊ ငါးရာသော ရဟန်းတို့အား။ အပ္ပေါဒကံ မဓုပါယာသမေဝ၊ ရေမရှိသော ပျားဆွမ်းကိုသာလျှင်။ အဒံသု၊ လှူကုန်၏။ ဧသော သဗ္ဗော၊ ဤအလုံးစုံသည်။ ဒါရကေန၊ သူငယ်သည်။ ဗြာဟ္မဏ ကာလေ၊ ပုဏ္ဏား ဖြစ်သော အခါ၌။ ဒိန္နပါယာသဿ၊ ပေးအပ်သော နို့ဃနာ၏။ နိဿန္ဒော-ကိရ၊ အကျိုးဆက် ဖြစ်သတတ်။

ဇာတမင်္ဂလဒိဝသေပန၊ ဖွား၍ မင်္ဂလာပြုသော နေ့၌ကား။ တံဒါ-ရကံ၊ ထိုသူငယ်ကို။ ပါတောဝ၊ စောစောကလျှင်။ နှာပေတွာ၊ ရေချိုး၍။ မဏ္ဍေတွာ၊ တန်းဆာဆင်၍။ သိရိသယနေ၊ အသရေရှိသော အိပ်ရာ၌။ သတသဟဿဂ္ဃနိကဿ၊ အဘိုးတသိန်းထိုက်သော။ ကမ္ဗလဿ၊ ကမ္ဗလာ၏။ ဥပရိ၊ အထက်၌။ နိပ္ပဇ္ဇာပေသုံ၊ အိပ်စေကုန်၏။ သော၊ ထိုသူငယ်သည်။ တတ္ထ၊ ထိုကမ္ဗလာအိပ်ရာ၌။ နိပ္ပန္နကောဝ၊ အိပ်လျက်လျှင်။ ထေရံ၊ မထေရ်ကို။ ဩလောကေတွာ၊ ကြည့်၍။ အယံ၊ ဤမထေရ်သည်။ မေ၊ ငါ၏။ ပုဗ္ဗာစရိယော၊ ရှေးဆရာတည်း။ မယာ၊ ငါသည်။ ထေရံ၊ မထေရ်ကို။ နိဿာယ၊ မှီ၍။ အယံ သမ္ပတ္တိ၊ ဤစည်းစိမ်ကို။ လဒ္ဓါ၊ ရ၏။ မယာ၊ ငါသည်။ ဣမဿ၊ ဤမထေရ်အား။ ကော ပရိစ္စာဂံ၊ တခုသော စွန့်ကြဲခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ အောက်မေ့၏။ သိက္ခာပဒဂဏှနတ္ထာယ၊ သိက္ခာပုဒ်ကို ယူစေခြင်းငှါ။ အာနီယမာနော၊ ဆောင်ခဲ့သည်ရှိသော်။ တံကမ္ဗလံ၊ ထိုကမ္ဗလာကို။ စူဠင်္ဂုလိယာ၊ လက်သန်းဖြင့်။ ဝေဌေတွာ၊ ရစ်၍။ အဂ္ဂဟေသိ၊ ဆွဲငင်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသူငယ်၏။ အင်္ဂုလိယာ၊ လက်ညှိုးဖြင့်။

ကမ္မလော၊ ကမ္ဗလာသည်။ လဂ္ဂေါ်တိ၊ ငြိ၏ဟု။ တော၊ ထိုမိဘတို့သည်။ တံ၊ ထိုကမ္ဗလာကို။ ဟရိတုံ၊ ပယ်ခြင်းငှါ။ အာရဘိံသု၊ အားထုတ်ကုန်၏။ သော၊ ထိုသူငယ်သည်။ ပရောဒိ၊ ငို၏။ ဉာတကာ၊ အဆွေအမျိုးတို့သည်။ အပေထ၊ ဖဲကုန်လော့။ ဒါရကံ၊ သူငယ်ကို။ မာရောဒါပေထ၊ မငိုပါစေကုန်လင့်။ ဣတိ၊ ဤသို့။ ကမ္ဗလေနေဝ၊ ကမ္ဗလာနှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ အာနယိံသု၊ ဆောင်ကုန်၏။

သော၊ ထိုသူငယ်သည်။ ထေရံ၊ မထေရ်ကို။ ဝန္ဒနကာလေ၊ ရှိခိုးသောအခါ၌။ ကမ္ဗလတော၊ ကမ္ဗလာမှ။ အင်္ဂုလိံ၊ လက်ညှိုးကို။ အပကာဍိတွာ၊ ဖဲ၍။ ကမ္ဗလံ၊ ကမ္ဗလာကို။ ထေရဿ ပါဒမူလေ၊ မထေရ်၏ ခြေရင်း၌။ ပါတေသိ၊ ကျစေ၏။ ဉာတကာ၊ ဆွေမျိုးတို့သည်။ ဒဟရ ကုမာရေန၊ သူငယ်သည်။ အဇာနိတွာ၊ မသိမူ၍။ ကတံ၊ ပြု၏။ ဣတိအဝတွာ၊ ဤသို့ မဆိုမူ၍။ နေ၁၊ ငါတို့၏။ ပုတ္တေန၊ သားသည်။ ဒိန္နံ၊ ပေးလှူအပ်ပြီ။ ဘန္တေ၊ အရှင်ဘုရား။ ပရိစ္စတ္တမေဝ၊ စွန့်ခြင်းသည်သာလျှင်။ ဟောတု၊ ဖြစ်စေလော့။ ဣတိဝတွာ၊ ဤသို့ ဆို၍။ ဘန္တေ၊ အရှင်ဘုရား။ သတသဟဿဂ္ဃနိကေန၊ အသိန်းတသိန်းထိုက်သော။ ကမ္ဗလေန၊ ကမ္ဗလာဖြင့်။ ပူဇာကာရကဿ၊ ပူဇော်ခြင်းကို ပြုသော။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဒါသဿ၊ ကျွန်သူငယ်အား။ သိက္ခာပဒါနိ၊ သိက္ခာပုဒ်တို့ကို။ ဒေထ၊ ပေးပါကုန်လော့။ ဣတိအာဟံသု၊ ဤသို့ လျှောက်၏။

အယံဒါရကော၊ ဤသူငယ်သည်။ ကောနာမော၊ အဘယ်အမည်ရှိသနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ အယျေန၊ အရှင်ဘုရားနှင့်။ သမာန နာမကော၊ တူသော အမည်ရှိ၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သေ၊ ဤသူငယ်သည်။ တိဿောနာမ၊ တိဿအမည်ရှိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ထေရော၊ မထေရ်သည်။ ဂိဟိကာလေ၊ လူဖြစ်သောအခါ၌။ ဥပတိဿမာဏဝေါနာမ၊ ဥပတိဿ အမည်ရှိသော လုလင်သည်။ အဟောသိကိရ၊ ဖြစ်သတတ်။ အဿ၊ ထိုသူငယ်၏။ မာတာပိ၊ အမိသည်လည်း။ စိန္တေသိ၊ ကြံ၏။ မယာ၊ ငါသည်။ ပုတ္တဿ၊ သား၏။ အဇ္ဈာသယော၊ အလိုကို။ နဘိန္ဒိတဗ္ဗော၊ မဖျက်အပ်။ ဣတိ၊ ဤသို့ ကြံ၏။ ဧဝံ၊ ဤသို့။ ဒါရကဿ၊ သူငယ်၏။ နာမကရဏမင်္ဂလံ၊ အမည်မှည့်ခြင်း၌ မင်္ဂလာကို။ ကတွာ၊ ပြု၍။ ပုန၊ တဖန်။ တဿ၊ ထိုသူငယ်၏။ အာဟာရပရိဘောဂမင်္ဂလေပိ၊ ထမင်းခွံ့ခြင်း မင်္ဂလာ၌

လည်းကောင်း။ ပုန၊ တဘန်။ တဿ၊ ထိုသူငယ်၏။ ကဏ္ဏဝိဇ္ဈနမင်္ဂလေပိ၊ နားထွင်းမင်္ဂလာ၌လည်းကောင်း။ ဒုဿဂဟဏမင်္ဂလာပိ၊ ပုဆိုးဝတ်မင်္ဂလာ၌ လည်းကောင်း။ စူဠာကပ္ပန မင်္ဂလေပိ၊ ရှောင်ထုံးမင်္ဂလာ၌လည်းကောင်း။ သာရိပုတ္တတ္ထေရ ပမုခါနံ၊ သာရိပုတ္တရာမထေရ် အမှူးရှိကုန်သော။ ပဥ္စန္နံ ဘိက္ခုသတာနံ၊ ငါးရာသော ရဟန်းတို့အား။ အပ္ပေါဒကမဓုပါယာသမေဝ၊ ရေမရောသော နို့ဃနာကိုလျှင်။ အဒံသု၊ လှူကုန်၏။

ဒါရကော၊ သူငယ်သည်။ ဝုဍ္ဍိမန္ဝာယ၊ ကြီးရင့်ခြင်းကို စွဲ၍။ သတ္တ-ဝဿိကကာလေ၊ ခုနစ်နှစ်ရှိသောအခါ၌။ မာတရံ၊ အမိကို။ အာဟ၊ ဆို၏။ အမ္မ၊ အမိ။ ထေရဿ သန္တိကေ၊ မထေရ်အထံ၌။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့ ဆို၏။ တာတ၊ ချစ်သား။ သာဓု၊ ကောင်း၏။ ပုဗ္ဗေ၊ ရှေး၌လျှင်။ အဟံ၊ ငါသည်။ မယာ ပုတ္တဿ၊ ငါ့သား၏။ အဇ္ဈာသယော၊ အလိုကို။ နဘိန္ဒိတဗ္ဗော၊ မဖျက်အပ်။ ဣတိ၊ ဤသို့။ မနံ၊ စိတ်ကို။ အကာသိံ၊ ပြုပြီ။ ပုတ္တ၊ ချစ်သား။ ပဗ္ဗဇ၊ ရဟန်းဖြစ်လေလော့။ ဣတိ၊ ဤသို့။ ထေရံ၊ မထေရ်ကို။ နိမန္တာပေတွာ၊ ပင့်စေ၍။ အာဂတဿ၊ လာသော။ တဿ၊ ထိုမထေရ်အား။ ဘိက္ခံ၊ ဆွမ်းကို။ ဒတွာ၊ ပေး၍။ ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဒါသော၊ ကျွန်သည်။ ပဗ္ဗဇိဿာမီတိ၊ ရဟန်းပြုအံ့ ဟူ၍။ ဝဒတိ၊ ဆို၏။ ဣမံ၊ ဤသူငယ်ကို။ အာဒါယ၊ ခေါ်၍။ သာယံ၊ ညအခါ၌။ ဝိဟာရံ၊ ကျောင်းသို့။ အာဂမိ-ဿာမီတိ၊ လာအံ့ဟူ၍။ ထေရံ၊ မထေရ်ကို။ ဥယျောဇေတွာ၊ လွှတ်လိုက်၍။ သာယန္ဟ သမယေ၊ ညချမ်းသောအခါ၌။ မဟန္တေန၊ များစွာသော။ သက္ကာရ သမ္မာနေန၊ မြတ်နိုးတနာ ပူဇော် ခြင်းဖြင့်။ ပုတ္တံ၊ သားကို။ အာဒါယ၊ ခေါ်၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ထေရဿ၊ မထေရ်အား။ နိယျာဒေသိ၊ ဆောက်နှင်း၏။ ထေရော၊ မထေရ်သည်။ တေန၊ ထိုတိဿနှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တော၊ စကားဆိုလျက်။ တိဿ၊ တိဿ။ ပဗ္ဗဇိတာနာမ၊ ရဟန်းတို့ မည်သည်ကား။ ဒုက္ကရာ၊ ငဲ့ယဥ်း၏။ ဥဏှေန၊ အပူဖြင့်။ အတ္ထေ၊ အလိုသည်။ သတိ၊ ရှိသော်။ သီတံ၊ အအေး ကို။ လဘတိ၊ ရ၏။ သီတေန၊ အအေးဖြင့်။ အတ္ထေ သတိ၊ အလိုရှိသည် ရှိသော် ဥဏှံ၊ အပူကို။ လဘတိ၊ ရ၏။ ပဗ္ဗဇိတာ၊ ရဟန်းတို့သည်။ ကိစ္ဆေန၊ ငြိုငြင် ခြင်းဖြင့်။ ဇီဝန္တိ၊ အသက်မွေးရ ကုန်၏။ တွဉ္စ၊ သင်သည်လည်း။ သုခေမိတော၊ ချမ်းသာခြင်း၌တည်၏။ ဣတိ၊ ဤသို့မိန့်လတ်သော်။ ဘန္တေ၊

အရှင်ဘုရား။ အဟံ၊ငါသည်။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဝုတ္တနိယာ-မေနေဝ၊ ဆိုတိုင်း သာလျှင်။ သဗ္ဗံ၊ အလုံးစုံကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ခိဿာမိ၊ တတ်နိုင်အံ့။ ဣတိ၊ ဤသို့ဆို၏။

ထေရော၊မထေရ်သည်။ သာဓုတိ၊ ကောင်းပြီဟု။ ဝတွာ၊ဆို၍။ တဿ၊ ထိုတိဿအား။ ပဋိကူလ မနသိကာရဝသေန၊ စက်ဆုပ်ဘွယ်၌ အသင့် နှလုံးသွင်းသော အခြင်းအရာ၏ အစွမ်းဖြင့်။ တစပဉ္စက ကမ္မဋ္ဌာနံ၊ တစပဉ္စက ကမ္မဋ္ဌာန်းကို။ အာစိက္ခိတွာ၊ ကြားပြီး၍။ တံ၊ ထိုတိဿကို။ ပဗ္ဗာဇေသိ၊ ရဟန်းပြု၏။ ဟိ၊ ထိုစကားသင့်စွ။ သကလံပိ၊ အလုံးစုံလည်း ဖြစ်သော။ ဒွတ္တိံသာကာရံ၊ သုံးဆယ့်နှစ်ပါးသောအခြင်းအရာကို။ ကထေတုံ၊ ဆိုခြင်းငှါ။ ဝဋ္ဋတိယေဝ၊ အပ်သည် သာလျှင်တည်း။ သဗ္ဗံကထေတုံ၊ အလုံးစုံကို စီးဖြန်းခြင်းငှါ။ အသက္ကောန္တေန ပန၊ မတတ်နိုင်သော သူသည်ကား။ တစပဉ္စက ကမ္မဋ္ဌာနံ၊ တစပဉ္စက ကမ္မဋ္ဌာန်းကို။ ကထေတဗ္ဗမေဝ၊ စီးဖြန်းအပ်သည် သာလျှင်တည်း။ ဟိ၊ ထို စကားသင့်စွ။ ဣဒံကမ္မဋ္ဌာနံ၊ ဤကမ္မဋ္ဌာန်းကို။ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းသောဘုရားတို့အား။ အဝိဇဟိတမေဝ၊ မစွန့်အပ်သည်သာလျှင်တည်း။ ကေသာဒီသု၊ဆံအစရှိကုန်သော။ ဧကေကကောဋ္ဌာသေသု၊ တခုတခုသော အစုတို့၌။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တာနံ၊ရောက်ကုန်သော။ ဘိက္ခူနံပိ၊ရဟန်းတို့၏လည်းကောင်း။ ဘိက္ခုနီ-နမ္ပိ၊ ရဟန်း မိန်းမတို့၏ လည်းကောင်း။ ဥပါသကာနမ္ပိ၊ ဒါယကာယောကျာ်းတို့၏ လည်းကောင်း။ ဥပါသိကာနမ္ပိ၊ ဒါယိကာ မိန်းမတို့၏ လည်းဒကာင်း။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ နတ္ထိ၊မရှိ။ အဗျတ္တာ-ဘိက္ခူပန၊ မလိမ္မာသော ရဟန်းတို့ သည်ကား။ ပဗ္ဗာဇေန္တာ၊ ရဟန်းပြုကုန်သည်ရှိသော်။ အရဟတ္တဿ၊ အရဟတ္တဖိုလ်၏။ ဥပနိဿယံ၊ ဥပနိဿယကို။ နာသေန္တိ၊ဖျက်ဆီးကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ထေရော၊ မထေရ်သည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ အာစိက္ခိတွာဝ၊ ကြား၍ သာလျှင်။ ပဗ္ဗာဇေတွာ၊ ရဟန်းပြု၍။ ဒသသု သီလေသု၊ ဆယ်ပါးသော သီလတို့၌။ ပတိဋ္ဌာပေသိ၊ တည်စေ၏။

မာတာပိတရော၊ အမိအဘတို့သည်။ ပုတ္တဿ၊ သားအား။ ပဗ္ဗဇိတ-သက္ကာရံ၊ ရဟန်းပြုရာ၌ပူဇော်ခြင်းကို။ ကရောန္တာ၊ပြုကုန်လျက်။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ ဝိဟာရေယေဝ၊ ကျောင်း၌ သာလျှင်။ ဗုဒ္ဓပမုခဿ-ဘိက္ခုသံဃဿ၊ ဘုရား အမှူးရှိသော ရဟန်း သံဃာအား။ အပ္ပေါဒက

မဓုပါယာသ မေဝ၊ ရေမရှိ နို့ဃနာဆွမ်းကို သာလျှင်။ အဒံသု၊ လှူကုန်၏။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။ နိဗဒ္ဓံ၊ မပြတ်။ အပေ့ါဒက မဓုပါယာသံ၊ ရေမရှိသော နို့ဃနာဆွမ်းကို။ ပရိဘုဥ္ဇိတုံ၊သုံးဆောင်ခြင်းငှါ။ န သက္ကောမာတိ၊ မတတ်နိုင်ကုန်ဟူ၍။ ဥဇ္ဈာယိံသု၊ ပြစ်တင် ကဲ့ရဲ့ကုန်၏။ ဟိသစ္စံ၊ မှန်၏။ တဿ၊ ထိုတိဿ၏။ မာတာပိတရော၊ မိဘတို့သည်။ သတ္တမေဒိဝသေ၊ ခုနစ်ရက် မြောက်သော နေ့၌။ သာယံ၊ ညဉ့်အခါ၌။ ဂေဟံ၊ အိမ်သို့။ အဂမံသု၊ ပြန်လေကုန်၏။ သာမဏေရော၊ သာမဏေသည်။ အဋ္ဌမေဒိဝသေ၊ ရှစ်ရက်မြောက်သော နေ့၌။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပိဏ္ဍာယ၊ဆွမ်းအလို့ငှါ။ ပါဝိသိ၊ဝင်၏။ သာဝတ္ထိဝါသိနော၊ သာဝတ္ထိပြည်သူတို့သည်။ သာမဏေရော၊ သာမဏေသည်။ အဇ္ဇ၊ ယနေ့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ကိရ၊စင်စစ်။ ပဝိသိဿတိ၊ ဝင်လာအံ့။ သက္ကာရံ၊ ပူဇော်ခြင်းကို။ အဿ၊ထိုသာမဏေအား။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့။ ပဉ္စဟိ သာဋကသတေဟိ၊ ပုဆိုးငါးရာတို့ကို။ စုမ္ဗဋကာနိ ကတွာ၊ အလိပ်တို့ကိုပြု၍။ ပဉ္စပိဏ္ဍပါတသတာနိ၊ ငါးရာသောဆွမ်းတို့ကို။ သဇ္ဇေတွာ၊ စီရင်၍။ အာဒါယ၊ယူ၍။ ပဋိပထေ၊ ခရီးရင်ဆိုင်။ ဌတွာ၊ ရပ်၍။ အဒံသု၊လှူကုန်၏။ ပုနဒိဝသေ၊ တဘန်မိုးသောက်သောနေ့၌။ ဝိဟာရဿ၊ ကျောင်း၏။ ဥပစာရံ၊ ဥပစာရသို့။ အာဂန္တွာ၊ လာ၍။ အဒံသု၊လှူကုန်၏။ ဧဝံ၊ဤသို့။ သာမဏေရော၊သာမဏေသည်။ ဒွီဟေဝဒိဝသေဟိ၊ နှစ်ရက်တို့ဖြင့် သာလျှင်။ သာဋက သဟဿေဟိ၊ သက်နိုးလျာ ပုဆိုးတထောင်တို့နှင့်။ သဒ္ဓိံ၊တကွ။ ပိဏ္ဍပါတ သဟဿံ၊ ဆွမ်းတထောင်ကို။ လဘိတွာ၊ ရ၍။ ဘိက္ခုသံဃဿ၊ရဟန်းသံဃာအား။ ဒါပေသိ၊လှူစေ၏။ သေ၊ ဤသို့ပြည့်စုံခြင်းသည်။ ဗြာဟ္မဏကာလေ၊ ပုဏ္ဏားဖြစ်သောကာလ၌။ ဒိန္နဿ၊ လှူအပ်သော။ ထူလ သာဋကဿ၊ ရုံ့ရင်းသော ပုဆိုး၏။ နိဿန္ဒောကိရ၊အကျိုးဆက် ဖြစ်သတတ်။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသာမဏေအား။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပိဏ္ဍပါတ ဒါယက တိဿောဘိနာမံ၊ ပိဏ္ဍပါတ ဒါယက တိဿ အမည်ကိုသာလျှင်။ ကရိံသု၊ ပြုကုန်၏။

ပုန၊ တဘန်။ ဧကဒိဝသံ၊ တနေ့သ၌။ သာမဏေရော၊ သာမဏေသည်။ သီတကာလေ၊ အေးသောအခါ၌။ ဝိဟာရစာရိကံ၊ ကျောင်းစဉ်ဒေသစာရီကို။ စရန္တော၊ သွားသည်ရှိသော်။ ဘိက္ခူ၊ ရဟန်းဘို့သည်။ တတ္ထတတ္ထ၊ ထိုထို အရပ်၌။ အဂ္ဂိသာလာဒီသု၊ မီးတင်းကုတ် စသည်တို့၌။

ဝိသိဗ္ဗေန္တေ၊ မီးလှုံသည်တို့ကို။ ဒိသွာ၊ မြင်၍။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ ကိံ၊ အဘယ့်ကြောင့်။ ဝိသိဗ္ဗေန္တာ၊ မီးလှုံလှုံ၍။ နိသိန္နာတ္ထ၊ နေကုန်သနည်း။ ဣတိ၊ ဤသို့လျှောက်၏။ သာမဏေရ၊ သာမဏေ။ နော၊ ငါတို့အား။ သီတံ၊ အအေးသည်။ ပီဠေတိ၊ နှိပ်စက်၏။ ဣတိ၊ ထို့ကြောင့် မီးလှုံကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ သီတကာလေ၊ အေးသောကာလ၌။ ကမ္ဗလံ၊ ကမ္ဗလာကို။ ပါရုပိတုံ၊ ရုံခြင်းငှါ။ ဝဋ္ဋတိနာမ၊ အပ်မည်မဟုတ်လော။ ဣတိ၊ ဤသို့လျှောက်၏။ ဟိ၊ ထိုစကားသင့်စွ။ သော၊ ထိုကမ္ဗလာသည်။ သီတံ၊ အချမ်းကို။ ပဋိဗာဟိတုံ၊ တားမြစ်ခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်၏။ ဣတိ၊ ဤသို့ဆိုသည်ရှိသော်။ သာမဏေရ၊ သာမဏေ။ တွံ၊ သင်သည်။ မဟာပုညော၊ မြတ်သောဘုန်းကံရှိ၏။ ကမ္ဗလံ၊ ကမ္ဗလာကို။ လဘေယျာသိ၊ ရလေရာ၏။ အမှာကံ၊ ငါတို့အား။ ကမ္ဗလော၊ ကမ္ဗလာကို။ ကုတော၊ အဘယ်မှာရအံ့နည်း။ ဣတိ၊ ဤသို့ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရားတို့။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ကမ္ဗလတ္ထိကာ၊ ကမ္ဗလာကို အလိုရှိကုန်သော သူတို့သည်။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊ တကွ။ အာဂစ္ဆန္တု၊ လိုက်စေကုန်သတည်း။ ဣတိ၊ ဤသို့။ သကလဝိဟာရေ၊ အလုံးစုံသော ကျောင်း၌။ အာရောစာပေသိ၊ ကြားစေ၏။ အထ၊ ထိုအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ သာမဏေရေန၊ သာမဏေနှင့်။ သဒ္ဓိံ၊ တကွ။ ဂန္တွာ၊ သွား၍။ ကမ္ဗလံ၊ ကမ္ဗလာကို။ အာဟရိဿာမာတိ၊ ဆောင်ကုန်အံ့ဟူ၍။ သတ္တဝဿိက သာမဏေရံ၊ ခုနစ်နှစ်ရှိသော သာမဏေကို။ နိဿာယ၊ မှီ၍။ သဟဿမတ္တာ-ဘိက္ခူ၊ တထောင်မျှလောက်ကုန်သော ရဟန်းတို့သည်။ နိက္ခမိံသု၊ ထွက်ကုန်၏။ သော၊ ထိုသာမဏေသည်။ ဧတ္တကာနံ ဘိက္ခူနံ၊ ဤမျှလောက်ကုန်သော ရဟန်းတို့၏။ ကမ္ဗလံ၊ ကမ္ဗလာကို။ ကုတော၊ အဘယ်အရပ်မှာ။ လဘိဿာမီတိ၊ ရအံ့နည်းဟု။ စိတ္တမ္ပိ၊ စိတ်ကိုလည်း။ အနုပ္ပါဒေ-တွာ၊ မဖြစ်စေမူ၍။ တေ၊ ထိုရဟန်းတို့ကို။ အာဒါယ၊ ပင့်ခေါ်၍။ နဂရာဘိမုခေါ၊ ပြည်သို့ရှေးရှု။ ပါယာသိ၊ သွားလေ၏။ ဟိ၊ ထိုစကား သင့်စွ။ သုဒိန္နဿ၊ ကောင်းစွာပေးအပ်သော။ ဒါနဿ၊ အလှူ၏။ ဧဝ-ရူပေါ၊ ဤသို့သဘောရှိသော။ အာနုဘာဝေါ၊ အာနုဘော်သည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုသာမဏေသည်။ ဗဟိနဂရေယေဝ၊ မြို့ပ၌သာလျှင်။ ဃရပဋိပါဋိယာ၊ အိမ်စဉ်ဖြင့်။ စရန္တော၊ သွားသည်ရှိသော်။ ပဋ္ဋကမ္ဗလ-

သတာနိ၊ ငါးရာသော ကမ္ဗလာတို့ကို။ လဘိတွာ၊ ရ၍။ အန္တောနဂရံ၊ ပြည်တွင်းသို့။ ပါဝိသိ၊ ဝင်လေ၏။ မနုဿာ၊ လူတို့သည်။ ဣတော-စိတော စ၊ ထိုမှဤမှလည်း။ ကမ္ဗလေ၊ ကမ္ဗလာတို့ကို။ အာဟရန္တိ၊ ဆောင်ခဲ့ကုန်၏။

ကောပန ပုရိသော၊ ယောကျ်ားတယောက်သည်။ အာပန ဒွါရေန၊ အိမ်ဈေးတံခါးဖြင့်။ အာဂစ္ဆန္တော၊ လာသည်ရှိသော်။ ပဉ္စကမ္ဗလ သတာနိ၊ ကမ္ဗလာငါးရာတို့ကို။ ပသာရေတွာ၊ ဖြန့်၍။ နိသိန္နံ၊ နေသော။ ဧကံ-အာပဏိကံ၊ အိမ်ဈေးသည်တဦးကို။ ဒိသွာ၊ မြင်၍။ အာဟ၊ ဆို၏။ အမ္ဘော၊ အချင်း။ ဧကောသာမဏေရော၊ သာမဏေတပါးသည်။ ကမ္ဗ-လေ၊ ကမ္ဗလာတို့ကို။ သံဟရန္တော၊ ရုံးစုလျက်။ အာဂစ္ဆတိ၊ လာ၏။ တဝ၊ သင်၏။ ကမ္ဗလေ၊ ကမ္ဗလာတို့ကို။ ပဋိစ္ဆာဒေဟိ၊ ဖုံးအုပ်ပါလော့။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုသာမဏေသည်။ ဒိန္နကေ၊ လှူသောကမ္ဗလာတို့ကို။ ဂဏှာတိကိံ ပန၊ ယူသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ အဒိန္နကေ၊ မလှူသည်တို့ကို။ ဂဏှာတိကိံ ပန၊ ယူသလော။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဒိန္နကေ၊ လှူသည်တို့ကို၊ ဂဏှာတိ၊ ယူ၏။ ဣတိ၊ ဤသို့ပြော ဆို၏။ ဧဝံသန္တေ၊ ဤသို့ဖြစ်သည်ရှိသော်။ သစေ ဣစ္ဆာမိ၊ အကယ်၍ အလိုရှိသည်ဖြစ်အံ့။ ဒဿာမိ၊ ပေးအံ့။ နောစေ၊ အကယ်၍ အလိုမရှိသည် ဖြစ်အံ့။ န ဒဿာမိ၊ မလှူအံ့။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားလေ။ ဣတိ၊ ဤသို့ဆို၍။ ဥယျောဇေသိ၊ လွှတ်လိုက်၏။ ဟိ၊ ထိုစကားသင့်စွ။ မစ္ဆရိ-နော၊ ဝန်တိုခြင်းရှိကုန်သော။ အန္ဓဗာလာ၊ အလွန်မိုက်ကုန်သော သူတို့ သည်။ ဝေရူပေသု၊ ဤသို့သဘောရှိကုန်သော။ ဒါနံ၊ အလှူကို။ ဒဒမာ-နေသု၊ ပေးလှူကုန်သည်ရှိသော်။ မစ္ဆရာယိတွာ၊ ဝန်တိုကုန်သည်ဖြစ်၍။ အဿဒိသဒါနံ၊ အဿဒိသအလှူကို။ ဒိသွာ၊ မြင်၍။ မစ္ဆရာယန္တော၊ ဝန်တို သော။ ကာဠောဝိယ၊ ကာဠအမတ်ကဲ့သို့။ နိရယေ၊ ငရဲ၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကုန်၏။

အာပဏိကော၊ အိမ်ဈေးသည်သည်။ စိန္တေသိ၊ ကြံ၏။ အယံပုရိသော၊ ဤယောကျ်ားသည်။ အတ္တနော၊ ၏။ ဓမ္မတာယ၊ သဘောအားဖြင့်။ အာဂစ္ဆမာနော၊ လာလျက်။ တဝ၊ သင်၏။ ကမ္ဗလေ၊ ကမ္ဗလာတို့ကို။ ပဋိစ္ဆာဒေဟိတိ၊ ဖုံးလော့ဟူ၍။ မံ၊ ငါ့ကို။ အာဟ၊ ဆို၏။ အပိ၊ စင်စစ်။ သော၊ ထိုသာမဏေသည်။ ဒိန္နကံ၊ လှူသည်ကို။ သစေ ဂဏှာတိ၊ အကယ်၍

ယူသည်ဖြစ်အံ့။ အဟံ၊ ငါသည်။ မမ သန္တကံ၊ ငါ၏ကမ္ဗလာကို။ သစေ-ဣစ္ဆာမိ၊ အကယ်၍ အလိုရှိအံ့။ ဒဿာမိ၊ လှူအံ့။ နောစေ၊ အကယ်၍ အလိုမရှိအံ့။ န ဒဿာမိ၊ မလှူအံ့။ ဣတိအဝစံ၊ ဤသို့ဆိုမိပြီ။ ဒိဋ္ဌကံပန၊ မြင်၍တောင်းသော ဝတ္ထုပစ္စည်းကိုကား။ အဒေန္တဿ၊ မပေးသောသူအား။ လဇ္ဇာ၊ ရှက်ခြင်းသည်။ ဥပ္ပဇ္ဇတီတိ၊ ဟူ၍။ အတ္တနော-သန္တကံ၊ မိမိဥစ္စာကို။ ပဋိစ္ဆာဒေန္တဿ၊ ဖုံးအုပ်သော သူအား။ ဒေါ-သော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဣမေသု ပဥ္စကမ္ဗလ သတေသု၊ ဤ ငါးရာသော ကမ္ဗလာတို့တွင်။ ဒွေ ကမ္ဗလာနိ၊ နှစ်ထည်သော ကမ္ဗလာတို့သည်။ သတသဟဿဂ္ဃနိကာနိ၊ အသိုးတသိန်းထိုက်သော။ ဣမာနေဝ၊ ဤ ကမ္ဗ-လာ နှစ်ထည်တို့ကိုသာလျှင်။ ပဋိစ္ဆာဒေတုံ၊ ဖုံးလွှမ်းခြင်းငှါ။ ဝဋ္ဋတီတိ၊ သင့်၏ဟူ၍။ ဒွေပိကမ္ဗလေ၊ ကမ္ဗလာ နှစ်ထည်တို့ကိုလည်း။ ဒသာယ၊ အမြိတ်အဆာဖြင့်။ ဒသံ၊ အမြိတ်ဆာကို။ သမ္ဗန္ဓိတွာ၊ ဖွဲ့၍။ တေသံ၊ ထို ကမ္ဗလာတို့၏။ အန္တရေ၊ အတွင်း၌။ပက္ခိပိတွာ၊ ထည့်၍။ ပဋိစ္ဆာဒေသိ၊ ဖုံးအုပ်၏။ သာမဏေရောပိ၊ သာမဏေသည်လည်း။ ဘိက္ခုသဟဿေန၊ ရဟန်းတထောင်နှင့်။ သဒ္ဓိံ၊ တကွ။ တံ ပဒေသံ၊ ထို အရပ်သို့။ ပါပုဏိ၊ ရောက်လာ၏။ အာပဏိကဿ၊ စျေးသည်သည်။ သာမဏေရံ၊ သာ မဏေကို။ ဒိသွာဝ၊ မြင်၍လျှင်။ ပုတ္တသိနေဟော၊ သား၌ဖြစ်သော ချစ်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ သကလသရီရံ၊ ကိုယ်အလုံးသည်။ သိနေဟေန၊ ချစ်ခြင်းဖြင့်။ ပရိပုဏ္ဏံ၊ ပြည့်သည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုဒါယကာသည်။ စိန္တေသိ၊ ကြံ၏။ ကမ္ဗလာနိ၊ ကမ္ဗလာတို့ကို။ တိဋ္ဌတု၊ ထားဘိဦး။ ဣမံ၊ ဤသာမဏေကို။ ဒိသွာ၊ မြင်၍။ ဟဒယမံသံပိ၊ နှလုံးခွဲသား ကိုလည်း။ ဒါတုံ၊ လှူခြင်းငှါ။ ယုတ္တရူပံ၊ သင့်သောသဘောရှိ၏။ ဣတိ၊ ဤသို့ကြံပြီးသော်။ တေ ဒွေပိကမ္ဗလေ၊ ထိုကမ္ဗလာ နှစ်ထည်တို့ကိုလည်း။ နီဟရိတွာ၊ ထုတ်၍။သာမဏေရဿ၊ သာမဏေ၏။ ပါဒမူလေ၊ ခြေရင်း၌။ ဌပေတွာ၊ ထား၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ တယာ၊ သင် ချစ်သားသည်။ ဒိဋ္ဌဓမ္မဿ၊ မြင်အပ်သောတရား၏။ ဘာဂီ၊ အဘို့ရှိသည်။ အဿံ၊ ဖြစ်ရလို၏။ ဣတိအဝစ၊ ဤသို့ဆုတောင်း၏။ သောပိ၊ ထို သာ-မဏေသည်လည်း။ အဿ၊ ထို ဒါယကာအား။ ဧဝံ ဟောတူတိ၊ ဤသို့ တောင်းသည့်ဆုအကိုင်း ပြည့်စုံစေလေဉ့်ဟု။ အနုမောဒနံ၊အနုမောဒနာကို။ အကာသိ၊ ပြု၏။

သာမဏေရော၊ သာမဏေသည်။ အန္တော နဂရေပိ၊ ပြည်တွင်း၌လည်း။ ပဥ္စကမ္ဗလသတာနိ၊ ကမ္ဗလာ ငါးရာတို့ကို။ လဘိ၊ ရ၏။ ဧဝံ၊ ဤသို့။ ဧကဒိဝသံယေဝ၊ တနေ့ခြင်းသာလျှင်။ ကမ္ဗလသဟဿံ၊ ကမ္ဗလာတထောင်ကို။ လဘိတွာ၊ ရ၍။ ဘိက္ခုသဟဿဿ၊ ရဟန်းတထောင်အား။ အဒါသိ၊ လှူ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသာမဏေအား။ ကမ္ဗလ ဒါယက-တိဿတ္ထေရောတိ နာမံ၊ ကမ္ဗလ ဒါယကတိဿဟူသော အမည်ကို။ ကရိံသု၊ မှည့်ကုန်၏။ ဧဝံ၊ ဤသို့။ နာမကရဏ ဒိဝသေ၊ အမည်မှည့်သောနေ့၌။ ဒိန္နကမ္ဗလော၊ လှူသော သကလတ်၏ အကျိုးသည်။ သတ္တဝဿိကကာလေ၊ ခုနစ်နှစ်ရှိသော အခါ၌။ ကမ္ဗလ သဟဿ ဘာဝံ၊ သကလတ်တထောင် ရသောအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ ဟိ၊ ထိုစကားသင့်စွ။ဗုဒ္ဓသာသနံ၊ ဘုရားသာသနာကို။ ဌပေတွာ ထား၍။ အညံ၊ တပါးသောအရပ်သည်။ နတ္ထိ၊ မရှိ။ ယတ္ထ၊အကြင်အရပ်၌။ အပ္ပံဒိန္နံ၊ အနည်းငယ်ဖြစ်သော အလှူသည်။ ဗဟုံ၊ များစွာ အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗဟုံဒိန္နံ၊ များသောအလှူသည်။ ဗဟုတရံ၊ လွန်စွာများသော အကျိုးရှိ၏၊ တံဌာနံ၊ ထိုအရပ်သည်။ နတ္ထိ၊ မရှိ။ ဗုဒ္ဓသာသနံဝေ၊ မြတ်စွာဘုရားသာသနာတော်သည်သာလျှင်။အတ္ထိ၊ရှိ၏။ (အကုံရ နတ်သားသိကြားမင်းတို့ကို ထောက်၍ သိအပ်၏။ ။ဗုဒ္ဓသာသနံဝေ အတ္ထိ ပုဒ်ကား ဗျတိရိက်ပုဒ်ထည့်သည်။)

တေန၊ ထို့ကြောင့်။ ဘဂဝါ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ယထာရူပေ၊ အကြင်သို့သဘောရှိသော။ ဘိက္ခုသံဃေ၊ ရဟန်းသံဃာ၌။ အပ္ပံ ဒိန္နံ၊ အနည်းငယ်အလှူသည်။ ဗဟုံ၊ အကျိုးများသည်။ ဟောတိ၊ ဖြစ်၏။ ဗဟုံဒိန္နံ၊ များသော အလှူသည်။ ဗဟုတရံ၊လွန်စွာအကျိုးများ၏။ တထာရူပေါ၊ ထိုသို့သဘောရှိသော။ အယံ ဘိက္ခုသံဃော၊ ဤရဟန်းသံဃာသည်။ အတ္ထိ၊ ရှိ၏။ ဣတိအာဟ၊ ဤသို့ဟော၏။

ဧဝံသာမဏေရော၊ ဤသို့သဘောရှိသော သာမဏေသည်။ ဧကကမ္ဗ-လဿ၊ ကမ္ဗလာတထည်၏။နိဿန္ဒေန၊ အကျိုးဆက်ဖြင့်။သတ္တဝဿိကောဝ၊ ခုနစ်နှစ်အရွယ်ကလျှင်။ ကမ္ဗလ သဟဿံ၊ ကမ္ဗလာတထောင်ကို။ လဘိ၊ ရ၏။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရန္တဿ၊ နေသော။ တဿ၊ ထိုသာမဏေအား။ အဘိက္ခဏံ၊ မပြတ်။ ဉာတိဒါယကာ၊ အဆွေအမျိုးဒါယကာတို့သည်။ သန္တိကံ၊ အထံသို့။ အာဂန္တွာ၊ လာ၍။ ကထာ-သလ္လာပံ၊ စကားများခြင်းကို။ ကရောန္တိ၊ ပြုကုန်၏။ သော၊ ထိုတိဿသည်။

စိန္တေသိ၊ ကြံ၏။ မယာ၊ ငါသည်။ ဣဓ၊ ဤဇေတဝန်ကျောင်း၌။ ဝသန္တေန၊ နေသဖြင့်။ ဉာတိဒါယကေသု၊ ပေါက်ဖော် ဒါယကာတို့သည်။ အာဂန္တွာ၊ လာ၍။ ကထေန္တေသု၊ ပြောဆိုကုန်သည်ရှိသော်။ အကထေတုံပိ၊ မပြောမဆိုဘဲ နေခြင်းငှါလည်း။ နသက္ကာ၊ မတတ်တောင်း။ ဧတေဟိ၊ ထိုပေါက်ဖော် သားချင်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကထာ ပပဥ္စေန ပန၊ စကားပြော၍ ကြာမြင့်ခြင်းဖြင့်ကား။ အတ္တနော၊ မိမိ၏။ ပတိဋ္ဌံ၊ ကိုးကွယ်ရာကို။ ကာတုံ၊ ပြုခြင်းငှါ၊ နသက္ကာ၊ မတတ်ကောင်း။ အဟံ၊ ငါသည်။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဥဂ္ဂဏှိတွာ- သင်ပြီး၍။ အရညံ၊ တောသို့။ ပဝိသေယျံ၊ ဝင်ရမူကား။ ယံနူန၊ ကောင်းပါလေစွ။ ဣတိ၊ ဤသို့ကြံပြီးသော်။ သော၊ ထိုသာမဏေသည်။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ဝန္ဒိတွာ၊ ရှိ၍။ ယာဝအရဟတ္တာ၊ အရဟတ္တဖိုလ်သို့ ရောက်သည်တိုင်အောင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ကထာပေတွာ၊ ခဟာစေ၍။ ဥပဇ္ဈာယံ၊ဥပဇ္ဈာယ်ကို။ ဝန္ဒိတွာ၊ရှိခိုး၍။ပတ္တစီဝရံ၊သပိတ်, သင်္ကန်းကို။အာဒါယ၊ယူ၍။ ဝိဟာရာ၊ကျောင်းမှ။ နိက္ခမိတွာ၊ထွက်၍။အာသန္နဋ္ဌာနေ၊နီးသောအရပ်၌။သစေဝသိဿာမိ၊အကယ်၍နေသည်ဖြစ်အံ့။ ဉာတကာ၊ ဆွေမျိုးတို့သည်။ မံ၊ ငါ့ကို။ ပက္ကောသိဿန္တီတိ၊ ပင့်ခေါ်ကုန်လတ္တံ့ဟူ၍။ ဝီသ ယောဇနသတံ မဂ္ဂံ၊ ယူဇနာတရာ့နှစ်ဆယ် ရှိသော ခရီးသို့။ အဂမာသိ၊ သွားလေ၏။

အထ၊ ထိုအခါ၌။ ဧကေန ဂါမဒွါရေန၊ ရွာတံခါးတခုဖြင့်။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ ဧကံမဟလ္လက ပုရိသံ၊ ယောကျ်ားအိုတယောက်ကို။ ဒိသွာ၊ မြင်၍။ ပုစ္ဆိ၊ မေး၏။ မဟာဥပါသက၊ ဒါယကာကြီး။ ဣမသ္မိံ ပဒေသေ၊ ဤအရပ်၌။ ဝသန္တာနံ၊ နေသောသူတို့၏။ အာရညကဝိဟာရော၊ တောရကျောင်းသည်။ အတ္ထိကိံ နုခေါ၊ ရှိသလော။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အတ္ထိ၊ ရှိ၏။ တေနဟိ၊ ထိုသို့ဆိုပြီးတကား။ မေ၊ ငါ့အား။မဂ္ဂံ၊ ခရီးကို။ အာစိက္ခာဟိ၊ ကြားပါလော့။ ဣတိ၊ ဤသို့ဆို၏။ မဟလ္လကဥပါသကဿပန၊ ဒါယကာကြီး၏ကား။ တံ၊ ထိုသာမဏေကို။ ဒိသွာဝ၊ မြင်၍လျှင်။ ပုတ္တသိနေဟော၊ သား၌ဖြစ်သော ချစ်ခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသာမဏေအား။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ဌိတော၊ ရပ်လျက်။ အနာစိက္ခိတွာ၊ မကြားမူ၍။ ဘန္တေ၊အရှင်ဘုရား။ ဧဟိ၊ လာလှည့်။ တေ၊ အရှင်ဘုရားအား။ အာစိက္ခိ-

ဿာမိ၊ ကြားအံ့။ ဣတိ၊ ဤသို့။ ဂဟေတွာ၊ ခေါ်၍။ အဂမာသိ၊ သွားလေ၏။

သာမဏေရော၊ သာမဏေသည်။ တေန၊ ထိုလူအိုနှင့်၊ သဒ္ဓိံ၊ တကွ။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ နာနာပုပ္ဖ-ဖလ ပဋိမဏ္ဍိတေ၊ အထူးထူးသောအပွင့် အသီးတို့ ဖြင့်တန်းဆာဆင်အပ်ကုန်သော။ ရုက္ခပဗ္ဗတ ပဒေသေ၊ သစ်ပင်တို့ဖြင့် ပြည့်စုံသော တောင်အရပ်တို့ကို။ ဒိသွာ၊ မြင်၍။ ဥပါသက၊ ဒါယကာ။ အယံ၊ ဤတောသည်။ ကိံပဒေသောနာမ၊ အဘယ်အရပ်မည်သနည်း။ ဥပါသက၊ ဒါယကာ။ အယံ၊ ဤတောသည်။ ကိံပဒေသောနာမ၊ အဘယ်အရပ်မည်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ သောပိ၊ ထိုဒါယကာသည်လည်း။ အဿ၊ ထိုသာမဏေအား။ တေသံ၊ ထိုတောအုပ် တောင်တို့၏။ နာမာနိ၊ အမည်တို့ကို။ အာစိက္ခန္တော၊ ကြားလျက်။ အာရညက ဝိဟာရံ၊ တောကျောင်းသို့။ ပတွာ၊ ရောက်၍။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ၊ ဤအရပ်သည်။ ဖါသုကဋ္ဌာနံ၊ ချမ်းသာခြင်းရှိသော အရပ်တည်း။ ဣဓေဝ၊ ဤကျောင်း၌လျှင်။ ဝသာဟီတိ၊ နေလော့ဟူ၍။ ဝတွာ၊ ဆို၍။ ဘန္တေ၊ အရှင်ဘုရား။ တုံ့၊ အရှင်ဘုရားသည်။ ကော နာမော၊ အဘယ် အမည်ရှိသနည်း။ ဣတိ၊ ဤသို့။ နာမံ၊ အမည်ကို။ ပုစ္ဆိတွာ၊ မေးသောကြောင့်။ ဥပါသ-က၊ ဒါယကာ။ အဟံ၊ သည်။ ဝနဝါသီ တိဿောနာမ၊ မည်၏။ ဣတိ-ဝုတ္တေ၊ သော်။ သေ့၊ နက်ဖြန်။ အမှာကံ၊ ငါတို့၏။ ဂါမေ၊ ရွာ၌။ ဘိက္ခာယ၊ ဆွမ်းအလို့ငှါ။ စရိတုံ၊ သွားခြင်းငှါ။ ဝဋ္ဋတီတိ၊ အပ်၏ဟူ၍။ ဝတွာ၊ ၍။ နိဝတ္တိတွာ၊ နစ်၍။ အဋ္ဌဂါမမေဝ၊ ရွာတွင်းသို့သာလျှင်။ ဂတော၊ သွား၏။ ဝနဝါသီ တိဿောနာမ၊ ဝနဝါသီ တိဿမည်သော သာမဏေသည်။ ဝိဟာရံ၊ သို့။ အာဂတော၊ လာ၏။ တဿ၊ ထိုသာမ ဏေအား။ ယာဂုဘတ္တာဒီနိ၊ ယာဂုဆွမ်း စသည်တို့ကို။ ပဋိယာဒေထာတိ၊ စီရင်ကုန်လော့ဟူ၍။ မနုဿာနံ၊ လူတို့အား။ အာရောစေသိ၊ ကြား၏။

သာမဏေရော၊ သာမဏေသည်။ ပဌမမေဝ၊ ရှေးဦးကလျှင်။ တိဿော-နာမဟုတွာ၊ တိဿ အမည်ရှိသည်ဖြစ်၍။ တတော၊ ထို့နောင်မှ။ ပိဏ္ဍပါ-တ ဒါယက တိဿော၊ ပိဏ္ဍပါတ ဒါယက တိဿ အမည်ရင်း။ ကမ္ဗလ-ဒါယက တိဿော၊ ကမ္ဗလ ဒါယက တိဿ အမည်ရင်း။ ဝနဝါသီ တိဿော၊ ဝနဝါသီ တိဿ အမည်ရင်း။ ဣတိ၊ သို့။ တီဏိနာမာနိ၊ အမည်သုံးပါး

တို့ကို။ လဘိတွာ၊ ရ၍။ သတ္တဝဿဗ္ဘန္တရေ၊ ခုနစ်နှစ်အတွင်း၌။ စတ္တာ-
ရိနာမ ာနိ၊ အမည်လေးပါးတို့ကို။ လဘိ၊ ရ၏။ သော၊ ထိုသာမဏေသည်။
ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ ပါတော၊ စောစောစီးစီး။ တံဂါမံ၊
ထိုရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ။ ၏။ မနုဿာ၊ လူတို့
သည်။ ဘိက္ခံ၊ ဆွမ်းကို။ ဒတွာ၊ လှူ၍။ ဝန္ဒိံသု၊ ရှိခိုးကုန်၏။ သာမဏေရော၊
သာမဏေသည်။ သုခိတာ၊ ချမ်းသာကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။
ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စထ၊ လွတ်ကုန်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။
ကေ မနုဿောပိ၊ လူတယောက်မျှသည်လည်း။ တဿ၊ ထိုသာမဏေအား။
ဘိက္ခံဒတွာ၊ ဆွမ်းလှူ၍။ ပုန၊ တဘန်။ ဂေဟံ၊ အိမ်သို့။ ဂန္တုံ၊ သွားခြင်း
ငှါ။ နာသက္ခိ၊ မတတ်နိုင်။ သဗ္ဗေ၊ ခပ်သိမ်းသော သူတို့သည်။ ဩလော-
ကေန္တာဝ၊ သာမဏေကို ကြည့်ကုန်၍လျှင်။ အဋ္ဌံသု၊ နေကုန်၏။ သောပိ၊
ထိုတိဿသည်လည်း။ အတ္တနော၊ ၏။ ယာပနမတ္တမေဝ၊ မျှလောက်ရုံ
သော ဆွမ်းကိုလျှင်။ ဂဏှိ၊ ခံ၏။

သကလဂါမဝါသိနော၊ အလုံးစုံရွာသူတို့သည်။ တဿ၊ ထိုတိဿ၏။
ပါဒမူလေ၊ ခြေရင်း၌။ ဥရေန၊ ရင်ဖြင့်။ နိပ္ပဇ္ဇိတွာ၊ ဝပ်၍။ ဘန္တေ၊
အရှင်ဘုရား။ တုမှေသု၊ အရှင်ဘုရားတို့သည်။ ဣမံ တေမာသံ၊ ဤဝါ
တွင်းသုံးလပတ်လုံး။ ဣဓ၊ ဤကျောင်း၌။ ဝသန္တေသု၊ နေကုန်သည်ရှိ
သော်။ မယံ၊ ငါတို့သည်။ တီဏိ သရဏာနိ၊ သရဏဂုံ သုံးပါးတို့ကို
ဂဟေတွာ၊ ၍။ ပဉ္စသုသီလေသု၊ ငါးပါးသီလတို့၌။ ပတိဋ္ဌာယ၊ တည်
၍။ တေမာသဿ၊ ဝါတွင်းသုံးလ၏။ အဋ္ဌင်္ဂဥပေါသထကမ္မာနိ၊ အင်္ဂါ
ရှစ်ပါးရှိသော ဥပုသ်တို့ကို။ ဥပဝသိဿာမ၊ သုံး၍နေကုန်အံ့။ ဣတိ၊ ဤသို့
ရင်း။ ဣဓ၊ ဤကျောင်း၌။ ဝသနတ္ထာယ၊ နေခြင်းငှါ။ နော၊ ငါတို့
အား။ ပဋိညံ၊ ဝန်ခံခြင်းကို။ ဒေထ၊ လှူကုန်လော့။ ဣတိ၊ ဤသို့ရင်း
လျှောက်ကုန်၏။ သော၊ ထိုသာမဏေသည်။ ဥပကာရံ၊ ကျေးဇူးကို။
သလ္လက္ခေတွာ၊ ၍။ တေသံ၊ ထိုဒါယကာတို့အား။ ပဋိညံ၊ ဝန်ခံခြင်းကို။
ဒတွာ၊ ၍။ နိဗဒ္ဓံ၊ မပြတ်။ တတ္ထေဝ၊ ထိုရွာ၌လျှင်။ ပိဏ္ဍပါတစာရံ၊ ဆွမ်းခံ
သွားခြင်းကို။ စရိ၊ ၏။ ဝန္ဒိတဝန္ဒိတက္ခဏေ၊ ရှိခိုးဆဲ ရှိခိုးဆဲ ခဏ၌လည်း။
သုခိတာ ဟောထ ဒုက္ခာမုစ္စထာတိ၊ မုစ္စထဟူ၍။ ပဒဒ္ဒယမေဝ၊ ပုဒ်နှစ်ခု
ကိုသာလျှင်။ ကထေတွာ၊ ဟော၍။ ပက္ကာမိ၊ ဖဲ၏။ သော၊ ထိုသာမ
ဏေသည်။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ ပဌမမာသဉ္စ၊ ရှေးဦးလကိုရင်း။

ဒုတိယမာသည္ထု၊ ဒုတိယလကိုရင်း။ ဝီတိနာမေတွာ၊ လွန်စေ၍။ တတိယ-မာသေ၊ သိတင်းကျွတ်လသည်။ ဂစ္ဆန္တေစ၊ ရောက်သော်လျှင်။ သဟ-ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။

အထ၊ ထိုအခါ၌။ အဿ၊ ထိုသာမဏေ၏။ (ဥပဇ္ဈာယော မှာစပ်။) ပဝါရေတွာ၊ ပဝါရဏာပြု၍။ ဝုတ္ထဝဿကာလေ၊ ဝါကျွတ်သောအခါ၌။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်ဆရာသည်။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ၍။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ အကျွန်ုပ်သည်။ တိဿ-သာမဏေရဿ၊ တိဿသာမဏေ၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆာမိ၊ သွားအံ့။ ဣတိ၊ ဤသို့ လျှောက်လတ်သော်။ သာရိပုတ္တ၊ သာရိပုတ္တရာ။ ဂစ္ဆ၊ သွား ချေလော့။ ဣတိ၊ ဤသို့ မိန့်၏။ သော၊ ထိုသာရိပုတ္တရာသည်။ အတ္တနော-ပရိဝါရေ၊ မိမိအခြံအရံဖြစ်ကုန်သော။ ပဉ္စသတေ ဘိက္ခူ၊ ငါးရာသော ရဟန်းတို့ကို။ အာဒါယ၊ ခေါ်၍။ ပက္ကန္တော၊ ဖဲသည်ရှိသော်။ အာဝုသော-မောဂ္ဂလာန၊ ငါ့ရှင် မောဂ္ဂလာန်။ အဟံ၊ ငါသည်။ တိဿသာမဏေရဿ၊ တိဿသာမဏေ၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆာမိဣတိ၊ သွားအံ့ဟူ၍။ အာဟ၊ ဆို၏။ မဟာမောဂ္ဂလာနတ္ထေရော၊ ရှင်မောဂ္ဂလာန်မထေရ်သည်။ အာဝု-သော၊ ငါ့ရှင်။ အဟံပိ၊ ငါသည်လည်း။ ဂစ္ဆာမိဣတိ၊ လိုက်အံ့ဟူ၍။ ပဉ္စဟိ ဘိက္ခုသတေဟိ၊ ရဟန်းငါးရာတို့နှင့်။ သဒ္ဓိံ၊ တကွ။ နိက္ခမိ၊ ထွက်၏။ ဧတေနုပါယေန၊ ဤသို့သော နည်းဖြင့်။ မဟာကဿပတ္ထေရော၊ ရှင်မဟာ ကဿပမထေရ် လည်းကောင်း။ အနုရုဒ္ဓတ္ထေရော၊ အနုရုဒ္ဓါမထေရ် လည်း ကောင်း။ ဥပါလိတ္ထေရော၊ ဥပါလိမထေရ်လည်းကောင်း။ ပုဏ္ဏတ္ထေရော၊ ပုဏ္ဏမထေရ်လည်းကောင်း။ ဣတိ၊ ဤသို့ အစရှိကုန်သော။ သဗ္ဗေ မဟာ-သာဝကာ၊ အလုံးစုံသော မဟာသာဝကတို့သည်။ ပဉ္စဟိ ပဉ္စဟိဘိက္ခု-သတေဟိ၊ ငါးရာငါးရာကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ နိက္ခမိံသု၊ ထွက်ကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ မဟာသာဝကာနံ၊ မဟာသာဝကတို့၏။ ပရိဝါရာ၊ အခြံအရံဖြစ်ကုန်သော။ * စတ္တာရီဘိက္ခု-သဟဿာနိ၊ လေးထောင်သော ရဟန်းတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တေ၊ ထိုရဟန်းတို့သည်။ ဝီသ ယောဇနသတ မဂ္ဂံ၊ ယူဇနာ တရာ့နှစ်ဆယ်

* စတ္တာလီသ ဘိက္ခုသဟဿာနိ (ဆဋ္ဌ)

ရှိသော ခရီးသို့။ ဂန္တွာ၊သွား၍။ ဂေါစရဂါမံ၊ဆွမ်းခံရွာတွင်းသို့။ သမ္ပတ္တော၊ ရောက်သည် ရှိသော်။ သာမဏေရဿ၊ သာမဏေ၏။ နိဗဒ္ဓုပဋ္ဌာကော၊ မပြတ် အလုပ်အကျွေးဖြစ်သော။ ဥပါသကော၊ ဒါယကာသည်။ ဒွါရေ-ယေဝ၊ ရွာတံခါး၌သာလျှင်။ ဒိသွာ၊ မြင်၍။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆို၍။ ဝန္ဒိ၊ ရှိခိုး၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုဒါယကာကို။ သာရိပုတ္တတ္ထေရော၊ သာရိ-ပုတ္တရာမထေရ်ဘည်။ ပုစ္ဆိ၊ မေး၏။ ဥပါသက၊ ဒါယကာ။ ဣမသ္မိံ-ပဒေသေ၊ ဤအရပ်၌။ အာရညက ဝိဟာရော၊ တောကျောင်းသည်။ အတ္ထိနုခေါ၊ ရှိသလော။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့ လျှောက်၏။ သဘိက္ခုကော၊ ရဟန်းရှိသလော။ အဘိက္ခုကော၊ ရဟန်းမရှိသလော။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ သဘိက္ခုကော၊ ရဟန်းရှိ၏။ ဣတိ၊ ဤသို့ လျှောက်၏။ တတ္ထ၊ ထိုကျောင်း၌။ ကောနာမော၊ အဘယ်မည်သော ရဟန်းသည်။ ဝသတိ၊ နေသနည်း။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဝနဝါသီတိ-ဿော၊ ဝနဝါသီတိဿ နေ၏။ ဣတိ၊ ဤသို့ လျှောက်၏။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ မဂ္ဂံ၊ ခရီးကို။ နော၊ ငါတို့အား။ အာစိက္ခ၊ ကြားလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကေ၊ အဘယ်သို့ သွားကုန်အံ့နည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ မယံ၊ ငါတို့သည်။ သာမဏေရဿ၊ သာမဏေ၏။ သန္တိကံ၊ အထံသို့။ လာကုန်၏။ ဣတိ၊ ဤသို့ ဆိုကုန်၏။ ဥပါသကော၊ ဒါယကာသည်။ ဩလောကေတွာ၊ ကြည့်၍။ ဓမ္မသေနာပတိံ၊ ရှင်သာရိပုတ္တရာကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ မဟာ-သာဝကေ၊ မဟာသာဝကတို့ကို။ သဥ္ဇာနိတွာ၊ ၍။ သော၊ ထိုဒါယကာသည်။ နိရန္တရံ၊ မပြတ်ဘဲ။ ပီတိယာ၊ ပီတိဖြင့်။ ဖုဋ္ဌသရီရောဟုတွာ၊ တွေ့သော ကိုယ်ရှိသည်ဖြစ်၍။ ဘန္တေ၊ အရှင်ဘုရား။ တာဝ တိဋ္ဌထ၊ ရပ်ပါကုန်ဦးလော့။ ဣတိ၊ ဤသို့ ဆိုလျက်။ ဝေဂေန၊ လျင်စွာ။ ဂါမံ၊ ရွာသို့။ ပဝိသိတွာ၊ ဝင်၍။ သာရိပုတ္တတ္ထေရံ၊ သာရိပုတ္တရာမထေရ်ကို။ အာဒိံ ကတွာ၊ အစပြု၍။ အယျာ၊ အရှင်ကောင်း ဖြစ်ကုန်သော။ ဧတေ-အသီတိမဟာသာဝကာ၊ ဤအသီတိ မဟာသာဝကတို့သည်။ အတ္တနော-အတ္တနော ပရိဝါရေဟိ၊ မိမိ မိမိ အခြံအရံတို့နှင့်။ သဒ္ဓိံ၊ တကွ။ သာမဏေ-

ရဿ၊ သာမဏေ၏။ သန္တိကံ၊ အထံသို့။ အာဂတာ၊ လာကုန်၏။ မဉ္စ ပီဌ-ပစ္စတ္ထရဏ ဒီပတေလာဒီနိ၊ ညောင်စောင်း အင်းပျဉ် အိပ်ရာခင်း ဆီမီး စသည်တို့ကို။ ဂဟေတွာ၊ ယူ၍။ ဝေဂေန၊ လျင်စွာ။ နိက္ခမထ၊ ထွက်ကုန် လော့။ ဣတိ၊ ဤသို့။ ဥဋ္ဌေါသေသိ၊ ကြွေးကြော်၏။

မနုဿာ၊ လူတို့သည်။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ မဉ္စာဒီနိ၊ ညောင် စောင်း စသည်တို့ကို။ ဂဟေတွာ၊ ယူ၍။ ထေရာနံ၊ မထေရ်တို့၏။ ပဒါ-နုပဒိကာ၊ ခြေရာကို အစဉ်မှီးလျက်။ ဟုတွာ၊ ၍။ ထေရေဟိ၊ မထေရ်တို့နှင့်။ သဒ္ဓိံ ယေဝ၊ တကွပင်လျှင်။ ဝိဟာရံ၊ ကျောင်းသို့။ ပဝိသိံသု၊ ဝင်ကုန်၏။ သာမဏေရော၊ သာမဏေသည်။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ သညာ-နိတွာ၊ သိ၍။ ပဋိပါဋိယာနံ၊ အစဉ်အတိုင်း လာကုန်သော။ မဟာထေရာနံ၊ မထေရ်ကြီးတို့၏။ ပတ္တစီဝရာနိ၊ သပိတ်သင်္ကန်းတို့ကို။ ပဋိဂ္ဂဟေတွာ၊ ယူ၍။ ဝတ္တံ၊ ဝတ်ကို။ အကာသိ၊ ပြု၏။ ထေရာနံ၊ မထေရ်တို့၏။ ဝသနဋ္ဌာနံ၊ နေရာ အရပ်ကို။ သံဝိဒဟန္တဿ၊ စီရင်စဉ်။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ ပဋိသာမေန္တဿေဝ၊ သိမ်းစဉ်လျှင်။ တဿ၊ ထိုသာမဏေအား။ အန္ဓ-ကာရော၊ ညဉ့်အမိုက်သည်။ ဇာတော၊ ဖြစ်၏။ သာရိပုတ္တတ္ထေရော၊ သာရိ-ပုတ္တရာ မထေရ်သည်။ ဥပါသကေ၊ ဒါယကာတို့ကို။ အာဟ၊ ဆို၏။ ဥပါ-သကာ၊ ဒါယကာတို့။ ဂစ္ဆထ၊ သွားလေကုန်။ တုမှာကံ၊ သင်တို့အား။ အန္ဓကာရော၊ ညဉ့်မိုက်ခြင်းသည်။ ဇာတော၊ ဖြစ်၏။ ဣတိ၊ ဤသို့ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ အဇ္ဇ၊ ယနေ့။ ဓမ္မဿဝန ဒိဝသော၊ တရား နာအံ့သော နေ့တည်း။ မယံ၊ ငါတို့သည်။ နဂမိဿာမ၊ မသွားကုန်အံ့။ ဓမ္မံ၊ တရားကို။ သုဏိဿာမ၊ နာကုန်အံ့။ ဣတော၊ ဤနေ့မှ။ ပုဗ္ဗေ၊ ရှေး၌။ ဓမ္မဿဝနံပိ၊ တရားနာခြင်းသည်လည်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ ဆိုကုန်၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ သာမဏေရ၊ သာမဏေ။ ဒီပံ၊ ဆီမီးကို။ ဇာလေတွာ၊ ညှိ၍။ ဓမ္မဿဝနဿ၊ တရားနာခြင်း၏။ ကာလံ၊ အခါကို။ ဃောသေဟိ၊ ကြွေးကြော်လော့။ ဣတိ၊ ဤသို့ ဆိုကုန်၏။ သော၊ ထိုသာမဏေသည်။ တထာ၊ ထိုမထေရ်ဆိုတိုင်း။ အကာသိ၊ ပြု၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသာမဏေကို။ ထေရော၊ မထေရ်သည်။ အာဟ၊ ဆို၏။ တိဿ၊ တိဿ။ တဝ၊ သင်၏။ ဥပဋ္ဌာကာ၊ အလုပ်အကျွေးတို့ သည်။ ဓမ္မံ သောတုကာမာ၊ တရားနာလိုကုန်သည်။ အမှ၊ ဖြစ်ကုန်၏။ ဣတိ ဝဒန္တိ၊ ဤသို့ဆိုကုန်၏။ တေသံ၊ ထိုဒါယကာတို့အား။ ဓမ္မံ၊ တရား

ကို။ ကထေဟိ၊ ဟောလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဥပါသကာ၊ ဒါယကာတို့သည်။ ကေပ္ပဟာရေနေ၀၊ တပြိုင်နက်သာလျှင်။ ဥဋ္ဌာယ၊ ထ၍။ ဘန္တေ၊ အရှင်ဘုရားတို့။ အမှာကံ၊ ငါတို့၏။ အယျော၊ အရှင် ဖြစ်သော သာမဏေသည်။ သုခိတာ ဟောထ ဒုက္ခာ မုစ္စထာတိ၊ မုစ္စထ ဟူ၍။ ဣမာနိဒ္ဒေ ပဒါနိ၊ ဤနှစ်ပုဒ်တို့ကို။ ဌပေတွာ၊ ထား၍။ အညံ ဓမ္မ-ကထံ၊ တပါးသော တရားစကားကို။ န ဇာနာတိ၊ မသိ။ အမှာကံ၊ ငါတို့ အား။ အညံ ဓမ္မကထိကံ၊ တပါးသော ဓမ္မကထိကကို။ ဒေထာတိ၊ ပေးပါ ကုန်လော့ဟူ၍။ ဝဒိံသု၊ ဆိုကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝဒိံသု၊ ဆိုကုန်သနည်း။ သာမဏေရောပန၊ သာမဏေ သည်ကား။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတွာပိ၊ ရောက်၍လည်း။ တေသံ၊ ထိုဒါယကာတို့ အား။ ဓမ္မကထံ၊ တရားစကားကို။ နေ၀ ကထေသိ၊ မဟောရသေး။ ဣတိ-တသ္မာ၊ ထို့ကြောင့်။ ဝဒိံသု၊ ဆိုကုန်၏။

တဒါပန၊ ထိုအခါ၌ကား။ နံ၊ ထိုသာမဏေကို။ ဥပဇ္ဈာယော၊ ဥပ-ဇ္ဈာယ်သည်။ သာမဏေရ၊ သာမဏေ။ ကထံပန၊ အဘယ့်ကြောင့်။ သုခိတာ၊ ချမ်းသာကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်သနည်း။ ကထံပန၊ အဘယ့်ကြောင့်။ ဒုက္ခာ မုစ္စန္တိ၊ ဆင်းရဲမှ လွတ်ကုန်သနည်း။ ဣတိ၊ ဤသို့။ ဣမေသံ ဒွိန္နံပဒါနံ၊ ဤနှစ်ပုဒ်တို့၏။ အတ္ထံ၊ အနက်ကို။ နော၊ ငါတို့ အား။ ကထေဟိ၊ ဟောလော့။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ ထိုသာမဏေသည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပြီ။ ဣတိ၊ ဤသို့ ဝန်ခံလျက်။ စိတ္တဗီဇနိံ၊ ဆန်းကြယ်သောယပ်ကို။ ဂဟေတွာ၊ ယူ၍။ ဓမ္မာသနံ၊ တရားဟောပလ္လင်သို့။ အာရုယှ၊ တက်၍။ ပဉ္စဟိ နိကာ-ယေဟိ၊ နိကာယ် ငါးပါးတို့မှ။ အတ္ထဥ္စ၊ အကျိုးကို လည်းကောင်း။ ကာရဏဥ္စ၊ အကြောင်းကို လည်းကောင်း။ အာကဍ္ဎိတွာ၊ ဆွဲငင်၍။ ဃန-ဝဿံ၊ တခဲနက်သော မိုးသည်။ ဝဿန္တော၊ ရွာသည်ရှိသော်။ စာတုဒ္ဒီ-ပက မဟာမေဃောဝိယ၊ လေးကျွန်းလုံး၌ ရွာသော မိုးကြီးကဲ့သို့။ ခန္ဓ-ဓာတု အာယတန ဗောဓိပက္ခိယဓမ္မေ၊ ခန္ဓာ ဓာတ် အာယတန ဗောဓိပက္ခိ-ယတရားတို့ကို။ ဝိဘဇန္တော၊ ဝေဘန်လျက်။ အရဟတ္တကူဋေန၊ အရဟတ္တ-ဖိုလ်အထွတ်ဖြင့်။ ဓမ္မကထံ၊ တရားစကားကို။ ကထေတွာ၊ ဟော၍။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ သို့။ အရဟတ္တ ပတ္တဿ၊ အရဟတ္တဖိုလ်သို့ ရောက်သောသူအား။ သုခံ၊ ချမ်းသာခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တော ယေဝ၊ ရောက်သော သူ သာလျှင်။ ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စတိ၊ လွတ်၏။ သေသ ဇနာ၊ အရိယာမှ ကြွင်းသော ပုထုဇဉ်တို့သည်။ ဇာတိဒုက္ခာဒီဟိ စေဝ၊ ဇာတိဒုက္ခ စသည်တို့မှ လည်း ကောင်း။ နိရယဒုက္ခာဒီဟိစ၊ နိရယဒုက္ခ စသည်တို့မှ ၎င်း။ န ပရိမုစ္စန္တိ၊ မလွတ် ကုန်။ ဣတိ၊ ဤသို့ လျှောက်၏။

သာမဏေရ၊ သာမဏေ။ သာခု၊ ကောင်း၏။ တေ၊ သင်၏။ ပဋိ- ဘာဏော၊ ဆိုခြင်းသည်။ သုကထိတော၊ ကောင်းစွာ ဆိုခြင်းတည်း။ ဣဒါနိ၊ ယခုအခါ၌။ သရဘညံ၊ သရဘညကို။ ဘဏာဟိ၊ ရွတ်လော့။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုသာမဏေသည်။ သရဘညံပိ၊ ပါဠိရွတ်ခြင်း ကိုလည်း။ ဘဏိ၊ ဆို၏။ အရှဏော၊ အရှဏ်သည်။ ဥဂ္ဂစ္ဆန္တေ၊ တက်သည် ရှိသော်။ သာမဏေရဿ၊ သာမဏေ၏။ ဥပဋ္ဌာက မနုဿာ၊ အလုပ် အကျွေးလုပ်တို့သည်။ ဒွေဘာဂါ၊ နှစ်ဘို့ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန် ၏။ ကေစ္စေ၊ အချို့သော သူတို့သည်။ ဝတ၊ စင်စစ်။ နော၊ ငါတို့သည်။ ဣတော၊ ဤမှ။ ပုဗ္ဗေ၊ ရှေး၌။ ဝေရူပေါ၊ ဤသို့ သဘောရှိသော။ ကက္ခဠော၊ ခက်ထန်သောသူကို။ နဒိဋ္ဌပုဗ္ဗော၊ မမြင်စဘူး။ ဟိ၊ ထိုစကား သင့်စွ။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ဓမ္မကထံ၊ တရားစကားကို။ ဇာ- နန္တော၊ သိလျက်။ ဧတ္တကံ ကာလံ၊ ဤမျှကာလတိုင်အောင်။ မာတာ- ပိတုဋ္ဌာနေ၊ မိဘအရာ၌။ ဌတွာ၊ တည်၍။ ဥပဋ္ဌဟန္တာနံ၊ လုပ်ကျွေး ကုန်သော။ မနုဿာနံ၊ လူတို့အား။ ဧကံပိဓမ္မပဒံ၊ တခုသော တရား ပုဒ်ကိုလည်း။ ကထံနာမ၊ အဘယ်အကြောင်းကြောင့်။ န ကထေသိ၊ မဟောဘဲ နေလေဘိသနည်း။ ဣတိကုဇ္ဈိံသု၊ ဤသို့ အမျက်ထွက်ကုန်၏။ ကေစ္စေ၊ အချို့သော သူတို့သည်။ နော၊ ငါတို့သည်။ လာဘာဝတ၊ ရတော်ပေစွတကား။ ယေမယံ၊ အကြင်ငါတို့သည်။ ဝေရူပံ၊ ဤသို့ သဘော ရှိသော။ ဘဒန္တံ၊ ကောင်းသော။ ဂုဏံဝါ၊ ကျေးဇူးရှိသည်ကို လည်းကောင်း။ အဂုဏံဝါ၊ ကျေးဇူးမရှိသည်ကိုလည်းကောင်း။ အဇာနန္တာပိ၊ မသိကုန်ဘဲ လည်း။ ဥပဋ္ဌဟိမှ၊ လုပ်ကျွေးရကုန်၏။ ဣဒါနိ ဝ ယ၊ ယခုတမူကား။ အဿ၊ ထိုသာမဏေ၏။ သန္တိကေ၊ အထံ၌။ ဓမ္မံ၊ တရားကို။ သောတုံ၊ နာခြင်းငှါ။ လဘိမှာတိ၊ ရကုန်၏ဟူ၍။ တုဿိံသု၊ နှစ်သက်ကုန်၏။

သမ္မာသမ္ဗုဒ္ဓေါပိ၊ မြတ်စွာဘုရား သည်လည်း။ တံဒိဝသံ၊ ထိုနေ့၌။ ပစ္စူသသမယေ၊ မိုးသောက်ထအခါ၌။ လောကံ၊ ကျွတ်ထိုက်သောသတ္တဝါ

ကို။ ဝေါလောကေန္တော၊ကြည့်သည်ရှိသော်။ ဝနဝါသီ တိဿဿ၊ဝနဝါသီ တိဿ သာမဏေ၏။ ဥပဋ္ဌာကေ၊ အလုပ်အကျွေးတို့ကို။ အတ္တနော၊ ကိုယ်တော်၏။ ဉာဏဇာလဿ၊ ဉာဏ်တော်ကွန်ရက်၏။ အန္တော၊ အတွင်းသို့။ ပဝိဋ္ဌေ၊ဝင်လာသည်တို့ကို။ ဒိသွာ၊မြင်၍။ ကိံ နုခေါ ဘဝိဿတီတိ၊ အဘယ်သို့ ဖြစ်လတ္တံ့နည်းဟု။ အာဝဇ္ဇေန္တော၊ ဆင်ခြင်သည်ရှိသော်။ ဣမမတ္ထံ၊ ဤအကြောင်းကို။ ဥပဓာရေသိ၊ သိတော်မူ၏။ ဝနဝါသီ တိဿ သာမဏေရဿ၊ ဝနဝါသီ တိဿသာမဏေ၏။ ဥပဋ္ဌာကာ၊ အလုပ်အကျွေး ဖြစ်ကုန်သော။ ဧကစ္စေ၊ အချို့သောသူတို့သည်။ ကုဒ္ဒါ၊ အမျက်ထွက်ကုန်၏။ မယှံ ပုတ္တဿ၊ ငါ့သားဖြစ်သော။ သာမဏေရဿ ပန၊သာမဏေအားကား။ ကုဒ္ဒါ၊ အမျက်ထွက်သောသူတို့သည်။ နိရယ ဘာဂိနော၊ ငရဲအဘို့ ရှိကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ ဆင်ခြင်တော် မူလျက်။ တတ္ထ၊ ထိုအရပ်သို့။ မယာ၊ ငါဘုရားသည်။ ဂန္တဗ္ဗမေဝ၊ သွားအပ်သည်သာလျှင်တည်း။ မယိဂတေ၊ ငါကြွသည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေ၊ ထို ဒါယကာတို့သည်။ သာမဏေရေ၊ သာမဏေ၌။ မေတ္တစိတ္တံ၊ မေတ္တာစိတ်ကို။ ကတွာ၊ပွားစေ၍။ ဒုက္ခာ၊ ဆင်းရဲမှ။ မုစ္စိဿန္တိ၊ လွတ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့သိတော်မူ၏။

တေပိ မနုဿာ၊ ထိုလူတို့သည်လည်း။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ နိမန္တေတွာ၊ ဘိတ်၍။ ဂါမံ၊ ရွာသို့။ ဂန္တွာ၊ သွား၍။ မဏ္ဍပံ၊ မဏ္ဍပ်ကို။ ကာရေတွာ၊ ဆောက်၍။ ယာဂုဘတ္တာဒီနိ၊ ယာဂု ဆွမ်း စသည်တို့ကို။ သမ္ပာဒေတွာ၊ ပြည့်စုံစေ၍။ အာသနာနိ၊ နေရာတို့ကို။ ပညပေတွာ၊ ခင်း၍။ သံဃဿ၊ သံဃာ၏။ အာဂမနံ မဂ္ဂံ၊လာအံ့သောခရီးကို။ ဩလောကေန္တာ၊ ကြည့်ကုန်လျက်။ နိသီဒိံသု၊ နေကုန်၏။ ဘိက္ခူပိ၊ရဟန်းတို့သည်လည်း။ သရီရ ပဋိဇဂ္ဂနံ၊ ကိုယ်လက် သုတ်သင် ခြင်းကို။ ကတွာ၊ ၍။ ဘိက္ခာစာရဝေလာယ၊ဆွမ်းခံသွားအံ့သောအခါ၌။ ဂါမံ၊ရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ပဝိသန္တာ၊ဝင်ကုန်သည်ရှိသော်။ သာမဏေရံ၊ သာမဏေကို။ ပုစ္ဆိံသု၊ မေးကုန်၏။ တိဿ၊တိဿသာမဏေ။ အမှေဟိ၊ ငါတို့နှင့်။ သဒ္ဓိံ၊ တကွ။ အာဂမိဿသိကိံ၊ လိုက်လာအံ့လော။ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ပစ္ဆာ၊နောက်မှ။ အာဂမိဿသိကိံ၊လာအံ့လော။ ဣတိ၊ဤသို့ မေးကုန်၏။ မမ၊အကျွန်ုပ်၏။ ဂမန ဝေလာယမေဝ၊ သွားနေကျဖြစ်သော အခါ၌ သာလျှင်။ အာဂမိဿာမိ၊ လိုက်လာအံ့။ ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊

အရှင်ဘုရားတို့သည်။ ဂစ္ဆထ၊ ကြွလေကုန်လော့။ ဣတိ၊ ဤသို့ဆိုလတ်သော်။ ဘိက္ခူ၊ရဟန်းတို့သည်။ ပတ္တစီဝရံ၊ သပိတ်,သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ပဝိသိံသု၊ ဝင်ကုန်၏။

သတ္ထာ၊ ဘုရားသည်။ ဇေတဝနသ္မိံယေဝ၊ ဇေတဝန်ကျောင်းတော်၌သာလျှင်။ စီဝရံ၊သင်္ကန်းကို။ ပါရုပိတွာ၊ရုံ၍။ ပတ္တံ၊သပိတ်ကို။ အာဒါယ၊ ယူ၍။ ဧကစိတ္တက္ခဏေနေဝ၊ စိတ္တက္ခဏတခုဖြင့် သာလျှင်။ ဂန္တွာ၊ ကြွ၍။ ဘိက္ခူနံ၊ရဟန်းတို့၏။ ပုရတော၊ ရှေ့မှ။ ဌိတမေဝ၊ ရပ်လျက်သာလျှင်။ အတ္တာနံ၊ကိုယ်တော်ကို။ ဒဿေသိ၊ ပြ၏။ သမ္မာသမ္ဗုဒ္ဓေါ၊ ဘုရားသည်။ အာဂတော၊ ကြွလာ၏ဟု။ သကလဂါမော၊ ရွာအလုံးစုံသည်။ သံခုဘိတွာ၊ ချောက်ချား၍။ ဧကေ ကောလာဟလော၊ တပ္ပိုင်နက် အုတ်အုတ်ကျက်ကျက်သည်။ အဟောသိ၊ ဖြစ်၏။ မနုဿာ၊ လူတို့သည်။ ဥဒဂ္ဂစိတ္တာ၊ ဝမ်းမြောက်သောစိတ် ရှိကုန်သည် ဖြစ်၍။ ဗုဒ္ဓပမုခံ ဘိက္ခုသံဃံ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိသီဒါပေတွာ၊ နေစေ၍။ ယာဂုံဒတွာ၊ ယာဂုလှူပြီး၍။ ခဇ္ဇကံ၊ ခဲဘွယ်ကို။ အဒံသု၊ လှူကုန်၏။ သာမဏေရော၊ သာမဏေသည်။ ဘတ္တေ၊ ဆွမ်း ဘုန်းပေးခြင်းသည်။ အနိဋ္ဌိတေယေဝ၊ မပြီးမီလျှင်။ အန္တောဂါမံ၊ ရွာတွင်းသို့။ ပါဝိသိ၊ဝင်၏။ ဂါမဝါသိနော၊ ရွာသူရွာသားတို့သည်။ နီဟရိတွာ၊ ဆွမ်းကို ရွေးရှုဆောင်၍။ တဿ၊ ထိုသာမဏေအား။ သက္ကစ္စံ၊ ရိုသေစွာ။ ဘိက္ခံ၊ ဆွမ်းကို။ အဒံသု၊ လှူကုန်၏။ သော၊ ထိုသာမဏေသည်။ ယာပနမတ္တံ၊ မျှလောက်ရုံ။ ဂဟေတွာ၊ ယူ၍။ သတ္ထုသန္တိကံ၊ဘုရားအထံသို့။ ဂန္တွာ၊သွား၍။ ပတ္တံ၊သပိတ်ကို။ ဥပနာမေသိ၊ ကပ်၏။ သတ္ထာ၊ဘုရားသည်။ တိဿ၊တိဿ။ အာဟာရ၊ဆောင်ခဲ့လော့။ ဣတိ၊ဤသို့။ ဟတ္ထံ၊ လက်ကို။ ပသာရေတွာ၊ ဆန့်၍။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ တဝ၊ သင်၏။ သာမဏေရဿ၊ သာမဏေ၏။ ပတ္တံ၊ သပိတ်ကို။ ပဿ၊ မြင်၏လော။ ဣတိ၊ ဤသို့ မိန့်တော်မူလျက်။ ထေရဿ၊ သာရိပုတ္တရာအား။ ဒဿေသိ၊ ပြ၏။ ထေရော၊ မထေရ်သည်။ သတ္ထုဟတ္ထတော၊ ဘုရားလက်တော်မှ။ ပတ္တံ၊ သပိတ်ကို။ ဂဟေတွာ၊ ယူ၍။ သာမဏေရဿ၊ သာမဏေအား။ ဒတွာ၊ ပေး၍။ ဂစ္ဆ၊ သွားချေ။ အတ္တနော၊ မိမိ၏။ ပတ္တဋ္ဌာနေ၊ ရောက်သော နေရာ၌။ နိသီဒိတွာ၊ နေ၍။ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ ကရောဟိတိ၊ ပြုလေလော့ဟု။ အာဟ၊ မိန့်တော်မူ၏။

ဂါမဝါသိနော၊ ရွာသူတို့သည်။ ဗုဒ္ဓပမုခံ ဘိက္ခုသံဃံ၊ ဘုရား အမှူး ရှိသော ရဟန်းသံဃာကို။ ပရိဝိသိတွာ၊ ဆွမ်းကျွေး၍။ သတ္ထာရံ၊ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ အနုမောဒနံ၊ အနုမောဒနာကို။ ယာစိံသု၊ တောင်း ပန်ကုန်၏။ သတ္ထာ၊ ဘုရားသည်။ အနုမောဒနံ၊ အနုမောဒနာကို။ ကရောန္တော၊ ပြုတော်မူလျက်။ ဧဝံအာဟ၊ ဤသို့မိန့်တော်မူ၏။ ဥပါ-သကာ၊ ဒါယကာတို့။ ဝေါ၊ သင်တို့သည်။ လာဘာဝတ၊ ရတော်စွတ ကား။ ယေတုမှေ၊ အကြင်သင်တို့သည်။ အတ္တနော၊ မိမိ၏။ ကုလူပကံ၊ ဆရာဖြစ်သော။ သာမဏေရံ၊ သာမဏေကို။ နိဿာယ၊ မှီ၍။ သာရိပုတ္တံ၊ သာရိပုတ္တရာကို လည်းကောင်း။ မောဂ္ဂလာနံ၊ မောဂ္ဂလာန်ကို လည်း ကောင်း။ ကဿပံ၊ ကဿပကို လည်းကောင်း။ အနုရုဒ္ဓံ၊ အနုရုဒ္ဓါကို လည်း ကောင်း။ ဣတိ၊ ဤသို့ အစရှိကုန်သော။ အသီတိ မဟာသာဝကေ၊ ရှစ် ကျိပ်သော မဟာသာဝကတို့ကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ လဘထ၊ ရကုန်၏။ အဟံပိ၊ ငါဘုရားသည်လည်း။ တုမှာကံ၊ သင်တို့၏။ ကုလူ-ပကမေဝ၊ ဆရာဖြစ်သော သာမဏေကိုသာလျှင်။ နိဿာယ၊ မှီ၍။ အာ-ဂတော၊ လာ၏။ ဣမံ၊ ဤသာမဏေကို။ နိဿာယေဝ၊ မှီ၍သာလျှင်။ လဒ္ဓံ၊ ရအပ်သော။ ဗုဒ္ဓဒဿနံပိ၊ ဘုရားအား ဖူးမြင်ခြင်းကိုလည်း။ ဝေါ၊ သင်တို့သည်။ လာဘာဝတ၊ ရတော်ကုန်စွတကား။ ဝေါ၊ သင်တို့သည်။ သုလဒ္ဓံ၊ ကောင်းစွာရအပ်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ မနုဿာ၊ လူတို့ သည်။ စိန္တယိံသု၊ ကြံကုန်၏။ အမှာကံ၊ ငါတို့အား။ ဗုဒ္ဓါနမ္ဗေဝ၊ ဘုရားတို့ကို လည်းကောင်း။ ဘိက္ခုသံဃဿစ၊ ရဟန်းသံဃာကို လည်း ကောင်း။ လာဘာ၊ ရခြင်းသည်။ အဟော၊ အံ့ဘွယ်ရှိပေစွ။ အမှာကံ၊ တို့အား။ အာရာမနေသမတ္ထံ၊ နှစ်သက်ဘွယ်ကောင်းသော။ အယျံ၊ အရှင်ကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ လဘာမ၊ ရကုန်၏။ (ရကုန်အံ့, လည်းဟူ။) အဿ၊ ထိုအရှင်အား။ ဒေယျဓမ္မဉ္စ၊ လှူဘွယ်ဝတ္ထုကိုလည်း။ ဒါတုံ၊ လှူခြင်းငှါ။ လဘာမ၊ ရကုန်၏။ (ရကုန်အံ့, လည်းဟူ။) ဣတိ၊ ဤသို့။ သာမဏေရဿ၊ သာမဏေအား။ ကုဒ္ဓါ၊ အမျက်ထွက်ကုန်သော။ မနု-ဿာ၊ လူတို့သည်။ တုဿိံသု၊ နှစ်သက်ကုန်၏။ တုဋ္ဌာ နှစ်သက်ကုန်ပြီး သော။ မနုဿာ၊ လူတို့သည်။ ဘိယျောသောမတ္တာယ၊ ရွှေးထက်လွန်စွာ။ ပသီဒိံသု၊ ကြည်ညိုကုန်၏။ အနုမောဒနာဝသာနေ၊ အနုမောဒနာအဆုံး၌။

ဉ္ဈ။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာ ပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

သတ္ထာ၊ ဘုရားသည်။ ဥဋ္ဌာယာသနာ၊ နေရာမှ ထတော်မူ၍။ ပက္ကာမိ၊ ကြွ၏။ မနုဿာ၊ လူတို့သည်။ သတ္ထာရံ၊ ဘုရားကို။ အနုဂန္တွာ၊ ပို့လိုက်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိဝတ္တိံသု၊ ပြန်လေကုန်၏။ သတ္ထာ၊ ဘုရားသည်။ သာမဏေရေန၊ သာမဏေနှင့်။ သဒ္ဓိံ၊ တကွ။ ဂစ္ဆန္တော၊ သွားစဉ်။ သာမဏေရ၊ သာမဏေ။ အယံ ပဒေသော၊ ဤအရပ်သည်။ ကောနာ-မော၊ အဘယ်အမည် ရှိသနည်း။ အယံ ပဒေသော၊ သည်။ ကောနာမော၊ နည်း။ ဣတိ၊ ဤသို့။ ပုဗ္ဗေ၊ ဉ္ဈ။ တဿ၊ ထိုသာမဏေအား။ ဥပါသကေန၊ သည်။ ဒဿိတ ပဒေသေ၊ ညွှန်ပြသော အရပ်တို့ကို။ မနုဿရေန၊ သာယာ သောအသံဖြင့်။ ပုစ္ဆန္တော၊ လျက်။ အဂမာသိ၊ လေ၏။ သာမဏေ-ရောပိ၊ သည်လည်း။ ဘန္တေ၊ အရှင်ဘုရား။ အယံ၊ ဤအရပ်သည်။ ဣတ္ထန္နာမော၊ ဤအမည်ရှိ၏။ အယံ၊ ဤအရပ်သည်။ ဣတ္ထန္နာမော၊ ဤအမည်ရှိ၏။ ဣတိ၊ သို့။ အာစိက္ခမာနော၊ ကြားလျက်သာလျှင်။ အဂမာသိ၊ သွား၏။ သတ္ထာ၊ ဘုရားသည်။ တဿ၊ ထိုတိဿ၏။ ဝသန-ဋ္ဌာနံ၊ နေရာအရပ်သို့။ ဂန္တွာ၊ ရောက်၍။ ပဗ္ဗတ မတ္ထကံ၊ တောင်ထိပ်သို့။ အဘိရူဟိ၊ တက်၏။ တတ္ထ၊ ထိုတောင်ထိပ်၌။ ဌိတာနံပန၊ နေသော သူတို့ အားကား။ မဟာသမုဒ္ဒေါ၊ မဟာသမုဒ္ဒရာသည်။ ပညာယတိ၊ ထင်၏။ သတ္ထာ၊ ဘုရားသည်။ သာမဏေရံ၊ သာမဏေကို။ ပုစ္ဆိ၊ မေး၏။ တိဿ၊ တိဿသာမဏေ။ ပဗ္ဗတ မတ္ထကေ၊ တောင်ထိပ်၌။ ဌိတော၊ ရပ်လျက်။ ဣတောစိတောစ၊ ထိုမှဤမှလည်း။ ဩလောကေတွာ၊ ကြည့်၍။ ကိံ၊ အဘယ်ကို။ ပဿသိ၊ မြင်သနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင် ဘုရား။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာကို။ ပဿာမိ၊ ၏။ ဣတိ၊ ဤသို့ လျှောက်၏။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာကို။ ဒိသွာ၊ မြင်၍။ ကိံ၊ အဘယ် သို့။ စိန္တေသိ၊ ကြံသနည်း။ ဣတိ၊ ဤသို့မေး၏။ မမ၊ အကျွန်ုပ်အား။ ဒုက္ခိတ ဒုက္ခိတ ကာလေ၊ အလွန်ဆင်းရဲ အလွန်ဆင်းရဲသော အခါ၌။ ရော-ဒန္တဿ၊ ငိုသည်ရှိသော်။ စတုဟိမဟာသမုဒ္ဒေဟိ၊ လေးခင်းကုန်သော သမုဒ္ဒရာ ရေတို့ထက်။ အတိရေက တရေန၊ အထူးသဖြင့်လွန်သော။ အဿု-နာ၊ မျက်ရည်သည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣတိ-ဣဒံ၊ ဤအခြင်းအရာကို။ စိန္တေသိ၊ ကြံမိ၏။ ဣတိ၊ ဤသို့လျှောက်၏။

တိဿ၊ တိဿသာမဏေ။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ တေ၊ ဤသို့ ကြံခြင်းသည်။ ဝေ၊ အမှန်သာလျှင် ဖြစ်၏။ ဟိ၊ ထိုစကားသင့်စွ။ ကေကာဃ သတ္တဿ၊ တယောက် တယောက်သော သတ္တဝါ၏။ ဒုက္ခိတ-ကာလေ၊ အလွန်ဆင်းရဲသော အခါ၌။ ပဂ္ဃရိတအဿုနိ၊ ယိုစီးသောမျက်ရည်တို့သည်။ စတူဟိ မဟာသမုဒ္ဒေဟိ၊ သမုဒြာ လေးစင်းရေတို့ထက်။ အတိရေကတရာနေဝ၊ အထူးသဖြင့် များကုန်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဣဒ္ဒဥပန၊ ဤစကားကိုလျှင်။ ဝတွာ၊ မိန့်၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

သမ္မ၊ ကောင်းသော သဘောရှိသော သာမဏေ။ ဒုက္ခေန၊ ဆင်းရဲခြင်းဖြင့်။ ဖုဋ္ဌဿ၊ တွေ့သော။ နရဿ၊ သတ္တဝါအား။ သောစနာ၊ စိုးရိမ်ခြင်းကြောင့်ဖြစ်သော မျက်ရည်တို့သည်။ စတူသု သမုဒ္ဒေသု၊ သမုဒြာလေးစင်းတို့၌။ ဇလံ၊ ရေသည်။ ပရိတ္တကံ၊ နည်း၏။ တတော၊ ထို့ထက်။ အနပ္ပကံ၊ အတိုင်းမသိသော။ အဿုဇလံ၊ မျက်ရည်သည်။ ဗဟုံ၊ များ၏။ ကိံကာရဏာ၊ အဘယ်အကြောင်းကြောင့်။ တုဝံ၊ သင်သည်။ ပမဇ္ဇသိ၊ မေ့လျော့ဘိသနည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုသာမဏေကို။ ပုန၊ တဖန်။ ပုစ္ဆိ၊ မေး၏။ တိဿ၊ တိဿ။ ကဟံ၊ အဘယ်အရပ်၌။ ဝသတိ၊ နေသနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဣမသ္မိံ ပဗ္ဗာရေ၊ ဤတောင်ဝှမ်း၌။ ဝသာမိ၊ နေ၏။ ဣတိ၊ ဤသို့လျှောက်၏။ တတ္ထပန၊ ထိုတောင်ခေါင်း၌ကား။ ဝသန္တော၊ နေစဉ်။ ကိံ၊ အဘယ်သို့။ စိန္တေသိ၊ ကြံသနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အကျွန်ုပ်သည်။ မရန္တေန၊ သေသဖြင့်။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ကတဿသရီရ နိက္ခေ-ပဿ၊ ကိုယ်စိတ်ပစ်ခြင်းကို ပြုခြင်း၏။ ပရိစ္ဆေဒေါ၊ အပိုင်းအခြားသည်။ နတ္ထီတိ၊ မရှိဟူ၍။ စိန္တေသိံ၊ ကြံမိပါ၏။ ဣတိ၊ ဤသို့ လျှောက်၏။ တိဿ၊ တိဿ။ သာဓုသာဓု၊ ကောင်းစွ ကောင်းစွ။ တိဿ၊ တိဿ။ တေ၊ ဤသို့ဖြစ်ခြင်းသည်။ ဝေ၊ ကြံတိုင်းမှန်၏။ ဟိ၊ ထိုစကားသင့်စွ။ ဣမေသံ သတ္တာနံ၊ ဤသတ္တဝါတို့၏။ ပထဝိယံ၊ မြေ၌။ ဥပ္ပဇ္ဇိတွာ၊ အိပ်၍။ အမတဋ္ဌာနံနာမ၊ သေရာမဟုတ်သော အရပ်မည်သည်။ နတ္ထီတိ၊ မရှိဟု။ ဝတွာ၊ မိန့်တော်မူ၍။

အသ္မိံ ပဒေသေ၊ ဤအရပ်၌။ ဥပဿာဠကဿ နာမာနိ၊ ဥပဿာဠက အမည် ချည်းတွင်ကုန်သော။ စတုဒ္ဒသ သဟဿာနိ၊ တသောင်းလေးထောင် သော အကောင်တို့ကို။ ဒဍ္ဍာနိ၊ သင်္ဂြိုဟ်အပ်ကုန်၏။ လောကေ၊ လောက ၌။ အနာမတံ၊ မသေဘူးသော အရပ်မည်သည်။ နတ္ထိ၊ ဂရှိ။

ယမှိ၊ အကြင်အရပ်၌။ သစ္စဉ္စ၊ သစ္စာလေးပါး သည်လည်းကောင်း။ ဓမ္မော စ၊ လောကုတ္တရာ တရားသည်လည်းကောင်း။ အဟိံသာ စ၊ မညှဉ်း ဆဲခြင်းသည်လည်းကောင်း။ သံယမော စ၊ ဆုံးမခြင်းသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တံ၊ ဤအရပ်ကို။ အရိယာ၊ သူတော်ကောင်းတို့သည်။ သေဝန္တိ၊ မှီဝဲကုန်၏။ လောကေ၊ လောက၌။ တံ ဌေသော၊ ဤအရပ် သည်။ အနာမတံ၊ မသေဘူးသောအရပ်တည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ ၏။ ။(နိဗ္ဗာန်တည်းဟူသောအရပ်ကို ယူ)

ဒုကနိပါတေ၊ ဒုကနိပါတ်၌။ ဣမံ ဥပဿာဠကဇာတကံ၊ ဤဥပဿာ- ဠကဇာတ်ကို။ ကထေသိ၊ ဟော၏။ ဣတိ၊ ဤသို့။ ပထဝိယံ၊ မြေ၌။ သရီရ နိက္ခေပံ၊ ကိုယ်ကိုပစ်ချခြင်းကို။ ကတွာ၊ ပြု၍။ မရန္တေသု၊ သေကုန် သောသူတို့တွင်။ အမတပုဗ္ဗပဒေသေ၊ မသေဘူးသောအရပ်၌။ မရန္တော- နာမ၊ သေသောသူမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ ဆိုငြားအံ့။ ပန၊ မသေဘူးသောအရပ်၌ သေဘူးသည်ကိုဆိုဦးအံ့။ အာနန္ဒတ္ထေရော၊ အာနန္ဒာ နှင့်တူသော သူတို့သည်။ အမတပုဗ္ဗပဒေသေ၊ မသေဘူးသော အရပ်၌။ ပရိနိဗ္ဗာယန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်၏။

အာနန္ဒတ္ထေရော၊ အာနန္ဒာမထေရ်သည်။ ဝီသ ဝဿ သတိက ကာလေ၊ အသက် တရာ့နှစ်ဆယ်ရှိသော အခါ၌။ အာယုသင်္ခါရံ၊ အာယုသင်္ခါရကို။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ ပရိက္ခီဏဘာဝံ၊ ကုန်သည်၏အ ဖြစ်ကို။ ဉတွာ၊ သိ၍။ ဣတော၊ ဤနေ့မှ။ သတ္တမေ ဒိဝသေ၊ ခုနစ် ရက်မြောက်သောနေ့၌။ ပရိနိဗ္ဗာယိဿာမိတိ၊ ပရိနိဗ္ဗာန်ပြုအံ့ဟူ၍။ အာ- ရောစေသိ ကိရ၊ သတင်း။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား ၍။ ရောဟိနီ နဒိယာ၊ ရောဟိနီမြစ်၏။ ဥဘယ တီရဝါသိကေသု၊ ကမ်း နားနှစ်ဘက်၌ နေကုန်သော။ မနုဿေသု၊ လူတို့တွင်။ ဩရိမ တီရ ဝါ- သိကာပိ၊ ဤမှာဘက်ကမ်းနား၌ နေကုန်သော လူတို့သည်။ မယံ၊ ငါတို့ သည်။ ထေရဿ၊ မထေရ်အား။ ဗဟူပကာရာ၊ များသောကျေးဇူးရှိ ကုန်၏။ အမှာကံ၊ ငါတို့၏။ သန္တိကေ၊ အထံ၌။ ပရိနိဗ္ဗာယိဿတိ၊

ပရိနိဗ္ဗာန်ပြုလတ္တံ့။ ဣတိ ဝဒိံသု၊ ဤသို့ ဆိုကုန်၏။ ပရတီရ ဝါသိကာပိ၊ ထိုမှာဘက်ကမ်း၌နေကုန်သော လူတို့သည်။ မယံ၊ ငါတို့သည်။ ထေရဿ၊ မထေရ်အား။ ဗဟူပကာရာ၊ ကျေးဇူးများကုန်၏။ အမှာကံ၊ ငါတို့၏။ သန္တိကေ၊ အထံ၌။ ပရိနိဗ္ဗာယိဿတိ၊ ပရိနိဗ္ဗာန်ပြုလတ္တံ့။ ဣတိ ဝဒိံသု၊ ဤသို့ ဆိုကုန်၏။ ထေရော၊ မထေရ်သည်။ တေသံ၊ ထိုလူတို့၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဥဘယ တီရဝါသိနော၊ နှစ်ဘက်ကမ်းတို့၌ နေကုန်သော လူတို့သည်။ မယှံ၊ ငါ့အား။ အနုပကာရာ၊ ကျေးဇူးမရှိကုန်။ ဣတိ၊ ဤသို့၊ ဝတ္တုံ၊ ဆိုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ အဟံ၊ ငါသည်။ ဩရိမ တီရေ၊ ဤမှာဘက်ကမ်းနား၌။ သစေပရိနိဗ္ဗာယိဿာမိ၊ အကယ်၍ ပရိနိဗ္ဗာန်ပြုသည်ဖြစ်အံ့။ ပရတီရ ဝါသိနော၊ ထိုမှာဘက်၌ နေကုန်သောလူတို့သည်။ ဓာတုဂ္ဂဟဏတ္ထံ၊ ဓာတ်တော်ကိုယူခြင်းငှါ။ တေဟိ၊ ထိုလူတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကလဟံ၊ ငြင်းခုံခြင်းခိုက်ရန်ကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။

ပရတီရေ၊ ထိုမှာဘက်ကမ်း၌။ သစေ ပရိနိဗ္ဗာယိဿာမိ၊ အကယ်၍ ပရိနိဗ္ဗာန်ပြုသည်ဖြစ်အံ့။ ဩရိမ တီရ ဝါသိနောပိ၊ ဤမှာဘက်ကမ်း၌ နေကုန်သော လူတို့သည်လည်း။ တထာ၊ ထို့အတူ။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ ကလဟော၊ ငြင်းခုံခြင်း ခိုက်ရန်သည်။ ဥပ္ပဇ္ဇမာနောပိ၊ ဖြစ်သော်လည်း။ မံ၊ ငါ့ကို။ နိဿာယေဝ၊ မှီ၍သာလျှင်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ ဝူပသမမာနောပိ၊ ရန်ငြိမ်းသော်လည်း။ မံ၊ ငါ့ကို။ နိဿာယေဝ၊ မှီ၍သာလျှင်။ ဝူပသမိဿတိ၊ ရန်ငြိမ်းလတ္တံ့။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ ဩရိမတီရ ဝါသိနောပိ၊ ဤမှာဘက်၌ နေကုန်သော လူတို့သည်လည်း။ မယှံ၊ ငါ့အား။ ဥပကာရော၊ ကျေးဇူးများကုန်၏။ ပရတီရ ဝါသိနောပိ၊ ထိုမှာဘက်၌ နေကုန်သော လူတို့သည်လည်း။ မယှံ၊ ငါ့အား။ ဥပကာရာ၊ ကျေးဇူးများကုန်၏။ အနုပကာရာ၊ ကျေးဇူးမရှိကုန်သည်။ နတ္ထိ၊ မရှိ။ ဩရိမ တီရဝါသိနော၊ ဤမှာဘက်ကမ်း၌ နေကုန်သော လူတို့သည်။ ဩရိမတီရေယေဝ၊ ၌သာလျှင်။ သန္နိပတန္တု၊ စည်းဝေးစေကုန်သတည်း။ ပရတီရ ဝါသိနောပိ၊ ထိုမှာဘက် ၌နေကုန်သော လူတို့သည်လည်း။ ပရတီရေယေဝ၊ ထိုမှာဘက်၌ သာလျှင်။ သန္နိပတန္တု၊ စည်းဝေးစေကုန်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။ တတော၊ ထို့နောင်မှ။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သော နေ့၌။ မဇ္ဈေ နဒိယာ၊ မြစ်လယ်၌။ သတ္တတာလပမာ-

ဏေ၊ ထန်းခုနစ်ဆင့် အတိုင်းအရှည်ရှိသော။ အာကာသေ၊ ကောင်းကင်၌။ ပလ္လင်္ကေန၊ ထက်ဝယ်ဖွဲ့ခွေခြင်းဖြင့်။ နိသီဒိတွာ၊ နေ၍။ မဟာဇနဿ၊ လူအပေါင်းအား။ ဓမ္မံ ကထေတွာ၊ တရားဟော၍။ မမ၊ ငါ၏။ သရီရံ၊ ကိုယ်သည်။ မဇ္ဈောဘိင်္ဂိတွာ၊ ထက်ခြမ်းကွဲ၍၊ ဧကောဘာဂေါ၊ ထက်ဝက် အဘို့ရှိသော ကိုယ်တခြမ်းသည်။ ဩရိမ တီရေ၊ ဤမှာဘက်၌။ ပတတု။ ကျစေသတည်း။ ဧကောဘာဂေါ၊ ထက်ဝက်အဘို့ရှိသော ကိုယ်တခြမ်း သည်။ ပရတီရေ၊ ထိုမှာဘက်၌။ ပတတု၊ ကျစေသတည်း။ ဣတိ အဓိဋ္ဌာယ၊ ဤသို့ အဓိဋ္ဌာန်ခြင်းဖြင့်။ ယထာ နိသိန္နောဝ၊ ထိုင်လျက်သာလျှင်။ တေဇောဓာတုံ၊ တေဇောဓာတ်ကို။ သမာပဇ္ဇိ၊ ဝင်စား၏။ ဇာလာ၊ မီးလျှံတို့သည်။ ဥဋ္ဌဟိံသု၊ တက်ကုန်၏။ သရီရံ၊ ကိုယ်သည်။ မဇ္ဈောဘိဇ္ဇိ-တွာ၊ အလယ်၌ ထက်ခြမ်းကွဲ၍။ ဧကော ဘာဂေါ၊ တခုသော အဘို့သည်။ ဩရိမ တီရေ၊ ဤမှာဘက်၌။ ပတိ၊ ကျ၏။ ဧကော ဘာဂေါ၊ တခုသော အဘို့သည်။ ပရတီရေ၊ ထိုမှာဘက်၌။ ပတိ၊ ကျ၏။ တတော၊ ထို့နောင်မှ။ မဟာဇနော၊ လူအများသည်။ ပရိဒေဝိ၊ ငိုကြွေး၏။ ပထဝိ ဥန္ဒြိယနသဒ္ဒေါ၊ ဝိယ၊ မြေလျှင်ဟီးသံကဲ့သို့။ အာရောဒနသဒ္ဒေါ၊ ငိုကြွေးသော အသံသည်။ အဟောသိ၊ ဖြစ်၏။

သတ္ထု၊ ဘုရားသဗ္ဗညု၏။ ပရိနိဗ္ဗာနေ- ပရိနိဗ္ဗာန်စံတော်မူရာ၌။ အာရောဒန သဒ္ဒတောပိ၊ ငိုကြွေးသော အသံထက်လည်း။ ကာရုညတရော၊ အထူးသဖြင့် သနားဘွယ်ကောင်း၏။ မနုဿာ၊ လူတို့သည်။ စတ္တာရောမာသေ၊ လေးလတို့ပတ်လုံး။ ရောဒန္တာ၊ ငိုကြွေးကုန်လျက်။ ပရိဒေဝန္တာ၊ မြည်တမ်းကုန်လျက်။ သတ္ထု၊ ဘုရား၏။ ပတ္တစီဝရဂါဟကော၊ သပိတ်သင်္ကန်းကို ဆောင်ယူတတ်သော သူသည်။ တိဋ္ဌန္တေ၊ ထင်ရှားတည်ပါသည် ရှိသော်။ သတ္ထုဋ္ဌိတ ကာလေ ဝိယ၊ ဘုရားထင်ရှားရှိသော အခါကဲ့သို့။ နော၊ ငါတို့အား။ အဟောသိ၊ ဖြစ်၏။ ဣဒါနိ၊ ယခုအခါ၌။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာဖြစ်သောဘုရား အာနန္ဒာသည်။ ပရိနိဗ္ဗုတော-တိ၊ ပရိနိဗ္ဗာန်ပြုခဲ့ပြီဟု။ ဝိပ္ပလပန္တာ၊ ယောင်ယမ်း ကုန်လျက်။ ဝိရဝန္တာ၊ မြည်တမ်းငိုကြွေးကုန်လျက်။ ဝိစာရိံသု၊ သွားလာကုန်၏။ ဣတိ၊ ဤကား အာနန္ဒာ၏ ပရိနိဗ္ဗာန်ယူခြင်းတည်း။

ပုန၊ တဘန်။ သတ္ထာ၊ ဘုရားသည်။ သာမဏေရံ၊ သာမဏေကို။ ပုစ္ဆိ၊ မေး၏။ တိဿ၊ တိဿ သာမဏေ။ ဣမသ္မိံ ဝနသဏ္ဍေ၊ ဤတော

အုပ်၍။ ဒီပိ အာဒီနံ၊ သစ်အစရှိသော သတ္တဝါတို့၏။ သဒ္ဒေန၊ အသံဖြင့်။ ဘာယသိ၊ ကြောက်သလော။ န ဘာယသိ၊ မကြောက်သလော။ ဣတိ၊ ဤသို့မေး၏။ ဘဂဝါ၊ ဘုန်းတော်ကြီးသော ဘုရား။ န ဘာယာမိ၊ မကြောက်။ အပိစခေါပန၊ စင်စစ်မူကား။ မေ၊ အကျွန်ုပ်အား။ ဧတေသံ၊ ဤသတ္တဝါတို့သည်။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ ဝနရတိနာမ၊ တော၌ မွေ့လျော်ခြင်း မည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့လျှောက်ခြင်း ကြောင့်။ သဋ္ဌိမတ္တာဟိ ဂါထာဟိပန၊ ခြောက်ဆယ်အတိုင်းအရှည် ရှိသော ဂါထာတို့ဖြင့်ကား။ ဝနဝဏ္ဏံနာမ၊ တော၏ကျေးဇူးမည်သည်ကို။ ကထေသိ၊ ဟောတော်မူ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသာမဏေကို။ သတ္ထာ၊ ဘုရားသည်။ တိဿာတိ၊ တိဿဟူ၍။ အာမန္တေသိ၊ ခေါ်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေး၏။ မယံ၊ ငါတို့သည်။ ဂစ္ဆာမ၊ သွားကုန် အံ့။ တွံ၊ သင်သာမဏေသည်။ ဂမိဿသိ၊ လိုက်အံ့လော။ နိဝတ္တိဿသိ၊ နေရစ်အံ့လော။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မယှံ၊ အကျွန်ုပ်၏။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်သည်။ မံ၊ တပည့်တော်ကို။ အာဒါ-ယ၊ ခေါ်၍။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ အဂမိဿာမိ၊ လိုက်ပါအံ့။ နိဝတ္တန္တော၊ နေရစ်စေလိုသည်ရှိသော်။ နိဝတ္တိဿာမိ၊ နေရစ်ပါအံ့။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခုသံဃေန၊ ရဟန်းသံဃာ နှင့်။ သဒ္ဓိံ၊ တကွ။ ပက္ကာမိ၊ဖဲ၏။ သာမဏေရဿ ပန၊ သာမဏေ၏ ကား။ အဇ္ဈာသယော၊ အလိုသည်။ နိဝတ္တိတုကာမော၊ နေရစ်လို၏။ ထေရော၊ မထေရ်သည်။ ဥတွာ၊ သိ၍။ တံ၊ ထိုသာမဏေကို။ တိဿ၊ တိဿ၊ သစေပိ နိဝတ္တိတုကာမော၊ အကယ်၍ နေရစ်လိုသည်ဖြစ်ငြားအံ့။ နိဝတ္တာဟီတိ၊ နေရစ်လေလော့ဟု။ အာဟ၊ ဆို၏။ သော၊ ထိုသာမဏေ သည်။သတ္ထာရဥ္စ၊ ဘုရားကိုငင်း။ ဘိက္ခုသံဃဉ္စ၊ ရဟန်းသံဃာကိုငင်း။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိဝတ္တိ၊ နေရစ်၏။ သတ္ထာ၊ ဘုရားသည်။ ဇေတဝန-မေဝ၊ ဇေတဝန်ကျောင်းသို့ သာလျှင်။ အဂမာသိ၊ ရောက်တော်မူ၏။

ဘိက္ခူနံ၊ ရဟန်းတို့အား။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထာ၊ စကားသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဝနဝါသီ တိဿ သာမဏေရော၊ ဝနဝါသီ တိဿသာမဏေသည်။ ဝတကေန္တေန၊ စင်စစ်အားဖြင့်။ အဒဟာ-ဒုက္ကရံ၊ ပြော်ပြုနိုင်ခဲသောအမှုကို။ ကရောတိ၊ ပြု၏။ ပဋ္ဌိသန္ဓိ ဂဟဏ-တော ပဋ္ဌာယ၊ ပဋိသန္ဓေနေသော အခါမှစ၍။ အဿ၊ ထိုသာမဏေ၏။

ဉာတကာ၊ ဆွေမျိုးပေါက်ဖော်တို့သည်။ သတ္တသု မင်္ဂလေသု၊ မင်္ဂလာခုနစ်ပါးတို့၌။ ပဉ္စန္နံ ဘိက္ခုသတာနံ၊ ငါးရာသော ရဟန်းတို့အား။ အပ္ပေါဒကမဓုပါယာသ မေဝ၊ ရေမရှိသော နို့ဃနာဆွမ်းကိုသာလျှင်။ အဒံသု၊ လှူကုန်၏။ ပဗ္ဗဇိတ ကာလေ၊ ရဟန်းပြုသော အခါ၌။ အဋ္ဌမေ ဝိဟာရေ၊ ကျောင်းတွင်း၌။ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာအား။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တို့ပတ်လုံး။ အပ္ပေါဒကမဓုပါယာသမေဝ၊ ရေမရောသော နို့ဃနာဆွမ်းကိုလျှင်။ အဒံသု၊ လှူကုန်၏။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။ အဋ္ဌမေဒိဝသေ၊ ရှစ်ရက်မြောက်သော နေ့၌။ အန္တောဂါမံ၊ ရွာတွင်းသို့။ ပဝိသန္တော၊ ဝင်သည်ရှိသော်။ ဒွိဟောဝ ဒိဝသေဟိ၊ နှစ်ရက်တို့ဖြင့်သာလျှင်။ သာဒ္ဓက သဟဿေန၊ ပုဆိုးတထောင်နှင့်။ သဒ္ဓိံ၊ တကွ။ ပိဏ္ဍပါတသဟဿံ၊ ဆွမ်းတထောင်ကို။ လဘိ၊ ရ၏။ ပုန၊ တဖန်။ ကေဒိဝသံ၊ တနေ့သ၌။ ကမ္ဗလ သဟဿံ၊ ကမ္ဗလာတထောင်ကို။ လဘိ၊ ရ၏။ ဣတိ၊ ဤသို့။ အဿ၊ ထိုသာမဏေ၏။ ဣမ၊ ဤအရပ်၌။ ဝသန ကာလေ၊ နေသောအခါ၌။ မဟာလာဘသက္ကာရော၊ များစွာသော လာဘ်ပူဇော်သက္ကာသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ ဣဒါနိ၊ ယခုအခါ၌။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ လာဘသက္ကာရံ၊ လာဘ်ပူဇော်သက္ကာကို။ ဆဍ္ဍေတွာ၊ စွန့်၍။ အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ မိဿကာဟာရေန၊ နှောအပ်သော အစာဖြင့်။ ယာပေတိ၊ မျှ၏။ သာမဏေရော၊ သာမဏေသည်။ ဒုက္ကရကာရကော ဝတ၊ ပြုနိုင်ခဲသော အမှုကို ပြုလေစွ။ ဣဘိ၊ ဤသို့ ဆိုကုန်၏။

သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣဘိပုစ္ဆိတွာ၊ ဤသို့ မိန့်တော်မူခြင်းကြောင့်။ ဣမာယနာမာတိ၊ ဤမည်သော စကားကြောင့် တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ပြုနိုင်ခဲသောအမှုကို ပြုသည်မှန်၏။ သော လာဘူပနိသာနာမ၊ ဤ လာဘ်ရေအံ့ဟု လာဘ်ကို မှီ၍ ဖြစ်သောသူ၏ ဓုတင် စသော အကျင့်သည်။ အညာ၊ တပါးတည်း။ နိဗ္ဗာနဂါမိနီပဋိပဒါ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်သော အကျင့်သည်။ အညာ၊ တပါးတည်း။ ဧဝံ၊ ဤသို့ ကျင့်သည် ရှိသော်။ လာဘံ၊ လာဘ်ကို။ လဘိဿာမိတိ၊ ရအံ့ဟူ၍။ အာရညကာဒိ

ဓုတင် သမာဒါန ဝသေန၊ အရညကင်စသော ဓုတင်ကို ဆောက်တည်သည်၏ အစွမ်းဖြင့်။ လာဘူပနိသံ၊ လာဘ်ရအံ့ဟု လာဘ်ကိုမှီ၍ ကျင့်သော ဓုတင် စသော အကျင့်ကို။ *ကရောန္တဿ ဘိက္ခုနော၊ ပြုသောရဟန်းအား။ စတ္တာရော အပါယာ၊ အပါယ်လေးဘုံတို့သည်။ ဝိဝဋဒွါရာဝ၊ တခါး ဟင်းလင်း ပွင့်ကုန်၍သာလျှင်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ နိဗ္ဗာနဂါမိနိယာ၊ နိဗ္ဗာန်သို့ ရောက်စေခြင်းငှါ။ ပဋိပဒါယပန၊ အကျင့်၌ကား။ ဉပ္ပန္နံ လာဘသက္ကာရံ၊ ဖြစ်သော လာဘ်ပူဇော်သက္ကာကို။ ပဟာယ၊ ပယ်၍။ အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ ဃဋ္ဋေန္တော၊ စေ့ဆော်သည်ရှိသော်။ ဝါယမန္တော၊ လုံ့လပြုသည်ရှိသော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှိ၊ ယူ၏။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋ္ဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၇၅။ ဘိက္ခဝေ၊ ရဟန်းတို့။ လာဘူပနိသာ၊ လာဘ်ရအံ့ဟု လာဘ်ကို မှီ၍ ကျင့်သောသူ၏ ဓုတင် စသော အကျင့်သည်။ အညာဟိ၊ တပါးလျှင် တည်း။ နိဗ္ဗာနဂါမိနီ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်သည်။ အညာဟိ၊ တပါးလျှင်တည်း။ ဧဝံ၊ ဤသို့ တူသောအားဖြင့်။ ဧတံ၊ အကျင့် ဤနှစ်ပါးကို။ အဘိညာယ၊ သိ၍။ ဗုဒ္ဓဿ၊ ဘုရား၏။ သာဝကော ဘိက္ခု၊ တပည့်ဖြစ်သော ရဟန်းသည်။ သက္ကာရံ၊ လာဘ်ပူဇော်သက္ကာ အထူးကို။ နာဘိနန္ဒေယျ၊ အလွန် မနှစ်သက် မတောင့်တရာ။ ဝိဝေကံ၊ အခြွေအရံ ဟူသော အပေါင်းအဘော်, ကာမဂုဏ်ဟူသော အပေါင်းအဘော်, သခ်ါရ ဟူသော အပေါင်းအဘော်၌ မွေ့လျော်ခြင်းကို ကြဉ်ခြင်း, ဖျောက်ခြင်း တည်းဟူသော ကာယ ဝိဝေက စသော သုံးပါးသော ဝိဝေကကို။ အနုဗြူဟယေ၊ အစဉ်အတိုင်း ပွားစေရာ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အညာ ဟိ လာဘူပနိသာ၊ အညာ နိဗ္ဗာနဂါမိနီတိ၊ အညာ နိဗ္ဗာနဂါမိနီဟူသည်ကား။ သော လာဘူပနိသာနာမ၊ ဤလာဘ် ရအံ့ဟု လာဘ်ကိုမှီ၍ ကျင့်သောသူ၏ ဓုတင်စသော အကျင့်သည်။ အညာဝေ၊ တပါးလျှင်တည်း။ နိဗ္ဗာနဂါမိနီ ပဋိပဒါ၊ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်သော အကျင့်သည်။ အညာဝေ၊ တပါးလျှင်တည်း။ ဟိ၊ သင့်စွ။

* ရက္ခန္တဿ ဘိက္ခုနော (ဆဠ)

လာဘူပနိသာနမ်၊ လာဘ်ကိုဖြစ်စေတတ်သော။ ဘိက္ခုနာ၊ ရဟန်းသည်။ အကုသလကမ္မံ၊ အကုသိုလ်ကံကို။ ထောကံ၊ ငယ်၊ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ကာယဝင်္ကာဒီနိ၊ ကိုယ်ဖြင့် ကောက်ခြင်း စသည်တို့ကို။ ကာတဗ္ဗာနိ၊ ပြုအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ ယသ္မိံ ကာလေ၊ အကြင်အခါ၌။ ကာယဝင်္ကာဒီသု၊ ကာယဝင် စသည်တို့တွင်။ ကိဉ္စိ၊ အမှတ်မဲ့တပါးပါးကို။ ကရောတိ၊ ပြု၏။ တဒါ၊ ထိုအခါ၌။ လာဘော၊ လာဘ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဟိ၊ ထိုစကားသင့်စွ။ ပါယာသပါတိယံ၊ နို့ဃနာခွက်၌။ ဝင်္ကံ၊ ကောက်ခြင်းကို။ အကတွာ၊ မပြုမူ၍။ ဥဇုကမေဝ၊ ဖြောင့်ဖြောင့်သာလျှင်။ ဟတ္ထံ၊ လက်ကို။ ဩကာရေတွာ၊ ချ၍။ ဥက္ခိပန္တဿ၊ ချီသောသူ၏။ ဟတ္ထော၊ လက်သည်။ မက္ခိတမတ္တကောဝ၊ လိမ်းကျံကာမျှ ရှိသည်သာလျှင်။ ဟောတိ၊ ၏။ ဝင်္ကံ၊ ကောက်ခြင်းကို။ ကတွာ၊ ပြု၍။ ဩကာရေတွာ၊ ချ၍။ ဥက္ခိပန္တဿပန၊ ချီသောသူအားကား။ ပါယာသပိဏ္ဍံ၊ နို့ဃနာ အစိုင်ကို။ ဥဒ္ဓရန္တော ဝ၊ ထုတ်လျက်လျှင်။ နိက္ခမတိ၊ ထွက်၏။ ဧဝံ၊ ဤသို့။ ကာယဝင်္ကာဒီနိ၊ ကာယဝင် စသည်တို့ကို။ ကရဏကာလေယေဝ၊ ပြုသောအခါ၌သာလျှင်။ လာဘသက္ကာရော၊ လာဘ်ပူဇော်သက္ကာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အယံ၊ ဤသို့ ကျင့်ခြင်းသည်။ အဓမ္မိကာ၊ တရားနှင့် မလျော်သော။ လာဘူပနိသာနာမ၊ လာဘ်ကိုမှီ၍ ကျင့်သောသူ၏ ဓုတင် စသော အကျင့်မည်၏။

ဥပမိသမ္ပဒါ၊ ဥပမိနှင့် ပြည့်စုံခြင်းရင်း။ စီဝရဓာရဏာ၊ သင်္ကန်းကို ဆောင်ခြင်းရင်း။ ဗာဟုသစ္စံ၊ အကြားအမြင် များခြင်းရင်း။ ပရိဝါရော၊ အခြံအရံရင်း။ အရညဝါသော၊ တောကျောင်းနေခြင်းရင်း။ ဣတိ၊ သို့။ ဝေရူပေဟိ၊ ဤသို့သဘောရှိကုန်သော။ ကာရဏေဟိပန၊ အကြောင်းတို့ဖြင့်ကား။ ဥပ္ပန္နော၊ ဖြစ်သော။ လာဘော၊ လာဘ်သည်။ ဓမ္မိကောနာမ၊ တရားနှင့် လျော်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာနဂါမိနိံ၊ ပဋိ-ပဒံ၊ နိဗ္ဗာန်သို့ ရောက်စေတတ်သော အကျင့်ကို။ ပူရေန္တေန၊ ဖြည့်သော။ ဘိက္ခုနာပန၊ ရဟန်းသည်ကား။ ကာယဝင်္ကာဒီနိ၊ ကာယဝင်စသည်တို့ကို။ ပဟာတဗ္ဗာနိ၊ ပယ်အပ်ကုန်၏။ အနန္ဓေနေဝ၊ မကန်းဘဲကိုလျှင်။ အန္ဓေန-ပိယ၊ ကန်းသကဲ့သို့။အမူဂေနေဝ၊ မအ,ဘဲလျှင်။ မူဂေနဝိယ၊ အ,သကဲ့သို့။ အဗဓိရေနေဝ၊ နားမထိုင်းဘဲလျှင်။ ဗဓိရေနဝိယ၊ နားထိုင်းသကဲ့သို့။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ ဝဋ္ဋတိ၊ ၏။ အသဌေန၊ မစဉ်းလဲခြင်းဖြင့်။အမာ-

ယေန၊ မလှည့်ပတ်ခြင်းဖြင့်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤကား အနက်တည်း။ ဝေမေတန္တိ၊ ဝေမေတံ ဟူသည်ကား။ ဧတံ လာဘုပ္ပါဒန ပဋိပဒဥ္စ၊ အကျင့်ကိုရင်း။ နိဗ္ဗာနဂါမိနိံ ပဋိပဒဥ္စ၊ နိဗ္ဗာနဂါမိနီ အကျင့်ကိုရင်း။ ဧဝံ၊ သို့။ ဉတွာ၊ သိ၍။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ သင်္ခတာသင်္ခတဓမ္မာနံ၊ သင်္ခတ အသင်္ခတ တရားတို့ကို။ ဗုဇ္ဈနဋ္ဌေန၊သိတတ်သော အနက်ကြောင့်ရင်း။ ဗုဒ္ဓဿ၊ ဘုရား၏။ ဝသနဋ္ဌေ၊ နေရာအနီး၌။ ဇာတဋ္ဌေနဝါ၊ ဖြစ်သော အနက်ကြောင့်ရင်း။ ဩဝါဒါနုသာသနိံ၊ ဩဝါဒအနုသာသနီကို။ သဝနဋ္ဌေနဝါ၊ နာခံတတ်သော အနက်ကြောင့်ရင်း။ သာဝကော၊ တပည့်သားဖြစ်သော၊ ဘိက္ခု၊ ရဟန်းသည်။ အဓမ္မိကံ၊ တရားနှင့်မလျော်သော။ စတုပစ္စယ သက္ကာရံ၊ ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းကို။ နာဘိနန္ဒေယျ၊ လွန်စွာ မနှစ်သက် မတောင့်တရာ။ တထေဝ၊ ထိုအတူလျှင်။ ဓမ္မိကံ၊ တရားနှင့် လျော်သည်ကို။ နပဋိက္ကောပေယျ၊ မဖျက်ဆီးရာ။

ကာယဝိဝေကာဒိကံ၊ ကာယဝိဝေက အစရှိသော။ ဝိဝေကံ၊ သုံးပါးသော ဝိဝေကကို။ အနုဗြူဟယေ၊ အစဉ်ပွားစေရာ၏။တတ္ထ၊ ထိုစကား၌။ ကာယဝိဝေကောတိ၊ ဟူသည်ကား။ ကာယဿ၊ ကိုယ်၏။ ဧကီဘာဝေါ၊ တခုတည်း၏ အဖြစ်တည်း။ စိတ္တဝိဝေကောတိ၊ ဟူသည်ကား အဋ္ဌသမာပတ္တိယော၊ သမာပတ်ရှစ်ပါးတို့တည်း။ ဥပဓိ ဝိဝေကောတိ၊ ဟူသည်ကား။ နိဗ္ဗာနံ၊ တည်း။ တေသု၊ ထိုသုံးပါးတို့တွင်။ ကာယဝိဝေကော၊ သည်။ ဂဏသင်္ဂဏိကံ၊ အပေါင်းအဘော်၌ မွေ့လျော်ခြင်းကို။ ဝိနောဒေတိ၊ ၏။ စိတ္တဝိဝေကော၊ သည်။ ကိလေသ သင်္ဂဏိကံ၊ ကိလေသာဟူသော အပေါင်းအဘော်၌ မွေ့လျော်ခြင်းကို။ဝိနောဒေတိ၊ ၏။ ဥပဓိဝိဝေကော၊ သည်။ သင်္ခါရ သင်္ဂဏိကံ၊ သင်္ခါရ ဟူသောအပေါင်းအဘော်၌ မွေ့လျော်ခြင်းကို။ ဝိနောဒေတိ၊ ၏။ ကာယဝိဝေကော၊ ကာယဝိဝေကသည်။ စိတ္တဝိဝေကဿ၊ စိတ္တဝိဝေက၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ စိတ္တဝိဝေကော၊ စိတ္တဝိဝေကသည်။ ဥပဓိ ဝိဝေကဿ၊ ဥပဓိဝိဝေက၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ၏။ ဟိ၊ ထိုစကား သင့်စွ။ ကာယဝိဝေကောစ။ လ ။ဂတာနန္တိ၊ ဂတာနံ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တံပိ၊ ဆိုအပ်သည်သာတည်း။ ကာယဝိဝေကောစ၊ကာယဝိဝေက သည်လည်း။ ဝိဝေကဋ္ဌ ကာယာနံ၊ ကိုယ်ဖြင့် ဆိတ်ငြိမ်ခြင်းကို

အလိုရှိကုန်သော၊ နေက္ခမ္မာဘိရတာနံ၊ တောထွက်ခြင်း၌ အလွန်မွေ့လျော်ကုန်သောသူတို့အား။ ဟောတိ၊ ဖြစ်၏။ စိတ္တဝိဝေကောစ၊ စိတ္တဝိဝေက-သည်လည်း။ ပရိသုဒ္ဓစိတ္တာနံ၊ ဖြူစင်သောစိတ်ရှိကုန်သော။ ပရမဝေါဒါနံ၊ အလွန်ဖြူစင်ခြင်းသို့။ ပတ္တာနံ၊ ရောက်ကုန်သော သူတို့အား။ ဟောတိ၊ ဖြစ်၏။ ဥပဓိဝိဝေကောစ၊ ဥပဓိဝိဝေက သည်လည်း။ နိရူပဓီနံ၊ ဥပဓိမရှိကုန်သော။ ဝိသင်္ခါရဂတာနံ၊ သင်္ခါရမှ ကင်းကုန်သော။ ပုဂ္ဂလာနံ၊ ပုဂ္ဂိုလ်တို့အား။ ဟောတိ၊ ဖြစ်၏။ တိဝိဓံ၊ သုံးပါးအပြားရှိသော။ ဣမံ-ဝိဝေကံ၊ ဤဝိဝေကကို။ ဗြူဟယေ ဝဍ္ဎေယျ၊ ပွားစေရာ၏။ ဥပသမ္ပဇ္ဇ၊ ကပ်၍။ ဝိဟရေယျ၊ နေရာ၏။ ဣတိ အတ္ထော၊ ဤကားအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော လူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဉ္စရသမံ၊ သော။ ဝနဝါသီ တိဿ သာမဏေရ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

ဗာလဝဂ္ဂဝဏ္ဏနာ၊ ဗာလဝဂ် အဖွင့်သည်။ နိဋ္ဌိတာ၊ ပြီးပြီ။
ပဉ္စမော၊ သော။ ဝဂ္ဂေါ၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

# ၆-ပဏ္ဍိတဝဂ္ဂ

## ၁-ရာဓတ္ထေရ ဝတ္ထု

အနုသန္ဓေ...တဆယ့်ငါးပါးသော ဝတ္ထုတို့ဖြင့် ပိုင်းခြားအပ်သော ဗာလဝဂ်၌ ဟောအပ်သော ဂါထာတို့၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ တဆယ့်တခုသောဝတ္ထုတို့ဖြင့် မှတ်အပ်သော ပဏ္ဍိတဝဂ်၌ ဟောရာဖြစ်သော ဂါထာတို့တွင် ရာဓတ္ထေရဝတ္ထု၌ ဟောအပ်သော ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ နိဓိနံဝ ပဝတ္တာရံ-စသည်ကို မိန့်အပ်၏။

နိမိနံ့ဝ ပဝတ္တာရန္တိ ဣမံဓမ္မဒေသနံ၊ နိမိနံ့ဝ ပဝတ္တာရံ-စသောဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ အာယသ္မန္တံ ရာဓတ္ထေရံ၊ အရှင်ရာဓထေရ်ကို၊ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။

ကိရ၊ ကြားဘူးသည်ကား။ သော၊ ထိုရာဓသည်။ ဂိဟိကာလေ၊ လူ့လက်ထက်၌။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဒုဂ္ဂတဗြာဟ္မဏော၊ ဆင်းရဲစွာသော ပုဏ္ဏားသည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုပုဏ္ဏားသည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္တိကေ၊ အထံ၌။ ဇီဝိဿာမိတိ၊ အသက်မွေးအံ့ဟူ၍။ စိန္တေ-တွာ၊ ကြံ၍။ ဝိဟာရံ ဂန္တွာ၊ ကျောင်းသို့သွား၍။ အပ္ပဟရိတကံ၊ ကိုးကွယ်ရာမရှိသည်ကို။ ကရောန္တော၊ ပြုလျက်။ ပရိဝေဏံ၊ ပရိဝုဏ်ကို။ သမ္မဇ္ဇန္တော၊ တံမြက်လှည်းလျက်။ မုခဓောဝနာဒီနိ၊ မျက်သစ်ရေ စသည်တို့ကို။ ဒဒန္တော၊ ပေးလျက်။အန္တောဝိဟာရေယေဝ၊ ကျောင်းတွင်း၌သာလျှင်။ ဝသိ၊ နေ၏။ ဘိက္ခူပိ၊ ရဟန်းတို့သည်လည်း။ နံ၊ ထိုပုဏ္ဏားဆင်းရဲကို။ သံဂဏှိံသု၊ ထောက်ပံ့ကုန်၏။ ပဗ္ဗာဇေတုံပန၊ ရဟန်းပြုခြင်းငှါကား။ န ဣစ္ဆန္တိ၊ အလိုမရှိကုန်။ သော၊ ထိုရာဓသည်။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ အလဘမာနော၊ မရ၍။ ကိသော၊ ကြုံသည်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ သတ္ထာ၊ ဘုရားသည်။ ပစ္စူသ ကာလေ၊ မိုးသောက်ထအခါ၌။ လောကံ၊ ကို။ ဝေါလောကေန္တော၊ ကြည့်လတ်သော်။ တံဗြာဟ္မဏံ၊ ထိုပုဏ္ဏားကို။ ဒိသွာ၊ မြင်၍။ ကိံ နုခေါတိ၊ အဘယ်သို့ဖြစ်လတ္တံ့နည်းဟု။ ဥပဓာရေန္တော၊စူးစမ်းသည်ရှိသော်။အရဟာ ဘဝိဿတီတိ၊ ရဟန္တာဖြစ်လတ္တံ့ဟု။ဥတွာ၊သိ၍။သာယန္ဟသမယေ၊ ညချမ်းသောအခါ၌။ ဝိဟာရစာရိကံ၊ ကျောင်းစဉ်ဒေသစာရီကို။ စရန္တောဝိယ၊ သွားသကဲ့သို့။ ဗြာဟ္မဏဿ၊ ပုဏ္ဏား၏။ သန္တိကံ၊ အနီးသို့။ ဂန္တွာ၊ ရောက်၍။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိံ ကရောန္တော၊ အဘယ်အမှုကိုပြုလျက်။ ဝိစရသိ၊ သွားသနည်း။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဝတ္တ ပဋိဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ကရောန္တော၊ ပြုလျက်။ ဝိစရာမိ၊ ကျင်လည်ပါ၏ဘုရား။ ဣတိ၊ ဤသို့လျှောက်၏။

နေသံ၊ ထိုရဟန်းတို့၏။ သန္တိကာ၊ အထံမှ။ သင်္ဂဟံ၊ သင်္ဂြိုဟ်ခြင်းကို။ ကိံ လဘသိ၊ ဘယ်သို့ရသနည်း။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာဟာရမတ္တံ၊ ထမင်းမျှကို။ အာမ လဘာမိ၊ စားရခဲ့၏

ဘုရား။ မံပန၊ တပည့်တော်ကိုကား။ န ပဗ္ဗာဇေန္တိ၊ အိုလေပြီဟု ရဟန်း
မပြုလိုကုန်။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ တေသိံ-
နိဒါနေ၊ ဤအကြောင်း၌။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ သန္နိပါတာ-
ပေတွာ၊ စည်းဝေးစေ၍။ တမတ္ထံ၊ ထိုအကြောင်းကို။ ပုစ္ဆိတွာ၊ မေး၍။
ဘိက္ခဝေ၊ ရဟန်းတို့။ ဣမဿ ဗြာဟ္မဏဿ၊ ဤပုဏ္ဏား၏။ အဓိကာရံ၊
ကျေးဇူးကို။ သရတိ၊ အောက်မေ့နိုင်သော။ ကောစိ၊ တစုံတယောက်သော
ရဟန်းသည်။ အတ္ထိ၊ ရှိပါလိမ့်မည်လော။ ဣတိပုစ္ဆိ၊ ဤသို့မေးပြီ။ သာရိ-
ပုတ္တတ္ထေရော၊ သာရိပုတ္တရာမထေရ်သည်။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊
အကျွန်ုပ်သည်။ သရာမိ၊ အောက်မေ့နိုင်၏။ အယံ၊ ဤပုဏ္ဏားအိုသည်။
ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။စရန္တဿ၊ သွားသော။
မေ၊ အကျွန်ုပ်အား။ အတ္တနော၊ မိမိ၏။ အဘိဟဋံ၊ ရှေးရှုဆောင်ခဲ့သော။
ကဋစ္ဆုဘိက္ခံ၊ တယောက်မလောက်သော ဆွမ်းကို။ ဒါပေသိ၊ ပေးလှူ၏။
အဟံ၊ အကျွန်ုပ်သည်။ ဣမဿ၊ ဤပုဏ္ဏား၏။ အဓိကာရံ၊ ကျေးဇူးကို။
သရာမီတိ၊ အောက်မေ့ပါ၏ဟု။ အာဟ၊ လျှောက်၏။ သော၊ ထိုသာရိ
ပုတ္တရာကို။ သတ္ထာရာ၊ ဘုရားသည်။ သာရိပုတ္တ၊ သာရိပုတ္တရာ။ တေ၊
သင်သည်။ ဧဝံ ကတူပကာရံ၊ ဤသို့ပြုအပ်သော ကျေးဇူးရှိသောသူကို။
ဒုက္ခတော၊ ဆင်းရဲမှ။ မောစေတုံ၊ လွတ်စေခြင်းငှါ။ ဝဋ္ဋတိကိံ ပန၊ အပ်၏
မဟုတ်လော။ ဣတိဝုတ္တော၊ ဤသို့မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရား။
သာဓု၊ ကောင်းပါပြီ။ ပဗ္ဗာဇေဿာမီတိ၊ ရဟန်းပြုအံ့ဟူ၍ လျှောက်ပြီး
သော်။ တံ ဗြာဟ္မဏံ၊ ထိုပုဏ္ဏားကို။ ပဗ္ဗာဇေသိ၊ ရဟန်းပြု၏။ တဿ၊
ထိုရဟန်းအား။ ဘတ္တဂ္ဂေ၊ ဆွမ်းစားစရပ်၌။ အာသန ပရိယန္တေ၊ နေရာ
အစွန်၌။ အာသနံ၊ နေရာသည်။ ပါပုဏာတိ၊ ရောက်၏။ ယာဂုဘတ္တာ-
ဒီဟိပိ၊ ယာဂုဆွမ်း စသည်တို့ဖြင့်လည်း။ ကိလမတိ၊ ပင်ပန်း၏။ ထေရော၊
သာရိပုတ္တရာသည်။ တံ၊ ထိုရာကို။ အာဒါယ၊ ခေါ်၍။ စာရိကံ၊
ဒေသစာရီကို။ ပက္ကာမိ၊ ဘဲ၏။ အဘိဏှဿ၊ မပြတ်လျှင်။ နံ၊ ထိုရာဓ
ကို။ ဣဒံ၊ ဤအမှုသည်။ တေ၊ သင်အား။ ကတ္တဗ္ဗံ၊ ပြုအပ်၏။ ဣဒံ၊
ဤအမှုကို။ တေ၊ သင်သည်။ န ကတ္တဗ္ဗံမပြုအပ်။ဣတိ၊ ဤသို့။ ဩဝဒိ၊ဆုံးမ
၏။ ဓနုသာသိ၊ တားမြစ်၏။ သော၊ ထိုရာသည်။သုဗ္ဗစော၊ဆိုလွယ်သည်။
အဟောသိ၊ ဖြစ်၏။ပဒက္ခိဏဂ္ဂါဟီ၊ အဆုံးအမကိုခံ၏။ တသ္မာ၊ ထို့ကြောင့်။
ယထာနုသိဋ္ဌံ၊ ဆုံးမတိုင်း။ ပဋိပဇ္ဇမာနော၊ ကျင့်သည်ရှိသော်။ကတိပါဟေ-

နေ၀၊ နှစ်ရက် သုံးရက်ဖြင့်သာလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။

ထေရော၊ မထေရ်သည်။ တံ၊ ထိုရှင်ရာဓကို။ အာဒါယ၊ ခေါ်ခဲ့၍။ သတ္ထုသန္တိကံ ဂန္တွာ၊ ဘုရားအထံသို့ရောက်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထို မထေရ်ကို။ သတ္ထာ၊ ဘုရားသည်။ ပဋိသန္ထာရံကတွာ၊ အစေ့အစပ်ပြု၍။ အာဟ၊ မိန့်တော်မူ၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။ အန္တေဝါသိကော၊ တပည့်ရာဓသည်။ သုဗ္ဗစောနုခေါ၊ ဆိုလွယ်ပါ၏လော။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အတိဝိယ၊ အလွန်လျှင်။ အာမ သုဗ္ဗစော၊ ဆိုလွယ်ပါသည်ဘုရား။ကိဉ္စိ ဒေါသေ၊ တစုံတခုသော အပြစ်၌။ ဝုစ္စမာနေ၊ ဆိုသည်ရှိသော်။ န ကုဒ္ဓ-ပုဗ္ဗော၊ အမျက်မထွက်စဘူး။ ဣတိ၊ ဤသို့ လျှောက်၏။ သာရိပုတ္တ၊ သာရိပုတ္တရာ။ ဧဝရူပေ၊ ဤသို့သဘောရှိသော။ သဒ္ဓိဝိဟာရိကေ၊ အတူနေတပည့်ကို။ လဘန္တော၊ ရသည်ရှိသော်။ ကိတ္တကေ၊ အဘယ်မျှလောက်သော သူတို့ကို။ ဂဏှေယျာသိ၊ သင်ယူနိုင်အံ့နည်း။ ဣတိ၊ ဤသို့ မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ ဗဟုကေပိ၊ များစွာကုန်သော တပည့်တို့ကိုလည်း။ ဂဏှေယျမေ၀၊ ယူအပ်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့လျှောက်၏။ အထ၊ ထိုအခါ၌။ ကေဒိဝသံ၊ တနေ့သ၌။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ သမုဋ္ဌာပေသုံ၊ စကားပြောဟောကုန်၏။ သာရိပုတ္တတ္ထေရော၊ သာရိ-ပုတ္တရာ မထေရ်သည်။ ကတညူ ကတဝေဒီကိရ၊ ပြုအပ်သော သူ့ကျေးဇူးကို လွန်စွာသိသတတ်။ ကဋစ္ဆု ဘိက္ခာမတ္တံ၊ တယောက်မ မျှလောက်သောဆွမ်းကို။ ဥပကာရံ၊ ကျေးဇူးရှိသည်ကို။ သရိတွာ၊ အောက်မေ့၍။ ဒုဂ္ဂတဗြာဟ္မဏံ၊ ပုဏ္ဏားဆင်းရဲကို။ ပဗ္ဗာဇေသိ၊ ရဟန်းပြု၏။ အထ၊ ထို အခါ၌။ ထေရောပိ၊ မထေရ်သည်လည်း။ ဩဝါဒက္ခမော၊ ဆုံးမခြင်းငှါခံ၏။ ဩဝါဒက္ခမမေ၀၊ ဆုံးမခြင်းငှါ ခံသည်ကိုသာလျှင်။ လဘိ၊ရ၏။ ဣတိ၊ ဤသို့ပြောကုန်၏။ သတ္ထာ၊ ဘုရားသည်။ တေသံ ကထံ၊ ထိုရဟန်းတို့၏ စကားကို။ သုတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဒါနေဝ၊ ယခုသာလျှင်။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ သာရိပုတ္တော၊ သာရိပုတ္တရာသည်။ ကတညူ ကတဝေဒီ ယေဝ၊ ပြုအပ်သော သူ့ကျေးဇူးကို လွန်စွာ သိတတ်သည် သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ တမတ္ထံ၊ ထိုအကြောင်းကို။ ပကာသေတုံ၊ ပြခြင်းငှါ။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဟဋ္ဌာ၊ ဝမ်းမြောက် ဝမ်းသာ။ စမ္မူ၊ သားရေဖြင့်ပြီးသော ကာ လွှားမောက်တို မောက်ရှည်ရှိသော။ မဟတီသေနာ၊ များစွာသော စစ်သည်ဗိုလ်ပါသည်။ အလီနစိတ္တံ၊ အလီနစိတ္တမင်းကို။ နိဿာယ။ မှီ၍။ သေနာသဏ္ဌာနံ၊ စစ်သည်ဖြင့်ရောင့်ရဲခြင်းရှိသော။ ကောသလံ၊ ကောသလမင်းကို။ ဇီဝဂ္ဂါဟံ၊ အရှင်ဖမ်းခြင်းကို။ အဂ္ဂါဟယိ၊ ဖမ်းယူ၏။

ဧဝံ၊ ဤသို့။ နိဿယ သမ္ပန္နော၊ အမှီနှင့်ပြည့်စုံသော။ အာရဒ္ဓ ဝီရိယော၊ အားထုတ်အပ်သော လုံ့လရှိသော။ ကုသလဓမ္မံ၊ကုသိုလ်တရားကို။ ဘာဝယံ၊ ပွားစေခြင်းရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ယောဂက္ခေမသ၊ နိဗ္ဗာန်သို့။ ပတ္တိယာ၊ ရောက်သဖြင့်။ အနုပုဗ္ဗေန၊ အစဉ်အတိုင်း ပယ်အပ်သောမဂ်ဖြင့်။ သဗ္ဗသံယောဇနက္ခယံ၊ အလုံးစုံ သံယောဇဉ်ကုန်ခြင်းသို့။ပါပုဏေ၊ ရောက်ရာ၏။ ဣတိ၊ ဤသို့ ပြ၏။

ဒုကနိပါတေ၊ ဒုကနိပါတ်၌။ ဣမံ အလီနစိတ္တဇာတကံ၊ ဤအလီနစိတ္တဇာတ်ကို။ ဝိတ္ထာရေတွာ၊ ချဲ့၍။ ကထေသိ၊ ဟော၏။ တဒါ၊ ထိုအခါ၌။ ဝစ္စုကီဟိ၊ လက်သမားတို့သည်။ ပါဒသ၊ ခြေ၏။ အရောဂကရဏဘာဝေန၊ ထိုးမိသော ငြောင့်ကို ထုတ်ခြင်းဖြင့် အနာမရှိသည်ကို ပြုသောအဖြစ်ဖြင့်။ ကတံ၊ ပြုအပ်သော။ အတ္တနော၊ မိမိ၏။ ဥပကာရံ၊ ကျေးဇူးကို။ ဉတွာ၊ သိ၍ သဗ္ဗသေတဿ၊ ကိုယ်အလုံးဖြူသော။ ဟတ္ထိပေါတကဿ၊ ဆင်ငယ်ကို။ ဒါယကော၊ ပေးတတ်သော။ ဧကစာရိကော ဟတ္ထိ၊ တစီးတည်းသာ ကျက်စားခြင်းရှိသော ဆင်သည်ကား။ သာရိပုတ္တတ္ထေရော၊ သာရိပုတ္တရာမထေရ်သည်။ အဟောသိကိရ၊ ဖြစ်လာသတတ်။ ဣတိဧဝံ၊ ဤသို့။ ထေရံ၊ သာရိပုတ္တရာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဇာတကံ၊ ဇာတ်ကို။ ကထေတွာ၊ ဟောပြီး၍။ ရာဓတ္ထေရံ၊ ရာဓမထေရ်ကို။ အာရဗ္ဘ၊ ပြု၍။ ဘိက္ခဝေ၊ တို့။ ဘိက္ခုနာနာမ၊ ရဟန်းမည်သည်။ ရာဓေနဝိယ၊ ရာဓမထေရ်ကဲ့သို့။ သုဗ္ဗစေန၊ ဆိုလွယ်သောစကားရှိသည်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဒေါသံ၊ အပြစ်ကို။ ဒဿေတွာ၊ ပြ၍။ ဩဝဒိယမာနေနပိ၊ ဆိုဆုံးမသဖြင့်လည်း။ န ကုဇ္ဈိတဗ္ဗံ၊ အမျက်မထွက်အပ်။ ဩဝါဒ ဒါယကောပန၊ အဆုံးအမပေးသောသူကိုကား။ နိဓိံ၊ ရွှေအိုးကို။ အာစိက္ခဏကောဝိယ၊ ကြားသောသူကဲ့သို့။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ဣတိဝတွာ၊ ဤသို့မိန့်၍။

အနုသန္ဓိံ ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုသည်ဖြစ်၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၇၆။ နိဓီနံ၊ ရွှေအိုးတို့ကို။ ပဝတ္တာရံဝ၊ ကြားပေးသကဲ့သို့လျှင်။ ဝဇ္ဇဒဿိနံ၊ အပြစ်ကို မြင်ထသော။ နိဂ္ဂယှဝါဒိံ၊ နှိပ်၍ဆိုလေ့ရှိသော။ မေဓာဝိံ၊ ကို။ ယံပဿေ၊ အကြင်ကြောင့် ဖူးမြင်ရာ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော။ ပဏ္ဍိတံ၊ ကို။ ဘဇေ၊ ဆည်းကပ်ရာ၏။ တာဒိသံ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်ကို။ ဘဇမာနဿ၊ ဆည်းကပ်သော သူအား။ သေယျော၊ အထူးသဖြင့် မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ န ဟောတိ၊ မဖြစ်။

တတ္ထ၊ ထိုဂါထာ၌။ နိဓီနန္တိ၊ နိဓီနံ ဟူသည်ကား။ တတ္ထ တတ္ထ၊ ထိုထို အရပ်၌။ နိဒဟိတွာ၊ မြှုပ်၍။ ထပိတာနံ၊ ထားအပ်ကုန်သော။ ဟိရည-သုဝဏ္ဏာဒိ ပူရာနံ၊ ရွှေငွေ စသည်ဖြင့် ပြည့်ကုန်သော။ နိဓိကုမ္ဘီနံ၊ ရွှေအိုး ငွေအိုးတို့၏။ (အချို့စာ၌ ပဝတ္တာနံဟု ရှိသည်။ ဆင်ခြင်လေ။) ပဝတ္တာ-ရန္တိ၊ ဟူသည်ကား။ ကိစ္ဆဇီဝိကေ၊ ငြိုငြင်သဖြင့် အသက်မွေးခြင်းရှိကုန်သော။ ဒုဂ္ဂတမနုဿေ၊ လူဆင်းရဲတို့ကို။ အနုကမ္ပံ၊ သနားခြင်းကို။ ကတွာ၊ ပြု၍။ ဧဟိ၊ လာလှည့်။ သုခေန၊ လွယ်သဖြင့်။ ဇီဝနူပါယံ၊ အသက်မွေးခြင်း၏ အကြောင်းကို။ ဒဿေဿာမိတိ၊ ပြအံ့ဟူ၍။ နိဓိဋ္ဌာနံ၊ ရွှေအိုးထားရာသို့။ နေတွာ၊ ၍။ ဟတ္ထံ၊ လက်ကို။ ပသာရေတွာ၊ ဖြန့်၍။ ဣမံ၊ ဤရွှေအိုးကို။ ဂဟေတွာ၊ ၍။ သုခေန၊ လွယ်စွာ။ ဇီဝါဟိ၊ အသက်မွေးလေလော့ဟု။ အာစိက္ခိတာရံဝိယ၊ ကြားသော သူကဲ့သို့။

ဝဇ္ဇဒဿိနန္တိ၊ ဟူသည်ကား။ နံ၊ ထိုဆိုနိုင်ခဲ့သောသူကို။ ဣမိနာ အ-သာရုပ္ပေနဝါ၊ ဤမလျောက်ပတ်ခြင်းဖြင့်လည်းကောင်း။ ဣမိနာ ခလိတေ-နဝါ၊ ဤချော်ချွတ်ခြင်းဖြင့်လည်းကောင်း။ သံဃမဇ္ဈေ၊ သံဃာ့အလယ်၌။ နိဂ္ဂဏှိဿာမိ၊ နှိပ်အံ့။ ဣတိ၊ ဤသို့။ ဒွေ ဝဇ္ဇဒဿိနော၊ နှစ်ပါးသောအပြစ်ကို ပြသည်ရှိသော်။ ရန္ဓဂဝေသကောစ၊ အမိုက်ကိုရှာသောသူသည်လည်း။ (အဝစု ဂဝေသကောစ လည်းရှိ၏။ ကြီးပွားခြင်းကို အလိုမရှိသောသူသည် လည်းပေး။) အညာတံ၊ မသိအပ်သည်ကို။ ဉာပနတ္ထာယ၊ သိစေခြင်းငှါ။ ဉာတံ၊ သိပြီးသောသူကို။ အနုဂ္ဂဟဏတ္ထာယ၊ အစဉ်ချီးမြှင့်ခြင်းငှါ။ အဿ၊ ထိုပုဂ္ဂိုလ်၏။ သီလာဒီနံ၊ သီလ စသည်တို့ကို။ ဝုဍ္ဎိ-ကာမတာယ၊ ကြီးပွားခြင်း၌ အလိုရှိသည်၏ အဖြစ်ဖြင့်။ တံတံ ဝဇ္ဇံ၊ ထိုထို

အပြစ်ကို။ ဩလောကနေန၊ ကြည့်သဖြင့်။ ဥလ္လုမ္ပန သဘာဝ ပဏ္ဍိတောစ၊ နှိုးနှော့ခြင်း သဘော၌ ပညာရှိသည်လည်းဖြစ်သော။ အယံ၊ ဤသူကို။ ဣဓ၊ ဤဒေသနာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ ယထာဟိ၊ ဥပမာ မည်သည်ကား။ ဒုဂ္ဂတ မနုဿော၊ လူဆင်းရဲသည်။ ဣမံ၊ ဤဥစ္စာ ကို။ ဂဏှာဟီတိ၊ ယူလော့ဟူ၍။ တဇ္ဇေတွာပိ၊ ခြိမ်းခြောက် မောင်းမဲ ၍လည်းကောင်း။ ပေါထေတွာပိ၊ ပုတ်ခတ်၍ လည်းကောင်း။ နိဓိံ၊ ရွှေအိုးကို။ ဒဿေန္တော၊ ပြသည်ရှိသော်။ ကောပံ၊ အမျက်ထွက်ခြင်းကို။ န ကရောတိ၊ မပြု။ ပမောဒိတောဧဝ၊ ဝမ်းမြောက်သည်သာလျှင်။ ဟော- တိယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဧဝရူပေ ပုဂ္ဂလေ၊ ဤသို့ သဘောရှိသော ပုဂ္ဂိုလ်၌။ အသာရုပ္ပံဝါ၊ မလျော်ကပ်ပတ်ခြင်းကိုရင်း။ ခလိတံဝါ၊ ခဲချော်ချွတ်ခြင်းကိုရင်း။ ဒိသွာ၊ မြင်၍။ အာစိက္ခန္တေ၊ ကြား သည်ရှိသော်။ ကောပေါ၊ အမျက်ထွက်ခြင်းကို။ န ကာတဗ္ဗော၊ မပြုအပ်။ တုဋ္ဌေနေဝ၊ ဝမ်းမြောက်ခြင်းဖြင့်လျှင်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ ဘန္တေ၊ အရှင်ဘုရား။ ဝေါ၊ အရှင်ဘုရား တို့သည်။ မဟန္တံ ကမ္မံ၊ မြတ်သောအမှု ကို။ ကတံ၊ ပြုအပ်၏။ မယှံ၊ အကျွန်ုပ်အား။ အာစရိယုပဇ္ဈာယဋ္ဌာနေ၊ ဆရာဥပဇ္ဈာယ်အရာ၌။ ဌတွာ၊ တည်၍။ ဩဝဒန္တေဟိ၊ ဆုံးမခြင်းတို့ဖြင့်။ ပုနပိ၊ တဘန်လည်း။ မံ၊ ငါ့ကို။ ဝဒေယျာထ၊ ဆိုပါကုန်လော့။ ဣတိ၊ သို့။ ပဝါရေတဗ္ဗမေဝ၊ ဘိတ်အပ်သည် သာလျှင်တည်း။

နိဂ္ဂယှဝါဒိန္တိ၊ ဟူသည်ကား။ ဟိ၊ ထိုစကားသင့်စွ။ ကေစ္စေ၊ အချို့ သောသူသည်။ သဒ္ဓိဝိဟာရိကာဒီနံ။ သဒ္ဓိဝိဟာရိက စသည်တို့၏။ အသာ- ရုပ္ပံဝါ၊ မလျော်ကပ်ပတ်ခြင်းကိုရင်း။ ခလိတံဝါ၊ ချော်ချွတ်ခြင်းကိုရင်း။ ဒိသွာ၊ မြင်၍။ အယံ၊ ဤသူသည်။ မေ၊ ငါ၏။ မုခေါဒကဒါနာဒီဟိ၊ မျက်သစ်ရေ ပေးခြင်း စသည်တို့ဖြင့်။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပဋ္ဌဟာတိ၊ လုပ်ကျွေး၏။ နံ၊ ထိုသူကို။ သစေဝက္ခာမိ၊ အကယ်၍ ဆိုသည်ဖြစ်ငြား အံ့။ မံ၊ ငါ့ကို။ န ဥပဋ္ဌဟိဿတိ၊ မလုပ်ကျွေးလတ္တံ့။ ဧဝံ၊ ဤသို့မပေး သည်ရှိသော်။ မေ၊ ငါ့အား။ ပရိဟာနိ၊ ယုတ်ခြင်းသည်။ ဘဝိဿတီတိ၊ ဖြစ်လတ္တံ့ဟူ၍။ ဝတ္တုံ၊ ငှါ။ အဝိသဟန္တော၊ မဝံ့သောသူသည်။ နိဂ္ဂယှ- ဝါဒီနာမ၊ နှိပ်နင်း၍ ဆိုလေ့ရှိသော သူမည်သည်။ နဟောတိ၊ မဖြစ်။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဣမသ္မိံ သာသနေ၊ ဤသာသနာတော်၌။ ကစ- ဝရံ၊ တံမြက်မှိုက်ဖြင့်။ အာကိရတိ၊ ပြွမ်း၏။ ယောပန၊ အကြင်သူသည်။

တထာရူပံ၊ ထိုသို့သဘောရှိသော။ ဝဇ္ဇံ၊ အပြစ်ကို။ ဒိသွာ၊ မြင်၍။ ဝဇ္ဇာ-နုရူပံ၊ အပြစ်အား လျော်စွာ။ တဇ္ဇေန္တော၊ ခြိမ်းခြောက်လျက်။ ပဏာ-မေန္တော၊ နှိပ်ချလျက်။ ဒဏ္ဍကမ္မံ၊ ဒဏ်ပေးခြင်းကို။ ကရောန္တော၊ ပြုလျက်။ ဝိဟာရာ၊ ကျောင်းမှ။ တံ၊ ထိုမလိမ္မာသောသူကို။ နိဟရန္တော၊ နှင်ထုတ်လျက်။ သိက္ခာပေတိ၊ ကျင့်စေ၏။ အယံ၊ ဤသူသည်။ နိဂ္ဂယှဝါဒီနာမ၊ နှိပ်၍ဆိုသောသူမည်၏။ သေယျထာပိ သမ္မာသမ္ဗုဒ္ဓေါ၊ ဘုရားကဲ့သို့တည်း။ ဟိသစ္စံ၊ မှန်၏။ နိဂ္ဂယှ။လ။ ဌဿတီတိ၊ ဟူ၍။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ အပ်၏။ အာနန္ဒ၊ အာနန္ဒာ။ အဟံ၊ ငါသည်။ နိဂ္ဂယှ နိဂ္ဂယှ၊ နှိပ်၍ နှိပ်၍။ ဝက္ခာမိ၊ ဆို၏။ အဟံ၊ ငါသည်။ ယောနရော၊ အကြင်သူကို။ ပဂ္ဂယှ ပဂ္ဂယှ၊ ချီးမြှင့်ချီးမြှင့်၍။ ဝက္ခာမိ၊ ဆို၏။ သော၊ ထိုသူသည်။ သြဝါဒေ၊ အဆုံးအမ၌။ ဌဿတိ၊ တည်လတ္တံ့။ ဣတိ၊ ဤသို့ ဆို၏။

မေဓာဝိန္တိ၊ ဟူသည်ကား။ ဓမ္မောဇ ပညာယ၊ တရားကိုသိသော ပညာနှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ တာဒိသန္တိ၊ ဟူသည်ကား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ပဏ္ဍိတံ၊ ပညာရှိကို။ ဘဇေယျ ပယိရုပါသေယျ၊ မှီဝဲဆည်းကပ်ရာ၏။ ဟိ၊ ထိုစကားသင့်စွ။ တာဒိသံ၊ ထိုသို့သဘောရှိသော။ အာစရိယံ၊ ဆရာကို။ ဘဇမာနဿ၊ ဆည်းကပ်သော။ အန္တေ-ဝါသိကဿ၊ တပည့်အား။ သေယျောဟောတိ နပါပိယောတိ၊ ဟူသည်ကား။ ဝုဍ္ဍိယေဝ၊ ကြီးပွား သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပရိဟာနိ၊ ယုတ်ခြင်းသည်။ နော၊ မဖြစ်။ ဣတိ၊ ဤကားအနက်တည်း။ ဒေသနာ-ပရိယောသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပဏ္ဍိတဝဂ်၌ ရှေးဦးစွာဖြစ်သော ရာဓတ္ထေရဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပဌမံ၊ သော။ ရာဓတ္ထေရဝတ္ထု၊ သည်။ ဣတိသမတ္တံ၊ ပြီး၏။

---

၆-ပဏ္ဍိတဝဂ္ဂ၊ ၂-အဿဇိ ပုနဗ္ဗသုက ဝတ္ထု

အနုသန္ဓေ...ရာဓတ္ထေရဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အနက်ကိုဖွင့်ပြီး၍ ယခုအခါ အဿဇိ ပုနဗ္ဗသုကဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ သြဝဒေယျာတိ စသည်ကို မိန့်အပ်၏။

ဩဝဒေယျာတိ ဣမံ ဓမ္မဒေသနံ၊ ဩဝဒေယျ စသော ဤတရားဟော ခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေစဉ်။ အဿဇိ ပုနဗ္ဗသုကေ၊ အဿဇိ ပုနဗ္ဗသုကအမည်ရှိ သော။ ဘိက္ခူ၊ရဟန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော ၏။ ဒေသနာပန၊ ဒေသနာသည်ကား။ ကိဋာဂိရိသ္မိံ၊ ကိဋာဂိရိ ဇနပုဒ်၌။ သမုဋ္ဌိတာ၊ ဖြစ်၏။

တေ၊ ထိုရဟန်းတို့သည်။ အဂ္ဂသာဝကာနံ၊ အဂ္ဂသာဝကတို့၏။ သဒ္ဓိဝိ- ဟာရိကာ ကိရ၊ ဥပဇ္ဈာယ်တပည့် ဖြစ်ကုန်သတတ်။ အလဇ္ဇိနော၊ အရှက် မရှိကုန်သည်သာလျှင်။ အဟေသုံ၊ ဖြစ်ကုန်၏။ ပါပဘိက္ခူ၊ ယုတ်မာ သော ရဟန်းတို့တည်း။ တေ၊ ထိုရဟန်းတို့သည်။ အတ္တနော၊ မိမိ၏။ ပရိဝါရေဟိ၊ အခြံအရံဖြစ်ကုန်သော။ ပဉ္စဟိ ဘိက္ခုသတေဟိ၊ ရဟန်းငါး ရာတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကိဋာဂိရိသ္မိံ၊ ကိဋာဂိရိ ဇနပုဒ်၌။ ဝိဟရန္တာ၊ နေကုန်သည်ရှိသော်။ မာလာဝစ္ဆံ၊ ပန်းပင်ငယ်ကို။ ရောပေန္တိပိ၊ မိမိတို့ လည်း စိုက်ကုန်၏။ ရောပါပေန္တိပိ၊ သူတပါးကိုလည်း စိုက်စေကုန် ၏။ ဣတိအာဒိကံ၊ ဤသို့ အစရှိသော။ နာနပ္ပကာရံ၊ အထူးထူး အပြားပြား ယုတ်မာသော အကျင့်ကို။ ကရောန္တာ၊ ပြုကုန်လျက်။ ကုလ- ဒူသကကမ္မံ၊ ဒါယကာတို့အား ဖျက်ဆီးခြင်းကို။ ကတ္ဝာ၊ ပြု၍။ တတော၊ ထိုကုလဒူသကမှ။ ဥပ္ပန္နေဟိ၊ ဖြစ်ကုန်သော။ ပစ္စယေဟိ၊ ပစ္စည်းတို့ဖြင့်။ ဇီဝိကံ၊ အသက်ကို။ ကပ္ပေန္တာ၊မွေးကုန်လျက်။ တံ အာဝါသံ၊ ထိုကျောင်း ကို။ ပေသလာနံ၊ သီလကိုချစ်မြတ်နိုးကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အနာဝါသံ၊ နေရာမဟုတ်သည်ကို။ အကံသု၊ ပြုကုန်၏။

သတ္ထာ၊ ဘုရားသည်။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ၍။ တေသံ၊ ထိုရဟန်းတို့အား။ ပဗ္ဗာဇနီယကမ္မ ကရဏတ္ထာယ၊ ပဗ္ဗာဇနီယ ကံကို ပြုစေခြင်းငှါ။ သပရိဝါရေ၊ အခြံအရံနှင့်တကွဖြစ်ကုန်သော။ ဒွေ- အဂ္ဂသာဝကေ၊ အဂ္ဂသာဝက နှစ်ပါးတို့ကို။ အာမန္တေတွာ၊ ခေါ်၍။ သာရိပုတ္တာ၊ သာရိပုတ္တရာတို့။ ဂစ္ဆထ၊ သွားလေကုန်။ တေသု၊ ထိုရ ဟန်းတို့တွင်။ ယေ၊ အကြင် ရဟန်းတို့သည်။ တုမှာကံ၊ သင်တို့၏။ ဝစနံ၊ စကားကို။ န ကရောန္တိ၊ မလိုက်နာကုန်။ တေသံ၊ ထိုရဟန်းတို့အား။ ပဗ္ဗာဇနီယကမ္မံ၊ နှင်ထုတ်ခြင်း ကံကို။ ကရောထ၊ ပြုကုန်လော့။ ယေပန၊ အကြင် ရဟန်းတို့သည်ကား။ ကရောန္တိ၊ လိုက်နာခြင်းကို ပြုကုန်၏။ တေဝ၊

ထို ရဟန်းတို့ကိုသာလျှင်။ ဩဇဒထ၊ ဆုံးမ ကုန်လော့။ အနုသာသထ၊ ကံ မြစ်ကုန်လော့။ ဟိ၊ ထိုစကား သင့်စွ။ ဩဝဒန္တော၊ ဆုံးမသည်ရှိသော်။ အနုသာသန္တော၊ တဘန်ဆုံးမသည်ရှိသော်။ အပဏ္ဍိတာနံယေဝ၊ ပညာ မရှိသော သူတို့အားသာလျှင်။ အပ္ပိယော၊ မချစ်သည်။ အမိနာပေါ၊ မနှစ်မြို့ ဝမ်းမသာသည်။ ဟောတိ၊ ဖြစ်၏။ ပဏ္ဍိတာနံပန၊ ပညာရှိတို့သည် ကား။ ပိယော၊ မြတ်နိုးသည်။ မနာပေါ၊ ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋ္ဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ညွှန်ပြလိုရကား။ ဣမံဂါထံ၊ ကို။ အာဟ၊ ဟော၏။

၇၇။ ယော၊ အကြင်သူသည်။ ပရေသံ၊ သူတပါးတို့အား။ ဩဝဒေယျ၊ အပြစ်ကိုပြ၍ အပြစ်နှင့်လျော်စွ ဆုံးမရာ၏။ အနိသာသေယျ၊ မျက်ကွယ်ဆုံးမရာ၏။ တနည်းကား-ဩဝဒေယျ၊ တကြိမ် နှစ်ကြိမ်ဆုံးမရာ၏။ အနုသာသေယျ၊ အဘန်ဘန် ဆုံးမရာ၏။ အသဗ္ဘာစ၊ မသင့်တင့်သော အကုသိုလ်မှုလည်း။ နိဝါရယေ၊ မြစ်ရာ၏။ ဟိ၊ ထိုစကားသင့်စွ။ သော၊ ထိုဆုံးမတားမြစ်သော သူကို။ သတံ၊ သူတော်ကောင်းတို့သည်။ ပိယော၊ ချစ်မြတ်နိုးသည်။ ဟောတိ၊ ဖြစ်၏။ အသတံ၊ သူယုတ်မာတို့သည်။ အပ္ပိယော၊ မချစ်မမြတ်နိုးသည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုဂါထာ၌။ ဩဝဒေယျာတိ၊ ဟူသည်ကား။ဝတ္ထုသ္မိံ၊ အဇ္ဈာစာရဝတ္ထုသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ ဝဒန္တော၊ ဆိုသောသူသည်။ ဩဝဒတိနာမ၊ ဆုံးမသည်မည်၏။ ဝတ္ထုသ္မိံ၊ လွန်ကျူးသောဝတ္ထုသည်။ အနုပ္ပန္နေ၊ မဖြစ်မီ။ တေ၊ သင့်အား။ အယသောပိ၊ အကျော်စောမဲ့သည် လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ ဣတိ အာဒိဝသေန၊ ဤသို့ စသောအစွန်း ဖြင့်။ အနာဂတံ၊ လာလတ္တံ့သောအပြစ်ကို။ ဒဿေန္တော၊ ပြခြင်းသည်။ အနုသာသတိနာမ၊ အနုသာသတိမည်၏။ သမ္မုခါ၊ မျက်မှောက်။ ဝဒန္တော-ဆိုသောသူသည်။ ဩဝဒတိနာမ၊ ဆိုဆုံးမသည်မည်၏။ ပရမ္မုခါ၊ မျက်ကွယ်။ ဒူတံဝါ၊ တမန်ကိုလည်းကောင်း။သာသနံဝါ၊ သတင်းစကားကို လည်းကောင်း။ ပေသေန္တော၊ စေလျက် ဆုံးမခြင်းသည်။ အနုသာသတိ နာမ၊ အနုသာသတိ မည်၏။ သကိံ၊ တကြိမ်။ ဝဒန္တော၊ ဆိုဆုံးမခြင်း သည်။ ဩဝဒတိနာမ၊ ဩဝဒတိမည်၏။ ပုနပ္ပုနံ၊ အဘန် တလဲလဲ။ ဝဒန္တော၊ ဆိုဆုံးမခြင်းသည်။ အနုသာသတိနာမ၊ အနုသာသတိမည်၏။

ဝါ၊ ကား။ ဩဝဒန္တော၀ေ၊ ဆုံးမခြင်းသည်သာလျှင်။ အနုသာသတိနာမ၊ အနုသာသတိ မည်၏။ ဣတိဝေ၊ ဤသို့။ ဩဝဒေယျ၊ ဆုံးမရာ၏။ အနုသာသေယျ၊ ဆုံးမရာ၏။ အသဗ္ဘာတိ၊ အသဗ္ဘာဟူသည်ကား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားမှ။ နိဝါရေယျ၊ မြစ်ရာ၏။ ကုသလဓမ္မေ၊ ကုသိုလ်တရား၌။ ပတိဋ္ဌာပေယျ၊ တည်စေရာ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ သတဉှိ သော ပိယောဟောတီတိ၊ ဟူသည်ကား။ ဧဝရူပေါ၊ ဤသို့ သဘောရှိသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်ကို။ ဗုဒ္ဓါဒီနံ၊ ဘုရား အစရှိကုန်သော။ သပ္ပုရိသာနံ၊ သူတော်ကောင်းတို့အား။ ပိယော၊ ချစ်သည်။ ဟောတိ၊ ဖြစ်၏။ ယေပန၊ အကြင်သူတို့သည်ကား။ အဒိဋ္ဌဓမ္မာ၊ မမြင်အပ်သော တရားရှိကုန်လျက်။ အဝိတိဏ္ဏ ပရလောကာ၊ မကူးမြောက်သော တမလွန်လောက ရှိကုန်လျက်။ အာမိသ ဂရုကာ၊ အာမိသကို သာယာကုန်လျက်။ ဇီဝိကတ္ထာယ၊ အသက်မွေးခြင်းငှါ။ ပဗ္ဗဇိတာ၊ ရဟန်းပြုကုန်၏။ တံ၊ သင်သည်။ အမှာကံ၊ ငါတို့၏။ နဥပဇ္ဈာယော၊ ဥပဇ္ဈာယ်မဟုတ်။ န အာစရိယော၊ ဆရာမဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်။ အမှေ၊ ငါတို့ကို။ ဩဝဒသိ၊ ဆိုဘိသနည်း။ ဣတိဝေ၊ သို့။ မုခသတ္တီဟိ၊ နှုတ်လှန်ထိုးခြင်းတို့ဖြင့်။ ဝိဇ္ဈန္တာနံ၊ ထိုးကုန်သော သူတို့အား။ အသတံ၊ သူတော်မဟုတ်ကုန်သော။ တေသံ၊ ထိုအလဇ္ဇီတို့အား။ သော ဩဝါဒ-ဒါယကော အနုသာသကော၊ ထိုဆုံးမဘတ်သောသူကို။ အပိယော၊ မချစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗ ဟု၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ သာရိပုတ္တ မောဂ္ဂလာနေပိ၊ သာရိပုတ္တရာ မောဂ္ဂလာန်တို့သည်လည်း။ တတ္ထ၊ ထိုကိဋ္ဌာဂိရိသို့။ ဂန္တွာ၊ သွား၍။ တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ ဩဝဒိံသုအနုသာသိံသု၊ ဆုံးမကုန်၏။ တေသု၊ ထိုရဟန်းတို့တွင်။ ကေစေ၊ အချို့သော ရဟန်းတို့သည်။ ဩဝါဒံ၊ အဆုံးအမကို၊ သမ္ပဋိစ္ဆိ-တွာ၊ ဝန်ခံ၍။ သမ္မာဝတ္တိံသု၊ ကောင်းစွာကျင့်ကုန်၏။ ကေစေ၊ အချို့သောရဟန်းတို့သည်။ ဝိဗ္ဘမိံသု၊ လူထွက်ကုန်၏။ ကေစေ၊ အချို့သော ရဟန်းတို့သည်။ ပဗ္ဗာဇနီယကမ္မံ၊ ပဗ္ဗာဇနီယကံသို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော ပဏ္ဍိတ

ဝဂ်၌ နှစ်ခုမြောက်ဖြစ်သော အဿဇိ ပုနဗ္ဗသုကတ္ထေရ ဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဒုတိယံ၊ သော။ အဿဇိပုနဗ္ဗသုကဝတ္ထု၊ သည်။ ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၆-ပဏ္ဍိတဝဂ္ဂ၊ ၃-ဆန္နတ္ထေရ ဝတ္ထု

အနန္တရေ .. အဿဇိ ပုနဗ္ဗသုကတ္ထေရ ဝတ္ထု၌ ဟောအပ်သော ဂါထာ၏အနက်ကို ဖွင့်ပြီး၍ ယခုအခါ၌ ဆန္နတ္ထေရဝတ္ထု၌ ဟောအပ်သော ဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ နဘဇေ-စသည်ကို မိန့်အပ်၏။

နဘဇေ ပါပကေ မိတ္တေတိ ဣမံ ဓမ္မဒေသနံ၊ မိတ္တေ စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေလတ်သော်။ ဆန္နတ္ထေရံ၊ ဆန္နထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။

သော အာယသ္မာ၊ ထိုအရှင်ဆန္နသည်။ အဟံ၊ ငါသည်။ အမှာကံ၊ ငါတို့၏။ အယျပုတ္တေန၊ အရှင်သားနှင့်။ သဒ္ဓိံ၊ တကွ။ မဟာဘိနိက္ခမနံ၊ မြတ်သော တောထွက်ခြင်းကို။ နိက္ခမန္တော၊ ထွက်၏။ တဒါ၊ ထိုအခါ၌။ အညံ ကေ̃ပိ၊ ငါမှတပါးတယောက်ကိုမျှလည်း။ နပဿာမိကိရ၊ မမြင်သတတ်။ ဣဒါနိပန၊ ယခုမူကား။ အဟံ၊ ငါသည်။ သာရိပုတ္တော-နာမ၊ သာရိပုတ္တရာ မည်၏။ အဟံ၊ ငါသည်။ မောဂ္ဂလာနော-နာမ၊ မောဂ္ဂလာန်မည်၏။ မယံ၊ ငါတို့သည်။ အဂ္ဂသာဝကာ၊ အဂ္ဂသာဝကတို့သည်။ အမှ၊ ဖြစ်ကုန်၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဣမေဝ၊ ဤ သူတို့သည်လျှင်။ ဝိစရန္တိ၊ သွားလာကုန်၏။ ဣတိ၊ ဤသို့ဆိုလျက်။ ဒွေအဂ္ဂသာဝကေ၊ အဂ္ဂသာဝက နှစ်ပါးတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ သန္တိကာ၊ အထံမှ။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ ဆန္နတ္ထေရံ၊ ဆန္နထေရ်ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ သြဝဒတိ၊ ဆုံးမ၏။ သော၊ ထိုဆန္နသည်။ တံခဏေယေဝ၊ ထိုခဏ၌သာလျှင်။ တုဏှီဟုတွာ၊ ဆိတ်ဆိတ်ဖြစ်၍။ ပုန၊ တဖန်။ ဂန္တွာ၊ သွား၍။ ထေရေ၊ မထေရ်တို့ကို။ အက္ကောသတိယေဝ၊ ဆဲရေးသည် သာလျှင်တည်း။ ဧဝံ၊ ဤသို့။ ယာဝတတိယံ၊ သုံးကြိမ်တိုင်

အောင်။ အက္ကောသန္တိ၊ ဆဲရေးသော ဆန္နကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ သတ္ထာ၊ ဘုရားသည်။ ဩဝဒိတွာ၊ ဆုံးမ၍။ ဆန္န၊ ဆန္နရဟန်း။ ဒွေအဂ္ဂသာဝကာနာမ၊ နှစ်ပါးသော အဂ္ဂသာဝကတို့ မည်သည်။ တုယှံ၊ သင်၏။ ကလျာဏမိတ္တာ၊ ကောင်းသော အဆွေခင်ပွန်း ဖြစ်ကုန်သော။ ဥတ္တမပုရိသာ၊ ယောကျ်ားမြတ်တို့တည်း။ ဧဝရူပေ ကလျာဏမိတ္တေ၊ ဤသို့ သဘောရှိကုန်သော ကလျာဏမိတ္တတို့ကို။ သေဝဿု၊ ပေါင်းဖေါ်မှီဝဲလော့။ ဘဇဿု၊ ဆည်းကပ်ခယလော့။ ဣတိဝတွာ၊ ဤသို့မိန့်ပြီး၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ပြလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို၊ အာဟ၊ ဟော၏။

၇၈။ ပါပကေ၊ ယုတ်မာကုန်သော။ မိတ္တေ၊ အဆွေခင်ပွန်းတို့ကို။ နဘဇေ၊ မဆည်းကပ်ရာ။ ပုရိသာဓမေ၊ ကြမ်းတမ်းကုန်သော သူတို့ကို။ နဘဇေ၊ မဆည်းကပ်ရာ။ မိတ္တေ ကလျာဏေ၊ ကောင်းသော အဆွေခင်ပွန်းတို့ကို။ ဘဇေထ၊ ဆည်းကပ်ကုန်ရာ၏။ ပုရိသုတ္တမေ၊ မြတ်သောသူတော်ကောင်းတို့ကို။ ဘဇေထ၊ ဆည်းကပ်ကုန်ရာ၏။ ဣတိ၊ ဤသို့ဟော၏။

တဿာ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ကာယဒုစ္စရိတာဒိ အကုသလကမ္မာဘိရတာ၊ ကာယဒုစရိုက်စသော အကုသိုလ်တို့၌ မွေ့လျော်ကုန်သောသူတို့သည်။ ပါပမိတ္တာနာမ၊ ယုတ်မာသော အဆွေခင်ပွန်း မည်ကုန်၏။ သန္ဓိစ္ဆေဒနာဒိကေဝါ၊ ခြံစပ်ဖေါက်ခြင်းစသည်၌လည်းကောင်း။ ဧကဝီသတိ အနေသနာဒိဘေဒေဝါ၊ နှစ်ဆယ့်တပါးသော အနေသန အစရှိသောအမှု၌လည်းကောင်း။ အဋ္ဌာနေ၊ အရာမဟုတ်သည်၌။ နိယောဇကာ၊ ယှဉ်ခြင်းသည်။ ပုရိသာဓမာနာမ၊ ပုရိသာဓမမည်၏။ ဥဘောပိဝါ- နှစ်ပါးလည်းဖြစ်ကုန်သော။ ဧတေ၊ ဤသူတို့သည်။ ပါပမိတ္တာစေဝ၊ ပါပမိတ္တလည်းမည်ကုန်၏။ ပုရိသာဓမာစ၊ ပုရိသာဓမလည်း မည်ကုန်၏။ တေ၊ ထိုသူတို့ကို။ နဘဇေယျ နပယိရုပါသေယျ၊ မဆည်းကပ်ရာ။ ဝိပရီတာပန၊ ထိုသဘောမှ ဖေါက်ပြန်သော သူတို့သည်ကား။ ကလျာဏမိတ္တာစေဝ၊ ကလျာဏမိတ္တလည်း မည်ကုန်၏။ သပ္ပုရိသာစ၊ သပ္ပုရိသလည်း မည်ကုန်၏။ တေ၊ ထိုသူတို့ကို။ ဘဇေထ ပယိရုပါသေထ၊ ဆည်းကပ်ကုန်ရာ၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။

ဒေသနာဝသာနေ၊ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဆန္နတ္ထေရဝတ္ထု

ဆန္နတ္ထေရောပန၊ ဆန္နထေရ်သည်ကား။ တံဩဝါဒံ၊ ထိုအဆုံးအမစကားကို။ သုတွာပိ၊ ကြား၍လည်း။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ရေရွတ်၏။ ပုနပိ၊ တဘန်လည်း။ သတ္ထု၊ ဘုရားအား။အာရောစေသုံ၊ကြားလျှောက်ကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဟ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ မယိ၊ ငါဘုရားဘည်။ ဓရန္တေ၊ ထင်ရှားရှိစဉ်။ ဆန္နံ၊ ဆန္န-ထေရ်ကို။ သိက္ခာပေတုံ၊ ကျင့်စေခြင်းငှါ။ န သက္ခိဿထ၊ မတတ်နိုင်ကုန်လတ္တံ့။ မယိပန၊ ငါဘုရား သည်ကား။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန်ပြုသည်ရှိသော်။ သိက္ခာပေတုံ၊ ကျင့်စေခြင်းငှါ။ သက္ခိဿထ၊ တတ်နိုင်ကုန်လတ္တံ့။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ပရိနိဗ္ဗာနကာလေ၊ ပရိနိဗ္ဗာန်ပြုသောအခါ၌။ အာယသ္မတာ အာနန္ဒေန၊ အရှင်အာနန္ဒာသည်။ ဘန္တေ၊ အရှင်ဘုရား။ ကထံ၊ အဘယ်သို့။ ဆန္နတ္ထေရေ၊ ဆန္နမထေရ်၌။ အမှေဟိ၊အကျွနုပ်တို့သည်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်ရအံ့နည်း။ ဣတိဝုတ္တေ၊ ဤသို့ လျှောက်သည်ရှိသော်။အာနန္ဒ၊ချစ်သားအာနန္ဒာ။ဆန္နဿ ဘိက္ခုနော၊ ဆန္နရဟန်းအား။ ဗြဟ္မဒဏ္ဍော၊ဗြဟ္မဒဏ်ကို။ဒါတဗ္ဗော၊ပေးအပ်၏။ဣတိ အာဏာပေသိ၊ဤသို့အာဏာထားတော်မူ၏။ သော၊ ထိုဆန္နသည်။ သတ္ထရိ၊ ဘုရားသည်။ပရိ-နိဗ္ဗုတေ၊ပရိနိဗ္ဗာန်ပြုသည်ရှိသော်။အာနန္ဒတ္ထေရေန၊အာနန္ဒာမထေရ်သည်။ အာရောစိတံ၊ ကြားအပ်သော။ ဗြဟ္မဒဏ္ဍံ၊ ဗြဟ္မဒဏ်ကို။ သုတွာ၊ ကြား၍။ ဒုက္ခီ၊ နှလုံးဆင်းရဲလျက်။ ဒုမ္မနော၊ နှလုံးမသာယာဘဲ။ တိက္ခတ္တုံ၊ သုံးကြိမ်။ မုစ္ဆိတော၊ မိန်းမော၍။ ပဘိတွာ၊ လည်း၍။ ဘန္တေ၊ အရှင်ဘုရား။ မံ၊ အကျွန်ုပ်ကို။ မာနာသယိတ္ထ၊ မဖျက်ဆီးပါလင့်။ ဣတိယာစိ-တွာ၊ ဤသို့တောင်းပန်၍။ သမ္မာ၊ ကောင်းစွာ။ ဝတ္တံ၊ ဝတ်ကို။ ပူရေ-န္တော၊ ဖြည့်သည်ရှိသော်။ နစိရဿေဝ၊ မကြာမြင့်မီသျှင်။ သဟပဋိသမ္ဘိ-ဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ ဣတိ ပရိသမာပနံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော

ပဏ္ဍိတဝဂ်၌ သုံးခုမြောက် ဖြစ်သော ဆန္နတ္ထေရဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

တတိယံ၊ သော။ ဆန္နတ္ထေရဝတ္ထု၊ တည်း။

---

၆-ပဏ္ဍိတဝဂ္ဂ၊ ၄-မဟာကပ္ပိနတ္ထေရ ဝတ္ထု

အနုသန္ဓေ... ဆန္နတ္ထေရဝတ္ထု၌ ဟောရာဖြစ်သော ၁ဂါထာ ၁၏အနက်ကို ဖွင့်ပြီး၍ ယခုအခါ မဟာကပ္ပိနတ္ထေရဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ဓမ္မပီတိ စသည်ကို မိန့်အပ်၏။

ဓမ္မပီတိ သုခံ သေတီတိ ဣဒံ ဓမ္မဒေသနံ၊ သေတိ စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ မဟာကပ္ပိနတ္ထေရံ၊ မဟာကပ္ပိနမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။

တတြ၊ ထိုသို့ဟောရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ အနုပုဗ္ဗိကထာ၊ အစဉ်သောစကားတည်း။ ကိရ၊ စင်စစ်အားဖြင့်။ အတီတေ၊ လွန်လေပြီးသောအခါ၌။ အာယသ္မာ မဟာကပ္ပိနော၊ အရှင်ကပ္ပိန မထေရ်သည်။ ပဒုမုတ္တရဗုဒ္ဓဿ ပါဒမူလေ၊ ပဒုမုတ္တရဘုရား၏ ခြေတော်ရင်း၌။ ကတာဘိ-နီဟာရော၊ ပြုအပ်ပြီးသော ဆုတောင်းခြင်းရှိသည်ဖြစ်၍။ သံသာရေ၊ သံသရာ၌။ သံသရန္တော၊ ကျင်လည်သည်ရှိသော်။ ဗာရာဏသိတော၊ ဗာ-ရာဏသီပြည်မှ။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ဧကသ္မိံ ပေသကာရ-ဂါမေ၊ တခုသော ရက်ကန်းသည် ရွာ၌။ ဇေဋ္ဌက ပေသကာရော၊ ရက်ကန်းသည်တို့၏ အကြီးသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ သဟဿမတ္တာ ပစ္စေကဗုဒ္ဓေါ၊ တထောင်မျှလောက် ကုန်သော အရှင်-ပစ္စေကဗုဒ္ဓါတို့သည်။ အဋ္ဌမာသေ၊ ရှစ်လတို့ပတ်လုံး။ ဟိမဝန္တေ၊ ဟိမဝန္တာ၌။ ဝသိတွာ၊ နေပြီး၍။ ဝဿိကေ၊ မိုးတွင်းကာလ၌။ စတ္တာရော မာသေ၊ လေးလတို့ပတ်လုံး။ ဇနပဒေ၊ ဇနပုဒ်၌။ ဝသန္တိ၊ နေကုန်၏။ တေ၊ ထိုပစ္စေက ဗုဒ္ဓါတို့သည်။ ဧကဝါရံ၊ တကြိမ်။ ဗာရာဏသိယာ၊ ဗာရာဏသီပြည်၏။ အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ ဩတရိတွာ၊ သက်ဆင်း၍။ သေနာသန-ကရဏတ္ထာယ၊ ကျောင်းဆောက်စေခြင်းငှါ။ ဟတ္ထ ကမ္မံ၊ လက်မှုကို။ ယာစထ၊ တောင်းလေကုန်လော့။ ဣတိ၊ ဤသို့။ ရညော၊ မင်း၏။ သန္တိကံ၊

အထံသို့။ အဋ္ဌပစ္စေကဗုဒ္ဓေ၊ ရှစ်ဆူသော ပစ္စေကဗုဒ္ဓါတို့ကို။ ပဟိဏိံ သု၊ စေလွှတ်ကုန်၏။ တဒါပန၊ ထိုအခါ၌ကား။ ရညော၊ မင်း၏။ ဝပ္ပ မင်္ဂလကာလော၊ မျိုးကြဲမင်္ဂလာသည်။ ဟောတိ၊ ဖြစ်၏။

သော၊ ထိုမင်းသည်။ ကိရ၊ စင်စစ်။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့သည်။ အာဂတာ၊ ကြွလာကုန်၏။ ဣတိ၊ ဤသို့သော စကားကို။ သုတွာ၊ ကြား၍။ တသ္မိံ ခဏေ၊ ထိုခဏ၌။ နိက္ခမိတွာ၊ထွက်၍။ အာဂတ ကာရဏံ၊လာခြင်း၏ အကြောင်းကို။ ပုစ္ဆိတွာ၊ မေး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ အဇ္ဇ၊ ယနေ့။ ဩကာသော၊ အားလပ်သော အခွင့်သည်။ နတ္ထိ၊ မရှိ။ သွေ၊ နက်ဖြန်။ အမှာကံ၊ အကျွန်ုပ်တို့အား။ ဝပ္ပမင်္ဂလံ၊ မျိုးကြဲမင်္ဂလာတည်း။ တတိယဒိဝသေ၊ သုံးရက်မြောက်သော နေ့၌။ ကရိဿာမိ၊ လုပ်ဆောင်ပါအံ့။ ဣတိဝတွာ၊ ဤသို့ လျှောက်၍။ သော၊ ထိုမင်းသည်။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ အနိမန္တေတွာဝ၊မပိတ်မူ၍လျှင်။ ပါဝိသိ၊ ဝင်၏။ပစ္စေကဗုဒ္ဓါ၊ပစ္စေကဗုဒ္ဓါတို့သည်။ အညံ၊ တပါးသော ရွာသို့။ဂမိဿာမ ဣတိ၊ သွားကုန်အံ့ဟူ၍။ (ပဝိသိဿာမာတိ ဟူ၍လည်း, ရှိ၏။ ဝင်ကုန်အံ့, ဟုပေး။) ပက္ကမိံ သု၊ ဖဲသွားကုန်၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ ဇေဋ္ဌ ပေသကာရဿ၊ ရက်ကန်းသည် အကြီး၏။ ဘရိယာ၊ မယားသည်။ ကေနစိဒေဝ ကရဏီယေန၊ တစုံတခုသော ပြုဘွယ်ကိစ္စဖြင့်။ ဗာရာဏသိံ၊ ဗာရာဏသီပြည်သို့။ ဂစ္ဆန္တီ၊ သွားသည်ရှိသော်။ တေ ပစ္စေကဗုဒ္ဓေ၊ ထိုပစ္စေကဗုဒ္ဓါတို့ကို။ ဒိသွာ၊ မြင်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ အဝေလာယ၊ အခါအချိန်မဟုတ်ပဲ။ ကိံ၊ အဘယ့်ကြောင့်။ အာဂတာ၊ ကြွလာကုန်ဘိသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေး၍။ အာဒိတော ပဋ္ဌာယ၊ အစက စ၍။ ကထေသုံ၊ ပြောဆိုကုန်၏။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ သဒ္ဓါ သမ္ပန္နာ၊ သဒ္ဓါယုံကြည်ခြင်းရှိသော။ ဉာဏသမ္ပန္နာ၊ ဉာဏ်နှင့်ပြည့်စုံသော။ ဣတ္ထီ၊ မိန်းမသည်။ ဘန္တေ၊ အရှင်ဘုရား။ သွေ၊ နက်ဖြန်။ အမှာကံ၊ အကျွန်ုပ်တို့၏။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှာထာတိ၊ ခံပါကုန်လော့ဟူ၍။ နိမန္တေသိ၊ ဘိတ်၏။ ဘဂိနိ၊ ဒါယိကာမ။ မယံ၊ ငါတို့သည်။ ဗဟုကာ၊ များကုန်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရားတို့။ ကိတ္တကာ၊ အဘယ်မျှ ရှိကုန်သနည်း။ ဣတိ၊ ဤသို့ မေး၏။ သဟဿ မတ္တာ၊ တထောင်မျှ ရှိကုန်၏။ ဣတိ၊ ဤသို့ မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရားတို့။ ဣမသ္မိံ ဂါမေ၊ ဤရွာ၌။ သဟဿ ပေသကာရော၊ ရက်ကန်းသည်

တထောင်တို့သည်။ ဝသိမှု၊နေကုန်၏။ ဧကေကော၊ တယောက် တယောက်သော ဒါယကာသည်။ ဧကေကဿ၊ တပါး တပါးသောအရှင်အား။ ဘိက္ခံ၊ ဆွမ်းကို။ ဒဿတိ၊ လှူလတ္တံ့။ ဘိက္ခံ၊ ဆွမ်းကို။ အဓိဝါသေထ၊ သည်းခံကုန်လော့။ အဟမေဝ၊ အကျွန်ုပ်သည်ပင်လျှင်။ ဝေါ၊ တို့၏။ ဝသနဋ္ဌာနမ္ပိ၊ နေရာ ကျောင်းကိုလည်း။ ကရိဿာမိ၊ ပြုအံ့။ ဣတိအာဟ၊ ဤသို့ ဆို၏။ ပစ္စေကဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါတို့သည်။ အဓိဝါသယိံသု၊ သည်းခံကုန်၏။

သာ၊ ထိုမိန်းမသည်။ ဂါမံ၊ ရွာသို့။ ပဝိသိတွာ၊ ဝင်၍။ ဥဋ္ဌေါသေတိ၊ ကြွေးကြော်၏။ အဟံ၊ ငါသည်။ သဟဿမတ္တေ၊ တထောင် အတိုင်းအရှည် ရှိကုန်သော။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ ဒိသွာ၊ မြင်၍။ နိမန္တယိံ၊ ဘိတ်၏။ အယျာနံ၊ အရှင်တို့၏။ နိသီဒနဋ္ဌာနံ၊ နေရာကျောင်းကို။ သံဝိဒ-ဟထ၊ စီရင်ကုန်လော့။ ယာဂုဘတ္တာဒီနိ၊ ယာဂုဆွမ်း စသည်တို့ကို။ သမ္ပာ-ဒေထ၊ ပြည့်စုံစေကုန်လော့။ ဣတိ၊ ဤသို့ ကြွေးကြော်လျက်။ ဂါမ မဇ္ဈေ၊ ရွာလယ်၌။ မဏ္ဍပံ၊ မဏ္ဍပ်ကို။ ကာရေတွာ၊ ဆောက်စေ၍။ အာသနာနိ၊ နေရာတို့ကို။ ပညာပေတွာ၊ ခင်းစေ၍။ ပုနဒိဝသေ၊ မိုးသောက်သောနေ့၌။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ နိသီဒါပေတွာ၊ နေစေ၍။ ပဏီတေန၊ မွန်မြတ်သော။ ခါဒနီယေန၊ ခဲဘွယ်ဖြင့်ရင်း။ ဘောဇနီယေန၊ ဘောဇဉ် ဖြင့်ရင်း။ ပရိဝိသိတွာ၊ လုပ်ကျွေး၍။ ဘတ္တကိစ္စာဝသာနေ၊ ဆွမ်းစားပြီးသောအခါ၌။ တသ္မိံ ဂါမေ၊ ထိုရွာ၌။ သဗ္ဗာ ကုလိတ္ထိယော၊ ခပ်သိမ်းသော မိန်းမတို့ကို။ အာဒါယ၊ ခေါ်၍။ တာဟိ၊ ထိုမိန်းမတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ တို့။ တေမာသံ၊ ဝါတွင်းသုံးလပတ်လုံး။ ဝသနတ္ထာယ၊ နေခြင်းငှါ။ ပဋိညံ၊ ဝန်ခံခြင်းကို။ ဒေထ၊ ပေးတော်မူပါကုန်လော့။ ဣတိ၊ သို့။ ဘောသံ ထိုပစ္စေကဗုဒ္ဓါတို့၏။ ပဋိညံ၊ ဝန်ခံခြင်းကို။ ဂဟေတွာ၊ ယူ၍။ ပုန၊ တဖန်။ ဂါမေ၊ ရွာ၌။ ဥဋ္ဌေါသေတိ၊ ကြွေးကြော်၏။ အမ္မ တာတာ၊ အို·ဘမိတို့။ ဧကေ-ကုလတော၊ တယောက် တယောက်သောသူ၏ အိမ်မှ။ ဧကေကော ပုရိ-သော၊ တယောက် တယောက်သော ယောကျ်ားသည်။ ဖရသု ဂါသိ-အာဒီနိ၊ ပေါက်ဆိန်,ပဲခွပ် စသည်တို့ကို။ ဂဟေတွာ၊ ယူ၍။ အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ ဒဗ္ဗသမ္ဘာရေ၊ သစ်အဆောက်အဦတို့ကို။ အာဟရိတွာ၊ ဆောင်၍။ အယျာနံ၊ အရှင်ပစ္စေကဗုဒ္ဓါတို့၏။ ဝသနဋ္ဌာနံ၊

နေရာကျောင်းကို။ ကရောတု၊ ဆောက်လော့။ ဣတိ၊ ဤသို့ နှိုးဆော်သည် ရှိသော်။

ဂါမဝါသိနော၊ ရွာသူ ရွာသားတို့သည်။ တဿာယေဝ၊ ထိုမိန်းမ၏ သာလျှင်။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဧကေကော၊ တယောက် တယောက်သော ဒါယကာသည်။ ဧကေကံ၊ တဆောင်တဆောင်သော ကျောင်းကို။ ကတွာ၊ ၍။ ရတ္တိဋ္ဌာန ဒိဝါဋ္ဌာနေဟိ၊ ညဉ့်သန့်စရာ နေ့ သန့်စရာတို့နှင့်။ သဒ္ဓိံ၊ ကွ။ ပဏ္ဏသာလ သဟဿံ၊ ဖက်ရွက်မိုးသော ကျောင်းတထောင်ကို။ ကာရေတွာ၊ ဆောက်စေ၍။ အတ္တနော အတ္တ-နော၊ မိမိ မိမိ၏။ ပဏ္ဏသာလာယံ၊ သစ်ရွက်မိုးသောကျောင်း၌။ ဝဿူ-ပဂတေ၊ ဝါသို့ကပ်ကုန်သော။ ပစ္စေကဗုဒ္ဓေ၊ ပစ္စေကဗုဒ္ဓါတို့ကို။ အဟံ၊ သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပဋ္ဌဟိဿာမိ၊ လုပ်ကျွေးအံ့။ အဟံ၊ သည်။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပဋ္ဌဟိဿာမိ၊ လုပ်ကျွေးအံ့။ ဣတိ၊ ဤသို့ ဆိုကုန် လျက်။ သက္ကစ္စံ၊ ရိုသေစွာ။ ဥပဋ္ဌဟိံသု၊ လုပ်ကျွေးကုန်၏။ ဝဿံ ဝုတ္ထ-ကာလေ၊ ဝါကျွတ်သောအခါ၌။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ပဏ္ဏ-သာလာယ၊ သစ်ရွက်မိုးသော ကျောင်း၌။ ဝဿံဝုတ္ထာနံ၊ ဝါကျွတ်ကုန် သော။ ပစ္စေကဗုဒ္ဓါနံ၊ ပစ္စေကဗုဒ္ဓါတို့အား။ စီဝရသာဋကေ၊ သင်္ကန်း လျာပုဆိုးတို့ကို။ သဇ္ဇေထ၊ စီရင်ကုန်လော့။ ဣတိ၊ ဤသို့၊ သမာဒ-ပေတွာ၊ ဆောက်တည်စေ၍။ ဧကေကဿ၊ တပါးတပါး၊ အား။ သဟဿ-သဟဿမူလိကံ၊ အဘိုးတထောင် တထောင်ထိုက်သော။ စီဝရံ၊ သင်္ကန်း ကို။ ဒါပေသိ၊ လှူစေ၏။ ပစ္စေကဗုဒ္ဓါ၊ တို့သည်။ ဝုတ္ထဝဿာ၊ ဝါကျွတ် ကုန်သည် ရှိသော်။ အနုမောဒနံ၊ အနုမောဒနာကို။ ကတွာ၊ ပြု၍။ ပက္ကမိံသု၊ ဖဲကုန်၏။

ဂါမဝါသိနောပိ၊ ရွာသူ ရွာသားတို့သည်လည်း။ ဣဒံ ပုညကမ္မံ၊ ဤကောင်းမှုကံကို၊ ကတွာ၊ ပြု၍။ ဣတော၊ ဤလူ့ဖြစ်သည်မှ။ စုတာ၊ စုတေကုန်သည်ရှိသော်။ တာဝတိံသ ဘဝနေ၊ တာဝတိံသာ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဂဏ ဒေဝပုတ္တာနာမ၊ တပေါင်းတည်းဖြစ်သော နတ် သားတို့ မည်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တေ၊ ထိုနတ်သားတို့ သည်။ တတ္ထ၊ ထို တာဝတိံသာနတ်ပြည်၌။ ဒိဗ္ဗသမ္ပတ္တိံ၊ နတ်စည်းစိမ် ကို။ အနု ဘဝိတွာ၊ အစဉ် အတိုင်းခံစား၍။ ကဿပ သမ္မာသမ္ဗုဒ္ဓကာ-လေ၊ ကဿပ ဘုရားလက်ထက်၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။

ကုဋုမ္ဗိကဂေဟသု၊ သူကြွယ်အိမ်တို့၌။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်၏။ ဇေဋ္ဌကပေသကာရော၊ ရက်ကန်းသည် ကြီးသည်။ ဇေဋ္ဌက ကုဋုမ္ဗိကဿ၊သူကြွယ်ကြီး၏။ ပုတ္တော၊ သားသည်။ အဟောသိ၊ ဖြစ်၏။ အဿ၊ ထိုသူ၏။ ဘရိယာပိ၊ မယားသည်လည်း။ ဇေဋ္ဌကကုဋုမ္ဗိကဿေဝ၊ သူကြွယ်ကြီး၏ သာလျှင်။ ဓီတာ၊ သမီးသည်။ အဟောသိ၊ ၏။ တာသဗ္ဗာပိ၊ ထိုခပ်သိမ်းသော မိန်းမတို့သည်လည်း။ ဝယပတ္တာ၊ အရွယ်သို့ ရောက်သည်ရှိသော်။ ပရကုလံ၊ လင့်အိမ်သို့။ ဂစ္ဆန္တိယော၊ လိုက်ကုန်သည် ရှိသော်။ တေသံ တေသံယေဝ၊ ထိုသူ ထိုသူတို့၏ သာလျှင်။ ဂေဟာနိ၊ အိမ်တို့သို့။ အဂမိံသု၊ ရောက်လာကုန်၏။ အထ၊ ထိုအခါ၌။ ကေဒိဝသေ၊ တနေ့သ၌။ ဝိဟာရေ၊ ကျောင်း၌။ ဓမ္မဿဝနံ၊ တရားနာခြင်းသည်။ သံဃုဋ္ဌံ၊ ကြေြငြာ ချောက်ချား၏။ သတ္ထာ၊ ဘုရားသည်။ ဓမ္မံ၊ တရားကို။ ဒေသေဿတိ၊ ဟောလတ္တံ့။ ဣတိ၊ ဤသို့သော စကားကို။ သုတွာ၊ ကြား၍။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ ကုဋုမ္ဗိကာ။ ထို သူကြွယ်တို့သည်။ ဓမ္မံ၊ တရားကို။ သောဿာမာတိ၊ နာကုန်အံ့ဟု။ ဘရိယာဟိ၊ မယားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဟာရံ၊ကျောင်းသို့။ အဂမိံသု၊ ရောက်လာကုန်၏။

တေသံ၊ ထိုသူကြွယ်တို့၏။ ဝိဟာရမဇ္ဈံ၊ ကျောင်းလယ်သို့။ ပဝိဋ္ဌက္ခဏေ၊ ဝင်သော ခဏ၌။ ဝဿံ၊ မိုးသည်။ ဥဋ္ဌဟိ၊ တက်၏။ ယေသံ၊ အကြင်သူတို့အား။ ကုလူပကာဝါ၊ ဆရာတို့သည်လည်းကောင်း။ ဉာတိသာမဏေရာဒယောဝါ။ အဆွေ အမျိုး သာမဏေ စသောသူတို့သည်လည်းကောင်း။ အတ္ထိ၊ရှိကုန်၏။တေ၊ ထိုဒါယကာတို့သည်။ တေသံ၊ထိုဆရာတို့၏။ ပရိဝေဏာနိ၊ ပရိဝုဏ်တို့သို့။ ပဝိသိံသု၊ ဝင်ကုန်၏။ တေသံ ပန၊ ထိုသူကြွယ်တို့အားကား။ တထာရူပါ၊ ထိုသို့ သဘောရှိသော ဆရာ,သာမဏေတို့သည်။ နတ္ထိ၊ မရှိကုန်။ (နံကား အနက်ချိအံ့ မထင်။)ဘော၊ ထိုဆရာ,ဆွေမျိုးသာမဏေမရှိသော သူကြွယ်တို့သည်။(ဤ၌လည်း ဘာယ-ဟု ပါဠိမျာ ရှိ၏။ အဌကထာနှင့်မတန်။ ယေသံဟူသော အ... ...သည့် လူ အပေါင်းသာ ကတ္တား ဖြစ်ရမည်။ ထို့ကြောင့် ...ယ မလို၊ တေ သာ ရှိသင့်သည်။) ယတ္ထကတ္ထစိ၊ အမှတ်မဲ့အရပ်သို့။ ပဝိသိတုံ၊ ဝင်ခြင်းငှါ၊ အဝိသဟန္တာ၊ မဝံ့ကုန်သည်ဖြစ်၍။ ဝိဟာရမဇ္ဈေယေဝ၊ ကျောင်းလယ်၌သာလျှင်။ အဋ္ဌံသု၊ နေကုန်၏။ အထ၊ ထိုအခါ၌။ နေ၊ ထိုသူကြွယ်

တို့ကို။ ဇေဋ္ဌက ကုဋုမ္ဗိကော၊ သူကြွယ် ကြီးသည်။ အာဟ၊ ဆို၏။ အမှာ-
ကံ၊ ငါတို့၏။ ဝိပ္ပကာရံ၊ ဖေါက်ပြန်ခြင်းကို။ ပဿထ၊ ကြည့်ပါကုန်
လော့။ ကုလပုတ္တောဟိနာမ၊ အမျိုးသားတို့မည်သည်ကား။ ဧတ္တကေန၊
ဤမျှဖြင့်။ လဇ္ဇိတုံ၊ ရှက်ခြင်းငှါ။ ယုတ္တံ၊ သင့်၏။ ဣတိ၊ ဤသို့ဆို၏။

အယျာ၊ သခင်တို့။ ကိံပန၊ အဘယ်သို့လျှင်။ ကရောမ၊ ပြုကုန်ရ
အံ့နည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ မယံ၊ ငါတို့သည်။ ဝိဿာသိ-
ကဋ္ဌာနဿ၊ အကျွမ်းဝင်သော အရပ်၏။ အဘာဝေန၊ မရှိသဖြင့်။ ဣမံ-
ဝိပ္ပကာရံ၊ ဤဖေါက်ပြန်ခြင်းသို့။ ပတ္တာ၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့
ဆိုကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ မယံ၊ ငါတို့သည်။ ဓနံ၊ ဥစ္စာ
ကို။ သံဟရိတွာ၊ ရုံးစု၍။ ပရိဝေဏံ၊ အာရာမ် ကျောင်းကို။ ကရောမ၊
ဆောက်ကုန်အံ့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ အယျ၊ သခင်။ သာဓု၊
ကောင်းပြီ။ ဣတိ၊ ဤသို့။ ဇေဋ္ဌကော၊ သူကြွယ်ကြီးသည်။ သဟဿံ၊
ဥစ္စာတထောင်ကို။ အဒါသိ၊ ပေး၏။ သေသာ၊ ကြွင်းကုန်သော သူတို့
သည်။ပဉ္စ ပဉ္စသတာနိ၊ ငါးရာ ငါးရာဥစ္စာတို့ကို။ အဒံသု၊ ပေးကုန်၏။
ဣတ္ထိယော၊ မိန်းမတို့သည်။ အဍ္ဍတေယျာနိ အဍ္ဍတေယျာနိသတာနိ၊ နှစ်ရာ့
ငါးဆယ် နှစ်ရာ့ငါးဆယ် ဥစ္စာတို့ကို။ အဒံသု၊ ကုန်၏။ တေ၊ ထိုသူတို့သည်။
တံဓနံ၊ ထိုဥစ္စာကို။ သံဟရိတွာ၊ ရုံးစု၍။ သဟဿ ကူဋာဂါရ ပရိဝါရံ၊
စုလစ်မွန်းချွန် တပ်သောကျောင်းရံ တထောင်ကို။ သတ္ထု၊ ဘုရားအား။
ဝသနတ္ထာယ၊ နေစေခြင်းငှါ။ မဟာပရိဝေဏံနာမ၊ ကျယ်ဝန်းသော ပရိ
ဝုဏ်ရှိသော ကျောင်းမည်သည်ကို။ အာရဘိံသု၊ အားထုတ်ကုန်၏။ နဝ-
ကမ္မဿ၊ အမှုသစ်၏။ မဟန္တတာယ၊ ကြီးကျယ်သည်၏ အဖြစ်ကြောင့်။
ဓနေ၊ ဥစ္စာသည်။ အပ္ပဟောန္တေ၊ မလောက်သည်ရှိသော်။ ပုဗ္ဗေ၊ ရှေး၌။
ဒိန္န ဓနတော၊ လှူပြီးသောဥစ္စာမှ။ ပုန၊ တဖန်။ ဥပဍ္ဎုပဍ္ဎံ၊ ထက်ဝက်
သောဥစ္စာကို။ အဒံသု၊ ပေးကုန်၏။ ပရိဝေဏေ၊ ပရိဝုဏ်သည်။ နိဋ္ဌိတေ၊
ပြီးလတ်သော်။ ဝိဟာရ မဟံ၊ ကျောင်းသာဓုခေါ်ခြင်းကို။ ကရောန္တာ၊
ပြုကုန်သောသူတို့သည်။ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ၊ ဘုရားအမှူးရှိသော
ရဟန်းသံဃာအား။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ မဟာဒါနံ၊ အလှူကြီး
ကို။ ဒတွာ၊ ပေး၍။ ဝီသတိယာဘိက္ခု သဟဿာနံ၊ နှစ်သောင်းသော
ဟန်းတို့အား။ စီဝရာနိ၊ သင်္ကန်းတို့ကို။ သဇ္ဇိံသု၊ စီရင်ကုန်၏။

ဇေဋ္ဌက ကုဋုမ္ဗိကဿပန၊သူကြွယ်ကြီး၏ကား။ ဘရိယာ၊ မယားသည်။ သဗ္ဗေဟိ၊ အလုံးစုံသောသူတို့နှင့်။ သမာနံ၊ အတူအမျှ။ အကတွာ၊ မပြုမူ၍။ အတ္တနော၊ မိမိ၏။ ပညာယ၊ ပညာဖြင့်။ ဌိတာ၊ တည်၏။ အတိရေကတရံ၊ အတိုင်းထက် အလွန်။ ကတွာ၊ ပြု၍။ သတ္ထာရံ၊ ဘုရားကို။ ပူဇေဿာမိ၊ ပူဇော်အံ့။ ဣတိ၊ ဤသို့။ အနောဇပုပ္ဖဝဏ္ဏေန၊ အနော်ဇာပန်း အဆင်းနှင့်တူသော။ သဟဿမူလေန၊ အဘိုးတဆောင် ထိုက်သော။ သာဋကေန၊ ပုဆိုးနှင့်။ သဒ္ဓိံ၊ တကွ။ အနောဇပုပ္ဖ စင်္ကောဋကံ၊ အနော်ဇာပန်း ပုံတောင်းကို။ ဂဟေတွာ၊ ယူ၍။ အနုမောဒနကာလေ၊ အနုမောဒနာပြုသော အခါ၌။ သတ္ထာရံ၊ ဘုရားကို။ အနောဇပုပ္ဖေဟိ၊ အနော်ဇာပန်းတို့ဖြင့်။ ပူဇေတွာ၊ ပူဇော်၍။ တံသာဋကံ၊ ထိုပုဆိုးကို။ သတ္ထု၊ ဘုရား၏။ ပါဒမူလေ၊ ခြေရင်း၌။ ဌပေတွာ၊ ထား၍။ ဘန္တေ၊ အရှင်ဘုရား။ နိဗ္ဗတ္တနိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာ ဖြစ်လေရာအရပ်၌။ မေ၊ အကျွန်ုပ်၏။ သရီရံ၊ ကိုယ်အဆင်းသည်။ အနောဇ ပုပ္ဖဝဏ္ဏံယေဝ၊ အနော်ဇာပန်းအဆင်းနှင့် တူသည်သာလျှင်။ ဟောတု၊ ဖြစ်စေသတည်း။ မေ၊ ငါ၏။ နာမံ၊ အမည် သည်။အနောဇာဝေ၊အနော်ဇာဟူသောအမည်သည်လျှင်။ ဟောတု၊ဖြစ်စေ သတည်း။ ဣတိ၊ ဤသို့။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ပဋ္ဌပေသိ၊ ဖြစ် စေ၏။ သတ္ထာ၊ ဘုရားသည်။ ဝေံဟောတု၊ ဤသို့တောင်းသည့် ဆုအတိုင်း ပြည့်စုံ စေလော့။ ဣတိ၊ သို့။ အနုမောဒနံ၊ အနုမောဒနာကို။ အကာသိ၊ ပြုတော်မူ၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ၊ ထိုသူတို့သည်။ ယာဝတာယုကံ၊ အသက်အတိုင်း။ ဌတွာ၊ တည်၍။ တတော၊ ထိုကိုယ် အဖြစ်မှ။ စုတာ၊ စုတေသည် ရှိသော်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ၊ ဤငါတို့ဘုရားပွင့်လင်း ထွန်းပ သည်ရှိသော်။ ဒေဝလောကာ၊ နတ်ပြည်မှ။ စဝိတွာ၊ စုတေခဲ့၍။ ဇေဋ္ဌက- ကုဋုမ္ဗိကော၊ သူကြွယ်အကြီးသည်။ ကုက္ကုဋဝတီနာမ နဂရေ၊ ကုက္ကုဋဝတီ မည်သော ပြည်၌။ ရာဇကုလေ၊ မင်းမျိုး၌။နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဝယပ္ပတ္တော၊ အရွယ်သို့ရောက်သည်ရှိသော်။မဟာကပ္ပိနရာဇာနာမ၊မဟာကပ္ပိနမည်သော မင်းသည်။ အဟောသိ၊ ဖြစ်၏။ သေသာ၊ ကြွင်းသောသူတို့သည်။ အမစ္စ- ကုလေ၊ အမတ်အမျိုး၌။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်၏။

ဇေဋ္ဌက ကုဋုမ္ဗိကဿ၊ သူကြွယ်ကြီး၏။ ဘရိယာ၊ မယားသည်။ မဒ္ဒရဋ္ဌေ၊ မဒ္ဒရာဇ်တိုင်း၌။ သာဂလ နဂရေ၊ သာဂလပြည်၌။ ရာဇကုလေ၊

မင်းမျိုး၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ အဿာ၊ ထိုမင်းသမီး၏။ သရီရံ၊ ကိုယ်သည်။ အနောဇပုပ္ဖ ဝဏ္ဏမေဝ၊ အနော်ဇာပန်းအဆင်းနှင့် တူသည်သာလျှင်။ အဟောသိ၊ ဖြစ်၏။ အဿာ၊ ထိုမင်းသမီး၏။ နာမံ၊ အမည်ကို။ အနောဇာတွေဝ၊ အနော်ဇာဟူ၍ သာလျှင်။ ကရိံသု၊ ခေါ်ဝေါ်သမုတ်ကုန်၏။ သာ၊ ထိုမင်းသမီးသည်။ ဝယပ္ပတ္တာ၊ အရွယ်သို့ရောက်သည်ရှိသော်။ မဟာကပ္ပိန ရညော၊ ကပ္ပိနမင်းကြီး၏။ ဂေဟံ၊ နန်းအိမ်သို့။ ဂန္တွာ၊ ရောက်၍။ အနောဇာဒေဝီနာမ၊ အနော်ဇာမိဖုရားမည်သည်။ အဟောသိ၊ ဖြစ်၏။ သေသိတ္ထိယောပိ၊ ကြွင်းသောမိန်းမတို့သည်လည်း။ အမစ္စကုလေသု၊ အမတ်အိမ်တို့၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဝယပ္ပတ္တာ၊ အရွယ်သို့ ရောက်ကုန်သည်ရှိသော်။ တေသံယေဝအမစ္စပုတ္တာနံ၊ ထိုအမတ်သားတို့၏သာလျှင်။ ဂေဟာနိ၊ အိမ်တို့သို့။ အဂမံသု၊ သွားလေကုန်၏။ တေသဗ္ဗေ၊ ထိုအလုံးစုံသောသူတို့သည်။ ရညော၊ မင်း၏။ သမ္ပတ္တိ သဒိသံ၊ စည်းစိမ်ချမ်းသာနှင့် တူသော။ သမ္ပတ္တိံ၊ စည်းစိမ်သုခကို။ အနုဘဝိံသု၊ ခံစားကုန်၏။ ယဒါ၊ အကြင်အခါ၌။ ရာဇာ၊ မင်းသည်။ သဗ္ဗာလင်္ကာရ ပဋိမဏ္ဍိတော၊ အလုံးစုံသောတန်းဆာဖြင့် တန်းဆာဆင်လျက်။ ဟတ္ထိံ၊ ဆင်ကို။ အဘိရုဟိတွာ၊ စီး၍။ ဝိစရိ၊ သွား၏။ တဒါ၊ ထိုအခါ၌။ တေပိ၊ ထိုအမတ်တို့သည်လည်း။ တထေဝ၊ ထို့အတူသာလျှင်။ ဝိစရန္တိ၊ သွားလေကုန်၏။ တသ္မိံ၊ ထိုမင်းသည်။ အဿေနဝါ၊ မြင်းဖြင့်လည်းကောင်း။ ရထေနဝါ၊ ရထားဖြင့်လည်းကောင်း။ ဝိစရန္တေ၊ သွားသည်ရှိသော်။ တေပိ၊ ထိုသူတို့သည်လည်း။ တထေဝ၊ ထို့အတူလျှင်။ ဝိစရန္တိ၊ လှည့်ပတ်သွားလာကုန်၏။ ဧဝံ၊ ဤသို့။ တေ၊ ထိုသူတို့သည်။ ကေတော ဟုတွာ၊ တပေါင်းတည်းဖြစ်၍။ ကတာနံ ပုညာနံ၊ ပြုအပ်သောကောင်းမှုတို့၏။ အာနုဘာဝေန၊ အာနုဘော်ဖြင့်။ ကေတောဝ၊ တကွနက်သာလျှင်။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ အနုဘဝိံသု၊ ခံစားကုန်၏။

ရညောပန၊ မင်း၏ကား။ ဗလောစ၊ ဗလ မည်သော မြင်းလည်းကောင်း။ ဗလဝါဟနောစ၊ ဗလဝါဟန မည်သော မြင်းလည်းကောင်း။ ပုပ္ဖောစ၊ ပုပ္ဖမည်သော မြင်းလည်းကောင်း။ ပုပ္ဖဝါဟနောစ၊ ပုပ္ဖဝါဟန မည်သော မြင်းလည်းကောင်း။ သုပတ္တောစ၊ သုပတ္တ မည်သော မြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စအဿာ၊ မြင်းငါးစီးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ရာဇာ၊ မင်းသည်။ တေသု၊ ထို မြင်းငါးစီးတို့တွင်။

သုပတ္တအဿံ၊ သုပတ္တမည်သော မြင်းကို။ သယံ၊ ကိုယ်တိုင်။ အာရောဟတိ၊ စီး၏။ ဣတရေ စတ္တာရော၊ သုပတ္တမြင်းမှတပါး လေးစီးသော မြင်းတို့ကို။ အဿာရောဟာနံ၊ မြင်းစီးသူရဲတို့အား။ သာသနာဟရဏတ္ထာယ၊ သတင်းစကားကို ဆောင်စေခြင်းငှါ။ အဒါသိ၊ ပေး၏။ ရာဇာ၊ မင်းသည်။ တေ၊ ထိုတမန်တို့ကို။ ပါတောဝ၊ စောစောကလျှင်။ဘောဇေတွာ၊ ထမင်းကျွေး၍။ ဂစ္ဆထ၊ သွားလေကုန်။ ဒွေဝါယောဇနာနိ၊ နှစ်ယူဇနာ ခရီးတို့ကို လည်းကောင်း တီဏိဝါ ယောဇနာနိ၊ သုံးယူဇနာ ခရီးတို့ကို လည်းကောင်း။ အာဟိဏ္ဍိတွာ၊ လှည့်လည်၍။ ဗုဒ္ဓဿဝါ၊ ဘုရား၏ လည်းကောင်း။ ဓမ္မဿဝါ၊ တရား၏ လည်းကောင်း။ သံဃဿဝါ၊ သံဃာ၏ လည်းကောင်း။ ဥပ္ပန္နဘာဝံ၊ ဖြစ်ခြင်းကို။ ဉတွာ၊ သိ၍။ မယှံ၊ ငါ့အား။ သုခသာသနံ၊ ချမ်းသာစွာ သတင်းစကားကို။ အာဟရထ၊ ဆောင်ကုန်လော့။ ဣတိ၊ ဤသို့။ ပေသေသိ၊ စေလွှတ်၏။ တေ၊ ထိုတမန်တို့သည်။ စတူဟိ ဒွါရေဟိ၊ တံခါးလေးမျက်နှာတို့မှ။ နိက္ခမိတွာ၊ ထွက်၍။ ဒွေတီဏိ ယောဇနာနိ၊ နှစ်ယူဇနာ သုံးယူဇနာတို့ကို။ အာဟိဏ္ဍိတွာ၊ သွားလာလှည့်ပတ်၍။ သာသနံ၊ သတင်းစကားကို။ အလဘိတွာ၊ မရမူ၍။ ပစ္စာဂစ္ဆန္တိ၊ တဘန်ပြန်လာကုန်၏။

အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ရာဇာ၊ မင်းသည်။ သုပတ္တံအဿံ၊ သုပတ္တမြင်းကို။ အာရုယှ၊ စီး၍။ အမစ္စ သဟဿ ပရိဝုတော၊ အမတ်တထောင် ခြံရံလျက်။ ဥယျာနံ၊ ဥယျာဉ်သို့။ ဂစ္ဆန္တော၊ ထွက်တော်မူသည်ရှိသော်။ ကိလန္တရူပေ၊ ပင်ပန်းသော သဘောရှိကုန်သော။ ပဉ္စသတမတ္တေ၊ ငါးရာအတိုင်းအရှည်ရှိကုန်သော။ဝါဏိဇကေ၊ကုန်သည်တို့ကို။ နဂရံ၊ နေပြည်တော်သို့။ ပဝိသန္တေ၊ ဝင်လာသည်ဘို့ကို။ ဒိသွာ၊ မြင်၍။ ဣမေ၊ ဤသူတို့သည်။ အဒ္ဓါနံ၊ အခွန့်ရှည်စွာလာ၍။ ကိလန္တာ၊ ပင်ပန်းကုန်၏။ အဒ္ဓါ၊ မချွတ်။ ဣမေသံ၊ ဤကုန်သည်တို့၏။ သန္တိကာ၊ အထံမှ။ ဧကံဘဒ္ဒကံ သာသနံ၊သတင်းစကားကောင်း တခုကို။သောဿာမိတိ၊ကြားနာရအံ့ဟူ၍။ တေ၊ ထိုကုန်သည်တို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ကုတော၊ အဘယ်အရပ်မှ။ အာဂစ္ဆထ၊ လာကုန်သနည်း။ ဣတိပုစ္ဆိ၊ဤသို့ မေး၏။ ဒေဝ၊ အရှင်မင်းကြီး။ ဣတော၊ ဤနေပြည်တော်မှ။ ဝီသတိယောဇနသတ မတ္ထကေ၊ ယူဇနာတရာ့ နှစ်ဆယ်အထက်၌။ သာဝတ္ထိနာမနဂရံ၊ သာဝတ္ထိမည်သော ပြည်သည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုသာဝတ္ထိ-

ပြည်မှ။ အာဂစ္ဆာမ၊ လာခဲ့ကုန်၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ ဝေါ၊ သင်တို့၏။ ပဒေသေ၊ အရပ်မှ။ ကိဉ္စိ၊ တစုံတခုသော။ ဥပ္ပန္နံ၊ ဖြစ်သော။ သာသနံ၊ သတင်းသည်။ အတ္ထိပန၊ ရှိပါ၏လော။ ဣတိ၊ ဤသို့ မေး၏။ ဒေဝ၊ မင်းကြီး။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုသည်။ နတ္ထိ၊ မရှိ။ သမ္မာသမ္ဗုဒ္ဓေါ ပန၊ သစ္စာလေးပါးကို သိသော ဘုရားသည်ကား။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့ သံတော်ဦးတင်သည်ရှိသော်။ ရာဇာ၊ မင်းသည်။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ ပဉ္စဝဏ္ဏာယ ပီတိယာ၊ ငါးပါးအကြောင်း ရှိသော ပီတိဖြင့်။ ဖုဋ္ဌသရီရော၊ တွေ့သောကိုယ်ရှိသည်။ ကိဉ္စိ၊ တစုံတခုကို။ သလ္လက္ခေတုံ၊ မှတ်ခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်သည်ဖြစ်၍။ မုဟုတ္တံ၊ တခဏမျှကာလကို။ ဝီတိနာမေတွာ၊ လွန်စေ၍။ တာတာ၊ အချင်းတို့။ ကိံ၊ အဘယ်ကို။ ဝဒေထ၊ ဆိုကုန်သနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့ မေး၏။

ဒေဝ၊ ရှင်မင်းကြီး။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ ရာဇာ၊ မင်းသည်။ ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်းကောင်း။ တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်းကောင်း။ တထေဝ၊ ထို့အတူလျှင်။ ဝီတိနာမေတွာ၊ လွန်စေ၍။ စတုတ္ထဝါရေ၊ လေးကြိမ်မြောက်ဆိုသောအခါ၌။ တာတာ၊ အချင်းတို့။ ကိံ ဝဒေထ၊ အဘယ်ကိုဆိုကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေး၍။ ဒေဝ၊ မင်းကြီး။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ ဝေါ၊ သင်တို့အား။ သတသဟဿံ၊ ဥစ္စာတသိန်းကို။ ဒဒါမိ၊ ပေးအံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ အညံပိ၊ သည်မှတပါးလည်း ဖြစ်သော။ ကိဉ္စိသာသနံ၊ တစုံတခုသောသတင်းသည်။ အတ္ထိ၊ ရှိ၏လော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဒေဝ၊ မင်းကြီး။ အတ္ထိ၊ ရှိ၏။ ဓမ္မော၊ တရားသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့ တင်၏။ ရာဇာ မင်းသည်။ တံပိ၊ ထိုစကားကိုလည်း။ သုတွာ၊ ကြား၍။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ တယောဝါရေ၊ သုံးကြိမ်တို့ကို။ ဝီတိနာမေတွာ၊ လွန်စေ၍။ စတုတ္ထဝါရေ၊ လေးကြိမ်မြောက်သောအခါ၌။ ဓမ္မော၊ တရားသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ ရာဇာ၊ မင်းသည်။ ဣဓာပိ၊ ဤတရား၌လည်း။ ဝေါ၊ သင်တို့အား။ သတသဟဿံ၊ ဥစ္စာတသိန်းကို။ ဒမ္မိ၊ ပေး၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ အပရံပိ သာသနံ၊ သည်မှတပါးသော သတင်းသည်လည်း။

တာတာ၊ အချင်းတို့။ အတ္ထိ၊ ရှိသလော။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဒေဝ၊ မင်းကြီး။ အတ္ထိ၊ ရှိ၏။ သံဃရတနံ၊ သံဃာရတနာသည်။ ဥပ္ပန္နံ၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့လျှောက်၏။ ရာဇာ၊ မင်းသည်။ တမ္ပိ၊ ထိုစကားကိုလည်း။ သုတွာ၊ ကြား၍။ တယောဝါရေ၊ သုံးကြိမ်တို့ကို။ ဝီတိနာမေတွာ၊ လွန်စေ၍။ စတုတ္ထေဝါရေ၊ လေးကြိမ်မြောက်သောအခါ၌။ သံဃောတိပဒေ၊ သံဃောဟူသောပုဒ်ကို။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ ဣမာပိ၊ ဌ်လည်း။ ဝေါ၊ သင်တို့အား။ သတသဟဿံ၊ ဥစ္စာတသိန်းကို။ ဒမ္မီတိ၊ ပေး၏ဟု။ ဝတွာ၊ ဆို၍။ အမစ္စသဟဿံ၊ အမတ်တထောင်ကို။ ဩလောကေတွာ၊ ကြည့်၍။ တာတာ၊ အချင်းတို့။ ကိံ ကရိဿထ၊ အဘယ်သို့ပြုကုန်အံ့နည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။

ဒေဝ၊ ရှင်မင်းကြီး။ တုမှေ၊ သခင်တို့သည်။ ကိံ ကရိဿထ၊ အဘယ်သို့ ပြုကုန်အံ့နည်း။ ဣတိ၊ ဤသို့လျှောက်၏။ တာတာ၊ အချင်းတို့။ အဟံ၊ ငါသည်။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဓမ္မော၊ တရားသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ သံဃော၊ သံဃာသည်။ ဥပ္ပန္နော၊ ဖြစ်ပြီ။ ဣတိ၊ ဤသို့သော စကားကို။ သုတွာ၊ ကြား၍။ အဟံ၊ ငါသည်။ ပုန၊ တဘန်။ နနိဝတ္တိဿာမိ၊ နေပြည်တော်သို့ မပြန်အံ့။ သတ္ထာရံ၊ ဘုရားကို။ ဥဒ္ဒိဿ၊ ရည်၍။ ဂန္တွာ၊ သွား၍။ တဿ၊ ထိုဘုရား၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့ဆို၏။ ဒေဝ၊ မင်းကြီး။ မယံပိ၊ အကျွန်ုပ်တို့သည်လည်း။ တုမှေဟိ၊ မင်းကြီးတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပဗ္ဗဇိဿာမ၊ ရဟန်းပြုကုန်အံ့။ ဣတိ၊ ဤသို့တင်၏။ ရာဇာ၊ မင်းသည်။ သုဝဏ္ဏပဋ္ဋေ၊ ရွှေပေ၌။ အက္ခရာနိ၊ အက္ခရာတို့ကို။ လိခါပေတွာ၊ ရေးစေ၍။ ဝါဏိဇကေ၊ ကုန်သည်တို့ကို။ အာဟ၊ ဆို၏။ အနောဇာနာမ-ဒေဝီ၊ အနော်ဇာမည်တော မိဖုရားသည်။ တုမှာကံ၊ သင်တို့အား။ တီဏိ-သတသဟဿာနိ၊ သုံးသိန်းသော ဥစ္စာတို့ကို။ ဒဿတိ၊ ပေးလတ္တံ့။ ဧဝဥ္စပန၊ ဤသို့သော စကားကိုလည်း။ နံ၊ ထိုမိဖုရားကို။ ဝဒေယျာထ၊ ဆိုလေကုန်။ ရညာ၊ မင်းသည်။ တေ၊ ရှင်မိဖုရားအား။ ဣဿရိယံ၊ စည်းစိမ်ချမ်းသာကို။ ဝိဿဇ္ဇိကိရ၊ စွန့်သတတ်။ ယထာသုခံ၊ ချမ်းသာစွာအလိုရှိတိုင်း။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ ပရိဘုဉ္ဇာဟိ၊ ခံစားလေလော့။ ဣတိ၊ ဤသို့ဆို၏။ ဝေါ၊ သင်တို့၏။ ရာဇာ၊ မင်းသည်။ ကဟံ၊ အဘယ်မှာ စံစား၍နေသနည်း။ ဣတိ၊ ဤသို့။ သစေပနပုစ္ဆတိ၊ အကယ်၍ မေး

သည် ဖြစ်အံ့။ သတ္ထာရံ၊ ဘုရားကို။ ဥဒ္ဒိဿ၊ ရည်၍။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဂတော၊ ကြွတော်မူ၏။ ဣတိ-အာရောစေယျာထ၊ ဤသို့ကြားလေကုန်လော့။ ဣတိ၊ ဤသို့မှာတော်မူ၍။ အမစ္စာပိ၊ အမတ်တို့သည်လည်း။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဘရိယာနံ၊ မယားတို့အား။ တထေဝ၊ ထိုအတူလျှင်။ သာသနံ၊ သတင်းစကားကို။ ပဟိဏိံသု၊ စေလွှတ်ကုန်၏။ ရာဇာ၊ မင်းသည်။ ဝါဏိဇ-ကေ၊ ကုန်သည်တို့ကို။ ဥယျောဇေတွာ၊ လွှတ်လိုက်၍။ အဿံ၊ မြင်းကို။ အဘိရုယှ၊ စီး၍။ အမစ္စသဟဿ ပရိဝုတော၊ အမတ်တထောင် ခြံရံလျက်။ တံခဏံယေဝ၊ ထိုခဏ၌သာလျှင်။ နိက္ခမိ၊ ထွက်၏။

သတ္ထာပိ၊ ဘုရားသည်လည်း။ တံဒိဝသံ၊ ထိုနေ့၌။ ပစ္စူသ ကာလေ၊ မိုးသောက်ထ အခါ၌။ လောကံ၊ လူကို။ ဝါလောကေန္တော၊ ကြည့်သည်ရှိသော်။ မဟာကပ္ပိနရာဇာနံ၊ မဟာကပ္ပိနမင်းကို။ သပရိဝါရံ၊ အခြံအရံနှင့်တကွ။ ဒိသွာ၊ မြင်၍။ အယံမဟာကပ္ပိနော၊ ဤမဟာကပ္ပိန မင်းကြီးသည်။ ဝါဏိဇကာနံ၊ ကုန်သည် တို့၏။ သန္တိကာ၊ အထံမှ။ တိဏ္ဏံရတ-နာနံ၊ ရတနာသုံးပါးတို့၏။ ဥပ္ပန္နဘာဝံ၊ ဖြစ်ကြောင်းကို။ သုတွာ၊ ၍။ တေသံ၊ ထိုကုန်သည်တို့၏။ ဝစနံ၊ စကားကို။ တီဟိ သတ သဟဿေဟိ၊ ဥစ္စာသုံးသိန်းတို့ဖြင့်။ ပူဇေတွာ၊ ၍။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ ပဟာယ၊ စွန့်ပစ်၍။ အမစ္စ သဟဿေဟိ၊ အမတ်တထောင်တို့ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။ မံ၊ ငါဘုရားကို။ ဥဒ္ဒိဿ၊ ရည်၍။ ပဗ္ဗဇိတုကာမော၊ ရဟန်းပြုလို၍။ သွေ၊ နက်ဖြန်။ နိက္ခမိဿတိ၊ တွက်လတ္တံ့။ သော၊ ထိုမင်းသည်။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိဿတိ၊ ရောက်လတ္တံ့။ အဿ၊ ထိုမင်းအား။ ပစ္စုဂ္ဂမနံ၊ ခရီးဦးကြိုဆိုခြင်းသို့။ ကရိဿာ-မီတိ၊ ပြုအံ့ဟူ၍။ ပုနဒိဝသေ၊ တဘန်မိုးသောက်သောနေ့၌။ ခုဒ္ဒက ဂါ-မဘောဇကော၊ ရွာစားမင်းငယ်ကို။ ပစ္စုဂ္ဂမနံ၊ ခရီးဦးကြိုဆိုခြင်းသို့။ ဂစ္ဆ-န္တော၊ ကြွသွားသော။ စက္ကဝတ္တိဝိယ၊ စကြဝတေး မင်းကဲ့သို့။ သယမေဝ၊ ကိုယ်တော်တိုင်သာလျှင်။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ ဂဟေတွာ၊ ယူ၍။ ဝီသယောဇန သတံ မဂ္ဂံ၊ ယူဇနာတရာ့နှစ်ဆယ် ရှိသောခရီးကို။ ပစ္စုဂ္ဂန္တွာ၊ ခရီးဦးကြိုဆိုလျက်။ စန္ဒဘာဂါယ နဒိယာ၊ စန္ဒဘာဂါ မည်သောမြစ်၏။ တီရေ၊ ကမ်းနား၌။ နိဂြောဓရုက္ခမူလေ၊ ပညောင်ပင်ရင်း

၌။ ဆဗ္ဗဏ္ဏ ရသ္မိယော၊ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို။ ဝိဿဇ္ဇေန္တော၊ လွှတ်လျက်။ နိသီဒိ၊ နေတော်မူ၏။

ရာဇာပိ၊ မင်းသည်လည်း။ အာဂစ္ဆန္တော၊ လာသည်ရှိသော်။ ဧကံ-နဒိံ၊ မြစ်တခုသို့။ ပတွာ၊ ရောက်၍။ သော၊ ဤမြစ်သည်။ ကာနာမ၊ ဘယ်အမည်ရှိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဒေဝ၊ မင်းကြီး။ အယံ၊ ဤမြစ်သည်။ အပရစ္ဆာနာမ၊ အပရစ္ဆာအမည်ရှိ၏။ ဣတိ၊ ဤသို့လျှောက်၏။ ပရိမာဏာ၊ အတိုင်းအရှည်သည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေးလတ်သော်။ ဒေဝ၊ မင်းကြီး။ ဂမ္ဘီရတော၊ အစောက်အားဖြင့်။ ဂါဝုတံ၊ တဂါဝုတ်ရှိ၏။ ပုထုလတော၊ အနံအားဖြင့်။ ဒွေဂါဝုတာနိ၊ နှစ်ဂါဝုတ်ရှိကုန်၏။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ ဧတ္ထ၊ ဤမြစ်၌။ နာ-ဝါဝါ၊ လှေသည်လည်းကောင်း။ ဥဠုမ္ပော ဝါ၊ဖောင်သည် လည်းကောင်း။ အတ္ထိပန၊ ရှိပါ၏လော။ ဣတိ၊ ဤသို့ မေး၏။ ဒေဝ၊ မင်းကြီး။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့တင်၏။ နာဝါဒီနိ၊ လှေစသည်တို့ကို။ ဩလော-ကေန္တေ၊ ကြည့်ကုန်သည်ရှိသော်။ အမှေ၊ ငါတို့ကို။ ဇာတိဇရံ၊ ပဋိသန္ဓေနေခြင်း အိုခြင်းသည်။ ဥပနေတိ၊ ဆောင်သည်မည်၏။ ဇရာမရဏံ၊ ဇရာမရဏကို။အဟံ၊ ငါသည်။ နိဗ္ဗေမတိကော၊ ယုံမှားကင်းသည်။ ဟုတွာ၊ ဖြစ်၍။ တိဏ္ဏံ ရတနာနိ၊ ရတနာသုံးပါးတို့ကို။ ဥဒ္ဒိဿ၊ ရည်၍။ နိက္ခန္တော၊ ထွက်သည်ရှိသော်။ မေ၊ ငါ့အား။ ဣဒံ၊ ထိုရတနာသုံးပါးတို့၏။ အာနု-ဘာဝေန၊ အာနုဘော်ဖြင့်။ ဣမံ၊ ဤမြစ်ရေ အယဉ်သည်။ ဥဒကံ ဥဒကံပိယ၊ ရေကဲ့သို့ ရေကဲ့သို့။ မာအဟောသိ၊ မဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ရတနာနံ၊ ရတနာတို့၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ အာဝဇ္ဇေတွာ၊ ဆင်ခြင်၍။ ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါတိ၊ သမ္မာသမ္ဗုဒ္ဓေါဟူ၍။ ဗုဒ္ဓါ-နုဿတိံ၊ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို။ အနုဿရန္တော။ အောက်မေ့လျက်။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ အဿသဟဿေန၊ မြင်းတထောင်ဖြင့်။ ဥဒကပိဋ္ဌိံ၊ ရေအပြင်ကို။ ပက္ခန္ဒိ၊ ပျံသွား၏။ သိန္ဓဝါ၊ သိန္ဓော မြင်းတို့သည်။ ပိဋ္ဌိပါသာဏေ၊ ကျောက်ဖျာအပြင်၌။ ပက္ခန္ဒိံ သုဝိယ၊ ပျံသွားသကဲ့သို့။ ခုရာနံ၊ ခွါတို့၏။ အဂ္ဂါ၊ အဖျားတို့သည်။ နေဝ တေ-မိံသု၊ ရေမစွတ်ကုန်။

သော၊ ထိုမင်းသည်။ တံ၊ ထိုမြစ်ကို ဥတ္တရိတွာ၊ ကူး၍။ ပုရတော၊ ရှေ့သို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ အပရံပိ နဒိံ၊ မြစ်တစင်းကို

လည်း။ ဒိသွာ၊ မြင်၍။ အယံ၊ ဤမြစ်သည်။ ကာနာမ၊ အဘယ် အမည်ရှိသနည်း။ ဣတိ ပုစ္ဆိ၊ ဤသို့မေး၏။ ဒေဝ၊ ရှင်မင်းကြီး။ နီလဝါဟနာ နာမ၊ နီလဝါဟနာ မည်၏။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ အဿာ၊ ထိုမြစ်၏။ ပရိမာဏံ၊ အတိုင်းအရှည်ကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေး၏။ ဒေဝ၊ မင်းကြီး။ ဂမ္ဘီရတောပိ၊ အစောက်အားဖြင့်၎င်း။ ပုထုလတောပိ၊ အနံအားဖြင့်၎င်း။ အဋ္ဌယောဇနံ၊ ယူဇနာရှစ်ခု ရှိ၏။ ဣတိ၊ ဤသို့ လျှောက်၏။ သေသံ၊ ကြွင်းသော စကားသည်။ ပုရိမသဒိသမေဝ၊ ရှေးနှင့်တူသည်သာလျှင်တည်း။ တံပန နဒိံ၊ ထိုမြစ်ကို။ ဒိသွာ၊ မြင်၍။ သွာက္ခာတော ဘဂဝတာ ဓမ္မောတိ၊ ဓမ္မောဟူ၍။ ဓမ္မာနုဿတိံ၊ ဓမ္မာနုဿတိကမ္မဋ္ဌာန်းကို။ အနုဿရန္တော၊ အောက်မေ့လျက်။ ပက္ခန္ဒိ၊ ကူးသွား၏။ တံပိ၊ ထိုမြစ်ကိုလည်း။ အတိက္ကမိတွာ၊ လွန်၍။ ဂစ္ဆန္တော၊ သော်။ အပရံပိနဒိံ၊ တပါးသော မြစ်ကိုလည်း။ ဒိသွာ၊ မြင်၍။ အယံ၊ ဤမြစ်သည်။ ကာနာမ၊ အဘယ် အမည်ရှိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ ဒေဝ၊ မင်းကြီး။ စန္ဒဘာဂါနာမ၊ စန္ဒဘာဂါအမည်ရှိ၏။ ဣတိ၊ ဤသို့ လျှောက်၏။ အဿာ၊ ထိုမြစ်၏။ ပရိမာဏံ၊ အတိုင်းအရှည်ကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေး၏။ ဒေဝ၊ မင်းကြီး။ ဂမ္ဘီရတောပိ၊ အနက်အားဖြင့် လည်းကောင်း။ ပုထုလတောပိ၊ အနံအာဖြင့် လည်းကောင်း။ ယောဇနံ၊ တယူဇနာရှိ၏။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ သေသံ၊ ကြွင်းသောစကားသည်။ ပုရိမ သဒိသမေဝ၊ ရှေးနှင့်တူသည်သာလျှင်တည်း။ ဣမံပန နဒိံ၊ ဤမြစ်ကို။ ဒိသွာ၊ မြင်၍။ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃောတိ၊ သံဃောအစရှိသော၊ သံဃာနုဿတိနှင့် သံဃာနုဿတိကမ္မဋ္ဌာန်းကို။ အနုဿရန္တော၊ အောက်မေ့လျက်။ ပက္ခ၊ ကူးသွား၏။ တမ္ပိ နဒိံ၊ ထိုမြစ်ကိုလည်း။ အတိက္ကမိတွာ၊ လွန်၍။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ သတ္ထုသရီရတော၊ ဘုရားကိုယ်တော်မှ။ နိက္ခန္တာ၊ ထွက်ကုန်သော။ ဆဗ္ဗဏ္ဏ ရသ္မိယော၊ ခြောက်သွယ်သော ရောင်ခြည်တို့ကို။ အဒ္ဒသ၊ မြင်၏။ နိဂြောဓ ရုက္ခဿ၊ ပညောင်ပင်၏။ သာခါဝိဋပ ပဏ္ဏဖလာနိ၊ အခက်အခွ အရွက်အသီးတို့သည်။ သောဝဏ္ဏမယာနိဝိယ၊ ရွှေဖြင့်ပြီးသကဲ့သို့။ အဟေသုံ၊ ဖြစ်ကုန်၏။

ရာဇာ၊ မင်းသည်။ စိန္တေသိ၊ ကြံ၏။ အယံပနဩဘာသော၊ ဤအရောင်သည်။ စန္ဒဿ၊ လ၏။ နေဝဩဘာသော၊အရောင်မဟုတ်။ သူရိယဿ၊

နေ၏။ နဩဘာသော၊ အရောင်မဟုတ်။ ဒေဝမာရ ဗြဟ္မ နာဂ သုပဏ္ဏာဒီနံ၊ နတ်မင်း, မာရ်မင်း, ဗြဟ္မာမင်း, နဂါမင်း, ဂဠုန်စသည်တို့တွင်။ အညတရဿ၊ တယောက်ယောက်၏။ န ဩဘာသော၊ အရောင်မဟုတ်။ အဒ္ဓါ၊ မချွတ်။ အဟံ၊ ငါသည်။ သတ္ထာရံ၊ ဘုရာကို။ ဥဒ္ဒိဿ၊ ရည်၍။ အာဂစ္ဆန္တော။ လာသည်ရှိသော်။ မဟာဂေါတမဗုဒ္ဓေန၊ ဂေါတမနွယ် ဖြစ်သော မြတ်စွာဘုရားကို။ ဒိဋ္ဌော၊ မြင်အပ်သည်။ ဘဝိဿာမိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ ကြံ၍။ သော၊ ထိုမင်းသည်။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ အဿ ပိဋ္ဌိတော၊ မြင်းကျောက်ကုန်းမှ။ ဩတရိတွာ၊ ဆင်း၍။ ဩနတ သရီရော၊ ညွတ်သော ကိုယ်ရှိသည်ဖြစ်၍။ ရသ္မိအနုသာရေန၊ ရောင်တော် အလင်းကို အစဉ်မှီးသဖြင့်။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ မနောသိလာ ရသေ၊ ဆေးဒန်းမြင်းသီလာ အရည်၌။ နိမုဇ္ဇန္တော ဝိယ၊ ငုပ်လျှိုးသကဲ့သို့။ ဗုဒ္ဓရသ္မီနံ၊ ဘုရားရောင်ခြည်တော်တို့၏။ အန္တော၊ အတွင်းသို့၊ ပဝိသိတွာ၊ ဝင်၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌။ အမစ္စ သဟဿေဟိ၊ အမတ် တထောင်တို့နှင့်။ သဒ္ဓိံ၊ တကွ။ နိသီဒိ၊ နေ၏။ သတ္ထာ၊ ဘုရားသည်။ တဿ၊ ထိုမင်းအား။ အနုပုဗ္ဗိံ ကထံ၊ အစဉ်သောတရားစကားကို။ ကထေသိ၊ ဟောတော်မူ၏။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ရာဇာ၊ မင်းသည်။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ အထ၊ ထိုအခါ၌။ သဗ္ဗေဝ၊ အလုံးစုံသောသူတို့သည်လျှင်။ ဥဋ္ဌဟိတွာ၊ ထ၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိံသု၊ တောင်းပန်ကုန်၏။

သတ္ထာ၊ ဘုရားသည်။ ဣမေသံ ကုလပုတ္တာနံ၊ ဤအမျိုးသားတို့အား။ ဣဒ္ဓိမယ ပတ္တစီဝရံ၊ တန်းခိုးဖြင့်ပြီးသော သပိတ်သင်္ကန်းသည်။ အာဂမိဿတိနုခေါ၊ ရောက်လတ္တံ့လော။ ဣတိ၊ ဤသို့။ ဥပဓာရေန္တော၊ စုံစမ်းသည်ရှိသော်။ ဣမေ ကုလပုတ္တာ၊ ဤအမျိုးသားတို့သည်။ ပစ္စေကဗုဒ္ဓ သဟဿဿ၊ ပစ္စေကဗုဒ္ဓါ တထောင်အား။ စီဝ[illegible]သဟဿံ၊ သင်္ကန်း တထောင်ကို။ အဒံသု၊ လှူကုန်၏။ ကဿပ သမ္မာသမ္ဗုဒ္ဓကာလေ၊ ကဿပဘုရား လက်ထက်၌။ ဝီသတိယာ ဘိက္ခုသတဿာနံ၊ နှစ်သောင်းသော ရဟန်းတို့အား။ ဝီသတိ စီဝရသဟဿာနိပိ၊ နှစ်သောင်းသော သင်္ကန်းတို့ကိုလည်း။ အဒံသု၊ လှူကုန်၏။ ဣမေသံ၊ ဤသူတို့အား။ ဣဒ္ဓိမယ-

ယတ္တစိဝရောဂမနံ၊ တန်းခိုးဖြင့်ပြီးသော သပိတ် သင်္ကန်း ရောက်လာခြင်းသည်။ အနုစ္ဆဝိယံ၊ လျောက်ပတ်၏။ (အစ္ဆရိယံလည်းရှိ၏။ ဤနေရာမှာ အလိုမရှိအပ်။) ဣတိဥတွာ၊ ဤသို့သိ၍။ သတ္ထာ၊ ဘုရားသည်။ ဒက္ခိဏဟတ္ထံ၊ လက်ျာလက်ကို။ ပသာရေတွာ၊ ဆန့်၍။ ဘိက္ခဝေါ၊ ရဟန်းတို့။ ဧထ၊ လာလှည့်ကုန်။ ဒုက္ခဿ၊ ဆင်းရဲခြင်း၏။ အန္တကိရိယာယ၊ အဆုံးကိုပြုခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ စရထ၊ ကျင့်ကုန်လော့။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ တေ၊ ထို ရဟန်းတို့သည်။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ အဋ္ဌပရိက္ခာရဓရာ၊ ပရိက္ခရာရှစ်ပါးကိုဆောင်ကုန်လျက်။ ဝဿသဋ္ဌိကတ္ထေရာဝိယ၊ အဝါခြောက်ဆယ် ရပြီးသော မထေရ်ကြီးတို့ကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ ပျံတက်၍။ ပစ္စောရောဟိတွာ၊ တဘန်ဆင်း၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသီဒိံသု၊ နေကုန်၏။

တေပိ ဝါဏိဇကာ၊ ထိုကုန်သည် တို့သည်လည်း။ ရာဇကုလံ၊ မင်းနေရာနန်းအိမ်သို့။ ဂန္တွာ၊ သွား၍။ ရညာ၊ မင်းသည်။ ပဟိတ သာသနံ၊ စေလိုက်သော သတင်းစကာ၊ကို။ အာရောစာပေတွာ၊ ကြားစေ၍။ ဒေဝိယာ၊ မိဖုရားသည်။ အာဂစ္ဆတုတိ၊ လာစေသတည်းဟူး ဝုတ္တေ၊ အမိန့်ရှိလတ်သော်။ ပဝိသိတွာ၊ ဝင်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌။ အဋ္ဌံသု၊ နေကုန်၏။ အထ၊ ထိုအခါ၌။ နေ၊ ထိုကုန်သည်တို့ကို။ ဒေဝီ၊ မိဖုရားသည်။ တာတာ၊ အမောင်တို့။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ အာဂတတ္ထ၊ လာကုန်သနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ရညာ၊ မင်းသည်။ တုမှာကံ၊ အရှင်မိဖုရားတို့၏။ သန္တိကံ၊ အထံသို့။ မယံ၊ ကျွန်တော်တို့ကို။ ပဟိတာ၊ စေအပ်ကုန်၏။ နော၊ ကျွန်တော်တို့အား။ တိဏ္ဏ သတသဟဿာနိ၊ ဥစ္စာသုံးသိန်းတို့ကို။ ဒေဝကိရ၊ စင်စစ်ပေးမည်လော။ ဣတိ၊ ဤသို့ဆို၏။ တာတာ၊ အမောင် ကုန်သည်တို့။ အတိဗဟုံ၊ အလွန်များစွာ။ ဟုတွာ၊ ဖြစ်၍။ ဘဏထ၊ ဆိုကုန်၏။ တုမှေဟိ၊ သင်တို့သည်။ ရညော၊ မင်း၏။ ကိံသိုဒ္ဓိ၊ တစုံတခုသောအမှုကို။ ကတံ၊ ပြုသလော။ ဝေါ၊ သင်တို့အား။ ရာဇာ၊ မင်းသည်။ ကိံ၊ အဘယ် အကြောင်းကြောင့်။ ပသန္နော၊ ကြည်ညိုသနည်း။ တွေကံ ဓနံ၊ ဤမျှလောက်သောဥစ္စာကို။ ဒါပေသိ၊ ပေးစေသနည်း။ ဣတိ၊ ဤသို့မေး၏။ ဒေဝိ၊ ရှင်မိဖုရား။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုသော အမှုကို။

နကတံ၊ မပြုအပ်။ ရညော ပန၊ မင်းအား ကား။ တွေ့ကံ သာသနံ၊ ဤမျှ လောက်သော သတင်းစကားကို။ အာရောစယိမှ၊ ကြားကုန်၏။ ဣတိ၊ ဤသို့ လျှောက်၏။ တာတာ၊ အမောင်တို့။ မယှံ၊ ငါ့အား။ တံ၊ ထို သတင်း စကားကို။ အာရောစေတုံ၊ ကြားခြင်းငှါ။ သက္ကာပန၊ တတ် ကောင်းသလော။ ဣတိ၊ ဤသို့မေး၏။ ဒေဝိ၊ မိဖုရား။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ သက္ကာ၊ တတ်ကောင်း၏။ တာတာ၊ အမောင်တို့။ ဝဒေထ၊ ဆိုကုန်လော့။ ဣတိ၊ ဤသို့မေး၏။ ဒေဝိ၊ မိဖုရား။ လောကေ၊ လောက၌။ ဗုဒ္ဓေါ၊ ဘုရားသည်။ ဥပ္ပန္နော၊ ဖြစ်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။

သာပိ၊ ထို မိဖုရားသည်လည်း။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ပုရိမ နယေနေဝ၊ ရှေးနည်းဖြင့်လျှင်။ ပီတိယာ၊ ပီတိဖြင့်။ ဖုဋ္ဌသရီရာ၊ တွေ့သော ကိုယ်ရှိသည်ဖြစ်၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ ကိဉ္စိ၊ တစုံတခုကို။ အသလ္လက္ခေတွာ၊ မမှတ်နိုင်မူ၍။ စတုတ္ထေဝါရေ၊ လေးကြိမ်မြောက်၌။ ဗုဒ္ဓေါတိပဒံ၊ ဗုဒ္ဓေါဟူသောပုဒ်ကို။ သုတွာ၊ ကြား၍။ တာတာ၊အမောင် တို့။ ဣမသ္မိံပဒေ၊ ဤပုဒ်၌။ ရညာ၊ မင်းသည်။ ကိံ၊ အဘယ်မျှဥစ္စာကို။ ဒိန္နံ၊ လှူသနည်း။ ဣတိ၊ ဤသို့မေး၏။ ဒေဝိ၊ မိဖုရား။ သတသဟဿံ၊ ဥစ္စာ တသိန်းကိုပေး၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ တာတာ၊ အမောင်တို့။ ဧဝရူပံ သာသနံ၊ ဤသို့ သဘောရှိသော သတင်းစကားကို။ သုတွာ၊ ကြား၍။ တုမှာကံ၊ သင်တို့အား။ သတသဟဿံ၊ တသိန်းကို။ ဒဒမာနေန၊ ပေးသဖြင့်။ ရညာ၊ မင်းသည်။ အနနုစ္ဆဝိကံ၊ မလျှောက်ပတ်သည်ကို။ ကတံ၊ ပြုလေဘိ၏။ ဟိ၊ ထိုစကားသင့်စွ။ အဟံ၊ ငါသည်။ ဝေါ၊ သင်တို့ အား။ မမ၊ ငါ၏။ ဒုဂ္ဂတ ပဏ္ဏာကာရာနိ၊ ဆင်းရဲသဖြင့် လက်ဆောင် လက်နက်ဖြစ်ကုန်သော။ တီဏိ သတသဟဿာနိ၊ သုံးသိန်းတို့ကို။ ဒမ္မိ၊ပေး ၏။ ဣတိ၊ ဤသို့ဆို၏။ အပရံပိ၊ တပါးကိုလည်း။ တုမှေဟိ၊သင်တို့သည်။ ရညော၊ မင်းအား။ ကိံ၊ အဘယ်သို့။ အာရောစိတံ၊ ကြားအပ်သနည်း။ ဣတိ၊ဤသို့မေးလတ်သော်။ တေ၊ ထို ကုန်သည်တို့သည်။ ဣဒဥ္စိဒဥ္စ၊ဤမည် ဤမည်သော အကြောင်းကိုလည်း။ အာရောစိတံ၊ ကြားအပ်၏။ ဣတိ၊ ဤသို့ လျှောက်၏။ ဣတရာနိ ဒွေသာသနာနိ၊ ဤမှတပါးသော သတင်း စကားနှစ်ရပ်တို့ကို။ အာရောစယိံသု၊ ကြားလျှောက်ကုန်၏။ ဒေဝီ၊မိဖုရား သည်။ ပုရိမ နယေနေဝ၊ ရှေးနည်းဖြင့်လျှင်။ ပီတိယာ၊ ပီတိဖြင့်။ ဖုဋ္ဌ- သရီရာ၊ တွေ့သော ကိုယ်ရှိသည် ဖြစ်၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ ကိဉ္စိ၊ တစုံ

တခုကို။ အသလ္လက္ခေတွာ၊ မမှတ်နိုင်မူ၍။ စတုတ္ထေ ဝါရေ၊ လေးကြိမ်မြောက်၌။ တထေဝ၊ ထိုအတူလျှင်။ သုတွာ၊ ကြား၍။ တိဏ္ဏံ တိဏ္ဏံ သတသဟဿာနံ၊ သုံးသိန်း သုံးသိန်း သော ဥစ္စာတို့ကို။ ဒါပေသိ၊ ပေးစေ၏။ ဧဝံ၊ ဤသို့။ တေ၊ ထိုကုန်သည် တို့သည်။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ဒွါဒသ သတသဟဿာနိ၊ တဆယ့်နှစ်သိန်းသော ဥစ္စာတို့ကို။ လဘိံသု၊ ရကုန်၏။

အထ၊ ထိုအခါ၌။ နေ၊ ထိုကုန်သည်တို့ကို။ ဒေဝီ၊ မိဖုရားကြီးသည်။ ပုစ္ဆိ၊ မေး၏။ တာတာ၊ အမောင်တို့။ ရာဇာ၊ မင်းသည်။ ကဟံ၊ အဘယ်မှာ ရှိသနည်း။ ဣတိ၊ ဤသို့မေး၏။ ဒေဝိ၊ အရှင်မိဖုရား။ သတ္ထာရံ၊ ဘုရားကို။ ဥဒ္ဒိဿ၊ ရည်၍။ ပဗ္ဗဇိဿာမိတိ၊ ရဟန်းပြုအံ့ဟူ၍။ ဂတော၊ ကြွသွားလေပြီ။ ဣတိ၊ ဤသို့ လျှောက်၏။ မယှံ၊ ငါ့အား။ တေန၊ ထိုမင်းသည်။ ကိံ၊ အဘယ်ကြောင့်။ သာသနံ၊ သတင်းစကားကို။ နဒိန္နံ၊ မပေးလေဘိသနည်း။ ဣတိ၊ ဤသို့ဆို၏။ တေန၊ ထိုမင်းသည်။ တုမှာကံ၊ အရှင်မိဖုရားတို့အား။ သဗ္ဗံ ဣဿရိယံ၊ အလုံးစုံသော စည်းစိမ်ကို။ ဝိဿဇ္ဇိကိရ၊ စွန့်သတတ်။ တုမှေ၊ အရှင်မိဖုရားတို့သည်။ ယထာရုစိယာ၊ အလိုအတိုင်း။ သမ္ပတ္တိံ၊ စည်းစိမ်ကို။ အနုဘဝထကိရ၊ ခံစားကုန်သတတ်။ ဣတိ၊ ဤသို့ ဆိုကုန်၏။ တာတာ၊ အမောင်တို့။ အမစ္စာပန၊ အမတ်တို့သည်ကား။ ကဟံ၊ အဘယ်မှာ ရှိကုန်သနည်း။ ဣတိ၊ ဤသို့ မေး၏။ ဒေဝိ၊ မိဖုရား။ တေပိ၊ ထိုအမတ်တို့သည်လည်း။ ရညာ၊ မင်းနှင့်။ သဒ္ဓိံ ယေဝ၊ တကွသာလျှင်။ ပဗ္ဗဇိဿာမာတိ၊ ရဟန်းပြုကုန်အံ့ဟု။ ဂတာ၊ သွားကုန်၏။ ဣတိ၊ ဤသို့ တင်၏။။ သာ၊ ထိုမိဖုရားသည်။ တေသံ၊ ထိုအမတ်တို့၏။ ဘရိယာယော၊ မယားတို့ကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အမ္မာ၊ အမိတို့။ တုမှာကံ၊ တို့၏။ သာမိကာ၊ လင်တို့သည်။ ရညာ၊ မင်းနှင့်။ သဒ္ဓိံ၊ တကွ။ ပဗ္ဗဇိဿာမာတိ၊ ရဟန်းပြုကုန်အံ့ဟူ၍။ ဂတာ၊ သွားလေကုန်ပြီ။ တုမှေ၊ သင်တို့သည်။ ကိံ၊ အဘယ်သို့။ ကရိဿထ၊ ပြုကုန်အံ့နည်း။ ဣတိ၊ ဤသို့ မေး၏။ ဒေဝိ၊ ထိပ်တင်မ။ တေဟိ၊ ထိုအမတ် ယောကျ်ားတို့သည်။ ကိံပန၊ အဘယ်သို့လျှင်။ အမှာကံ၊ တို့အား။ သာသနံ၊ သတင်းစကားကို။ ပဟိတံ၊ စေအပ်သနည်း။ ဣတိ၊ ဤသို့ မေး၏။ တေဟိ၊ ထိုအမတ် ခင်ပွန်းတို့သည်။ အတ္တနော သမ္ပတ္တိံ၊ မိမိစည်းစိမ်ကို။ တုမှာကံ၊ တို့အား။ ဝိဿဇ္ဇိတာကိရ၊ စွန့်ပစ်ခဲ့ကုန်သတတ်။ တုမှေ၊ တို့အား။ တံသမ္ပတ္တိံ၊ ထိုစည်းစိမ်ကို။ ယထာ-

ရှစိ၊ အလိုအတိုင်း။ ပရိဘုဥ္ဇထကိရ၊ ခံစားမည်မှန်၏။ ဣတိ၊ ဤသို့ ဆိုလတ်
သော်။ ဒေဝိ၊ ထိပ်ခေါင်တင်မ။ တုမှေပန၊ သခင်တို့သည်ကား။ ကိံ ကရိ-
ဿထ၊ အဘယ်သို့ ပြုကုန်အံ့နည်း။ ဣတိ၊ ဤသို့ မေး၏။

အမ္မာ၊ အမိတို့။ သောရဇာ၊ ထိုမင်းသည်။ တာဝ၊ ရှေးဦးစွာ။
သာသနံ၊ သတင်းစကားကို။ သုတွာ၊ ကြား၍။ မဂ္ဂေ၊ ခရီး၌။ ဌိတကောဝ၊
နေလျက်လျှင်။ တီဟိ သတသဟဿေဟိ၊ ဥစ္စာသုံးသိန်းတို့ဖြင့်။ တီဏိ
ရတနာနိ၊ ရတနာသုံးပါးကို။ ပူဇေတွာ၊ ပူဇော်၍။ ခေဠပိဏ္ဍံဝိယ၊
တံတွေးပေါက်ကဲ့သို့။ သမ္ပတ္တိံ၊ ပြည်စည်းစိမ်ကို။ ပဟာယ၊ စွန့်ပစ်၍။
ပဗ္ဗဇိဿာမိတိ၊ ရဟန်းပြုအံ့ဟူ၍။ နိက္ခန္တော၊ ထွက်လေပြီ။ မယာပန၊
ငါသည်ကား။ တိဏ္ဏံ ရတနာနံ၊ ရတနာသုံးပါးတို့၏။ သာသနံ၊ဖြစ်ကြောင်း
သတင်းစကားကို။ သုတွာ၊ ကြား၍။ တီဏိ ရတနာနိ၊ ရတနာသုံးပါးတို့ကို။
နဝဟိသတသဟဿေဟိ၊ ကိုးသိန်းသော ဥစ္စာတို့ဖြင့်။ ပူဇိတာနိ၊ ပူဇော်အပ်
ကုန်ပြီ။ သော သမ္ပတ္တိ၊ ဤစည်းစိမ်သည်။ ခေါပန၊ စင်စစ်အားဖြင့်။
ရညောယေဝ၊ မင်းအားသာလျှင်။ န ဒုက္ခာ၊ ဆင်းရဲခြင်း၏ အကြောင်း
မဟုတ်။ မယှံပိ၊ ငါ့အားလည်း။ ဒုက္ခာဝေ၊ ဆင်းရဲခြင်းအကြောင်း
သာလျှင်တည်း။ ကော၊ အဘယ်သူသည်။ ရညော၊ မင်း၏။ ဆဍ္ဍိတံ၊
စွန့်လေထွေးလေပြီးသော။ ခေဠပိဏ္ဍံ၊ တံတွေးပေါက်ကို။ ဇာဏုကေဟိ၊
ပုဆစ်တို့ဖြင့်။ ပတိဋ္ဌဟိတွာ၊ ခံယူ၍။ မုခေန၊ ခံတွင်းဖြင့်။ ဂဏှိဿတိ၊
ယူရအံ့နည်း။ မယှံ၊ ငါ့အား။ သမ္ပတ္တိယာ၊ နန်းစည်းစိမ်ဖြင့်။ န အတ္ထော၊
အလိုမရှိ။ အဟံပိ၊ ငါသည်လည်း။ သတ္ထာရံ၊ ဘုရားကို။ ဥဒ္ဒိဿ၊ ရည်၍။
ဂန္တွာ၊ သွား၍။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုရအံ့။ ဣတိ၊ ဤသို့ ဆို၏။ ဒေဝိ၊
မိဖုရား။ မယံပိ၊ ကျွန်မတို့သည်လည်း။ တုမှေယေဝ၊ ရှင်မိဖုရားတို့နှင့်
သာလျှင်။ သဒ္ဓိံ၊ တကွ။ ပဗ္ဗဇိဿာမ၊ ရဟန်းပြုကုန်အံ့။ ဣတိ၊ ဤသို့
ဆိုကုန်၏။ အမ္မာ၊ အမယ်တို့။ သစေ သက္ကောထ၊ အကယ်၍ တတ်နိုင်ကုန်
ငြားအံ့။ သာဓု၊ ကောင်း၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဒေဝိ၊ ရှင်
မိဖုရား။ သက္ကောမ၊ တတ်နိုင်ပါကုန်အံ့။ ဣတိ၊ ဤသို့ ဝန်ခံကုန်၏။

အမ္မာ၊ အမယ်တို့။ သာဓု၊ ကောင်းပြီ။ ဧထာတိ၊ ထိုသို့ဆိုတပြီးကား။
ထေ၊ လာကုန်လော့။ ဣတိ၊ ဤသို့ ခေါ်လျက်။ ရထသဟဿံ၊ ရထား
တထောင်ကို။ ယောဇာပေတွာ၊ ကစေ၍။ ရထံ၊ ရထားကို။ အာရုယှ၊
စီး၍။ တာဟိ၊ ထိုမိန်းမတို့နှင့်။ သဒ္ဓိံ၊ တကွ။ နိက္ခမိတွာ၊ ထွက်၍။ အန္တရာ-

မဂ္ဂေ၊ ခရီးအကြား၌။ ပဋ္ဌမံ၊ ရှေးဦးစွာ။ နဒိံ၊ မြစ်ကို။ ဒိသွာ၊ ၍။ ရညော၊ မင်းသည်။ ပုစ္ဆိတေယထာ၊ မေးသကဲ့သို့။ ဧဝံ၊ ဤအတူ။ ပုစ္ဆိတွာ၊ မေး၍။ သဗ္ဗပဝတ္တိံ၊ အလုံးစုံသော အကြောင်းကို။ သုတွာ၊ ကြား၍။ ရညော၊ မင်း၏။ ဂတမဂ္ဂံ၊ သွားသော ခရီးကို။ ဩလောကေထာတိ၊ ကြည့်ကုန် လော့ဟု။ ဝတွာ၊ ဆို၍။ သိန္ဓဝါနံ၊ သိန္ဓောမြင်းတို့၏။ ပဒဝလဉ္ဇံ၊ ခြေရာကို။ ဒေဝ၊ ရှင်မိဖုရား။ နပဿာမ၊ ကျွန်မတို့ မမြင်ပါကုန်။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလေသော်။ ရာဇာ၊ မင်းသည်။ တီဏိ ရတနာနိ၊ ရတနာသုံးပါးတို့ကို။ ဥဒ္ဒိဿ၊ ရည်၍။ အဟံ၊ သည်။ နိက္ခန္တော၊ ထွက်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ သို့။ သစ္စကိရိယံ၊ သစ္စာပြုခြင်းကို။ ကတွာ၊ ပြု၍။ ဂတော၊ သွား သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ ဆင်ခြင်လျက်။ အဟံပိ၊ ငါသည်လည်း။ တီဏိ ရတနာနိ၊ ရတနာသုံးပါးတို့ကို။ ဥဒ္ဒိဿ၊ ရည်၍။ နိက္ခန္တာ၊ ထွက်သည်ရှိသော်။ တေသမေဝ၊ ထိုရတနာသုံးပါးတို့၏သာလျှင်။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ ဣဒံ၊ ဤမြစ်သည်။ ဥဒကံဝိယ၊ ရေကဲ့သို့။ မာအဟောသိ၊ မဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ တိဏ္ဏံ ရတနာနံ၊ ရတနာသုံးပါးတို့၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ အနုဿရိတွာ၊ အဖန်တလဲလဲ အောက်မေ့၍။ ရထသဟဿံ၊ ရထားတထောင်ကို။ ပေသေသိ၊ နှင်သွား လေ၏။ ဥဒကံ၊ ရေသည်။ ပိဋ္ဌိပါသာဏ သဒိသံ၊ ကျောက်ဖျာ အပြင်နှင့် တူသည်။ အဟောသိ၊ ဖြစ်၏။ စက္ကာနံ၊ ရထားလှည်းဘီးတို့၏။ အဂ္ဂဂ္ဂါ၊ အဖျား အဖျားဖြစ်ကုန်သော။ နေမိဝဋ္ဋိယောယေဝ၊ အကွပ်အကန့် တို့ကို သာလျှင်။ တေမိံသု၊ ရေစွတ်ကုန်၏။ ဧတေနေဝ ဥပါယေန၊ ဤသို့သော နည်းဖြင့်လျှင်။ ဣတရာ၊ သည်မှ တပါးကုန်သော။ ဒွေ နဒိယော၊ မြစ်နှစ်ခု တို့ကို။ ဥတ္တာရိ၊ ကူးသွား၏။

အထ၊ ထိုအခါ၌။ သတ္ထာ၊ ဘုရားသည်။ အဿာ၊ ထိုအနော်ဇာ မိဖုရား၏။ အာဂမနဘာဝံ၊ လာလတ္တံ့သော အကြောင်းကို။ ဉတွာ၊ သိ၍။ ယထာ၊ အကြင် အခြင်းဖြင့်။ အတ္တနော သန္တိကေ၊ ကိုယ်တော်မြတ်အထံ၌။ နိသိန္နာ၊ နေကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ နပဿာယန္တိ၊ မထင် ကုန်။ ဧဝံ၊ ဤအခြင်းဖြင့်။ အကာသိ၊ ပြု၏။ သာပိ၊ ထိုမိဖုရားသည် လည်း။ ဂစ္ဆန္တီ ဂစ္ဆန္တီ၊ သွားတိုင်း သွားတိုင်း။ သတ္ထုသရီရတော၊ ဘုရား ကိုယ်တော်မှ။ နိက္ခန္တာ၊ ထွက်ကုန်သော။ ဆဗ္ဗဏ္ဏရသ္မိယော၊ ရောင်ခြည် ခြောက်သွယ်တို့ကို။ ဒိသွာ၊ ၍။ တထေဝ၊ ထိုရှေးအတူလျှင်။ စိန္တေတွာ၊

ကြံ၍။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သော အရပ်၌။ ဋ္ဌိတာ၊နေလျက်။ ပုစ္ဆိံ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မဟာကပ္ပိနော၊ ကပ္ပိနမင်းကြီးသည်။ တုမှာကံ၊ အရှင်ဘုရားတို့ကို။ ဥဒ္ဒိဿ၊ ရည်၍။ နိက္ခန္တော၊ ထွက်ကုန်၍။ အာဂတာ၊ လာကုန်သည်။ အတ္တမဉော၊ ဖြစ်ယောင်၏ မဟုတ်ကုန်လော။ သော၊ ထိုမင်းသည်။ ကဟံ၊ အဘယ်မှာရှိသနည်း။ ဣတိ၊ ဤသို့မေးပြီးသော်။ အမှာကံပိ၊ အကျွန်ုပ်တို့အားလည်း။ နံ၊ ထိုမင်းကို။ ဒဿေထ၊ ပြပါကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ နိသီဒထ၊ ထိုင်ကြကုန်လော့။ တာဝ၊ ရှေးဦးစွာ။ ဣဓေဝ၊ ဤအရပ်၌ပင်လျှင်။ နံ၊ ထိုမင်းကို။ ပဿိဿထ၊ မြင်ရကုန်လတ္တံ့။ ဣတိ၊ ဤသို့မိန့်လတ်သော်။ တာသဗ္ဗာပိ၊ ထိုခပ်သိမ်းသော မိန်းမတို့သည်လည်း။ တုဋ္ဌစိတ္တာ၊ ဝမ်းမြောက်သောစိတ်ရှိကုန်သည်ဖြစ်၍။ ဣဓေဝ၊ ဤအရပ်၌လျှင်။ နိသိန္နာ၊ နေကုန်သည်ရှိသော်။ သာမိကေ၊ လင်တို့ကို။ ကိရ၊စင်စစ်။ ပဿိဿာမ၊ ဖူးမြင်ရကုန်အံ့။ ဣတိ၊ ဤသို့။ နိသီဒိံသု၊ နေကုန်၏။

သတ္ထာ၊ သည်။ တာသံ၊ ထို မိန်းမတို့အား။ အနုပုဗ္ဗိံကထံ၊ အစဉ်သော တရားစကားကို။ ကထေသိ၊ ဟော၏။ အနောဇာဒေဝီ၊ အနော်ဇာ မိဖုရားသည်။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သပရိဝါရာ၊ အခြံအရံတို့နှင့်တကွ။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိ၊ ၏။ မဟာကပ္ပိနတ္ထေရော၊ မဟာကပ္ပိနထေရ်သည်။ တာသံ၊ ထိုမိဖုရားတို့၏။ ဝဍ္ဎိတဓမ္မဒေသနံ၊ ပွားစေအပ်သောတရားကို။ သုဏန္တော၊ လျက်။ သပရိဝါရော၊ အခြံအရံနှင့်တကွ။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ တသ္မိံခဏေ၊ ထိုခဏ၌။ သတ္ထာ၊ ဘုရားသည်။ တာသံ၊ ထိုမိဖုရားတို့အား။ တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တေ၊ ရောက်သည်တို့ကို။ ဒဿေတိ၊ ပြ၏။ တာသံ၊ ထိုမိဖုရားတို့၏။ အာဂတက္ခဏေယေဝ၊ လာသော ခဏ၌သာလျှင်။ အတ္တနော၊ မိမိ၏။ သာမိကေ၊ လင်တို့ကို ကာသာဝ ဓရေ၊ ဖန်ရည်စွန်းသော အဝတ်တို့ကို ဆောင်လျက်။ မုဏ္ဍကသီသေ၊ ဦးခေါင်းပြည်းသည်တို့ကို။ ဒိသွာ၊ မြင်၍။ စိတ္တံ၊ စိတ်သည်။ ဧကဂ္ဂံ၊ တည်ကြည်သည်။ ကိရ၊ စင်စစ်။ နဘဝေယျ၊ မဖြစ်ရာ။ တေန၊ ထို့ကြောင့်။ မဂ္ဂဖလာနိ၊ မဂ်ဖိုလ်တို့ကို။ ပတ္တုံ၊ ရောက်ခြင်းငှါ။ န သက္ကုဏေယျုံ၊ မတတ်နိုင်

ကုန်ရာ။ တသ္မာ၊ ထို့ကြောင့်။ အစလသဒ္ဒါယ၊ မတုန်မလှုပ်သော ကြည်ညို ခြင်းဖြင့်။ ပတိဋ္ဌိတ ကာလေ၊ တည်သောအခါ၌။ တာသံ၊ ထိုမိဖုရားတို့ အား။ တေသိက္ခု၊ ထိုရဟန်းတို့ကို။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပတ္တေ-ယေဝ၊ ရောက်သည်တို့ကိုသာလျှင်။ ဒသေသိ၊ ပြ၏။

တာပိ၊ ထိုမိဖုရားတို့သည်လည်း။ တေ၊ ထိုရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ ပဋ္ဌပတိဋ္ဌိတေန၊ ငါးပါးသောတည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ တုမှာကံ၊ အရှင်ဘုရားတို့အား။ တာဝ၊ ရှေးဦးစွာ။ ပဗ္ဗဇိတကိစ္စံ၊ ရဟန်းကိစ္စသည်။ မတ္ထကံ၊ အပြီးသို့။ ပတ္တံ၊ ရောက်လေပြီ။ ဣတိဝတွာ၊ ဤသို့ဆို၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌။ ဌိတာ၊ နေကုန်လျက်။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိံသု၊ တောင်းပန်ကုန်၏။ ဧဝံ ဝုတ္တေ၊ ဤသို့ တောင်းပန်သည်ရှိသော်။ သတ္ထာ၊ ဘုရားသည်။ ဥပ္ပလဝဏ္ဏာယ၊ ဥပ္ပလဝဏ်၏။ အာဂမနံ၊ လာခြင်း ကို။ စိန္တေသိကိရ၊ ကြံသတတ်။ ဣတိ၊ သို့။ ကေစ္စေ၊ အချို့သော ဆရာ တို့သည်။ ဝဒန္တိ၊ ဆိုကုန်၏။ သတ္ထာပန၊ ဘုရားသည်ကား။ တာပိဥပါသိ-ကာယော၊ ထိုဒါယိကာမတို့ကိုလည်း။ အာဟ၊ မိန့်တော်မူ၏။ သာဝတ္ထိံ၊ ပြည်သို့။ ဂန္တွာ၊ သွား၍။ ဘိက္ခုနိဥပဿယေ ယေဝ၊ ရဟန်းမိန်းမတို့ ကျောင်း၌သာလျှင်။ ပဗ္ဗာဇေထ၊ ရဟန်းပြုလေကုန်လော့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ တာ၊ ထိုမိဖုရားတို့သည်။ အနုပုဗ္ဗေန၊ အစဉ်အားဖြင့်။ ဇနပဒစာရိကံ၊ ဇနပုဒ်ဒေသစာရီကို။ စရမာနာ၊ သွားကုန်သည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ မဟာဇနေန၊ လူအများသည်။ အဘိဟဋ္ဌ-သက္ကာရသမ္မာနာ၊ ရှေးရှုဆောင်အပ်သောပူဇော်ခြင်း, မြတ်နိုးခြင်းဖြင့်။ ပဒသာဝ၊ ခြေကျင်သာလျှင်။ ဝီသယောဇနသတိကံ၊ ယူဇနာ တရာ့နှစ်ဆယ် ရှိသော ခရီးကို။ ဂန္တွာ၊ သွား၍။ ဘိက္ခုနိဥပဿယေ၊ ရဟန်းမိန်းမတို့ ကျောင်း၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

သတ္ထာပိ၊ ဘုရားသည်လည်း။ ဘိက္ခု သဟဿံ၊ ရဟန်းတထောင်ကို။ အာဒါယ၊ ခေါ်၍။ အာကာသေနေဝ၊ ကောင်းကင်ခရီးဖြင့် သာလျှင်။ ဇေတဝနံ၊ ဇေတဝန်ကျောင်းတော်သို့။ အဂမာသိ၊ ကြွတော်မူလေ၏။ တတြ၊ ထိုဇေတဝန်ကျောင်း၌။ ။(သုဒ်ကား အနက်မရှိ၊ နိပါတ်မျှသာ။)

။ ။အာယသ္မာ မဟာကပ္ပိနော၊ မဟာကပ္ပိနသည်။ ရတ္တိန္ဒိဝါနံ ဒိဝါဒိဝါနာ-ဒီသု၊ ညဉ့်သန့်ရာ နေ့သန့်ရာ အရပ် စသည်တို့၌။ အဟောသုခံ အဟော-သုခန္တိ၊ ဪ ချမ်းသာစွ ချမ်းသာစွဟု။ ဥဒါနံ၊ နှစ်သက်သောစကားကို။ ဥဒါနေန္တော၊ ဥဒါန်းကျူးလျက်။ ဝိစရတိ၊ သွားလာ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဂဝတော၊ ဘုရားအား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ မဟာကပ္ပိနော၊ မဟာကပ္ပိနသည်။ အဟောသုခံ အဟောသုခန္တိ၊ ဪချမ်းသာပေစွ ချမ်းသာပေစွဟု။ ဥဒါနံ၊ နှစ်သက်သော စကားကို။ ဥဒါနေန္တော၊ ဝမ်းမြောက်ဝမ်းသာဆိုလျက်။ ဝိစရတိ၊ သွား၏။ အတ္တနော၊ မိမိ၏။ ကာမသုခံ၊ ကာမဂုဏ် ချမ်းသာကိုရင်း။ ရဇ္ဇသုခံ၊ ပြည်စည်းစိမ် ချမ်းသာကိုရင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိမညေ၊ ဆိုပေမှတ်ထင်ယောင်တကား။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ သတ္ထာ၊ ဘုရားသည်။ တံ၊ ထိုကပ္ပိနမထေရ်ကို။ ပက္ကောသာ-ပေတွာ၊ ခေါ်စေ၍။ ကပ္ပိန၊ ကပ္ပိန။ တွံ၊ သင်သည်။ ကာမသုခံ၊ ကာမဂုဏ် ချမ်းသာကိုရင်း။ ရဇ္ဇသုခံ၊ ပြည်စည်းစိမ် ချမ်းသာကိုရင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဥဒါနံ၊ နှစ်သက်သောစကားကို။ ဥဒါနေသိ-ကိရ၊ ပြောဆို၏ ဟူသည်။ သစ္စံ၊ မှန်သလော။ ဣတိ၊ ဤသို့မေးတော်မူ၏။ ဘန္တေဘဂဝါ၊ ဘုန်းတော်ကြီးသောဘုရား။ မေ၊ အကျွန်ုပ်သည်။ တံ၊ ထိုကာမဂုဏ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဥဒါနဘာဝံဝါ၊ ဆိုသည်၏အဖြစ်ကို လည်းကောင်း။ အနုဒါနဘာဝံဝါ၊ မဆိုသည်၏ အဖြစ်ကို လည်းကောင်း။ ဇာနာတိ၊ သိတော်မူ၏။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ မမ ပုတ္တော၊ ငါ့သားတော်သည်။ ကာမသုခံ၊ ကာမဂုဏ်ချမ်းသာကိုရင်း။ ရဇ္ဇသုခံ၊ ပြည်စည်းစိမ်ကိုရင်း။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဥဒါနံ၊ နှစ်သက်သောစကားကို။ န ဥဒါနေတိ၊ မဆို။ မမ ပုတ္တဿပန၊ ငါ့သားကား။ ဓမ္မပီတိနာမ၊ တရားကို သောက်ခြင်း မည်သည်။ ဓမ္မရတိနာမ၊ တရား၌ မွေ့လျော်ခြင်း မည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သော၊ ထိုငါ့သားကပ္ပိနသည်။ အမတ-မဟာနိဗ္ဗာနံ၊ အမြိုက်ဖြစ်သော နိဗ္ဗာန်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ဥဒါနံ၊ နှစ်သက်သော စကားကို။ ဥဒါနေသိ၊ ဆို၏။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေ-န္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏၊

၇၉။ ဓမ္မပီတိ၊ လောကုတ္တရာတရား ကိုးပါး တည်းဟူသော အရသာကို သောက်သော သူတော်ကောင်းသည်။ ဝိပ္ပသန္နေန၊ အထူးသဖြင့် သန့်ရှင်း ကြည်လင်စွာသော။ စေတသာ၊ စိတ်ဖြင့်။ သုခံ၊ ချမ်းသာစွာ။ သေတိ၊ နေရ၏။ အရိယပ္ပဝေဒိတေ၊ ဘုရားစသော အရိယာတို့သည် ဟောကြားအပ်သော။ ဓမ္မေ၊ ဗောဓိပက္ခိယတရား၌။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ သဒါ၊ အခါခပ်သိမ်း။ ရမတိ၊ မွေ့လျော်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဓမ္မပီတီတိ၊ ဓမ္မပီတိ ဟူသည်ကား။ ဓမ္မပါယကော၊ လောကုတ္တရာတရား ကိုးပါး ဟူသော အရသာကို သောက်သောသူသည်။ ဓမ္မံ၊ တရားကို။ ပိဝန္တော၊ သောက်သည်မည်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ သော ဓမ္မော နာမ၊ ဤတရား အရသာမည်သည်ကို။ ဘာဇနေန၊ အိုး ခွက်ဖြင့်။ ယာဂုအာဒီနိ ဝိယ၊ ယာဂု စသည်တို့ကို သောက်ခြင်းကဲ့သို့။ ပါတုံ၊ သောက်ခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ နဝဝိဓံ၊ ကိုးပါး အပြားရှိသော။ လောကုတ္တရဓမ္မံပန၊ လောကုတ္တရာ တရားကိုကား။ နာမကာယေန၊ နာမကာယဖြင့်။ ဖုသန္တော၊ တွေ့လျက်။ အာရမ္မဏ-တော၊ အာရုံပြုသော အားဖြင့်။ သစ္စာနိ၊ သစ္စာတို့ကို။ သစ္ဆိကရောန္တော၊ မျက်မှောက်ပြုလျက်။ ပရိညာဘိသမယာဒိဟိ၊ ပိုင်းခြား၍ သိခြင်း စသည်တို့ဖြင့်။ ဒုက္ခာဒီနိ အရိ-ယသစ္စာနိ၊ ဒုက္ခအစရှိကုန်သော အရိယသစ္စာတို့ကို။ ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ သိသောသူသည်။ ဓမ္မံ၊ တရားကို။ ပိဝတိ နာမ၊ သောက်သည်မည်၏။ သုခံ သေတီတိ တေ၊ သုခံသေတိ ဟူသော ဤစကားသည်။ ဒေ-သနာမတ္တံ၊ ဒေသနာမျှသာတည်း။ စတူဟိပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဣရိယာပထေဟိ၊ ဣရိယာပုထ်တို့ဖြင့်။ သုခံ၊ ချမ်းသာစွာ။ ဝိဟ-ရတိ၊ နေရ၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဝိပ္ပသန္နေနာတိ၊ ဝိပ္ပသန္နေန ဟူသည်ကား။ အနာဝိလေန၊ နောက်ကျုခြင်း မရှိသော။ အရိယပ္ပဝေဒိတေတိ၊ ဟူသည်ကား။ ဗုဒ္ဓါဒီဟိ အရိယေဟိ၊ ဘုရားစသော အရိယာတို့သည်။ ပဝေဒိတေ၊ ဟောကြားအပ်သော။ သတိပဋ္ဌာနာဒိ-ဘေဒေ၊ သတိပဋ္ဌာန် စသည်အပြားရှိသော။ ဗောဓိပက္ခိယ ဓမ္မေ၊ ဗောဓိပက္ခိယ တရား၌။ သဒါ ရမတီတိ၊ သဒါရမတိ ဟူသည်ကား။ ဧဝရူပေ၊ ဤသို့ သဘောရှိသော။ ဓမ္မေ၊ တရား၌။ ပီတိ ဝိပ္ပသန္နေန၊ နှစ်သက်ခြင်းဖြင့် ကြည်လင်သော။ စေတသာ၊ စိတ်ဖြင့်။ ဝိဟရန္တော၊ နေသော။

ပဏ္ဍိစ္စေန သမန္နာဂတော၊ ပညာနှင့် ပြည့်စုံသော သူသည်။ သဒါ၊ အခါ ခပ်သိမ်း။ ရမတိ အဘိရတိ၊ အလွန် မွေ့လျော်၏။ ဣတိ၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာ သော သူတို့သည်။ သောတာပန္နာဒယော၊ သောတာပန် စသည် တို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဣတိ ပရိသမာပနံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော ပဏ္ဍိတဝဂ်၌ လေးခုမြောက် ဖြစ်သော မဟာကပ္ပိနတ္ထေရ ဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

စတုတ္ထံ၊ သော။ မဟာကပ္ပိနတ္ထေရ ဝတ္ထု၊ တည်း။

---

## ၆-ပဏ္ဍိတဝဂ္ဂ၊ ၅-ပဏ္ဍိတ သာမဏေရ ဝတ္ထု

အနုသန္ဓေ ကပ္ပိနတ္ထေရ ဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ ပဏ္ဍိတ သာမဏေရ ဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ ၏ အနက်ကို ဖွင့်ခြင်းငှါ ဥဒကဉှိ-စသည်ကို မိန့်အပ်၏။

ဥဒကဉှိ နယန္တီတိ ဣမံ ဓမ္မဒေသနံ၊ နယန္တိ စသော ဤတရားဟောခြင်း ကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌၊ ဝိဟရန္တော၊ နေတော်မူစဉ်။ ပဏ္ဍိတသာမဏေကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေ- သိ၊ ၏။

ကိရ၊ ကြားဘူးသည်ကား။ အတီတေ၊ လွန်လေပြီးသောအခါ၌။ ကဿပ သမ္မာသမ္ဗုဒ္ဓေါ၊ ကဿပဘုရားသည်။ ဝီသတိ ခီဏာသဝ သဟဿ- ပရိဝါရော၊ ရဟန္တာနှစ်သောင်း ခြံရံလျက်။ ဗာရာဏသိံ၊ ဗာရာဏသီ ပြည်သို့။ အဂမာသိ၊ ကြွတော်မူလာ၏။ မနုဿာ၊ လူတို့သည်။ အတ္တနော၊ မိမိ၏။ ဗလံ၊ ခွန်အားကို။ သလ္လက္ခေတွာ၊ မှတ်၍။ အဋ္ဌပိ၊ ရှစ်ရက်မြောက် သောနေ့၌ လည်းကောင်း။ ဒသပိ၊ ဆယ်ရက်မြောက်သောနေ့၌လည်း ကောင်း။ ဧကတောဟုတွာ၊ တပေါင်းတည်းပြု၍။ အာဂန္တုက ဒါနာဒီနိ၊ အာဂန္တုက အလှူစသည်တို့ကို။ အဒံသု၊ ကုန်၏။ အထ၊ ထိုအခါ၌။ ဧကေ- ဒိဝသံ၊ တနေ့သ၌။ သတ္ထာ၊ ကဿပဘုရားသည်။ ဘတ္တကိစ္စ ပရိယော- သာနေ၊ ဆွမ်းဘုန်းပေးပြီးသော အခါ၌။ ဧဝံ၊ ဤသို့။ အနုမောဒနံ၊ အနုမောဒနာကို။ အကာသိ၊ပြု၏။

ဥပါသကာ၊ ဒါယကာတို့။ ဣမ၊ ဤလောက၌။ ကေစ္စော၊ အချို့သောသူသည်။ အတ္တနော၊ မိမိ၏။ သန္တကမေဝ၊ ဥစ္စာကိုသာလျှင်။ ဒါတုံ၊ ပေးခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ပရေသံ၊ တပါးသောသူကို။ သမာဒပိတေနေ၊ ဆောက်တည်စေသဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့ နှလုံးသွင်းလျက်။ အတ္တနာဝ၊ မိမိသည်သာလျှင်။ ဒါနံ၊ အလှူကို။ ဒေတိ၊ ပေး၏။ ပရံ၊ သူတပါးကို။ န သမာဒပေတိ၊ မဆောက်တည်စေ။ သော။ ထိုသူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်လေရာ ဖြစ်လေရာအရပ်၌။ ဘောဂသမ္ပဒံ၊ ဥစ္စာ၏ ပြည့်စုံခြင်းကို။ လဘတိ၊ ရ၏။ ပရိဝါရသမ္ပဒံ၊ အခြံအရံ၏ ပြည့်စုံခြင်းကို။ နော၊ မရအပ်။ ကေစ္စော၊ အမျို့သောအမျိုးသားသည်။ ပရံ၊ သူတပါးကို။ သမာဒပေတိ၊ နှိုးဆော်၏။ အတ္တနာ၊ မိမိသည်။ နဒေတိ၊ မလှူ၊ သော၊ ထိုသူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌။ ပရိဝါရသမ္ပဒံ၊ အခြံအရံ၏ပြည့်စုံခြင်းကို။ လဘတိ၊ ရ၏။ ဘောဂသမ္ပဒံ၊ ဥစ္စာ၏ ပြည့်စုံခြင်းကို။ နော၊မရအပ်။ ကေစ္စော၊ အချို့သောသူသည်။ အတ္တနာ၊ မိမိသည်။ နဒေတိ၊ မလှူ၊ ပရံပိ၊ သူတပါးကိုလည်း။ နသမာဒပေတိ၊ မနှိုးဆော်။ သော၊ ထိုသူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်ဖြစ်သမျှသော ဘဝ၌။ ဘောဂသမ္ပဒံ၊ ဥစ္စာ၏ ပြည့်စုံခြင်းကို။ နေဝ လဘတိ၊ မရ။ ပရိဝါရသမ္ပဒံ၊ အခြံအရံ၏ ပြည့်စုံခြင်းကို။ န လဘတိ၊ မရ။ ဝိဃာသာဒေါဝ၊ စားကြွင်းစားသည်လျှင်။ ဟုတွာ၊ ဖြစ်၍။ ဗီဝတိ၊ အသက်မွေး၏။ ကေစ္စော၊ အချို့သောသူသည်။ အနတ္တာစ၊ မိမိသည်လည်း။ ဒေတိ၊ လှူ၏။ ပရဥ္စ၊ သူတပါးကိုလည်း။ သမာဒပေတိ၊ နှိုးဆော်တိုက်တွန်း၏။ သော၊ ထိုသူသည်။ နိဗ္ဗတ္တ နိဗ္ဗတ္တဋ္ဌာနေ၊ ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ၌။ ဘောဂသမ္ပဒမ္ပိ၊ ဥစ္စာ၏ ပြည့်စုံခြင်းကိုလည်း။ လဘတိ၊ ရ၏။ ပရိဝါရသမ္ပဒမ္ပိ၊ အခြံအရံ၏ ပြည့်စုံခြင်းကိုလည်း။ လဘတိ၊ ရ၏။ ဣတိ၊ ဤသို့ဟောတော်မူ၏။

တံ၊ ထိုတရားစကားကို။ သုတွာ၊ ကြား၍။ သမီပေ၊ အနီး၌။ ဌိတော၊ နေသော။ ဧကော ပဏ္ဍိတပုရိသော၊ ပညာရှိသော ယောကျ်ားတယောက်သည်။ စိန္တေသိ၊ ကြံ၏။ အဟံ၊ ငါသည်။ ဒါနိ၊ ယခုအခါ၌။ ယထာ၊ အကြင်အခြင်းဖြင့် ဘုရားဟော၏။တထာ၊ ထိုဘုရားဟောတိုင်း။ ကရိဿာ-မိ၊ အံ့။ မေ၊ ငါ့အား။ ဒွေပိသမ္ပတ္တိယော၊ နှစ်ပါးသောစည်းစိမ်တို့သည်လည်း။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ (သဗ္ဗေ သမ္ပတ္တိယောလည်းရှိ။၏

အလုံးစုံသော စည်းစိမ် တို့သည်, လည်းပေး) ဣတိ၊ ဤသို့ကြံ၏။ သော၊ ထိုယောကျ်ားသည်။ သတ္ထာရံ၊ ကို။ ဝန္ဒိတွာ၊ ၍။ အာဟ၊ လျှောက်၏။ ဘန္တေ၊ ဘုရား။ သွေ၊ နက်ဖြန်။ မယှံ၊ အကျွန်ုပ်၏။ ဘိက္ခံ၊ ဆွမ်းကို။ ဂဏှထ၊ ခံပါလော့။ ဣတိ၊ ဤသို့လျှောက်၏။ တေ၊ သင်သည်။ ကိတ္တကေဟိ ဘိက္ခူဟိ၊ အဘယ်မျှလောက်သော ရဟန်းတို့ဖြင့်။ အတ္ထော၊ အလိုရှိသနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဝေါ၊ အရှင်ဘုရားတို့၏။ ပရိဝါရော၊ အခြံအရံ ရဟန်းသည်။ ကိတ္တကောပန၊ အဘယ်မျှရှိသနည်း။ ဣတိ၊ ဤသို့လျှောက်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝီသတိသဟဿာနိ၊ နှစ်သောင်းရှိကုန်၏။ ဣတိ၊ ဤသို့မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ သဗ္ဗေဟိ၊ ခပ်သိမ်းသော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ၊ သွေ၊ နက်ဖြန်။ မယှံ ဘိက္ခံ၊ အကျွန်ုပ်ဆွမ်းကို။ ဂဏှထ၊ ခံပါကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ အဓိဝါသေသိ၊ သည်းခံ၏။ သော၊ ထိုယောကျ်ားသည်။ ဂါမံ၊ ရွာသို့။ ပဝိသိတွာ၊ ဝင်၍။ အမ္မာတာတာ၊ အိုမိခင် ဖခင်တို့။ မယာ၊ အကျွန်ုပ်သည်။ သွေ၊နက်ဖြန်။ ဗုဒ္ဓပမုခေါ ဘိက္ခုသံဃော၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိမန္တိတော၊ ဆွမ်းဘိတ်အပ်၏။ တုမှေ၊ သခင်တို့သည်။ ယတ္တကာနံ ဘိက္ခူနံ၊ အကြင်မျှလောက်ကုန်သောရဟန်းတို့အား။ ဒါတုံ၊ လှူခြင်းငှါ။ သက္ကုဏထ၊ တတ်နိုင်ကုန်၏။ တတ္တကာနံ၊ ထိုမျှလောက်ကုန်သော ရဟန်းတို့အား။ ဒါနံ၊ အလှူကို။ ဒေထ၊ လှူကုန်လော့။ ဣတိ၊ ဤသို့။ အာရောစေတွာ၊ ကြား၍။ ဝိစရန္တော၊ သွားသည်ရှိသော်၊ တေ၊ ထိုသူတို့သည်။ အတ္တနော-အတ္တနောဗလံ၊ မိမိ မိမိအားအစွမ်းကို။ သလ္လက္ခေတွာ၊ မှတ်၍။ မယံ၊ ငါတို့သည်။ ဒသန္နံ၊ ဆယ်ပါးသော ရဟန်းတို့အား။ ဒဿာမ၊ လှူကုန်အံ့၊ ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ သဗ္ဗေသံ၊ ခပ်သိမ်းသောလူတို့၏။ ဝစနံ၊ စကားကို။ အာဒိတော ပဋ္ဌာယ၊ အစက စ၍။ ပဏ္ဏေ၊ စာရင်းတို့ ကို။ အာရောပေသိ၊ တင်၏။

တေန သမယေန၊ ထိုအခါ၌။ တသ္မိံ နဂရေ၊ ထိုဗာရာဏသီပြည်၌။ အတိဒုဂ္ဂတ ဘာဝေနေဝ၊ အလွန်ဆင်းရဲသည်၏ အဖြစ်ဖြင့်လျှင်။ မဟာဒုဂ္ဂတောတိ၊ မဟာဒုဂ်ဟူ၍။ ပညာတော၊ ထင်ရှားသော။ ဧကောပုရိသော၊ ယောကျ်ားတယောက်သည်။ အတ္ထိ၊ ရှိ၏။ သော၊ ထို ဆွမ်းဘိတ် သွားသော ယောကျ်ားတယောက်သည်။ တံပိ၊ ထိုမဟာဒုဂ် လူဆင်းရဲကို

လည်း။ သမ္မုခါ ငြိတံ၊ မျက်မှောက်နေသည်ကို။ ဒိသွာ၊ မြင်၍။ သမ္မမဟာဒုဂ္ဂတ၊ အချင်းမဟာဒုဂ်။ မယာ၊ သည်။ သွာတနာယ၊ နက်ဖြန် ကောင်းမှုအကျိုးငှါ။ ဗုဒ္ဓပမုခေါ ဘိက္ခုသံဃော၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိမန္တိတော၊ ဘိတ်အပ်ပြီ။ သွေ၊ နက်ဖြန်။ နဂရဝါသိနော၊ ပြည်သူပြည်သားတို့သည်။ ဒါနံ၊ ကို။ ဒဿန္တိ၊ ပေးကုန်လတ္တံ့။ တွံ၊ သည်။ ကတိဘိက္ခူ၊ အဘယ်မျှလောက်သော ရဟန်းတို့ကို။ ဘောဇေဿတိ၊ ဆွမ်းကျွေးအံ့နည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ သမ္မ၊ အချင်း။ မယှံ၊ ငါ့အား။ ဘိက္ခူဟိ၊ ရဟန်တို့ဖြင့်။ အတ္ထော၊ အလိုသည်။ ကိံ၊ အဘယ်ပြုအံ့နည်း။ ဘိက္ခူဟိနာမ၊ ရဟန်းတို့ ကိုးကွယ်ခြင်းမည်သည်။ သဓနာနံ၊ ဥစ္စာရှိသော သူတို့အား။ အတ္ထော၊ အလိုရှိသည် ရှိလေရာ၏။ မယှံပန၊ ငါ့အားကား။ သွေ၊ နက်ဖြန်။ ယာဂုအတ္ထာယ၊ ယာဂုကြိုစရာအကျိုးငှါ။ တဏ္ဍုလနာဠိမတ္တမ္ပိ၊ ဆန်တကွမ်းစားသည်မျှလည်း။ နတ္ထိ၊ မရှိခဲ့။ အဟံ၊ ငါသည်။ ဘတိံကတွာ၊ အခစားပြု၍။ ဇီဝါမိ၊ အသက်မွေးရ၏။ မေ၊ ငါ့အား။ ဘိက္ခူဟိ၊ တို့ဖြင့်။ ကိံ၊ အဘယ်မှာ အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သမာဒပကော၊ နှိုးဆော်ချီးမြှင့်သောသူသည်။ ဗျတ္တေနနာမ၊ ပညာရှိမည်သည်သာလျှင်။ ဘဝိတဗ္ဗံ၊ ဖြစ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုဆွမ်းဆော်သည်။ တေန၊ ထိုမဟာဒုဂ်သည်။ နတ္ထီတိ၊ မရှိဟူ၍။ ဝုတ္တေပိ၊ ဆိုသော်လည်း။ တုဏှီဘူတောပိ၊ ဆိတ်ဆိတ်သည်လည်း။ အဟုတွာ၊ မဖြစ်မူ၍။ အာဂန္တွာ၊ လာ၍။ ဧဝံအာဟ၊ ဤသို့ဆို၏။ သမ္မ မဟာဒုဂ္ဂတ၊ အချင်း မဟာဒုဂ်။ ဣမသ္မိံ နဂရေ၊ ဤမြို့၌။ သုဘောဇနံ၊ ကောင်းသော ဘောဇဉ်ကို။ ဘုဉ္ဇိတွာ၊ စား၍။ သုခုမ ဝတ္ထံ၊ သိမ်မွေ့သော အဝတ်ကို။ နိဝါသေတွာ၊ ဝတ်၍။ နာနာဘရဏပဋိမဏ္ဍိတာ၊ အထူးထူးသော တန်းဆာဖြင့် တန်းဆာဆင်ကုန်လျက်။ သိရိ သယနေ၊ အသရေရှိသောအိပ်ရာ၌။ သယမာနာ၊ အိပ်ကုန်သော။ ဗဟူဇနာ၊ များစွာသောသူတို့သည်။ သမ္ပတ္တိံ၊ စည်းစိမ်ချမ်းသာကို။ အနုဘဝန္တိ၊ ခံစားကုန်၏။ တွံပန၊ သင်သည်ကား။ ဒိဝသံ၊ နေ့၌။ ဘတိံကတွာ၊ အခစားလုပ်၍။ ကုစ္ဆိပူရဏမတ္တံပိ၊ ဝမ်းပြည့်လောက်ရုံမျှသော အစာကိုလည်း။ န လဘသိ၊ မရ။ ဧဝံသန္တေပိ၊ ဤသို့လျက်လည်း။ အဟံ၊ ငါသည်။ ပုဗ္ဗေ၊ ရှေး၌။ ပုညံ၊ ကောင်းမှုကို။ အကတတ္တာ၊ မပြုခဲ့သောကြောင့်။ ကိဉ္စိ၊ တစုံတခုကို။ န လဘာမိ၊ မရ။

ဣတိ၊ ဤသို့။ န ဇာနာသိ၊ မသိ။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သာမိ၊ သခင်သား ဆွမ်းဆော်။ ဇာနာမိ၊ ၏။

ဣတိ၊ ဤသို့ ဆိုလတ်သော်။ အထ၊ ထိုသို့ဆိုလျှက်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဣဒါနိ၊ ယခုအခါ၌။ ပုညံ၊ ကောင်းမှုကို။ န ကရောသိ၊ မပြုလေဘိသနည်း။ တံပိ၊ သင်သည်လည်း။ ယုဝါ၊ ပျိုနု၏။ ဗလသမ္ပန္နော၊ အားနှင့်ပြည့်စုံ၏။ တယာ၊ သင်သည်။ ဘတိံ၊ အခကို။ ကတွာပိ၊ ပြု၍လည်း။ ယထာဗလံ၊ အားနှင့်လျော်စွာ။ ဒါနံ၊ အလှူကို။ ဒါတုံ၊ ပေးခြင်းငှါ။ ကိံ၊ အဘယ့်ကြောင့်။ နဝဋ္ဋတိ၊ မအပ်လေဘိသနည်း။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သော၊ ထိုမဟာဒုဂ်သည်။ တသ္မိံ၊ ထိုဆွမ်းဆော်သည်။ ကထေန္တေယေဝ၊ ဆိုသည်ရှိသော် သာလျှင်။ သံဝေဂပ္ပတ္တော၊ ထိတ်လန့်ခြင်းသို့ရောက်သည်။ ဟုတွာ၊ ဖြစ်၍။ မယှံပိ၊ ငါ့အားလည်း။ ဧကံ ဘိက္ခုံ၊ ရဟန်းတပါးကို။ ပဏ္ဏေ၊ ကမ္ပည်းစာရင်သို့။ အာရောပေဟိ၊ တင်ပါထည့်ပါလော။ ကိဉ္စိဒေဝ၊ တစုံ တခုကိုလျှင်။ ဘတိံ ကတွာ၊ အခစားလုပ်၍။ ဧကဿ၊ ရဟန်းတပါးအား။ ဘိက္ခံ ဒဿာမိ၊ ဆွမ်းလှူအံ့။ ဣတိ အာဟ၊ ဤသို့ ဆို၏။ ဣတရော၊ ဆွမ်းဆော်သည်။ ဧကေန ဘိက္ခုနာ၊ ရဟန်းတပါးဖြင့်။ ပဏ္ဏေ၊ ကမ္ပည်း၌။ အာရောပိတေန၊ တင်ခြင်းဖြင့်။ ကိံ၊ အဘယ်ပြုအံ့နည်း။ ဣတိ၊ ဤသို့။ န အာရောပေသိ၊ စာရင်းမတင်။ မဟာဒုဂ္ဂတောပိ၊ မဟာဒုဂ်သည်လည်း။ ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ သွား၍။ ဘရိယံ၊ မယားကို။ အာဟ၊ ဆို၏။ ဘဒ္ဒေ၊ နှမ။ နဂရဝါသိနော၊ ပြည်သူပြည်သားတို့သည်။ သွေ၊ နက်ဖြန်။ သံဃဘတ္တံ၊ သံဃာအားဆွမ်းကျွေးခြင်းကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ အဟံပိ၊ ငါ့ကိုလည်း။ သမာဒပကေန၊ နှိုးဆော်သောသူသည်။ ဧကဿ၊ ရဟန်းတ ပါးအာ။ ဘိက္ခံ၊ ဆွမ်းကို။ ဒေဟီတိ၊ လှူလော့ဟု။ ဝုတ္တော၊ ဆိုခြင်း ကြောင့်။ မယံပိ၊ ငါတို့သည်လည်း။ သွေ၊ နက်ဖြန် ဧကဿ၊ ရဟန်း တပါးအား။ ဘိက္ခံ၊ ဆွမ်းကို။ ဒဿာမ၊ လှူကုန်အံ့။ ဣတိ၊ ဤသို့ ဆို၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုမဟာဒုဂ်၏။ ဘရိယာ၊ မယားသည်။ မယံ၊ ငါတို့သည်။ ဒလိဒ္ဒါ၊ ဆင်းရဲကုန်း၏။ ကသ္မာ၊ အဘယ့်ကြောင့်။ တယာ၊ သင်သည်။ သမ္ပဋိစ္ဆိတံ၊ ဝန်ခံလေဘိသနည်း။ ဣတိအဝတွာဝ၊ ဤသို့ မဆိုမူ၍လျှင်။ သာမိ၊ အရှင်။ တေ၊ သင်သည်။ ဘဒ္ဒကံ၊ ကောင်း ခြင်းကို။ ကတံ၊ ပြုအပ်၏။ မယံ၊ ငါတို့သည်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။

ကိဉ္စိ၊ တစုံတခုကို။ အဒတွာ၊ မလှူခြင်းကြောင့်။ ဣဒါနိ၊ ယခုအခါ၌။ ဒုဂ္ဂတာ၊ ဆင်းရဲခြင်းတို့သည်။ ဇာတာ၊ ဖြစ်ကုန်၏။ သာမိ၊ အရှင်။ မယံဥဘောပိ၊ နှစ်ယောက်သော ငါတို့သည်လည်း။ ဘတိံ ကတွာ၊ အခစားလုပ်၍။ ကေဉ္စိ၊ ရဟန်းတပါးအား။ ဘိက္ခံ၊ ဆွမ်းကို။ ဒဿာမ၊ လှူရလေကုန်အံ့။ ဣတိ ဝတွာ၊ ဤသို့ ဆို၍။ ဥဘောပိ၊ သီးမောင်နှံနှစ်ယောက်တို့သည်လည်း။ ဂေဟာ၊ အိမ်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဘတိဋ္ဌာနံ၊ အခစားလုပ်ရာသို့။ အဂမံသု၊ သွားကုန်၏။

မဟာသေဋ္ဌိ၊ သေဋ္ဌေးကြီးသည်။ တံ၊ ထိုမဟာဒုဂ်ကို။ ဒိသွာ၊ မြင်၍။ သမ္မမဟာဒုဂ္ဂတ၊ ငါ့သားမဟာဒုဂ်၊ ကိံ၊ အဘယ့်ကြောင့်။ ဘတိံ၊ အခကို။ ကရိဿသိ၊ လုပ်အံ့နည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ အယျ၊ အရှင်။ အာမ၊ လုပ်ဆောင်ပါအံ့သည် မှန်၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ကိံကမ္မံ၊ အဘယ်အမှုကို။ ကရိဿသိ၊ လုပ်နိုင်အံ့နည်း။ ဣတိ၊ ဤသို့မေး၏။ တုမှေ၊ အရှင်တို့သည်။ ယံ၊ အကြင်အမှုကို၊ ကာရေဿထ၊ ပြုစေကုန်အံ့။ တံ၊ ထိုအမှုကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ၊ ဤသို့လျှောက်၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ မယံ၊ ငါတို့သည်။ သွေ၊ နက်ဖြန်။ဒွေတိဏိ ဘိက္ခုသတာနိ၊ နှစ်ရာ, သုံးရာသော ရဟန်းတို့ကို။ ဘောဇေဿာမ၊ ဆွမ်းကျွေးကုန်အံ့။ ဧဟိ၊ လာလော့။ ဒါရူနိ၊ ထင်းတို့ကို။ ဖါလေဟိတိ၊ ပေါက်ခွဲလော့ဟု၊ ဝါသိ ဖရသုံ၊ ပဲခွပ်, ပေါက်ဆိန်ကို။ နီဟရိတွာ၊ ထုတ်၍။ ဒါပေသိ၊ပေးစေ၏။ မဟာဒုဂ္ဂတော၊ မဟာဒုဂ်သည်။ ဒဠှံ၊ မြဲစွာ။ ကစ္ဆံ ဗန္ဓိတွာ၊ အောက်ပိုးကျိုက်၍။ ဝါ၊ ခါးတောင်းကျိုက်၍။ မဟာဥဿာဟပ္ပတ္တော၊ လွန်စွာ အားထုတ်ခြင်းသို့ရောက်လျက်။ ဝါသိံ၊ ပဲခွပ်ကို။ ပဟာယ၊ ချထား၍။ ဖရသုံ၊ ပေါက်ဆိန်ကို။ ဂဏှိတွာ၊ ကိုင်လျက်။ ဖရသုံ၊ ကို။ ပဟာယ၊ ၍။ ဝါသိံ၊ ကို။ ဂဏှိတွာ၊ လျက်။ ဒါရုံ၊ ထင်းကို။ဖါလေတိ၊ ခွဲ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမဟာဒုဂ်ကို။ သေဋ္ဌိ။ သည်။ အာဟ၊ ဆို၏။ သမ္မ၊ အချင်း။ တွံ၊ သင်သည်။ အဇ္ဇ၊ ယနေ့။ အတိဝိယ၊ အလွန်လျှင်။ ဥဿာဟပ္ပတ္တော၊ အားထုတ်ခြင်းသို့ရောက်လျက်။ ကမ္မံ၊ အမှုကို။ ကရောတိ၊ ပြု၏။ ကာရဏံ၊ အကြောင်းကား။ ကိံ နုခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ဆို၏။ သာမိ၊ ရှင်သေဋ္ဌေး။ အဟံ၊ ကျွန်တော်သည်။ သွေ၊ နက်ဖြန်။ ဧကံဘိက္ခုံ၊ ရဟန်းတပါးကို။ ဘောဇေဿာမိ၊ ဆွမ်းကျွေးအံ့။ ဣတိ၊ ဤသို့ ဆို၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ သေဋ္ဌိ၊ သေ

ဂါ။ ဧကဃနော၊ တခဲနက်သော။ သေလော၊ ကျောက်အတိ ပြီးသော တောင်သည်။ ဝါတေန၊ လေဖြင့်။ နသမီရတိယထာ၊ မတုန်မလှုပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ နိန္ဒာ ပသံသာသု၊ ကဲ့ရဲ့ခြင်း, ချီးမွမ်းခြင်းတို့၌။ နသမိဥ္ဇန္တိ၊ အမျက်ထွက်ခြင်း, ဝမ်းမြောက်ခြင်း၏ အစွမ်းဖြင့် မတုန်မလှုပ်ကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ နိန္ဒာ ပသံသာသူတိ၊ ဟူသည်ကား။ ဣဓ၊ ဤဂါထာ၌။ ဒွေ၊ နှစ်ပါးကုန်သော။ လောကဓမ္မာ၊ လောကဓံတရားတို့ကို။ ကိတ္တာပိဝုတ္တာ၊ အကယ်၍ကား ဟောအပ်၏ရှင့်။ ပန၊ ထိုသို့ဟောအပ်သော်လည်း။ အတ္ထော၊ အနက်ကို။ အဋ္ဌန္နမ္ပိ၊ ရှစ်ပါးသော လောကဓံတို့၏လည်း။ ဝသေန၊ အစွမ်းဖြင့်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကဃနော၊ တခဲနက်သော။ အသုသိရော၊ တောင်ခေါင်းမရှိသော။ သေလော၊ ကျောက်တောင်သည်။ ပုရတ္ထိမာဒိဘေဒေန၊ အရှေ့မျက်နှာစသော အပြားရှိသော။ ဝါတေန၊ လေဖြင့်။ နသမီရတိ နဣဉ္ဇတိ-နစလတိယထာ၊ မတုန်မလှုပ်သကဲ့သို့၊ ဧဝံ၊ ဤအတူ။ အဋ္ဌသု လောက-ဓမ္မေသု၊ လောကဓံတရား ရှစ်ပါးတို့သည်။ အဇ္ဈောတ္ထရန္တေသု၊ လွှမ်းမိုးဘိစီးကုန်သည် ရှိသော်။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ နသမိဉ္ဇန္တိ၊ မတုန်မလှုပ်ကုန်။ ပဋိဃဝသေနဝါ၊ ပဋိဃ၏ အစွမ်းဖြင့် လည်းကောင်း။ အနု-သယဝသေနဝါ၊ အနုသယ၏ အစွမ်းဖြင့် လည်းကောင်း။ န စလန္တိ န-ကမ္ပန္တိ၊ မတုန်မလှုပ်ကုန်။ ဣတိ၊ ဤကား ဂါထာ အနက်တည်း။ ဒေ-သနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခြောက်ခုမြောက် ဖြစ်သော ပဏ္ဍိတဝဂ်၌ ခြောက်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော လကုဏ္ဍကဘဒ္ဒိယတ္ထေရ ဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဆဋ္ဌံ၊ သော။ လကုဏ္ဍက ဘဒ္ဒိယတ္ထေရဝတ္ထု၊ တည်း။

## ၆-ပဏ္ဏာသတ၀ဂ္ဂ၊ ၇-ကာဏမာတာ ၀တ္ထု

အနုသန္ဓေ...လကုဏ္ဍက ဘဒ္ဒိယ၀တ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ကာဏမာတာ၀တ္ထု၌ ဟောရာဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ ယထာပိ ရဟဒေါစသည်ကို မိန့်အပ်၏။

ယထာပိ ရဟဒေါတိ ဣမံ ဓမ္မဒေသနံ၊ ရဟဒေါ·စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတ၀နေ၊ ဇေတ၀န်ကျောင်း တော်၌။ ၀ိဟရန္တော၊ နေစဉ်။ ကာဏမာတရံ၊ ကာဏမည်သော သတို့ သမီး၏ အမိကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။ ၀တ္ထု၊ သက်သေဖြစ်သော ၀တ္ထုသည်။ ၀ိနယေ၊ ၀ိနည်းပိဋကတ်၌။ အာဂတ-မေ၀၊ လာသည်သာလျှင်တည်း။

တဒါပန၊ ထိုအခါ၌ကား။ ကာဏမာတရာ၊ ကာဏာအမိသည်။ ဝုန္တ·ဟတ္ထံ၊ လက်ချည်းစည်း။ ဓီတရံ၊ သမီးကို။ ပတိကုလံ၊ လင်အိမ်သို့။ပေသေ·တုံ၊ စေလွှတ်ခြင်းငှါ။ နသက္ကောတိ၊ မတတ်နိုင်။ပူ၀သေု၊ မုန့်တို့ကို။ပက္ကေသု၊ ကြော်ကုန်ပြီးသည်ရှိသော်။ စတုက္ခတ္တုံ၊ လေးကြိမ်။ စတုန္နံ၊ လေးယောက် ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ဒိန္နကာလေ၊ လှူသောအခါ၌။ သတ္ထာရာ၊ ဘုရားသည်။ တသ္မိံ ၀တ္ထုသ္မိံ၊ ထို၀တ္ထု၌။ သိက္ခာပဒေ၊သိက္ခာ-ပုဒ်ကို။ ပညတ္တေ၊ ပညတ်သည်ရှိသော်။ ကာဏာယ၊ ကာဏာ၏။ သာမိ-ကေန၊ လင်သည်။ အညာယ ပဇာပတိယာ၊တပါးမယားကို။ အာနီတာယ၊ ဆောင်ယူပြီးသော်။ကာဏာ၊ ကာဏာသည်။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ ဣမေဟိ၊ဤရဟန်းတို့သည်။ မေ၊ ငါ၏။ဃရာ၀ါသော။ အိမ်ထောင်ကို။ နာသိတော၊ ဖျက်ဆီး၏ဟု။ ဒိဋ္ဌေဒိဋ္ဌေ၊ မြင်တိုင်း မြင် တိုင်းကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိ-ဘာသတိ၊ ခြိမ်းခြောက်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ တံ ၀ီထိံ၊ ထိုခရီးကို။ ပဋိပဇ္ဇိတုံ၊ သွားခြင်းငှါ။ နဝိသဟိံသု၊ မ၀့်ကုန်။ သတ္ထာ၊ ဘုရားသည်။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ ဉတွာ၊ သိ၍။ တဏ္ဍု၊ ထိုအရပ်သို့။ အာဂ-မာသိ၊ ကြွသွား၏။ ကာဏမာတာ၊ ကာဏာအမိသည်။ သတ္ထာရံ၊ ဘုရား ကို။ ၀န္ဒိတွာ၊ ရှိခိုး၍။ ပညတ္တာသနေ၊ ခင်းပြီးသောနေရာ၌။ နိသီဒါ·ပေတွာ၊ နေစေ၍။ ယာဂုခဇ္ဇံ၊ ယာဂုခဲဘွယ်ကို။ အဒါသိ၊ လှူ၏။ သတ္ထာ၊ ဘုရားသည်။ ကတပါတရာသော၊ နံနက်စာ ဆွမ်းဘုန်းပေး ပြီးသော်။ ကာဏာ၊ ကာဏာသည်။ ကဟံ၊ အဘယ်မှာ ရှိသနည်း ဣတိပုစ္ဆိ၊ ဤသို့

မေး၏။ ဘန္တေ၊ အရှင်ဘုရား။ သော၊ ဤကာဏသည်။ တုမှေ၊ အရှင်ဘုရားတို့ကို။ ဒိသွာ၊ မြင်၍။ မင်္ကုဘူတာ၊ မျက်နှာမသာလျက်။ ရောဒန္တီ၊ ငိုကြွေးလျက်။ ဌိတာ၊ နေ၏။ ဣတိ၊ ဤသို့လျှောက်၏။ ကိံ ကာ-ရဏာ၊ အဘယ့်ကြောင့် ငိုလေဘိသနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ သော၊ သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ၊ ဆဲရေး၏။ ပရိဘာသတိ၊ ရေရွတ်မောင်းမဲ၏။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ အရှင်တို့ကို။ ဒိသွာ၊ မြင်၍။ မင်္ကုဘူတာ၊ မျက်နှာမသာသည်။ ဟုတွာ၊ ဖြစ်၍။ ရောဒမာနာ၊ ငိုကြွေးလျက်။ ဌိတာ၊ နေရ၏။ ဣတိ၊ဤသို့လျှောက်၏။အထ၊ ထိုသို့လျှောက်သည်ရှိသော်။ နံ၊ ကို။ သတ္ထာ၊ ဘုရားသည်။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ကာဏေ။ ကာဏ၊ ကသ္မာ၊ အဘယ့်ကြောင့်။ မံ၊ ငါဘုရားကို။ ဒိသွာ၊မြင်၍။ မင်္ကုဘူတာ၊ မျက်နှာမသာသည်ဖြစ်၍။ နိလီယိတွာ၊ ပုန်းကွယ်၍။ ရောဒသိ၊ ငိုဘိသနည်း။ ဣတိ၊ဤသို့မိန့်တော်မူ၏။အထ၊ ထိုအခါ၌။ အဿာ၊ ၏။ မာတာ၊ အမိသည်။တာယ၊ ထို ကာဏသည်။ ကတ ကိရိယံ၊ ပြုအပ်သော အမူအရာကို။အာရောစေသိ၊ ကြားလျှောက်၏။ အထ၊ ထို အခါ၌။ နံ၊ ထိုကာဏအမိကို။ သတ္ထာ၊ ဘုရားသည်။ အာဟ၊ မိန့်တော်မူ၏။ ကာဏမာတေ၊ ကာဏ၏ အမိဒါယိကာမ။ ကိံ ပန၊အသို့နည်း။ မမ၊ ငါ ဘုရား၏။သာဝကာ၊ တပည့်တို့သည်။ တယာ၊ သင်သည်။ ဒိန္နကံ၊ လှူသောမုံ့ကို။ ဂဏှိံသု၊ ခံယူကုန်သလော။ အဒိန္နကံ၊ မလှူသည်ကို။ ဂဏှိံသု၊ ခံယူကုန်သလော။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဒိန္နံ၊ လှူသည်ကို။ ဂဏှိံသု၊ ယူကုန်၏။ ဣတိ၊ ဤသို့ လျှောက်၏။ မမ သာဝကာ၊ ငါ့တပည့်တို့သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ရေန္တာ၊ သွားကုန်သည်ရှိသော်။ တဝ၊ သင်ဒါယိကာမ၏။ ဂေဟဒွါရံ၊ အိမ်တံခါးသို့။ ပတ္တာ၊ ရောက်ကုန်၏။ တယာ၊ သင်သည်။ ဒိန္နကံ၊ လှူသောမုံ့ကို။ သစေဂဏှိံသု၊ အကယ်၍ ယူကုန်သည်ဖြစ်အံ့။ တေသံ၊ ထိုသာဝကတို့အား။ ကောဒေါသော၊ အဘယ်မှာအပြစ်ရှိသနည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အယျာနံ၊ တို့အား။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဧတိဿာယေဝ၊ ဤချစ်သမီးကာဏ၏သာလျှင်။ ဒေါသော၊ အပြစ်တည်း။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ကာဏံ၊ ကာဏကို။ အာဟ၊ မိန့်တော်မူ၏။ ကာဏေ၊ ကာဏ။ မယှံ၊ငါ၏။ သာဝကာ၊တပည့်တို့သည်။ ပိဏ္ဍာယ၊

ဆွမ်းအလှိုငှါ။ စရမာနာ၊ သွားကုန်သည်ရှိသော်။ ဂေဟဒွါရံ၊ အိမ်တံခါး
သို့။ အာဂတာကိရ၊ ရောက်ကုန်သတတ်။ အထ၊ ထိုအခါ၌။ နေသာ၊ ထို
ရဟန်းတို့အား။ တဝ၊ သင်၏။ မာတရာ၊ အမိသည်။ ပူဝါ၊ မုန့်တို့ကို။
ဒိန္နာ၊ လှူအပ်ကုန်၏။ တွေ၊ ဤသို့လှူရာ၌။ မမ သာဝကာနံ၊ ငါ့တပည့်
တို့အား။ ကောနာမ ဒေါသော၊ အဘယ်အပြစ်ရှိသနည်း။ ဣတိ၊ ဤသို့
မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အယျာနံ၊ အရှင်ကောင်းတို့အား။
ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိပေ။ မယှမေဝ၊ ကျွန်တော်မအား
သာလျှင်။ ဒေါသော၊ပြစ်မှားခြင်းရှိ၏။ ဣတိ၊ ဤသို့လျှောက်ပြီးသော်။
သတ္ထာရံ၊ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ခမာပေသိ၊ ကန်တော့သည်းခံစေ၏။

အထ၊ ထိုအခါ၌။ အဿာ၊ ထိုကာဏအား။ သတ္ထာ၊ ဘုရားသည်။
အနုပုဗ္ဗိံကထံ၊ အစဉ်သော တရားစကားကို။ ကထေသိ၊ ဟော၏။ သာ၊
ထိုကာဏသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိ၊
ရောက်၏။ သတ္ထာ၊ ဘုရားသည်။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။
ဝိဟာရံ၊ ကျောင်းသို့။ ဂစ္ဆန္တော၊ ကြွသည်ရှိသော်။ ရာဇင်္ဂဏေန၊ မင်း
ရင်ပြင်ဖြင့်။ ပါယာသိ၊ ကြွသွားတော်မူ၏။ ရာဇာ၊ မင်းသည်။ ဒိသွာ၊
မြင်၍။ ဘဏေ၊ အချင်းတို့။ သတ္ထာ ဂဝိယ၊ ဘုရားကဲ့သို့တကား။ ဣတိ-
ပုစ္ဆိတွာ၊ ဤသို့အမိန့်ရှိခြင်းကြောင့်။ ဒေဝ၊ အရှင်မင်းကြီး။ အာမ၊ ဘုရား
စင်စစ် မှန်ပါသည်ဘုရား။ ဣတိဝုတ္တေ၊ ဤသို့ တင်သည်ရှိသော်။ ဂစ္ဆထ၊
ပင့်သွားချေကုန်။ မမ၊ ငါ့နန်းတော်သို့။ အာဂန္တွာ၊ ကြွရောက်၍။ ဝန္ဒနာ-
ဘာဝံ၊ ရှိခိုးသည်၏အဖြစ်ကို။ အာရောစေထ၊ ကြားလျှောက်ကုန်လော့။
ဣတိ ပေသေတွာ၊ ဤသို့ အပင့်စေလွှတ်၍။ ရာဇင်္ဂဏေ၊ မင်းရင်ပြင်၌။
ဌိတံ၊ နေတော်မူသော။ သတ္ထာရံ၊ ဘုရားကို။ ဥပသင်္ကမိတွာ၊ ကပ်၍။
ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရား။ ကဟံ၊ ဘယ်သူ့အိမ်သို့။ ဂတတ္ထ၊
ကြွတော်မူသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေးလျှောက်၏။ မဟာရာဇ၊ မြတ်
သော မင်းကြီး။ ကာဏမာတာယ၊ ကာဏမာတာ၏။ ဂေဟံ၊ အိမ်သို့။
ဂတော၊ သွား၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ-
ကာရဏာ၊ အဘယ်ကြောင့် ကြွသနည်း။ ဣတိ၊ ဤသို့ မေး၏။ ကာဏာ၊
ကာဏမည်သော ဒါယိကာမသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အက္ကောသတိ-
ကိရ၊ ဆဲရေးခဲ့သတတ်။ ပရိဘာသတိကိရ၊ ရေရွတ်ခဲ့သတတ်။ တံကာရဏာ၊
ထိုအကြောင်းကြောင့်။ ဂတော၊ သွားသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့

မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဝေါ၊ အရှင်ဘုရားတို့ကို။ တဿာ၊ ထိုကာဏာ၏။ အနက္ခောသန ဘာဝေါ၊ ဆဲရေးခြင်းမှ ကင်းလွတ်သည်၏ အဖြစ်ကို။ ကိံ ပန၊ အဘယ်သို့လျှင်။ ကတော၊ ပြုသနည်း။ ဣတိ၊ ဤသို့ မေး၏။ မဟာရာဇ၊ မြတ်သော မင်းကြီး။ အာဝ၊ အပြစ်မရှိအောင် ပြုသည် မှန်၏။ ဣတိ၊ ဤသို့ မိန့်၏။ ဘိက္ခုနဉ္စ၊ ရဟန်းတို့၏လည်း။ အနက္ကောသိကာ၊ ဆဲရေးခြင်း မရှိသည်ကို။ ကထာ၊ ပြုလျက်။ လောကုတ္တရ ကုဋုမ္ဗိက သာမိနီ၊ လောကုတ္တရာ ဥစ္စာရှင်ကို။ ကတာ၊ ပြုအပ်၏။ ဣတိ၊ ဤသို့ မိန့်လတ်သော်။

ဘန္တေ၊ အရှင်ဘုရား။ ဟောတု၊ ထိုသို့မူလည်း ဖြစ်စေ။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ အဿာ၊ ထိုကာဏာအား။ လောကုတ္တရ ကုဋုမ္ဗိက သာမိနီ၊ လောကုတ္တရာ ဥစ္စာရှင်ကို။ ကတာ၊ ပြုအပ်၏။ အဟံပန၊ အကျွန်ုပ်သည်ကား။ နံ၊ ထိုကာဏာကို။ လောကိယ ကုဋုမ္ဗိက သာမိနိံ၊ လောကီဥစ္စာရှင်ကို။ ကရိဿာမိ၊ ပြုပါအံ့။ ဣတိဝတွာ၊ ဤသို့ လျှောက်၍။ ရာဇာ၊ မင်းသည်။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပဋိနိဝတ္တော၊ ဆုတ်နစ်၏။ ပဋိစ္ဆန္န-မဟာယောဂ္ဂံ၊ ဖုံးလွှမ်းသော ယာဉ်ကြီးကို။ ပဟိဏိတွာ၊ စေလွှတ်၍။ ကာဏံ၊ ကာဏာကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ သဗ္ဗာဘရဏေဟိ၊ အလုံးစုံသော တန်းဆာတို့ဖြင့်။ ။(သဗ္ဗာလင်္ကာရေဟိ-လည်းရှိ၏။ အနက် အတူတူပင် သဒ္ဒါမျှသာ ကွဲ၏)။ ။အလင်္ကရိတွာ၊ တန်ဆာဆင်၍။ ဇေဋ္ဌဓီတုဋ္ဌာနေ၊ သမီးအကြီးအရာ၌။ ဌပေတွာ၊ ထား၍။ မမ ဓီတရံ၊ ငါ့သမီးကို။ ပေါသေတုံ၊ မွေးကျွေးသုတ်သင်ခြင်းငှါ။ သမတ္ထာ၊ စွမ်းနိုင်သူတို့သည်။ ဂဏှန္တု၊ ယူကုန်လော့။ ဣတိအာဟ၊ ဤသို့ ဆို၏။ အထ၊ ထိုအခါ၌။ ဧကော၊ တယောက်သော။ သဗ္ဗတ္ထက မဟာမတ္တော၊ အမှုခပ်သိမ်းကို ပြီးစေနိုင်သော အမတ်သည်။ ဒေဝ၊ ရှင်မင်းကြီး။ အဟံ၊ သည်။ ဒေဝဿ၊ ရှင်မင်းကြီး၏။ ဓီတရံ၊ သမီးကို။ ပေါသိဿာမိ၊ လုပ်ကျွေးအံ့။ ဣတိ၊ ဤသို့ လျှောက်ပြီးသော်။ တံ၊ ထိုကာဏာကို။ အတ္တနောဂေဟံ၊ မိမိအိမ်သို့။ နေတွာ၊ ဆောင်၍။ သဗ္ဗံ ဣဿရိယံ၊ အလုံးစုံသော စည်းစိမ်ကို။ ပဋိစ္ဆာဒေသိ၊ ဆောက်နှင်း၏။ ယထာရုစိ၊ အလိုအတိုင်း။ ပုညာနိ၊ ကောင်းမှုတို့ကို။ ကရောဟီတိ၊ ပြုလော့ဟူ၍။ အာဟ၊ ဆို၏။ တတော-ပဋ္ဌာယ၊ ထိုအခါမှစ၍။ ကာဏာ၊ ကာဏာသည်။ စတူသု ဒွါရေသု၊ တံခါးလေးမျက်နှာတို့၌။ ပုရိသေ၊ လုလင်ယောကျ်ားတို့ကို။ ဌပေတွာ၊ ၍။

အတ္တနာဝ၊ ကိုယ်တိုင်သည်ပင်။ ဥပဋ္ဌာတဗ္ဗေ၊ လုပ်ကျွေးထိုက်ကုန်သော။ ဘိက္ခူစ၊ ရဟန်းယောကျ်ားတို့ကိုငှင်း။ ဘိက္ခုနိယောစ၊ ရဟန်းမိန်းမတို့ကိုငှင်း။ ပရိယေသမာနာပိ၊ ရှာသော်လည်း။ နလဘတိ၊ မရ။ ကာဏာယ၊ ကာဏ၏။ ဂေဟဒ္ဒါရေ၊ အိမ်တံခါး၌။ ပဋိယာဒေတွာ၊ စီရင်၍။ ဌပိတေန၊ ထားအပ်သော။ ခါဒနီယေန၊ ခဲဘွယ်ဖြင့်။ ဘောဇနီယေန၊ ဘောဇဉ်ဖြင့်။ မဟောဃောဝိယ၊ ကြီးစွာသော ရေအယဉ်ကဲ့သို့။ ဝတ္တတိ၊ ကုသိုလ် အယဉ်သည် ဖြစ်၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ပုဗ္ဗေ၊ ရှေး၌။ စတ္တာရော မဟလ္လကတ္ထေရာ၊ မထေရ်ကြီးလေးယောက်တို့သည်။ ကာဏာယ၊ ကာဏ၏။ ဝိပ္ပဋိသာရံ၊ နှလုံးမသာယာခြင်းကို။ ကရိံသု၊ ပြုကုန်၏။ သာ၊ ထိုကာဏသည်။ ဇဝံ၊ ဤသို့။ ဝိပ္ပဋိသာရိနီ၊ နှလုံး မသာယာခြင်းရှိသည်။ ဟုတွာပိ၊ ဖြစ်လျက်လည်း။ သတ္ထာရံ၊ ဘုရားကို။ အာဂမ္မ၊ စွဲ၍။ သဒ္ဓါသမ္ပဒံ၊ သဒ္ဓါတရားနှင့် ပြည့်စုံခြင်းကို။ လဘိ၊ ရ၏။ သတ္ထာရာ၊ ဘုရားသည်။ ပုန၊ တဖန်။ တဿာ၊ ထိုကာဏ၏။ ဂေဟဒ္ဒါရံ၊ အိမ်တံခါးသို့။ ဘိက္ခူနံ၊ တို့အား။ ဥပသင်္ကမနာရဟံ၊ အလှူခံကပ်ခြင်းငှါ ထိုက်သည်ကို။ ကတံ၊ ပြုပေ၏။ ဣဒါနိ၊ ယခုအခါ၌။ ဥပဋ္ဌာတဗ္ဗေ၊ လုပ်ကျွေးအပ်ကုန်သော။ ဘိက္ခူဝါ၊ ရဟန်းယောကျ်ားတို့ကိုငှင်း။ ဘိက္ခု-နိယောဝါ၊ ရဟန်းမိန်းမတို့ကိုငှင်း။ ပရိယေသမာနာပိ၊ လုပ်ကျွေးလို၍ ရှာသော်လည်း။ န လဘတိ၊ မရ။ ဗုဒ္ဓါနာမ၊ ဘုရားတို့မည်သည်ကား။ အဟောအစ္ဆရိယဂုဏာ၊ အံ့ဩ၍ မကုန်နိုင်သော ဂုဏ်ကျေးဇူးရှိကုန်၏။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွတော်မူလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန် သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မိန့်ခြင်းကြောင့်။ ဣမာယနာမာတိ၊ ဤ မည်သောစကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ တို့။ ဣဒါနေဝ၊ ယခုသာလျှင်။ ဧတေဟိ မဟလ္လကဘိက္ခူဟိ၊ ထို ရဟန်းကြီးလေးယောက်တို့သည်။ ကာဏာယ၊ ကာဏ၏။ ဝိပ္ပဋိသာရော၊ နှလုံးမသာယာခြင်းကို။ ကတော၊ ပြုသည်ကား။ န၊ မဟုတ်သေး။ ပုဗ္ဗေပိ၊ လည်း။ ကရိံသုယေဝ၊ ပြုဘူးသည်သာလျှင်တည်း။ ဣဒါနေဝ၊ ယခုအခါ၌

သာလျှင်။ မယာ၊ ငါဘုရားသည်။ ကာဏာ၊ ကာဏကို။ မမဝစန ကာရိကာ၊ ငါဘုရားစကားကို လိုက်နာစေခြင်းကို။ နစ ကတာ၊ ပြုသည်မဟုတ်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ကတာယေဝ၊ ပြုဘူးသည်သာလျှင်တည်း။ ဣတိ ဝတွာ၊ ဤသို့ မိန့်တော်မူ၍။ တမတ္ထံ၊ ထိုအကြောင်းကို။ သောတုကာမေဟိ၊ နာလိုကုန်သော။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ယာစိတော၊ တောင်းပန်အပ်သည်ဖြစ်၍။

ယတ္ထ၊ အကြင်အရပ်၌။ ကောဗ္ဗုု၊ ကြောင်တခုသည်။ မူသိကံ၊ ကြွက်ကို။ လဘတေ၊ ရ၏။ တတ္ထ၊ ထိုအရပ်၌။ ဒုတိယောစ၊ နှစ်ခုသောကြောင် သည်လည်းကောင်း။ တတိယောစ၊ သုံးခုသော ကြောင်သည် လည်းကောင်း။ စတုတ္ထောစ၊ လေးခုသော ကြောင်သည်လည်းကောင်း။ ဇာယတိ၊ ဖြစ်၏။ ဣဒံ၊ ဤကျောက်ဂူသည်။ တေဗဗ္ဗုကာ၊ ထိုကြောင်တို့သည်။ ဗိဠ္ဌံ၊ ကြွက်တို့ကို ညှဉ်းဆဲရာဂူတည်း။

ဣတိဣဒံ ဗဗ္ဗုကဇာတကံ၊ ဤဗဗ္ဗုကဇာတ်ကို။ ဝိတ္ထာရေန၊ အကျယ် အားဖြင့်။ ကထေတွာ၊ ဟော၍။ တဒါ၊ ထိုအခါ၌။ စတ္တာရော မဟလ္လ-ကဘိက္ခူ၊ လေးယောက်သော ရဟန်းကြီးတို့သည်။ စတ္တာရော ဗိဠ္ဌာရာ၊ ကြောင်လေးခုတို့သည်။ အဟေသုံ၊ ဖြစ်ကုန်ပြီ။ မူသိကာ၊ ကြွက်သည်။ ကာဏာ၊ ကာဏသည်။ အဟောသိ၊ ဖြစ်ပြီ။ မဏိကာရော၊ ရွှေထွင်းသမားသည်။ အဟမေဝ၊ ငါဘုရားသာလျှင်တည်း။ ဣတိ၊ ဤသို့။ ဇာတကံ၊ ဇာတ်ကို။ သမောဓာနေတွာ၊ ပေါင်း၍။ ဘိက္ခဝေ၊ တို့။ ဝံ၊ ဤသို့။ အတီတေပိ၊ လွန်လေပြီးသော အခါ၌လည်း။ ကာဏာ၊ ကာဏသည်။ ဒုမ္မနာ၊ နှလုံးမသာယာရှိသည်။ အာဝိလ စိတ္တာ၊ နောက်ကျုသောစိတ်ရှိသည်။ ဝိက္ခိတ္တစိတ္တာ၊ ပျံ့လွင့်သော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။မမဝစနေန၊ ငါ့စကားဖြင့်။ ပသန္နာ၊ ကြည်လင်သော။ ဥဒက ရဟဒေါဝိယ၊ ရေအိုင်ကဲ့သို့။ ဝိပ္ပသန္နစိတ္တာ၊ အထူးသဖြင့် ကြည်ညိုသော စိတ်ရှိသည်။ အဟောသိ၊ ဖြစ်ပြီ။ ဣတိဝတွာ၊ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋ္ဋေတွာ၊ စပ်၍။ ဓမ္မဒေသနေ္တာ၊ တရားဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၈၂။ ဂမ္ဘီရော၊ ရှစ်သောင်းလေးထောင်နက်သော။ ရဟဒေါ၊ မဟာသမုဒ္ဒရာသည်။ ဝိပ္ပသန္နော၊ မနောက်ကျုသည် ဖြစ်၍ ကြည်လင်သည်။ အနာဝိလော၊ မတုန်မလှုပ်သည်ဖြစ်၍ မနောက်သည်။ ဟောတိယထာပိ၊

ဖြစ်သကဲ့သို့လည်း။ ဧဝံ၊ ဤအတူ။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဓမ္မာနိ၊ ဟောကြား အပ်သောတရားတို့ကို။ သုတွာန၊ နာကုန်၍။ ဝိပ္ပသီဒန္တိ၊ အထူးအားဖြင့် ကြည်ညိုကုန်၏။ ဣတိ၊ ဤသို့ မိန့်၏။

တတ္ထ၊ ထိုဂါထာ၌။ ရဟဒေါတိ၊ ရဟဒေါဟူသည်ကား။ ယော၊ အကြင်သမုဒ္ဒရာသည်။ စတုရင်္ဂိနိယာ၊ အင်္ဂါလေးပါးရှိသော။ သေနာယ၊ စစ်သည်ဖြစ်လည်း။ ဩဂါဟန္တိယာ၊ ကူးသွားသည်ရှိသော်။ နက္ခမ္ဘတိ၊ မချောက်ချားနိုင်။ ဧဝရူပေါ၊ ဤသို့ သဘောရှိသော။ ဥဒကဏ္ဏဝေါ၊ သမုဒ္ဒရာသည်။ သဗ္ဗာကာရေနပန၊ အလုံးစုံသော အခြင်းအရာ ဖြင့်ကား။ စတုရာသီတိ ယောဇနသဟဿ ဂမ္ဘီရော၊ ရှစ်သောင်း လေးထောင် နက်သော။ နီလမဟာသမုဒ္ဒေါ၊ ညိုသောရေရှိသော သမုဒ္ဒရာသည်။ ရဟဒေါ-နာမ၊ ရဟဒမည်၏။ ဟိ၊ ထိုစကားသင့်စွ။ တဿ၊ ထိုသမုဒ္ဒရာ၏။ ဟေဋ္ဌာ၊ အောက်၌။ စတ္တာလီသ ယောဇန သဟဿ မတ္တေ ဌာနေ၊ ယူဇနာ လေးသောင်းမျှရှိသော အရပ်၌။ ဥဒကံ၊ ရေသည်။ မစ္ဆေဟိ၊ ငါးတို့ဖြင့်။ စလတိ၊ တုန်လှုပ်၏။ ဥပရိ၊ အထက်၌။ တာဝတ္တကေ ဌာနေ၊ ထိုမျှလောက်သော အရပ်၌သာလျှင်။ ဥဒကံ၊ ရေသည်။ ဝါတေန၊ လေဖြင့်။ စလတိ၊တုန်လှုပ်၏။ မဇ္ဈေ၊ အလယ်၌လည်း။ စတုယောဇနသဟဿ-မတ္တေ ဌာနေ၊ ယူဇနာလေးထောင်မျှရှိသော အရပ်၌။ ဥဒကံ၊ ရေသည်။ နိစ္စလံ၊ မတုန်မလှုပ်။ တိဋ္ဌတိ၊ တည်၏။ အယံ၊ ဤသမုဒ္ဒရာသည်။ ဂမ္ဘီ-ရော၊ အစောက် နက်သော။ ရဟဒေါနာမ၊ သမုဒ္ဒရာမည်၏။ ဓမ္မေ-သုတွာနာတိ၊ ဓမ္မာနိ ဟူသည်ကား။ ဒေသနာဓမ္မာနိ၊ ဟောအပ်သော တရား တို့ကို။ ဣဒံ၊ ဤအဓိပ္ပါယ်ကို။ ဝုတ္တံ၊ ဆိုလိုသည်။ ယောတိ၊ ဖြစ်၏။ ယထာနာမ၊ ဥပမာမည်သည်ကား။ ရဟဒေါ၊ သမုဒ္ဒရာသည်။ အနာကု-လတာယ၊ နှောက်ယှက်ခြင်း မရှိသဖြင့်။ ဝိပ္ပသန္နောစ၊ အထူးသဖြင့်လည်း ကြည်လင်သည်။ အစလတာယ၊ တုန်လှုပ်ခြင်းမရှိသဖြင့်။ အနာဝိလော၊ နောက်ကျုခြင်းမရှိသည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ မမဒေသနာဓမ္မံ၊ ငါဟောအပ်သောတရားဓမ္မကို။ သုတွာ၊ နာရ၍။ သော-တာပတ္တိ မဂ္ဂါဒိဝသေန၊ သောတာပတ္တိမဂ်စသည်၏ အစွမ်းဖြင့်။ နိရုပက္ကိ-လေသ စိတ္တကာ၊ ညစ်ညူးခြင်းမရှိသော စိတ်ရှိသည်၏အဖြစ်သို့။ အာပဇ္ဇန္တာ၊ ရောက်ကုန်သော။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ ဝိပ္ပသီဒန္တိ၊ အထူးအား ဖြင့် ကြည်ညိုကုန်၏။ အရဟတ္တပ္ပတ္တာပန၊ အရဟတ္တဖိုလ်သို့ ရောက်၍

ကား။ ကေန္တဝိပ္ပသန္နာဝ၊ စင်စစ်အထူးသဖြင့်ကြည်လင်ကုန်သည် သာလျှင်။ ဟောန္တိ၊၊ ဖြစ်ကုန်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေသနာ-ဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သော-တာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပဏ္ဍိတဝဂ်၌ ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော ကာဏမာတာ ဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

သတ္တမံ၊ သော။ ကာဏမာတာ ဝတ္ထု၊ တည်း။

---

## ၆-ပဏ္ဍိတဝဂ်၊ ၈-ပဉ္စသတဘိက္ခု ဝတ္ထု

အနုသန္ဓေ....ကာဏမာတာဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကိုဖွင့်ပြီး၍ ယခုအခါ ပဉ္စသတ ဘိက္ခုဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါသဗ္ဗတ္ထ-စသည်ကိုမိန့်အပ်၏။

သဗ္ဗတ္ထ ဝေ သပ္ပုရိသာ စဇန္တီတိ ဣမံဓမ္မဒေသနံ၊ စဇန္တိ စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်း၌။ ဝိဟရန္တော၊ နေလျက်။ ပဉ္စသတေ ဘိက္ခူ၊ ငါးရာသော ရဟန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။ ဒေသနာ၊ သည်။ ဝေရဉ္ဇာယံ၊ ဝေရဉ္ဇာပြည်၌။ သမုဋ္ဌိတာ၊ ဖြစ်၏။

ဟိ၊ ထိုစကားသင့်၏။ ဘဂဝါ၊ ဘုရားသည်။ ပဌမဗောဓိယံ၊ ပဌမ ဗောဓိ၌။ ဝေရဉ္ဇံ၊ ဝေရဉ္ဇာပြည်သို့။ ဂန္တွာ၊ ကြွ၍။ ဝေရဉ္ဇေန ဗြာဟ္မဏေန၊ ဝေရဉ္ဇာ ပုဏ္ဏားသည်။ နိမန္တိတော၊ ဘိတ်အပ်သည်ဖြစ်၍။ ပဉ္စဟိ ဘိက္ခု-သတေဟိ၊ ရဟန်းငါးရာတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝဿံ ဥပဂစ္ဆိ၊ ဝါဆိုတော်မူ၏။ ဝေရဉ္ဇော ဗြာဟ္မဏော၊ ဝေရဉ္ဇာ ပုဏ္ဏားသည်။ မာရာဝဋ္ဋနေန၊ မာရ်လှည့်ပတ်သဖြင့်။ အာဝဋ္ဋော၊ လည်၍။ ကေဒိဝသံပိ၊ တနေ့မျှလည်း။ သတ္ထာရံ၊ ဘုရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ သတိံ၊ အောက်မေ့ခြင်းကို။ နဉပ္ပါဒေသိ၊ မဖြစ်စေ။ ဝေရဉ္ဇာပိ၊ ဝေရဉ္ဇာပြည်သည်လည်း။ ဒုဗ္ဘိက္ခာ၊ ငတ်မွတ်သည်။ အဟောသိ၊ ဖြစ်၏။ ဘိက္ခူ၊ ငါးရာအတိုင်းအရှည်ရှိကုန်သော ရဟန်းတို့သည်။ သန္တရ ဗာဟိရံ၊ အတွင်းအပြင်နှင့်တကွ ဖြစ်သော။

ဝေရဉ္စံ၊ ဝေရဉ္စာပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ အလဘန္တာ၊ မရကုန်သည်ဖြစ်၍။ ကိလမိံသု၊ ပင်ပန်းကုန်၏။ တေသံ၊ ထိုရဟန်းတို့အား။ အဿဝါဏိဇကာ၊ မြင်းကုန်သည်တို့သည်။ ပတ္ထပတ္ထမူလကံ၊ တကွမ်းစားသော။ဘိက္ခံ၊ ဆွမ်းကို။ ပဒံသု၊ ဝတ်တည်ကုန်၏။ ကိလမန္တေ၊ ပင်ပန်းကုန်သော။ တေ၊ ထိုရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ မဟာမောဂ္ဂလာနတ္ထေရာ၊ ရှင်မောဂ္ဂလာန်မထေရ်သည်။ ပထဝေါဇံ၊ မြေဆီဩဇာ အရသာကို။ ဘောဇေတုကာမော၊ စားစေလိုသည်ရှင်း။ ဥတ္တရကုရုဉ္စ၊ မြောက်ကျွန်းသို့လည်း။ ပိဏ္ဍာယ၊ ငှါ၊ ပေသေတုကာမော၊ စေခြင်းငှါ အလိုရှိသည်ရှင်း။ အဟောသိ၊ ဖြစ်၏။ သတ္ထာ၊ ဘုရားသည်။ တံ၊ ထိုရှင်မောဂ္ဂလာန် တောင်းပန်သောစကားကို။ ပဋိက္ခိပိ၊ ပယ်တော်မူ၏။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ကေဒိဝသံ၊ တနေ့သ၌။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပရိတာသော၊ မှတ်သိပ်ဆာလောင်ခြင်းသည်။ နာဟောသိ၊ မဖြစ်။ ဣစ္ဆာစာရံ၊ မကောင်းသော အလိုရမ္မက်ကို။ ဝဇ္ဇေတွာဝ၊ ကြည်၍သာလျှင်။ ဝိဟရိံသု၊ နေကုန်၏။ သတ္ထာ၊ ဘုရားသည်။ တတ္ထ၊ ထိုဝေရဉ္စာပြည်၌။ တေမာသံ၊ သုံးလပတ်လုံး။ ဝသိတွာ၊ နေ၍။ ဝေရဉ္စံ ဗြာဟ္မဏံ၊ ဝေရဉ္စာ ပုဏ္ဏားကို။အပလောကေတွာ၊ ပန်ကြား၍။ တေန၊ ထိုဝေရဉ္စာ ပုဏ္ဏားသည်။ ကတသက္ကာရသမ္မနော၊ ပြုအပ်သော ပူဇော်မြတ်နိုးခြင်းရှိလျက်။ တံ၊ ထိုဝေရဉ္စာ ပုဏ္ဏားကို။သရဏေသု၊ သရဏဂုံတို့၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ တတော၊ ထိုဝေရဉ္စာပြည်မှ။ နိက္ခမန္တော၊ ထော်။ အနုပုဗ္ဗေန၊ အစဉ်သဖြင့်။စာရိကံစရမာနော၊ ဒေသစာရီ ကြွလတ်ထွက်ခဲ့လတ်သော်။ ကေသိံသမယေ၊ တခုသောအခါ၌။ သာဝတ္ထိံ၊ သာဝတ္ထိသို့။ ပတွာ၊ ရောက်၍။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟာသိ၊ နေ၏။

သာဝတ္ထိဝါသိနော၊ သာဝတ္ထိပြည်သူတို့သည်။ သတ္ထု၊ ဘုရားအား။ အာဂန္တုကဘတ္တာနိ၊ အာဂန္တုကဘတ်တို့ကို။ ကရိံသု၊ ပြုကုန်၏။ တဒါပန၊ ထိုအခါ၌ကား။ ပဥ္စသတမတ္တာ၊ ငါးရာပမာဏရှိကုန်သော။ ဝိဃာသာဒါ၊ စားကြွင်းစား ထမင်းတောင်းတို့သည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ နိဿာယ၊ မှီ၍။ အန္တောဝိဟာရေယေဝ၊ ကျောင်းတွင်း၌သာလျှင်။ဝသန္တိ၊ နေကုန်၏။ တေ၊ ထိုစားကြွင်းစားတို့သည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ဘုတ္တာဝသေသာနိ၊ ဘုဉ်းပေးကြွင်း ဖြစ်ကုန်သော။ ပဏီတ ဘောဇနာနိ၊

မွန်မြတ်သော ဘောဇဉ်တို့ကို။ ဘုဉ္ဇိတွာ၊ စား၍။ နိဒ္ဒါယိတွာ၊ အိပ်၍။ ဥဋ္ဌာယ၊ ထ၍။ နဒီတီရံ၊ မြစ်ဆိပ်သို့။ ဂန္တွာ၊ သွား၍။ နဒန္တော၊ ကြွေးကြော်ကုန်လျက်။ ဝဂ္ဂန္တော၊ ခုန်ကုန်ကျော်ကုန်လျက်။ မလ္လမုဋ္ဌိယုဒ္ဓံ၊ လက်ပမ်းပေါက်ခတ်ခြင်းကို။ ယုဇ္ဈန္တော၊ ယှဉ်ကုန်လျက်။ ကီဠန္တော၊ ကစားကုန်လျက်။ အန္တောဝိဟာရေပိ၊ ကျောင်းတွင်း၌ရင်း။ ဗဟိဝိဟာရေပိ၊ ကျောင်းပ၌ရင်း။အနာစာရမေဝ၊မလျောက်ပတ်သောအကျင့်ကိုသာလျှင်။ စရန္တော၊ ကျင့်ကုန်လျက်။ ဝိစရန္တိ၊ သွားလာ လှည့်ပတ်ကုန်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံသမုဋ္ဌာပေသုံ၊ စကားပြောဆိုကုန်၏။အာဝုသော၊ ငါ့ရှင်တို့။ပဿထ၊ ကြည့်ပါကုန်လော့။ ဣမေ ပဉ္စသတာ၊ ဤစားကြွင်းစားတို့သည်။ ဒုဗ္ဘိက္ခကာလေ၊ ငတ်မွတ်ခေါင်းပါးသောအခါ၌။ ဝေရဉ္ဇာယံ၊ ဝေရဉ္ဇာပြည်၌။ ကိစ္ဆဝိကာရံ၊ တစုံတယောက်ဖေါက်ပြန်ခြင်းကို။ န ဒဿေသုံ၊ မပြကုန်။ ဣဒါနိပန၊ ယခုအခါ၌ကား။ ဝေရူပါနိ၊ ဤသို့သဘောရှိကုန်သော။ ပဏီတဘောဇနာနိ၊ မွန်မြတ်သော ဘောဇဉ်တို့ကို။ ဘုဉ္ဇိတွာ၊ စား၍။ အနေကပ္ပကာရံ၊ များသောအပြားရှိသော။ ဝိကာရံ၊ ဖေါက်ပြန်ခြင်းကို။ ဒဿန္တော၊ ပြကုန်လျက်။ ဝိစရန္တိ၊ လှည့်ပတ်သွားလာကုန်၏။ ဘိက္ခူပန၊ ရဟန်းတို့သည်ကား။ ဝေရဉ္ဇာယံပိ၊ ဝေရဉ္ဇာ ပြည်၌လည်း။ ဥပသန္တရူပါ၊ ငြိမ်သက်သောသဘောရှိကုန်လျက်။ ဝိဟရိတွာ၊ နေ၍။ ဣဒါနိပိ၊ ယခုအခါ၌လည်း။ ဥပသန္တုပသန္တာဝ၊ ငြိမ်သက်ကုန်, ငြိမ်သက်ကုန်သည်ဖြစ်၍လျှင်။ ဝိဟရန္တိ၊ နေကုန်၏။ ဣတိ၊ ဤသို့ပြောဟောကုန်၏။

သတ္ထာ၊ ဘုရားသည်။ ဓမ္မသဘံ၊ တရားသဘင်သို့။ ဂန္တွာ၊ ကြွ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ ကထေထ၊ အဘယ်စကားကို ပြောဆိုကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့အမိန့်ရှိခြင်းကြောင့်။ ဣဒံနာမာတိ၊ ဤမည်သော စကားဘည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်လတ်သော်။ ဧတေ၊ ဤ သူတို့သည်။ ပုဗ္ဗေပိ၊ ရှေး၌လည်း။ ဂဒြဘယောနိယံ၊ မြဲအမျိုး၌။ နိဗ္ဗတ္တာ၊ ဖြစ်ကုန်သည်ရှိသော်။ ပဉ္စသတဂဒြဘာ၊ ငါးရာသော မြဲတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ပဉ္စသတာနံ အာဇာနီယ သိန္ဓဝါနံ၊ အာဇာနည် သိန္ဓောမြင်း ငါးရာတို့၏။ ပီတာဝသေသကံ၊ သောက်ကြွင်း ဖြစ်သော။ အလ္လရသ မုဒ္ဒိကပါနကံ၊ အရသာရှိသော မုဒရက်သီး အဖျော်ကို။ ဥစ္ဆိဋ္ဌကသဋ္ဌံ၊ သိန္ဓောမြင်းတို့၏ စားကြွင်းအဖတ်ကို။ ဥဒကေန၊ ရေဖြင့်။ မဒ္ဒိတွာ၊

နယ်၍။ မကစိ ပိလောတိကာဟိ၊ ပိုက်ဆံလျှော်ဖြင့် ရက်သော ပုဆိုးနွမ်းတို့ဖြင့်။ ပရိဿာဝိတတ္တာ၊ စစ်အပ်သည်၏ အဖြစ်ကြောင့်။ ဝါလေဒကန္တိ၊ ဝါလေဒကံဟူ၍။ သဉ္ဇံ၊ ခေါ်ဝေါ်ခြင်းသို့။ ဂတံ၊ ရောက်သော။ အပ္ပရသံ၊ နည်းသော အရသာရှိသော။ နိဟီနံ၊ ယုတ်သော အဖျော်ရည်ကို။ ပိဝိတွာ၊ သောက်၍။ မဓုမတ္တာဝိယ၊ အရသာရှိသည်ကိုသောက်၍ ယစ်ခြင်းကဲ့သို့။ နဒန္တာ၊ ဟစ်ကြော်ကုန်လျက်။ ဝိစရိံသု၊ သွားလာကုန်၏။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။

ဝါလေဒအံ၊ ဝါလေဒကမည်သော။ အပ္ပရသံ၊ နည်းသော အရသာရှိသော။ နိဟီနံ၊ ယုတ်သော အရည်ကို။ ပိတွာ၊ သောက်၍။ ဂဒြဘာနံ၊ မြည်တို့၏။ မဒေါ ယစ်ခြင်းသည်။ ဇာယတိ၊ ဖြစ်၏။ ပဏီတံ၊ မွန်မြတ်သော။ ဣမဉ္စ ရသံ၊ ဤသို့ အရသာရှိသောမုဒရက်သီး အဖျော်ကိုလျှင်။ ပိတွာန၊ သောက်ခြင်းကြောင့်။ သိန္ဓဝါနံ၊ သိန္ဓောမြင်းတို့အား။ မဒေါ၊ ယစ်ခြင်းသည်။ န သဉ္ဇာယတိ၊ မဖြစ်။ ဇနိန္ဒ၊ မင်းမြတ်။ နိဟီန ဇစ္စော၊ ယုတ်သော အမျိုးရှိသော။ သော၊ ထိုသူသည်။ အပ္ပံပိ၊ အနည်းငယ်သော မုဒရက် အဖျော်ကိုလည်း။ ပိဝိတွာန၊ သောက်၍။ တေန၊ ထိုမုဒရက်ရည်သည်။ ဖုဋ္ဌော၊ နှိပ်စက်အပ်သည်ဖြစ်၍။ မဇ္ဇတိ၊ ယစ်၏။ ဓောရယှ သီလီစ ကုလမှိ၊ ဝန်ကိုရွက်ဆောင်ခြင်းငှါ စွမ်းနိုင်သော အလေ့ရှိသော အမျိုး၌။ ဇာတော၊ ဖြစ်သောသိန္ဓောမြင်းသည်။ အဂ္ဂရသံ၊ မြတ်သော အရည်ကို။ ပိဝိတွာ၊ သောက်ခြင်းကြောင့်။ န မဇ္ဇတိ၊ မယစ်။

ဣမံ ဝါလေဒက ဇာတကံ၊ ဤဝါလေဒကဇာတ်ကို။ ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ ကထေတွာ၊ ဟော၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ လောကဓမ္မံ၊ လောကဓံ တရားကို။ ဝိဇ္ဇေတွာ၊ ကြည်၍။ သုခိတကာလေပိ၊ ချမ်းသာသောအခါ၌လည်းကောင်း။ ဒုက္ခိတကာလေပိ၊ ဆင်းရဲသော အခါ၌ လည်းကောင်း။ နိဗ္ဗိကာရာဝ၊ တုန်လှုပ်ခြင်း မရှိသည် သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အဘာ၊ မိန့်တော်မူ၏။

၈၃။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ သဗ္ဗတ္ထ၊ ခန္ဓာငါးပါး စသော အပြားရှိကုန်သော ခပ်သိမ်းသော ဓမ္မတို့ကို။ စဇန္တိ၊ ဆန္ဒရာဂကို စွန့်ကုန်၏။ သန္တော၊ ဘုရားစသော သူတော်ကောင်းတို့သည်။ ကာမကာမာ၊ ဝတ္ထုကာမကို အလိုရှိကုန်၍။ န လပယန္တိ၊ မပေါ်လွင်ကုန်။ ဝါ၊ မပြောမပလွှားကုန်။ သုခေန၊ ချမ်းသာခြင်းဖြင့်။ ဖုဋ္ဌာ၊ တွေ့ကုန်သည် ရှိသော်။ ဥစ္စာဝစံ၊ နှစ်သက်အပ်သော အဖြစ်, မျက်နှာ မသာမရွှင်သော အဖြစ်အားဖြင့် မြတ်သော ယုတ်သောအခြင်းအရာကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ န ဒဿယန္တိ၊ မပြကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ သဗ္ဗတ္ထာတိ၊ သဗ္ဗတ္ထဟူသည်ကား။ ပဉ္စခန္ဓာဒိဘေဒေသု၊ ခန္ဓာအစရှိသည် အပြားရှိကုန်သော။ သဗ္ဗတ္ထဓမ္မေသု၊ ခပ်သိမ်းသော တရားတို့၌။ သပ္ပုရိသာတိ၊ ဟူသည်ကား။ သပ္ပုရိသာ၊ သူတော်ကောင်းတို့သည်။ စဇန္တီတိ၊ ဟူသည်ကား။ အရဟတ္တမဂ္ဂ ဉာဏေန၊ အရဟတ္တမဂ်ဉာဏ်ဖြင့်။ အပကဍ္ဎန္တာ၊ ငင်ဆွဲအပ်သည်၏အဖြစ်ကြောင့်။ ဆန္ဒရာဂံ၊ ဆန္ဒရာဂကို။ ဝိဇဟန္တိ၊ စွန့်ကုန်၏။ နကာမကာမာတိ၊ ဟူသည်ကား။ ကာမေ၊ ဝတ္ထုကာမတို့ကို။ ကာမယန္တာ၊ တောင့်တကုန်၏။ ကာမဟေတု ကာမ ကာရဏာ၊ ဝတ္ထုကာမဟူသော အကြောင်းကြောင့်။ န လပယန္တိ၊ မပြောကုန်။ သန္တောတိ၊ သန္တောဟူသည်ကား။ ဗုဒ္ဓါဒယော၊ ဘုရားအစရှိကုန်သော သူတို့သည်။ သန္တော၊ သန္တမည်ကုန်၏။ ကာမဟေတု၊ ဝတ္ထုကာမဟူသော အကြောင်းကြောင့်။ အတ္တနာ၊ သည်။ နေဝ လပယန္တိ၊ မပြောကုန်။ ပရံ၊ သူတပါးကို။ န လပယန္တိ၊ မပြောစေကုန်။ ဟိ၊ ထိုစကားသင့်စွ။ ယေ၊ အကြင်သူတို့သည်။ ဘိက္ခာယ၊ ဆွမ်းအလို့ငှါ။ ပဝိဋ္ဌာ၊ ဝင်ကုန်သည် ရှိသော်။ ဣစ္ဆာစာရေ၊ ယုတ်မာသော အလို၌။ ဋ္ဌိတာ၊ တည်ကုန်လျက်။ ဉပါသကာ၊ ဒါယကာ။ တေ၊ သင်ဒါယကာ၏။ ပုတ္တဒါရဿ၊ သားမယားတို့အား။ ကိံ၊ အဘယ်သို့ရှိကုန်သနည်း။ သုခံ၊ လွန်စွာချမ်းသာခြင်းသည်။ ကိံ ဟောတိ၊ ဖြစ်ပါလေ၏လော။ ရာဇစောရာဒီနံ၊ မင်းခိုးသူစသည်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဒွိပဒ စတုပ္ပဒေသု၊ အခြေနှစ်ချောင်း အခြေလေးချောင်းရှိသော သတ္တဝါတို့၌။ ကောစိဉပဒ္ဒဝေါ၊ တစုံတခုသော ဘေးရန်သည်။ နတ္ထိ၊ ကင်းပါ၏လော။ ဣတိအာဒီနိ၊ ဤသို့ စသော စကားတို့ကို။ ဝဒန္တာ၊ ဆိုကုန်လျက်။ တာဝဒေဝ၊ ထိုမျှဖြင့်သာလျှင်။ လပယန္တိနာမ၊ ပြောဟောသည်မည်ကုန်၏။ တထာ၊

ထိုအခြင်းအရာဖြင့်။ ဝတွာပန၊ ဆို၍ကား။ ဘန္တေ၊ အရှင်ဘုရား။ အာဝုမ၊ ခြေဘ်ချမ်းသာ၏။ သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ နော၊ အကျွန်ုပ်တို့အား။ သုခံ၊ ချမ်းသာ၏။ ကောစိ ဥပဒ္ဒဝေါ၊ တစုံတခုသော ဘေးရန်သည်။ နတ္ထိ၊ မရှိ။ ဣဒါနိ၊ ယခုအခါ၌။ နော၊ အကျွန်ုပ်တို့၏။ ဂေဟံ၊ အိမ်သည်။ ပဟူတ အန္နပါနံ၊ များသောထမင်း အဖျော်ရှိ၏။ ဣဓေဝ၊ ဤအရပ်၌လျှင်။ ဝသထ၊ နေကုန်လော့။ ဣတိ၊ ဤသို့ မိန့်၏။ အတ္တာနံ၊ မိမိကိုယ်ကို။ နိမန္တာပေတွာ၊ ဘိတ်စေ၍။ လပါပေန္တိနာမ၊ ပြောဟောစေသည် မည်၏။ သန္တောပန၊ သူတော်ကောင်းတို့သည်ကား။ ဣဒံဥဘယံပိ၊ ဤနှစ်ပါးစုံကိုလည်း။ န ကရောန္တိ၊ မပြုကုန်။

သုခေန ဖုဋ္ဌာ အထဝါ ဒုခေနာတိ တော၊ ဟူသည်။ ဒေသနာမတ္တံ၊ ဒေသနာမျှသာတည်း။ အဋ္ဌဟိ ပန လောကဓမ္မေဟိ၊ ရှစ်ပါးသော လောကဓံတို့ဖြင့်။ ဖုဋ္ဌာ၊ တွေ့ကုန်သည်ရှိသော်။ တုဋ္ဌိဘာဝ မင်္ကုဘာဝ ဝသေနဝါ၊ နှစ်သက်သည်၏ အဖြစ်, မျက်နှာမသာသည်၏ အစွမ်းဖြင့်ငှင်း။ ဝဏ္ဏဘဏန အဝဏ္ဏဘဏန ဝသေနဝါ။ ကောင်းသဖြင့်ဆိုခြင်း မကောင်းသဖြင့်ဆိုခြင်း အစွမ်းဖြင့်ငှင်း။ ဥစ္စာဝစံ အာကာရံ၊ မြတ်သောအခြင်းအရာ ယုတ်သော အခြင်းအရာကို။ ပဏ္ဍိတာ၊ ပညာရှိတို့သည်။ န ဒဿယန္တိ၊ မပြကုန်။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ဗဟူ၊ များစွာကုန်သောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ-ပရိသမာပနံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပဏ္ဍိတဝဂ်၌ ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပဉ္စသတဘိက္ခု ဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အဋ္ဌမံ၊ သော။ ပဉ္စသတဘိက္ခု ဝတ္ထု၊ တည်း။

---

၆-ပဏ္ဍိတဝဂ္ဂ၊ ၉-ဓမ္မိကတ္ထေရ ဝတ္ထု

အနုသန္ဓေ ...ပဉ္စသတဘိက္ခု ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ဓမ္မိကတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ နအတ္တဟေတု စသည်ကိုမိန့်အပ်၏။

န အတ္တဟေတုပိ ဣမံဓမ္မဒေသနံ၊ ဟေတုစသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ဓမ္မိကတ္ထေရံ၊ ဓမ္မိကထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။

ကိရ၊ ကြားဘူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဧကော-ဥပါသကော၊ တယောက်သော ဒါယကာသည်။ ဓမ္မေန သမေန၊ တရားနှင့်အညီ။ အဂါရံ၊ လူ၏ဘောင်၌။ အဇ္ဈာဝသတိ၊ နေ၏။ သော၊ ထိုဒါယကာသည်။ ပဗ္ဗဇိတုကာမော ဟုတွာ၊ ရဟန်းပြုလိုသည်ဖြစ်၍။ ဧကဒိဝသံ၊ တနေ့သ၌။ ဘရိယာယ၊ မယားနှင့်။ သဒ္ဓိံ၊ တကွ။ နိသီဒိတွာ၊ နေ၍။ သုခကထံ၊ ချမ်းသာသောစကားကို။ ကထေန္တော၊ ပြောလျက်။ အာဟ၊ ဆို၏။ ဘဒ္ဒေ၊ နှမအိမ်ရှင်။ အဟံ၊ ငါသည်။ ပဗ္ဗဇိတုံ၊ ရဟန်းပြုခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိ၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သာမိ၊ သခင်။ ယာဝ၊ အကြင်ရွေ့လောက်။ အဟံ၊ ငါသည်။ ကုစ္ဆိဂတံ၊ ဝမ်း၌ရှိသော။ ဒါရကံ၊ သူငယ်ကို။ ဝိဇာယာမိ၊ ဖွားမြင်အံ့။ တာဝ၊ ထိုရွေ့လောက်။ အာဂမေဟိ၊ နေဦးလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သော၊ ထိုဒါယကာသည်။ အာဂမေတွာ၊ ငံ့လင့်၍။ ဒါရကဿ၊ သူငယ်၏။ ပဒသာ၊ ခြေဖြင့်။ ဂမနကာလေ၊ သွားနိုင်သော အခါ၌။ ပုန၊ တဘန်။ တံ၊ ထိုမယားကို။ အာပုစ္ဆိတွာ၊ ပန်၍။ သာမိ၊ သခင်သား။ အယံ၊ ဤသူငယ်သည်။ ယေဝ္ဗနတ္တော၊ အရွယ်ကြီးရင့်ခြင်းသို့ ရောက်သည်။ ဟောတိ၊ ဖြစ်လတ္တံ့။ တာဝ၊ ထိုရွေ့လောက်။ အာဂမေဟိ၊ ငံ့ဦးလော။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ ဣမာယ၊ ဤမိန်းမအား။ အပလောကိတာယဝါ၊ ပန်ကြားသဖြင့် လည်းကောင်း။ အနပလောကိ-တာယဝါ၊ မပန်ကြားသဖြင့်လည်းကောင်း။ မေ၊ ငါ့အား။ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အတ္တနော၊ မိမိ၏။ ဒုက္ခနိဿရဏံ၊ ဝဋ်ဆင်းရဲမှ ထွက်မြောက်ရာကို။ ကရိဿာမီတိ၊ ပြုအံ့ဟူ၍။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိ၊ ရဟန်းပြု၏။

သော၊ ထိုရဟန်းသည်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ ဃဋေန္တော၊ စေ့ဆော်လျက်။ ဝါယမန္တော၊ လုံ့လပြုလျက်။ အတ္တနော၊ မိမိ၏။ ပဗ္ဗဇိတကိစ္စံ၊ ရဟန်းကိစ္စကို။ နိဋ္ဌာပေတွာ၊ ပြီးစေ၍။ တေသံ၊ ထိုသားမယားတို့ကို။ ဒဿနတ္ထာယ၊ ကြည့်ရှုခြင်းငှါ။ ပုန၊ တဘန်။

သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဂန္တွာ၊ သွားလေ၍။ ပုတ္တဿ၊ သားအား။ ဓမ္မကထံ၊ တရားစကားကို။ ကထေသိ၊ ပြောဟော၏။ သောပိ၊ ထို သားသည်လည်း။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိ၊ ရဟန်းပြု၏။ ပဗ္ဗဇိတွာစ၊ ပန၊ ရဟန်းပြုပြီး၍ကား။ နစိရဿေဝ၊ မကြာမြင့်မီလျှင်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ အဿ၊ ထိုဓမ္မိကရဟန်း၏။ ပုရာ-ဏဒုတိယိကာပိ၊ ခင်ပွန်းဟောင်း မယားသည်လည်း။ ယေသံ၊ အကြင် သားလင်တို့၏။ အတ္ထာယ၊ အကျိုးငှါ။ အဟံ၊ ငါသည်။ ဃရာဝါသေ၊ လူ၏ဘောင်၌။ ဝသေယျံ။ နေရာ၏။ တေ ဥဘောပိ၊ ထို နှစ်ယောက် သောသားလင်တို့သည်လည်း။ ပဗ္ဗဇိတာ၊ ရဟန်းပြုကုန်၏။ ဣဒါနိ၊ ယခု အခါ၌။ မေ၊ ငါ့အား။ ဃရာဝါသေန၊ ဃရာဝါသဖြင့်။ ကိံ၊ အဘယ် ပြုအံ့နည်း။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိ၊ ရဟန်းပြု၏။ ပဗ္ဗဇိတွာစ ပန၊ ရဟန်းပြုပြီး၍ကား။ န စိရဿေဝ၊ မကြာမြင့်မီလျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။

အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ဓမ္မသဘာယံ၊ တရား သဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဟောကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဓမ္မိက ဥပါသကော၊ ဓမ္မိက ဒါယကာသည်။ အတ္တ-နာပိ၊ မိမိသည်လည်း။ ဓမ္မေ၊ တရား၌။ ပတိဋ္ဌိတတ္တာ၊ တည်သည်၏ အဖြစ်ကြောင့်။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့။ ပတ္တော၊ ရောက်၏။ ပုတ္တဒါရဿာပိ၊ သားမယားတို့ သည်လည်း။ ပတိဋ္ဌာ၊ မှီခိုကိုးကွယ်ရာတို့သည်။ ဇာတာ၊ ဖြစ်ကုန်၏။ဣတိ၊ ဤသို့ ပြောဟောကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ် စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေးတော်မူခြင်းကြောင့်။ ဣမာယ နာမာတိ၊ ဤမည် သော စကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ပဏ္ဍိတောနာမ၊ ပညာရှိသော သူမည်သည်ကား။ အတ္တဟေတု၊ မိမိဟူသော အကြောင်းကြောင့်။ သမိဒ္ဓိ၊ စည်းစိမ်ချမ်းသာ ကို။ နေဝဣစ္ဆတိတဗ္ဗာ၊ အလိုမရှိအပ်။ ပရဿဟေတုဝါ၊ သူတပါးဟူသောအ ကြောင်းကြောင့်လည်း။ သမိဒ္ဓိ၊ ပြည့်စုံကြွယ်ဝခြင်းကို။ နဣစ္ဆိတဗ္ဗာ၊ အလို

မရှိအပ်။ ဓမ္မိကေနေဝ၊ တရားဖြင့်သာလျှင်။ ဓမ္မပဋိသရဏေန၊ တရားကို ကိုးကွယ် ဆောက်တည်ခြင်းဖြင့်။ ဘဝိတဗ္ဗံ၊ ဖြစ်စေအပ်၏။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၈၄။ ပဏ္ဍိတောနာမ၊ ပညာရှိသော သူမည်သည်။ အတ္တဟေတု၊ မိမိ၏ အကြောင်းကြောင့်။ ပါပံ၊ မကောင်းမှုကို။ နကရောတိ၊ မပြု။ ပရဿ၊ သူတပါး၏။ ဟေတု၊ အကြောင်းကြောင့်။ ပါပံ၊ မကောင်းမှုကို။ နကရောတိ၊ မပြု။ ပါပကမ္မေန၊ ယုတ်မာသော အမှုဖြင့်။ ပုတ္တံ၊ သားကို။ နဣစ္ဆေယျ၊ အလိုမရှိရာ။ ဓနံ၊ ဥစ္စာကို။ နဣစ္ဆေယျ၊ အလိုမရှိရာ။ ရဋ္ဌံ၊ ပြည်စည်းစိမ်ကို။ နဣစ္ဆေယျ၊ အလိုမရှိရာ။ အဓမ္မေန၊ မတရားသဖြင့်။ အတ္တနော၊ မိမိ၏။ သမိဒ္ဓိံ၊ စည်းစိမ်ချမ်းသာ ပြည့်စုံခြင်းကို။ နဣစ္ဆေယျ၊ အလိုမရှိရာ။ ဓမ္မိကော၊ တရားကိုကျင့်သော။ သော၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်သည်။ သီလဝါ၊ သီလရှိသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ သော၊ ထိုသို့ သဘောရှိသော ပုဂ္ဂိုလ်သည်။ ပညဝါ၊ ပညာရှိသည်လည်း။ သိယာ၊ ဖြစ်ရာ၏။ အညာ၊ တပါးသော အခြင်းအရာ သဘောသည်။ နသိယာ၊ မဖြစ်ရာ။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ န အတ္တဟေတူတိ၊ ဟေတုဟူသည်ကား။ ပဏ္ဍိတောနာမ၊ ပညာရှိသောသူမည်သည်။ အတ္တဟေတုဝါ၊ မိမိဟူသော အကြောင်းကြောင့်လည်း။ ပါပံ၊ မကောင်းမှုကို။ န ကရောတိ၊ မပြု။ ပရဿ၊ သူတပါး၏။ ဟေတုဝါ၊ အကြောင်းကြောင့်လည်း။ ပါပံ၊ မကောင်းမှုကို။ နကရောတိ၊ မပြု။ န ပုတ္တမိစ္ဆေတိ၊ မိစ္ဆေဟူသည်ကား။ ပုတ္တံဝါ၊ သားကိုလည်း။ ပါပကမ္မေန၊ ယုတ်မာသော အမှုဖြင့်။ နဣစ္ဆေယျ၊ အလိုမရှိရာ။ ဓနံဝါ၊ ဥစ္စာကိုလည်း။ နဣစ္ဆေယျ၊ အလိုမရှိရာ။ ရဋ္ဌံဝါ၊ ပြည်ကိုလည်း။ နဣစ္ဆေယျ၊ အလိုမရှိရာ။ တောနိပိ၊ ဤအလုံးစုံတို့ကိုလည်း။ ဣစ္ဆန္တော၊ အလိုရှိလျက်။ ပါပကမ္မံ၊ မကောင်းမှုကို။ နကရောတိယေဝ၊ မပြုအပ်သည်သာလျှင်တည်း။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ သမိဒ္ဓိမတ္တနောတိ၊ မတ္တနောဟူသည်ကား။ အတ္တနော၊ မိမိ၏။ ယာသမိဒ္ဓိ၊ အကြင် ပြည့်စုံခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံပိ၊ ထိုစည်းစိမ်ချမ်းသာနှင့် ပြည့်စုံခြင်းကိုလည်း။ အဓမ္မေန၊ မတရားသဖြင့်။ နဣစ္ဆေယျ၊ အလိုမရှိရာ။ သမိဒ္ဓိကာရဏာပိ၊ စည်းစိမ်ချမ်းသာဟူသော အကြောင်း

ကြောင့်လည်း။ ပါပံ၊ မကောင်းမှုကို။ နကရောတိ၊ မပြုသင့်။ ဉာတိ-
အတ္ထော၊ ဤကားအနက်တည်း။ သသီလဝါတိ, ဟူသည်ကား။ ဝေရူပေါ၊
ဤသို့ သဘောရှိသော။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ အတ္ထိ၊
ရှိ၏။ သောပုဂ္ဂလောဝေ၊ ထိုပုဂ္ဂိုလ်သည်သာလျှင်။ သီလဝါစ၊ သီလလည်း
ရှိ၏။ ပညဝါစ၊ ပညာလည်းရှိ၏။ဓမ္မိကောစ၊ တရားကို ကျင့်သည်လည်း။
သိယာ၊ ဖြစ်ရာ၏။ နအညော၊ တပါးမဟုတ်။ ဉာတိအတ္ထော၊ ဤကား
အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊များစွာသော
သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ပါပု-
ဏိံသု၊ ရောက်ကုန်၏။ ဉာတိပရိသမာပနံ၊ ခြောက်ခုမြောက်ဖြစ်သော
ပဏ္ဍိတဝဂ်၌ ကိုးခုမြောက်ဖြစ်သော ဓမ္မိကတ္ထေရ ဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊
မှတ်အပ်၏။

နဝမံ၊ သော။ ဓမ္မိကတ္ထေရ ဝတ္ထု၊ တည်း။

---

## ၆-ပဏ္ဍိတဝဂ္ဂ၊ ၁၀-ဓမ္မသဝန ဝတ္ထု

အနုသန္ဓေ - ဓမ္မိကတ္ထေရ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ၌ ဓမ္မသဝန ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ အပ္ပကာတေ-စသည်ကို မိန့်အပ်၏။

အပ္ပကာ တေ မနုဿေသူတိ ဣမံဓမ္မဒေသနံ၊ မနုဿေသု-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ ဓမ္မဿဝနံ၊ တရားနာခြင်းကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဧကဝီထိယာ၊ တခုသော ခရီး၌။ ဝါသိနော၊ နေကုန်သော။ မနုဿာ၊ လူတို့သည်။ သမဂ္ဂါဟုတွာ၊ အညီအညွတ်ဖြစ်ကုန်၍။ ဂဏဗန္ဓေန၊ အပေါင်းအဖွဲ့သဖြင့်။ ဒါနံ၊ အလှူကို။ ဒတွာ၊ ပေး၍။ သဗ္ဗရတ္တိံ၊ ညဉ့်လုံးသိမ်းပတ်လုံး။ ဓမ္မ-ဿဝနံ၊ တရားနာခြင်းကို။ ကာရေသုံ၊ ပြုစေကုန်၏။ သဗ္ဗရတ္တိံ ပန၊ ညဉ့်သုံးယာမ်ပတ်လုံးကား။ ဓမ္မံ၊ တရားကို။ သောတုံ၊ ကြားနာခြင်းငှါ။ နာ-သက္ခိံသု၊ မတတ်နိုင်ကြကုန်။ ကေစိ၊ အချို့သော သူတို့သည်။ ကာမ-ရတိံ၊ ကာမဂုဏ်၌ မွေ့လျော်ခြင်းကို။ နိဿိတာဟုတွာ၊ မှီကုန်သည်ဖြစ်၍။

ပုန၊ တဘန်။ ဂေဟမေဝ၊ အိမ်သို့သာလျှင်။ ဂတာ၊ ပြန်သွားကုန်၏။ ကေစ္စေ၊ အချို့သော သူတို့သည်။ ဒေါသနိဿိတာဟုတွာ၊ ဒေါသကို မှီကုန်သည်ဖြစ်၍။ ကေစ္စေ၊ အချို့သော သူတို့သည်။ မာနနိဿိတာဟုတွာ၊ မာနကို မှီကုန်သည်ဖြစ်၍။ ကေစ္စေ၊ တို့သည်။ ထိနမိဒ္ဓသမင်္ဂိနော၊ ငိုက်မျဉ်းခြင်းရှိကုန်သည်ဖြစ်၍။ တတ္ထေဝ၊ ဤအရပ်၌လျှင်။ နိသီဒိတွာ၊ ထိုင်၍။ ပစလာယန္တာ၊ လျှပ်ပေါ်ကုန်လျက်။ သောတုံ၊ နာခြင်းငှါ။ နာသက္ခိံသု၊ မတတ်နိုင်ကုန်။ ပုနဒိဝသေ၊ မိုးသောက်သော နေ့၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ ဥတွာ၊ သိ၍။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်မည်သော စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္တနု၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ အမိန့်ရှိခြင်းကြောင့်။ ဣမာယ နာမာတိ၊ ဤမည်သော စကားကြောင့်တည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်သည်ရှိသော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေသတ္တာ-နာမ၊ ဤသတ္တဝါတို့ မည်သည်ကား။ ယေဘုယျေန၊ များသောအားဖြင့်။ ဘဝနိဿိတာ၊ ဖြစ်ရာဘဝကို မှီကုန်၏။ ဘဝေသုဧဝ၊ ဘဝတို့၌သာလျှင်။ လဂ္ဂါ၊ ငြိကပ်ကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ ပါရဂါမိနော နာမ၊ နိဗ္ဗာန်ဟူသော ကမ်းတဘတ်သို့ရောက်သော သတ္တဝါတို့မည်သည်။ အပ္ပကာ၊ နည်းကုန်၏။ နု၊ များသည်မဟုတ်ကုန်။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋ္ဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၈၅။ မနုဿေသု၊ လူတို့တွင်။ ယေဇနာ၊ အကြင်လူတို့သည်။ ပါရ-ဂါမိနော၊ နိဗ္ဗာန်ဟူသော ကမ်းတဘက်သို့ သွားကုန်၏။ တေဇနာ၊ ထိုလူတို့သည်။ အပ္ပကာ၊ နည်းကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတရာ၊ နိဗ္ဗာန်သို့ သွားသောသူမှ တပါးကုန်သော။ ယေဇနာ၊ အကြင်သတ္တဝါတို့သည်။ တီရမေဝ၊ သက္ကာယဒိဋ္ဌိဟူသော ဤမှာဘက်သို့သာလျှင်။ အနု-ဓာဝတိ၊ အစဉ်ပြေးသွား၏။ အယံ၊ ဤသတ္တဝါသည်။ ဗဟုတရာ၊ အလွန်များကုန်၏။

၈၆။ ဓမ္မေ၊ ဒေသနာဓမ္မကို။ သမ္မဒက္ခာတေ၊ ကောင်းစွာ ဟောအပ်သည်ရှိသော်။ ယေစ၊ အကြင်သူတို့သည်ကား။ ခေါ၊ စင်စစ်။ သုတွာ၊

နာကုန်၍။ ဓမ္မာနုဝတ္တိနော၊ လောကုတ္တရာတရားနှင့် လျော်သော အကျင့်ကို ကျင့်ကုန်၏။ တေဇနာ၊ ထိုလူတို့သည်။ မစ္စုဓေယျံ၊ မစ္စုမာရ်၏ အရာ ဖြစ်သော။ သုဒုတ္တရံ၊ အလွန်ကူးနိုင်ခဲသော သံသရာစက် ဝဲသြဃဟူသော တေဘူမကဝဋ်ကို။ တရိတွာ၊ ကူးကုန်၍။ ပါရံ၊ နိဗ္ဗာန်ဟူသော ကမ်း တဘက်သို့။ ဧဿန္တိ၊ ရောက်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ အပ္ပကာတိ၊ အပ္ပကာဟူသည်ကား။ ထောကာ၊ နည်းကုန်၏။ ဗဟုဇ၊ များကုန်သည်လည်း။ န၊ မဟုတ်ကုန်။ ပါရဂါမိ-နောတိ၊ ဟူသည်ကား။ နိဗ္ဗာနဂါမိနော၊ နိဗ္ဗာန်သို့ လားကုန်၏။ အသာယံ-ဣတရာ ပဇာတိ၊ ပဇာဟူသည်ကား။ အဝသေသာ၊ သော။ ယာပနအာသံ-ပဇာ၊ အကြွင်းသတ္တဝါသည်။ သက္ကာယဒိဋ္ဌိ တီရမေဝ၊ သက္ကာယဒိဋ္ဌိဟူသော ဤမှာဘက်ကမ်းသို့သာလျှင်။ အနုဓာဝတိ၊ အစဉ်ပြေး၏။ အယမေဝ၊ ဤ သတ္တဝါသည်သာလျှင်။ ဗဟုတရာ၊ အလွန်များးစွာ၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ သမ္မဒက္ခာတေတိ၊ တေဟူသည်ကား။ သမ္မာ၊ ကောင်းစွာ။ အက္ခာတေ၊ ဟောအပ်သည်ရှိသော်။ သုကထိတေ၊ ကောင်းစွာ ဟောအပ်သည်ရှိသော်။ ဓမ္မေတိ၊ ဟူသည်ကား။ ဒေသနာဓမ္မေ၊ ဒေသနာ-ဓမ္မကို။ ဓမ္မာနုဝတ္တိနောတိ၊ နောဟူသည်ကား။ တံဓမ္မံ၊ ထိုတရားကို။ သုတွာ၊ နာ၍။ တဒနုစ္ဆဝိကံ၊ ထိုလောကုတ္တရာတရားနှင့် လျော်သော။ ပဋိပဒံ၊ အကျင့်ကို။ ပူရေတွာ၊ ဖြည့်၍။ မဂ္ဂဖလ သစ္ဆိကရဏေန၊ မဂ်ဖိုလ်ကို မျက်မှောက်ပြုသဖြင့်။ ဓမ္မာနုဝတ္တိနော၊ တရားနှင့် လျော်စွာ ကျင့်သော သူတို့သည်။ ပါရမေဿန္တိတိ၊ မေဿန္တိဟူသည်ကား။ ဧဝရူပါ၊ ဤသို့ သဘောရှိကုန်သော။ တေဇနာ၊ တို့သည်။ နိဗ္ဗာနပါရံ၊ နိဗ္ဗာန်ဟူသော ကမ်းတဘက်သို့။ ဂမိဿန္တိ၊ ရောက်ကုန်လတ္တံ့။ မစ္စုဓေယျန္တိ၊ ဟူသည်ကား။ ကိလေသ မာရသင်္ခါတဿ၊ ကိလေသမာရ်ဟု ဆိုအပ်သော။ မစ္စုဿ၊ သေမင်း၏။ နိဝါသဋ္ဌာနဘူတံ၊ နေရာဖြစ်၍ ဖြစ်သော။ တေဘူမိက ႁ ႁ၊ တေဘူမိကဝဋ်ကို။ သုဒုတ္တရန္တိ၊ ဟူသည်ကား။ ယေဇ ႁ ႁ၊ အကြင်သူတို့ ႁ ႁ။ ဓမ္မာနုဝတ္တိနော၊ တရားနှင့်လျော်စွာ ကျင့်ကုန်၏။ တေဇ ႁ ႁ ထိုသူတို့သည် သာလျှင်။ သုဋ္ဌု၊ ကောင်းစွာ။ ဒုတ္တရံ၊ ကူးခပ် ႁ ႁ ခဲသော။ ဒုရတိက္ကမံ၊ လွန်နိုင်ခဲသော။ မာရဓေယျံ၊ မာရ်၏အရာကို။ တရိတွာ၊ ကူး၍။ အတိက္က-မိတွာ၊ လွန်၍။ နိဗ္ဗာနပါရံ၊ နိဗ္ဗာန်ဟူသော ကမ်းတဘက်သို့။ ဂမိဿန္တိ၊ ရောက်ကုန်လတ္တံ့။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ဒေသနာ-

ဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာ-ပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခြောက်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ပဏ္ဍိတဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော ဓမ္မဿဝနဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဒသမံ၊ သော။ ဓမ္မဿဝန ဝတ္ထု၊ တည်း။

---

## ၆-ပဏ္ဍိတဝဂ္ဂ၊ ၁၁-ပဉ္စသတ အာဂန္တုက ဘိက္ခု ဝတ္ထု

အနုသန္ဓေ .. ဓမ္မဿဝနဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ပဉ္စသတ အာဂန္တုက ဘိက္ခုဝတ္ထု၌ ဟောရာဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ ကဏှံ ဓမ္မံ-စသည်ကို မိန့်အပ်၏။

ကဏှံဓမ္မံ ဝိပ္ပဟာယာတိ ဣမံဓမ္မဒေသနံ၊ပဟာယ-စသော ဤတရားဟော ခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟ-ရန္တော၊ နေစဉ်။ ပဉ္စသတေ၊ ငါးရာကုန်သော။ အာဂန္တုကေ ဘိက္ခူ၊ ဧည့်သည်ရဟန်းတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူပေ၏။ ကောသလရဋ္ဌေ၊ ကောသလတိုင်း၌။ ပဉ္စသတာ ဘိက္ခူ၊ ငါးရာ သော ရဟန်းတို့သည်။ ဝဿံဝသိတွာ၊ ဝါဆိုပြီး၍။ ဝုဋ္ဌဝဿာ၊ ဝါကျွတ် ကုန်ပြီးသည်ရှိသော်။ သတ္ထာရံ၊ ဘုရားကို။ ပဿိဿာမာတိ၊ ဖူးမြင်ကုန် အံ့ဟူ၍။ ဇေတဝနံ၊ ဇေတဝန်ကျောင်းသို့။ ဂန္တွာ၊ ရောက်၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ကေမန္တံ၊ တင့်အပ်သောအရပ်၌။ နိသီဒိံသု· ကိရ၊ နေကုန်သတတ်။ သတ္ထာ၊ ဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ စရိယ ပဋိပက္ခံ၊ စရိုက်၏ ဆန့်ကျင်ဘက်ကို။ နိယာမေတွာ၊ မှတ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

၈၇။ ပဏ္ဍိတော၊ ပညာရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ကဏှံ ဓမ္မံ၊ မည်းညစ်သော ကာယဒုစရိုက် အစရှိသည် အပြားရှိသော အကုသိုလ်ဓမ္မကို။ ဝိပ္ပဟာယ၊ ပယ်စွန့်၍။ သုက္ကံ ဓမ္မံ၊ ဖြူစင်သော ကာယသုစရိုက် အစရှိသည် အပြားရှိသော ကုသိုလ်ဓမ္မကို။ ဘာဝေထ၊ ပွားစေရာ၏။ ကထံ၊ အဘယ်သို့ လျှင်။ဘာဝေထ၊ပွားစေရာသနည်း။ဩကာ၊ တဏှာ၏ အရာဖြစ်သောကာမ မှ။နိက္ခမိတွာ၊ ထွက်၍။ အနောကံ၊တပ်ရာမဟုတ်သော နိဗ္ဗာန်ကို။ အာဂမ္မ၊

စွဲ၍။ ဘာဝေထ၊ ပွားစေရာ၏။ ယတ္ထ ဝိဝေကေ၊ အကြင် အနာလယဟု ဆိုအပ်သော နိဗ္ဗာန်တည်းဟူသော ဝိဝေက၌။ ဒူရမံ၊ သတ္တဝါတို့သည် မွေ့လျော်နိုင်ခဲ၏။

၈၈။ တတြ၊ ထိုနိဗ္ဗာန်၌။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ အဘိ-ရတိံ၊ လွန်စွာ မွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ကာမေ၊ ဝတ္ထုကာမ ကိလေသာကာမတို့ကို။ ဟိတွာ၊ စွန့်၍။ အကိဉ္စနော၊ ရာဂ စသော စိုးရိမ်ခြင်းမရှိသည်ဖြစ်၍။ တတြ၊ ထိုနိဗ္ဗာန်တည်းဟူသော ဝိဝေက၌။ အဘိရတိံ၊ လွန်စွာမွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ စိတ္တက္လေသေဟိ၊ စိတ်ကို ညစ်ညူးစေတတ်ကုန်သော နီဝရဏတို့မှ။ အတ္တာနံ၊ ကိုယ်ကို။ ပရိယောဒပေယျ၊ ဖြူစင်စေရာ၏။

၈၉။ ယေသံ၊ အကြင် ပုဂ္ဂိုလ်တို့အား။ သမ္ဗောဓိယင်္ဂေသု၊ သမ္ဗောဓိ၏ အကြောင်းဖြစ်သော ဗောဇ္ဈင်တို့ကို။ သမ္မာ၊ အသင့်သော အကြောင်းဖြင့်။ စိတ္တံ၊ စိတ်ကို။ သုဘာဝိတံ၊ ကောင်းစွာပွားစေအပ်ပြီ။ အနုပါ-ဒါယ၊ လေးပါးသော ဥပါဒါန်တို့ဖြင့် တစုံတခုကိုမျှ မစွဲမလမ်းမူ၍။ အာဒါန ပဋိနိဿဂ္ဂေ၊ မြဲစွာစွဲလမ်းခြင်းမှစွန့်ရာ နိဗ္ဗာန်၌။ ယေ၊ အကြင် ပုဂ္ဂိုလ်တို့သည်။ ရတာ၊ မွေ့လျော်ကုန်၏။ ခီဏာသဝါ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော။ ဇုတိမန္တော၊ ဘုန်းတန်းခိုး အာနုဘော်ရှိကုန်သော။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ လောကေ၊ ခန္ဓာစသောလောက၌။ ပရိနိဗ္ဗုတာ၊ နှစ်ပါးသော နိဗ္ဗာန ဓာတ်ဖြင့် ငြိမ်းကုန်၏။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ကဏှံ ဓမ္မန္တိ၊ ဟူသည်ကား။ ကာယဒုစ္စရိ-တာဒိဘေဒံ၊ ကာယဒုစရိုက် စသည် အပြားရှိသော။ အကုသလံဓမ္မံ၊ အကုသိုလ်ဓမ္မကို။ ဝိပ္ပဟာယ ဇဟိတွာ၊ စွန့်၍။ သုက္ကံ ဘာဝေထာတိ၊ ဟူသည်ကား။ ပဏ္ဍိတော၊ ပညာရှိသော။ ဘိက္ခု၊ ရဟန်းသည်။ အဘိ-နိက္ခမနတော၊ မြတ်သော တောထွက်ခြင်းမှ။ ပဋ္ဌာယ၊ စ၍။ ယာဝ-အရဟတ္တမဂ္ဂါ၊ အရဟတ္တမဂ် တိုင်အောင် ဖြစ်သော။ ကာယသုစရိတာဒိ ဘေဒံ၊ ကစယသုစရိုက် စသည် အပြားရှိသော။ သုက္ကံဓမ္မံ၊ ကုသိုလ်ဘရား ကို။ ဘာဝေယျ၊ ပွားစေရာ၏။ ကထံ ဩကာ အနောက မာဂမ္မာတိ၊ ဟူသည်ကား။ အာလယော၊ တပ်ခြင်းကို။ ဩကံ၊ ဩကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အနာလယော၊ မတပ်ခြင်းကို။ အနောကန္တိ၊ အနောကဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ အာလယတော၊ တပ်ခြင်းမှ။ နိက္ခမိတွာ၊ ထွက်၍။ အနာ-

လယသင်္ခါတံ၊ အနာလယဟု ဆိုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပဋိစ္စ၊ စွဲ၍။ အာရဗ္ဘ၊ အကြောင်းပြု၍။ တံ၊ ထိုနိဗ္ဗာန်ကို။ ပတ္ထယမာနော၊ တောင့်တသည်ရှိသော်။ ဘာဝေယျ၊ ပွားစေရာ၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ တတြ ဘိရတိမိစ္ဆေယျာတိ၊ ဟူသည်ကား။ အနာလယသင်္ခါတေ၊ အနာလယဟု ဆိုအပ်သော။ ဝိဝေကေ၊ ဆိတ်ငြိမ်ခြင်းရှိသော။ ယသ္မိံ-နိဗ္ဗာနေ၊ ၌။ ဣမေဟိ သတ္တေဟိ၊ ဤသတ္တဝါတို့သည်။ ဒုရဘိရမံ၊ မွေ့လျော်နိုင်ခဲ၏။ တတြ၊ ထိုနိဗ္ဗာန်၌။ အဘိရတိံ၊ လွန်စွာမွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ဟိတွာ ကာမေတိ၊ ဟူသည်ကား။ ဝတ္ထုကာမ-ကိလေသ ကာမေဟိ၊ ဝတ္ထုကာမ, ကိလေသာ ကာမတို့ကို။ ဟိတွာ၊ စွန့်၍။ အကိဉ္စနော၊ ရာဂစသော စိုးရိမ်ခြင်းမရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝိဝေကေ၊ နိဗ္ဗာန်ဟူသော ဝိဝေက၌။အဘိရတိံ၊ လွန်စွာမွေ့လျော်ခြင်းကို။ ဣစ္ဆေယျ၊ အလိုရှိရာ၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ စိတ္တက္လေသေဟီတိ၊ ဟူသည်ကား။ ပဉ္စဟိ နီဝရဏေဟိ၊ ငါးပါးသော နီဝရဏတို့မှ။ အတ္တာနံ၊ ကို။ ပရိယောဒပေယျ ဝေါဒါပေယျ ပရိသောဓေယျ၊ ဖြူစင်စေရာ၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ သမ္ဗောဓိယင်္ဂေသူတိ၊ ဟူသည်ကား။ သမ္ဗောဇ္ဈင်္ဂေသု၊ သမ္ဗောဓိ၏ အကြောင်းဖြစ်သော ဗောဇ္ဈင်တို့၌။ သမ္မာ-စိတ္တံ သုဘာဝိတန္တိ၊ဟူသည်ကား။ ဟေတုနာ နယေန၊ သင့်သောအကြောင်းဖြင့်။ စိတ္တံ၊ စိတ်ကို။ သုဋ္ဌု၊ ကောင်းစွာ။ ဘာဝိတံ ဝဍ္ဎိတံ၊ပွားစေအပ်ပြီ။

အာဒါန ပဋိနိဿဂ္ဂေတိ၊ ဟူသည်ကား။ ဂဟဏံ၊ စွဲလမ်းခြင်းကို။ အာဒါနံ၊ အာဒါနဟူ၍။ ဝုစ္စတိ၊ အပ်၏။ ပဋိနိဿဂ္ဂ သင်္ခါတေ၊ ပဋိ-နိဿဂ္ဂဟု ဆိုအပ်သော။ တသ္မိ၊ ထိုအာရုံကို။အဂ္ဂဟဏေ၊ မစွဲလမ်းခြင်း၌။ စတူဟိ ဥပါဒါနေဟိ၊ လေးပါးသော ဥပါဒါန်တို့ဖြင့်။ ကိဉ္စိ၊ တစုံတခုကိုမျှ။ အနုပါဒိယိတွာ၊ မစွဲလမ်းမူ၍။ ယေ၊ အကြင်ပုဂ္ဂိုလ်တို့သည်။ ရတာ၊ မွေ့လျော်ကုန်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဇုတိ-မန္တောတိ၊ဟူသည်ကား။အနုဘာဝဝန္တော၊ အာနုဘော်ရှိကုန်သော ပုဂ္ဂိုလ်-တို့သည်။ အရဟတ္တမဂ္ဂဉာဏ ဇုတိယာ၊ အရဟတ္တမဂ်ဉာဏ် ဟူသော ထွန်းလင်းခြင်းဖြင့်။ ခန္ဓာဒိဘေဒေ၊ ခန္ဓာ စသည် အပြားရှိသော။ ဓမ္မေ၊ တရား၌။ ဇောတေတွာ၊ ထွန်းလင်း၍။ ဌိတာ၊ တည်ကုန်၏။ ဣတိ-အတ္ထော၊ ဤကားအနက်တည်း။ တေ လောကေတိ၊ ဟူသည်ကား။ တေ၊ ထိုပုဂ္ဂိုလ်တို့သည်။ ဣမသ္မိံ ခန္ဓာဒိလောကေ၊ ဤခန္ဓာစသော လော

ကဉ္စ။ ပရိနိဗ္ဗုတာနာမ၊ ပရိနိဗ္ဗာန်မည်သည်ကား။ အရဟတ္တပတ္တိတော၊ အရဟတ္တဖိုလ်သို့ ရောက်သည်မှ။ ပဋ္ဌာယ၊ စ၍။ ကိလေသ ဝဋ္ဋဿ၊ ကိလေသဝဋ်၏။ ခေပိတတ္တာ၊ ကုန်သည်၏ အဖြစ်ကြောင့်။ သဥပါဒိ သေသေနစ၊ သဥပါဒိသေသ နိဗ္ဗာန ဓာတ်ဖြင့် လည်းကောင်း စရိမစိတ္တ နိရောဓေန၊ ပရိနိဗ္ဗာန် စိတ်၏ ချုပ်ခြင်းကြောင့်။ ခန္ဓဝဋ္ဋဿ၊ ခန္ဓာဝဋ်၏။ ခေပိတတ္တာ၊ ကုန်သည်၏ အဖြစ်ကြောင့်။ အနုပါဒိသေသေနစ၊ အနုပါဒိ သေသ ဓာတ်ဖြင့်လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွီဟိ ပရိနိဗ္ဗာနေဟိ၊ နှစ်ပါးသော ပရိနိဗ္ဗာန်တို့ဖြင့်။ ပရိနိဗ္ဗုတာ၊ ငြိမ်းကုန်၏။ အနုပါဒါနော၊ ဆီမီးစာမရှိသော။ ပဒီပေါဝိယ၊ ဆီမီးကဲ့သို့။ ဥပရိ၊ အထက်၌။ အပဏ္ဏတ္တိကဘာဝံ၊ တဘန်မဖြစ်ခြင်းသို့။ ဂတာ၊ ရောက်ကုန်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ဒေသနာ ဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည် တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခြောက်ခုသို့၏ ပြည့်ကြောင်းဖြစ်သော ပဏ္ဏတဝဂ်၌ တဆယ့် တခုမြောက် ဖြစ်သော ပဥ္စသတ အာဂန္တုကဘိက္ခု ဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ကောဒသမံ၊ သော။ ပဥ္စသတ အာဂန္တုကဘိက္ခု ဝတ္ထု၊ တည်း။

ပဏ္ဏတဝဂ္ဂ ဝဏ္ဏနာ နိဋ္ဌိတာ။
ဆဋ္ဌော ဝဂ္ဂေါ။

---

## ၇-အရဟန္တဝဂ္ဂ၊ ၁-ဇီဝကပဉှ ဝတ္ထု

အနုသန္ဓေ....ဆယ့်တစ်ဝတ္ထုတို့ဖြင့် ပိုင်းခြားအပ်သော ပဏ္ဏတဝဂ်၌ ဟောရာဂါထာတို့၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ၌ တဆယ့်ရှစ်ဝတ္ထုတို့ဖြင့် မှတ်အပ်,ပိုင်းခြားအပ်သော အရဟန္တဝဂ်၌ဟောအပ်သောဒေသနာ ဂါထာ တို့တွင် ဇီဝကပဉှဝတ္ထု၌ ဟောရာဖြစ်သော ဂါထာ၏အနက်ကို ရှေးဦးစွာ ဖွင့်ခြင်းငှါ ဂတဒ္ဓိနော-စသည်ကို မိန့်အပ်၏။

ဂတဒ္ဓိနောတ် ဣမံ ဓမ္မဒေသနံ၊ ဂတဒ္ဓိနော-စသော ဤတရားဟောခြင်း ကို။ သတ္ထာ၊ ဘုရားသည်။ ဇီဝကမ္ဗဝနေ၊ ဇီဝက၏ သရက်ဥယျာဉ်၌။ ဝိဟရန္တော၊ နေစဉ်။ ဇီဝကေန၊ ဇီဝကသည်။ ပုဋ္ဌပဉှံ၊ မေးအပ်သော ပြဿနာကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဇီဝကဝတ္ထု၊ ဇီဝက ဝတ္ထုကို။ ခန္ဓကေ၊ စူဠဝါခန္ဓကဥ်။ ဝိတ္ထာရိတမေဝ၊ အကျယ်ဟောအပ်သည်သာလျှင်တည်း။

ကေသိံပန သမယေ၊ တပါးသောအခါဥ်။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ အဇာတ သတ္တုနာ၊ အဇာတသတ် မင်းနှင့်။ သဒ္ဓိံ ၊ တကွ။ ကေ-တော ဟုတွာ၊ တပေါင်းတည်းဖြစ်၍။ ဂိဇ္ဈကူဋံ၊ ဂိဇ္ဈကုဋ်တောင်သို့။အဘိ-ရုဟိတွာ၊ တက်၍။ ပဒုဋ္ဌစိတ္တော၊ ပြစ်မှားလိုသော စိတ်ရှိသည်ဖြစ်၍။ သတ္ထာရံ၊ ဘုရားကို။ ဝဓိဿာမီတိ၊ သတ်အံ့ဟူ၍။ သိလံ၊ ကျောက်ကို။ ပဝိဇ္ဈိ၊လှိမ့်၏။ တံ၊ ထိုကျောက်တောင်ထွတ်ကို။ ဒွေပဗ္ဗတကူဋာနိ၊ တောင်တွတ်နှစ်ခုတို့သည်။ သမ္ပဋိစ္ဆိံသု၊ ခံကုန်၏။ တတော၊ ထိုလိမ့်သော ကျောက်မှ။ ဘိဇ္ဇိတွာ၊ ဆတ်၍။ ဂတာ၊ သွားသော။ ပပဋိကာ၊ ကျောက်လွှာသည်။ ဘဂဝတော၊ ဘုရား၏။ ပါဒံ၊ ခြေကို။ ပဟရိတွာ၊ ခတ်၍။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေသိ၊ ဖြစ်စေ၏။ ဘုသာ ဝေဒနာ၊ ပြင်းစွာ ဖြစ်သော ကျင်နာခြင်းဆင်းရဲဝေဒနာတို့သည်။ ပဝတ္တိံသု၊ ဖြစ်ကုန်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ သတ္ထာရံ၊ ဘုရားကို။ မဒ္ဒကုစ္ဆိပဗ္ဗတံ၊ မဒ္ဒကုစ္ဆိ-တောင်သို့။နယိံသု၊ ဆောင်ကုန်၏။ သတ္ထာ၊ ဘုရားသည်။ တတောပိ၊ ထိုမဒ္ဒကုစ္ဆိမှလည်း။ ဇီဝကမ္ဗဝနံ၊ ဇီဝကသရက်ဥယျာဉ်သို့။ဂန္တုကာမော၊ ကြွလို၍။ တတ္ထ၊ ထိုဥယျာဉ်သို့။ မံ၊ ငါးဘုရားကို။ နေထ၊ ဆောင်ကုန်, ပိုကုန်လော့။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဂဝန္တံ၊ ဘုရားကို။ အာဒါယ၊ ဆောင်ယူ၍။ ဇီဝကမ္ဗဝနံ၊ ဇီဝကသရက် ဥယျာဉ်သို့။ အဂမိံသု၊ သွားလေကုန်၏။ ဇီဝကော၊ သည်။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ကြား၍။ သတ္ထုသန္တိကံ၊ ဘုရား အထံသို့။ ဂန္ဒွာ၊ ၍။ ဝဏံ၊ အနာကို။ ပဋိကမ္မတ္ထာယ၊ ဆေးကုအံ့ သောငှါ။ တိခိဏဘေသဇ္ဇံ၊ ထက်စွာသော ဆေးကို။ ဒတွာ၊ ပေး၍။ ဝဏံ၊ အနာကို။ ဗန္ဓိတွာ၊ စည်း၍။ သတ္ထာရံ၊ ဘုရားကို။ တော၊ ဤစကား ကို။ အဝေါစ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ တပည့်တော် သည်။ အန္တောနဂရေ၊ ပြည်တွင်းဥ်။ ဧကဿ မနုဿဿ၊ လူတယောက် အား။ ဘေသဇ္ဇံ၊ ဆေးကို။ ကတံ၊ ကုရ၏။ တဿ၊ ထိုလူ၏။ သန္တိကံ၊ အထံသို့။ ဂန္ဒွာပန၊ သွားပြီး၍ကား။ အာဂမိဿာမိ၊ ပြန်လာအံ့။ ဣဒံ-ဘေသဇ္ဇံ၊ ဤဆေးကို။ ယာဝ မမာဂမနာ၊ ပြန်လာသည် တိုင်အောင်။

ဗဒ္ဓနိယာမေနေဝ၊ ဖွဲ့တိုင်းစည်းတိုင်းသာလျှင်။ တိဋ္ဌတု၊ တည်ပါစေလော့။ ဣတိ၊ ဤသို့လျှောက်၏။

သော၊ ထိုဇီဝကသည်။ ဂန္တွာ၊ ၍။ တဿ ပုရိသဿ၊ ထိုယောက်ျားအား။ ကတ္တဗ္ဗကိစ္စံ၊ ပြုအပ်သော ကိစ္စကို။ ကတွာ၊ ပြုပြီး၍။ ဒွါရ ပိဒဟနဝေလာယ၊ တံခါးပိတ်သောအခါ၌။ အာဂစ္ဆန္တော၊ လာသည်ရှိသော်။ ဒွါရံ၊ တံခါးကို။ နသမ္ပာပုဏိ၊ မမှီနိုင်။ အထ၊ ထိုအခါ၌။ အဿ၊ ထိုဇီဝကအား။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ၏။ မယာ၊ ငါသည်။ ဘာရိယံကမ္မံ၊ ဝန်လေးစွာသောအမှုကို။ အဟောကတံ၊ ဩော်ပြုအပ်၏။ သွာဟံ၊ ထိုငါသည်။ အညတရဿ၊ မထင်ရှားသော။ ပုရိသဿဝိယ၊ ယောက်ျားကိုကဲ့သို့။ တထာဂတဿ၊ ဘုရားရှင်၏။ ပါဒေ၊ ခြေ၌။ တိခိဏ-ဘေသဇ္ဇံ၊ ထက်စွာသောဆေးကို။ ဒတွာ၊ ၍။ ဝဏံ၊ အနာကို။ ဗန္ဓိတွာ၊ စည်း၍။ အယံ၊ ဤအခါသည်။ တဿ၊ ထိုစည်းပြီးသောအဖွဲ့ကို။ မော-စနဝေလာ၊ ဖြေအံ့သော အခါတည်း။ တသ္မိံ၊ ထိုအစည်းအဖွဲ့ကို။ အမုစ္စ-မာနေ၊ မဖြေချေသည်ရှိသော်။ သဗ္ဗရတ္တိံ၊ တညဉ့်ပတ်လုံး။ ဘဂဝတော၊ ဘုရား၏။ သရီရေ၊ ကိုယ်တော်၌။ ပရိဠာဟော၊ ပူပန်ခြင်းသည်။ ဥပ္ပဇ္ဇိ-ဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့အကြံဖြစ်၏။ တသ္မိံခဏေ၊ ထိုခဏ၌။ သတ္ထာ၊ ဘုရားသည်။ အာနန္ဒတ္ထေရံ၊ အာနန္ဒာမထေရ်ကို။ အာမန္တေသိ၊ မိန့်တော်မူ၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဇီဝကော၊ ဇီဝကသည်။ သာယံ၊ ညချမ်းသောအခါ၌။ အာဂစ္ဆန္တော၊ လာလတ်သော်။ ဒွါရံ၊ တံခါးကို။ န သမ္ပာပုဏိ၊ မမှီနိုင်။ အယံ၊ ဤအခါသည်။ ဝဏံ၊ အနာကို။ မောစန ဝေလာ၊ ဖြေအံ့သောအခါတည်း။ ဣဘိပန၊ ဤသို့ လျှင်။ စိန္တေသိ၊ ကြံ၏။ နံ၊ ထိုအစည်းအဖွဲ့ကို။ မောစေဟိ၊ ဖြေလော့။ ဣတိဝုတ္တံ၊ ဤသို့ မိန့်တော်မူ၏။ ထေရော၊ အာနန္ဒာသည်။ မောစေသိ၊ ဖြေ၏။ ဝဏော၊ အနာသည်။ ရုက္ခတော၊ သစ်ပင်မှ။ ဆလ္လိကော၊ အခွံ ကဲ့သို့။ အပဂတော၊ အသားနုတတ်၏။ ဇီဝကော၊ [illegible]သည်။ အန္တော-အရုဏေယေဝ၊ အရုဏ်အတွင်း၌သာလျှင်။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဝေဂေန၊ လျင်စွာ။ အာဂန္တွာ၊ လာ၍။ ဘန္တေ၊ အရှင်ဘုရား။ ကိံ နု-ခေါ၊ အသို့နည်း။ ဝေါ၊ အရှင်ဘုရားတို့၏။ သရီရေ၊ ကိုယ်၌။ ပရိ-ဠာဟော၊ ပူပန်ခြင်းသည်။ ဥပ္ပန္နော၊ ဖြစ်ချေသလော။ ဣတိ ပုစ္ဆိ၊ ဤသို့ မေးလျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဇီဝက၊ ဇီဝက သမားတော်။

ခေါ၊ စင်စစ်။ တထာဂတဿ၊ လာခြင်း ကောင်းသော ငါဘုရားအား။ ဗောဓိမဏ္ဍေယေဝ၊ ဗောဓိမဏ္ဍိုင်၌ သာလျှင်။ သဗ္ဗပရိဠာဟော၊ အလုံးစုံ ပူပန်ခြင်းကို။ ဝူပသန္တော၊ ငြိမ်းစေအပ်ပြီ။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟော လိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၀။ ဂတဒ္ဓိနော၊ သွားသော သံသရာ တည်းဟူသော ခရီးရှိသော။ ဝိသောကဿ၊ ဝဋ်၏ မူလဖြစ်သော စိုးရိမ်ခြင်း ကင်းပြီးသော။ သဗ္ဗဓိ၊ ခပ်သိမ်းသော ခန္ဓာစသောဓမ္မ၌။ ဝိပ္ပမုတ္တဿ၊ လွတ်ပြီးသော။ သဗ္ဗဂန္ထပ္ပ-ဟီနဿ၊ အလုံးစုံသော ဂန္ထလေးပါးကို ပယ်ပြီးသော။ ခီဏာသဝဿ၊ ရဟန္တာအား။ ပရိဠာဟော၊ ကိလေသာဟူသော ပူပန်ခြင်းသည်။ နဝိဇ္ဇတိ၊ မရှိ။ ဣတိ၊ ဤသို့ဟော၏။

တတ္ထ၊ ထိုဂါထာ၌။ ဂတဒ္ဓိနောတိ၊ ဟူသည်ကား။ ဂတမဂ္ဂဿ၊ သွား အပ်သော ခရီးရှိသောသူအား။ ကန္တာရဒ္ဓါန ဝဋ္ဋဒ္ဓါနေ၊ ခရီးဟူသော အခွန့်, ဝဋ်ဟူသော အခွန့်။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးသောခရီးတို့ သည်။ အဒ္ဓါနာမ၊ အခွန့် မည်ကုန်၏။ တေသု၊ ထိုနှစ်ပါးတို့တွင်။ ကန္တာ-ရ ပဋိပန္နော၊ ခရီးခဲကို သွားသောသူသည်။ ယာဝ၊ အကြင်မျှလောက်။ ဣစ္ဆိတဋ္ဌာနံ၊ လိုရာအရပ်ကို။ န ပါပုဏာတိ၊ မရောက်။ တာဝ၊ ထိုမျှ လောက်· အဒ္ဓိကောယေဝ၊ သွားအပ်သော ခရီးရှိသည်သာလျှင် ဖြစ်၏။ တေသ္မိံပန၊ သို့ကား။ ပတ္တော၊ ရောက်သည်ရှိသော်။ ဂတဒ္ဓိနာမ၊ ဂတဒ္ဓိ မည်သည်။ ဟောတိ၊ ဖြစ်၏။ ဝဋ္ဋသန္နိဿိတာ၊ ဝဋ်ကိုမှီကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ ယာဝ၊ အကြင်မျှလောက်။ ဝဋ္ဋေ၊ ဝဋ်၌။ ဝသန္တိ၊ နေကုန်၏။ တာဝ၊ ထိုမျှလောက်။ အဒ္ဓိကာဧဝ၊ သံသရာခရီး ရှိသည် သာလျှင် မည်ကုန်၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဝဋ္ဋဿ၊ ဝဋ်၏။ အခေပိတတ္တာ၊ မကုန်သည်၏ အဖြစ်ကြောင့်တည်း။ သောတာ-ပန္နာဒယောပိ၊ သောတာပန် စသောသူတို့ သည်လည်း။ အဒ္ဓိကာဧဝ၊ သံသရာခရီး ရှိသည်သာလျှင် မည်ကုန်၏။ ဝဋ္ဋံပန၊ ဝဋ်ကိုကား။ ခေပေ-တွာ၊ ကုန်စေ၍။ ဌိတော၊ တည်သော။ ခီဏာသဝေါ၊ ရဟန္တာသည် သာလျှင်။ ဂတဒ္ဓိနာမ၊ သွားပြီးသော ခရီးရှိသောသူ မည်သည်။ ဟော-တိ၊ ဖြစ်၏။ တဿ ဂတဒ္ဓိနော၊ ထို သွားပြီးသော ခရီးရှိသောသူအား။ သောကဿာတိ၊ ဟူသည်ကား။ ဝဋ္ဋမူလကဿ၊ ဝဋ်၏ မူလဖြစ်သော။

သောကဿ၊ စိုးရိမ်ခြင်း၏။ ဝိဂတတ္တာ၊ ကင်းသည်၏။ အဖြစ်ကြောင့်။ ဝိသောကဿ၊ ကင်းပြီးသော စိုးရိမ်ခြင်း ရှိသော။ ဝိပ္ပမုတ္တဿ သဗ္ဗဓိတိ၊ ကား။ သဗ္ဗေသု ခန္ဓာဒိဓမ္မေသု၊အလုံးစုံ ခန္ဓာစသော ဓမ္မတို့၌။ဝိပ္ပမုတ္တဿ၊ လွတ်ပြီးသော။ သဗ္ဗဂန္ထပ္ပဟီနဿာတိ၊ ကား။ စတုန္နံပိ ဂန္ထာနံ၊ ဂန္ထ-လေးပါးတို့ကိုလည်း။ ပဟီနတ္တာ၊ ပယ်ပြီးသည်၏ အဖြစ်ကြောင့်။ သဗ္ဗ-ဂန္ထပဟီနဿ၊ အလုံးစုံဂန္ထကို ပယ်ပြီးသော၊ ပရိဠာဟော နဝိဇ္ဇတီတိ၊ ဟူသည်ကား။ ကာယိကောစ၊ ကိုယ်၌ ဖြစ်သော ပူပန်ခြင်းလည်းကောင်း ။ စေတသိကောစ၊ စိတ်၌ဖြစ်သော ပူပန်ခြင်းလည်းကောင်း။ ဣတိ၊ဤသို့။ ပရိဠာဟော၊ ပူပန်ခြင်းသည်။ ဒုဝိဓော၊ နှစ်ပါးအပြားရှိ၏။

တေသု၊ ထိုနှစ်ပါးတို့တွင်။ ခီဏာသဝဿ၊ ရဟန္တာအား။ သီတုဏှာ-ဒိဝသေန၊သီတ,ဥဏှစသည်၏အစွမ်းဖြင့်။ဥပ္ပန္နတ္တာ၊ဖြစ်ခြင်းကြောင့်။ကာယိကပရိဠာဟော၊ ကိုယ်၌ဖြစ်သော ပူပန်ခြင်းသည်။ အနိဗ္ဗုတော၀၊ မငြိမ်းသည်သာလျှင်တည်း။ တံ၊ ထိုပရိဠာဟကို။ သန္ဓာယ၊ ရည်၍။ ဇီဝကော၊ ဇီဝကသည်။ ပုစ္ဆတိ၊ မေး၏။သတ္ထာပန၊ ဘုရားသည်ကား။ ဓမ္မရာဇတာယ၊ တရားမင်းဖြစ်သောကြောင့် လည်းကောင်း။ ဒေသနာဝိဓိ ကုသလတာယ-ဒေသနာအစဉ်၌ လိမ္မာသည်၏အဖြစ်ကြောင့် လည်းကောင်း။ စေတသိက-ပရိဠာဟ ဝသေန၊ စိတ်၌ဖြစ်သော ပူပန်ခြင်း၏ အစွမ်းဖြင့်။ ဒေသနံ၊ ဒေသနာကို။စိနိဝတ္တေန္တော၊ အထူးဖြစ်စေလျက်။ အာဝုသော ဇီဝက၊ ဒါယကာဇီဝက။ ဟိ၊ ထိုစကားသင့်စွ။ ပရမတ္ထေန၊ ဖြင့်။ (ပရိပဿဒ္ဓေန-လည်းရှိ၏။ ငြိမ်းခြင်းဖြင့်, ပေး)။ ။ဝေရူပဿ၊ ဤသို့သဘောရှိသော။ ခီဏာသဝဿ၊ ရဟန္တာအား။ ပရိဠာဟော၊ ပူပန်ခြင်းသည်။ နဝိဇ္ဇတိ၊မရှိ။ ဣတိအာဟ၊ ဤသို့ မိန့်တော်မူ၏။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာကုန်သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာနံ၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အရဟန္တဝဂ်၌ ရှေးဦးစွာဖြစ်သော ဇီဝက ပဥ္စဝတ္ထု ပြီးခြင်းကို။ ဒဠ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပဌမံ၊ သော။ ဇီဝကပဥ္စဝတ္ထု၊ တည်း။

## ၇-အရဟန္တဝဂ္ဂ၊ ၂-မဟာကဿပတ္ထေရ ဝတ္ထု

အနုသန္ဓေ....ဇီဝကဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ မဟာကဿပတ္ထေရ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ဥယျုဥ္ဇန္တိ-စသည်ကို မိန့်အပ်၏။

ဥယျုဥ္ဇန္တီတိ ဣမံ ဓမ္မဒေသနံ၊ ဥယျုဥ္ဇန္တိ စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။ ဝိဟရန္တော၊ နေတော်မူစဉ်။ မဟာကဿပတ္ထေရံ၊ မဟာကဿပ မထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ သမယေ၊ တပါးသောအခါ၌။ သတ္ထာ၊ ဘုရားသည်။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌၊ ဝုဋ္ဌဝဿော၊ ဝါကျွတ်ပြီးသော်၊ အစ္စုမာသစ္စယေန၊ လခွဲကိုလွန်သဖြင့်။ စာရိကံ၊ ဒေသစာရီကို။ ပက္ကမိဿာမိ၊ ကြွအံ့။ ဣတိ၊ ဤသို့။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အာရောစာပေသိ၊ ကြားသိစေ၏။ တေ၊ ဤသို့ကြားခြင်းသည်။ ဗုဒ္ဓါနံ၊ ဘုရားတို့၏။ ဝတ္တံကိရ၊ ဝတ်ဖြင်သတတ်။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ စာရိကံ၊ ဒေသစာရီကို။ စရိတုကာမာနံ၊ တို့အား။ဝေ၊ဤသို့။ဘိက္ခူ၊ရဟန်းတို့သည်။ အတ္တနော၊ မိမိ၏။ ပတ္တပစန စီဝရရဇနာဒီနိ၊ သပိတ်ဖုတ်ခြင်း သင်္ကန်းဆိုးခြင်း စသည်တို့ကို။ ကတွာ၊ ပြု၍။ သုခံ၊ ချမ်းသာစွာ။ဂမိဿန္တိ၊ သွားကုန်လတ္တံ့။ ဣဒါနိ၊ ယခုအခါ၌။ အစ္စုမာသစ္စယေန။ လခွဲလွန်သဖြင့်။ စာရိကံ၊ ဒေသစာရီကို။ ပက္ကမိဿာမိ၊ ကြွလတ္တံ့။ ဣတိ၊ ဤသို့။ဘိက္ခူ-နံ၊ ရဟန်းတို့အား။ အာရောစာပနံ၊ ကြားစေခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခူသုပန၊ ရဟန်းတို့တွင်ကား။ အတ္တနော၊ မိမိ၏။ ပတ္တပစနာ-ဒီနိ၊ သပိတ်ဖုတ်ခြင်းစသည်တို့ကို။ ကရောန္တေသု၊ ပြုကုန်သည်ရှိသော်။ မဟာကဿပတ္ထေရောပိ၊ မဟာကဿပ ထေရ်သည်လည်း။ စီဝရာနိ၊သင်္ကန်းတို့ကို။ ဓောဝိ၊ ဖွပ်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥဇ္ဈာယိံ ဟု၊ ပြစ်တင်ကဲ့ရဲ့ကုန်၏။ ထေရော၊ မထေရ်သည်။ ကသ္မာ၊ အဘယ့်ကြောင့်။ စီဝရာနိ၊ သင်္ကန်းတို့ကို။ ဓောဝတိ၊ ဖွပ်လျှော်ဘိ သနည်း။ ဣတိ၊ ဤသို့ ကဲ့ရဲ့ကုန်၏။ ဣမသ္မိံ နဂရေ၊ ဤပြည်၌။ အန္တောစ၊ အတွင်း၌လည်းကောင်း။ ဗဟိစ၊ အပ၌လည်းကောင်း။ အဋ္ဌာရသကောဋိမတ္တာ၊ တဆယ့်ရှစ်ကုဋေ ရှိကုန်သော။ မနုဿာ၊ လူတို့သည်။ ဝသန္တိ၊ နေကုန်၏။

တတ္ထ၊ ထိုအရပ်၌။ ယေ၊ အကြင်သူတို့သည်။ ထေရဿ၊ ရှင်ကဿပ-၏။ နဉာတကာ၊ အဆွေအမျိုး မဟုတ်ကုန်။ တေ၊ ထိုလူတို့သည်။ ဥပဋ္ဌာ-ကာ၊ အလုပ်အကျွေး ဖြစ်ကုန်၏။ ယေ၊ အကြင် သူတို့သည်။ နဉပဋ္ဌာ-ကာ၊ အလုပ်အကျွေးမဟုတ်ကုန်။ တေ၊ ထိုသူတို့သည်။ ဉာတကာ၊ အဆွေအမျိုး ဖြစ်ကုန်၏။ ထေရဿ၊ထေရ်အား။စတူဟိ ပစ္စယေဟိ၊ပစ္စည်းလေးပါးတို့ဖြင့်၊ သမ္မာနသက္ကာရံ၊ ပူဇော်သက္ကာ မြတ်နိုးတနာကို။ ကရောန္တိ၊ပြုကုန်၏။ တွေကံ၊ဤမျှလောက်သော။ ဥပကာရံ၊ ကျေးဇူးကို။ ပဟာယ၊ စွန့်၍။ သေ၊ ဤမထေရ်သည်။ ကဟံ၊ အဘယ်အရပ်သို့။ ဂမိဿတိ၊ သွားအံ့နည်း။ သစေပိ ဂစ္ဆေယျ၊ အကယ်၍မူလည်း သွားငြားအံ့။ မာပမာဒ ကန္ဒရတော၊ မာပဒမာချောက်မှ။ ပရံ၊ အရပ်တပါးသို့။ န ဂမိဿတိ၊ မသွားလတ္တံ့သတည်း။ ဣတိ၊ ဤသို့ကဲ့ရဲ့ကုန်၏။ သတ္ထာ၊ ဘုရားသည်။ ယံကန္ဒရံ၊ အကြင် မာပမာဒမည်သောချောက်သို့။ ပတ္ဝာ၊ ရောက်၍။ နိဝတ္တေတဗ္ဗ-ယုတ္တကေ၊ နစ်အပ်သည်နှင့် ယှဉ်ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ တုမှေ၊ သင်တို့သည်။ ဣတော၊ ဤအရပ်မှ။ နိဝတ္တထ၊ နစ်ကုန်လော့။ မာပ-မဇ္ဇိတ္ထ၊ မမေ့မလျော့ကုန်လင့်။ ဣတိ၊ ဤသို့။ ဝဒတိကိရ၊ ဆိုသတဲ့။ တံ၊ ကို။ မာပမာဒကန္ဒရန္တိ၊ မာပမာဒကန္ဒရဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တံ၊ ထိုကန္ဒရကို။ သန္ဓာယ၊ ရည်၍။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

သတ္ထာပိ၊ ဘုရားသည်လည်း။။ စာရိကံ၊ ဒေသစာရီကို။ ပက္ကမန္တော၊ ဖဲသည်ရှိသော်။ စိန္တေသိ၊ ၏။ ဣမသ္မိံ နဂရေ၊ ဤပြည်၌။ အန္တော၊ အတွင်း၌ရင်း။ ဗဟိစ၊ အပ၌ရင်း။ အဋ္ဌာရသ ကောဋိယော၊ တဆယ့်ရှစ်ကုဋေ ကုန်သော။ မနုဿာ၊ တို့သည်။ ဝသန္တိ၊ နေကုန်၏။ မနုဿာနံ၊ လူတို့အား။ မင်္ဂလာမင်္ဂလဋ္ဌာနေသု၊ မင်္ဂလာရှိရာ မင်္ဂလာမရှိရာ အရပ်တို့၌။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ဂန္တဗ္ဗံ၊ သွားအပ်သည်။ ဟောတိ၊ ၏။ ဝိဟာရံ၊ ကျောင်းကို။ တုစ္ဆံ၊ အချည်းစည်း။ကာတုံ၊ ပြုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ကိံ နုခေါ၊ အဘယ်သူတို့ကို။ နိဝတ္တေဿာမိ၊ ပြန်စေရအံ့နည်း။ ဣတိ၊ ဤသို့ကြံတော်မူ၏။ အထ၊ ထို့နောင်မှ။ အဿ၊ ထိုဘုရားအား။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ၏။ ကဿပဿ၊ ကဿပအား။ ဧတေ မနုဿာ၊ ဤလူတို့သည်။ ဉာတကာစ၊ အဆွေအမျိုးလည်း ဖြစ်ကုန်၏။ ဥပဋ္ဌာကာစ၊ အလုပ်အကျွေးလည်း ဖြစ်ကုန်၏။ ကဿပံ၊ ကို၊ နိဝတ္တေတုံ၊ ပြန်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့အကြံဖြစ်၏။

သော၊ ထိုဘုရားသည်။ ထေရံ၊ ရှင်ကဿပကို။ အာဟ၊ မိန့်တော်မူ၏။ ကဿပ၊ ကဿပ။ ဝိဟာရံ၊ ကျောင်းကို။ တုမ္ဟံ၊ အချည်းစည်း။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ မနုဿာနံ၊ လူတို့အား။ မင်္ဂလာ-မင်္ဂလဋ္ဌာနေသု၊ မင်္ဂလာရှိရာအရပ်, မင်္ဂလာမရှိရာအရပ်တို့၌။ ဘိက္ခူဟိ၊ ရဟန်းတို့ဖြင့်။ အတ္ထော၊ အလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ တုံ၊ သင်သည်။ အတ္တနော၊ မိမိ၏။ ပရိသာယ၊ ပရိသတ်နှင့်။ သဒ္ဓိံ၊ တကွ။ နိဝတ္တာဿု၊ ပြန်လေလော့။ ဣတိ၊ ဤသို့ မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းပါပြီ။ ဣတိ၊ ဤသို့။ ထေရော၊ ရှင်ကဿပသည်။ ပရိသံ၊ ပရိသတ်ကို။ အာဒါယ၊ ခေါ်၍။ နိဝတ္တိ၊ ပြန်လာ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥဇ္ဈာယိံသု၊ ကဲ့ရဲ့ကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ဝေါ၊ ငါ့ရှင်တို့သည်။ ဒိဋ္ဌံ၊ မြင်၏လော။ ဣဒါနေဝ၊ ယခုပင်လျှင်။ အမှေဟိ၊ ငါတို့သည်။ ဝုတ္တံနနု၊ ကဲ့ရဲ့၏မဟုတ်လော။ မဟာကဿပေါ၊ မဟာကဿပသည်။ ကသ္မာ၊ အဘယ့်ကြောင့်။ စီဝရာနိ၊ သင်္ကန်းတို့ကို။ ဓောဝတိ၊ ဖွပ်သနည်း။ ဧသော၊ ဤကဿပသည်။ သတ္ထာရာ၊ ဘုရားနှင့်။ သဒ္ဓိံ၊ တကွ။ နဂမိဿတိ၊ မလိုက်လေဘိသနည်း။ ဣတိ၊ ဤသို့ကဲ့ရဲ့ကုန်၏။ အမှေဟိ၊ ငါတို့သည်။ ယံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဆိုအပ်၏။ တဒေဝ၊ ထိုစကားသည်လျှင်။ ဇာတံ၊ ဆိုတိုင်းအမှန်ဖြစ်၏။ ဣတိ၊ ဤသို့ ရှုတ်ချကုန်သည် ရှိသော်။

သတ္ထာ၊ ဘုရားသည်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ နိဝတ္တေတွာ၊ ပြန်လည်၍။ ဌိတော၊ ရပ်လျက်။ အာဟ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ နာမ၊ အဘယ်အကြောင်းကြောင့်။ တုံ၊ ဤစကားကို။ ကထေထ၊ ဆိုကုန်ဘိသနည်း။ ဣတိ၊ ဤသို့။ မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ မဟာကဿပတ္ထေရံ၊ ရှင်မဟာကဿပထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေမ၊ ဆိုပါကုန်၏။ ဣတိ၊ ဤသို့။ အတ္တနာ၊ မိမိသည်။ ကထိတ နိယာမေနေဝ၊ ဆိုပြီးသော နည်းဖြင့်သာလျှင်။ သဗ္ဗံ၊ အလုံးစုံကို။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့ဘည်။ ကဿပံ၊ ငါ့သား ကဿပကို။ ကုလေသုစ၊ အလုပ်အကျွေးဒါယကာတို့၌ လည်းကောင်း။ ပစ္စယေသုစ၊ ပစ္စည်းတို့၌လည်းကောင်း။လဂ္ဂေါတိ၊ ကပ်ငြိသောစိတ်ရှိ၏ဟူ၍။ နဝဒေထ၊ မဆိုကုန်လင့်။ သော၊ထိုငါ့သား ကဿပသည်။ မမဝစနံ၊ ငါဆိုသောစကား

ကို။ကရိဿာမိတိ၊လိုက်နာအံ့ဟူ၍။ နိဝတ္တော ပြန်၏။ ဟိ၊ ထိုစကားသင့်စွ။ သော၊ဤကဿပသည်။ပုဗ္ဗေ၊ ရှေး၌။ ပတ္ထနံ၊ ဆုတောင်းခြင်းကို။ ကရော- န္တောယေဝ၊ ပြုသည်သာလျှင်တည်း။ စတူသု ပစ္စယေသု၊ ပစ္စည်းလေးပါး တို့၌။အလဂ္ဂေါ၊ငြိတွယ်ခြင်းမရှိ။စန္ဒူပမော၊လ,နှင့်တူသော ဥပမာရှိသည်။ ဟုတ္ဂာ၊ ၍။ ကုလာနိ၊ ဒါယကာတို့သို့။ ဥပသင်္ကမိတုံ၊ ကပ်ခြင်းငှါ။ သမ- တ္ထော၊ စွမ်းနိုင်သည်။ ဘဝေယျံ၊ ဖြစ်ရလို၏။ ဣတိ၊ ဤသို့။ ပတ္တနံ၊ ဆုတောင်းခြင်းကို။ အကာသိ၊ ၏။ တေဿ၊ ဤကဿပအား။ ကုလေဝါ၊ ဒါယကာ၌လည်းကောင်း။ ပစ္စယေဝါ၊ ပစ္စည်း၌လည်းကောင်း။ လဂ္ဂေါ၊ ငြိတွယ်ခြင်းသည်။ နတ္ထိ၊ မရှိ။ အဟံ၊ ငါဘုရားသည်။ စန္ဒောပမံ၊ လနှင့် တူသော။ ပဋိပဒဉ္စေဝ၊ အကျင့်ကိုလည်းကောင်း။ အရိယဝံသ ပဋိပဒဥ္စ၊ အရိယဝံသ အကျင့်ကိုလည်းကောင်း။ ကထေန္တော၊ ဟောသည်ရှိသော်။ မမပုတ္တံ၊ ငါ့သားဖြစ်သော။ ကဿပံ၊ ကဿပကို။ အာဒိံ ကတွာ၊ အစပြု၍။ ကထေသိံ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ သတ္ထာရံ၊ ဘုရားကို။ ပုစ္ဆိံသု၊ မေးလျှောက် ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ ကဒါပန၊ အဘယ်အခါ၌လျှင်။ ထေ- ရေန၊ မထေရ်သည်။ ပတ္ထနာ၊ ဆုတောင်းခြင်းသည်။ ဌပိတာ၊ ထားအပ် သနည်း။ ဣတိ၊ ဤသို့မေးကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သောတုကာမာ၊ နာလိုကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ဣတိ၊ ဤသို့မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ နာပါလိုကုန်၏။ ဣတိ၊ ဤသို့လျှောက်ကုန်၏။ သတ္ထာ၊ ဘုရားသည် တေသံ၊ ထိုရဟန်းတို့အား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣတော၊ ဤကမ္ဘာမှ။ ကပ္ပသတ သဟဿ မတ္ထကေ၊ ကမ္ဘာတသိန်းသက် ၌။ ပဒုမုတ္တရောနာမ ဗုဒ္ဓေါ၊ ပဒုမုတ္တရ မည်သော ဘုရားသည်။ လောကေ၊ လောက၌။ ဥဒပါဒိ၊ ထင်ရှားဖြစ်တော်မူ၏။ ဣတိဝတွာ၊ ဤသို့ မိန့်ပြီး ၍။ ပဒုမုတ္တရပါဒမူလေ၊ ပဒုမုတ္တရ ဘုရားခြေတော်ရင်း၌။ တေန၊ ထိုမ ထေရ်သည်။ ဌပိတ ပတ္ထနံ၊ ထားအပ်သော ဆုတောင်းခြင်းကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗံ၊ အလုံးစုံသော။ ထေရဿ၊ မထေရ်၏။ ပုဗ္ဗစ- ရိတံ၊ ရှေးအကျင့်ကို။ ကထေသိ၊ ဟော၏။ တံ၊ ထိုစကားကို။ ထေရ- ပါဠိယံ၊ ထေရပါဠိ၌။ ဝိတ္ထာရိတမေဝ၊ အကျယ်ဟောအပ်သည် သာ လျှင်တည်း။ သတ္ထာပန၊ ဘုရားသည်ကား။ ထေရဿ၊ မထေရ်၏။ ဣမံ- ပုဗ္ဗစရိတံ၊ ဤရှေးအကျင့်ကို။ ဝိတ္ထာရေတွာ၊ ချဲ့ပြီး၍။ ဘိက္ခဝေ၊ ရဟန်း

တို့။ ဉာတိခေါ၊ ဤသို့လျှင်။ အဟံ၊ ငါသည်။ စန္ဒောပမံ၊ လ,နှင့်တူသော။ ပဋိပဒဥ္စ၊ အကျင့်ကိုလည်းကောင်း။ အရိယဝံသ ပဋိပဒဥ္စ၊ အရိယဝံသ အကျင့်ကိုလည်းကောင်း။ မမပုတ္တံ၊ ငါ့သားဖြစ်သော။ ကဿပံ၊ ကဿပကို။ အာဒိံကတွာ၊ အစပြု၍။ ကထေသိံ၊ ဟော၏။ မမပုတ္တဿ၊ ငါ့သားဖြစ်သော။ ကဿပဿ၊ ကဿပအား။ ပစ္စယေသုဝါ၊ ပစ္စည်းတို့၌လည်းကောင်း။ ကုလေသုဝါ၊ ဒါယကာတို့၌ လည်းကောင်း။ ဝိဟာရေသုဝါ၊ ကျောင်းတို့၌လည်းကောင်း။ ပရိဝေဏေသုဝါ၊ ပရိဝုဏ်တို့၌ လည်းကောင်း။ လဂ္ဂေါနာမ၊ ကပ်ငြိခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ပလ္လလေ၊ ရေအိုင်သို့။ ဩတရိတွာ၊ ဆင်း၍။ တတ္ထ၊ ထိုအိုင်၌။ စရိတွာ၊ ကျက်စား၍။ ဂစ္ဆန္တော၊ သွားသော။ ရာဇဟံသောဝိယ၊ ဟင်္သာမင်းကဲ့သို့။ ကတ္ထစိ၊ တစုံတခုသော အာရုံ၌။ မမပုတ္တော၊ ငါ့သားသည်။ အလဂ္ဂေါယေဝ၊ မငြိကပ်သည်သာလျှင်တည်း။ ဉာတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၁။ သတိမန္တော၊ ပြန့်ပြောသော သတိရှိကုန်သော ရဟန္တာတို့သည်။ ပဋ္ဌိဝိဒ္ဓ ဂုဏေသု၊ ထိုးထွင်း၍ သိအပ်ကုန်သော ဈာန်,ဝိပဿနာစသော ဂုဏ်တို့၌။ ဉယျုဉ္ဇန္တိ၊ ဆင်ခြင်ခြင်းစသည်ဖြင့် လုံ့လပြုကုန်၏။ တေ၊ ထိုရဟန္တာတို့သည်။ နိကေတေ၊ ငဲ့ကွက်ရာအောက်မေ့ရာ ဖြစ်သောပစ္စည်း,ဒါယကာ,ကျောင်း,ပရိဝုဏ်စသည်၌။နရမန္တိ၊ တဏှာအားဖြင့် မမွေ့လျော်ကုန်။ ဟံသော၊ ဟင်္သာငှက်သည်။ ပလ္လလံ၊ ကျက်စားရာ ရေအိုင် ညွန်ပျောင်းကို။ အနပေက္ခော၊ ငဲ့ကွက်ခြင်းမရှိဘဲ။ ဟိတွာ၊ စွန့်၍။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့။ တေ၊ ထိုရဟန္တာတို့သည်။ ဩကမောကံ၊ အလုံးစုံငဲ့ကွက်ရာဟူသမျှကို။ ဇဟန္တိ၊ စွန့်ကုန်၏။ ဉာတိ၊ ဤသို့မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဉယျုဉ္ဇန္တိ သတိမန္တောတိ၊ ဟူသည်ကား။ သတိဝေပုလ္လပ္ပတ္တာ၊ သတိ၏ ပြန့်ပြောခြင်းသို့ ရောက်ကုန်သော။ ခီဏာသဝေါ၊ ရဟန္တာတို့သည်။ အတ္တနာ၊ မိမိသည်။ ပဋိလဒ္ဓ ဂုဏေသု ဈာနဝိပဿနာဒီသု၊ ထိုးထွင်း၍သိအပ်ကုန်သော ဈာန်,ဝိပဿနာ စသောဂုဏ်တို့၌။ အာဝဇ္ဇန သမာပဇ္ဇန ဝုဋ္ဌာနာဓိဋ္ဌာန ပစ္စဝေက္ခဏာဟိ၊ ဆင်ခြင်ခြင်း ထခြင်း အဓိဋ္ဌာန်ခြင်း အဘန်တလဲလဲဆင်ခြင်ခြင်းတို့ဖြင့်။ ယုဉ္ဇန္တိ ဃဋေန္တိ၊ လုံ့လပြုကုန်၏။ န နိကေတေ ရမန္တိတေတိ၊ တေဟူသည်ကား။ တေသံ၊ ထိုရဟာ

န္တာတို့အား။ အာလယေ၊ ငဲ့ကွက်ခြင်း၌။ ရတိနာမ၊ မွေ့လျော်ခြင်း
မည်သည်။ နတ္ထိ၊ မရှိ။ ဟံသာဝါတိဧတံ၊ ဟံသာဝဟူသော ဤစကား
သည်။ ဒေသနာ သီသံ၊ ဒေသနာကို အရင်းပြုကာမျှတည်း။ အယံပန၊
ဤဆိုလတ္တံ့သည်ကား။ ဧတ္ထ၊ ဤဒေသနာ၌။ အတ္ထော၊ အနက်တည်း။
ဂေါစရသမ္ပန္နေ၊ ကျက်စားရာဖြစ်သော။ ပလ္လလေ၊ ညွန်ပျောင်း၌။ သကု-
ဏာ၊ ငှက်တို့သည်။ အတ္တနော၊ မိမိ၏။ ဂေါစရံ၊ ကျက်စားရာအရပ်
ကို။ ဂဟေတွာ၊ ယူ၍။ ဂမနကာလေ၊ သွားသောအခါ၌။ မမ၊ ငါ၏။
ဥဒကံ၊ ရေတည်း။ မမ၊ ငါ၏။ ပဒုမံ၊ ပဒုမာတည်း။ မမ၊ ငါ၏။ ဥပ္ပ-
လံ၊ ကြာတည်း။ မမ၊ ငါ၏။ ကဏ္ဏိကာ၊ အချက်တည်း။ ဣတိ၊ ဤသို့။
တသ္မိံ ဌာနေ၊ ထိုအရပ်၌။ ကိဉ္စိ၊ တစုံတခုသော။ အာလယံ၊ ငဲ့ကွက်ခြင်း
ကို။ အကတွာ၊ မပြုမူ၍။ အနပေက္ခာဝ၊ မငဲ့ကုန်မူ၍လျှင်။ တံဌာနံ၊
ထိုအရပ်ကို။ ပဟာယ၊ စွန့်၍။ ဥပ္ပတိတွာ၊ ပျံ၍။ အာကာသေ၊ ကောင်း
ကင်၌။ ကီဠမာနာ၊ ကစားမြူးထူးကုန်လျက်။ ဂစ္ဆန္တိယထာ၊ သွားကုန်သ
ကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ခီဏာသဝါ၊ ရဟန္တာတို့သည်။ ယတ္ထ-
ကတ္ထစိ၊ အမှတ်မရှိသော အရပ်၌။ ဝိဟရန္တာပိ၊ နေကုန်သော်လည်း။
ကုလာဒီသု၊ ဒါယကာစသည်တို့၌။ အလဂ္ဂါဝေ၊ မငြိတွယ်မူ၍ သာလျှင်။
ဝိဟရိတွာ၊ နေ၍။ ဂမနသမယေပိ၊ သွားသောအခါ၌လည်း။ တံဌာနံ၊
ထိုအရပ်ကို။ ပဟာယ၊ စွန့်၍။ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်။ မမဝိ-
ဟာရော၊ ငါ့ကျောင်း။ မမပရိဝေဏံ၊ ငါ့ပရိဝုဏ်။ မမုပဋ္ဌာကာ၊ ငါ၏
အလုပ်အကျွေး။ ဣတိ၊ ဤသို့ စသည်ဖြင့်။ အနာလယာ၊ အာလယမရှိ
ဘဲ။ အနပေက္ခာဝ၊ ငဲ့ကွက်ခြင်း မရှိကုန်မူ၍လျှင်။ ဂစ္ဆန္တိ၊ သွားကုန်၏။
ဩကမောကန္တိ၊ ဟူသည်ကား။ အာလယာလယံ၊ လွန်စွာတပ်မက်မော
ခြင်းကို။ သဗ္ဗာလယေ၊ အလုံးစုံငဲ့ကွက်ရာဟူသမျှတို့ကို။ ပရိစ္စဇန္တိ၊ စွန့်ကုန်
၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာ
အဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊
သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ ပရိသ-
မာသနံ၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အရဟန္တဝဂ်၌ နှစ်ခုမြောက်ဖြစ်
သောကဿပတ္ထေရ ဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဒုတိယံ၊ သော။ မဟာကဿပတ္ထေရ ဝတ္ထု၊ တည်း။

## ၇-အရဟန္တဝဂ္ဂ၊ ၃-ဗေလဋ္ဌသီသတ္ထေရ ဝတ္ထု

အနုသန္ဓေ . ကဿပတ္ထေရ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ဗေလဋ္ဌသီသတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယေသံသန္နိစယော-စသည်ကို မိန့်အပ်၏။

ယေသံ သန္နိစယော နတ္ထီတိ ဣမံ ဓမ္မဒေသနံ၊ နတ္ထိစသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ အာယသ္မန္တံ ဗေလဋ္ဌသီသံ၊ ရှင်ဗေလဋ္ဌသီသကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။ သော အာယသ္မာ၊ ထိုရှင်ဗေလဋ္ဌသီသသည်။ အန္တောဂါမေ၊ ရွာတွင်း၌။ ဇာံဝိထိံ၊ ခရီး တခု၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ ဘတ္တံကိစ္စံ၊ ဆွမ်း စားခြင်းကိစ္စကို။ ကတွာ၊ ပြု၍။ ပုန၊ တဖန်။ အပရံပိ ဝီထိံ၊ တပါး သော ခရီးသို့လည်း။ စရိတွာ၊ ဆွမ်းခံ သွား၍။ သုက္ခာဟာရံ၊ ထမင်း ခြောက်ကို။ အာဒါယ၊ ယူ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဟရိတွာ၊ ဆောင် ၍။ ပဋိသာမေတွာ၊ သိုမှီး၍။ နိဗဒ္ဓံ၊ မပြတ်။ ပိဏ္ဍပါတပရိယေသနံနာမ၊ ဆွမ်းကို ရှာမှီးရခြင်း မည်သည်။ ဒုက္ခံ၊ ဆင်းရဲ၏။ ဣတိ၊ ဤသို့ အောက် မေ့၍။ ကတိပါဟံ၊ နှစ်ရက်, သုံးရက်။ ဈာန သုခေန၊ ဈာန်ချမ်းသာ ဖြင့်။ ဝီတိနာမေတွာ၊ လွန်စေ၍။ အာဟာရေန၊ အာဟာရဖြင့်။ အတ္ထေ၊ အလိုသည်။ သတိ၊ ရှိလတ်သော်။ တံ၊ ထိုထမင်းခြောက်ကို။ ပရိဘုဉ္ဇတိ၊ စား၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဥ တွာ၊ သိ၍။ ဥဇ္ဈာယိတွာ၊ ကဲ့ရဲ့၍။ တမတ္ထံ၊ ထို အကြောင်းကို။ ဘဂဝတော၊ ဘုရားအား။ အာရောစေသုံ၊ လျှောက်ထားကုန်၏။ သတ္ထာ၊ ဘုရားသည်။ တေသမ္ပိ နိဒါနေ၊ ဤ အကြောင်း၌။ အာယတိံ၊ နောင်အခါ၌။ သန္နိဓိကာရ ပရိဘောဇနတ္ထာယ၊ သိုမှီးခြင်းကို ပြုခြင်းမှ ကြဉ်စေခြင်းငှါ။ ဘိက္ခူနံ၊ ရဟန်းတို့အား။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညာပေသိ၊ ပညတ်တော် မူ၏။ ထေရေန ပန၊ မထေရ်သည်ကား။ သိက္ခာပဒေ၊ သိက္ခာပုဒ်ကို။ အပညတ္တေ၊ မပညတ်မီ။ အပ္ပိစ္ဆတံ၊ အလိုနည်းသည်၏ အဖြစ်ကို။ နိဿာယ၊ မှီ၍။ ကတတ္တာ၊ ပြုခြင်းကြောင့်။ တဿ၊ ထိုဗေလဋ္ဌ သီသအား။ နိဒ္ဒေါသ ဘာဝံ၊ အပြစ် မရှိခြင်းကို။ ပကာသေန္တော၊ ထင်ရှားပြလျက်။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၂။ ယေသံ၊ အကြင်ရဟန်း တို့အား။ သန္နိစယော၊ ကံ, ပစ္စည်း အားဖြင့် နှစ်ပါးသော ဆည်းပူးခြင်းသည်။ နတ္ထိ၊ မရှိ။ ယေ၊ အကြင် ရဟန်းတို့သည်။ ပရိညာတ ဘောဇနာ၊ ပိုင်းခြား၍ သိအပ်ပြီးသော အစာ ဘောဇဉ် ရှိကုန်၏။ ယေသံ၊ အကြင်ရဟန်းတို့၏။ ဂေါစရော၊ ကျက်စား ရာ အာရုံသည်။ သုညတော စ၊ ရာဂ စသည် မရှိသဖြင့် သုညတလည်းဖြစ်၏။ အနိမိတ္တော စ၊ ရာဂ စသော နိမိတ်မရှိသဖြင့် အနိမိတ္တလည်း ဖြစ်၏။ ဝိမော- က္ခော စ၊ နိဗ္ဗာန်ဟူသော ဝိမောက္ခလည်း ဖြစ်၏။ အာကာသေ၊ ကောင်း ကင်၌။ သကုန္တာနံ၊ ငှက်တို့၏။ ဂတိ၊ သွားရာကို။ ဒုရန္နယာဝ၊ သိခြင်း ငှါ မတတ်ကောင်းသကဲ့သို့။ တေသံ၊ ထိုသို့ သဘောရှိကုန်သော ရဟန်း တို့၏။ ဂတိ၊ လားရာကို။ ဒုရန္နယာ၊ သိခြင်းငှါ မတတ်ကောင်း။ ဣတိ၊ ဤသို့ မိန့်၏။

တတ္ထ၊ ထိုဂါထာ၌။ သန္နိစယောတိ၊ ဟူသည်ကား။ သန္နိစယာ၊ သန္နိ- စယတို့သည်။ ကမ္မသန္နိစယော စ၊ ကံကိုဆည်းပူးခြင်းသည်လည်းကောင်း။ ပစ္စယ သန္နိစယော စ၊ ပစ္စည်းကို ဆည်းပူးခြင်းသည် လည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ၊ နှစ်ပါးတို့တည်း။ တေသု၊ ထိုနှစ်ပါးတို့တွင်။ ကုသလာ- ကုသလ ကမ္မံ၊ ကုသိုလ်ကံ, အကုသိုလ်ကံသည်။ ကမ္မသန္နိစယော နာမ၊ ကမ္မသန္နိစယမည်၏။ စတ္တာရော ပစ္စယာ၊ ပစ္စည်းလေးပါးတို့သည်။ ပစ္စယ- သန္နိစယော နာမ၊ ပစ္စယသန္နိစယမည်၏။ တတ္ထ၊ ထိုပစ္စည်းတို့တွင်။ ဝိဟာ- ရေ၊ ကျောင်း၌။ ဝသန္တဿ၊ နေသော။ ဘိက္ခုနော၊ ရဟန်း၏။ ဧကံ- ဂုဠပိဏ္ဍံ၊ တခုသော တင်လဲခိုင်ကို လည်းကောင်း။ စတုဘာဂမတ္တံ၊ လေးကို တဘို့မျှသော။ သပ္ပိံ ဝါ၊ ထောပတ်ကို လည်းကောင်း။ ဧကဉ္စ တဏ္ဍုလ- နာဠိံ၊ တကွမ်းစားသော ဆန်ကို လည်းကောင်း။ ဌပေတဿ၊ ထားသော ရဟန်းအား။ ပစ္စယသန္နိစယော၊ ပစ္စည်းကိုဆည်းပူးခြင်း မည်သည်။ နတ္ထိ၊ မရှိ။ တတော၊ ထို့ထက်။ ဥတ္တရိ၊ လွန်သည် ဖြစ်မူကား။ ဟောတိ၊ ဆည်း ပူးခြင်း ဖြစ်၏။ ယေသံ၊ အကြင်ရဟန်းတို့အား။ ဒုဝိဓော၊ နှစ်ပါး အပြားရှိသည်လည်း ဖြစ်သော။ အယံ သန္နိစယော၊ ဤသန္နိစယသည်။ နတ္ထိ၊ မရှိ။ ပရိညာတ ဘောဇနာတိ၊ ဟူသည်ကား။ တီဟိ ပရိညာဟိ၊ ပရိညာသုံးပါးတို့ဖြင့်။ ပရိညာတဘောဇနာ၊ ပိုင်းခြား၍ သိအပ်သော ဘောဇဉ်ရှိကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ ယာဂုအာဒီနံ၊ ယာဂုစသည် တို့တွင်။ ယံကိဉ္စိ၊ အမှတ်မရှိသော။ ယာဂုဘာဝေါ ဒိ၊ ယာဂုအဖြစ် စသည်

ကို။ ပရိဇာနန္တိ၊ သိခြင်းသည်။ ဉာတပရိညာ၊ ဉာတပရိညာ မည်၏။ အာဟာရေ၊ အာဟာရ၌။ ပဋိက္ကူလ သညာ ဝသေနပန၊ ပဋိက္ကူလ သညာ၏ အစွမ်းဖြင့်ကား။ ဘောဇနဿ၊ ဘောဇဉ်ကို။ ပရိဇာနနံ၊ သိခြင်း သည်။ တီရဏ ပရိညာ၊ တီရဏ ပရိညာမည်၏။ ကဗဠီကာရ- ဟာရေ၊ ပြုအပ်သော ကဗဠီကာဟာရာရ၌။ ဆန္ဒရာဂ အပကဍ္ဎန ဉာဏံ၊ ဆန္ဒရာဂကို ပယ်ခြင်း၌ သိခြင်းသည်။ ပဟာနပရိညာ၊ ပဟာနပရိညာ မည်၏။ ဣမာဟိ တီဟိ ပရိညာဟိ၊ ဤပရိညာ သုံးပါးတို့ဖြင့်။ ယေ၊ အကြင်သူတို့သည်။ ပရိညာတ ဘောဇနာ၊ ပိုင်းခြား၍ သိအပ်သော ဘောဇဉ်ရှိကုန်၏။

သုညတော အနိမိတ္တောစာတိ ဧတ္ထ၊ ဤ ပါဠိ၌။ အပ္ပဏိဟိတ- ဝိမောက္ခောပိ၊ အပ္ပဏိဟိတ ဝိမောက္ခကိုလည်း။ ဂဟိတောယေဝ၊ ယူအပ် သည်သာလျှင်တည်း။ တောနိ တီဏိပိစ၊ ဤသုံးပါးတို့သည်လည်း။ နိဗ္ဗာ- နဿေဝ၊ နိဗ္ဗာန်၏သာလျှင်။ နာမာနိ၊ အမည်တို့တည်း။ ဟိ၊ ထိုစကား သင့်စွ။ နိဗ္ဗာနံ၊ နိဗ္ဗာန်သည်။ ရာဂ ဒေါသ မောဟာနံ၊ ရာဂ ဒေါသ မောဟ တို့၏။ အဘာဝေန၊ မရှိသဖြင့်။ သုညတော၊ သုညတမည်၏။ တေဟိစ၊ ထိုရာဂ စသည်တို့မှလည်း။ ဝိမုတ္တံ၊ အထူးသဖြင့် ကင်းလွတ်ပြီ။ ဣတိ၊ ထို့ကြောင့်။ သုညတော ဝိမောက္ခော၊ သုညတ ဝိမောက္ခမည်၏။ တထာ၊ ထို့အတူ။ ရာဂါဒိ နိမိတ္တာနံ၊ ရာဂ စသော အကြောင်းတို့၏။ အဘာဝေန၊ မရှိသဖြင့်။ အနိမိတ္တံ၊ အနိမိတ္တမည်၏။ တေဟိစ၊ ထိုရာဂ စသည်တို့မှလည်း။ ဝိမုတ္တံ၊ လွတ်ပြီ။ ဣတိ၊ ထို့ကြောင့်။ အနိမိတ္တော ဝိမောက္ခော၊ အနိမိတ္တ ဝိမောက္ခမည်၏။ ရာဂါဒိ ပဏိဓီနံ ပန၊ ရာဂ စသော တောင့်တခြင်းတို့၏ ကား။ အဘာဝေန၊ မရှိသဖြင့်။ အပ္ပဏိဟိတံ၊ အပ္ပဏိဟိတမည်၏။ တေဟိစ၊ ထိုရာဂ စသည်တို့မှလည်း။ ဝိမုတ္တံ၊ လွတ်ပြီ။ ဣတိ၊ ထို့ကြောင့်။ အပ္ပဏိ- ဟိတော ဝိမောက္ခော၊ အပ္ပဏိဟိတ ဝိမောက္ခမည်၏။ ဣတိ၊ ဤသို့။ ဝုစ္စတိ၊ ဆိုအပ်၏။ ဖလသမာပတ္တိဝသေန၊ ဖလသမာပတ်၏ အစွမ်းဖြင့်။ တံ၊ ထို နိဗ္ဗာန်ကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ဝိဟရန္တာနံ၊ နေကုန်သော။ ယေသံ၊ အကြင်ရဟန်းတို့အား။ တိဝိဓော၊ သုံးပါးအပြားရှိသော။ အယံ- ဝိမောက္ခော၊ ဤဝိမောက္ခသည်။ ဂေါစရော၊ ကျက်စားရာမည်၏။

ဂတိ တေသံ ဒုရန္နယာတိ၊ ဟူသည်ကား။ ယထာနာမ၊ ဉပမာမည်သည် ကား။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ ဂတာနံ၊ ပျံသွားကုန်သော။

သကုဏာနံ၊ ငှက်တို့၏။ ပဒနိက္ခေပဿ၊ ခြေချရာကို။ အဒဿနေန၊ မမြင်သဖြင့်။ ဂတိ၊ သွားရာကို။ ဒုရန္နယာ၊ သိနိုင်ခဲ၏။ ဇာနိတုံ၊ သိခြင်းငှါ။ န သက္ကာယထာ၊ မတတ်နိုင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ယေသံ၊ အကြင်ရဟန္တာတို့အား။ ဒုဝိဓော၊ နှစ်ပါးအပြားရှိသော။ ဒေယံ သန္နိ-စယော၊ ဤသန္နိစယသည်။ နတ္ထိ၊ မရှိ။ ဝုမာဟိစ တီဟိ ပရိညာဟိ၊ ဤပရိညာ သုံးပါးတို့ဖြင့်လည်း။ ပရိညာတ ဘောဇနာ၊ ပရိညာတ ဘောဇဉ် ရှိကုန်၏။ ယေသဥ္စ၊ အကြင်ရဟန္တာတို့အားလည်း။ ဝုတ္တပ္ပကာရော၊ ဆိုအပ်ပြီးသော အပြားရှိသော။ အယံဝိမောက္ခော၊ ဤဝိမောက္ခသည်။ ဂေါစရော၊ ကျက်စားရာမည်၏။ တေသံ၊ ထိုရဟန်းတို့အား။ တယော ဘဝါစ၊ ဘုံသုံးပါးတို့လည်းကောင်း။ စတဿော ယောနိယော၁၊ ယောနိလေးပါးတို့လည်းကောင်း။ ပဉ္စဂတိယောစ၊ ဂတိငါးပါးတို့လည်းကောင်း။ သတ္တ-ဝိညာဏဋ္ဌိတိယောစ၊ ခုနစ်ပါးသော ဝိညာဏဋ္ဌိတိတို့လည်းကောင်း။ နဝ-သတ္တာဝါသာစ၊ ကိုးပါးသော သတ္တာဝါသတို့လည်းကောင်း။ ဣတိ ဣမေသု ပဉ္စသု ကောဋ္ဌာသေသု၊ ဤငါးပါးသော အစုတို့ဘွင်။ ဣမိနာနာမ၊ ဤမည်သောအဘို့မှ။ ဂတာ၊ လားရာ၏။ ဣတိ၊ သို့။ ဂမနဿ၊ လားရာအရပ်၏။ အပညာယနတော၊ မထင်ခြင်းကြောင့်။ တေသံ၊ ထိုရဟန္တာတို့၏။ ဂတိ၊ လားရာသည်။ ဒုရန္နယာ၊ သိနိုင်ခဲ၏။ ပညာပေတုံ၊ သိခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေသနာ-ဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာကုန်သောသူတို့သည်။ သောတာ-ပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အရဟန္တဝဂ်၌ သုံးခု မြောက်ဖြစ်သော ပေလင္ဂသီသတ္ထေရဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

တတိယံ၊ သော။ ပေလင္ဂသီသတ္ထေရ ဝတ္ထု၊ ဟည်း။

---

## ၇-အရဟန္တဝဂ္ဂ၊ ၄-အနုရုဒ္ဓတ္ထေရ ဝတ္ထု၊

အနုသန္ဓေ.... ပေလင္ဂသီသတ္ထေရ ဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ၌ အနုရုဒ္ဓတ္ထေရဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယဿာသဝါတိ-စသည်ကို မိန့်အပ်၏။

ယဿာသဝါတိ ဣမံ ဓမ္မဒေသနံ၊သဝါစသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ အနုရုဒ္ဓတ္ထေရံ၊ အနုရုဒ္ဓါမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ ဒိဝသေ၊ တခုသော နေ့၌။ ထေရော၊ မထေရ်သည်။ ဇိဏ္ဏစီဝရော၊ ဆွေးမြည့်သော သင်္ကန်းရှိ၍။ သင်္ကာရကူဋာဒီသု၊ တံမြက်ချေးစု စသည်တို့၌။ စီဝရံ၊ သင်္ကန်းကို။ ပရိယေသတိ၊ ရှာမှီး၏။ တဿ၊ ထိုမထေရ်၏။ ဣတော၊ဤဘဝမှ။ တတိယေ အတ္တဘာဝေ၊ သုံးခုမြောက်သော ကိုယ်အဖြစ်၌။ ပုရာဏ ဒုတိယိကာ၊ မယားဟောင်းဖြစ်ဘူးသော မိန်းမသည်။ တာဝတိံသ ဘဝနေ၊ တာဝတိံသာနတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဇာလိနီနာမ၊ ဇာလိနီ အမည်ရှိသော။ ဒေဝဓီတာ၊ နတ်သမီးသည်။ အဟောသိ၊ ဖြစ်၏။ သာ၊ ထိုနတ်သမီးသည်။ ထေရံ၊ မထေရ်ကို။ စောဠကာနိ၊ ပုဆိုးတို့ကို။ ပရိယေသမာနံ၊ ရှာသည်ကို။ ဒိသွာ၊ မြင်၍။ ထေရဿ၊ မထေရ်၏။ အတ္ထာယ၊ အကျိုးငှါ။ တေရသ ဟတ္ထာယတနာနိ၊ တဆယ့်သုံးတောင် အလျားရှိကုန်သော။ စတုဟတ္ထ ဝိတ္ထ-တာနိ၊ အနံလေးတောင်ရှိကုန်သော။ တီဏိ ဒိဗ္ဗဒုဿာနိ၊ သုံးထည်ကုန်သော နတ်၏ ပုဆိုးတို့ကို။ ဂဟေတွာ၊ ယူ၍။ အဟံ၊ ငါသည်။ ဣမာနိ၊ ဤနတ်၏ ပုဆိုးတို့ကို။ ဣမိနာ နိဟာရေန၊ ဤသို့သော နည်းဖြင့်။ သစေဒဿာမိ၊ အကယ်၍ လှူသည်ဖြစ်အံ့။ ထေရောပိ၊ မထေရ်သည်လည်း။ နဂဏှိဿတိ၊ မယူလတ္တံ့။ ဣတိစိန္တေတွာ၊ ဤသို့ ကြံ၍။ စောဠကာနိ၊ ပုဆိုးတို့ကို။ ပရိယေသမာနဿ၊ ရှာသော။ တဿ၊ ထိုအနုရုဒ္ဓါ၏။ ပုရတော၊ ရှေ့မှ။ ဧကသ္မိံ သင်္ကာရကူဋေ၊ တခုသော တံမြက်ချေးစု၌။ နေသံ၊ ထိုပုဆိုးတို့၏။ ဒသန္တမတ္တမေဝ၊ အမြိတ်စွန်းမျှကိုလျှင်။ ယထာ၊ အကြင် အခြင်းဖြင့်။ ပညာယတိ၊ ထင်၏။ တထာ၊ ထိုအခြင်းဖြင့်။ ဌပေသိ၊ ထား၏။ ထေရော၊ မထေရ်သည်။ တေန မဂ္ဂေန၊ ထိုခရီးဖြင့်။ စောဠကံ၊ ပုဆိုးကို။ ပရိယေ-သန္တံ၊ ရှာအံ့သောငှါ။ စရန္တော၊ သွားသည်ရှိသော်။ နေသံ၊ ထိုပုဆိုးတို့၏။ ဒသန္တံ၊ အမြိတ်အဆာကို။ ဒိသွာ၊ မြင်၍။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ ဂဟေတွာ၊ ယူ၍။ အာကဍ္ဎမာနော၊ ဆွဲငင်သည်ရှိသော်။ ဝိတ္ထတပမာ-ဏာနိ၊ ဆိုအပ်ပြီးသော အတိုင်းအရှည်ရှိကုန်သော။ ဒိဗ္ဗဒုဿာနိ၊ နတ်ပုဆိုးတို့ကို။ ဒိသွာ၊ မြင်၍။ ဣဒံ၊ ဤပုဆိုးသည်။ ဥက္ကဋ္ဌ ပံသုကူလံဝတ၊ ဥက္ကဋ္ဌ-ပံသုကူ သင်္ကန်းဖြစ်သတတ်။ ဣတိ၊ ဤသို့။ အာဒါယ၊ ယူ၍။ ပက္ကာမိ၊ ဖဲ၏။

အထ၊ ထိုအခါ၌။ အသ၊ ထိုမထေရ်အား။ စီဝရ ကရဏဒိဝသေ၊ သင်္ကန်းချုပ်သောနေ့၌။ သတ္ထာ၊ ဘုရားသည်။ ပဉ္စသတဘိက္ခု ပရိဝါရော၊ ရဟန်းငါးရာခြံရံလျက်။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ ကြွ၍။ နိသီဒိ၊ နေတော်မူ၏။ အသီတိ မဟာသာဝကာပိ၊ ရှစ်ကျိပ်သော မထေရ်ကြီးတို့သည်လည်း။ တတ္ထေဝ၊ ထိုကျောင်း ၌သာလျှင်။ နိသီဒိံသု၊ နေကုန်၏။ စီဝရံ၊ သင်္ကန်းကို။ သိဗ္ဗေတုံ၊ ချုပ်ခြင်းငှါ။ မဟာကဿပတ္ထေရော၊ ရှင်မဟာကဿပ မထေရ်သည်။ မူလေ၊ အနီး၌။ နိသီဒိ၊ နေ၏။ သာရိပုတ္တတ္ထေရော၊ သာရိပုတ္တရာမထေရ်သည်။ မဇ္ဈေ၊ အလယ်၌။ နိသီဒိ၊ နေ၏။ အာနန္ဒတ္ထေရော၊ အာနန္ဒာ မထေရ်သည်။ အဂ္ဂေ၊ သင်္ကန်း၏ အဖျား၌။ နိသီဒိ၊ နေ၏။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ သုတ္တံ ဝဋ္ဋေသိ၊ အပ်ချည် ကျစ်၏။ သတ္ထာ၊ ဘုရားသည်။ သူစိပါသကေ၊ အပ်နဖါး၌။ အာဝုဏိ၊ အပ်ချည်တပ်၏။ မဟာမောဂ္ဂလ္လာနတ္ထေရော၊ ရှင်မောဂ္ဂလာန် မထေရ်သည်။ ယေန ယေန၊ အကြင် အကြင် အကြောင်းဖြင့်။ အတ္ထော၊ အလိုရှိ၏။ တံတံ၊ ထိုထို အကြောင်းကို။ ဥပနေန္တော၊ ရွက်ဆောင်လျက်။ ဝိစရတိ၊ သွားလာရှာဖွေ၏။

ဒေဝဓီတာပိ၊ နတ်သမီးသည်လည်း။ အန္တောဂါမံ၊ ရွာတွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ဘောန္တော၊ အရှင်တို့။ နော၊ ငါတို့၏။ အယျဿ၊ အရှင် ဖြစ်သော။ အနုရုဒ္ဓတ္ထေရဿ၊ အနုရုဒ္ဓါ မထေရ်၏။ စီဝရံ၊ သင်္ကန်းကို။ ကရောန္တော၊ ချုပ်သည် ရှိသော်။ သတ္ထာ၊ ဘုရားသည်။ အသီတိမဟာသာဝက ပရိဝုတော၊ ရှစ်ကျိပ်သော မဟာသာဝကဖြင့် ခြံရံလျက်။ ပဉ္စဟိ ဘိက္ခုသတေဟိ၊ ရဟန်းငါးရာတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဝိဟာရေ၊ ကျောင်း၌။ နိသီဒိ၊ နေတော်မူ၏။ ယာဂုအာဒီနိပိ၊ ယာဂု စသည်တို့ကိုလည်း။ အာဒါယ၊ ယူ၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂစ္ဆထ၊ သွားကြကုန်လော့။ ဣတိ၊ ဤသို့။ ဘိက္ခံ၊ ဆွမ်းကို။ သမာဒပေတိ၊ ပြည့်စုံစေ၏။ ဟိ၊ သင့်စွ။ မဟာမောဂ္ဂလ္လာနတ္ထေရောပိ၊ ရှင်မောဂ္ဂလာန် မထေရ်သည်လည်း။ အန္တရာဘတ္တေ၊ ဆွမ်းမစားမီအကြား၌။ မဟာဇမ္ဗုပေသိံ၊ ဇမ္ဗုသပြေသီးကို။ အာဟရိ၊ ဆောင်ယူ၏။ ပဉ္စသတာ ဘိက္ခူ၊ ငါးရာသော ရဟန်းတို့သည်။ ပရိက္ခိနုံ၊ ကုန်အောင်။ ခါဒိတုံ၊ စားခြင်းငှါ။ န သက္ကိံသု၊ မတတ်နိုင်ကုန်။ သက္ကော၊ သိကြားမင်းသည်။ စီဝရ ကရဏဋ္ဌာနေ၊ သင်္ကန်း ချုပ်ရာအရပ်၌။ ဘူမိံ၊ မြေကို။ ပရိဘဏ္ဍံ၊ ညီညွတ်သည်ကို။ အကာသိ၊

ပြု၏။ ဘူမိ၊ မြေသည်။ အလတ္တက ရသ ရဇ္ဇိတာဝိယ၊ ချိပ်ရည်ဖြင့် ဆိုးသကဲ့သို့။ အဟောသိ၊ ဖြစ်၏။ ဘိက္ခူ ဟိ၊ ရဟန်းတို့သည်။ ပရိဘုတ္တာဝသေသာနံ၊ ဘုန်းပေး၍ ကြွင်းကုန်သော။ ယာဂုခဇ္ဇက ဘတ္တာနံ၊ ယာဂု ခဲဘွယ် ဆွမ်းတို့၏။ မဟာရာသိ၊ အစုကြီးသည်။ အဟောသိ၊ ဖြစ်၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ ဥဇ္ဈာယိံသု၊ ကဲ့ရဲ့ပြစ်တင်ကုန်၏။ ဧတ္တကာနံ ဘိက္ခူနံ၊ ဤမျှလောက်ကုန်သော ရဟန်းတို့အား။ ဧဝံ၊ သို့။ ဗဟုကေဟိ ယာဂု အာဒီဟိ၊ များစွာကုန်သော ယာဂုစသည်တို့ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ပမာဏံ၊ အတိုင်းအရှည်ကို။ သလ္လက္ခေတွာ၊ မှတ်၍။ ဧတ္တကံ နာမ၊ ဤမျှဖြင့်လျှင်။ အာဟရထ နနု နာမ၊ ဆောင်အပ်၏ မဟုတ်ကုန်လော။ ဣတိ၊ ဤသို့ ကဲ့ရဲ့ကုန်၏။ ဉာတကာစ၊ အဆွေအမျိုးတို့ကို လည်းကောင်း။ ဥပဋ္ဌာကာစ၊ အလုပ်အကျွေးတို့ကို လည်းကောင်း။ ဝတ္တဗ္ဗာ၊ ဆိုအပ်ကုန်သည်။ သိယျုံ နနု နာမ၊ ဖြစ်၏မဟုတ်ကုန်လော။ အနုရုဒ္ဓတ္ထေရော၊ အနုရုဒ္ဓါမထေရ်သည်။ အတ္တနော၊ မိမိ၏။ ဉာတိဥပဋ္ဌာကာနံ၊ အဆွေအမျိုး အလုပ်အကျွေးတို့၏။ ဗဟုဘာဝံ၊ များသည်၏ အဖြစ်ကို။ ဉာပေတုကာမော မညေ၊ သိစေလိုယောင်တကား။ ဣတိ၊ ဤသို့ ကဲ့ရဲ့ကုန်၏။ အထ၊ ထိုအခါ၌။ နေ၊ ထိုရဟန်းတို့ကို။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ၊ အဘယ်စကားကို။ ကထေထ၊ ဆိုကြကုန်သနည်း။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မိန့်တော်မူခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံ နာမ ဣတိ၊ ဤမည်သော စကားတည်းဟု။ ဝုတ္တေ၊ နားတော်လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ သင်တို့သည်။ ကိံပန၊ အဘယ်ကြောင့်လျှင်။ အနုရုဒ္ဓတ္ထေရေန၊ အနုရုဒ္ဓါမထေရ်သည်။ ဣဒံ၊ ဤယာဂု စသည်ကို။ ဉာတိဥပဋ္ဌာကာနံ၊ ဆွေမျိုးအလုပ်အကျွေးတို့အား။ ဗဟုံ အာဟရာပိတံ၊ များစွာ ဆောင်အပ်၏။ ဣတိ မညထ၊ ဤသို့ မှတ်ထင်ကုန်သလော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ အထင်ရှိသည်မှန်ပေ၏။ ဣတိ၊ ဤသို့ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ မမ ပုတ္တော၊ ငါ့သားဖြစ်သော။ အနုရုဒ္ဓေါ၊ အနုရုဒ္ဓါသည်။ ဧဝရူပံ၊ ဤသို့ ဆောင်ယူစေခြင်းကို။ န ဝဒေတိ၊ မဆို။ ဟိ၊ ထိုစကားသင့်စွ။ ခီဏာသဝါ၊ ရဟန္တာတို့သည်။ ပစ္စယ ပဋိသံယုတ္တံ၊ ပစ္စည်းနှင့်စပ်သော။ ကထံ၊ စကားကို။ န ကထေန္တိ၊ မဆိုကုန်။ အယံပန ပိဏ္ဍပါတော၊ ဤဆွမ်းသည်ကား။ ဒေဝတာနုဘာဝေန၊ နတ်၏အာနုဘော်

ဖြင့်။ နိဗ္ဗုတ္တော၊ ဖြစ်၍။ ဣတိ၊ ဤသို့။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋ္ဋေ-တွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၃။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ အာသဝါ၊ အာသဝ လေးပါးတို့သည်။ ပရိက္ခီဏာ၊ ကုန်လေပြီ။ အာဟာရေစ၊ ဆွမ်းသော အာဟာရ၌လည်း။ အနိဿိတော၊ တဏှာ, ဒိဋ္ဌိအားဖြင့် မှီဝဲခြင်းမရှိ။ သုညတောစ၊ ဆိတ်လည်းဆိတ်၏။ အနိမိတ္တောစ၊ အကြောင်းလည်းကင်း၏။ ဝိမောက္ခော၊ နိဗ္ဗာန်သည်။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ ဂေါစရော၊ အာရုံတည်း။ ။ အာကာသေ၊ ကောင်းကင်၌။ သကုန္တာနံ၊ ပျံသွားကုန်သော ငှက်တို့၏။ ပဒံ၊ ခြေရာကို။ ဉာတုံ၊ သိခြင်းငှါ။ န သက္ကာယထာ၊ မတတ်နိုင်သကဲ့သို့။ တဿ၊ ထိုရဟန္တာပုဂ္ဂိုလ်၏။ ပဒံ၊ ကျက်စားရာနိဗ္ဗာန်ကို။ ဒုရန္နယံ၊ သိခြင်းငှါ ခဲယဉ်း၏။ ဣတိ၊ ဤသို့မိန့်တော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ယဿာသဝါတိ၊ ဟူသည်ကား။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ စတ္တာရော အာသဝါ၊ လေးပါးသော အာသဝတို့သည်။ ပရိက္ခီဏာ၊ ကုန်ပြီ။ အာဟာရေစ နိဿိတောတိ၊ ဟူသည်ကား။ အာဟာရ-သ္မိံ စ၊ အာဟာရ၌လည်း။ တဏှာဒိဋ္ဌိ နိဿယေဟိ၊ တဏှာ,ဒိဋ္ဌိဟူသော မှီဝဲခြင်းတို့ဖြင့်။ အနိဿိတော၊ အမှီမရှိ။ ပဒံ တဿ ဒုရန္နယန္တိ၊ ဟူသည်ကား။ အာကာသေ၊ ကောင်းကင်၌။ ဂစ္ဆန္တာနံ၊ ပျံသွားကုန်သော။ သကုဏာနံ၊ ငှက်တို့၏။ ဣမသ္မိံ ဌာနေ၊ ဤအရပ်၌။ ပါဒေဟိ၊ ခြေတို့ဖြင့်။ အက္ကမိတွာ၊ နင်း၍။ ဂတာ၊ ပျံကုန်၏။ ဣဒံ ဌာနံ၊ ဤအရပ်ကို။ ဥရေန၊ ရင်ဖြင့်။ ပဟရိတွာ၊ ထိခိုက်၍။ ဂတာ၊ ပျံသွားကုန်၏။ ဣဒံ၊ ဤအရပ်ကို။ သီသေ-န၊ ဦးခေါင်းဖြင့်။ ပက္ခေဟိ၊ အတောင်တို့ဖြင့်။ ပဟရိတွာ၊ ခတ်၍။ ဂတာ၊ ပျံသွားကုန်၏။ ဣတိ၊ ဤသို့။ ဉာတုံ၊ သိခြင်းငှါ။ န သက္ကာယထာ၊ မတတ်နိုင်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဧဝရူပဿ ဘိက္ခုနော၊ ဤသို့ သဘောရှိသော၊ ရဟန်း၏။ နိရယ ပဒေန၊ ငရဲဟူသော အရပ်သို့။ ဂတော၊ လား၏။ ဣတိဝါ၊ ဤသို့လည်းကောင်း။ တိရစ္ဆာနယောနိ ပဒေန၊ တိရစ္ဆာန်မျိုးအရပ်သို့။ ဂတော၊ လား၏။ ဣတိဝါ၊ ဤသို့လည်းကောင်း။ ဣတိအာဒိနာ နယေန၊ ဤသို့ စသောနည်းဖြင့်။ ပဒံ၊ လားရာကို။ ပညာ-ပေတုံနာမ၊ သိစေခြင်းမည်သည်။ နသက္ကာ၊ မတတ်နိုင်။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာ

သော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခုနစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော အရဟန္တဝဂ်၌ လေးခုမြောက်ဖြစ်သော အနုရုဒ္ဓတ္ထေရဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ၄

စတုတ္ထံ၊ သော။ အနုရုဒ္ဓတ္ထေရဝတ္ထု၊ တည်း။

---

## ၇-အရဟန္တဝဂ္ဂ၊ ၅-မဟာကစ္စာယနတ္ထေရ ဝတ္ထု

အနုသန္ဓေ ...အနုရုဒ္ဓတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ မဟာကစ္စာယနတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယဿိန္ဒြိယာနိ-စသည်ကိုမိန့်အပ်၏။

ယဿိန္ဒြိယာနီတိ ဣမံ ဓမ္မဒေသနံ၊ ယဿိန္ဒြိယာနိ စသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ပုဗ္ဗာရာမေ၊ ပုဗ္ဗာရုံကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ မဟာကစ္စာယနတ္ထေရံ၊ ရှင်မဟာကစ္စည်းထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ သမယေ၊ တပါးသောအခါ၌။ ဘဂဝါ၊ ဘုရားသည်။ မဟာပဝါရဏာယ၊ သီတင်းကျွတ်လပြည့်နေ့၌။ မိဂါရမာတုယာ၊ ဝိသာခါ၏။ ပါသာဒဿ၊ ပြာသာဒ်၏။ ဟေဋ္ဌာ၊ အောက်၌။ မဟာသာဝကပရိဝုတော၊ သာဝကအများခြံရံလျက်။ နိသီဒိ၊ နေ၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ မဟာကစ္စာယနတ္ထေရော၊ ရှင်ကစ္စည်းထေရ်သည်။ အဝန္တိသု၊ အဝန္တိတိုင်းတို့၌။ ဝိဟရတိ၊ နေ၏။ သောပန အာယသ္မာ၊ ထိုရှင်ကစ္စည်းမထေရ်သည်။ ဒူရတောပိ၊ ဝေးသောအရပ်မှလည်း။ အာဂန္တွာ၊ လာ၍။ ဓမ္မဿဝနံ၊ တရားနာခြင်းကို။ ပဂ္ဂဏှာတိယေဝ၊ ချီးမြှင့်သည် သာလျှင်တည်း။ တသ္မာ၊ ထို့ကြောင့်။ မဟာထေရာ၊ မထေရ်ကြီးတို့သည်။ နိသီဒန္တာ၊ နေကုန်သည်ရှိသော်။ မဟာကစ္စာယနတ္ထေရဿ-ရှင်ကစ္စည်းမထေရ်၏။ အာသနံ၊ နေရာကို။ ဌပေတွာ၊ ထား၍။ နိသီဒိံသု၊ နေကုန်၏။ သက္ကော ဒေဝရာဇာ၊ သိကြားမင်းသည်။ ဒွီဟိ ဒေဝလောကေဟိ၊ နတ်ပြည်နှစ်ထပ်၌ ဖြစ်ကုန်သော။ ဒေဝပရိသာဟိ၊ နတ်ပရိသတ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အာဂန္တွာ၊ လာ၍။ ဒိဗ္ဗဂန္ဓမာလာဒီဟိ၊ နတ်၌ဖြစ်သော

နံ့သာပန်း စသည်တို့ဖြင့်။ သတ္ထာရံ၊ ဘုရားကို။ ပူဇေတွာ၊ ပူဇော်၍။ ဌိတော၊ ရပ်လျက်။ မဟာကစ္စာယနတ္ထေရံ၊ ရှင်ကစ္စည်းမထေရ်ကို။ အဒိသွာ၊ မမြင်ခြင်းကြောင့်။ မမ၊ ငါ၏။ အယျော၊ ရှင်ကစ္စည်းမထေရ်ကို။ နဒိဿတိ၊ မမြင်။ ကိံ နုခေါ၊ အဘယ်မှာရှိလေသနည်း။ ခေါပန၊ စင်စစ်အားဖြင့်။ အဿ၊ ထိုမထေရ်အား။ သစေအာဂစ္ဆေယျ၊ အကယ်၍လာမူကား။ သာဓု၊ ကောင်းလေစွ။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ထေရောပိ၊ မထေရ်သည်လည်း။ တံခဏညေဝ၊ ထိုခဏ၌သာလျှင်။ အာဂန္တွာ၊ လာ၍။ အတ္တနာ၊ မိမိသည်။ အာသနေ၊ နေရာ၌။ နိသိန္နမေဝ၊ နေလျက်လျှင်။ အတ္တာနံ၊ ကိုယ်ကို။ ဒဿေတိ၊ ပြ၏။ သက္ကော၊ သိကြားမင်းသည်။ ထေရံ၊ မထေရ်ကို။ ဒိသွာ၊ မြင်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဂေါဖကေသု၊ ဖမျက်တို့၌။ ဒဠှံဂဟေတွာ၊ မြဲစွာ ကိုင်ဆွဲ၍။ မေ၊ ငါ၏။ အယျော၊ အရှင်ဘုရားသည်။ သာဓု၊ ကောင်းစွ။ အာဂတောဝတ၊ ကြွလာပေစွတကား။ အဟံ၊ ငါသည်။ အယျဿ၊ အရှင်ဘုရား၏။ အာဂမနမေဝ၊ လာခြင်းကိုသာလျှင်။ ပစ္စာသီသာမိ၊ တောင့်တ၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဥဘော-ဟိ ဟတ္ထေဟိ၊ လက်နှစ်ဘက်တို့ဖြင့်။ ပါဒေ၊ ခြေတို့ကို။ သမ္ဗာဟိတွာ၊ သုံးသပ်၍။ ဂန္ဓမာလာဒီဟိ၊ နံ့သာပန်းစသည်တို့ဖြင့်။ ပူဇေတွာ၊ ပူဇော်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သော အရပ်၌။ အဋ္ဌာသိ၊ နေ၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ ဥဇ္ဈာယိံသု၊ ပြစ်တင်ကဲ့ရဲ့ကုန်၏။ သက္ကော၊ သိကြားမင်းသည်။ မုခံဩလောကေတွာ၊ မျက်နှာကြည့်၍။ သက္ကာရံ၊ ပူဇော်ခြင်းကို။ ကရောတိ၊ ပြု၏။ အဝသေသမဟာသာဝကာနံ၊ ကစ္စည်းထေရ်မှ ကြွင်းကုန်သောသာဝကတို့အား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ သက္ကာရံ၊ ပူဇော်ခြင်းကို။ အကရိတွာ၊ မပြုမူ၍။ မဟာကစ္စာယနံ၊ ရှင်မဟာကစ္စည်းကို။ ဒိသွာ၊ မြင်၍။ ဝေဂေန၊ လျင်စွာ။ ဂေါပ္ဖကေသု၊ ဖမျက်တို့၌။ ဂဟေတွာ၊ ဆွဲ၍။ မေ၊ ငါ၏။ အယျော၊ အရှင်ဘုရားသည်။ အာဂတောဝတ၊ ကြွလာပေခြင်းတကား။ သာဓု၊ ကောင်းပေ၏။ ဣတိ၊ ဤသို့ ဆိုလျက်။ အဟံ၊ ငါသည်။ အယျဿ၊ အရှင်ဘုရား၏။ အာဂမနမေဝ၊ လာခြင်းကိုသာလျှင်။ ပစ္စာသီသာမိ၊ တောင့်တ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ဥဘောဟိ ဟတ္ထေဟိ၊ လက်နှစ်ဘက်တို့ဖြင့်။ ပါဒေ၊ ခြေတို့ကို။ သမ္ဗာဟိတွာ၊ သုံးသပ်၍။ ပူဇေတွာ၊ ပူဇော်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သော အရပ်၌။ ဌိတော၊ ရပ်လေ

ဘိ၏။ ဣတိ၊ ဤသို့ ကဲ့ရဲ့ကုန်၏။ သတ္ထာ၊ ဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ တံကထံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ မမ ပုတ္တော၊ ငါ့သားဖြစ်သော။ မဟာကစ္စာယနေန၊ ရှင်ကစ္စည်းနှင့်။ သဒိသာ၊ တူကုန်သော။ ဣန္ဒြိယေသု၊ စက္ခုစသော ဣန္ဒြေတို့၌။ ဂုတ္တဒ္ဒွါရာ၊ လုံခြုံသော တံခါးအိမ်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဒေဝါနံပိ၊ နတ်တို့သည်လည်းကောင်း။ မနုဿာနံပိ၊ လူတို့သည်လည်းကောင်း။ ပိယာဧဝ၊ ချစ်မြတ်နိုးကုန် သည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကာ။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၄။ သာရထိနာ၊ ရထားထိန်းသည်။ သုဒန္တာ၊ ကောင်းစွာ ဆုံးမအပ်ကုန်ပြီးသော။ အဿာယထာ၊ မြင်းတို့ကဲ့သို့။ ယဿ၊ အကြင်ရဟန္တာပုဂ္ဂိုလ်၏။ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ သမထံ၊ ငြိမ်သက် တည်ကြည်ခြင်းသို့။ ဂတာနိ၊ ရောက်ကုန်၏။ ပဟီနမာနဿ၊ ပယ်အပ်ပြီးသော မာနရှိသော။ အနာသဝဿ၊ အာသဝေါမရှိသော။ တာဒိနော၊ ကောင်း,မကောင်းသော အာရုံတို့၌ မတုန်မလှုပ်သော သဘောရှိသော။ တဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်အား။ ဒေဝါပိ၊ နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ယဿ ဘိက္ခုနော၊ အကြင်ရဟန်း၏။ ဆေကေန၊ လိမ္မာသော၊ သာရထိနာ၊ ရထားထိန်းသည်။ သုဒန္တာ၊ ကောင်းစွာ ဆုံးမ သွန်သင်အပ်ကုန်သော။ အဿာဝိယ၊ မြင်းကဲ့သို့။ ဆဠိန္ဒြိယာနိ၊ ခြောက်ပါးကုန်သော ဣန္ဒြေတို့သည်။ သမထံ၊ ငြိမ်သက်ခြင်းသို့။ ဒန္တဘာဝ နိဗ္ဗိသေဝန ဘာဝံ၊ ယဉ်ကျေးသည်၏အဖြစ်, အဆိပ်မရှိသည်၏အဖြစ်သို့။ ဂတာနိ၊ ကုန်၏။ ဣတိ၊ ဤကား အနက်တည်း။ တဿ၊ ထိုရဟန္တာအား။ နဝဝိဓမာနံ၊ ကိုးပါးအပြားရှိသော မာန်ကို။ပဟာယ၊ ပယ်၍။ ဌိတတ္တာ၊ တည်သည်၏အဖြစ်ကြောင့်။ ပဟီ-နမာနဿ၊ ပယ်အပ်ပြီးသောမာနရှိသော။ စတုန္နံ အာသဝါနံ၊ လေးပါးသော အာသဝတို့၏။ အဘာဝေန၊ မရှိသဖြင့်။ အနာသဝဿ၊ အာသဝေါမရှိသော။ တာဒိနောတိ၊ ဟူသည်ကား။ တာဒိဘာဝ သဏ္ဌိတဿ၊ တာဒိဘော၌တည်ရှိသော။ တသာဒိသဿ၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်အား။

ဒေဝါပိ၊ နတ်တို့သည်လည်း။ ပိဟယန္တိ၊ ချစ်မြတ်နိုးကုန်၏။ မနုဿာပိ၊ လူတို့သည်လည်း။ ဒဿနဥ္စ၊ မြင်သိုခြင်းကိုလည်းကောင်း။ အာဂမနဥ္စ၊ ကြွလာခြင်းကိုလည်းကောင်း။ ပတ္ထေန္တိယေဝ၊ တောင့်တကုန်သည်သာ လျှင်တည်း။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာ အဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိ-ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိပရိသမာပနံ၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော။ အရဟန္တဝဂ်၌ ငါးခုမြောက်ဖြစ်သော မဟာကစ္စာယနတ္ထေရ ဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပဥ္စမံ၊ သော။ မဟာကစ္စာယနတ္ထေရဝတ္ထု၊ တည်း။

---

## ၇-အရဟန္တဝဂ္ဂ၊ ၆-သာရိပုတ္တတ္ထေရ ဝတ္ထု

အနုသန္ဓေ....မဟာကစ္စာယနတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ သာရိပုတ္တတ္ထေရ ဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ပထဝိသမော-စသည်ကိုမိန့်အပ်၏။

ပထဝိသမောတိ ဣမံ ဓမ္မဒေသနံ၊ သမော စသော ဤတရားဟောခြင်း ကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ သာရိပုတ္တတ္ထေရံ၊ သာရိပုတ္တရာ မထေရ်ကို။ အာရဗ္ဘ၊ အကြောင်း ပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ။ ဧကသ္မိံ သမယေ၊ တပါးသောအခါ၌။ အာ-ယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာသည်။ ဝုဋ္ဌဝဿော၊ ဝါကျွတ် ပြီးသော်။ စာရိကံ၊ ဒေသစာရီကို။ ပက္ကမိတုကာမော၊ သွားလိုသည် ဖြစ်၍။ ဘဂဝန္တံ၊ ဘုရားကို။ အာပုစ္ဆိတွာ၊ ပန်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ အတ္တနော-ပရိဝါရေန၊ မိမိအခြံအရံနှင့်။ သဒ္ဓိံ၊ တကွ။ နိက္ခမိ၊ ထွက်၏။ အညေပိ၊ တပါးလည်းဖြစ်ကုန်သော။ ဗဟူ ဘိက္ခူ၊ များစွာသော ရဟန်းတို့သည်။ ထေရံ၊ မထေရ်သို့။ အနုဂစ္ဆိံသု၊ အစဉ်လိုက်ကုန်၏။ ထေရော၊ မထေရ်သည်။ နာမဂေါတ္တဝသေန၊ အမည်အမျိုး၏ အစွမ်းဖြင့်။ ပညာယမာနေ၊ ထင်ရှားကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ နာမဂေါတ္တဝသေန၊ အမည်

အမျိုး၏ အစွမ်းဖြင့်။ ကထေတွာ၊ ပြောဆို၍။ နိဝတ္တာပေသိ၊ ပြန်သွားစေ၏။ အညတရော၊ အမှတ်မရှိသော။ နာမ ဂေါတ္တ ဝသေန၊ အမည်အမျိုး ၏အစွမ်းဖြင့်။ အပါကဋော၊ မထင်ရှားသော။ ဘိက္ခု၊ ရဟန်းသည်။ စိန္တေသိ၊ ကြံ၏။ အဟောဝတ၊ အံ့ဘွယ်ရှိလှ၏။ မံပိ၊ ငါ့ကိုလည်း။ နာမဂေါတ္တဝသေန၊ အမည်အမျိုး၏ အစွမ်းဖြင့်။ ပဂ္ဂဏှန္တော၊ ချီးမြှင့်လျက်။ ကထေတွာ၊ ပြောဆို၍။ နိဝတ္တာပေယျ၊ ပြန်စေရာ၏။ ဣတိ၊ ဤသို့။ ထေရော၊ မထေရ်သည်။ မဟာဘိက္ခု သံဃဿ၊ ရဟန်းသံဃာအများ၏။ အန္တရေ၊ အတွင်း၌။ တံ၊ ထိုအခြင်းအရာကို။ န သလ္လက္ခေသိ၊ မမှတ်မိ။

သော၊ ထို မထင်ရှားသော ရဟန်းသည်။ အညေဘိက္ခူဝိယ၊ တပါး ရဟန်းတို့ကဲ့သို့။ မံ၊ ငါ့ကို။ န ပဂ္ဂဏှာတိ၊ မချီးမြှင့်။ ဣတိ၊ ဤသို့ အောက်မေ့၏။ ထေရေ၊ မထေရ်၌။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓိ၊ ဖွဲ့၏။ ထေရဿာပိ၊ မထေရ်၏လည်း။ သံဃာဋိကဏ္ဏော၊ ဒုကုဋ်စွန်းသည်။ တဿဘိက္ခုနော၊ ထိုရဟန်း၏။ သရီရံ၊ ကိုယ်ကို။ ဖုသိ၊ ထိ၏။ တေနာပိ၊ ထိုရဟန်းသည်လည်း။ အာဃာတံ၊ ရန်ငြိုးကို။ ဗန္ဓိယေဝ၊ ဖွဲ့သည်သာလျှင်တည်း။ သော၊ ထိုရဟန်းသည်။ ဒါနိ၊ ယခုအခါ၌။ ထေရော၊ မထေရ်သည်။ ဝိဟာရူပစာရံ၊ ကျောင်း၏ ဥပစာရကို။ အတိက္ကန္တော၊ လွန်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိဉ တွာ၊ ဤသို့သိ၍။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဘန္တေ၊ အရှင်ဘုရား။ မံ၊ အကျွန်ုပ်ကို။ အာယသ္မာ သာရိပုတ္တော၊ ရှင်သာရိပုတ္တရာသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ အဂ္ဂသာဝကော၊ အဂ္ဂသာဝကသည်။ အမှိတိ၊ ဖြစ်၏ဟူ၍။ ကဏ္ဏသက္ခလိံ ဘိန္ဒန္တော ဝိယ၊ နားကွဲအံ့သကဲ့သို့ ကဲ့ရဲ့အပ်သော စကားရှိ၏။ ပဟရိတွာ၊ ပုတ်ခတ်၍။ အခမာပေတွာဝ၊ သည်းမခံ စေဘဲလျှင်။ စာရိကံ၊ ဒေသစာရီကို။ ပက္ကန္တော၊ ဖဲသွား၏။ ဣတိအာဟ၊ ဤသို့ လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ထေရံ၊ မထေရ်ကို။ ပက္ကောသာပေသိ၊ ခေါ်စေ၏။

တသ္မိံ ခဏေ၊ ထိုခဏ၌။ မဟာမောဂ္ဂလာနတ္ထေရောစ၊ ရှင်မောဂ္ဂလာန် မထေရ်သည် လည်းကောင်း။ အာနန္ဒတ္ထေရောစ၊ အာနန္ဒာ မထေရ်သည် လည်းကောင်း။ စိန္တေသုံ၊ ကြံကုန်၏။ အမှာကံ၊ ငါတို့၏။ အဂ္ဂသာဝက-

ဇေဋ္ဌဘာတရာ၊ အဂ္ဂသာဝကဖြစ်၍ နောင်တော်ကြီးဖြစ်သော သာရိပုတ္တရာသည်။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာဖြစ်လျက်။ ဣမဿ ဘိက္ခုနော၊ ဤရဟန်း၏။ အပဟဋ္ဌဘာဝံ၊ ပုတ်ခတ်သည်၏ အဖြစ်ကို။ န ဇာနာတိ၊ မသိတကား။ ဣတိ၊ ဤသို့။ သီဟနာဒံ၊ ရဲရင့်သော စကားကို။ နဒါပေတုကာမော၊ ဆိုစေလိုသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ထို့ကြောင့်။ ပရိသံ၊ ပရိသတ်ကို။ သန္နိပါတာပေဿာမ၊ စည်းဝေးစေကုန်အံ့။ ဣတိ၊ ဤသို့ကြံကုန်၏။ တေ၊ ထိုမောဂ္ဂလာန်, အာနန္ဒာတို့သည်။ ကုဉ္စိကဟတ္ထာ၊ သံကောက်လက်စွဲကုန်လျက်။ ပရိဝေဏ ဒွါရာနိ၊ ပရိဝုဏ်တံခါးတို့ကို။ ဝိဝရိတွာ၊ ဖွင့်၍။ အာယသ္မန္တော၊ အရှင်တို့။ အဘိက္ကမထ၊ ထွက်ကြကုန်လော့။ အာယသ္မန္တော၊ အရှင်တို့။ အဘိက္ကမထ၊ ထွက်ကြကုန်လော့။ ဣဒါနိ၊ ယခုအခါ၌။ အာယသ္မာ သာရိပုတ္တော၊ အရှင်သာရိပုတ္တရာသည်။ ဘဂဝတော၊ ဘုရား၏။ သမ္မုခါ၊ မျက်မှောက်၌။ သီဟနာဒံ၊ မကြောက်မရွံ့သော စကားကို။ နဒိဿတိ၊ ဆိုလတ္တံ့။ ဣတိ၊ ဤသို့။ မဟာဘိက္ခုသံဃံ၊ များစွာသော ရဟန်းသံဃာကို။ သန္နိပါတေသုံ၊ စည်းဝေးစေကုန်၏။ ထေရောပိ၊ ရှင်သာရိပုတ္တရာ သည်လည်း။ အာဂန္တွာ၊ လာ၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသာရိပုတ္တရာကို။ သတ္ထာ၊ ဘုရားသည်။ တမတ္ထံ၊ ထိုအကြောင်းကို။ ပုစ္ဆိ၊ မေး၏။

ထေရော၊ သာရိပုတ္တရာသည်။ အယံဘိက္ခု၊ ဤရဟန်းကို။ မယာ၊ အကျွန်ုပ်သည်။ န ပဟဋ္ဌော၊ မပုတ်ခတ်ရပါ။ ဣတိ၊ ဤသို့။ အဝတွာ၊ မလျှောက်မူ၍။ အတ္တနော၊ မိမိ၏။ ဂုဏကထံ၊ ကျေးဇူးစကားကို။ ကထေန္တော၊ ဆိုလျက်။ ဘန္တေ၊ အရှင်ဘုရား။ ယဿ၊ အကြင်ရဟန်း၏။ ကာယေ၊ ကိုယ်၌။ ကာယဂတာသတိ၊ ကာယဂတာသတိ ကမ္မဋ္ဌာန်းကို။ အနုပဋ္ဌိတာ၊ မအောက်မေ့အပ်သည်။ အဿ နူန၊ ဖြစ်လေရာ၏။ သော၊ ထို ရဟန်းသည်။ ဣဓ၊ ဤသာသနာ၌။ အညတရံ၊ အမှတ်မရှိသော။ ဗြဟ္မစာရိံ၊ မြတ်သော အကျင့်ရှိသောသူကို။ အာသဇ္ဇ၊ ထိခိုက်ပြစ်မှား၍။ အပ္ပဋိနိဿဇ္ဇ၊ မဆင်ခြင် မအောက်မေ့ဘဲ။ စာရိကံ၊ ဒေသစာရီကို။ ပက္ကမေယျ၊ ဖဲလေရာ၏။ ဣတိဝတွာ၊ ဤသို့ လျှောက်၍။ ဘန္တေ၊ အရှင်ဘုရား။ သေယျထာပိ၊ ဥပမာ မည်သည်ကား။ ပထဝိယံ၊ မြေ၌။ သုစိံပိ၊ သန့်ရှင်းသော ဝတ္ထုကိုလည်း။ နိက္ခိပန္တိ၊ ချကုန်၏။ အသုစိံပိ၊ မစင်ကို

လည်း။ နိက္ခိပန္တိ၊ ချပစ်ကုန်၏။ ဣတိအာဒိနာ နယေန၊ ဤသို့ စသော နည်းဖြင့်။ အတ္တနော၊ မိမိ၏။ ပထဝိ သမစိတ္တတဉ္စ၊ မြေနှင့်တူစွာ စိတ်ရှိသည်၏ အဖြစ်ကိုလည်းကောင်း။ အာပေါ တေဇော ဝါယော ရဇောဟရဏ စဏ္ဍာလကုမာရက ဥသဘဆိန္န ဝိသာဏ သမစိတ္တတဉ္စ၊ ရေနှင့်တူစွာ စိတ်ရှိသည်၏ အဖြစ်, မီးနှင့်တူစွာ စိတ်ရှိသည်၏ အဖြစ်, လေနှင့်တူစွာ စိတ်ရှိသည်၏အဖြစ်, ခြေသုတ်ကြိုးဝန်းနှင့်တူစွာ စိတ်ရှိသည်၏အဖြစ်, ဒွန်းစဏ္ဍားသတို့သားနှင့်တူစွာ စိတ်ရှိသည်၏အဖြစ်, ဦးချိုကျိုးသော နွားလား ဥသဘနှင့်တူစွာ စိတ်ရှိသည်၏ အဖြစ်ကိုလည်းကောင်း။ အဟိကုဏပဒီပဟိဝိယ၊ အစွယ်ကျွတ်သော မြွေပွေး, မြွေဟောက်, အကောင်ပုပ် စသည်တို့ ကဲ့သို့။ အတ္တနော၊ ၏။ ကာယေန၊ ဖြင့်။ အဋ္ဋိယနဉ္စ၊ ငြီးငွေ့သည်၏ အဖြစ်ကို လည်းကောင်း။ မေဒ ကထာလိကာဝိယ၊ အဆီထည့်သော ခွက်ကဲ့သို့။ အတ္တနော ကာယပရိဟရဏဉ္စ၊ မိမိကိုယ်ကို ဆောင်ခြင်းကို လည်းကောင်း။ ပကာသေသိ၊ ပြ၏။ ဣမာဟိစ ပန နဝဟိ ဥပမာဟိ၊ ဤကိုးပါးသော ဥပမာတို့ဖြင့်။ ထေရေ၊ မထေရ်သည်။ အတ္တနော ဂုဏေ၊ မိမိဂုဏ်ကျေးဇူးကို။ ကထေန္တေ၊ ဆိုသည်ရှိသော်။ နဝသုပိ ဌာနေသု၊ ကိုးပါးသော အရာတို့၌လည်း။ ဥဒက ပရိယန္တံ၊ ရေ အဆုံးရှိသည်ကို။ ကတွာ၊ ပြု၍။ မဟာပထဝီ၊ မြေကြီးသည်။ ကမ္ပိ၊ တုန်လှုပ်၏။ ရဇောဟရဏ စဏ္ဍာလ ကုမာရကမေဒ ကထာလိကော ပမံ၊ ခြေသုတ်ကြိုးဝန်း ဥပမာ, ဒွန်းစဏ္ဍားသတို့သား ဥပမာ, အဆီထည့်သောခွက် ဥပမာကိုကား။ အာဟရဏ ကာလေ၊ ဆောင်၍ဆိုသော အခါ၌။ ပုထုဇ္ဇနာ ဘိက္ခူ၊ ပုထုဇဉ် ရဟန်းတို့သည်။ အဿူနိ၊ မျက်ရည်တို့ကို။ သန္ဓာရေတုံ၊ တည်စေခြင်းငှါ။ နာသက္ခိံသု၊ မတတ်နိုင်ကုန်။ ခီဏာသဝါနံ၊ ရဟန္တာတို့အား။ ဓမ္မသံဝေဂေါ၊ တရားသဖြင့် ထိတ်လန့်ခြင်းသည်။ ဥဒပါဒိ၊ ထင်စွာဖြစ်၏။

ထေရေ၊ မထေရ်သည်။ အတ္တနောဂုဏံ၊ မိမိဂုဏ်ကျေးဇူးကို။ ကထေန္တေယေဝ၊ ဆိုစဉ်လျှင်။ အဗ္ဘာစိက္ခဏကာဿ ဘိက္ခုနော၊ စွပ်စွဲ ကဲ့ရဲ့သော ရဟန်း၏။ သကလသရီရေ၊ အလုံးစုံသော ကိုယ်၌။ ဍာဟော၊ ပူလောင်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ သော၊ ထိုရဟန်းသည်။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ ဘဂဝတော၊ ဘုရား၏။ ပါဒေသု၊ ခြေတို့၌။ ပတိတွာ၊ ဝပ်၍။ အတ္တနော၊ မိမိ၏။ အဗ္ဘာစိက္ခဏဒေါသံ၊ မဟုတ်မလျှားသောအားဖြင့် စွပ်စွဲမိသော အပြစ်ကို။ ပကာသေတွာ၊ ထင်စွာပြ၍။ အစ္စယံ၊ အပြစ်ကို။

ဒေသေသိ၊ ကြား၏။ သတ္ထာ၊ ဘုရားသည်။ ထေရံ၊ မထေရ်ကို။ အာမန္တေ-တွာ၊ ခေါ်၍။ သာရိပုတ္တ၊ သာရိပုတ္တရာ။ ဣမဿမောဃပုရိသဿ၊ ဤမဂ်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ားအား။ ခမ၊ သည်းခံပါလော့။ ယာဝ၊ အကြင်ရွေ့လောက်။ အဿ၊ ထိုမောဃပုရိသ၏။ မုဒ္ဓါ၊ ဦးခေါင်းသည်။ သတ္တဓာ၊ ခုနစ်စိတ်။ နဖလတိ၊ မကွဲမီ။ တာဝ၊ ထိုရွေ့လောက်ကာလမတိုင်မီ သည်းခံလော့။ ဣတိအာဟ၊ ဤသို့ မိန့်၏။ ထေရော၊ မထေရ်သည်။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတွာ၊ ထိုင်၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ ဘန္တေ၊ အရှင်ဘုရား။ အာယသ္မတော၊ အသက်ရှည်သော။ တဿ၊ ထိုရဟန်းအား။ အဟံ၊ အကျွန်ုပ်သည်။ ခမာမိ၊ သည်းခံ၏။ အာယသ္မာ၊ အသက်ရှည်သော ရဟန်းသည်။ မယှံ၊ အကျွန်ုပ်အား။ ဒေါသော၊ ပြစ်မှားခြင်းသည်။ သစေအတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ ဝေံသတိ၊ ဤသို့ ရှိခဲ့သော်။ မေ၊ ငါ၏။ ဒေါသံ၊ အပြစ်ကို။ ခမတု၊ သည်းခံစေချင်၏။ ဣတိအာဟ၊ ဤသို့ လျှောက်၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ ကထယိံသု၊ ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်။ ဒါနိ၊ ယခုအခါ၌။ အနောပမ ဂုဏံ၊ ဥပမာမရှိသော ကျေးဇူးရှိသော။ ဝေရူပဿနာမ၊ ဤသို့ သဘောရှိသည်လည်း ဖြစ်သော။ ထေရဿ၊ အရှင်သာရိပုတ္တရာ၏ ကတံ၊ ပြုတော်မူခြင်းကို။ ပဿထ၊ ရှုကုန်လော့။ မုသာ-ဝါဒေန၊ မဟုတ် မမှန်သော စကားဖြင့်။ အဗ္ဘာစိက္ခဏကဿ ဘိက္ခုနော၊ စွပ်စွဲကဲ့ရဲ့သော ရဟန်း၏။ ဥပရိ၊ အထက်၌။ အပ္ပမတ္တကမ္ပိ၊ အနည်းငယ်မျှလည်း ဖြစ်သော။ ကောပံဝါ၊ အမျက်ကိုရင်း။ ဒေါသံဝါ၊ အပြစ်ကိုရင်း။ အကတွာ၊မပြုမူ၍။ သယမေဝ၊မိမိအလိုလိုလျှင်။ ဥက္ကုဋိကံ၊ဆောင့်ကြောင့်။ နိသီဒိတွာ၊ နေထိုင်၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ ခမာပေတိ၊ သည်းခံစေ၏။ ဣတိ၊ ဤသို့ ဆိုကုန်၏။ သတ္ထာ၊ ဘုရားသည်။ တံကထံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ၊ အဘယ်စကားကို။ ကထေထ၊ ပြောဟောကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေး၍။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံနာမာတိ၊ ဤမည်သော စကားတည်းဟူ၍။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ သာရိပုတ္တ သဒိသာနံ၊ သာရိ-ပုတ္တရာနှင့် တူကုန်သော သူတို့အား။ ကောပံဝါ၊ အမျက်ထွက်ခြင်းကိုလည်းကောင်း။ ဒေါသံဝါ၊ ပြစ်မှားခြင်းကို လည်းကောင်း။ ဥပ္ပါဒေတုံ၊ ဖြစ်စေခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သာရိ-

ပုတ္တဿ၊ သာရိပုတ္တရာ၏။ စိတ္တံ၊ စိတ်သည်။ မဟာပထဝီ သဒိသံ၊ မြေကြီးနှင့် တူ၏။ ဣန္ဒခိလ သဒိသံ၊ တံခါးခုံနှင့် တူ၏။ ပသန္န ဥဒက ရဟဒသဒိသဉ္စ၊ ကြည်သော ရေရှိသော အိုင်နှင့်လည်းတူ၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုသော ဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၅။ ယော ခီဏာသဝေါ၊ အကြင်ရဟန္တာသည်။ တာဒိ၊ လောကဓံ တရား ရှစ်ပါးတို့ဖြင့် မတုန်မလှုပ် ပကတိ သဘောရှိသည်။ သုဗ္ဗတော၊ ကောင်းသော အကျင့်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ နော ဝိရုဇ္ဈတိ၊ အမျက် ဒေါသဖြင့် မဆန့်ကျင်။ ပထဝိသမောစ၊ မြေကြီးနှင့်လည်း တူ၏။ ဣန္ဒခိလုပမောစ၊ မြို့တံခါး၌ စိုက်ထားအပ်သော တံခါးနှင့်လည်း တူ၏။ အပေတ ကဒ္ဒမော၊ ကင်းသော ညွန်ရှိသော။ ရဟဒေါ၊ ရေအိုင်သည်။ ပသန္နော ဒကော၊ ကြည်သော ရေရှိသည်။ ဟောတိဣဝ၊ ကဲ့သို့။ အပေတ-ကဒ္ဒမော၊ ကင်းသော ရာဂဟူသော ညွန်ရှိသည်ဖြစ်၍။ ပသန္နော၊ သည်။ ဟောတိ၊ ဖြစ်၏။ တာဒိနော၊ မတုန်မလှုပ်သော သဘောရှိသော။ ဧဝ-ရူပဿ၊ ဤသို့ သဘောရှိသော ရဟန္တာအား။ သံသာရာ၊ သုဂတိ,ဒုဂ္ဂတိတို့၌ ကျင်လည်ခြင်းတို့သည်။ နဘဝန္တိ၊ မဖြစ်ကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ယထာ၊ ဥပမာမည်သည်ကား။ ပထဝိယံ၊ မြေ၌။ သုစိနိပိ၊ သန့်ရှင်းစင် ကြယ်သည်လည်းဖြစ်ကုန်သော။ ဂန္ဓမာလာဒိနိပိ၊ နံ့သာပန်းစသည်တို့ကို လည်း။နိက္ခိပန္တိ၊ ချထားကုန်၏။ အသုစိနိ၊ မသန့်မစင်ကုန်သော၊ မုတ္တ-ကရီသာဒိနိပိ၊ ကျင်ငယ်,ကျင်ကြီးစသည်တို့ကိုလည်း။ နိက္ခိပန္တိ၊ ချထား စွန့်ပစ်ကုန်၏။ ယထာနာမ၊ ဥပမာ မည်သည်ကား။ နဂရဒွါရေ၊ ပြည်တံ ခါး၌။ နိခါတံ ဣန္ဒခီလံ၊ စိုက်ထားအပ်သော တံခါခုံကို။ ဒါရကာဒ-ယော၊ သူငယ်စသော လူတို့သည်။ ဩမုတ္တေန္တိပိ၊ ကျင်ငယ်မူလည်းစွန့် ကုန်၏။ ဦဟဒန္တိပိ၊ မစင်မူလည်းပစ်ကုန်,စွန့်ကုန်၏။ အပရေပန၊ တပါး သူတို့သည်ကား။ တံ၊ ထိုမြေ စသော အရပ်ကို။ ဂန္ဓမာလာဒီဟိ၊ နံ့သာ ပန်း စသည်တို့ဖြင့်။ သက္ကရောန္တိ၊ အရိုအသေ ပြုကုန်၏။ တတ္ထ၊ ထိုသို့ ဖြစ်ရာ၌။ ပထဝိယာစ၊ မြေ၏လည်းကောင်း။ ဣန္ဒခီလဿစ၊ တံခါးခုံ၏ လည်းကောင်း။ အနုရောဓော၊ ဆန့်ကျင်ခြင်းသည်။ နေဝ ဥပ္ပဇ္ဇတိ၊ မဖြစ်။

ဝိရောဓော၊ ဖေါက်ပြန်ခြင်းသည်။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ ဝေမေဝ၊ ဤအတူ လျှင်။ ယွာယံ ယောအယံ ခီဏာသဝေါ ဘိက္ခု၊ အကြင်ရဟန္တာဖြစ်သော ရဟန်းသည်။ အဋ္ဌဟိလောကဓမ္မေဟိ၊ ရှစ်ပါးသောလောကဓံတို့ဖြင့်။ အက-မ္ပိယ ဘာဝေန၊ တုန်လှုပ်ခြင်းမရှိသည်၏အဖြစ်ဖြင့်။ တာဒိ၊ တာဒိမည်၏။

ဝတာနံ၊ အကျင့်တို့၏။ သုန္ဒရတာယ၊ ကောင်းသည်၏ အဖြစ်ဖြင့်။ သုဗ္ဗတော၊ ကောင်းသောအကျင့်ရှိ၏။ သော၊ ထိုရဟန္တာသည်။ ဣမေ၊ ဤသူတို့သည်။ မံ၊ ငါ့ကို။ စတူဟိပစ္စယေဟိ၊ ပစ္စည်းလေးပါးတို့ဖြင့်။ သက္ကရောန္တိ၊ ရိုသေစွာပြုကုန်၏။ ဣမေပန၊ ဤသူတို့ကား။ မံ၊ ငါ့ကို။ နသက္ကရောန္တိ၊ ရိုသေစွာမပြုကုန်။ ဣတိ၊ ဤသို့။ သက္ကာရဥ္စ၊ အရိုအသေ ပြုခြင်းကိုလည်းကောင်း။ အသက္ကာရဥ္စ၊ အရိုအသေ မပြုခြင်းကိုလည်း ကောင်း။ ကရောန္တေသု၊ ပြုသောသူတို့၌။ နေဝ အနုရုဇ္ဈတိ၊ မဆန့်ကျင်။ အကရောန္တေသု၊ မပြုကုန်သောသူတို့၌။ နေဝအနုရုဇ္ဈတိ၊မဆန့်ကျင်။ အထ-ခေါ၊ စင်စစ် သဖြင့်။ ပထဝိသမောစ၊ မြေနှင့်တူသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣန္ဒခိလုပမောဝေစ၊ တံခါးခုံနှင့် တူသည်သာလျှင်လည်း။ ဟောတိ၊ ဖြစ်၏။ အပဂတ ကဒ္ဒမော၊ ကင်းသောညွန်ရှိသော။ ရဟဒေါ၊ ရေအိုင် သည်။ ပသန္နောဒကော၊ ကြည်သောရေရှိသည်။ ဟောတိယထာစ၊ ဖြစ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အပဂတကိလေသတာယ၊ ကင်းသောကိ လေသာဖြင့် ငြိမ်သက်သည်၏ အဖြစ်ကြောင့်။ ရာဂကဒ္ဒမာဒီဟိ၊ ရာဂညွန် စသည်တို့ဖြင့်။ အကဒ္ဒမော၊ ညွန်မရှိသည်ဖြစ်၍။ ဝိပ္ပသန္နောဝ၊ အလွန် ကြည်လင်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ တာဒိနောတိ၊ ဟူသည်ကား။ ဧဝရူပဿ၊ ဤသို့ သဘောရှိသော။ တဿပန၊ ထိုရဟန္တာအားကား။ သုဂတိ ဒုဂ္ဂတိ သံသရဏဝသေန၊ သုဂတိ ဒုဂ္ဂတိဟူသော သံသရာ၏အစွမ်း ဖြင့်။ သံသရာနာမ၊ ကျင်လည်ခြင်း ဖြစ်ခြင်းတို့သည်။ နဟောန္တိ၊ မဖြစ် ကုန်။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာ အဆုံး၌။ နဝဘိက္ခုသဟဿာနိ၊ ကိုးထောင်သော ရဟန်းတို့သည်။ သဟ-ပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ ပရိသမာပနံ၊ ခုနစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော အရဟန္တဝဂ်၌ ခြောက်ခုမြောက်ဖြစ်သော သာရိပုတ္တတ္ထေရ ဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဆဋ္ဌံ၊ သော။ သာရိပုတ္တတ္ထေရ ဝတ္ထု၊ တည်း။

## ၇-အရဟန္တဝဂ္ဂ၊ ၇-ကောသမ္ဗိဝါသီ တိဿတ္ထေရ သာမဏေရ ဝတ္ထု

အနုသန္ဓေ ...သာရိပုတ္တတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ ကောသမ္ဗိဝါသီ တိဿထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ သန္တန္တဿ-စသည်ကို မိန့်အပ်၏။

သန္တတဿ မနံဟောတီတိ ဣမံ ဓမ္မဒေသနံ၊ ဟောတိစသော ဤတရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ တိဿတ္ထေရဿ၊ တိဿမထေရ်၏။ သာမဏေရံ၊ သာမဏေကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ ကောသမ္ဗိဝါသီ၊ ကောသမ္ဗီပြည်၌ နေသော။ ဧကော ကုလပုတ္တော၊ အမျိုးသားတယောက်သည်။ သတ္ထုသာသနေ၊ ဘုရားသာသနာ၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ လဒ္ဓူပသမ္ပဒေါ၊ ပဥ္စင်းအဖြစ်ကို ရပြီးသည်ရှိသော်။ ကောသမ္ဗိဝါသီ တိဿတ္ထေရောတိ၊ ကောသမ္ဗီနေ တိဿထေရ် ဟူ၍။ ပညာယိ၊ ကျော်စောထင်ရှား၏။ ကောသမ္ဗိယံ၊ ကောသမ္ဗီပြည်၌။ ဝုဋ္ဌဝဿဿ၊ ဝါကျွတ်ပြီးသော။ တဿ၊ ထိုမထေရ်၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေး ဒါယကာသည်။ တိစီဝရဉ္စ၊ သင်္ကန်း သုံးထည်ကိုရင်း။ သပ္ပိဖါဏိတဉ္စ၊ ထောပတ်,တင်လဲကိုရင်း။ အာဟရိတွာ၊ ဆောင်၍။ ပါဒမူလေ၊ ခြေရင်း၌။ ဌပေသိ၊ ထား၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုအလုပ်အကျွေးကို။ ထေရော၊ မထေရ်သည်။ အာဟ၊ ဆို၏။ ဥပါသက၊ ဒါယကာ။ ဣဒံ၊ ဤသည်ကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့ကို။ မယာ၊ အကျွန်ုပ်သည်။ ဝဿံ၊ ဝါကို။ ဝါသိတာနနု၊ ဆိုစေအပ်သည် မဟုတ်လော။ အမှာကဉ္စ၊ ငါတို့၏လည်း။ ဝိဟာရေ၊ ကျောင်း၌။ ဝုဋ္ဌဝဿာနနု၊ ဝါကျွတ်ကုန်၏ မဟုတ်လော။ ဣမံလာဘံ၊ ဤလာဘ်ကို။ လဘန္တိ၊ ရထိုက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရားတို့။ ဂဏှထ၊ ခံယူကုန်လော့။ ဣတိ၊ ဤသို့ လျှောက်၏။ ဥပါသက၊ ဒါယကာ။ ဟောတု၊ ထိုသို့မူလည်းဖြစ်စေ။ မယှံ၊ ငါ့အား။ ဣမိနာ၊ ဤထောပတ် စသည်ဖြင့်။ န အတ္ထော၊ အလိုမရှိ။ ဣတိ၊ ဤသို့ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ကာရဏာ၊ အကြောင်းကား။ ကိံ၊ အဘယ်နည်း။ အာဝုသော၊ ဒါယကာ၊

ကာ။ မမ သန္တိကေ၊ ငါ့အထံ၌။ ကပ္ပိယကာရကော၊ ကပ္ပိယကာရကဖြစ်သော။ သာမဏေရောပိ၊ သာမဏေသည်လည်း။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ ကပ္ပိယ ကာရကော၊ ကပ္ပိယကာရကသည်။ သစေ နတ္ထိ၊ အကယ်၍မရှိသည်ဖြစ်အံ့။ မမ ပုတ္တော၊ ကျွန်ုပ်သားသည်။ အယျဿ၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံ၌။ သာမဏေရော၊ သာမဏေသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ လျှောက်၏။

ထေရော၊ မထေရ်သည်။ အဓိဝါသေသိ၊ သည်းခံ၏။ ဥပါသကော၊ ဒါယကာသည်။ သတ္တဝဿိကံ၊ ခုနစ်နှစ်ရှိသော။ အတ္တနော ပုတ္တံ၊ မိမိသားကို။ ထေရဿ၊ မထေရ်၏။ သန္တိကံ၊ အထံသို့။ နေတွာ၊ ဆောင်၍။ ဣမံ၊ ဤသတို့သားကို။ ပဗ္ဗာဇေထ၊ ရဟန်းပြုပါကုန်လော့။ ဣတိ အဒါသိ၊ ဤသို့အပ်နှင်း၏။ အထ၊ ထိုအခါ၌။ ထေရော၊ မထေရ်သည်။ အဿ၊ ထိုသူငယ်၏။ ကေသေ၊ ဆံပင်ကို။ တေမေတွာ၊ ရေဆွတ်၍။ တစပဉ္စက ကမ္မဋ္ဌာနံ၊ တစပဉ္စက ကမ္မဋ္ဌာန်းကို။ ဒတွာ၊ ပေး၍။ ပဗ္ဗာဇေသိ၊ ရဟန်းပြု၏။ သော၊ ထိုသာမဏေသည်။ ခုရဂ္ဂေယေဝ၊ ဆံရိတ်သော အဆုံး၌လျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့။ ပါပုဏိ၊ ရောက်၏။

ထေရော၊ မထေရ်သည်။ တံ၊ ထိုသူငယ်ကို။ ပဗ္ဗာဇေတွာ၊ ရဟန်းပြု၍။ အဍ္ဎမာသံ၊ လခွဲပတ်လုံး။ တတ္ထ၊ ထိုကျောင်း၌။ ဝသိတွာ၊ နေပြီး၍။ သတ္ထာရံ၊ ဘုရားကို။ ပဿိဿာမိ ဣတိ၊ ဖူးမြင်အံ့ဟူ၍။ သာမဏေရံ၊ သာမဏေကို။ ဘဏ္ဍကံ၊ ပရိက္ခရာကို၊ ဂါဟာပေတွာ၊ ယူစေ၍။ ဂစ္ဆန္တော၊ သွားလတ်သော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ဧကံ ဝိဟာရံ၊ ကျောင်း တခုသို့။ ပါဝိသိ၊ ဝင်၏။ သာမဏေရော၊ သာမဏေသည်။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်၏။ သေနာသနံ၊ အိပ်ရာနေရာကို။ ဂဟေတွာ၊ ယူ၍။ ပဋိဇဂ္ဂိ၊ သုတ်သင်၏။ တံ၊ ထိုနေရာကို။ တဿ၊ ထိုသာမဏေ၏။ ပဋိဇဂ္ဂန္တဿေဝ၊ သုတ်သင်စဉ်လျှင်။ ဝိကာလော၊ နေဝင်မိုးချုပ်ခြင်းသည်။ ဇာတော၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ အတ္တနော၊ မိမိ၏။ သေနာသနံ၊ ကျောင်း အိပ်ရာ နေရာကို။ ပဋိဇဂ္ဂိတုံ၊ သုတ်သင်ခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ အထ၊ ထိုအခါ၌။ ဥပဋ္ဌာန ဝေလာယံ၊ ညီမူအံ့သောအခါ၌။ အာဂန္တွာ၊ လာ၍။ နိသိန္နံ၊ နေသော။ နံ၊ ထိုသာမဏေကို။ ထေရော၊ မထေရ်သည်။ ပုစ္ဆိ၊ မေး၏။ သာမဏေရ၊ သာမဏေ။ တေ၊ သင်အား။ အတ္တနော-

ဝသနဋ္ဌာနံ၊ မိမိနေရာ အရပ်ကို။ ပဋိဇဂ္ဂိတံ၊ သုတ်သင်ပြီးလော။ ဣတိ၊
ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ပဋိဇဂ္ဂိတုံ၊ သုတ်သင်ခြင်းငှါ။
ဩကာသံ၊ အခွင့်ကို။ နာလတ္ထံ၊ မရအပ်။ ဣတိ၊ ဤသို့ လျှောက်၏။
တေနဟိ၊ ထိုသို့တပြီးကား။ မမ၊ ငါ၏။ ဝသနဋ္ဌာနေယေဝ၊ နေရာ အရပ်
၌သာလျှင်။ ဝသ၊ နေလော့။ အာဂန္တုကဋ္ဌာနေ၊ ဧည့်သည် အရာ၌။ တော၊
သင်အား။ ဗဟိ၊ အပ၌။ ဝသိတုံ၊ နေခြင်းငှါ။ ဒုက္ခံ၊ ဆင်းရဲ၏။ ဣတိ၊
ဤသို့။ တံ၊ ထိုနေရာကို။ ဂဟေတွာဝ၊ ယူ၍လျှင်။ သေနာသနံ၊ ကျောင်း
သို့။ ပါဝိသိ၊ ဝင်၏။ ထေရောပန၊ မထေရ်သည်ကား။ ပုထုဇ္ဇနော၊
ပုထုဇဉ်ဖြစ်၏။ နိပ္ပန္နမတ္တောဝ၊ လျောင်းကာမျှဖြင့်လျှင်။ နိဒ္ဒံ၊ အိပ်ပျော်
ခြင်းသို့။ ဩက္ကမိ၊ ရောက်၏။ သာမဏေရော၊ သာမဏေသည်။ စိန္တေသိ၊
ကြံ၏။ အဇ္ဇ၊ ယနေ့။ မေ၊ ငါ၏။ ဥပဇ္ဈာယေန၊ ဥပဇ္ဈာယ်နှင့်။ သဒ္ဓိံ၊
တကွ။ တယော ဒိဝသာ၊ သုံးရက်တို့ပတ်လုံး။ ကေသေနာသနေ၊ တမိုး
တရံတည်းသော ကျောင်း၌။ ဝသန္တဿ၊ နေလျက်။ နိပ္ပဇ္ဇိတွာ၊ အိပ်၍။
သစေနိဒ္ဒါယိဿာမိ၊ အကယ်၍ နိုးသည်ဖြစ်အံ့။ ထေရော၊ မထေရ်သည်။
သဟသေယျံ၊ သဟသေယျ အာပတ်သို့။ အာပဇ္ဇေယျ၊ ရောက်ခဲ့ရာ၏။
ဣတိ၊ ဤသို့ကြံ၏။ နိသိန္နကောဝ၊ ထိုင်လျက်သာလျှင်။ ဝီတိနာမေဿာမိ၊
လွန်စေအံ့။ ဣတိ၊ ဤသို့ ဆင်ခြင်လျက်။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်၏။
မဉ္စက သမိပေ၊ ညောင်စောင်းအနီး၌။ ပလ္လင်္ကံ၊ ထက်ဝယ်ကို။ အာဘု-
ဇိတွာ၊ ခွေ၍။ နိသိန္နကောဝ၊ ထိုင်လျက်သာလျှင်။ ရတ္တိံ၊ ညဉ့်ကို။
ဝီတိနာမေသိ၊ လွန်စေ၏။

ထေရော၊ သည်။ ပစ္စူသ ကာလေ၊ မိုးသောက်ထ အခါ၌။ ပစ္စူ-
ဋ္ဌာယ၊ ထ၍။ သာမဏေရံ၊ သာမဏေကို။ နိက္ခမာပေတုံ၊ ထွက်စေခြင်း
ငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့။ မဉ္စက ပသေ၊ ညောင်စောင်း
တဘက်နံ့ပါး၌။ ဌပိတ ဗီဇနံ၊ ထားသော ယပ်ကို။ ဂဟေတွာ၊ ယူ၍။
ဗီဇနိပတ္တဿ၊ ယပ်ရိုး၏။ အဂ္ဂေန၊ အစွန်းဖြင့်။ သာမဏေရဿ၊ သာမဏေ
၏။ ကဋသာရကံ၊ သပေါ့သင်ဖြူးကို။ ပဟရိတွာ၊ ခတ်မိ၍။ ဗီဇနိံ၊ ယပ်
ကို။ ဥဒ္ဓံ၊ အထက်သို့။ ဥက္ခိပန္တော၊ မြှောက်လျက်။ သာမဏေရ၊ သာ
မဏေ။ ဗဟိ၊ အပသို့။ နိက္ခမ၊ ထွက်လော့။ ဣတိအာဟ၊ ဤသို့ဆို၏။
ဗီဇနိပတ္တဒဏ္ဍကော၊ ယပ်ရိုးသည်။ အက္ခိမှို၊ မျက်စိ၌။ ပဋိဟညိ၊ ထိခိုက်
၏။ တာဝဒေဝ၊ ထိုခဏ၌လျှင်။ အက္ခိ၊ မျက်စိသည်။ ဘိဇ္ဇိ၊ ပျက်၏။ သော၊

ထိုသာမဏေသည်။ ဘန္တေ၊ အရှင်ဘုရား။ ကိံ၊ အဘယ်နည်း။ ဣတိဝတွာ၊ ဤသို့ဆို၍။ဥဋ္ဌာယ၊ ထ၍။ ဗဟိ၊ အပသို့။ နိက္ခမ၊ ထွက်လော့။ ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ငါ၏။ အက္ခိ၊ မျက်စိသည်။ ဘိန္နံ၊ကွဲပျက်လေပြီ။ဣတိအဝတွာ၊ ဤသို့ မဆိုမူ၍။ ဧကေန ဟတ္ထေန၊ လက်တဘက်ဖြင့်။ ပဋိစ္ဆာဒေတွာ၊ ဖုံးအုပ်၍။ နိက္ခမိ၊ ထွက်၏။ ဝတ္တကရဏ ကာ-လေစ ပန၊ဝတ်ကိုပြုသောအခါ၌ကား။မေ၊ငါ၏။အက္ခိ၊မျက်စိသည်။ ဘိန္နံ၊ ပျက်လေပြီ။ ဣတိ၊ ဤသို့။ တုဏှီ၊ ဆိတ်ဆိတ်။ အနိဒ္ဒိသိတွာ၊ မနေမူ၍။ ဧကေနဟတ္ထေန၊ လက်တဘက်ဖြင့်။ အက္ခိံ၊ မျက်စိကို။ ဂဟေတွာ၊ မ၍။ ဧကေနဟတ္ထေန၊လက်တဘက်ဖြင့်။ မုဋ္ဌိသမ္မုဉ္ဇနိံ၊ လက်ဆုပ် တံမြက်စည်းကို။ အာဒါယ။ ယူ၍။ ဝစ္စကုဋိံစ၊ ရေအိမ်ကို လည်းကောင်း။ မုခဓောဝနဋ္ဌာနဉ္စ၊ မျက်နှာသစ်ရာအရပ်ကို လည်းကောင်း။ သမ္မဇ္ဇိတွာ၊ တံမြက်လှည်း၍။ မုခဓောဝနောဒကဉ္စ၊ မျက်နှာသစ်ရေကို လည်း။ ဥပဋ္ဌပေတွာ၊ ထား၍။ ပရိဝေဏံ၊ ပရိဝုဏ်ကို။ သမ္မဇ္ဇိ၊ တံမြက်လှည်း၏။ သော၊ ထိုသာမဏေသည်။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်အား။ ဒန္တကဋ္ဌံ၊ ဒန်ပူကို။ ဒဒမာနော၊ ပေးသည်ရှိသော်။ဧကေနေဝ ဟတ္ထေန၊ လက်တဘက်ဖြင့်လျှင်။ အဒါသိ၊ ပေး၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုသာမဏေကို။ ဥပဇ္ဈာယော၊ ဥပဇ္ဈာယ်သည်။ အာဟ၊ ဆို၏။ အယံသာမဏေရော၊ ဤသာမဏေသည်။ အသိက္ခိတော-ဝတ၊ သိက္ခာပုဒ်ကို မသင်သော သူကဲ့သို့တကား။ အာစရိယုပဇ္ဈာယာနံ၊ ဆရာဥပဇ္ဈာယ်တို့အား။ ဧကေန ဟတ္ထေန၊ လက်တဘက်ဖြင့်။ ဒန္တကဋ္ဌံ၊ ဒန်ပူကို။ ဒါတုံ၊ ပေးခြင်းငှါ။ နဝဋ္ဋတိဝတ၊ မအပ်လေစွတကား။ ဣတိ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ငါသည်။ ဧဝံ၊ ဤသို့။ ဝဋ္ဋတီတိ၊ ပြုအပ်၏ဟူ၍။ ဇာနာမိ၊ သိပါ၏။ ပန၊ ထိုသို့သိသော်လည်း။ မေ၊ ငါ၏။ ဧကောဟတ္ထော၊ လက်တဘက်သည်။ နတုစ္ဆော၊ အချည်းနှီး မဟုတ်။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သာမဏေရ၊ သာမဏေ။ ကိံ၊ အသို့နည်း။ ဣတိ၊ ဤသို့မေး၏။ သော၊ ထိုသာမဏေသည်။ အာဒိတော ပဋ္ဌာယ၊ အစမှစ၍။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။ ထေရော၊ မထေရ်သည်။ သုတွာဝ၊ ကြား၍လျှင်။ သံဝိဂ္ဂမာ-နသော၊ ထိတ်လန့်သော နှလုံးရှိလျက်။ မယာ၊ ငါသည်။ ဘာရိယံ ကမ္မံ၊ ဝန်လေးသော အမှုကို။ ကတံ၊ ပြုခြင်းသည်။ အဟောဝတ၊ ဘွဲ့ဘွယ်ရှိလှ

၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ သပ္ပုရိသ၊ သူတော်ကောင်း။ မေ၊ ငါ့အား။ ခမာဟိ၊ သည်းခံလော့။ တေ၊ ဤအမှုကို။ အဟံ၊ ငါသည်။ နဇာနာမိ၊ မသိ။ မေ၊ ငါ၏။ အဝဿာယော၊ မှီခိုကိုးကွယ်ရာသည်။ ဟောဟိ၊ ဖြစ်လော့။ ဣတိ၊ ဤသို့။ အဥ္စလိံ၊ လက်အုပ်ကို။ ပဂ္ဂယှ၊ ချီ၍။ သတ္တ-ဝဿိကဒါရကဿ၊ ခုနစ်နှစ်ရှိသောသူငယ်၏။ပါဒမူလေ၊ ခြေရင်း၌။ကုက္ကု-ဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမထေရ်ကို။ သာမဏေရော၊ သာမဏေသည်။ အာဟ၊ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ငါသည်။ တေဒတ္ထာယ၊ ဤသို့ရှိခိုးစေခြင်းငှါ။ နကထေသိ၊ မဆို။ တုမှာကံ၊ အရှင်ဘုရားတို့၏။ စိတ္တံ၊ စိတ်ကို။ အနုရက္ခန္တေန၊ စောင့်စေလိုသဖြင့်။ မယာ၊ အကျွန်ုပ်သည်။ ဧဝံဝုတ္တံ၊ ဤသို့ဆို၏။ ဧတ္ထ၊ ဤ၌။ တုမှာကံ၊ အရှင်ဘုရားတို့၏။ နေဝဒေါသော၊ အပြစ်မဟုတ်။ မယှံ၊ ငါ၏။ နဒေါသော၊ အပြစ်မဟုတ်။ ဧသော၊ ဤအမှုသည်။ ဝဋ္ဋဿေဝ၊ ဝဋ်၏သာလျှင်။ ဒေါသော၊ အပြစ်တည်း။ မာစိန္တယိတ္ထ၊ မကြံလင့်။ မယာ၊ ငါသည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဝိပ္ပဋိသာရံ၊ နှလုံးမသာယာခြင်းကို။ ရက္ခန္တေနေဝ၊ စောင့်သဖြင့် သာလျှင်။ နာရောစိတံ၊ မကြားအပ်။ ဣတိ၊ ဤသို့ ဆိုလတ်သော်။

ထေရော၊ မထေရ်သည်။ သာမဏေရေန၊ သာမဏေသည်။ အဿာ-သိယမာနောပိ၊ နှစ်သိမ့်စေသော်လည်း။ အနဿာသိတွာ၊ မနှစ်သိမ့်မူ၍။ ဥပ္ပန္နသံဝေဂေါ၊ ဖြစ်သော ထိတ်လန့်ခြင်းရှိလျက်။ သာမဏေရဿ၊ သာမဏေ၏။ ဘဏ္ဍကံ၊ ပရိက္ခရာကို။ဂဟေတွာ။ ယူ၍။ သတ္ထု သန္တိကံ၊ ဘုရားအထံသို့။ ပါယာသိ၊ သွားလေ၏။ သတ္ထာပိ၊ ဘုရားသခင်သည်လည်း။ အဿ၊ ထိုသာမဏေ၏။ အာဂမနံ၊ လာခြင်းကို။ ဩလောကေန္တောဝ၊ ကြည့်လျက်လျှင်။ နိသီဒိ၊ နေ၏။ သော၊ ထိုမထေရ်သည်။ ဂန္တွာ၊ သွား၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ သတ္ထာရာ၊ ဘုရားနှင့်။ သဒ္ဓိံ၊ အတူတကွ။ ပဋိသမ္မောဒနံ၊ ဝမ်းမြောက်ဝမ်းသာပြောဟောခြင်းကို။ ကတွာ၊ ပြု၍။ ဘိက္ခု၊ ရဟန်း။ တေ၊ သင်အား။ ခမနိယံ၊ ခံ့၏လော။ ကိစ္စိ၊ တစုံတခုသော။ အတိရေကံ၊ လွန်စွာဖြစ်သော။ အဖါသုကံ၊ မချမ်းသာခြင်းသည်။ အတ္ထိ၊ ရှိသလော။ ဣတိပုစ္ဆိတော၊ ဤသို့ မေးအပ်သော မထေရ်သည်။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ခမနိယံ၊ ခံ့ပါ၏။ မေ၊ အကျွန်ုပ်အား။ ကိစ္စိ၊ တစုံတခုသော။ အတိရေကံ၊လွန်စွာ

ဖြစ်သော။ အဖ ါသုကံ၊ မချမ်းသာခြင်းသည်။ နတ္ထိ၊ မရှိ။ အပိဂဓေါပန၊ စင်စစ်မူကား။ မေ၊ ငါ၏။ အယံဒဟရသာမဏေရော ဝိယ၊ ဤသာမဏေ ငယ် ကဲ့သို့။ အညော၊ တပါးသော။ အတိရေက ဂုဏော၊ အလွန်ဂုဏ် ကျေးဇူးရှိသောသူကို။ န ဒိဋ္ဌပုဗ္ဗော၊ မမြင်စဘူး။ ဣတိ၊ ဤသို့လျှောက်၏။

ဘိက္ခု၊ ရဟန်း။ ကိံ ပန၊ အဘယ်သို့လျှင်။ ဣမိနာ၊ ဤသာမဏေ ငယ်သည်။ ကတံ၊ ပြုသနည်း။ ဣတိ၊ ဤသို့မိန့်၏။ သော၊ ထိုမထေရ် သည်။ အာဒိတော ပဋ္ဌာယ၊ အစမှစ၍။ သဗ္ဗံ၊ အလုံးစုံသော။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ ဘဂဝတော၊ ဘုရားအား။ အာရောစေန္တော၊ ကြားလျက်။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဤသို့။ မယာ၊ အကျွန်ုပ်သည်။ ခမာပိယမာနော၊ သည်းခံစေသည်ရှိသော်။ မံ၊ အကျွန်ုပ်ကို။ ဧဝံဒေသိ၊ ဤသို့ဆို၏။ ဧတ္ထ၊ ဤအရာ၌။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ဒေါသော၊ အပြစ်သည်။ နေဝအတ္ထိ၊ မရှိ။ မယှံ၊ ငါ၏။ ဒေါသော၊ အပြစ်သည်။ နအတ္ထိ၊ မရှိ။ ဧသော၊ ဤသို့ဖြစ်ခြင်း သည်။ ဝဋ္ဋဿေဝ၊ ဝဋ်၏သာလျှင်။ ဒေါသော၊ အပြစ်တည်း။ တုမှေ၊ အရှင်တုရားတို့သည်။ မာစိန္တယိတ္ထ၊ မကြံလင့်ကုန်။ ဣတိ၊ ဤသို့။ မံ၊ တပည့်တော်ကို။ အဿာသေတိယေဝ၊ နှစ်သိမ့်စေသည် သာလျှင်တည်း။ မယိ၊ ငါ၌။ ကောပံ၊ အမျက်ထွက်ခြင်းကို။ နေဝ အာကာသိ၊ မပြု။ ဒေါသံ၊ ရန်မူခြင်းကို။ နအကာသိ၊ မပြု။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်သည်။ ဧဝရူပေါ ဂုဏသမ္ပန္နော၊ ဤသို့ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံ သောသူကို။ နဒိဋ္ဌပုဗ္ဗော၊ မမြင်စဘူး။ ဣတိ၊ ဤသို့ လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုမထေရ်ကို။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခု၊ ရဟန်း။ ခီဏာသဝါနာမ၊ ရဟန္တာတို့ မည်သည်ကား။ ကဿစိ၊ တစုံတယောက်သော သူအား။ နကုပ္ပန္တိ၊ အမျက်ထွက်ခြင်းမရှိကုန်။ နဒုဿန္တိ၊ ပြစ်မှားခြင်း မရှိကုန်။ သန္တိန္ဒြိယာ၊ ငြိမ်သက်သော ဣန္ဒြေရှိကုန်သည်။ သန္တမာနသာ၊ ငြိမ်သက်သော စိတ်ရှိကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိဝတွာ၊ ဤသို့ မိန့်၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၉၆။ သမ္မာ၊ သင့်သော အကြောင်းဖြင့်။ အညာ၊ သိ၍။ ဝိမုတ္တဿ၊ လွတ်ပြီးသော။ ဥပသန္တဿ၊ ရာဂ စသော ပူပန်ခြင်းမရှိသဖြင့် ငြိမ်းသော။ တာဒိနော၊ မတုန်မလှုပ်သော သဘောရှိသော။ တဿ၊ ထိုရဟန္တာ၏။

မနံ၊ စိတ်သည်။ သန္တံ၊ အဘိဇ္ဈာ စသည် မရှိသဖြင့် ငြိမ်သက်သည်။ ဟောတိ၊ ဖြစ်၏။ ဝါစာစ၊ ဝစီကံသည်လည်းကောင်း။ ကမ္မံစ၊ ကာယကံသည်လည်းကောင်း။ သန္တံ၊ ငြိမ်သက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ မိန့်၏။

တတ္ထ၊ ထိုဂါထာ၌။ သန္တံ တဿာတိ၊ ဟူသည်ကား။ တဿ ခီဏာသဝ-သာမဏေရဿ၊ ထိုရဟန္တာဖြစ်သော သာမဏေအား။ အဘိဇ္ဈာဒီနံ၊ အဘိဇ္ဈာ အစရှိသည်တို့၏။ အဘာဝေန၊ မရှိသဖြင့်။ မနံ၊ စိတ်သည်။ သန္တမေဝ၊ ငြိမ်သက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဥပသန္တံ နိဗ္ဗုတံ၊ ငြိမ်းခြင်းတည်း။ တထာ၊ ထို့အတူ။ မုသာဝါဒါဒီနံ၊ မုသာဝါဒ စသည်တို့၏။ အဘာဝေန၊ မရှိသဖြင့်။ ဝါစာစ၊ ဝစီကံသည်လည်းကောင်း။ ပါဏာတိပါတာဒီနံ၊ ပါဏာတိပါတ စသည်တို့၏။ အဘာဝေန၊ မရှိသဖြင့်။ ကာယကမ္မဉ္စ၊ ကာယကံသည်လည်းကောင်း။ သန္တမေဝ၊ ငြိမ်သက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ သမ္မဒညာဝိမုတ္တဿာတိ၊ ဟူသည်ကား။ နယေန ဟေတုနာ၊ သင့်သော အကြောင်းဖြင့်။ ဇာနိတွာ၊ ၍။ ပဉ္စဟိ-ဝိမုတ္တီဟိ၊ တို့မှ။ ဝိမုတ္တဿ၊ လွတ်ပြီးသော။ ဥပသန္တဿာတိ၊ ဟူသည်ကား။ အဗ္ဘန္တရေ၊ ကိုယ်တွင်း၌။ ရာဂါဒီနံ၊ ရာဂ စသည်တို့၏။ ဥပသမေန၊ ငြိမ်းသဖြင့်။ ဥပသန္တဿ၊ ငြိမ်းပြီးသော။တာဒိနောတိ၊ ဟူသည်ကား။ တထာ-ရူပဿ၊ ထိုသို့ သဘောရှိသော။ ဂုဏသမ္ပန္နေ၊ ဂုဏ်နှင့်ပြည့်စုံသောသူအား။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ကောသမ္ဗိဝါသီ တိဿတ္ထေရော၊ ကောသမ္ဗီနေ တိဿမထေရ်သည်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့် တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ သေသ မဟာ-ဇနဿာပိ၊ ကြွင်းသော လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ တရားဟောခြင်းသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ ပရိသမာပနံ၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အရဟန္တဝဂ်၌ ခုနစ်ခု မြောက်ဖြစ်သော တိဿတ္ထေရဝတ္ထုပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

သတ္တမံ၊ သော။ ကောသမ္ဗိဝါသီ တိဿတ္ထေရ

သာမဏေရ ဝတ္ထု၊ တည်း။

## ၇-အရဟန္တဝဂ္ဂ၊ ၈-သာရိပုတ္တတ္ထေရ ဝတ္ထု

အနုသန္ဓေ.... တိဿတ္ထေရ ဝတ္ထု၌ ဟောအပ်သော ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ သာရိပုတ္တတ္ထေရဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ အဿဒ္ဓေါ-စသည်ကို မိန့်အပ်၏။

အဿဒ္ဓေါတိ ဣမံ ဓမ္မဒေသနံ၊ အဿဒ္ဓေါ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေလတ်သော်။ သာရိပုတ္တတ္ထေရံ၊ သာရိပုတ္တရာမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ။ ကေသ္မိံ သမယေ၊ တပါးသောအခါ၌။ တိံ-သမတ္တာ၊ သုံးကျိပ်မျှဖြစ်ကုန်သော။ အာရညကာ၊ တောကျောင်း နေကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကေသ္မိံ ဒိဝသေ၊ တခုသော နေ့၌။ သတ္ထု သန္တိကံ၊ ဘုရားအထံသို့။ အာဂန္တွာ၊ လာ၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ နိသီဒိံသု၊ နေကုန်၏။ သတ္ထာ၊ ဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တဿ၊ အရဟတ္တဖိုလ်၏။ ဥပနိဿယံ၊ ဥပနိဿယည်းကို။ ဒိသွာ၊ မြင်၍။ သာရိပုတ္တတ္ထေရံ၊ သာရိ-ပုတ္တရာမထေရ်ကို။ အာမန္တေတွာ၊ ခေါ်၍။ သာရိပုတ္တ၊ သာရိပုတ္တရာ။ တွံ၊ သင်သည်။ သဒ္ဒိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။ ဘာဝိတံ၊ ပွားစေအပ်သည်ဖြစ်၍။ ဗဟုလီကတံ၊ အကြိမ်များစွာပြုသည်ဖြစ်၍။ အမတောဂဓံ၊ အမြိုက်အရသာ ရှိသော နိဗ္ဗာန်သို့ သက်ဝင်သည်။ ဟောတိ၊ ဖြစ်၏။ အမတပရိယောသာနံ၊ အမြိုက်နိဗ္ဗာန် အဆုံးရှိ၏။ ဣတိ၊ ဤသို့ ဆိုသောစကားကို။ သဒ္ဒဟာသိ၊ ယုံကြည်အံ့လော။ ဣတိ၊ ဤသို့ မေးတော်မူ၏။ ဧဝံ၊ ဤသို့။ ပဉ္စိန္ဒြိယာနိ၊ ဣန္ဒြေငါးပါးတို့ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆိ၊ မေး၏။ ထေရော၊ ရှင်သာရိပုတ္တရာသည်။ ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ ဤအရာ၌။ ဘဂဝတော၊ ဘုရားအား။ သဒ္ဓါယ၊ ယုံကြည်သော အားဖြင့်။ အဟံ၊ အကျွန်ုပ်သည်။ န ဂစ္ဆာမိ၊ မလာ,မသည်းကပ်။ သဒ္ဒိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။လ။အမတပရိယောသာနံ၊ အမြိုက်နိဗ္ဗာန် အဆုံးရှိ၏။ ဣတိ၊ ဤသို့ ဆိုသော စကားကို။ နခေါ သဒ္ဒဟာမိ၊ မယုံနိုင်ပါ။ ဘန္တေ၊ အရှင်ဘုရား။ ယေသံ၊ အကြင်သူတို့သည်။ တံ၊ ထိုသဒ္ဓိန္ဒြေ စသည်တို့ကို။ အညာတံ၊ မသိအပ်သည်။ အပဿံ၊ မရှုအပ်သည်။ အဒိဋ္ဌံ၊ မမြင်အပ်သည်။ အသ၊ ဖြစ်ရာ၏။ အဝိဒိတံ၊ မထင်။ အသစ္ဆိကတံ၊ မျက်မှောက်မပြုအပ်။

ပညာယ၊ ပညာဖြင့်။ အဖုသိတံ၊ မတွေ့။ တေ၊ ထိုသူတို့သည်။ တတ္ထ၊ ထို နိဗ္ဗာန်၌။ ပရေသံ၊ တပါးသော သူတို့၏။ သဒ္ဓါယ၊ သဒ္ဓိန္ဒြေဖြင့်။ နနု-ဂစ္ဆေယျုံ၊ မရောက်လေကုန်ရာ။ သဒ္ဓိန္ဒြိယံ၊ သဒ္ဓိန္ဒြေကို။လ။ အမတ ပရိ-ယောသာနံ၊ အမြိုက်နိဗ္ဗာန် အဆုံးရှိ၏။ ဣတိဧဝံ၊ ဤသို့။ တံ ပဉှံ၊ ထို ပြဿနာကို။ ဗျာကာသိ၊ ဖြေတော်မူ၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထံသမုဋ္ဌာပေသုံ၊ စကားပြောဆိုကုန်၏။ သာရိပုတ္တတ္ထေရော၊ သာရိပုတ္တရာ မထေရ်သည်။ မိစ္ဆာ ဂဟဏံ၊ မိစ္ဆာ-အယူကို။နေဝ ဝိဿဇ္ဇေသိ၊မစွန့်။ အဇ္ဇာပိ၊ ယနေ့လည်း။ သမ္မာသမ္ဗုဒ္ဓဿ၊ ဘုရားသဗ္ဗညုကို။ နသဒ္ဒဟတိယေဝ၊ မယုံကြည်သည်သာလျှင်တည်း။ ဣတိ၊ ဤသို့ပြောဆိုကုန်၏။

တံ၊ ထိုစကားကို။ သုတွာ၊ ၍။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ တေ၊ ဤစကားကို။ ကိံ ကာရဏာ၊ အဘယ့်ကြောင့်လျှင်။ ဝဒေထ၊ ဆိုကုန်ဘိသနည်း။အဟံ၊ ငါဘုရားသည်။ ပဉ္စိန္ဒြိယာနိ၊ ဣန္ဒြေငါးပါးတို့ကို။ အဘာဝေတွာ၊ မပွားစေမူ၍။ သမထဝိပဿနံ၊ သမထ ဝိပဿနာကို။ အဝ-ဍ္ဎေတွာ၊ မစီးဖြန်းမူ၍။ မဂ္ဂဖလာနိ၊ မဂ်ဖိုလ်တို့သို့၊ သစ္ဆိကာတုံ မျက် မှောက်ပြုခြင်းငှါ။ သမတ္ထောနာမ၊ စွမ်းနိုင်သောသူ မည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့ ဆိုလျက်။ သာရိပုတ္တ၊ သာရိပုတ္တရာ။ တွံ၊ သင်သည်။ သဒ္ဒဟသိ၊ ယုံကြည်သလော။ ဣတိပုစ္ဆိံ၊ ဤသို့မေး၏။ ဧဝံ၊ ဤသို့။ သစ္ဆိကာရောန္တော၊ မျက်မှောက်ပြုသော။ သော၊ ထိုသူသည်။ အတ္ထိနာမ၊ ရှိသည်မည်၏။ ဣတိ၊ ဤသို့လျှောက်၏။ ဘန္တေ၊အရှင်ဘုရား။ နသဒ္ဒဟာမိ၊ မယုံနိုင်ပါ။ ဣတိ ကထေသိ၊ ဤသို့ လျှောက်၏။ နဒိန္နဿဝ၊ မပေးသော သူအားရင်း။ နကတဿဝ၊ မပြုသောသူအားရင်း။ ဖလံဝိပါကံ၊ ကံ၏ အကျိုးကို။ နသဒ္ဒဟတိ၊ မယုံကြည်။ ဗုဒ္ဓါဒီနံ၊ ဘုရားစသည်တို့၏။ ဂုဏံ၊ ကျေးဇူးကို။ နာပိ သဒ္ဒဟတိ၊မယုံကြည်ရာ။ သောပန၊ ဤသာရိပုတ္တရာ-သည်ကား။ အတ္တနာ၊ မိမိသည်။ ပဋိလဒ္ဓေသု၊ ရအပ်ကုန်သော။ ဈာန-ဝိပဿနာ မဂ္ဂဖလဓမ္မေသု၊ ဈာန်, ဝိပဿနာ, မဂ်, ဖိုလ်ဓမ္မတို့၌။ ပရေသံ၊ သူတပါးတို့အား။ သဒ္ဓါယ၊ ယုံကြည်၍။ နဂစ္ဆတိ၊ မလာ။ တသ္မာ၊ ထို့ ကြောင့်။ အနုပဝဇ္ဇော၊ မကဲ့ရဲ့အပ်။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ဒေသေန္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၇။ ယော နရော၊ အကြင်သူသည်။ အဿဒ္ဓေါ၊ မိမိရအပ်သော ဂုဏ်ကို သူတပါးတို့ပြုအပ်သော ယုံကြည်ခြင်းဖြင့် မယုံကြည်။ အကတညူစ၊ အကြောင်းတရားတို့သည် မပြုအပ်သော နိဗ္ဗာန်ကိုလည်း သိ၏။ သန္ဓိစ္ဆေဒေါစ၊ သံသရာဝဋ် ဟူသော အစပ်ကို ဖြတ်ပြီး၍လည်း တည်၏။ ဟတာဝကာသောစ၊ သတ်အပ်ပြီးသော ကုသိုလ်, အကုသိုလ်မျိုးစေ့ဟူသော အရာလည်းရှိ၏။ ဝန္တာသောစ၊ ထွေးအန်ပြီးသော အလုံးစုံသော အာသာ တဏှာလည်းရှိ၏။ သောနရော၊ ထိုသူသည် ဥတ္တမပုရိသော၊ မြတ်သော ယောကျ်ားဖြစ်၍ အထွတ်သို့ ရောက်သည်။ ဟောတိ၊ ဖြစ်၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ အတ္တနာ၊ မိမိသည်။ ပဋိဝိဒ္ဓဂုဏံ၊ ထိုးထွင်း၍ သိအပ်သော ဂုဏ်ကျေးဇူးကို။ ပရေသံ၊ သူတပါး တို့အား။ ကထာယ၊ ပြောဆိုသဖြင့်။ နသဒ္ဒဟတိ၊ မယုံကြည်။ ဣတိ၊ ထို့ ကြောင့်။ အဿဒ္ဓေါ၊ အသဒ္ဓမည်၏။ အကတံ၊ အကြောင်းတရားတို့သည် မပြုအပ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဇာနာတိ၊ သိတတ်၏။ ဣတိ၊ ထို့ ကြောင့်။ အကတညူ၊ အကတညူမည်၏။ သစ္ဆိကတနိဗ္ဗာနော၊ မျက်မှောက် ပြုအပ်သော နိဗ္ဗာန်ရှိ၏။ ဣတိအတ္ထော၊ ဤကား ဂါထာအနက်တည်း။ ဝဋ္ဋသန္ဓိံ သံသာရသန္ဓိံ၊ သံသရာ ဟူသောဝဋ်အစပ်ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ဌိတော၊တည်၏။ ဣတိ၊ထို့ကြောင့်။သန္ဓိစ္ဆေဒေါ၊ သန္ဓိစ္ဆေဒမည်၏ ကုသ- လာကုသလကမ္မ ဗီဇဿ၊ကုသိုလ်, အကုသိုလ်ကံဟူသောမျိုးစေ့၏။ခီဏတ္တာ၊ ကုန်ခြင်းကြောင့်။ အဿ၊ ထိုပုဂ္ဂိုလ်အား။ ဟတော၊ သတ်အပ်သော။ နိဗ္ဗတ္တနာဝကာသော၊ ဖြစ်ပြီးသော အရာသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဟတာဝကာသော၊ ဟတာဝကာသမည်၏။ စတူဟိ မဂ္ဂေဟိ၊ မဂ်လေးပါးတို့ဖြင့်။ ကတ္တဗ္ဗ ကိစ္စဿ၊ ပြုအပ်သော ကိစ္စကို။ ကတတ္တာ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်။ သဗ္ဗာသာသာ၊ အလုံးစုံသော တောင့် တခြင်းကို။ ဣမိနာ၊ ဤသူသည်။ ဝန္တာ၊ ထွေးအန်ခြင်းရှိ၏။ ဣတိ၊ ထို့ ကြောင့်။ ဝန္တာသော၊ ဝန္တာသမည်၏။ ဧဝရူပေါ၊ ဤသို့သဘောရှိသော။ သောနရော၊ ထိုသူသည်။ သစေတိ၊ ဟူသည်ကား။ (အချို့စာ၌ သဝေ- ရှိ၏။) ပဋိဝိဒ္ဓ လောကုတ္တရ ဓမ္မတာယ၊ ထိုးထွင်း၍ သိအပ်သော လော ကုတ္တရာတရား ရှိသည်၏ အဖြစ်ကြောင့်။ ပုရိသေသု၊ ယောကျ်ားတို့တွင်။ ဥတ္တမဘာဝံ၊ မြတ်သော အဖြစ်သို့။ ပတ္တော၊ ရောက်၏။ ဣတိ၊ ထို့ကြောင့်။ ပုရိသုတ္တမော၊ ပုရိသုတ္တမမည်၏။ ဣတိ၊ ဤသို့ ဟောလတ်သော်။ ဂါထာ

ဝသာနေ၊ ဂါထာအဆုံး၌။ အာဂရညကာ၊ တောကျောင်းနေကုန်သော။ တိံသမတ္တာ၊ သုံးကျိပ်မျှ ဖြစ်ကုန်သော၊ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ သဟပဋိသမ္ဘိဒါဟိ၊ပဋိသမ္ဘိဒါ တို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ သေသ ဇနဿာပိ၊ ကြွင်းသော လူအပေါင်း အားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ ပရိသမာပနံ၊ ခုနစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော အရဟန္တဝဂ်၌ ရှစ်ခုမြောက်သော သာရိပုတ္တတ္ထေရ ဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

အဋ္ဌမံ၊ သော။ သာရိပုတ္တတ္ထေရ ဝတ္ထု၊ တည်း။

---

၇-အရဟန္တဝဂ္ဂ၊ ၉-ခဒိရဝနိယ ရေဝတတ္ထေရ ဝတ္ထု

အနုသန္ဓေ....သာရိပုတ္တတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ခဒိရဝနိယ ရေဝတတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ဂါမေဝါ စသည်ကို မိန့်အပ်၏။

ဂါမေဝါတိ ဣမံ ဓမ္မဒေသနံ၊ ဂါမေဝါ စသော ဤတရားဟော ခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ခဒိရဝနိယ ရေဝတတ္ထေရံ၊ ရှားတော၌ နေလေ့ ရှိသော ရေဝတထေရ်ကို။ အာရဗ္ဘ၊အကြောင်းပြု၍။ ကထေသိ၊ ဟော၏။

ဟိ၊ ထိုစကားသင့်စွ။ အာယသ္မာ သာရိပုတ္တော၊ ရှင်သာရိပုတ္တရာသည်။ သတ္တာသီတိ ကောဋိဓနံ၊ ရှစ်ဆယ့်ခုနစ်ကုဋေသော ဥစ္စာကို။ ပဟာယ၊ စွန့်၍။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ စာလာ၊ စာလာ လည်းကောင်း ။ ဥပစာလာ၊ ဥပစာလာ လည်းကောင်း။ သီသူပစာလာ၊ သီသူပစာလာ လည်းကောင်း။ ဣတိ၊ ဤသို့။ တိဿော ဘဂိနိယော၊ နှမသုံးယောက် တို့ကိုလည်းကောင်း။ စုန္ဒော စ၊ စုန္ဒ လည်းကောင်း။ ဥပသေနော စ၊ ဥပသေန လည်းကောင်း။ ဣမေဒွေ ဘာတရော၊ ဤ ညီအကိုနှစ်ယောက် တို့ကို လည်းကောင်း။ ပဗ္ဗာဇေသိ၊ ရဟန်းပြုစေ၏။ ရေဝတကုမာရော၊ ရေဝတသတို့သားသည်။ ဧကောဝ၊ တယောက်တည်းသာလျှင်။ ဂေဟေ၊ အိမ်၌။ အဝသိဋ္ဌော၊ ကြွင်းကျန်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုသတို့

သား၏။ မာတာ၊ အမိသည်။ စိန္တေသိ၊ ကြံ၏။ မမ ပုတ္တော၊ ငါ့သား ဖြစ်သော။ ဥပတိဿော၊ ဥပတိဿသည်။ တွေကံ ခနံ၊ ဤမျှလောက် သော ဥစ္စာကို။ ပဟာယ၊ စွန့်၍။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ တိဿောစဘာဂိနိယော၊ နှမသုံးယောက်တို့ကို လည်းကောင်း။ ဒွေစ ဘာတရော၊ ညီနှစ်ယောက်တို့ကိုလည်းကောင်း။ ပဗ္ဗာဇေသိ၊ ရဟန်းပြုစေ၏။ ရေဝတော ကေဝလ၊ ရေဝတ တယောက်သည်လျှင်။ အဝသေသော။ ကြွင်း၏။ ဣမံပိ၊ ဤရေဝတကိုလည်း။ သစေ ပဗ္ဗာဇေဿတိ၊ အကယ်၍ ရဟန်း ပြုချေသည်ဖြစ်အံ့။ နေ၁၊ ငါတို့၏။ တွေကံ ခနံ၊ ဤမျှလောက်သော ဥစ္စာသည်။ နဿိဿတိ၊ ပျက်စီးလတ္တံ့။ ကုလဝံသော၊ အမျိုးအနွယ်သည်။ ပစ္ဆိဇ္ဇိဿတိ၊ ပြတ်လတ္တံ့။ ဒဟရကာလေယေဝ၊ ငယ်စဉ်ကပင်လျှင်။ နံ၊ ထိုရေဝတကို။ ဃရာဝါသေန၊ အိမ်ရာထောင်ခြင်းဖြင့်။ ဗန္ဓိဿာမိ၊ နှောင်ဖွဲ့အံ့။ ဣတိ၊ ဤသို့ကြံ၏။ သာရိပုတ္တတ္ထေရောပိ၊ သာရိပုတ္တရာ မထေရ်သည်လည်း။ ပဋိကစ္စေဝ၊ မဆွရှေးဦးကလျှင်။ ဘိက္ခူ၊ ကို။ အာဏာပေသိ၊ စေလွှတ်၏။ အာဝုသော၊ ငါ့ရှင်။ ရေဝတော၊ ရေဝတ သည်။ ပဗ္ဗဇိတုကာမော၊ ရဟန်းပြုလို၍။ သစေအာဂစ္ဆတိ၊ အကယ်၍ လာသည်ဖြစ်အံ့။ အာဂတမတ္တမေဝ၊ လာကာမျှဖြင့်လျှင်။ နံ၊ ထိုရေဝတ ကို။ ပဗ္ဗာဇေယျာထ၊ ရဟန်းပြုလေကုန်လော့။ မမ၊ ငါ၏။ မာတာပိတရော၊ အမိအဘတို့သည်။ မိစ္ဆာဒိဋ္ဌိကာ၊ မိစ္ဆာအယူရှိကုန်၏။ ဟိ၊ ထိုစကားသင့်စွ။ တေ၊ ထိမိဘတို့ကို။ အာပုစ္ဆိတေဟိ၊ ပန်ကြားခြင်းတို့ ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အဟမေဝ၊ ငါသည်ပင်လျှင်။ တဿ၊ ထိုရေဝတ၏။ မာတာစ၊ အမိလည်း မည်၏။ ပိတာစ၊ အဘလည်း မည်၏။ ဣတိ၊ ဤသို့စေလွှတ်၏။

အဿ၊ ထိုရေဝတ၏။ မာတာပိ၊ အမိသည်လည်း။ ရေဝတ ကုမာရံ၊ ရေဝတသတို့သားကို။ သတ္တဝဿိကမေဝ၊ ခုနစ်နှစ်ကပင်လျှင်။ ဃရဗန္ဓနေန၊ အိမ်ရာထောင်ခြင်းဖြင့်။ ဗန္ဓိတုကာမာ၊ နှောင်ဖွဲ့လို၍။ သမာနဇာတိကော၊ တူသောအမျိုးရှိသော။ ကုလေ၊ အနွယ်၌။ ဒါရိကံ၊ သတို့သမီးငယ်ကို။ ဝါရေတွာ၊ မြစ်၍။ ဒိဝသံ၊ နေ့ကို။ ဝဝတ္ထပေတွာ၊ မှတ်ထား၍။ ကုမာရံ၊ သတို့သားကို။ မဏ္ဍေတွာပသာမေတွာ၊ ဝတ်စားတန်ဆာ ဆင်ယင်၍။ မဟတာ ပရိဝါရေန၊ များစွာသော အခြံအရံနှင့်။ သဒ္ဓိံ၊ တကွ။ အာဒါယ၊ ခေါ်၍။ ကုမာရိကာယ၊ သတို့သမီးငယ်၏။ ဉာတိဃရံ၊ မိဘအိမ်သို့။

အဂမာသိ၊ သွား၏။ အထ၊ ထိုအခါ၌။ နေသံ ဒွိန္နံပိ၊ ထိုသူနှစ်ယောက်တို့၏လည်း။ ကတမင်္ဂလာနံ၊ ပြုအပ်သောမင်္ဂလာတို့၏။ အတ္တာယ၊ အကျိုးငှါ။ ဉာတကေသု၊ ဆွေမျိုးပေါက်ဖော်တို့သည်။ သန္နိပတိတေသု၊ စည်းဝေးကုန်သည်ရှိသော်။ ဥဒကပါတိယံ၊ ရေခွက်၌။ ဟတ္ထေ၊ လက်တို့ကို။ ဩတာရေတွာ၊ ချ၍။ မင်္ဂလာနိ၊ မင်္ဂလာဦးတို့ကို။ ဝတွာ၊ ဆို၍။ ကုမာရိကာယ၊ သတို့သမီးငယ်၏။ ဝုဍ္ဎိံ၊ ကြီးပွားခြင်းကို။ အာကင်္ခမာနာ၊ တောင့်တကုန်သည်ရှိသော်။ ဉာတကာ၊ ဆွေမျိုးတို့သည်။ တဝ၊ သင်၏။ အယျိကာယ၊ အဘွားမ၏။ ဒိဋ္ဌဓမ္မံ၊ မျက်မှောက်။ ပဿိတွာ၊ မြင်၍။ အယျိကာဝိယ၊ အဘွားမကဲ့သို့။ စိရံ၊ ကြာမြင့်စွာ။ အမ္မ၊ ချစ်သမီး။ ဇီဝ၊ အသက်ရှည်လော့။ ဣတိအာဟံသု၊ ဤသို့ ဆိုကုန်၏။ ရေဝတ ကုမာရော၊ ရေဝတ သတို့သားသည်။ ဣမိဿာ အယျိကာယ၊ ဤအဘွားမ၏။ ဒိဋ္ဌဓမ္မော၊ မျက်မှောက်မြင်ခြင်း သဘောသည်။ ကောနုခေါ၊ အဘယ်နည်း။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ ဣမိဿာ အယျိကာ၊ ဤအဘွားမ၏ သဘောသည်။ ကတရာ၊ အဘယ်နည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုရေဝတကို။ အာဟံသု၊ ဆိုကုန်၏။ တာတ၊ ချစ်သား။ ကိံ၊ အဘယ်ကို။ နပဿသိ၊ မမြင်အံ့နည်း။ ဝီသ ဝဿသတိကာံ၊ အသက်တရာ့နှစ်ဆယ် ရှည်ခြင်းရှိသော။ ဣမံ ခဏ္ဍဒန္တံ၊ ဤသို့ သွားကျိုးခြင်းသည်ရှင်း။ ဣမံ ပလိတ ကေသံ၊ ဤသို့ဆံဖြူခြင်းသည်ရှင်း။ ဣမံ ဝလိတ္တစံ၊ ဤအရေတွန့်လိမ်ခြင်းသည်ရှင်း။ ဣမံ တိလကာဟတဂတ္တံ၊ ဤ မှည့်ပေါက်ခြင်း ကိုယ်ရှိသည်ရှင်း။ ဣမံ ဂေါပါနသိ ဝင်္ကံ၊ ဤနံရိုးပေါ်၍ ကိုင်းခြင်း,ကောက်ခြင်းသဘောသည်ရှင်း။ သော၊ ဤသည်ကား။ ဧတိဿာ အယျိကာ၊ ဤအဘွားမ၏ သဘောတည်း။ ဣတိ၊ ဤသို့ဆို၏။ အယံပိ၊ ဤ သတို့သမီးသည်လည်း။ ဧဝရူပါ၊ ဤသို့ သဘောရှိသည်။ ဘဝိဿတိ ကိံပန၊ ဖြစ်လတ္တံ့လော။ ဣတိ၊ ဤသို့မေး၍။ တာတ၊ ချစ်သား။ သစေဇီဝိဿတိ၊ အကယ်၍ အသက်ရှည်သည်ဖြစ်အံ့။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သော၊ ထိုရေဝတသည်။ စိန္တေသိ၊ ကြံ၏။ ဧဝရူပံနာမ၊ ဤသို့ သဘောရှိသည်လည်း ဖြစ်သော။ သရီရံ၊ ကိုယ်သည်။ ဇရာယ၊ အိုခြင်းဖြင့်။ ဣမံဝိပ္ပကာရံ၊ ဤဖောက်ပြန်ခြင်းသို့။ ပါပုဏိဿတိ၊ ရောက်လတ္တံ့။ ဣတိ၊ ဤသို့ကြံ၏။ မေ၊ ငါ၏။ ဘာတရာ၊

နောင်တော်ဖြစ်သော။ ဥပတိဿေန၊ ဥပတိဿသည်။ ဣဒံ၊ ဤသဘော
ကို။ ဒိသွာ၊ မြင်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့၊ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။
မယာ၊ ငါသည်။ ပလာယိတွာ၊ ထွက်ပြေး၍။ ပဗ္ဗဇိတုံ၊ ရဟန်းပြုခြင်း
ငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ကြံ၏။ အထ၊ ထိုနောင်မှ။ နံ၊
ထိုရေဝတကို။ ဉာတကာ၊ ဆွေမျိုးတို့သည်။ ကုမာရိကာယ၊ သတို့သမီး
ငယ်နှင့်။ သဒ္ဓိံ၊ တကွ။ ဧကံ ယာနံ၊ ယာဉ်တခုသို့။ အာရောပေတွာ၊
တင်၍။ အာဒါယ၊ ဆောင်ယူ၍။ ပက္ကမိံသု၊ သွားကုန်၏။

သော၊ ထိုရေဝတသည်။ ထောကံ၊ အတန်ငယ်။ ဂန္တွာ၊ ၍။ သရီရ-
ကိစ္စံ၊ ကိုယ်လက် သုတ်သင်ခြင်း ကိစ္စကို။ အပဒိသိတွာ၊ ညွှန်၍။ တာဝ၊
တခဏမျှ။ ယာနံ၊ ယာဉ်ကို။ ဌပေထ၊ ရပ်လင့်ကုန်လော့ ဟု။ ဩတရိတွာ၊
ဆင်း၍။ အာဂမိဿာမိ၊ ပြန်လာခဲ့အံ့။ ဣတိ၊ ဤသို့ဆိုလျက်။ ယာနာ၊
ယာဉ်မှ။ ဩတရိတွာ၊ ဆင်း၍။ ဧကသ္မိံ ဂုမ္ဗေ၊ တခုသောချုံ၌။ ထောကံ၊
အတန်ငယ်။ ပပဉ္စံကတွာ၊ ကြာမြင့်စွာပြု၍။ အဂမာသိ၊ သွားလေ၏။
ပုနပိ၊ တဘန်လည်း။ ထောကံ၊ အတန်ငယ်ကာလ။ ဂန္တွာ၊ သွား၍။
တေနေဝ အပဒေသေန၊ ထိုသို့ညွှန်ခြင်းဖြင့်သာလျှင်။ ဩတရိတွာ၊ ဆင်း၍။
အဘိရုဟိ၊ တက်၏။ ပုနပိ၊ တဘန်လည်း။ တထေဝ၊ ထိုရှေးအတူလျှင်။
အကာသိ၊ ပြု၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုရေဝတ၏။ ဉာတကာ၊
ဆွေးမျိုးတို့သည်။ အဒ္ဓါ၊ မချွတ်။ ဣမဿ၊ ဤရေဝတ၏။ ဥဋ္ဌာနာဒိ၊
ထကြွခြင်းတို့သည်။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ (အဋ္ဌာနာဒိ ဟူသည်လည်း
ပါဌ်အချို့ရှိ၏။ အရာမဟုတ်ခြင်းတို့သည်,ပေးလေ။) ဣတိသလ္လက္ခေတွာ၊
ဤသို့မှတ်၍။ အတိဒဠှံ၊ အလွန်မြဲမြံစွာ။ အာရက္ခံ၊ အစောင့်အရှောက်
ကို။ နကရိံသု၊ မပြုကုန်။ သော၊ ထိုရေဝတသည်။ ပုနပိ၊ တဘန်လည်း။
ထောကံ၊ အတန်ငယ်။ ဂန္တွာ၊ သွား၍။ တေနေဝ အပဒေသေန၊ ထိုသို့
ညွှန်ခြင်းဖြင့်။ ဩတရိတွာ၊ ဆင်း၍။ တုမှေ၊ သင်တို့သည်။ ပါဇေန္တာ၊
နှင်သွားကုန်သည်ရှိသော်။ ပုရတော၊ ရှေးသို့။ ဂစ္ဆထ၊ သွားလင့်ကုန်
လော့။ မယံ၊ ငါတို့သည်။ ပစ္ဆတော၊ နောက်မှ။ သဏိကံ၊ ဖြေးဖြေး။
အာဂမိဿာမ၊ လာကုန်အံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဩတရိတွာ၊ ဆင်း၍။
ဂုမ္ဗာဘိမုခေါ၊ ချုံသို့ရှေးရှု။ အဟောသိ၊ ဖြစ်၏။ အဿ၊ ထိုရေဝတ၏။
ဉာတကာပိ၊ ဆွေမျိုးတို့သည်လည်း။ ပစ္ဆတော၊ နောက်မှ။ အာဂမိဿတိ၊
လာလတ္တံ့။ ဣတိသညာယ၊ ဤသို့ အမှတ်ဖြင့်။ ယာနံ၊ ယာဉ်ကို။ ပါ-

ဇေန္တော၊ နှင်ကုန်လျက်။ အဂမိံသု၊ သွားကုန်၏။ သောပိ၊ ထိုရေဝတသည်လည်း။ တတော၊ ထို့နောင်မှ။ ပလာယိတွာ၊ ပြေး၍။ ဧကသ္မိံ-ပဒေသေ၊ တခုသော အရပ်၌။ တိံသမတ္တာဘိက္ခူ၊ သုံးကျိပ်မျှလောက်သော ရဟန်းတို့သည်။ ဝသန္တိ၊ နေကုန်၏။ တေသံ၊ ထိုရဟန်းတို့၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ အာဟ၊ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ မံ၊ အကျွန်ုပ်ကို။ ပဗ္ဗာဇေထ၊ ရဟန်းပြုပါကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ အာဝုသော၊ ဒါယကာ။ တွံ၊ သင်သည်။ သဗ္ဗာလင်္ကာရ ပဋိမဏ္ဍိတော၊ ခပ်သိမ်းသော တန်းဆာဖြင့် တန်းဆာဆင်အပ်၏။ မယံ၊ ငါတို့သည်။ တေ၊ သင်၏။ ရာဇပုတ္တဘာဝံဝါ၊ မင်းသား၏အဖြစ်ကိုရင်း။ အမစ္စပုတ္တဘာဝံဝါ၊ အမတ်သား၏အဖြစ်ကိုရင်း။ နဇာနာမ၊ မသိကုန်။ ကထံ၊ အဘယ်သို့။ ပဗ္ဗာဇေဿာမ၊ ရဟန်းပြုရကုန်အံ့နည်း။ ဣတိ၊ ဤသို့ ဆို၏။

ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ မံ၊ ကို။ နဇာနာထ၊ မသိကုန်သည် မည်၏လော။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ အာဝုသော၊ ဒါယကာ။ နဇာနာမ၊ မသိသည်မည်ကုန်၏။ ဣတိ၊ ဤသို့ဆိုကုန်၏။ အဟံ၊ အကျွန်ုပ်သည်။ ဥပတိဿဿ၊ ဥပတိဿ၏။ ကနိဋ္ဌ-ဘာတိကော၊ ညီအငယ်တည်း။ ဣတိ၊ ဤသို့ ဆို၏။ သောဥပတိဿော-နာမ၊ ဤဥပတိဿ အမည်ရှိသော သူသည်။ ကော၊ အဘယ်သူနည်း။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရားတို့။ ဘဒ္ဒန္တာ၊ အရှင်ဘုရားတို့သည်။ မမဘာတရံ၊ ကျွန်ုပ်နောင်တော်ကို။ သာရိပုတ္တောတိ၊ သာရိပုတ္တရာဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ တသ္မာ၊ ထို့ကြောင့်။ မယာ၊ အကျွန်ုပ်သည်။ ဥပတိဿောတိ၊ ဥပတိဿဟူ၍။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ နဇာ-နန္တိ၊ မသိကုန်။ ဣတိ၊ ဤသို့ဆို၏။ တွံ၊ သင်သည်။ သာရိပုတ္တတ္ထေရဿ၊ သာရိပုတ္တရာမထေရ်၏။ကနိဋ္ဌဘာတိကော ကိံပန၊ညီငယ်စင်စစ်မှန်၏လော။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဩော်-မှန်ပေ၏။ ဣတိ၊ ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ဆိုပြီးတကား။ ဧဟိ၊ လာလှည့်။ တေ၊ သင်၏။ ဘာတရာ၊ နောင်တော်သည်။ အနုညာတမေဝ၊ အခွင့်ပြုပြီးသည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ တဿ၊ ထိုရေဝတ၏။ အာဘရဏာနိ၊ တန်းဆာတို့ကို။ ဩမုဉ္စာ-ပေတွာ၊ ချွတ်စေ၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌၊ ဌပါပေတွာ၊

ထားစေ၍။ တံ၊ ထိုရေဝတကို၊ ပဗ္ဗာဇေတွာ၊ ရဟန်းပြု၍။ ထေရဿ၊ ရှင်သာရိပုတ္တရာအား။ သာသနံ၊ သတင်းစကားကို၊ ပဟိဏိံသု၊ စေလွှတ်ကုန်၏။ ထေရော၊ ရှင်သာရိပုတ္တရာသည်။ တံ၊ ထိုစကားကို။သုတွာ၊ ကြား၍။ ဘဂဝတော၊ ဘုရားအား။ အာရောစေသိ၊ ကြားလျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ အာရညိကဘိက္ခူဟိ၊ တောကျောင်းနေ ရဟန်းတို့သည်။ ရေဝတော၊ ရေဝတကို။ ပဗ္ဗဇိတောကိရ၊ ရဟန်း ပြုသတတ်။ဣတိ၊ ဤသို့။ သာသနံ၊ သတင်းစကားကို။ ပဟိဏိံသု၊ စေလွှတ်ကုန်၏။ဂန္တွာ၊ သွား၍။ တံ၊ ထိုရေဝတကို။ ပဿိတွာ၊ ကြည့်ရှုခဲ့၍။ အာဂမိဿာမိ၊ ပြန်လာပါအံ့။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ သာရိပုတ္တ၊ သာရိပုတ္တရာ။ တာဝအဓိဝါသေဟိ၊ သည်းခံဦးလော့၊ ဣတိ၊ ဤသို့ မိန့်လျက်။ ဂန္တုံ၊ သွားခွင့်ကို။ နအဒါသိ၊ မပေး။ ထေရော၊ သာရိပုတ္တရာသည်။ ပုန၊ တဘန်။ ကတိပါဟစ္စယေန၊ နှစ်ရက်, သုံးရက် လွန်သဖြင့်။ သတ္ထာရံ၊ ဘုရားကို။ အာပုစ္ဆိ၊ ပန်ကြား၏။ သတ္ထာ၊ ဘုရားသည်။ သာရိပုတ္တ၊ သာရိပုတ္တရာ။ အဓိဝါသေဟိ၊ သည်းခံဦးလော့။ မယံပိ၊ ငါတို့သည်လည်း။ ဂမိဿာမ၊ သွားကုန်ဦးအံ့။ ဣတိဝတွာ၊ ဤသို့မိန့်တော်မူ၍။ ဂန္တုံ၊ သွားခွင့်ကို။ နေဝ အဒါသိ၊ ပေးတော်မမူ။

သာမဏေရောပိ၊ သာမဏေ ရေဝတသည်လည်း။ အဟံ၊ ငါသည်။ဣဓ၊ ဤအရပ်၌။ သစေ ဝသိဿာမိ၊ အကယ်၍ နေသည် ဖြစ်အံ့။ ဉာတကာ၊ အဆွေ အမျိုးတို့သည်။ မံ၊ ငါ့ကို။ အနုဗန္ဓိတွာ၊ လိုက်၍။ ပက္ကောသိဿန္တိ၊ ခေါ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့နှလုံးသွင်းလျက်။ တေသံ ဘိက္ခူနံ၊ ထို ရဟန်းတို့၏။ သန္တိကေ၊ အထံ၌။ ယာဝ အရဟတ္တာ၊ အရဟတ္တဖိုလ်သို့ ရောက်သည် တိုင်အောင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဥဂ္ဂဏှိတွာ၊ သင်၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ စာရိကံ စရမာနော၊ ဒေသစာရီ သွားသည်ရှိသော်။ တတော၊ ထိုအရပ်မှ။ တိံသယောဇနိကော-ဌာနေ၊ ယူဇနာ သုံးဆယ်ရှိသော အရပ်၌။ ခဒိရဝနံ၊ရှားတောသို့။ဂန္တွာ၊ ရောက်၍။ အန္တော ဝဿေ၊ ဝါတွင်း၌သာလျှင်။ တေမာသဗ္ဘန္တရေ၊ သုံးလအတွင်း၌။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါနှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ ထေရောပိ၊ ရှင်သာရိပုတ္တရာသည်လည်း။ ပဝါရေတွာ၊ပဝါရဏာပြု၍။သတ္ထာရံ၊ဘုရားကို။ပုန၊တဘန်၊တတ္ထ၊ ထိုရှားတောသို့။ဂမနတ္ထာယ၊ သွားခြင်းငှါ။အာပုစ္ဆိ၊ ပန်ကြား၏။သတ္ထာ၊

ဘုရားသည်။ သာရိပုတ္တ၊ သာရိပုတ္တရာ။ မယံပိ၊ ငါတို့ သည်လည်း။ဂမိဿာမ၊ သွားကုန်အံ့။ ဣတိ၊ ဤသို့ မိန့်ပြီးသော်။ ပဉ္စဟိ ဘိက္ခုသတေဟိ၊ ရဟန်း ငါးရာတို့နှင့်။ သဒ္ဓိံ၊ တက္ခ။ နိက္ခမိ၊ ထွက်၏။ ထောကံ ဂတကာလေ၊ အတန်ငယ် သွားသော ကာလ၌။ အာနန္ဒတ္ထေရော၊ အာနန္ဒာမထေရ်သည်။ ဒွေမဂ္ဂ ပထေ၊ နှစ်ကွဲသော ခရီး၌။ ဌတွာ၊ ရပ်၍။သတ္ထာရံ၊ ဘုရားကို အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ ရေဝတဿ၊ ရေဝတ၏။ သန္တိကံ၊ အထံသို့။ ဂမန မဂ္ဂေသု၊ သွားရာ ခရီးတို့၌။ အယံ၊ ဤ ခရီးကား။ ပရိဟာရပထော၊ မဖြောင့်သော ခရီးတည်း။ သဋ္ဌိယောဇနိကော၊ ယူဇနာ ခြောက်ဆယ် ရှိ၏။ မနုဿာဝါသော၊ လူတို့၏ နေရာ ဖြစ်၏။ အယံ၊ ဤခရီးကား။ ဥဇုမဂ္ဂေါ၊ ဖြောင့်သောခရီးတည်း။ တိံသယောဇနိကော၊ ယူဇနာသုံးဆယ်ရှိ၏။ အမနုဿပရိဂ္ဂဟိတော၊ ဘီလူးတို့သည် သိမ်းဆည်းအပ်၏။ ကတရေန၊ အဘယ်ခရီးဖြင့်၊ ဂစ္ဆာမ၊ ကြွတော်မူကုန်အံ့နည်း။ ဣတိ၊ ဤသို့ လျှောက်၏။ အာနန္ဒ၊ ချစ်သားအာနန္ဒာ။ သီဝလိပန၊ ရှင်သီဝလိသည်ကား။ အမှေဟိ၊ ငါတို့နှင့်။ သဒ္ဓိံ၊ တက္ခ။အာဂတော၊သွားအံ့လော။ဣတိ၊ဤသို့မေးတော်မူ၏။ဘန္တေ၊အရှင်ဘုရား။အာမ သွားပါအံ့သည်ဘုရား။ ဣတိ၊ ဤသို့လျှောက်၏။

သီဝလိ၊ သီဝလိသည်။ သစေအာဂတော၊ အကယ်၍ သွားသည်ဖြစ်အံ့။ ဥဇုမဂ္ဂမေဝ၊ ခရီးဖြောင့်သည်ကိုသာလျှင်။ ဂဏှာဟိ၊ယူလော့။ ဣတိ၊ဤသို့ မိန့်တော်မူ၏။ သတ္ထာ၊ ဘုရားသည်။ အဟံ၊ ငါသည်။ တုမှာကံ၊ သင်တို့၏။ ယာဂုဘတ္တံ၊ ယာဂုဆွမ်းကို။ ဥပ္ပါဒေဿာမိ၊ ဖြစ်စေအံ့။ ဥဇုမဂ္ဂံ၊ ခရီး ဖြောင့်ကို။ ဂဏှာဟိ၊ ယူလော့။ ဣတိအဝတွာ၊ ဤသို့မဆိုမူ၍။ တေသံ တေသံ ဇနာနံ၊ ထိုထိုလူတို့၏။ ပုညဿ၊ ကောင်းမှု၏။ ဇာတံ၊ ဤသို့ဖြစ်ခြင်းသည်။ ဝိပါကဒါနဋ္ဌာနံ၊ အကျိုးပေးရာ အရပ်တည်း။ ဣတိ၊ ဤသို့။ ဉတွာ၊ သိ၍။ သစေ သီဝလိ အာဂတော၊ ဥဇုမဂ္ဂံ ဂဏှာဟီတိ၊ ဂဏှာဟိဟူ၍။ အာဟကိရ၊ ဆိုသတတ်။ သတ္ထုရိပန၊ မြတ်စွာဘုရားသည်ကား။ တံမဂ္ဂံ၊ ထိုခရီးကို။ ပဋိပန္နေ၊ ကြွသည်ရှိသော်။ ဒေဝတာ၊ နတ်တို့သည်။ အမှာကံ၊ ငါတို့၏။ အယျဿ၊ အရှင်ဖြစ်သော။ သီဝလိတ္ထေရဿ၊ သီဝလိမထေရ်အား။ သက္ကာရံ၊ ပူဇော်သက္ကာကို။ ကရိဿာမီတိ၊ ပြုကုန်အံ့ ဟူ၍။ စိန္တေတွာ၊ ကြံ၍။ ဧကေက ယောဇနေ၊ တယူဇနာ တယူဇနာ၌။ ဝိဟာရေ၊ကျောင်းတို့ကို။ကာရေတွာ၊ ဆောက်စေ၍။ ကေယောဇနတော၊

တယူဇနာမှ။ ဥဒ္ဓံ၊ အထက်သို့။ ဂန္တုံ၊ သွားခြင်းငှါ။ အဒတွာ၊ မပေး မူ၍။ ပါတောဝ၊ စောစောကလျှင်။ ဥဋ္ဌာယ၊ ၍။ ဒိဗ္ဗယာဂုအာဒီနိ၊ နတ်၏ယာဂုစသည်တို့ကို။ ဂဟေတွာ။ ၍။ နော၊ တို့၏။ အယျော သီဝ- လိတ္ထေရော၊ ရှင်သီဝလိမထေရ်သည်။ ကဟံ၊ အဘယ်အရပ်၌။ နိသိန္နော၊ နေသနည်း။ ဣတိ၊ ဤသို့။ ဝိစရန္တိ၊ လှည့်ပတ် ရှာဖွေကုန်၏။ ထေရော၊ မထေရ်သည်။ အ်တ္တနော၊ မိမိ၏။ အဘိဟဋံ၊ ရှေးရှုဆောင်ခဲ့သော ဆွမ်း ကို။ ဗုဒ္ဓပမုခဿ၊ ဘုရားအမှူးရှိသော။ ဘိက္ခုသံဃဿ၊ ရဟန်း သံဃာ အား။ ဒါပေသိ၊ လှူစေ၏။ ဧဝံ၊ ဤသို့။ သတ္ထာ၊ ဘုရားသည်။ သပရိ- ဝါရော၊ အခြံအရံနှင့်တကွ။ တိံသယောဇနိကံ၊ ယူဇနာ သုံးဆယ်ရှိသော။ ကန္တာရံ၊ ခရီးခဲကို။ သီဝလိတ္ထေရဿ၊ အရှင်သီဝလိ ထေရ်၏ သာလျှင်။ ပုညံ၊ ကို။ အနုဘဝမာနော၊ ခံစားလျက်။ အဂမာသိ၊ ကြွတော်မူ၏။

တတ္ထပန၊ ထိုအရပ်၌ကား။ ဒွေ မဟလ္လက ဘိက္ခူ၊ ရဟန်းကြီး နှစ် ယောက်တို့သည်။ သတ္ထု၊ ဘုရား၏။ ခဒိရ ဝနံ၊ ရွာတောသို့။ ပဝိသန- ကာလေ၊ ဝင်သောအခါ၌။ ဧဝံ၊ ဤသို့။ စိန္တယိံသု၊ ကြံကုန်၏။ အယံ- ဘိက္ခု၊ ဤရဟန်းသည်။ ဧတ္တကံ၊ ဤမျှလောက်သော။ နဝကမ္မံ၊ အမှု သစ်ကို။ ကရောန္တော၊ ပြုလျက်။ သမဏမဗ္မံ၊ ရဟန်းတရားကို။ ကာတုံ၊ ပြုခြင်းငှါ။ ကိံသက္ခိဿတိ၊ ဘယ်မှာ တတ်နိုင်အံ့နည်း။ သတ္ထာ၊ ဘုရား သည်။ သာရိပုတ္တဿ၊ သာရိပုတ္တရာ၏။ ကနိဋ္ဌော၊ ညီဖြစ်သော။ ဘိက္ခု၊ ရဟန်းကို။ မုခေါလောကနံ၊ မျက်နှာကြည့်ခြင်းကို။ ကရောန္တော၊ပြုလျက်။ ဧဝရူပဿ၊ ဤသို့သဘောရှိသော။ နဝကမ္မိကဿ၊ အမှုသစ်ကို ရွက်ဆောင် လေ့ရှိထသော။ ဘိက္ခုဿ၊ ရဟန်း၏။ သန္တိကံ၊ အထံသို့။ အာဂတော၊ ကြွတော်မူ၏။ ဣတိ၊ ဤသို့ကြံကုန်၏။ သတ္ထာပိ၊ ဘုရားသည်လည်း။ တံဒိဝသံ၊ ထိုနေ့၌။ ပစ္စူသ ကာလေ၊ မိုးသောက်ထအခါ၌။ လောကံ၊ လူကို။ ဝေါလောကေတွာ၊ ကြည့်၍။ တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ တေသံ၊ ထိုရဟန်းတို့၏။ စိတ္တာစာရံ၊ စိတ်အကြံကို။ အညာသိ၊ သိတော်မူ၏။ တသ္မာ၊ ထို့ကြောင့်။ တတ္ထ၊ ထိုအရပ်၌။ မာသမတ္တံ၊ တလ မျှ။ ဝသိတွာ၊ နေ၍။ နိက္ခမနဒိဝသေ၊ထွက်ခဲ့သောနေ့၌။ ယထာ၊ အကြင် အခြင်းဖြင့်။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ အတ္တနော၊ မိမိ၏။ တေ- လနာဠိဥ္စ၊ ဆီကျည်တောက်ကိုရင်း။ ဥဒကတုမ္ဗဥ္စ၊ ရေဗူးကိုရင်း။ ဥပါဟ-

နာနိစ၊ ဘိနပ်တို့ကိုရှင်း။ ပမုဿန္တိ၊ မေ့လျော့ကုန်၏။ တထာ၊ ထိုအခြင်း ဖြင့်။ အဓိဋ္ဌဟိတွာ၊ ဆောက်တည်၍။ နိက္ခမန္တော၊ ထွက်ခဲ့လတ်သော်။ ဝိဟာရူပစာရတော၊ ကျောင်း၏ဥပစာမှ။ ဗဟိ၊ အပသို့။ နိက္ခန္တကာလေ၊ ထွက်သောအခါ၌။ ဣဒ္ဓိံ၊ တန်းခိုးကို။ ဝိဿဇ္ဇေသိ၊ လွှတ်၏။ အထ၊ ထိုအခါ၌။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ မယာ၊ ငါသည်။ ဣဒန္တိဒဉ္စ၊ ဤမည် ဤမည်သော ဝတ္ထုကိုလည်း။ ပမုဋ္ဌံ၊ မေ့လျော့၏။ မယာပိ၊ ငါ သည်လည်း။ ပမုဋ္ဌံ၊ မေ့လျော့၏။ ဣတိ၊ ဤသို့။ ဥဘောပိ၊ နှစ်ဦးသော ရဟန်းတို့သည်လည်း။ နိဝတ္တိတွာ၊ ပြန်၍။ တံဌာနံ၊ ထိုအရပ်ကို။ အသလ္လ-က္ခေတွာ၊ မမှတ်မိ၍။ ခဒိရရုက္ခ ကဏ္ဋကေဟိ၊ ရှားပင်ဆူးတို့ဖြင့်။ ဝိဇ္ဈမာ-နာ၊ စူးကုန်သည်ဖြစ်၍။ ဝိစရိတွာ၊ သွားလာ၍။ ကေသိံ ခဒိရရုက္ခေ၊ တခုသောရှားပင်၌။ ဩလမ္ဗန္တံ၊ ဆွဲထားခဲ့သော။ အတ္တနော ဘဏ္ဍိကံ၊ မိမိဥစ္စာကို။ ဒိသွာ၊ မြင်၍။ အာဒါယ၊ ယူငင်၍။ ပက္ကမိံသု၊ ဖဲသွား ကုန်၏။ သတ္ထာပိ၊ ဘုရားသည်လည်း။ ဘိက္ခုသံဃံ၊ ရဟန်းသံဃာကို။ အာဒါယ၊ ယူဆောင်၍။ ပုန၊ တဖန်။ မာသမတ္တေနေဝ၊ တလဖြင့်သာ လျှင်။ သီဝလိတ္ထေရဿ၊ သီဝလိထေရ်၏။ ပုညံ၊ ကောင်းမှုကို။ အနု-ဘဝမာနော၊ ခံစားလျက်။ ပဋိဂန္တွာ၊ အစဉ်သဖြင့် သွား၍။ ပုဗ္ဗာရာမံ၊ ပုဗ္ဗာရုံကျောင်းသို့။ ပါဝိသိ၊ ဝင်တော်မူ၏။

အထ၊ ထိုအခါ၌။ တေမဟလ္လက ဘိက္ခူ၊ ထိုရဟန်းကြီး နှစ်ယောက် တို့သည်။ ပါတောဝ၊ စောစောကလျှင်။ မုခံဓောဝိတွာ၊ မျက်နှာသစ် ၍။ အာဂန္တုက ဘတ္တဒါယိကာယ၊ ဧည့်သည်တို့အား ဆွမ်းလှူသော။ ဝိသာခါယ၊ ဝိသာခါ၏။ ဃရံ၊ အိမ်သို့။ ယာဂုံ၊ ယာဂုကို။ ပိဝိဿာမာတိ၊ သောက်ကုန်အံ့ဟူ၍။ ဂန္တွာ၊ သွား၍။ ယာဂုံ၊ ယာဂုကို။ ပိဝိတွာ၊ သောက်၍။ ခဇ္ဇကံ၊ ခဲဘွယ်ကို။ ခါဒိတွာ၊ စား၍။ နိသီဒိံသု၊ နေကုန်၏။ အထ၊ ထိုအခါ၌။ နေ၊ ထိုရဟန်းတို့ကို။ ဝိသာခါ၊ ဝိသာခါသည်။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေပိ၊ အရှင်ဘုရားတို့သည်လည်း။ သတ္ထာရာ၊ ဘုရားနှင့်။ သဒ္ဓိံ၊ တကွ။ ရေဝတတ္ထေရဿ၊ ရေဝတမထေရ်၏။ ဝသန-ဋ္ဌာနံ၊ နေရာအရပ်သို့။ အဂမိတ္ထ၊ ကြွကုန်၏လော။ ဣတိ၊ ဤသို့မေး၏။ ဥပါသိကေ၊ ဒါယိကာမ၊ အာမ၊ သွားကြကုန်သည်မှန်၏။ ဘန္တေ၊ အရှင်ဘုရား။ ထေရဿ၊ ရေဝတမထေရ်၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်

သည်။ ရမဏီယံ၊ မွေ့လျော်ဘွယ်ရှိ၏လော။ ဣတိ၊ ဤသို့မေး၏။ ဥပါသိ-
ကေ၊ ဒါယိကာမ။ တဿ၊ ထိုရေဝတ၏။ တံ၊ ထိုနေရာသည်။ ကုတော-
ရမဏီယံ၊ အဘယ်မှာ မွေ့လျော်ဘွယ်ရှိအံ့နည်း။ တာဝ၊ ရှေးဦးစွာ။
သုဒ္ဓကံ၊ တပါးသစ်ပင်နှင့်မရော သက်သက်။ ကဏ္ဍကာ ခဒိရရုက္ခဂဟနံ၊
ဆူးရှိသော ရှားပင်တောအုပ်ရှိ၏။ ပေတာနံ၊ ပြိတ္တာတို့၏။ နိဝါသနဋ္ဌာန-
သဒိသံ၊ နေရာအရပ်နှင့်တူ၏။ ဣတိ၊ ဤသို့ပြောကုန်၏။ အထ၊ ထိုအခါ
၌။ အညေ၊ တပါးကုန်သော။ ဒွေ ဒဟရ ဘိက္ခူ၊ ရဟန်းငယ်နှစ်ယောက်
တို့သည်။ အာဂမိံသု၊ လာကုန်၏။ ဥပါသိကာ၊ ဒါယိကာမသည်။
တေသံပိ၊ ထိုရဟန်းနှစ်ယောက်တို့အားလည်း။ ယာဂုခဇ္ဇကံ၊ ယာဂုခဲဘွယ်
ကို။ ဒတွာ၊ လှူ၍။ တထေဝ၊ ထိုအတူလျှင်။ ပဋိပုစ္ဆိ၊ မေး၏။ တေ၊
ထိုရဟန်းငယ်နှစ်ယောက်တို့သည်။ အာဟံသု၊ ဆိုကုန်၏။ ဥပါသိကေ၊
ဒါယိကာမ။ ဝဏ္ဏေတုံ၊ ချီးမွမ်းခြင်းငှါ။ န သက္ကာ၊ မတတ်နိုင်။ ထေရဿ၊
မထေရ်၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်သည်။ ဣဒ္ဓိယာ၊ တန်ခိုးဖြင့်။ အဘိ-
သင်္ခတံဝိယ၊ ပြုပြင်အပ်သကဲ့သို့ဖြစ်၏။ သုဓမ္မ ဒေဝသဘာ သဒိသံ၊ သုဓမ္မာ
နတ်သဘင်နှင့်တူ၏။ ဣတိ၊ ဤသို့ဆို၏။

ဥပါသိကာ၊ ဒါယိကာမသည်။ စိန္တေသိ၊ ကြံ၏။ ပဌမံ၊ ရှေးဦးစွာ။
အာဂတာ၊ လာကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ အညထာ၊ တပါး
သော အခြင်းအရာဖြင့်။ ဝဒိံသု၊ ဆိုကုန်၏။ ဣမေ၊ ဤရဟန်းငယ်တို့
သည်။ အညထာ၊ တပါးသော အခြင်းအရာဖြင့်။ ဝဒိံသု၊ ဆိုကုန်၏။
ပဌမံ၊ ရှေးဦးစွာ။ အာဂတာဘိက္ခူ၊ လာသောရဟန်းတို့သည်။ ကိဉ္စိဒေဝ၊
တစုံတခုကိုလျှင်။ ပမုဿိတွာ၊ မေ့လျော့၍။ ဣဒ္ဓိယာ၊ တန်ခိုးဖြင့်။
အဘိသင်္ခရိတွာ၊ ပြုပြင်စီရင်၍။ နိမ္မိတကာလေ၊ ဖန်ဆင်းသောအခါ၌။
ဂတာ ဘဝိဿန္တိ၊ သွားသည်ဖြစ်ကုန်လတ္တံ့။ ဣတိ၊ သို့။ အတ္တနော၊ မိမိ၏။
ပဏ္ဍိတဘာဝေန၊ ပညာရှိသည်၏ အဖြစ်ဖြင့်။ တေမတ္ထံ၊ ဤအကြောင်းကို။
ဉတွာ၊ သိ၍။ သတ္ထာရံ၊ ဘုရားကို။ အာဂတကာလေ၊ ကြွလာသော
အခါ၌။ ပုစ္ဆိဿာမိ၊ မေးအံ့ဟု၍။ အဋ္ဌာသိ၊ နေ၏။ တဒေဝ၊ ယို
နေ့ခင်းမှ။ မုဟုတ္တံယေဝ၊ တခဏလျှင်။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခု-
သံဃပရိဝုတော၊ ရဟန်းသံဃာ ခြံရံလျက်။ ဝိသာခါယ၊ ဝိသာခါ၏။
ဂေဟံ၊ အိမ်သို့။ ဂန္တွာ၊ သွားလေ၍။ ပညတ္တာသနေ၊ ခင်းအပ်သော
နေရာ၌။ နိသီဒိ၊ နေ၏။ သာ၊ ထိုဝိသာခါသည်။ ဗုဒ္ဓပမုခံ၊ ဘုရား

အမှူးရှိသော။ ဘိက္ခု သံဃံ၊ ရဟန်းသံဃာကို။ သက္ကစ္စံ၊ ရိုသေစွာ။ ပရိဝိသိတွာ၊ လုပ်ကျွေး၍။ ဘတ္တကိစ္စာဝသာနေ၊ ဆွမ်းစားပြီးသော အခါ၌။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပဋိပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေဟိ၊ အရှင်ဘုရားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဂတဘိက္ခူသု၊ သွားကုန်သော ရဟန်းတို့တွင်။ ကေစ္စေ၊ အမျို့သော ရဟန်းတို့သည်။ ရေဝတတ္ထေရဿ၊ ရေဝတမထေရ်၏။ ဝသနဋ္ဌာနံ၊ နေရာ အရပ်ကို။ ခဒိရ ဂဟနံ၊ ရှားပင်ရှိသော။ အရညန္တိ၊ တောဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ ကေစ္စေ၊ အချို့သော ရဟန်းတို့သည်။ ရမဏီယံတိ၊ မွေ့လျော် ဘွယ်ရှိ၏ ဟူ၍။ ဝဒန္တိ၊ ဆိုကုန်၏။ တေံ၊ ဤအကြောင်းသည်။ ကိံ နုခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေး၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ သတ္ထာ၊ သည်။ ဥပါသိကေ၊ ဒါယိကာမ။ ဂါမေ ဝါ၊ ရွာသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ယသ္မိံ ဌာနေ၊ အကြင်အရပ်၌။ အရဟန္တော၊ ရဟန္တာ တို့သည်။ ဝိဟရန္တိ၊ နေကုန်၏။ တံ၊ ထိုအရပ်သည်။ ရမဏီယမေဝ၊ မွေ့လျော်ဘွယ်ရှိသည်သာလျှင်တည်း။ ဣတိ ဝတွာ၊ ဤသို့မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေ· န္တော၊ ဟောလိုရကား။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၈ ဂါမေ ဝါ၊ ရွာ၌မူလည်းဖြစ်စေ။ ယဒိ၊ ထိုမှို့။ အရညေ ဝါ၊ တော၌ မူလည်းဖြစ်စေ။ ယဒိ၊ ထိုမှို့။ နိန္နေ ဝါ၊ ချိမ့်ဝှမ်းရာနိမ့်ရာ အရပ်၌ မူလည်း ဖြစ်စေ။ ထလေ ဝါ၊ ကြည်းကုန်းမြင့်ရာ အရပ်၌မူလည်းဖြစ်စေ။ ယတ္ထ၊ အကြင်အရပ်၌။ အရဟန္တော၊ ရဟန္တာတို့သည်။ ဝိဟရန္တိ၊ နေကုန်၏။ တံဘူမိ၊ ထိုနေရာအရပ်သည်။ ရာမဏေယျကံ၊ မွေ့လျော် နှစ်သက်ဘွယ် ရှိ၏။ ဣတိ၊ ဤသို့မိန့်၏။

တဿ၊ ထိုဂါထာ၏။ အတ္ထော၊ အနက်ကား။ အရဟန္တော၊ ရဟန္တာ တို့သည်။ ဂါမန္တေ၊ ရွာနီးကျောင်း၌။ ကာယဝိဝေကံ၊ ကာယဝိဝေကကို။ ကိဉ္စာပိ နလဘန္တိ၊ အကယ်၍ကား မရကုန်၏ရှင့်။ ပနတထာပိ၊ ထိုသို့ မရကုန်သော်လည်း။ စိတ္တဝိဝေကံ၊ စိတ္တဝိဝေကကို။ လဘန္တေဝ၊ ရကုန် သည်သာလျှင်တည်း။ ဟိ၊ ထိုစကားသင့်စွ။ တေသံ၊ ထိုရဟန္တာတို့အား။ ဒိဗ္ဗပဋိဘာဂါနိပိ၊ နတ်၌ဖြစ်သော အာရုံနှင့်တူသည်လည်း ဖြစ်ကုန်သော။ အာရမ္မဏာနိ၊ အာရုံတို့သည်။စိတ္တံ၊စိတ်ကို။ စာလေတုံ၊တုန်လှုပ်စေခြင်းငှါ။

နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ တသ္မာ၊ ထို့ကြောင့်။ ဂါမေဝါ၊ ရွာသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ အရညာဒီနံ၊ တောစသည်တို့တွင်။ အညတရံ၊ တပါးပါးသည်မူလည်း။ ဟောတု၊ ဖြစ်စေ။ ယတ္ထ၊ အကြင်အရပ်၌။ အရဟန္တော၊ ရဟန္တာတို့သည်။ ဝိဟရန္တိ၊ နေကုန်၏။ တံဘူမိ ရာမဏေယျကန္တိ၊ ဟူသည်ကား။ သော ဘူမိပဒေသော၊ ထိုနေရာအရပ်သည်။ ရမဏီယောဝ၊ မွေ့လျော်ဘွယ်သည်သာလျှင်တည်း။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။

အပရေန သမယေန၊ တပါးသောအခါ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ကေနနုခေါကာရဏေန၊ အဘယ်အကြောင်းဖြင့်။ သီဝလိတ္ထေရော၊ သီဝလိ မထေရ်သည်။ သတ္တဒိဝသ သတ္တမာသာဓိကာနိ၊ ခုနစ်ရက် ခုနစ်လ အလွန်ရှိကုန်သော။ သတ္တဝဿာနိ၊ ခုနစ်နှစ်တိုင်တိုင်။ မာတုကုစ္ဆိယံ၊ အမိဝမ်း၌။ ဝသိ၊ နေရသနည်း။ ကေန၊ အဘယ်အကြောင်းကြောင့်။ နိရယေ၊ ငရဲ၌။ ပစ္စိ၊ ခံရသဖြင့် ကျက်သနည်း။ ကေန နိဿန္ဒေန၊ ဘယ်အကျိုးဆက်ကြောင့်။ လာဘဂ္ဂယသဂ္ဂပ္ပတ္တော၊ လာဘ်ပြန့်ပြောခြင်း အခြံအရံဖြင့် ပြန့်ပြောခြင်းသို့ ရောက်လေခြင်းသည်။ ဇာတော၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့ပြောကုန်၏။ သတ္ထာ၊ ဘုရားသည်။ ထံကထံ၊ ထိုစကားကို။ သုတ္ဝာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ၊ အဘယ်စကားကို။ ကထေထ၊ ပြောဆို ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေးခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ ဣဒံနာမာတိ၊ ဤမည်သော စကားကြောင့်တည်းဟု။ ဝုတ္တေ၊ လျှောက်လတ်သည်ရှိသော်။ အာယသ္မတော၊ အသက်ရှည်သော။ တဿ၊ ထိုအရှင်သီဝလိ၏။ ပုဗ္ဗကမ္မံ၊ ရှေးကောင်းမှုကံကို။ ကထေန္တော၊ ဟောလိုသည်ဖြစ်၍။ အာဟ၊ မိန့်တော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣတော၊ ဤကမ္ဘာမှ။ ကေနဝုတိကပ္ပေ၊ ကိုးဆယ့်တကမ္ဘာထက်၌။ ဝိပဿီဘဂဝါ၊ ဝိပဿီမည်သောဘုရားသည်။ လောကေ၊ လောက၌။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ကေသုိ သမယေ၊ တပါး

သောအခါ၌။ ဇနပဒ စာရိကံ၊ ဇနပုဒ်ဒေသစာရီကို။ စရိတွာ၊ သွား၍။ ပိတု နဂရံ၊ ခမည်းတော်၏ နေပြည်တော်သို့။ ပစ္စာဂမာသိ၊ တဘန်ရောက်၏။ ရာဇာ၊ မင်းသည်။ ဗုဒ္ဓပမုခဿ ဘိက္ခုသံဃဿ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာအား။ အာဂန္တုကဒါနံ၊ အာဂန္တုကအလှူကို။ သဇ္ဇေတွာ၊ စီရင်၍။ နာဂရာနံ၊ ပြည်သူတို့အား။ သာသနံ၊ သတင်းစကားကို။ ပေသေသိ၊ စေလွှတ်၏။ အာဂန္တွာ၊ လာ၍။ မယှံ၊ ငါ၏။ ဒါန သဟာယကာ၊ အလှူ၌ ညီဘော် ညာဘော်တို့သည်။ ဟောန္တု၊ ဖြစ်စေကုန်လော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ တေ၊ ထိုပြည်သူတို့သည်။ တထာ၊ ထိုအခြင်းအရာဖြင့် မင်းဆိုတိုင်း။ ကတွာ၊ ပြု၍၊ ရညာ၊ မင်းသည်။ ဒိန္နဒါနတော၊ ပေးသောအလှူထက်။ အတိရေကတရံ၊ အတိုင်းထက်အလွန်။ ဒဿာမ၊ ပေးလှူကုန်အံ့။ ဣတိ၊ ဤသို့။ သတ္ထာရံ၊ဘုရားကို။ နိမန္တေတွာ၊ ဘိတ်၍။ ပုနဒိဝသေ၊ တဘန် မိုးသောက်သောနေ့၌။ ဒါနံ၊ အလှူကို။ ပဋိယာဒေတွာ၊ စီရင်၍။ ရညော၊ မင်းအား။ သာသနံ၊ သတင်းစကားကို။ ပဟိဏိံသု၊ စေလွှတ်ကုန်၏။ ရာဇာ၊ မင်းသည်။ အာဂန္တွာ၊ လာ၍။ တေသံ၊ ထိုပြည်သူတို့၏။ ဒါနံ၊ အလှူကို။ ဒိသွာ၊ မြင်၍။ ဣတော၊ ဤအလှူထက်။ အဓိကတရံ၊ လွန်စွာ။ ဒဿာမီတိ၊ လှူအံ့ဟူ၍။ ပုနဒိဝသတ္ထာယ၊ တဘန် နက်ဖြန်အကျိုးငှါ။ သတ္ထာရံ၊ ဘုရားကို။ နိမန္တေသိ၊ ဘိတ်၏။ ရာဇာ၊ မင်းသည်။ နာဂရေ၊ ပြည်သူတို့ကို။ ပရာဇေတုံ၊ ရှုံးစေခြင်းငှါ။ နေဝသက္ကိ၊ မတတ်နိုင်။ နာဂရာ၊ ပြည်သူတို့သည်။ ရာဇာနံ၊ မင်းကို။ ပရာဇေတုံ၊ ရှုံးစေခြင်းငှါ။ နာသက္ကိံသု၊ မတတ်နိုင်ကုန်။ နာဂရာ၊ ပြည်သူတို့သည်။ ဆဋ္ဌေ ဝါရေ၊ ခြောက်ကြိမ်မြောက်သောအခါ၌။ သွေ၊ နက်ဖြန်။ ဒါနိ၊ ယခုအခါ၌။ ယထာ၊ အကြင် အခြင်းဖြင့်။ ဣမသ္မိံ ဒါနေ၊ ဤအလှူ၌။ ဣဒံ နာမ၊ ဤမည်သော လှူဘွယ်ဝတ္ထုသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ သက္ကာ၊ တတ်ကောင်းသည်။ နဟောတိ၊ မဖြစ်။ ဧဝံ၊ ဤအခြင်းဖြင့်။ ဒါနံ၊ အလှူကို။ ဒဿာမာတိ၊ လှူကုန်အံ့ဟူ၍။ စိန္တေတွာ၊ ကြံ၍။ ပုနဒိဝသေ၊ မိုးသောက်သောအခါ၌။ ဒါနံ၊ အလှူကို။ ပဋိယာဒေတွာ၊ စီရင်၍။ တေ၊ ထို ဤအလှူ၌။ ကိံ နုခေါ၊ အဘယ် ဒါနဝတ္ထုသည်။ နတ္ထီတိ၊ မရှိသနည်းဟု။ ဩလောကေန္တော၊ ကြည့်သည်ရှိသော်။ အလ္လမခုမေဝ၊ ပျားသစ်ကိုသာလျှင်။ န အဒ္ဒသံသု၊ မမြင်ကုန်။ ပက္ကမခုပန၊ ပျားကျက်သည်ကား။ ဗဟုံ၊ များစွာ။ အတ္ထိ၊ ရှိ၏။

တေ၊ ထိုပြည်သူတို့သည်။ အလ္လမ္ပကတ္တာယ၊ အအုံနှင့်တကွ ဖြစ်သော
ပျားလပို့အကျိုးငှါ။ စတူသု နဂရဒွါရေသု၊ ပြည်တံခါး လေးမျက်နှာ
တို့၌။စတ္တာရိ ကဟာပဏ သဟဿာနိ၊ အသပြာလေးထောင်တို့ကို။ ဂါဟာ-
ပေတွာ၊ ယူစေ၍။ ပဟိဏိံသု၊ စေလွှတ်ကုန်၏။ အထ၊ ထိုအခါ၌။
ဧကော ဇနပဒမနုဿော၊ ဇနပုဒ်ရွာသားတယောက်သည်။ ဂါမဘောဇကံ၊
ရွာစားမင်းကို။ ပဿိတုံ၊ ဖူးမြင်ခြင်းငှါ။ အာဂစ္ဆန္တော၊ လာလတ်သော်။
အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ မဓုပဋလံ၊ ပျားအုံကို။ ဒိသွာ၊ မြင်၍။
မက္ခိကာ၊ ပျားကောင်တို့ကို။ ပလာပေတွာ၊ ပျံသွားစေ၍။ သာခံ၊ သစ်ခက်
ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ သာခဒဏ္ဍကေနေဝ၊ အခက်အတန်နှင့်သာလျှင်။
သဒ္ဓိံ၊ တကွ။ မဓုပဋလံ၊ ပျားအုံကို။ အာဒါယ၊ ယူ၍။ ဂါမဘော-
ဇကဿ၊ ရွာစားမင်းအား။ ဒဿာမီတိ၊ ဆက်သအံ့ဟူ၍။ နဂရံ၊ ပြည်သို့။
ပါဝိသိ၊ ဝင်၏။ မဓုအတ္ထာယ၊ ပျားအလို့ငှါ။ ဂတော၊ သွားသောသူ
သည်၊ တံ၊ ထိုဇနပုဒ်သား ယောကျ်ားကို။ ဒိသွာ၊ မြင်၍။ အမ္ဘော၊
အိုယောကျ်ား။ မဓုံ၊ ပျားကို။ ဝိက္ကိဏိယံ၊ ရောင်းအံ့လော။ ဣတိပုစ္ဆိ၊
ဤသို့မေး၏။ သာမိ၊ သခင်သား။ တံ၊ ထိုပျားကို။ န ဝိက္ကိဏိယံ၊
မရောင်း။ ဟန္ဒ၊ ယခု။ ဣမံကဟာပဏံ၊ ဤအသပြာကို။ ဂဟေတွာ၊
ယူ၍။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုပျားရှင်ယောကျ်ား
သည်။ စိန္တေသိ၊ ကြံ၏။ ဣမံမဓုပဋလံ၊ ဤပျားအုံသည်။ ပါဒမတ္တံပိ၊
တမတ်မျှသည်လည်း။ န အဂ္ဃတိ၊ မထိုက်။ အယံပန၊ ဤသူသည်ကား။
ကဟာပဏံ၊ အသပြာကို။ ဒေတိ၊ ပေး၏။ ကဟာပဏကော၊ အသပြာ
သည်။ ဗဟုမညေ၊ များယောင်ထင်၏။ မယာ၊ ငါသည်။ ဝဍ္ဎေတုံ၊
ကြီးပွားစေခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့ကြံ၏။ အထ၊ ထို့နောင်မှ။
နံ၊ ကို။ န ဒေမိတိ၊ မပေးအံ့ဟူ၍။ အာဟ၊ ဆို၏။ တေနဟိ၊ ထိုသို့ဘာ
မူကား။ ဒွေ ကဟာပဏေ၊ နှစ်သပြာတို့ကို။ ဂဏှာဟိ၊ ယူလော့။ ဣတိ၊
ဤသို့ ဆိုလတ်သော်။ ဒွီဟိပိ၊ နှစ်သပြာတို့ဖြင့်လည်း။ န ဒေမိ၊ မပေးအံ့။
ဣတိဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ ဝဍ္ဎေသိယေဝ၊ ပွားစေသည်သာ
လျှင်တည်း။ သော၊ ထိုယောကျ်ားသည်။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။
ဣဒံ သဟဿံ၊ ဤအသပြာတထောင်ကို။ ဂဏှာဟီတိ၊ ယူလော့ဟူ၍။
ဘဏ္ဍိကံ၊ ဥစ္စာထုပ်ကို။ ဥပနေသိ၊ အနီးသို့ဆောင်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုဝယ်သူကို။ သော၊ ထိုပျားသည်သည်။ အာဟ၊ ဆို၏။ ကိံ နုခေါ၊ အသို့နည်း။ တွံ၊ သင်သည်။ ဥမ္မတ္တကော၊ ရူးသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ကဟာပဏာနံ၊ အသပြာတို့၏။ ထပနောကာသံ။ ထားရာအရပ်ကို။ န လဘသိ၊ မရလေသလော။ ပါဒံပိ၊ တမတ်မျှကိုလည်း။ န အဂ္ဃနကံ၊ မထိုက်သော။ မဓုံ၊ ပျားကို။ သဟဿံ၊ တထောင်ကို။ ဂဟေတွာ၊ ယူ၍။ ဒေဟီတိ၊ ပေးလော့ဟု။ ဝဒသိ၊ ဆို၏။ တော်၊ ဤသည်ကား။ ကိံ နာမ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ ဆို၏။ ဘော၊ အချင်း။ အဟံ၊ ငါသည်။ ဇာနာမိ၊ သိ၏။ ဣမိနာ ပန၊ ဤပျားဖြင့်ကား။ မေ၊ ငါ၏။ ကမ္မံ၊ အမှုသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုကြောင့်။ ဧဝံ၊ သို့။ ဝဒါမိ၊ ငါဆို၏။ ဣတိ၊ ဤသို့ ပြော၏။ သာမိ၊ သခင်သား။ ကိံ ကမ္မံ၊ အဘယ်အမှုနည်း။ ဣတိ၊ ဤသို့ မေး၏။ အမှေဟိ၊ ငါတို့သည်။ * အဋ္ဌသဋ္ဌိ သမဏ သတသဟဿ ပရိဝါရဿ၊ ရဟန္တာ တသိန်းခြောက်သောင်း ရှစ်ထောင် အခြံအရံရှိသော။ ဝိပဿီ ဗုဒ္ဓဿ၊ ဝိပဿီဘုရားအား။ မဟာဒါနံ၊ အလှူကြီးကို။ သဇ္ဇိတံ၊ စီရင်အပ်၏။ တတြ၊ ထိုအလှူ၌။ ကော် အလ္လမဓုမေဝ၊ ဤပျားလပ္ပိုတခုသည်သာလျှင်။ နတ္ထိ၊ မရှိ။ တသ္မာ၊ ထိုကြောင့်။ ဧဝံဂဏှာမိ၊ ဤသို့ အဘိုးမတန်သော်လည်း ဝယ်၏။ ဣတိဧဝံသန္တေ၊ ဤသို့ ဘုရားအား လှူလိုသည်ရှိသော်။ အဟံ၊ ငါသည်။ မူလေန၊ အဘိုးဖြင့်။ န ဒဿာမိ၊ မပေးအံ့။ အဟံပိ၊ ငါသည်လည်း။ ဒါနေ၊ အလှူ၌။ ပတ္တိံ၊ အဘို့ဝေခြင်းကို။ သစေ လဘိဿာမိ၊ အကယ်၍ ရသည်ဖြစ်အံ့။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုဝယ်သူသည်။ ဂန္တွာ၊ သွား၍။ နာဂရာနံ၊ ပြည်သူတို့အား။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။ နာဂရာ၊ ပြည်သူတို့သည်။ တဿ၊ ထိုပျားသည်၏။ သဒ္ဓါယ ဗလဝ ဘာဝံ၊ သဒ္ဓါခြင်းအားကြီးသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ ပတ္တိကော၊ အလှူအဘို့သည်။ ဟောတု၊ ဖြစ်စေလော့။ ဣတိပဋိဇာနိံသု၊ ဤသို့ ဝန်ခံကုန်၏။ တေ၊ ထို ပြည်သူတို့သည်။ ဗုဒ္ဓပမုခ ဘိက္ခုသံဃံ၊ ဘုရားအမှူးရှိသော ရဟန်းသံဃာကို။ နိသီဒါပေတွာ၊ နေစေ၍။ ယာဂု ခဇ္ဇကံ၊ ယာဂုခဲဘွယ်ကို။ ဒတွာ၊ ပေး၍။ မဟာတိံ၊ ကြီးစွာသော။ သုဝဏ္ဏပါတိံ၊ ရွှေခွက်ကို။ အာဟရာ-ပေတွာ၊ ဆောင်စေ၍။ မဓုပဋလံ၊ ပျားလပ္ပိုကို။ ပိဋ္ဌာပေသုံ၊ ညှစ်စေကုန်၏။

* အဋ္ဌသဋ္ဌိ သမဏ သဟဿ ပရိဝါရဿ (ဆဋ္ဌ)

တေနေဝ မနုဿေန၊ ထိုလူသည်ကား။ ပဏ္ဏာကာရတ္ထာယ၊ လက်ဆောင် အလို့ငှါ။ ဒမိဠ ါရကောပိ၊ နို့ဓမ်း စသည်ကိုလည်း။ အာဟဋ္ဌော၊ ဆောင်လိုခြင်းသည်။ အတ္ထိ၊ ရှိ၏။ သော၊ ထိုယောကျ်ားသည်။ တံပိ ဒမိဠံ၊ ထိုနို့ဓမ်းကိုလည်း။ ပါတိယံ၊ ခွက်၌။ အာကိရိတွာ၊ လောင်း၍။ တေန-မဓုနာ၊ ထိုပျားနှင့်။ သံသန္ဒိတွာ၊ ၍။ မဒ္ဒိတွာ၊ နယ်၍။ ဗုဒ္ဓပမုခဿ ဘိက္ခု-သံဃဿ၊ ဘုရားအမှူးရှိသော သံဃာအား။ အာဒိတော၊ အစဖြစ်သော ဘုရားမှ။ ပဋ္ဌာယ၊ စ၍။ အဒါသိ၊ လှူ၏။ တံ၊ ထိုပျားနို့ဓမ်းသည်။ ယာဝ-ဒတ္ထံ၊ အလိုအတိုင်း။ ဂဏှန္တာနံ၊ အလှူခံကုန်သော။ သဗ္ဗေသံ၊ ခပ်သိမ်းသော ဘုရားရဟန်းသံဃာတို့အား။ ပါပုဏိ၊ ရောက်၏။ ဥတ္တရိပိ၊ အလွန်လည်း။ အဝသိဋ္ဌံ၊ အကြွင်းသည်။ အဟောသိယေဝ၊ ဖြစ်သည်သာလျှင်တည်း။ ဧဝံ၊ ဤသို့။ ထောကံ၊ အနည်းငယ်သော။ မဓု၊ ပျားအလှူသည်။ ကထံ၊ အသို့မူ၍။ တာဝ၊ ရှေးဦးစွာ။ ဗဟူနံ၊ များစွာသော သူတို့အား။ ပါပုဏိတိ၊ ရောက်၏နည်းဟု။ နစိန္တေတဗ္ဗံ၊ မကြံအပ်။ ဟိ၊ ထိုစကားသင့်စွ။ တံ၊ ထိုအကျိုးသည်။ ဗုဒ္ဓါနုဘာဝေန၊ ဘုရားအာနုဘော်ဖြင့်။ ပါပုဏိ၊ ရောက်၏။ ဗုဒ္ဓဝိသယောစ၊ ဘုရားအရာကိုလည်း။ နစိန္တေတဗ္ဗော၊ မကြံအပ်။ ဟိ၊ သင့်စွ။ အစိန္တေယျာနိ၊ မကြံအပ်သည်တို့ကို။ စတ္တာရိတိ၊ လေးပါးတို့ဟူ၍။ ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။ တာနိ၊ ထိုမကြံအပ်သည်တို့ကို။ စိန္တေန္တော၊ ကြံသောသူသည်။ ဥမ္မာဒဿေဝ၊ ရူးခြင်း၏သာလျှင်။ ဘာဂီ၊ အဘို့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ သောပုရိသော၊ ထိုယောကျ်ားသည်။ တွေကံ ကမ္မံ၊ ဤမျှလောက်သော ကောင်းမှုကို။ ကတွာ၊ ပြု၍။ အာယု-ပရိယောသာနေ၊ အသက်အဆုံး၌။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ တွေကံ ကာလံ၊ ဤမျှကာလတိုင်တိုင်။ သံသရန္တော၊ ကျင်လည် သည်ရှိသော်။ ကေသိဉ္စိ သမယေ၊ တခုသောအခါ၌။ ဒေဝလောကာ၊ နတ်ပြည်မှ။ စဝိတွာ၊ စုတေ၍။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ရာဇကုလေ၊ မင်းမျိုး၌။ နိဗ္ဗတ္တော၊ ဖြစ်သည်ရှိသော်။ ပိတုအစ္စယေန၊ အဘနတ်ရွာလားသဖြင့်။ ရဇ္ဇံ၊ မင်း၏အဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ သော၊ ထိုမင်းသည်။ ဧကံနဂရံ၊ ပြည်တခုကို။ ဂဏှိဿာမီတိ၊ ယူအံ့ဟူ၍။ ဂန္တွာ၊ ၍။ ပရိဝါရေသိ၊ ခြံရံ၏။ နာဂရာနဉ္စ၊ ပြည်တို့အားလည်း။ သာသနံ၊ သတင်းစကားကို။ ပဟိဏိ၊ စေလွှတ်၏။ ရဇ္ဇံဝါ၊ ပြည်သူကိုမူလည်း။ မေ၊ ငါ့အား။ ဒေန္တု၊ ပေးကုန်အံ့လော။ ယုဒ္ဓံဝါ၊ စစ်ကိုမူလည်း ထိုးကုန်အံ့လော။ ဣတိ၊ ဤသို့

စေ၏။ တေ၊ ထိုပြည်သူတို့သည်။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ နေဝ ဒဿာမ၊ ငါတို့မပေးလိုကုန်။ နယုဒ္ဓံ၊ စစ်မထိုးလိုကုန်။ ဣတိဝတွာ၊ ဤသို့ ဆို၍။ စူဠဒွါရေဟိ၊ မလွယ်တံခါးဘို့ဖြင့်။ နိက္ခမိတွာ၊ ထွက်၍။ ဒါရုဒကာဒီနိ၊ ထင်း ရေ စသည်တို့ကို။ အာရဟန္တိ၊ ဆောင်ယူကုန်၏။ သဗ္ဗကိစ္စာနိ၊ ခပ်သိမ်းသော ကိစ္စတို့ကို။ ကရောန္တိ၊ ပြုကုန်၏။

ဣတရောပိ၊ ဗာရာဏသီမင်းသည်လည်း။ စတ္တာရိ မဟာဒွါရာနိ၊ တံခါးမ လေးခုတို့ကို။ ရက္ခန္တော၊ စောင့်ရှောက်လျက်။ သတ္တမာသာဓိကာနိ၊ ခုနစ်လ အလွန် ရှိကုန်သော။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ နဂရံ၊ ပြည်ကို။ ဥပရုန္ဓိ၊ ဆီးတားဝန်းရံ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုမင်း၏။ မာတာ၊ မယ်တော်သည်။ မေ၊ ငါ၏။ ပုတ္တော၊ သားတော်သည်။ ကိံ၊ အဘယ်သို့။ ကရောတိ၊ ပြုသနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မေးရ်။ ဒေဝိ၊ မယ်တော်မိဖုရားကြီး။ ဣဒံနာမာတိ၊ ဤမည်သော အမှုတည်းဟု။ တံ-ပဝတ္တိံ၊ ထိုလျှောက်သော အကြောင်းကို။ သုတွာ၊ ကြား၍။ မမ ပုတ္တော၊ ငါ့သားတော်သည်။ ဗာလော၊ မလိမ္မာစွတကား။ ဂစ္ဆထ၊ သွားလေကုန်။ တဿ၊ ထိုမင်းအား။ စူဠဒွါရာနိပိ၊ တံခါးငယ်တို့ကိုလည်း။ ပိဓာယ၊ ပိတ်၍။ နဂရံ၊ ပြည်ကို။ ဥပရုန္ဓတူတိ၊ ဆီးတားလော့ဟု။ ဝဒေထ၊ ဆို လေကုန်လော့။ ဣတိ၊ ဤသို့စေလွှတ်၏။ သော၊ထိုမင်းသည်။ မာတုသာ-သနံ၊ အမိသတင်းစကားကို။ သုတွာ၊ ကြား၍။ တထာ၊ ထိုအမိဆိုတိုင်း။ အကာသိ၊ ပြု၏။ နာဂရာပိ၊ ပြည်သူတို့သည်လည်း။ ဗဟိ၊ အပသို့။ နိက္ခ-မိတုံ၊ ထွက်ခြင်းငှါ။ အလဘန္တာ၊ မရကုန်သည်ဖြစ်၍ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ အတ္တနော ရာဇာနံ၊ မိမိပြည်ရှင်မင်းကို။ မာရေတွာ၊ သတ်၍။ (ခာရေတွာလည်းရှိ၏ ဆောင်၍ပေး)။ ။တဿ၊ ထိုဗာရာဏသိ မင်းအား။ ရဇ္ဇံ၊ ပြည်စည်းစိမ်ကို။ အဒံသု၊ ပေးကုန်၏။

သော၊ ထိုမင်းသည်။ ဣမံကမ္မံ၊ ဤမကောင်းမှုကို။ ကတွာ၊ ပြု၍။ အာယုပရိယောသာနေ၊ အသက်အဆုံး၌။ အဝီစိမှိ၊ အဝီစိ၌၊ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ယာဝ၊ အကြင်မျှလောက်။ အယံပထဝီ၊ ဤမြေကြီးသည်။ယော-ဇနမတ္တံ၊ တယူဇနာမျှ။ ဥဿန္နံ၊ မြင့်၏။ တာဝ၊ ထိုမျှလောက်။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်၍။ စတုန္နံ စူဠဒွါရာနံ၊ တံခါးငယ်လေးခုတို့ကို။ ပိဒဟိတတ္တာ၊ ပိတ်ခြင်းကြောင့်။ တတော၊ ထိုငရဲမှ။ စုတော၊ စုတေ-သည်ရှိသော်။ တဿာဝေ မာတု၊ ထိုအမိ၏သာလျှင်။ ကုစ္ဆိသ္မိံ၊ ဝမ်း၌။

ပဋိသန္ဓိံ၊ ပဋိသန္ဓေကို။ ဂဟေတွာ၊ ယူ၍။ သတ္တမာသာဓိကာနိ၊ ခုနစ်လ အလွန်ရှိကုန်သော။ သတ္တဝဿာနိ၊ ခုနစ်နှစ်တို့ပတ်လုံး။ အန္တောကုစ္ဆိံ၊ အမိဝမ်း၌။ ဝသိတွာ၊ နေ၍။ သတ္တဒိဝသာနိ၊ ခုနစ်ရက်တိုင်တိုင်။ယောနိမုခေ၊ ယောနိအဝ၌။ တိရိယံ၊ ဖီလာ။နိပ္ပဇ္ဇိ၊ အိပ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့။ သီဝလိ၊ သီဝလိသည်။ဘဒ္ဒါ၊ ထိုအခါ၌။ နဂရံ၊ပြည်ကို။ ဥပရုန္ဓိတွာ၊ ဝန်းရံ၍။ ဂဟိတကမ္မေန၊ ယူဘူးသောမကောင်းမှုဖြင့်။ဇွတ္တကံ-ကာလံ၊ ဤမျှကာလပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်၍။ ဝတုန္နံ-စူဋ္ဌဒွါရာနံ၊ တံခါးငယ် လေးခုတို့ကို။ ပိဒဟိတတ္တာ၊ ပိတ်ခြင်းကြောင့်။ တတော၊ ထိုကိုယ်မှ။ စုတော၊ စုတေသည်ရှိသော်။ တဿာဝေ မာတု၊ ထိုအမိ၏ သာလျှင်။ ကုစ္ဆိယံ၊ ဝမ်း၌။ ပဋိသန္ဓိံ ဂဟေတွာ၊ ပဋိသန္ဓေ-ယူ၍။ ဧတ္တကံကာလံ၊ ဤမျှကာလတိုင်တိုင်။ ကုစ္ဆိယံ၊ဝမ်း၌။ ဝသိ၊နေရ၏။ နဝ မဝုနော၊ အသစ်စက်စက်ပျားတို့ကို။ ဒိန္နတ္တာ၊ လှူဘူးသောကြောင့်။ လာဘဂ္ဂ ယသဂ္ဂပ္ပတ္တော၊ လာဘ်ပြန့်ပြောခြင်း အခြံအရံ ပြန့်ပြောခြင်းသို့ ရောက်ခြင်းသည်။ ဇာတော၊ ဖြစ်၏။ ဣတိ၊ ဤသို့မိန့်၏။ ပုန၊ တဖန်။ ဧကဒိဝသံ၊ တနေ့သ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထံ၊ စကားကို။သမု-ဋ္ဌာပေသုံ၊ ဖြစ်စေကုန်၏။သာမဏေရဿ၊ သာမဏေ၏။ လာဘော၊ လာဘ်ပြန့်ပြောခြင်းသည်။ အဟောပုညံ၊ အံ့ဘွယ်ဘုန်းရှိ၏။ ယေန၊ အကြင် သာမဏေသည်။ ဧကေန၊ တယောက်တည်းဖြင့်လျှင်။ ပဉ္စန္နံ ဘိက္ခု-သတာနံ၊ ရဟန်းငါးရာတို့၏။ ပဉ္စကူဋာဂါရ သတာဒိနိ၊ စုလစ်မွန်းချွန်တပ်သော ငါးရာသော ကျောင်းတို့ကို။ ကတာနိ၊ ပြုအပ်ကုန်၏။ ဣတိ၊ ဤသို့ဖြစ်စေကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ လာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မိန့်ခြင်းကြောင့်။ ဣမာယနာမ ဘိ၊ ဤမည်သော စကားဖြင့်တည်း ဟု။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့၊ မယှံ ပုတ္တဿ၊ ငါ့သားအား။ ပုညံ၊ ကောင်းမှုသည်။ နေဝတ္ထိ၊ မရှိ။ ပါပံ၊ မကောင်းမှုသည်။ နအတ္ထိ၊ မရှိ။ အဿ၊ ထိုသာမဏေအား။ ဥဘယံ၊ ကောင်းမှု မကောင်းမှုနှစ်ပါးကို။ ပဟီနံ၊ ပယ်အပ်ပြီ။ ဣတိဝတွာ၊ ဤသို့မိန့်ပြီး၍။ ဗြာဟ္မဏ ဝဂ္ဂေ၊ ဗြာဟ္မဏဝဂ်၌။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

ဘိက္ခဝေ၊ရဟန်းတို့။ယော စ၊အကြင်သူသည်သာသျှင်။ ပုညဉ္စ၊ကောင်းမှု ကိုလည်းကောင်း။ ပါပဉ္စ၊ မကောင်းမှုကိုလည်းကောင်း။ သင်္ဂံ ၊အာရုံ၌ ကပ်ငြိခြင်းရှိသော။ ဥဘော၊ နှစ်ပါးစုံကို။ ဥပစ္စဂါ၊ ပယ်စွန့်အပ်၏။ အသောကံ၊ စိုးရိမ်ခြင်းမရှိ။ ဝိရဇံ၊ မြူမရှိ။ သုဒ္ဓံ၊ စင်ကြယ်၏။ တံ၊ ထို သူကို။ အဟံ၊ ငါဘုရားသည်။ ဗြာဟ္မဏံ၊ ဗြာဟ္မဏဟူ၍။ ဗြူမိ၊ ဆို၏။ ဣတိပရိသမာပနံ၊ ခုနစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော အရဟန္တဝဂ်၌ ကိုးခု မြောက်ဖြစ်သော ရေဝတတ္ထေရဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ မှတ်အပ်၏။

နဝမံ၊ သော။ ခဒိရဝနိယ ရေဝတတ္ထေရ ဝတ္ထု တည်း။

---

## ၇-အရဟန္တဝဂ္ဂ၊ ၁၀-အညတရဣတ္ထိံ ဝတ္ထု

အနုသန္ဓေ…ရေဝတတ္ထေရဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့် ပြီး၍ ပိဏ္ဍပါတိကဝတ္ထု၌ ဟောရာဂါထာ၏, တနည်းကား အမှတ်မရှိသော ပြည့်တန်ဆာမ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ရမဏီ-ယာနိစသည်ကို မိန့်အပ်၏။

ရမဏီယာနိတိ ဣမံဓမ္မဒေသနံ၊ ရမဏီယာနိ စသော ဤတရားဟော ခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟ-ရန္တော၊နေစဉ်။ အညတရံ၊ အမှတ်မရှိသော။ ဣတ္ထိံ ၊ မိန်းမကို။ အာရဗ္ဘ၊ အကြောင်းပြု၍ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ကြားဘူးသည်ကား။ဧကော၊ တယောက်သော။ ပိဏ္ဍပါတိကော၊ ပိဏ္ဍပါတ် ဆောက်တည်သော။ ဘိက္ခု၊ ရဟန်းသည်။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ ဧကံဇိဏ္ဏ-ဥယျာနံ၊ ဥယျာဉ်ဟောင်းတခုသို့။ ပဝိသိတွာ၊ ဝင်၍။ သမဏဓမ္မံ၊ ရဟန်း တရားကို။ ကရောတိကိရ၊ ပြုသတတ်။ နဂရသောဘိဏီ၊ ပြည်၏မျက်စိ ဖြစ်၍ တင့်တယ်ခြင်းရှိသော။ ဧကာဣတ္ထီ၊ မိန်းမတယောက်သည်။ ပုရိ-သေန၊ ယောကျ်ားနှင့်။ သဒ္ဓိံ ၊ တကွ။ အဟံ၊ ငါသည်။ အသုကဋ္ဌာနံ-နာမ၊ ဤမည်သော အရပ်သို့။ ဂမိဿာမိ၊ သွားအံ့။ တွံ၊ သည်။ တတ္ထ၊ ထိုအရပ်သို့။ အာဂစ္ဆေယျာသိ၊ လာခဲ့လော့။ ဣတိ၊ ဤသို့။ သင်္ကေတံ-ကတွာ၊ ချိန်းချက်ခြင်းကိုပြု၍။ အဂမာသိ၊ သွားလေ၏။ သောပုရိသော၊

ထိုယောကျ်ားသည်။ နာဂစ္ဆိ၊ မသွား။ သာ၊ ထိုပြည်တန်းဆာမသည်။ တဿ၊ ထိုယောကျ်ား၏။ အာဂမနမဂ္ဂံ၊ လာရာခရီးကို။ ဩလောကေန္တီ၊ ကြည့်သည်ရှိသော်။ တံ၊ ထိုယောကျ်ားကို။ အဒိသွာ၊ မမြင်၍။ ဥက္ကဏ္ဌိတွာ၊ ဆန့်ကျင်သည်ဖြစ်၍။ ဣတော စိတော၊ ထိုမှဤမှလည်း။ ဝိစရမာနာ၊ စုံစမ်းရှာဖွေသည်ရှိသော်။ ဥယျာနံ၊ ဥယျာဉ်သို့။ ပဝိသိတွာ၊ ဝင်၍။ ထေရံ၊ မထေရ်ကို။ ပလ္လင်္ကံ အာဘုဇိတွာ၊ ထက်ဝယ်ဖွဲ့ခွေ၍။ နိသိန္နံ၊ နေသည်ကို။ ဒိသွာ၊ မြင်၍။ ဣတော စိတောစ၊ ထိုမှဤမှလည်း။ အညံ၊ တပါးကို။ ဩလောကယမာနာ၊ ကြည့်သည်ရှိသော်။ အညံ၊ တပါးသော၊ ကိဉ္စိ၊ တစုံတခုကို။ အဒိသွာ၊ မမြင်၍။ အယမ္ပိ၊ ဤရဟန်းသည်လည်း။ ပုရိသော-ဝ၊ ယောကျ်ားသာတည်း။ ဣမဿ၊ ဤရဟန်း၏။ စိတ္တံ၊ စိတ်ကို။ ပမောဟေဿာမိ၊ တွေဝေစေအံ့။ ဣတိ၊ ဤသို့ကြံလျက်။ တဿ၊ ထိုရဟန်း၏။ ပုရတော၊ ရှေ့မှ။ ဌတွာ၊ ရပ်၍။ ပုနပ္ပုနံ၊ အဘန်ဘန်။ နိဝတ္ထ-သာဋကံ၊ ဝတ်သော ထမီတဘက်ကို။ မောစေတွာ၊ ချွတ်၍။ နိဝါသေတိ၊ ဝတ်၏။ ကေသာ၊ ဆံတို့ကို။ မုဉ္စိတွာ၊ ဖြေ၍။ ဗန္ဓတိ၊ ထုံး၏။ ပါဏိံ-ပဟရိတွာ၊ လက်ခုပ်တီး၍။ ဟသတိ၊ ရယ်၏။ ထေရဿ၊ မထေရ်၏။ သံဝေဂေါ၊ ထိတ်လန့်ခြင်းသည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ သကလ သရီရံ၊ ကိုယ်အလုံးသည်။ ပီတိယာ၊ ပီတိဖြင့်။ ဖရိ၊ နှံ၏။ သော၊ ထိုရဟန်းသည်။ ဣဒံ၊ ဤသည်ကား။ ကိံ နုခေါ၊ အဘယ်နည်း။ ဣတိစိန္တေသိ၊ ဤသို့ကြံ၏။

သတ္ထာပိ၊ ဘုရားသည်လည်း။ မမသန္တိကေ၊ ငါ့အထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်ကို။ ဂဟေတွာ၊ ယူ၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရိဿာ-မိတိ၊ ပြုအံ့ဟူ၍။ ဂတဿ၊ သွားလေသော။ ဘိက္ခုနော၊ ရဟန်းအား။ ပဝတ္တိ၊ အကြောင်းကား။ ကာနုခေါ၊ အဘယ်နည်း။ ဣတိ ဥပဓာရေန္တော၊ ဤသို့ဆင်ခြင်သည်ရှိသော်။ တံဣတ္ထိံ၊ ထိုမိန်းမကို။ ဒိသွာ၊ မြင်၍၊ တဿာ၊ ထိုမိန်းမ၏။ အနာစာရ ကိရိယံ၊ ယုတ်မာသောအမှုကို လည်းကောင်း၊ ထေရဿစ၊ မထေရ်၏လည်း။ သံဝေဂုပ္ပတ္တိံစ၊ ထိတ်လန့်ခြင်း၏ အဖြစ်ကိုလည်းကောင်း။ ဉတွာ၊ သိ၍။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နောဝ၊ နေလျက်လျှင်။ တေန၊ ထိုရဟန်းနှင့်။ သဒ္ဓိံ၊ တကွ။ ကထေသိ၊ ပြောဟော၏။ ဘိက္ခု၊ ရဟန်း။ ကာမဂဝေသကာနံ၊ ကာမဂုဏ်ကိုရှာသောသူတို့အား။ အရမဏဋ္ဌာနမေဝ၊ မမွေ့လျော်ရာ အရပ်သည်သာလျှင်။ ဝိတ-

ရာဂါနံ၊ ရဟန္တာတို့၏။ ရမဏဋ္ဌာနံ၊ မွေ့လျော်ရာအရပ်သည်၊ ဟောတိ၊ ၏။ ဣတိ၊ ဝေဠုပန၊ ဤသို့သော စကားကိုလျှင်။ ဝတွာ၊ မိန့်၍။ ဩဘာသံ-ဖရိတွာ၊ ကိုယ်တော်ရောင်ဖြင့်နှံ့၍။ တဿ၊ ထိုရဟန်းအား။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံ၊ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၉၉။ ယတ္ထ၊ အကြင်တော၌။ ဇနော၊ ကာမဂုဏ်ကိုရှာသော သတ္တဝါ အပေါင်းသည်။ နရမတိ၊ မမွေ့လျော်။ ဝီတရာဂါ၊ ကာမ၌တပ်ခြင်းကင်း ကုန်သော ရဟန္တာတို့သည်။ ရမိဿန္တိ၊ မွေ့လျော်ကုန်လတ္တံ့။ အရညာနိ၊ တောတို့သည်။ ရမဏီယာနိ၊ မွေ့လျော်ဘွယ်ရှိကုန်၏။ ကသ္မာ၊ အဘယ် ကြောင့်နည်းဟူမူကား။ တေ၊ ထိုရဟန္တာတို့သည်။ နကာမဂဝေသိနော၊ ကာမကို ရှာတော်မမူကုန်။ ဣတိ၊ ဤသို့ မိန့်အပ်၏။

တတ္ထ၊ ထိုဂါထာ၌။ အရညာနီတိ၊ အရညာနိ ဟူသည်ကား။ သုပုပ္ဖိတ-တရုဝနသဏ္ဍ ပဋိမဏ္ဍိတာနိ၊ ကောင်းစွာပွင့်သော နုပျိုသော သစ်ပင်ရှိသော တောအုပ်ဖြင့် တန်းဆာဆင်အပ်ကုန်သော။ ဝိမလ သလိလ သမ္ပန္နာနိ၊ အညစ်အကြေးကင်းသောရေနှင့်ပြည့်စုံသောအရပ်တို့သည်။အရညာနိနာမ၊ ကြီးစွာသော တောအုပ်မည်ကုန်၏။ ရမဏီယာ၊ မွေ့လျော်ဘွယ်ရှိကုန်၏။ ယတ္ထာတိ၊ ယတ္ထဟူသည်ကား။ ယေသုအရညေသု၊ အကြင်တောတို့၌။ ဝိကသိတေသု၊ ပွင့်ကုန်သော။ ပဒုမဝနေသု၊ ပဒုမ္မာကြာတောတို့၌။ ဂါမ-မက္ခိကာ၊ ယင်မမဲရိုင်းတို့သည်။ န ရမန္တိဝိယ၊ မမွေ့လျော်ကုန်သကဲ့သို့။ ကာမဂဝေသကော၊ ကာမကိုရှာသော။ ဇနော၊ သတ္တဝါသည်။ နရမတိ၊ မမွေ့လျော်။ ဝီတရာဂါတိ၊ ဟူသည်ကား။ ဝိဘရာဂါ၊ ရာဂကင်းကုန် သော။ ခီဏာသဝါနာမ၊ ရဟန္တာတို့မည်သည်ကား။ ဘရမ မဓုတရာ၊ ချိုမြန်သော ဝတ်ရည်ကို ပြုတတ်ကုန်သော ပျားပိတုန်းတို့သည်။ ပဒုမဝ-နေသု၊ ပဒုမ္မာကြာတောတို့၌။ ရမန္တိဝိယ၊ မွေ့လျော်ကုန်သကဲ့သို့။ တထာ-ရူပေသု၊ ထိုသို့သဘောရှိကုန်သော။အရညေသု၊ တောတို့၌။ ရမိဿန္တိ၊ မွေ့ လျော်ကုန်လတ္တံ့။ ကိံကာရဏာ၊ အဘယ်ကြောင့်နည်းဟူမူကာ။ နတေ-ကာမဂဝေသိနောတိ၊ ဟူသည်ကား။ ယသ္မာ၊ အကြင့်ကြောင့်။ တေ၊ ထိုရဟန္တာတို့သည်။ ကာမဂဝေသိနော၊ ကာမဂုဏ်ကို ရှာကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ဣတိအတ္ထော၊ ဤကားအနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ သောတာပန်ဖြစ်သည်ကား ထိုကမ္ဗလ ... ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သောဝထေရော၊ ထိုမထေရ်သည်။ ယထာနိသိန္နောဝ၊ ထိုင်မြဲတိုင်းလျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိတွာ၊ ရောက်၍။ အာကာသေန၊ ကောင်းကင် ခရီးဖြင့်။ အာဂန္တွာ၊ လာ၍။ ထုတိံ၊ ချီးမွမ်းခြင်းကို။ ကရောန္တော၊ ပြုလျက်။ တထာဂတဿ၊ ဘုရား၏။ ပါဒေ၊ ခြေတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ အဂမာသိ၊ ပြန်သွားလေ၏။ ဣတိပရိသမာပနံ၊ ခုနစ်ခုဘို့၏ပြည့်ကြောင်းဖြစ်သော အရဟန္တဝဂ်၌ ဆယ်ခုမြောက်ဖြစ်သော ပိဏ္ဍပါတိက ဝတ္ထု ပြီးခြင်းကို။ တနည်းကား အမှတ်မရှိသော ပြည့်တန်းဆာမဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဒသမံ၊ သော။ အညတရ ဣတ္ထိဝတ္ထု၊ တည်း။
အရဟန္တ ဝဂ္ဂဝဏ္ဏနာ နိဋ္ဌိတာ။
သတ္တမော ဝဂ္ဂေါ။

---

၈-သဟဿဝဂ္ဂ၊ ၁-တမ္ဗဒါဌိက စောရဃာတက ဝတ္ထု

အနုသန္ဓေ ...ဆယ်ဝတ္ထုတို့ဖြင့် ပိုင်းခြားအပ်သော အရဟန္တဝဂ်၌ ဟောရာဂါထာတို့၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ တဆယ့်လေးခုတို့ဖြင့် ပိုင်းခြားအပ်သော သဟဿဝဂ်၌ ဟောရာဂါထာတို့တွင်။ တမ္ဗဒါဌိကဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ သဟဿမပိ စေ-စသည်ကို မိန့်အပ်၏။

သဟဿမပိ စေ ဝါစာတိ ဣမံ ဓမ္မဒေသနံ၊ ဝါစာ ဤသို့စသော တရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ တမ္ဗဒါဌိကစောရဃာတကံ၊ နီသော မုတ်ဆိတ်ကြင် စွယ်ရှိသော ခိုးသူသတ် ယောကျ်ားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဧကူနပဉ္စသတာ၊ တယောက်ဖြင့် ယုတ်သော ငါးရာအတိုင်းအရှည် ရှိကုန်သော။ စောရာ၊ ခိုးသူတို့သည်။ ဂါမဃာတကာဒီနိ၊ ရွာကိုဖျက်ခြင်း စသည်တို့ကို။ ကရောန္တာ၊ ပြုကုန်လျက်။ ဇီဝိတံ၊ အသက်မွေးခြင်းကို။ ကပ္ပေသုံကိရ၊ ပြုကုန်သတတ်။ အထ၊ ထိုအခါ၌။ နိဗ္ဗိန္ဒ ပိဂ်လော၊ မျက်စိ

တဖက် ပျက်သော။ တမ္ဗဒါဌိကော၊ ကြေးနီကဲ့သို့ မုတ်ဆိတ် ကြင်စွယ် ရှိသော။ ဧကော ပုရိသော၊ ယောကျ်ားတယောက်သည်။ တေသံ၊ ထို ခိုးသူတို့၏။ သန္တိကံ၊ အထံသို့၊ ဂန္တွာ၊ ၍။ အဟံပိ၊ ငါသည်လည်း။ တုမှေ-ဟိ၊ သင်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဇီဝိဿာမိ၊ အသက်မွေးပါအံ့။ ဣတိ-အာဟ၊ ဤသို့ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုယောကျ်ား မျက်စိ တဖက် ကန်းကို။ စောရဇေဋ္ဌကဿ၊ ခိုးသူကြီးအား။ ဒဿေတွာ၊ ပြ၍။ အယံပိ၊ ဤသူသည်လည်း။ အမှာကံ သန္တိကေ၊ ငါတို့အထံ၌။ ဝသိတုံ၊ နေခြင်း ငှါ၊ ဣစ္ဆတိ၊ အလိုရှိ၏။ ဣတိအာဟံသု၊ ဤသို့ ဆိုကုန်၏။ အထ၊ ထို အခါ၌။ နံ၊ ထိုတမ္ဗဒါဌိကကို။ စောရ ဇေဋ္ဌကော၊ ခိုးသူကြီးသည်။ ဩ လောကေတွာ၊ ကြည့်၍။ အယံ၊ ဤသူသည်။ မာတုထနံ၊ အမိနို့ကို။ ဆိန္ဒိတွာ၊ ကိုက်ဖြတ်၍၊ ပိတု ဂလလောဟိတံ၊ အဘ လည်ချောင်းသွေးကို။ နီဟရိတွာ၊ ထုတ်၍။ ခါဒနသမတ္ထော၊ စားခြင်းငှါ စွမ်းနိုင်၏။ အတိက-က္ခဠော၊ အလွန် ကြမ်းတမ်းသော သဘောရှိသော သူတည်း။ ဣတိ-စိန္တေတွာ၊ ဤသို့ကြံ၍၊ တေဿ၊ ဤသူအား။ အမှာကံ၊ ငါတို့၏။ သန္တိကေ၊ အထံ၌။ ဝသနကိစ္စံ၊ နေခြင်း ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣတိပဋိက္ခိပိ၊ဤသို့ ပယ်၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ ဧဝံ၊ ဤသို့။ ပဋိက္ခိတ္တောပိ၊ ပယ် သော်လည်း။ အာဂန္တွာ၊ လာ၍။ တဿေဝ၊ ထိုခိုးသူကြီး၏သာလျှင်။ ဧကံ အန္တေဝါသိကံ၊ အတွင်းတပည့် တယောက်ကို။ ဥပဋ္ဌဟန္တော၊ လုပ် ကျွေးသည်ရှိသော်။ အာရာဓေသိ၊ နှစ်သိမ့်စေ၏။ သော၊ ထိုအန္တေဝါ-သိက တပည့်သည်။ တံ၊ ထိုတမ္ဗဒါဌိကကို။ အာဒါယ၊ ခေါ်၍။ စောရ-ဇေဋ္ဌကံ၊ ခိုးသူကြီးသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဧဝံ အာဟ၊ ဤသို့ဆို၏။ သာမိ၊ သခင်။ သော၊ ဤသူသည်။ ဘဒ္ဒကော၊ ကောင်းသော သဘော ရှိ၏။ အမှာကံ၊ ငါတို့အား။ ဥပကာရကော၊ ကျေးဇူးရှိ၏။ နံ၊ ထို ယောကျ်ားကို။ သင်္ဂဏှထ၊ ပြုစုချီးမြှင့်ပါကုန်လော့။ ဣတိ၊ ဤသို့။ ယာစိ-တွာ၊ တောင်းပန်၍။ စောရဇေဋ္ဌကံ၊ ခိုးသူကြီးကို။ ပဋိစ္ဆာပေသိ၊ဆောက် နှင်းစေ၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ နဂရာ၊ ပြည်သူတို့သည်။ ရာဇပုရိသေဟိ၊ မင်းချင်း ယောကျ်ားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဧကတော-ဟုတွာ၊ တပေါင်းတည်းဖြစ်၍။ တေစောရေ၊ ထိုခိုးသူတို့ကို။ ဂဟေတွာ၊ ဘမ်း၍။ ဝိနိစ္ဆယ မဟာအမစ္စာနံ၊ တရားသူကြီး အမတ်တို့၏။ သန္တိကံ၊ အထံသို့။ နယိံသု၊ ပို့ဆောင်ကုန်၏။ အမစ္စာ၊ အမတ်တို့သည်။ တေသံ၊

ထိုခိုးသူတို့အား။ ဖရသုနာ၊ ပေါက်ဆိန်ဖြင့်။ သီသစ္ဆေဒံ၊ ဦးခေါင်းဖြတ်ခြင်းကို။ အာဏာပေသုံ၊ စေလွှတ်ကုန်၏။

တတော၊ ထို့နောင်မှ။ ကောနုခေါ၊ အဘယ်သူသည်လျှင် ဣမေ၊ ဤခိုးသူတို့ကို။ မာရေဿတိ၊ သတ်နိုင်အံ့နည်း။ ဣတိ၊ ဤသို့။ ပရိယေသန္တာ၊ သတ်အံ့သောသူကို ရှာကုန်သည်ရှိသော်။ တေ၊ ထိုခိုးသူတို့ကို။ မာရေတုံ၊ သတ်ခြင်းငှါ။ ဣစ္ဆန္တံ၊ အလိုရှိသော။ ကိဉ္စိ၊ တစုံတယောက်သောသူကို။ အဒိသွာ၊ မမြင်မူ၍။ စောရဇေဋ္ဌကံ၊ ခိုးသူကြီးကို။ အာဟံသု၊ ဆိုကုန်၏။ တွံ၊ သင်သည်။ ဣမေ၊ ဤခိုးသူတို့ကို။ မာရေတွာ၊ သတ်၍။ ဇီဝိတဉ္စေဝ၊ အသက်ရှည်ခြင်းကိုလည်း။ လဘိဿသိ၊ ရလတ္တံ့။ သမ္မာနဥ္စ၊ မြတ်နိုးခြင်းကိုလည်း။ လဘိဿသိ၊ ရလတ္တံ့။ နေ၊ ထိုခိုးသူတို့ကို။ မာရေဟိ၊ သတ်လော့။ ဣတိ၊ ဤသို့ဆို၏။ သောပိ၊ ထိုခိုးသူကြီးသည်လည်း။ အတ္တာနံ၊ မိမိကို။ နိဿာယ၊ မှီ၍။ ဝသိတတ္တာ၊ နေသူတပည့်ဖြစ်သောကြောင့်။ တေ၊ ထိုခိုးသူတို့ကို။ မာရေတုံ၊ သတ်ခြင်းငှါ။ န ဣစ္ဆိ၊ အလိုမရှိ။ တေနူပါယေန၊ ဤသို့သောနည်းဖြင့်။ ကေနူပဉ္စသတေ၊ တခုယုတ်ငါးရာသော ခိုးသူတို့ကို။ ပုစ္ဆိံသု၊ မေးကုန်၏။ သဗ္ဗေပိ၊ ခပ်သိမ်းသော ခိုးသူတို့သည်လည်း။ န ဣစ္ဆိံသု၊ အလိုမရှိကုန်။ သဗ္ဗပစ္ဆာ၊ ခပ်သိမ်း ကုန်သောသူတို့၏ နောက်မှ။ နိဗ္ဗဒ္ဓပိင်္ဂလံ၊ မျက်စိတဖက်ပျက်သော။ တံ တမ္ဗဒါဌိကံ၊ ထိုတမ္ဗဒါဌိကကို။ ပုစ္ဆိံသု၊ မေးကုန်၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ သာဓူတိ၊ ကောင်း၏ဟူ။ သမ္ပဋိစ္ဆိတွာ၊ ဝန်ခံ၍။ တေသဗ္ဗေပိ၊ ထို အလုံးစုံသော ခိုးသူတို့ကိုလည်း။ မာရေတွာ၊ သတ်၍။ ဇီဝိတဉ္စေဝ၊ အသက်ရှည်ခြင်းကိုလည်း။ လဘိ၊ ရ၏။ တေနူပါယေန၊ ဤသို့သော နည်းဖြင့်။ နဂရဿ၊ ပြည်၏။ ဒက္ခိဏတောပိ၊ တောင်အရပ်မှလည်း။ ပဉ္စစောရသတာနိ၊ ခိုးသူငါးရာတို့ကို။ အာနေတွာ၊ ဆောင်၍။ အမစ္စာနံ၊ အမတ်တို့အား။ ဒဿေတွာ၊ ပြ၍။ တေပိ၊ ထိုအမတ်တို့သည်။ တေသံပိ၊ ထို ခိုးသူတို့၏လည်း။ သီသစ္ဆေဒေ၊ [illegible]ခေါင်း ဖြတ်ခြင်းကို။ အာဏတ္တေ၊ စေအပ်သည်ရှိသော်။ စောရဇေဋ္ဌကံ၊ [illegible]ကြီး ကို။ အာဒိံ ကတွာ၊ အစပြု၍။ ပုစ္ဆန္တာ၊ မေးအပ်ကုန်သည်ရှိသော်။ ကိဉ္စိ၊ တစုံတယောက်သောသူကို။ မာရေတုံ၊ သတ်ခြင်းငှါ။ [illegible] အလိုမရှိသည်ကို။ ဒိသွာ၊ မြင်၍။ ပုရိမဒိဝသေ၊ ရှေးဖြစ်သောနေ့၌ [illegible] ပုရိသော၊ ယောကျ်ားတယောက်သည်။ ပဉ္စသတေ စောရေ၊ ငါး[illegible]သော

ခိုးသူတို့ကို။ မာရေသိ၊ သတ်၏။ သော၊ ထိုယောက်ျားသည်။ ကဟံနု-ခေါ၊ အဘယ်မှာ နေသနည်း။ ဣတိ၊ ဤသို့ဆိုလတ်သော်။

အသုကဋ္ဌာနေ၊ ဤမည်သောအရပ်၌။ အမှေဟိ၊ ငါတို့သည်။ ဒိဋ္ဌော၊ မြင်အပ်၏။ ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ တံ၊ ထို တမ္ဗဒါဌိကကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ ဣမေ၊ ဤသူတို့ကို။ မာရေဟိ၊ သတ်လော့။ သမ္မာနံ၊ ကောင်းမြတ်သောဆုကို။ လစ္ဆသိ၊ ရလတ္တံ့။ ဣတိ၊ သို့။ အာဏာပေသုံ၊ စေခိုင်းကုန်၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ သာဓူတိ၊ ကောင်းပြီဟု။ သမ္ပဋိစ္ဆိတွာ၊ ဝန်ခံ၍။ တေသဗ္ဗေပိ၊ ထို ခပ်သိမ်းသော သူတို့ကိုလည်း။ မာရေတွာ၊ သတ်၍။ သမ္မာနံ၊ မြတ်နိုးအပ်သောဆုကို။ လဘိ၊ ရ၏။ အထ၊ ထိုအခါ။ နံ၊ ထိုတမ္ဗဒါဌိကကို။ အယံ ပုရိသော၊ ဤယောက်ျားသည်။ ဘဒ္ဒကော၊ ကောင်းသော သဘောရှိ၏။ ဣတိ၊ ဤသို့။ နိဗဒ္ဓံ၊ မပြတ်။ စောရဃာတကမေဝ၊ ခိုးသတ်မှုကိုသာလျှင်။ တေ၊ ထိုယောက်ျားကို။ ကရိဿာမီတိ၊ ပြုစေအံ့ဟူ၍။ မန္တေတွာ၊ တိုင်ပင်၍။ တဿေဝ၊ ထိုတမ္ဗဒါဌိကအားသာလျှင်။ တံ ဌာနန္တရံ၊ ထိုအရာထူးကို။ ဒတွာဝ၊ ပေး၍လျှင်။ သမ္မာနံ၊ မြတ်နိုးအပ်သောဆုကို။ ကရိံသု၊ ပြုကုန်၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ ပစ္ဆိမဒိသတောပိ၊ အနောက် မျက်နှာအရပ်မှ လည်းကောင်း။ ဥတ္တရ ဒိသတောပိ၊ မြောက်မျက်နှာအရပ်မှလည်းကောင်း။ အာနီတေ၊ ဆောင်ခဲ့ကုန်သော။ ပဉ္စသတေပဉ္စသတေ၊ ငါးရာငါးရာကုန်သော။ စောရေ၊ ခိုးသူတို့ကို။ ဃာတေသိယေဝ၊ သတ်သည်သာလျှင်တည်း။ ဧဝံ၊ ဤအတူ။ စတူဟိ ဒိသာဟိ၊ အရပ်လေးမျက်နှာတို့မှ။ အာနီတာနိ၊ ဆောင်ခဲ့ကုန်သော။ ဒွေသဟဿာနိ၊ နှစ်ထောင်ကုန်သော ခိုးသူတို့ကို။ မာရေတွာ၊ သတ်၍။ တတော ပဋ္ဌာယ၊ ထိုမှစ၍။ ဒေဝသိကံ၊ နေ့တိုင်း။ အာနီတာနိ၊ ဆောင်ခဲ့ကုန်သော။ ဧကံ ဒွေတယော၊ တယောက်, နှစ်ယောက်, သုံးယောက်ဖြစ်ကုန်သော။ တေမနုဿေ၊ ထိုလူတို့ကို။ မာ-ရေတွာ၊ သတ်၍။ ပဉ္စပဏ္ဏာသ သံဝစ္ဆရာနိ၊ ငါးဆယ့်ငါးနှစ်တို့ပတ်လုံး။ စောရဃာတကကမ္မံ၊ ခိုးသူသတ် အမှုကို။ အကာသိ၊ ပြု၏။

သော၊ ထိုတမ္ဗဒါဌိကသည်။ မဟလ္လကကာလေ၊ အိုသောအခါ၌။ ဧကပ္ပဟာရေနေဝ၊ တချက်ခြင်းဖြင့် သာလျှင်။ သီသံ၊ ဦးခေါင်းကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ ဒွေတယောဝါရေ၊ နှစ်ကြိမ် သုံးကြိမ်။ ပဟာရန္တော၊ ပုတ်ခတ်သည်ဖြစ်၍။ မနုဿေ၊ လူတို့ကို။

ကိလမေတိ၊ ပင်ပန်းစေ၏။ နာဂရာ၊ ပြည်သူတို့သည်။ စိန္တယိံသု၊ ကြံကုန်၏။ အညောပိ၊ သူတပါးသည်လည်း။ စောရဃာတကော၊ ခိုးသတ်ယောကျ်ားသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ အယံ၊ ဤသူသည်။ အတိ-ဝိယ၊ အလွန်လျှင်။ မနုဿေ၊ လူတို့ကို။ ကိလမေတိ၊ ပင်ပန်းဆင်းရဲစေ၏။ ဣမိနာ၊ ဤတမ္ဗဒါဌိကဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့ကြံကုန်၏။ တဿ၊ ထိုတမ္ဗဒါဌိက၏။ တံ ဌာနန္တရံ၊ ထိုသူသတ်အရာကို။ ဟရိံသု၊ ပယ်ကုန် ချကုန်၏။ သော၊ ထို တမ္ဗဒါဌိကသည်။ ပုဗ္ဗေ၊ ရှေး၌။ စောရဃာတက ကမ္မံ၊ ခိုးသူသတ်အမှုကို။ ကရောန္တော၊ ပြုသည်ရှိသော်။ အဟတဿာဋကော၊ အစာမကြေသောပုဆိုးတို့ကို။ နိဝါ-သေတုံ၊ ဝတ်ခြင်းငှါ။ နဝသပ္ပိနာ၊ ထောပတ်သစ်ဖြင့်။ သခ်တံ၊ စီရင်အပ်သော။ ခီရယာဂုံ၊ နို့ဃနာကို။ ပိဝိတုံ၊ သောက်ခြင်းငှါ။ သုမနပုပ္ဖါနိ၊ မုလေးပန်းတို့ကို။ ပိလန္ဓိတုံ၊ ပန်ခြင်းငှါ။ ဂန္ဓေ၊ နံ့သာတို့ကို။ ဝိလိမ္ပိတုံ၊ လိမ်းကျံခြင်းငှါ။ ဣတိဣမာနိစတ္တာရိ၊ ဤလေးပါးတို့ကို။ နလဘိ၊ မရ။ သော၊ ထိုတမ္ဗဒါဌိကသည်။ ဌာနာ၊ သူသတ်အရာမှ။ စာဝိ-တ-ဒိဝသေ၊ ရွေလျောသောနေ့၌။ မေ၊ ငါ့အား။ ခီရယာဂုံ၊ နို့ဃနာကို။ ပစထ၊ ချက်ကြကုန်လော့။ (ဒေထလည်းရှိ၏။ ပေးကြကုန်လော့,ပေး။) ဣတိဝတွာ၊ ဤသို့ဆို၍။ အဟတဝတ္ထာနိ၊ အစာမကြေသော ပုဆိုးသစ်တို့ကိုရင်း။ သုမနမာလာဝိလေပနာနိ၊ မုလေးပန်း,နံ့သာပျောင်းတို့ကိုရင်း။ ဂါဟာပေတွာ၊ ယူစေ၍။ နဒိံ၊ မြစ်သို့။ ဂန္တွာ၊ သွား၍။ နှတွာ၊ ရေချိုး၍။ အဟတ ဝတ္ထာနိ၊ တို့ကို။ နိဝါသေတွာ၊ ဝတ်၍။ မာလာနိ၊ ပန်းတို့ကို။ ပိလန္ဓိတွာ၊ ပန်၍။ ဂန္ဓေဟိ၊ နံ့သာတို့ဖြင့်။ အနုလိတ္တဂတ္တော၊ လိမ်းကျံအပ်သော ကိုယ်ရှိလျက်။ ဂေဟံ၊ အိမ်သို့။ အာဂန္တွာ၊ လာ၍။ နိသီဒိ၊ နေ၏။

အထ၊ ထိုအခါ၌။ အဿ၊ ထို တမ္ဗဒါဌိက၏။ နဝ သပ္ပိနာ၊ ထောပတ်သစ်ဖြင့်။ သခ်တံ၊ စီရင်အပ်သော။ ခီရယာဂုံ၊ နို့ဃနာကို။ ပုရတော၊ ဌပေတွာ၊ ရှေ့တွင်ထား၍။ ဟတ္ထ ဓောဝနောဒကံ၊ လက်ဆေးရေကို။ အာဟရိံသု၊ ဆောင်ယူခဲ့ကုန်၏။ တသ္မိံ ခဏေ၊ ထို ခဏ၌။ သာရိပုတ္တ-တ္ထေရော၊ သာရိပုတ္တရာ မထေရ်သည်။ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ အဇ္ဇ၊ ယနေ့။ ကတ္ထနုခေါ၊ အဘယ်အိမ်သို့လျှင်။ မယာ၊ ငါသည်။ ဂန္တဗ္ဗံ၊ သွားအပ်သနည်း။ ဣတိ၊ ဤသို့ ဆင်ခြင်သျက်။

အတ္တနော၊ ၏။ ဘိက္ခာစာရံ၊ ဆွမ်းခံချိန်ကို။ ဩလောကေန္တော၊ ကြည့်လတ်သော်။ တဿ၊ ထိုတမ္ဗဒါဌိက၏။ ဂေဟေ၊ အိမ်၌။ ခီရယာဂုံ၊ နို့ဃနာကို။ ဒိသွာ၊ မြင်၍။ မေ၊ ငါ့အား။ သောပုရိသော၊ ထိုယောကျ်ားသည်။ သင်္ဂဟံ၊ ချီးမြှင့်ခြင်းကို။ ကရိဿတိနုခေါ၊ ပြုနိုင်အံ့လော။ ဣတိ ဥပဓာရေန္တော၊ ဤသို့ စုံစမ်းသည်ရှိသော်။ မံ၊ ငါ့ကို။ ဒိသွာ၊ မြင်၍။ မမ၊ ငါ့အား။ သင်္ဂဟံ၊ ထောက်ပံ့ခြင်းကို။ ကရိဿတိ၊ ပြုလတ္တံ့။ ကရိတွာစပန၊ ပြုပြီး၍ကား။ အယံကုလပုတ္တော၊ ဤအမျိုးသားသည်။ မဟာသမ္ပတ္တိံ၊ ကြီးစွာသော စည်းစိမ်ချမ်းသာကို။ လဘိဿတိ၊ ရလတ္တံ့။ ဣတိဉတွာ၊ ဤသို့ သိ၍။ စီဝရံ၊ သင်္ကန်းကို။ ပါရုပိတွာ၊ ရုံ၍။ ပတ္တံ၊ သပိတ်ကို။ အာဒါယ၊ ယူ၍။ တဿ၊ ထိုတမ္ဗဒါဌိက၏။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ ဌိတမေဝ၊ ရပ်လျက်သာလျှင်။ အတ္တာနံ၊ ကိုယ်ကို။ ဒဿေသိ၊ ပြ၏။

သော၊ ထိုတမ္ဗဒါဌိကသည်။ ထေရံ၊ မထေရ်ကို။ ဒိသွာ၊ မြင်၍။ ပသန္နစိတ္တော၊ ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍။ စိန္တေသိ၊ ကြံ၏။ မယာ၊ ငါသည်။ စိရံ၊ ကြာမြင့်စွာ။ စောရဃာတက ကမ္မံ၊ ခိုးသူသတ်အမှုကို။ ကတံ၊ ပြုအပ်၏။ ဗဟူ မနုဿာ၊ များစွာသော လူတို့သည်။ မာရိတာ၊ သေကုန်ပြီ။ ဣဒါနိ၊ ယခုအခါ၌။ မေ၊ ငါ၏။ ဂေဟေ၊ အိမ်၌။ ခီရယာဂု၊ နို့ဃနာကို။ ပဋိယတ္တာ၊ စီရင်အပ်၏။ ထေရော၊ မထေရ်သည်။ အာဂန္တွာ၊ ကြွလာ၍။ မမ ဂေဟဒွါရေ၊ ငါ့အိမ်တံခါး၌။ ဌိတော၊ ရပ်၏။ ဣဒါနိ၊ ယခုအခါ၌။ မယာ၊ ငါသည်။ အယျဿ၊ အရှင်အား။ ဒေယျဓမ္မံ၊ လှူဘွယ်ဝတ္ထုကို။ ဒါတုံ၊ လှူခြင်းငှါ။ ဝဋ္ဋတိတိ၊ အပ်၏ဟူ၍။ ပုရတော၊ ရှေ့မှ။ ဌပိတ ယာဂုံ၊ ထားအပ်သော ယာဂုကို။ အပနေတွာ၊ ပယ်၍။ ထေရံ၊ မထေရ်ကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုးဦး၍။ အန္တောဂေဟေ၊ အိမ်တွင်း၌။ နိသီဒါပေတွာ၊ နေစေ၍။ ပတ္တေ၊ သပိတ်၌။ ခီရယာဂုံ၊ နို့ဃနာကို။ အာကိရိတွာ၊ လောင်း၍။ နဝသပ္ပိံ၊ ထောပတ်သစ်ကို။ အာသိဉ္စိတွာ၊ သွန်း၍။ ထေရံ၊ မထေရ်ကို။ ဗီဇမာနော၊ ယပ်ခတ်လျက်။ အဋ္ဌာသိ၊ နေ၏။ အထ၊ ထိုအခါ၌။ အဿစ၊ ထိုတမ္ဗဒါဌိက၏လည်း။ ဒီဃရတ္တံ၊ ရှည်ကြာစွာ။ အလဒ္ဓပုဗ္ဗတာယ၊ ရှေး၌ မရဘူးသည်၏ အဖြစ်ကြောင့်။ ခီရယာဂုံ၊ နို့ဃနာကို။ ပါတုံ၊ သောက်ခြင်းငှါ။ ဗလဝ အဇ္ဈာသယော၊ အားကြီးသော အလိုသည်။ အဟောသိ၊ ဖြစ်၏။ ထေရော၊ သာရိပုတ္တရာ

သည်။ တဿ၊ ထိုသူ၏။ အဇ္ဈာသယံ၊ အလိုကို။ ဥတွာ၊ သိ၍။ ဥပါသကာ၊ ဒါယကာ။ တွံ၊ သည်။ အတ္တနော ယာဂုံ၊ မိမိ၏ ယာဂုကို။ ပိဝ၊ သောက် လော့။ ဣတိအာဟ၊ ဤသို့ ဆို၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ အညဿ၊ သူတပါး၏။ ဟတ္ထေ၊ လက်၌။ ဗီဇနိံ၊ ယပ်ကို။ ဒတွာ၊ ပေး၍။ ယာဂုံ၊ ယာဂုကို။ ပိဝိ၊ သောက်၏။ ထေရော၊ မထေရ်သည်။ ဗီဇမာနံ၊ ယပ်ခတ် သော။ ပုရိသံ၊ ယောကျ်ားကို။ ဥပါသကာ၊ ဒါယကာ။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားလေ။ မေ၊ ငါ့အား။ မာဗီဇာဟိ၊ ယပ်မခတ်လင့်။ ဣတိအာဟ၊ ဤသို့ ဆို၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ ဗီဇမာနော၊ ယပ်ခတ်စဉ်။ ကုဋ္ဌိပူရံ၊ ဝမ်းပြည့်အောင်။ ယာဂုံ ပိဝိတွာ၊ ယာဂုသောက်၍။ အာဂန္တွာ၊ ၍။ ထေရံ၊ မထေရ်ကို။ ဗီဇမာနော၊ ယပ်ခတ်လျက်။ ဌတွာ၊ တည်၍။ ကတဘတ္တ ကိစ္စဿ၊ ဆွမ်းစားပြီးသော။ ထေရဿ၊ ရှင်သာရိပုတ္တရာ၏။ ပတ္တံ၊ သပိတ်ကို။ အဂ္ဂဟေသိ၊ ယူ၏။ ထေရော၊ မထေရ်သည်။ တဿ၊ ထိုတမ္ဗဒါဌိကအား။ အနုမောဒနံ၊ တရားဟောခြင်းကို။ အာရဘိ၊ အားထုတ်၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ အတ္တနော၊ မိမိ၏။ စိတ္တံ၊ စိတ်ကို။ ထေရဿ၊ မထေရ်၏။ ဓမ္မဒေသနာနုယောဂံ၊ တရားဒေသနာ၌ ယှဉ်ခြင်းကို။ (ဓမ္မဒေသနာနုဂတံလည်း ပါဌ်အချို့ရှိ၏။ တရားဒေသနာကို အစဉ်လျှောက်ခြင်းကိုပေးလေ)ကာတုံ၊ ခြပြုင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။

ထေရော၊ မထေရ်သည်။ သလ္လက္ခေတွာ၊ မှတ်၍။ ဥပါသကာ၊ ဒါယကာ။ ကသ္မာ၊ အဘယ့်ကြောင့်။ စိတ္တံ၊ စိတ်ကို။ ဒေသနာနုယောဂံ၊ ဒေသနာ၌ ယှဉ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ န သက္ကောသိ၊ မတတ်နိုင်ဘိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မယာ၊ အကျွန်ုပ်သည်။ ဒီဃရတ္တံ၊ ရှည်ကြာစွာ။ ကက္ခဠကမ္မံ၊ ကြမ်းတမ်းသော အမှုကို။ ကတံ၊ ပြုအပ်၏။ ဗဟူမနုဿာ၊ များစွာသော လူတို့ကို။ မာရိတာ၊ သတ်အပ်ကုန်၏။ တံ၊ ထိုမကောင်းမှုကို။ အဟံ၊ ငါသည်။ အတ္တနောကမ္မံ၊ မိမိပြုအပ်သော မကောင်းမှုကို။ အနုဿရန္တော၊ အောက်မေ့သည်ဖြစ်၍။ စိတ္တံ၊ စိတ်ကို။ အယျဿ၊ အရှင်ဘုရား၏။ ဒေသနာနုယောဂံ၊ ဒေသနာနှင့် ယှဉ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ နာသက္ခိံ၊ မတတ်နိုင်။ ဣတိ၊ ဤသို့ ဆို၏။ ထေရော၊ မထေရ်သည်။ နံ၊ ထိုတမ္ဗဒါဌိကကို။ ဝဉ္စေဿာမိ၊ လှည့်ပတ်အံ့။ ဣတိ-စိန္တေတွာ၊ ဤသို့ ကြံ၍။ တွံ၊ သင်သည်။ အတ္တနော ရုစိယာ၊ မိမိအလိုဖြင့်။

အကာသိကိံ ပန၊ ပြုသလော။ အညေဟိ၊ တပါးသူတို့သည်။ ကာရာပိတော၊ ပြုစေအပ်သည်။ အသိကိံ ပန၊ ဖြစ်သလော။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ရာဇာ၊ မင်းသည်။ မံ၊ ငါ့ကို။ ကာရေသိ၊ ပြုစေ၏။ ဣတိ၊ ဤသို့ လျှောက်၏။ ဥပါသက၊ ဒါယကာ။ တေ၊ သင်သည်။ ဝေံသန္တေ၊ ဤသို့ ပြုရသည်ရှိသော်။ အကုသလံ၊ အကုသိုလ်သည်။ ကိံ နုခေါ ဟောတိ၊ အဘယ်မှာဖြစ်အံ့နည်း။ ဣတိ၊ ဤသို့ ဆို၏။ မန္ဒဓာတုကော၊ ပညာနုံ့သော သဘောရှိသော။ ဥပါသကော၊ ဒါယကာသည်။ ထေရေန၊ ရှင်သာရိပုတ္တရာသည်။ ဝေံဝုတ္တေ၊ ဤသို့ မိန့်လတ်သော်။ မယှံ၊ ငါ့အား။ အကုသလံ၊ အကုသိုလ်သည်။ နတ္ထိ၊ မရှိ။ ဣတိသညီ၊ ဤသို့ အမှတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဘန္တေ၊ အရှင်ဘုရား။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ဓမ္မံ၊ တရားကို။ ကထေထ၊ ဟောတော်မူပါလော့။ ဣတိ၊ ဤသို့လျှောက်၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ ထေရေ၊ ရှင်သာရိပုတ္တရာသည်။ အနုမောဒနံ၊ အနုမောဒနာကို။ ကထေန္တေ၊ ဟောလတ်သော်။ ဧကဂ္ဂ စိတ္တော၊ တည်ကြည်သော စိတ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဓမ္မံ၊ တရားကို။ သုဏန္တော၊ နာလတ်သော်။ သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ ဩရတော၊ ဤမှာဘက်မှ။ အနုလောမိကံ ခန္တိံ၊ အနုလောမိက ဟူသော ခန္တီကို။ နိဗ္ဗတ္တေသိ၊ ဖြစ်စေ၏။ ထေရောပိ၊ မထေရ်သည်လည်း။ အနုမောဒနံ၊ အနုမောဒနာကို။ ကတွာ၊ ပြု၍။ ပက္ကာမိ၊ ဖဲ၏။

ထောကံ၊ အတန်ငယ်။ ထေရံ၊ ကို။ အနုဂန္တွာ၊ ပို့လိုက်၍။ နိဝတ္တမာနံ၊ ပြန်လာသော။ ဥပါသကံ၊ ဒါယကာကို။ ဧကာ ယက္ခိနီ၊ ဘီလူးမတယောက်သည်။ ဓေနုဝေသေန၊ နွားမ အသွင်ဖြင့်။ အာဂန္တွာ၊ လာ၍။ ဥရေ၊ ရင်၌။ ပဟရိတွာ၊ ခွေ့၍။ မာရေသိ၊ သတ်၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ ကာလံကတွာ၊ သေခြင်းကို ပြု၍။ တုသိတပုရေ၊ တုသိတာနတ်ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။ ဘိက္ခူ၊ တို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဟောကုန်၏။ စောရဃာတကော၊ ခိုးသူသတ်ယောက်ျားသည်။ ပဉ္စပဏ္ဏာသ ဝဿာနိ၊ ငါးဆယ့် ငါးနှစ်တို့ပတ်လုံး။ ကက္ခဠကမ္မံ၊ ကြမ်းကြုတ်သော အမှုကို။ ကတွာ၊ ပြု၍။ အဇ္ဇေဝ၊ ယနေ့ပင် လျှင်။ တတော၊ ထိုကြမ်းကြုတ်သော အမှုမှ။ မုတ္တော၊ လွတ်ပြီးသော်။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ထေရဿ၊ မထေရ်အား။ ဘိက္ခံ၊ ဆွမ်းကို။ ဒတွာ၊ လှူ၍။ အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ ကာလံကတော၊ သေခြင်းကိုပြု၍။ ကဟံနုခေါ၊

အဘယ်အရပ်၌။ နိဗ္ဗုတော၊ ဖြစ်လေအံ့နည်း။ ဣတိ၊ ဤသို့ ပြောဆိုကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတ-ရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မိန့်ခြင်းကြောင့်။ ဣမာယနာမာတိ၊ ဤမည်သောစကားပါတည်းဟု။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ တုသိတပုရေ၊ တုသိတာ နတ်ပြည်၌။ သော၊ ထိုတမ္ဗဒါဌိကသည်။ နိဗ္ဗုတော၊ ဖြစ်၏။ ဣတိအာဟ၊ ဤသို့မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ကိံ ဝဒေထ၊ အဘယ်သို့ မိန့်တော်မူဘိသနည်း။ တွေကံ ကာလံ၊ ဤမျှ ကာလ တိုင်တိုင်။ တွေကေ မနုဿေ၊ ဤမျှလောက် ကုန်သော လူတို့ကို။ ဃာတေတွာ၊ သတ်၍။ တုသိတ ဝိမာနေ၊ တုသိတာနတ်ပြည်၌။ နိဗ္ဗုတော၊ ဖြစ်လေဘိသနည်း။ ဣတိ၊ ဤသို့ လျှောက်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ တုသိတာ၌ဖြစ်သည်မှန်၏။ ဓောန၊ ထိုတမ္ဗဒါဌိကသည်။ မဟန္တော၊ မြတ်သော။ ကလျာဏမိတ္တော၊ အဆွေခင်ပွန်းကောင်းကို။ လဒ္ဓါ၊ ရအပ်၏။ သော၊ ထိုတမ္ဗဒါဌိကသည်။ သာရိပုတ္တဿ၊ သာရိပုတ္တရာ၏။ ဓမ္မဒေသနံ၊ တရားဒေသနာကို။ သုတွာ၊ နာရ၍။ အနုလောမဉာဏံ၊ အနုလောမဉာဏ်ကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ ဣတော၊ ဤဘဝ ဤကိုယ်အဖြစ်မှ။ စုတော၊ စုတေသည်ရှိသော်။ တုသိ-တဝိမာနေ၊ တုသိတာ နတ်ပြည်၌။ နိဗ္ဗတ္တော၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ နဂရေ၊ ရာဇဂြိုဟ်ပြည်၌။ စောရဃာတကော၊ ခိုးသူသတ်သည်။ သုဘာသိတံ၊ ကောင်းစွာ ဟောအပ်သော တရားကို။ သုတွာန၊ နာရ၍။ အနုလောမ ခန္တိံ၊ အနုလောမဉာဏ်ကို။ လဒ္ဓါန၊ ရ၍။ တိဒိဝံ ဂတော၊ နတ်ပြည်သို့ ရောက်လျက်။ မောဒတိ၊ မွေ့လျော်ရ၏။ ဣတိ၊ ဤသို့ဟော၏။

ဘန္တေ၊ အရှင်ဘုရား။ အနုမောဒန ဓမ္မကထာနာမ၊ အနုမောဒနာပြု၍ တရားဟောခြင်းမည်သည်။ နဗလဝါ၊ အားမကြီး။ တေန၊ ထိုတမ္ဗဒါဌိက-သည်။ ကတံ၊ ပြုအပ်အပ်သော။ အကုသလကမ္မံ၊ အကုသိုလ်ကံသည်။ မဟန္တံ၊ အားကြီးစွာများလှ၏။ ကထံ၊ ဘယ်သို့ အဘယ်အကြောင်းဖြင့်။ တွေကေန၊ ဤမျှလောက်သော ဓမ္မဿဝန ကုသိုလ်သည်။ ဝိသေသံ၊

အကျိုးထူးကို။ နိဗ္ဗတ္တော၊ ဖြစ်နိုင်လေခြင်းသည်။ အသိ၊ ဖြစ်အံ့နည်း။ ဣတိ၊ ဤသို့လျှောက်သော်။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါသည်။ ဒေသိတ ဓမ္မဿ၊ ဟောအပ်သောတရား၏။ အပ္ပံဝါ၊ နည်းသည်မူလည်း ဖြစ်စေ။ဗဟုံဝါ၊များစွာသည်မူလည်း ဖြစ်စေ။ဝိသေသံ၊ အကျိုးထူးကို။ နိဗ္ဗတ္တော၊ ဖြစ်စေနိုင်၏။ ဣတိ၊ ထို့ကြောင့်။ ပမာဏံ၊ နည်းသော အတိုင်းအရှည်ကို။ မာဂဏှထ၊ မမှတ်လင့်ကုန်။ ဟိ၊ထိုစကား သင့်စွ။ ဧကဝါစာပိ၊ တခွန်းသော စကားသည်လည်း။ အတ္ထနိဿိတာ၊ အကျိုးစီးပွားကို မှီခြင်းကြောင့်။ သေယျာဝ၊ မြတ်သည်သာလျှင်တည်း။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံ ဂါထံ၊ ဤ ဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၀၀။ အနတ္ထပဒ သံဟိတာ၊ အကျိုးမရှိသည်ကို ပြတတ်သော ပုဒ်တို့နှင့်ယှဉ်သော။ ဝါစာ၊ စကားသည်။ သဟဿမပိ၊ တထောင်နှစ်ထောင် သည်လည်း။ ဟောတိ၊ အကယ်၍ ဖြစ်လင့်ကစား။ နသေယျော၊ မမြတ်။ ယံ၊ အကြင် အကျိုးစီးပွားကို ပြတတ်သော တပုဒ်သောပုဒ်ကို။ သုတွာ၊ ကြားနာရ၍။ ဥပသမ္မတိ၊ ရာဂအစရှိသည်၏ ငြိမ်းခြင်းဖြင့် ငြိမ်း၏။ ဧကံ၊ တခုသော။ တံ အတ္ထပဒံပိ၊ ထိုအကျိုးစီးပွားကို ပြီးစေတတ်သော ခန္ဓာ-စသည်ကို ပြတတ်သော ပုဒ်သည်လည်း။ သေယျော၊ မြတ်၏။ ဣတိ၊ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ သဟဿမပိ စေတိ၊ စေ-ဟူသည်ကား။ ပရိစ္ဆေဒ-ဝစနံ၊ အယုတ်အားဖြင့် ပိုင်းခြားသော စကားတည်း။ ဧကံသဟဿံ၊ တထောင်။ ဒွေသဟဿာနိ၊ နှစ်ထောင်တို့။ ဣတိဧဝံ၊ ဤသို့။ သဟဿေန၊ တထောင်ဖြင့်။ ပရိစ္ဆိန္နဝါစာ၊ ပိုင်းခြားအပ်သော စကားသည်။ စေပိ ဟောတိ၊ အကယ်၍လည်းဖြစ်အံ့။ တာစပန၊ ထိုစကားသည်ကား။ အနတ္ထ-ပဒ သံဟိတာ၊ အကျိုးကိုပြတတ်သော ပုဒ်နှင့်စသည်။ စေဟောတိ၊ အကယ်၍ဖြစ်အံ့။ အာကာသဝဏ္ဏန ပဗ္ဗတဝဏ္ဏန ဝနဝဏ္ဏနာဒီဟိ၊ ကောင်းကင်ကိုချီးမွမ်းခြင်း, တောင်ကိုချီးမွမ်းခြင်း တောကိုချီးမွမ်းခြင်း စသည်တို့ကို။ ပကာသကေဟိ၊ ပြတတ်ကုန်သော။ အနတ္ထကေဟိ၊ အကျိုးမဲ့ကုန်သော။ အနိယျာန ဒီပကေဟိ၊ ဝဋ္ဋမှထွက်မြောက်ကြောင်းမဟုတ်သည်ကို ပြတတ်ကုန်သော။ ပဒေဟိ၊ ပုဒ်တို့နှင့်။ သံဟိတာ၊ စပ်သောစကားသည်။

ယာဝ၊ အကြင်ရွှေလောက်။ ဗဟုကာ၊ များသည်၊ ဟောတိ၊ ဖြစ်၏။ တာဝ၊ ထိုရွှေ့လောက်။ ပါပိကာဝေ၊ ယုတ်မာသည်သာလျှင် ဖြစ်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဧကံ အတ္ထပဒန္တိ၊ ဟူသည်ကား။ အယံ၊ ဤသည်ကား။ ကာယဂတာသတိ၊ ဆံအစရှိသော ကာယအစုကို အောက်မေ့ခြင်းတည်း။ ဣမေ၊ ဤသည်တို့ကား။ တိဿောဝိဇ္ဇာ၊ ဝိဇ္ဇာသုံးပါးတို့တည်း။ ဣတိ၊ ဤသို့။ အနုပုဗ္ဗတော၊ အစဉ် အတိုင်းရောက်အပ်သော ဂုဏ်ကျေးဇူး အပေါင်းကို။ ကတံ၊ ပြုအပ်၏။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဗုဒ္ဓဿ၊ ဘုရား၏။ ယံပန သာသနံ၊ အကြင်အဆုံးအမသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုအဆုံးအမဖြစ်သော။ ဧကံ၊ တခုသော။ အတ္ထပဒံပိ၊ အနက်နှင့်စပ်သော ပုဒ်ကိုလည်း။ သုတွာ၊ ကြား၍။ ရာဂါဒိဝူပသမေန၊ ရာဂစသည်တို့၏ ငြိမ်းခြင်းဖြင့်။ ဥပသမ္မတိ၊ ငြိမ်း၏။ အတ္ထသာမကံ၊ အကျိုးကိုပြီးစေတတ်သော။ နိဗ္ဗာန ပဋိသံယုတ္တံ၊ နိဗ္ဗာန်နှင့်စပ်သော။ ခန္ဓ ဓာတု အာယတန ဣန္ဒြိယ ဗလဗောဇ္ဈင်္ဂ သတိပဋ္ဌာန ပရိဒီပကံ၊ ခန္ဓာ, ဓာတ်, အာယတန, ဣန္ဒြေ, ဗိုလ်, ဗောဇ္ဈင် သတိပဋ္ဌာန်ကို ပြတတ်သော။ ဧကမ္ပိ၊ တခုတည်းဖြစ်သော။ တံပဒံ၊ ထိုပုဒ်သည်။ သေယျောယေဝ၊ မြတ်သည်သာလျှင်ဖြစ်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ ပဒိသမာနံ၊ ရှစ်ခုတို့၏ပြည့်ကြောင်းဖြစ်သော သဟဿဝဂ်၌ ရှေဦးစွာသော တမ္ဗဒါဌိက ဝတ္ထု ပြီးခြင်းကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ပဌမံ၊ သော။ တမ္ဗဒါဌိက စောရဃာတက ဝတ္ထု၊ တည်း။

---

## ၈-သဟဿဝဂ္ဂ၊ ၂-ဗာဟိယဒါရုစီရိယတ္ထေရ ဝတ္ထု

အနုသန္ဓေ...တမ္ဗဒါဌိက ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ ဗာဟိယဒါရုစီရိယတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ သဟဿမပိ စေ ဂါထာ စသည်ကို မိန့်အပ်၏။

သဟဿမပိ စေ ဂါထာတိ ဣမံ ဓမ္မဒေသနံ၊ ဂါထာ ဤသို့စသောဘုရား ဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။

ဝိဟာရန္တေ၊ နေစဉ်။ ဒါရုစီရိယတ္ထေရံ၊ ဒါရုစီရိမှယမထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိဝိတ္ထာရေမိ၊ချဲ့ဦးအံ့။ကေသိွ ကာလေ၊တခုသောအခါ၌။ဗဟူမနုဿာ၊ များစွာသောလူတို့သည်။ နာဝါယ၊ လှေဖြင့်။ မဟာသမုဒ္ဒံ၊ မဟာသမုဒ္ဒရာကို။ ပက္ခန္ဒိတွာ၊ ကူးသွား၍။ အန္တော မဟာ သမုဒ္ဒေ၊ မဟာသမုဒ္ဒရာအတွင်း၌။ နာဝါယ၊ လှေသည်။ ဘိန္နာယ၊ ကွဲပျက်သည်ရှိသော်။ မစ္ဆ ကစ္ဆပဘက္ခာ၊ ငါး,လိပ် အစာတို့သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ ဧကောဝ ဣတရော၊ ကုန်သည်တယောက်သည်။ ဧကံဖလကံ၊ ပျဉ်ချပ်တခုကို။ ဂဟေတွာ၊ ယူ၍။ ဝါယမန္တော၊ လုံ့လပြုလျက်။ သုပ္ပါရကပဋ္ဋန-တိရံ၊ သုပ္ပါရက သင်္ဘောဆိပ်နားသို့။ ဩပက္ကမိ၊ ရောက်၏။ တဿ၊ ထို ယောကျ်ား၏။ နိဝါသန ပါရုပနံ၊ အဝတ်အရုံပုဆိုးသည်။ နတ္ထိ၊ မရှိ။ သော၊ ထိုယောကျ်ားသည်။ အညံ၊ တပါးသော။ ကိဉ္စိ၊ တစုံတခုကို။ အပဿန္တော၊ မမြင်ခြင်းကြောင့်။ သုက္ခကဋ္ဌ ဒဏ္ဍကေ၊ ထင်းခြောက် ဝါးခြောက်တို့ကို။ ဝါတေဟိ၊ လျှော်တို့ဖြင့်။ ပလိဝေဌေတွာ၊ စည်း၍။ နိဝါသနပါရုပနံ၊ အဝတ်အရုံပုဆိုးကိုကဲ့သို့။ ကတွာ၊ ပြု၍။ ဒေဝကုလ-တော၊ နတ်စင်မှ။ ကပါလံ၊ ခွက်ကို၊ ဂဟေတွာ၊ ယူ၍။ သုပ္ပါရက ပဋ္ဋ-နံ၊ သုပ္ပါရက သင်္ဘောဆိပ်သို့။ အဂမာသိ၊ ရောက်လာ၏။ မနုဿာ၊ လူတို့ သည်။ တံ၊ ထိုပျဉ်ချပ်ဝတ်ယောကျ်ားကို။ ဒိသွာ၊ ၍။ ယာဂုဘတ္တာဒီနိ၊ ယာဂုထမင်းစသည်တို့ကို။ ဒတွာ၊ ၍။ အယံ၊ ဤသူကား။ ဧကော အရ-ဟာတိ၊ ရဟန္တာတပါးတည်းဟု။ သမ္ဘာဝေသုံ၊ ချီးမွမ်းပြောဆိုလျက် ပူဇော်ကုန်၏။

သော၊ ထိုယောကျ်ားသည်။ ဝတ္ထေသု၊ အဝတ်တို့ကို။ ဥပနီတေသု၊ ဆောင်၍ ပေးကုန်သည်ရှိသော်။ အဟံ၊ ငါသည်။ သစေ နိဝါသိဿာမိ-ဝါ၊ အကယ်၍မူလည်း ဝတ်ငြားအံ့။ သစေ ပါရုပိဿာမိဝါ၊ အကယ်၍မူ လည်းရုံငြားအံ့။ မေ၊ ငါ့အား။ လာဘသက္ကာရော၊ လာဘ် ပူဇော်သက္ကာ သည်။ ပရိဟာယိဿတိ၊ ယုတ်လတ္တံ့။ ဣတိ၊ ဤသို့ ကြံ၍။ တာနိ ဝတ္ထာနိ၊ ထိုပုဆိုးတို့ကို။ ပဋိက္ခိပိတွာ၊ ၍။ ဒါရုစီရာနေဝ၊ သစ်သား ပျဉ်ချပ်တည်း ဟူသော အဝတ်တို့ကိုလျှင်။ ပရိဟရိ၊ ရွက်ဆောင်၏။ အသ၊ ထိုအခါ၌။ ဗဟူဟိ၊ များစွာသော လူတို့သည်။ အရဟာအရဟာတိ၊ ရဟန္တာ ရဟန္တာ

ဟူ၍။ ဝုစ္စမာနသ္မိ၊ ဆိုအပ်သော။ အဿ၊ ထိုသူ၏။ ဧဝံ၊ ဤသို့။ စေတသော ပရိဝိတက္ကော၊ စိတ်အကြံသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ လောကေ၊ လောက၌၊ ကေစိ၊ အချို့ကုန်သော။ ယေခေါ၊ အကြင်သူတို့သည်။ အရဟန္တော ဝါ၊ ရဟန္တာအဖြစ်သို့ လည်းကောင်း။ အရဟတ္တမဂ္ဂံ ဝါ၊ အရဟတ္တ မဂ်သို့ လည်းကောင်း။ သမာပန္နာ၊ ရောက်ကုန်၏။ အဟံ၊ ငါသည်။ တေသံ၊ ထိုသူတို့တွင်။ အညတရော၊ တယောက်ယောက်ဖြစ်ဟန်ရှိ၏။ ဣတိ၊ ဤသို့ အကြံများ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုပျဉ်ချပ်ဝတ်သူ၏။ ပုရာဏ သာလောဟိတာ၊ ရှေး၌ အဆွေ တော်ဘူးသော။ ဒေဝတာ၊ နတ်သည်။ ဧဝံ စိန္တေသိ၊ ဤသို့ကြံ၏။

ပုရာဏသာလောဟိတာတိ၊ သာလောဟိတာ ဟူသည်ကား။ ပုဗ္ဗေ၊ ရှေး၌။ ကေတော၊ တကွနက်။ ကတသမဏဓမ္မာ၊ ရဟန်းတရားကိုပြုဘူးသူတည်း။ ကိရ၊ ကြားဘူးသည်ကား။ ပုဗ္ဗေ၊ ရှေး၌။ ကဿပ ဒသဗလဿ၊ ကဿပဘုရား၏။ သာသနေ၊ သာသနာသည်။ ဩသက္ကမာနေ၊ ဆုတ်ယုတ်သည်ရှိသော်။ သာမဏေရာဒီနံ၊ သာမဏေ စသည်တို့၏ ဝိပ္ပကာရံ၊ ဖေါက်ပြန်သော အမူအရာကို။ ဒိသွာ၊ မြင်၍။ သတ္တ ဘိက္ခူ၊ ခုနစ်ယောက်သော ရဟန်းတို့သည်။ သံဝေဂပ္ပတ္တာ၊ ထိတ်လန့်ခြင်းသို့ ရောက်ကုန်လျက်။ ယာဝ၊ အကြင်ရွေ့လောက်။ သာသနဿ၊ သာသနာတော်၏။ အန္တရဓာနံ၊ ကွယ်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ တာဝ၊ ထိုရွေ့လောက်။ အတ္တနော၊ မိမိ၏။ ပတိဋ္ဌံ၊ ကိုးကွယ်ရာကို။ ကရိဿာမာတိ၊ ပြုကုန်အံ့ဟူ၍။ သုဝဏ္ဏစေတိယံ၊ ရွှေစေတီကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ အရညံ၊ တောသို့။ ပဝိဋ္ဌာ၊ ဝင်ကုန်၍။ ဧကံပဗ္ဗတံ၊ တောင်တခုကို။ ဒိသွာ၊ မြင်၍။ ဇီဝိတေ၊ အသက်ရှည်ခြင်း၌။ သာလယာ၊ တပ်ခြင်းရှိကုန်သည်ရှိသော်။ နိဝတ္တန္တု၊ နစ်ကုန်လော့။ နိရာလယာ၊ တပ်ခြင်းကင်းကုန်သည် ရှိသော်။ ဣမံပဗ္ဗတံ၊ ဤတောင်ကို။ အဘိရုဟန္တု၊ တက်ကုန်လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ နိဿေဏိံ၊ ထန်းကျင့်လှေကားကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ သဗ္ဗေပိ၊ ခုနစ်ယောက်သော ရဟန်းတို့သည်လည်း။ တံ၊ ထိုတောင်ကို။ အဘိရုယှ၊ တက်၍။ နိဿေဏိံ၊ ထန်းကျင့်လှေကားကို။ ပါတေတွာ၊ တွန်းချ၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရိံသု၊ ပြုကုန်၏။ တေသု၊ ထိုရဟန်းတို့တွင်။ သံဃတ္ထေရော၊ သံဃာ့ထေရ်သည်။ ဧကရတ္တာဘိက္ကမနေဝ၊ တညဉ့်ကို လွန်ခြင်းဖြင့်လျှင်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊

ရောက်၏။ သော၊ ထိုသံဃာ့ထေရ်သည်။ အနောတတ္တဒဟေ၊ အနော တတ်အိုင်နား၌။ နာဂလတာဒန္တကဋ္ဌံ၊ ကွမ်းရိုးဒန်ပူကို။ ခါဒိတွာ၊ စား၍။ ဥတ္တရကုရုတော၊ မြောက်ကျွန်းမှ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ အာဟရိတွာ၊ ဆောင်၍။ တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ အာဟ၊ ဆို၏။ အာဝုသော၊ ငါ့ရှင်တို့။ တုမှေ ဒန္တကဋ္ဌံ၊ ဤဒန်ပူကို။ ခါဒိတွာ၊ စား၍။ မုခံဓောဝိတွာ၊ မျက်နှာသစ်၍။ ဣဒံ ပိဏ္ဍပါတံ၊ ဤဆွမ်းကို။ ပရိဘုဉ္ဇထ၊ သုံးဆောင်ကုန်လော့။ ဣတိ၊ ဤသို့ ဆို၏။

ဘန္တေ၊ အရှင်ဘုရား။ အမှေဟိ၊ ငါတို့သည်။ ဧဝံ၊ ဤသို့။ ကတိကာ၊ ကတိကဝတ်ကို။ ကတာကိံ ပန၊ ပြုဘူးကုန်သလော။ ယော၊ အကြင် သူသည်။ ပဌမံ၊ ရှေးဦးစွာ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။ တေန၊ ထိုသူသည်။ အာဘတံ၊ ဆောင်ယူခဲ့သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ အဝသေသာ၊ ကြွင်းသော ရဟန်းတို့သည်။ ပရိဘုဉ္ဇိဿန္တိ၊ သုံးဆောင်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ ကတိကဝတ် ပြုကုန်ဘူးသလော။ အာဝုသော၊ ငါ့ရှင်တို့။ ဧဝံ၊ ဤသို့ ကတိကဝတ်ပြုခြင်းသည်။ နောဟိ၊ မရှိသလျှင်ကတည်း။ ဣတိ၊ ဤသို့ ဆို၏။ တေနေဟိ၊ ထိုသို့ ဆိုတပြီးကား။ မယံပိ၊ ငါတို့သည်လည်း။ တုမှေဝိယ၊ သင်တို့ကဲ့သို့။ ဝိသေသံ၊ အထူးကို။ သစေ နိဗ္ဗတ္တေဿာမ၊ အကယ်၍ ဖြစ်စေနိုင်ကုန်ငြားအံ့၊ သယံ၊ ကိုယ်တိုင်။ အာဟရိတွာ၊ ဆောင်၍။ ပရိဘုဉ္ဇိဿာမ၊ စားကုန်အံ့။ ဣတိ၊ ထို့ကြောင့်။ န ဣစ္ဆိံသု၊ အရှင်ဘုရားဆောင်ခဲ့သောဆွမ်းကို အလိုမရှိကုန်။ ဒုတိယဒိ- ဝသေ၊ နှစ်ရက်မြောက်သောနေ့၌။ ဒုတိယတ္ထေရော၊ ဒုတိယထေရ်သည်။ အနာဂါမိဖလံ၊ အနာဂါမိဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ သောပိ၊ ထိုမထေရ် သည်လည်း။ ကထေဝ၊ ထိုအတူလျှင်။ ပိဏ္ဍပါတံ၊ ဆွမ်းကို၊ အာဟရိတွာ၊ ဆောင်၍။ ဣတရေ၊ တပါးရဟန်းတို့ကို။ နိမန္တေသိ၊ ဘိတ်၏။ တေ၊ ရဟန်းတို့သည်။ ဧဝံအာဟံသု၊ ဤသို့ ဆိုကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ အမှေဟိ၊ ငါတို့သည်။ ဧဝံ၊ ဤသို့။ ကတိကာ၊ ကတိကဝတ်ကို။ ကတာ- ကိံ ပန၊ ပြုဘူးကုန်သလော။ မဟာထေရေန၊ မထေရ်ကြီးသည်။ အာဘတံ- ပိဏ္ဍပါတံ၊ ဆောင်ခဲ့သော ဆွမ်းကို။ အဘုဉ္ဇိတွာ၊ မစားမူ၍။ အနုထေ- ရေန၊ မထေရ်ငယ်သည်။ အာဘတံ၊ ဆောင်ခဲ့သောဆွမ်းကို။ ဘုဉ္ဇိဿာမ၊ စားကုန်အံ့။ ဣတိ၊ ဤသို့ ကတိကဝတ်ပြုဘူးကုန်သလော။ အာဝုသော၊ ငါ့ရှင်တို့။ ဧဝံ၊ ဤသို့ပြုခြင်းသည်။ နောဟိ၊ မရှိသလျှင်ကတည်း။ ဣတိ၊

ဤသို့ ဆို၏။ ဧဝံသန္တေ၊ ဤသို့ ဖြစ်သည်ရှိသော်။ တုမှေဝိယ၊ သင်တို့ကဲ့သို့။ မယံပိ၊ ငါတို့သည်လည်း။ ဝိသေသံ၊ အထူးကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ၍။ အတ္တနော၊ မိမိ၏။ ပုရိသကာရေန၊ ယောကျ်ားတို့၏ အစွမ်းဖြင့်။ ဘုဉ္ဇိတုံ၊ စားခြင်းငှါ။ သက္ကောန္တာ၊ တတ်နိုင်ကုန်သည်ရှိသော်။ ဘုဉ္ဇိဿာမ၊ စားကုန်အံ့။ ဣတိ၊ ထို့ကြောင့်။ နစ္ဆိံသု၊ အလိုမရှိကုန်။ တေသု၊ ထိုရဟန်းတို့တွင်။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တောဘိက္ခု၊ ရောက်သော ရဟန်းသည်။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြု၏။ အနာဂါမီ၊ အနာဂါမ်သည်။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တိ၊ ဖြစ်၏။

ဣတရေပန၊ ဤမှတပါးကုန်သော။ ပဉ္စထေရာ၊ ငါးဦးသော မထေရ်တို့သည်။ ဝိသေသံ၊ ချွန်မင်္ဂဖိုလ်အထူးကို။ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှါ။ အသက္ကောန္တော၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ သုဿိတွာ၊ ခြောက်တပ်၍။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌။ ကာလံကတွာ၊ စုတေခြင်းကိုပြု၍။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တိတွာ၊ ဖြစ်၍။ ဣမသ္မိံ ဗုဒ္ဓုပ္ပါဒေ၊ ဤငါတို့ဘုရား ပွင့်သောအခါ၌။ တတော၊ ထိုနတ်ပြည်မှ။ စဝိတွာ၊ စုတေ၍။ တတ္ထတတ္ထ ကုလဃရေသု၊ ထိုထိုအမျိုးအိမ်တို့၌။ နိဗ္ဗတ္တိံသု၊ ဖြစ်ကုန်၏။ တေသု၊ ထိုသူငါးယောက်တို့တွင်။ ဧကော၊ တယောက်သည်။ ပုက္ကုသာတိ၊ ပုက္ကုသာတိ အမည်ရှိသော။ ရာဇာ၊ မင်းသည်။ အဟောသိ၊ ဖြစ်၏။ ဧကော၊ တယောက်သည်။ ကုမာရကဿပေါ၊ ကုမာရကဿပသည်။ အဟောသိ၊ ဖြစ်၏။ ဧကော၊ တယောက်သည်။ ဒါရုစီရိယော၊ ဒါရုစီရိယသည်။ အဟောသိ၊ ဖြစ်၏။ ဧကော၊ တယောက်သည်။ မလ္လပုတ္တော-ဒဗ္ဗော၊ မလ္လာမင်း၏သားဒဗ္ဗသည်။ အဟောသိ၊ ဖြစ်၏။ ဧကော၊ တယောက်သည်။ သဘိယော ပရိဗ္ဗာဇကော၊ သဘိယ ပရိဗိုဇ်သည်။ အဟောသိ၊ ဖြစ်၏။ တတ္ထ၊ ထိုငါးယောက်သော ရဟန်းတို့တွင်။ ယောဘိက္ခု၊ အ[illegible] ရဟန်းသည်။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တော၊ ဖြစ်၏။ [illegible]ဘိက္ခု၊ ထိုရဟန်းကို။ သန္ဓာယ၊ ရည်၍။ ပုရာဏ သာလောဟိတာဒေဝတာတိ၊ ဒေဝတာဟူသော။ ဧတံ၊ ဤစကားကို။ ဝုတ္တံ၊ ဆိုအပ်၏။

ဟိ၊ ထိုစကားသင့်စွ။ တဿ၊ ထိုသို့သဘောရှိသော။ ဗြဟ္မုနော၊ ဗြဟ္မာ၏။ ဧတံ၊ ဤအကြံသည်။ အဟောသိ၊ ဖြစ်၏။ အယံ၊ ဤသူသည်။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊ တကွ။ နိဿေဏိံ၊ ထန်းကျင့်လှေကားကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ ပဗ္ဗတံ၊ တောင်ထိပ်သို့။ အဘိရုဟိတွာ၊ တက်၍။ သမဏ

ဓမ္မံ၊ ရဟန်းတရားကို။ အကာသိ၊ ပြုဘူး၏။ ဧကဒါ ပန၊ ယခုအခါ၌။ ဧကမ္ပိ လဒ္ဓိံ၊ ဤအယူကို။ ဂဟေတွာ၊ စုံစမ်းရှာဖွေ၍ ယူလျက်။ ဝိစရန္တော၊ လှည့်ပတ်သည်ရှိသော်။ ဝိနဿေယျ၊ ပျက်စီးလေရာ၏။ နံ၊ ထိုဒါရုစီရိယကို။ သံဝေဇေဿာမိ၊ ထိတ်လန့်စေအံ့။ ဣတိ၊ ဤသို့ကြံ၏။ အထ၊ ထို့နောင်မှ။ နံ၊ ထိုဒါရုစီရိယသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။ ဗာဟိယ၊ ဗာဟိယ။ တွံ၊ သင်သည်။ ယာယ၊ အကြင် အကျင့်ဖြင့်။ အရဟာဝါ၊ ရဟန္တာသည်လည်း။ အဿ၊ ဖြစ်ရာ၏။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်သို့။ ပဋိပန္နောဝါ၊ ရောက်အောင် ကျင့်သော သူသည်လည်း။ အဿ၊ ရာ၏။ သာပိ ပဋိပဒါ၊ ထိုအကျင့်သည်လည်း။ တေ၊ အား။ နတ္ထိ၊ မရှိ။ ဗာဟိယ၊ ယ။ တွံ၊ သင်သည်။ နေဝခေါ အရဟာ၊ ရဟန္တာလည်း မဟုတ်။ အရဟတ္တမဂ္ဂံဝါ၊ သို့လည်း။ နာပိ သမာပန္နော၊ မရောက်။ ဣတိ၊ ဤသို့ ဆိုလတ်သော်။

ဗာဟိယော၊ ဗာဟိယ အကျင့်ရှိသော ဒါရုစီရိယသည်။ အာကာသေ၊ ကောင်းကင်၌။ ဌတွာ၊ ရပ်၍။ ကထေန္တံ၊ ဆိုသော။ မဟာဗြဟ္မာနံ၊ ဗြဟ္မာကြီးကို။ ဩလောကေတွာ၊ ကြည့်၍။ စိန္တေသိ၊ ကြံ၏။ အဟံ၊ ငါသည်။ အရဟန္တော၊ ရဟန္တာသည်။ အမှီတိ၊ ဖြစ်၏ဟူ၍။ စိန္တေသိ၊ ကြံ၏။ အယဉ္စ၊ ဤဗြဟ္မာသည်လည်း။ မံ၊ ငါ့ကို။ တွံ၊ သင်သည်။ န အရဟာ၊ ရဟန္တာ မဟုတ်။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်သို့။ န သမာပန္နော၊ မရောက်သည်။ အသိ၊ ဖြစ်၏။ ဣတိပိ၊ ဤသို့လည်း။ ဝဒတိ၊ ဆို၏။ မယှာ၊ ငါသည်။ ဘာရိယံ ကမ္မံ၊ ဝန်လေးလှသောအမှုကို။ အဟောကတံ၊ ဩော်ပြုမိ၏။ လောကေ၊ လောက၌။ အညော၊ ငါမှတပါးသော။ အရဟာ၊ ရဟန္တာ သည်။ အတ္ထိနုခေါ၊ ရှိအံ့လော။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံ၏။ အထ၊ ထို့နောင်မှ။ နံ၊ ထိုဗြဟ္မာကြီးကို။ ပုစ္ဆိ၊ မေး၏။ ဒေဝတေ၊ ဗြဟ္မာကြီး။ ဧတရဟိ၊ ယခု။ လောကေ၊ လောက၌။ အရဟာဝါ၊ ရဟန္တာ သည်လည်း။ အတ္ထိနုခေါ၊ ရှိသလော။ အရဟတ္တမဂ္ဂံ၊ အရဟတ္တမဂ်သို့။ သမာပန္နောဝါ၊ ရောက်သောသူသည်မူလည်း။ အတ္ထိနုခေါ၊ ရှိသလော။ ဣတိ၊ ဤသို့မေး၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုဒါရုစီရိယအား။ ဒေဝတာ၊ ဗြဟ္မာကြီးသည်။ အာစိက္ခိ၊ ကြား၏။ ဗာဟိယ။ အိုဗာဟိယ။ ဥတ္တရေသု ဇနပဒေသု၊ ဂင်္ဂါမှမြောက်ဖြစ်သော ဇနပုဒ်တို့၌။ သာဝတ္ထိနာမ နဂရံ၊ သာဝတ္ထိမည်သော ပြည်သည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုသာဝတ္ထိပြည်

၌။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တေရဟိ၊ ယခုအခါ၌။ ဝိဟ-
ရတိ၊ နေ၏။ အရဟံ၊ ပစ္စည်းလေးပါးကို ခံထိုက်၏။ သမ္မာသမ္ဗုဒ္ဓေါ၊
သစ္စာလေးပါးကိုသိ၏။ ဟိ၊ မှန်၏။ ဗာဟိယ၊ ဗာဟိယတက္ကတွန်း။ သော-
ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ အရဟာစေဝ၊ ရဟန္တာလည်းမည်၏။
အရဟတ္တတ္ထာယစ၊ အရဟတ္တမဂ် အကျိုးငှါလည်း။ ဓမ္မံ၊ တရားကို။
ဒေသေတိ၊ ဟော၏။ ဣတိ၊ ဤသို့ကြား၏။

ဗာဟိယော၊ ဗာဟိယသည်။ ရတ္တိဘာဂေ၊ ညဉ့်အဘို့၌။ ဒေဝတာယ၊
ပြဟ္မာကြီး၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ သံဝိဂ္ဂမာနသော၊
ထိတ်လန့်သော နှလုံးရှိ၏။ တံခဏံယေဝ၊ ထိုခဏခြင်းပင်လျှင်။ သုပ္ပါ-
ရကာ၊ သင်းဘောဆိပ်မှ။ နိက္ခမိတွာ၊ ထွက်၍။ သဗ္ဗတ္ထ၊ ခပ်သိမ်းသော
အရပ်၌။ ဧကရတ္တိဝါသေန၊ တညဉ့်ခြင်းဖြင့်။ သာဝတ္ထိံ၊ သာဝတ္ထိပြည်
သို့။ အဂမာသိ၊ ရောက်လာ၏။ ဝီသယောဇန သတိကံ၊ ယူဇနာဘရာ့
နှစ်ဆယ်ရှိသော၊ သဗ္ဗံမဂ္ဂံ၊ အလုံးစုံသော ခရီးကို။ ဧကရတ္တိဝါသေနေဝ၊
တညဉ့်ခြင်းဖြင့်သာလျှင်။ အဂမာသိ၊ သွား၏။ ဂစ္ဆန္တောစပန၊ သွား
သော်လည်း။ ဒေဝတာနုဘာဝေန၊ နတ်၏အာနုဘော်ဖြင့်။ ဂတော၊
သွား၏။ ဗုဒ္ဓါနုဘာဝေန၊ ဘုရား၏ အာနုဘော်ဖြင့်။ ဂတော၊
ရောက်၏။ ဣတိပိ၊ ဤသို့လည်း။ ဝဒန္တိယေဝ၊ ဆိုကုန်သလျှင် ကတည်း။
တသ္မိံပန ခဏေ၊ ထိုခဏ၌ကား။ သတ္ထာ၊ ဘုရားသည်။ သာဝတ္ထိံ၊
သာဝတ္ထိပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိဋ္ဌော၊ ဝင်သည်။ ဟောတိ၊
ဖြစ်၏။ သော၊ ထိုဒါရုစီရိယသည်။ ဘုတ္တပါတရာသေ၊ နံနက်စာစားပြီး
ကုန်သော။ ကာယ အာလသိယ ဝိမောစနတ္ထံ၊ ကိုယ်၏ ပျင်းရှိခြင်း ပင်ပန်း
ခြင်းမှ လွတ်စေခြင်းငှါ။ အဗ္ဘောကာသေ၊ လွင်တီးခေါင်၌။ စင်္ကမန္တေ၊
စင်္ကြံသွားကုန်သော။ သမ္ဗဟုလေ ဘိက္ခူ၊ များစွာသော ရဟန်းတို့ကို။
သတ္ထာ၊ ဘုရားသည်။ တေရဟိ၊ ယခုအခါ၌။ ကဟံ၊ အဘယ်မှာ ရှိသ
နည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ သာဝတ္ထိံ၊
သာဝတ္ထိပြည်သို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပဝိဋ္ဌော၊ ဝင်၏။ ဣတိဝတွာ၊
ဤသို့ပြောပြီး၍။ တံ၊ ထိုဒါရုစီရိယကို။ ပုစ္ဆိံသု၊ မေးကုန်၏။ တွံပန၊
သင်သည်ကား။ ကုတော၊ အဘယ်အရပ်က။ အာဂတော၊ လာခဲ့သည်။
အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့မေးကုန်၏။ သုပ္ပါရကာ၊ သင်္ဘော
ဆိပ်မှ။ အာဂတော၊ လာသည်။ အမှိ၊ ၏။ ဣတိ၊ ဤသို့ဆိုသတ်သော်။

ကဒါ၊ ဘယ်နေ့က။ နိက္ခန္တော၊ ထွက်ခဲ့သည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့ မေးလတ်သော်။ ဟိယျော၊ ယမန်နေ့က။ သာယံ၊ ညအခါ၌။ နိက္ခန္တော၊ ထွက်ခဲ့သည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ဆို၏။ ဒူရတောပိ၊ အဝေးမှလည်း။ အာဂတော၊ လာသည်။ အသိ၏။ နိသီဒ၊ ထိုင်ဦးလော့။ တာဝ၊ ရှေးဦးစွာ။ ပါဒေ၊ ခြေတို့ကို။ ဓောဝိတွာ၊ ဆေး၍။ တေလေန၊ ဆီဖြင့်။ မက္ခိတွာ၊ လိမ်း၍။ ထောကံ၊ အတန်ငယ်။ ဝိဿမာဟိ၊ အပင်အပန်းဖြေဦးလော့။ အာဂတကာလေ၊ ကြွလာသောအခါ၌။ သတ္ထာရံ၊ ဘုရားကို။ ဒက္ခိဿသိ၊ ဖူးမြင်ရလတ္တံ့။ ဣတိ၊ ဤသို့ ဆိုကုန်၏။

ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ အကျွန်ုပ်သည်။ သတ္ထု၀ါ၊ ဘုရား၏ ၎င်း။ အတ္တနော၀ါ၊ မိမိ၏၎င်း။ ဇီဝိတန္တရာယံ၊ အသက်အန္တရာယ်ကို။ န ဇာနာမိ၊ မသိ။ ဧကရတ္တေနေဝ၊ တညဥ့်ခြင်းဖြင့် သာလျှင်။ ကတ္ထစိ၊ တစုံတခုသောအရပ်၌။ အဌတွာ၊ မရပ်နားမူ၍။ အနိသီဒိတွာ၊ မထိုင်ခဲ့မူ၍။ ဝီသယောဇန သတိကံ၊ ယူဇနာတရာ့နှစ်ဆယ်ရှိသော။ မဂ္ဂံ၊ ခရီးကို။ အာဂတော၊ လာသည်။ အမှိ၊ ၏။ သတ္ထာရံ၊ ဘုရားကို။ ပဿိတွာပိ၊ ဖူးမြင်၍လည်း။ ဝိဿမိဿာမိ၊ အပင်အပန်းကို ဖျောက်အံ့။ ဣတိ၊ ဤသို့ ဆို၏။ သော၊ ထိုဒါရုစီရိယသည်။ ဧဝံ၊ သို့။ ဝတွာ၊ ဆို၍။ တရမာနရူပေါ၊ အဆောတလျင်သာလျှင်။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ပဝိသိတွာ၊ ဝင်၍။ ဘဂဝန္တံ၊ ဘုရားကို။အနောပမာယ၊ နှိုင်းယှဉ်စရာ ဥပမာမရှိသော။ ဗုဒ္ဓသိရိယာ၊ ဘုရား၏ ကြက်သရေဖြင့်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တံ၊ ကြွသည်ကို။ ဒိသွာ၊ မြင်၍။ မေ၊ ငါသည်။ ဂေါတမော၊ ဂေါတမအနွယ် ဖြစ်သော။ သမ္မာသမ္ဗုဒ္ဓေါ၊ ဘုရားသဗ္ဗညုကို။ဝတ၊ စင်စစ်။ စိရဿံ ဒိဋ္ဌော၊ ကြာမြင့်သောအခါမှ မြင်ရ၏။ ဣတိ၊ ဤသို့။ ဒိဋ္ဌဋ္ဌာနေတော၊ မြင်ရာ အရပ်မှ။ ပဋ္ဌာယ။စ၍။ ဩနတ သရီရော၊ကိုင်းညွှတ်သော ကိုယ်ရှိလျက်။ ဂန္တွာ၊ သွား၍။ အန္တရ ဝီထိယမေဝ၊ ခရီးအကြား၌ သာလျှင်။ ပဉ္စပတိဋ္ဌိ-တေန။ ငါးပါးသော တည်ခြင်းဖြင့်။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဂေါပ္ဖကေသု၊ ဖမျက်တို့၌။ ဒဠှံဂဟေတွာ၊ မြဲစွာဖက်၍။ ဧဝံအာဟ၊ ဤသို့လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ အကျွန်ုပ်အား။ ဘဂဝါ၊ အရှင်ဘုရားသည်။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ ဟောတော်မူပါလော့။ သုဂတော၊ ကောင်း သောစကားကို ဆိုတော်မူတတ်သော ဘုရားသည်။ ဓမ္မံ၊ တရားကို။ ဒေ-သေတု၊ ဟောတော်မူပါလော့။ ယံ၊ အကြင်တရားသည်။ မမ၊ အကျွန်ုပ်

အား။ ဒီဃရတ္တံ၊ ရှည်ကြာစွာ ကာလပတ်လုံး။ ဟိတာယ၊ စီးပွားခြင်းငှါ၊ သုခါယ၊ ချမ်းသာခြင်းငှါ။ အဿ၊ ဖြစ်ရာ၏။ ဣတိ၊ ဤသို့လျှောက်၏။ အထ၊ ထို့နောင်မှ။ နံ၊ ထိုဒါရုစီရိယကို။ သတ္ထာ၊ ဘုရားသည်။ ဗာဟိယ၊ ဗာဟိယ အကျင့်ရှိသော ဒါရုစီရိယ။တာဝ အကာလောခေါ၊ တရားဟော ချိန်ကာလမဟုတ်သေး။ အန္တရဃရံ၊ ရွာတွင်းသို့။ ပိဏ္ဍာယ၊ဆွမ်းအလို့ငှါ။ ပဝိဋ္ဌော၊ ဝင်သည်။ အမှာ၊ ဖြစ်ကုန်၏။ ဣတိပဋိက္ခိပိ၊ ဤသို့ပယ်၏။

တံ၊ ထိုဘုရားမိန့်တော်မူချက် စကားကို။ သုတ္ဝာ၊ကြား၍။ ဗာဟိယော၊ ဗာဟိယသည်။ ဘန္တေ၊ အရှင်ဘုရား။ သံသာရေ၊ သံသရာ၌။ သံသရန္တေန၊ ကျင်လည်ရခြင်းဖြင့်။ ကဗဠီကာရာဟာရော၊ ကဗဠီကာရ အာဟာရကို။ အလဒ္ဓပုဗ္ဗော၊ မရဘူးသောအခါ မည်သည်။ န၊ မရှိ။ တုမှာကံဝါ၊ အရှင် တို့၏ရင်း။ မယှံဝါ၊ အကျွန်ုပ်၏ရင်း။ ဇီဝိတန္တရာယံ၊ အသက်အန္တရာယ်ကို။ န ဇာနာမိ၊ မသိနိုင်။ မေ၊ အကျွန်ုပ်အား။ ဓမ္မံ၊ တရားကို။ ဒေသေတု၊ မဆိုင်းမလင့် ဟောတော်မူပါလော့။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဒုတိယံပိ၊ နှစ်ကြိမ်မြောက်လည်း။ ပဋိက္ခိပိယေဝ၊ ပယ်သည် သာလျှင်တည်း။ အဿ၊ ထိုဘုရား၏။ ဧဝံ၊ ဤအကြံသည်။ အဟောသိ- ကိရ၊ ဖြစ်သတတ်၊ ဣမဿ၊ ဤသူသည်။ မံ၊ ငါဘုရားကို။ ဒိဋ္ဌကာလ- တော ပဋ္ဌာယ၊ မြင်သောအခါမှစ၍။ သကလသရီရံ၊ ကိုယ်အလုံးသည်။ ပီတိယာ၊ နှစ်သက်ခြင်းဖြင့်။ နိရန္တရံ၊ မပြတ်။ အဇ္ဈောတ္ထဋံ၊ ပျံ့နှံ့လွှမ်းမိုး ခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ ဗလဝ ပီတိဝေဂေါ၊ အားကြီးသော ပီတိ အဟုန်ရှိသောသူသည်။ ဓမ္မံ၊ တရားကို။ သုတ္ဝာပိ၊ နာ၍လည်း ပဋိဝိဇ္ဈိတုံ၊ ထိုးထွင်း၍ သိခြင်းငှါ။ နသက္ခိဿတိ၊ မတတ်နိုင်လတ္တံ့။ မဇ္ဈတ္တုပေ- က္ခာယ၊ လျစ်လျူရှုခြင်းဖြင့်။ တာဝ တိဋ္ဌတု၊ တည်လင့် စေဦးလော့။ ဧကရတ္တေနေဝ၊ တည့်ခြင်းဖြင့် သာလျှင်။ ဝိသ ယောဇန သတိကံ၊ ယူ ဇနာတရာ့နှစ်ဆယ်ရှိသော။ မဂ္ဂံ၊ခရီးကို။ အာဂတတ္တာ၊ လာခြင်းကြောင့်။ ဒရထောပိ၊ ပူပန်ခြင်းသည်လည်း။ အဿ၊ ထိုဒါရုစီရိယအား။ ဗလဝါ၊ အားကြီး၏။ သောပိ၊ ထို ပူပန်ခြင်းသည်လည်း။ တာဝ ပဋိပ္ပဿမ္ဘတု၊ ငြိမ်းစေဦးလော့။ ဣတိ၊ ဤသို့ ကြံတော်မူ၏။

တသ္မာ၊ ထို့ကြောင့်။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ပဋိက္ခိပိတွာ၊ ပယ်၍။တတိ- ယံပိ၊ သုံးကြိမ်မြောက်လည်း။ ယာစိတော၊ တောင်းပန်အပ်သော ဘုရား

သည်။ အန္တရဝီထိယံ၊ ခရီးမ၌။ ဌိတော၀၊ ရပ်လျက်လျှင်။ တသ္မာတိဟ တေ ဗာဟိယ ဧဝံ သိက္ခိတဗ္ဗန္တိ ဒိဋ္ဌေ ဒိဋ္ဌမတ္တံ ဘဝိဿတီတိ အာဒိနာ၊ ဘဝိဿတိ ဤသို့ အစရှိသော။ နယေန၊ နည်းဖြင့်။ဓမ္မံ၊တရားကို။ ဒေသေသိ၊ ဟော၏။ ဗာဟိယ၊ ဗာဟိယ အကျင့်ရှိသောသူ။ တေ၊ သင်သည်။ ဒိဋ္ဌေ၊ မြင်ရာ၌။ ဒိဋ္ဌမတ္တံ၊ မြင်ကာမျှသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤလောက၌။ ဧဝံ၊ ဤသို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ ဣတိ၊ ဤသို့ ဟော၏။ သော၊ ထို ဗာဟိယသည်။ သတ္ထု ဓမ္မံ၊ ဘုရား တရားကို။ သုဏန္တောယေဝ၊ နာစဉ်ပင်လျှင်။ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝေါတို့ကို။ ခေပေတွာ၊ ကုန်စေ၍။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ တာဝဒေဝစ ပန၊ ထိုရဟန္တာဖြစ်သော ခဏ၌ပင်လျှင်။ ဘဂဝန္တံ၊ ဘုရားကို။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊ တောင်းပန်၏။ တေ၊ သင့်အား။ ပတ္တစီဝရံ၊ သပိတ်, သင်္ကန်းသည်။ ပရိပုဏ္ဏံ၊ ပြည့်စုံပြီလော။ ဣတိ၊ ဤသို့။ ပုဋ္ဌော၊ မေးတော်မူလတ်သော်။ န ပရိပုဏ္ဏံ၊ မပြည့်စုံပါသေး။ ဣတိအာဟ၊ ဤသို့လျှောက်၏။ အထ၊ ထို့နောင်မှ။ နံ၊ ထိုဒါရုစီရိယကို။ သတ္ထာ၊ ဘုရားသည်။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ ပတ္တစီဝရံ၊ သပိတ်, သင်္ကန်းကို။ ပရိယေသာဟိ၊ ရှာချေလော့။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူပြီး၍။ ပက္ကာမိ၊ ဖဲလေ၏။

ဝိသတိ ဝဿ သဟဿာနိ၊ အနှစ်နှစ်သောင်း တိုင်တိုင်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တော၊ ပြုသော။ သောဘိက္ခု၊ ထိုဒါရုစီရိယ ရဟန်းသည်။ အတ္တနာ၊ မိမိသည်။ ပစ္စယေနာမ၊ ပစ္စည်းမည်သည်တို့ကို။ လဘိတွာ၊ ရ၍။ အညံ၊ တပါးသူကို။ အနောလောကေတွာ၊ မငဲ့မကြည့်မူ၍။ သယမေဝ၊ မိမိချည်းသာလျှင်။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ ဤသို့နှလုံးသွင်းလျက်။ ဧကေ ဘိက္ခုဿာပိ၊ တပါးသော ရဟန်းအားမူလည်း။ ပတ္တေနဝါ၊ သပိတ်ဖြင့်ရင်း။ စီဝရေနဝါ၊ သင်္ကန်းဖြင့်ရင်း။ သင်္ဂဟံ၊ သင်္ဂြိုဟ်ချီးမြှင့်ခြင်းကို။ နအကာသိကိရ၊ မပြုသတတ်။ တေန၊ ထို့ကြောင့်။ အဿ၊ ထိုဒါရုစီရိယအား။ ဣဒ္ဓိမယပတ္တစီဝရံ၊ တန်ခိုးဖြင့် ပြီးသော သပိတ်, သင်္ကန်းသည်။ နဉပ္ပဇ္ဇိဿတိ၊ မဖြစ်နိုင်လတ္တံ့။ ဣတိဉတွာ၊ ဤသို့ သိတော်မူ၍။ ဟေဘိက္ခုဘာဝေန၊

ပေဟိဘိက္ခု ရဟန်းအဖြစ်ဖြင့်။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ နအဒါသိ၊ ပေး
တော်မမူ။ ပတ္တစီဝရံ၊ သပိတ်, သင်္ကန်းကို။ ပရိယေသမာနမေဝ၊ ရှာလျက်
သွားသည် သာလျှင်ဖြစ်သော။ တံပိ၊ ထိုဒါရုစီရိယကိုလည်း။ ကော-
ယက္ခိနီ၊ ဘီလူးမ တယောက်သည်။ ဓေနုရူပေန၊ နွားမအဟန် ဘန်ဆင်း၍။
အာဂန္တွာ၊ လာ၍။ ဝါမဒ္ဒိရှိမ္ပိ၊ လက်ဝဲပေါင်၌။ ပဟရိတွာ၊ တိုးဝှေ့၍။
ဇီဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပေသိ၊ ရောက်စေ၏။ သတ္ထာ၊
ဘုရားသည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ ကတဘတ္တ-
ကိစ္စော၊ ဆွမ်းဘုဉ်းပေးပြီးသည် ရှိသော်။ သမ္ဗဟုလေဟိ ဘိက္ခူဟိ၊ များ
စွာကုန်သော ရဟန်းတို့နှင့်။ သဒ္ဓိံ၊ တကွ။ နိက္ခန္တော၊ ထွက်လတ်သော်။
ဗာဟိယဿ၊ ဗာဟိယဖြစ်သော ဒါရုစီရိယ၏။ သရီရံ၊ ကိုယ်ကို။ သင်္ကာရ-
ဋ္ဌာနေ၊ တံမြက်ချေးစု၌။ ပတိတံ၊ ကျလျက်ရှိသည်ကို။ ဒိသွာ၊ ၍။
ဘိက္ခူ၊ ရဟန်းတို့ကို။ အာဏာပေသိ၊ စေတော်မူ၏။ ဘိက္ခဝေ၊ တို့။
ကေသိံ ဂေဟဒွါရေ၊ တခုသော အိမ်တံခါးအနီး၌။ ဌတွာ၊ တည်၍။
မဉ္စကံ၊ ညောင်စောင်းကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ဣမံသရီရံ၊
ဤဒါရုစီရိယ၏ အလောင်းကို။ နဂရတော၊ ပြည်မှ။ နီဟရိတွာ၊ ၍။
ဈာပေတွာ၊ သင်္ဂြိုဟ်၍။ ထူပံ၊ စေတီကို။ ကရောထ၊ ပြုကုန်လော့။ ဣတိ၊
ဤသို့ စေလွှတ်တော်မူ၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ တထာ၊ ဘုရား မိန့်
တော်မူတိုင်း။ ကရိံသု၊ ပြုကုန်၏။ ကတွာစပန၊ ပြုကုန် ပြီး၍ကား။
ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္က-
မိတွာ၊ ကပ်၍။ အတ္တနာ၊ မိမိသည်။ ကတကိစ္စံ၊ ပြုပြီးသော ကိစ္စကို။
အာရောစေတွာ၊ ကြား၍။ တဿ၊ ထိုဗာဟိယ၏။ အဘိသမ္ပရာယံ၊
တဘဝသို့ လားခြင်းကို။ ပုစ္ဆိံသု၊ မေးကုန်၏။

အထ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုရားသည်။ နေသံ၊ ထိုရဟန်း တို့အား။
တဿ၊ ထိုဗာဟိယ၏။ ပရိနိဗ္ဗုတဘာဝံ၊ ပရိနိဗ္ဗာန် ပြုကြောင်းကို။ အာ-
စိက္ခိတွာ၊ ကြား၍။ ဘိက္ခဝေ၊ ရဟန်းတို့။ မမ၊ ငါ၏။ သာဝကာနံ၊
သာဝက ဖြစ်ကုန်သော။ ခိပ္ပာဘိညာနံ၊ လျင်သော အဘိညာဉ် ရှိကုန်သော။
ဘိက္ခူနံ၊ ရဟန်းတို့ထက်။ ယဒိဒံ ယောအယံ ဗာဟိယော ဒါရုစီရိယော၊
အကြင် ဗာဟိယဒါရုစီရိယသည်။ အတ္ထိ၊ ရှိ၏။ ဧတံသော ဗာဟိယော-
ဒါရုစီရိယော၊ ထိုဗာဟိယဒါရုစီရိယသည်။ အဂ္ဂံအဂ္ဂေါ၊ မြတ်၏။ ဣတိ၊
ဤသို့။ ဧတဒဂ္ဂေ၊ ဧတဒဂ်အရာ၌။ ဌပေသိ၊ ထား၏။ အထ၊ ထိုအခါ၌၊

နံ၊ ထိုဘုရားကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ ပုစ္ဆိံသု၊ လျှောက်ကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ဗာဟိယော၊ ဗာဟိယကို။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတ္တော'တိ၊ ရောက်ပြီဟူ၍။ ဝဒေထ၊ မိန့်တော်မူကုန်၏။ ကဒါ၊ အဘယ်အခါ၌။ သော၊ ထိုဗာဟိယသည်။ အရဟတ္တံ ပတ္တော၊ ရဟန္တာအဖြစ်သို့ ရောက်သနည်း။ ဣတိ၊ ဤသို့ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ မမ ဓမ္မံ၊ ငါ့တရားကို။ သုတကာလေ၊ နာသောအခါ၌။ ပတ္တော၊ ရောက်၏။ ဣတိ၊ ဤသို့ မိန့်၏။ ကဒါပန၊ အဘယ်အခါ၌ကား။ အဿ၊ ထိုဗာဟိယအား။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ ဓမ္မော၊ တရားကို။ ကထိတော၊ ဟောအပ်သနည်း။ ဣတိ၊ ဤသို့လျှောက်လတ်သော်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တေန၊ သွားသော။ မယာ၊ ငါဘုရားသည်။ အန္တရဝီထိယံ၊ ခရီးမ အကြား၌။ ဌတွာ၊ ရပ်၍။ ဓမ္မော၊ ကို။ ကထိတော၊ ဟောအပ်၏။ ဣတိ၊ ဤသို့မိန့်လတ်သော်။ ဘန္တေ၊အရှင်ဘုရား။တုမှေဟိ၊အရှင်ဘုရားတို့သည်။ အန္တရဝီထိယံ၊ ခရီးမ၌။ ဌတွာ၊ရပ်၍။ကထိတ ဓမ္မော၊ဟောအပ်သောတရားသည်။အပ္ပမတ္တကော'ဟိ၊ အနည်းငယ်သာလျှင်တည်း။ ကဟံ၊ အဘယ်သို့။ သော၊ ထိုဗာဟိယသည်။ တာဝတ္တကေန၊ ထိုမျှတည်းဖြင့်။ ဝိသေသံ၊ မဂ်ဖိုလ်အထူးကို။ နိဗ္ဗတ္တေသိ၊ ဖြစ်စေလေအံ့နည်း။ ဣတိ၊ ဤသို့ လျှောက်၏။ အထ၊ ထိုအခါ၌။ သတ္ထာ၊ ဘုရားသည်။ နေ၊ ထိုရဟန်းတို့ကို။ ဘိက္ခဝေ၊ ရဟန်းတို့။ ကိံ၊ အဘယ်သို့ ဆိုကုန်ဘိသနည်း။ မမ ဓမ္မံ၊ ငါ့တရားတို့ကို။ အပ္ပံဝါ'တိ၊ အနည်းငယ်ဟူ၍ လည်းကောင်း။ ဗဟုံဝါ၊ အများဟူ၍လည်းကောင်း။ ပမာဏံ၊ အတိုင်းအရှည်ကို။ မာဂဏှထ၊ မမှတ်လင့်ကုန်။ ဟိ၊ ထိုစကားသင့်စွ။ အနေကာနိပိ၊ များသည်လည်း ဖြစ်ကုန်သော။ ဂါထာသဟဿာနိ၊ ဂါထာတထောင်တို့သည်။ အနတ္ထနိဿိတာနိ၊ အကျိုးမဲ့ကို မှီကုန်သည်ရှိသော်။ န သေယျော၊ မမြတ်။ အတ္ထနိဿိတံ၊ အကျိုးကို မှီသော။ ဧကံပိ၊ တခုလည်းဖြစ်သော။ ဂါထာပဒံပန၊ ဂါထာပုဒ်သည်ကား။ သေယျော၊ မြတ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၀၁။ ဂါထာ၊ ဂါထာသည်။ သဟဿမပိ၊ အထောင်မကများသော်လည်း။ စေ အနတ္ထပဒသံဟိတာ၊ အကယ်၍ အကျိုးမဲ့ကို ပြတတ်သော

ပုဒ်နှင့် ယှဉ်သည်ဖြစ်အံ့။ နသေယျော၊ မမြတ်။ ယံ၊ အကြင် ဂါထာကို။ သုတွာ၊ နာ၍။ ဥပသမ္မတိ၊ ရာဂစသည် ငြိမ်း၏။ တံကော် ဂါထာပဒံ၊ ထို တခုသော ဂါထာပုဒ်သည်။ သေယျော၊ မြတ်၏။ ဣတိ၊ ဤသို့ မိန့်၏။

တတ္ထ၊ ထိုဂါထာ၌။ ကော်ဂါထာပဒံ သေယျောတိ၊ သေယျော ဟူသည် ကား။ အပ္ပမာဒေါ အမတံပဒံ ။လ။ ယထာ မတာတိ၊ မတာဟူသော။ ဝေရူပါ၊ ဤသို့ သဘောရှိသော။ ကောဂါထာပိ၊ တခုသော ဂါထာသည် လည်း။ သေယျော၊ မြတ်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ သေသံ၊ ကြွင်းသော စကားကို။ ပုရိမ နယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ဝေဒိတဗ္ဗံ၊ သိအပ်၏ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာ သော သူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည် တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဒုတိယံ၊ သော။ ဗာဟိယဒါရုစီရိယတ္ထေရ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၈-သဟဿဝဂ္ဂ၊ ၃-ကုဏ္ဍလ ကေသိတ္ထေရီ ဝတ္ထု

အနုသန္ဓေ... ဗာဟိယ ဒါရုစီရိယဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ကုဏ္ဍလကေသိတ္ထေရီ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့် ခြင်းငှါ ယောစ ဂါထာ သတံ-စသည်ကို မိန့်အပ်၏။

ယောစ ဂါထာ သတံ ဘာသေတိ ဣမံ ဓမ္မဒေသနံ၊ ဘာသေ စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန် ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ကုဏ္ဍလကေသိံ၊ ကုဏ္ဍလကေသီကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ သောဠသ ဝဿုဒ္ဒေသိကာ၊ တဆယ့် ခြောက်နှစ် အသက်ရှိသော။ အဘိရူပါ၊ အသွင် အဆင်းလှသော။ ကော- သေဋ္ဌိဓိတာ၊ တယောက်သော သေဌေးသမီးသည်။ ဗာဟောသိ ကိရ၊ ရှိသည် ဖြစ်သတတ်။ ဒဿနီယာ ကိရ၊ ရှုဘွယ်ဘနန်း ရှိသတတ်။ ပါသာဒိကာ- ကိရ၊ ကြည်ညိုဘွယ် ရှိသတတ်။ တသ္မိံ စ ဝယေ၊ ထိုအရွယ်၌လျှင်။ ဌိတာ၊ တည်ကုန်သော။ နာရိယော၊ မိန်းမတို့သည်။ ပုရိသလောလာ၊ယောကျ်ားနှ

လျှပ်ပေါ်လော်လည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုချစ်သမီးကို။ မာတာ ပိတရော၊ မိ,ဘတို့သည်။ သတ္တဘူမိကဿ ပါသာဒဿ၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏။ ဥပရိမတလေ၊ အထက် အပြင်၌။ သိရိဂဗ္ဘေ၊ အသရေရှိသော တိုက်၌။ နိဝါသာပေသုံ၊ နေစေ ကုန်၏။ အဿာ၊ ထိုသတို့သမီးအား။ ဧကမေဝ၊ တယောက်သာလျှင် ဖြစ်သော။ ဒါသိပရိစာရိကံ၊ အလုပ်အကျွေး ကျွန်မငယ်ကို။ အဒံသု၊ ပေး ကုန်၏။ အထ၊ ထိုအခါ၌။ စောရ ကမ္မံ၊ ခိုးမှုကို။ ကရောန္တံ၊ ပြုသော။ ဧကံကုလပုတ္တံ၊ အမျိုးသားတယောက်ကို။ ဂဟေတွာ၊ ဘမ်း၍။ ပစ္ဆာဗာဟံ၊ လက်ပြန်ကြိုးကို။ ဗန္ဓိတွာ၊ ချည်နှောင်၍။ စတုက္ကေ စတုက္ကေ၊ ခရီးလေးဆုံ ခရီးလေးဆုံ၌။ ကသာဟိ၊ ကြိမ်လုံးတို့ဖြင့်။ ပဟရိတွာ၊ ပုတ်ခတ်၍။ အာဃာတနံ၊ လူသတ်ရာ သင်းချိုင်းတစပြင်သို့။ နယိံသု၊ ဆောင်ယူကုန်၏။ သေဋ္ဌိဓီတာ၊ သေဋ္ဌေးသမီးသည်။ မဟာဇနဿ၊ လူအပေါင်း၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ၍။ ဧတံ၊ ဤအသံသည်။ ကိံ နုခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ပါသာဒတလေ၊ ပြာသာဒ်အပြင်၌။ ဌတွာ၊ ရပ်၍။ ဩလောကေန္တီ၊ ကြည့်သည်ရှိသော်။ တံ၊ ထိုခိုးသူကို။ ဒိသွာ၊ မြင်၍။ ပဋိဗဒ္ဓစိတ္တာဟုတွာ၊ တပ်သော စိတ်ရှိသည်ဖြစ်၍။ တံ၊ ထိုခိုးသူကို။ ပတ္ထ-ယမာနာ၊ တောင့်တလျက်။ အာဟာရံ၊ ထမင်းကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ မဉ္စကေ၊ ညောင်စောင်း၌။ နိပဇ္ဇိ၊ အိပ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထို သေဋ္ဌေးသမီးကို။ မာတာ၊ အမိသည်။ ပုစ္ဆိ၊ မေး၏။ အမ္မ၊ ချစ်သမီး။ ဣဒံ၊ ဤသို့ထမင်းမစားဘဲနေခြင်းသည်။ ကိံ၊ အဘယ်အကြောင်းရှိသနည်း။ ဣတိ၊ ဤသို့ မေး၏။ စောရောတိ၊ ခိုးသူဟူ၍။ ဂဟေတွာ၊ ၍။ နိယျ-မာနံ၊ ဆောင်ယူသော။ တံပုရိသံ၊ ထိုယောက်ျားကို။ သစေ လဘိဿာမိ၊ ဒ ကယ်၍ရသည်ဖြစ်အံ့။ ဇီဝိဿာမိ၊ အသက်ရှင်အံ့။ နောစေ လဘိဿာမိ၊ ဒ ကယ်၍ မရသည်ဖြစ်အံ့။ မေ၊ ငါ၏။ ဇီဝိတံ၊ အသက်သည်။ နတ္ထိ၊ မရှိ။ ဣမေဝ၊ ဤ၌ပင်လျှင်။ မရိဿာမိ၊ သေအံ့။ ဣတိ၊ ဤသို့ ဆို၏။

အမ္မ၊ ချစ်သမီး။ ဧဝံ၊ ဤသို့။ မာကရိ။ မဆိုမပြုလင့်။ အမှာကံ၊ ငါတို့၏။ ဇာတိယာစ၊ အမျိုးဖြင့်လည်းကောင်း။ ဂေါတ္တေနစ၊ အနွယ် ဖြင့်လည်းကောင်း။ ဘောဂေနစ၊ စည်းစိမ်ဖြင့်လည်းကောင်း။ သဒိသံ၊ တူသော။ ဧကံ၊ သော။ အညံ၊ တပါးသော။ သမာနဇာတိကံ၊ တူသော

အမျိုးအနွယ်ရှိသော ယောကျ်ားကို။ လဘိဿတိ၊ ရလတ္တံ့။ ဣတိ၊ ဤသို့ ဆို၏။ မယှံ၊ ငါ့အား။ အညေန၊ တပါးသော ယောကျ်ားဖြင့်။ ကိဉ္စိ-ကိစ္စံ၊ တစုံတခုသော ကိစ္စသည်။ နတ္ထိ၊ မရှိ။ ဣမံ၊ ဤယောကျ်ားခိုးသူကို။ အလဘမာနာ၊ မရသည်ရှိသော်။ မရိဿာမိ၊ သေပင်သေအံ့။ ဣတိ၊ ဤသို့ဆို၏။ မာတာ၊ အမိသည်။ ဓီတရံ၊ သမီးကို။ သညာပေသုံ၊ သက် သာရာရစေခြင်းငှါ။ အသက္ကောန္တီ၊ မတတ်နိုင်သည် ဖြစ်၍။ ပိတုနော၊ အဘသေဋ္ဌေးအား။ အာရောစေသိ၊ ကြား၏။ သောပိ၊ ထိုအဘသည် ဂလည်း။ နံ၊ ထိုသမီးကို။ သညာပေတုံ၊ နှစ်သိမ့်စေခြင်းငှါ။ အသက္ကောန္တော၊ မဘတ်နိုင်သည်ဖြစ်၍။ ကိံ၊ အဘယ်သို့လျှင်။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ ( တ်နိုင်အံ့နည်း။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ တံစောရံ၊ ထိုခိုးသူကို။ ဂဟေတွာ၊ ယူ၍။ ဂစ္ဆန္တဿ၊ သွားသော။ ရာဇပုရိသဿ၊ မင်းချင်း ယောကျ်ားအား။ သဟဿ ဘဏ္ဍိကံ၊ ဥစ္စာတထောင်ကို။ ပေသေသိ၊ စေလွှတ်၏။ ဣမံ၊ ဤဥစ္စာကို။ ဂဟေတွာ၊ ယူ၍။ တေံပုရိသံ၊ ဤယောကျ်ားကို။ မယှံ၊ ငါ့အား။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့ စေလွှတ်၏။ သော၊ ထိုသူသတ်ထောင်မှူးသည်။ သာဓုတိ၊ ကောင်း၏ ဟု။ ကဟာပဏေ၊ အသပြာတို့ကို။ ဂဟေတွာ၊ ယူ၍။ တံ၊ ထိုခိုးသူကို။ မုဥ္စိတွာ၊ လွှတ်၍။ အညံ၊ တပါးသူကို။ မာရေတွာ၊ သတ်၍။ ဒေဝ၊ အရှင်မင်းကြီး။ စောရော၊ ခိုးသူကို။ မာရိတော၊ သတ်အပ်ပြီ။ ဣတိ၊ သို့။ ရညော၊ မင်းအား။ အာရောဇေသိ၊ ကြားလျှောက်၏။ သေဋ္ဌိပိ၊ သေဋ္ဌေးသည်လည်း။ တဿ၊ ထိုခိုးသူအား။ ဓီတရံ၊ သမီးကို။ အဒါသိ၊ ပေး၏။

သာ၊ ထိုသေဋ္ဌေးသမီးသည်။ တတော ပဋ္ဌာယ၊ ထိုအခါမှစ၍။ သာမိ-ကံ၊ လင်ကို။ အာရောမေယာမီတိ၊ နှစ်သက်စေအံ့ဟူ၍။ သဗ္ဗာဘရဏ-ပဋိမဏ္ဍိတာ၊ ခပ်သိမ်းသော တန်ဆာဖြင့် တန်ဆာဆင်လျက်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ တဿ၊ ထိုခိုးသူအား။ ယာဂု အာဒီနိ၊ ယာဂုစသည် တို့ကို။ သံဝိဒဟတိ၊ စီရင်၏။ စောရော၊ ခိုးသူသည်။ ကတိပါဟစ္စယေန၊ နှစ်ရက် သုံးရက် လွန်သဖြင့်။ စိန္တေသိ၊ ကြံ၏။ ကဒါနုခေါ၊ အဘယ် အခါ၌လျှင်။ ဣမံ၊ ဤသေဋ္ဌေးသမီးကို။ မာရေတွာ၊ သတ်၍။ ဧတိဿာ၊ ဤသေဋ္ဌေးသမီး၏။ အာဘရဏာနိ၊ တန်ဆာတို့ကို။ ဂဟေတွာ၊ ယူ၍။ ကေသိမ္ဓိ သုရာဂေဟေ၊ တခုသော သုရာသည်၏ အိမ်၌။ ဝိက္ကိဏိတွာ၊ ရောင်း

၍။ ခါဒိတုံ၊ စားသောက်ခြင်းငှါ။ လဘိဿာမိ၊ ရအံ့နည်း။ ဣတိ၊ ဤသို့ ကြံ၏။ သော၊ ထိုခိုးသူသည်။ ဧသော ဥပါယော၊ ဤအကြောင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိစိန္တေတွာ၊ ဤသို့ကြံပြီး၍။ အာဟာရံ၊ ထမင်းအစာကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ မဉ္စကံ၊ ညောင်စောင်၌။ နိပဇ္ဇိ၊ အိပ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုခိုးသူကို။ သာ၊ ထိုသေဋ္ဌေးသမီးသည်။ ဥပသင်္ကမိတွာ၊ ကပ်၍။ သာမိ၊ သခင်သား။ တေ၊ သင်အား။ ကိံ-ရုဇ္ဇတိ၊ အဘယ်သို့နာကျင်ခြင်းရှိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဘဒ္ဒေ၊ နှမ။ မေ၊ ငါ့အား။ ကိဉ္စိ၊ တစုံတခုနာကျင်ခြင်းသည်။နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ ဆို၏။ မေ၊ ငါ၏။ မာတာပိတရော၊ မိဘတို့သည်။ တုယှံ၊ သင့်အားး ကစ္စိပန၊ အဘယ်သို့လျှင်။ ကုဒ္ဓါ၊ အမျက်ထွက်သနည်း။ ဣတိ၊ ဤသို့ မေး၏။ ဘဒ္ဒေ၊ နှမ၊ နကုဇ္ဈန္တိ၊ အမျက်မထွက်ကုန်။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ အထ၊ ထိုသို့ဆိုလျှက်။ တေ၊ ဤအကြောင်းသည်။ ကိံ-နာမ၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေး၏။

ဘဒ္ဒေ၊ နှမ၊ အဟံ၊ ငါသည်။ တံဒိဝသံ၊ ထိုနေ့၌။ ဗန္ဓိတွာ၊ နှောင်ဖွဲ့၍။ နိယျမာနော၊ ဆောင်ယူသည်ရှိသော်။ စောရ ပပါတေ၊ ခိုးသူတို့ကို ချရာချောက်၌။ အဓိဝတ္ထာယဒေဝတာယ၊ စောင့်ရှောက်သော နတ်အား။ ဗလိကမ္မံ၊ ဗလိနတ်စာကို။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။ ဇီဝိတံ၊ အသက်ကို။ လဘိံ၊ ရသည်ဖြစ်ပြီ။ တွံပိ၊ သင့်ကိုလည်း။ မယာ၊ ငါသည်။ တဿာဝေ၊ ထိုနတ်၏သာလျှင်။ အာနုဘာဝေန၊ အာနုဘော်ဖြင့်။ လဒ္ဓါ၊ ရအပ်၏။ မေ၊ ငါသည်။ ဒေဝတာယ၊ နတ်အား။ တံဗလိံကမ္မံ၊ ထိုဗလိနတ်စာကို။ ဌပိတံ၊ ပေးကမ်းအပ်၏။ ဣတိ၊ ဤသို့။ ဘဒ္ဒေ၊ နှမ။ စိန္တေမိ၊ ကြံ၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ သာမိ၊ သခင်သား။ မာ-စိန္တယိ၊ မစိုးရိမ်လင့်။ ကရိဿာမိ၊ ပြုအံ့။ ဗလိကမ္မံ၊ ဗလိနတ်စာကို။ ဝဒေဟိ၊ ဆိုလော့။ ကေန၊ အဘယ်ဝတ္ထုဖြင့်။ အတ္ထော၊ အလိုရှိသနည်း။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ အပ္ပေါဒက မဓုပါယသေနစ၊ ရေမရှိသော နို့ဃနာဖြင့်ရင်း။ လာဇပဉ္စမက ပုပ္ဖေဟိစ၊ ပေါက်ပေါက်လျှင်ငါးခုမြောက်ရှိသော ပန်းပွင့်တို့ဖြင့်ရင်း။ အတ္ထော၊ အလိုရှိ၏။ ဣတိ၊ ဤသို့ဆို၏။ သာမိ၊ အရှင်သား။ သာဓု၊ ကောင်း၏။ အဟံ၊ ငါသည်။ ပဋိယာ-ဒေဿာမိ၊ စီရင်အံ့။ ဣတိ၊ ဤသို့ဝန်ခံလျှက်။ သာ၊ ထိုသေဋ္ဌေးသမီးသည်။ သဗ္ဗံ၊ အလုံးစုံသော။ ဗလိကမ္မံ၊ ဗလိနတ်စာကို။ ပဋိယာဒေတွာ၊ စီရင်

၍။ သာမိ၊ သခင်။ ဇေဟိ၊ လာလော့။ ဂစ္ဆာမ၊ သွားကုန်အံ့။ ဣတိ-အာဟ၊ ဤသို့ဆို၏။ ဘဒ္ဒေ၊ နှမ။ တေနဟိ၊ ထိုသို့ ဆိုဘပြီးကား။ တဝ၊ သင်၏။ ဉာတကေ၊ ဆွေမျိုးတို့ကို။ နိဝတ္တာပေတွာ၊ ပြန်လည်စေ၍။ မဟဂ္ဃါနိ၊ အဖိုးများစွာ ထိုက်ကုန်သော။ ဝတ္ထာဘရဏာနိ၊ ပုဆိုးအဝတ်တန်ဆာတို့ကို။ ဂဟေတွာ၊ ယူ၍။ အတ္တာနံ၊ မိမိကိုယ်ကို။ အလင်္ကရောဟိ၊ တန်းဆာဆင်လော့။ ဟသန္တာ၊ ရယ်ရွှင်ကုန်လျက်။ ကီဠန္တာ၊ ကစားကုန်လျက်။ သုခံ၊ ချမ်းသာစွာ။ ဂမိဿာမ၊ သွားကုန်အံ့။ ဣတိ၊ ဤသို့ဆို၏။ သာ၊ ထို သေဋ္ဌေးသမီးသည်။ တထာ၊ ထို ခိုးသူဆိုတိုင်း။ အကာသိ၊ ပြု၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုသဋ္ဌေးသမီးကို။ ပဗ္ဗတပါဒံ၊ တောင်ခြေရင်းသို့။ ဂတကာလေ၊ ရောက်သောအခါ၌။ အာဟ၊ ဆို၏။ ဘဒ္ဒေ၊ နှမ။ ဣတော၊ ဤအရပ်မှ။ ပရံ၊ နောက်၌။ ဥဘောဝ ဇနာ၊ နှစ်ယောက်သော သူတို့သည်လျှင်။ ဂမိဿာမ၊ သွားကုန်အံ့။ ဣတိ၊ ဤသို့ဆို၏။ သေသဇနံ ၊ ကြွင်းသောလူကို။ ယာနကေန၊ ယာဉ်နှင့်။ သဒ္ဓိံ ၊ တကွ။ နိဝတ္တာပေတွာ၊ ပြန်လည်စေ၍။ ဗလိကမ္မဘာဇနံ၊ ဗာလိနတ်စာအိုးကို။ သယံ၊ ကိုယ်တိုင်။ ဥက္ခိပိတွာ၊ ရွက်၍။ ဂဏှာဟိ၊ ယူခဲ့လော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သာ၊ ထိုသူဋ္ဌေးသမီးသည်။ တထာ၊ထိုခိုးသူဆိုတိုင်း။ အကာသိ၊ ပြု၏။ စောရော၊ခိုးသူသည်။ တံ၊ ထိုသူဋ္ဌေးသမီးကို။ဂဟေတွာ၊ ခေါ်၍။ စောရပပါတ ပဗ္ဗတံ၊ခိုးသူတို့ကို ချရာချောက်ရှိသောတောင်သို့၊ အဘိရုဟိ၊ တက်၏။ ဟိ၊ ထိုစကားသင့်စွ။ တဿ၊ ထိုတောင်၏။ ဧကေန-ပဿေန၊ တခုသော နံပါးဖြင့်။ မနုဿာ၊ လူတို့သည်။ အဘိရုဟန္တိ၊ တက်ကုန်၏။ ဧကံပဿံ၊နံပါးတဘက်သည်။ ဆိန္နပပါတံ၊ပြတ်သောချောက်ရှိ၏။ တတ္ထ ပဗ္ဗတမတ္ထကေ၊ ထိုတောင်ထိပ်၌။ ဌိတာ၊ ရပ်လျက်။ တေန-ပဿေန၊ ထိုနံပါးဖြင့်။ စောရေ၊ ခိုးသူတို့ကို။ ပါတေန္တိ၊ ချကုန်၏။ တေ၊ ထိုခိုးသူတို့သည်။ ခဏ္ဍာခဏ္ဍံ၊ အပိုင်းပိုင်းအတုံးတုံး။ ဟုတွာ၊ ဖြစ်၍။ ဘူမိယံ၊ မြေ၌။ ပတန္တိ၊ ကျကုန်၏။ တသ္မာ၊ ထို့ကြောင့်။ စောရပပါ-တောတိ၊ စောရပပါတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

သာ၊ ထိုသေဋ္ဌေးသမီးသည်။ တဿ ပဗ္ဗတဿ၊ ထိုတောင်၏။မတ္ထကေ၊ ထိပ်၌။ ဌတွာ၊ ရပ်၍။ သာမိ၊ သခင်သား။ ဘော၊ သင်၏။ ဗလိကမ္မံ၊ နတ်စာပေးခြင်းကို။ ကရောဟိ၊ ပြုလော့။ ဣတိအာဟ၊ ဤသို့ဆို၏။သော၊

ထို ခိုးသူသည်။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ဖြစ်၏။ ပုန၊ တဘန်။ တာယ၊ ထို သေဋ္ဌေးသမီးသည်။ သာမိ၊ သခင်။ ကသ္မာ၊ အဘယ် ကြောင့်။ တုဏှီဘူတော၊ ဆိတ်ဆိတ်နေသည်။ အသိ၊ ဖြစ်သနည်း။ ဣတိဝုတ္တော၊ ဤသို့ဆိုလတ်သော်။ တံ၊ ထို သေဋ္ဌေးသမီးကို။ အာဟ၊ ဆို၏။ မယှံ၊ ငါ့အား။ ဗလိကမ္မေန၊ ဗာလိနတ်စာအမှုဖြင့်။ န အတ္ထော၊ အလို မရှိ။ တံ၊ သင့်ကို။ ဝဉ္စေတွာပန၊ လှည့်စား၍ကား။ အာဒါယ၊ ခေါ်၍။ အာဂတော၊ လာသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ဆို၏။ သာမိ၊ သခင်။ ကာရဏာ၊ အကြောင်းကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့မေးလတ် သော်။ တံ၊ သင့်ကို။ မာရေတွာ၊ သတ်၍။ တဝ၊ သင်၏။ အာဘရ- ဏာနိ၊ တန်းဆာတို့ကို။ ဂဟေတွာ၊ ယူ၍။ ပလာယနတ္ထာယ၊ ပြေး ခြင်းငှါ။ အာဂတော၊ လာ၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ သာ၊ ထို သေဋ္ဌေးသမီးသည်။ မရဏဘယတဇ္ဇိတာ၊ သေဘေးဖြင့် ခြိမ်းချောက်ခြင်း ကြောင့်။ အာဟ၊ ဆို၏။သာမိ၊ အရှင်။ အဟဉ္စ၊ ငါသည်လည်းကောင်း။ အာဘရဏာနိစ၊ တန်းဆာတို့ သည်လည်းကောင်း။ တဝ၊ သင်၏။ သန္တ- ကာနေဝ၊ ဥစ္စာတို့သည်သာလျှင်တည်း။ ကသ္မာ၊ အဘယ့်ကြောင့်။ ဧဝံ- ဝဒေသိ၊ဤသို့ဆိုလေဘိသနည်း။ ဣတိ၊ ဤသို့ ဆိုလျက်။သာ၊ ထိုသေဋ္ဌေး။ သမီးသည်။ ဧဝံ၊ ဤသို့။ မာကရောဟိ၊ မပြုလင့်။ ဣတိ၊ ဤသို့။ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ယာစိယမာနာပိ၊ တောင်းပန်ပါသော်လည်း။ မာရေတိ- ဧဝ၊ သတ်လိုသည် သာလျှင်တည်း။ ဣတိ အာဟ၊ ဤသို့ဆို၏။ ဧဝံ- သန္တေ၊ ဤသို့သတ်လိုသည်ရှိသော်။ တေ၊ သင်အား။ မမ မရဏေန၊ ငါ၏သေခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣမာနိ အာဘရ- ဏာနိ၊ ဤတန်းဆာတို့ကို။ ဂဟေတွာ၊ ယူ၍။ မယှံ၊ ငါ၏။ ဇီဝိတံ၊ အသက်ကို။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့ဆို၏။ ဣတော ပဋ္ဌာယ၊ ဤအခါမှစ၍။ မံ၊ ငါ့ကို။ မတာတိ၊ သေပြီဟု။ ဓာရေဟိ၊ မှတ်လော့။ တေ၊ သင်၏။ ဒါသီဝါ၊ ကျွန်မသည်မူလည်း။ ဟုတွာ၊ ဖြစ်၍။ ကမ္မံ၊ အမှုကို။ ကရိဿာမိ၊ ပြုအံ့။ ဣတိ ဝတွာ၊ ဤသို့ ဆိုလို၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

သာမိ၊ အရှင့်သား။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဣမေ သုဝဏ္ဏ- ကေယူရာ၊ ဤရွှေခြေကျင်း လက်ကောက် ဘယက် တန်းဆာတို့သည်။ သဗ္ဗေ ဝေဠုရိယာမယာ၊ အလုံးစုံ ကျောက်မျက်ရွဲဖြင့် ပြီးကုန်၏။ဘဒ္ဒန္တေ၊

ချစ်လင်။ သဗ္ဗဥ္စ၊ အလုံးစုံသော ကိုယ်တန်းဆာကိုလည်း။ ဂဏှ၊ ယူလော့။ မမံ၊ ငါ့ကို။ တေ၊ သင်၏။ ဒါသိဥ္စ၊ ကျွန်မအဖြစ်ကိုလည်း။ သာဝေယ၊ ပြီးစေလော့။

ဣတိ၊ ဤသို့ဆို၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ စောရော၊ ခိုးသူသည်။ ဧဝံ၊ ဤသို့။ ကတေ၊ ပြုသည်ရှိသော်။ တွံ၊ သင်သည်။ ဂန္တွာ၊ သွား၍။ မာတာပိတူနံ၊ မိဘတို့အား။ အာစိက္ခိဿသိ၊ လတ္တံ့။ တံ၊ သင့်ကို။ မာရေဿာမိယေဝ၊ သတ်လိုသည် သာလျှင်တည်း။ ဗာဠှံ၊ ပြင်းစွာ။ မာပရိဒေဝသိတိ၊ မငိုကြွေးလင့်ဟု။ ဝတွာ၊ ဆိုလို၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

ဗာလေ၊ မလိမ္မာသောမိန်းမ။ ဗာဠှံ၊ ပြင်းစွာ။ မာပရိဒေဝေသိ၊ မငိုကြွေးလင့်။ ခိပ္ပံ၊ လျင်စွာ။ ဘဏ္ဍကံ၊ တန်းဆာကို။ ဗန္ဓာဟိ၊ ချွတ်၍ ထုတ်လော့။ တုယှံ၊ သင်၏။ ဇီဝိတံ၊ အသက်သည်။ န အတ္ထိ၊ မရှိ။ သဗ္ဗံ၊ အလုံးစုံသော။ ဘဏ္ဍကံ၊ ဆင်ယင်သော တန်းဆာကို။ ဂဏှာမိ၊ ယူအံ့။ ဣတိ၊ ဤသို့ ဆို၏။

သာ၊ ထိုသေဋ္ဌိသမီးသည်။ စိန္တေသိ၊ ကြံ၏။ ဣဒံကမ္မံ၊ ဤအမှုသည်။ အဟောဘာရိယံ၊ ဩော် ဝန်လေးလှ၏တကား။ ပညာနာမ၊ ပညာမည်သည်ကို။ ပစိတွာ၊ ချက်၍။ ခါဒနတ္ထာယ၊ စားခြင်းငှါ။ နကတာ၊ မပြုအပ်။ အဿ၊ ထိုခိုးသူအား။ ကတ္တဗ္ဗံ၊ ပြုအပ်သောအမှုကို။ ဇာနိဿာမိ၊ သိရအံ့။ ဣတိ၊ ဤသို့ကြံ၏။ အထ၊ ထို့နောင်မှ။ နံ၊ ထိုခိုးသူကို။ အာဟ၊ ဆို၏။ သာမိ၊ အရှင့်သား။ ယဒါ၊ အကြင်အခါ၌။ တွံ၊ သင့်ကို။ စောရောတိ၊ ခိုးသူဟူ၍။ ဂဟေတွာ၊ ဘမ်း၍။ နီယသိ၊ ဆောင်ယူ၏။ တဒါ၊ ထိုအခါ၌။ အဟံ၊ ငါသည်။ မာတာပိတူနံ၊ မိဘတို့အား။ အာစိက္ခိံ၊ ကြားခဲ့။ တေ၊ ထိုအမိအဘ တို့သည်။ ဣမံ သဟဿံ၊ ဤ ဥစ္စာတထောင်ကို။ ဝိဿဇ္ဇေတွာ၊ စွန့်၍။ တံ၊ သင့်ကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ဂေဟေ၊ အိမ်၌။ ကရိံသု၊ နေထိုင်စေသည်ကို ပြုကုန်၏။ တတော ပဋ္ဌာယ၊ ထိုမှစ၍။ အဟံ၊ ငါသည်။ တုယှံ၊ သင့်အား။ ဥပကာရိကာ၊ ကျေးဇူးကြီး၏။ အဇ္ဇ၊ ယနေ့။ မေ၊ ငါ့အား။ သုဒိဋ္ဌံ၊ ကောင်းစွာမြင်ခြင်းကို။ ကတွာ၊ ပြု၍။ အတ္တာနံ၊ ကိုယ်ကို။ ဝန္ဒိတုံ၊ ရှိခိုးခြင်းငှါ။ ဒေဟိ၊ ပေးလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။

သော၊ ထိုခိုးသူသည်။ ဘဒ္ဒေ၊ နှမ။ သာခု၊ ကောင်း၏။ သုဒိဋ္ဌံ၊ ကောင်းစွာ မြင်ခြင်းသို့။ ကတွာ၊ ပြု၍။ ဝန္ဒာဟိ၊ ရှိခိုးလော့။ ဣတိ၊ ဤသို့။ ပဗ္ဗတန္တေ၊ တောင်စွန်း ကမ်းပါးပြတ် အနားဌ်။ အဋ္ဌာသိ၊ နေ၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုခိုးသူကို။ သာ၊ ထိုသေဋ္ဌေးသမီးသည်။ တိက္ခတ္တုံ၊ သုံးကြိမ်။ ပဒက္ခိဏံကတွာ၊ လက်ျာရစ် လှည့်သည်ကို ပြု၍။ စတူသု ဌာနေသု၊ လေးပါးသောအရပ်တို့၌။ ဝန္ဒိတွာ၊ ရှိခိုး၍။ သာမိ၊ အရှင့်သား။ ဣဒံ၊ ဤမြင်ခြင်းသည်။ မေ၊ ငါ၏။ ပစ္ဆိမ ဒဿနံ၊ အဆုံးစွန် မြင်ခြင်းတည်း။ ဣဒါနိ၊ ယခုအခါ၌။ တုယှံ ဝါ၊ သင့်အားလည်း။ မမ၊ ငါ့ကို။ ဒဿနံ၊ မြင်ခြင်းသည်။ နတ္ထိ- မရှိ၊ မယှံ ဝါ၊ ငါ့အားလည်း။ တဝ၊ သင့်ကို။ ဒဿနံ၊ မြင်ခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ထို့ကြောင့်။ ပုရတော စ၊ ရှေ့မှလည်းကောင်း။ ပစ္ဆတော စ၊ နောက်မှလည်းကောင်း။ အာလိင်္ဂိတွာ၊ လည်ဖတ်၍။ ပမတ္တံ၊ မေ့လျော့သည်ကို။ ဟုတွာ၊ ဖြစ်စေ၍။ ပဗ္ဗတန္တေ၊ တောင်ကမ်းပါးပြတ်၌။ ဌိတံ၊ နေသောခိုးသူကို။ ပိဋ္ဌိပဿေ၊ နောက်ပါး၌။ ဌတွာ၊ ရပ်၍။ ဧကေန ဟတ္ထေန၊ လက်တဖက်ဖြင့်။ ခန္ဓေ၊ ပခုံးတို့ကို။ ဂဟေတွာ၊ ကိုင်၍။ ဧကေန၊ လက်တဖက်ဖြင့်။ ပိဋ္ဌိကစ္စာယ၊ နောက်အောက်ပိုးကြား၌။ ဂဟေတွာ၊ ကိုင်၍။ ပဗ္ဗတပပါတေ၊ တောင်ကမ်းပါးပြတ်၌။ ခိပိ၊ ပစ်၏။ သော၊ ထိုခိုးသူသည်။ ပဗ္ဗတကုစ္ဆိယံ၊ တောင်ဝှမ်းကို။ ပဋိဟတော၊ တိုက်ခိုက်သည်ရှိသော်။ ခဏ္ဍာ ခဏ္ဍိကံ၊ အပိုင်း အပိုင်း။ ဟုတွာ၊ ဖြစ်၍။ ဘူမိယံ၊ မြေ၌။ ပတိ၊ ကျလေ၏။ စောရပပါတမတ္ထကေ၊ စောရပပါတ တောင်ထိပ်၌။ အဓိဝတ္ထာ ဒေဝတာ၊ တောင်စောင့်နတ်သည်။ တေသံ ဒွိန္နံပိ၊ ထိုသူ နှစ်ယောက်တို့၏လည်း။ ကိရိယံ၊ အမူအရာကို။ ဒိသွာ၊ မြင်၍။ တဿာ- ဣတ္ထိယာ၊ ထိုမိန်းမအား။ သာဓုကာရံ၊ ကောင်းချီးကို။ ဒတွာ၊ ပေး၍။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

ဘော၊ အချင်းတို့။ သဗ္ဗေသု ဌာနေသု၊ အလုံးစုံသော အရာတို့၌။ ပုမေဝ၊ ယောကျ်ားသည် သာလျှင်။ ပဏ္ဍိတော၊ ပညာရှိသည်။ န ဟောတိ၊ မဖြစ်။ ဣတ္ထီပိ၊ မိန်းမသည်လည်း။ ပဏ္ဍိတာ၊ ပညာရှိသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ တတ္ထ၊ ထိုထို သင့်တင့် လျောက်ပတ်သော အခါ၌။ ဝိစက္ခဏာ၊ ပညာအမြော် အမြင်နှင့် ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

သာပိ၊ ထိုသေဋ္ဌေးသမီးသည်လည်း။ စောရံ၊ ခိုးသူကို။ ပပါတေ၊ ကမ်းပါးပြတ်၌။ ခိပိတွာ၊ ပစ်၍။ စိန္တေသိ၊ ကြံ၏။ အဟံ၊ ငါသည်။ ဂေဟံ၊ အိမ်သို့။ သစေဂမိဿာမိ၊ အကယ်၍ ပြန်သည်ဖြစ်အံ့။ တေ၊ သင်၏။ သာမိကော၊ လင်သည်။ ကုဟိံ၊ အဘယ်မှာနည်း။ ဣတိပုစ္ဆိ-ဿန္တိ၊ ဤသို့မေးကုန်လတ္တံ့။ အဟံ၊ ငါသည်။ ဧဝံပုဋ္ဌာ၊ ဤသို့မေးကုန်သည်ရှိသော်။ မေ မယာ၊ ငါသည်။ မာရိတော၊ သတ်အပ်ပြီ။ ဣတိ၊ ဤသို့။ သစေ ဝက္ခာမိ၊ အကယ်၍ ဆိုသည်ဖြစ်အံ့။ ဒုဗ္ဗိနီတေ၊ မိန်းမယုတ်။ သဟဿံ၊ ဥစ္စာတထောင်ကို။ ဒတွာ၊ ပေး၍။ တံ၊ ထိုယောကျ်ားကို။ အာဟရာပေတွာ၊ ဆောင်စေ၍။ ဣဒါနိ၊ ယခုအခါ၌။ နံ၊ ထိုယောကျ်ားကို။ မာရေသိ၊ သတ်လေဘိ၏။ ဣတိ၊ ဤသို့။ မံ၊ ငါ့ကို။ မုခသတ္တီဟိ၊ နှုတ်လှန်ထိုးခြင်းတို့ဖြင့်။ ဝိဇ္ဈိဿန္တိ၊ ထိုးကုန်လတ္တံ့။ အာဘရဏတ္ထာယ၊ တန်းဆာအကျိုးငှါ။ မံ၊ ငါ့ကို။ သော၊ ထိုလင်သည်။ မာရေတုကာ-မော၊ သတ်လိုသည်။ အဟောသိ၊ ဖြစ်၏။ ဣတိ ဝုတ္တေပိ၊ ဤသို့ ဆိုသော်လည်း။ န သဒ္ဒဟိဿန္တိ၊ မယုံကြည်ကုန်လတ္တံ့။ မေ၊ ငါ့အား။ ဂေဟေန၊ အိမ်ဖြင့်။ အလံ၊ ပြန်သွားခွင့်မရှိ။ ဣတိ၊ ဤသို့။ တတ္ထေဝ၊ ထိုအရပ်၌လျှင်။ အာဘရဏာနိ၊ တန်းဆာတို့ကို။ ဆဍ္ဍေတွာ၊ စွန့်၍။ အရညံ၊ တောသို့။ ပဝိသိတွာ၊ ဝင်၍။ အနုပုဗ္ဗေန၊ အစဉ်လိုက်သဖြင့်။ ဝိစရန္တီ၊ သွားသည်ရှိသော်။ ပရိဗ္ဗာဇိကာနံ၊ ပရိဗိုဇ်မတို့၏။ ဧကံ အဿမံ၊ နေရာသင်္ခမ်းတခုသို့။ ပတွာ၊ ရောက်၍။ ဘန္တေ၊ အရှင်မတို့။ မယှံ၊ အကျွန်ုပ်အား။ တုမှာကံ၊ သခင်မတို့၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ဒေထ၊ ပေးပါကုန်လော့။ ဣတိအာဟ၊ ဤသို့ ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသေဋ္ဌေး သမီးကို။ ပဗ္ဗာဇေသုံ၊ ရဟန်းပြုကုန်၏။ သာ၊ ထိုသေဋ္ဌေးသမီးသည်။ ပဗ္ဗာဇေတွာ၊ ရဟန်းပြုပြီး၍လျှင်။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ အရှင်ဘုရားတို့၏။ ပဗ္ဗဇ္ဇာယ၊ ရဟန်းပြုခြင်း၌။ ဥတ္တမံ၊ မြတ်သောအကျင့်သည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ မေး၏။

ဘဒ္ဒေ၊ ညီမ။ ဒသသု၊ ဆယ်ပါးကုန်သော။ ကသိဏေသုဝါ၊ ကသိုဏ်း တို့၌လည်း။ ပရိကမ္မံ၊ ပရိကံကို။ ကတွာ၊ ပြု၍။ ဈာနံ၊ ဈာန်ကို။ နိဗ္ဗတ္တေ-တဗ္ဗံ၊ ဖြစ်စေအပ်၏။ ဝါဒ သဟဿံဝါ၊ အယူတထောင်ကိုမူလည်း။ ဥဂ္ဂဏှို-တဗ္ဗံ၊ သင်အပ်၏။ အယံ၊ ဤသည်လျှင်။ အမှာကံ၊ ငါတို့၏။ ပဗ္ဗဇ္ဇာယ၊

ရဟန်းအဖြစ်၌။ ဥတ္တမတ္ထော၊ မြတ်သော အကျိုးတည်း။ ဣတိ၊ ဤသို့ ဆိုလတ်လေ်။ ဈာနံ၊ ဈာန်ကို။ တာဝ၊ ရှေးဦးစွာ။ နိဗ္ဗတ္တေတုံ၊ ဖြစ်စေခြင်းငှါ။ အဟံ၊ ငါသည်။ နသက္ခိဿာမိ၊ မတတ်နိုင်အံ့။ ဝါဒသဟဿံပန၊ အယူတထောင်ကိုကား။ အယျ၊ သခင်မတို့။ ဥဂ္ဂဏှိဿာမိ၊ သင်နိုင်ပါအံ့။ ဣတိ၊ ဤသို့ ဆို၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသေဋ္ဌေးသမီးကို။ တာ၊ ထို ပရိဗိုဇ်တို့သည်။ ဝါဒ သဟဿံ၊ ဝါဒတထောင်ကို။ ဥဂ္ဂဏှာပေတွာ၊ သင်စေ၍။ အာဟံသု၊ ဆိုကုန်၏။ တာ၊ သင့်အား။ သိပ္ပံ၊ အတတ်သည်။ ဥဂ္ဂဟိတံ၊ သင်၍ ပြည့်စုံပြီ။ ဣဒါနိ၊ ယခုအခါ၌။ တွံ၊ သင်သည်။ ဇမ္ဗုဒီပတလေ၊ ဇမ္ဗူဒီပါကျွန်းအပြင်၌။ဝိစရိတွာ၊ လှည့်ပတ်သွားလာ၍။ အတ္တနာ၊ မိမိနှင့်။ သဒ္ဓိံ၊ တကွ။ ပဉှံ၊ ပြဿနာကို။ ကထေတုံ၊ ဖြေခြင်းငှါ။ သမတ္ထေ၊ စွမ်းနိုင်သောသူတို့ကို။ ဩလောကေဟိ၊ ကြည့်ချေလော့။ ဣတိ၊ ဤသို့ဆိုလျက်။ တဿာ၊ ထိုသေဋ္ဌေးသမီး ပရိဗိုဇ်မ၏။ ဟတ္ထေ၊ လက်၌။ ဇမ္ဗုသာခံ၊ ဇမ္ဗုသပြေခက်ကို။ ဒတွာ၊ ပေး၍။ ဥယျောဇေသုံ၊ လွှတ်ကုန်၏။ ဘဒ္ဒေ၊ ညီမ။ ဂစ္ဆ၊ သွားလေလော့။ ကောစိ၊ တစုံတယောက်သော။ ဂိဟိ ဘူတော၊ လူဖြစ်သော သူသည်။တယာ၊သင်နှင့်။ သဒ္ဓိံ၊ တကွ။ ပဉှံ၊ ပြဿနာကို။ ကထေတုံ၊ ဖြေခြင်းငှါ။ သစေသက္ကောတိ၊ အကယ်၍ တတ်နိုင်သည်ဖြစ်အံ့။ တဿေဝ၊ထိုသူ၏ သာလျှင်။ ပါဒပရိစာရိကာ၊ ခြေရင်း အလုပ်အကျွေးသည်။ ဘဝ၊ ဖြစ်လော့။ ဣတိ၊ ဤသို့ စေလွှတ်လိုက်ကုန်၏။ပဗ္ဗဇိတော၊ရဟန်းသည်။သစေ သက္ကောတိ၊အကယ်၍ ဖြေနိုင်သည်ဖြစ်အံ့။ တဿ၊ ထိုရဟန်း၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇာဟိ၊ ရဟန်းပြုလေလော့။ ဣတိ၊ ဤသို့ ဆို၏။

သာ၊ ထိုသေဋ္ဌေးသမီးသည်။ နာမေန၊ အမည်အားဖြင့်။ ဇမ္ဗုပရိဗ္ဗာဇိကာ နာမ၊ ဇမ္ဗုပရိဗ္ဗာဇိက အမည်တွင်သည်။ ဟုတွာ၊ ဖြစ်၍။ တတော၊ ထိုအရပ်မှ။ နိက္ခမိတွာ၊ ထွက်၍။ ဒိဋ္ဌေ ဒိဋ္ဌေ၊ မြင်တိုင်း မြင်တိုင်းသော သူတို့ကို။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆန္တီ၊ မေးလျက်။ ဝိစရတိ၊ လှည့်လည်၏။ တာယ၊ ထိုဇမ္ဗု ပရိဗိုဇ်မနှင့်။ သဒ္ဓိံ၊ တကွ။ ကထေတုံ၊ ဖြေခြင်းငှါ။ သမတ္ထောနာမ၊ စွမ်းနိုင်သောသူမည်သည်။ နာဟောသိ၊ ရှိသည် မဖြစ်။ ဣတော၊ ဤအရပ်မှ။ ဇမ္ဗု ပရိဗ္ဗာဇိကာ၊ ဇမ္ဗု ပရိဗိုဇ်မသည်။အာဂစ္ဆတိ၊ လာ၏။ ဣတိ သုတွာဝ၊ ဤသို့သော စကားကို ကြား၍ လျှင်။ မနုဿာ၊ လူတို့သည်။ ပလာယန္တိ၊ ပြေးသွားကုန်၏။ သာ၊ ထိုပရိဗိုဇ်မသည်။ ဂါမံ-

ဝါ၊ ရှာသို့လည်းကောင်း။ နိဂမံဝါ၊ နိဂုံးသို့ လည်းကောင်း။ ဘိက္ခာယ၊ ဆွမ်းအလို့ငှါ။ ပဝိသန္တိ၊ ဝင်သည်ရှိသော်။ ဂါမဒ္ွါရေ၊ ရွာတံခါး၌။ ဝါ-လုကရာသိံ၊ သဲပုံစုကို။ ကတွာ၊ ပြု၍။ တတ္ထဝ၊ ထိုသဲစု၌လျှင်။ ဇမ္ဗုသာခံ၊ ဇမ္ဗုသပြေခက်ကို။ ဌပေတွာ၊ စိုက်ထား၍။ မယာ၊ ငါနှင့်။ သဒ္ဓိံ၊ တကွ။ ကထေတုံ၊ ဖြေခြင်းငှါ။ သမတ္ထော၊ စွမ်းနိုင်သူသည်။ ဇမ္ဗုသာခံ၊ ဇမ္ဗုသပြေခက်ကို။ မဒ္ဒတု၊ နင်းနယ် ဖျက်ဆီးစေသတည်း။ ဣတိဝတွာ၊ဤသို့ဆို၍။ ဂါမံ၊ ရွာသို့။ ပါဝိသိ၊ ဝင်၏။ တံဌာနံ၊ ထိုအရပ်သို့။ ဥပသင်္ကမိတုံ၊ ချဉ်းကပ်ခြင်းငှါ၊ သမတ္ထောနာမ၊ စွမ်းနိုင်သောသူ မည်သည်။ နဟောသိ၊ ရှိသည်မဖြစ်။ သာပိ၊ ထိုသေဋ္ဌေးသမီးသည်လည်း။ သာခါယ၊ သပြေခက်သည်။ မိလာတာယ၊ ညှိုးသည် ရှိသော်။ အညံဇမ္ဗုသာခံ၊တပါး သပြေခက်ကို။ ဂဏှာတိ၊ ယူ၏။ ဣမိနာ နီဟာရေန၊ ဤသို့သော နည်းဖြင့်။ ဝိစရန္တီ၊ သွားလာသည်ရှိသော်။သာဝတ္ထိံ၊သာဝတ္ထိပြည်သို့။ ပတွာ၊ ရောက်၍။ ဂါမဒ္ွါရေ၊ ရွာတံခါး၌။ဝါလုကရာသိံ၊ သဲပုံစုကို။ ဇမ္ဗုသာခံ၊ သပြေခက်ကို။ ဌပေတွာ၊ ထား၍။ ဝုတ္တနယေနေဝ၊ ဆိုပြီးသော နည်းဖြင့်လျှင်။ ဝတွာ၊ ဆို၍။ ဘိက္ခာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ၊ ဝင်၏။

သမ္ဗဟုလာ၊ များစွာကုန်သော။ ဂါမဒ္ွါရကာ၊ ရွာသူ သားငယ်တို့သည်။ ဇမ္ဗုသာခံ၊ သပြေခက်ကို။ ပရိဝါရေတွာ၊ ခြံရံ၍။ အဋ္ဌံသု၊ နေကုန်၏။ တဒါ၊ ထိုအခါ၌။ သာရိပုတ္တတ္ထေရော၊ သာရိပုတ္တရာ မထေရ်-သည်။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ ကတဘတ္တကိစ္စော၊ ဆွမ်းဘုဉ်းပေးပြီးသော်။ နဂရာ၊ ပြည်မှ။ နိက္ခန္တော၊ ထွက်လတ်သော်။ တေဒါရကေ၊ ထိုသူငယ်တို့ကို။ ဇမ္ဗုသာခံ၊ သပြေခက်ကို။ ပရိဝါရေတွာ၊ ခြံရံ၍။ ဌိတေ၊ နေသည်တို့ကို။ ဒိသွာ၊ မြင်၍။ ဣဒံ၊ ဤသည်ကား။ကိံ၊ အဘယ်နည်း။ ဣတိပုစ္ဆိ၊ ဤသို့မေး၏။ ဒါရကာ၊ သူငယ်တို့သည်။ထေ-ရဿ၊ မထေရ်အား။ တံပဝတ္တိံ၊ ထို အကြောင်းကို။ အာစိက္ခိံသု၊ ကြား ကုန်၏။ ဒါရကာ၊ သူငယ်တို့။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ဣမံ သာခံ၊ ဤသပြေခက်ကို။ မဒ္ဒထ၊ နင်းနယ်ကုန်လော့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဘာယာမ၊ ကြောက်ပါကုန်၏။ ဣတိ၊ဤသို့ လျှောက်၏။ အဟံ၊ ငါသည်။ ပဥှံ၊ ပြဿနာကို။ ကထေဿာမိ၊ ဖြေအံ့။ တုမှေ၊ သင်တို့သည်။ မဒ္ဒထ၊ မကြောက်မရွံ့ လွတ်လွတ်နင်းနယ် ဖျက်ဆီးကုန်လော့။ ဣတိ၊ ဤသို့ မိန့်လတ်သော်။ တေ၊ ထိုသူငယ်တို့သည်။

ထေရဿ၊ မထေရ်၏။ ဝစနေန၊ စကားဖြင့်။ သဋ္ဌာတုဿာဟာ၊ ကောင်းစွာဖြစ်သော အားထုတ်ခြင်းရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ တထာ၊ထို ရှင်သာရိပုတ္တရာ မိန့်တိုင်း။ ကတွာ၊ ပြု၍။ မဒ္ဒန္တာ၊ နှင်းနယ်ကုန်လျက်။ ဇမ္ဗုသာခံ၊ သပြေခက်ကို။ ဥက္ခိပိံသု၊ ပစ်လွှင့်ကုန်၏။ ပရိဗ္ဗာဇိကာ၊ပရိဗိုဇ်မသည်။ အာဂန္တွာ၊ လာ၍။ တေ၊ ထိုသူငယ်တို့ကို။ ပရိဘာသေတွာ၊ ရေရွတ်မောင်းမဲ၍။ တုမှေဟိ၊ သင်တို့နှင့်။ သဒ္ဓိံ၊ တကွ။ မမ၊ငါ့အား။ ပဥှေန၊ ပြဿနာဖြင့်။ ကိစ္စံ၊ ပြောရန်ဆိုရန်ကိစ္စသည်။ နတ္ထိ၊ မရှိ။ကသ္မာ၊ အဘယ့်ကြောင့်။ မေ၊ ငါ၏။ သာခံ၊ သပြေခက်ကို။ မဒ္ဒထ၊ နှင်းနယ်ကုန်ဘိ သနည်း။ဣတိ အာဟ၊ ဤသို့ဆို၏။ အယျေန၊ အရှင်သာရိပုတ္တရာသည်။ အမှာကံ၊ အကျွန်ုပ်တို့အား။ မဒ္ဒါပိတာ၊ နှင်းနယ် ဖျက်ဆီးစေအပ်သည်။ အမှာ၊ ကုန်၏။ ဣတိ၊ ဤသို့ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေဟိ၊ အရှင်ဘုရားတို့သည်။ သာခါ၊ သပြေခက်ကို။ မဒ္ဒါပိတာ၊ နှင်းနယ် ဖျက်ဆီးစေကုန်သလော။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဘဂိနိ၊ နှမပရိဗိုဇ်မ။ အာမ၊ ပြောဲ-ဖျက်ဆီးစေသည် မှန်၏။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ တေနဟိ၊ ထိုသို့ ဆိုတပြီးကား။ မယာ၊ ကျွန်မနှင့်။ သဒ္ဓိံ၊ တကွ။ ပဥှံ၊ ပြဿနာကို။ ကထေထ၊ ဖြေတော်မူပါကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ သာဓု၊ ကောင်းပြီ။ ကထေဿာမိ၊ ဖြေအံ့။ ဣတိ၊ ဤသို့ ဆို၏။

သာ၊ ထိုပရိဗိုဇ်မသည်။ ဝဍ္ဍမာနကစ္ဆာယာယ၊ နေမွန်းယိမ်းသော အခါ၌။ ပဥှံ၊ ပြဿနာကို။ ပုစ္ဆိတုံ၊ မေးခြင်းငှါ။ ထေရဿ၊ သာရိပုတ္တရာ၏။ သန္တိကံ၊ အထံသို့။ အဂမာသိ၊ သွား၏။ သကလ နဂရံ၊ သာဝတ္ထိပြည် အလုံးသည်။ သင်္ခုဘိ၊ ကြော်ငြာချောက်ချား၏။ ဒွိန္နံ ပဏ္ဍိတာနံ၊ ပညာရှိ နှစ်ဦးတို့၏။ ကထံ၊ စကားသို့။ သုဏိဿာမ၊ နာယူကုန်အံ့။ ဣတိ၊ ဤသို့။ နာဂရာ၊ ပြည်သူတို့သည်။ တာယ၊ ထိုပရိဗိုဇ်မနှင့်။ သဒ္ဓိံယေဝ၊ တကွ သာလျှင်။ ဂန္တွာ၊ သွား၍။ ထေရံ၊ မထေရ်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သော အရပ်၌။ နိသီဒိံသု၊ နေကုန်၏။ ပရိဗ္ဗာဇိကာ၊ ပရိဗိုဇ်မသည်။ ထေရံ၊ မထေရ်ကို။ အာဟ၊ လျှောက်၏။ ဘန္တေ၊ အရှင်ဘုရား။ တေ၊ အား။ ပဥှံ၊ ပြဿနာကို။ ပုစ္ဆာမိ၊ မေးပါအံ့။ ဣတိ၊ ဤသို့ လျှောက်၏။ ဘဂိနိ၊ နှမ။ ပုစ္ဆ၊ မေးလော့။ ဣတိ၊ ဤသို့ မိန့်၏။ သာ၊ ထိုပရိဗိုဇ်မသည်။ ဝါဒသဟဿံ၊ ဝါဒ တထောင်ကို။ ပုစ္ဆိ၊ မေး၏။ ထေရော၊ ရှင်သာရိပုတ္တရာသည်။ ပုစ္ဆိတံ ပုစ္ဆိတံ၊ မေးတိုင်း မေးတိုင်းသော

ပြဿနာကို။ ဝိဿဇ္ဇေသိ၊ ဖြေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုပရိဗိုဇ်မကို။ ထေရော၊ မထေရ်သည်။ အာဟ၊ မိန့်တော်မူ၏။ တေ၊ သင်၏။ ပဉှာ၊ အမေးပုစ္ဆာ ပြဿနာသည်။ တွေကာဝ၊ ဤမျှပင်လော။ အညေပိ၊ တပါးသော ပြဿနာတို့သည်လည်း။ အတ္ထိ၊ ရှိကုန်သေး၏လော။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ တွေကာဝ၊ ဤတထောင်မျှသာလျှင် ဖြစ်ပါသည်ဘုရား။ ဣတိ၊ ဤသို့ လျှောက်၏။

တယာ၊ သင်သည်။ ဗဟူ၊ များစွာ။ ပဉှာ၊ ပြဿနာကို။ ပုဋ္ဌာ၊ မေးလေပြီ။ မယံပိ၊ ငါတို့သည်လည်း။ ဧကံ၊ တခုသော ပြဿနာကို။ ပုစ္ဆာမ၊ မေးကုန်အံ့။ ဝိဿဇ္ဇိဿသိ၊ သင်ဖြေအံ့လော။ နောဝိဿဇ္ဇိဿသိ၊ မဖြေအံ့လော။ ဣတိ၊ ဤသို့ မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ တေရဟိ၊ ယခု အခါ၌။ ဇာနမာနာ၊ သိမြင်ပါသည်ရှိသော်။ ဝိဿဇ္ဇိဿာမိ၊ ဖြေပါအံ့။ ဘန္တေ၊ အရှင်ဘုရား။ ပုစ္ဆထ၊ မေးတော်မူပါလော့။ ဣတိ၊ ဤသို့ လျှောက်၏။ ထေရော၊ မထေရ်သည်။ ဧကံနာမ၊ ကေမည်သည်။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆိ၊ မေး၏။ သာ၊ ထိုပရိဗိုဇ်မသည်။ သော၊ ဤသည်ကား။ ဧဝံနာမ၊ ဤအမည်ရှိ၏ဟု။ ဝိဿဇ္ဇေတဗ္ဗောတိ၊ ဖြေအပ်၏ဟူ၍။ အဇာနန္တီ၊ မသိသည်ဖြစ်၍။ ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤကေဟူသည်။ ကိံနာမ၊ အဘယ်အမည်ရှိသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေး၏။ ဘဂိနိ၊ နှမ။ ဗုဒ္ဓပဉ္စောနာမ၊ ကေဟူသည် ဘုရားပြဿနာမည်၏။ ဣတိ၊ ဤသို့ မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ တံ၊ ထိုပြဿနာကို။ မယှံပိ၊ အကျွန်ုပ်အားလည်း။ ဒေထ၊ ပေးပါလော့။ ဣတိ၊ ဤသို့ လျှောက်၏။ မာဒိသာ၊ ငါနှင့်တူသည်။ သစေ ဘဝိဿသိ၊ အကယ်၍ ဖြစ်အံ့။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့ ဆို၏။ တေနဟိ၊ ထိုသို့ တပြီးကား။ မံ၊ အကျွန်ုပ်ကို။ ပဗ္ဗာဇေထ၊ ရဟန်းပြုပါကုန်လော။ ဣတိ၊ ဤသို့ လျှောက်လတ်သော်။ ထေရော၊ ရှင်သာရိပုတ္တရာသည်။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့အား။ အာစိက္ခိတွာ၊ ကြား၍။ ပဗ္ဗာဇေသိ၊ ရဟန်းပြုစေ၏။ သာ၊ ထိုပရိဗိုဇ်မသည်။ ပဗ္ဗဇိတွာ၊ ရဟန်းပြုပြီး၍။ လဒ္ဓူပသမ္ပဒါ၊ ပဉ္စင်း အဖြစ်ကို ရပြီးသော်။ ကုဏ္ဍလ ကေသိတ္ထေရီနာမ၊ ကုဏ္ဍလကေသီ ထေရီ အမည်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ကတိပါဟစ္စယေနေဝ၊ နှစ်ရက် သုံးရက်ဖြင့် သာလျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့။ ပါပုဏိ၊ ရောက်၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ကထံ၊ စကားကို။ သမုဋ္ဌာပေသုံ၊ ပြောဟောကုန်၏။ ကုဏ္ဍလ ကေသိတ္ထေရိယာ၊ ကုဏ္ဍလကေသီ ထေရီမသည်။ ဓမ္မဿဝနဥ္စ၊ တရားနာရခြင်းသည်လည်း။ ဗဟုံ၊ များစွာ။ နတ္ထိ၊ မရှိ။ အဿာ၊ ထိုကုဏ္ဍလကေသီ ထေရီအား။ ပဗ္ဗဇိတကိစ္စဥ္စ၊ ရဟန်းကိစ္စသည်လည်း။ မတ္ထကံ၊ အပြီးသို့။ ပတ္တံ၊ ရောက်၏။ ဧကေန စောရေန၊ ခိုးသူတယောက်နှင့်။ သဒ္ဓိံ၊ တကွ။ မဟာ သံဂါမံ၊ ကြီးစွာသော စစ်ထိုးခြင်းကို။ ကတွာ၊ ပြု၍။ ဇိနိတွာ၊ အောင်၍။ အာဂတာကိရ၊ လာသတတ်။ ဣတိ၊ ဤသို့ ပြောဟောကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ ကထာယ၊ အဘယ်စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့ မိန့်ခြင်းကြောင့်။ ဣမာယနာမာတိ၊ ဤမည်သော စကားကြောင့်တည်းဟု။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ ဒေသိတဓမ္မံ၊ ဟောအပ်သော တရားကို။ အပ္ပံဝါတိ၊ နည်း၏ဟူ၍လည်းကောင်း။ ဗဟုံ-ဝါတိ၊ များ၏ဟူ၍လည်းကောင်း။ ပမာဏံ၊ အတိုင်းအရှည်ကို။ မာဂဏှ-ထာတိ၊ မယူကုန်လင့်ဟု။ အနတ္ထကံ၊ အကျိုးမဲ့နှင့်စပ်သော။ ပဒ သတံပိ၊ အရာသော ပုဒ်သည်လည်း။ သေယျော၊ မြတ်သည်။ နဟောတိ၊ မဖြစ်။ ဓမ္မပဒံပန၊ အကျိုးရှိသော ပုဒ်သည်ကား။ ဧကံပိ၊ တခုသည်လည်း။ သေယျော၊ မြတ်သည်သာလျှင်တည်း။ အဝသေသ စောရေ၊ ကြွင်းသော ခိုးသူတို့ကို။ ဇိနန္တဿစ၊ အောင်ပြီးသောသူ အားလည်း။ ဇယောနာမ၊ အောင်ခြင်းမည်သည်။ န ဟောတိ၊ မဖြစ်။ အဇ္ဈတ္တိက ကိလေသ စောရေ၊ အဇ္ဈတ္တိက ကိလေသာ ခိုးသူတို့ကို။ ဇိနန္တဿေဝ၊ အောင်သောသူအား သာလျှင်။ ဇယောနာမ၊ အောင်ခြင်းမည်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊၊ ဟောလိုရကား။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟော၏။

၁၀၂။ ယောစ၊ အကြင်ပုဂ္ဂိုလ် သည်လည်း။ အနတ္ထပဒ သံဟိတံ၊ ကောင်းကင်ကို ချီးမွမ်းခြင်း စသည်အားဖြင့် အကျိုးမဲ့ကို ပြတတ်သော ပုဒ်နှင့် ယှဉ်သော။ ဂါထာ သတံပိ၊ အရာသော ဂါထာကိုလည်း။ ဘာ-သေ၊ ဆိုငြားအံ့။ နသေယျော၊ မမြတ်။ ယံဓမ္မပဒံ၊ အကြင်အကျိုးကို

ပြီးစေတတ်သော တရားပုဒ်ကို။ သုတွာ၊ နာ၍။ ဥပသမ္မတိ၊ ရာဂ စသည် ငြိမ်း၏။ တံ ဧကံဓမ္မပဒံ၊ ထိုအကျိုးကို ပြီးစေတတ်သော တခုသောတရား ပုဒ်သည်။ သေယျော၊ မြတ်၏။

၁၀၃။ ယော၊ အကြင်စစ်သူရဲသည်။ သဟဿေန၊ တထောင်ဖြင့်။ ဂုဏိတံ၊ မြှောက်အပ်သော။ သဟဿံ သဟဿေ၊ တထောင်ကုန်သော။ မာနုသေ၊ လူတို့ကို။ သင်္ဂါမေ၊ စစ်ထိုးရာမြေ၌။ ဇိနေ၊ အောင်ရာ၏။ အယံ၊ ဤစစ်အောင်သောသူသည်။ ဥတ္တမော၊ မြတ်သည်။ နဟောတိ၊ မဖြစ်။ ယောပန၊ အကြင် ပုဂ္ဂိုလ်သည်ကား။ ဧကံ၊ တယောက်သော။ အတ္တာနံ၊ မိမိကိုယ်ကို။ ဇေယျ၊ အကယ်၍ အောင်အံ့။ သော၊ ထိုပုဂ္ဂိုလ် သည်။ ဝေ၊ စင်စစ်။ သံဂါမဇုတ္တမော၊ စစ်ထိုးရာ၌ အောင်ကုန်သော သူရဲတို့ထက် အထူးသဖြင့် မြတ်သည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ဂါထာသတန္တိ၊ သတံဟူသည်ကား။ ယော-စ ပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ် သည်လျှင်။ သတပရိစ္ဆေဒါ၊ တရာ အပိုင်း အခြား ရှိကုန်သော။ ဗဟူပိ၊ များသည်လည်း ဖြစ်ကုန်သော။ ဂါထာ၊ ဂါထာ တို့ကို။ ဘာသေယျ၊ ဆိုရာ၏။ ဝုတ္တိအတ္ထော၊ ဤကားအနက် တည်း။ အနတ္ထပဒ သံဟိတန္တိ၊ တံ ဟူသည်ကား။ အာကာသဝဏ္ဏနာဒိ-ဝသေန၊ ကောင်းကင်ကို ချီးမွမ်းခြင်း စသည်၏ အစွမ်းအားဖြင့်။ အနတ္ထ-ကေဟိ၊ အကျိုးမဲ့ကို ပြုတတ် ကုန်သော။ ပဒေဟိ၊ ပုဒ်တို့နှင့်။ သံဟိတာ၊ စပ်သော။ ဧကော၊ တခုသော တရားသည်။ ဓမ္မပဒန္တိ၊ ပဒံဟူသည်ကား။ အတ္ထသာဓကံ၊ အကျိုးကို ပြီးစေတတ်သော။ ခန္ဓာဒိပဋိသံယုတ္တံ၊ ခန္ဓာ စသည်နှင့် စပ်သော။ စတ္တာရိ၊ လေးပါး ကုန်သော။ ဝုတ္တမာနိပရိဗ္ဗာဇကာ-ဓမ္မပဒါနိ၊ ဤပရိဗိုဇ်တို့၏ ကျင့်ရာ အကြောင်းတို့တည်း။ စတ္တာရိ၊ လေး ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည် တို့နည်း ဟူမူကား။ အနဘိဇ္ဈာ-ပရိဗ္ဗာဇက ဓမ္မပဒံ၊ အနဘိဇ္ဈာဟူသော ပရိဗ္ဗာဇက ဓမ္မပဒငင်း။ အဗျာ-ပါဒေါ၊ အဗျာပါဒဟူသော ပရိဗ္ဗာဇကဓမ္မပဒငင်း။ သတိ၊ သမ္မာသတိ ဟူသော ပရိဗ္ဗာဇက ဓမ္မပဒငင်း။ သမ္မာသမာဓိ ပရိဗ္ဗာဇကဓမ္မပဒံ၊ သမ္မာ သမာဓိဟူသော ပရိဗ္ဗာဇက ဓမ္မပဒငင်း။ ဝုတ္တိဧဝံ၊ ဤသို့။ ဝုတ္တေသု၊ ဟောအပ်ကုန်သော။ စတူသု ဓမ္မပဒေသု၊ လေးပါးကုန်သော ဓမ္မပဒတို့ တွင်။ ဧကံပိ ဓမ္မပဒံ၊ တခုသော ဓမ္မပဒသည်လည်း။ သေယျော၊ မြတ် ၏။ ယော သဟဿံ သဟဿေနာတိ၊ ဟူသည်ကား။ ယောဧကော သံဂါ-

မယောဓော၊ အကြင် စစ်သူရဲ တယောက်သည်။ သဟဿေန၊ တထောင် ဖြင့်။ ဂုဏိတံ၊ မြှောက်အပ်သော။ သဟဿံ၊ တထောင်သော။ မာနုသေ၊ လူတို့ကို။ ဧကသ္မိံ သံဂါမေ၊ တခုသော စစ်မြေအရပ်၌။ ဇိနေယျ၊ အောင် ရာ၏။ ဒသမနုဿ သတ သဟဿံ၊ ဆယ်သိန်းသော လူကို။ ဇိနိတွာ၊ အောင်၍။ ဇယံ၊ အောင်ခြင်းကို။ အာဟရေယျ၊ ဆောင်ရာ၏။ အယံပိ၊ ဤသူသည်လည်း။ သံဂါမဇိနတံ-သံဂါမ ဇိနန္တာနံ၊ စစ်မြေ၌ အောင်ကုန် သော သူတို့တွင်, သူတို့ထက်။ ဥတ္တမော ပဝရော နာမ၊ မြတ်ခြင်းမည်သည်။ နဟောတိ၊ မဖြစ်။

ဧကဥ္စ ဇေယျမတ္တာနန္တိ၊ ဟူသည်ကား။ ယော၊ အကြင်ယောဂါဝစရ ပုဂ္ဂိုလ်သည်။ ရတ္တိန္ဒိဝံ ငွါနေသု၊ ညဥ့်သန့်စရာ နေ့သန့်စရာ အရပ်တို့၌။ အဇ္ဈတ္တိကကမ္မဋ္ဌာနံ၊ အဇ္ဈတ္တိက ကမ္မဋ္ဌာန်းကို။ သမ္မသန္တော၊ သုံးသပ်လျက်။ အတ္တနော၊ မိမိ၏။ လောဘာဒိ ကိလေသဿ၊ လောဘ စသော ကိလေသာ ကို။ ဇယေန၊ အောင်ခြင်းဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဇိနေယျ၊ အောင် ရာ၏။ သ ဝေ သံဂါမဇုတ္တမောတိ၊ ဇုတ္တမော ဟူသည်ကား။ သော၊ ထိုပုဂ္ဂိုလ်သည်။ သံဂါမ ဇိနာနံ၊ စစ်မြေပြင်၌ အောင်ကုန်သော သူတို့တွင်, သူတို့ထက်။ ဥတ္တမော ပဝရော၊ မြတ်သည်ဖြစ်၍။ သံဂါမ သီသယော- ဓော၊ စစ်ဘုရင်ချုပ်တည်း။ ဣတိ၊ ဤကား ဂါထာအနက်တည်း။ ဒေ- သနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

တတိယံ၊ သော။ ကုဏ္ဍလ ကေသိတ္ထေရိဝတ္ထုံ၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ဂ-သဟဿဝဂ္ဂ၊ ၄-အနတ္ထပုစ္ဆက ဗြာဟ္မဏ ဝတ္ထု

အနုသန္ဓေ....ကုဏ္ဍလကေသိတ္ထေရီ ဝတ္ထု၌ ဟောရာ ဂါထာတို့၏ အနက် ကို ဖွင့်ပြီး၍ အနတ္ထပုစ္ဆက ဗြာဟ္မဏဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ အတ္တာ ဟဝေတိ-စသည်ကို မိန့်အပ်၏။

အတ္တာ ဟဝေတိ ဣမံ ဓမ္မဒေသနံ၊ ဟဝေ-စသော ဤတရားဟောခြင်း ကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊

နေစဉ်။အနတ္ထပုစ္ဆကံဗြာဟ္မဏံ၊ အနတ္ထပုစ္ဆက မည်သောပုဏ္ဏားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

သောဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ ကိံ နုခေါ၊ အသို့နည်း။ သမ္မာသမ္ဗုဒ္ဓေါ၊ ဘုရား သဗ္ဗညုသည်။ အတ္ထမေဝ၊ အကျိုးရှိသည်ကို သာလျှင်။ ဇာနာတိကိရ၊ သိလေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ အနတ္ထံ၊ အကျိုးစီးပွားမရှိသည်ကို။ ဇာနာတိကိံ နုခေါ၊ သိလေသလော။ ဣတိ၊ ဤသို့ နှလုံးသွင်းလျက်။ နံ၊ ထိုဘုရားသဗ္ဗညုကို။ ပုစ္ဆိဿာမိ၊ မေးအံ့။ ဣတိ၊ ဤသို့။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ။ ကပ်၍။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ အတ္ထမေဝ၊ အကျိုးစီးပွားရှိသည်ကို သာလျှင်။ ဇာနာမညေထ၊ သိယောင်တကား။ အနတ္ထံ၊ အကျိုးစီးပွားမဲ့ကို။ နော မညေ၊ သိမည်မထင်ပါတကား။ ဣတိ၊ ဤသို့မေး၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ အဟံ၊ ငါဘုရားသည်။ အတ္ထဉ္စ၊ အကျိုးစီးပွားကိုလည်း။ ဇာနာမိ၊ သိ၏။ အနတ္ထဉ္စ၊ အကျိုးစီးပွားမရှိသည်ကိုလည်း။ ဇာနာမိ၊ သိ၏။ ဣတိ၊ ဤသို့ မိန့်၏။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ မေ၊ ငါ့အား။ အနတ္ထံ၊ အကျိုးစီးပွားမဲ့ကို။ ကထေထ၊ ပြောဟော ပါကုန်လော့။ ဣတိ၊ ဤသို့လျှောက်၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုပုဏ္ဏားအား။ သတ္ထာ၊ ဘုရားသည်။ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟော၏။

ဗြာဟ္မဏ၊ ပုဏ္ဏား။ ဥဿူရ သေယျံ၊ နေထွက်အောင် အိပ်ကြူးသော သူသည်လည်းကောင်း။ အာလသျံ၊ ပျင်းရိသော သူသည်လည်းကောင်း။ စဏ္ဍိက္ကံ၊ ကြမ်းကြုတ် ခက်ထန်သောသူသည်လည်းကောင်း။ ဒီဃသောဏ္ဍိယံ၊ အရှည်သေသောက်ကြူးသော သူသည်လည်းကောင်း။ ဧကဿ၊ တယောက်အထီးတည်း။ အဒ္ဓါန ဂမနံ၊ အဓွန့်ရှည်သောခရီးကို သွားသောသူသည်လည်းကောင်း။ ပရဒါရူပ သေဝနံ၊ သူတပါးမယားကို မှီဝဲသူသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧတံ၊ ဤသို့ သဘောရှိသော သူကို။ သေဝဿု၊ မှီဝဲဆည်းကပ်သည်ဖြစ်ကုန်မူကား။ တေ၊ သင့်အား။ အနတ္ထံ၊ အကျိုးစီးပွားမဲ့သည်။ ဘဝိဿတိ၊ ဖြစ်လင့်။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ သာဓုကာရံ၊ ကောင်းချီးကို။ အဒါသိ၊ ပေး၏။ ဂဏာစရိယ၊ ဂိုဏ်းဆရာ။

ဂဏာဝေဋ္ဌကာ၊ ဂိုဏ်းတို့၏ အမြွတ်ဖြစ်သူဘုရား။ သာဓု သာဓု၊ ကောင်းစွ ကောင်းစွ။ တုမှေ၊ တို့သည်။ အတ္တဥ္စ၊ အကျိုးကိုလည်း။ ဇာနာထ၊ သိကုန်၏။ အနတ္ထဥ္စ၊ ကိုလည်း။ ဇာနာထ၊ ကုန်၏။ ဣတိ၊ ဤသို့ လျှောက်လတ်သော်။ ဗြာဟ္မဏာ၊ ပုဏ္ဏား။ ဝံခေါ၊ ဤသို့လျှင်။ အတ္ထာ-နတ္ထ ဇာနနကောနာမ၊ အကျိုးကိုသိသောသူ, အကျိုးမဲ့ကိုသိသောသူမည်သည်။ မယာ၊ ငါနှင့်။ သဒိသော၊ တူသောသူသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့မိန့်၏။ အထ၊ ထိုအခါ၌။ သတ္ထာ၊ သည်။ အဿ၊ ထိုပုဏ္ဏား၏။ အဇ္ဈာသယံ၊ အလိုကို။ ဥပဓာရေတွာ၊ စူးစမ်း၍။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကေနကမ္မေန၊ အဘယ်အမှုဖြင့်။ ဇီဝသိ၊ အသက်မွေးသနည်း။ ဣတိပုစ္ဆိ၊ ဤသို့ မေးတော်မူ၏။ ဘောဂေါတမ၊ အရှင်ဂေါတမ။ ဇူတကမ္မေန၊ အန်ကစားသော အမှုဖြင့်။ ဇီဝါမိ၊ အသက်မွေး၏။ ဣတိ၊ ဤသို့လျှောက်၏။ တေ၊ သင်၏။ ဇယော၊ အောင်ခြင်းသည်။ ဟောတိကိံပန၊ ဖြစ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်မူကား။ ပရာဇယော၊ ရှုံးခြင်းသည်။ ဟောတိကိံပန၊ ဖြစ်သလော။ ဣတိ၊ ဤသို့ မေး၏။ ဇယောပိ၊ အောင်ခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပရာဇယောပိ၊ ရှုံးခြင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ ဣတိဝုတ္တေ၊ ဤသို့ဆိုလတ်သော်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧသော၊ ဤအောင်ခြင်းသည်။ အပ္ပမတ္တကော၊ အနည်းငယ်သာတည်း။ ပရံ၊ သူတပါးကို။ ဇိနန္တဿ၊ အောင်သောသူ၏။ ဇယောနာမ၊ အောင်ခြင်းမည်သည်။ နသေယျော၊ မမြတ်။ ယောပန၊ အကြင်သူသည်ကား။ ကိလေ-သဇယေန၊ ကိလေသာကို အောင်ခြင်းဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဇိနာ-တိ၊ အောင်၏။ တဿ၊ ထိုသူ၏။ ဇယော၊ အောင်ခြင်းသည်။ သေယျော၊ မြတ်၏။ ဟိ၊ ထိုစကားသင့်စွ။ တံဇယံ၊ ထိုမိမိကိုယ်ကို အောင်သူကို။ကောစိ၊ တစုံတယောက်သောသူသည်။ အပဇယံ၊ ရှုံးခြင်း ကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ကောတိ၊ မတတ်နိုင်။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံဒေ-သေန္တော၊ တရားဟောလိုသောဘုရားသည်။ ဣမာဂါထာ၊ ဤဂါထာတို့ ကို။ အဘာသိ၊ ဟောတော်မူ၏။

၁၀၄။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဣတရာ၊ မိမိကိုယ်မှတပါးသော။ ယာ-စာယံပဇာ၊ အကြင်သတ္တဝါသည်။ ယံဇိတံ၊ အကြင် အောင်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံဇိတံ၊ သည်။ နသေယျော၊ မမြတ်။ အတ္တာဟဝေ အတ္တာ-

ဝေ၊ မိမိကိုယ်ကိုသာလျှင်။ ဇိတံ ဇိတော၊အောင်ခြင်းသည်။ သေယျော၊ မြတ်၏။ နိစ္စံ၊ အမြဲ။ သညတစာရိနော၊ ကိုယ်,နှုတ်,နှလုံး သုံးပါးကို စောင့်ရှောက်ခြင်းတည်းဟူသော အကျင့်ရှိသော။ အတ္တဒန္တဿ၊ မိမိကိုယ်ကို ယဉ်ကျေးစေပြီးသော။ ပေါသဿ၊ ယောကျ်ားဖြစ်သော။

၁၀၅။ တထာရူပဿ၊ ထိုသို့သဘောရှိသော၊ ဇန္တုနော၊ သတ္တဝါ၏။ ဇိတံ၊ အောင်ခြင်းကို။ အပဇိတံ၊ တဘန်ရှုံးအောင်။ ဒေဝေါ၊ နတ်သည်။ နေဝကယိရာ၊ မပြုနိုင်ရာ။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်သည်။ နကယိရာ၊ မပြုနိုင်ရာ။ ဗြဟ္မုနာ၊ ဗြဟ္မာနှင့်။သဟ၊ တကွ။ မာရော၊ မာရ်နတ်သားသည်။ န ကယိရာ၊ မပြုနိုင်ရာ။ ဣတိ၊ ဤသို့ ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာတို့တွင်။ ဟဝေတိ၊ ဟဝေဟူသည်ကား။ နိပါတော၊ နိပါတ်ပုဒ်တည်း။ ဇိတန္တိ၊ ဇိတံဟူသည်ကား။ လိင်္ဂဝိပလ္လာသော၊ လိင်ပြန်သောပုဒ်တည်း။ အတ္တနော ကိလေသ ဇယေန၊ မိမိကိလေသာကို အောင်ခြင်းဖြင့်။ အတ္တာဇိတော၊ မိမိကိုယ်ကို အောင်သောသူသည်။ သေယျော၊ မြတ်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ ယာ ဘာယံ-ဣတရာ ပဇာတိ၊ ပဇာဟူသည်ကား။ အဝသေသာ၊ မိမိကိုယ်ကို အောင်သောသူမှ ကြွင်းသော၊ ယာပနာယံပဇာ၊ အကြင်သတ္တဝါသည်။ ဇူတေ-နဝါ၊ အန်ကစားခြင်းဖြင့် လည်းကောင်း။ဓနဟရဏေနဝါ၊ဥစ္စာကို ခိုးခြင်းဖြင့်လည်းကောင်း။ သင်္ဂါမေနဝါ၊ စစ်ထိုးခြင်းဖြင့် လည်းကောင်း။ ဓန-လာဘဘာဝေန၊ ဥစ္စာကိုရသည်၏ အဖြစ်ဖြင့်။ ဇိတာ၊ အောင်ခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ တံ၊ ထို သူတပါးကို။ ဇိနန္တေန၊ ကြွေအန်လောင်း၍ နိုင်သော အောင်ခြင်းဖြင့်။ ယံဇိတံ၊ အကြင်အောင်ခြင်းသည်။ အတ္ထိ၊ရှိ၏။ တံဇိတံ၊ ထိုအောင်ခြင်းသည်။ နသေယျော၊ မမြတ်။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ကသ္မာပန၊ အဘယ်ကြောင့်ကား။ တဒေဝ ဇိတံ၊ ထိုကိုယ်ကို အောင်ခြင်းသည်သာလျှင်။ သေယျော၊ မြတ်သနည်း။ ဣဒံ၊ ဤ အန်ကစားခြင်း စသည်ဖြင့် အောင်ခြင်းသည်၊ နသေယျော၊ မမြတ်သနည်း။ ဣတိ၊ ဤသို့ မေးငြားအံ့။ယသ္မာ၊ ကြောင့်။ အတ္တဒန္တဿ။လ။ တထာရူပဿ ဇန္တုနောတိ၊ ဇန္တုနော ဟူသည်ကား၊ ဣဒံ အယံ အဓိပ္ပါ-ယော၊ဤသို့သော အဓိပ္ပါယ်ကို။ဝုတ္တံ ဝုတ္တော၊ဆိုလိုသည်။ဟောတိ၊ဖြ်၏။

ဟိ၊ ထိုစကားသင့်စွ။ ယသ္မာ၊ အကြင်ကြောင့်။ နိက္ကိလေသဘာဿ၊ ကိလေသာ မရှိသည်၏ အဖြစ်ဖြင့်။ အတ္တဒန္တော၊ ကိုယ်ကိုဆုံးမသော။

ယုဉ္ဇာယံ ပေါ်သော၊ အကြင် ယောကျ်ားသည်။ သေယျော၊ မြတ်၏။ တဿ အတ္တဒန္တဿ၊ ထို ကိုယ်ကို ဆုံးမသော ယောကျ်ား၏။ ကာယာဒီဟိ၊ ကိုယ်စသည်တို့ဖြင့်။ နိစ္စံ၊ အမြဲ။ သညတစာရိနော၊ စောင့်ရှောက်သော အားဖြင့် ကျင့်ခြင်းရှိသော။ ဧဝရူပဿ၊ ဤသို့ သဘောရှိသော သူအား။ ဣမေဟိ ကာယသမာစာရာဒီဟိ၊ ဤကိုယ်ကို ကောင်းစွာ ကျင့်ခြင်း စသည်တို့ဖြင့်။ သညတဿ၊ ကောင်းစွာ စောင့်ရှောက်သော။ ဇန္တုနော၊ သတ္တဝါအား။ ဒေဝေါ၊ နယ်သည်လည်းကောင်း။ ဂန္ဓဗ္ဗော၊ ဂန္ဓဗ္ဗနတ်သည်လည်းကောင်း။ ဗြဟ္မုနာ၊ ဗြဟ္မာနှင့်။ သဟ၊ တကွ။ မာရော၊ မာရ်နတ်သည်လည်းကောင်း။ ဥဋ္ဌဟိတွာ၊ ထ၍။ အဟံဝေါသည်။ အဿ၊ ထိုသူ၏။ ဇိတံ၊ အောင်ခြင်းကို။ အပဇိတံ၊ ရှုံးသည်ကို။ ကရိဿာမီတိ၊ ပြုအံ့ဟူ၍။ မဂ္ဂဘာဝနာယ၊ မဂ်ကို ပွားစေခြင်းဖြင့်။ ပဟီနေ၊ ပယ်အပ်ကုန်သော။ ကိလေသေ၊ တို့ကို။ ပုန၊ တဖန်။ ဥပ္ပါဒေဿာမိ ဖြစ်စေအံ့။ ဣတိ၊ ဤသို့။ ဃဋ္ဋေန္တောပိ၊ ဖော့ဆော်သော်ငြားလည်း။ ဝါယမန္တောပိ၊ လုံ့လပြုသော်ငြား။ မနာဒီဟိ၊ ဥစ္စာ စသည်တို့ဖြင့်။ ပရာဇိတော၊ ရှုံးသည် ဖြစ်၍။ ပုန၊ တဖန်။ ဇိနန္တော၊ အောင်လိုသည်ဖြစ်၍။ ပက္ခန္တရော၊ အကူအညီ အပင်းအသင်းကို ရှာသည်။ ဟုတွာ၊ ဖြစ်၍။ ဣတရေန၊မိမိမှ တပါးသော သူသည်။ ဇိတံ၊ အောင်လေသည်ကို။ အပဇိတံ၊ တဖန် ရှုံးခြင်းကို။ ကရေယျယထာ၊ ပြုရာသကဲ့သို့။ ဧဝံ၊ ဤအတူ။ အပဇိတံ၊ တဖန်ရှုံးသည်ကို။ ကာတုံ၊ ပြုခြင်းငှါ။ နေဝသက္ကုဏေယျ၊ မတတ်နိုင်ရာ။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

စတုတ္ထံ၊ သော။ အနတ္ထပုစ္ဆက ဗြာဟ္မဏဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

ဂ-သဟဿဝဂ္ဂ၊ ၅-သာရိပုတ္တတ္ထေရဿ မာတုလဗြာဟ္မဏ ဝတ္ထု

အနုသန္ဓေ အနတ္ထပုစ္ဆက ဗြာဟ္မဏ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကိုဖွင့်ပြီး၍ယခုအခါသာရိပုတ္တတ္ထေရဿမာတုလ ဗြာဟ္မဏ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ မာသေ မာသေ-စသည်ကို မိန့်အပ်၏။

မာသေ မာသေတိ ဣမံ ဓမ္မဒေသနံ၊ မာသေ မာသေ-စသော ဤ တရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။- ဝိဟရန္တော၊ နေစဉ်။ သာရိပုတ္တတ္ထေရဿ၊ သာရိပုတ္တရာ မထေရ်၏။ မာတုလ ဗြာဟ္မဏံ၊ ဦးရီးပုဏ္ဏားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟော၏။

ထေရော၊ သာရိပုတ္တရာသည်။ တဿ၊ ထို ဦးရီးပုဏ္ဏား၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ အာဟ-ကိရ၊ မေးသတတ်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိံ နုခေါ၊ အသို့နည်း။ ကိဉ္စိဒေဝ၊ တစုံတခုသာလျှင် ဖြစ်သော။ ကုသလံ၊ ကုသိုလ်ကို။ ကရောသိ၊ ပြု၏လော။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ အရှင်-ဘုရား။ ကရောမိ၊ ပြုပါ၏၊ ဣတိ၊ ဤသို့ပြော၏။ ကိံ၊ အဘယ်ကို။ ကရောသိ၊ ပြုသနည်း။ ဣတိ၊ ဤသို့ မေး၏။ မာသေ မာသေ၊ လတိုင်း လတိုင်း။ သဟဿ ပရိစ္စာဂေန၊ တထောင်သော ဥစ္စာကို စွန့်ကြဲသဖြင့်။ ဒါနံ၊ အလှူကို။ ဒမ္မိ၊ ပေး၏။ ဣတိ၊ ဤသို့လျှောက်၏။ ကဿ၊ အဘယ် သူအား။ ဒေသိ၊ ပေးသနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ နိဂဏ္ဌာနံ၊ တက္ကတွန်းတို့အား။ ဒေမိ၊ ပေး၏။ ဣတိ၊ ဤသို့လျှောက်၏။ ကိံ၊ အဘယ် အကျိုးကို။ ပတ္ထယန္တော၊ တောင့်တ၍ ပေးသနည်း။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ဗြဟ္မ လောကံ၊ ဗြဟ္မာ့ပြည်ကို။ ပတ္ထယန္တော၊ တောင့်တ၍ပေး၏။ ဣတိ၊ ဤသို့လျှောက်၏။ ကိံ ပန၊ အသို့နည်း။ အယံ၊ ဤသို့ပေးခြင်းသည်။ ဗြဟ္မလောကဿ၊ ဗြဟ္မာ့ပြည် ၏။ မဂ္ဂေါ၊ အကြောင်းလော၊ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင် ဘုရား။ အာမ၊ ဗြဟ္မာ့ပြည်၏ အကြောင်းမှန်၏။ ဣတိ၊ ဤသို့လျှောက် ၏။ ကော၊ အဘယ်သူသည်။ ဝေံ၊ ဤသို့။ အာဟ၊ ဆိုသနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ မေ၊ ငါ၏။ အာစရိယေဟိ၊ ဆရာတို့သည်။ ကထိတံ၊ ဆိုအပ်၏။ ဣတိ၊ ဤသို့လျှောက်၏။

တွံ၊ သည်။ ဗြဟ္မလောကဿ၊ ဗြဟ္မာ့ပြည်၏။ မဂ္ဂံ၊ အကြောင်းကို။ နေဝ ဇာနာသိ၊ မသိ၊ တေ၊ သင်၏။ အာစရိယာပိ၊ ဆရာတို့သည်လည်း။ နဇာနန္တိ၊ မသိကုန်။ ကော၊ တဦးသော။ သတ္ထာဝ၊ ဘုရားသည် သာလျှင်။ ဇာနာတိ၊ သိ၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧဟိ၊ လာလော့။ တေ၊ သင်အား။ ဗြဟ္မလောကဿ၊ ဗြဟ္မာ့ပြည်၏။ မဂ္ဂံ၊ အကြောင်းကို။

ကထာပေယျာမိ၊ ဟောစေအံ့။ ဣတိ၊ ဤသို့ဆိုလျက်။ တံ၊ ထိုပုဏ္ဏားကို။ အာဒါယ၊ ခေါ်၍။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ နေတွာ၊ သွေးဆောင်၍။ ဘန္တေ၊ ဘုန်းတော်ကြီးသော အရှင်ဘုရား။ အယံဗြာဟ္မဏော၊ ဤပုဏ္ဏားသည်။ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။ ဣတိ၊ ဤသို့။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောစေတွာ၊ ကြား၍။ သာဓုဝတ၊ ကောင်းပန်ပါ၏။ အဿ၊ ထိုပုဏ္ဏားအား။ ဗြဟ္မလောကဿ၊ ဗြဟ္မာ့ပြည်၏။ မဂ္ဂံ၊ အကြောင်းကို။ ကထေထ၊ ဟောတော်မူပါလော့။ ဣတိ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧဝံကိရ၊ ဤသို့ဗြဟ္မာ့ပြည်၏ အကြောင်းကို သိလို၏ဟူသည် မှန်သလော။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေး၍။ ဘောဂေါတမ၊ အိုရှင်ဂေါတမ။ အာမ၊ ဩော်သိလိုသည် မှန်ပေ၏။ ဣတိဝုတ္တေ၊ ဤသို့လျှောက်လတ်သော်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ တယာ၊ သင်သည်။ ဧဝံ၊ ဤသို့။ ဒဒမာနေန၊ ပေးသဖြင့်။ ဝဿသတံ၊ အနှစ်တရာတိုင်တိုင်။ ဒိန္နဒါနတောပိ၊ ပေးအပ်သော အလှူထက်လည်း။ မုဟုတ္တမတ္တံ၊ တခဏမျှ၊ ပသန္နစိတ္တေန၊ ကြည်ညိုသောစိတ်ဖြင့်။ မမ သာဝကဿ၊ ငါ့တပည့်ရဟန်း သံဃာအား။ ဩလောကနံ ဝါ၊ ကြည့်ခြင်းသည်ငှင်း။ ကဋစ္ဆုဘိက္ခာမတ္တ ဒါနံဝါ၊ တယောက်မမျှသော ဆွမ်းကိုလှူခြင်းသည်ငှင်း။ မဟပ္ဖလတရံ၊ လွန်စွာအကျိုးကြီးမြတ်၏။ ဣတိဝတွာ၊ ဤသို့မိန့်လျက်။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံဒေသေန္တော၊ တရားဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၁၀၆။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ယော၊ အကြင်သူသည်။ သတံ သမံ၊ အနှစ်တရာပြည့်အောင်။ မာသေ မာသေ၊ လတိုင်းလတိုင်း။ သဟဿေန၊ တထောင်သော ဥစ္စာကို စွန့်သဖြင့်။ ယဇေထ၊ လှူဒါန်းပူဇော်ရာ၏။ ယော စ၊ အကြင်သူသည်လည်း။ ဧကဉ္စ၊ တခုခုသောမဂ်ကိုလည်း။ ဘာဝိတတ္တာနံ၊ ပွားစေအပ်ပြီးသော အရိယာပုဂ္ဂိုလ် ကို။ မုဟုတ္တမပိ၊ တခဏမျှလည်း။ ပူဇယေ၊ ပူဇော်ရာ၏။ ဣတိ ဧရေန၊ သီလမရှိသောသူကို လှူသောသူသည်။ ဝဿသတံ၊ အနှစ်တရာတိုင်တိုင်။ ယံဟုတံ၊ အကြင်သီလ မရှိသောသူကို ပူဇော်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တံတော၊ ထိုသီလမရှိသောသူကို ပူဇော်ခြင်းထက်။ သာယေဝ ပူဇနာ၊ ထိုအရိယာကို ပူဇော်ခြင်းသည် သာလျှင်။ သေယျော၊ မြတ်၏။ ဣတိ၊ ဤသို့မိန့်၏။

တတ္ထ၊ ထိုဂါထာ၌။ သဟာယေနာတိ၊ ဟူသည်ကား။ သဟာယ ပရိစ္စာ-ဂေန၊ တထောင်သော ဥစ္စာကိုစွန့်သဖြင့်။ ယော ယဇေထ သတံ သမန္တိ၊ သမံဟူသည်ကား။ ယော၊ အကြင်သူသည်။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ မာသေ မာသေ၊ လတိုင်းလတိုင်း။ သဟဿံ၊ တထောင်သောဥစ္စာကို။ ပရိစ္စဇန္တော၊ စွန့်လျက်။ လောကိယ မဟာဇနဿ၊ လောကီ လူအပေါင်းအား။ ဒါနံ၊ အလှူကို။ ဒဒေယျ၊ ပေးရာ၏။ ကေဝ္ဍ ဘာဝိတတ္တာနန္တိ၊ နံဟူသည်ကား။ ယောပန၊ အကြင်သူသည်ကား။ ဧကံ၊ တယောက်သော။ သီလာဒိ ဂုဏဝိသေသေန၊ သီလစသော ဂုဏ်အထူးဖြင့်။ ဝၯိတအတ္တာနံ၊ ပွားစေ အပ်ပြီးသော ကိုယ်ရှိသောသူကို။ ဟေဋ္ဌိမ ကောဋိယာ၊ ယုတ်သောအစွန်းဖြင့်။ သောတာပန္နံ၊ သောတာပန်ကို။ ဥပရိမ ကောဋိယာ၊ မြတ်သော အစွန်းဖြင့်‧ ခီဏာသဝံ၊ ရဟန္တာကို။ ဃရဒွါရံ၊ အိမ်တံခါးသို့။ သမ္ပတ္တံ၊ရောက်လာသည်ကို။ကဋစ္ဆုဘိက္ခာမတ္တ ဒါနဝသေန၊ဆွမ်းတယောက်မမျှကို ပေးသည်၏ အစွမ်းဖြင့်။ ယာပနမတ္တ အာဟာရ ဒါနဝသေနဝါ၊ မျှလောက်ရုံသော အာဟာရကို လှူသည်၏ အစွမ်းဖြင့် လည်းကောင်း။ ထူလသာဋက ဒါနမတ္တေနဝါ၊ ပုဆိုးကြမ်းကို လှူခြင်းမျှဖြင့်လည်းကောင်း။ ပူဇေယျ၊ ပူဇော်ရာ၏။ ဣတရေန၊ သာသနာပကိုလှူသောသူသည်။ ဝဿ-သတံ၊ အနှစ်တရာပတ်လုံး။ ယံဟုတံ၊ အကြင်ပူဇော်၏။ တတော၊ ထိုပူဇော်ခြင်းထက်။ သာယေဝပူဇနာ၊ ထိုပူဇော်ခြင်းသည်သာလျှင်။ သေယျော-သေဋ္ဌော ဥတ္တမော၊ မြတ်၏။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဣတိ၊ ဤသို့ ဟောလတ်သော်။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တော၊ ရောက်၏။ အညေ၊ တပါးကုန်သော။ ဗဟူပိ၊ များစွာသော သူတို့သည်လည်း။ သောတာပတ္တိ ဖလာဒီနိ‧ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ပဥ္စမံ၊ သော။ သာရိပုတ္တတ္ထေရဿ မာတုလဗြာဟ္မဏဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

## ၈-သဟဿဝဂ်၊ ၆-သာရိပုတ္တတ္ထေရဿ ဘာဂိနေယျ ဝတ္ထု

အနုသန္ဓေ....သာရိပုတ္တတ္ထေရဿမာတုလဗြာဟ္မဏဝတ္ထု၌ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ သာရိပုတ္တတ္ထေရဿ ဘာဂိနေယျဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကိုဖွင့်ခြင်းငှါ ယောစ ဝဿသတံ-စသည်ကို မိန့်အပ်၏။

ယောစ ဝဿသတံ ဇန္တူတိ ဣမံ ဓမ္မဒေသနံ၊ ဇန္တု႑ှ္သိုစသော တရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ သာရိပုတ္တတ္ထေရဿ၊ သာရိပုတ္တရာမထေရ်၏။ ဘာဂိ-နေယျံ၊ တူကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဟိ၊ ထိုစကားသင့်စွ၊ တံပိ၊ ထိုပုဏ္ဏားကိုလည်း။ ထေရော၊ ရှင်သာရိပုတ္တရာသည်။ ဥပသင်္ကမိတွာ၊ ကပ်၍။ အာဟ၊ မေး၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိံ၊ အသို့နည်း။ ကုသလံ၊ ကုသိုလ်ကို။ ကရောသိ၊ ပြုရ၏လော။ ဣတိ၊ ဤသို့ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြုရ၏။ ဣတိ၊ ဤသို့လျှောက်၏။ ကိံ၊ အဘယ်အခါ ဘယ်ကောင်းမှုကို။ ကရော-သိ၊ ပြုရသနည်း။ ဣတိ၊ ဤသို့မေး၏။ မာသေမာသေ၊ လတိုင်းလတိုင်း။ ဧကံ ဧကံပသုံ၊ နွားတခု နွားတခုကို။ ဃာတေတွာ၊ သတ်၍။ အဂ္ဂိံ၊ မီးကို။ ပရိစရာမိ၊ လုပ်ကျွေးရ၏။ ဣတိ၊ ဤသို့ လျှောက်၏။ကိမတ္ထံ၊ အဘယ်အကျိုးငှါ။ ဧဝံကရောသိ၊ ဤသို့ပြုသနည်း။ ဣတိ၊ ဤသို့မေး၏။ ဧသော၊ ဤမီးကိုလုပ်ကျွေးခြင်းသည်။ ဗြဟ္မလောက မဂ္ဂေါကိရ၊ ဗြဟ္မာ့ပြည်၏ အကြောင်းဖြစ်သတတ်။ ဣတိ၊ ဤသို့လျှောက်၏။ ကေန၊ အဘယ်သူသည်။ ဧဝံ၊ ဤသို့။ ကထိတံ၊ ပြောဟောသနည်း။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အာစရိယေဟိ၊ ဆရာတို့သည်။ ကထိတံ၊ ပြောဟောအပ်၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။။ တွံ၊ သင်သည်။ ဗြဟ္မ-လောကဿ၊ ဗြဟ္မာ့ပြည်၏။ မဂ္ဂံ၊ အကြောင်းကို။ နေဝ ဇာနာသိ၊ မသိ။ တေ၊ သင်၏။ အာစရိယာပိ၊ ဆရာတို့သည်လည်း။ နဇာနန္တိ၊ မသိကုန်။ ဧဟိ၊ လာလော့။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂမိဿာမ၊ သွားကုန်အံ့။ ဣတိ၊ ဤသို့ အမိန့်ရှိလျက်။ တံ၊ ထိုပုဏ္ဏားကို။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ နေတွာ၊ သွေးဆောင်ဖြားယောင်း၍။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောစေတွာ၊ ကြား၍။ ဘန္တေ၊ ဘုန်းတော်ကြီးသော

ဘုရား။ ဣမဿ၊ ဤပုဏ္ဏားအား။ ဗြဟ္မလောကဿ မဂ္ဂံ၊ ဗြဟ္မာ့ပြည်သို့ ရောက်ကြောင်းကို။ ကထေထ၊ ဟောတော်မူပါကုန်လော့။ ဣတိအာဟ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဧဝံကိရ၊ ဤဗြဟ္မာ့ပြည်၏ အကြောင်းကို သိလို၏ ဟူသည် မှန်၏လော။ ဣတိပုစ္ဆိတွာ၊ ဤသို့မိန့်ခြင်း ကြောင့်။ဘောဂေါတမ၊ အိုရှင်ဂေါတမ။ ဧဝံ၊ မှန်ပေ၏ဘုရား။ ဣတိ· ဝုတ္တေ၊ ဤသို့လျှောက်လတ်သော်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဝဿသတံပိ၊ အနှစ်တရာပတ်လုံးလည်း။ ဧဝံ၊ ဤသို့။အဂ္ဂိံ ၊ မီးကို။ ပရိစရန္တဿ၊ လုပ်ကျွေးသော။ တဝ၊ သင်၏။ အဂ္ဂိပါရိစရိယာ၊ မီးကိုလုပ်ကျွေးခြင်းသည်။ မမ သာဝကဿ၊ ငါ့တပည့်သံဃာအား။ တံခဏမတ္တံ၊ ထိုခဏမျှ။ ပူဇံပိ၊ ပူဇော်ခြင်းကိုလည်း။ နပါပုဏာတိ၊ မမီနိုင်။ ဣတိဝတွာ၊ ဤသို့ အမိန့် ရှိလျက်။ အနုသန္ဓိံ ၊ အနုသန္ဓေကို။ဃဋေတွာ၊ စပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုသော ဘုရားသဗ္ဗညုသည်။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၁၀၇။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ယော၀ ဇန္တု၊ အကြင်သတ္တဝါသည်။ နိပ္ပ· ပဉ္စဘာဝံ၊ ပပဉ္စကင်းသောသူ၏ အဖြစ်ကို။ ပတ္ထနာယ၊ တောင့်တသဖြင့်။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဝနေ၊ တော၌။ အဂ္ဂိံ ၊ မီးကို။ ပရိစရေ၊ လုပ်ကျွေးရာ၏။ ယောစ၊ အကြင်သူသည်လည်း။ ဧကဉ္စ၊ တခုခုသောမဂ်ကိုလည်း။ ဘာဝိတတ္တာနံ၊ ပွားစေအပ်ပြီးသော အရိယာပုဂ္ဂိုလ်ကို။ မုဟုတ္တမပိ၊ တမုဟုတ် တခဏမျှလည်း။ ပူဇယေ၊ ရာ၏။ ဣတရေန၊ မီးကို လုပ်ကျွေးသော သူသည်။ ဝဿသတံ၊ တိုင်တိုင်။ ယံဟုတံ၊ အကြင်လုပ် ကျွေးခြင်းသည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုမီးကိုလုပ်ကျွေးခြင်းထက်။ သာယေဝ ပူဇနာ၊ ထိုဘုရား၏ တပည့်သား သံဃာကို ပူဇော်ခြင်းသည်သာ လျှင်။ သေယျော၊ မြတ်၏။ ဣတိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ဇန္တူတိ ဧတံ၊ ဇန္တု ဟူသောဤစကားသည်။ သတ္တာဓိဝစနံ၊ သတ္တဝါကိုဟောသော ပုဒ်တည်း။ အဂ္ဂိံပရိစရေ ဝနေတိ၊ ဝနေ ဟူသည်ကား။ နိပ္ပပဉ္စဘာဝံ၊ ပပဉ္စကင်းသည်၏ အဖြစ်ကို။ ပတ္ထနာ· ယ၊ တောင့်တသဖြင့်။ ဝနံ၊ တောသို့။ ပဝိသိတွာပိ၊ ဝင်၍လည်း။ တတ္ထ၊ ထိုတော၌။ အဂ္ဂိံ၊ မီးကို။ ပရိစရေယျ၊ လုပ်ကျွေးရာ၏။ သေသံ၊ ကြွင်းသောစကားသည်။ ပုရိမသဒိသမေဝ၊ ရှေးနှင့်တူသည်သာလျှင်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ သောဗြာဟ္မဏော၊ ထိုပုဏ္ဏား သည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏိ၊ ရောက်၏။ အညေပိ၊ တပါးလည်းဖြစ်ကုန်သော။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

ဆဋ္ဌံ၊ သော။ သာရိပုတ္တတ္ထေရဿ၊ ၏။ ဘာဂိနေယျ ဝတ္ထု၊ သည်။ ဣတိသမတ္တံ၊ ပြီးပြီ။

---

ဂ-သဟဿဝဂ္ဂ၊ ၇-သာရိပုတ္တတ္ထေရဿ သဟာယကဗြာဟ္မဏ ဝတ္ထု

အနုသန္ဓေ .. သာရိပုတ္တရာ၏တူ ပုဏ္ဏား ဝတ္ထု၌ ဟောရာဂါထာ၏ အနက် ကို ဖွင့်ပြီး၍ ယခုအခါ သာရိပုတ္တရာ၏ အဆွေခင်ပွန်း ပုဏ္ဏား ဝတ္ထု၌ ဟော ရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယံကိဉ္စိ-စသည်ကို မိန့်အပ်၏။

ယံကိဉ္စိ ယိဋ္ဌံဝါတိ ဣမံ ဓမ္မဒေသနံ၊ ယိဋ္ဌံဝါ-စသော ဤတရားဟော ခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဝေဠုဝနေ၊ ဝေဠုဝန်ကျောင်း၌။ ဝိဟ- ရန္တော၊ နေစဉ်။ သာရိပုတ္တတ္ထေရဿ၊ သာရိပုတ္တရာ မထေရ်၏။ သဟာ- ယက ဗြာဟ္မဏံ၊ အဆွေခင်ပွန်း ပုဏ္ဏားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ထေရော၊ မထေရ်သည်။ တမ္ပိ၊ ထိုပုဏ္ဏားသို့လည်း။ ဥပသင်္ကမိတ္ဝာ၊ ကပ်၍။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ကိံ၊ အသို့နည်း။ ကိဉ္စိ၊ တစုံတခုသော။ ကုသလံ၊ ကုသိုလ်ကို။ ကရောသိ၊ ပြုရ၏လော။ ဣတိ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ပြုရ၏။ ဣတိ၊ ဤသို့ဆို၏။ ကိံ၊ အဘယ် သို့။ ကရောသိ၊ ပြုရသနည်း။ ဣတိ၊ ဤသို့ မေး၏။ ယိဋ္ဌယာဂံ၊ ယဇ် ပူဇော်ခြင်း မင်္ဂလာကို။ ယဇာမိ၊ ပူဇော်ရ၏။ ဣတိ၊ ဤသို့လျှောက်၏။ တဒါ၊ ထိုအခါ၌။ တံယာဂံ၊ ထိုယဇ်ပူဇော်ခြင်းကို။ မဟာပရိစ္စာဂေန၊ ဥစ္စာအများကို စွန့်သဖြင့်။ ယဇန္တိကိရ၊ ပူဇော်ကုန်သတတ်။ ဣတော ပရံ၊ ဤမှ နောက်ဖြစ်သော စကားကို။ ထေရော၊ သည်။ ပုရိမနယေနေဝ၊ ဖြင့်လျှင်။ ပုစ္ဆိတ္ဝာ၊ မေး၍။ တံ၊ ထိုပုဏ္ဏားကို။ သတ္ထု သန္တိကံ၊ ဘုရား အထံသို့။ နေတွာ၊ ခေါ်ခဲ့၍။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ အာရော-

စေတွာ၊ ကြား၍။ ဘန္တေ၊ အရှင်ဘုရား။ ဣမဿ၊ ဤပုဏ္ဏားအား။ ဗြဟ္မလောကဿ မဂ္ဂံ၊ ဗြဟ္မာ့ပြည်သို့ရောက်ကြောင်းကို။ ကထေထ၊ ဟောတော်မူပါကုန်လော့။ ဣတိအာဟ၊ ဤသို့လျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဧဝံကိရ၊ ဤသို့ ဗြဟ္မလောက မဂ္ဂကို သိလို၏ဟူသည် မှန်သလော။ ဣတိပုစ္ဆိတွာ၊ ဤသို့ မိန့်ခြင်းကြောင့်။ ဘောဂေါ-တမ၊ အို အရှင်ဂေါတမ။ ဧဝံ၊ မှန်ပေသည်ဘုရား။ ဣတိ၊ ဤသို့လျှောက်၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ တယာ၊ သင်သည်။ သံဝစ္ဆရံ၊ တနှစ်တိုင်တိုင်။ ယိဋ္ဌယာဂံ၊ ယဇ်ပူဇော်ခြင်းကို။ ယဇန္တေန၊ ပူဇော်လိုသဖြင့်။ လောကိယ-မဟာဇနဿ၊ လောကီလူအပေါင်းအား။ ဒိန္နဒါနံ၊ ပေးအပ်သော အလှူသည်။ ပသန္နစိတ္တေန၊ ကြည်ညိုသောစိတ်ဖြင့်။ မမ သာဝကာနံ၊ ငါ့တပည့်အရိယာတို့အား။ ဝန္ဒန္တာနံ၊ ရှိခိုးသောသူတို့၏။ ဥပ္ပန္န ကုသလစေတနာယ၊ ဖြစ်သော ကုသိုလ်စေတနာ၏။ စတုဘာဂမတ္တံပိ၊ လေးဘို့တဘို့မျှကိုလည်း။ နအဂ္ဃတိ၊ မထိုက်။ ဣတိဝတွာ၊ ဤသို့ မိန့်ပြီး၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၀၈။ ဗြာဟ္မဏ၊ ပုဏ္ဏား။ လောကေ၊ လောက၌။ ယံကိဉ္စိ၊ အလုံးစုံအကြွင်းမရှိသော။ ယိဋ္ဌံ၊ မင်္ဂလာပွဲသောနေ့တို့၌ ပေးကမ်းပူဇော်ခြင်းကိုလည်းကောင်း။ ဟုတံ၊ ကံ, ကံ၏အကျိုးကို ယုံကြည်၍ ပေးခြင်းကိုလည်းကောင်း။ သံဝစ္ဆရံ၊ တနှစ်ပတ်လုံး။ ပုညပေက္ခော၊ ကောင်းမှုကိုအလိုရှိ၍။ ယဇေထ၊ ပူဇော်ငြားအံ့။ ဥဇုဂတေသု၊ ဖြောင့်သော အကျင့်ရှိကုန်သော အရိယာတို့၌။ အဘိဝါဒနာ၊ အထူးအားဖြင့် ရှိခိုးခြင်းသည်။ သေယျော၊ မြတ်၏။ တတော၊ ထိုကြည်ညိုသည်ဖြစ်၍ ရှိခိုးသော စေတနာ၏ အကျိုးမှ။ စတုဘာဂံ၊ လေးဘို့တွင် တဘို့ကို မျှလည်း။ တံသဗ္ဗံပိ၊ ထိုယဇ်ပူဇော်ခြင်း၏ အလုံးစုံသောအကျိုးသည်။ နဧတိ၊ မမီနိုင်။ ဣတိ၊ ဤသို့ဟောတော်မူ၏။

တတ္ထ၊ ထိုဂါထာ၌။ ယံကိဉ္စိတိဧတံ၊ ယံကိဉ္စိ ဟူသော ဤသဒ္ဒါသည်။ အနဝသေသ ပရိယာဒါနဝစနံ၊ အကြွင်းမရှိ အလုံးစုံကိုယူကျုံး၍ ဟောသော သဒ္ဒါတည်း။ ယိဋ္ဌန္တိ၊ ယိဋ္ဌံဟူသည်ကား။ ယေဘုယျေန၊ များသောအားဖြင့်။ မင်္ဂလကိရိယာဒိဝသေသု၊ မင်္ဂလာပွဲသော နေ့တို့၌။ ဒိန္နဒါနံ၊ ပေးအပ်သော အလှူတည်း။ ဟုတန္တိ၊ ဟုတံဟူသည်ကား။ အဘိသင်္ခရိ-

တွာ၊ အလွန်ပြုပြင် စီရင်၍။ ကတံ၊ ပြုအပ်သော။ ပါဟုန ဒါနဉ္စ၀၊
ဧည့်သည်တို့အား ပေးအပ်သောအလှူကို လည်းကောင်း။ ကမ္မဉ္စ၊ ကံကို
လည်းကောင်း။ ဖလဉ္စ၊ ကံ၏အကျိုးကို လည်းကောင်း။ သဒ္ဒဟိတွာ၊
ယုံကြည်၍။ ကတဒါနဉ္စ၊ ပြုအပ်သော အလှူလျှင်တည်း။ သံ၀စ္ဆရံ ယဇေ-
ထာတိ၊ ယဇေထ ဟူသည်ကား။ ကေသံ၀စ္ဆရံ၊ တနှစ်ပတ်လုံး။ နိရန္တရ-
မေ၀၊ မပြတ်သာလျှင်။ ၀ုတ္တပ္ပကာရံ၊ ဆိုအပ်သော အပြားရှိသော။ ဒါနံ၊
အလှူကို။ သကလ စက္ကဝါဠေပိ၊ အလုံးစုံ စကြ၀ဠာတိုက်၌လည်း။ လော-
ကိယမဟာဇနဿ၊ ပြိန်ဖျင်းသော လူအပေါင်းအား။ ဒဒေယျ၊ ပေးရာ၏။
ပုညပေက္ခောတိ၊ ဟူသည်ကား။ ပုညံ၊ ကောင်းမှုကို။ ဣစ္ဆန္တော၊ အလိုရှိ
သော သူသည်။ ဥဇုဂတေသူတိ၊ ဟူသည်ကား။ ဟေဋ္ဌိမ ကောဋ္ဌိယာ၊
ယုတ်သော အပိုင်းအခြား အားဖြင့်။ သောတာပန္နေသု၊ သောတာပန်
ပုဂ္ဂိုလ်တို့၌။ ဥပရိမ ကောဋ္ဌိယာ၊ မြတ်သော အပိုင်းအခြား အားဖြင့်။
ခီဏာသဝေသု၊ ရဟန္တာပုဂ္ဂိုလ်တို့၌။ ဣဒံအယံအဓိပ္ပါယော၊ ဤအဓိပ္ပါယ်
ကို။ ၀ုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ ဝေရူပေသု၊ ဤသို့
သဘောရှိသော ပုဂ္ဂိုလ်တို့၌။ ပသန္နစိတ္တေန၊ ကြည်ညိုသော စိတ်ဖြင့်။
သရီရံ၊ ကိုယ်ကို။ ဩနမိတွာ၊ ညွတ်၍။ ၀န္ဒန္တဿ၊ ရှိခိုးသောသူ၏။
ကုသလစေတနာယ၊ ကုသိုလ်စေတနာ၏။ ယံဖလံ၊ အကြင်အကျိုးသည်။
အတ္ထိ၊ ရှိ၏။ တတော၊ ထိုအကျိုးမှ။ စတုဘာဂံပိ၊ လေးဘို့တွင် တဘို့ကို
မျှလည်း။ သဗ္ဗံ၊ အလုံးစုံသော။ တံဒါနံ၊ ထိုအလှူသည်။ နအဂ္ဃတိ၊
မထိုက်။ တသ္မာ၊ ထိုကြောင့်။ ဥဇုဂတေသု၊ ဖြောင့်သော - အကျင့်ရှိ
ကုန်သော ပုဂ္ဂိုလ်တို့၌။ အဘိ၀ါဒနမေ၀၊ ရှိခိုးခြင်းသည်သာလျှင်။ သေ-
ယျော၊ မြတ်၏။ ဣတိ၊ ဤကား ဂါထာအနက်တည်း။

ဒေသနာ၀သာနေ၊ ဒေသနာအဆုံး၌။ သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တော၊ ရောက်၏။
အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဗဟူ၊ များစွာသောသူတို့သည်။
သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ်စသည်တို့သို့။ ပါပုဏိံသု၊ ရောက်
ကုန်၏။

သတ္တမံ၊ သော။ သာရိပုတ္တတ္ထေရဿ သဟာယက ဗြာဟ္မဏ၀တ္ထုသည်။
ဣတိသမတ္တံ၊ ပြီးပြီ။

## ၈-သဟဿဝဂ္ဂ၊ ၈-အာယုဝဍ္ဎနကုမာရ ဝတ္ထု

အနုသန္ဓေ...သာရိပုတ္တရာ၏ အဆွေခင်ပွန်း ပုဏ္ဏားဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကိုဖွင့်ပြီး၍ ယခုအခါ အာယုဝဍ္ဎနကုမာရ ဝတ္ထု၌ ဟော-ရာဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ အဘိဝါဒန-စသည်ကိုမိန့်အပ်၏။

အဘိဝါဒန သီလိဿာတိ ဣမံ ဓမ္မဒေသနံ၊ သီလိဿ-စသော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဒီဃလမ္ဗိကံ၊ ဒီဃလမ္ဗိကပြည်ကို။ နိဿာယ၊ မှီ၍။ အရညကုဋိယံ၊ တောကျောင်းကုဋိ၌။ ဝိဟရန္တော၊ နေလျက်။ ဒီဃာယုကုမာရံ၊ ဒီဃာယုသတို့သားကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ဒီဃလမ္ဗိက နဂရ ဝါသိနော၊ ဒီဃလမ္ဗိကပြည်၌ နေကုန်သော။ ဒွေ ဗြာဟ္မဏာ၊ ပုဏ္ဏားနှစ်ယောက်တို့သည်။ ဗာဟိရက ပဗ္ဗဇ္ဇံ၊ သာသနာမှ အပဖြစ်သောရဟန်းအဖြစ်ကို။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ အဋ္ဌစတ္တာလီသ-ဝဿာနိ၊ လေးဆယ့်ရှစ်နှစ်တို့ တိုင်တိုင်။ တပ စရဏံ၊ ပူပန်သော အကျင့်ကို။ ကရိံသု၊ ပြုကုန်သတတ်၊ တေသု၊ ထိုပုဏ္ဏား နှစ်ယောက်တို့တွင်။ ဧကော၊ တယောက်သည်။ မေ၊ ငါ၏။ ပဝေဏီ၊ အနွယ်အဆက်သည်။ နဿိဿတိ၊ ပျက်စီးလတ္တံ့။ ဝိဗ္ဗမိဿာမိ၊ လူထွက်အံ့။ ဣတိစိန္တေတွာ၊ ဤသို့ ကြံ၍။ အတ္တနာ၊ မိမိသည်။ ကတံ၊ ပြုအပ်သော။ တပံ၊ အကျင့်ကို။ ပရေသံ၊ သူတပါးတို့အား။ ဝိက္ကိဏိတွာ၊ ရောင်း၍။ ဂေါသတေန-စေဝ၊ နွားတရာနှင့် လည်းကောင်း။ ကဟာပဏသတေနစ၊ အသပြာတရာနှင့်လည်းကောင်း။ သဒ္ဓိံ၊ တကွ။ ဘရိယံ၊ မယားကို။ လဘိတွာ၊ ရ၍။ ကုဋုမ္ဗံ၊ ဥစ္စာကို။ သဏ္ဌပေသိ၊ တည်စေ၏။ အထ၊ ထိုအခါ၌။ အဿ၊ ထိုပုဏ္ဏား၏။ ဘရိယာ၊ မယားသည်။ ပုတ္တံ၊ သားကို။ ဝိဇာယိ၊ ဖွား၏။ အဿ၊ ထိုလူထွက် ပုဏ္ဏား၏။ ဣတရော သဟာယကော ပန၊ တယောက်သော အဆွေခင်ပွန်းပုဏ္ဏားသည်ကား။ ပဝါသံ၊ အရပ်တပါးသို့။ ဂန္တွာ၊ ၍။ ပုနဒေဝ၊ တဖန်သျှင်။ တံနဂရံ၊ ထို ဒီဃလမ္ဗိကပြည်ကို။ ပစ္စာဂမိ၊ တဖန် ပြန်လာ၏။ သော၊ ထိုပုဏ္ဏားသည်။ တဿ၊ ထိုအဆွေခင်ပွန်း ပုဏ္ဏားရဟန်း၏။ အာဂတဘာဝံ၊ လာသည်၏ အဖြစ်ကို။ သုတွာ၊ ကြား၍။ ပုတ္တ ဒါရံ၊ သား, မယားကို။ အာဒါယ၊ ခေါ်၍၊ သဟာယကဿ၊ ကို။ ဒဿနတ္ထာယ၊ ဖူးမြင်ခြင်းငှါ။ အဂမာသိ၊ ချောက်လာ၏။ ဂန္တွာ၊ ရောက်ပြီး၍။ ပုတ္တံ၊ သားကို။ မာတုဟတ္ထေ၊ အမိလက်၌။ ဒတွာ၊ ပေး၍။ သယံ၊ မိမိ

သည်။ တာဝ၊ ရှေးဦးစွာ။ ဝန္ဒိ၊ ရှိခိုး၏။ မာတာပိ၊ အမိ သည်လည်း။ ပုတ္တံ၊ သားကို။ ပိတုဟတ္ထေ၊ အဘလက်၌။ ဒတွာ၊ ပေး၍။ သယံ၊မိမိ သည်။ ဝန္ဒိ၊ ရှိခိုး၏။ သော၊ ထို ပရိဗိုဇ်ရဟန်းသည်။ ဒီဃာယုကာ၊ ရှည် သော အသက်တို့သည်။ ဟောထ၊ ဖြစ်ကုန်လော့။ ဣတိအာဟ၊ ဤသို့ ဆို၏။ ပုတ္တေပန၊ သားကိုကား၊ ဝန္ဒာပိတေ၊ ရှိခိုးစေသည် ရှိသော်။ တုဏှီ၊ ဆိတ်ဆိတ် နေသည်။ အဟောသိ၊ ဖြစ်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းကို။ ဘန္တေ၊ အရှင်ဘုရား။ ကသ္မာ၊ အဘယ့်ကြောင့်။ အမှေဟိ၊ ငါတို့သည်။ ဝန္ဒိတေ၊ ရှိခိုးသည် ရှိသော်။ ဒီဃာယုကာ၊ အသက် ရှည်ကုန်သည်။ ဟောထ၊ ဖြစ်ကုန်လော့။ ဣတိ- ဝတွာ၊ ဤသို့ ဆို၍။ ဣမဿ၊ ဤသူငယ်၏။ ဝန္ဒနကာလေ၊ ရှိခိုးသော အခါ၌။ ကိဉ္စိ၊ တစုံတခွန်းသော စကားကို။ နဝဒေထ၊ မဆိုလေဘိသနည်း။ ဣတိအာဟ၊ ဤသို့မေး၏။ ဗြာဟ္မဏ၊ပုဏ္ဏား၊ ဣမဿ၊ ဤသူငယ်အား။ ကောစ အန္တရာယော၊ တခုသော အန္တရာယ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ကိတ္တကံ၊အဘယ်မျှလောက်။ ဇီဝိဿတိ၊ အသက်ရှည်ပါအံ့နည်း။ ဣတိ၊ ဤသို့မေး၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။သတ္တာ- ဟံ၊ ခုနစ်ရက်မျှ အသက်ရှည်လတ္တံ့။ ဣတိ၊ ဤသို့ဆို၏။ ဘန္တေ၊ အရှင် ဘုရား။ ပဋိဗာဟန ကာရဏံ၊ တားမြစ် နိုင်အံ့သော အကြောင်းသည်။ အတ္ထိ၊ ရှိပါအံ့လော။ ဣတိ၊ ဤသို့မေး၏။ အဟံ၊ ငါသည်။ ပဋိဗာဟ- နကာရဏံ၊ တားမြစ်အံ့သော အကြောင်းကို။ နဇာနာမိ၊ မသိ။ ဣတိ၊ ဤသို့ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ကောပန၊ အဘယ်သူသည်သာလျှင်။ ဇာနေယျ၊ သိနိုင်ပါအံ့နည်း။ ဣတိ၊ ဤသို့မေး၏။ သာမဏော ဂေါ- တမော၊ရဟန်းဂေါတမသည်။ ဇာနေယျ၊သိနိုင်ရာ၏။တဿ၊ထိုရဟန်းဂေါ- တမ၏။သန္တိကံ၊အထံသို့။ဂန္တွာ၊သွား၍။ပုစ္ဆာဟိ၊မေးလေလော့။ဣတိ၊ဤသို့ ဆို၏။ တတ္ထ၊ ထိုဘုရားရှိရာသို့။ ဂစ္ဆန္တော၊ သွားသည်ရှိသော်။ တပ ပရိ- ဟာနိတော၊ ခြိုးခြံသော အကျင့်၏ ဆုတ်ယုတ်ခြင်းမှ။ဘာယာမိ၊ ကြောက် လှ၏။ ဣတိ၊ ဤသို့ဆို၏။ တေ၊ သင်၏။ ပုတ္တေ၊ သား၌။ သိနေဟော၊ ချစ်ခြင်းသည်။ သစေအတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ တပ ပရိဟာနိံ၊ ခြိုးခြံသောအကျင့်၏ ဆုတ်ယုတ်ခြင်းကို။ အစိန္တေတွာ၊ မစိုးရိမ်မူ၍။ တဿ၊ ထိုရဟန်းဂေါတမ၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ပုစ္ဆာဟိ၊ မေးလေလော့။ ဣတိ၊ ဤသို့ ဆို၏။

သော၊ ထိုပုဏ္ဏားသည်။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ သယံ၊ မိမိသည်။ တာဝ၊ ရှေးဦးစွာ။ ဝန္ဒိ၊ ရှိခိုး၏။ သတ္ထာ၊ ဘုရားသည်။ ဒီဃာယုကော၊ အသက်ရှည်သည်။ ဟောဟိ၊ ဖြစ်စေလော့။ ဣတိအာဟ၊ ဤသို့ မိန့်၏။ ပဇာပတိယာ၊ မယားသည်။ ဝန္ဒနကာလေပိ၊ ရှိခိုးသော အခါ၌လည်း။ တဿာ၊ ထိုမယားအား။ တထေဝ၊ ထိုအတူလျှင်။ ဝတွာ၊ မိန့်ပြီး၍။ ပုတ္တဿ၊ သားကို။ ဝန္ဒာပန ကာလေ၊ ရှိခိုးစေသောအခါ၌။ တုဏှီ၊ ဆိတ်ဆိတ်နေသည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုပုဏ္ဏားသည်။ ပုရိမ နယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ သတ္ထာရံ၊ ဘုရားကို။ ပုစ္ဆိ၊ မေး၏။ သတ္ထာပိ၊ ဘုရားသည်လည်း။ တထေဝ၊ ထိုရှေးအတူလျှင်။ ဗျာကာသိ၊ ကြား၏။ သောဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ သဗ္ဗညုတညာဏံ၊ သဗ္ဗညုတညာဏ်ကို။ အပဋိဝိဇ္ဈိတွာဝ၊ မထိုးထွင်းမူ၍လျှင်။ အတ္တနော၊ မိမိ၏။ မန္တံ၊ ဗေဒင်ကို။ သဗ္ဗညုတညာဏေန၊ သဗ္ဗညုတညာဏ်ဖြင့်။ သံသန္ဒေသိကိရ၊ နှိုးနှောသတတ်။ ပဋိဗာဟနူပါယံပန၊ အန္တရာယ်ကို တားမြစ်ခြင်း အကြောင်းကိုကား။ နဇာနာတိ၊ မသိ။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ သတ္ထာရံ၊ ဘုရားကို။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ ပဋိဗာဟနူပါယော၊ အန္တရာယ်ကို တားမြစ်နိုင်ခြင်း အကြောင်းသည်။ အတ္ထိပန၊ ရှိပါ၏လော။ ဣတိ၊ ဤသို့ မေး၏။ ဗြာဟ္မဏ၊ ပုဏ္ဏား။ ဘဝေယျ၊ တားမြစ်နိုင်သည်ဖြစ်ရာ၏။ ဣတိ၊ ဤသို့ မိန့်၏။ ကိံ ဘဝေယျ၊ အဘယ်သို့ တားမြစ်နိုင်ခြင်းသည် ဖြစ်ရာအံ့နည်း။ ဣတိ၊ ဤသို့ မေး၏။ တွံ၊ သင်သည်။ အတ္တနော၊ မိမိ၏။ ဂေဟဒွါရေ၊ အိမ်တံခါး၌။ မဏ္ဍပံ၊ မဏ္ဍပ်ကို။ ကာရေတွာ၊ ဆောက်စေ၍။ တဿ၊ ထိုမဏ္ဍပ်၏။ မဇ္ဈေ၊ အလယ်၌။ ပီဌကံ၊ အင်းပျဉ်ကို။ ကာရေတွာ၊ ခင်းထားစေ၍။ တံ၊ ထို အင်းပျဉ်ကို။ ပရိက္ခိပန္တော၊ ခြံရံလျက်။ အဋ္ဌဝါ၊ ရှစ်ခုလည်း ဖြစ်ကုန်သော။ သောဠသ ဝါ၊ တဆယ့်ခြောက်ခုလည်း ဖြစ်ကုန်သော။ အာသနာနိ၊ နေရာ တို့ကို။ ပညာပေတွာ၊ ခင်းစေ၍။ တေသု၊ ထိုအင်းပျဉ်တို့၌။ မမ သာဝကေ၊ ငါ၏တပည့် ရဟန်း သံဃာတို့ကို။ နိသီဒါပေတွာ၊ နေစေ၍။ သတ္တာဟံ၊ ခုနစ်ရက်ပတ်လုံး။ နိရန္တရံ၊ မပြတ်။ ပရိတ္တံ၊ ပရိတ်ကို။ ကာရာပေ၊ ရွတ်စေ ခြင်းငှါ။ သစေ သက္ကုဏေယျာသိ၊ အကယ်၍ တတ်နိုင်သည်ဖြစ်ငြားအံ့။ ဧဝံ၊ ဤသို့ တတ်နိုင်သည်ရှိသော်။ အဿ၊ ထိုသူငယ်၏။ အန္တရာယော၊ အန္တရာယ်သည်။ နဿေယျ၊ ပျောက်လေရာ၏။ ဣတိ၊ ဤသို့ မိန့်၏။

ဘောဂေါတမ၊ အိုရှင်ဂေါတမ။ မယာ၊ ငါသည်။ မဏ္ဍပါဒီနိ၊ မဏ္ဍပ်စသည်တို့ကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကာ၊ တတ်နိုင်၏။ တုမှာကံပန၊ အရှင်ဘုရားတို့၏ကား။ သာဝကေ၊ တပည့်တို့ကို။ ကထံလစ္ဆာမိ၊ အဘယ်မှာ ရနိုင်အံ့နည်း။ ဣတိ၊ ဤသို့ လျှောက်၏။

တယာ၊ သင်သည်။ ဧတ္တကေ၊ ဤမျှကို။ ကတေ၊ ပြုသည်ရှိသော်။ အဟံ၊ ငါသည်။ မမ သာဝကေ၊ ငါ့တပည့်တို့ကို။ ပဟိဏိဿာမိ၊ စေလွှတ်အံ့။ ဣတိ၊ ဤသို့ မိန့်၏။ ဘောဂေါတမ၊ အို-ရှင်ဂေါတမ။ သာဓု၊ ကောင်းလှပါပြီ။ ဣတိ၊ ဤသို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်လျက်။ သော၊ ထိုပုဏ္ဏားသည်။ အတ္တနော ဂေဟဒွါရေ၊ မိမိအိမ်တံခါး၌။ သဗ္ဗကိစ္စံ၊ အလုံးစုံသော အမှုကို။ နိဋ္ဌာပေတွာ၊ ပြီးစေ၍။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ အဂမာသိ၊ သွား၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ ပဟိဏိ၊ စေလွှတ်၏။ တေ၊ ထိုရဟန်းတို့သည်။ ဂန္တွာ၊ သွား၍။ တတ္ထ၊ ထိုအင်းပျဉ်၌။ နိသီဒိံသု၊ နေကုန်၏။ ဒါရကံပိ၊ သူငယ်ကိုလည်း။ ပီဌိ-ကာယံ၊ အင်းပျဉ်ထက်၌။ နိပဇ္ဇာပေသုံ၊ အိပ်စေကုန်၏။ ဘိက္ခူ၊ ရဟန်းတို့သည်။ သတ္တ ရတ္တိန္ဒိဝံ၊ ခုနစ်ညဉ့် ခုနစ်ရက်ပတ်လုံး။ နိရန္တရံ၊ မပြတ်။ ပရိတ္တံ၊ ပရိတ်ကို။ ဘဏိံသု၊ ရွတ်ကုန်၏။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သော နေ့၌။ သယံ၊ ကိုယ်တော်တိုင်။ သတ္ထာ၊ ဘုရားသည်။ အာဂစ္ဆိ၊ ကြွလာ၏။ တသ္မိံ၊ ထိုဘုရားသည်။ အာဂတေ၊ ကြွလတ်သော်။ သဗ္ဗစက္ကဝါဠေ ဒေဝတာ၊ အလုံးစုံ စကြဝဠာ၌ နေကုန်သော နတ်တို့သည်။ သန္နိပတိံသု၊ စည်းဝေးကုန်၏။ အဝရုဒ္ဓကောနာမ၊ အဝရုဒ္ဓက အမည်ရှိသော။ ဧကောပန ယက္ခော၊ ဘီလူးတယောက်သည်။ ဒွါဒသ သံဝစ္ဆရာနိ၊ တဆယ့်နှစ်နှစ်တို့တိုင်တိုင်။ ဝေဿဝဏံ၊ ဝေဿဝဏ်နတ်မင်းကို။ ဥပဋ္ဌဟိတွာ၊ လုပ်ကျွေး၍။ တဿ၊ ထိုနတ်မင်း၏။ သန္တိကာ၊ အထံမှ။ ဝရံ၊ ဆုကို။ လဘန္တော၊ ရသည်ရှိသော်။ ဣတော၊ ဤနေ့မှ။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သော နေ့၌။ ဣမံ ဒါရကံ၊ ဤသူငယ်ကို။ ဂဏှေယျာသိ၊ ယူလေလော့။ ဣတိ လဘိ၊ ဤဆုကို ရ၏။ တသ္မာ၊ ထို့ကြောင့်။ သောပိ၊ ထိုအဝရုဒ္ဓကဘီလူးသည်လည်း။ အာဂန္တွာ၊ လာ၍။ အဋ္ဌာသိ၊ နေ၏။

သတ္ထရိပန၊ ဘုရားသဗ္ဗညုသည်ကား။ တတ္ထ၊ ထိုအရပ်သို့။ ဂတေ၊ သွားလေသော်။ မဟေသက္ခာသု ဒေဝတာသု၊ တန်းခိုးကြီးကုန်သော နတ်တို့

သည်။ သန္နိပတိတာသု၊ စည်းဝေးကုန်သည်ရှိသော်။ အပ္ပေသက္ခာ ဒေဝတာ၊ တန်းခိုးနည်းသောနတ်တို့သည်။ ဩသက္ကိတွာ ဩသက္ကိတွာ၊ ဆုတ်၍ ဆုတ်၍။ ဩကာသံ၊ နေရာအရပ်ကို။ အလဘမာနာ၊ မရကုန်သည်ဖြစ်၍။ ဒွါဒသ-ယောဇနာနိ၊ တဆယ့်နှစ်ယူဇနာတိုင်တိုင်။ ပဋိက္ကမိံသု၊ ဖဲရကုန်၏။ အဝ-ရုဒ္ဓကောပိ၊ အဝရုဒ္ဓက ဘီလူးသည်လည်း။ တထေဝ၊ ထို့အတူလျှင်။ ပဋိက္ကမိ၊ ဖဲသွားရ၏။ သတ္ထာပိ၊ ဘုရားသည်လည်း။ သဗ္ဗရတ္တိံ၊ တညဉ့်ပတ်လုံး။ ပရိတ္တံ၊ ပရိတ်ကို။ အကာသိ၊ ရွတ်၏။ သတ္တာဟေ၊ ခုနစ်ရက်သည်။ ဝီတိဝတ္တေ၊ လွန်သည်ရှိသော်။ အဝရုဒ္ဓကော၊ အဝရုဒ္ဓကဘီလူးသည်။ ဒါရကံ၊ သူငယ်ကို။ နလဘိ၊ မရ။ အဋ္ဌမေ ဒိဝသေ၊ ရှစ်ရက်မြောက်သော နေ့၌။ အရုဏေ၊ အရုဏ်သည်။ ဥဂ္ဂတမတ္တေ၊ တက်ကာဖြစ်လတ်သော်။ ဒါရကံ၊ သူငယ်ကို။ အာနေတွာ၊ ဆောင်ယူ၍။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒာပေသုံ၊ ရှိခိုးစေကုန်၏။ သတ္ထာ၊ ဘုရားသည်။ ဒီဃာယုကော၊ အသက်ရှည်သည်။ ဟောဟိ၊ ဖြစ်လော့။ ဣတိအာဟ၊ ဤသို့ ဆို၏။ ဘော-ဂေါတမ၊ အိုရှင်ဂေါတမ။ ဒါရကော၊ သူငယ်သည်။ ကီဝ စိရံပန၊ အဘယ်မျှကာလတိုင်အောင်သာလျှင်။ ဌဿတိ၊ တည်ပါအံ့နည်း။ ဣတိ၊ ဤသို့ လျှောက်၏။ ဗြာဟ္မဏာ၊ ပုဏ္ဏားနှင့်... 

သော၊ ထိုအာယုဝဍ္ဎနသည်။ ဝုဍ္ဎိံ၊ ကြီးရင့်ခြင်းကို။ အနွာယ၊ စွဲ၍။ ပဉ္စဟိ ဥပါသကသတေဟိ၊ သီတင်းသည် ငါးရာတို့ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။ ဝိစရိ၊ လှည့်ပတ် သွားလာ၏။ အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ ဓမ္မသဘာယံ၊ တရားသဘင်၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ ကထံသမုဋ္ဌာပေသုံ၊ စကားပြောဟောကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ ပဿထ၊ မြင်ကုန်၏လော။ အာယုဝဍ္ဎန ကုမာရေန၊ အာယုဝဍ္ဎနသတို့သား သည်။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက်မြောက်သောနေ့၌ မရိတဗ္ဗံ၊ သေအပ်လတ္တံ့သည်။ အဘဝိဿ ကိရ၊ ဖြစ်လေမည် ကေန်မှန်ပြီ။ သော၊ ထိုသတို့ သားသည်။ ဣဒါနိ၊ ယခုအခါ၌။ ဝီသဝဿ သတဋ္ဌာယီ၊ အသက်တရာ့ နှစ်ဆယ်ရှိသည်။ ဟုတွာ၊ ဖြစ်၍။ ပဉ္စဟိ ဥပါသက သတေဟိ၊ သီတင်း

သည် ငါးရာတို့ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။ ဝိစရတိ၊ သွားလာ၏။ ဣမေ-သံ သတ္တာနံ၊ ဤသတ္တဝါတို့၏။ အာယုဝဍ္ဎနကာရဏံ၊ အသက်ရှည်ခြင်းအကြောင်းသည်။အတ္ထိမညော၊ ရှိယောင်တကား။ ဣတိ၊ ဤသို့ ပြောဟောကုန်၏။ သတ္ထာ၊ ဘုရားသည်။ အာဂန္တွာ၊ ကြွလာ၍။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ၊ ယခုအခါ၌။ ကာယ၊ အဘယ်မည်သော စကားဖြင့်။ သန္နိသိန္နာ၊ စည်းဝေးကုန်သည်။ အတ္ထနု၊ ဖြစ်ကုန်သနည်း။ ဣတိ-ပုစ္ဆိတ္ဝာ၊ ဤသို့ မိန့်ခြင်းကြောင့်။ ဣမာယနာမာတိ၊ ဤမည်သော စကားကြောင့်တည်းဟု။ ဝုတ္တေ၊ လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ကေဝလံ၊ သက်သက်။ အာယုဝဍ္ဎနမေဝ၊ အသက်ရှည်ခြင်းသည် သာလျှင်။ န၊ မဟုတ်သေး။ ဣမေပန သတ္တာ၊ ဤသတ္တဝါတို့သည်။ ဂုဏဝန္တေ၊ ဂုဏ်ရှိသော သူတို့ကို။ ဝန္ဒန္တာ၊ လက်အုပ်ချီကုန်သည်ရှိသော်။ အဘိဝါ-ဒေန္တာ၊ ဂုဏ်ကိုဆို၍ရှိခိုးကုန်သည်ရှိသော်။ စတူဟိ ကာရဏေဟိ၊ လေးပါးသော အကြောင်းဖြင့်။ ဝဍ္ဎန္တိ၊ ပွားများကုန်၏။ ပရိဿယတော၊ ဘေးရန်မှ။ မုစ္စန္တိ၊ လွတ်ကုန်၏။ ယာဝတာယုကမေဝ၊ အသက်အတိုင်းသာလျှင်။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဣတိဝတ္ဝာ၊ ဤသို့ မိန့်ပြီး၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတ္ဝာ၊ စပ်၍။ ဓမ္မံဒေသေန္တော၊ တရားဟောလိုသောဘုရားသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၁၀၉။ ဘိက္ခဝေ၊ တို့။ နိစ္စံ၊ အမြဲ။ ဝုဍ္ဎာပစာယိနော၊ ကြီးသောသူကို အရိုအသေပြုခြင်းရှိသော။ အဘိဝါဒနသီလိဿ၊ ရိုသေစွာရှိခိုးလေ့ရှိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်အား။ အာယုစ၊ ဇီဝိတိန္ဒြေ ဟူသောအသက်သည်လည်းကောင်း။ ဝဏ္ဏောစ၊ အဆင်းသည်လည်းကောင်း။ သုခဉ္စ၊ ချမ်းသာခြင်းသည်လည်းကောင်း။ ဗလဉ္စ၊ ခွန်အားကြီးခြင်းသည်လည်းကောင်း။ ဣတိ၊ ဤသို့၊ စတ္တာရော၊ လေးပါးကုန်သော။ ဓမ္မာ၊ တရားတို့သည်။ ဝဍ္ဎန္တိ၊ ပွားကုန်၏။

တတ္ထ၊ ထိုဂါထာ၌။ အဘိဝါဒနသီလိဿာတိ၊ ဟူသည်ကား။ ဝန္ဒန-သီလိဿ၊ ရှိခိုးလေ့ရှိသောသူအား။ အဘိဏှံ၊ မပြတ်။ ဝန္ဒနကိစ္စံ၊ ရှိခိုးခြင်းကိစ္စကို။ ပသုတဿ၊ လေ့လာသောပုဂ္ဂိုလ်အား။ ဣတိအတ္ထော၊ ဤကားအနက်တည်း။ ဝုဍ္ဎာပစာယိနောတိ၊ နောဟူသည်ကား။ ဂိဟိဿဝါ၊

လူအားမူလည်း။ ဝုဍ္ဎတရေ ဂုဏ ဝုဍ္ဎေပိ၊ အထူးသဖြင့် အသက်အရွယ်ကြီးသောသူ, သီလ-စသော ဂုဏ်ဖြင့်ကြီးသော သူ၌လည်းကောင်း။ တဒဟု-ပဗ္ဗဇိတေ၊ ထိုနေ့ရှင်ဖြစ်သော။ ဒဟရသာမဏေရေပိ၊ သာမဏေငယ်၌လည်းကောင်း။ ပဗ္ဗဇိတဿဝါပန၊ ရဟန်းသာမဏေ အားမူလည်း။ ဝုဍ္ဎတရေ ဂုဏဝုဍ္ဎေ၊ ကြီးသော။ ပဗ္ဗဇ္ဇာယဝါ၊ သာမဏေ၌လည်းကောင်း။ ဥပသမ္ပဒါယဝါ၊ ပဉ္စင်း၌လည်းကောင်း။ အပစာယမာနဿ၊ အရိုအသေ မြတ်နိုးခြင်း ရှိသောသူ၏။ အဘိဝါဒနေနဝါ၊ ရှိသေစွာရှိခိုးခြင်းဖြင့်လည်း။ နိစ္စံ၊ အမြဲ။ ပူဇေန္တဿ၊ ပူဇော်သောသူအား။ ဣတိအတ္ထော၊ ဤကား အနက်တည်း။ စတ္တာရောဓမ္မာ ဝဍ္ဍန္တီတိ၊ ဝဍ္ဍန္တိဟူသည်ကား။ အာယုမှိ၊ အသက်သည်။ ဝဍ္ဎမာနေ၊ ပွားများသည်ရှိသော်။ယတ္တကံ ကာလံ၊ အကြင်မျှကာလတိုင်တိုင်။ တံ၊ ထိုအသက်သည်။ ဝဍ္ဎတိ၊ ပွားများ၏။ တတ္တကံ၊ ထိုမျှကာလပတ်လုံး။ ဣတရေပိ၊ ဝဏ္ဏ သုခ ဗလတို့သည်လည်း။ ဝဍ္ဍန္တိ-ယေဝ၊ ပွားကုန်သည်သာလျှင်တည်း။

ဟိ၊ ထိုစကားသင့်စွ။ ယေန၊ အကြင်သူသည်။ ပဉ္စာသဝဿံ၊ အနှစ်ငါးဆယ်။ အာယုသံဝတ္တနိကံ၊ အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော။ ကုသလံ၊ ကုသိုလ်ကို။ ကတံ၊ ပြု၏။ အဿ၊ ထိုသူ၏။ ပဉ္စဝီသတိ ဝဿ-ကာလေဝ၊ နှစ်ဆယ့်ငါးနှစ်ရှိသော ကာလ၌လျှင်။ ဇီဝိတန္တရာယော၊ အသက်အန္တရာယ်သည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ သော၊ ထိုအန္တရာယ်သည်။ အဘိဝါဒန သီလတာယ၊ ရှိခိုးလေ့ရှိသည်၏ အဖြစ်ဖြင့်။ ပဋိပ္ပဿမ္ဘ-တိ၊ ငြိမ်း၏။ ဟိ၊ ထိုစကားသင့်စွ။ သော၊ ထိုသူသည်။ ယာဝတာယုက-မေဝ၊ အသက်အတိုင်းသာလျှင်။ တိဋ္ဌတိ၊ တည်၏။ အဿ၊ ထိုသူ၏။ ဝဏ္ဏာဒယောပိ၊ အဆင်းစသည်တို့ကိုလည်း။ အာယုနာ၊ အသက်နှင့်။ သဒ္ဓိံ၊ တကွ။ ဝဍ္ဍန္တိ၊ ပွားကုန်၏၊ ဣတော၊ ဤမှ။ ဥတ္တရိပိ၊ အထက်၌လည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိသတတ်။*အန္တရာယေန၊ အန္တရာယ်ဖြင့်။ ပတ္တဿ၊ ရောက်သောသူအား။ အာယုနော၊ အသက်၏။ ဝဍ္ဎနံနာမ၊ ပွားခြင်းမည်သည်။ နတ္ထိ၊ မရှိ။ ဒေသနာ ဝသာနေ၊ ဒေသနာ-အဆုံး၌။ အာယုဝဍ္ဎန ကုမာရော၊ အာယုဝဍ္ဎနသတို့သားသည်။ ပဉ္စဟိ-ဥပါသကသတေဟိ၊ သီတင်းသည် ငါးရာတို့နှင့်။ သဒ္ဓိံ၊ တကွ။ သော-တာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ အညေပိ၊ တပါး

အနန္တရာယေန (ဆ၃)

လည်း ဖြစ်ကုန်သော။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိ-ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

အဋ္ဌမံ၊ သော။ အာယုဝဍ္ဎန ကုမာရဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

## ၈-သဟဿဝဂ္ဂ၊ ၉-သံကိစ္စသာမဏေရ ဝတ္ထု

အနုသန္ဓေ .. အာယုဝဍ္ဎန ကုမာရ ဝတ္ထု၌ ဟောရာဂါထာ၏အနက်ကို ဖွင့်ပြီး၍ သံကိစ္စ သာမဏေရ ဝတ္ထု၌ ဟောရာဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ ယောစ ဝဿသတံ·စသည်ကိုမိန့်အပ်၏။

ယောစ ဝဿသတံ ဇီဝေတိ ဣမံ ဓမ္မဒေသနံ၊ ဇီဝေ စသော ဤတရားဟောခြင်းကို။သတ္ထာ၊ဘုရားသည်။ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ သံကိစ္စသာမဏေရံ၊ သံကိစ္စသာမဏေကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ အဆင့်စကား ကြားဘူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိ-ပြည်၌။ တိံသ မတ္တာ၊ သုံးကျိပ်မျှလောက်ကုန်သော။ ကုလပုတ္တာ၊ အမျိုးသားတို့သည်။ သတ္ထု၊ ဘုရား၏။ ဓမ္မကထံ၊ တရားစကားကို။ သုတွာ၊ နာရ၍။ သတ္ထုသာသနေ၊ ဘုရားသာသနာ၌။ ဥရံ၊ ရင်ကို။ ဒတွာ၊ပေး၍။ ပဗ္ဗဇိံသု၊ ရဟန်းပြုကုန်၏။ တေ၊ ထိုရဟန်းတို့သည်။ ဥပသမ္ပဒါယ၊ ပဉ္စင်းခံသည်မှ။ ပဉ္စဝဿာ၊ ငါးဝါတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။သတ္ထာရံ၊ ကို။ ဥပသင်္ကမိတွာ၊ ၍။ ဂန္ထဓုရံ၊ ဂန္ထဓုရလည်းကောင်း။ ဝိပဿနာဓုရံ၊ ဝိပဿနာ ဓုရတည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေဓုရာနိ၊ ဓုရနှစ်ပါးတို့ကို၊ သုတွာ၊ နာခံ၍။ မယံ၊ တို့သည်။ မဟလ္လက ကာလေ၊ အိုမင်းသောကာလ၌။ ပဗ္ဗဇိတာယ၊ ရဟန်းပြုခြင်းကြောင့်။ ဂန္ထဓုရေ၊ စာပေသင်ကြားခြင်း၌။ ဥဿာဟံ၊ အားထုတ်ခြင်းကို။ အကတွာ၊ မပြု နိုင်၍။ ဝိပဿနာ-ဓုရံ၊ ဝိပဿနာဓုရကို။ ပူရေတုကာမာ၊ ဖြည့်လိုကုန်သည် ဖြစ်၍။ ယာဝ-အရဟတ္တ ကမ္မဋ္ဌာနံ၊ အရဟတ္တဖိုလ် တိုင်အောင်သော ကမ္မဋ္ဌာန်းကို။ ကထာပေတွာ၊ ဟောစေ၍။ ဘန္တေ၊ အရှင်ဘုရား။ ကံ အရညာယတနံ၊

တခုသော တောကျောင်းသို့။ ဂမိဿာမ၊ သွားကုန်အံ့။ ဉတိ၊ ဤသို့။ သတ္ထာရံ၊ ဘုရားကို။ အာပုစ္ဆိံသု၊ ပန်ကြားကုန်၏။ သတ္ထာ၊ ဘုရားသည်။ ကတရံ ဌာနံ၊ အဘယ်အရပ်သို့။ ဂမိဿထ၊ သွားကုန်အံ့နည်း။ ဉတိပုစ္ဆိတွာ၊ ဤသို့မေးပြီး၍။ အသုကံ နာမာတိ၊ ဤမည်သောအရပ်တည်းဟူ။ ဝုတ္တေ၊ လျှောက်လတ်သော်။ တတ္ထ၊ ထိုအရပ်၌။ တေသံ၊ ထိုရဟန်းတို့အား။ ဧကံဝိဃာသာဒံ၊ တယောက်သော စားကြွင်းစားကို။ နိဿာယ၊ မှီ၍။ ဘယံ၊ ဘေးသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တဉ္စပန၊ ထိုဘေးကို ကား။ သံကိစ္စသာမဏေရေ၊ သံကိစ္စသာမဏေသည်။ ဂတေ၊ သွားလတ်သော်။ ဝူပသမိဿတိ၊ ငြိမ်းလတ္တံ့။ အထ၊ ထိုအခါ၌။ နေသံ၊ ထို ရဟန်းတို့၏။ ပဗ္ဗဇိတကိစ္စံ၊ ရဟန်းကိစ္စသည်။ ပါရိပူရိံ၊ အပြီးအဆုံးသို့။ ဂမိဿတိ၊ ရောက်လတ္တံ့။ ဉဘိအညာသိ၊ ဤသို့ သိတော်မူ၏။

သံကိစ္စသာမဏေရောနာမ၊ သံကိစ္စသာမဏေ မည်သည်ကား။ သာရိပုတ္တတ္ထေရဿ၊ ရှင်သာရိပုတ္တရာမထေရ်၏။ သာမဏေရော၊ တပည့်သာမဏေ-တည်း။ ဇာတိယာ၊ ဖွားမြင်သည်မှ။ သတ္တဝဿိကော၊ ခုနစ်နှစ်ရှိ၏။ တဿ၊ ထိုသာမဏေ၏။ မာတာ၊ အမိသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အစ္စကုလဿ၊ ကုံလုံကြွယ်ဝသော အမျိုးသဌေး၏။ ဓီတာ၊ သမီးတည်း။ သာ၊ ထိုအမိသည်။ တသ္မိံ၊ ထို သံကိစ္စ သာမဏေသည်။ ကုစ္ဆိဂတေ၊ ဝမ်း၌ သန္ဓေတည်သည်ရှိသော်။ဧကေနဗျာဓိနာ၊ တခုသောအနာကြောင့်။ တံခဏညေဝ၊ သာလျှင်။ ကာလမကာသိကိရ၊ သေခဲ့သတတ်။ တဿာ၊ ထို သဌေးသမီး၏ အလောင်းကို။ ဈာပိယမာနာယ၊ ဘုတ်ကြည်းသင်္ဂြိုဟ်သည်ရှိသော်။ ဂဗ္ဘမံသံ၊ သန္ဓေအိမ်ကို။ ဌပေတွာ၊ ထား၍။ သေသံ၊ ကြွင်းသောကိုယ်သည်။ ဈာယိ၊ ကျွမ်း၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုအမိ၏။ ဂဗ္ဘမံသံ၊ သန္ဓေအိမ်ကို။ စိတကတော၊ ထင်းပုံမှ၊ ဩတာ-ရေတွာ၊ချ၍။ ဒွိသု တီသု ဌာနေသု၊ နှစ်ခု, သုံးခုသောအရပ်တို့၌။သူလေ-ဟိ၊ တံစူးဝါးတို့ဖြင့်။ ဝိဇ္ဈိံသု၊ ထိုးဆွကုန်၏။ သူလကောဋိ၊ တံစူးဝါး အစွန်းသည်။ ဒါရကဿ။ သူငယ်၏။ အက္ခိကောဋိံ၊ မျက်စိအစွန်းကို။ ပဟာရိ၊ ခတ်မိ၏။ ဧဝံ၊ ဤသို့။ ဂဗ္ဘမံသံ၊ သန္ဓေအိမ်ကို။ ဝိဇ္ဈိတွာ၊ ထိုး၍။ အင်္ဂါရ ရာသိမှိ၊ မီးကျီးစု၌။ ခိပိတွာ၊ ပစ်၍။ အင်္ဂါရေဟေဝ၊ မီးကျီးတို့ဖြင့် သာလျှင်။ ပဋိစ္ဆာဒေတွာ၊ ဖုံး၍။ ပက္ကမိံသု၊ ဖဲသွားကုန်၏။ ဂဗ္ဘမံသံ၊

သန္ဓေအိမ်သည်။ စျာယိ၊ကျွမ်း၏။ အင်္ဂါရမတ္တကေပန၊ မီးကျီစု၏ အထက်၌ကား။ သုဝဏ္ဏဗိမ္ဗသဒိသော၊ ရွှေဆင်းတုနှင့် တူသော။ ဒါရကော၊ သူငယ်သည်။ ပဒုမဂဗ္ဘေ၊ ပဒုမာကြာတိုက်၌။ နိပ္ပန္နောဝိယ၊ အိပ်သကဲ့သို့။ အဟောသိ၊ ၏။ ဟိ၊ ထိုစကားသင့်စွ။ ပစ္ဆိမ ဘဝိကဿ သတ္တဿ၊ ပစ္ဆိမဘဝိကဖြစ်သော သတ္တဝါအား။ သိနေရုနာ၊ မြင့်မိုရ်တောင်ဖြင့်။ ဩတ္ထရိယမာနသ္သာပိ၊ ဘိလေသော်လည်း။ အရဟတ္တံ၊ ရဟန္တာ အဖြစ်သို့။ အပတွာ၊ မရောက်မူ၍။ ဇီဝိတက္ခယော နာမ၊ အသက်ကုန်ခြင်းမည်သည်။ နတ္ထိ၊ မရှိ။

ပုနဒိဝသေ၊ တဘက်မိုးသောက်သောနေ့၌။ စိတကံ၊ ကြွင်းသောထင်းကို။ နိဗ္ဗာပေဿာမာတိ၊ ငြိမ်းစေကုန်အံ့ဟူ၍။ အာဂတာ၊ လာသောသူတို့သည်။ တထာ၊ ထိုအခြင်းအရာဖြင့်။ နိပ္ပန္နံ၊ အိပ်သော။ ဒါရကံ၊ သူငယ်ကို။ ဒိသွာ၊ ၍။ အစ္ဆရိယဗ္ဗုတ စိတ္တဇာတာ၊ အံ့ဘွယ်သရဲမဖြစ်ဘူးမြဲ ဖြစ်ခြင်းဟူသောဆန်းကြယ်သောဖြစ်ခြင်းရှိ၏။ ကထဥ္စိနာမ၊ အဘယ်အကြောင်း ကြောင့်လျှင်။ တွေ့ကေသု ဒါရုသု၊ ဤမျှလောက်ကုန်သောထင်းတို့သည်။ ဈိယမာနေသု၊ လောင်၍ကုန်သည်ရှိသော်။ သကလသရီရေ၊ ကိုယ်အလုံးသည်။ စျာပိယမာနေ၊ ကျွမ်းလေသည်ရှိသော်။ ဒါရကော၊ သူငယ်သည်။ နစျာယိ၊ မလောင်မကျွမ်း။ ကိံ နုခေါ၊ အဘယ်သို့။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။ ဣတိ၊ ဤသို့။ ဒါရကံ၊ သူငယ်ကို။ အာဒါယ၊ ယူ၍။ အန္တောဂါမံ၊ ရွာတွင်းသို့။ ဂန္တွာ၊ သွား၍။ နိမိတ္တကေ၊ နိမိတ်ဖတ်တတ်သော သူတို့ကို။ ပုစ္ဆိံသု၊ မေးကုန်၏။ နိမိတ္တကာ၊ နိမိတ်ဖတ်သူတို့သည်။ အယံဒါရကော၊ ဤသူငယ်သည်။ အဂါရံ၊ အိမ်ထောင်သော-လူ၏ဘောင်၌။ သစေအဇ္ဈာဝသိဿတိ၊ အကယ်၍ နေသည်ဖြစ်အံ့။ ယာဝသတ္တမာ ကုလဝရိဝဋ္ဋာ၊ ဆွေခုနစ်ဆက် လည်သည် တိုင်အောင်။ ဉာတကာ၊ ပေါက်ဖေါ်သားချင်းတို့သည်။ ဒုဂ္ဂတာ၊ ဆင်းရဲနွမ်းပါးကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ သစေ ပဗ္ဗဇိဿတိ၊ အကယ်၍ ရဟန်းပြုသည်ဖြစ်အံ့။ ပဉ္စဟိ သမဏသတေဟိ၊ ရဟန်းငါးရာတို့ဖြင့်။ ပရိဝုတော၊ ခြံရံလျက်။ ဝိစရိဿတိ၊ သွားလတ္တံ့။ ဣတိအာဟံသု၊ ဤသို့ ဆိုကုန်၏။ အထ၊ ထိုအခါ၌။အဿ၊ ထိုသတို့သား၏။ အဇ္ဇိကောဋ္ဌိယာ၊ မျက်စိအစွန်းကို။ သင်္ကုနာ၊ တံစူးဝါးဖြင့်။ ဘိန္နတ္တာ၊ ထိုးမိခြင်းကြောင့်။ သံကိစ္စန္တိ-နာမံ၊ သံကိစ္စ-ဟူသော အမည်ကို။ ကရိံသု၊ မှည့်ကုန်၏။ သော၊ ထိုသူငယ်

သည်။ အပရေနေ သမယေန၊ တပါးသောအခါ၌။ သံကိစ္စောတိ၊ သံကိစ္စ ဟူ၍။ ပညာယိ၊ ထင်ရှား၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုသူငယ်ကို။ ဉာတကာ၊ ဆွေမျိုးတို့သည်။ ဟောတု၊ ထိုသို့ ဆင်းရဲအံ့သည်ပင်ဖြစ်စေ။ ဝုဍ္ဎိတကာလေ၊ ကြီးရင့်သော အခါ၌။ အမှာကံ၊ ငါတို့၏။ အယျဿ၊ အရှင်ဖြစ်သော။ သာရိပုတ္တဿ၊ သာရိပုတ္တရာ၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗာဇေဿာမ၊ ရဟန်းပြုစေကုန် အံ့။ ဣတိ၊ ဤသို့။ ပေါသိံသု၊ မွေးကျွေးသုတ်သင်ကုန်၏။ သော၊ ထိုသူငယ်သည်။ သတ္တဝဿိက ကာလေ၊ ခုနစ်နှစ်ရှိသောအခါ၌။ တာတ၊ ချစ်သား။ တဝ၊ သင်၏။ ကုစ္ဆိယံ၊ ဝမ်း၌။ ဝသနကာလေ၊ ပဋိသန္ဓေ နေသော အခါ၌။ တေ၊ သင်ချစ်သား၏။ မာတာ၊ အမိသည်။ ကာလ-မကာသိ၊ သေ၏။ တဿာ၊ ထိုအမိ၏။ သရီရေ၊ ကိုယ်သည်။ ဈာပိယ-မာနေပိ၊ မီးလောင်ကျွမ်းသော်လည်း။ တံ၊ သင်ချစ်သားကို။ န ဈာယိ၊ မကျွမ်းမလောင်။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ကုမာရော၊ သတို့သား သည်။ ဉာတကာနံ၊ ဆွေမျိုးတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ အဟံ၊ ငါသည်။ ဧဝရူပါ၊ ဤသို့သဘောရှိသော။ ဘယာ၊ ဘေးမှ။ မုတ္တောကိရ၊ လွတ်ပေစွတကား။ မေ၊ ငါ့အား။ ဃရာဝါသေန၊ အိမ်ရာ ထောင်သော လူ၏ဘောင်၌ နေခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ပဗ္ဗဇိဿာမိတိ၊ ရဟန်းပြုအံ့ဟူ၍။ ဉာတကာနံ၊ ဆွေမျိုးတို့အား။ အာရော-စေသိ၊ ကြား၏။ တေ၊ ထိုဉာတကာတို့သည်။ တာတ၊ ချစ်သာ။ သာဓု၊ ကောင်းပြီ။ ဣတိ၊ ဤသို့ ဝန်ခံလျက်။ သာရိပုတ္တတ္ထေရဿ၊ သာရိပုတ္တရာ မထေရ်၏။ သန္တိကံ၊ အထံသို့။ နေတွာ၊ ဆောင်၍။ ဘန္တေ၊ အရှင်ဘုရား။ ဣမံ၊ ဤသူငယ်ကို။ ပဗ္ဗာဇေထ၊ ရဟန်းပြုပါကုန်လော့။ ဣတိအဒံသု၊ ဤသို့ အပ်နှင်းပေးထားကုန်၏။ ထေရော၊ မထေရ်သည်။ တစပဉ္စက-ကမ္မဋ္ဌာနံ၊ တစပဉ္စက ကမ္မဋ္ဌာန်းကို။ ဒတွာ၊ ပေး၍။ ပဗ္ဗာဇေသိ၊ ရဟန်း ပြု၏။ သော၊ ထိုသူငယ်သည်။ ခုရဂ္ဂေယေဝ၊ ဆံရိတ်သောအဆုံး၌လျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။ အယံ၊ ဤသာမဏေသည်။ သံကိစ္စသာမဏေရော-နာမ၊ သံကိစ္စသာမဏေအမည်ရှိ၏။

သတ္ထာ၊ ဘုရားသည်။ တေသံ ဂတေ တံဘယံ ဝူပသမိဿတိ၊ အထ-နေသံ ပဗ္ဗဇိတကိစ္စံ ပါရိပူရိံ ဂမိဿတီတိ၊ ဂမိဿတိ-ဟူ၍။ ဉတွာ၊ သိ၍။

ဘိက္ခဝေ၊ ရဟန်းတို့။ တုမှာကံ၊ သင်တို့၏။ ဇေဋ္ဌဘာတိကံ၊ အစ်ကိုကြီး ဖြစ်သော။ သာရိပုတ္တတ္ထေရံ၊ သာရိပုတ္တရာ ထေရ်ကို။ ဩလောကေတွာ၊ ကြည့်၍။ ဂစ္ဆထ၊ သွားလေကုန်။ ဣတိအာဟ၊ ဤသို့မိန့်၏။ တေ၊ ထိုရဟန်းတို့သည်။ သာဓူတိ၊ ကောင်းပြီဟု။ ဝတွာ၊ လျှောက်၍။ ထေ-ရဿ၊ မထေရ်၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ အာဝုသော၊ ငါ့ရှင်တို့။ ကိံ၊ အဘယ်အကြောင်းရှိကုန်သနည်း။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ မယံ၊ အကျွန်ုပ်တို့သည်။ သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ အရညံ၊ တောသို့။ ပဝိသိတု-ကာမာ၊ ဝင်လိုကုန်သည်။ ဟုတွာ၊ ဖြစ်၍။ အာပုစ္ဆိံမှာ၊ ပန်ကြားပါကုန်၏။ အထ၊ ထိုအခါ၌။ နော၊ အကျွန်ုပ်တို့အား။ သတ္ထာ၊ ဘုရားသည်။ ဧဝံအာဟ၊ ဤသို့မိန့်၏။ တုမှာကံ၊ သင်တို့၏။ ဇေဋ္ဌဘာတိကံ၊ နောင်တော်ကြီးကို။ ဩလောကေတွာ၊ ကြည့်၍။ ဂစ္ဆထ၊ သွားလေကုန်။ ဣတိ၊ ဤသို့မိန့်၏။ တေန၊ ထို့ကြောင့်။ ဣဓ၊ ဤအရပ်သို့။ အာဂတာ၊ လာကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ထေရော၊ မထေရ်သည်။ စိန္တေသိ၊ ကြံ၏။ သတ္ထာရာ၊ ဘုရားသည်။ ဣမေ၊ ဤသူတို့ကို။ ကေံ ကာရဏံ၊ တခုသော အကြောင်းကို။ ဒိသွာ၊ မြင်၍။ ဣဓ၊ ဤအရပ်သို့။ ပဟိတာ၊ စေလွှတ်ကုန်သည်။ ဘဝိ-ဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဣတိ၊ ဤသို့ကြံ၏။ တော၊ ဤအကြောင်းသည်။ ကိံနုခေါ၊ အဘယ်နည်း။ ဣတိ၊ ဤသို့။ အာဝဇ္ဇေန္တော၊ ဆင်ခြင်လတ်သော်။ တမတ္ထံ၊ ထိုအကြောင်းကို။ ဉတွာ၊ သိ၍။ အာဟ၊ ဆို၏။ အာဝုသော၊ ငါ့ရှင်တို့။ ဝေါ၊ သင်တို့အား။ သာမဏေရော၊ အလုပ်အကျွေးသာမဏေ တပည့်သည်။ အတ္ထိပန၊ ရှိ၏လော။ ဣတိ၊ ဤသို့ မေး၏။ အာဝုသော၊ ငါ့ရှင်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့ လျှောက်၏။ သစေ နတ္ထိ၊ အကယ်၍ မရှိသည်ဖြစ်အံ့။ ဣမံသံကိစ္စ သာမဏေရံ၊ ဤသံကိစ္စ သာမဏေကို။ ဂဟေတွာ၊ ခေါ်၍။ ဂစ္ဆထ၊ သွားလေကုန်။ ဣတိ၊ ဤသို့ ဆို၏။

အာဝုသော၊ ငါ့ရှင်။ အလံ၊ အလိုမရှိ။ နော၊ ငါတို့အား။ သာ-မဏေရံ၊ သာမဏေကို။ နိဿာယ၊ ၍။ ပလိဗောဓော၊ ကြောင့်ကြခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အရညေ၊ တော၌။ ဝသန္တာနံ၊ နေကုန်သော ငါတို့အား။ သာမဏေရေန၊ သာမဏေဖြင့်။ ကိံ၊ အကျိုးမရှိပြီ။

ဣတိ၊ ဤသို့ ဆိုလတ်သော်။ အာဝုသော၊ ငါ့ရှင်တို့။ ဣမံ၊ ဤသံကိစ္စ သာမဏေကို။ နိဿာယ၊ မှီ၍။ တုမှာကံ၊ သင်တို့အား။ န ပလိဗောဓော၊ ကြောင့်ကြဗျာပါရ မရှိသင့်။ အပိစ ခေါ်ပေန၊ စင်စစ်မူကား။ တုမှေ၊ သင်တို့ကို။ နိဿာယ၊ မှီ၍။ ဣမဿ၊ ဤသာမဏေအား။ ပလိဗောဓော၊ ဗျာပါရသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့ ဆို၏။ သတ္ထာပိ၊ ဘုရားသည်လည်း။ တုမှေ၊ သင်တို့ကို။ မမ သန္တိကံ၊ ငါ့အထံသို့။ ပဟိဏန္တော၊ စေလွှတ်လိုက်ခြင်းသည်။ တုမှေဟိ၊ သင်တို့နှင့်။ သဒ္ဓိံ၊ တကွ။ သာမဏေရဿ၊ သာမဏေကို။ ပဟိဏနံ၊ စေလွှတ်ခြင်းကို။ ပစ္စာသီသန္တော၊ တောင့်တလျက်။ ပဟိဏိ၊ စေလွှတ်၏။ ဣမံ၊ ဤသာမဏေကို။ ဂဟေတွာ၊ ခေါ်၍။ ဂစ္ဆထ၊ သွားလေကုန်။ ဣတိ၊ ဤသို့ မိန့်လတ်သော်။ တေ၊ ထိုရဟန်းတို့သည်။ သာဓုတိ၊ ကောင်းပြီဟူ။ အဓိဝါသေတွာ၊ သဘော၍။ သာမဏေရေနေဝ၊ သာမဏေနှင့်သာလျှင်။ သဒ္ဓိံ၊ တကွ။ ဧကတိံသဇနာ၊ သုံးကျိပ်တပါးသော ရဟန်းတို့သည်။ ထေရံ၊ မထေရ်ကို။ အပလောကေတွာ၊ ပန်ကြား၍။ ဝိဟာရာ၊ ကျောင်းမှ။ နိက္ခမ္မ၊ ထွက်ကုန်၍။ စာရိကံ၊ ဒေသစာရီကို။ စရန္တာ၊ သွားကုန်သည်ရှိသော်။ ဝီသ ယောဇနသတ မတ္တကေ၊ ယူဇနာတရာ့နှစ်ဆယ်ထက်၌။ သဟဿကုလံ၊ အမျိုး တထောင်တို့၏ နေရာဖြစ်သော။ ဧကံဂါမံ၊ ရွာတခုသို့။ ပါပုဏိံသု၊ ရောက်ကုန်၏။

မနုဿာ၊ လူတို့သည်။ တေ၊ ထိုရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ ပသန္န-စိတ္တာ၊ ကြည်ညိုသော စိတ်ရှိကုန်သည် ဖြစ်၍။ သက္ကစ္စံ၊ ရိုသေစွာ။ ပရိ-ဝိသိတွာ၊ ဆွမ်းလုပ်ကျွေး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ ကတ္ထ၊ အဘယ်အရပ်သို့။ ဂမိဿထ၊ ကြွသွားကုန်အံ့နည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေး၍။ အာဝုသော၊ ဒါယကာတို့။ ယထာ၊ အကြင်အခြင်းဖြင့်။ ဖာသုကဋ္ဌာနံ၊ ချမ်းသာရာအရပ်သည်။ အတ္ထိ၊ ရှိ၏။ တထာ၊ ထိုအခြင်းဖြင့် ချမ်းသာရာသို့ သွားကုန်အံ့။ ဣတိဝုတ္တေ၊ ဤသို့ မိန့်တော်မူသည်ရှိသော်။ ပါဒ-မူလေ၊ ခြေရင်း၌။ နိပဇ္ဇိတွာ၊ ဝပ်၍။ ဘန္တေ၊ အရှင်ဘုရားတို့။ မယံ၊ အကျွန်ုပ်တို့သည်။ အယျေသု၊ အရှင်ဘုရားတို့သည်။ ဣမံဌာနံ၊ ဤအရပ်ကို။ နိဿာယ၊ မှီ၍။ အန္တောဝဿံ၊ ဝါတွင်းကာလပတ်လုံး။ ဝသ-န္တေသု၊ နေကုန်သည်ရှိသော်။ ပဉ္စသီလံ၊ ငါးပါးသီလကို။ သမာဒါယ၊

ဆောက်တည်၍။ ဥပေါသထကမ္မံ၊ ဥပုသ်သုံးသောအမှုကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိယာစိံသု၊ ဤသို့ တောင်းပန်ကုန်၏။ ထေရာ၊ မထေရ်တို့သည်။ အဓိဝါသေသုံ၊ သည်းခံသာယာကုန်၏။ အထ၊ ထို့နောင်မှ။ မနုဿာ၊ လူတို့သည်။ နေသံ၊ ထိုရဟန်းတို့၏။ ရတ္တိဋ္ဌာန ဒိဝါဋ္ဌာန-စင်္ကမန ပဏ္ဏသာလာဒယော၊ ညဉ့်သန့်စရာ နေ့သန့်စရာအရပ် စင်္ကြံ သစ်ရွက်မိုးသော စရပ်စသည်တို့ကို။ သံဝိဒဟိတွာ၊ စီရင်ခန့်ရန်၍။ အဇ္ဇ၊ ယနေ့။ မယံ၊ ငါတို့သည်။ သွေ၊ နက်ဖြန်။ မယံ၊ ငါတို့သည်။ ဣတိ၊ ဤသို့ တိုင်ပင် ချိန်းချက်ကုန်လျက်။ ဥဿာဟပတ္တာ၊ အားထုတ်ခြင်းသို့ ရောက်ကုန်သည် ဖြစ်၍။ ဥပဋ္ဌာနံ၊ ဆည်းကပ် လုပ်ကျွေးခြင်းကို။ အကံသု၊ ပြုကုန်၏။

ထေရာ၊ မထေရ်တို့သည်။ ဝဿူပနာယိက ဒိဝသေ၊ ဝါဆိုအံ့သော နေ့၌။ ကတိကဝတ္တံ၊ ကတိကဝတ်ကို။ ကရိံသု၊ ပြုကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ အမှေဟိ၊ ငါတို့သည်။ ဓရမာနက ဗုဒ္ဓဿ၊ သက်တော်ထင်ရှားရှိသော ဘုရား၏။ သန္တိကေ၊ အထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟိတံ၊ ယူအပ်ပြီ။ ပဋိပတ္တိသမ္ပဒါယ၊ မြတ်သောအကျင့်၏ပြည့်စုံခြင်းကို။ အညတြ၊ ထား၍။ ဗုဒ္ဓေ၊ ဘုရား၌။ အာရာဓေတုံ၊ နှစ်သက်စေခြင်းငှါ။ နခေါပန သက္ကာ၊ မတတ်နိုင်။ အမှာကံ၊ ငါတို့အား။ အပါယ-ဒွါရာနိ၊ အပါယ်တံခါးတို့သည်။ ဝိဝဋ္ဌာနေဝ၊ ဟင်းလင်းသာလျှင် ပွင့်ကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပါတောဝ၊ စောစောကလျှင်။ ဘိက္ခာစာရ-ဝေလံ၊ ဆွမ်းခံသွားသောအခါကို လည်းကောင်း။ သာယံ၊ ညအခါ၌။ ထေရူပဋ္ဌာန ဝေလဉ္စ၊ မထေရ်အား ဆည်းကပ်သော အခါကို လည်းကောင်း။ အညတြ၊ ထား၍။ သေသကာလေ၊ ကြွင်းသော အခါ၌။ ဒွေ၊ နှစ်ယောက်သော ရဟန်းတို့သည်။ ဧကဋ္ဌာနေ၊ တခုသောအရပ်၌။ န ဘဝိဿာမ၊ မဖြစ်ကုန်အံ့။ ယဿ၊ အကြင်သူ၏။ အဖါသုကံ၊ မချမ်းသာခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ တေန၊ ထိုရဟန်းသည်။ ဃဏ္ဍိ-ယာ၊ ကျောက်စည် ခေါင်းလောင်းကို။ ပဟဋ္ဌာယ၊ ထိုးခတ်သည် ရှိသော်။ တဿ၊ ထိုရဟန်း၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ သွား၍။ ဘေသဇ္ဇံ၊ ဆေးကို။ ကရိဿာမ၊ ကုကုန်အံ့။ ဣတော၊ ဤအခါမှ။ အညသ္မိံ-ရတ္တိဘာဂေဝါ၊ တပါးသော ညဉ့်အဖို့၌ လည်းကောင်း။ ဒိဝသဘာဂေ-ဝါ၊ တပါးသောနေ့အဖို့၌ လည်းကောင်း။ အပ္ပမတ္တာ၊ မမေ့မလျော့ဘဲ။

ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ အနုယုဉ္ဇိဿာမ၊ စီးဖြန်းကုန်အံ့။ ဣတိ၊ ဤသို့ ကတိကဝတ် ပြုကုန်၏။

ဇဝံ၊ ဤသို့။ ကတိကံ၊ ကတိကဝတ်ကို။ ကတွာ၊ ပြု၍။ တေသု၊ ထို ရဟန်းတို့သည်။ ဝိဟရန္တေသု၊ နေကုန်သည်ရှိသော်။ ဧကော ဒုဂ္ဂတပုရိ-သော၊ လူဆင်းရဲတယောက်သည်။ ဓီတရံ၊ သမီးကို။ ဥပနိဿာယ၊ မှီ၍။ ဇီဝန္တော၊ အသက်မွေးရသည်ရှိသော်။ တသ္မိံ ဌာနေ၊ ထိုအရပ်၌။ ဒုဗ္ဘိက္ခေ၊ ငတ်မွတ်ခြင်းသည်။ ဥပ္ပန္နေ၊ ဖြစ်သည်ရှိသော်။ အပရံ ဓီတရံ၊ အခြားသမီး တယောက်ကို။ ဥပနိဿာယ၊ မှီ၍။ ဇီဝိတုကာမော၊ အသက်မွေးလို၍။ မဂ္ဂံ၊ ခရီးကို။ ပဋိပဇ္ဇိ၊ သွား၏။ ထေရာပိ၊ မထေရ်တို့သည်လည်း။ ဂါမေ၊ ရွာ၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ၊ သွား၍။ ဝသနဋ္ဌာနံ၊ နေရာ အရပ်သို့။ အာဂစ္ဆန္တာ၊ ပြန်လာကုန်သည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီး အကြား၌။ ဧကိဿာ နဒိယာ၊ မြစ်တခု၌။ နှတွာ၊ ရေချိုး၍။ ဝါလုက-ပုလိနေ၊ သဲစု၌။ နိသီဒိတွာ၊ ထိုင်၍။ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်းကိစ္စကို။ ကရိံသု၊ ပြုကုန်၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ သော ပုရိသော၊ ထို ယောကျ်ားလူဆင်းရဲသည်။ တံဌာနံ၊ ထိုအရပ်သို့။ ပတွာ၊ ရောက်၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌။ အဋ္ဌာသိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုယောကျ်ား လူဆင်းရဲကို။ ထေရာ၊ မထေရ်တို့သည်။ ကဟံ၊ အဘယ် အရပ်သို့။ ဂစ္ဆတိ၊ သွားအံ့နည်း။ ဣတိပုစ္ဆိံသု၊ ဤသို့မေးကုန်၏။ သော၊ ထိုလူဆင်းရဲသည်။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြား၏။ ထေရာ၊ မထေရ်တို့သည်။ တသ္မိံ၊ ထိုလူဆင်းရဲ၌။ ကာရုညံ၊ သနားခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ဥပါသကာ၊ ဒါယကာ။ အတိ-ဝိယ၊ အလွန်လျှင်။ ဆာတော၊ ဆာလောင်မွတ်သိပ်ခြင်းသည်။ အသိ၊ ဖြစ်သလော။ ဂစ္ဆ၊ သွားချေ။ ပဏ္ဏံ၊ ဖက်ရွက်ကို။ အာဟရ၊ ဆောင် ယူခဲ့လော။ ဧကမေကံ၊ တပါးတဆုပ်စီ။ တေ၊ သင်အား။ ဘတ္တပိဏ္ဍံ၊ ထမင်းခဲကို။ ဒဿာမ၊ ပေးကုန်အံ့။ ဣတိဝတွာ၊ ဤသို့ဆိုခြင်းကြောင့်။ တေန၊ ထိုလူဆင်းရဲသည်။ ပဏ္ဏေ၊ ဖက်ရွက်တို့ကို။ အာဟဋေ၊ ဆောင် ယူခဲ့သည်ရှိသော်။ အတ္တနာ အတ္တနာ၊ မိမိ မိမိသည်။ ဘုဉ္ဇနိယာမေ-နေဝ၊ စားသောနည်းဖြင့်လျှင်။ သူပဗျဉ္ဇနေဟိ၊ ဟင်းလက်သုတ်စမဲတို့ဖြင့်။ သန္နဟိတွာ၊ စိုစေ၍။ ဧကမေကံ ပိဏ္ဍံ၊ တဆုပ်တဆုပ်သော ထမင်းခဲကို။ အဒံသု၊ ပေးကုန်၏။

ဘောဇနကာလေ၊ စားသောကာလ၌။ အာဂတဿ၊ ရောက်လာသောသူအား။ ဘတ္တံ၊ ထမင်းကို။ ဒဒမာနေ၊ ပေးလိုသော။ ဘိက္ခုနော၊ ရဟန်းသည်။ အဂ္ဂဘတ္တံ၊ ဆွမ်းဦးကို။ အဒတွာ၊ မပေးမူ၍။ အတ္တနာ၊ မိမိသည်။ ဘုဉ္ဇနနိယာမေနေဝ၊ စားသောနည်းဖြင့်လျှင်။ ထောကံဝါ၊ အနည်းငယ်ကိုရင်း။ ဗဟုံဝါ၊ အများကိုရင်း။ ယံဒါတဗ္ဗံ၊ အကြင်သို့ပေးအပ်၏။ တဒေဝ၊ ထိုသို့ပေးခြင်းသည်လျှင်။ ဝတ္တံကိရ၊ ဝတ်ဖြစ်သတတ်။ တသ္မာ၊ ထို့ကြောင့်။ တေပိ၊ ထိုရဟန်းတို့သည်လည်း။ တထာ၊ ထိုဆိုအပ်ပြီးသောအတိုင်း။ အဒံသု၊ ပေးကုန်၏။ သော၊ ထိုလူဆင်းရဲသည်။ ကတဘတ္တကိစ္စော၊ ထမင်းစားကိစ္စပြီးပြီးသော်။ ထေရေ၊ မထေရ်တို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရားတို့။ အယျာ၊ အရှင်ဘုရားတို့ကို။ ကေနစိ၊ တစုံတယောက်သောသူသည်။နိမန္တိ-တာကိံ၊ ဘိတ်မန်အပ်ကုန်သလော။ ဣတိ၊ ဤသို့မေး၏။ ဥပါသက၊ ဒါယကာ။ နိမန္တနံ၊ ဘိတ်ခြင်းသည်။ နတ္ထိ၊ မရှိ။ မနုဿာ၊ လူတို့သည်။ ဒေဝသိကံ၊ နေ့တိုင်း၊ ဧဝရူပမေဝ၊ ဤသို့သဘောရှိသည်သာလျှင်။ အာ-ဟာရံ၊ ဆွမ်းကို။ ဒေန္တိ၊ လှူကုန်၏။ ဣတိ၊ ဤသို့ဆိုကုန်၏။ သော၊ ထိုသူဆင်းရဲသည်။ စိန္တေသိ၊ ကြံ၏။ မယံ၊ ငါတို့အည်။ နိစ္စကာလံ၊ အခါခပ်သိမ်း။ ဥဋ္ဌာယ၊ ထကြွလုံ့လပြုသဖြင့်။ သမုဋ္ဌာယ၊ လွန်စွာအားထုတ်သဖြင့်။ ကမ္မံ၊ အမှုကို။ ကရောန္တာပိ၊ ပြုကုန်သော်လည်း။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ အာဟာရံပိ၊ ထမင်းအစာကိုလည်း။ လဒ္ဓုံ၊ ရခြင်းငှါ။ နသက္ကောမ၊ မတတ်နိုင်ကုန်။ မေ၊ ငါ့အား။ အညတ္ထ၊ တပါးသောအရပ်သို့။ ဂတေန၊ သွားသဖြင့်။ ကိံ၊ အဘယ်ပြုအံ့နည်း။ ဣမေသံ၊ ဤရဟန်းတို့၏။ သန္တိကေယေဝ၊ အထံ၌သာလျှင်။ ဇီဝိဿာမ၊ အသက်မွေးအံ့။ ဣတိ၊ ဤသို့ကြံ၏။

အထ၊ ထိုအခါ၌၊ နေ၊ ရဟန်းတို့ကို။ အာဟ၊ လျှောက်၏။ အဟံ၊ တပည့်တော်သည်။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီး ဝတ်ငယ်ကို။ ကတွာ၊ ပြု၍။ အယျာနံ၊ အရှင်ဘုရားတို့၏။ သန္တိကေ၊ အထံ၌၊ ဝသိတုံ၊ နေခြင်းငှါ။ ဣစ္ဆာမိ၊ အလိုရှိ၏။ ဣတိ၊ ဤသို့လျှောက်လတ်သော်။ ဥပါသက၊ ဒါယကာ။ သာဓု၊ ကောင်းပြီ။ ဣတိ၊ ဤသို့မိန့်ကုန်၏။ သော၊ ထိုသူရဲသည်။ တေဟိ၊ ထိုရဟန်းတို့နှင့်။ သဒ္ဓိံ၊ ကကွ။ တေသံ၊ ထိုရဟန်းတို့၏။ ဝသနဋ္ဌာနံ၊ နေရာအရပ်သို့။ ဂန္တွာ၊ ရောက်၍။ သာခုကံ၊ ကောင်း

စွာ။ ဝတ္တပဋိဝတ္တံ၊ ဝတ်ကြီးဝတ်ငယ်ကို။ ကရောန္တော၊ ပြုလျက်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အတိဝိယ၊ အလွန်လျှင်။ အာရာဓေတွာ၊ နှစ်သက်စေ၍။ ဒွေမာသစ္စာယေန၊ နှစ်လလွန်သဖြင့်။ မိတရံ၊ သမီးကို။ ဒဋ္ဌုကာမော၊ ကြည့်ရှုလိုသည်။ ဟုတွာ၊ ဖြစ်၍။ အယျေ၊ အရှင်ဘုရားတို့ကို။ သစေ-အာပုစ္ဆိဿာမိ၊ အကယ်၍ ပန်ကြားသည်ဖြစ်အံ့။ မံ၊ ငါ့ကို။ နဝိဿဇ္ဇိ-ဿန္တိ၊ ခွင့်မလွှတ်ကုန်လတ္တံ့။ အနာပုစ္ဆာ၊ မပန်ကြားဘဲ။ ဂမိဿာမိကိ၊ သွားအံ့ဟု။ တေသံ၊ ထိုရဟန်းတို့အား။ အနာစိက္ခိတွာဝ၊ ခွင့်မတောင်းဘဲသာလျှင်။ နိက္ခမိ၊ ထွက်လေ၏။ ဧတ္တကမေဝ၊ ဤမျှသည်သာလျှင်။ အဿ၊ ထိုလုလင်းရဲအား။ ဩဋ္ဌာရိကံ၊ ရုန့်ရင်းသော။ ခလိတံ၊ ချွတ်ယွင်းခြင်းသည်။ အဟောသိကိရ၊ ဖြစ်သတတ်။ ယံ၊ အကြင်ပန်ကြားခြင်းအမှုကို။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အနာရောစေတွာ၊ မပန်ကြားမူ၍။ ပက္ကာမိ၊ ဖဲသွား၏။

တဿပန၊ ထိုလုလင်းရဲယောကျ်ား၏ကား။ ဂမနမဂ္ဂေ၊ သွားရာ လမ်းခရီး၌။ ဧကာ အဋဝိ၊ တောအုပ်တခုသည်။ အတ္ထိ၊ ရှိ၏။ တတ္ထ၊ ထိုတောအုပ်၌။ ယော၊ အကြင်သူသည်။ ဣမံ အဋဝိံ၊ ဤတောအုပ်သို့။ ပဝိသတိ၊ ဝင်၏။ တံ၊ ထိုလူကို။ မာရေတွာ၊ သတ်၍။ တဿ၊ ထိုလူသေ၏။ မံသ လောဟိတေန၊ အသားအသွေးဖြင့်။ တုယှံ၊ အရှင်နတ်မင်းအား။ ဗလိကမ္မံ၊ ဗလိနတ်စာကို။ ကရိဿာမ၊ ဆက်ပါကုန်အံ့။ ဣတိ၊ ဤသို့။ ဒေဝတာယ၊ နတ်အား။အာယာစနံ၊ တောင်းပန်ခြင်းကို။ ကတွာ၊ ပြု၍။ ဝသန္တာနံ၊ နေကုန်သော။ ပဉ္စသတာနံ စောရာနံ၊ ငါးရာကုန်သော ခိုးသူတို့အား။ သတ္တမော ဒိဝသော၊ ခုနစ်ရက်မြောက်သော နေ့သည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ကြောင့်။ သတ္တမေ ဒိဝသေ၊ ခုနစ်ရက် မြောက်သော နေ့၌။ စောရဇေဋ္ဌကော၊ ခိုးသူကြီးသည်။ ရုက္ခံ၊ သစ်ပင်ကို။ အာရုယှ၊ တက်၍။ ဩလောကေန္တော၊ ကြည့်လတ်သော်။ အာဂစ္ဆန္တံ၊ လာသော။ တံ၊ ထိုလုလင်းရဲကို။ ဒိသွာ၊ မြင်၍။ စောရာနံ၊ ခိုးသူတို့အား။ သညံ၊ အမှတ်ကို။ အဒါသိ၊ ပေး၏။ တေ၊ ထိုသူခိုးတို့သည်။ တဿ၊ ထိုလုလင်းရဲ၏။ အဋဝိ မဇ္ဈံ၊ တောအုပ်အလယ်သို့။ ပဝိဋ္ဌဘာဝံ၊ ဝင်လာသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ ပရိက္ခိပိတွာ၊ ဝန်းရံ၍။ တံ၊ ထိုလုလင်းရဲကို။ ဂဏှိတွာ၊ ဘမ်းဆီး၍။ ဂါဠှဗန္ဓနံ၊ မြဲစွာနှောင်ဖွဲ့ခြင်းကို။ ကတွာ၊ ပြု၍။ ဘရဏိ သဟိတေန၊ ပွတ်ခုံနှင့်တကွ။ အဂ္ဂိံ၊ မီးကို။ နိဗ္ဗတ္တေတွာ၊ ဖြစ်စေ

၍။ ဒါရူနိ၊ ထင်းတို့ကို။ သံကဍ္ဎိတွာ၊ ရုံးစု၍။ မဟန္တံ အဂ္ဂိခန္ဓံ၊ မီးပုံကြီးကို။ ကတွာ၊ ၍။ သူလာနိ၊ တံကျင်တို့ကို။ တစ္ဆိံသု၊ ချွန်ကြကုန်၏။ သော၊ လူဆင်းရဲသည်။ တေသံ၊ ထိုသူခိုးတို့၏။ တံကိရိယံ၊ ထိုသတ်အံ့သော အခြင်းအရာကို။ ဒိသွာ၊ မြင်၍။ သာမိ၊ အရှင်တို့။ ကိံ-ဌာနေ၊ ဤအရပ်၌။ သူကရာ၊ ဝက်တို့သည်။ နေဝဒိဿန္တိ၊ မထင်မမြင်ကုန်။ မိဂါဒယော၊ သမင် စသော သတ္တဝါတို့ကို။ နဒိဿန္တိ၊ မမြင်ကုန်။ ကိံကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ဣမံ၊ ဤအမှုကို။ ကရောထ၊ ပြုကုန်ဘိသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

တံ၊ သင့်ကို။ မာရေတွာ၊ သတ်၍။ တဝ၊ သင်၏။ မံသ လောဟိတေန၊ အသားအသွေးဖြင့်။ ဒေဝတာယ၊ နတ်မင်းအား။ ဗလိကမ္မံ၊ ဗလိနတ်စာကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့ဆို၏။ သော၊ ထိုလူဆင်းရဲယောကျ်ားသည်။ မရဏဘယတဇ္ဇိတော၊ သေရအံ့သည်မှကြောက်သောကြောင့်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ တံဥပကာရံ၊ ထိုကျေးဇူးကို။ အစိန္တေတွာ၊ မကြံမူ၍။ ကေဝလံ၊ သက်သက်။ အတ္တနော၊ မိမိ၏။ ဇီဝိတမေဝ၊ အသက်ကိုသာလျှင်။ ရက္ခမာနော၊ စောင့်လျက်။ ဝေံအာဟ၊ ဤသို့ဆို၏။ သာမိ၊ အရှင်တို့။ အဟံ၊ အကျွန်ုပ်သည်။ ဝိဃာသာဒေါ၊ စားကြွင်းစားတည်း။ ဥစ္ဆိဋ္ဌဘတ္တံ၊ စားကြွင်းထမင်းကို။ ဘုဉ္စိတွာ၊ စား၍။ ဝစိုတော၊ ကြီးရင့်သော။ ဝိဃာသာဒေါနာမ၊ စားကြွင်းစားသောသူမည်၏။ ကာဠကဏ္ဏိကော၊ လူယုတ်မာတည်း။ အယျာပန၊ အရှင်ကောင်းတို့သည်ကား။ ယတော၊ အကြင်အကြောင်းကြောင့်။ တတော၊ ထိုလူ၏ဘောင်မှ။ နိက္ခမိတွာ၊ ထွက်၍။ ပဗ္ဗဇိတာပိ၊ ရဟန်းပြုကုန်သော်လည်း။ ခတ္တိယာဝ၊ ခတ္တိယသာလျှင် ဖြစ်ကုန်၏။ အသုကသ္မိံ ဌာနေ၊ ဤမည်သော အရပ်၌။ ကေတိံသ ဘိက္ခူ၊ သုံးကျိပ်တယောက်သော ရဟန်းတို့သည်။ ဝသန္တိ၊ နေကုန်၏။ တေ၊ ထိုရဟန်းတို့ကို။ မာရေတွာ၊ သတ်၍။ ဗလိကမ္မံ၊ ဗလိနတ်စာပေးခြင်းကို။ ကရောထ၊ ပြုကုန်လော့။ အတိဝိယ၊ အလွန်လျှင်။ ဝေါ၊ သင်တို့အား။ ဒေဝတာ၊ နတ်သည်။ တုဿိဿတိ၊ နှစ်သက်လတ္တံ့။ ဣတိ၊ ဤသို့ ဆို၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ စောရာ၊ ခိုးသူတို့သည်။ ဘဒ္ဒကံ ဝေါ၊ ကောင်းသောစကားကို သာလျှင်။ ဝဒေသိ၊ ဆို၏။ ဣမိနာ ကာဠကဏ္ဏိနာ၊ ဤလူယုတ်မာဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ခတ္တိယေ၊ ခတ္တိယ ဖြစ်သော ရဟန်းတို့ကို။ မာရေတွာ၊

သတ်၍။ ဗလိကမ္မံ၊ ဗလိနတ်စာကို။ ကရိဿာမ၊ ပြုကုန်အံ့။ ဉာတိ-
စိန္တေတွာ၊ ဤသို့ကြံ၍။ ဧဟိ၊ လာလှည့်။ နေသံ၊ ထိုရဟန်းတို့၏။ ဝသ-
နဋ္ဌာနံ၊ နေရာအရပ်ကို။ ဒဿေဟိ၊ ညွှန်ပြလော့။ ဣတိ၊ ဤသို့ဆိုလတ်
သော်။ တမေဝ၊ ထိုလူဆင်းရဲ စားကြွင်းစားကိုပင်လျှင်။ မဂ္ဂဒေသကံ၊ ခရီး
ညွှန်ကို။ ကတွာ၊ ပြု၍။ တံဌာနံ၊ ထိုအရပ်သို့။ ပတွာ၊ ရောက်၍။
ဝိဟာရမဇ္ဈေ၊ ကျောင်းလယ်၌။ ဘိက္ခူ၊ ရဟန်းတို့ကို။ အဒိသွာ၊ မမြင်၍။
ဘိက္ခူ၊ ရဟန်းတို့သည်။ ကဟံ၊ အဘယ်မှာနည်း။ ဣတိ၊ ဤသို့။ နံ၊ ထို
စားကြွင်းစားကို။ပုစ္ဆိံသု၊မေးကုန်၏။သော၊ထိုလူဆင်းရဲသည်။ဒွေမာသေ၊
နှစ်လတို့ပတ်လုံး။ ဝသိတတ္တာ၊ နေဘူးသောကြောင့်။ တေသံ၊ ထိုရဟန်း
တို့၏။ ကတိကဝတ္တံ၊ ကတိကဝတ်ကို။ ဇာနန္တော၊ သိသည်ဖြစ်၍။ ဧဝံ၊
အာဟ၊ ဤသို့ဆို၏။ အတ္တနော၊ မိမိ၏။ ဒိဝါဋ္ဌာန ရတ္တိဋ္ဌာနေသု၊ နေ့သန့်
စရာအရပ်,ညဉ့်သန့်စရာ အရပ်တို့၌။ နိသိန္နာ၊ နေကုန်၏။ တေံဃဏ္ဋိံ၊ ဤ
ခေါင်းလောင်းကို။ ပဟရထ၊ ထိုးကုန်လော့။ ဃဏ္ဋိသဒ္ဒေန၊ ခေါင်းလောင်း
သံဖြင့်။ သန္နိပတိဿန္တိ၊ စည်းဝေးကုန်လတ္တံ့။ ဣတိ၊ ဤသို့ဆို၏ စောရ-
ဇေဋ္ဌကော၊ ခိုးသူကြီးသည်။ ဃဏ္ဋိံ၊ ကျောက်စည်ကို။ ပဟရိ၊ ခတ်၏။

ဘိက္ခူ၊ ရဟန်းတို့သည်။ ဃဏ္ဋိသဒ္ဒံ၊ ကျောက်စည်သံကို။ သုတွာ၊
ကြား၍။ အကာလေ၊ အခါမဟုတ်သည်၌။ ဃဏ္ဋိ၊ ကျောက်စည်ကို။
ပဟဋာ၊ ခတ်ကုန်၏။ ကဿစိ၊ တစုံတယောက်သော သူသည်။ အဖါသု-
ကံ၊ မချမ်းသာခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့အောက်
မေ့လျက်။ အာဂန္တွာ၊ လာ၍။ ဝိဟာရမဇ္ဈေ၊ ကျောင်းလယ်၌။ ပဋ္ဋိပါဋ္ဌိ-
ယာ၊ အစဉ်အတိုင်း။ ပညတ္တေသု၊ ခင်းထားအပ်ကုန်သော။ ပါသာဏ-
ဖလကေသု၊ ကျောက်ဖျာတို့၌။ နိသီဒိံသု၊ နေကုန်၏။ သံဃတ္ထေရော၊
သဃာ့ထေရ်သည်။ စောရေ၊ ခိုးသူတို့ကို။ ဩလောကေတွာ၊ ကြည့်၍။
ပုစ္ဆိ၊ မေး၏။ ဥပါသကာ၊ ဒါယကာတို့။ ကေန၊ အဘယ်သူသည်။
အယံဃဏ္ဋိ၊ ဤခေါင်းလောင်းကို။ ပဟဋ္ဌာ၊ ခတ်သနည်း။ ဣတိ၊ ဤသို့
မေး၏။ စောရဇေဋ္ဌကော၊ ခိုးသူကြီးသည်။ အာဟ၊ ဆို၏။ ဘန္တေ၊ အရှင်
ဘုရား။ မယာ၊ အကျွန်ုပ် ခတ်၏။ ဣတိ၊ ဤသို့ ဆို၏။ ကိံ ကာရဏာ၊
အဘယ့်ကြောင့် ခတ်သနည်း။ ဣတိ၊ ဤသို့ မေး၏။ အမှေဟိ၊ ငါတို့သည်။
အဋဝိ ဒေဝတာယ၊ တောစိုးနတ်အား။ အာယာစိတံ၊ တောင်းပန် ခ,ယ

ခြင်းသည်။ အတ္တိ၊ ရှိ၏။ တဿာ၊ ထိုနတ်အား။ ဗလိကမ္မ ကရဏတ္ထာယ၊ ဗလိနတ်စာ ပူဇော်ခြင်းအကျိုးငှါ။ ဧကံ ဘိက္ခုံ၊ ရဟန်းတပါးကို။ ဂဟေတွာ၊ ခေါ်၍။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့ ဆို၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ မဟာထေရော၊ မထေရ်ကြီးသည်။ ဘိက္ခူ၊ ရဟန်းတို့ကို။ အာဟ၊ ဆို၏။ အာဝုသော၊ ငါ့ရှင်တို့။ ဘာတိကာနံ၊ ညီနောင်တို့တွင်။ ဉပ္ပန္နကိစ္စံနာမ၊ ဖြစ်သော ကိစ္စမည်သည်ကို။ ဇေဋ္ဌဘာတိကေန၊ အစ်ကို အကြီးသည်။ နိတ္ထရိတဗ္ဗံ၊ ထုတ်ဆောင်အပ်၏။ အဟံ၊ ငါသည်။ အတ္တနော၊ မိမိ၏။ ဇီဝိတံ၊ အသက်ကို။ တုမှာကံ၊ သင်တို့အား။ ပရိစ္စဇိတွာ၊ စွန့်၍။ ဣမေဟိ၊ ဤခိုးသူဒါယကာတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဂမိဿာမိ၊ လိုက်လေအံ့။ သဗ္ဗေသံ၊ ခပ်သိမ်းသော ရဟန်းတို့အား။ အန္တရာယော၊ အန္တရာယ်သည်။ မာဟောတု၊ မဖြစ်စေသတည်း။ အပ္ပမတ္တာ၊ မမေ့မလျော့။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောထ၊ ပြုရစ်ကုန်လော့။ ဣတိ၊ ဤသို့ မှာထား၏။

အနုထေရော၊ မထေရ်ငယ်သည်။ အာဟ၊ ဆို၏။ ဘန္တေ၊ အရှင်ဘုရား။ ဇေဋ္ဌဘာတုကိစ္စံနာမ၊ အစ်ကို၏ ကိစ္စမည်သည်။ ကနိဋ္ဌဿ၊ ညီငယ်၏။ ဘာရော၊ ဝန်တည်း။ အဟံ၊ ငါသည်။ ဂမိဿာမိ၊ လိုက်ပါအံ့။ တုမှေ၊ အရှင်ဘုရားတို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့။ ဟောထ၊ ဖြစ်ကုန်လော့။ ဣတိ၊ ဤသို့ ဆို၏။ ဣမိနာ ဉပါယေန၊ ဤသို့သော နည်းဖြင့်။ အဟမေဝ၊ အဟမေဝ၊ ငါသည် ငါသည်သာလျှင်။ ဂမိဿာမိ၊ လိုက်ပါအံ့။ ဣတိဝတွာ၊ ဤသို့ ဆို၍။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ တိံသ ဇနာပိ၊ သုံးကျိပ်သော ရဟန်းတို့သည်လည်း။ ဉဋ္ဌဟိံသု၊ ထကုန်၏။ ဧဝံ သန္တေ၊ ဤသို့ ဖြစ်သည် ရှိသော်။ ဧကိဿာ မာတုယာ၊ တယောက်သော အမိ၏။ နေဝပုတ္တာ၊ သား မဟုတ်ကုန်။ ဧကဿ ပိတုနော၊ တယောက်သော အဘ၏။ နပုတ္တာ၊ သား မဟုတ်ကုန်။ ဝီတရာဂါ၊ ရာဂ ကင်းကုန်သည်။ နာပိ ဟောန္တိ၊ မဖြစ်ကုန်။ အယံ ပန၊ ထိုသို့ ဖြစ်လျက်လည်း။ အဇ္ဈာသယသာနံ၊ ကြွင်းသော သူတို့၏။ အတ္ထာယ၊ အကျိုးငှါ။ ပဋိပါဋိယာ၊ အစဉ်အတိုင်း။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇိံသု၊ စွန့်ကုန်၏။ တေသု၊ ဤရဟန်းတို့တွင်။ ဧကောပိ၊ တယောက်သော ရဟန်းသည်မျှလည်း။ တွံ၊ သင်သည်။ ယာဟိ၊ လိုက်လေ လော့။ တွံ၊ သင်သည်။ ယာဟိ၊ သွားလေလော့။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ သမတ္ထောနာမ၊ စွမ်းနိုင်သောသူမည်သည်။ နာဟောသိ၊ မဖြစ်။

သံကိစ္စသာမဏေရော၊ သံကိစ္စသာမဏေသည်။ တေသံ၊ ထိုခိုးသူတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ ဘန္တေ၊ အရှင်ဘုရားတို့။ တုမှေ၊ အရှင်ဘုရားတို့သည်။ တိဋ္ဌထ၊ နေမြဲသာ နေပါကုန်လော့။ အဟံ၊ အကျွန်ုပ်သည်။ တုမှာကံ၊ အရှင်ဘုရားတို့အား။ ဇီဝိတံ၊ အသက်ကို။ ပရိစ္စဇိတွာ၊ စွန့်၍။ ဂမိဿာမိ၊ လိုက်ပါအံ့။ ဣတိ၊ ဤသို့ဆို၏။ တေ၊ ထိုရဟန်းတို့သည်။ အာဟံသု၊ ဆိုကုန်၏။ အာဝုသော၊ ငါ့ရှင်သာမဏေ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ မယံ၊ ငါတို့သည်။ ဧကတော၊ တပေါင်း တရှက်တည်း။-မာရိယမာနာပိ၊ သေကုန်သော်လည်း။ ဧကကံ၊ တယောက်အထီးတည်း။ တံ၊ သင့်ကို။ နဝိဿဇ္ဇိဿာမ၊ မလွှတ်လိုက်ကုန်အံ့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ ကာရဏာ၊ အကြောင်းကား။ ကိံ၊ အဘယ်နည်း။ ဣတိ၊ ဤသို့ ဆို၏။ အာဝုသော၊ ငါ့ရှင်သာမဏေ။ တွံ၊ သင်သည်။ မမ္မသေနာပတိ သာရိပုတ္တတ္ထေရဿ၊ တရားစစ်သူကြီး သာရိပုတ္တရာ ထေရ်၏။ သာမဏေရော၊ သာမဏေတည်း။ တံ၊ သင့်ကို။ သစေ ဝိဿဇ္ဇိဿာမ၊ အကယ်၍ လွှတ်လိုက်ကုန်သည်ဖြစ်အံ့။ မေ၊ ငါ၏။ သာမဏေရံ၊ သာမဏေကို။ အာဒါယ၊ ခေါ်၍။ ဂန္တွာ၊ သွား၍။ စောရာနံ၊ ခိုးသူတို့အား။ နိယျာဒိံသု၊ ဆောက်နှင်းပေးအပ်ကုန်၏။ ဣတိ၊ ဤသို့။ ထေရော၊ မထေရ်သည်။ နော၊ ငါတို့အား။ ဂရဟိဿတိ၊ ကဲ့ရဲ့လတ္တံ့။ တံနိန္ဒံ၊ ထိုကဲ့ရဲ့ခြင်းကို။ နိတ္ထရိတုံ၊ ထုတ်ဆောင်ခြင်းငှါ။ နာသက္ခိဿာမ၊ မတတ်နိုင်ကုန်။ တေန၊ ထို့ကြောင့်။ တံ၊ သင့်ကို။ နဝိဿဇ္ဇိဿာမ၊ ငါတို့ မလွှတ်ဝံ့ကုန်။ ဣတိ၊ ဤသို့ ဆိုကုန်၏။

ဘန္တေ၊ အရှင်ဘုရားတို့။ သမ္မာသမ္ဗုဒ္ဓေါ၊ ဘုရားသဗ္ဗညုသည်။ တုမှေ၊ အရှင်ဘုရားတို့ကို။ မမ ဥပဇ္ဈာယဿ၊ အကျွန်ုပ်ဥပဇ္ဈာယ်၏။ သန္တိကံ၊ အထံသို့။ ပဟိဏန္တောပိ၊ စေလွှတ်သော်လည်း။ မမ ဥပဇ္ဈာယော၊ အကျွန်ုပ် ဥပဇ္ဈာယ်သည်။ မံ၊ အကျွန်ုပ်ကို။ တုမှေဟိ၊ အရှင်ဘုရားတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပဟိဏန္တောပိ၊ စေလွှတ်ခြင်းသည်လည်း။ ဣဒမေဝ ကာရဏံ၊ ဤအကြောင်းကိုလျှင်။ ဒိသွာ၊ မြင်၍။ ပဟိဏိ၊ စေလွှတ်တော်မူ၏။ တုမှေ၊ အရှင်ဘုရားတို့သည်။ တိဋ္ဌထ၊ နေတော်မူကုန်လော့။ အဟမေဝ၊ အကျွန်ုပ်သာလျှင်။ ဂမိဿာမိ၊ လိုက်သွားအံ့။ ဣတိ၊ ဤသို့ ဆို၏။ သော၊ ထိုသံကိစ္စသာမဏေသည်။ တိံသ ဘိက္ခူ၊ သုံးကျိပ်သော ရဟန်းတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဘန္တေ၊ အရှင်ဘုရားတို့။ မေ၊ အကျွန်ုပ်၏။ ဒေါသော၊

ပြစ်မှားခြင်းသည်။ သစေအတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ ခမထ၊ သည်းခံပါကုန်လော့။ ဣတိဝတွာ၊ ဤသို့ ဆို၍။ နိက္ခမိ၊ ထွက်၏။ တဒါ၊ ထိုအခါ၌။ ဘိက္ခူနံ၊ ရဟန်းတို့အား။ မဟာသံဝေဂေါ၊ ကြီးစွာသော ထိတ်လန့်ခြင်းသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ အက္ခီနိ၊ မျက်စိတို့သည်။ အဿုပုဏ္ဏာနိ၊ မျက်ရည်တို့ဖြင့် ပြည့်ကုန်၏။ ဟဒယ မံသံ၊ နှလုံးခွဲသားသည်။ ပဝေမိ၊ တုန်လှုပ်၏။ မဟာထေရော၊ မထေရ်ကြီးသည်။ စောရေ၊ ခိုးသူတို့ကို။ အာဟ၊ ဆို၏။ ဥပါသကာ၊ ဒါယကာတို့။ အယံ ဒဟရကော၊ ဤ သူငယ်သည်။ တုမှေ၊ သင်တို့သည်။ အဂ္ဂိံ၊ မီးကို။ ကရောန္တေ၊ ထည့်ကုန်သည်တို့ကို။ သူလာနိ၊ တံစူးတို့ကို။ တစ္ဆန္တေ၊ ချွန်ကုန်သည်တို့ကို။ ပဏ္ဏာနိ၊ သစ်ရွက်တို့ကို။ အတ္ထရန္တေ၊ ခင်းသည်တို့ကို။ ဒိသွာ၊ မြင်၍။ ဘယိဿတိ၊ ကြောက်လတ္တံ့။ ဣမံ၊ ဤသူငယ်ကို။ ဧကမန္တေ၊ တင့်အပ်သောအရပ်၌။ ဌပေတွာ၊ ထား၍။ တာနိ ကိစ္စာနိ၊ ထို ကိစ္စတို့ကို။ ကရေယျာထ၊ ပြုလေကုန်လော့။ ဣတိ၊ ဤသို့ဆို၏။ စောရာ၊ ခိုးသူတို့သည်။ သာမဏေရံ၊ သာမဏေကို။ အာဒါယ၊ ခေါ်၍။ ဂန္တွာ၊ သွား၍။ ဧကမန္တေ၊ တင့်အပ်သောအရပ်၌။ ဌပေတွာ၊ ထား၍။ သဗ္ဗကိစ္စာနိ၊ ခပ်သိမ်းသောကိစ္စတို့ကို။ ကရိံသု၊ ပြုကုန်၏။

ကိစ္စပရိယောသာနေ၊ ပြုဘွယ်ကိစ္စ ပြီးသောအခါ၌။ စောရဇေဋ္ဌကော၊ ခိုးသူကြီးသည်။ အသိံ သန်လျက်ခါးကို။ အဗ္ဗာဟိတွာ၊ အိမ်မှနှုတ်၍။ သာမဏေရံ၊ သာမဏေသို့။ ဥပသင်္ကမိ၊ ကပ်၏။ သာမဏေရော၊ သာမဏေသည်။ နိသီဒမာနော၊ ထိုင်လျက်။ ဈာနံ၊ ဈာန်ကို။ သမာပဇ္ဇိတွာဝ၊ ဝင်စား၍သာလျှင်။ နိသီဒိ၊ နေ၏။ စောရဇေဋ္ဌကော၊ ခိုးသူကြီးသည်။ အသိံ၊ သန်လျက်ကို။ ပရိဝတ္တိတွာ၊ ဝင့်၍။ သာမဏေရဿ၊ သာမဏေ၏။ ခန္ဓေ၊ ပခုံး၌။ ပါတေသိ၊ ချ၏။ အသိ၊ သန်လျက်သည်။ နမိတွာ၊ ညွတ်၍။ ဓာရာယ၊ အသွားဖြင့်။ ဓာရံ၊ အသွားကို။ ပဟရိ၊ ခတ်မိ၏။ သော၊ ထိုခိုးသူကြီးသည်။ သမ္မာ၊ ကောင်းစွာ။ န ပဟရိံ၊ မခုတ်မိပြီ။ ဣတိ၊ ဤသို့။ မညမာနော၊ အောက်မေ့လျက်။ ပုန၊ တဖန်။ တံ၊ ထိုသန်လျက်ကို။ ဥဇုံကတွာ၊ ဖြောင့်မတ်စွာပြု၍။ ပဟရိ၊ ခုတ်၏။ အသိ၊ သန်လျက်သည်။ တာလပဏ္ဏံဝိယ၊ ထန်းရွက်ကဲ့သို့။ ဝေဌယမာနော၊ ကွေးလျက်။ ထရုမူလံ၊ အရိုးရင်းသို့။ အဂမာသိ၊ ရောက်လာ၏။ ဟိ၊ ထိုစကားသင့်စွ။ သာမဏေရံ၊ သာမဏေကို။ တသ္မိံ ကာလေ၊ ထိုအခါ၌။

သိနေရုနှာ၊ မြင့်မိုရ်တောင်ဖြင့်။ အဝတ္ထရန္တော ပိ၊ ဘိသော်လည်း။ မာရေတုံ၊ သေစေခြင်းငှါ။ သမတ္ထော နာမ၊ စွမ်းနိုင်သောသူ မည်သည်။ နတ္ထိ၊ မရှိ။ အသိနာ၊ သန်လျက်ဖြင့်။ ပဂေဝ၊ အဘယ်မှာ သေနိုင်အံ့နည်း။

တံပါဠိဟာရိယံ၊ ထိုတန်းခိုးပြာဋိဟာကို။ ဒိသွာ၊ မြင်၍။ စောရဇေဋ္ဌကော၊ ခိုးသူကြီးသည်။ စိန္တေသိ၊ ကြံ၏။ ပုဗ္ဗေ၊ ရှေး၌။ မေ၊ ငါ၏။ အသိ၊ သန်လျက်သည်။ သိလာထမ္ဘံဝါ၊ ကျောက်သည်တိုင်ကို လည်းကောင်း။ ခဒိရခါဏုံဝါ၊ ရှားနှစ်ငုတ်ကို လည်းကောင်း။ ကဠီရံဝိယ၊ ကြာစွယ်ကြာရင်းကို ကဲ့သို့။ ဆိန္ဒတိ၊ ပြတ်၏။ ဣဒါနိ၊ ယခုအခါ၌။ ကေဝါရံ၊ တကြိမ်။ နမိ၊ ညွတ်၏။ ဧကဝါရံ၊ တကြိမ်။ တာလပတ္တဝေဌကောဝိယ၊ ထန်းရွက်ကွေးသကဲ့သို့။ ဇာတော၊ ဖြစ်၏။ အယံ၊ ဤ သန်လျက်သည်။ အစေတနော၊ စိတ်မရှိသည်။ ဟုတွာပိ နာမ၊ ဖြစ်လျက်လည်း။ ဣမဿ၊ ဤသာမဏေ၏။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ဇာနာတိ၊ သိ၏။ အဟံ၊ ငါသည်။ သစေတနောပိ၊ စိတ်ရှိပါလျက်လည်း။ န ဇာနာမိ၊ သာမဏေ၏ဂုဏ်ကျေးဇူးကို မသိခဲ့တကား။ ဣတိ၊ ဤသို့ နောင်တပူပန်လျက်။ သော၊ ထိုခိုးသူကြီးသည်။ အသိံ၊ သန်လျက်ကို။ ဘူမိယံ၊ ၌။ ခိပိတွာ၊ ပစ်၍။ တဿ၊ ထိုသာမဏေ၏။ ပါဒမူလေ၊ ခြေရင်း၌၊ ဥရေန၊ ရင်ဖြင့်။ နိပ္ပဇ္ဇိတွာ၊ ဝပ်၍။ ဘန္တေ၊ အရှင်ဘုရား။ မယံ၊ အကျွန်ုပ်တို့သည်။ ဓနကာရဏာ၊ ဥစ္စာဟူသော အကြောင်းကြောင့်။ အဋဝိံ၊ တောအုပ်သို့။ ပဝိဋ္ဌာ၊ ဝင်ကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။ အမှေ၊ ငါတို့ကို။ ဒူရတောဝ၊ အဝေးမှလျှင်။ ဒိသွာ၊ မြင်၍။ သဟဿမတ္တာပိ၊ တထောင်မျှလည်း ဖြစ်ကုန်သော၊ မနုဿာ၊ လူတို့သည်။ ပဝေဓန္တိ၊ တုန်လှုပ်ကုန်၏။ ဒွေတိဿော၊ နှစ်ယောက် သုံးယောက်သော သူတို့သည်။ ကထံ၊ စကားကို။ ကထေတုံ၊ အကြောင်းနှင့်လျော်စွာပြန်လှန်၍ပြောဆိုခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ တဝပန၊ အရှင်ဘုရား၏ကား။ သန္တာသမတ္တံပိ၊ ထိတ်လန့်ခြင်းမျှသည်လည်း။ နတ္ထိ၊ မရှိ။ ဥက္ကာမုခေ၊ ဖိုဝမှ ထုတ်ခါစဖြစ်သော။ သုဝဏ္ဏံဝိယ၊ ရွှေကဲ့သို့ရင်း။ သုပုပ္ဖိတ ကဏိကာရံဝိယ၊ ပွင့်သစ်စဖြစ်သော မဟာလှေကားပန်းကဲ့သို့ရင်း။ တေ၊ အရှင်ဘုရား၏။ မုခံ၊ မျက်နှာသည်။ ဝိရောစတိ၊ တင့်တယ်၏။ ကာရဏံ၊ အကြောင်းကား။ ကိံ နုခေါ၊ အဘယ်နည်း။ ဣတိပုစ္ဆန္တော၊ ဤသို့ မေးလိုသည်ဖြစ်၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ ဆို၏။

တေ၊ အရှင်ဘုရားအား။ တာသော၊ ထိတ်လန့်ခြင်း သည်လည်းကောင်း။ ဘယံ၊ ကြောက်ခြင်းသည်လည်းကောင်း။နတ္ထိ၊ မရှိ။ဘိယျော၊ လွန်စွာ။ ဝဏ္ဏော၊ အဆင်းသည်။ ပသီဒတိ၊ ကြည်ညိုဘွယ်ရှိ၏။ ဧဝံရူပေ၊ ဤသို့သဘောရှိသော။ မဟဗ္ဘယေ၊ အားကြီးသော ဘေးရှိလျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ နပရိဒေဝေသိ၊ မငိုကြွေးသနည်း။ ဣတိ၊ ဤသို့မေး၏။

သာမဏေရော၊ သာမဏေသည်။ ဈာနာ၊ ဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ တဿ၊ ထိုခိုးသူအား။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ အာဝုသော ဂါမဏိ၊ ငါ့ရှင်ခိုးမှူးကြီး။ ခီဏာသဝဿ၊ ရဟန္တာပုဂ္ဂိုလ်၏။ အတ္တဘာဝေါနာ၊ အတ္တဘော မည်သည်ကား။ ကိံ ဝိယ၊ ဥပမာ အဘယ် ကဲ့သို့နည်း ဟူမူကား။ ယဿ၊ အကြင်သူအား။ သီသေ၊ ဦးခေါင်း၌။ ဌပိတဘာရော၊ ထားအပ်သောဝန်သည်။ အတ္ထိ၊ ရှိ၏။ သော၊ထိုသူသည်။ တသ္မိံ၊ ထို ဦးခေါင်းဝန်သည်။ ဘိဇ္ဇန္တေဝါ၊ ကွဲသော်လည်းကောင်း။ နဿန္တေဝါ၊ ပျက်စီးသော်လည်းကောင်း။ တုဿတေဝ၊ နှစ်သက်သည် သာလျှင်တည်း။ န ဘာယတိဝိယ၊ မကြောက် သကဲ့သို့။ ဟောတိ၊ ဖြစ်၏။ တထာ၊ တူ။ သော၊ ထိုရဟန္တာသည်။ တသ္မိံ၊ ထိုအတ္တဘောဝန်သည်။ ဘိဇ္ဇန္တေဝါ၊ သော်ငြင်း။ နဿန္တေဝါ၊ သော်ငြင်း။ တုဿတေဝ၊ လျှင် တည်း။ န ဘာယတိ၊ မကြောက်။ ကသ္မာ၊ အဘယ်ကြောင့် နည်းဟူမူကား။ ယသ္မာ၊ အကြင်ကြောင့်။ ဝေါရောပေတုကာမော၊ ချခြင်းငှါ အလိုရှိ၏။ တသ္မာ၊ ထို့ကြောင့်။ န ဘာယတိ၊ မကြောက်။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဣမာဂါထာ၊ တို့ကို။ အဘာသိ၊ ဆိုပြီ။

ဂါမဏိ၊ ခိုးမှူးကြီး။ အနပေက္ခဿ၊ ကိုယ်အသက်ကို ငဲ့ကွက်ခြင်းမရှိ သောသူအား။ စေတသိကံ၊ စိတ်ကိုမှီ၍ဖြစ်သော။ ဒုက္ခံ၊ ဆင်းရဲသည်။ နတ္ထိ၊ မရှိ။ ခီဏသံယောဇနော၊ ကုန်ပြီးသော သံယောဇဉ်ရှိသော။ ဣသိ၊ ရဟန္တာသည်။ သဗ္ဗံဘယံ၊ အလုံးစုံသော ကြောက်ခြင်းကို။ အတိက္ကန္တော· လွန်ပြီ။

ယထာ ယေန ကာရဏေန၊ ကြောင့်။ ဒိဋ္ဌဓမ္မေ၊ မျက်မှောက်သော ကိုယ်၏အဖြစ်၌။ ခီဏာယ ဘဝနေတ္တိယာ၊ ကုန်ပြီးသော ဘဝတဏှာ တည်း ဟူသော ကြိုးသည်။ အတ္ထိ၊ ရှိ၏။ တထာ တေန ကာရဏေန၊ ထိုသို့ သော အကြောင်းကြောင့်။ မရဏံ၊ ကို။ နိဘယံ၊ မကြောက်သည်။

ဟောတိ၊ ၏။ ကိံဝိယ၊ ဥပမာအဘယ်ကဲ့သို့ နည်းဟူမူကား။ ဘာရ- ဝေါရောပနံယထာ၊ ဝန်ကိုချခြင်းငှါ အလိုရှိသောသူ ကဲ့သို့တည်း။ ဣတိ၊ ဤသို့။ အဘာသိ၊ ဆိုပြီ။

သော၊ ထိုခိုးမှူးကြီးသည်။ တဿ၊ ထိုသာမဏေ၏။ ကထံ၊ ကို။ သုတွာ၊ ၍။ ပဉ္စသောရ သတာနိ၊ တို့ကို။ ဩလောကေတွာ၊ ကြည့်၍။ အာဟ၊ ဆို၏။ တုမှေ၊ သင်တို့သည်။ ကိံကရိဿထ၊ အဘယ်သို့ ပြုကုန် အံ့နည်း။ ဣတိ၊ ဤသို့ ဆို၏။ သာမိ၊ အရှင်။ တုမှေပန၊ သခင်တို့သည် ကား။ ကိံကရိဿထ၊ အဘယ်သို့ ပြုကုန်အံ့နည်း။ ဣတိ၊ ဤသို့မေးကုန် ၏။ ဘော၊ အချင်းတို့။ မမ၊ ငါ့အား။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ပါဋိဟာရိယံ၊ တန်းခိုးပြာဋိဟာကို။ တာဝ၊ ရှေးဦးစွာ။ ဒိသွာ၊ မြင်၍။ အဂါရမဇ္ဈေ၊ အိမ်ရာထောင်သော လူ၏ဘောင်၌။ ကမ္မံ၊ ပျော်ပါးလိုသော အမှုသည်။ နတ္ထိ၊ မရှိ။ အယျဿ၊ အရှင်ဘုရား၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိဿာမိ၊ ရဟန်းပြုအံ့။ ဣတိ၊ ဤသို့ဆို၏။ မယံ၊ အကျွန်ုပ်တို့သည်။ တထေဝ၊ ထို့အတူသာလျှင်။ ကရိဿာမ၊ ပြုကုန်အံ့။ ဣတိ၊ ဤသို့ဆိုလတ် သော်။ တာတာ၊ အမောင်တို့။ သာဓု၊ ကောင်းပြီ။ ဣတိ၊ ဤသို့ ဆိုလျက်။ တတော၊ ထို့နောင်မှ။ ပဉ္စသတာပိ၊ ငါးရာလည်းဖြစ်ကုန် သော။ စောရာ၊ ခိုးသူတို့သည်။ သာမဏေရံ၊ သာမဏေသို့။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိံသု၊ တောင်းပန်ကုန်၏။ သော၊ ထိုသာမဏေသည်။ တေသံ၊ ထိုခိုးသူတို့၏။ အသိဓာရာဟိဝေ၊ သန်လျက် သွားတို့ဖြင့်သာလျှင်။ ကေသေစေဝ၊ ဆံတို့ကို လည်းကောင်း။ ဝတ္ထ- ဒသာစ၊ ပုဆိုးမြိတ်တို့ကို လည်းကောင်း။ ဆိန္ဒိတွာ၊ ဖြတ်၍။ တမ္ဗ မတ္တိ- ကာယ၊ မြေနီဖြင့်။ ရဇိတွာ၊ ဆိုး၍။ တာနိ ကာသာယာနိ၊ ထိုသင်္ကန်း တို့ကို။ အစ္ဆာဒါပေတွာ၊ ဝတ်စေ၍။ ဒသသု သီလေသု၊ ဆယ်ပါးသော သီလတို့၌။ ပတိဋ္ဌာပေတွာ၊ တည်စေ၍။ တေ၊ ထိုရဟန်းသစ်တို့ကို။ အာဒါယ၊ ခေါ်ခဲ့၍။ ဂစ္ဆန္တော၊ သွားစဉ်။ စိန္တေသိ၊ ကြံ၏။ အဟံ၊ ငါသည်။ တေ ထေရေ၊ ထိုမထေရ်တို့ကို။ အဒိသွာဝ၊ မဖူးမြင်၍သာလျှင်။ သစေဂမိဿာမိ၊ အကယ်၍သွားချေသည်ဖြစ်အံ့။ တေ၊ ထိုရဟန်းတို့သည်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကာတုံ၊ ပြုခြင်းငှါ။ နသက္ခိဿန္တိ၊ မဘတ် နိုင်ကုန်လတ္တံ့။ ဟိ၊ ထိုစကားသင့်စွ။ စောရာ၊ ခိုးသူဘိုသည်။ မံ၊ ငါ့ကို။ ဂဟေတွာ၊ ယူ၍။ နိက္ခန္တကာလတော၊ ထွက်သွားသောအခါမှ။ ပဋ္ဌာယ၊

အစပြု၍။ တေသု၊ ထိုရဟန်းတို့တွင်။ ကောပိ၊ တယောက်သော ရဟန်းသည်မျှလည်း။ အဿုနိ၊ မျက်ရည်တို့ကို။ သန္ဓာရေတုံ၊ တည်တန့်စွာ ခိုင်စေခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ သာမဏေရော၊ သာမဏေသည်။ မာရိတောနုခေါ၊ သေလေသလော။ နောနုခေါ၊ ရှင်ပါလေအံ့လော။ ဣတိ၊ ဤသို့။ စိန္တေန္တာနံ၊ ကြံစည်ကုန်သော ရဟန်းတို့အား။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသို့။ အဘိမုခံ၊ ရှေးရှု။ နာဘိဝိဿတိ၊ မဖြစ်လတ္တံ့။ တသ္မာ၊ ထို့ကြောင့်။ နေ၊ ထိုရဟန်းတို့ကို။ ဒိသွာဝ၊ ဖူးမြင်၍သာလျှင်။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့ကြံ၏။

သော၊ ထိုသာမဏေသည်။ ပဉ္စသတဘိက္ခုပရိဝါရော၊ ရဟန်းငါးရာခြံရံလျက်။ တတ္ထ၊ ထိုအရပ်သို့။ ဂန္တွာ၊ ၍။ အတ္တနော၊ မိမိကိုယ်ကို။ ဒဿနေန၊ မြင်သဖြင့်။ ပဋိလဒ္ဓ အဿာသေဟိ၊ ရအပ်သော နှစ်သိမ့်ခြင်းရှိကုန်သော။ တေဟိ၊ ထိုမထေရ်တို့သည်။ သပ္ပုရိသ၊ သူတော်ကောင်းဖြစ်သော။ သံကိစ္စ၊ သံကိစ္စသာမဏ။ တေ၊ သင်အား။ ဇီဝိတံ၊ အသက်ရှည်ခြင်းကို။ လဒ္ဓံကိံ၊ ရပါ၏လော။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ ဘန္တေ၊ အရှင်ဘုရားတို့။ အာမ၊ အရှင်ဘုရားတို့ မေတ္တာအားဖြင့် အသက်မသေ ချမ်းသာပေ၏။ ဣမေ၊ ဤသူတို့သည်။ မံ၊ ငါ့ကို။ မာရေတုကာမော၊ သတ်လိုကုန်သည်။ ဟုတွာ၊ ၍။ မာရေတုံ၊ သတ်ခြင်းငှါ။ အသက္ကောန္တာ၊ မတတ်နိုင်ကုန်သည်ဖြစ်၍။ မမ ဂုဏေ၊ အကျွန်ုပ် ဂုဏ်ကျေးဇူး၌။ ပသီဒိတွာ၊ ကြည်ညို၍။ ဓမ္မံသုတွာ၊ တရားနာ၍။ ပဗ္ဗဇိတာ၊ ရဟန်းပြုကုန်၏။ အဟံ၊ အကျွန်ုပ်သည်။ တုမှေ၊ အရှင်ဘုရားတို့ကို။ ဒိသွာဝ၊ ဖူးမြင်၍သာလျှင်။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ အာဂတော၊ ရောက်လာပါ၏။ အပ္ပမတ္တာ၊ မမေ့မလျော့။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောထ၊ အားထုတ်၍ ပြုကြပါကုန်လော့။ အဟံ၊ အကျွန်ုပ်သည်။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂမိဿာမိ၊ ပြန်သွားပါအံ့။ ဣတိ၊ ဤသို့ လျှောက်ပြီးသော်။ တေဘိက္ခူ၊ ထိုရဟန်းတို့ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဣတရေ၊ အသစ်ရဟန်းခိုးသူတို့ကို။ အာဒါယ၊ ခေါ်၍။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်၏။ သန္တိကံ၊ အထံသို့။ ဂန္တွာ၊ ၍။ သံကိစ္စ၊ သံကိစ္စသာမဏေ။ တေ၊ သင်သည်။ အန္တေဝါသိကာ၊ တပည့်တို့ကို။ လဒ္ဓါကိံ၊ ရအပ်သလော။ ဣတိဝုတ္တေ၊ ဤသို့မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဩော်

ရခဲ့သည်မှန်ပေ၏ ဘုရား။ ဣတိ၊ ဤသို့။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြားလျှောက်၏။

ထေရေန၊ ဆရာသာရိပုတ္တရာ မထေရ်သည်။ သံကိစ္စ၊ သံကိစ္စသာမဏေ။ ဂစ္ဆ၊ သွားချေ။ သတ္ထာရံ၊ ဘုရားကို။ ပဿာဟိ၊ ဖူးမြင်လေလော့။ ဣတိဝုတ္တော၊ ဤသို့ဆိုလတ်သော်။ သာဓုတိ၊ ကောင်းပါပြီဟု။ ထေရံ၊ မထေရ်ကို။ ဝန္ဒိတွာ၊ ရှိခိုး၍။ တေ၊ ထိုရဟန်းတို့ကို။ အာဒါယ၊ ခေါ်၍။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ သတ္ထာရာပိ၊ ဘုရားသဗ္ဗညုသည်လည်း။ သံကိစ္စ၊ သံကိစ္စသာမဏေ။ အဒ္ဒေ္တဝါသိကာ၊ အန္တေဝါသိက တပည့်တို့ကို။ တေ၊ သင်သည်။ လဒ္ဓါကိံ၊ ရခဲ့သလော။ ဣတိဝုတ္တော၊ ဤသို့မိန့်လတ်သော်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ ဩဘ်ဘုန်းတော်ကို အမှီပြု၍ ရခဲ့သည်မှန်ပေ၏ဘုရား။ ဣတိ၊ ဤသို့။ တံပဝတ္တိံ၊ ထိုအကြောင်းကို။အာရောစေသိ၊ ကြားလျှောက်၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံကိရ၊ ဤသို့ဖြစ်၏ ဟူသည်မှန်သလော။ ဣတိပုစ္ဆိတွာ၊ ဤသို့အမိန့်ရှိခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မှန်ပေ၏ဘုရား။ ဣတိဝုတ္တော၊ ဤသို့လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှာကံ၊ သင်တို့အား။ စောရကမ္မံ၊ ခိုးမှုကို။ ကတွာ၊ ပြု၍။ ဒုဿီလေ၊ သီလမရှိသောအရာ၌။ ပတိဋ္ဌာယ၊ တည်၍။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝနတော၊ အသက်ရှည်ခြင်းထက်။ ဣဒါနိ၊ ယခုအခါ၌။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ ဧကဒိဝသံပိ၊ တရက်မျှလည်း။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ ဒေ သေန္တော၊ တရားဟောလိုသောဘုရား သဗ္ဗညုသည်။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၁၀။ ဒုဿီလော၊ သီလမရှိသော။ အသမာဟိတော၊ တည်ကြည်ခြင်း မရှိသော။ ယောစ၊ အကြင်သူသည်လည်း။ ဝဿသံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝေ၊ အသက်ရှည်သည်ဖြစ်ငြားအံ့။ နသေယျော၊ မမြတ်၊ သီလဝန္တဿ၊ သီလရှိသော။ ဈာယိနော၊ နှစ်ပါးသော ဈာန်ကို ပေးသော လေ့ရှိသောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

တတ္ထ၊ ထိုဂါထာ၌။ ဒုဿီလောတိ၊ ဒုဿီလော-ဟူသည်ကား။ နိဿီ-လော၊ သီလမရှိသူတည်း။ သီလဝန္တဿာတိ၊ ဟူသည်ကား။ ဒုဿီလဿ၊ သီလမရှိသောသူ၏။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝနတော၊ အသက်ရှည်ခြင်းထက်။ သီလဝန္တဿ၊ သီလရှိသောသူ၏။ ဒွိဟိ ဈာနေဟိ၊ နှစ်ပါးသောဈာန်တို့ဖြင့်။ ဈာယိနော၊ ဈာန်ရှိသောသူ၏။ ဧကဒိဝသံပိ၊ တရက်မျှလည်း။ ဧကမုဟုတ္တမ္ပိ၊ တမုဟုတ်မျှလည်း။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။ ဥတ္တမံ၊ မြတ်၏။ ဣတိအတ္ထော၊ ဤကား အနက်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ပဉ္စသတာပိ၊ ငါးရာလည်းဖြစ်ကုန်သော။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ သမ္ပတ္တမဟာဇနဿာပိ၊ ရောက်လာသော လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ ဓမ္မဒေသနာသည်။ အဟော-သိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အပရေန သမယေန၊ တပါးသောအခါ၌။ သံကိစ္စော၊ သံကိစ္စသာ-မဏေသည်။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ လဘိတွာ၊ ရ၍။ ဒသဝဿော-ဟုတွာ၊ ဆယ်ဝါရှိသည်ဖြစ်၍။ သာမဏေရံ၊ သာမဏေကို။ ဂဏှိ၊ လက်ခံ၏။ သောပန၊ ထိုသာမဏေသည်ကား။ တဿေဝ၊ ထိုသံကိစ္စ၏သာလျှင်။ ဘာဂိနေယျော၊ တူတည်း။ အဓိမုတ္တသာမဏေရောနာမ၊ အဓိမုတ္တသာမဏေမည်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုသာမဏေကို။ ထေရော၊ မထေရ်သည်။ ပရိပုဏ္ဏ ဝဿကာလေ၊ အသက်နှစ်ဆယ် ပြည့်သောအခါ၌။ အာမန္တေတွာ၊ ခေါ်၍။ တေ၊ သင့်အား။ ဥပသမ္ပဒံ၊ ပဉ္စင်းအဖြစ်ကို။ ကရိဿာမိ၊ ပြုအံ့၊ ဂစ္ဆ၊ သွားချေ။ ဉာတကာနံ၊ ဆွေမျိုးတို့၏။ သန္တိ-ကေ၊ အထံ၌။ ဝဿပရိမာဏံ၊ အသက်အပိုင်းအခြား၏ နှိုင်းရှည့်ခြင်းကို။ ပုစ္ဆိတွာ၊ မေး၍။ ဧဟိ၊ လာခဲ့လော့ဟု။ ဥယျောဇေတိ၊ လွှတ်လိုက်၏။ သော၊ ထိုသာမဏေသည်။ မာတာပိတူနံ၊ မိဘတို့၏။ သန္တိကံ၊ အထံသို့။ ဂစ္ဆန္တော၊ သွားလေသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ပဉ္စသတေဟိ စောရေဟိ၊ ငါးရာသော ခိုးသူတို့သည်။ ဗလိကမ္မတ္ထာယ၊ ပလိနတ်စာ အကျိုးငှာ။ ဟရိယမာနော၊ ဆောင်သည်ရှိသော်။ တေသံ၊ ထိုခိုးသူတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေတွာ၊ ဟော၍။ ပသန္နစိတ္တေဟိ၊

ကြည်ညိုစွာ စိတ်ရှိကုန်သော။ တေဟိ၊ ထိုခိုးသူတို့သည်။ ဣမဿိံ ဌာနေ၊ ဤအရပ်၌။ အမှာကံ၊ ငါတို့၏။ အတ္ထိဘာဝေ၊ ရှိသည်၏ အဖြစ်ကို။ ကဿစိ၊ တစုံတယောက်သောသူအား။ သော၊ သင်သည်။ န အာရောစေတဗ္ဗော၊ မကြားထိုက်။ ဣတိ၊ ဤသို့ဆို၍။ ဝိဿဇ္ဇော၊ လွှတ်လိုက်သည်ရှိသော်။ ပဋိပထေ၊ ခရီးရင်ဆိုင်။ အာဂစ္ဆန္တေ၊ လာကုန်သော။ မာတာပိတရော၊ မိဘတို့ကို။ ဒိသွာ၊ မြင်၍။ တမေဝမဂ္ဂံ၊ ထိုခရီးကိုလျှင်။ ပဋိပဇ္ဇန္တာနံ၊ သွားကုန်သော။ တေသံပိ၊ ထိုသူတို့အားလည်း။ သစ္စံ၊ သစ္စာကို။ အနုရက္ခန္တော၊ စောင့်ရှောက်လိုသည်ဖြစ်၍။ တေသံ၊ ထိုမိဘတို့အား။ နာရောစေသိ၊ မကြား။

တေသံ၊ ထိုမိဘတို့ကို။ စောရေဟိ၊ ခိုးသူတို့သည်။ ဝိဟေဋ္ဌိယမာနာနံ၊ ညှဥ်းပန်းကုန်သည်ရှိသော်။ တွံပိ၊ သင်သည်လည်း။ စောရေဟိ၊ ခိုးသူတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဧကတော၊ တူသောစိတ်သည်။ ဟုတွာမညေ၊ ဖြစ်ယောင်တကား။ အမှာကံ၊ တို့အား။ နာရောစေသိ၊ မကြား။ ဣတိ၊ ဤသို့။ ပရိဒေဝန္တာနံ၊ ငိုကြွေးကုန်သော မိဘတို့၏။ သဒ္ဒံ၊ အသံကို။ သုတွာ၊ ကြား၍။ တေန၊ ထိုသာမဏေသည်။ တေသံ မာတာပိတူနံ၊ ထိုမိဘတို့အားလည်း။ အနာရောစိတဘာဝံ၊ မကြားသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ ပသန္နစိတ္တာ၊ ကြည်ညိုသောစိတ် ရှိကုန်သည်ဖြစ်၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိံသု၊ တောင်းပန်ကုန်၏။ သောပိ၊ ထို အဓိမုတ္တ သာမဏေသည်လည်း။ သံကိစ္စ သာမဏေရောဝိယ၊ သံကိစ္စ သာမဏေကဲ့သို့။ တေသဗ္ဗေ၊ ထို အလုံးစုံသော ခိုးသူတို့ကို။ ပဗ္ဗာဇေတွာ၊ ရဟန်းပြုစေ၍။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်၏။ သန္တိကံ၊ အထံသို့။ အာနေတွာ၊ ဆောင်၍။ တေန၊ ထို ဥပဇ္ဈာယ် ဆရာသည်။ သတ္ထု၊ သန္တိကံ၊ ဘုရားအထံသို့။ ပေသိတာ၊ စေလွှတ်ခြင်းကြောင့်။ ဂန္တွာ၊ သွား၍။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောစေသိ၊ ကြားပေ၏။ သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ ကိရ၊ ဤသို့ သာမဏေဆိုတိုင်း မှန်လေသလော။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မိန့်ခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ မှန်ပေသည်ဘုရား။ ဣတိ-ဝုတ္တေ၊ ဤသို့ လျှောက်လတ်သော်။ ပုရိမ နယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ။ စပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုရကား။ ဣမမေဝ ဂါထံ၊ ဤဂါထာကိုလျှင်။ အာဟ၊ မိန့်တော်မူ၏။

ယောစ ဝဿသတံ ဇီဝေ၊ ဒုဿီလော အသမာဟိတော။
ဧကာဟံ ဇီဝိတံ သေယျော၊ သီလဝန္တဿ ဈာယိနောတိ။

(ဂါထာအနက် ရှေးနှင့် တူ၏။)

ဣဒမ္ပိ အဓိမုတ္တ သာမဏေရ ဝတ္ထု၊ သည်လည်း။ ဝုတ္တနယမေဝ၊ ဆိုအပ်ပြီးသော နည်းရှိသည်သာလျှင်တည်း။

နဝမံ၊ သော။ သံကိစ္စ သာမဏေရ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

ဂ-သဟဿဝဂ္ဂ၊ ၁၀-ခါဏုကောဏ္ဍညတ္ထေရဝတ္ထု

အနုသန္ဓေ ...သံကိစ္စ သာမဏေရ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ ခါဏုကောဏ္ဍညတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကိုဖွင့်ခြင်းငှါ ယောစ ဿသတံ-စသည်ကို မိန့်အပ်၏။

ယောစ ဝဿသတန္တိ ဣမံ ဓမ္မဒေသနံ၊ သတံ-စသော ဤတရားဟော-ခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊နေစဉ်။ခါဏုကောဏ္ဍညတ္ထေရံ၊ ခါဏုကောဏ္ဍညထေရ်ကို။အာ-ရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

သော ထေရော၊ထိုခါဏုကောဏ္ဍည ထေရ်သည်။သတ္ထုသန္တိကေ၊ ဘုရားအထံ၌။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ဂဟေတွာ၊ ယူ၍။ အရညေ၊ တော၌။ ဝိဟရန္တော၊နေသည်ရှိသော်။အရဟတ္တံ၊ရဟန္တာအဖြစ်သို့။ ပတွာ၊ရောက်၍။ သတ္ထု၊ ဘုရားအား။ အာရောစေဿာမီတိ၊ ကြားအံ့ဟူ၍။ တတော၊ ထိုအရပ်မှ။ အာဂစ္ဆန္တော၊ လာခဲ့သည်ရှိသော်။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ကိလန္တော၊ ပင်ပန်းသည် ဖြစ်၍။ မဂ္ဂါ၊ ခရီးမှ။ ဩက္ကမ္မ၊ ဖဲ၍။ဧကသ္မိံ-ပိဋ္ဌိပါသာဏေ၊ တခုသော ကျောက်ဖျာအပြင်၌။ နိသိန္နော၊ နေလျက်။ ဈာနံ၊ ဈာန်ကို။ သမာပဇ္ဇိကိရ၊ ဝင်စားသတတ်။ အထ၊ ထိုအခါ၌။ ဧကံ-ဂါမံ၊ ရွာတခုကို။ ဝိလုမ္ပိတွာ၊ လုယက် ဖျက်ဆီး၍။ ပဥ္စသတာ စောရာ၊ ငါးရာသော ခိုးသူတို့သည်။ အတ္တနော၊ မိမိ၏။ ဗလာနုရူပေန၊ အားနှင့် လျော်စွာ။ ဘဏ္ဍိကံ၊ အထုပ်ကို။ ဗန္ဓိတွာ၊ ဖွဲ့၍။ သီသေန၊ ဦးခေါင်းဖြင့်။

အာဒါယ၊ ဆောင်၍။ ဂစ္ဆန္တာ၊ သွားကုန်သည်ရှိသော်။ ဒူရံ၊ အဝေးသို့။ ဂန္တွာ၊ ရောက်၍။ ကိလန္တရူပါ။ ပင်ပန်းသော သဘောရှိကုန်သည်ဖြစ်၍။ ဒူရံ၊ ဝေးသောအရပ်သို့။ အာဂတာ၊ လာကုန်သည်။ အမှာ၊ ဖြစ်ကုန်၏။ ဣမသ္မိံ ပိဋ္ဌိပါသာဏေ၊ ဤ ကျောက်ဖျာအပြင်၌။ ဝိဿမိဿာမ၊ အပင်အပန်းဖြေကုန်အံ့။ ဣတိ၊ ဤသို့၊ မဂ္ဂါ၊ ခရီးမှ။ ဩက္ကမ္မ၊ ဖဲ၍။ ပိဋ္ဌိပါသာဏဿ၊ ကျောက်ဖျာ၏။ သန္တိကံ၊ အနီးအပါးသို့။ ဂန္တွာ၊ သွား၍။ ထေရံ၊ မထေရ်ကို။ ဒိသွာပိ၊ မြင်၍လည်း။ အယံ၊ ဤသည်ကား။ ခါဏုကော၊ သစ်ငုတ်တည်း။ ဣတိသညိနော၊ ဤသို့ အမှတ်ရှိကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ အထ၊ ထိုအခါ၌။ ဧကော စောရော၊ ခိုးသူတယောက်သည်။ ထေရဿ၊ မထေရ်၏။ သီသေ၊ ဦးခေါင်း၌။ ဘဏ္ဍိကံ၊ ဥစ္စာထုပ်ကို။ ဌပေသိ၊ ထား၏။ အပရောပိ၊ ခိုးသူတယောက်သည်လည်း။ တံ၊ ထိုမထေရ်ဦးခေါင်းကို။ နိဿာယ၊ မှီ၍။ ဘဏ္ဍိကံ၊ ဥစ္စာထုပ်ကို။ ဌပေသိ၊ ထား၏။ ဧဝံ၊ ဤအတူ။ ပဉ္စသတာပိ စောရာ၊ ငါးရာသော ခိုးသူတို့သည်လည်း။ ပဉ္စဟိ ဘဏ္ဍိက သတေဟိ၊ ငါးရာသော ဥစ္စာထုပ်တို့ဖြင့်။ ထေရံ၊ မထေရ်ကို။ ပရိက္ခိပိတွာ၊ ခြံရံ၍ ဘိလျက်။ သယံပိ၊ မိမိတို့သည်လည်း။ နိသိန္နာ၊ ထိုင်ကုန်လျက်။ နိဒ္ဒါယိတွာ၊ အိပ်၍။ အရုဏုဂ္ဂမန ကာလေ၊ အရုဏ်တက်သောအခါ၌။ ပဗုဇ္ဈိတွာ၊ နိုး၍။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ ဘဏ္ဍိကံ၊ ဥစ္စာထုပ်ကို။ ဂဏှန္တာ၊ ယူကုန်သည်ရှိသော်။ ထေရံ၊ မထေရ်ကို။ ဒိသွာ၊ မြင်၍။ အမနုဿောတိ သညာယ၊ ဘီလူးဟူသောအမှတ်ဖြင့်။ ပလာယိတုံ၊ ပြေးခြင်းငှါ။ အာရဘိံသု၊ အားထုတ်ကုန်၏။

အထ၊ ထိုအခါ၌။ နေ၊ ထိုခိုးသူတို့ကို။ ထေရော၊ မထေရ်သည်။ အာဟ၊ မိန့်တော်မူ၏။ ဥပါသကာ၊ ဒါယကာတို့။ မာ ဘာဿိတ္ထ၊ မကြောက်လင့်ကုန်။ အဟံ၊ ငါသည်။ ပဗ္ဗဇိတော၊ ရဟန်းတည်း ဘီလူး မဟုတ်။ ဣတိ၊ ဤသို့မိန့်တော်မူ၏။ တေ၊ ထိုခိုးသူတို့သည်။ ထေရဿ၊ မထေရ်၏။ ပါဒမူလေ၊ ခြေရင်း၌။ နိပတိတွာ၊ ဝပ်၍။ ဘန္တေ၊ အရှင်ဘုရား။ ခမထ၊ သည်းခံပါကုန်လော့။ မယံ၊ အကျွန်ုပ်တို့သည်။ ခါဏုက သညိနော၊ သစ်ငုတ်အမှတ်ရှိကုန်သည်။ အဟုမှာ၊ ဖြစ်ခဲ့ကုန်၏။ ဣတိ၊ ဤသို့ အသနားခံလျက်။ ထေရံ၊ မထေရ်ကို။ ခမာပေတွာ၊ ပူဇော်ကန်တော့၍။ စောရဇေဋ္ဌကေန၊ ခိုးသူကြီးသည်။ အဟံ၊ ငါသည်။ အယျဿ၊

ရှင်ကောဏ္ဍည၏။ သန္တိကေ၊ အထံ၌။ ပဗ္ဗဇိဿာမိတိ၊ ရဟန်းပြုအံ့။ ဣတိ-ဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ သေသာ၊ ကြွင်းသောခိုးသူတို့သည်။ မယံပိ၊ ငါတို့သည်လည်း။ ပဗ္ဗဇိဿာမ၊ ရဟန်းပြုကုန်အံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ သဗ္ဗေပိ၊ ခပ်သိမ်းသော ခိုးသူတို့သည်လည်း။ ဧကစ္ဆန္ဒာ၊ တူသော အလိုရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ထေရံ၊ မထေရ်ကို။ ပဗ္ဗဇ္ဇံ၊ ရဟန်း အဖြစ်ကို။ ယာစိံသု၊ တောင်းပန်ကုန်၏။ ထေရော၊ မထေရ်သည်။ သံကိစ္စသာမဏေရောဝိယ၊ သံကိစ္စ သာမဏေကဲ့သို့။ တေသဗ္ဗေ၊ ထိုအလုံးစုံသော ခိုးသူတို့ကို။ ပဗ္ဗာဇေသိ၊ ရဟန်းပြုစေ၏။ တတောပဋ္ဌာယ၊ ထိုအခါမှစ၍။ ခါဏုကောဏ္ဍညော့တိ၊ခါဏုကောဏ္ဍညဟူ၍။ ပညာယိ၊ ကျော်စော ထင်ရှား၏။ သော၊ ထိုမထေရ်သည်။ တေဟိ ဘိက္ခူဟိ၊ ထိုရဟန်းတို့ နှင့်။ သဒ္ဓိံ၊ တကွ။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ ရောက်၍။ သတ္ထာ၊ ဘုရားသည်။ ကောဏ္ဍည၊ ချစ်သားကောဏ္ဍည။ အန္တေဝါသိ-ကာ၊ တပည့်တို့ကို။ တေ၊ သင်သည်။ လဒ္ဓါကိံ၊ ရခဲ့သလော။ ဣတိ-ဝုတ္တေ၊ ဤသို့ မိန့်လတ်သော်။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ အာရောပေသိ၊ လျှောက်ထား၏။

သတ္ထာ၊ ဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံကိရ၊ ဤသို့ သာမဏေ ဆိုတိုင်း မှန်သလော။ ဣတိ ပုစ္ဆိတွာ၊ ဤသို့ မေးတော်မူခြင်းကြောင့်။ ဘန္တေ၊ အရှင်ဘုရား။ အာမ၊ လျှောက်တိုင်း မှန်ပေသည်ဘုရား။ နော၊ အကျွန်ုပ်တို့သည်။ ဧဝရူပေ၊ ဤသို့သဘောရှိသော။ အညဿ၊ တပါးသူ၏။ အာနုဘာဝေ၊ အာနုဘော်ကို။ နဒိဋ္ဌပုဗ္ဗော၊ မမြင်စဘူး။ တေန၊ ထိုကြောင့်။ ပဗ္ဗဇိတာ၊ ရဟန်းပြုကုန်သည်။ အမှ၊ ဖြစ်ကုန်၏။ ဣတိ-ဝုတ္တေ၊ ဤသို့လျှောက်လတ်သော်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝရူပေ၊ ဤသို့ သဘောရှိသော။ ဒုပ္ပညကမ္မေ၊ ပညာနည်းသော သူတို့၏ အမှု၌။ ပတိဋ္ဌာယ၊ တည်၍။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝနတော၊ အသက် ရှည်ခြင်းထက်။ ဣဒါနိ၊ ယခုအခါ၌။ ဝေါ၊ သင်တို့အား။ ပညာသမ္ပဒါ-ယ၊ ပညာ၏ ပြည့်စုံခြင်းနှင့်။ ပဝတ္တမာနာနံ၊ ဖြစ်ကုန်သည် ရှိသော်။ ဧကာ-ဟံပိ၊ တရက်မျှလည်း။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။ ဣတိဝတွာ၊ ဤသို့မိန့်၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံဒေသေန္တော၊ တရားဟောလိုသော ဘုရားသည်။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၁၁။ ဒုပ္ပညော၊ ပညာမရှိသော။ အသမာဟိတော၊ သမာဓိမရှိသော။ ယောစ၊ အကြင်သူသည်လည်း။ ဝဿ သတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှင်လေငြားအံ့။ န သေယျော၊ မမြတ်။ ပညာ ဝန္တဿ၊ ပညာရှိသော၊ ဈာယိနော၊ ဈာန်ဝင်စားသောသူ၏။ ဧကာဟံ၊ တရက်မျှသော၊ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

တတ္ထ၊ ထိုဂါထာ၌။ ဒုပ္ပညောတိ၊ ဒုပ္ပညောဟူသည်ကား။ နိပ္ပညော၊ ပညာမရှိသူတည်း။ ပညဝန္တဿာတိဟူသည်ကား။ ပညဝန္တဿ၊ ပညာရှိသောသူအား။ သေသံ၊ ကြွင်းသောစကားသည်။ ပုရိမသဒိသမေဝ၊ ရှေးနှင့်တူသည်သာလျှင်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ပဥ္စသတာပိ၊ ငါးရာလည်းဖြစ်ကုန်သော။ တေဘိက္ခူ၊ ထိုရဟန်းတို့သည်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ သမ္ပတ္တမဟာဇနဿာပိ၊ ရောက်လာသော လူအပေါင်းအားလည်း။ သာတ္ထိကာ၊ အကျိုးရှိသော။ ဓမ္မဒေသနာ၊ သည်။ အဟောသိ၊ ဖြစ်၏။

ဒသမံ၊ ဆယ်ခုမြောက်လော။ ခါဏုကောဏ္ဍညတ္ထေရ ဝတ္ထု၊ သည်၊
ဋ္ဌတိသမတ္တံ၊ ပြီးပြီ။

---

## ၈-သဟဿဝဂ္ဂ၊ ၁၁-သပ္ပဒါသတ္ထေရ ဝတ္ထု

အနုသန္ဓေ....ခါဏုကောဏ္ဍည ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ယခုအခါ သပ္ပဒါသတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယောစ ဝဿသတံ-စသည်ကိုမိန့်သတည်း။

ယောစ ဝဿသတံ ဇီဝေတိဣမံ ဓမ္မဒေသနံ၊ ဇီဝေ စသည်ဖြင့် တန်းဆာဆင်အပ်သော ဤတရားဒေသနာခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ သပ္ပဒါသတ္ထေရံ၊ သပ္ပဒါသထေရ်ကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဧကော-ကုလပုတ္တော၊ အမျိုးသားတယောက်သည်။ သတ္ထု၊ ဘုရား၏။ ဓမ္မဒေသနံ၊ တရားတော်ကို။ သုတွာ၊ နာရ၍။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ လဒ္ဓူပသမ္ပဒေါ၊ ပဥ္စင်းဖြစ် ပြီးသည်ရှိသော်။ အပရေန သမယေန၊ တပါးသော

အခါ၌။ ဥက္ကဏ္ဌိတွာ၊ ဆန့်ကျင်ငြီးငွေ့၍။ မာဒိသဿ၊ ငါကဲ့သို့သဘော ရှိသော။ ကုလပုတ္တဿ၊ အမျိုးသားအား။ ဂိဟိဟာဝေါနာမ၊ လူဖြစ်ခြင်း မည်သည်။ အယုတ္တော၊ မသင့် မလျောက်ပတ်။ ပဗ္ဗဇာယ၊ ရဟန်းအဖြစ်၌။ ဌတွာ၊ တည်၍။ မရဏမ္ပိ၊ စုတေမနေ သေရခြင်းသည်လည်း။ မေ၊ ငါ့အား။ သေယျော၊ မြတ်၏။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ အတ္တနော၊ မိမိ၏။ မရဏူပါယံ၊ သေခြင်း၏ အကြောင်းကို။ စိန္တေန္တော၊ ကြံအောက် မေ့လျက်။ ဝိစရတိ၊ သွားလာ၏။ အထ၊ ထိုအခါ၌။ ကေဒိဝသံ၊ တနေ့ သ၌။ ပါတောဝ၊ စောစောကလျှင်။ ကတဘတ္တကိစ္စာ၊ ဆွမ်းစားပြီး ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊သွား၍။ အဂ္ဂိသာလာယ၊ မီးတင်းကုပ်၌။ သပ္ပံ၊ မြွေကို။ ဒိသွာ၊ မြင်၍။ တံ၊ ထို မြွေကို။ ကေသိ္မံ့ကုဋ္ဌေ၊ တခုသောအိုး၌။ ပက္ခိပိတွာ၊ ထည့်၍။ ကုဋ္ဌံ၊ အိုးကို။ ပိဒဟိတွာ၊ ပိတ်၍။ အာဒါယ၊ ယူ၍။ ဝိဟာရာ၊ ကျောင်းမှ။ နိက္ခမိံသု၊ ထွက်သွားကုန်၏။ ဥက္ကဏ္ဌိတဘိက္ခုပိ၊ ဆန့်ကျင်သောရဟန်း သည်လည်း။ ဘတ္တကိစ္စံ ကတွာ၊ ဆွမ်းစားခြင်းကိုပြု၍။ အာဂစ္ဆန္တော၊ လာလတ်သော်။ တေ ဘိက္ခူ၊ ထိုရဟန်းတို့ကို။ ဒိသွာ၊ မြင်၍။ အာ-ဝုသော၊ ငါ့ရှင်တို့။ ဣဒံ၊ ဤသည်ကား။ ကိံ၊ အဘယ်နည်း။ ဣတိ-ပုစ္ဆိတွာ၊ ဤသို့မေး၍။ အာဝုသော၊ ငါ့ရှင်။ သပ္ပေါ၊ မြွေတည်း။ ဣတိ-ဝုတ္တေ၊ ဤသို့ဆိုကုန်သည်ရှိသော်။ ဣမိနာ၊ ဤမြွေဖြင့်။ ကိံ၊ အဘယ်သို့။ ကရိဿထ၊ ပြုကုန်အံ့နည်း။ ဣတိ၊ ဤသို့မေးလတ်သော်။ နံ၊ ထိုမြွေကို။ ဆဍ္ဍေဿာမ၊ စွန့်ပစ်ကုန်အံ့။ ဣတိ၊ ဤသို့ဆိုကုန်၏။ တေသံ၊ တိုရဟန်းတို့ ၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ဣမိနာ၊ ဤမြွေဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဍံသာပေတွာ၊ ကိုက်စေ၍။ မရိဿာမိ၊ သေအံ့။ ဣတိ၊ ဤသို့ အကြံဖြစ်လျက်။ အာဟရထ၊ ဆောင်ခဲ့ကုန်လော့။ အဟံ၊ ငါသည်။ တံ၊ ထို မြွေကို။ ဆဍ္ဍေဿာမိ၊ စွန့်ပစ်အံ့။ ဣတိ၊ ဤသို့ ဆို၍။ တေသံ၊ ထိုရဟန်း တို့၏။ ဟတ္ထတော၊ လက်မှ။ ကုဋ္ဌံ၊ အိုးကို။ ဂဟေတွာ၊ ယူ၍။ ကေသိ္မံ-ဌာနေ၊ တခုသောအရပ်၌။ နိသိန္နော၊ နေလျက်။ တေန သပ္ပေန၊ ထို မြွေဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဍံသာပေတိ၊ ကိုက်စေ၏။ သပ္ပေါ၊ မြွေသည်။ ဍံသိတုံ၊ ကိုက်ခြင်းငှါ။ န ဣစ္ဆတိ၊ အလိုမရှိ။

သော၊ ထိုရဟန်းသည်။ ကုဋ္ဌေ၊ အိုး၌။ ဟတ္ထံ၊ လက်ကို။ ဩတာရေတွာ၊ ချ၍။ ဣတော စိတော စ၊ ထိုမှဤမှလည်း။ အာလောဠေ တိ၊ မွှေနှောက်၏။

ဃောရသပ္ပဿ၊ မြွေ၏။ မုခံ၊ ခံတွင်းကို။ ဝိဝရိတွာ၊ ဖွင့်လှစ်၍။ အင်္ဂုလိံ၊ လက်ညှိုးကို။ ပက္ခိပတိ၊ ထည့်သွင်း၏။ နံ၊ ထိုရဟန်းကို။ သပ္ပေါ၊ မြွေသည်။ နေဝ ဍံသိ၊ မကိုက်။ သော၊ ထိုရဟန်းသည်။ အယံ၊ ဤမြွေသည်။ န အာသီဝိသော၊ မြွေဟောက် မြွေပွေးမဟုတ်။ ဃရသပ္ပေါ၊ ကြိုးကောင်တည်း။ (ထန်းခေါင်းမြွေ, လည်းဟူ) ဣတိ၊ ဤသို့။ တံ၊ ထိုမြွေကို။ ပဟာယ၊ စွန့်၍။ ဝိဟာရံ၊ ကျောင်းသို့။ အဂမာသိ၊ ရောက်လာ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဝုသော၊ ငါ့ရှင်။ တေ၊ သင်သည်။ သပ္ပေါ၊ မြွေကို။ ဆဍ္ဍိတော၊ ပစ်ခဲ့ပြီးသလော။ ဣတိအာဟံသု၊ ဤသို့ ဆိုကုန်၏။ သော၊ ထိုရဟန်းသည်။ အာဝုသော၊ ငါ့ရှင်တို့။ သော၊ ဤမြွေကား။ နဃောရသပ္ပေါ၊ မြွေဆိုးမဟုတ်။ သော၊ သည်ကား။ ဃရသပ္ပေါ၊ ကြိုးကောင်တည်း။ (ထန်းခေါင်းမြွေ, လည်းဟူ) ဣတိ၊ ဤသို့ ဆို၏။ အာဝုသော၊ ငါ့ရှင်။ ဃောရသပ္ပေါယေဝ၊ မြွေကြမ်းသည်သာလျှင် တည်း။ မဟန္တံဖဏံ၊ ပါးပျဉ်းကြီးကို။ ကတွာ၊ ပြု၍။ သုသုယန္တော၊ သူသူ မြည်လျက်။ အမှေဟိ၊ ငါတို့သည်။ ဒုက္ခေန၊ ဆင်းရဲပြိုငြင်ခြင်းဖြင့်။ (ရက္ခေန-ဟု ရှိခြင်းကား မီးတင်းကုပ်၌ မြင်သည်ဆိုသော စကားနှင့်ဆန့်၍ ပါဋ္ဌ်ပျက်) ဂဟိတော၊ ဖမ်းယူအပ်၏။ ကိံကာရဏာ၊ အဘယ့်ကြောင့်။ ဧဝံ၊ ဤသို့။ တွံ၊ သင်သည်။ ဝဒေသိ၊ ဆိုပါလေဘိသနည်း။ ဣတိအာဟံသု၊ ဤသို့ ပြစ်တင်ကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ တေန၊ ထိုမြွေသည်။ အတ္တာနံ၊ ကိုယ်ကို။ ဍံသာပေန္တောပိ၊ ကိုက်စေသော် လည်းကောင်း။ မုခေ၊ ခံတွင်း၌။ အင်္ဂုလိံ၊ လက်ညှိုးကို။ ပက္ခိပန္တောပိ၊ ထည့်သော်လည်းကောင်း။ တံ၊ ထိုမြွေကို။ ဍံသာပေတုံ၊ ကိုက်စေခြင်းငှါ။ နာသက္ခိံ၊ မတတ်နိုင်။ ဣတိ၊ ဤသို့ ဆို၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဘိက္ခူ၊ ရဟန်းတို့သည်။ တုဏှီ၊ ဆိတ်ဆိတ်နေကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။

အထ၊ ထိုအခါ၌။ ကေဒိဝသံ၊ တနေ့သ၌။ နှာပိတော၊ ဆတ္တာသည် သည်။ ဒွေတယောခုရေ၊ နှစ်စင်း,သုံးစင်းသော သင်ခုန်းတို့ကို။ အာဒါယ၊ ယူ၍။ ဝိဟာရံဂန္တွာ၊ ကျောင်းသို့ သွား၍။ ဧကံခုရံ၊ သင်ခုန်းဘခုကို။ ဘူမိယံ ဌပေတွာ၊ မြေ၌ ထား၍။ ဧကေန၊ သင်ခုန်းတခင်းဖြင့်။ ဘိက္ခူနံ၊ ရဟန်းတို့၏။ ကေသေ၊ ဆံဘို့ကို။ ဩဟာရေတိ၊ ချ၏။ သော၊ ထိုရဟန်း

သည်။ ဘူမိယံ၊ မြေ၌။ ဌပိတံ၊ ထားအပ်သော။ ခုရံ၊ သင်ဓုန်းကို။ ဂဟေတွာ၊ ယူ၍။ ဣမိနာ၊ ဤသင်ဓုန်းဖြင့်။ ဂီဝံ၊ လည်ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ မရိဿာမိတိ၊ သေအံ့ဟူ၍။ ဧကေသို့ ရုက္ခေ၊ သစ်ပင်တခု၌။ ဂီဝံ၊ လည်ကို။ ဥပနိဓာယ၊ ထား၍။ ခုရ ဓာရံ၊ သင်ဓုန်းသွားကို။ ဂလနာဠိယံ၊ ရေမျို၌။ ကတွာ၊ ထား၍။ ဌိတော၊ ရပ်လျက်။ ဥပသမ္ပဒ-ကာလတော၊ ပဉ္စင်းဖြစ်သော အခါမှ။ ပဋ္ဌာယ၊ စ၍။ အတ္တနောသီလံ၊ မိမိသီလကို။ အာဝဇ္ဇေန္တော၊ ဆင်ခြင်သည်ရှိသော်။ ဝိမလ စန္ဒမဏ္ဍလံ-ဝိယစ၊ အညစ်အကြေးကင်းသော လပြည့်ဝန်းကဲ့သို့ လည်းကောင်း။ သုဓောတ မဏိခန္ဓမိဝစ၊ ကောင်းစွာပွတ်အပ်သော ပတ္တမြားနှစ်တုံးကဲ့သို့ လည်းကောင်း။ နိမ္မလံ၊ အညစ်အကြေးမရှိသော။ သီလံ၊ သီလကို။ အဒ္ဒသ၊ မြင်၏။ တံ၊ ထိုသီလကို။ ဩလောကေန္တဿ၊ ကြည့်ရှုဆင်ခြင်သော။ တဿ၊ ထိုရဟန်း၏။ သကလသရီရံ၊ ကိုယ်အလုံးကို။ ဖရန္တီ၊ ပျံ့နှံ့လျက်။ ပီတိ၊ ပီတိသည်။ ဥပ္ပဇ္ဇိ၊ ဖြစ်၏။ သော၊ ထိုမထေရ်သည်။ ပီတိံ၊ ပီတိကို။ ဝိက္ခမ္ဘိတွာ၊ ခွါ၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေန္တော၊ ပွားစေလျက်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပတွာ၊ ရောက်၍။ ခုရံ၊ သင်ဓုန်းကို။ အာဒါယ၊ ယူ၍။ ဝိဟာရမဇ္ဈံ၊ ကျောင်းလယ်သို့။ ပါဝိသိ၊ ဝင်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုရဟန်းကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ အာဝုသော၊ ငါ့ရှင်။ ကဟံ၊ အဘယ်အရပ်သို့။ ဂတော၊ သွားချေသည်။ အသိ၊ ဖြစ်သနည်း။ ဣတိပုစ္ဆိံသု၊ ဤသို့ မေးကုန်၏။ အာဝုသော၊ ငါ့ရှင်။ ဣမိနာ ခုရေန၊ ဤသင်ဓုန်းဖြင့်။ ဂလနာဠိံ၊ ရေမျိုလည်ချောင်းကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ မရိဿာမိတိ၊ သေအံ့ဟူ၍။ ဂတော၊ သွားသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ဆို၏။ အထ၊ ထိုသို့ ဖြစ်လျက်။ ကသ္မာ၊ အဘယ့်ကြောင့်။ မတော၊ သေခြင်းသည်။ နအသိ၊ မဖြစ်ပါလေဘိသနည်း။ ဣတိ၊ ဤသို့ ဆိုကုန်၏။ ဣဒါနိ၊ ယခုအခါ၌။ သတ္ထံ၊ လက်နက်ကို။ အာဟရိတုံ၊ ဆောင်ခြင်းငှါ။ အဘ-ဗ္ဗော၊ မထိုက်သည်။ အမှိ၊ ဖြစ်ပြီ။ ဟိ၊ ထိုစကားသင့်စွ။ အဟံ၊ ငါသည်။ ဣမိနာ ခုရေန၊ ဤသင်ဓုန်းဖြင့်။ ဂလနာဠိံ၊ ရေမျိုကို။ ဆိန္ဒိ-ဿာမိတိ၊ ဖြတ်အံ့ဟူ၍။ ဉာဏခုရေန၊ ဉာဏ် တည်းဟူသော သင်ဓုန်းဖြင့်။ သဗ္ဗကိလေသေ၊ အလုံးစုံသော ကိလေသာတို့ကို။ ဆိန္ဒိံ၊ ဖြတ်အပ်ပြီ။ ဣတိ၊ ဤသို့ဆို၏။

ဘိက္ခု၊ ရဟန်းတို့သည်။ အယံ၊ ဤရဟန်းသည်။ အဘူတေန၊ မဟုတ်မမှန်သဖြင့်။ အညံ၊ အရဟတ္တဖိုလ်ကို။ ဗျာကရောတီတိ၊ ကြား၏ဟူ၍။ ဘဂဝတော၊ ဘုရားသဗ္ဗညုအား။ အာရောစေသုံ၊ ကြားလျှောက်ကုန်၏။ ဘဂဝါ၊ ဘုရားသည်။ တေသံ၊ ထိုရဟန်းတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ အာဟ၊ မိန့်တော်မူ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ခီဏာ-သဝါနာမ၊ ရဟန္တာတို့မည်သည်။ သဟတ္ထာ၊ မိမိလက်ဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ ဇီဝိတာ၊ အသက်မှ။ နဝေါရောပေန္တိ၊ မချကုန်။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဣမံ၊ ဤရဟန်းကို။ ခီဏာ-သဝေါတိ၊ ရဟန္တာဟူ၍။ ဝဒထ၊ ဆိုတော်မူကုန်၏။ ဧဝံ၊ ဤသို့ ရဟန္တာဖြစ်သည် ရှိသော်။ အရဟတ္တူပနိဿယ သမ္ပန္နောပန၊ အရဟတ္တဖိုလ်၏ဥပနိဿယနှင့် ပြည့်စုံလျက်ကား။ အယံ၊ ဤရဟန်းသည်။ ကသ္မာ၊ အဘယ့်ကြောင့်။ ဥက္ကဏ္ဌတိ၊ ဆန့်ကျင်လေဘိ သနည်း။ အဿ၊ ထိုရဟန်း၏။ အရ-ဟတ္တူပနိဿယ ကာရဏံ၊ အရဟတ္တဖိုလ်၏ ဥပနိဿယအကြောင်းသည်။ ကိံ၊ အဘယ်ပါနည်း။ ကသ္မာ၊ အဘယ့်ကြောင့်။ သော သပ္ပေါ၊ ထိုမြွေသည်။ တံ၊ ဤရဟန်းကို။ န ဍံသတိ၊ မကိုက်လေဘိ သနည်း။ ဣတိ၊ ဤသို့ လျှောက်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တာဝ၊ ရှေးဦးစွာ။ သော-သပ္ပေါ၊ ထိုမြွေသည်။ ဣမဿ၊ ဤရဟန်း၏။ ဣတော၊ ဤဘဝမှ။ တတိယေ အတ္တဘာဝေ၊ သုံးခုသောကိုယ်၏ အဖြစ်၌။ ဒါသော၊ ကျွန်သည်။ အဟောသိ၊ ဖြစ်ခဲ့ဘူး၏။ သော၊ ထိုမြွေသည်။ အတ္တနော၊ မိမိ၏။ သာမိကဿ၊ သခင်၏။ သရီရံ၊ ကိုယ်ကို။ ဍံသိတုံ၊ ကိုက်ခြင်းငှါ။ နဝိ-သဟတိ၊ မဝံ့။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။ ဧဝံ၊ ဤသို့။ တာဝ၊ ရှေးဦးစွာ။ နေသံ၊ ထိုရဟန်းတို့အား။ သတ္ထာ၊ ဘုရားသည်။ ဧကံ ကာရဏံ၊ တခုသော အကြောင်းကို။ အာစိက္ခိ၊ ကြားတော်မူ၏။ တတော ပဋ္ဌာယ၊ ထိုအခါမှစ၍။ သောဘိက္ခု၊ ထိုရဟန်းသည်။ သပ္ပဒါသော နာမ၊ သပ္ပဒါသ မည်သည်။ ဇာတော၊ ဖြစ်၏။

ကဿပ သမ္မာသမ္ဗုဒ္ဓ ကာလေ၊ ကဿပဘုရား လက်ထက်တော်၌။ ဧကောကုလပုတ္တော၊ အမျိုးသား တယောက်သည်။ သတ္ထု၊ ဘုရား၏။ ဓမ္မကထံ၊ တရားစကားကို။ သုတွာ၊ ကြား၍။ ဥပ္ပန္န သံဝေဂေါ၊ ဖြစ်သော ထိတ်လန့်ခြင်းရှိလျက်။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ လဒ္ဓူပသမ္ပဒေါ၊

ပဉ္စင်း ဖြစ်ပြီးသည်ရှိသော်။ အပရေန၊ တပါးသော။ သမယေန၊ အခါ၌။ အနဘိရတိယာ၊ မမွေ့မလျော်ခြင်းသည်။ ဥပ္ပန္နာယ၊ ဖြစ်လတ်သော်။ သဟာယကဿ၊ အဆွေခင်ပွန်းဖြစ်သော။ ဧကဿဘိက္ခုနော၊ ရဟန်းတပါး အား။ အာရောစေသိကိရ၊ ကြားသတတ်။ သော၊ ထိုရဟန်းသည်။ တဿ၊ ထိုရဟန်းအား။ အဘိဏှံ၊ မပြတ်။ ဂိဟိဘာဝေ၊ လူ့အဖြစ်၌။ အာဒီနဝံ၊ အပြစ်ကို။ ကထေသိ၊ ဟောပြော၏။ တံ၊ ထိုစကားကို။ သုတွာ၊ ကြား၍။ ဣတရော၊ ဤမှ တပါးသော ရဟန်းသည်။ သာသနေ၊ သာသနာတော်၌။ အဘိရမိတွာ၊ အလွန်မွေ့လျော်၍။ ပုဗ္ဗေ၊ ရှေး၌။ အနဘိရတ-ကာလေ၊ မမွေ့မလျော်သော အခါ၌။ မလဂ္ဂဟိတေ၊ အညစ်အကြေး ကပ်ကုန်သော။ သမဏပရိက္ခာရေ၊ ရဟန်းပရိက္ခရာတို့ကို။ ဧကသ္မိံ သော-ဏ္ဍိ တီရေ၊ တခုသော ထုံးအိုင်နား၌။ နိမ္မလေ၊ အညစ်အကြေးမရှိသည် တို့ကို။ ကရောန္တော၊ ပြုလျက်။ နိသီဒိ၊ နေ၏။ သဟာယကောပိ၊ အဆွေ ခင်ပွန်း ရဟန်းသည်လည်း။ အဿ၊ ထိုရဟန်း၏။ သန္တိကေယေဝ၊ အထံ၌ သာလျှင်။ နိသိန္နော၊ နေသည်။ အဟောသိ၊ ဖြစ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုအဆွေရဟန်းကို။ သော၊ ထိုရဟန်းသည်။ ဧဝံအာဟ၊ ဤသို့ဆို၏။ အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဥပ္ပဗ္ဗဇန္တော၊ လူထွက်လို၏။ ဣမေ ပရိက္ခာရေ၊ ဤပရိက္ခရာတို့ကို။ တုယှံ၊ သင့်အား။ ဒါတုကာမော၊ ပေးလိုသည်။ အဟောသိံ၊ ဖြစ်၏။ ဣတိ၊ ဤသို့ဆိုလျက်။ သော၊ ထိုရဟန်း သည်။ လောဘံ ဥပ္ပါဒေတွာ၊ လောဘကိုဖြစ်စေ၍။ စိန္တေသိ၊ ကြံပြန်၏။ ဣမိနာ၊ ဤပရိက္ခရာဖြင့်။ မယှံ၊ ငါ့အား။ ပဗ္ဗဇိတေနဝါ၊ ရဟန်းဖြစ် သဖြင့်ရင်း။ ဥပ္ပဗ္ဗဇိတေနဝါ၊ လူထွက်သဖြင့်ရင်း။ ကော အတ္ထော၊ အဘယ် အကျိုးရှိအံ့နည်း။ ဣဒါနိ၊ ယခုအခါ၌။ ပရိက္ခာရေ၊ ပရိက္ခရာတို့ကို။ နာသေဿာမိ၊ ပျက်စေအံ့။ ဣတိ၊ ဤသို့ ဆန့်ကျင်သော ရဟန်းသည်ကြံ၏။

သော၊ ထိုအဆွေခင်ပွန်းရဟန်းသည်။ တတော ပဋ္ဌာယ၊ ထိုနေ့ကစ၍။ ဒါနိ၊ ယခု။ အာဝုသော၊ ငါ့ရှင်။ အမှာကံ၊ ငါတို့၏။ ဇီဝိတေန၊ အသက်ရှင်ခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ယေမယံ၊ အကြင် ငါတို့သည်။ ကပါလ ဟတ္ထာ၊ ခွက်လက် စွဲကုန်လျက်။ ပရကုလေသု၊ သူတပါးအိမ်တို့၌။ ဘိက္ခာယ၊ ဆွမ်းအလို့ငှါ။ စရာမ၊ သွားရကုန်၏။ ပုတ္တဒါရေဟိ၊ သား,မယားတို့နှင့်။ သဒ္ဓိံ၊ တကွ။ အာလာပ သလ္လာပံ၊ စကားပြောဟောခြင်းကို။ န ကရောမ၊ မပြုရကုန်။ ဣတိအာဒီနိ၊ ဤသို့

စသော စကားတို့ကို။ ဝဒန္တော၊ ဆိုလျက်။ ဂိဟိဘာဝသ္မိံ၊ လူအဖြစ်၌။ ဂုဏံ၊ ဂုဏ်ကျေးဇူးကို။ ကထေသိ၊ ဆိုခဲ့၏။ သော၊ ထိုမွေ့လျော်သော ရဟန်းသည်။ တဿ၊ ထိုအဆွေခင်ပွန်းရဟန်း၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ ပုန၊ တဖန်။ ဥက္ကဏ္ဌိတော၊ ငြီးငွေ့သည်။ ဟုတွာ၊ ဖြစ်၍။ စိန္တေသိ၊ ကြံ၏။ အယံ၊ ဤရဟန်းသည်။ မယာ၊ ငါသည်။ ဥက္ကဏ္ဌိတော၊ လူထွက်လိုသည်။ အမှိတိ၊ ဖြစ်ခဲ့ပြီဟု။ ဝုတ္တော၊ ဆိုလတ်သော်။ ပဌမံ၊ ရှေးဦးစွာ။ ဂိဟိဘာဝေ၊ လူ့အဖြစ်၌။ အာဒီနဝံ၊ အပြစ်ကို။ ကထေတွာ၊ ဟောပြောပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ အဘိဏှံ၊ မပြတ်။ ဂုဏံ၊ လူ၏ ဂုဏ်ကျေးဇူးကို။ ကထေသိ၊ ပျော်ပါးစရာများ၏ဟု ဆိုပြန်ခဲ့၏။ ကာရဏံ၊ အကြောင်းသည်။ ကိံ နုခေါ၊ အဘယ်သို့ ရှိလေသနည်း။ ဣတိစိန္တေန္တော၊ ဤသို့ကြံလတ်သော်။ ဣမေသု သမဏပရိက္ခာ-ရေသု၊ ဤရဟန်းပရိက္ခရာတို့၌။ လောဘေန၊ တပ်မက်မောသဖြင့် လိုချင်၍ဆို၏။ ဣတိဉတွာ၊ ဤသို့ ဆတ်ဆတ်သိ၍။ သယမေဝ၊ အလိုလိုသာလျှင်။ အတ္တနောစိတ္တံ၊ မိမိစိတ်ကို။ နိဝတ္တေသိ၊ လူထွက်ခြင်းမှ နစ်စေ၏။ ဧဝံ၊ ဤသို့။ အဿ၊ ထိုရဟန်း၏။ ကဿပသမ္မာသမ္ဗုဒ္ဓကာလေ၊ ကဿပဘုရားလက်ထက်၌။ ဧကော ဘိက္ခုနော၊ ရဟန်းတပါးအား။ ဥက္ကဏ္ဌာပိ-တတ္တာ၊ သာသနာတော်မှ ဆန့်ကျင်စေဘူးသည်၏ အဖြစ်ကြောင့်။ ဣဒါနိ၊ ယခုအခါ၌။ အနဘိရတိ၊ မမွေ့လျော်ခြင်းသည်။ ဥပ္ပန္နာ၊ ဖြစ်၏ တေ-နေဝ၊ ထိုရဟန်းသည်လျှင်။ တဒါ၊ ထိုအခါ၌။ ဝိသတိ ဝဿ သဟဿာနိ၊ အနှစ် နှစ်သောင်းတို့ ပတ်လုံး။ ယေပန သမဏဓမ္မော၊ အကြင်ရဟန်းတရားကို။ ကတော၊ ပြုကျင့်ခဲ့ဘူး၏။ အဿ၊ ထိုရဟန်း၏။ သော၊ ထိုကျင့်ခဲ့ဘူးသော သမဏဓမ္မသည်။ ဧတရဟိ၊ ယခုအခါ၌။ အရဟတ္တူပနိဿ-ယော၊ အရဟတ္တဖိုလ်၏ ဥပနိဿယသည်။ ဇာတော၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ ၏။

ဣမံ မတ္ထံ၊ ဤအကြောင်းကို။ တေဘိက္ခူ၊ ထို ရဟန်းတို့သည်။ သ္မာဂ-တော၊ ဘုရား၏။ သန္တိကာ၊ အထံမှ။ သုတွာ၊ ကြား၍။ ဥတ္တရိံ၊ အလွန်။ ပုစ္ဆိံသု၊ မေးကုန်၏။ ဘန္တေ၊ အရှင်ဘုရား။ အယံဘိက္ခု၊ ဤရဟန်းသည်။ ခုရဓာရံ၊ သင်ဓုန်းသွားကို။ ဂလနာဠိယံ၊ ရေမျို၌။ ကတွာ၊ တင်ထား၍။ ဌိတောဝ၊ ရပ်လျက်လျှင်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာ-တိကိရ၊ ရောက်သတတ်။ တွေ့ကေနခဏေန၊ ဤမျှလောက်သောခဏဖြင့်။

အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ ဥပ္ပဇ္ဇတိနုခေါ၊ ဖြစ်ရာအံ့လော။ ဣတိ၊ ဤသို့မေးကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာမ၊ ဖြစ်ရာ၏။ အာရဒ္ဓဝီရိယဿ၊ အားထုတ်အပ်သော လုံ့လရှိသော။ ဘိက္ခုနော၊ ရဟန်း၏။ ပါဒံ၊ ခြေကို။ ဥက္ခိပိတွာ၊ ကြွ၍။ ဘူမိယံ၊ မြေ၌။ ဌပေန္တဿ၊ ထားသည်ရှိသော်။ ပါဒေ၊ ခြေသည်။ ဘူမိယံ၊ မြေသို့။ အသမ္ပတ္တေယေဝ၊ မရောက်မီသာလျှင်။ အရဟတ္တမဂ္ဂေါ၊ အရဟတ္တမဂ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဟိ၊ သင့်စွ။ ကုသီတဿ၊ ပျင်းရိသော။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်၏ကား။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝနတော၊ အသက်ရှင်ခြင်းထက်။ အာရဒ္ဓဝီရိယဿ၊ အာထုတ်အပ်သော လုံ့လရှိသောပုဂ္ဂိုလ်၏။ ခဏမတ္တံပိ၊ တခဏမျှလည်း။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ သေယျော၊ မြတ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်ပြီး၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဣမံဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၁၁၂။ ယော စ၊ အကြင်သူသည်လည်း။ ကုသီတော၊ ပျင်းရိခြင်းရှိသည်။ ဟီနဝီရိယော၊ လျော့သော လုံ့လရှိသည်။ ဟုတွာ၊ ဖြစ်၍။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှင်ငြားအံ့။ န သေယျော၊ မမြတ်။ ဝီရိယံ၊ လုံ့လကို။ ဒဠှံ၊ မြဲစွာ။ အာရဘတော၊ အားထုတ်သော သူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

တတ္ထ၊ ထိုဂါထာ၌။ ကုသီတောတိ၊ ဟူသည်ကား။ ကာမဝိတက္ကာဒီဟိ၊ ကာမဝိတက် အစရှိကုန်သော။ တီဟိဝိတက္ကေဟိ၊ သုံးပါးသော ကြံခြင်းတို့ဖြင့်။ ဝီတိနာမေန္တော၊ ကာလကို လွန်စေသော။ ပုဂ္ဂလော၊ ပုဂ္ဂိုလ်တည်း။ ဟီနဝီရိယောတိ၊ ဟူသည်ကား။ နိဗ္ဗီရိယော၊ လုံ့လမရှိသူတည်း။ ဝီရိယမာရဘတော ဒဠှန္တိ၊ ဟူသည်ကား။ ဒုဝိဓဈာနံ၊ ဈာန်နှစ်ပါးကို။ နိဗ္ဗတ္တန သမတ္ထံ၊ ဖြစ်စေခြင်းငှါစွမ်းနိုင်သော။ ထိရံ ဝီရိယံ၊ မြဲစွာသောလုံ့လကို။ အာရဘန္တဿ၊ အားထုတ်သောသူ၏။ သေသံ၊ ကြွင်းသောစကားသည်။ ပုရိမ သဒိသမေဝ၊ ရှေးနှင့်တူသည်သာလျှင်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ဗဟူ၊ များစွာသော သူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့ ပါပုဏိံသု၊ ရောက်ကုန်၏။

ကောဒသမံ၊ သော။ သပ္ပဒါသတ္ထေရ ဝတ္ထု၊ သည်။

ဣတိသမတ္တံ၊ ပြီးပြီ။

## ၈-သဟာယဝဂ်၊ ၁၂-ပဋ္ဌာစာရီထေရီ ဝတ္ထု

အနုသန္ဓေ သပ္ပဒါသတ္ထေရ ဝတ္ထု၌ ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ပဋ္ဌာစာရီဝတ္ထု၌ ဟောရာဂါထာ၏အနက်ကို ဖွင့်ခြင်းငှါ ယောစ ဝဿသတံ စသည်ကို မိန့်အပ်၏။

ယောစ ဝဿသတန္တိ ဣဒံ ဓမ္မဒေသနံ၊ သတံ စသည်ဖြင့် တန်းဆာဆင်အပ်သော ဤတရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ပဋ္ဌာစာရိနာမ ထေရိံ၊ ပဋ္ဌာစာရီမည်သော ထေရီမကို။ အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

သာ၊ ထိုထေရီမသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ စတ္တာလီသကောဋိဝိဘဝဿ၊ ကုဋေလေးဆယ် ဥစ္စာကြွယ်ဝသော။ သေဋ္ဌိနော၊ သေဌေး၏။ ဓီတာ၊ သမီးသည်။ အဘိရူပါ၊ အလွန်အဆင်းလှ၏။ တံ၊ ထိုသတို့သမီးကို။ သောဠသ ဝဿုဒ္ဒေသိက ကာလေ၊ တဆယ့်ခြောက်နှစ်အရွယ် ရှိသောအခါ၌။ သတ္တဘူမိက ပါသာဒဿ၊ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏။ ဥပရိမတလေ၊ အထက်အပြင်၌။ ရက္ခန္တာ၊ စောင့်ရှောက်ကုန်လျက်၊ ဝါသာပေသုံ၊ နေစေကုန်၏။ ဧဝံသန္တေပိ၊ ဤသို့အလုံအခြုံ စောင့်သည်ဖြစ်လျက်မူလည်း။ သာ၊ ထိုသေဌေးသမီးသည်။ အတ္တနော ဧကေန စူဠုပဋ္ဌာကေန၊ မိမိ၏ အလုပ်အကျွေးငယ် တယောက်နှင့်။ သဒ္ဓိံ၊ တကွ။ ဝိပ္ပဋိပဇ္ဇိ၊ မှားယွင်း၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုသတို့သမီး၏။ မာတာပိတရော၊ မိဘတို့သည်။ သမာနဇာတိက ကုလေ၊ တူသောအနွယ်အဆက်ရှိသော အမျိုး၌။ ဧကဿ ကုမာရဿ၊ တယောက်သောသတို့သားအား။ ပဋိဿုဏိတွာ၊ ဝန်ခံ၍။ ဝိဝါဟဒိဝသံ၊ ထိမ်းမြားမင်္ဂလာဆောင်အံ့သောနေ့ကို။ ဌပေသုံ၊ အချိန်းအချက်ကို ထားကုန်၏။ တသ္မိံ၊ ထိုနေ့သည်။ ဥပကဋ္ဌေ၊ နီးလတ်သော်။ သာ၊ ထိုသေဌေးသမီးသည်။ တံ စူဠုပဋ္ဌာကံ၊ ထိုအလုပ်အကျွေးငယ်လင်ကို။ အာဟ၊ ဆို၏။ မံ၊ ငါ့ကို။ အသုကကုလဿနာမ၊ ဤမည်သောအမျိုးသားအား။ ကိရ၊ မချွတ်။ ဒဿန္တိ၊ ပေးကုန်လတ္တံ့။ မယိ၊ ငါသည်။ ပတိကုလံ၊ လင်အိမ်သို့။ ဂတေ၊ သွားရသည်ရှိသော်။ မမ၊ ငါ၏။ ပဏ္ဏာ-

ကာရံ၊ လက်ဆောင်ကို။ ဂဟေတွာ၊ ယူ၍။ အာဂတောပိ၊ လာသော် လည်း။ တတ္ထ၊ ထိုလင်အိမ်သို့၊ ပဝေသနံ၊ ဝင်ရခြင်းကို။ နလဘိဿတိ၊ မရလတ္တံ့။ တေ၊ သင်၏။ မယိ၊ ငါ၌။ သိနေဟော၊ ချစ်ခြင်းသည်။ သစေ အတ္ထိ၊ အကယ်၍ ရှိသည်ဖြစ်အံ့။ ဣဒါနေဝ၊ ယခုပင်လျှင်။ မံ၊ ငါ့ကို။ ဂဟေတွာ၊ ဆောင်ယူ၍။ ယေနဝါ၊ အကြင်အခြင်းဖြင့်။ မုစ္စတိ၊ လွတ်၏။ တေနဝါ၊ ထိုအခြင်းဖြင့်။ ပလာယဿု၊ ခိုး၍ပြေးလော့။ ဣတိ၊ ဤသို့နားချ၍ဖြားယောင်း၏။ သော၊ ထိုအလုပ်အကျွေး လင်ငယ်သည်။ ဘဒ္ဒေ၊ နှမ၊ သာဓု၊ ကောင်းပြီ။ ဣတိ၊ ဤသို့ဆို၏။ တေနဟိ၊ ထိုသို့ဆို တပြီးကား။ အဟံ၊ ငါသည်။ သွေ၊ နက်ဖြန်။ ပါတောဝ၊ စောစော ကလျှင်။ နဂရဒွါရဿ၊ ပြည်တံခါး၏။ အသုကဋ္ဌာနေနာမ၊ ဤမည်သော အရပ်၌။ ဌဿာမိ၊ နေအံ့။ တွံ၊ သင်သည်။ ကေနစိ ဥပါယေန၊ တခုသော ဥပါယ်တံမျဉ်ဖြင့်။ နိက္ခမိတွာ၊ ထွက်ခဲ့၍။ တတ္ထ၊ ထိုမြို့တံခါး အနီးအပါး သို့။ အာဂစ္ဆေယျာသိ၊ လာခဲ့လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဒုတိယ-ဒိဝသေ၊ နှစ်ရက်မြောက်သောနေ့၌။ သင်္ကေတဋ္ဌာနေ၊ ချိန်းချက်ရာအ ရပ်၌။ အဋ္ဌာသိ။ နေနှင့်၏။

သာပိ၊ ထိုသေဋ္ဌေးသမီးသည်လည်း။ ပါတောဝ၊ စောစောကလျှင်။ ကိလိဋ္ဌံ၊ ညစ်နွမ်းသော။ ဝတ္ထံ၊ ထမီတဘက်ကို။ နိဝါသေတွာ၊ ဝတ်၍။ ကေသေ၊ ဆံပင်တို့ကို။ ဝိက္ကိရိတွာ၊ ဖရိုဖရဲပြု၍။ ကုဏ္ဍကေန၊ ဆန်ကွဲ မှုန့်ဖြင့်။ သရီရံ၊ ကိုယ်ကို။ မက္ခိတွာ၊ လိမ်းကျံ၍။ ကုဋံ၊ အိုးကို။ အာ-ဒါယ၊ ယူ၍။ ဒါသီဟိ၊ ကျွန်မတို့နှင့်။ သဒ္ဓိံ၊ တကွ။ ဂစ္ဆန္တီဝိယ၊ တပို တပါးသွားလေဟန်ကဲ့သို့။ ဃရာ၊ အိမ်မှ၊ နိက္ခမိတွာ၊ ထွက်၍။ တံဌာနံ၊ ထိုအရပ်သို့။ အဂမာသိ၊ ရောက်လာ၏။ သော၊ ထိုစူဠုပဋ္ဌာကသည်။ တံ၊ ထိုသေဋ္ဌေးသမီးကို။ အာဒါယ၊ ယူ၍၊ ဒူရံဂန္တွာ၊ အဝေးသို့သွား၍။ ကေသိံဂါမေ၊ ရွာတခု၌။ နိဝါသံ၊ နေခြင်းကို။ ကပ္ပေတွာ၊ ပြု၍။ အရညေ၊ တော၌။ ခေတ္တံကသိတွာ၊ လယ်ထွန်၍။ ဒါရုပဏ္ဏာနိ၊ ထင်း ဟင်းရွက်တို့ကို။ အာဟရတိ၊ ဆောင်ယူ၏။ ဣတရာ၊ သေဋ္ဌေးသမီးသည်။ ကုဋေန၊ အိုးဖြင့်။ ဥဒကံ၊ ရေကို။ အာဟရိတွာ၊ ရွက်ဆောင်၍။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ကောဋ္ဋန ပစနာဒီနိ၊ မောင်းထောင်းခြင်း ထမင်းချက်ခြင်း-စသည်တို့ကို။ ကရောန္တီ၊ ပြုလျက်။ အတ္တနော၊ မိမိ။၏

ပါပဿ၊ မကောင်းသောအမှု၏။ ဖလံ၊ အကျိုးကို၊ အနုဘောတိ၊ ခံစားရ၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုသေဌေးသမီး၏။ ကုစ္ဆိယံ၊ ဝမ်း၌။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ပတိဋ္ဌာသိ၊ တည်၏။ သာ၊ ထိုသေဌေးသမီးသည်။ ပရိပုဏ္ဏဂဗ္ဘာ၊ ကိုယ်ဝန်ရင့်လတ်သော်။ ဣဓ၊ ဤရွာ၌။ မေ၊ ငါ့အား။ ကောစိဥပကာရော၊ တစုံတယောက်သော ကျေးဇူးပြုမည့်သူသည်။ နတ္ထိ၊ မရှိ။ မာတာပိတရောနာမ၊ မိဘတို့မည်သည်ကား။ ပုတ္တေသု၊ သားသမီးတို့၌။ မုဒုဟဒယာ၊ နူးညံ့သောစိတ်နှလုံးရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေသံ၊ ထိုမိဘတို့၏။ သန္တိကံ၊ အထံသို့။ မံ၊ ငါ့ကို။ နေဟိ၊ ပို့ပါလော့။ တတ္ထ၊ ထိုမိဘနေရာအိမ်၌။ မေ၊ ငါ့အား။ ဂဗ္ဘဝုဋ္ဌာနံ၊ သားဖွားခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ သာမိကံ၊ လင်ကို။ ယာစိ။ တောင်းပန်၏။ သော၊ ထိုလင်သည်။ ဘဒ္ဒေ၊ နှမ။ ကိံကထေသိ၊ အသို့ဆိုပါလေဘိသနည်း။ မံ၊ ငါ့ကို။ ဒိသွာ၊ ၍။ တဝ၊ နှမ၏။ မာတာပိတရော၊ မိဘသေဌေးတို့သည်။ ဝိဝိဓာနိ ကမ္မကာရဏာနိ၊ အထူးထူးသော ကမ္မကရဏတို့ကို။ ကရေယျုံ၊ ပြုကုန်ရာ၏။ မယာ၊ ငါသည်။ ဂန္တုံ၊ သွားခြင်းငှါ။ နသက္ကာ၊ မတတ်နိုင်။ ဣတိပဋိက္ခိပိ၊ ဤသို့ပယ်၏။

သာ၊ ထိုသေဌေးသမီးသည်။ ပုနပ္ပုနံ၊ အဘန်တလဲလဲ။ ယာစိတွာပိ၊ တောင်းပန်၍လည်း။ ဂမနံ၊ သွားခွင့်ကို။ အလဘမာနာ၊ မရသည်ရှိသော်။ တဿ၊ ထိုယောကျာ်း၏။ အရညံ၊ တောသို့။ ဂတကာလေ၊ သွားသောအခါ၌။ ပဋိဝိဿကေ၊ အိမ်နီးချင်းတို့ကို။ အာမန္တေတွာ၊ ပန်ကြား၍။ သော၊ ထိုယောကျာ်းသည်။ အာဂန္တွာ၊ တောကလာ၍။ .မံ၊ ငါ့ကို။ အပဿန္တော၊ မမြင်သည်ရှိသော်။ ကဟံ၊ အဘယ်အရပ်သို့။ ဂတာ၊ သွားလေသနည်း။ ဣတိ၊ ဤသို့။ သစေ ပုစ္ဆိဿတိ၊ အကယ်၍ မေးသည် ဖြစ်ငြားအံ့။ မမ၊ ငါ၏။ အတ္တနော၊ မိမိ၏။ ကုလဃရံ၊ မိဘအိမ်သို့။ ဂတဘာဝံ၊ သွားသည်၏ အဖြစ်ကို။ အာစိက္ခေယျာထ၊ ကြားလိုက်ပါကုန်လော့။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဂေဟဒွါရံ၊ အိမ်တံခါးကို။ ပိဒဟိတွာ၊ ပိတ်၍။ ပက္ကာမိ၊ ဖဲ၏။ သောပိ၊ ထိုလင်သည်လည်း၊ အာဂန္တွာ၊ လာ၍။ တံ၊ ထိုသေဌေးသမီးကို။ အပဿန္တော၊ မမြင်သည်ရှိသော်။ ပဋိဝိဿကေ။ အိမ်နီးချင်းတို့ကို။ ပုစ္ဆိတွာ၊ မေး၍။ တံ ပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ၍။ နံ၊ ထိုမယားကို။ နိဝတ္တေဿာမိ၊ ပြန်လည်စေအံ့။ ဣတိ-

အနုဗန္ဓိတွာ၊ ဤသို့အမှီလိုက်၍။ တံ၊ ထိုပဋ္ဌာစာရီကို။ ဒိသွာ၊ မြင်၍။ နာနပ္ပကာရံ၊ အထူးထူးအပြားပြား။ ယာစိယမာနောပိ၊ တောင်းပန်သော်လည်း။ နိဝတ္တေတုံ၊ ပြန်လည်စေခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်။ အထ၊ ထိုအခါ၌။ သာ၊ ထိုပဋ္ဌာစာရီသည်။ ကေသိမ္ဂ ဋ္ဌာနေ၊ တခုသော အရပ်၌။ ကမ္မဇဝါတာ၊ ကမ္မဇလေတို့သည်။ စလိံသု၊ လှုပ်ချောက်ချား ကုန်၏။ သာ၊ ထိုသတို့သမီးသည်။ ကော် ဂစ္ဆန္တရံ၊ ချုံတခုအတွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ သာမိ၊ အမောင်။ ကမ္မဇဝါတာ၊ ကမ္မဇလေတို့သည်။ မေ၊ ငါ့အား။ စလိတာ၊ လှုပ်ချောက်ချားကုန်သည်။ ဣတိဝတွာ၊ ဤသို့ ဆို၍။ ဘူမိယံ၊ မြေ၌။ နိပဇ္ဇိတွာ၊ အိပ်၍။ သမ္ပရိ ဝတ္တမာနာ၊ တပြောင်း ပြန်ပြန်လူးလဲလျက်။ ကိစ္ဆေန၊ ဆင်းရဲငြိုငြင်ခြင်းဖြင့်။ ဒါရိကံ၊ သားငယ် ကို။ ဝိဇာယိတွာ၊ ဖွားမြင်၍။ ယဿ၊ အကြင်သားငယ်၏။ အတ္ထာယ၊ ဖွားမြင်ခြင်းအကျိုးငှါ။ အဟံ၊ ငါသည်။ ကုလဃရံ၊ မိဘအိမ်သို့။ ဂစ္ဆေယျံ၊ သွားရာ၏။ သော အတ္ထော၊ ထိုသားငယ်ကို ဖွားမြင်ခြင်းအကျိုး သည်။ နိပ္ဖန္နော၊ ပြီးပြီ။ ဣတိ၊ ဤသို့။ ပုနဒေဝ၊ တဖန်လျှင်။ တေန၊ ထိုလင်နှင့်။ သဒ္ဓိံ၊ တကွ။ ဂေဟံ၊ အိမ်သို့။ အာဂန္တွာ၊ လာကြ ၍။ ဝါသံ၊ နေခြင်းကို။ ကပ္ပေသိ၊ ပြု၏။

တဿာ၊ ထိုမယားအား။ အပရေန သမယေန၊ တပါးသော အခါ၌။ ပုန၊ တဖန်။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ပတိဋ္ဌဟိ၊ တည်ပြန်၏။ သာ၊ ထိုပဋ္ဌာစာရီသည်။ ပရိပုဏ္ဏ ဂဗ္ဘာ၊ ရင့်သောကိုယ်ဝန်ရသည်။ ဟုတွာ၊ ဖြစ်၍။ ပုရိမ နယေနေဝ၊ ရှေးနည်းဖြင့် သာလျှင်။ သာမိကံ၊ လင်ကို။ ယာစိတွာ၊ တောင်းပန်၍။ ဂမနံ၊ သွားခွင့်ကို။ အလဘမာနာ၊ မရသည် ရှိသော်။ ပုတ္တံ၊ သားကို။ အင်္ကေန၊ ခါးစောင်းတင်ပါးဖြင့်။ အာဒါယ၊ ချီ၍။ တထေဝ၊ ထိုရှေးအတူလျှင်။ ပက္ကမိတွာ၊ ဖဲ၍။ တေန၊ ထိုလင် သည်။ အနုဗန္ဓိတွာ၊ လိုက်၍။ တိဋ္ဌဟိ၊ နေဦးရပ်ဦးလော့။ ဣတိဝုတ္တေ၊ ဤသို့ ဆိုလတ်သော်။ နိဝတ္တေတုံ၊ ပြန်ခြင်းငှါ။ န ဣစ္ဆိ၊ အလိုမရှိ။ အထ၊ ထိုအခါ၌။ နေသံ၊ ထိုသူတို့သည်။ ဂစ္ဆန္တာနံ၊ သွားကြကုန်စဉ်။ မဟာ-အကာလမေဃော၊ အခါမဲ့ရွာသော မိုးကြီးသည်။ ဥဒပါဒိ၊ ထင်ရှား ဖြစ်၏။ သမန္တာ၊ ထက်ဝန်းကျင်မှ။ ဝိဇ္ဇုလတာဟိ၊ လျှပ်စစ်နွယ်တို့သည်။ အာဒိတ္တံဝိယ၊ ရဲရဲညီသကဲ့သို့။ မေဃသဒ္ဒေန၊ မိုးချုန်းသံ ဟိန်းသံဖြင့်။

ဘိင္ဇမာနံဝိယ၊ ကွဲပြိုအံ့သကဲ့သို့၊ *ခာရာနိ၊ အလျဉ်တို့သည်လည်းကောင်း။ ဝါတာ၊ လေတို့သည်လည်းကောင်း။ နိရန္တရံ၊မပြတ်။ နဘံ၊ ကောင်းကင်သည်။ အဟောသိ၊ ဖြစ်၏။ တသ္မိံ ခဏေ၊ ထိုခဏ၌။ တဿာ၊ ထိုပဋ္ဌာစာရီအား။ ကမ္မဇ ဝါတာ၊ ကမ္မဇလေတို့သည်။စလိံသု၊ လှုပ်ရှားကုန်၏။ သာ၊ ထိုပဋ္ဌာစာရီသည်။ သာမိကံ၊ လင်ကို။ အာမန္တေတွာ၊ ခေါ်၍။ သာမိ၊ သခင်သား။ မေ၊ ငါ့အား။ ကမ္မဇ ဝါတာ၊ ကမ္မဇ လေသည်။ စလိတာ၊ လှုပ်ချောက်ချား၏။ သန္ဓာရေတုံ၊ တည်တံ့စွာနေခြင်းငှါ။ န သက္ကောမိ၊ မတတ်နိုင်။ အနောဝဿကဋ္ဌာနံ၊ မိုးမစွတ်ရာအရပ်ကို။ မေ၊ ငါ့အား။ ဇာနာဟိ၊ သိပါလော့။ ဣတိအာဟ၊ ဤသို့ဆို၏။ သော၊ ထိုယောကျ်ားသည်။ ဟတ္ထဂတာယ၊ လက်၌ပါသော။ ဝါသိယာ၊ ပဲခွပ်ဖြင့်။ ဣတော-စိတောစ၊ ထိုမှဤမှလည်း။ ဥပဓာရေန္တော၊ စူးစမ်းသည်ရှိသော်။ ဧကေ-သ္မိံ ဝမ္မိက မတ္ထကေ၊ တခုသော တောင်ပို့ထိပ်၌။ ဇာတံ၊ ပေါက်သော။ ဂုမ္ဗံ၊ ချုံကို။ ဒိသွာ၊ မြင်၍။ ဆိန္ဒိတုံ၊ ပြတ်ခြင်းငှါ။ အာရဘိ၊ အားထုတ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုယောကျ်ားကို။ ဝမ္မိကတော၊ တောင်ပို့မှ။ နိက္ခမိတွာ၊ ထွက်၍။ ဃောရဝိသော၊ ကြမ်းသော အဆိပ်ရှိသော။ အာသီဝိသော၊ မြွေဟောက်သည်။ ဍံသိ၊ ကိုက်၏။

တံ ခဏညေဝ၊ ထိုခဏ၌သာလျှင်။ အဿ၊ ထိုယောကျ်ား၏။ သရီရံ၊ ကိုယ်အလုံးသည်။ အန္တောသမုဋ္ဌိတာဟိ၊ အတွင်းမှထကုန်သော။ အဂ္ဂိ-ဇာလာဟိ၊ မီးလျှံတို့ဖြင့်။ ဍယှမာနံဝိယ၊ လောင်သကဲ့သို့။ နီလဝဏ္ဏံ-ဟုတွာ၊ တကိုယ်လုံးညိုသော အဆင်းရှိသည်ဖြစ်၍။ တတ္ထေဝ၊ ထိုတောင်ပို့၌လျှင်။ ပတိ၊ လဲ၏။ ဣတရာပိ၊ ပဋ္ဌာစာရီသည်လည်း။ မဟာဒုက္ခံ၊ ကြီးစွာသောဆင်းရဲကို။ အနုဘဝမာနာ၊ ခံစားလျက်။ တဿ၊ ထိုလင်၏။ အာဂမနံ၊ လာခြင်းကို။ ဩလောကေန္တီပိ၊ မျှော်လင့် သော်လည်း။ တံ၊ ထိုယောကျ်ားကို။ အဒိသွာဝ၊ မမြင်မူ၍လျှင်။ အပရမ္ပိ၊ တယောက်လည်းဖြစ်သော။ ပုတ္တံ၊ သားငယ်ကို။ ဝိဇာယိ၊ ဖွားမြင်၏။ ဒွေဒါရကာ၊ သားငယ်နှစ်ယောက်တို့သည်။ ဝါတဝုဋ္ဌိဝေဂံ၊ လေ, မိုးအဟုန်ဖြင့် အေးခြင်းကို။ အသဟမာနာ၊ သည်းမခံနိုင်ကုန်သည်ဖြစ်၍။ မဟာဝိရဝံ၊ သည်း

---

* ဥဒကမာရာ နိပါတ နိရန္တရံ (ဆဋ္ဌ)

စွာသော ငုံမြည်ခြင်းကို။ ဝိရဝန္တိ၊ ငုံမြည်ကုန်၏။ သာ၊ ထိုပဋ္ဋာစာရီသည်။ ဥဘောပိ၊ နှစ်ယောက်လည်း ဖြစ်ကုန်သော။ တေ၊ ထိုသားငယ်တို့ကို။ ဥရန္တရေ ကတွာ၊ ရင်ကြား၌ ထားသည်ကိုပြု၍။ ဒွိဟိ ဇဏ္ဏုကေဟိ စေဝ၊ ပုဆစ် နှစ်ဘက်တို့ဖြင့်ရင်း။ ဟတ္ထေဟိစ၊ လက်တို့ဖြင့်ရင်း။ ဘူမိယံ၊ မြေ၌။ ဥပ္ပီဠေတွာ၊ ထောက်၍။ တတ္ထ၊ ထိုအရပ်၌။ ဌိတာဝ၊ နေလျက်လျှင်။ ရတ္တိံ၊ ညဉ့်အခါကို။ ဝီတိနာမေတိ၊ လွန်စေ၏။ သကလသရီရံ၊ ကိုယ် အလုံးသည်။ နိလ္လောဟိတံဝိယ၊ သွေးမရှိသကဲ့သို့။ ပဏ္ဍုပလာသဝဏ္ဏံ၊ ဖက် ရွက်လျော် အဆင်းရှိသည်။ အဟောသိ၊ ဖြစ်၏။ သာ၊ ထိုပဋ္ဋာစာရီသည်။ အရုဏေ၊ အရုဏ်သည်။ ဥဋ္ဌိတေ၊ တက်လတ်သော်။ မံသပေသိဝဏ္ဏံ၊ သားတစ်အဆင်းနှင့်တူသော။ ကေပုတ္တံ၊ သားတယောက်ကို။ အင်္ကေန၊ ရင်ခွင်ဖြင့်။ အာဒါယ၊ ချီ၍။ ဇေဋ္ဌပုတ္တံ၊ သားငယ်တယောက်ကို။ အင်္ဂုလိ- ယာ၊ လက်ချောင်းဖြင့်။ ဂဟေတွာ၊ ဆွဲငင်၍။ ဟာတ၊ ချစ်သားတို့။ ဧဟိ၊ လာလော့။ တေ၊ သင်တို့၏။ ပိတာ၊ အဘသည်။ ဣတော၊ ဤလူမနီးရာတောကြီးအရပ်မှ။ ဂတော၊ ထွက်လေပြီ။ ဣတိဝတွာ၊ ဤသို့ ဆို၍။ သာမိကေန၊ လင်သည်။ ဂတမဂ္ဂေန၊ သွားလေသော ခရီးလမ်း ဖြင့်။ ဂစ္ဆန္တီ၊ ခြေရာခံ၍ လိုက်သည်ရှိသော်။ ဝမ္မိက မတ္တကေ၊ တောင်ပို့ ထိပ်၌။ ကာလံကတွာ၊ သေခြင်းကိုပြု၍။ ပတိတံ၊ မှောက်ခုံလဲသော။ နီလဝဏ္ဏံ၊ ကိုယ်လုံးမဲသော အဆင်းရှိသော။ ထဒ္ဓသရီရံ၊ ခက်ထရော်ကိုယ် ရှိသော။ တံ၊ ထိုသေသောလင်ကို။ ဒိသွာ၊ ၍။ မံ၊ ငါ့ကို။ နိဿာယ၊ မှီ၍။ မမ သာမိကော၊ ငါ့လင်သည်။ ပန္ထေ၊ လမ်းခရီး၌။ မတော၊ သေခြင်းသို့ ရောက်ခဲ့ပြီ။ ဣတိ၊ ဤသို့ဗျာပါကြီးလျက်။ ရောဒန္တီ၊ ငိုလျက်။ ပရိဒေဝန္တီ၊ မြည်တမ်းလျက်။ ပါယာသိ၊ သွားလေ၏။

သာ၊ ထို ပဋ္ဋာစာရီသည်။ သကလရတ္တိံ၊ တညဉ့်ပတ်လုံး။ ဒေဝေန၊ မိုးသည်။ ဝုဋ္ဌတ္တာ၊ ရွာသည်၏အဖြစ်ကြောင့်။ အစိရဝတိံ နဒိံ၊ အစိရ ဝတီမြစ်ကို။ ဒိသွာ၊ ၍။ ဇဏ္ဏုပ္ပမာဏေန၊ ပုဆစ်အတိုင်းအရှည်ရှိသော။ ကဋိပ္ပမာဏေန၊ ခါး အတိုင်းအရှည်ရှိသော။ ထနပ္ပမာဏေန၊ ရင်အတိုင်း အရှည်ရှိသော။ ဥဒကေန၊ ရေဖြင့်။ ပရိပုဏ္ဏံ၊ ပြည့်သည်ကို။ ဒိသွာ၊ ၍။ အတ္တနော၊ မိမိ၏။ မန္ဒဗုဒ္ဓိတာယ၊ ပညာ နုံ့သည်၏ အဖြစ်ဖြင့်။ ဒွီဟိ- ဒါရကေဟိ၊ သားငယ်နှစ်ယောက်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဥဒကံ၊ ရေသို့။

ဩတရိတုံ၊ ကူးသွားခြင်းငှါ။ အဝိသဟန္တီ၊ မဝံ့သည်ဖြစ်၍။ ဇေဋ္ဌပုတ္တံ၊ သားအကြီးကို။ ဩရိမ တီရေ၊ ဤမှာဘက်ကမ်း၌။ ဌပေတွာ၊ ထားခဲ့၍။ ဣတရံ၊ မွေးစသားငယ်ကို။ အာဒါယ၊ ယူ၍။ ပရတီရံ၊ ထိုမှာဘက်ကမ်းသို့။ ဂန္တွာ၊ သွား၍။ သာခါဘင်္ဂံ၊ သစ်ခက်ကို။ အတ္ထရိတွာ၊ ခင်း၍။ နံ၊ ထိုသားငယ်ကို။ နိပဇ္ဇာပေတွာ၊ အိပ်စေ၍။ ဣတရဿ၊ သားအကြီး၏။ သန္တိကံ၊ အထံသို့။ ဂမိဿာမိ၊ သွားအံ့။ ဣတိ၊ ဤသို့။ ဗာလပုတ္တကံ၊ မွေးစ သားငယ်ကို။ ပဟာယ၊ ပစ်ခဲ့၍။ တရိတုံ၊ ကူးခြင်းငှါ။ အသက္ကောန္တီ၊ မတတ်နိုင်သည် ဖြစ်၍။ ပုနပ္ပုနံ၊ အဘန် တလဲလဲ။ နိဝတ္တိတွာ၊ လည်၍။ ဩလောကယမာနာ၊ ပြန်ကြည့် ပြန်ကြည့်။ ပါယာသိ၊ သွားလေ၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုသေဌေးသမီးပဋာစာရီ၏။ နဒီမဇ္ဈံ၊ မြစ်လယ်သို့။ ဂတကာလေ၊ ရောက်သောအခါ၌။ ဧကော သေနော၊ စွန်တကောင်သည်။ တံကုမာရံ၊ ထိုမွေးစ သူငယ်ကို။ ဒိသွာ၊ မြင်၍။ မံသပေသီတိ သညာယ၊ သားတစ်ဟူသော အမှတ်ဖြင့်။ အာကာသတော၊ ကောင်းကင်မှ။ ဘဿိ၊ လျှောကျ၏။ သာ၊ ထို သေဌေးသမီးသည်။ တံ၊ ထိုစွန်ကို။ ပုတ္တဿတ္ထာယ၊ သားငယ်ကို ချီ၍ပျံခြင်းအကျိုးငှါ။ ဘဿန္တံ၊ ဝဲ၍ ကျသည်ကို။ ဒိသွာ၊ မြင်၍။ ဥဘော ဟတ္ထေ၊ လက်နှစ်ဘက်တို့ကို။ ဥက္ခိပိတွာ၊ ချီ၍။ သူသူတိ၊ သူသူဟူ၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ မဟာသဒ္ဒံ၊ သည်းစွာသော အသံကို။ နိစ္ဆာရေသိ၊ မြွက်၏။ သေနော၊ စွန်သည်။ ဒူရဘာဝေန၊ ဝေးသည်၏ အဖြစ်ဖြင့်။ တံ၊ ထိုချောက်သံကို။ အသုတွာဝ၊ မကြားမူ၍လျှင်။ ကုမာရံ၊ မွေးစ သူငယ်ကို။ ဂဟေတွာ၊ ချီ၍။ ဝေဟာသံ၊ ကောင်းကင်သို့။ ဥပ္ပတိတွာ၊ ပျံ၍။ ဂတော၊ သွားလေ၏။ ဩရိမ တီရေ၊ ဤမှာဘက်ကမ်း၌။ ဌိတပုတ္တော၊ ထားခဲ့သော သားကြီးသည်။ မာတရံ၊ အမိကို။ နဒီမဇ္ဈေ၊ မြစ်လယ်၌။ ဥဘော ဟတ္ထေ၊ လက်နှစ်ဘက်တို့ကို။ ဥက္ခိပိတွာ၊ ချီ၍။ မဟာသဒ္ဒံ၊ သည်းစွာသော အသံကို။ နိစ္ဆာရယမာနံ၊ မြွက်သည်ကို။ ဒိသွာ၊ မြင်၍။ မံ၊ ငါ့ကို။ ပက္ကောသတီတိသညာယ၊ ခေါ်ပြီဟူသော အမှတ်ဖြင့်။ ဝေဂေန၊ လျင်စွာ။ ဥဒကေ၊ ရေ၌။ ပတိ၊ ဆင်း၏။ ဣတိ၊ ဤသို့။ အဿာ၊ ထိုပဋာစာရီ၏။ ဗာလ ပုတ္တံ၊ မွေးစ ဖြစ်သော ရင်သွေးသားငယ်ကို။ သေနော၊ စွန်သည်။ ဟရိ၊ ဆောင်ခဲ့ပြီ။ ဇေဋ္ဌ ပုတ္တော၊ သားကြီးသည်။ ဥဒကေန၊ ရေအယဉ်ဖြင့်။ ဝုယှော၊ မျောခဲ့ပြီ။

သာ၊ ထိုပဋ္ဌာစာရီသည်။ မေ၊ ငါ၏။ ကောပုတ္တော၊ သားငယ် တယောက်ကို။ သေနေန၊ စွန်သည်။ ဂဟိတော၊ ချီလေခဲ့ပြီ။ ကော၊ သားဘယောက်သည်။ ဥဒကေန၊ ရေဖြင့်။ ဝုယှော၊ မျောခဲ့ပြီ။ ပန္ထေ၊ သွားရာလမ်းခရီး၌။ မေ၊ ငါ၏။ ပတိ၊ လင်သည်။ မတော၊ သေခဲ့ပြီ။ ဣတိ၊ ဤသို့။ ရောဒန္တီ၊ တရှုတ်ရှုတ်ငိုလျက်။ ပရိဒေဝန္တီ၊ မြည်တမ်း လျက်။ ဂစ္ဆမာနာ၊ သွားသည်ရှိသော်။ သာဝတ္ထိတော၊ သာဝတ္ထိပြည်မှ။ အာဂစ္ဆန္တံ၊ လာသော။ ဧကံ ပုရိသံ၊ ယောကျ်ားတယောက်ကို။ ဒိသွာ၊ မြင်၍။ ပုစ္ဆိ၊ မေး၏။ တာတ၊ အမောင်။ ကတ္ထ၊ အဘယ်အရပ်၌။ ဝါ· သိကော၊ နေသည်။ အသိ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့မေး၏။ အမ္မ၊ အမိ။ သာဝတ္ထိဝါသိကော၊ သာဝတ္ထိပြည်သားသည်။ အမှိ၊ ဖြစ်၏။ ဣတိ၊ ဤသို့ဆိုလတ်သော်။ သာဝတ္ထိနဂရေ၊ သာဝတ္ထိပြည်၌။ အသုက ဝီထိယံ၊ ဤမည်သော မင်းလမ်း၌။ ဝေရူပံ၊ ဤသို့ သဘောရှိသော။ အသုက- ကုလံနာမ၊ ဤအမည်ရှိသော အမျိုးသည်။ အတ္ထိ၊ ရှိ၏။ တာတ၊ အမောင်။ တံ၊ ထိုအမျိုးကို။ ဇာနာသိ၊ သိပါ၏လော။ ဣတိ၊ ဤသို့ မေး၏။ အမ္မ၊ အမိ။ ဇာနာမိ၊ သိ၏။ တံပန၊ ထိုအမျိုးသေဋ္ဌေးကိုကား။ မာပုစ္ဆိ၊ ပြော ခြင်းငှါ အားနာ၍ မမေးစေချင်ပြီ။ အညံ၊ တပါးကို။ သစေ ဇာနာသိ၊ အကယ်၍ သိသည်ဖြစ်အံ့။ ပုစ္ဆ၊ မေးပါလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော။ မေ၊ ငါ့အား။ အညေန၊ တပါးသူဖြင့်။ ကမ္မံ၊ မေးအပ်သော အမှုသည်။ နတ္ထိ၊ မရှိ။ တာတ၊ မောင်တော်။ တဒေဝ၊ ထိုသေဋ္ဌေးမျိုးကိုသာလျှင်။ ပုစ္ဆာမိ၊ မေးလို၏။ ဣတိ၊ ဤသို့ ဆို၏။

အမ္မ၊ အမိ။ တွံ၊ သင်သည်။ အတ္တနော၊ မိမိအား။ အနာစိက္ခိတုံ၊ မကြားစေခြင်းငှါ။ နဒေသိ၊ မပေးသည်ဖြစ်အံ့။ အဇ္ဇ၊ ယနေ့။ တေ၊ သင်သည်။ သဗ္ဗရတ္တိံ၊ တညဉ့်ပတ်လုံး။ ဒေဝေါ ဝဿန္တော၊ မိုးရွာသည်ကို။ ဒိဋ္ဌော၊ မြင်၏လော။ ဣတိ၊ ဤသို့ မေးလေသော်။ တာတ၊ အမောင်။ မေ၊ ငါသည်။ ဒိဋ္ဌော၊ မြင်အပ်၏။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ မယှမေဝ၊ ငါ့အားသာသာလျှင်။ သဗ္ဗရတ္တိံ၊ အလုံးစုံညဉ့်ပတ်လုံး။ ဧသော ဝုဋ္ဌော၊ ဤမိုးစွတ်ခြင်းသည်။ ဇာတော၊ ဖြစ်သင့်၏။ ဒညဿ၊ တပါးသူအား။ နဇာယတိ၊ မဖြစ်သင့်။ မယှံပန၊ ငါ၏ကား။ ဝုဋ္ဌကာရဏံ၊ မိုးရွာခြင်း၏ အကြောင်းကို။ ပစ္ဆာ၊ နောက်မှ။ တေ၊ သင့်အား။ ကထေဿာမိ၊

ပြောအံ့။ တာဝ၊ ရှေးဦးစွာ။ မေ၊ ငါ့အား။ တေသံ သေဝ္ဂါဂေဟေ၊ ထိုသေဋ္ဌေးအိမ်၌။ ပဝတ္တိံ၊ အကြောင်းကို။ ကထေဟိ၊ ပြောဦးလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ အမ္မ၊ အမိ။ အဇ္ဇရတ္တိံ၊ ယနေ့ညဉ့်၌။ သေဋ္ဌိဥ္စ၊ သေဋ္ဌေးသည်လည်းကောင်း။ သေဋ္ဌိဘရိယဉ္စ၊ သေဋ္ဌေးမယားသည်လည်းကောင်း။ သေဋ္ဌိပုတ္တဉ္စ၊ သေဋ္ဌေးသားသည်လည်းကောင်း။ ဣတိ၊ ဤသို့။ တယောပိ ဇနေ၊ သုံးယောက်သော သူတို့ကိုလည်း။ ဝါတ-ဝုဋ္ဌိ အဝတ္ထရမာနံ၊ လေမိုးဖိခြင်းကြောင့်။ ဂေဟံ၊ အိမ်သည်။ ပတိ၊ ပြိုခဲ့လဲခဲ့၏။ တေ၊ ထိုသားမိ သားဘ သုံးယောက်တို့ကို။ ဧကစိတကသ္မိံ၊ ထင်းပုံတခု၌။ ဈာယန္တိ၊ သင်္ဂြိုဟ်ကုန်၏။ အမ္မ၊ အမိ၊ ဧသ ဓူမော၊ ဤမီးခိုးသည်။ ပညာယတိ၊ ထင်၏။ ဣတိ၊ ဤသို့ ဆို၏။ သာ၊ သေဋ္ဌေးသမီး ပဋာစာရီသည်။ တသ္မိံ ခဏေ၊ ထိုခဏ၌။ နိဝတ္ထ ဝတ္ထံ၊ ဝတ်သော ထမိတဘက်သည်။ ပတမာနံ၊ ကျွတ်၍ ကျသည်ကို။ နသဉ္ဇာနိ၊ မသိ။ ဥမ္မတ္တိက-ဘာဝံ၊ ရူးသည်၏အဖြစ်သို့။ ပတ္တွာ၊ ရောက်၍။ ယထာ ဇာတာဝ၊ ဖြစ်တိုင်းသော ဖွားတိုင်းသော ကိုယ်ဖြင့်လျှင်။

ဥဘော ပုတ္တာ ကာလင်္ကတာ၊ ပန္ထေ မယှံ ပတီ မတော၊
မာတာပိတာစ ဘာတာစ၊ ဧက စိတမှိ ဍယှရေတိ။

ဥဘော။ လ။ ဍယှရေတိ၊ ရေဟူ၍။ ရောဒန္တီ၊ ငိုလျက်။ ပရိဒေဝန္တီ၊ မြည်တမ်းလျက်။

(ဂါထာ အနက်ကား-) ဥဘောပုတ္တာ၊ သားနှစ်ယောက်တို့သည်။ ကာလင်္ကတာ၊ သေခဲ့ကုန်ပြီ။ မယှံ၊ ငါ၏။ ပတိ၊ လင်သည်။ ပန္ထေ၊ သွားရာလမ်းခရီး၌။ မတော၊ သေခဲ့ပြီ။ မာတာပိတာစ၊ အမိအဘတို့သည်လည်းကောင်း။ ဘာတာစ၊ မောင်သည်လည်းကောင်း။ ဧကစိတမှိ၊ ထင်းပုံတခု၌။ ဍယှရေ၊ သင်္ဂြိုဟ်၍ လောင်လေကုန်ပြီ။

ဝိလပန္တီ၊ ယောင်ယမ်းမြည်တမ်းလျက်။ ပရိဗ္ဘမိ၊ ချာချာလည်၏။ မနုဿာ၊ လူတို့သည်။ တံ၊ ထိုအရူးမ ပဋာစာရီကို။ ဒိသွာ၊ မြင်၍။ ဥမ္မတ္တိကာ ဥမ္မတ္တိကာတိ၊ အရူးမ အရူးမ ဟူ၍။ ကစဝရံ၊ တံမြက်ချေးအမှိုက်ကို။ ဂဟေတွာ၊ ယူ၍။ ပံသုံ၊ မြေမှုန့်ကို။ ဂဟေတွာ၊ ယူ၍။ မတ္ထကေ၊ ဦးခေါင်းပေါ်၌။ ဩကိရန္တာ၊ ကြဲကုန်လောင်းကုန်လျက်။ လေဍ္ဍုဟိ၊

အုတ်ခဲ,လှန်ကန်တို့ဖြင့်။ ပဟရန္တိ၊ ပစ်ခတ်ကုန်၏။ သတ္ထာ၊ ဘုရားသဗ္ဗညု
သည်။ ဇေတဝနေ မဟာဝိဟာရေ၊ ဇေတဝန်မည်သောကျောင်းကြီး၌။ အဋ္ဌ
ပရိသမဇ္ဈေ၊ ပရိသတ်ရှစ်ပါးတို့၏ အလယ်၌။ နိသီဒိတွာ၊ နေတော်မူ၍။
ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောသည်ရှိသော်။ အာဂစ္ဆမာနံ၊ ရောက်
လာသော။ ကပ္ပသတသဟဿံ၊ ကမ္ဘာတသိန်း ကာလပတ်လုံး။ ပူရိတ-
ပါရမိံ၊ ဖြည့်အပ်သော ပါရမီရှိသော။ အဘိနီဟာရသမ္ပန္နံ၊ ဆုတောင်း
နှင့် ပြည့်စုံသော။ တံ၊ ထိုပဋ္ဌာစာရီကို။ အဒ္ဒသ၊ မြင်တော်မူ၏။

သာ၊ ထိုပဋ္ဌာစာရီသည်။ ပဒုမုတ္တရ ဗုဒ္ဓကာလေ၊ ပဒုမုတ္တရဘုရား
လက်ထက်၌။ ပဒုမုတ္တရသတ္ထာရာ၊ ပဒုမုတ္တရဘုရားသည်။ ဧကံ ဝိနယဓရ-
ထေရိံ၊ ဝိနည်းမိုရ်ထေရီမတယောက်ကို။ ဗာဟာယ၊လကျာလက်တော်ဖြင့်။
ဂဟေတွာ၊ ချီ၍။ နန္ဒနဝနေ၊ နန္ဒဝန်ဥယျာဉ်၌။ ဌပေန္တိယာ၊ ထားသကဲ့သို့။
ဧတဒဂ္ဂဋ္ဌာနေ၊ ဧတဒဂ်အရာ၌။ ဌပိယမာနံ၊ ထားသည်ကို။ ဒိသွာ၊ မြင်၍။
အဟံပိ၊ ငါသည်လည်း။ တုမှာဒိသဿ၊ အရှင်ဘုရားကဲ့သို့သော။ ဗုဒ္ဓဿ၊
ဘုရား၏။ သန္တိကေ၊ အထံ၌။ ဝိနယဓရထေရီနံ၊ ဝိနည်းကို ဆောင်ကုန်
သော မထေရ်မတို့၏။ အန္တေ၊ အတွင်း၌။ အဂ္ဂဋ္ဌာနံ၊ မြတ်သော အရာကို။
လဘေယျံ၊ ရလိုပါ၏။ ဣတိ၊ ဤသို့။ အဘိကာရံ ကတွာ၊ ဆုတောင်းခြင်းကို
ပြု၍။ ပတ္ထနံ၊ တောင့်တခြင်းကို။ ဌပေသိကိရ၊ ထားသတတ်။ ပဒုမုတ္တရ-
ဗုဒ္ဓေါ၊ ပဒုမုတ္တရ ဘုရားသည်။ အနာဂတံသ ဉာဏံ၊ အနာဂတံသ ဉာဏ်ကို။
ပတ္ထရိတွာ၊ ဖြန့်၍။ ပတ္ထနာယ၊ ဆုတောင်းခြင်း၏။ သမိဇ္ဈနဘာဝံ၊ ပြည့်စုံအံ့
သော အဖြစ်ကို။ ဉတွာ၊ သိ၍။ အနာဂတေ၊ နောင်အခါ၌။ ဂေါတမ-
ဗုဒ္ဓဿ နာမ၊ ဂေါတမ မည်သော ဘုရား၏။ သာသနေ၊ သာသနာ၌။ အယံ၊
ဤသူသည်။ ပဋ္ဌာစာရီနာမေန၊ ပဋ္ဌာစာရီအမည်ဖြင့်။ ဝိနယဓရထေရီနံ၊
ဝိနည်းမိုရ်ထေရီမတို့တွင်"ထေရီမတို့ထက်"။အဂ္ဂါ၊မြတ်သောတပည့်မသည်။
ဘဝိဿတိ၊ ဖြစ်လတ္တံ့။ဣတိဗျာကာသိ၊ ဤသို့ကြား၏။ ဧဝံ၊ဤသို့။ ပတ္ထိတ-
ပတ္ထနံ၊ တောင့်တအပ်သော ဆုတောင်းခြင်းရှိသော။ အဘိနီဟာရသမ္ပန္နံ၊
ဆုတောင်းခြင်းနှင့်ပြည့်စုံသော။ တံ၊ ထိုပဋ္ဌာစာရီကို။ သတ္ထာ၊ ဘုရား
သည်။ ဒူရတောဝ၊ အဝေးမှလျှင်။ အာဂစ္ဆန္တိံ၊ လာသည်ကို။ ဒိသွာ၊
မြင်၍။ ဣမိဿာ၊ ဤပဋ္ဌာစာရီသည်။ မံ၊ - ငါဘုရားကို။ ဌပေတွာ၊
ထား၍။ အညော၊ တပါးသော။ အဝဿယော၊ ကိုးကွယ်ရာသည်။ ဘဝိ-

တံ၊ ဖြစ်ခြင်းငှါ။ သမတ္တောနာမ၊ စွမ်းနိုင်သူမည်သည်။ နတ္ထိ၊ မရှိ။ ဣတိ- စိန္တေတွာ၊ ဤသို့ ကြံစည်တော်မူ၍။ တံ၊ ထိုပဋာစာရီကို။ ယထာ၊ အကြင် အခြင်းဖြင့်။ ဝိဟာရာဘိမုခံ၊ ကျောင်းသို့ရှေးရှု။ အာဂစ္ဆတိ၊ လာရာ၏။ ဧဝံ၊ ဤအခြင်းဖြင့်။ အကာသိ၊ ပြု၏။ ပရိသာ၊ ပရိသတ်တို့သည်။ တံ၊ ထိုပဋာစာရီကို။ ဒိသွာဝ၊ မြင်၍လျှင်။ ဣမိဿာ ဥမ္မတ္တိကာယ၊ ဤ အရူးမသည်။ ဣတော၊ ဤဘုရားရှိရာသို့။ အာဂန္တုံ၊ လာစေခြင်းငှါ။ မာဒဒိတ္ထ၊ မပေးလင့်ကုန်။ ဣတိအာဟံသု၊ ဤသို့ဆိုကုန်၏။ သတ္ထာ၊ ဘုရားသည်။ အပေထ၊ ဖဲကြကုန်လော့။ နံ၊ ထိုပဋာစာရီကို။ မာဝါရ- ယိတ္ထ၊ မမြစ်မဆီးတားကုန်လင့်။ ဣတိဝတွာ၊ ဤသို့ မိန့်၍။ အဝိဒူရဋ္ဌာနံ၊ မနီးမဝေးသောအရပ်သို့။ အာဂတကာလေ၊ ရောက်သောအခါ၌။ ဘဂိနိ၊ ဒါယိကာမ။ သတိံ၊ သတိကို။ ပဋိလဘ၊ ရလော့။ ဣတိအာဟ၊ ဤသို့ မိန့်၏။

သာ၊ ထိုပဋာစာရီသည်။ တံခဏံယေဝ၊ ထိုခဏ၌လျှင်။ ဗုဒ္ဓါနုဘာ- ဝေန၊ ဘုရားအာနုဘော်ဖြင့်။ သတိံ၊ သတိကို။ ပဋိလဘိ၊ ရ၏။ တသ္မိံ- ကာလေ၊ ထိုအခါ၌။ နိဝတ္ထ ဝတ္ထဿ၊ ဝတ်သောအထမီ၏။ ပတိတဘာဝံ၊ ကျွတ်၍ကျသည်၏ အဖြစ်ကို။ သလ္လက္ခေတွာ၊ မှတ်၍။ ဟိရောတ္တပ္ပံ၊ အရှက် အကြောက်ကို။ ပစ္စုပဋ္ဌာပေတွာ၊ ဖြစ်စေ၍။ ဥက္ကုဋိကံ၊ ကြုံ့ကြုံ့။ နိသီဒိ၊ နေ၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုပဋာစာရီအား။ ဧကော ပုရိသော၊ ယောကျ်ားတယောက်သည်။ ဥတ္တရသာဋကံ၊ အပေါ်ရုံပုဆိုးကို။ ခိပိ၊ ပစ်၏။ သာ၊ ထိုပဋာစာရီသည်။ တံ၊ ထိုပုဆိုးကို။ နိဝါသေတွာ၊ ဝတ်၍။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ သုဝဏ္ဏာဝဏ္ဏေသု၊ ရွှေအဆင်း နှင့်တူသော အဆင်းရှိကုန်သော။ သတ္ထုပါဒေသု၊ ဘုရား၏ခြေတော်တို့၌။ ပဉ္စပတိဋ္ဌိတေန၊ ငါးပါးသော တည်ခြင်းဖြင့်။ဝန္ဒိတွာ၊ရှိခိုး၍။ဘန္တေ၊အရှင် ဘုရား။ မေ၊ အကျွန်ုပ်၏။ အဝဿယော၊ မှီခိုရာသည်။ ဟောထ၊ ဖြစ်ပါ ကုန်လော့။ မေ၊ အကျွန်ုပ်၏။ ပတိဋ္ဌာ၊ တည်ရာသည်။ ဟောထ၊ ဖြစ်ပါ ကုန်လော့။ ဟိ၊ ထိုစကားသင့်စွ။ မေ၊ အကျွန်ုပ်၏။ ဧကံ ပုတ္တကံ၊ သား တယောက်ကို။ သေနော၊ စွန်သည်။ ဂဏှိ၊ ချီခဲ့ပြီ။ ဧကော၊ သား တယောက်သည်။ ဥဒကေန၊ ရေဖြင့်။ ဝုဠှော၊ မျောလေပြီ။ ပန္ထေ၊ လမ်းခရီး၌။ မေ၊ အကျွန်ုပ်၏။ ပတိ၊ လင်သည်။ မတော၊ သေခဲ့၏။ မာတာပိတရောစ၊ မိဘတို့သည်လည်းကောင်း။ မေ၊ အကျွန်ုပ်၏။ ဘာ-

တာစ၊ မောင်သည်လည်းကောင်း။ ဂေဟေန၊ အိမ်ဖြင့်။ အဝတ္ထဋ္ဌာ၊ ဖိမိလေကုန်လျက်။ ကေ စိတသိ ၊ တခုသော ထင်းပုံ၌။ ဈာယန္တိ၊ သဂြိုဟ်ကုန်၏။ ဣတိ၊ ဤသို့လျှောက်၏။

သတ္ထာ၊ ဘုရားသည်။ တဿာ၊ ထိုပဋ္ဌာစာရီ၏။ ဝစနံ၊ စကားကို။ သုတွာ၊ ကြား၍။ ပဋ္ဌာစာရေ၊ ပဋ္ဌာစာရီ။ မာစိန္တယိ၊ မစိုးရိမ်လင့်။ တာဝ၊ ရှေးဦးစွာ။ တာဏံ၊ ပုန်းအောင်းရာသည်။ သရဏံ၊ ကိုးကွယ်ရာသည်။ အဝဿယော၊ မှီခိုရာသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ သမတ္ထဿ၊ စွမ်းနိုင်သော ဘုရား၏။သန္တိကံဝေ၊ အထံသို့လျှင်။ အာဂတာ၊ ရောက်လာသည်။ အသိ၊ ဖြစ်၏။ ဣတိ၊ ဤသို့မိန့်၏။ ဟိ၊ ထိုစကားသင့်စွ။ ဣဒါနိ၊ ယခုအခါ၌။ တဝ၊ သင်၏။ ဧကော ပုတ္တကော၊ သားတယောက်ကို။ သေနေန၊ စွန်သည်။ ဂဟိတောယထာ၊ ချီသကဲ့သို့။ ဧကော၊ သားတယောက်သည်။ ဥဒကေန၊ ရေဖြင့်။ ဝုယှောယထာ၊ မျောသကဲ့သို့။ ပန္ထေ၊ လမ်းခရီး၌။ ပတိ၊ လင်သည်။ မတောယထာ၊ သေသကဲ့သို့။ မာတာပိတရောစေဝ၊ မိဘတို့သည်လည်းကောင်း။ ဘာတာစ၊ မောင်သည်လည်းကောင်း။ ဂေဟေန၊ အိမ်ဖြင့်။ အဝတ္ထဋ္ဌာယထာ၊ ဖိမိသကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဣမသိ ံ သံသာရေ၊ ဤသံသရာ၌။ ပုတ္တာဒီနံ၊ သားစသော သူတို့၏။ မတကာလေ၊ သေသောအခါ၌။ တဝ၊ ၏။ ရောဒန္တိယာ၊ ငိုကြွေးသည်ရှိသော်။ ပဂ္ဃရိတအဿု၊ ယိုသော မျက်ရည်သည်။ စတုန္နံ မဟာသမုဒ္ဒါနံ၊ မဟာသမုဒ္ဒရာ လေးစင်းတို့၏။ ဥဒကတော၊ ရေထက်။ ဗဟုတရံ၊ လွန်စွာများ၏။ ဣတိဝတွာ၊ ဤသို့ဆို၍။ ဣမံ-ဂါထံ၊ ဤဂါထာကို။ အာဟ၊ ဟောတော်မူ၏။

ပဋ္ဌာစာရေ၊ ပဋ္ဌာစာရီ။ ဒုက္ခေန၊ ဆင်းရဲခြင်းဖြင့်။ ဖုဋ္ဌဿ၊ တွေ့သော။ နရဿ၊ သတ္တဝါအား။ သောစနာ၊ စိုးရိမ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ တတော၊ ထိုစိုးရိမ်ခြင်းကြောင့်ဖြစ်သော။ အဿုဇလံ၊ မျက်ရည်သည်။ အနပ္ပကံ၊ အတိုင်းမသိ။ ဗဟုံ၊ များ၏။ စတူသု သမုဒ္ဒေသု၊ တို့၌။ ဇလံ၊ ရေသည်။ ပရိတ္တကံ၊ နည်းစွာ၏။ အမ္မ၊ ချစ်သမီး။ တုဝံ၊ သင်သည်။ ကိံ-ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ ပမဇ္ဇသိ၊ မေ့လျော့ဘိသနည်း။ ဣတိ၊ ဤသို့ မိန့်တော်မူ၏။

ဧဝံ၊ ဤသို့၊ သတ္ထရိ၊ ဘုရားသည်။ အနမတဂ္ဂ ပရိယာယံ၊ အနမတဂ္ဂသုတ္တန်ကို။ ကထေန္တေ၊ ဟောသည်ရှိသော်။ တဿာ၊ ထိုပဋ္ဌာစာရီ၏။

သရီရေ၊ ကိုယ်၌။ သောကော၊ စိုးရိမ်ခြင်းသည်။ တနုတ္တံ၊ ခေါင်းပါးသည်၏အဖြစ်သို့။ အဂမာသိ၊ ရောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုပဋာစာရီကို။ တနုဘူတ သောကံ၊ ခေါင်းပါးသော စိုးရိမ်ခြင်း ရှိသည်ကို။ ဉတွာ၊ သိ၍။ ပုန၊ တဖန်။ သတ္ထာ၊ ဘုရားသည်။ အာမန္တေတွာ။ ခေါ်၍။ ပဋာစာရေ၊ ပဋာစာရီ။ ပုတ္တာဒယောနာမ၊ သားအစရှိသော သူတို့မည်သည်။ ပရလောကံ၊ တမလွန်ဘဝသို့၊ ဂစ္ဆန္တဿ၊ သွားသောသူ၏။ တာဏံဝါ၊ စောင့်ရှောက်ရာသည်လည်းကောင်း။ လေဏံဝါ၊ ပုန်းအောင်းရာ သည်လည်းကောင်း။ သရဏံဝါ၊ ကိုးကွယ်ရာသည်လည်းကောင်း။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ န သက္ကောန္တိ၊ မတတ်နိုင်ကုန်။ တသ္မာ၊ ထို့ကြောင့်။ တေ၊ ထိုသားသမီးစသည်တို့သည်။ ဝိဇ္ဇမာနာပိ၊ ထင်ရှားရှိကုန်သော်လည်း။ န သန္တိယေဝ၊ မရှိသည်မည်ကုန်သည် သာလျှင်တည်း။ ပဏ္ဍိတေနပန၊ ပညာရှိသော သူသည်ကား။ သီလံ၊ သီလကို။ ဝိသောဓေတွာ၊ သုတ်သင်၍။ အတ္တနော၊ မိမိ၏။ နိဗ္ဗာနဂါမိမဂ္ဂမေဝ၊ နိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းခရီးကိုသည်လျှင်။ သောဓေတုံ၊ သုတ်သင်ခြင်းငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်တော်မူ၍။ ဓမ္မံ၊ တရားကို။ ဒေသေန္တော၊ ဟောလိုရကား။ ဣမာဂါထာ၊ ဤဂါထာတို့ကို။ အဘာသိ၊ ဟောတော်မူ၏။

အန္တကေန၊ သေမင်းသည်။ အဓိပန္နဿ၊ နှိပ်စက်သောသူအား။ ပုတ္တာ၊ သားသမီးတို့သည်။ တာဏာယ၊ စောင့်ရှောက်ခြင်းငှါ။ န သန္တိ၊ မရှိကုန်။ ပိတာ၊ အမိအဘတို့သည်။ တာဏာယ၊ ငှါ။န သန္တိ၊ ကုန်။ ဗန္ဓဝါ၊ တို့သည်။ တာဏာယ၊ ငှါ၊ န သန္တိ၊ ကုန်။ ဉာတီသု၊ အပေါင်းအဖော်တို့၌။ တာဏာယ၊ ၏အဖြစ်သည်။ နတ္ထိ၊ မရှိ။

ဥရဂေါဝ၊ မြွေသည်လျှင်။ ဇိဏ္ဏံ၊ ဟောင်းမြင်းပြီးသော။ တစံ၊ အရေကို။ဟိတွာ၊ စွန့်၍။ သန္တနံ၊ အသစ်ဖြင်သော အရေနုသော ကိုယ်အဖြစ်သို့။ ဂစ္ဆတိယထာ၊ ရောက်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သရီရေ၊ ကိုယ်သည်။ နိဗ္ဗောဂေ၊ ခန္ဓာငါးပါးကင်းလတ်သော်။ ပေတေ ကာလင်္ကတေ၊ သေခြင်းသည်။ သတိ၊ ရှိသော်။ ဉာတီနံ၊ ပေါက်ဖော်သားချင်းတို့၏။ ပရိဒေဝိတံ၊ ငိုကြွေးကုန်စဉ်။ မညိ၊ မထီမဲ့မြင်။ ဇနာ၊ လူတို့သည်။ ဥယမာနာ၊ သင်္ဂြိုဟ်ခြင်းငှါ အလိုရှိကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ယော၊ အကြင် သူသည်။ ဂတော၊ တမလွန်ဘဝသို့သွား၏။ တဿ၊ ထိုသူ၏။ ယာဂတိ၊ အကြင်

လားရာဘဝသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုလားရာဂတိကို။ န သောစာမိ၊ မစိုးရိမ်လင့်။ ။(ဤဥရဂေါ စသော နှစ်ဂါထာသည် အချို့အဋ္ဌကထာ၌ ပါဟန်ထင်၏။ အချို့မှာ မပါ။)

ဧတမတ္ထဝသံ၊ ဤအကြောင်းထူးကို။ ဉတွာ၊ သိ၍။ ပဏ္ဍိတော၊ ပညာရှိသောသူသည်။ သီလသံဝုတော၊ သီလကိုရိုသေစွာ စောင့်ရှောက်ထိန်းသိမ်းလျက်။ နိဗ္ဗာနဂမနံမဂ္ဂံ၊ နိဗ္ဗာန်သို့သွားရာ လမ်းခရီးကို။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ ဝိသောဓယေ၊ သုတ်သင်ရာ၏။ ဣတိအဘာသိ၊ ဤသို့ ဟော၏။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ပဋာစာရီ၊ ပဋာစာရီသည်။ မဟာပထဝိယံ၊ မြေကြီး၌။ ပံသုပရိမာဏော၊ မြေမှုန့်အတိုင်းအရှည်ရှိသော။ ကိလေသေ၊ ကိလေသာတို့ကို။ ဈာပေတွာ၊ မဂ်ဉာဏ်ဖြင့် အကျွမ်း လောင်စေ၍။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဗဟူ၊ များစွာသောသူတို့သည်။ သောတာပတ္တိဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ သာပန၊ ထိုပဋာစာရီသည်ကား။ သောတာပန္နာဟုတွာ၊ သောတာပန်ဖြစ်၍။ သတ္ထာရံ၊ ဘုရားကို။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊ တောင်းပန်၏။ သတ္ထာ၊ ဘုရားသည်။ တံ၊ ထိုပဋာစာရီကို။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့၏။ သန္တိကံ၊ အထံသို့။ ပဟိဏိတွာ၊ စေလွှတ်၍။ ပဗ္ဗာဇေသိ၊ ရဟန်းပြုစေ၏။ သာ၊ ထိုပဋာစာရီသည်။ လဒ္ဓူပသမ္ပဒါ၊ ပဉ္စင်းဖြစ်ပြီးသော်။ ပဋိတာ စာရတ္တာ၊ လိမ္မာသော အကျင့်ရှိခြင်းကြောင့်။ ပဋာစာရီတေွဝ၊ ပဋာစာရီဟူ၍သာလျှင်။ နာမံ၊ အမည်သည်။ ပညာယိ၊ ထင်ရှား၏။ သာ၊ ထိုပဋာစာရီသည်။ ဧကဒိဝသံ၊ တနေ့သ၌။ ကုဋေန၊ အိုးဖြင့်။ ဥဒကံ၊ ရေကို။ အာဒါယ၊ ယူ၍။ ပါဒေ၊ ခြေတို့ကို။ ဓောဝန္တီ၊ ဆေးသည်ရှိသော်။ အာသိဉ္စိတံ၊ သွန်းလောင်းအပ်သော။ ဥဒကံ၊ ရေသည်။ ထောကံဌာနံ၊ အတန်ငယ် အရပ်သို့။ ဂန္တွာ၊ ၍။ ပစ္ဆိဇ္ဇိ၊ ပြတ်၏။

ဒုတိယဝါရေ၊ နှစ်ကြိမ်မြောက်၌။ အာသိတ္တံ၊ သွန်းအပ်သော ရေသည်။ တတော၊ ထို့ထက်။ ဒူရတရံ၊ ဝေးသော အရပ်သို့။ အဂမာသိ၊ ၏။ တတိယဝါရေ၊ သုံးကြိမ်မြောက်၌။ အာသိတ္တံ၊ သွန်းအပ်သောရေသည်။ တတောပိ၊ ထိုထက်လည်း။ ဒူရတရံ၊ဝေးစွာအရပ်သို့။အဂမာသိ၊ ရောက်၏။

ဣတိ၊ ဤသို့သော အခြင်းအရာဖြစ်။ သာ၊ ထိုပဋာစာရီသည်။ တဒေဝအာရမ္မဏံ၊ ထိုရေအတိုင်းအရှည် ရောက်သော အာရုံကို။ ဂဟေတွာ၊ ယူ၍။ တယော ဝယေ၊ အရွယ်သုံးပါး တို့ကို။ ပရိစ္ဆိန္ဒိတွာ၊ ပိုင်းခြား၍။ မယာ၊ ငါသည်။ ပဌမံ အာသိတ္တံ၊ ရှေးဦးစွာသွန်အပ်သော။ ဥဒကံဝိယ၊ ရေကဲ့သို့။ ဣမေသတ္တာ၊ ဤသတ္တဝါတို့သည်။ ပဌမ ဝယေပိ၊ ပဌမ အရွယ်၌လည်း။ မရန္တိ၊ သေကုန်၏။ တတော၊ ထိုရေထက်။ ဒူရတရံ၊ ဝေးသော အရပ်သို့။ ဂတံ၊ စီးသော။ ဒုတိယဝါရေ၊ နှစ်ကြိမ်မြောက်၌။ အာသိတ္တံ၊ သွန်းအပ်သော။ ဥဒကံဝိယ၊ ရေကဲ့သို့။ မဇ္ဈိမ ဝယေပိ၊ မဇ္ဈိမ အရွယ်၌လည်း။ မရန္တိ၊ သေကုန်၏။ တတော၊ ထိုထက်။ ဒူရတရံ၊ ဝေးစွာအရပ်သို့။ ဂတံ၊ စီးသော။ တတိယဝါရေ၊ သုံးကြိမ်မြောက်၌။ အာသိတ္တံ၊ သွန်းလောင်းအပ်သော။ ဥဒကံဝိယ၊ ရေကဲ့သို့။ ပစ္ဆိမ ဝယေပိ၊ ပစ္ဆိမ အရွယ်၌လည်း။ မရန္တိဧဝ၊ သေကုန်သည်သာလျှင်တည်း။ ဣတိစိန္တေသိ၊ ဤသို့ကြံ၏။ သတ္ထာ၊ ဘုရားသည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နောဝ၊ နေလျက်လျှင်။ ဩဘာသံ၊ ကိုယ်ရောင်ကို။ ဖရိတွာ၊ နှံ့စေ၍။ တဿာ၊ ထိုပဋာစာရီ၏။ သမ္မုခေ၊ မျက်မှောက်၌။ ဌတွာ၊ ရပ်၍။ ကထေန္တောဝိယ၊ ဟောသကဲ့သို့။ ပဋာစာရေ၊ ပဋာစာရီ။ ဧတံ၊ ဤအကြံသည်။ ဧဝံ၊ ကြံတိုင်းသာလျှင်မှန်၏။ ပဉ္စန္နံပိ ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏လည်း။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ အပဿန္တဿ၊ မမြင်သောသူအား။ ဝဿသတံ၊ အနှစ်တရာ တိုင်တိုင်။ ဇီဝနတော၊ အသက်ရှင်ခြင်းထက်။ တေသံ၊ ထိုခန္ဓာငါးပါးတို့၏။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿန္တဿ၊ မြင်သော သူ၏။ ဧကာဟံပိ၊ တရက်မျှလည်း။ ဧကက္ခဏံပိ၊ တခဏမျှလည်း။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည် သေယျော၊ မြတ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်၍။ အနုသန္ဓိံ၊ အနုသန္ဓေကို။ ဃဋေတွာ၊ စပ်၍။ ဓမ္မံ ဒေသေန္တော၊ တရား ဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ။ မိန့်၏။

၁၁၃။ ယော စ၊ အကြင်သူ သည်လည်း။ ဥဒယဗ္ဗယံ၊ အဖြစ် အပျက်ကို။ အပဿံ၊ မရှုဘဲ။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝေ၊ အသယ် ရှင်ငြားအံ့။ နသေယျော၊ မမြတ်။ ဥဒယဗ္ဗယံ၊ အဖြစ်အပျက်ကို။ ပဿတော၊ ရှုသောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

တတ္ထ၊ ထိုဂါထာ၌။ အပဿံ ဥဒယဗ္ဗယန္တိ၊ ဟူသည်ကား။ ပဉ္စန္နံ-ခန္ဓာနံ၊ ခန္ဓာငါးပါးတို့၏။ ပဉ္စဝီသတိယာ လက္ခဏေဟိ၊ နှစ်ဆယ့် ငါးပါးသော လက္ခဏာတို့ဖြင့်။ ဥဒယဥ္စ၊ အဖြစ်ကို လည်းကောင်း။ ဝယဥ္စ၊ အပျက်ကို လည်းကောင်း။ အပဿန္တဿ၊ မရှုမူ၍။ ပဿတော ဥဒ-ယဗ္ဗယန္တိ၊ ဟူသည်ကား တေသံ၊ ထိုခန္ဓာတို့၏၊ ဥဒယဥ္စ ဝယဥ္စ၊ အဖြစ် အပျက်ကိုလည်း။ ပဿန္တဿ၊ ရှုသောသူ၏။ ဧတရဿ၊ မရှုသောသူ၏။ ဇီဝနတော၊ အသက် ရှင်ခြင်းထက်။ ကောဟံပိ ဇီဝိတံ၊ တရက်မျှ အသက်ရှင်ခြင်း သည်လည်း။ သေယျော၊မြတ်၏။ ဣတိ၊ ဤကား ဂါထာ အနက်တည်း။ ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ပဋာစာရီ၊ သည်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏိ၊ ရောက်၏။

ဒွါဒသမံ၊ သော။ ပဋာစာရီထေရိဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

---

### ၈-သဟဿဝဂ္ဂ၊ ၁၃-ကိသာဂေါတမီ ဝတ္ထု

အနုသန္ဓေ..ပဋာစာရီ ဝတ္ထု၌ဟောရာဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ကိသာဂေါတမီဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယောစဝဿ သတံ-စသည်ကိုမိန့်အပ်၏။

ယောစ ဝဿသတံ ဇီဝေတိ ဣမံ ဓမ္မဒေသနံ၊ ဇီဝေ-စသော ဤ တရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ကိသာဂေါတမိံ၊ ကိသာဂေါတမီကို။ အာ-ရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ကေဿ-သေဋ္ဌိဿ၊ သေဋ္ဌေးတယောက်၏။ ဂေဟေ၊ အိမ်၌။ စတ္တာလီသ ကော-ဋိဓနံ၊ ကုဋေလေးဆယ်သော ဥစ္စာသည်။ အင်္ဂါရာဝေ ဟုတွာ၊ မီးသွေး ဖြစ်ကုန်၍လျှင်။ အဋ္ဌာသိ၊ တည်၏။ သေဋ္ဌိ၊ သေဋ္ဌေးသည်။ တံ ထိုမီးသွေး ကို။ ဒိသွာ၊ မြင်၍။ ဥပ္ပန္န သောကော၊ စိုးရိမ်ခြင်းဖြစ်၍။ အာဟာရံ၊ အာဟာရကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ မဉ္စကေ၊ ညောင်စောင်း၌။ နိပဇ္ဇိ၊

အိပ်၏။ တဿ၊ ထိုသေဌေး၏။ ဧကော သဟာယကော၊ အဆွေခင်ပွန်း တယောက်သည်။ ဂေဟံ၊ အိမ်သို့။ အာဂန္တွာ၊ လာ၍။ သမ္မ၊ သူငယ်ချင်း ရှင်သေဌေး။ ကသ္မာ၊ အဘယ့်ကြောင့်။ သောစတိ၊ စိုးရိမ်သနည်း။ ဣတိပုစ္ဆိတွာ၊ ဤသို့မေး၍။ တံပဝတ္တိံ၊ ထိုအကြောင်းကို။ သုတွာ၊ ၍။ သမ္မ၊ သူငယ်ချင်း။ မာသောစိ၊ လင့်။ အဟံ၊ ငါသည်။ ဧကံဥပါယံ၊ တခုသောအကြောင်းကို။ ဇာနာမိ၊ သိ၏။ တံ၊ ထိုအမှုကို။ ကရောဟိ၊ ပြုလော့။ ဣတိ၊ ဤသို့ ဆိုလတ်သော်။ သမ္မ၊ အချင်း။ ကိံကရောမိ၊ အဘယ်သို့ ပြုရအံ့နည်း။ ဣတိ၊ ဤသို့မေး၏။ အတ္တနော၊ မိမိ၏။ အာပဏေ၊ အိမ်ဈေး၌။ ကိလဉ္ဇံ၊ ဖျာကို။ ပသာရေတွာ၊ ဖြန့်၍။ တတ္ထ၊ ထိုဖျာ၌။ တေ အင်္ဂါရေ၊ ထိုမီးသွေးတို့ကို။ ရာသိံကတွာ၊ အစုပြု၍။ ဝိက္ကိဏန္တောဝိယ၊ ရောင်းသကဲ့သို့။ နိသီဒ၊ နေလော့။ အာဂတာဂတေသု၊ လာကုန် လာကုန်သော။ မနုဿေသု၊ လူတို့တွင်။ ယေ၊ အကြင်သူ တို့သည်။ ဧဝံ ဝဒန္တိ၊ ဤသို့ဆိုကုန်အံ့။ သေသဇနာ၊ ကြွင်းသောလူတို့ သည်။ ဝတ္ထ တေလ မဓု ဖာဏိတာဒီနိ၊ အဝတ် ဆီ, ပျား, တင်လဲ စသည်တို့ကို။ ဝိက္ကိဏန္တိ၊ ရောင်းကုန်၏။ တွံပန၊ သင်သည်ကား။ အင်္ဂါရေ၊ မီးသွေးတို့ကို။ ဝိက္ကိဏန္တော၊ ရောင်းလျက်။ နိသိန္နော၊ နေဘိ၏။ ဣတိ- ဤသို့ဆိုကုန်အံ့။ တေ၊ ထိုသူတို့ကို။ ဝဒေယျာသိ၊ ဆိုလေလော့။ အတ္တနော၊ မိမိ၏။ သန္တကံ၊ ဥစ္စာကို။ အဝိက္ကိဏန္တော၊ မရောင်းသည် ရှိသော်။ ကိံကရောမိ၊ အဘယ်ပြုရအံ့နည်း။ ဣတိ၊ ဤသို့ဆိုလော့။

ယောပန၊ အကြင်သူသည်ကား။ တံ၊ သင့်ကို။ ဧဝံဝဒတိ၊ ဤသို့ဆိုရာ ၏။ သေသဇနာ၊ ကြွင်းသော လူတို့သည်။ ဝတ္ထ တေလ မဓုဖာဏိတာ ဒီနိ၊ အဝတ်, ဆီ, ပျား, တင်လဲ စသည်တို့ကို။ ဝိက္ကိဏန္တိ၊ ရောင်းကုန် ၏။ တွံပန၊ သင်သည်ကား။ ဟိရည သုဝဏ္ဏံ၊ ရွှေ, ငွေကို။ ဝိက္ကိဏန္တော၊ ရောင်းလျက်။ နိသိန္နော၊ နေ၏။ ဣတိ၊ ဤသို့ ဆိုကုန်ရာ၏။ တံ၊ ထိုသူကို။ ဧဝံဝဒေယျာသိ၊ ဤသို့ဆိုလေလော့။ ဟိရည သုဝဏ္ဏံ၊ ရွှေ, ငွေသည်။ကဟံ၊ အဘယ်မှာနည်း။ ဣတိ ၊ဤသို့မေးသော်။ ဣဒံ၊ ဤသည်သာလျှင်တည်း။ ဣတိစ၊ဤသို့လည်း။ဝုတ္တေ၊ဆိုလတ်သော်။နံ၊ ဘိုရွှေ,ငွေကို။တာဝအာဘရ၊ ဆောင်ခဲ့လော့။ ဣတိ၊ ဤသို့ဆို၍။ဟတ္ထေဟိ၊ လက်တို့ဖြင့်။ ပဋိစ္ဆေယျာသိ၊ ခံလေလော့။ ဧဝံ၊ ဤသို့။ ဒိန္နံ၊ ပေးအပ်သည်ရှိသော်။ တာ၊ သင်၏။

ဟတ္ထေ၊ လက်၌။ ဟိရညသုဝဏ္ဏံ၊ သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သာ-
ပန၊ ထိုသူသည်ကား။ ကုမာရိကာ၊ သတို့သမီးသည်။ သစေဟောတိ၊
အကယ်၍ဖြစ်အံ့။ တဝဂေဟေ၊ သင့်အိမ်၌။ ပုတ္တဿ၊ သားအား။ နံ၊
ထိုသတို့သမီးငယ်ကို။ အာဟရိတွာ၊ ဆောင်၍။ စတ္တာလီသ ကောဋိဓနံ၊
ကုဋေ လေးဆယ်သောဥစ္စာကို။ တဿ၊ ထိုသတို့သမီးငယ်အား။ နိယျာ-
ဒေတွာ၊ ဆောက်နှင်း၍။ တာယ၊ ထိုသတို့သမီးငယ်သည်။ ဒိန္နံ၊ ပေးအပ်
သော အသုံးအဆောင်ကို။ ဝလဉ္ဇေယျာသိ၊ သုံးဆောင်လော့။ ကုမာရ-
ကော၊ ယောကျ်ားငယ်သည်။ သစေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။
တဝ ဂေဟေ၊ သင့်အိမ်၌။ ဝယပတ္တံ၊ အရွယ်သို့ရောက်သော။ မီတရံ၊
သမီးငယ်ကို။ တဿ၊ ထို သတို့သားအား။ ဒတွာ၊ ပေး၍။ စတ္တာလီသ-
ကောဋိဓနံ၊ ကုဋေ လေးဆယ်သော ဥစ္စာကို။ နိယျာဒေတွာ၊ ဆောက်
နှင်း၍။ တေန၊ ထိုသတို့သားသည်။ ဒိန္နံ၊ ပေးအပ်သော ရွှေ, ငွေဥစ္စာကို။
ဝလဉ္ဇေယျာသိ၊ သုံးဆောင်လော့။ ဣတိ၊ ဤသို့ဆို၏။

သောဥပါယော၊ ထိုအကြောင်းသည်။ ဘဒ္ဒကော၊ ကောင်းခြင်းရှိ၏။
ဣတိ၊ ဤသို့။ အတ္တနော၊ မိမိ၏။ အာပဏော၊ အိမ်ဈေး၌။ အင်္ဂါရရာသိံ၊
မီးသွေးစုကို။ ကတွာ၊ ထား၍။ ဝိက္ကိဏန္တော ဝိယ၊ ရောင်းသကဲ့သို့။
နိသီဒိ၊ နေ၏။ ယေ၊ အကြင်သူတို့သည်။ နံ၊ ထိုသေဌေးကို။ ဝေမာဟံသု၊
ဤသို့ဆိုကုန်၏။ သေသဇနာ၊ ကြွင်းသောလူတို့သည်။ ဝတ္ထ တေလမဓု-
ဖာဏိတာဒီနိ၊ ပုဆိုး, အဝတ်, ဆီ, ပျား, တင်လဲ စသည်တို့ကို။ ဝိက္ကိဏန္တိ၊
ရောင်းကုန်၏။ တွံပန၊ သင်သည်ကား။ အင်္ဂါရေ၊ မီးသွေးတို့ကို။ ဝိက္ကိ-
ဏန္တော၊ ရောင်းလျက်။ ကိံ၊ အဘယ့်ကြောင့်။ နိသိန္နော၊ နေသနည်း။
ဣတိ၊ ဤသို့ဆိုကုန်၏။ တေသံ၊ ထိုသူတို့အား။ အတ္တနော၊ ၏။ သန္တကံ၊
ဥစ္စာကို။ အဝိက္ကိဏန္တော၊ မရောင်းသည်ရှိသော်။ ကိံ၊ အဘယ်ကို။ ကရိ-
ဿာမိ၊ ပြုရအံ့နည်း။ ဣတိ၊ ဤသို့။ ပဋိဝစနံ၊ စကားတို့ကို။ အဒါသိ၊
ပေး၏။ အထ၊ ထိုအခါ၌။ ဂေါတမိနာမ၊ ဂေါတမီ အမည်ရှိသော။
ကော ကုမာရိကာ၊ သတို့သမီးငယ် တယောက်သည်။ ကိသ သရီရတာယ၊
ကြုံလှီသော ကိုယ်ရှိသည်၏ အဖြစ်ကြောင့်။ ကိသာဂေါတမီတိ၊ ကိသာ
ဂေါတမီဟူ၍။ ပညာယမာနာ၊ ထင်သောအမည်ရှိလျက်။ ပရိဇိဏ္ဏကုလဿ၊
ပျက်စီး ပြုန်းတီးသော သေဌေး၏။ ဓီတာ၊ သမီးဖြစ်၍။ အတ္တနော၊ မိမိ၏။

ကောနေ ကိစ္စေန၊ တခုသော ကိစ္စဖြင့်။ အာပဏဒွါရံ၊ အိမ်ဈေးတံခါးသို့။ ဂန္တွာ၊ ရောက်၍။ တံ သေဋ္ဌိံ၊ ထိုသေဋ္ဌေးကို။ ဒိသွာ၊ မြင်၍။ ဝေံအာဟ၊ ဤသို့ဆို၏။ တာတ၊ ဘခင် သေဋ္ဌေးမင်း။ သေသဇနာ၊ ကြွင်းသော လူတို့သည်။ ဝတ္ထတေလ မဓု ဖာဏိတာဒီနိ၊ ပုဆိုး, ဆီ, ပျား, တင်လဲ စသည်တို့ကို။ ဝိက္ကိဏန္တိကိံ၊ ရောင်းကုန်၏မဟုတ်လော။ တွံ၊ သင်သည်။ ဟိရည သုဝဏ္ဏံ၊ ရွှေငွေကို။ဝိက္ကိဏန္တော၊ ရောင်းလျက်။နိသိန္နော၊ နေသည်။ အသိ၊ ၏။ ဤတိ၊ ဤသို့ဆို၏။ အမ္မ၊ ချစ်သမီး။ ဟိရည သုဝဏ္ဏံ၊ ရွှေ, ငွေ သည်။ ကဟံ၊ အဘယ်မှာနည်း။ ဤတိ၊ ဤသို့မေး၏။ တွံ၊ သင်သည်။ တဒေဝ၊ ထိုရွှေ, ငွေကိုလျှင်။ ဂဟေတွာ၊ ကိုင်၍။ နိသိန္နော၊ နေသည်။ အသိနနု၊ ဖြစ်၏မဟုတ်လော။ ဤတိ၊ ဤသို့ဆို၏။ အမ္မ၊ ချစ်သမီး။ နံ၊ ထိုရွှေ, ငွေကို။ တာဝ အာဟာရ၊ ဆောင်ခဲ့လော့။ ဤတိ၊ ဤသို့ ဆိုလတ်သော်။ သာ၊ ထိုကိသာဂေါတမီသည်။ ဟတ္ထပူရံ၊ လက်ပြည့်အောင်။ ဂဟေတွာ၊ ယူ၍။ တဿ၊ ထိုသေဋ္ဌေး၏။ ဟတ္ထေသု၊ လက်တို့၌။ ဌပေသိ၊ ထား၏။ တံ၊ ထိုမီးသွေးသည်။ ဟိရညသုဝဏ္ဏမေဝ၊ ရွှေ, ငွေသည်သာ လျှင်။ အဟောသိ၊ ဖြစ်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုကိသာဂေါတမီကို။ သေဋ္ဌိ၊ သေဋ္ဌေးသည်။ အမ္မ၊ ချစ်သမီး။ တေ၊ သင်၏။ ဂေဟံ၊ အိမ်သည်။ ကတရံ၊ အဘယ်မှာ နည်း။ ဤတိပုစ္ဆိတွာ၊ ဤသို့မေး၍။ အသုကံနာမာတိ၊ ဤမည်သော အရပ် ၌ ရှိ၏ဟု။ ဝုတ္တေ၊ ဆိုလတ်သော်။ တဿာ၊ ထို ကိသာဂေါတမီ၏။ အသာမိက ဘာဝံ၊ လင်မရှိသည်၏ အဖြစ်ကို။ ဉတွာ၊ သိ၍။ ဓနံ၊ ဥစ္စာ ကို။ ပဋိသာမေတွာ၊ သိမ်းစေ၍။ တံ၊ ထို ကိသာဂေါတမီကို။ အတ္တ· နော ပုတ္တဿ၊ မိမိ သားအား။ အာနေတွာ၊ ဆောက်နှင်း၍။ စတ္တာလီသ· ကောဋိမနံ၊ ကုဋေ လေးဆယ်သော ဥစ္စာကို။ ပဋိစ္ဆာပေသိ၊ ဝန်ခံစေ၏။ တံပိ သဗ္ဗံ၊ ထိုအလုံးစုံသည်လည်း။ ဟိရည သုဝဏ္ဏမေဝ၊ ရွှေ, ငွေသည် သာလျှင်။ အဟောသိ၊ ဖြစ်၏။ တဿာ၊ ထို ကိသာဂေါတမီအား။ အပရေန သမယေန၊ တပါးသော အခါ၌။ ဂဗ္ဘော၊ ကိုယ်ဝန်သည်။ ပတိဋ္ဌဟိ၊ တည်၏။ သာ၊ ထို ကိသာဂေါတမီသည်။ ဒသမာသစ္စယေန၊ ဆယ်လလွန်သဖြင့်။ ပုတ္တံ၊ သားယောကျ်ားကို။ ဝိဇာယိ၊ ဖွားမြင်၏။ သော၊ ထိုသူငယ်သည်။ ပဒသာ၊ ခြေဖြင့်။ ဂမနကာလေ၊ သွားနိုင်သော အခါ၌။ ကာလမကာသိ၊ သေခဲ့၏။ သာ၊ ထို ကိသာဂေါဘမီသည်။

အဒိဋ္ဌ ပုဗ္ဗမရဏာတာယ၊ သေသောသူကို ရှေး၌ မမြင်ဘူးသည်၏ အဖြစ်ကြောင့်။ တံ၊ ထိုသေသော သားကို။ ဈာပေတုံ၊ သင်္ဂြိုဟ်ခြင်းငှါ။ နီဟရန္တေ၊ ထုတ်ယူသည်တို့ကို။ ဝါရေတွာ၊ မြစ်၍။ မေ ပုတ္တဿ၊ ငါ့သားအား။ ဘေသဇ္ဇံ၊ ဆေးကို။ ပုစ္ဆိဿာမိ၊ မေးအံ့။ ဣတိ၊ ဤသို့။ မတ-ကဠေဝရံ၊ သေလေပြီးသော သူငယ်အကောင်ကို။ အင်္ကေန၊ ရင်ခွင်ခါးပိုက်ဖြင့်။ အာဒါယ၊ ပိုက်ချီ၍။ မေ ပုတ္တဿ၊ ငါ့သား၏။ ဘေသဇ္ဇံ၊ ရှင်အံ့သောဆေးကို။ ဇာနာထအပိနု၊ သိကြပါကုန်၏လော။ ဣတိ၊ ဤသို့။ ပုစ္ဆန္တီ၊ တကြော်ကြော်မေးလျက်။ ဃရပဋိပါဋိယာ၊ အိမ်စဉ်အတိုင်း။ ဝိစရတိ၊ သွားလာလှည့်ပတ်၏။ အထ၊ ထိုအခါ၌။ နံ၊ ထို ကိသာဂေါတမီကို။ မနုဿာ၊ လူတို့သည်။ အမ္မ၊ အမိ။ တွံ၊ သင်သည်။ ဥမ္မတ္တိကာ-ဇာတာ၊ ရူးခြင်း ဖြစ်သလော။ မတက ပုတ္တဿ၊ သေလေပြီးသော သားငယ်၏။ ဘေသဇ္ဇံ၊ ဆေးကို။ ပုစ္ဆန္တီ၊ မေးလျက်။ ဝိစရတိ၊ သွားလာဘိ၏။ ဣတိဝဒန္တိ၊ ဤသို့ဆိုကုန်၏။ သာ၊ ထို ကိသာဂေါတမီသည်။ အဝဿံ၊ မချွတ်။ မမ ပုတ္တဿ၊ ငါ့သား၏။ ဘေသဇ္ဇံ၊ အသက်ရှင်အံ့သော ဆေးကို။ ဇာနနကံ၊ သိသောသမားတော် ဆေးသမားကို။ လဘိ-ဿာမိ၊ ရပါအံ့သတည်း။ ဣတိမညမာနာ၊ ဤသို့မှတ်ထင်လျက်။ ဝိစရတိ၊ သွားလာလှည့်လည်၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုကိသာဂေါတမီကို။ ဧကော ပဏ္ဍိတ ပုရိ-သော၊ ပညာရှိတယောက်သည်။ ဒိသွာ၊ မြင်၍။ မမ၊ ငါ၏။ အယံ-ဓိတာ၊ ဤချစ်သမီးသည်။ ပဌမံ ပုတ္တံ၊ သားဦးရတနာကို။ ဝိဇာတာ၊ ဖွားမြင်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အဒိဋ္ဌပုဗ္ဗ မရဏာ၊ ရှေး၌သေခြင်းကို မမြင်ဘူးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ထို့ကြောင့်။ မယာ၊ ငါသည်။ ဣမိနာ၊ ဤကိသာဂေါတမီသည်။ အဝဿယေန၊ မှီခိုရာဖြင့်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။ ဣတိစိန္တေတွာ၊ ဤသို့ကြံ၍။ အာဟ၊ ဆို၏။ အမ္မ၊ ချစ်သမီး။ အဟံ၊ ငါသည်။ ဘေသဇ္ဇံ၊ ဆေးကို။ န ဇာနာမိ၊ မသိ။ ဘေသဇ္ဇ ဇာနနကံပန၊ ဆေးကိုသိသော သမားကောင်းကိုကား။ ဇာနာမိ၊ သိ၏။ ဣတိ၊ ဤသို့ဆို၏။ တာတ၊ ဘခင်။ ကော၊ အဘယ်သခင်သည်။ ဇာနာတိ၊ သိပါသနည်း။ ဣတိ၊ ဤသို့မေး၏။ အမ္မ၊ ငါ့သမီး။ သတ္ထာ၊ ဘုရားသည်။ ဇာနာတိ၊ သိ၏။ ဂစ္ဆ၊ သွားလေ။ တံ၊ ထိုဘုရားကို။ ပုစ္ဆာဟိ၊ မေးလေလော့။ ဣတိ၊ ဤသို့ဆို၏။ သာ၊

ထိုကိသာဂေါတမီသည်။ တာတ၊ ဘခင်။ ဂမိဿာမိ၊ သွားပါအံ့။ တာတ၊ ဘခင်၊ ပုစ္ဆိဿာမိ၊ မေးပါအံ့။ ဣတိဝတွာ၊ ဤသို့ဆို၍။ သတ္ထာရံ၊ ဘုရားသို့။ ဥပသင်္ကမိတွာ၊ ကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌။ ဌိတာ၊ နေလျက်။ ပုစ္ဆိ၊ မေး၏။ ဘန္တေ၊ အရှင်ဘုရား။ တုမှေ၊ အရှင်ဘုရားတို့သည်။ ကိံရ၊ စင်စစ်။ မေ ပုတ္တဿ၊ တပည့်တော်မသား၏။ ဘေသဇ္ဇံ၊ ချင်ပါအံ့သောဆေးကို။ ဇာနာထ၊ သိပါကုန်၏လော။ ဣတိ၊ ဤသို့မေး၏။ အာမဇာနာမိ၊ ဩြော်ငါသိသည်မှန်၏။ ဣတိ၊ ဤသို့မိန့်လတ်သော်။ ကိံ၊ အဘယ်ဆေးမြစ်ကို။ လဒ္ဓုံ၊ ရခြင်းငှါ။ ဝဋ္ဋတိ၊ သင့်သနည်း။ ဣတိ၊ ဤသို့မေး၏။ အစ္ဆရဂ္ဂဟဏမတ္တေ၊ တလက်ဆွမ်းမျှကုန်သော။ သိဒ္ဓတ္ထကေ၊ မုန်ညင်းစေ့တို့ကို။ လဒ္ဓုံ၊ ရခြင်းငှါ။ ဝဋ္ဋတိ၊သင့်၏။ ဣတိ၊ ဤသို့မိန့်၏။ ဘန္တေ၊ အရှင်ဘုရား။ လဘိဿာမိ၊ ရအောင်ရှာပါအံ့။ ကဿပန၊ အဘယ်သူ၏ကား။ ဂေဟေ၊ အိမ်၌။ လဒ္ဓုံ၊ ရခြင်းငှါ။ ဝဋ္ဋတိ၊ သင့်ပါအံ့နည်း။ ဣတိ၊ ဤသို့မေး၏။ ယဿ၊ အကြင်သူ၏။ ဂေဟေ၊ အိမ်၌။ ပုတ္တောဝါ၊ သားသည်လည်းကောင်း။ ဓီတာဝါ၊ သမီးသည်လည်းကောင်း။ ကောစိ၊ တစုံတယောက်သောသူသည်။ န မတပုဗ္ဗော၊ မသေဘူးသည်ဖြစ်၏။ တဿဂေဟေ၊ ထိုသူအိမ်၌။ လဒ္ဓံ၊ ရသောမုန်ညင်းစေ့သည်။ ဝဋ္ဋတိ၊ သင့်၏။ ဣတိ၊ ဤသို့မိန့်၏။

သာ၊ ထိုဂေါတမီသည်။ ဘန္တေ၊ အရှင်ဘုရား။ သာဓု၊ ကောင်းလှပါပြီဘုရား။ ဣတိ၊ ဤသို့ဝမ်းမြောက်ဝမ်းသာ။ သတ္ထာရံ၊ ဘုရားကို။ ဝန္ဒိတွာ၊ ရှိခိုး၍၊ မတပုတ္တကံ၊ သားသေကို။ အင်္ကေန၊ ရင်ခွင်ဖြင့်။ အာဒါယ၊ ပိုက်၍။ အန္တောဂါမံ၊ ရွာတွင်းသို့။ ပဝိသိတွာ၊ ဝင်၍။ ပဌမဂေဟဿ၊ ရှေးဦးစွာအိမ်၏။ ဒွါရေ၊ တံခါး၌။ ဌတွာ၊ ရပ်၍။ ဣသ္မိံဂေဟေ၊ ဤအိမ်၌။ သိဒ္ဓတ္ထကော၊ မုန်ညင်းဆံသည်။ အတ္ထိနုခေါ၊ ရှိပါ၏လော။ မေ၊ ငါ၏။ ပုတ္တဿ၊ သားအား။ ဧတံ၊ ဤမုန်ညင်းဆံသည်။ ဘေသဇ္ဇံကိရ၊ ဆေးဖြစ်သတတ်။ ဣတိဝတွာ၊ ဤသို့ဆို၍တောင်းလတ်သော်။ အတ္ထိတိ၊ ရှိ၏ဟု။ ဝုတ္တေ၊ ဆိုလတ်သော်။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ဒေထ၊ ပေးပါကုန်လော့။ ဣတိ၊ ဤသို့ဆို၏။ တေဟိ၊ ထိုလူတို့သည်။ အာဟရိတွာ၊ ဆောင်၍။ သိဒ္ဓတ္ထကေသု၊ မုန်ညင်းစေ့တို့ကို။ ဒိယျမာနေသု၊ ပေးကုန်သည်ရှိသော်။ အမ္မ၊ အမိ၊ ဣမသ္မိံဂေဟေ၊ ဤ

အိမ်၌။ ပုတ္တော၀ါ၊ သားသည်လည်းကောင်း။ ဓီတာ၀ါ၊ သမီးသည်လည်းကောင်း။ ကိဉ္စိမတပုဗ္ဗော၊ တစုံတယောက်သေဘူးခြင်းသည်။ နတ္ထိ၊ မရှိပါလေအံ့လော။ ဣတိပုစ္ဆိတ္ဝာ၊ ဤသို့မေးခြင်းကြောင့်။ အမ္မ၊ ချစ်သမီး။ ကိံ ၀ဒေသိ၊ အသို့ဆိုပါလေဘိသနည်း။ ဟိ၊ ထိုစကားသင့်စွ။ ဇီ၀မာနာ၊ အသက်ရှည်ကုန်သော သားသမီးတို့သည်။ ကတိပယာ၊ နှစ်ယောက်သုံးယောက်သာရှိကုန်၏။ မတကာ၀ေ၊ သေသော သားတို့သည်သာလျှင်။ ဗဟုကာ၊ များကုန်၏။ ဣတိ၀ုတ္တေ၊ ဤသို့ဆိုလတ်သော်။ တေနဟိ၊ ထိုသို့ဆိုတပြီးကား။ ၀ေါ၊ သင်တို့၏။ တေ သိဒ္ဓတ္ထကေ၊ ထိုမုန်ညင်းစေ့တို့ကို။ ဂဏှထ၊ ယူရစ်ပါကုန်လော။ မမပုတ္တဿ၊ ငါ့သားအား။ တေ၊ ဤမုန်ညင်းစေ့သည်။ နဘေသဇ္ဇံ၊ ဆေးဖော်ခြင်းငှါ မလျောက်ပတ်။ ဣတိ၊ ဤသို့။ ပဋိအဒါသိ၊ ပြန်၍တဖန်ပေးခဲ့၏။

သာ၊ ထိုကိသာဂေါတမီသည်။ ဣမိနာ နိယာမေန၊ ဤသို့သောနည်းဖြင့်။ အာဒိတော ပဋ္ဌာယ၊ အစမှစ၍။ ပုစ္ဆန္တီ၊ မေးလျက်။ ၀ိစရတိ၊ လှည့်လည်၏။ သာ၊ ထို ကိသာဂေါတမီသည်။ ဧကဂေဟေ၊ တခုသော အိမ်၌။ သိဒ္ဓတ္ထကေ၊ မုန်ညင်းစေ့တို့ကို။ အဂဟေတွာ၊ မယူမူ၍။ သာယန္ဟ သမယေ၊ ညချမ်းသောအခါ၌။ စိန္တေသိ၊ ကြံ၏။ ကမ္မံ၊ အမှုသည်။ အဟောဘာရိယံ၊ ဩော်၀န်လေးလှ၏။ အဟံ၊ ငါသည်။ မမေ၀၊ ငါ၏သာလျှင်။ ပုတ္တော၊ သားသည်။ မတောတိ၊ သေ၏ဟူ၍။ သညံ၊ အမှတ်ကို။ အကာသိ၊ ပြု၏။ သကလ ဂါမေပန၊ အလုံးစုံသော ရွာ၌ကား။ ဇီ၀န္တေဟိ၊ အသက်ရှင်သောသူတို့ထက်။ မတကာ၀၊ သေသူတို့သည်သာလျှင်။ ဗဟုတရာ၊ များကုန်၏။ ဣတိ၊ ဤသို့ကြံ၏။ တဿာ၊ ထိုကိသာဂေါတမီ၏။ ဧ၀ံ၊ ဤသို့။ စိန္တယမာနာ၊ ကြံစည်လျက်။ ပုတ္တသိနေဟံ၊ သား၌ဖြစ်သော ချစ်ခြင်းရှိသော။ မုဒုကံဟဒယံ၊ နူးညံ့သောနှလုံးသည်။ ထဒ္ဓဘာ၀ံ၊ ခက်ထရော်အဖြစ်သို့။ အဂမာသိ၊ ရောက်၏။ သာ၊ ထိုကိသာဂေါတမီသည်။ ပုတ္တံ၊ သားကို။ အရညေ၊ တော၌။ ဆဍ္ဍေတွာ၊ ပစ်၍။ သတ္ထုသန္တိကံ၊ ဘုရားအထံသို့။ ဂန္တွာ၊ သွား၍။ ၀န္ဒိတွာ၊ ရှိခိုး၍။ ဧကမန္တံ၊ တင့်အပ်သောအရပ်၌ အဋ္ဌာသိ၊ နေ၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုကိသာဂေါတမီကို။ သတ္ထာ၊ ဘုရားသည်။ တေ၊ သင်အား။ ဧကစ္ဆရမတ္တာ၊ တလက်ဆွမ်းမျှသော။ သိဒ္ဓတ္ထကာ၊ မုန်ညင်းဆံကို။ လဒ္ဓါ၊ ရ၏လော။ ဣတိအာဟ၊ ဤသို့မေး၏။ ဘန္တေ၊ အရှင်ဘုရား။ န လဒ္ဓါ၊ မရ

နိုင်ပါ။ သကလဂါမေ၊ ရွာအလုံး၌။ ဇီဝန္တေဟိ၊ အသက်ရှင်သူတို့ထက်။ မတကာဝ၊ သေသူတို့သည်သာလျှင်။ ဗဟုတရာ၊ လွန်စွာများကုန်၏။ ဣတိ၊ ဤသို့လျှောက်၏။ အထ၊ ထိုအခါ၌။ နံ၊ ထိုကိသာဂေါတမီကို။ သတ္ထာ၊ ဘုရားသည်။ တွံ၊ သည်။ မမေဝ ပုတ္တော၊ ငါ့သားသာလျှင်။ မတောတိ၊ သေ၏ဟု။ သလ္လက္ခေသိ၊ မှတ်၏။ သတ္တာနံ၊ သတ္တဝါတို့၏။ ဓေ၊ ဤ သေခြင်းသည်။ ဓုဝ ဓမ္မော၊ မြဲသောသဘောတည်း။ ဟိ၊ ထိုစကားသင့်စွ။ မစ္စုရာဇာ၊ သေမင်းသည်။ သဗ္ဗသတ္တေ၊ အလုံးစုသော သတ္တဝါတို့ကို။ အပရိပုဏ္ဏဇ္ဈာသယေဧဝ၊ အလိုမပြည့်စုံမီသည်သာလျှင်။ မဟောဃောဝိယ၊ ပြင်းစွာလာသော ရေအလျဉ်ကဲ့သို့။ ပရိကစ္စမာနောယေဝ၊ ငင်ဆွဲ၍သာလျှင်။ အပါယသမုဒ္ဒေ၊ အပါယ်ဟူသော သမုဒ္ဒရာ၌။ ပက္ခိပတိ၊ ပစ်ချ၏။ ဣတိဝတွာ၊ ဤသို့မိန့်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုရကား။ ဣမံ-ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

ဂေါတမိ၊ ကိသာဂေါတမီ၊ မဟောဃော၊ ပြင်းစွာလာသောရေအလျဉ်သည်။ သုတ္တံဂါမံ၊ အိပ်ပျော်သော ရွာသူရွာသားအပေါင်းကို။ အာဒါယ၊ တိုက်၍။ ဂစ္ဆတိဣဝ၊ သွားသကဲ့သို့။ တထာ၊ ထိုအတူ။ မစ္စု၊ သေမင်း သည်။ ပုတ္တ ပသု သမ္မတ္တံ၊ သား,သမီး,နွား,ကျွဲ,ဆင်,မြင်းစသောသတ္တဝါ၌ ချစ်မြတ်နိုးခြင်းရှိသော။ ဗျာသတ္တ မာနသံ၊ အထူးထူးသော အာရုံ၌ ကပ်ငြိသောစိတ်ရှိသော။ တံနရံ၊ ထိုသတ္တဝါကို။ အာဒါယ၊ ဆွဲငင်၍။ ဂစ္ဆတိ၊ ဂတိငါးပါးသို့သွား၏။

ဂါထာပရိယောသာနေ၊ ဂါထာအဆုံး၌။ ကိသာဂေါတမီ၊ ကိသာ ဂေါတမီသည်။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။ အညေပိ၊ တပါးလည်း ဖြစ်ကုန်သော။ ဗဟူ၊ များစွာသောသူ တို့သည်။ သောတာပတ္တိ ဖလာဒီနိ၊ သောတာပတ္တိဖိုလ် စသည်တို့သို့။ ပါပုဏိံသု၊ ရောက်ကုန်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ သာပန၊ ထိုကိသာဂေါတမီသည်ကား။ သတ္ထာရံ၊ ဘုရားကို။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊ တောင်းပန်၏။ သတ္ထာ၊ ဘုရားသည်။ နံ၊ ထိုကိသာဂေါ တမီကို။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့၏။ သန္တိကံ၊ အထံသို့။ ပေသေတွာ၊ စေလွှတ်၍။ ပဗ္ဗာဇေသိ၊ ရဟန်းပြုစေ၏။ သာ၊ ထိုကိသာဂေါတမီသည်။ လဒ္ဓူပသမ္ပဒါ၊ ပဉ္စင်းဖြစ်ပြီးသော်။ ကိသာဂေါတမီ ထေရီတိ၊ ထေရီဟူ၍။ ပညာယိ၊ ထင်ရှား၏။ သာ၊ ထိုကိသာဂေါတမီသည်။ ဧကဒိဝသံ၊ တနေ့

သဥ္စ။ ဥပေါသထာဂါရေ၊ ဥပုသ်အိမ်၌။ ဝါရံ၊ ဝတ်ပြုရန်အလှည့်သို့။ ပတ္တာ၊ ရောက်၍။ ဒီပံ ဇာလေတွာ၊ ညမီးညှိထွန်း၍။ နိသိန္နာ၊ နေစဥ်။ ဒီပဇာလာ၊ ဆီမီးလျှံတို့သည်။ ဥပ္ပဇ္ဇန္တိယော စ၊ ဖြစ်ကုန်သည် တို့ကိုလည်း ကောင်း။ ဘိဇ္ဇန္တိယော စ၊ ပျက်ကုန်သည် တို့ကိုလည်းကောင်း။ ဒိသွာ၊ မြင်၍။ ဧဝမေဝ၊ ဤအတူလျှင်။ ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဥပ္ပဇ္ဇန္တိ စေဝ၊ ဖြစ်လည်း ဖြစ်ကုန်၏။ နိရုဇ္ဈန္တိ စ၊ ချုပ်လည်း ချုပ်ကုန်၏။ နိဗ္ဗာနပ္ပတ္တာ ဧဝ၊ နိဗ္ဗာန်သို့ရောက်မှသာလျှင်။ န ပညာယန္တိ၊ မထင်ကုန်။ ဣတိ၊ ဤသို့။ အာရမ္မဏံ၊ အာရုံကို။ အဂ္ဂဟေသိ၊ ယူ၏။ သတ္ထာ၊ ဘုရားသည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နာဝ၊ နေလျက်လျှင်။ ဩဘာသံ၊ အရောင်ကို။ ဖရိတွာ၊ နှံ့စေ၍။ တဿာ၊ ထိုကိသာဂေါတမီ၏။ သမ္မုခေ၊ မျက်မှောက်၌။ နိသီဒိတွာ၊ နေ၍။ ကထေန္တော ဝိယ၊ ဟောသကဲ့သို့။ ဂေါတမိ၊ ဂေါတမီ။ ဧဝမေဝ၊ ဤသို့သင် နှလုံးသွင်းသည့်အတိုင်း မချွတ်မှန်သည်သာဖြစ်၍။ ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဒီပဇာလာ ဝိယ၊ ဆီမီးလျှံကဲ့သို့။ ဥပ္ပဇ္ဇန္တိ စေဝ၊ ဖြစ်လည်းဖြစ်ကုန်၏။ နိရုဇ္ဈန္တိ စ၊ ချုပ်လည်း ချုပ်ကုန်၏။ နိဗ္ဗာနပ္ပတ္တာ ဧဝ၊ နိဗ္ဗာန်သို့ ရောက်မှသာလျှင်။ န ပညာ-ယန္တိ၊ မထင်ကုန်၊ ဧဝံ၊ ဤသို့။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အပဿန္တာနံ၊ မမြင်ကုန်သောသူတို့၏။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝနတော၊ အသက်ရှင်ခြင်းထက်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ပဿန္တဿ၊ မြင်သောသူ၏။ ခဏ-မတ္တမ္ပိ၊ တခဏမျှလည်း။ ဇီဝိတံ၊ အသက်ရှင်ခြင်းသည်။ သေယျော၊ မြတ်၏။ ဣတိ ဝတွာ၊ ဤသို့မိန့်၍။ အနုသန္ဓိံ ဃဋေ့တွာ၊ အနုသန္ဓေကိုစပ်၍။ ဓမ္မံ ဒေသေန္တော၊ တရားဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်၏။

၁၁၄။ ယော စ၊ အကြင်သူသည်လည်း။ အမတံ ပဒံ၊ သေခြင်းကင်း သော နိဗ္ဗာန်ကို။အပဿံ၊ မမြင်ဘဲ။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝေ၊ အသက်ရှင်ငြားအံ့။ န သေယျော၊ မမြတ်။ အမတံ ပဒံ၊ နိဗ္ဗာန်ကို။ ပဿ-တော၊ မြင်သောသူ၏။ ဧကာဟံ၊ တရက်မျှ။ ဇီဝိတံ၊ အသက်ရှင်ခြင်း သည်။ သေယျော၊ မြတ်၏။ ဣတိအာဟ၊ ဤသို့ ဆို၏။

တတ္ထ၊ ထိုဂါထာ၌။ အမတံ ပဒန္တိ၊ ပဒံဟူသည်ကား။ မရဏဝိရဟိတံ၊ သေခြင်းမှကင်းသော။ ကောဋ္ဌာသံ၊ အဘို့အစုသည်။ အမတ မဟာပရိ-

နိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်မည်၏။ ဉာတိအတ္ထော၊ ဉာကားအနက်တည်း။ သေသံ၊ အကြွင်းသည်။ ပုရိမ သဒိသမေဝ၊ ရှေးနှင့်တူသည်သာလျှင်တည်း။

ဒေသနာဝသာနေ၊ ဒေသနာအဆုံး၌။ ကိသာ ဂေါတမီ၊ ကိသာဂေါတမီသည်။ ယထာ နိသိန္နာဝ၊ ထိုင်မြဲတိုင်းသာလျှင်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါတို့နှင့်တကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။

တေရသမံ၊ သော။ ကိသာဂေါတမီ ဝတ္ထု၊ သည်။
ဉာတိသမတ္တံ၊ ပြီးပြီ။

---

## သဟာယဝဂ္ဂ၊ ၁၄-ဗဟုပုတ္တိကတ္ထေရီ ဝတ္ထု

**အနုသန္ဓေ**....ကိသာဂေါတမီ ထေရီဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ပြီး၍ ဗဟုပုတ္တိကတ္ထေရီ ဝတ္ထု၌ ဟောရာ ဂါထာ၏ အနက်ကို ဖွင့်ခြင်းငှါ ယောစ ဝဿ သတံ·စသည်ကို မိန့်အပ်၏။

ယောစ ဝဿ သတံ ဇီဝေတိ ဣမံ ဓမ္မဒေသနံ၊ ဇီဝေ စသော ဉာ တရားဟောခြင်းကို။ သတ္ထာ၊ ဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်း၌။ ဝိဟရန္တော၊ နေစဉ်။ ဗဟုပုတ္တိကံ ထေရိံ၊ ဗဟုပုတ္တိက ထေရီကို။ အာရဗ္ဘ၊ အကြောင်းပြု ။ ကထေသိ၊ ဟောတော်မူ၏။

ကိရ၊ ကြားဘူးသည်ကား။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ဧကသ္မိံ·ကုလေ၊ တခုသောအမျိုးအိမ်၌။ သတ္တပုတ္တာစ၊ သားခုနစ်ယောက်တို့သည် လည်းကောင်း။သတ္တဓီတရောစ၊ သမီးခုနစ်ယောက်တို့သည် လည်းကောင်း။ အဟေသုံ၊ ဖြစ်ကုန်၏။ တေသဗ္ဗေပိ၊ ထို အလုံးစုံသော သူတို့သည်လည်း။ ဝယပ္ပတ္တာ၊ အရွယ်သို့ ရောက်ကုန်သည်ရှိသော်။ ဂေဟေ၊ အိမ်၌။ ပတိဋ္ဌ-ဟိတ္ဝာ၊ တည်စေ၍။ အတ္တနော၊ မိမိ၏။ ဓမ္မတာယ၊ သဘောဖြင့်။ သုခပ္ပတ္တာ၊ ချမ်းသာခြင်းသို့ရောက်ကုန်သည်။ အဟေသုံ၊ ဖြစ်ကုန်၏။ တေသံ၊ ထိုသူတို့၏။ ပိတာ၊ အဘသည်။ အပရေန သမယေန၊ တပါးသောအခါ၌။ ကာလံ၊ စုတေခြင်းကို။ အကာသိ၊ ပြု၏။ မဟာဉပါ·သိကာ၊ ဒါယိကာမကြီးသည်။ သာမိကေ၊ လင်သည်။ နဋ္ဌေပိ၊ သေသော်လည်း။ ကုဋုမ္ဗံ၊ အမွေဉစ္စာကို။ န တာဝ ဝိဘဇတိ၊ မဝေမခွဲခြမ်း။ အထ၊ ထိုအခါ၌။ နံ၊ ထိုအမိကို။ ပုတ္တာ၊ သားသမီးတို့သည်။ အာဟံသု၊ဆိုကုန်၏။

အမ္မ၊ အမိ။ အမှာကံ၊ ငါတို့၏။ ပိတရိ၊ အဘသည်။ နဋ္ဌေ၊ သေလတ်သော်။ တုယှံ၊ သင်အမိအား။ ကုဋ္ဌမ္ဘမ္ဘေန၊ ဥစ္စာဖြင့်။ ကော အတ္ထော၊ အဘယ် အကျိုးရှိအံ့နည်း။ မယံ၊ ငါတို့သည်။ တံ၊ ထိုဥစ္စာကို။ ဥပဋ္ဌာ-တုံ၊ တည်စေခြင်းငှါ။ ကိံ နသက္ကောမ၊ အဘယ့်ကြောင့် မတတ်နိုင်ဘဲ ရှိကုန်အံ့နည်း။ ဣတိ၊ ဤသို့ ဆိုကုန်၏။ သာ၊ ထိုအမိသည်။ တေသံ၊ ထို သား သမီးတို့၏။ ကထံ၊ စကားကို။ သုတွာ၊ ကြား၍။ တုဏှီဟုတွာ၊ ဆိတ်ဆိတ်ဖြစ်၍။ ပုနပ္ပုနံ၊ အဘန်တလဲလဲ၊ တေဟိ၊ ထို သားသမီးတို့သည်။ ဝုစ္စမာနာ၊ ဆိုကုန်သော်။ ပုတ္တာ၊ ငါ့သား သမီးတို့သည်။ မံ၊ ငါ့ကို။ ပဋိဇဂ္ဂိဿန္တိ၊ လုပ်ကျွေးကုန်လတ္တံ့။ ဣတိ၊ ဤသို့ကြံ၍။ မေ၊ ငါ့အား။ ဝိသုံ၊ အသီး။ ကုဋ္ဌမ္ဘမ္ဘေန၊ ဥစ္စာဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ ဣတိ၊ ဤသို့။ သဗ္ဗံ သာပတေယျံ၊ အလုံးစုံသော ဥစ္စာနှစ်ကို။ မဇ္ဈေ၊ အလယ်၌။ ဘိန္ဒိတွာ၊ ထက်ဝက်ခွဲ၍။ အဒါသိ၊ ပေး၏။

အထ၊ ထိုအခါ၌။ နံ၊ ထိုအမိကို။ (အာဟာ စပ်။) ကတိပါဟစ္စ-ယေန၊ နှစ်ရက် သုံးရက် လွန်သဖြင့်။ ဇေဋ္ဌ ပုတ္တဿ၊ သားအကြီး၏။ ဂေဟံ၊ အိမ်သို့။ အာဂမာသိ၊ သွား၏။ ဇေဋ္ဌ ပုတ္တဿ၊ သားအကြီး၏။ ဘရိယာ၊ မယားသည်။ အမှာကံ၊ ငါတို့၏။ အယျာ၊ အရှင်ဖြစ်သော ယောက္ခမသည်။ အဟော၊ အံ့ဘွယ်ရှိပေစွ။ မေ ငါ၏။ ဇေဋ္ဌ ပုတ္တော၊ သားအကြီးတည်းဟု။ ဒွေ ကောဋ္ဌာသေ၊ နှစ်စု အမွေဥစ္စာတို့ကို။ ဒတွာ-ဝိယ၊ ပေးလေသကဲ့သို့။ ဣမမေဝ ဂေဟံ၊ ဤငါတို့ အိမ်သို့သာလျှင်။ အာဂစ္ဆတိ၊ လာရှာခဲ့၏တကား။ ဣတိအာဟ၊ ဤသို့ မလိုတမာ ဆို၏။ သေသပုတ္တာနံ၊ ကြွင်းသော သားခြောက်ယောက်တို့၏။ ဘရိယာပိ၊မယား တို့သည်လည်း။ဧဝမေဝ၊ ဤအတူသာလျှင်။ဝဒိံသု၊ ဆိုကုန်၏။ ဇေဋ္ဌဓိတရံ၊ သမီးအကြီးကို။ အာဒိံကတွာ၊ အစပြု၍။ တာသံ၊ ထိုသမီးတို့၏။ ဂေဟံ၊ အိမ်သို့။ ဂတကာလေပိ၊ သွားသောအခါ၌လည်း။ နံ၊ ထိုအမယ်အိုမကြီး ကို။ ဧဝမေဝ ဝဒိံသု၊ ဤအတူလျှင် ဆိုကုန်၏။ သာ၊ ထိုအမယ်ကြီးသည်။ အဝမာနပ္ပတ္တာ၊ မထီမဲ့မြင် ပြုခြင်းသို့ ရောက်ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဣမေသံ၊ ဤသူတို့၏။ သန္တိကေ၊ အထံ၌။ ဝုဋ္ဌေန၊ နေခြင်းဖြင့်။ ကိံ၊ အဘယ်အကျိုး ရှိအံ့နည်း။ ဘိက္ခုနီ၊ ရဟန်းမိန်းမသည်။ ဟုတွာ၊ ဖြစ်၍။ ဇီဝိဿာမိတိ၊ အသက်မွေးအံ့ဟူ၍။ ဘိက္ခုနီ ဥပဿယံ၊ ရဟန်းမိန်းမတို့ ၏ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ ပဗ္ဗဇ္ဇံ၊ ရဟန်းအဖြစ်ကို။ ယာစိ၊

တောင်းပန်၏။ တာ၊ ထိုရဟန်းမိန်းမတို့သည်။ နံ၊ ထိုအမယ်ကြီးကို။ ပဗ္ဗာဇေသုံ၊ ရဟန်းပြုကုန်၏။ သာ၊ ထိုအမယ်ကြီးသည်။ လဒ္ဓူပသမ္ပဒါ-ဟုတ္ဝာ၊ ပဉ္စင်းဖြစ်ပြီး၍။ ဗဟုပုတ္တိကတ္ထေရီတိ၊ ဗဟုပုတ္တိကတ္ထေရီ ဟူ၍။ ပညာယိ၊ ထင်ရှား၏။

သာ၊ ထိုထေရီမကြီးသည်။ အဟံ၊ ငါသည်။ မဟလ္လက ကာလေ၊ အိုမင်းသောကာလ၌။ ပဗ္ဗဇိတာ၊ ရဟန်းပြု၏။ မေ၊ ငါ့အား။ အပ္ပ-မတ္တာယ၊ မမေ့မလျော့ခြင်းဖြင့်။ ဘဝိတဗ္ဗန္တိ၊ ဖြစ်အပ်၏ ဟူ၍။ဘိက္ခုနီနံ၊ ရဟန်းမိန်းမ တို့အား။ ဝတ္တ ပဋိဝတ္တံ၊ ဝတ်ကြီး, ဝတ်ငယ်ကို။ ကရောန္တီ၊ ပြုလျက်။ သဗ္ဗရတ္တိံ၊ တညဉ့်ပတ်လုံး။ သမဏဓမ္မံ၊ ရဟန်းတရားကို။ကရိ-ဿာမိတိ၊ ပြုအံ့ဟူ၍။ ဟေဋ္ဌာပါသာဒေ၊ ပြာသာဒ် အောက်၌။ ဧကံ-ထမ္ဘံ၊ သည်တိုင်တခုကို။ ဟတ္ထေန၊ လက်ဖြင့်။ ဂဟေတွာ၊ ကိုင်ဆွဲ၍။ တံ၊ ထိုသည်တိုင်ကို။ အာဝိဉ္ဆမာနာဝ၊ လည်လျက်လျှင်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောတိ၊ ပြု၏။ စင်္ကမ မာနာပိ၊ စင်္ကြံ သွားသော်လည်း။ အန္ဓကာရဋ္ဌာနေ၊ မှောင်မိုက်ရာ အရပ်၌။ ရုက္ခေဝါ၊ သစ်ပင်၌ လည်း ကောင်း။ မဏ္ဍကေဝါ၊ ညောင်စောင်း၌ လည်းကောင်း။ ကဏ္ဍစိဝါ၊ တစုံတခု၌ လည်းကောင်း။ မေ သီသံ၊ ငါ၏ ဦးခေါင်းကို။ ပဋိဟညေယျ၊ ထိခိုက်ခဲ့ရာ၏။ ဣတိ၊ ဤသို့။ တံ ရုက္ခံ၊ ထို သစ်ပင်ကို။ ဟတ္ထေန၊ လက်ဖြင့်။ ဂဟေတွာ၊ ကိုင်၍။ တံ၊ ထိုသစ်ပင်ကို။ အာဝိဉ္ဆမာနာဝ၊ လည်လျက်လျှင်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောတိ၊ ပြု၏။ သတ္ထာ၊ ဘုရားသည်။ ဒေသိတဓမ္မမေဝ၊ ဟောရာတရားကိုသာလျှင်။ ကရိဿာမိတိ၊ လိုက်နာအံ့ဟူ၍။ ဓမ္မံ အာဝဇ္ဇေတွာ၊ တရားကို ဆင်ခြင်၍။ ဓမ္မံ အနုဿရမာ-နာဝ၊ တရားကို အဘန်တလဲလဲ အောက်မေ့လျက်သာလျှင်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောတိ၊ ပြု၏။ အထ၊ ထိုအခါ၌။ သတ္ထာ၊ ဘုရားသည်။ ဂန္ဓကုဋိယံ၊ ဂန္ဓကုဋိ၌။ နိသိန္နောဝ၊ နေလျက်လျှင်။ ဩဘာသံ၊ ရောင်ခြည်ကို။ ဖရိတွာ၊ နှံ့စေ၍။ သမ္မုခေ၊ မျက်မှောက်၌။ နိသိန္နောဝိယ၊ နေသကဲ့သို့။ တာယ၊ ထိုထေရီမနှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တော၊ ပြောဟောလျက်။ ဗဟုပုတ္တိကေ၊ ဗဟုပုတ္တိက။ မယာ၊ ငါဘုရားသည်။ ဒေသိ-တဓမ္မံ၊ ဟောအပ်သော တရားကို။ အနာဝဇ္ဇေန္တဿ၊ ဆင်ခြင်ခြင်း မရှိသော သူ၏။ အပဿန္တဿ၊ မမြင်သော သူ၏။ ဝဿသတံ၊ အနှစ်တရာ ပတ်လုံး။ ဇီဝနတော၊ အသက်ရှင်ခြင်းထက်။ မယာ ဒေသိတံ ဓမ္မံ၊ ငါဟောအပ်

သော တရားကို။ ပဿန္တဿ၊ မြင်သောသူ၏။ မဟုတ္တံပိ ဗီဝိတံ၊ တခဏမျှ အသက် ရှင်ခြင်း သည်လည်း။ သေယျော၊ မြတ်၏။ ဣတိဝတွာ၊ ဤသို့ မိန့်၍။ အနုသန္ဓိံ ဃဋေတွာ၊ အနုသန္ဓေကိုစပ်၍။ ဓမ္မံ ဒေသေန္တော၊ တရား ဟောလိုရကား။ ဣမံ ဂါထံ၊ ဤဂါထာကို။ အာဟ၊ မိန့်တော်မူ၏။

၁၁၅။ ယောစ၊ အကြင်သူသည်လည်း။ ဥတ္တမံ ဓမ္မံ၊ မြတ်သော လောကုတ္တရာတရား ကိုးပါးကို။ အပဿံ၊ မမြင်ဘဲ။ ဝဿသတံ၊ အနှစ် တရာပတ်လုံး။ ဇီဝေ၊ အသက်ရှင်ငြားအံ့။ န သေယျော၊ မမြတ်။ ဥတ္တမံ-ဓမ္မံ၊ မြတ်သော တရားကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ ဇီဝိတံ၊ တရက်မျှ အသက်ရှင်ခြင်းသည်။ သေယျော၊ မြတ်၏။

တတ္ထ၊ ထိုဂါထာ၌။ ဓမ္မ မုတ္တမန္တိ၊ ဟူသည်ကား။ နဝဝိဓံ လောကုတ္တရ-ဓမ္မံ၊ ကိုးပါးသော လောကုတ္တရာတရားကို။ ဟိ၊ ထိုစကားသင့်စွ။ သော၊ ထို ကိုးပါးသော လောကုတ္တရာ တရားသည်။ ဥတ္တမော ဓမ္မောနာမ၊ ဥတ္တမ ဓမ္မမည်၏။ ယောဟိ၊ အကြင်သူသည်လျှင်။ တံ၊ ထိုလောကုတ္တရာဓမ္မကို။ နပဿတိ၊ မမြင်။ တဿ၊ ထိုသူ၏။ ဝဿသတံ၊ အနှစ်တရာပတ်လုံး။ ဇီဝနတော၊ အသက်ရှင်ခြင်းထက်။ တံ ဓမ္မံ၊ ထိုတရားကို။ ပဿန္တဿ၊ မြင်သောသူ၏။ ပဋိဝိဇ္ဈန္တဿ၊ ထိုးထွင်း၍ သိသောသူ၏။ ဧကာဟံပိ၊ တရက်မျှလည်း။ ဧကက္ခဏံပိ၊ တခဏမျှလည်း။ ဇီဝိတံ၊ အသက်ရှင်ခြင်း သည်။ သေယျော၊ မြတ်၏။ ဂါထာပရိယောသာနေ၊ ဂါထာ၏ အဆုံး၌။ ဗဟုပုတ္တိကတ္ထေရီ၊ ဗဟုပုတ္တိကတ္ထေရီသည်။ သဟပဋိသမ္ဘိဒါဟိ၊ ပဋိသမ္ဘိဒါ တို့နှင့် တကွ။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌဟိ၊ တည်၏။

စုဒ္ဒသမံ၊ သော။ ဗဟုပုတ္တိကတ္ထေရိ ဝတ္ထု၊ သည်။
ဣတိသမတ္တံ၊ ပြီးပြီ။

သဟဿဝဂ္ဂ ဝဏ္ဏနာ၊ သဟဿဝဂ် အဖွင့်သည်။
နိဋ္ဌိတာ၊ ပြီးပြီ။

...ပြန်စာပေ... စာကြည့်နေ... ၁၁၇၃

အဋ္ဌမော၊ သော။ ဝဂ္ဂေါ၊ သည်။
နိဋ္ဌိတော၊ ပြီးပြီ။

သာသနာရေး ... စာကြည့်တိုက်

ဓမ္မပဒအဋ္ဌကထာ နိဿယ - ရန်ကုန်။
ဒုတိယတွဲ ပြီး ပြီ။